ဘာလေဝါသနာရှင်လူငယ်များ ပြုစုပျိုးထောင်သော

ဆေးပင်

စပယ်ဦးစာပေဖြန့်ချိရေး

(စာရေးသူ၏မှတ်စု)

ဘာသာရေးစာမူကြိုတင် ခွင့်ပြုချက်အမှတ် (၁၀၄၆၀) (က)

မူကွန်ဒုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၂၀၀)

ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ပြည်လုံးကျွတ် မြန်မာကုဒ္ဒဟ

ပေယျာလ်

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၁၄၀/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

(ဖုံး-၁၆၀၀၅)

ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

မေးခွန်းနှင့် ပြဿနာများ

(ပေါင်းချုပ်)

ဘုန်ဦးဝန်းဇင်

မြို့ဝသည်

နှစ်ဆယ့်ငါးကျော်

၁၉၇၀-ဒွန်လ၊ ပထမအကြိမ်
အုပ်ရေ (၁၅၀၀)

—

မျက်နှာဖုံးပန်းချီ
တင်ထွန်းကျော်

—

ပြောက်

—

မျက်နှာဖုံးပုံနှိပ်
သိန်းမြင့်ဝင်း (ဧအောဖ်ဆက်)

—

ပုံနှိပ်သူ
ဦးမြဲသောင်း (မြ-၀၁၇၀၄)၊ ခေတ္တရာပုံနှိပ်တိုက်၊
အမှတ် ၁၂၂၊ ၃၁-လမ်း၊ ရန်ကုန်မြို့။

—

ထုတ်ဝေသူ
ဦးဝေလုံ (၀၁၀၀၇၇) အညာသားစာပြန်၊
အမှတ် ၁၈၊ မဟာဗန္ဓုလ ၅-လမ်း၊ ၂ (ခ) ရပ်ကွက်၊ သာယာကြီး၊
ရန်ကုန်မြို့မှ ထုတ်ဝေသည်။

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
မင်္ဂလာစကားဦး	....	၁၇
နိဒါန်း	....	၂၃
ဗုဒ္ဓ၏ အမည်နာမတော်	....	၂၉
ဘုရား ရဟန္တာနှင့် ငါဟူသော ဝေါဟာရ	....	၃၂
သဗ္ဗညုတ	....	၃၅
သစ္စကနှင့် အတ္တဝါဒ	....	၄၅
မိတ်ဆွေဖွဲ့ခြင်း	....	၅၅
ဝိညာဉ်စိတ်	....	၆၁
ရှိးရာယဉ်ကျေးမှု	....	၇၃
ကူးမြောက်လိုသော်	....	၈၈
ဘုရားလုပ်ချင်သော ဒေဝဒတ်	....	၉၃
ဩဃမှ လွတ်မြောက်ရေး	....	၉၉
ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုရန်	....	၁၀၂
သက္ကာယဒိဋ္ဌိ	....	၁၁၅
လယ်သမား:ဘုရား	....	၁၂၀
အစဉ်ပျောက်ကင်းနည်း	....	၁၂၇
အမြေတ်ဆုံး	....	၁၃၁
နိဗ္ဗာန်ခရီး အနီး၊ အဝေး	....	၁၃၄
လူသက်တမ်း တိုခြင်း	....	၁၃၇

မာတိကာ

အင်ကြောင်းအရာ		စာမျက်နှာ
ရဟန္တာစုတောလျှင် ပြန်၍ ဖြစ် မဖြစ်	....	၁၄၁
ဓုရန္ဒစ်ပါး	....	၁၅၆
လူမှုဖူလုံရေး	....	၁၅၈
ဘုရားကို သမက်ဖမ်းသူ	....	၁၆၆
ဘုရားကို လုပ်ကျွေးပြုစုရေး	....	၁၇၂
နိဗ္ဗာန်၌ မြေ၊ ရေ၊ နေ၊ လ ရှိမရှိ	....	၁၈၅
လူမှုရေး	....	၁၉၅
သာသနာရေး	....	၂၁၄
လင်္ကဝံရံ လကျွာရံ ရာထူးခန့်ထားခြင်းကိစ္စ	....	၂၁၉
ကဲ့ရဲ့ ၇ ရက်	....	၂၂၈
သလ္လေခ ၄၄ ပါး	....	၂၃၂
ရဟန်းတို့ထားရမည့် စိတ်သဘောထား	....	၂၄၆
ဗုဒ္ဓ၏ ရုပ်အလောင်း သင်္ဂြိဟ်ရန်ကိစ္စ	....	၂၅၂
ဗကပြဟ္မာ၏ အယူစွဲ	....	၂၅၈
အဆွေး အပေါက်	....	၂၇၀
ပျက်စီးကြောင်း ပုစ္ဆာ ၁၂	....	၂၇၆
ဒေါသထွက်ခြင်း အကြောင်းရင်း	....	၂၈၆
အရှင်မောဂ္ဂလာန်၏ တန်ခိုးတော်	....	၂၉၃
ရဟန္တာစုတော်သော်	....	၂၉၈
သတိ	....	၃၀၇
လောကအကြောင်း မကြုံစဉ်အပ်	....	၃၁၇
— မှတဆင့် ဗုဒ္ဓထံတော်သို့	....	၃၂၃

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ပရလောကကို သုတေသနပြုသူ မြို့စားကြီးတဦး	....	၃၃၂
အမြတ်ဆုံး မြင်ခြင်း	....	၃၀၉
ဝါဒီ	....	၃၉၄
ဓာတ်လေးပါး၏ အကျိုး အပြစ်	....	၄၀၄
ခြေတော်ရာလေးဆူ	.....	၄၀၇
သံယောဇနနှင့် သံယောဇနီယ	....	၄၂၂
သမ္မာဒိဋ္ဌိ	....	၄၂၈
ဓာတ်ချင်း တုံရာ တူရာ	....	၄၃၂
အရှင်အာနန္ဒာ၏ အ လေးလုံး	....	၄၃၆
အရှင်သာရိပုတ္တရာ ဦးခေါင်းရိုက်ခဲ့ခံရခြင်း	....	၄၄၀
အရာခပ်သိမ်းကို လှမ်းမိုးနေသောအရာ	....	၄၄၅
သိပ္ပံ	....	၄၅၀
သံယောဇဉ်	....	၄၅၆
သတိနှင့်စား	....	၄၆၂
လောကကို ဘယ်သူ နှိပ်စက်နေသနည်း	....	၄၆၈
ပဋိစ္စသမုပ္ပါဒ် မှမ်းမုံသင်တန်း	....	၄၇၀
သင်းချိုင်းစည်ကားအောင် လုပ်နေသူများ	....	၅၀၂
သဟဓမ္မိက ပဉ္ဉာဆယ်ပါး	....	၅၀၇
အာနတ္တပုဏ္ဏာ	....	၅၁၅
ဗုဒ္ဓ၏ ပညတ်တော်ဇာတ် ၆ မျိုး	....	၅၂၁
ဒုဿ သာ နာ သော	....	၅၂၈
ကြွေး	....	၅၄၀

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
ခံတွင်းထဲက ဓားမ့ကြီးတချောင်း	....	၅၄၆
အတ္ထိကဝါဒနှင့် နတ္ထိကဝါဒ	....	၅၅၆
ဘာကိုယုံရမည်နည်း	....	၅၆၆
ဗုဒ္ဓအမြင် ကမ္ဘာဦးခေတ်လူသားများအမခြအနေ	....	၅၇၉
လူကို ဒုက္ခပေ,နေသူ တရားခံ	....	၆၀၉
ဗုဒ္ဓကို အပုပ်ချလိုက်ပုံက	....	၆၁၆
ဒုယံ ဒုယံ သံဝါသလေးမျိုး	....	၆၃၀
ဥပမာ ရှစရာ လူသားများ	....	၆၃၆
ဗီဝကပဋ္ဌာ	....	၆၅၃
တောမီးပမာ ရှစရာ	....	၆၆၀
မပြီးပြတ်ခဲသေး သော အစွန်းနှစ်ဖက် ဆွဲနွှေးပုံ	....	၆၇၂
ရဟန်းအဖြစ်ကို စွဲးစမ်းသော မင်းအဇာတသတ်	....	၆၈၀
နွားကျောင်းသားဥပုသ်	....	၆၉၂
ဗုဒ္ဓနှင့် တွေ့ဆုံသည့်တိုင်အောင်	....	၆၉၈
လောကအဆုံးသို့ ခြေလျင်လျှောက်လေသူ	....	၇၂၁
ဝါဒစွဲ ပြင်းထန်သော်	....	၇၂၇
မဟာကဿပ၏ မဟာကဿပ	....	၇၃၃
အတွေးသစ်၊ အမြင်သစ်	....	၇၄၅
ပြဿနာပိုက်၍ ဆရာရှာလေသူ	....	၇၅၃
ရတနာမွန်	....	၇၇၉
(၂) သေသည်မှု နောတ်၌ ဖြစ်၊ မဖြစ် ပြဿနာ	....	၇၈၄
ရာ၊ ဒေါ၊ မော သင်တန်း	....	၇၈၉
ပုပ္ပာရုံဒကျောင်းတော်က လှေကားတစ် ဥပမာ	....	၇၉၉

မင်္ဂလာစကားဦး

အတ္ထဝါဒဖြင့် တင်းမာနေသော ကွန်မြူယပြည်ကြီး၌ အနတ္တဝါဒ ပေါ်ပေါက်လာသည်နှင့်တပြိုင်နက် မိဂါတန် ၅၀ ဗုံး ကျလိုက်သလို တုန်လှုပ်ချောက်ချား ဝက်ဝက်ကွဲသွားပေသည်။ အတ္တဝါဒနှင့် အနတ္တဝါဒကား အဝိုင်းနှင့်လေးဒေါင့်လို ဘယ်နည်းနှင့်မှ အံဝင်ခွင်ကျ စရွေးစပ်မရသည့် ဝါဒနှစ်ခု ဖြစ်သည့် အတိုင်း ဒေါင့်တိုင်းဒေါင့်တိုင်းတွင် ပြဿနာများ ပေါ်ချလာရပေသည်။

အတ္တ အစဲ့အလမ်း ကြီးမားလှသည့် ဘာသာရေးဒေါင့်၊ လူမှုရေးဒေါင့်၊ စီးပွားရေးဒေါင့်၊ အိမ်ထောင်ရေးဒေါင့် အစရှိသော ဒေါင့်တိုင်းတွင် အနတ္တဝါဒ ဝင်ရောက်လာသောအခါ၌ ပြဿနာများ၊ မခြေလည်မှုများ ဖြစ်ပေါ်လာရခြင်းမှာ စင်စစ်သဘာဝကျလှသည်ဟုပင် ဆိုရမည်။ ထိုပေါ်ပေါက်လာသော ပြဿနာများကို ကြေညက်အောင် ဖြေရှင်းပေးနိုင်မှု ရှိမရှိသည် ဆိုအခါက အတ္တဝါဒနှင့် အနတ္တဝါဒရှင်တို့၏ တာဝန် ဖြစ်လာသည်။

ထိုသို့ ပေါ်ပေါက်လာသော ပြဿနာများကို ကြေညက်အောင် ဖြေရှင်းပေးနိုင်လေလေ ထိုဝါဒရှင်တို့အဘို့ စည်းရုံးရေး ကောင်းလေလေပင် ဖြစ်သည်။ ကျွန်တော်တို့၏ ဗုဒ္ဓကြောင့် အနတ္တဝါဒ ပေါ်ပေါက်လာရခြင်းဖြစ်ရာ ဗုဒ္ဓသည် အနတ္တ

ဝါဒရှင် ဖြစ်သည့်အတိုင်း ဒေါင့်တိုင်းဒေါင့်တိုင်းမှ ပေါ်လာသော ပြဿနာများကို ဒိုင်ခံဖြေရှင်းပေးခဲ့သည်၊ ဗုဒ္ဓ ဖြေရှင်းသည့် အတိုင်းလည်း ကြေလည်သည်။ ကြေလည်သလောက်လည်း စည်းရုံးရေး ကောင်းလာသည်။ စည်းရုံးရေး ကောင်းလာသလောက်လည်း ဗုဒ္ဓ၏ အနတ္တဝါဒသည် အောင်မြင်မှု ရှိခဲ့ပေသည်။

ဗုဒ္ဓသည် ဘုရားဖြစ်ပြီးသည့်အချိန်မှ စ၍ ၄၅ နှစ် အတွင်း 'စရထ ဘိက္ခဝေ စာရိကံ၊ ဒေသေထ ဘိက္ခဝေဓမ္မံ'ဟု ၎င်း၏ တပည့်ရဟန်းများကို ညွှန်ကြားသလို ၎င်း ကိုယ်တော်တိုင်လည်း မနေမနား ဒေသစာရီ လှည့်လည်ကာ အနတ္တဝါဒကို ဟောပြောတည်ဆောက်ခဲ့သည်။ ပေါ်လာသော ပြဿနာများကို ဖြေရှင်းခဲ့သည်။

ရာဇဝင်မျက်စိနှင့်ကြည့်လျှင် ၄၅ နှစ်ဆိုသည်မှာ တိုတောင်းလှသောကာလပင် ဖြစ်သည်။ ထိုမျှ တိုတောင်းလှသော အချိန်ကာလအတွင်း အနတ္တဝါဒကြီး သည်ကမ္ဘာ အရပ်ရပ်တွင် အောင်ပွဲခံနိုင်အောင် ပံ့နှံ့သွားရခြင်းမှာ ဗုဒ္ဓ၏ ပြဿနာများကို ကိုင်တွယ်ရာ၌ နူးညံ့မှု၊ ကျင်လည်မှု၊ နည်းပရယာယ်ကောင်းမွန်မှုများကြောင့် ဖြစ်သည်။

ထိုအချိန်က ဣန္ဒိယပြည်ကြီး၌ အတ္တဝါဒသာ တင်းမာနေသည်မဟုတ်သေး၊ ဝိသာခါ၊ အနာထပိဏ်စသော မြေရှင်ကြီးများ၏ အင်အားကလည်း မသေးလှပေ။ အရက်မူးအောင်သောက်ပြီး ဗုဒ္ဓ ကြွလာသောအခါ၌ ဗုဒ္ဓဘက် ခြေထောက်ထားကာ ဇွတ်တရွတ် အိပ်နေဟတ်သည့် ရှင်သာဂတ ကဲ့သို့မသာ သူများကလည်း မရှာပေ။

သို့သော် ဗုဒ္ဓအနေဖြင့် နိဗ္ဗာန်သို့ပို့ဆောင်ရာ၌ အရင်းရှင်၊ မြေရှင်ကြီးများဘဲ ဟူ၍ ၎င်းတို့ကိုလည်း ချန်လှပ်ထား၍ မဖြစ်၊ ဇွတ်တရွတ် မိုက်ကန်းကန်း လုပ်သူများဘဲဟူ၍ ၎င်းတို့ကိုလည်း မျက်နှာလွဲထားခဲ့၍ မဖြစ်။

ဗုဒ္ဓ၏ မဟာကရုဏာတော်ကား ကြီးမား လှပေသည်။ ကြီးမားသည့်အတိုင်း ဗုဒ္ဓသည် ဆင်းရဲ ချမ်းသာ၊ လူဖြူလူမဲ၊ လွှဲမိုက် လူလိမ္မာ ခွဲခြားတော်မမူဘဲ ၎င်း၏ အနတ္တဝါဒဖြင့် ဝေနေယျ(=ချွတ်ထိုက်သူ)မှန်သမျှကို တာဝန်အနေဖြင့် နိဗ္ဗာန်သို့ ပို့ပေးတော်မူခဲ့သည်။ ထိုတာဝန်ကို ထမ်းဆောင်ရန် ဘုရား မဖြစ်မီ လေးသင်္ချေနှင့် ကမ္ဘာတသိန်းအချိန်ကတည်းက ဗုဒ္ဓသည် ရည်ရွယ်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ ရည်ရွယ်ရင်းရှိသည့် အတိုင်းလည်း ပြဿနာရပ်များကို ဖြေကြား၍ အပြီးတွင်—

(က) ထိုထိုပြဿနာရပ်များ ဖြစ်ပွားလာရသော ဆင်းရဲမှုကိုငင်း၊

(ခ) ထိုဆင်းရဲမှုပေါ်ပေါက်ရာ၊မြစ်ဖျားခံရာ အကြောင်းရင်းကိုငင်း၊

(ဂ) ထိုဆင်းရဲမှုမှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုငင်း၊

(ဃ) ထိုနိဗ္ဗာန်သို့သွားရာ လမ်းခရီးကိုငင်း—

လက်ညှိုးထိုးပြရင်း နိဂုံးချုပ်လေ့ ရှိသည်။ ဤသည်လျှင် အနတ္တဝါဒ၏ အနှစ်သာရဖြစ်၍ ဗုဒ္ဓ၏ လိုလားချက်အကျဆုံးလည်း ဖြစ်သည်။ ဤလေးပါးကို သစ္စာလေးပါးဟူ၍ ခေါ်သည်။

ဗုဒ္ဓသည် ပြဿနာတရပ်ရပ်ကို ဘယ်လိုကိုင်တွယ်၍ ဘယ်လို ဖြေရှင်းကာ ပြဿနာ၏နိဂုံးခ်ုပ် သစ္စာလေးပါးဖြင့် ဘယ်ကဲ့သို့ ချုပ်လိုက်ကြောင်း မျက်မြင်ကိုယ်တွေ့ အမျှားဆုံး တွေ့မြင်ခဲ့ သူကား အရှင်အာနန္ဒာ ဖြစ်သည်။ဗုဒ္ဓက ၎င်းပရိနိဗ္ဗာန် ပြုမည့် နေ့ကို ကြေငြာသောနေ့ (=အာယုသင်္ခါရ လွှတ်သောနေ့)၌ အရှင်အာနန္ဒာသည် ရိုက်ကြိုးတင်ငင် ငိုကြွေးတော်မူ သည်။ နောက်ထပ် ပေါ်လာမည့် ပြဿနာများကို ဘယ်သူက ဒိုင်ခံ ဖြေရှင်းပါတော့မည်နည်းဟု အရှင်အာနန္ဒာ အနေဖြင့် အားငယ် ဝမ်းနည်းသွားဟန် တူသည်။

ထိုအခါ ဗုဒ္ဓက ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ (=အာနန္ဒာ၊ ငါဘုရား မရှိသောအခါ၌ ငါ၏ဓမ္မနှင့် ဝိနယသည် သင်တို့၏ ဆရာ အဖြစ်ဖြင့် ပြဿနာရပ်များကို ဖြေရှင်းပေးလိမ့်မည်)ဟူ၍ မှာကြားတော်မူခဲ့သည်။

ဗုဒ္ဓ မှာကြားတော်မူခဲ့သည့် အတိုင်းလည်း ဗုဒ္ဓ မရှိသည့် နောက် နှစ်ပေါင်း ၂၅၀၀ ကျော်လာပြီးဖြစ်သည့် ယခုအချိန် တိုင်အောင် ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယကပင် ပေါ်လာသည့်ပြဿနာ များကို ဗုဒ္ဓကိုယ်စား ဒိုင်ခံ ဖြေရှင်းပေးခဲ့သည်။ သို့သော် ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယမှာ ပါဠိဘာသာ ဖြစ်နေသဖြင့်ရင်း၊ အကယ်၍ မြန်မာပြန်များ ရှိနေသည့်တိုင်အောင်လည်း လူထုနှင့် နီးစပ် သည့် ဝေဟာရစကားလုံးများ မဟုတ်သဖြင့်ရင်း လူများစု လေ့လာဖတ်ရှု နားလည်ရန် မလွယ်ကူလှပေ။

မင်္ဂလာစကားဦး

ယခု ဒဂုန်ဦးစန်းငွေ ပြုစုသည့် "ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ" စာအုပ်မှာ ဗုဒ္ဓ၏ ဓမ္မနှင့် ဝိနယ (=နိကာယ်ငါးရပ်)မှ ဗုဒ္ဓဖြေရှင်းပေးခဲ့သည့် ပြဿနာများအနက် လောလောဆယ် သိသင့်သည့် ပြဿနာများကို ထုတ်နုတ်တင်ပြထားခြင်း ဖြစ်ရာ ပါဠိဘာသာကို မကျွမ်းကျင်သူများ၊ ခက်ခဲသည့် မြန်မာပြန်များကို မလေ့လာနိုင်သူများအတွက် လက်ကမ်း ကြိုဆိုသင့်သော စာအုပ်ဟုပင် ဆိုရမည်။

ဒဂုန်ဦးစန်းငွေမှာ လူများစုနားလည်အောင် မြန်မာဝေါဟာရများကို ရွေးချယ် ရေးသားမှုဌ် ကျွမ်းကျင်သူ အဖြစ်ဖြင့် ကွယ်လွန်သူ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၊ ပုပ္ပားဦးကျော်ရင် အစရှိသော ပညာရှိကြီးများကပင် ချီးကျူးခဲ့ရသူ ဖြစ်သည်။

ဤ "ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့်ပြဿနာများ" စာအုပ်ကို လေ့လာရာ၌ ပြဿနာပြေလည် ရုံလောက်တွင် မလေ့လာမူဘဲ ပြဿနာ ပြေလည်သည့် နောက်ဆုံး၌ (က) ဤပြဿနာများ ဖြစ်ပွားလာရသော ဆင်းရဲမှုကိုငင်း၊ (ခ) ဤ ဆင်းရဲမှုများ၏ မြစ်ဖျားခံရာ အကြောင်းရင်းကိုငင်း၊ (ဂ) ထိုဆင်းရဲမှုမှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုငင်း၊ (ဃ)ထို နိဗ္ဗာန်သို့ သွားရာလမ်းခရီးကိုငင်းသိအောင်၊မြင်အောင် လေ့လာကျင့်ကြံနိုင်ကြမည်ဆိုလျှင်ကား သင်လွန်၍ ဗုဒ္ဓအလိုကျ ဖြစ်လိမ့်မည် ဖြစ်ကြောင်း မင်္ဂလာစကားဦး အဖြစ်ဖြင့် မှားထားလိုပေသည်။

မြင့်ဆွေ
၁၉-၆-၆၈

၁၇၃၃၆

နိဒါန်း

ကျွန်ုပ်တို့၏ ဘုရားသခင် ဗုဒ္ဓဂေါတမသည် ပြိုင်ဘက်ကင်းစွာ ကျွတ်ကျွတ်လွတ်လွတ်၊ အေးအေးလူလူ ပွင့်တော်မူလာခဲ့ရသည် မဟုတ်၊ တောရိုင်း ထွင်ရသည့်ပမာ ခဲခဲယဉ်းယဉ်း ပွင့်တော်မူလာခဲ့ရ၏။

အခါသမယကာဒေး ရှေးဟောင်း ဗြာဟ္မဏကြီးတို့၏ "ဥပနိသျှဒ် ကျမ်းများဆိုင်ရာ အယူအစဲများ လွန်လွန်မင်းမင်း ပြင်းပြင်း ထန်ထန် လွှမ်းမိုးနေချိန်ဖြစ်လေသည်။ လူတို့သည် ထိုအချိန်၌ မိမိတို့စဲလမ်းရာ အယူအစဲများအရ နတ်ကို လိုက်လိုက်လဲလဲ ပသလျက် ရှိကြကုန်၏။ သိကြားကို အားကိုးနေကြကုန်၏။ ဗြဟ္မာကို အလုပ်အကျွေးပြုလျက် ရှိနေကြကုန်၏။

နတ်ဝါဒ၊ ဗြဟ္မာဝါဒများ ထွန်းကားလျက် ရှိနေသော ထိုခေတ်၊ ထိုအချိန်၌ ဘုရားပွင့်လာတော်မူမည့် ဟူသော ဗုဒ္ဓကောလာဟလကလည်း ဖြစ်နေလျက် ရှိလေရာ "ရောင်တော် ပြန်နှင့် ရောချလွှတ်" ဆိုသကဲ့သို့ ပုရာဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တနှင့် သဉ္ဇယဗေလဋ္ဌပုတ္တ၊ ဤပဋိုလ်ကြီး ခြောက်ဦးတို့သည် ကိုယ့်ကိုယ်ကို "ဘုရား" ဟု သမုတ်လျက် အထင်အရှား ဘုရားလုပ်နေကြလေသည်။

ယင်း ဘုရားကြီးခြောက်ဆူတို့အနက် မကွာလိမ့်မဲ့ါသာလက ဆိုလျှင် အဟောတုကဝါဒကို တွင်တွင်ကြီးဟောလျက် လူဘို့ကို သိမ်းသွင်းနေ၏။ ထိုဒေတ္တ အဇိတ က ဥစ္ဆေဒဝါဒကိုဂုင်း၊ ပကုဓ က အကတ ဝါဒကိုဂုင်း၊ နိဂဏ္ဌ က စတုယာမသံဝရဝါဒကိုဂုင်း၊ သဉ္ဇယ က အနိစ္ဆိတဝါဒကိုဂုင်း လက်ကိုင်ပြုကာ မိမိဘို့ဝါဒ ပြန့်ပွါးမှုကို ရှေးရှု၍ အပတ်တကုတ် စည်းရုံးလုံးပမ်းလျက် ရှိနေကြကုန်၏။

သူတို့၏နောက်၌ သူတို့ကို ယုံမှတ်ကိုးကွယ်နေသော တပည့် သာဝကများလည်း အထိုက်အလျောက် အသီးသီး သူအုပ်စုနှင့်သူ ရှိနေကြသည်ဖြစ်ရာ ထိုအချိန်က မဇ္ဈိမဒေသတွင် ဘုရားခြောက်ဆူမှ လွဲတ်သောနေရာဟူ၍ မရှိသလောက်ပင် ဖြစ်ခဲ့သတည်း။

ကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ထို ဘုရားကြီးများလွှမ်းမိုး ကြီးစိုးနေသောကြားမှ ခဲခဲယဉ်းယဉ်း ထွက်ပြူကာ ပွင့်တော်မူလာခဲ့ရပေသည်။ ပွင့်တော်မူနှင့်ပြီး ဖြစ်သော ထိုဘုရားကြီးများကို ထောက်လျှင် ဗုဒ္ဓဂေါတမမှာ ဓနောက်မှ ပွင့်တော်မူလာခဲ့သော "ဗုဒ္ဓအသစ်" ဖြစ်နေခြင်း၊ ဝါအားဖြင့်လည်း အနုဆိုးဖြစ်ခြင်း၊ ဘုရားခြောက်ဆူ ဂိုဏ်းဂဏ၏ ဝါဒများမှာလည်း ထိုအချိန်၌ အတော်ပင် အားခြိုင်မိနေပြီ ဖြစ်ခြင်းတို့ကြောင့် သာမန်ပုဂ္ဂိုလ်သာ ဖြစ်ပါမူကား ထိုဘုရားကြီးများကိုထိုးဖောက်ကျော်လွှားနိုင်ရန်မှာ အလွန်မလွယ်ကူဒသော ကိစ္စကြီးဖြစ်လေသည်။

သို့ဒသာ် ဝါနှုခြင်း၊ ဝါရင့်ခြင်း၊ ရှေးဖြစ်ခြင်း၊ နောက်ဖြစ်ခြင်းသည် အကြောင်းမဟုတ်။ စစ်မှန်၍ အနုစ်သာရပြည့်ဝသော

သစ္စဓမ္မသည်သာ လိုရင်း ပဓာနဖြစ်၏။ ဗုဒ္ဓ ပုဂ္ဂိုလ်တော်မူလာ လျှင်ပင် ရှေးဦးစွာ ဓမ္မစက္ကဓေါသော တရားစက်ရုံကြီး တည် ဆောက်တော်မူကာ ပဝတ္တန — ထိုတရားစက်ရုံကြီးကို လူသိ နတ်ကြား သစ္စာလေးပါး သော့ချက်ဖြင့် ဖွင့်၍ ကမ္ဘာထက် ဝန်းကျင်၌ လည်စေတော်မူသောအခါမှစ၍ ဗုဒ္ဓ၏ကျော်စော သတင်းမျှားသည် လေ၏အလား လွှင့်ပါးလျက် အရပ်ထက် ဝန်းကျင်ပြန့်၍ စွဲတည်လေ၏။

ဘုရားခြောက်ဆူ ဂုဏ်းအုပ် ဂုဏ်းချုပ် တို့ကား မိမိတို့၏ ဂုဏ်းဂဏ ပြန့်ပွါးရေးကိုသာ ရှေးရှုလျက် ကိုယ့်ဘက်သို့ ကိုယ် ယက်ကာ သိမ်းသွင်းနေကြကုန်သော်လည်း ဗုဒ္ဓဂေါတမမှုကား ကိုယ့်ဘက်သို့ကိုယ်ယက်ခြင်းမပြု၊ လူတဖက်သားအား ကိုယ့်ဘက် ပါအောင် အဓမ္မသိမ်းသွင်းခြင်း မရှိ။ မည်သည့် အယူအဆ၊ မည်သည့် သဘောတရားမျိုးကိုမဆို တဆင့်ကြား စကားမျှဖြင့် "ဟုတ်လှပြီ" ဟု ယောင်ဝါးဝါး မယူလေနှင့်၊ လက်မခံ နှေင့်။ ဤကား ခေတ်အဆက်ဆက်က ဆင်းသက် လက်ခံ လာခဲ့သော အယူဝါဒ ဖြစ်သည်ဟူ၍ငင်း၊ ကျမ်းဂန် အဆို အမိန့်နှင့် ကိုက်ညီသည်ဟူ၍ငင်း၊ကိုယ့်ယူဆထားချက်နှင့် သူဝါဒ နှိုးနှောမိသည် ဟူ၍ငင်း၊ ဤသည်ကား ငါတို့ လေးစားအပ်၊ မြတ်နိုးအပ်သော ဆရာကြီးများ၏ စကားဟူ၍ငင်း ဤသို့ ဤသို့သော အကြောင်းပြချက်မျိုးဖြင့် မည်သည့်အယူဝါဒကိုမျှ **လက်မခံသင့်။**

အကြင်သဘောတရားတခု၊ အကြင်အယူဝါဒ တခုသည် ကောင်းမြတ်၏။ ယင်းအယူဝါဒကို လိုက်နာကျင့်သုံးခြင်းဖြင့် အကျိုးစီးပွါးဖြစ်ထွန်း၏။ကိုယ့်အတွက်ငင်း၊ အများအတွက်ငင်း

ချမ်းသာသုခကို ပွားတိုးစေ၏။ ထိုအယူဝါဒ၊ ထိုသဘော တရားကိုသာ လက်ခံထိုက်ပေသည်ဟု မိမိကိုယ်ပိုင် ဉာဏ်ဖြင့် လှုတ်လပ်စွာ တွေးခေါ်ခွင့်၊ ယူပိုင်ခွင့်ကို လောကသားတို့အား တံခါးဖွင့်ပေးထားသောဝါဒ ဖြစ်သောကြောင့် ဗုဒ္ဓ၏ ယင်း ဝါဒကို "ဗုဒ္ဓိဝါဒ" "အသိညာဏ် ပညာပေးဝါဒ" ဟူ၍ လောကသား များစွာတို့က နှစ်ခြိုက်စွာလက်ခံလာကြလေသည်။

ဤမျှသာမက ဗုဒ္ဓဓါတမသည် အဂ္ဂေါ=အမြတ်ဆုံးဆိုပါ ကလား၊ သေဋ္ဌော=ပူဇော်အထူးခံ ပုဂ္ဂိုလ် ဆိုပါကလား၊ ဇေဋ္ဌော=အကြီးဆုံး ဆိုပါကလား၊ ဗုဒ္ဓေါ=သူမသိတာ ဘာမျှ မရှိ၊ အရာခပ်သိမ်းကို အကြွင်းမဲ့ အကုန်သိ ဆိုပါကလား။ ဤ ကျော်စောသံများသည် ဘဝဂ်မဆန့် လွှမ်းမိုး ဖြန့်လျက် ပျံ့နှံ့၍ တက်သွားလေရာ ဤသည်တို့ကြောင့်လည်း လက်ရှိဘုရား ခြောက်ဂိုဏ်းမှ ဘုရားကြီးများနှင့်တကွ ယင်းတို့၏ အသိုင်း အဝိုင်းတို့ကား အလိုအလျောက် ဖိမ့်ဖိမ့်တုန်အောင် ချောက်ချား ကုန်ရလေ၏။

ဗုဒ္ဓဓါတမသည် သူ မသိတာ ဘာမျှမရှိဘူးတဲ့၊ အရာ ခပ်သိမ်းကို သူ သိတော်မူသတဲ့ ဟူသော ကျော်စောလာမှု သည် ဗုဒ္ဓထံမှောက်သို့ ပြဿနာရှင်များစွာတို့ရောက်ရှိလာအောင် ဖိတ်ခေါ်လိုက်သကဲ့သို့ ဖြစ်လာသည်။ ထိုကြောင့် ဟိုကလာမေး၊ သည်ကလာမေး၊ မရေ မတွက်နိုင်အောင် များပြားစွာသော မေးခွန်းတွေ ဗုဒ္ဓထံ ရောက်လာကုန်လေတော့သည်။

(၁) အခ္ဆိုက သိချင်လှု၍ ရိုးသားစွာမေးလာ၏။
(၂) အခ္ဆိုက ပညာစမ်းလို၍ မေးလာ၏။
(၃) အခ္ဆိုက ကျင့်ကြံအားထုတ်လို၍ မေးလာ၏။

(၄) အချို့က ကိုယ့်အတွက်မေးလာ၏။
(၅) အချို့က အများအတွက် မေးလာ၏။
(၆) အချို့က ပစ္စည်းဥစ္စာကို တရားနှင့်အညီ သုံးစွဲနည်း ဓမ္မအကြောင်းကို မေးလာ၏။
(၇) အချို့က အာရုံခံစားမှု၊ သုံးဆောင်ခြင်း ကာမ အကြောင်းကို မေးလာ၏။
(၈)အချို့က ဥစ္စာကို ထာဝရဇင်္ဂမ ထားသိုနည်းဟု ဆိုအပ်သော အတ္တအကြောင်းကို မေးလာ၏
(၉) အချို့က နိဗ္ဗာန်ဟု ဆိုအပ်သောမောက္ခအကြောင်းကို မေးလာ၏။
(၁၀) အချို့က ရုပ်နာမ်အကြောင်း မေးလာ၏။

ဤသို့လျှင် လူအထပ်ထပ်၊ နတ်အဖြာဖြာ၊ ပြဟ္မာအခန်းခန်း၊ ရဟန်းအသီးသီးတို့ မေးလာသမျှသော မေးခွန်းပြဿနာရပ်များကို ဗုဒ္ဓသည် ပြီးပြေအောင် ဖြေဆိုတော်မူခဲ့လေသည်။

မေးကြသည်။ ဖြေ၏။ မေးသည်။ ဖြေကြ၏။ ဤသို့အားဖြင့် ဗုဒ္ဓနှင့် လူသားများ၊ ဗုဒ္ဓနှင့် နတ်ပြဟ္မာများ၊ ဗုဒ္ဓနှင့် ဘိက္ခု၊ ဘိက္ခုနီများ အပြန်ပြန် အလှန်လှန် မေးဖြေ ပြုချက်များကို တပေါင်းတည်း စုစည်းလိုက်သောအခါ ပိဋကတ်တော်များဟူ၍ဖြစ်လာသည်။

ဗုဒ္ဓအမြင်ကို လေ့လာလိုသူ၊ ဗုဒ္ဓစကားတော်ကို လေ့လာလိုသူ၊ ဗုဒ္ဓ၏ကြံစည်တွေးခေါ်မှုကို လေ့လာလိုသူများသည် ပိဋကတ်တော်များကို ကြည့်ရှုရှာဖွေကြရ၏။ ပိဋကတ်တော်များမှအပ ဗုဒ္ဓကိုဂင်း၊ ဗုဒ္ဓ၏အမြင်ကိုဂင်း ရှာဖွေတွေ့ရှိနိုင်သည်မဟုတ်။

နိဒါန်း

သိပ္ပံပညာမျှား ထွန်းကားလျက် ရှိနေသော ယနေ့ခေတ်၌ မည်သည့်အရာမျိုးကိုမဆို သိပ္ပံနည်းကျကျ လေ့လာပြီးမှ လက်ခံသင့်လျှင် လက်ခံ၍ပယ်သင့်လျှင် ပယ်ကြရ၏။ အရမ်းကာရော ယုံကြည်ခြင်း၊ လက်ခံခြင်းမပြုကြချေ။

ယနေ့ခေတ်၌ ဗုဒ္ဓကိုလေ့လာသူမျှား အဓိကဝင် မျှားပြားလာသည်ကို တွေ့ရသည်မှာ ဝမ်းမြောက်ဘွယ်ပင် ဖြစ်ပေသည်။ ပိဋကတ် တတ်ကျွမ်းသူမျှား အနေဖြင့် ဗုဒ္ဓကို လေ့လာရန် မခဲယဉ်းသော်လည်း မကျွမ်းကျင်သူမျှားအဘို့ လွယ်ကူစွာ လေ့လာနိုင်စေခြင်းငှာငင်း၊ ဗုဒ္ဓသည် လောကသားတို့ အတွက် အဘယ်မျှ အကျိုးသက်ရောက်စွာ စွမ်းဆောင်တော် မူခဲ့ပုံကို သိရှိကြစေခြင်းငှာငင်း ယခုနှ သုတေသီတို့နှင့် အထူးသင့်လျော်မည် ထင်ရသော အချက်အလက် မျှားကို ပိဋကတ်တော်၌ လာရှိသည့် အထွေထွေသော ပြဿနာရပ်မျှားမှ ရွေးထုတ်ပြီးလျှင် "ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသောမေးခွန်းနှင့် ပြဿနာမျှား" ဟူသောအမည်ဖြင့် ဤစာအုပ်ကို ရေးသားအပ်ပါသည်။ ရေးသားရာ၌ ခေတ်သုံးစကားလုံးဖြင့်ချည်း ဖော်ပြရန် စိတ်ကူးကြည့်မိ၏။ သို့ရာတွင် အရိုးကို အရှက်မဖုံးစေလိုသဖြင့် အချို့အချို့တို့ကို မူလသုံး ဝေါဟာရအတိုင်း ထား၍ သုံးသွားပါသည်။ ဤနေရာတွင် ဝေါဟာရဆန်းသစ်ခြင်းထက် ဗုဒ္ဓအလိုကျဆိုလိုရင်း အနက်အဓိပ္ပာယ်ကို နားလည်လွယ်မှု၊ သိမှုသည်သာ ပဓာနဟု ယူဆသဖြင့် အလွန်အကျံခဲ့ကားမှု မပြုပါ။

ဤစာအုပ်ဖြင့် ကျေးဇူးရှင်ဆရာမျှားကိုငင်း၊ မိဘမျှားကိုငင်း ရှိသေစွာ ပူဇော်ကန်တော့ပါ၏။

ဒဂုန်ဦးစန်းဇေ

၁၉၆၈ ခု၊ ဇွန်လ ၁၆ရက်။

ရန်ကုန်မြို့။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓ၏ အမည်နာမတော်

ပြဿနာ = တင့်တယ်သော ရူပကာယ။

မေးလျှောက်သူ = ဥပက(တက္ကတွန်း)။

နောက်အခါနှင်တွင် မဆာဝါနှင့် ညားပြီး မုဆိုးကြီး၏ သမက် ဖြစ်လတ်သူ ဥပက အမည်ရှိသော ဦးပြည်း ခေါင်းတုံးနှင့် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ထားသူ တက္ကတွန်းသည် ဂရုသိသအရပ်မှ မဟာဗောဓိဘက်ဘက်သို့ ရှေးရှုခြီတဒယောက် တည်း လျှောက်လာနေသည်။

ထိုအခါနှင်မှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ လ သား မျှသာ ရှိသေးသော မြတ်စွာဘုရားကလည်း မဟာဗောဓိမှ မိဂဒါဝုန်တောရှိရာ ဗာရာဏသီဘက်သို့ တပါးတည်း ထွက် ကြွတော်မူလာလျက် ရှိနေသည်။

တနေရာ၌ ဗုဒ္ဓမြတ်စွာနှင့် ဥပကတို့ ဆုံမိကြလေ၏။ အသွင် တော်တမျိုးဖြင့် ပြိုးပြိုးပြက်ပြက် တလက်လက်ရောင်ချည်တော် ကွန့်မြူးကာ အထူးတင့်တယ် သပ္ပာယ်လှသော ဗုဒ္ဓ၏အသွင် တော်ကို ဖူးမြင်ရသောအခါ ဥပက တက္ကတွန်းသည် ရှန်းရှန်း စားစား ငေးကြည့်နေမိသည်၊ ဤသို့သောအသွင်ထူးကို တခါ

ဘူးမျှ မတွေ့ဘူးသဖြင့် အာလုန်လည်း အံ့သြနေမိသည်။ နောက် သူကပင်စတင်၍ နှုတ်ခွန်းဆက်လေ၏။

မေး။ ငါ့ရှင်ရဟန်းကြီး၊ သင်ကား ကွန်ဖြူရှိစ္စ။ သင်၏ အသင့်သည် လှုန်စ္စာတင့်တယ်၍ ကြည်ညိုဘွယ် ကောင်းလေစ္စ။ ပလျှမ်းတောက်ပြောင်သော ကိုယ်ရောင်ကိုယ်ဝါလည်း ရှိပေ၏။ အသင်သည် အဘယ်သူကို၊ ရည်မှန်း၍ ရဟန်းပြုဘိသနည်း။ သင်၏ ဆရာကား အသူဖြစ်ပါသနည်း။

ဖြေ။ အို ဥပက၊ ငါကား မကြာသေးသော အချိန်က ကိလေသာကို တွန်းလှန်၍ အောင်ပွဲခံလာခဲ့သူတည်း။ တဏှာ၏ ကုန်ရာ နိဗ္ဗာန် ဘုံကို အာရုံပြုပြီးသောငါ၊ သစ္စာလေးပါးကို ငါ၏ထိုးထွင်းဉာဏ်ဖြင့် အမှန်သိပြီးသော ဘုရားစင်စစ် ဖြစ်သော ကြောင့် ငါက အဘယ်သူကိုဆရာတင်မည်နည်း။ ငါ့မှာ ဆရာ မရှိ။ လောကဓာတ်ဝန်းကျင်၌ ငါနှင့်တူသူ တယောက်မျှမရှိ။

အို ဥပက၊ ငါကား လောက သုံးပါး၌ ပူဇော်အထူးခံ ဘုရားရဟန္တာတည်း။ ရိုင်းပြ ရုန့်ကြမ်းသူတို့အား ယဉ်ပါးလာ အောင် ငါဆုံးမနိုင်၏။ နတ်၊ လူ ဦးခိုက်ရာဆရာကား ငါဖြစ်၏။ ငါ့ကို တုဘက်ပြိုင်နိုင်သူမရှိ။ ပြိုင်ဘက်မပြု၊ ငါကား တဆူတည်း သော ဘုရားဖြစ်သည် ဥပက။

(ထိုအခါ ဥပက ခေါင်းညိတ်၍)

မေး။ သြ ဟုတ်ပေလိမ့်မည်။ အသင်၏ ရုပ်သက္ခကာကို ထောက်သောအားဖြင့် အသင်ဆိုသောစကားသည် မှန်လောက် စရာရှိပါသည်။ ဒါထက် ငါ့အရှင်၊ သင်၏ အမည်နာမကို ပြောမပြနိုင်ပေဘူးလား။ ကျွန်ုပ် သိချင်ပါသည်။ သင့်အမည်က ဘယ်လိုခေါ်ပါသလဲ။

ဖြေ။ အို ဥပက၊ ဘုရားအဆူဆူ ပွင့်တော်မူသွားကုန်ပြီး။ ငါကဲ့သို့ပင် ဘုရားနှင်နှင်ဖြစ်ကုန်သော ထို မြတ်ဘုရားတို့၏ အမည်ကောင်ကား 'ဇိန'ဟူ၍ တွင်ကုန်၏။ ငါသည် မာရ်ငါးပါးကို အောင်နိုင်သူ ဖြစ်ရကား ရှေးဘုရားတို့၏ အမည်နာမတော်နှင့် အလားတူ ငါ့အမည်သည်လည်း 'ဇိန' မည်ပေသတည်း။

မေး။ ဩ ဦးဇိန၊ ဟုတ်စ။

ဖြေ။ မှန်၏၊ ဥပက။ ငါ့အမည် ဦးဇိန။

မေး။ အရှင်ဦးဇိန၊ ယခု ဘယ်ကြွမည်လို့ပါနည်း။

ဖြေ။ အို ဥပက၊ ငါ မိဂဒါဝုန်တောသို့ သွားအံ့။ပဉ္စဝဂ္ဂီ ရဟန်းတို့အား ငါသွား၍ တရားဟောအံ့။

မေး။ နောင်တနေ့တွင် ငါ့ရှင်နှင့် တွေ့လို ပါသေး၏။

ဖြေ။ ကောင်း၏၊ ဥပက။ သင် တွေ့လိုသောအခါ ငါ့ထံ လာခဲ့လေ။

ဤသို့ မေး ဖြေ ပြုကြပြီး ဗုဒ္ဓနှင့်ဥပက ထိုနေရာက လမ်းခွဲကြလေ၏။

(ဝိနယပိဋကတ်။ မဟာဝဂ်ပါဠိတော်။ မဟာခန္ဓကဝတ်)

ဘုရားရဟန္တာနှင့် ငါဟူသော ဝေါဟာရ

ပြဿနာ = ဘုရား ရဟန္တာ၌ အတ္တစဲ့ ရှိသလော။

မေးလျှောက်သူ = တောစိုး နတ်သားတဦး။

ဘဦးသောနတ်သားသည် တခုသော တောအုပ်ကြီး၌ နေ၏။ သူနေသော တောအုပ်ထဲသို့ ရဟန္တာကြီးများ လာရောက် နေထိုင်ကြလေရာ ထိုနတ်သားသည် ရဟန္တာကြီးများအချင်းချင်း ပြောကြသော စကားများကို ကြားနေရ၏။

ထိုအခါ ယင်းရဟန္တာကြီးများ ပြောစကားကို အကြောင်း ပြု၍ ထိုနတ်သားသည် ရဟန္တာကြီးများအပေါ်တွင် ယုံမှား သံသယ ဖြစ်လာသည်။

ရဟန္တာကြီးများ ဆိုပြောကြသည့် စကားများကား-"ငါ စားသည်၊ ငါ သောက်သည်၊ ငါ အိပ်သည်၊ ငါ့ပစ္စည်း၊ ငါ့ဟာ၊ ငါ့သပိတ်၊ ငါ့သင်္ကန်း" ဤသို့ စသည်ဖြင့် အတ္တစဲ့ ငါ၊ ငါဟူသော စကားများ ဖြစ်သတည်း။ ထိုစကားကို အကြောင်း ပြု၍ နတ်သားသည် တွေးမိလာ၏၊ "အစက ဤကိုယ်ခေါင်ကြီးများကို ရဟန္တာဟု ငါထင်မှတ်ခဲ့သည်။ ရဟန္တာတို့မည်သည် ငါငါဟူ၍ အတ္တစဲ့နှင့် စပ်ခသောစကား၊ အတ္တစဲ့ မကင်းသော စကားကို ဆိုကြ ပြောကြရာ သဒ္ဒါလာ၊ မဆို မပြောရာ

သလော”ဟု သို့လောသို့လော တွေးတောဒိုဟ သံသယဖြစ်လာသည်။

တနေ့သ၌ ထိုနတ်သားသည် မိမိ၏ ယုံမှားသံသယ ကင်းပခြင်းငှာ ဘုရားအထံတော်သို့ ချဉ်းကပ်ပြီးလျှင် ထိုပြဿနာရပ်ကို တင်ပြလျှောက်ထားကာ မေးမြန်းခြင်း ပြုလေ၏။

မေး။ လူ နတ် ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၊ အကြင်ရဟန်းသည် ရဟန္တာဆိုပါက၊ရဟန်းကိစ္စ ပြီးစီးသောပုဂ္ဂိုလ်မှန်ပါက၊ အာသဝေါကုန်ခန်းပြီး ဖြစ်ပါက၊ တဖန် ပဋိသန္ဓေနေရခြင်း မရှိမသာ နောက်ဆုံး ခန္ဓာဝန် အတွက်ဘောရှိသည် ဆိုပါက ထိုရဟန်းသည် “အဟံဝဒါမိ = ငါပြောသည်ဟူ၍လည်းကောင်း၊အဟံ ပိဝါမိ = ငါသောက်၏ ဟူ၍လည်းကောင်း၊ မမစီဝရံ = ငါ့သင်္ကန်း ဟူ၍လည်းကောင်း အတွက်စဲ့ ငါဟူသောစကားကို ဆိုရာပါသလော့။

ဖြေ။ အချင်း ဒါယကာနတ်သား၊ မှတ်သား နာယူလော့။ အကြင်ရဟန်းသည် ကုန်ပြီးသော အာသဝေါတရား လေးပါးလည်း ရှိ၏။ ပြီးပြီးသော ရဟန်းကိစ္စ ၁၆ ပါးလည်း ရှိ၏။ နောက်ထပ်တဖန် ပဋိသန္ဓေနေခြင်းမရှိသော နောက်ဆုံးခန္ဓာဝန်ကိုလည်း ဆောင်၏။ ထိုရဟန်းသည် အဟံ ဝဒါမိတိပိ = ငါပြောသည်၊ ငါဆိုသည် ဟူ၍ လည်းကောင်း၊ မမံ= ငါ့ကို၊ ပရေ=ဘပါးသောသူတို့က ဝဒန္တိတိပိ=ပြောကုန်သည်၊ ဆိုကုန်သည် ဟူ၍လည်းကောင်း ပြောဆိုပေရာသည်။ ခန္ဓာလောက၌ လိမ္မာသောရဟန်းကား လူ ဝေါဟာရ၊ လူ အသုံးအနှုန်းကို သိတော်မူ၏။ သိသောကြောင့် လောကဝေါဟာရမျှဖြင့် ဆိုရာသည်။ ဘိုးနှိုင်ပေသည်။ ဆိုကောင်းသည် မှတ်ရာ၏။

အချင်းဒါယကာ နတ်သား၊ ငါထင်ရှားစွာ ဆိုဦးအုံး၊ ခန္ဓာငါးပါးတို့သည် သွားကုန်၏၊ စားကုန်၏၊ ရပ်ကုန်၏၊ ဒုန်းကုန်၏။ ခန္ဓာငါးပါးတို့သည် အိပ်ကုန်၏၊ သောက်ကုန်၏ ဆိုခဲ့သော်ငင်း၊ ဤသက်ဒ်းကား ခန္ဓာငါးပါး၏ သက်ဒ်းတည်း၊ ဤသပိတ်ကား ခန္ဓာငါးပါး၏ သပိတ်တည်းဟု ဤသို့သော ဝေဟာရဖြင့် ဆိုခြင်း၊ ပြောခြင်း၊ သုံးနှုန်းခြင်း ပြုခဲ့သည်ရှိသော်ငင်း လောကဝေဟာရ အစဉ်အလာ၊ ပြောရိုး၊ ဆိုရိုး၊ လူ့ အသုံးအနှုန်း ပျက်လေ၏။

အချင်းဒါယကာနတ်သား၊ယင်းသို့ ခန္ဓာငါးပါး သွားသည်၊ ခန္ဓာငါးပါး စားသည် စသည်ဖြင့် မဆိုမူဘဲ လူ့ဝေဟာရ၊ လူ့ အသုံးအနှုန်းဖြင့်သာလျှင် (လူ့ဝေဟာရနှင့် မဆန့်ကျင် သောစကားဖြင့်) ရဟန္တာပုဂ္ဂိုလ်သည် ဆိုပေရာ၏။ လောကဝေဟာရ လူ့အသုံးအနှုန်း မပျက်စေခြင်းငှာ၊ နားလည်စေခြင်းငှာ ငါသွားသည်၊ ငါစားသည်၊ငါသက်ဒ်းဟူ၍ ဘုရားပစ္စေကဗုဒ္ဓါတို့သည်လည်း ဆိုကုန်၏။ ရဟန္တာတို့သည်လည်း ဆိုပေကုန်၏။ အတ္တစွဲရှိ၍ ဆိုသည် မဟုတ်။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ)

စပယ်ဦးစာပေ

သဗ္ဗညူတ

ပြဿနာ = ဘုရားဌ္ဌ သဗ္ဗညူတဉာဏ်ရှိ မရှိ။

မေးလျှောက်သူ = ပဿေနဒီ ကောသလမင်း။

ကောလာဟလ' ငါးပါးရှိ၏။ ငါးပါး ဟူသော်ကား-

(၁) ကပ္ပ ကောလာဟလ၊

(၂) ဗုဒ္ဓ ကောလာဟလ၊

(၃) စက္ကဝတ္တီ ကောလာဟလ၊

(၄) မဂ်လာ ကောလာဟလ၊

(၅) မောနေယျ ကောလာဟလ၊

ဤငါးပါးတည်း။

(၁) ကပ္ပ ကောလာဟလ

ထိုငါးပါးတွင် ဤနှစ်မှ အနှစ်တသိန်းထက်ဌ္ဌ ကမ္ဘာ ပျက်လတံ့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မဝ့

၁။ ကောလာဟလ = အုတ်အုတ်ကျက်ကျက် တခဲနက် ကြွေးကြော်ခြင်း။

ဝိဟာရတရား လေးပါးကို ပုဉ်းစေကြကုန်ဟု လောကဖြူဟာ နတ်တို့ လူဘို့ လမ်းဆုံ လမ်းမတို့၌ ကြေးကြော် ခြင်းသည် ကပ္ပမကောလာဟလ မည်၏။

(၂) ပုဒ္ဓကောလာဟလ

ဤနှစ်မှ အနှစ် တထောင်ထက်၌ သဗ္ဗညုဘုရား ထင်ရှား ပွင့်တော်မူလိမ့်မည်။ မွေးနေ့မွေးပဋိပဒါကို ရှိသော်စာ ကျင့်ကြံ ကုန်သော သံဃာရတနာအပေါင်း ကောင်းစွာ ခြုံရုံလျက် ဒေသနာ အမြိုက်ဆေးကို တိုက်ကျေးတော်မူလို၍ ဒေသစာရီ ကြွချီတော်မူလတံ့ဟူ၍ ဤသို့ နတ်တို့ ကြေးကြော်ခြင်းသည် ပုဒ္ဓကောလာဟလ မည်၏။

(၃) စက္ကဝတ္တိကောလာဟလ

ဤနှစ်မှ အနှစ်တရာထက်၌ လေးကျန်းလုံးကို အစိုးရသော၊ ရာဇာနုနှစ်ပါးနှင့်ပြည့်စုံသော၊ တထောင်အလွန်ရှိသော သားရတနာအပေါင်း ခြုံရုံလျက် စကြာဝဠတေးမင်း ဖြစ်လတံ့ဟူ၍ ဤသို့ နတ်တို့ ကြေးကြော်ခြင်းသည် စက္ကဝတ္တိ ကောလာဟလ မည်၏။

(၄) မင်္ဂလာကောလာဟလ

ဤနှစ်မှ ဆယ့်နှစ်နှစ်အထက်၌ မင်္ဂလာတရား ထွန်းကား လတံ့ဟူ၍ ကြေးကြော်ခြင်းသည် မင်္ဂလာ ကောလာဟလ မည်၏။

---

(၅) မောနေယျကောလာဟလ

ဤနှစ်မှ ၇ နှစ်အထက်၌ မောနေယျအကျင့်ကို ကျင့်သူ ထွန်းကားလတ့ံ ဟူ၍ကြွေးကြော်ခြင်းသည် မောနေယျ ကောလာဟလမည်၏။

ဤငါးပါးသောကောလာဟလတို့တွင် (၁)ပုရာဏကဿပ။ (၂) မက္ခလိဂေါသာလ။ (၃) နာဋပုတ္တသော သူ၏သား နိဂဏ္ဌ။ (၄) ပေလဋ္ဌ၏သားသဉ္စယ။ (၅)ကစ္စာယန အနုယ် ဖြစ်သောပကုဒ။ (၆) လူတို့၏ ဆံမျှင်ဖြင့်ယက်သော ကမ္ဗလာ ကိုဝတ်သော အဇိတ ဤတိတ္ထိကြီး ခြောက်ယောက်တို့သည် ဗုဒ္ဓကောလာဟလကို ကြားကြကုန်သည်ရှိသော် မိမိတို့ ဆရာ အထံသို့ ကပ်ကြပြီးလျှင် စိန္တာမဏိမန္တဝန် စသည်ကို သင်ကြား ကြလေကုန်၏။

ထိုသို့ သင်ယူကြကုန်ပြီးနောက် ငါတို့ကား သဗ္ဗညုဘုရား ဟူ၍ ကိုယ့်ကိုယ်ကို ဘုရားဖြစ်ကြောင်း ကြွေးကြော်ကြကုန်ပြီး လျှင် နောက်လိုက်နောက်ပါ အခြေအရံဘပည်သူ့များစွာခြံရံလျက် ထိုထို ဇနပုဒ်တို့သို့ လှည့်လည်ကြလေကုန်၏။ ယင်းသို့လှည့်လည် ကြရင်းမှ သာဝတ္ထိပြည်သို့ ရောက်သွားကြလေသည်။

ယင်း တိတ္ထိဆရာကြီးများ၏ တပည့်များကတဆင့် လူတွင် ထင်ရှား ဘုရားခြောက်ဆူ ပွင့်တော်မူနေပြီ ဖြစ်ကြောင်းကို သာဝတ္ထိပြည်ရှင် ဘုရင်ကောသလ မင်းတရား၏ ရှေနားတော် ပေါက်ကြားအောင် လျှောက်ထားကြလေကုန်၏။

ထိုအခါ ကောသလမင်းက သင်တို့ဆရာ ဘုရား များကို ငါ ဖူးမျှော်လိုပေသည်။ သင်တို့ကိုယ်တိုင် ငါ၏ နန်းတော်သို့

ပင့်ခဲ့ကြပါကုန်ဟု စေလိုက်သောအခါ ထိုသူတို့သည် သူတို့၏ဆရာ "ဘုရားကြီး" မျှားကို နှုန်းတော်သို့ ဆွမ်းစားကြွတော်မူပါရန် ပင့်ကြွလေကုန်၏။

ထိုးရာအခါ၌ကား တိတ္ထိဘုရားကြီးမျှားကငါတို့နှုန်းတော်ကို မလိုက်သိုကြကုန်ဟု ငြင်းဆိုကြလေ၏။ ငြင်းဆိုလိုက်ခြင်းကား ဘုရင်နှင့် မျက်နှာချင်းမဆိုင်ဝံ့ မဆိုင်ရဲသောကြောင့် ဖြစ်လေသည်။ သို့ရာတွင် သူတို့ကို အသဲစွဲကြည်ညို နေကြသူမျှားက ခဏခဏ ထပ်ဘလဲလဲ ပင့်နေကြသောအခါ မသွားပြန်လျှင် ညှံရာကျမည်ကာ တကြောင်း၊ ၎င်းအပြင် ပင့်လျှောက်သူတို့၏ စေတနာ သဒ္ဓါဘရားကိုငဲ့၍ နှုန်းဘော်သို့ လိုက်လာခဲ့ကြလေ၏။ နှုန်းတော်ထဲသို့ ရောက်သွားကြလေ၏။

နှုန်းတော်ပေါ်သို့ ရောက်လာသော အဆိုပါ ဘုရားကြီးမျှားအား ပဓာနဒီကောသလမင်းသည် နေရာကို ခင်းကျင်မပေးလေဘဲ မိမိနှင့် သင့်လျော်လျောက်ပတ်သောနေရာ၌ နေတော်မူကြကုန်ဟူ၍ ဆိုတော်မူ၏။

ထိုအခါ ဘုန်းရှိသောမင်း၏ တန်ခိုးအာဇ္ဉာသည် ဂုဏ်မရှိသော ဂုဏ်မဲ့သော တိတ္ထိတို့၏ ကိုယ်၌ နှံ့ခဲ့လေရကား မြတ်သောနေရာတွင် မနေရဲ၊ မဆိုင်ရဲကြလကုန်။ ပျဉ်ချပ် ကြမ်းပြင်မျှားပေါ်တွင်ဝင်း၊ ခြမ်းပေါ်၌ဝင်း နေကြလေကုန်၏။

ကောသလမင်းကား အကင်းပါးတော်မူလှ၏။ မြတ်သောနေရာ၌ မနေရဲ၊ မဆိုင်ရဲသည်ကိုမြင်သော် ဤသူတို့ထံ၌ အနှစ်သာရဟူ၍မရှိ။ မြဘ်ဒေသဘရားဟူ၍ မဋ္ဌိဟု တတ်အပ်သိတော်မူလေ၏။

ထိုကြောင့် ကောသလမင်းသည် ယင်း တိတ္ထိဘုရားဆိုသူများအား တစုံတခု ခဲဘွယ်ဘောဇဉ်ကိုမျှ ကျွေးမွေးခြင်း မပြုစေဘဲ ထန်းပင်မှ ကြွကျသော ထန်းသီးကို ဆောက်ပုတ်(ဝါ) တင်းဘုတ်ကြီးဖြင့် ထုရိုက် ခဲလိုက်သည့်ပမာ အောက်ပါ ပုစ္ဆာတပုဒ်ကို ထုတ်၍ မေးတော်မူသတည်း။

ကောသလ။ အချင်းတို့၊ သင်တို့ကား ဘုရား ဟုတ်ကြကုန်သလော့၊ မဟုတ်ကြကုန်သလော့။

ထိုသို့ ခရီးရောက်မဆိုက် မေခွန်းထုတ်လိုက်သောအခါ တိတ္ထိတို့သည် အကြပ်ရိုက်ကာ ဤသို့ကြံကြလေကုန်၏။ ငါတို့ကား ဘုရားစစ်စစ်ဖြစ်ကုန်၏ဟု ဝန်ခံလိုက်ပါခြေသော် ဤမင်းသည် ငါတို့အား ဘုရားအရာ၌ထား၍ မျှဝေစ့ာသော ပြဿနာမျှားကို မေးမြန်းခြင်းပြုလတံ့။ မေးသည်ရှိသော် ငါတို့မဖြေနိုင် ရှိလတံ့။ မဖြေနိုင် ခဲ့သော် သင်တို့ကား ဘုရား မဟုတ် ပါဘဲလျက် လူ အပေါင်းကို လှည့်စားကာ ဘုရားဟု ပြောဆို ပြီးလျှင် လှည့်လည် သွားလာ စားသောက်ဘိသည်ဟု ငါတို့၏ လျှာကို လှီးဖြတ်ရာ၏။ အကျိုးမဲ့ကိုသော်လည်း ပြုရာ၏ဟု ကြံကြကုန်ပြီးသော်-

တိတ္ထိများ။ မြတ်သောမင်းကြီး၊ ငါတို့ကား ဘုရားမဟုတ် ပါကုန်။

ကောသလမင်းကို မလိမ်ဝံ့ကြလေသဖြင့် ဟုတ်တိုင်းမှန်ရာ အတိုင်း ဖြောင့်ဆို ဝန်ခံကြလေရာ ကောသလမင်းသည် ထိုတိတ္ထိတို့အား နန်းတော်အပြင်သို့ ဆဲထုတ်စေလေ၏။ တိတ္ထိဘုရားကြီးများသည်၎င်း၊ ယင်းတို့၏ တပည့်များသည်၎င်း နန်းတော်အပြင်ဖက်သို့ ရောက်သွားကြလေသောအခါ အရိုးစဲ့အောင်

ကြည်ညိုလာခဲ့သော ဒါယကာများက သူတို့ဆရာ ဘုရားကြီးများအား ဤသို့ ဆိုကြကုန်လေသတည်း။

"အရှင်ဘုရားတို့၊ အသို့ပါနည်း။ ကောသလမင်းက မေးခွန်းပုစ္ဆာများ လျှောက်ထားမေးမြန်းပြီးနောက် ပူဇော်သက္ကာရများပြုလိုက်ပါ၏လား' ဟူ၍ မေးကြလေကုန်၏။ ထိုအခါ တိတ္ထိဘုရားကြီးများက-

"ချစ်သားတို့၊ သောသလမင်းက ငါတို့အား ဘုရားလော ဟူ၍မေးပေ၏။ ငါတို့ကား ဘုရားဟူ၍ မင်းထံ၌ ဝန်မခံခဲ့ကြကုန်။ အကြောင်းသော်ကား ငါတို့က အကယ်၍ "ဘုရား" ဟု မှန်သောအတိုင်း ဝန်ခံလိုက်ခဲ့သော် ထိုမင်းသည် ငါတို့အား ဘုရားအရာ၌ထား၍ ပြဿနာ မေးတော့အံ့၊ ထိုအခါ ငါတို့က ဖြေဆိုလိုက်သည်ကို ကောသလမင်းသည် မယုံမကြည်ဖြစ်လတံ့။ ယင်းသို့ မယုံကြည်ခြင်းကား ငါတို့အား ပြစ်မှားရာ ကျခြင်းကြောင့် မင်းကြီး၌ အကုသုလ်ပုံကြီး၍ အပြစ်များလတံ့သည်ကို ငါတို့မြင်လေသောကြောင့် မင်းကြီးအား သနားသောအားဖြင့် ဘုရားမဟုတ်ဟူ၍ ငါတို့ ဖြေဆိုခဲ့ရကြခြင်းဖြစ်ပေသည်။ စင်စစ်သော် ငါတို့ကား ဘုရားဆိုမှ တကယ့်ဘုရားစစ်စစ် ဖြစ်သတည်း"

တိတ္ထိတို့သည် ဤသို့ပင်လျှင် တပည့်များအား ဘုရားဟူ၍ လှည့်ဖျား ကြပြန်လေကုန်၏။ ကောသလမင်းသည် ပုရာဏကဿပ အစရှိသော တိတ္ထိကြီးများ ပြန်သွားကြသော်လည်း ဘုရားဟူ၍ လူတို့အား လိမ်လည်လှည့်ဖျား၍ စားသောက်နေကြပုံကို ဘအုံးနွေးနွေး ကွေးမိနေ၏။ ထိုအကြောင်းကို ဘုရားသခင်အား လျှောက်ထားလိုသော်လည်း မြတ်စွာဘုရားသည်

အခြား ဒေသများသို့ ဒေသစာရီ ကြွချီတော်မူဆဲ ဖြစ်၍ ဘုရားသခင်ကြွအလာကိုသာ စောင့်မျှော်၍ နေတော်မူ၏။

အခါတပါးတွင် မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်သို့ ကြွတော်မူသွားပြီးလျှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကောသလ မင်းသည် ဘုရားသခင် ထံတော်သို့ ချဉ်းကပ်ပြီးလျှင် အောက်ပါပုစ္ဆာဖြင့် မေးလျှောက် ခြင်း ပြုလေသည်။

မေး။ ဘုန်းတော်သခင် မြတ်ရှင်ပင်ဘုရား၊ အရှင်မြတ် ဘုရားသည် အတုမရှိသော သဗ္ဗညုဘုရားတော်ကို သိတော်မူ ပြီဟူ၍ ဝန်ခံတော်မူပါသလား၊ ဘုရားဟူ၍ ဝန်ခံတော်မူပါ သလား၊ သို့မဟုတ် ဝန်မခံနိုင်ဘဲ ရှိပါသလား ဘုရား။

ဖြေ။ ဒကာတော်မင်းကြီး၊ ငါဘုရားအား အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူ၏ဟူ၍ အကြင် သူသည် ဆို၏။ ထိုသို့ ဆိုသောသူသည် ကောင်းစွာ ဆိုသည် မည်၏။ ငါဘုရားသည် အတုမရှိသော သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူသည်မှာလည်း အမှန်ပင် ဖြစ်ပေ၏။

ကောသလ။ အရှင်မြတ်ဘုရား၊ ပုရာဏကဿပ၊ မက္ခလိ ဂေါသာလ၊ နိဂဏ္ဌ၊ သဉ္စယ၊ ပကုဓ၊အဇိတ ကျိုက်းဆရာကြီး များကား များသောအခြံအရံလည်း ရှိကြပါကုန်၏။ အလို နည်းသည်၊ ရောင့်ရဲလွယ်သည်ဟူ၍လည်း ကျော်စောပါကုန်၏။ အဝတ်မျှပင် မဝတ်ကြ ဟူ၍လည်း ထင်ရှားလှပါကုန်၏။ အဝတ်မစည်း အချည်းနှီး(ဝါ)အဝတ် မကပ်သော တပည့် လက်သားလည်း အလွန် ပေါများပါကုန်၏။ အန္ဓပုထုဇဉ် လူမိုက်အပေါင်းတို့၏ ကောင်းချီးပေးခြင်း၊ ပူဇော်ခြင်းကိုလည်း

ခံကြရပါကုန်၏။ ဤ ဂိုဏ်းဆရာကြီး ခြောက်ယောက်တို့ကား သူတို့ကိုယ်သူတို့ "ဘုရား" ဟူ၍ အပဋိ ပြောဆိုဝန်ခံနေကြကုန် ဧသော်လည်း တပည့်တော် မေးမြန်းကြသော အခါဌ်ကား ဘုရားမဟုတ်ပါကုန် ဟူ၍ ဆိုကြသည်။

အရှင်ဂေါတမ သည်ကား ဖွားသည်မှ အသက်အရွယ် ငယ်လျလှုပါသေးသည်။ ရဟန်းဖြစ်၍လည်း မကြာမြင့်သေး။ ထို့ကြောင့် မေးအပ်သော သဘူတ ဉာဏ်တော်ကို ဝန်မခံနိုင်ဘဲ ရှိလိမ့်မည်အထင်ဖြင့် တပည့်တော် မေးလျှောက်မိခြင်း ဖြစ်ပါသည်ဟု လျှောက်ထားလေ၏။

"မြတ်စွာဘုရားသည် ဒေသနာတော်နည်း၌ အလွန် လိမ္မာ တော်မူလှသည့် အားလျော်စွာ ကိုယ်တော်ကို အတွင်းထား၍ သီလဝန္တရဟန်းကို ဖြေကြားတော်မူသတည်း။

မြတ်သောမင်းကြီး၊ လောက၌ မထေမဲ့မြင် မပြုအပ်၊ မပြုသင့်၊ မပြုထိုက်သောအရာ လေးမျိုးရှိ၏ ဟူ၍ မှတ်လေလော့။ ယင်း လေးမျိုးတို့အနက်တွင်-

"(၁) မင်းသားငယ်ဘပါးသည် လာနေ၏။ ထိုသို့လာနေ သည်ကိုမြင်လျက် လှုံ့လတခု၊ ဧရိုး လှဲရှောင်ပေးခြင်းကို မပြု သော်လည်းကောင်း၊ အပေါ်ရုံကို မဖယ်သော်လည်းကောင်း၊ ဆင်ခြေကျောက်ကုန်း၊ မြင်းကျောက်ကုန်း၊ ရထားထက် စသည်တို့မှ မဆင်းသက်သော်လည်းကောင်း ဤအလုံးစုံသည် မင်းသားကို မဒေသမဲ့မြင်ပြုသည် မည်၏။

"ဤမင်းသားကား အလွန်ဝမ်းဗိုက်ကြီးလှ၏။ ခိုး သူ ကို မျှ နှိုင်ပါမည်လော့၊ တိုင်းပြည်ကိုမျှ ဆုံးမနိုင်၊ အုပ်ချုပ်နိုင်ပါမည်

လော့ဟု ဆိုခြင်း ပြောခြင်းသည် မင်းသားအား နှိပ်စက်၍ ဆိုခြင်း မည်၏။

"(၂) မြတ်သောမင်းကြီး၊ တံမြက်စည်းတံ ဗိုင်းဝင်ရိုးမျှသာ ဖြစ်သော်လည်း အဆိပ်ထန်သောမြွေကို ကိုယ်၌ ပတ်စေသော်လည်းကောင်း၊ လျှာကို ကိုက်စေ သော်လည်းကောင်း မြွေကို မထမဲ့ပြုသည်မည်၏။ ဤမြွေကား မြွေကောင်းတကား၊ ရေမြွေတကား၊ မြက်ရှောတကား၊ကိုက်နိုင်မည်လော၊အဘယ်သူ၌ အဆိပ်ကို နှံ့စေနိုင်မည်နည်းဟု ဆိုခြင်းသည် မြွေကို နှိပ်စက်၍ ဆိုသည် မည်၏။

"(၃) မြတ်သောမင်းကြီး၊ ဇီးစေ့ခန့်မျှသာဖြစ်သော မီးကို လည်း ကစားသည်ရှိသော် မီးကို မထမဲ့မြင်ပြုသည် မည်၏။ ဤမီးကား အနည်းငယ်သာတကား၊ အဘယ်ရာဂုကိုမျှ ကျက်စေနိုင်ပါ မည်နည်း စသည်ဖြင့် ဆိုခြင်းသည် မီးကို နှိပ်စက်၍ ဆိုသည် မည်၏။

"(၄) မြတ်သောမင်းကြီး၊ သီလရှိပေသော ရဟန်းငယ်၊ သာမဏေငယ်ကို မြင်၍ ခရီးမလွဲ။ မရှောင် မတိမ်းသော်လည်းကောင်း၊ အပေါ်ရုံကို မလှမ်းမဖယ်သော်လည်းကောင်း၊ နေရာမှ မထသော်လည်းကောင်း၊ နောက်ဖိကျောခိုင်းနေသော်လည်းကောင်း သီလဝန္တ ရဟန်းသာမဏေကို မထမဲ့မြင်ပြုသည် မည်၏။ ဤရဟန်းငယ်၊ သာမဏေငယ်ကား ဘဏ္ဍာများစွတကား၊ ဝမ်းဗိုက်ကြီးစွတကား၊ တစုံတခုသော ဘုရားစကားကို သင်နိုင်ပါမည်လော၊ တော၌ နေနိုင်ပါမည်လော၊ မထေရ်ဖြစ်သောအခါ ကြည်ညိုဘွယ် နှစ်သက်ဘွယ် ရှိနိုင်ပါ

မည်လောဟု ဆိုခြင်းသည် ရဟန်းကို နှိပ်နှိပ်စက်စက် ဆိုသည် မည်၏။

"ယို လေးပါးတို့တွင် မင်းသားကို ရှိသေသော သူကား ဆင်ယာဉ်၊ မြင်းယာဉ် စသည်တို့ကို ရ၏။ မြေကို ဆိုခဲ့ပြီးသော အပြစ်ကိုပယ်၍ ကောင်းစွာပြုသောသူကား မြေကို ကစား သဖြင့် ရအပ်သော လာဘ်ဟူသမျှကို ရ၏။ မိုးဥ် ကောင်းစွာ ပြုသောသူကား ယာဂုချက်ခြင်း အစရှိသော အကျိုးကိုရ၏။ သီလဝန္တ ရဟန်းကို ရှိသေသော သူကား မကြားနာရသေး သော တရားကို ကြားနာရခြင်း၊ ကြားနာရပြီးသော တရားကို ယုံမှားပျောက်ရခြင်း စသော အကျိုးတရား ငါးပါးနှင့်တကွ ပါဋိဋ္ဌလောသော အပြစ်တို့မှ ပြန်သောအကျိုးကိုရခြင်း၊ နတ်ရွာ မင်္ဂိုလ်စသည်ကို ရခြင်း၊ ဤသို့ အစရှိသောအကျိုးကို ရ၏။

ထိုကြောင့် သီလဝန္တရဟန်းကို ငယ်သည်ဟူ၍ မထေမဲ့မြင် မပြုရာ။ ချမ်းသာသုံးပါးကို တောင့်တသောသူသည် ရဟန်း တို့ကို ဆိုခဲ့သော အမှုတို့ကို မပြုမူ၍ ရှိသေစွာ လုပ်ကျွေးသည် ရှိသော် မျက်မှောက်၌ ဖြစ်သောအကျိုး၊ တမလွန်၌ ဖြစ်သော အကျိုးကိုသိ၍ သူကြွယ်ကြီးသုံးပါး ဖြစ်ခြင်း၊ ခြောက်ထပ်သော ကာမာဝစရ နတ်ပြည်၌ဖြစ်ခြင်း၊ ကိုးထပ်သော ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်း၊အဆုံးအစုန်၌ နိဗ္ဗာန်ရှေပြည်ကြီးသို့ ဝင်ရခြင်းအကျိုးကို ရပေလတ္တံ့။

ဒေသနာတော်အဆုံး၌ ကောသလမင်းကြီးကား သရဏဂုံ တည်လေ၏။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ နဉ်ညာတဗ္ဗသုတ်)

သစ္စကနှင့် အတ္တဝါဒ

ပြဿနာ=ရုပ်သည်အတ္တ။

မေးလျှောက်သူ=သစ္စက ပရိဗိုဇ်။

ပညာရှိအခေါ်ခံ အတော်အတန်ကျမ်းကျင်ဒသာ ပုဂ္ဂိုလ်များသည် ဝေသာလီပြည်ကို ကွင်းရှောင်သွားကြသည်က များ၏။ အဘယ့်ကြောင့်ဆိုသော် သစ္စကနှင့် မျက်နှာချင်းဆိုင် ဝါဒချင်းမပြိုင်ရဲကြသောကြောင့် ဖြစ်လေသည်။

သစ္စကသည် ဝေသာလီ ပြည်သား ပရိဗိုဇ်တဦး ဖြစ်၏။ အမိဖက်မှ ဝါဒငါးရာ၊ အဖဖက်မှ ဝါဒငါးရာ ပေါင်း ဝါဒပေါင်းတထောင် တတ်ကျမ်းပြီး လိစ္ဆဝီ မင်းသားငါးရာ တို့အား ပညာသင်ကြားပေးနေသော မင်းဆရာလည်း ဖြစ်၏။ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ သူနှင့် ဖက်ပြိုင်၍ ဝါဒချင်း ပြိုင်ရဲသူ၊ ပြိုင်ဝံ့သူ မရှိ။

သို့ကြောင့် သစ္စကသည် ငါလိုလူဇမ္ဗူမှာမရှိဟူ၍ အတိမာန ဖြင့် ထောင်လွှားဝင့်ကြွားနေခြင်းမှာ အဆန်းမဟုတ်ပေ။

သစ္စက၏ လက်ရှိအခြေအနေမှာ ပြိုင်ဘက်ကင်းသော မြင်းကြီးကို ဇောင်းသွင်းထားသည်နှင့် အလားတူနေပေ၏။ သူ့ကို ဖက်ပြိုင်နိုင်သူ လူ တယောက်မျှ ပေါ်မလာ သောကြောင့် ဝါဒရေးရာနှင့် ပတ်သက်၍ ငြင်းခုံရမှု နေတတ်ထိုင်တတ်သော

သစ္စကာအဖို့တွင်ယခုလို ပြိုင်သူမရှိသောအခါ ပျင်းချာချာကြီး ဖြစ်သောကြောင့် သူသည် ပြိုင်ဘက်ကိုသာမျှော်ခေါ်တောင့်တလျက် ရှိနေ၏။

အခါတပါးတွင် ဝေသာလီပြည်သို့ မြတ်စွာဘုရားကြွရောက်တော်မူလာသည်ဟူသော သတင်းစကားကို ကြားရလေသောအခါ သစ္စက "ပရဗိုဒ်"သည် များစွာ ဝမ်းသာသွားလေသည်။ အဘယ်ကြောင့်ဆိုသော် သဗ္ဗညုဘုရားသည် လောကသုံးပါးတွင် ပြိုင်ဘက်ကင်းလွတ် အထွတ်ဆုံး၊ အမြတ်ဆုံးဟူ၍ ထင်ရှားကျော်ကြားနေသူ ဖြစ်ရာ ယင်းအကျော်အမော် ဧာဝ်ဆိုသော ဘုရားကို ဦးကျိုးအောင် ဝါဒနှင့် ချိုးနှိမ် လိုသောကြောင့် ဖြစ်လေသည်။

၁။ ပုဆိုးဖြူကို သင်္ကန်းယောင်ဝတ်သော တိတ္ထိကား ပက္ကရုဏ် (ဖိုးသူတော်)မည်၏။ ဦးခေါင်းပြည်းလျက် ရဟန်းယောင် သင်္ကန်းဝတ်သည်ကား ပရိဗ္ဗာဇက (ပရဗိုဒ်) မည်၏။ ကိုယ်၌ အဝတ်မကပ် အချည်းစည်းနေသော တိတ္ထိကား အာဇီဝက မည်၏။ ငါတို့၌ ကိလေသာဟူသော ထုံးနှောင် ဖွဲခြင်းကား မရှိပြီ။ သံသရာ၌ ကြောင့်ကြခြင်းကိစ္စမရှိ။ လယ်ယာ မယား သိမ်းဆည်းခြင်း ဟူသော ရုဂစသော ကိလေသာတို့၏ အာရုံကား ငါတို့၌မရှိပြီ။ ငါတို့ကား ရဟန္တာတည်းဟု ဝန်ခံလျက် တပါးသော အမှုအရာ ပရိက္ခရာတို့ကိုဆောင်သော တိတ္ထိတို့ကား နိဂဏ္ဌမည်ကုန်၏။ ။(ဗာဟိရနိဒါန်၊ တတိယသင်္ဂီတိ၊ ပါရာဇိကဏ်အဋ္ဌကထာနိဿျ၊ ရွှေဥမင်မူ-၉၉)

သို့ကြောင့်လည်း သစ္စကသည် သူ့တပည့် လိစ္ဆဝီမင်းသား တို့အား ဤသို့ ဝင့်ဝင့်ဝါဝါ ကြုံးဝါးပြောဆိုခြင်း ပြုလေ၏။

"အို မင်းသားတို့၊ မင်းသားတို့၊ သင်တို့ဆရာဖြစ်သော ငါ အဘယ်မျှ ပညာစွမ်းထက်ကြောင်းကို သင်တို့ ကောင်းစွာ အသိ ဖြစ်ပေသည်။ အသီးသီး ပညာကြီး ပညာကျယ် အသွယ်သွယ် ရောက်လာသမျှ ဆရာများကား ငါ့စကားတခွန်း အမေးကိုမျှ မခံနိုင်လေကုန်။ ငါ၏ဝါဒအတင်ကို ပြေလည်အောင် ချဆို နိုင်သူကား ရှာမှရှား။ တယောက်မျှ ငါရှာ၍ မတွေ့ခဲ့။ လူတွင် ထင်ရှား ဘုရားဆိုသော သူမျှားပင်လည်း ငါနှင့်ကြုံ တုန်လှုပ် ရမည်။ ငါမေးရက ဇောချွေးမျှားပြန်ရမည်။ လူကိုမဆိုထား ဘီ ငါနှင့်ဆိုင်ငြားက သစ်ပင်များသော်မှ တုန်လှုပ်ရသေးသည် မင်းသားတိ"

"အို မင်းသားတို့၊ ယခုမျက်မှောက်လောကတွင် ရှင်ဂေါဘမ သည် သူကိုယ်သူ ဘုရားဟုသမုတ်လျက် လူတို့၏ဆရာ သူလုပ်နေ ချေသည်။ ယခု ငါတို့ခဝသာလီပြည်သို့ ရောက်နေပြီ ကြားရ၏။ ထိုဘုရားဆိုသော ဂေါတမကား ဘုန်းတန်ခိုး ကြီးကောင်းကြီး ပေမည်။ အယူဝါဒ၌ ငါ့လောက်ကျနမည်ဟု ငါမထင်။ ထို့ရှင် ဂေါတမကို ဝါဒဖြင့် ရယ်ချင်ဖွယ် ရှက်ဖွယ်လိလိဖြစ်သွားအောင် ပရိသတ် အလယ်၌ ငါမေးရှုပြမည်။ နှုလုံးမသာ၊ မျက်နှာ မလှအောင် ဝါဒဖြင့် သူ့ကို ကျိစယ်ပြမည်။ သင်တို့တတွေ့ အားလုံး ငါ့နောက်က လိုက်ခဲ့ကြကုန်။ ဂေါဘမ ဘုရားထံ ငါသွားအံ့"

ယင်းသို့ ကြွားကြွားဝါးဝါး ခေါ်လေသောအခါ လိစ္ဆဝီ မင်းသားလောက တဝိုက်ဝယ် အတော်ကလေး ဂယက်ရိုက်

သွားလေ၏။ ဆရာသစ္စကာ ကပင် ဂေါဘမဘုရားကို ဝါဒချင်း ပြိုင်နိုင်လေမည်လော၊ သို့မဟုတ် ရှုံးလေမည်လောဟူ၍ တွေးသူ ကဖော်၊ အခါ၌ကလည်း ဘုရားဂေါဘမကို ပြိုင်၍ နိုင်ရှိုးမရှိခေ။ ဆရာသစ္စကဝယ် ဘယ်ဖြဟ္မာ၊ ဘယ်သိကြား၊ ဘယ်နတ်မျိုးက စွဲကပ်၍ နိုင်အောင်ဇာတ်နိုင်ခေါ်နည်း ဟူ၍ ပြောသူက ပြော။ သို့နှင့်ပင် ဂေါဘမဘုရားဖေထံသို့ သစ္စကနှင့်အတူ လိုက်ပါလာခဲ့ကြလေ၏။

ဆရာသစ္စကာသည် မင်းပရိသတ် ခြံရုံလျက် ဆွမ်းစားပြီးချိန် တွင် ဘုရားသီဘင်းသုံးတောင်မှာ ကဋ္ဌာဂါရုစရပ်သို့ ရောက်သွား၏။ ဘုရားသခင်ကိုမတွေ့၍ သံဃာတော်များကို မေးလျှောက်ကြသို့လျှင် ဂေါဘမဘုရားသည် နေသန့်ရာသစ်ပင်ရင်းခံသီဘင်း သုံးနေဘော်မူခကြောင်း သိရလျှင် ထိုနေရာမှ ဘုရားရှိရာဘက်သို့ လှည့်ထွက်သွားသည်။

ရောက်လျှင် ဗုဒ္ဓဘုရားသည် သစ္စကနှင့် အေးချမ်းသာယာစွာ အားလပ်သလ္လာပစကားများ လက်ခံ ပြောဆိုတော် မူသည်။ သင်းသို့ပြောဆိုပြီးမှ သစ္စကသည် ဗုဒ္ဓထံ ခွင့်ပန်လေ၏။

"အရှင်ဂေါတမ၊ အကျွန်ုပ်အား အခွင့်သနားတော်မူပါလျှင် ပြဿနာဘခုကို အကျွန်ုပ်မေးလိုပါသည်။ထိုပြဿနာကို ဖြေဘော်မူပါအံ့ခဲလော့"

အချင်းသစ္စက၊ပြဿနာဖြေသောအခုဝယ် ငါ၌ ဝန်လေးစော အရာသည်မရှိ။သင်အလိုရှိရာကို မေးလော့။သင့်အား ငါ ခွင့်သနားပေ၏"

လိုသို့ ခွင့်ပြုလိုက်သောအခါ သစ္စက၏ဘပည့် လိစ္ဆဝီမင်း ပရိသတ်များမှာ အဆူးလှုပ်ရှားကာ အာနုံစိုက် လာကြကုန်ပြီး

မြတ်စွာဘုရားကိုဂင်း၊ သူတို့ဆရာကိုဂင်း စူးစိုက်စွာ ကြည့်နေစဉ် မှာပင် သစ္စက ကပြဿနာကို စဘင်၍ မေးလေတော့၏။

မေး။ အို-အရှင်ဂေါတမ၊ အရှင်သည် မိမိ၏ တပည့်တပန်း ရဟန်းများ၊ သာဝကများကို အဘယ်သို့ ဆုံးမတော်မူပါသနည်း။ တပည့်အပေါင်းတို့ ကောင်းစွာ သိမြင်ခြင်းငှာ အဘယ်ဒေသနာဖြင့် အနုသာသနီ ပြုတော်မူပါသနည်း။

ဖြေ၊ အချင်းသစ္စက၊ တပည့်တို့အား ငါဆုံးမလေ့ရှိသော အနုသာသနီကား "ရူပံဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာအနိစ္စာ၊ သင်္ခါရာအနိစ္စာ၊ ဝိညာဏံအနိစ္စံ၊ ရူပံဘိက္ခဝေ အနတ္တာ၊ ဝေဒနာ အနတ္တာ၊ သညာအနတ္တာ၊ သင်္ခါရာအနတ္တာ၊ ဝိညာဏံအနတ္တာ၊ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေမွာအနတ္တာ" ဟူ၍ ဖြစ်ပေ၏။ အဓိပ္ပာယ်ကား-

အို-ချစ်သားတို့၊ ရူပံအနိစ္စံ=ရုပ်ဝတ္ထုဟူဟူသမျှ အရှည်စဲ၍ ဘည်မြဲသော သဘောမရှိ။ အနိစ္စ ချည်းသာတည်း။ ဝေဒနာ အနိစ္စာ = အာရုံကိုခံစားမှု နာမ်ဝတ္ထု ဟူဟူသမျှ တည်မြဲသော သဘောမရှိ။အနိစ္စ ချည်းသာတည်း။ သညာအနိစ္စာ = အာရုံကို မှတ်သားမှု နာမ်ဝတ္ထု ဟူဟူသမျှ တည်မြဲသော သဘောမရှိ။ အနိစ္စချည်းသာတည်း။ သင်္ခါရာ အနိစ္စာ = အသစ်အသစ် ပြုပြင် ဖြစ်ပေါ်မှုဟူဟူသမျှ အရှည်စဲ၍ တည်မြဲလေ့ မရှိ။ အနိစ္စချည်းသာတည်း။ဝိညာဏံ အနိစ္စံ = အာရုံကို သိမှု ဟူဟူသမျှ အရှည်စဲ၍ တည်မြဲလေ့မရှိ။ အနိစ္စချည်းသာတည်း။

၁။ အနုသာသနီ-အကျိုးအပြစ်ကို ဖော်ပြ၍ အဖန်တလဲလဲ ဆုံးမခြင်း။

အို-ချစ်သားတို့၊ ရှုပံအနတ္တာ = ရုပ်ဝတ္ထု ဟူဟူသမျှ မိမိ ဩဇာမခံ၊ မိမိစီမံရာ၊ မိမိ ဆဲ့ဆောင်ရာသို့ လိုက်ပါလေ့ မရှိ။ ကိုယ်စိုးကိုယ်ပိုင် မဟုတ်၊ ကိုယ်မဟုတ်။ ဝေဒနာ အနတ္တာ = အာရုံကို ခံစားမှုဟူသမျှ ကိုယ့်အလိုသို့မပါ၊ ကိုယ့်ဩဇာကို မခံ၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်၊ ကိုယ်မဟုတ်။သညာအနတ္တာ = အာရုံကို မှတ်သားမှု ဟူဟူသမျှ ကိုယ့်အလိုသို့မပါ၊ကိုယ့်ဩဇာကို မခံ၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်၊ ကိုယ်မဟုတ်။သင်္ခါရာအနတ္တာ = အသစ်အသစ် ပြုပြင် ဖြစ်ပေါ်မှု ဟူဟူသမျှ ကိုယ့်အလိုသို့မပါ၊ ကိုယ့်ဩဇာကို မနာခံ၊ ကိုယ်စီမံရာကို မလိုက်၊ ကိုယ်စိုးကိုယ်ပိုင် မဟုတ်၊ ကိုယ်မဟုတ်။ ဝိညာဏံအနတ္တာ = အာရုံကို သိမှု ဟူဟူသမျှ ကိုယ့်အလိုသို့ မပါ၊ ကိုယ့်ဩဇာကို မနာခံ၊ ကိုယ်စီမံရာ မလိုက်၊ ကိုယ်စိုးကိုယ်ပိုင် မဟုတ်၊ ကိုယ်မဟုတ်။ သင်္ဃသင်္ခါရာ အနိစ္စာ = ကံ၊စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား လေးပါးတို့ ပြုပြင်စီရင်ထားအပ်သော သင်္ခါရတရား ဟူဟူသမျှ ဖြစ်လျှင် ပျက်မြဲအရှည်စွဲ၍ မြဲလေ့မရှိသောကြောင့် အနိစ္စတို့ ချည်းသာတည်း။ သင်္ဃဓမ္မာအနတ္တာ=ခပ်သိမ်းသော ဓမ္မဟူဟူသမျှ ကိုယ့်အလိုသို့မပါ၊ ကိုယ့်ဩဇာကို မနာခံ၊ ကိုယ်စီမံရာ မလိုက်၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်၊ ကိုယ်မဟုတ်ကုန်။ ထို့ကြောင့် ဤခန္ဓာ ဤကိုယ်၌ အာသာငမ်းငမ်း၊ စွဲလမ်း တပ်မက်ခြင်းကို မဖြစ်ပေါ်ကြကုန်လင့်။ ဤသို့ စသောနည်းဖြင့် တပည့်တို့အား ဂါဘုရား ဆုံးမတော်မူလေ့ရှိပေ၏ဟု ဖြေကြားတော်မူ၏။

ထိုအခါ သစ္စကသည် သဘောမကျ၊ လက်မခံနိုင်သော အမူအရာကိုပြလျက် ဆန့်ကျင်ပြု၍ ဤသို့ ဆိုလေ၏။

မေး။ အို အရှင်ဂေါတမ၊ အသင်ကား တတ်နိုင်ပေစွ။ အာရှင်ကဲ့သို့ ဖောက်ဖောက်ပြန်ပြန် ကြံဖန်၍ ဆုံးမခဲ့သော် ဤလောက၌ ဝိပဿနာနှင့် ကင်းသော အရာဟူ၍ မရှိပြီ။ ဝိပဿနာချည်းသာ ဖြစ်ကုန်ရာသည်တကား။ ဥပမာ–မြေမှုန်ကြွကြွရရ ထ၍ပေါက်သော သစ်ပင်တပင်သည် မြေကြီးသာလျှင်တည်ရာ မှီရာ ဖြစ်သကဲ့သို့ ထိုအတူ သတ္တဝါတို့သည် လည်း ခန္ဓာငါးပါး၌တည်၍သာလျှင် ချမ်းသာခြင်းသုခနှင့် ဆင်းရဲခြင်းဒုက္ခကို ခံစားကြရကုန်သည်။ ကုသိုလ်တရား၊ အကုသိုလ်တရားကို ပွားများ အားထုတ်ကြရကုန်သည်။ မင်္ဂလာ ခွေးသာ သုခကို ဖွေရှာကြရကုန်သည် မဟုတ်ပါလော။

အို အရှင်ဂေါတမ၊ အရာခပ်သိမ်းတို့ကား မပျက်စီးသေးသောကာလ (ဝါ) ပျက်စီးခြင်းသို့ မရောက်သေးသမျှ ကာလပတ်လုံး "အတ္တ"ဟု အထင်အရှား ရှိနေပါလျက် သဗ္ဗဓမ္မာအနတ္တာဟု ဟောပြောနေသော အသင်၏ ဓမ္မဒေသနာတော်ကား အဘယ်သို့လျှင် သင့်ပါ့မည်နည်း။ မသင့်နိုးယောင်ပါတကား အရှင်ဂေါတမ။

(ထိုအခါ ဗုဒ္ဓက ပြန်၍ မေးလိုက်သည်။)

မေး။ အချင်းသစ္စက၊ သင့်အား ငါ့မေးပေအံ့။ ဤငါးပါးသော ရုပ်နာမ် ခန္ဓာအစုအဝေးကို "ငါ၏ကိုယ်" ဟူ၍ပင် အသင်အယူရှိလေသလော။

ဖြေ။ အို အရှင်ဂေါတမ၊ ဤခန္ဓာငါးပါးအစုအဝေးကို ငါ၏ကိုယ်ဟူ၍ ကျွန်ုပ်တဦးတည်းကသာ အယူရှိသည်မဟုတ်။ ဤပရိသတ်လေးပါးကလည်း "ငါ၏ကိုယ်" ဟူ၍ပင် မှတ်ထင်ကြကုန်သည် အရှင်ဂေါတမ။

မေး။ အာချင်းသစ္စာက၊ သင့်ကို ငါမေးနေခြင်းဖြစ်သည်။ သူတပါးအပေါ်သို့ လှုံ့ပုံ့၍ မချလေလင့်။ သင်၏ အယူအဆကိုသာ ငါ့အား ထင်စွာပြ၍ ဖြလော့။

(သစ္စာကသည် အတန်ကြာ တွေဝေနေပြီးမှ)

ဖြ။ အို အရှင်ဂေါတမ၊ ကျွန်ုပ်သည်လည်း ဤရှာ်၊ ဤနာမ်၊ ဤခန္ဓာကောင်ကို "ငါ၏ကိုယ်" ဟူ၍ငင် အယူရှိပါ၏။

မေး။ အာချင်းသစ္စာက၊ ယင်းသို့တပြီးကား ဤခန္ဓာငါးပါး အစုအဝေးကို "ငါ၏ကိုယ်" ပင်ဟု အသင်ဝန်ခံခဲ့သော် တဖန် သင့်ကို ငါမေးရဦးအံ့။ ဖြလော့ သစ္စာ။ တိုင်းပြည်တခု၌ အကြင်ပြည့်ရှင်မင်းသည် ရှိလေရာ၏။ ထိုပြည့်ရှင်မင်းသည် မိမိနိုင်ငံတွင်းဆိုး သူမ်းသောင်းကျန်းနေသူတို့ကို အပြစ်အား လျော်စွာ တိုက်ခိုက်နှိမ်နင်း ဆုံမခြင်းငှာငင်း၊ ချီးမြှောက်ထိုက်သူ လူကောင်းသူကောင်းတို့အား အထိုက်အလျောက် သူကောင်းပြု ချီးမြှောက်ခြင်းငှာငင်း အချုပ်အခြာ အာဏာကို အစိုးတရ ရှိသည် မဟုတ်ပါလော့။

ဖြ။ မှန်၏၊ အရှင်ဂေါတမ။

မေး။ အာချင်းသစ္စာက၊ သင့်ကိုယ်ကို သင်ပိုင်သည်ဟုဆိုခဲ့သော် သင့်သြဇာကို နာခံ၍ သင်စိမံရာကို လိုက်နာရန်ပမည်ဖြစ်ရာ သင့်ကိုယ်သည် သင့်အလိုသို့ ပါမပါ၊ သင်၏သြဇာကို နာခံ၏ မနာခံ၏ကို သင် ခိုင်းစေ၍ ကြည့်ပါဘိ။ ငါ့ရုပ် ငါ့ကိုယ်သည် မတင့်တယ်သောဒေါသဖြင့် ငါ မဖြစ်လို၊ ကြည်ညိုနှစ်သက်စဖွယ် တင့်တယ်လှပ ရှကြည့်၍မဝသည်သာ ဖြစ်စေဟူ၍ငင်း၊ ဆံဖြူ၊ သွားကြဲ၊ ဒူသားအရေ တွန့်လိပ်သည်ကို ငါ မလိုလား။

ဆယ့်ခြောက်နှစ် သားအရွယ် တင့်တယ်သည် ဖြစ်စေသော ဟူ၍ဂုဏ်း၊ သင့်ရုပ် သင့်ကိုယ်သည် သင့်အလိုသို့ ပါ၍ သင် စေခိုင်းတိုင်း ရပါမည်လော့။ သင် အစိုးရပါသဖြလော့။

ဤသို့ ဗုဒ္ဓက ပုစ္ဆာထုတ်လိုက်သောအခါ ဘစ္စကမှာ မဖြေတတ်အောင် အကြပ်ရိုက်သွား၏။ ဣကယ်၍ ငါ၏ကိုယ်သည် ငါ့အလိုသို့ လိုက်၏။ ငါ အစိုးရ၏ဟု ဖြေလိုက်ခဲ့သော် ဝေသာလီ မင်းသားတို့က ထ၍ "ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ လှုပအောင်၊ တင့်တယ်အောင် ဖြစ်ပါစေလော့။" ဟု ငါ့ကို ဝိုင်း၍ ခိုင်းကြလျှင် ခက်ခဲမှ်မည်။ "ငါ့အလိုသို့မပါ၊ ငါခိုင်းရာကိုမနာခံ၊ ငါစိမံသလို မဖြစ်ပါ" ဟူ၍ ဖြေလိုက်ခဲ့သော် အရှင်ဂေါဘမ၏ အနတ္တဟူသော စကားသည် ဆိုပိုင်၍ ငါ့ကို အရှင်ဂေါတမက နှိုင်ဘိလေရာ သည်ဟု စဉ်းစားကာ ရွှေကိုးထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ဆိုသကဲ့သို့ မလှုပ်သာမလှုည့်သာ ဖြစ်နေ၏။

သို့ကြောင့်ပင် သစ္စကသည် လူပုံအလယ်၌ ဝန်ခံခြင်းလည်း မပြု၊ ငြင်းဆန်ခြင်းလည်း မပြုလေဘဲ မတုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ငုတ်တုတ်ထိုင်လျက် မိုင်တွေတွေနှင့်သာ နေလေသည်။ ထိုအခါ မြတ်စွာဘုရားက—

မေ။ အချင်းသစ္စက၊ ဤဝါဒကို သင် ခချဆိုလော့။ ငါမေးအပဲသည်ကို သင်ဖြေလော့ဟု နှုတ်ကြိမ်းမြောက် တိုက်တွန်း တော်မူသော်လည်း သစ္စကမှာ မိုမိအမှားကို ဝန်မခံလိုသဖြင့် ငေးမြဲသာ ငေးငိုင်၍နေ၏။ ထိုအခါ ကြောက်မက်ဖွယ်သော ဘီလူးကြီးတဦးသည် သစ္စက၏ အနားဌာ ဘွားကနဲပေါ်လာပြီး သစ္စကဦးခေါင်းကို ရိုက်ခဲ့ရန် သံဘင်းပုတ်ကြီးဖြင့် ချိန်ရွယ်ထားကာ—

"ဟယ် သစ္စကာ၊ ငါးတော်မူသည်ကို မဖြေလေဘဲ ဗုဒ္ဓအား အဘယ်ကြောင့် မထေမဲ့ပြု၍ နေဘိသနည်း။ သင် ဖြေဆိုခြင်း မပြုလော သင့်ဦးခေါင်းကို အစိတ်စိတ်အမှာမှာကွဲအောင် ငါ ရိုက်ခဲလိုက်အံ့။"

သစ္စကကား လျှောက်ချည်း ကျန်ငါစေ၊ အလံမလဲ ဆိုဘိသကဲ့သို့ မာန်မာနကို မချလို၊ အရှုံးမပေးလို။ လက်မြောက် အရှုံးပေး လိုက်ရသည်ဟူသော စကား သူဘဝ အဘိဓာန်ရှုကွက်၌ အမဲစက် အစွန်းအထင်း မခံလိုသောကြောင့် တုတ်ဘာဝဝ ဆိတ်ဆိတ် နေလိုက်ခြင်းဖြင့် ကြုံကြုံခံနေသော်လည်း မရဘော့ခေ။ ဖြေဆိုခြင်း မပြုချေက၊ မိမိခေါင်းပေါ်သို့ မိုးထားသော တင်းပုတ်ကြီးက မိမိခေါင်းကို ရိုက်ခဲပစ်မည့်အရေး သေချာမည့်ဒဏ်ကို ကြောက်ရ ကား လက်မြောက်၍ ဗုဒ္ဓအား ရှိခိုးကာ-

ဖြေ။ အရှင်ဂေါတမ၊ အကျွန်ုပ် မှားခြင်းကြီးမက မှားမိ ပါပြီ။ ကျွန်ုပ်၏ကိုယ်ကို ကျွန်ုပ်မပိုင်ပါ၊ ကျွန်ုပ်အလိုသို့မပါ၊ ကျွန်ုပ်စေခိုင်းကို မလိုက်နာပါ၊ ခပ်သိမ်းကုန်သော ရုပ်ဝတ္ထု၊ နာမ် အစုစုတို့ကား ဘနိစ္စနှင့် အနတ္တချည်းသာလျှင် ဖြစ်ပါ ကုန်သည်။ အရှင်ဂေါတမ၏ ဝါဒသည်သာ မှန်ကန်သော ဝါဒ ဖြစ်ပါ၍ ယင်းဝါဒကို ကျွန်ုပ် သက်ဝင်ယုံကြည်လျက် အရှင် ဂေါတမအား ကျွန်ုပ် အသက်ထက်ဆုံး ဆရာအဖြစ် ကိုးကွယ် ပါတော့အံ့၊ ဆည်းကပ်ပါတော့အံ့ ဟူ၍ ဗုဒ္ဓထံ ဝန်ခံပြီးလျှင် မိမိ၏ ဝါဒများကိုစွန့်ကာ ဗုဒ္ဓကို ကိုးကွယ် ဆည်းကပ်ခြင်း ပြုလေ၏။

(မဇ္ဈိမနိကာယ်၊ မဟာသစ္စက၊ စူဠသစ္စကသုတ်မှ)

မိတ်ဆွေဖွဲ့ခြင်း

ပြဿနာ=ယုတ်၊ လွတ်၊ မြတ်။

မေးလျှောက်သူ=အနာထပိဏ်သူဌေး။

အကယ်၍ ဗုဒ္ဓဝင်ကို အပြည့်အစုံ ရုပ်ရှင် ရိုက်ကူး၍ ပြခဲ့သော် အနာထပိဏ်သူဌေးသည် ကဏ္ဍတခုတွင် ဗုဒ္ဓနှင့်ပူးတွဲ၍ ပါလာရမည်မှာ သေချာ၏။

အဘယ့်ကြောင့်ဆိုသော် ဂေါတမရှင်တော်ဘုရားလက်ထက်တော်၌ အကျော်ဇောယျ ပုဂ္ဂိုလ်ကြီးများအနက်-

(၁) ရဟန်းပိုင်းမှဆိုလျှင်- အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ၊ အရှင် မောဂ္ဂလာန်၊ အရှင် သီဝလီ၊ အရှင်ဥပါလီတို့သည် ထင်ရှားကုန်၏။

(၂) မင်းပိုင်းမှဆိုလျှင်- ပဿေနဒီကောသလမင်း၊ ဗိမ္ဗိသာရမင်း၊ သာကီဝင်မင်းတို့ သည် အထူး ထင်ပေါ်ကုန်၏။

(၃) သူဌေးပိုင်းမှဆိုလျှင်- အနာထပိဏ်သူဌေး၊ ဇောတိက၊ စဋ်လ၊ ခုနဥ္ဇ တို့သည်အကျော် အမော် သူဌေးကြီးများ ဖြစ်သောကြောင့်ပေတည်း။

ဗုဒ္ဓလက်ထက်တော်က ထိုသူဌေးကြီးများတွင်လည်း အနာထပိဏ်သူဌေးကား ဟိုးဓလေး တကျော် ဖြစ်လေသည်။ သူ၏ကျော်ခြင်းကား အခြား သူဌေးများ ကျော်နည်းကားနှင့်မတူ။ ဗုဒ္ဓမြတ်ဘုရားနှင့် ဆရာရင်း ဒကာရင်း လက်ပွန်းတတီး ရင်းနှီးသောကြောင့် တကြောင်း၊ ၎င်းပြင် အသပြာငွေပေါင်း ၄၅-ကုဋေ အကုန် အကျ ခံ၍ ဇေတဝန် ကျောင်းတော် ကြီးကို ဆောက်လုပ်လျက် လှူဒါန်းလေသဖြင့် ကျောင်းဒကာကြီး တဦး အနေဖြင့် တကြောင်း အထူးကျော်ကြားခြင်း ဖြစ်လေသည်။

ထိုထက်ထင်ရှားသော အကြောင်း တခု ရှိသေး၏။ ယင်း အကြောင်းသည်ကား သူလို ဆောမ သူဌေးကြီးတဦးအဖို့ အဆမတန် ထူးခြား စေသော အပေါင်း အသင်း ကောင်းခြင်း အကြောင်းရင်းတရပ် ဖြစ်သတည်း။

အနာထပိဏ်၊ ဤမည်သော သူ၏ အမည် နာမကပင် သူ့ဘဝကို ဖော်ပြနေပေ၏။ ဖွှဲ့၍ မိဖွှဲ့၊ လှူ၍ မိလှူ၊ ကောင်း၍ ဖိုးခေါင်း အမည်နာမ မှည့်ခေါ်ကြသကဲ့သို့တည်း။

သူ့အမည်နာမနှင့် သူ့ဘဝ အဘယ်သို့ ဧပ်ဟပ်လေသနည်း ဆိုသော် သူ၏ အနာထပိဏ်ဟူသော အမည်နာမကို သရုပ် ခွဲချလိုက်သောအခါ = အ + နာထ + ပိဏ္ဍိက + ဖြစ်သော ဟူ၏။

အ = မ၊ မရှိ၊ မဟုတ်၊ မမှန် စသည်၊

နာထ = ကိုးကွယ်ရာ၊ အားထားမှီခိုရာ၊

ပိဏ္ဍိက = ထမင်းခဲ၊ ရွှေငွေ၊ အဝတ်း အခဲ။

နာထ=ကိုးကွယ်အားထားရာဟူသော အနက်ကို အသဒ္ဒါနှင့် ပေါင်းလိုက်သောအခါ အနာထ ဖြစ်လာသည်။ယင်း၏ အနက်ကား အားထားရာမဲ့၊ ကိုးကွယ်ရာမဲ့၊ စားရမဲ့၊ သောက်ရမဲ့ ဖြစ်နေသောသူများဟူသော အဓိပ္ပာယ်ကို ဆောင်၏။

ပိဏ္ဍိကမှ ပိဏ်ဟူ၍ ဖြစ်လာ၏။ ယင်း၏အနက်ကား အစိုင် အခဲဖြစ်သော ထမင်းခဲ၊ ရွှေခဲ ငွေခဲ စသည်တို့ကို ကောက်ယူ နိုင်ပေသည်။ယင်း အ၊ နာထ၊ ပိဏ္ဍိကဟူသော စကားသုံးလုံးကို စုရုံး တွဲစပ်ရာမှ **အနာထပိဏ်** ဖြစ်လာသော စကားလုံး၏ အဓိပ္ပာယ်မှာ ကိုးကွယ် အားထားရာ မဲ့နေသော မရှိနွမ်းပါး ဆင်းရဲသားများအား ထမင်းခဲ၊ ရွှေခဲ ငွေခဲ စသည်ကို ပေးကမ်း စွန့်ကြဲလေ့ရှိသော သူဌေးဟု ဆိုလိုသည်။

အနာထပိဏ်သူဌေးသည် ဆိုခဲ့သောအတိုင်း သူ၏ အမည် နာမနှင့်လိုက်အောင် ဆင်းရဲသား များအား သနား တတ်သူ ဖြစ်သည့်အားလျော်စွာ အမြဲတစေ ရွှေဘန်းလျင်ရွှေ၊ငွေတန်လျင် ငွေ၊ စပါးဆန်ရေ အစားအစာတန်လျင် အစားအစာ၊အဝတ် တန်လျင် အဝတ်အထည် ပေးကမ်းလေ့ရှိသောကြောင့် သူအား ဆင်းရဲသား များက ဝိုင်း၍ ချစ်ခင်ကြ၊ မြတ်နိုးကြ၊ ရှိသေ လေးစားကြသည်။

ဤသို့အားဖြင့် အနာထပိဏ်ကား ငါသူဌေးဟူသော မာန် မာန ငင့်ဝါခြင်းမရှိ။ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ ဆင်းရဲ ချမ်းသာ မရွေး ရောနှော ပေါင်းသင်းလေ့ ရှိ၏။ ဆင်းရဲသား များနှင့် ချစ်ကျမ်းတဝင် ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်မှု များ သောကြောင့် ဆင်းရဲသားနှင့် သူဌေး ရွှေးမရအောင်ပင် ဖြစ် သည်။

အနာထပိဏ်သူဌေးသည် ဘဝကို ပုံစံမှန်မှန်၊ သဘာဝကျကျ တွက်တတ်သူလည်း ဖြစ်သည်။ သူဘဝတွင် လူတန်းစား ခွဲခြားမှုမရှိ။ အဆင့်အတန်းချင်းမတူ ဟူ၍ လူတန်းစား ခွဲခြားမှုကို မလိုလား။ မျှားစွာ စက်ဆုပ်ရွံမုန်းသူ ဖြစ်လေသည်။

ထို့ကြောင့်ပင် အနာထပိဏ်သည် ပေါင်းသင်း ဆက်ဆံရေး၌ ဒေယျတ်၊ အလတ်၊ အမြင့်မခွဲး အားလုံးနှင့် သင့်တင့်ရောနှော ဆက်ဆံမှုဖြင့် ဘဝ သဘာမှုကို ရှာကြံ၍ နေသူ ဖြစ်သည်။

ဤသို့ ဆင်းရဲချမ်းသာမခွဲး အပေါင်းအသင်းဝင်ဆံ့သည်ကို အခြားသူဌေးများနှင့် သူ၏ ဆွေမျိုး လူဂုဏ်ထံ အထက်လွှာ အသိုင်းအဝိုင်းက ဆင်းရဲသားများနှင့် ဖက်လဲဘကင်း ရောရော နှောနှော ဆက်ဆံမှု ပြုခြင်းသည် မိမိတို့၏ ဂုဏ် သိက္ခာကိုပါ ထိခိုက်စေပါသည်ဟူ၍ အနာထပိဏ်အား ကိုသို့ ဆက်ဆံခြင်း မပြုရန် ဟန့်တားပိတ်ပင်ကြလေသည်။

သို့သော် အနာထပိဏ် သူဌေးက တွက်ဆ သည်ကား ဆင်းရဲသား အလုပ်သမားများ ရှိသောကြောင့်သာ အလုပ် တွင်ကျယ်သည်။ အလုပ် တွင်ကျယ်သည်ကို အကြောင်းပြု၍ ဒိုမှာ စီးပွား ဥစ္စာ တိုးတက်သည်။ တဖန် ဒိုက အလုပ်ပေး နိုင်သောကြောင့် ဆင်းရဲသားများ အလုပ်အကိုင် ရှိပြီး ထိုက်သင့်သော လုပ်ခကို ရကြသည်။ ရသောကြောင့်လည်း သူတို့ ဘဝ စားဝတ်နေမှု ဖူလုံကြသည်။ အလုပ်ရှင်နှင့် အလုပ်သမား သည် စင်စစ်ကျေးဇူးခံ ကျေးဇူးစား၊ တအိတ်ထဲရှေ၊ တလုံထဲစီး၊ တခရီးထဲသွား၊ ခွဲခြားခြင်း မပြုထိုက်ဟု ယူဆကာ တားမြစ်

ကာန့်ကွက်သူတို့၏ စကားကို ပယ်လျက် ဆင်းရဲသားများနှင့် ပေါင်းမြဲပင် ပေါင်းသင်းနေလေ၏။

သို့သော် အနာထပိဏ် သူဌေးသည် ထိုပြဿနာ အတွက် မတင်မကျ၊ ဘဝင်မရှင်းဘဲ ဖြစ်နေ၏။ သူဌေးဖြစ်သောကြောင့် ဆင်းရဲသား လူတန်းစားနှင့် အပေါင်းအသင်း မပြုရတော့ပြီလော့။ ဤအတွေးက သူ့ဦးနှောက်ကို အချိန်ရသရွေ့ ဖောက်ဖောက် နေသောကြောင့် တနေ့သော အခါတွင် သူသည် ဇေတဝန်ကျောင်းတော်သို့ သံဃာလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားအား ဤသို့ လျှောက်ထား မေးမြန်းခြင်း ပြုလေတော့သည်။

မေး။ ဘုန်းတော် ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်သည် ဆင်းရဲ ချမ်းသာမရွေး အညီအမျှ ပေါင်းသင်း ဆက်ဆံခြင်းပြုသည်ကို အချို့တို့က မလိုလားကြပါ၊ မနှစ်သက်ကြပါ။ အဆင့်အတန်းချင်း မတူသူနှင့် ပေါင်းသင်းရမည်လား ဟူ၍ အပြစ်တင်လာကြရုံမက ထိုသို့ သူဌေးနှင့် ဆင်းရဲသား တန်းတူထား၍ ပေါင်းသင်းခြင်း မပြုရန်ကိုပင် ပိတ်ပင်တားမြစ်ကြပါကုန်သည်။ သူဌေးဖြစ်သဖြင့် လူကို အဆင့်အတန်း ခွဲခြား၍ ပေါင်းအပ်ပါသလား၊ သို့မဟုတ် အဆင့်အတန်း မခွဲခြားဘဲ ပေါင်းသင်းအပ်ပါသလား ဘုရား။

ဖြေ။ အို-အနာထပိဏ်၊ အံ့ပေါင်းအသင်း ဘဆွခင်ပွန်းမည်သည် ငယ်၏မဟူ၊ နိမ့်ကျ၏မဟူ ဖွဲ့အပ်၏။ ပေါင်းသင်းထိုက်၏။ အဆွခင်ပွန်း ဖွဲ့ကြရာ၌ မိတ်ဝတ်ဆွဝတ် မပျက်ရအောင် စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်သော အဖြစ်သည်သာလျှင် ပဓာနဖြစ်၏။ အဆွခင်ပွန်းမည်သည်ကို ကိုယ်နှင့် တန်းတူ

ဖြစ်စေ၊ကိုယ့်အောက် ယုတ်နိမ့်သည်ဖြစ်စေ၊ ကိုယ့်ထက်မြတ်သည် ဖြစ်စေ ဖွဲ့အပ်၏။

အယုတ်၊ အလတ်၊ အမြတ် ဖြစ်ကုန်သော ထိုအဆဲ့ ခင်ပွန်း တို့သည်လည်း မိုက်ဆွကောင်းတို့ပြုကျင့်ရာသော ကျင့်ဝတ်ကို မချုတ်မယွင်းအောင် စောင့်ရှောက်ပေးကြကုန်သည်သာတည်းဟု မိန့်တော်မူပြီးလျှင် ယုတ်၊ လတ်၊ မြတ် မရွေး မိတ်ဖဲ့သင့်ပုံကို ထင်ရှားစေခြင်းငှာ ကုသနာဠိဇာတ်ကို ဆက်၍ ဟောတော်မူသည်။ ထိုဇာတ်၌ မိတ်ဖဲ့သင့်ပုံကို ရဂ္ဂစိုးနတ်က ဤသို့ ဆိုပေသည်။

"အို-နတ်မင်းအပေါင်းတို့၊ကိုယ်နှင့်တန်းတူဖြစ်သောသူသည် လည်း အဆွေခင်ပွန်းတို့၏ ကျင့်ဝတ်တရားကို ပြုရာ၏။ ကိုယ့် ထက် မြတ် သော သူ သည် ၎င်း၊ ကိုယ့် အောက် ယုတ် သော သူသည်၎င်း အဆွေခင်ပွန်းတို့၏ ကျင့်ဝတ်ဘရားကို ပြုရာ၏။ အယုတ်၊အလတ်၊အမြတ် မရွေး ထိုအဆွေခင်ပွန်းတို့သည် မိမိ အဆွေခင်ပွန်းအား ဘေးတွဲလတ်သော် မြတ်သောအကျိုးကို ပြုကုန်ရာ၏။ ထို့ကြောင့် ရုစာမည်သော၊ မင်္ဂလာ သစ်ပင်၌ ဖြစ်သော၊ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ငါရဂ္ဂစိုးနတ်သည်လည်းကောင်း၊ ဘုန်းတန်ခိုး သေးသိမ်သော သမန်းဖုတ်ကျရုံ၌ ဖြစ်သော နတ်သည်လည်းကောင်း၊ ထိုအကျန်ပ်တို့ နှစ်ဦ သည် အဆင့်အတန်း မခွဲခြား ပေါင်းသင်း မိတ်ဖဲ့ခြင်း ပြုသကဲ့သို့ ထို့အတူ ဆင်းရဲဘေးမှ လွတ်မြောက်လိုသူ တို့သည်လည်း ကိုယ်နှင့် တန်းတူကိုဖြစ်စေ၊ ကိုယ့်အောက်ကျသူကို ဖြစ်စေ၊ ကိုယ့်ထက် မြတ်သူကိုဖြစ်စေ မိတ်ဖဲ့ခြင်းကို ပြုအပ်၏။

(ကေနိပါတ်၊ ကုသနာဠိဇာတ်)

ဝိညာဉ်စိတ်

ပြဿနာ = သာတိရဟန်း။

မေးလျှောက်သူ = ရဟန်းအများ။

ဝါဒစဲ့ကား ဘိန်းစဲ့သည်ထက် ဆိုး၏။ ဘိန်းစဲ့ကို အစဲ့ကျတ် အောင်ချုတ်၍ ရချင်ရပေမည်။ ဝါဒစဲ့ကိုကား ချုတ်ဖို့မလွယ်လှ။ မိမိဝါဒစဲ့ကို လက်မလွတ်ဘဲ "နွားကုင်လက်ကိုင်" ဆုပ်ကိုင် ထားတတ်သည်။ ကျားပိန်တွယ် တွယ်ကပ်ထားတတ်သည်။

ဘုရားသခင် လက်ထက်တော်က ဖြစ်၏။ တံငါသည်သား သာတိ အမည်ရှိသော ရဟန်းတပါးသည် တယူသန် ဝါဒစဲ့ စွဲနေသူဖြစ်၏။

"ဘုံဘဝတခွင်၌ ကျင်လည်နေသည်မှာ ဤစိတ်၊ ဤဝိညာဉ် သာ ဖြစ်သည်။ ဤဝိညာဉ်၊ ဤစိတ်မှတပါး အခြားမရှိ။ဤသို့ ဘုရားဟောချက်ကို ငါသိ၏"

သာတိရဟန်းသည် အထက်ပါ စကားကို ဘုရားမဟော ပါဘဲလျက် ဘုရားဟောလေဟန်ဖြင့် တယူသန် ကိုယ်ထင်ရာ စွဲနေရုံသာမက အခြားသူများအား လည်း ဝါဒဖြန့်နေ၏။

မှားယွင်းနေသော ထိုအစဲ့ကို ကျတ်အောင် ရဟန်းတို့က ဆိုပြောနားချ၍ ချုတ်ကုန်သော်လည်း မရ။ သူအစဲ့ကို မစွန့်

လေ။ ခွတ်၍မရသည့် အဆုံးဌ် သံဃာတော်မျှားမှ တဆင့် ထိုပြဿနာသည် ဘုရားသခင် ရှေ့မှောက်သို့ ရောက်သွားလေသည်။ ထိုအခါ သာတိရဟန်းကိုခေါ်၍ ဗုဒ္ဓက စစ်မေးတော်မူလေ၏။

မေး။ အို-သာတိ၊ ဤစိတ်၊ဤဝိညာဉ်သည်သာ ဘုံဘဝဌ် ပြေးသွားကျင်လည်လေ၏။ အခြားမရှိ။ဤသို့ ငါဟောသည်ကို သင်သိရသော ဟူသည် မှန်သလော။

ဖြေ။ အရှင်ဘုရား၊ ဤစိတ်၊ ဤဝိညာဉ်သည်ပင် ထိုထို ဘုံဘဝသို့ ပြေးသွားကျင်လည်၏။ အခြားတပါးမဟုတ်။ ဤသို့ပင် ဘုရားဟောသည်ကို တပည့်တော် သိမှတ်ရပါသည်။

ဘုရားက မေးသည်ကိုပင် သာတိရဟန်းကား မိမိဝါဒစွဲကို လက်မလွှတ်ဘဲ သည်အတိုင်းပင် ဝံ့ခဲစွာ ပြန်လျှောက်လို့က်၏။ ထို့ကြောင့် ဗုဒ္ဓက သာတိအား ထပ်ဆင့်၍ ပုစ္ဆာထုတ်တော်မူရပြန်ပြီ။

မေး။ အို-မင်္ဂလိကင်းကွာ၊ ဘာဝနာမမှီး အချည်းနှီးသောရဟန်း၊အဘယ်အရာကို စိတ်၊ဝိညာဉ်ဟု သင်ဆိုလိုသနည်း။

ဖြေ။ အရှင်ဘုရား၊ စွဲယူတတ်၊ စွဲယူအပ်၍ သို့မဟုတ် ခံစားတတ်၊ ခံစားအပ်၍ ထို့ထိုဘုံဘဝဌ် ကောင်းမှု၊ ဆိုးမှု၊ အကျိုးစုကို ခံစားသောစိတ်သည် ဝိညာဉ်ဖြစ်ပါသည်။

မေး။ အို-အချည်းနှီးသောရဟန်း၊မည်သူအား ငါဤသို့ ဟောသနည်းကို သင် ကြားသိရသနည်း။အို-အချည်းနှီးသောရဟန်း၊ "စိတ်၊ ဝိညာဉ်သည် အကြောင်းပေါင်းများစွာဖြင့် စွဲမှီ၍ ဖြစ်သည်။အကြောင်းမဲ့ဝိညာဉ် ဖြစ်ခြင်းမဟုတ်" ဟုသာ ငါ ဟောသနည်း မဟုတ်ပါလော့။

အို အချည်းနှီးရဟန်း၊ထိုသို့ဖြစ်ပါလျက် သင်သည် မိမိကိုယ်တိုင် ဆိုးဆိုးဝါးဝါး စွဲမှားယူမှား၊ အထင်မှား အမြင်မှားဖြစ်၍ ငါတို့ကို စွပ်စွဲဘိခြေသည်။ မိမိကိုယ်တိုင်လည်း သံသရာခြောက်တွင်း၌ ကျဆင်းရန် တူးဘိခြသည်။ အများသူပေါင်းလူအသောင်းတို့၏ မကောင်းဆိုးဝါးမှု များစွာကိုလည်း ဆည်းပူး ပွားများစေဘိခြသည်။

အိုအချည်းနှီးသောရဟန်း၊ သင်၏ ထိုအယူအစွဲကား သင့်ကိုယ်တိုင် ရှည်မြင့်စွာ အကျိုးနဲရန်၊ ဆင်းရဲရန် ဖြစ်လတ္တံဟု မိန့်တော်မူပြီးလျှင် ရဟန်းတို့အား ဓမ္မဒတာမူသည်မှာ—

မေး။ အို ရဟန်းတို့၊ ဤသာတိသည် ဤအဆုံးအမတရား၌ ပူဆွေးအောင် အားထုတ်သူ၊လုပ်ကိုင်သူဖြစ်ပါ၏လော။

ဖြေ။ အဘယ်မှာ အားထုတ်ပါမည်နည်းဘုရား။ သူသည် ပူဆွေးအောင်မျှပင် ဤသြဝါဒ၌ အားထုတ်သူမဟုတ်ပါဘုရား။

ဤသို့ ရဟန်းများက ဝိုင်း၍ လျှောက်ထားကြကုန်လေသော် ဘိက္ခုသာတိသည် မည်သို့မျှ မလှုပ်တော့ဘဲ ခေါင်းငိုက်စိုက်ချ၍ မျိုင်ကျသွားလေ၏။ ထိုအခါ မြတ်စွာဘုရားက—

မေး။ အိုအချည်းနှီးယောရဟန်း၊သင်သည် မိမိ၏ဆိုးဝါးလှစွာသော အယူအစွဲဖြင့် ထင်ရှားလတ္တံဟု မိန့်တော် မူကာ တဖန် ရဟန်းတို့အား မေးတော်မူပြန်လေ၏။

"အို ရဟန်းတို့၊ သင်တို့သည်လည်း ဤသာတိကဲ့သို့သော အယူအစွဲ ရှိကြကုန်သလော့"

ဖြေ။ မရှိပါကုန်ဘုရားဟု ဖြေကြသဖြင့် ဘုရားမြတ်စွာသည် ဝိညာဉ်အကြောင်းကိုရဟန်းတို့အား ဟောညွှန်တော်မူလေသည်ကား—

"အို ရဟန်းတို့၊ ဒိညာဉ်သည် အကြောင်းပေါင်း မြောက်များစွာကို စဲ၍ ဖြစ်၏။ အကြောင်းမရှိလတဲ့ ဝိညာဉ်သည် မဖြစ်။

"အို ရဟန်းတို့၊ ဝိညာဉ်သည် မည်သည့်အရာကိုပင် စဲ၍ ဖြစ်သည်ဖြစ်စေ၊ ဝိညာဉ်ဟူ၍ပင် ခေါ်ပေ၏။

(၁) မျက်စိဖြင့် အာဆင်းကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် မျက်စိအာသိစိတ်၊မျက်စိဝိညာဉ်ခေါ်၏။

(၂) နှားဖြင့် အသံကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် နှားအာသိစိတ်၊နှားဝိညာဉ်ခေါ်၏။

(၃) နှာခေါင်းဖြင့် အနံ့ကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် နှာခေါင်းအာသိစိတ်၊နှာခေါင်းဝိညာဉ်ခေါ်၏။

(၄) လျာဖြင့် အရသာကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် လျာအာသိစိတ်၊ လျာဝိညာဉ်ခေါ်၏။

(၅) ကိုယ်ဖြင့် အထိအတွေ့ကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် ကိုယ်အာသိဒ်စိတ်၊ကိုယ်ဝိညာဉ်ခေါ်၏။

(၆) စိတ်ဖြင့် အာရုံကိုစဲ၍ ဝိညာဉ်စိတ် ဖြစ်ခဲ့သော် စိတ်အာသိဒ်စိတ်၊ စိတ်ဝိညာဉ်ခေါ်၏။

အို ရဟန်းတို့၊ ဤဥမာအားဖြင့် ထိုထိုအကြောင်းကိုစဲ၍ ဖြစ်သောမီးကို မီးဟုပင် ခေါ်၏။ ထင်းကိုစဲ၍ ဖြစ်ခဲ့သော် ထင်းမီး၊ ဝါးခြမ်းကိုစဲ၍ ဖြစ်ခဲ့သော် ဝါးခြမ်းမီး၊ ဖဲ့ကိုစဲ၍ ဖြစ်ခဲ့သော်ဖဲ့မီး၊ အမှိုက်ကိုစဲ၍ဖြစ်ခဲ့သော် အမှိုက်မီး စသည် ခေါ်ဝေါ်ရသကဲ့သို့တည်း။

မေး။ ရဟန်းတို့၊ ဝိညာဉ်၏ ထင်ရှားစွာဖြစ်ပေါ်ခြင်းကို သင်တို့ မြင်ကြကုန်၏လော့။

ဖြေ။ မြင်ပါကုန်၏ဘုရား။

မေး။ ယင်း၏ဖြစ်ကြောင်းကို မြင်ကြကုန်၏လော့။

ဖြေ။ မြင်ပါကုန်၏ဘုရား။

မေး။ ဝိညာဉ်၏အကြောင်း ချုပ်ခဲ့သော် အကျိုးဝိညာဉ် ချုပ်ခြင်းသဘောကို မြင်ကြကုန်၏လော့။

ဖြေ။ မြင်ကြပါကုန်၏ဘုရား။

မေး။ အို ရဟန်းတို့၊ "ဝိညာဉ်ထင်ရှား ဖြစ်လေသလော့" ဟု အလို့လို့ရှိသူမှာ ယုံမှားဖြစ်သည် မဟုတ်လော့။

ဖြေ။ ဖြစ်ပါသည်ဘုရား။

မေး။ ဝိညာဉ်သည်အကြောင်းကြောင့် ဖြစ်လေသလောဟု အလို့လို့ရှိသူမှာ ယုံမှားဖြစ်သည်မဟုတ်လော့။

ဖြေ။ ဖြစ်ပါသည်ဘုရား။

မေး။ အကြောင်းချုပ်သော် အကျိုးဝိညာဉ်ချုပ်သလော့ ဟု အာ့လို့လို့ရှိသူမှာ ယုံမှားသံသယဖြစ်သည် မဟုတ်ပါလော့။

ဖြေ။ ဖြစ်ပါသည်ဘုရား။

မေး။ ရဟန်းတို့၊ ဝိညာဉ်ထင်ရှား ဖြစ်ပေါ်သည်ဟု ဟုတ်တိုင်းမှန်စွာ မှန်စွာသောဉာဏ်အမြင်ဖြင့် ဆင်ခြင်၍ကြည့်သူမှာ ယုံမှားကင်းသည် မဟုတ်ပါလော့။

ဖြေ။ ကင်းပါသည်ဘုရား။

မေး။ ဝိညာဉ်သည် အကြောင်းကြောင့် ဖြစ်သည်ဟု ဟုတ်တိုင်းမှန်စွာသောဉာဏ်ဖြင့် ဆင်ခြင်ကြည့်သူမှာ ယုံမှားကင်းသည် မဟုတ်ပါလော့။

ဖြေ။ ကင်းပါသည်ဘုရား။

မေး။ ဝိညာဉ်၏ အကြောင်းချုပ်သော် အကျိုးဝိညာဉ် ချုပ်၏ဟု ဟုတ်တိုင်းမှန်စွာ မှန်စွာသော ဉာဏ်ဖြင့် ဆင်ခြင်ကြည့်သူမှာ ယုံမှားကင်းသည် မဟုတ်ပါလော့။

ဖြေ။ ကင်းပါသည်ဘုရား။

မေး။ ရဟန်းတို့၊ ဤဝိညာဉ်ထင်ရှား ဖြစ်သည်ကိုလည်း၊ ၎င်း၏ဖြစ်ကြောင်းကိုလည်း၊ ၎င်း၏ချုပ်ငြိမ်းခြင်းကိုလည်း သင်တို့ ယုံမှားကင်းကြကုန်၏လော့။

ဖြေ။ ကင်းပါကုန်၏ဘုရား။

မေး။ ဟုတ်တိုင်းမှန်စွာ မှန်စွာသောဉာဏ်ဖြင့် ဆင်ခြင်ကြ၊ ထင်မြင်ကြကုန်၏လော့။

ဖြေ။ ထင်မြင်ကြပါကုန်၏ဘုရား။

မေး။ အို ရဟန်းတို့၊ဤသို့အားဖြင့် သန့်ရှင်းဖြူစင်လှသော ဤအယူအစဉ်ကို ကပ်ငြိတွယ်တာကြကုန်၊ ခင်မင်ကြကုန်လေအံ့။ ရဟန်းဟို့ယင်းသို့ကပ်ငြိဘွယ်တာကုန်၊ ခင်မင်ကုန်သည် ရှိလေသော် "ဤတရားသည် ထွက်မြောက်ရန်သာ စဉ်ယူရန်မဟုတ်" ဟု ဟောညွှန်ချက် ဖောင်ဥပမာတရားတော်ကို နားလည်ကြပါကုန်အံ့လော။

ဖြေ။ နားလည်သူ မဖြစ်နိုင်ပါဘုရား။

မေး။ ထို့ကဲ့သို့ ကပ်ငြိဘွယ်တာခြင်း၊ ခင်မင်မြတ်နိုးခြင်း မရှိခဲ့အံ့၊ သို့ဖြစ်ခဲ့သော် သာဥပမာတရားတော်ကို နားလည်သူ ဖြစ်ကုန်အံ့လော။

ဖြေ။ မှန်ပါသည်ဘုရား။

မေး။ ရဟန်းတို့၊ ထင်ရှားဖြစ်ပြီး သတ္တဝါတို့တည်တန့်နေနိုင်ရန်ဝမ်းတွင်း၌ ကိန်းနေဒသာ သတ္တဝါတို့အား ထောက်ပံ့တိုးပွားရန် အစာတို့ကား လေးမျိုးတည်း။ အဘယ်တို့နည်း။

(၁) ကြမ်းသည် ဖြစ်စေ၊ နုံသည်ဖြစ်စေ အစိုင်အခဲဖြစ်သော ထမင်း၊ မုံပဲ အစာ။

(၂) ဒုတိယမြောက်—ဘည်မှိရာ၊အာရုံ ဝိညာဉ် သုံးမျိုးစုံတွေ့ဆုံခြင်း။

(၃) တတိယ-စိတ်၏စေ့ဆော် လုံးပမ်းခြင်း။

(၄) စတုတ္ထ-စိတ်ဝိညာဉ်။

ဤလေးပါးတို့ ဖြစ်သတည်း။

အို ရဟန်းတို့၊ ဤအစာ အာဟာရတို့သည် အဘယ်လျှင် ဖြစ်ကြောင်း ရှိကုန်သနည်း၊ အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း။ တပ်မက်ခြင်းတဏှာလျှင် ဖြစ်ကြောင်း ရှိကုန်၏။ တပ်မက်ခြင်း အကြောင်းကြောင့် ဖြစ်ကုန်၏။ တပ်မက်ခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း။ ခံစားခြင်းကြောင့် ဖြစ်၏။ ခံစားခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း။ အတွေ့ တွေ့ဆုံခြင်းကြောင့် ဖြစ်၏။တွေ့ဆုံခြင်းသည် အဘယ့်ကြောင့် ဖြစ်သနည်း။ တည်မှီရာခြောက်မျိုးကြောင့်ဖြစ်၏။ တည်မှီရာခြောက်မျိုးသည် အဘယ့်ကြောင့် ဖြစ်သနည်း။ နာမ်နှင့် ရုပ်ကြောင့်ဖြစ်၏။ နာမ်နှင့်ရုပ်သည် အဘယ့်ကြောင့် ဖြစ်သနည်း။ ဝိညာဉ်ကြောင့် ဖြစ်၏။ ဝိညာဉ်သည် အဘယ့်ကြောင့် ဖြစ်သနည်း။ ကုသိုလ် အကုသိုလ်ပြု စီမံရေးကြောင့်ဖြစ်၏။ ကုသိုလ်အကုသိုလ်ပြုစီမံရေး အဘယ့်ကြောင့်ဖြစ်သနည်း။ မသိ တွေဝေခြင်းကြောင့်ဖြစ်၏။

အို ရဟန်းတို့၊ ဤသို့အားဖြင့် မသိ တွေဝေခြင်းနှင့်ကွဲ ကုသိုလ် အကုသိုလ်ကံပြု စီမံခြင်းဖြစ်၏။ ကံကြောင့် ဝိညာဉ် ဖြစ်၏။ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏။နာမ်ရုပ်ကြောင့် တည်မှီရာ ခြောက်မျိုးဖြစ်၏။ တည်မှီရာ ခြောက်မျိုးကြောင့် တွေ့ဆုံခြင်း ဖြစ်၏။ တွေ့ဆုံမှုကြောင့် ခံစားခြင်း ဖြစ်၏။ ခံစားမှုကြောင့် တပ်မက်ခြင်း ဖြစ်၏။ တပ်မက်ခြင်းကြောင့် စွဲလမ်းခြင်း ဖြစ်၏။ စွဲလမ်းခြင်းကြောင့် ကံပြုလုပ်ရေး ဖြစ်၏။ ကံပြုလုပ်ရေးကြောင့် ဘဝသစ် ဖြစ်၏။ ဘဝသစ် ဖြစ်ရသောကြောင့် အိုရ၊ နာရ၊ သေရခြင်း ဖြစ်၏။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ကိုယ်စိတ် မချမ်းသာခြင်း၊ ပြင်းစွာ ပင်ပန်းရခြင်းတို့ ဖြစ်ကုန်၏။ ယင်းသို့ ကုန်အောင် စုံသော ဤသည့် ဆင်းရဲမှုများ ဖြစ်ပွား၏။

မေး။ အို ရဟန်းတို့၊ ဘဝသစ်ဖြစ်ရရေးကြောင့် အိုရ၊ သေရခြင်းဖြစ်သည်ဟု ဆိုရာ၌ ဘဝသစ်ဖြစ်ခြင်းကြောင့် အိုရ၊ သေရခြင်း ဖြစ်သလော့။ သို့မဟုတ် ဤအရာ၌ အဘယ်သို့ ဖြစ်သနည်း။

ဖြေ။ အို မြတ်စွာဘုရား၊ ဘဝ ဖြစ်ပွားခြင်းကြောင့် အိုရ၊ သေရခြင်း ဖြစ်သည်ဟုပင် အယူရှိကြသည်။ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်၏။ နာမ်ရုပ်ကြောင့် တည်မှီရာခြောက်မျိုး ဖြစ်၏။ တည်မှီရာ ခြောက်မျိုးကြောင့် တွေ့ဆုံခြင်း ဖြစ်၏။ တွေ့ဆုံမှုကြောင့် တပ်မက်ခြင်း ဖြစ်၏။ တပ်မက်ခြင်းကြောင့် စွဲလမ်းခြင်းဖြစ်၏။ စွဲလမ်းခြင်းကြောင့် ကံပြုရေး ဖြစ်၏။ ကံပြုရေးကြောင့် ဘဝသစ် ဖြစ်၏။ ဘဝသစ် ဖြစ်ရခြင်းကြောင့် အိုရ၊ သေရခြင်း ဖြစ်၏။ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း၊ ကိုယ်စိတ်မချမ်း

သာခြင်း၊ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ယင်းသို့ ကုန်အောင် စုံသော ဤသည့် ဆင်းရဲစုများ ဖြစ်ပွား၏။

မေး။ အို ရဟန်းတို့၊ မသိခြင်းဝေခြင်းကြောင့် ကုသိုလ် အကုသိုလ် ကံပြု စီမံခြင်း ဖြစ်သည်ဟုဆို၍ မသိ တွေဝေခြင်း ကြောင့် ကုသိုလ် အကုသိုလ်ကံပြု စီမံခြင်း ဖြစ်သလော့၊သို့မဟုတ် ဤအရာ၌ အဘယ်သို့ ဖြစ်သနည်း။

ဖြေ။ အို မြတ်စွာဘုရား၊ မသိတွေဝေခြင်းကြောင့် ကံပြု စီမံရေးဖြစ်သည်ဟု အယူရှိကြပါသည် ဘုရား။

"ကောင်းလှပြီ ရဟန်တို့။ ဤသို့အားဖြင့် ဤအကြောင်း ရှိ၍သော် ဤအကျိုး ဖြစ်၏။ ဤအကြောင်း ဖြစ်ခြင်းကြောင့် ဤအကျိုး ဖြစ်၏။ မသိ တွေဝေခြင်းကြောင့် ကံပြု စီမံခြင်း ဖြစ်၏။ ကံပြုစီမံခြင်းကြောင့် ဝိညာဉ်ဖြစ်၏။ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်၏။ နာမ်ရုပ်ကြောင့် တည်မှီရာခြောက်မျိုး ဖြစ်၏။ မှီရာခြောက်မျိုးကြောင့် တွေ့ဆုံခြင်း ဖြစ်၏။ တွေ့ဆုံခြင်းကြောင့် ခံစားခြင်း ဖြစ်၏။ ခံစားခြင်းကြောင့် တပ်မက်ခြင်း ဖြစ်၏။ တပ်မက်ခြင်းကြောင့် စွဲလမ်းခြင်းဖြစ်၏။ စွဲလမ်းခြင်းကြောင့် ကံပြုလုပ်ရေးဖြစ်၏။ ကံပြုလုပ်ရေးကြောင့် ဘဝသစ် ဖြစ်၏။ ဘဝသစ် ဖြစ်ရသောကြောင့် အိုရ၊ သေရခြင်း ဖြစ်၏။ စိုးရိမ် ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်စိတ် မချမ်းသာရခြင်း၊ ပြင်းစွာ ပူပန်ရခြင်းတို့ ဖြစ်ကုန်၏။ ဤသို့လျှင် ကုန်အောင် စုံသော ဆင်းရဲစုများ ဖြစ်ပွား၏ဟု သင်တို့လည်း ဆိုကုန်၏။ ဝါလည်း ဆို၏။

"အို ရဟန်းတို့၊ မသိ တွေဝေခြင်းတရား၏သာ အကြွင်း မရှိ ချုပ်ငြိမ်းခြင်းကြောင့် ကံပြုစီမံရေး ချုပ်ငြိမ်း၏။ ကံပြုစီမံရေး

ချုပ်ငြိမ်း ခြင်းကြောင့် ဝိညာဉ် ချုပ်ငြိမ်း၏။ ဝိညာဉ် ချုပ်ငြိမ်း ခြင်းကြောင့် နာမ်ရုပ် ချုပ်ငြိမ်း၏။ နာမ်ရုပ် ချုပ်ငြိမ်းခြင်း ကြောင့် ဘဉ်မှိုချောက်မျိုး ချုပ်ငြိမ်း၏။ဘဉ်မိုရောက်မျိုး ချုပ်ငြိမ်းခြင်းကြောင့် တွေဆုံခြင်း ချုပ်ငြိမ်း၏။ တွေဆုံခြင်း ခံစားခြင်း ချုပ်ငြိမ်း၏။ ခံစားမှုချုပ်ငြိမ်း သောကြောင့် တပ်မက်ခြင်း ချုပ်ငြိမ်း၏။ တပ်မက်ခြင်း ချုပ်ငြိမ်းခြင်းကြောင့် စွဲလမ်းမှု ချုပ်ငြိမ်း၏။စွဲလမ်းမှု ချုပ်ငြိမ်း ခြင်းကြောင့် ကံပြုလုပ်ခြင်းချုပ်ငြိမ်း၏။ ကံပြုလုပ်ခြင်း ချုပ်ငြိမ်း ခြင်းကြောင့် ဘဝသစ်မဖြစ်ရ။ ဘဝသစ် မဖြစ်ရသောကြောင့် အိုရ၊ သေရခြင်း မဖြစ်၊ စိုးရိမ်ပူဆွေး ငိုကြေးရခြင်း၊ ကိုယ်စိတ် မချမ်းသာရခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း စသည်တို့မဖြစ်။ ဤသို့ ကုန်အောင်စုံဖသော ဆင်းရဲအစု၏ ချုပ်ငြိမ်းခြင်း ဖြစ်၏။

"အို ရဟန်းတို့၊ သင်တို့ ထို့သို့ သိကုန်သော် ရှေးအခါက ငါတို့ ဖြစ်ဘူးကုန်ပြီလော၊ မဖြစ်ဘူးကုန်ပြီလော။ မည်သို့ ဖြစ်ကုန် ပြီနည်း။ အသို့ ဖြစ်ကုန်ပြီနည်း။ ဘယ်သူဖြစ်၍ ဘယ်သို့ ဖြစ်ကုန် လေပြီနည်းဟု ရှေ့-အစုန်းကိုစဲ၍ ဖြစ်၏။

နောင်အခါ ငါတို့ ဖြစ်ကုန်ဦးမည်လော့၊ မဖြစ်ကုန်အံ့လော့။ မည်သို့ ဖြစ်ကုန်မည်နည်း။ အဘယ်သို့ဖြစ်၍ အဘယ်သို့ ဖြစ်ကုန် မည်နည်းဟု နောက်အစုန်းကို စဲ၍ ဖြစ်၏။

ယခုအခါ ငါတို့ ဖြစ်ကုန်သလော၊မဖြစ်ကုန်သလော၊ မည်သို့ ဖြစ်ကုန် ၏နည်း။ အသို့ ဖြစ်လေကုန်သနည်း။ဤသည် သတ္တဝါ တို့သည် ဘယ်မှာလ ဤဘယ်သို့ သွားလိုဖြစ်နည်းဟု မျက်မှောက် ကို စဲ၍ ဖြစ်၏။

မေး။ ယင်းသို့သော ရွှေနောက် မျက်မှောက် အစွန်းတို့သို့ ပြေးသွားကုန်ဦးအုံ့လော့။

ဖြေ။ မသွားကုန်ပါ ဘုရား။

မေး။ ယင်းကဲ့သို့ သိခဲ့၊ မြင်ခဲ့ကုန်သော် ဘုရားကို ရိုဇ်သေခန့်ညားရှိသော ငါတို့ ပြောဆိုကုန်၏ဟု ဖြစ်ကုန်ဦးအုံ့လော့။

ဖြေ။ မဖြစ်ပါကုန် ဘုရား။

မေး။ ဤသို့ သိခဲ့၊ မြင်ခဲ့ကုန်သော် အခြားတပါးသူတို့ ဆရာဟု ညွှန်ကြားကုန်ဦးမည်လော့။

ဖြေ။ မညွှန်ပါကုန် ဘုရား။

မေး။ ဤသို့ သိခဲ့၊ မြင်ခဲ့ကုန်သော် အခြားတပါးသော ရဟန်း သူတော်သူမြတ်တို့၏ အလေအကျင့်နှင့် အုတ်အုတ်ကျက်ကျက် မဂ်လာ၊ အမဂ်လာ အတိတ်နိမိတ်ကို အနှစ်သာရအားဖြင့် စဲ့ယူကုန်ဦးအုံ့လော့။

ဖြေ။ မစဲ့ယူကုန်ပါ ဘုရား။

မေး။ အို ရဟန်းတို့၊ ယခု သင်တို့သည် ကိုယ်သိ၊ ကိုယ်မြင်ကိုသာ ဆိုကြ၊ ပြောကြသည် မဟုတ်ကုန်လော။

ဖြေ။ မှန်ပါကုန်သည် ဘုရား။

"ကောင်းလှပြီရဟန်းတို့။ ငါဘုရားသည် သင်တို့ကို ဤသည့် ဆင်ရှာသော မျက်မှောက် ကိုယ်သိတရား၊ အခါမဲ့ ကာလမခြား ကောင်းကျိုးရဘရား၊ လာလှည့် ကြည့်လှည့် ဘန်ပြနိုင်သည့်တရား၊ အနီးကပ်၍ ရှုအပ်မြင်အပ်သော တရား၊ အစဉ်စောင့်ကြပ် အနီးကပ်၍ ကောင်းကျိုးကို ဆောင်နိုင်သောတရား၊ ဓဝဖန်သိမြင် ကျင့်ဆောင် လိုက်နာသူတို့ အသီးသီး မျက်မှောက် ကောင်းကျိုးရတရား ဤသည့်တရားဖြင့် ဆောင်အပ်ကုန်ပြီ။

"ထို့ကြောင့် ရဟန်းတို့၊ ဤသည့် ငါဘုရား ကောင်းစွာ ညွှန်ကြားအပ်သော တရားတော်သည် ကျင့်ဆောင် လိုက်နာသူတို့ မျက်မှောက် ကောင်းကျိုးရဖြစ်သည့် ထင်ရှားသော ကောင်းကျိုးကို ရစေနိုင်သည်။ ကိုယ်သိလက်တွေ့ ကောင်းကျိုး ရစေနိုင်သည်။ အခါမဲ့ ကောင်းကျိုးကို ဖြစ်စေသည်။ ကာလ မခြား ကောင်းကျိုးပေးနိုင်သည်။ ခေတ်အခါကာလ မရှိသော ကောင်းကျိုးကို ရရောက်နိုင်သည်။ လာလှည့် ကြည့်ရှုလှည့်ဟု ညွှန်ပြနိုင်အောင် ကောင်းကျိုးကို ထင်ရှားစေသည်။ အနီးကပ်၍ ရှုမြင်နိုင်လျက် မကွယ်မဝှက် ပေါ်လွင်သော ကောင်းကျိုးကို ဖြစ်စေနိုင်သည်။အနီးကပ်တွင် အစဉ်အမြဲစောင့်၍ကောင်းကျိုးကို ပေးနိုင်သည်။ ဝေဖန်သိမြင်နိုင်သူ၊ လိုက်နာကျင့်ဆောင်နိုင်သူသို့ အသီးသီးသော ကောင်းကျိုးကို ဖြစ်စေနိုင်သည်။

"ဤသို့ ငါဘုရား ဝန်ခံဟောညွှန်ထားချက် စကားသည်ကား ဤသို့သော အကျိုးကို စွဲ၍ပင် ဝန်ခံ ညွှန် ကြားထား ချက် ဖြစ်သတည်း။"

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ မဟာဒုက္ခာသခ်ယသုတ်မှ)

ရိုးရာ ယဉ်ကျးမှု

ပြဿနာ = ဒုစဉ်အလာဖျက်ရာ ကျ မကျ။

မေးလျှောက်သူ = ဝေရဉ္ဇပုဏ္ဏား။

ဗုဒ္ဓ မြတ်ဘုရားသည် ၁၁ ဝါ အလွန် ၁၂ ဝါမြောက်တွင် ဝေရဉ္ဇာပြည်သို့ ရောက်တော်မူသွား၏။ ထို့ဝေရဉ္ဇာပြည်တခုသော ကျူးတောကြီးအတွင်း လေနဲသဖြင့် တနှဲနှဲ ယိမ်းနေသော ကျူးပင်များအကြားဌ ထီးထီးမားမား တမာပင်ကြီး တပင် ပေါက်လျက် ရှိ၏။

မြတ်ဗုဒ္ဓသည် တမာပင်လျှင် အမှတ်အသားရှိသော ထို့ကျူးတော၌ တပည့်တပန်း ရဟန်းများနှင့် အတူတကွ တမာပင်ရှိရာ ထို့ကျူးတောသို့ ရောက်သွားလေသည်။

ထို့သတင်းစကားကို ဗြာဟ္မဏလူမျိုး ဝေရဉ္ဇ အမည်ရှိသော ပုဏ္ဏားကြီးက ကြားလေသောအခါ တကြိမ်တခါမျှ တွေ့ရဘူးခြင်းမရှိသေးသောကြောင့် အခွင့်ဆို့က်၍ ကြုံကြို့က်လာဆဲတွင် သူ့စိတ်၌ ဗုဒ္ဓကို တွေ့လို မြင်လိုသော ဆန္ဒများ ဖြစ်ပွားလာသည်။

တကြောင်းအားဖြင့် ပုဂ္ဂိုလ်ကို မမြင်ဘူးသော်လည်း သူ ကြားသိထားရသော အချက်အလက်များနှင့် ကိုက်မကိုက် ချိန်တိုက် ကြည့်လိုလာသည်။ ကျော်သလောက်တော် မတော်၊ ဗုဒ္ဓ အပေါ်၌ အကဲခတ်ကြည့်ချင်စိတ်များ ပေါ်ပေါက်လာသည်။ ဗုဒ္ဓနှင့်ပတ်သက်၍ ဝေရဉ္ဇပုဏ္ဏားက ဤသို့ တဆင့် စကား ကြားဘူးထား၏။

ရှင်ကြီးဂေါတမသည် မိမိထက် အသက်အရွယ်အားဖြင့်ငင်း၊ ဂုဏ်အားဖြင့်ငင်း ကြီးကုန်သော ပုဏ္ဏားတို့ကို ရှိမခိုးဘူးတဲ့။ အရိုအသေပေးကာ အလေးမပြုဘူးတဲ့။ နေရာမှုထမပေးဘူးတဲ့။ ဒီနေရာမှာ ထိုင်ပါဟူ၍ နေရာဖြင့် ပင့်ဖိတ်ခြင်း မရှိဘူးတဲ့။ ဤသို့ သတင်းစကား ကြားဘူးထားပေ၏။

ဤသို့ ကြားသိထားသော လူပြော သူပြော သတင်းစကားများ မှန် မမှန်၊ ဟုတ် မဟုတ်ကို ကိုယ်တွေ့ သုတေသနပြုလုပ်လို သောကြောင့် သူသည် ဗုဒ္ဓသီတင်းသုံးတော်မူရာ ကျူးတောသို့ ရှေးရှု၍ ထွက်လာခဲ့လေသည်။ ယင်းသို့ ထွက်ခွာလာခဲ့ရာတွင် ဗုဒ္ဓအား သဒ္ဓါကြည်ညိုခြင်း ပြင်းထန်လှ၍ မဟုတ်ဘဲ လူကဲခတ် သက်သက် ထွက်လာခဲ့ခြင်းသာ ဖြစ်၏။

ဝေရဉ္ဇပုဏ္ဏားသည် ဗုဒ္ဓ ရှေတော်မှောက်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ပင် ရောက်သွားခလေပြီ။ ရောက်လျှင်ပင် မျက်နှာ မသာ အမူအရာများ ပျက်စ ပြုလာ၏။

အဘယ့်ကြောင့်ဆိုသော် သူ့အသက်သည် ဗုဒ္ဓထက်ကြီး၏။ ဗုဒ္ဓထက် အသက်ကြီးသော မိမိ(ဝေရဉ္ဇ) ရောက်ရှိသွားလေသောအခါ၌ ကြီးသူကို ငယ်သူက ပြုရေသော လောကကျင့်ဝတ် များမှ ဗုဒ္ဓသည် ချိုယွင်းနေသောကြောင့် ဖြစ်၏။ သူ ရောက်

သွားသောအခါ သူကို ဗုဒ္ဓက ရှိမခိုး၊ နေရာက ထမပေး၊ ဖယ်မပေး၊ ဒီမှာ ထိုင်ပါဟူ၍ပင် ဖိတ်မန္တကာ ပြုဘော် မရ ဖြစ်နေသည်ကို တွေ့နေရလေသော်. မျက်မြင် ကိုယ်တွေ့နှင့် ကြားရသော သတင်းစကားမှာ တသားတည်းကိုက်ညီနေသောကြောင့် ဗုဒ္ဓအား ကဲ့ရဲ့ရွတ်ချ အပြစ်တင်လိုသော ဆန္ဒဖြင့် ဤစကားကို စွပ်ဆိုလေ၏။

မေး။ အို အရှင်ဂေါတမ၊ အရှင်ဂေါတမသည် အိုမင်းကုန်၊ အရွယ်ရင့်ကုန်၊ အမျိုးဇာတ် အားဖြင့် ကြီးကုန်သော ပုဏ္ဏားတို့ကို ရှိမခိုး၊ နေရာမှမဆင်၊ ခရီးဦး ကြိုဆိုခြင်း မရှိ။ နေရာဖြင့် ဖိတ်မန္တကာ မပြုဟု ကျွန်ုပ်ကြားဘူး၏။ ထိုစကားသည် ကြားတိုင်း မသွေ ဟုတ်မှန်၍ နေပါပကော။ ကြားရချက်နှင့် ကျွန်ုပ်၏ လက်တွေ့သည် ညီမျှနေပါပကော။ အရှင်ဂေါတမသည် မိမိထက် အသက်ကြီးရင့်သူ ကျွန်ုပ်ရောက်ရှိလာပါသည်ကို သိလည်း ရှိမခိုးခဲ့၊ နေရာမှလည်း ထမပေးခဲ့၊ ဒီမှာ ထိုင်ပါဟူ၍လည်း မဆိုခဲ့။ လောကကျင့်ဝတ် ပြုသင့်သည်ကို မပြုဘဲနေခြင်းကား လားလားမျှ မသင့်နိုးယောင်ပါတကား ရှင်ဂေါတမ။

ထိုအခါ ဗုဒ္ဓမြတ်ဘုရားသည် "အဖြစ်မှန်ကို မသိ၍သာ ပြောခြင်းဖြစ်သည်" ဟူ၍ မဟာကရုဏာတော်ဖြင့် ချမ်းမြေ့သောနှလုံးဖြင့် မသိသော ပုဏ္ဏားအား သိအောင် ပြခြင်းငှာ လေ့ခမျာ လေ့ချင်းလိုက် ဆိုသကဲ့သို့ သူစကားအတိုင်းလိုက်၍ ဖြေဆို မြွက်ကြားတော်မူလေ၏။

ဖြေ။ အို ပုဏ္ဏား၊ သဗ္ဗညုတ ဉာဏ်တည်းဟူသော စက္ခုသည် အရာခပ်သိမ်းကို အကြွင်းမဲ့ထိုးဖောက်၍ မြင်နိုင်စွမ်းပေသည်။ ငါ့မှာ သဗ္ဗညုတဉာဏ်စက္ခုသည် ရှိ၏။ ထိုသဗ္ဗညုတ

စကျဲဖြင့် ငါကြည့်လိုက်သည်ရှိသော် လူလောကဋ္ဌင်း၊ နတ်လောကဋ္ဌင်း၊ ဗြဟ္မာလောကဋ္ဌင်း ငါရှိခိုးထိုက်သူ၊ ငါနေရာမှ ထပေးရမည့်သူ၊ ငါ စရီးဦး ကြိုဆိုခြင်း ပြုထိုက်သူ၊ နေရာဖြင့် ငါဖိတ်မန္တကာ ပြုထိုက်သူဆို၍ တယောက်မျှ ငါမမြင်။ ထိုသို့ မမြင်ခြင်းကား အံ့သြဘွယ်မဟုတ်ပြီ။

စင်စစ်အားဖြင့် အကြင်အခါ၌ ငါသည် မွေးဖွားကာစ ဖြစ်လျက် မြောက်အရပ်သို့ တ၇ (၇) ဖဝါး လှမ်းသွားပြီး လောကဓာတ်တခုလုံးကို ကြည့်ခဲ့ပြီ။ ထိုသို့ ကြည့်သောအခါ၌ လည်း ငါရှိခိုးထိုက်သူ၊ နေရာက ထပေးထိုက်သူ၊ နေရာဖြင့် ဖိတ်မန္တကာပြုထိုက်သူကို တယောက်မျှ ငါမမြင်ခဲ့ရ။ကမ္ဘာပေါင်း တသောင်းခြောက်ထောင် အသက်ရှည်သော ရဟန္တာကြီးသည်ပင် ငါ့ကို "အသင်ကား လောကဓာတ်တခုလုံး၏ အထွတ်လည်း အထွတ်ဆုံး၊ အကြီးလည်း အကြီးဆုံး၊ကျေးဇူးဖြင့်လည်း အထူးခြီးမွမ်းအပ်ဆုံးသော သူပါတည်း။သင့်ထက် လွန်သူမရှိ" ဟူ၍ ဝမ်းပန်းတသာ ငါ့အား ပူဇော်ခြင်း ပြုလာပေသည်။

ထိုဖွားကာစ အခါ၌သော်လည်း ငါ့ထက် သာလွန်သူကို ငါ မမြင်လေသောကြောင့် "အဂ္ဂေါဟ မသ္မိ လောကဿ၊ ဇေဋ္ဌောဟ မသ္မိ လောကဿ၊ သေဋ္ဌောဟ မသ္မိ လောကဿ" ဟူ၍ မရုံမကြောက် မြွတ်သောစကားကို ငါ မြွက်ခဲ့၏။ယင်းသို့ မွေးကင်းစ အရွယ် ဖြစ်လျက်လည်း ငါ၏ ရှိခိုးခြင်းကို ခံယူထိုက်သူ မရှိခဲ့။ ယခု ငါကား သဗ္ဗညုတ ဘုရားအဖြစ်သို့ရောက်ပေပြီ။ အဘယ်ပုဂ္ဂိုလ်ကို ငါရှိခိုးထိုက်အံ့နည်း၊ နေရာမှထ၍ ခရီးဦး ကြိုဆိုထိုက်အံ့နည်း၊ နေရာဖြင့် ဖိတ်ထိုက်အံ့နည်း။

အို ဝေရဉ္ဇပုဏ္ဏား၊ သင်ကား ငါ့ထံမှ အရိုအသေပြုခြင်းကို ဘယ်အခါမှ မတောင့်တလေနှင့်။ အဘယ့်ကြောင့် ဆိုသော် အို ပုဏ္ဏား၊ အကြင်ပုဂ္ဂိုလ်အား ငါ ရှိခိုးလိုက်အံ့၊ ခရီးဦးကြိုဆိုလိုက်အံ့၊ နေရာဖြင့် ဖိတ်မန္တ်က ပြုလိုက်အံ့၊ ထိုပုဂ္ဂိုလ်၏ဦးခေါင်းသည် သစ်သီး ကြွဘိသကဲ့သို့ လည်မှပြတ်၍ ရုတ်တရက်ပင် မြေသို့ကျကြေ သွားလေရာ၏။ ထို့ကြောင့် ငါ့ထံမှ အရိုအသေပြုမှုမျိုးကို သင် ဘယ်တော့မှ မမျှော်ကိုးပါလေနှင့်။

ထို့သို့ မိန့်တော်မူသော်လည်း ဝေရဉ္ဇ ပုဏ္ဏားကား အသိဉာဏ်ပညာ ခေါင်းပါးသူဖြစ်သောကြောင့် ဗုဒ္ဓ၏ လောကအဂ္ဂ၊ ဇေဋ္ဌ၊ သေဋ္ဌ ဖြစ်ကြောင်းကိုမသိ။ မသိသောကြောင့် ဗုဒ္ဓ၏ စကားကို နားခါးလာသည်။ သည်းမခံနိုင်အောင်ဖြစ်လာသည်။

ယင်းသို့ သည်းမခံနိုင်အောင် ဖြစ်လာသည့် အလျောက် ဆတ်ဆတ်ထိ မခံဘဲ စုပ်စဲ့ခြင်း အထပ်ထပ်၊ ဆဲရေးခြင်း အကြောင်း အကျောသဝတ္ထု ရှစ်မျိုးတို့ဖြင့် ဗုဒ္ဓအား စတင် တိုက်ခိုက်လေသတည်း။

မေး။ အို အရှင်ဂေါတမ၊ လောက၌ အကြင် ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း အမှုကို သာမဂ္ဂိရသ=ပေါင်းသင်းဆက်ဆံခြင်း အရသာဟု ဆိုအပ်၏။ ထိုအကျင့်သည် အရှင်ဂေါတမ၌ မရှိခဲ့။ ယင်းသို့မရှိခြင်းကြောင့် အသင် ရှင်ကြီးဂေါတမကား ကြီးသော သူတို့အား ပြုရာသော ဝတ်နှင့် ညီမျှသောအကျင့်ရှိသူ မဟုတ်ပါတကား။ သာမဂ္ဂိရသမှ ဆိတ်သုဉ်းနေသူပါတကား။

ဖြေ။ အို ဝေရဉ္ဇပုဏ္ဏား၊ အကြင်သူသည် ငါ့ကို အရသ ရူပ=သာယာတတ်သော သဘောရှိသူမဟုတ်ဟု ဖြေဆိုလေအံ့။

ထိုသူသည် မှန်သောစကားကိုဆိုသည် မည်ပေသည်။ အဘယ်ကြောင့် ဆိုသော်-

၊ အို ပုဏ္ဏား၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌ အကြင်သာယာခြင်း ရသတို့သည် ရှိလေကုန်၏။ ထိုထိုသော သ းယာခြင်း ရသတို့ကို ငါ ပယ်အပ်ကုန်ပြီ။ အမျိုးဇာတ်၏ အစွမ်းအား ဖြင့်၎င်း၊ ကိုယ်ထင် ဖြစ်သော (နတ်)၏ အစွမ်းအားဖြင့်၎င်း၊ လူမြတ်၊ နတ်မြတ် ဟူ၍ သမုတ်အပ်ကုန်သော်လည်း ငါးပါးအာရုံ ကာမဂုဏ်ကို သာယာတတ်ကုန်သော၊ အလွန်နှစ်လိုတတ်ကုန်သော ပုထုဇဉ် ပဂ္ဂိုလ် တို့အား အကြင်သာယာခြင်း ရသတို့သည် ဖြစ်ကုန်၏။ ခပ်သိမ်းကုန်သော ထိုအရသာ ဟူဟူသမျှတို့ကို အကြင်းမဲ့အား ဖြင့် ငါ ပယ်အပ်ကုန်ပြီ။ အရင်းအမြစ် မကျန် ပြတ်အောင် ငါ ဖြတ်အပ်ပြီး ကုန်ပြီ။ နောက်ထပ်တဖန် ရှင်သန်ခြင်း ဖြစ်မလာ နိုင်အောင် ထန်းငုတ်တိုကဲ့သို့ ငါ ပြုအပ်ကုန်ပြီ။ ထိုသာယာခြင်း ရသတို့ကား မည်သည့်အခါမျှ နောက်ထပ်တဖန် ဖြစ်ပေါ်၍ လာပြန်လေ့ မရှိကုန်။ ထို့ကြောင့် ဒေရသရူပေါ ဟူသော စကားဖြင့် သင်ရည်ရွယ်သော အဓိပ္ပာယ်ကို ငါ့အား မဆိုထိုက်။ သင် ရည်ရွယ်၍ဆိုသော သာမဂ္ဂိရသ သဘောမျိုးကား ငါ့မှာ မရှိ။ (ဂုဏဝုဏ်၊ ဝယဝုဏ် ဖြစ်သူတို့အား ရှိခိုးခြင်းစသော အကျင့်ကို ပြုဆိုက်လျက် မပြုသူတို့ကိုသာလျှင် "အရသရူပေါ"ဟု ဆိုရာသည်။ မြတ်စွာဘုရားမူကား ရှိခိုခြင်းစသည်ကို ပြုအံ့သောငှာ မထိုက်။ မထိုက်ကြောင်းကို ပြလို၍ ဤစကားကို ဆိုခြင်းဖြစ်၏။)

ဝေရဉ္ဇပုဏ္ဏားသည် ဗုဒ္ဓအား အလျှောပေးခြင်းမပြု။ ပြုရုံမက ဗုဒ္ဓ မိန့်ကြားလိုက်သော စကားများကို အကြောင်းပြု၍ ပို၍ပင် ခက်ထန်သယောင် ဖြစ်လာသည်။ အရသရူပါဟူသော စကားလုံးပေါ်၌ ဖိနှင်းလျက် ဗုဒ္ဓအား ဝါဒရေးရာအားဖြင့် ထပ်ဆင့်၍ စွပ်စွဲပုတ်ခတ် ဆိုပြောလိုက်ပြန်လေပြီ။

မေး။ အို အရှင်ဂေါတမ၊ အသင်ကား လောကအရသားကို ခံစားရမှန်း သိတတ်သူ မဟုတ်ပါတကား။ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်တို့အား ရှိခိုးခြင်း စသည်ပြုခြင်းကို လောက၌ "သာမဂ္ဂီပရိဿာဝ"=အညီအညွတ်ခံစားသည်ဟု ဆိုပေသည်။ အသင့်မှာ ထိုအပြုအမူမျိုး မရှိသောကြောင့် နိဗ္ဗာဝ ပုဂ္ဂိုလ်ကြီးပါတကား။ လူမှုဆက်ဆံရေး သာမဂ္ဂီရသ၏ သဘာဝကို အနှစ်ကျကျ မခံစားတတ်သူ၊ (ဝါ) ခံစားရကောင်းမှန်း မသိဘတ်သူပါတကား။

ဤသို့ ဗုဒ္ဓအား စွပ်စွဲလိုက်ပြန်၏။ ဗုဒ္ဓကမူ ပုဏ္ဏားအား ဖြောင့်ဖြောင့် ဆန့်ကျင်မှုစကားများကို ရှောင်လျက် ပုဏ္ဏား၏ စိတ်ဓာတ် နှုးညံ့ပျောင်းပျော့လာမှုကိုသာ ရှေ့ရှုတော်မူသည်၊ နိဗ္ဗာဝ=ဟူသော စကားလုံးချင်း တူသော်လည်း ပုဏ္ဏား ကောက်ယူ ဆိုပြော စွပ်စွဲနေသောအဓိပ္ပာယ်မှ တမျိုးတခြား ထွက်သော အဓိပ္ပာယ်ကို ပြလိုသဖြင့် ပုဏ္ဏား စကားအတိုင်း လိုက်၍ ဖြေကြားတော်မူသည်။

ဖြေ။ အို ပုဏ္ဏား၊ ငါကား သင်ဆိုသောအတိုင်း နိဗ္ဗာဝက ပုဂ္ဂိုလ်မှန်ပေ၏။ သို့သော် သင်ဆိုလိုသော အဓိပ္ပာယ်မျိုးကား မဟုတ်။ ရှုပါရုံ စသည်တို့၌ တပ်နှစ်သက်သော စိတ်ဖြင့် သတ္တဝါ

တို့၏အကြင်ခံစားခြင်းသည် ရှိ၏။ ထိုခံစားခြင်းမျိုးသည် ငါ့မှာ မရှိ။ မရှိသောကြောင့် ငါအားနိဗ္ဗာဂပုဂ္ဂိုလ်=လောကီရသကို ခံစားတတ်သူ မဟုတ်ဟု ဆိုနိုင်ပေသည်။

မေး။ အို အရှင်ဓဂါတမ၊ လောကကြီး၌ ကြီးသောသူတို့အား ငယ်ရွယ်သူတို့က ရှိခိုးခြင်း၊ အရိုအသေပြုခြင်း စသည်ကို လူမျိုး၏ ရိုးရာယဉ်ကျေးမှုဟု ဆိုကုန်၏။ ဆိုသည့်အတိုင်းလည်း ယဉ်ကျေးမှုကို မြတ်နိုးသူတိုင်း လိုက်နာပြုကျင့်လျက် ရှိနေကြပါကုန်၏။ အသင့်မှာကား ထိုရိုးရာယဉ်ကျေးမှု အပြုအမူမျိုးကို မတွေ့ရ။ ပြုထိုက်သောအမှုကို သင်မပြုခဲ့။ သို့ကြောင့် အသင်ကား "အကိရိယဝါဒသမားကြီး" ပါတကား၊ ရိုးရာယဉ်ကျေးမှု၊ လူစည်းကမ်းကို ဖောက်ဖျက်နေသူပါတကား။

ဖြေ။ အို ပုဏ္ဏား၊ ငါအား အကိရိယဝါဒဖြင့် သင်စုပ်စဲ့၍ ဆိုခြင်းကား ဆိုထိုက်လှသည်။ ငါကား အကိရိယဝါဒသမား အစစ်တည်း။ ကိုယ်ဖြင့် မကောင်းမှု ဒုစရိုက်မျိုးကို မပြုအပ်ဟု ငါဆို၏။ ဒုစရိုက်မှုကို နှုတ်ဖြင့် မပြုအပ်ဟု ငါဟော၏။ စိတ်ဖြင့် မဝတ်းအပ်၊ မကြံအပ်၊ မကြံကောင်းဟူ၍ ငါ ပညတ်၏။ ဒုစရိုက်ကို ကြဉ်ဖယ်၍ သုစရိုက်ကို ခင်တွယ်ရန်ဟူသော ဝါဒတရားကို ငါ အမြဲ လက်ကိုင်ထားပေသည်။ သို့ကြောင့် ငါ့အား အကိရိယဝါဒီ ဟူ၍ ဆိုမည်ဆိုက ဆိုနိုင်ပေသည်။ သို့သော် သင်ယူဆထားသော အကိရိယဝါဒမျိုးကား မဟုတ်ပေ။

မေး။ အို အရှင်ဂေါဘမ၊ ရှေးဟောင်းရိုးရာယဉ်ကျေးမှု အစဉ်အလာဟူသည် ရှိ၏။ ကြီးသူကို ငယ်ရွယ်သူတို့က အရိုအသေပြုခြင်း စသည်တို့ကား ရှေးဟောင်း ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ဖြစ်ကုန်၏။ သို့ပါလျက် အဆင်ဆင်က

စီးဆင်းလာခဲ့သော ရိုးရာယဉ်ကျေးမှု အစဉ်အလာကို အသင်ကား လိုက်နာခြင်း မရှိရုံမက ဖျက် ဆီး ပစ် လိုက် ပေ သည်။ ရိုးရာ အစဉ်အလာကို ပျက်အောင် အသင်သည် ဖျက်ပစ်လိုက်သူ ဖြစ်၏။ သို့ကြောင့် အသင်ကား ဥစ္ဆေဒဝါဒီ ပုဂ္ဂိုလ်ကြီး ပါတကား ဟု စွပ်စွဲလိုက်ပြန်၏။

ဖြေ။ ဘို့ ပုဏ္ဏား၊ ငါကား ဥစ္ဆေဒဝါဒီရှိသူ မှန်၏။ သို့သော် သင်ယူဆထားသော ဥစ္ဆေဒမျိုးကား မဟုတ်ပေ။ ရာဂနှင့် ဒေါသကို အနာဂါမိမဂ်ဖြင့်ဝင်း၊ မောဟကို အရဟတ္တမဂ်ဖြင့်ဝင်း ပြတ်သည်ကို ငါ ဟောပေ၏။ ထို့မှ ကြွင်းသော အကုသိုလ်တရား တို့ကို ထိုက်သည့်အားလျော်စွာ မဂ်လေးပါးဖြင့် ဖြတ်သည်ကို ငါ ဆိုပေ၏။ ဤသည်ပင် ငါယူဆသော ဥစ္ဆေဒဝါဒ ဖြစ်သတည်း။ ဤသည်ကို ထောက်၍ ငါ့အား ဥစ္ဆေဒဝါဒီဟု ဆို က ထို့သို့ဆိုခြင်းသည် သင့်လျော်သော ဆိုခြင်းသာ ဖြစ်ပေသည်။

မေး။ ဘို့ အရှင်ဂေါတမ၊ အသင်၏ အမှုအကျင့်ကို ထောက်ချင့်ခြင်းအားဖြင့် အသင်ကား ရှေးဟောင်း ရိုးရာ ယဉ်ကျေးမှုများကို စက်ဆုပ်ယောင်ပါတကား။ စက်ဆုပ်သော အသင်သည် သင့်ကိုယ်၌ စွဲနေသည်ဟု ကျွန်ုပ် ထင်၏။ ငါကား အမျိုးမြတ်သူတည်း၊ အဆင်း လှသူတည်း၊ ပညာ ရှိသူတည်း။ အဘယ့်ကြောင့် သူတထူးအား ငါ အရိုအသေပြုနိုင်မည်နည်း ဟူသော မာန်မာနဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ကို သင် စက်ဆုပ် နေဟန် တူပေသည်။ သို့ကြောင့် အသင်ကား "ဇေဂုစ္ဆီဝါဒ" သမားအစစ်တည်း။ ရိုးရာယဉ်ကျေးမှုကို စက်ဆုပ် ရွံမုန်းသူ၊ နှလုံးနာကျည်းသူသာ ဖြစ်သတည်းဟု စွပ်စွဲလိုက်ပြန်၏။

ဖြေ။ အို ပုဏ္ဏား၊ ငါ့ကို ဇော်ဂုန်ဆိုဝါဒီဟူ၍ သင် ယိုးစွပ်လိုက်ပြန်သည်ကို မဟုတ်ဟူ၍ ငါ မငြင်းလို။ ငါသည် ဇော်ဂုန်ဆိုဝါဒရှိသူ ဖြစ်ပေ၏။ သို့သော် ငါ၏ ဇော်ဂုန်ဆိုသဘော ငါစက်ဆုပ်သော အမှုအကျင့်များကား မကောင်းမှု ဒုစရိုက်များသာ ဖြစ်ပေသည်။ ဒုစရိုက် ဟူသမျှကို ငါသည် စက်ဆုပ်ရွံမုန်း နှလုံးနာ၏။ မစင်ဘင်ပုပ်အလားကဲ့သို့ စက်ဆုပ်လှ၏။ ထို့ကြောင့် ငါ့ကို ဇော်ဂုန်ဆိုဝါဒီဟု ဆိုကလည်း ဆိုနိုင်ပေ၏။

မေး။ အို အရှင်ဂေါတမ၊ အသင်ကား ကြီးလေးသော ပြစ်မှုကြီးကို ကျူးလွန်ထားသဖြင့် ဆုံးမထိုက်၊ အပြစ်ဒဏ် ခတ်ထိုက်သူ ဖြစ်၏။ ကြီးစဉ်ငယ်လိုက် ရိုင်သေ လေးစားလာခဲ့သော ယဉ်ကျေးမှု အစဉ်အလာကို ဖျက်ဆီးပစ်လိုက်သော ပြစ်မှုကြီး သင့်မှာ ရှိနေ၏။ ယဉ်ကျေးမှု ဖြတ် နိုး သူတိုင်း ခွင့်မလွှတ်နိုင်သော ပြစ်မှုကြီးကို ကျူးလွန်ထားသူ ဖြစ်သော ကြောင့် လောက၏ ဒဏ်ခတ်ခြင်းကို ခံထိုက်သူ "ဝေနယိက" ပုဂ္ဂိုလ်ပေတည်း။

ဖြေ။ အို ပုဏ္ဏား၊ ငါ့ကို ဝေနယိက = အပြစ် ရှိနေသူ၊ အပြစ်အလေျာက် ထိုက်သင့်သောဒဏ်ကို ခံထိုက်သူဟု သင် ဆိုပြန်၏။ သင့်စကားကို မှားသည်ဟု ငါ မဆို။ သို့သော် ငါကား လောကယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို မဖျက်ဆီးပေ။ ငါ ဖျက်ဆီးသည်ကား ရာဂ အစရှိသော ကိလေသာအုပ်စု ဖြစ်ပေ၏။ ငါသည် ကိလေသာအုပ်စုကြီးကို ဖရိုဖရဲ ပြိုကွဲအောင် ဖျက်ဆီးပေ၏။ ဤသည်ကို အကြောင်းပြု၍ ငါ့ကို ဝေနယိက ဟူ၍ ဆိုအပ်၏။ (လောကကို ဖျက်ဆီးသော မှုပြစ်

ငါ့မှာ မရှိ။ ကိုလေသာကို ဖျက်ဆီးသော မှုပြစ်သာ ငါ့မှာ ရှိသည်ဟု ဆိုလိုသည်။)

မေး။ အိုအရှင်ဂေါတမ၊ရိုသေထိုက်သူတို့အား ရိုသေခြင်း၊ ပူဇော်ထိုက်သူတို့အား ပူဇော်ခြင်းသည် အပူဇော်ခံ သက်ကြီး ဝါကြီးပုဂ္ဂိုလ်တို့အား နှစ်သက်စေရာ ရောက်ပေသည်။ ရှင်လန်းမှုကို ပေးရာ ရောက်ပေသည်။ ပြုထိုက်သောအမှုကို မပြုခဲ့သော် သက်ကြီးဝါရင့်တို့အား နှလုံးမသာ ပူပန်စေရာရောက်၏။ နှိပ်စက်ရာကျ၏။ ဤအပြုအမူမျိုးသည် အသင်္ခဏာ၏။ ထို့ကြောင့် အသင်ကား "တပဿီ" ပုဂ္ဂိုလ်စားပေတည်း။ သက်ကြီးယင်းယို၊ အိုမင်းမစွမ်းရှိသူများအား နှလုံးပူလောင်အောင် လုပ်နေသူ၊အပူတိုက်သူပေတည်း။

ဖြေ။ အို ပုဏ္ဏား၊ လောကကို ပူအောင်လုပ်တတ်၊ အပူမြိုက်တတ်သော အုပ်စုတစုရှိ၏။ ယင်းအုပ်စုကား အကုသိုလ်တရားများပေတည်း။ ပူပန်စေတတ်သော ဗျုပ္ပတ်ကိုအကြောင်းပြု၍ ယင်း အကုသိုလ်အုပ်စုကို တပဟု၍ ခေါ်ဆိုပေသည်။ ငါသည် ယင်းအကုသိုလ်(အပူတိုက်အုပ်စု)ကို မပျက်ပျက်အောင် ဖျက်ဆီးနေသူဖြစ်၏။ထို့ကြောင့် တပဿီဟူသောအမည်နာမသည် ငါနှင့်ဆီလျော်၏။ တပဿီ=အပူတိုက်တတ်သော ကိုလေသာအုပ်စုကို ဖျက်ဆီးတိုက်ခိုက်သူသာလျှင် ဖြစ်ပေသည်။ သင်ယူဆသလို လူကြီးများကို ပူအောင်လုပ်နေသူ၊ အပူတိုက်နေသူကား မဟုတ်ပါပေ။

မေး။ အို အရှင်ဂေါတမ၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်းစသော လူကျင့်ဝတ်၊ လူယဉ်ကျေးမှုများကား အတိုင်းမသိ အကျိုးကျေးဇူးများလှ၏။ နတ်ဒွဲဖြစ်သော ပဋိသန္ဓေကိုပင် ရနိုင်

ပေ၏။အသင်ကားကျိသို့သော လူယဉ်ကျေးမှု၊ လောကကျင့်ဝတ်များကို ပြုသူမဟုတ်သောကြောင့် အပဂဇ္ဇ နတ်ပြည် ပဋိသန္ဓေမှကင်းဆေသာသူပေတကားဟူ၍ ကဲ့ရဲ့ ရှုတ်ချလိုက်ပြန် လေ၏။

ဖြေ။ အို ပုဏ္ဏား၊ အပဂဇ္ဇပုဂ္ဂိုလ်ဟု ငါ့ကို သင်ဆိုလိုက်ပေ၏။ စုပ်စဲ့ရှုတ်ချခြင်း ပြုလိုက်ပေ၏။ ငါကား သင်ဆိုအပ်သကဲ့သို့ တခုဘည်းသော နတ်ပဋိသန္ဓေမှသာ ကင်းသူမဟုတ်ပေ၊ ပဋိသန္ဓေနေခြင်းအားလုံးမှဆိတ်သုဉ်းကင်းကွာပြီးသူ၊ပဋိသန္ဓေကို ပ ထားပြီးသူ ဖြစ်ပေ၏။ထို့ကြောင့် အပဂဇ္ဇ ဆိုသောစကားသည် ငါနှင့် ဆီလျော်နေ၏။ နောင်သောအခါ ဇလာပုဇယောနိအဖြစ်ဖြင့် အမိဝမ်းတွင်း၌ပဋိသန္ဓေနေခြင်းမျိုးကိုလည်းကောင်း၊ ဩပပါတိကယောနိ အဖြစ်ဖြင့် ကိုယ်ထင်ဖြစ်ခြင်း၊ သံသေဒဇယောနိ အဖြစ်ဖြင့်အညှိစသည်၌စဲ့၍ဖြစ်ခြင်း၊အဏ္ဍဇယောနိအဖြစ်ဖြင့် အဥဖြင့် ဖြစ်ခြင်းမျိုးကိုဂင်း ငါသည် ပယ်အပ်ပြီးပေပြီ။ တဖန် ဘဝသစ်၌ဖြစ်ခြင်း၊ပဋိသန္ဓေနေခြင်းမည်သည်ကား ငါ့မှာ မရှိ။ ထို့ကြောင့် အပဂဇ္ဇဟူ၍ ငါ့ကို သင်ဆိုသောစကားသည် သင့်လျော်ပေ၏။

၉၀ရဇ္ဇပုဏ္ဏားသည် ဘုရားရှေတော်မှောက်သို့ရောက်လာသည့် အခါ၌မှစ၍ ဆဲရေးခြင်း၏ အကြောင်းဖြစ်သော အထက်ပါ အဓိကာသဝဝတ္ထုရှစ်မျိုးတို့ဖြင့် ဗုဒ္ဓအားယိုးစုပ်ဆိုပြောဆဲရေးခြင်း ပြုနေ၏။ ယင်းသို့ ကဲ့ရဲ့ရှုတ်ချ အမနာပစကားဖြင့် အပြစ်တင်ဆိုပြောစေကာမူ မြတ်စွာဘုရားသည် မြေနှင့်တူသော စိတ်ရှိသော အမှတ်အသားကိုဂင်း၊အမျက်ထွက်ခြင်းသဘောမရှိသော အဖြစ်ကိုဂင်း ပြတော်မူလျက်—

မိုးတိမ်ကင်းစင်သော ကောင်းကင်ပြင်၌ ငွေဝန်းသီတဂူလမင်းကြီး ထွက်ပြူလာသကဲ့သို့ဌင်း၊ တန်ဆောင်မုန်းလအခါပေါ်ထွန်းလာသော နေဝန်းကြီးကဲ့သို့ဌင်း ဝေဠုပုဏ္ဏားဏီနှလုံးထဲ၌ စွဲထင်နေသောအမိုက်မှောင်ထုကြီးကို ဖောက်တော်မူ၍—

ဤပုဏ္ဏားကား ခေါင်းဖြူကားမျှ၊ သွားကျိုးကာမျှ၊ အရေတွန့်လိပ်ကားမျှ စသည်တို့ဖြင့် ကြီးသောအပြစ်ကိုသာ သိရှာပေသည်။ မိမိနောက်သို့ ဇာတိဝရားက တကောက်ကောက် လိုက်နေသည်ကိုကား မသိရှာလေ။ မိမိအား ဇရာတရားကအမြဲရစ်ပတ်နေသည်ကိုဌင်း၊ ဗျာဓိက နှိပ်စက်နေသည်ကိုဌင်း၊မရဏကညှဉ်းဆဲနေသည်ကိုဌင်း မသိရှာလေ။ မိမိဂုဏ်ယိုကို ဝဋ္ဋခါဏုခေါ်သော သံသရာဝဋ်၏ သစ်ငုတ်တို့ကြီးဖြစ်နေသည်ကိုဌင်း၊ ယနေ့သေပြီး နက်ဖြန်ခါ ပိုးလိုပက်လက် ယက်ကန် ယက်ကန်နှင့် ခလေးသူငယ် ဖြစ်ရမည်ကိုဌင်း မသိရှာလေ။

စင်စစ်သော် ဤပုဏ္ဏားကား ကြီးစွာသော လှုံလဉာဏဟာဖြင့် ငါ့ထံမှောက်သို့ ရောက်လာခဲ့ခြင်းဖြစ်ပေ၏။ သူ၏လာခြင်းသည် ကောင်းသောလာခြင်းသာ ဖြစ်ပါစေဟု ကြံတော်မူပြီးလျှင်—

"အို ပုဏ္ဏား၊သင့်အား ငါဥပမာဖြင့် ဆိုဦးအံ့။ ကြက်မကြီး တကောင်ရှိလေ၏။ ဂ-လုံး၊ ၉-လုံး၊ ၁၀-လုံး၊ ၁၁-လုံးသော ကြက်ဥများကိုဥလေ၏။ ငပ်ကျင်းထဲ၌ဝပ်လျက် ထိုကြက်မသည် ကြက်ဥများကို အပူငွေ့ပေး၏။ မိခင်၏ ရင်ငွေ့အပူခတ်ကြောင့် ကြက်ဥတွင်းရှိ အရည်များ တဖြည်းဖြည်း ခြောက်ခန်းကာ အခွံများ ပါးပါးလာပေသည်။

"ထိုအခါ ကြက်ဥတွင်းရှိကြက်ငယ်ကလေးများသည်ထက်လွှစ်သော နှုတ်သီးဖျားဖြင့်ဖွင်း၊ ခြေသည်းဖျားဖြင့်ဖွင်း ဥခွံကို ပေါက်ပြီး ဖောက်ထွက်လာကြကုန်၏။ ထွက်လာသော ယင်း ကြက်ကလေးများအနက် အကြင်ကြက်ငယ်သည် ရှေးဦးစွာ ထွက်လာ၏။ ထိုကြက်ငယ်ကို အသို့ ခေါ်ဆိုပါမည်နည်း။ ကြီးသောကြက် (ကြက်ကြီး) ဟူ၍ ခေါ်မည်လော။ ငယ်သော ကြက် (ကြက်ငယ်) ဟူ၍ခေါ်မည်လော"ဟု မေးတော်မူ၏။

"ကြက်ဥအတွင်းမှ အရင်ဆုံးထွက်သောကြက်ကို ကြီးသော ကြက် (ကြက်ကြီး) ဟူ၍ ခေါ်ဆိုရပါသည်။"

ဤသို့ ဝေရဉ္ဇပဏ္ဍားက ဖြေလိုက်သည်။ ထိုအခါ မြတ်စွာ ဘုရားက အဝိဇ္ဇာသည် ဥခွံနှင့်တူပုံ၊ ကြက်ကလေးများသည် သတ္တဝါနှင့် တူပုံကို ဆက်လက်၍ ဟောတော်မူလေ၏။

"အို ပဏ္ဍား၊ သတ္တဝါတို့အား အဝိဇ္ဇာတည်းဟူသော ဥခွံက ဖုံးလွှမ်းထားအပ်သောကြောင့် အပြင်သို့ မထွက်နိုင်ဘဲ အဝိဇ္ဇာ လျှောင်အိမ်တွင်းဌာနဆင်းရဲ ကျဉ်းကျပ်စွာ နေထိုင်ကြရကုန်၏။ ယင်းသို့ အဝိဇ္ဇာလျှောင်အိမ်ထဲဌာန ဆင်းရဲကျဉ်းကျပ်စွာ နေကြရ ရှာသော သတ္တဝါများအနက် ငါဘုရားသည် တပါးတခြားသော သတ္တဝါတို့၏ မျှော်ဦးစွာဥခွံကို အရဟတ္တမဂ်ဉာဏ် တည်းဟူသော နှုတ်သီးဖျား၊ ခြေသည်းဖျားဖြင့်ဖေါက်၍ ဖောက်ထွက်လာခဲ့သူ ဖြစ်ပေသည်။ ထို့ကြောင့် လောကဓာတ်တခုလုံးတွင်ငါသာလျှင် အကြီးဆုံးဖြစ်၏။ သူတကာတို့ရယူခြင်းငှာ မထိုက်၊ ရခြင်းငှာ မလွယ်ကူသော ဝိဇ္ဇာသုံးပါးတရားမျိုး၊ ဝိဇ္ဇာရှစ်ပါးတရားမျိုးကို ငါသည် လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာရရှိပြီး ဖြစ်ပေ၏။"

ဤသို့ စသောအားဖြင့် အကျယ်ပဝံးရှု ၇သြဃကို သဒ္ဓါမူသည်ကို ကြားနာရသော ဝေရဉ္ဇပုဏ္ဏားသည် ရှေး ဝဿဃေး အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ၊ ဟူ၍ ချီးကျူး လျှောက်ထားပြီးလျှင် ဘုရားသခင် ထံ၌ သဒ္ဓါတေဝါစိက သရဏကို ကို ခံယူလေသတည်း။

(ဝိနယပိဋကတ်၊ ပါရာဇိကဏ်ပါဠိတော်၊ ဝေရဉ္ဇကဏ္ဍမှ)

၁။ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ သရဏံ ဂစ္ဆာမိဟူ၍ ဆောက်တည်သည်ကို တေဝါစိက သရဏကုံဟု ခေါ်၏။

ကူးမြောက်လိုသော်

ပြဿနာ=ဒုက္ခအထွေထွေ။

မေးလျှောက်သူ=အာဠာဝကဘီလူး။

အာဠာဝကဘီလူးသည် မိဘနှစ်ပါး ကွယ်လွန် သွားလေသော အခါ မိဘမျှားရှိစဉ်က သင်ကြားပေးထားသော ပြဿနာရပ် မျှားကို အဖြေနှင့်တကွ ပညာ အမွေအနှစ် အဖြစ် ရယူထား လိုက်၏။

သို့သော် ကာလ ကြာမြင့်လေသော အခါတွင် မေးခွန်း ပုစ္ဆာမျှားကိုသာ မှတ်မိဘော့သည်။ အဖြေကား မေ့ပျောက် ကုန်လေသောကြောင့် ဘာကို ဆိုမှန်းပင် သူ မသိတော့ချေ။ ဘုရား ရှင်တော်မြတ်ဘုရား၏ တရားတော်ကို ကြားနာရ လေသောအခါ အမေး ပုစ္ဆာသာရှိ၍ အဖြေ မသိဘဲ ဖြစ်နေ သော ပြဿနာမျှားကို ဖြေကြား ပေးတော်မူပါရန် တောင်း ပန်၍ မေးမြန်း လျှောက်ထားခေလ၏။

မေး။ အို အရှင်ဂေါတမ၊ သံသရာ သြဃသည် အပြော ကျယ်၍ ရှည်လျားလှပါ၏။ ယင်း သံသရာသြဃကြီးကို လွန် မြောက်နေအောင် အဘယ် သို့သော အခြင်း အရာ အား ဖြင့် ကောင်းစွာ ကူးနိုင်ပါမည်နည်း။ လွန်မြောက်အောင် ကူးနည်း နိသျည်းကို ညွှန်ကြားတော်မူပါလော့။

ဖြေ။ အို အချင်းအာဠဝက၊ သံသရာသြဃကို သဒ္ဓါတရားဖြင့် လွန်မြောက်အောင် ကူးနိုင်၏။ သံသရာ ဝဲသြဃမှ လွတ်မြောက်အောင် ကူးလိုသူသည် လှေကို လည်းကောင်း၊ ဖောင်၊ သင်္ဘော စသည်ကိုလည်းကောင်း ရှာရန်မလို၊ သဒ္ဓါတရားနှင့် ပြည့်စုံရန်သာ လိုပေ၏။

မေး။ အို အရှင် ဂေါတမ၊ ဝဋ်ဆင်းရဲ ဟူသည်ကား သမုဒ္ဒရာကြီးနှင့် တူပေစ့။ ထိုဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကြီးကို အဘယ်သို့သော အခြင်းအရာ၊ အဘယ်သို့သော နှည်းအားဖြင့် လွတ်အောင် ကူးနိုင်ပါသနည်း။

ဖြေ။ အို အာဠဝက၊ ဆင်းရဲပြင်ကျယ် ရေပင်လယ်ကြီးကို မမေ့လျော့ခြင်းဖြင့် လွတ်အောင်ကူးနိုင်၏။ ကုသိုလ် ပို့ပို့၊ ကောင်းမှုပျော်မွေ့ခြင်းသည် မမေ့လျော့သည် မည်၏။ ယင်းဘို့ မေ့လျော့ခြင်းမရှိ။ ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သလောက် ပြုခြင်းသည် ဆင်းရဲဝဋ်က လွတ်မြောက်အောင် ကူးသည်ပင် မည်၏။

မေး။ အို အရှင် ဂေါတမ၊ အဘယ်မည်သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ လွတ်နိုင်ပါသနည်း။ ဆင်းရဲခြင်း ခရီးတာကား ဆုံးစ မရှိ၊ ရှည်လျားလွန်းလှ ပါဘိသည်။ လွတ်နိုင်မည့်နည်းလမ်းကို ညွှန်ကြားတော်မူပါလော့။

ဖြေ။ အို အာဠဝက၊ ကြီးစား အားထုတ်ခြင်း ဝိရိယသည် ဆင်းရဲ အပေါင်းမှ လွတ်မြောက်ကြောင်း ပေတည်း။ ဝိရိယဆောင်က မအောင်မြင်သော အရာဟူ၍ မရှိသည်ကို သင် သိလော့။

မေး။ အို အရှင်ဂေါတမ၊ ကိလေသာ အညစ်အကြေးကို စင်ကြယ်အောင် အဘယ်ရေဖြင့် ဆေးရပါမည်နည်း။

ဖြေ။ အို အာဠာဝကာ၊ ကိလေသာ အညစ်အကြေးကို ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားဖြင့် စင်ကြယ်အောင် ဆေးနိုင်၏။ ဝိပဿနာ ပညာသည် ကိလေသာအညစ်အကြေးကို ဆေးကြောသည့် ရေစင်ပင် ဖြစ်သတည်း။

မေး။ အို အရှင်ဂေါတမ၊ ပညာဟူသည် လိုအပ်သော အရာ၊ သင်ကြားအပ်သော အရာ ဖြစ်ပါသည်။ ထိုပညာကို အဘယ်သို့သော နည်းအားဖြင့် ရရာပါသနည်း။

ဖြေ။ အို အာဠာဝကာ၊ ပူဇော်ထိုက်သူ အဆူဆူသော ပုဂ္ဂိုလ်တို့ ဆုံးမအပ်သော စကား၊ အပူ ခပ်သိမ်း၊ ကြောင့်ကြ ခပ်သိမ်း ငြိမ်းအေးကြောင်း ကောင်းမြတ်သောတရားကို နှစ်နှစ် ကာကာ ယုံယုံကြည်ကြည်လိုက်နာမှတ်သားခြင်း၊ မမေ့မလျော့၊ ပေါ့ဆ မရှိ၊ သတိ ရှိခြင်း၊ မသိသည်ကို သိအောင် စူးစမ်း လေ့လာလေ့ရှိခြင်း၊ ဤအကြောင်း သုံးပါးအားဖြင့် ထူးခြား သော ပညာမျိုးကို ရနိုင်ပေရာ၏။

မေး။ အို အရှင်ဂေါတမ၊ အဘယ်သို့သော အခြင်းအရာ အားဖြင့် အသက်မွေးကြောင်း ဖြစ်သော စီးပွားဥစ္စာကို ရရာ ပါသနည်း။

ဖြေ။ အို အာဠာဝကာ၊ အခါအခွင့်ကို ချင့်ချိန်၍ လုပ်သင့် သော အချိန်၌ လုပ်ဆိုက်သော အလုပ်ကိုပြုလုပ်ခြင်း၊ အပေါင်း အသင်း ဝင်ဆံ့ခြင်း၊ နိုးနိုးကြားကြား၊ ထထကြွကြွ ရှိခြင်း၊ ဤလက္ခဏာ သုံးပါးသည် လောကီ လောကုတ္တရာ ဥစ္စာ ရကြောင်း ကောင်းသောနည်းလမ်းများ ဖြစ်ပေ၏။

မေး။ အို အရှင်ဂေါတမ၊ ကျော်စောခြင်း၊ ထင်ပေါ်ခြင်း ဟူသည် ရှိပါ၏။ ယင်းသို့ ထင်ပေါ် ကျော်စောခြင်း အဖြစ်သို့ အဘယ်သဘောဖြင့် ရောက်ရှိနိုင်သပါနည်း။

ဖြေ။ အို အာဠာဝကa ရွှေသို့ နောက်ပျက် ယုတ်ကွက် မရှိ ပကတိ ဟုတ်မှန်သော သစ္စာစကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်း၊ ထင်ပေါ်ခြင်းသို့ ရောက်စေနိုင်ပေ၏။

မေး။ အို အရှင်ဂေါတမ၊ လောကဌ် မိတ်ဆွေ ဟူသည် ရှိရပါ၏။ ရှိကြပါ၏။ မိတ်ဆွေကောင်းများရရှိအောင် ပြုအပ်ပါသနည်း။

ဖြေ။ အို အာဠာဝက၊ မိမိစီးပွား၊ သူစီးပွားဌ လိုလား မျတာ ဝေဠုဝေးကမ်းခြင်းသည် မိတ်ကောင်းဆွေကောင်းရခြင်း၏ အကြောင်း ဖြစ်ပေ၏။

မေး။ အို အရှင်ဂေါတမ၊ အာဘယ်အရာမျိုးဖြင့် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောဘဝဌ သောက ကင်းဝေးရာ ပါသနည်း။

ဖြေ။ အို အာဠာဝက၊ အကြင်သူအားမှန်သောစကားကို ဆိုခြင်း၊ မကောင်းမှုမှ ရှောင်ကြဉ်၍ ကောင်းမှုတို့ဌ ယှဉ်ခြင်း၊ မဆုတ် မနစ် ကြိုးစား အားထုတ်ခြင်း၊ ပေးကမ်း စွန့်ကြဲခြင်း၊ ဤတရားလေးပါးကို ပွားစေသည် ဖြစ်အံ့၊ ထိုသူသည် အိုးအိမ် ဇာည်၍ သား မယားနှင့်ပင် နေသည် ဖြစ်လင့်ကစား၊ စင်စစ် တမလွန်ဘဝအတွက်လည်း စိုးရိမ်စရာ မရှိပြီ။ ယုတ်ညံ့သော ဂတိလွတ်ကွာ၍ လွှရှာနတ်ဆံဌ် ကောန့်ဖြစ်ရလတံ့။

အိုံ အချင်းဆာဌာဝကာ၊ ငါမှတပါ၊ "ဘုရား"ဟူ၍ ဝန်ခံကုန်သော ပုရာဏကဿပ အစရှိသော ရဟန်း ပုဏ္ဏား တို့ထံသွား၍လည်း ထိုအကြောင်းကို သင် လျှောက်ထား မေးမြန်း စုံစမ်းကြည့်လေဦး။

မြတ်စွာဘုရားက ဤသို့ တိုက်တွန်းတော် မူသောအခါ အာဠဝကဝမှာ ယုံမှားသံသယ ဒိဋ္ဌိဟာ ဖြစ်စေတတ်သော ဝိစိကိစ္ဆာကို ပယ်ပြီး ဖြစ်လေ၍ ဤသို့ လျှောက်ထားလေသည်။

"အိုံ အရှင်ဂေါဘမ၊ အကျွန်ုပ်ကား သူတပါးအား မေးမြန်း လျှောက်ထားဘွယ်ကိစ္စ မရှိတော့ပါပြီ။ တသက်ပတ်လုံး ယူကျုံးမှတ်ပိုက် အောက်မေ့ထိုက်သော သဒ္ဓရသ၊ အတ္ထရသ ရှိလှပေသော ဓမ္မရတနာကို ကောင်းစွာ ရပါပြီ။ အရှင်ဘုရားသည် အကျွန်ုပ်အား အကျိုးစီးပွား မျှားစေခြင်းငှာ ဖြစ်တော်မူလာပါပေသည်။ အကျွန်ုပ်၏ မျက်စိသဖွယ် ဖြစ်တော်မူပါပေသည်။ သံသရာတည်းဟူသော တောအုပ်ကြီး၌ ခရီးမှား၍ ပျက်ပြားရလထုံသော အကျွန်ုပ်တို့အား ဟုတ်မှန်သောလမ်းကို ညွှန်ငင်၍ ကယ်ဘင်တော် မူပေသည်။ အရှင်ဘုရား၏ ကျေးဇူးတော်ကို တဖိမာန်မှသည် တဖိမာန်၊ တနိုင်ငံမှသည် တနိုင်ငံ၊ နတ်တို့စံရာ တဘုံမှသည် တဘုံသို့ ဆောင်ကာ ပို့နှံအောင် အကျွန်ုပ် ဖော်ထုတ် ချီးကျူးပါအံ့" ဟု လျှောက်ထားလေသတည်း။

(သုတ္တနိပါတ်၊ အာဠဝကသုတ်)

ဓမ္မဒိဋ္ဌိးစာရေ

ဘုရားလုပ်ချင်သော ဒေဝဒတ်

ပြဿနာ=ရမ္မက်။

မေးလျှောက်သူ=ဒေဝဒတ်။

ဒေဝဒတ်သည် ဘုရားဖြစ်ချင်လွန်း၍ "ဘုရားရှူး ရှူးနေသူ" ဟု ဆိုသင့်၏။ အချိန်ရှိသရွေ့၊ နေ့ရှိသရွေ့ ဘုရားဖြစ်မြောက်ရေး ကိုသာ အာဃာတ်နေသည်။ ကြိုးစားနေသည်။

တပည့်လက်သားများလျှင်၊ အာဏာ ထက်မြက်လှသော၊ ဘုန်းရှိသောမင်းကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းနိုင်လျှင် ဘုရားဖြစ်နိုင်သည်ဟု သူက ထင်လေသည်။

ထင်သည့်အလျောက်လည်း နောက်ပါ တပည့်လက်သား အခြံအရံများအောင် စည်းရုံးသည်။ လာဘ်လာဘကို မျှော်ကိုးသော ရဟန်းများအား လာဘ်လာဘ ဖွဲ့ဖြိုးအောင် လုပ်ပေးခြင်းအားဖြင့် မိမိလက်အောက် ရောက်အောင် သိမ်းသွင်း ယူလိုက်သည်။

မလိမ်မိုး မလိမ္မာ ငယ်ရွယ်၍ စိတ်ဓာတ် ကျွတ်ဆတ်ဆတ် နိုင်လှသော အဇာတသတ်မင်းသားအား တန်ခိုးဖြင့် ခြိမ်းချောက်၍ မိမိကို အထင်ကြီးအောင်၊ ကိုးကွယ်ဆည်းကပ်

လာအောင် ဖျားယောင်းကာ ဒကာရှင်းအဖြစ် ခါးပိုက်ဆောင်လုပ်ဆားလိုက်သည်။

ဤသို့ အစရှိသည့် မသမာသော သိမ်းသွင်းနည်းအားဖြင့် ရဟန်းများကိုလုင်း၊ အာဏာပိုင် မင်းသားများကိုလုင်း ဆွဲဆောင်သိမ်းသွင်း စည်းရုံးခြင်းအားဖြင့် သူနောက်တွင် သံဃာ့ပရိသတ် တပည့်ငယ်အင်အား အတော်အသင့် တောင့်တင်းလာသည်နှင့်အမျှ မင်းစိုးရာဇာပိုင်းဆိုင်ရာမှာလည်း နေလို လလို လျှမ်းလျှမ်းတောက် တန်ခိုးထင်လင်းနေသည့် အဇာတသတ်ကဲ့သို့သော မင်းပျိုမင်းလွင်ကိုပင် လက်အောက်သို့ရောက်အောင် သိမ်းသွင်းမိထားပြီ ဖြစ်ရကား ငါ ဘုရားဖြစ်ဖို့ နီးပြီဟူ၍ သူကိုယ်ကို အထင်ကြီးကြီးလာလေ၏။ အဇာတသတ်မင်းသားက နေ့စဉ်ရထားပေါင်းငါးရာတွင် ဆွမ်းအုပ်ပေါင်းငါးရာဘင်လျက် အရှင်ဆရာတော် ဒေဝဒတ်အား လှူဒါန်းခြင်း၊ ပြုနေပြီဖြစ်ရာ ဒေဝဒတ်ကဲ့သို့သော လာဘသက္ကာရ အားကြီးသူအဘို့ အဘယ်မှာလျှင် စိတ်ကြီးမဝင်၊ ဘဝင်မမြင့်ဘဲ ရှိပါမည်နည်း။

ထို့ကြောင့် ရာဇဂြိုဟ်ပြည်၌ ဗုဒ္ဓဂေါတမကို ကိုးကွယ်သော ဂိုဏ်းနှင့် ဒေဝဒတ်ကို ကိုးကွယ်သောဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း အပြိုင်အဆိုင်သဘောမျိုးလို ဖြစ်လာလေတော့သည်။ ဗုဒ္ဓဂေါတမကို ကိုးကွယ်သော ဂိုဏ်း၌ ဗိမ္ဗိသာရမင်းကြီးက ဦးစီး၍ ဒေဝဒတ်ကို ကိုးကွယ်သော ဂိုဏ်းတွင်မူ သားတော် အဇာတသတ်မင်းသားက ကြီးမှူး ကြီးကိုင်လေသည်။

ဂေါတမမြတ်စွာဘုရား ဒေသစာရီ လှည့်လည်၍ တရားဟောထွက်တော်မူနေချိန်တွင် ရာဇဂြိုဟ်ပြည်၌ ကျန်ရစ်ခဲ့သော

ဒေဝဒတ်သည် မနှုးမနပ် အဇာတသတ်မင်းသားအား အမျိုးမျိုး သွေးထိုး လှုံဆော်၍ ဂေါတမအပေါ် သံယောဇဉ်ပြတ်အောင် တတ်နိုင်သမျှ ဟောပြောလျက်ရှိနေ၏။ "ဒီဘခါ ဂေါဘမ ပြန် ရောက်လာစေ။ ဘုရားရာထူးကို ဂေါတမထံမှ လွှဲပြောင်းယူမည်" ဟူ၍လည်း တကိုယ်တည်းကြိတ်၍ စိတ်ကူးထားလေသည်။

ထိုအချိန်၌ ဂေါဘမ ရှင်တော်ဘုရားမှာ ကောသမ္ဗီပြည် သို့ ရောက်ရှိ နေတော်မူ၏။ ကျွတ်ထိုက်သ သူတို့အား တရား ရအေား တိုက်ကျွေးလျက် နေတော်မူ၏။ ထိုကောသမ္ဗီပြည်မှ ထွက်ခွဲ၍ ရာဇဂြိုဟ်ပြည်ဘက်သို့ ခြေစကြာ ကြွချီခြင်းအားဖြင့် ရောက်တော်မူလျှင် သုံးလောကထွတ်ထား မြင့်စွာဘုရားကား ဒေဝဒတ်၏ သတင်းစကားများကို ရဟန်းတော်များထံမှတဆင့် ကြားသိတော်မူရလေ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခုအခါ ဓာရာ ဒေဝဒတ်နှင့် အဇာတသတ်မင်းသားတို့၏ အကျွမ်းတဝင် ဖြစ်နေ မှုမှာ အံ့ဘွယ်လိလိပါ ဘုရား။ အဇာတသတ် မင်းသားက ဒေဝဒတ်ကို ဆရာအမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ပြီး နှေ့စဉ် ရထားငါးရာဖြင့် ည-နံနက်မပြတ် ဆည်းကပ်လျက်ရှိနေပါသည်။ နှေ့စဉ် ဆွမ်းအုပ်ပေါင်းငါးရာငါးရာ ပို့လှူခြင်းအားဖြင့် ဒေဝဒတ် ကို အခြောင်းပြု၍ သံဃာများအား ဆွမ်းကွမ်း ချမ်းသာမှု များပင် ဖြစ်ရပါသည်။"

ခရီးဆောက်မဆိုက်ပင် ရဟန်းများက ဒေဝဒတ်အကြောင်းကို ဆီး၍ လျှောက်လိုက်ကြကုန်၏။ ထိုအခါ ဗုဒ္ဓ မြတ်ဘုရားက ထိုအကြောင်းနှင့် ပတ်သက်၍ မိန့်တော်မူသည်ကား-

---

"အို ချစ်သားတို့၊ သို့စင်မျှလောက်ဒေဝဒတ်အား လာဘ် သပ်ပကာမျှားပေါမျှားထွန်းကားလာခြင်းကား ဒေဝဒတ်အဘို့ အကျိုးစီးပွားမျှားစေခြင်းငှာ ဖြစ်လာသည်မဟုတ်။ ဆုတ်ယုတ်ခြင်း ငှာသာလျှင် ဖြစ်လာသဘည်း။ အို ချစ်သားတို့ ဥပမာကို ငါဆိုအံ့။ ကြမ်းကြုတ်လှစ္ဆာသော ခွေး၏နှာဝ၊လျှာစဉ် ခါးလှသော သည်းခြေအိတ်ကို ခဲသည်ရှိသော် လွန်ကဲ၍ ကြမ်းကြုတ်ပြန်သကဲ့သို့ ဉာဏ်အမြင်နည်းပါးသူ၏ ထံမှောက်သို့ ရောက်သွားသော လာဘ်ယာဘ အခြံအရံသည် အကျင့်သီလ ပျက်ခြင်းငှာငှင်း၊ တရားဆုတ်ယုတ်ခြင်းငှာငှင်း၊ အကုသိုလ် ပွားခြင်းငှာငှင်း စင်စစ်ဖြစ်ပေ၏။

"အို ချစ်သားတို့ ဥပမာတနည်းဟော်ကား ဝါးပင်၊ကျူပင်၊ ပေပင်တို့သည် ရှိကုန်၏။ သီးလာသောအသီးမျှားသည် ထိုဝါးပင်၊ ကျူပင်၊ ပေပင်တို့ကို သတ်သကဲ့သို့ငှင်း၊ အာဇာနည်မြင်းမသည် မိမိသေစိမ့်သောငှာ သားဘွားသကဲ့သို့ငှင်း ပညာနည်းသော ဒေဝဒတ်အား လာဘ်သပ်ပကာ ပူဇော်သက္ကာရတို့ ပြန့်ပွား၍ ပေါမျှားလာခြင်းသည် မိမိကို ညှဉ်းဆဲခြင်း အကျိုးငှာငှင်၊ အပါယ်လေးပါးသို့ လားရောက်ခြင်းငှာငှင်း ဖြစ်ပွားလာခြင်းသာ ဖြစ်ပေ၏။"

ယင်းသို့ သံဃာမျှားနှင့် စကားပြော၍မှ လက်စမသတ်သေးမီ ဒေဝဒတ်သည် ဘုရားသခင်ထံတော်သို့ ချဉ်းကပ် လာလေ၏။ သူ၏လာခြင်းကား သူဘက်မှနေ၍ သူရှုဒေါင့်က ကြည့်ပါမူ ကောင်းသောလာခြင်းပါတည်း။ အဘယ့်ကြောင့်ဆိုသော် ယနေ့ငါ ဘုရားဖြစ်တော်မူသည် ဟူသောဆန္ဒဖြင့် လာခြင်းဖြစ်သော ကြောင့်ဖြစ်၏။

ဒေဝဒတ်သည် များစွာသော အခြံအရံဖြင့် ဘုရားသခင်ထံ ဝင်လာပြီး ကြီးမားသော၊ တောင့်တင်းသော မိမိ၏ တပည့် ယေသား အင်အားကို ပြကာ "ဘုရားရာထူး"ကို မိမိအား လွှဲပြောင်းပေးရန် အတင်းပင် တောင်းခံလေတော့သည်။

မေး။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်ပင် ကိုယ် တော်မြတ်ကား အသက်ကြီးပါပြီ။ အိုလှပါပြီ။ မျက်မှောက် ချမ်းသာ ခံစားကာဖြင့် အေးချမ်းစွာ စံနေတော်မူပါ။ ကြောင့် ကြမဲ့ နေတော်မူပ ။ ဘိုက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပသကီ ဖြစ်သော ရဟန်းသာဝက၊ လူသာဝကတို့ကို အကျွန်ုပ်အား လွှဲအပ်တော်မူပါ။ အကျွန်ုပ်သည် ဘုရားဒူးဖြစ်ဖြင့် တပည့် သာဝကတို့အား အုပ်ချုပ်သွားပါအံ့။

ဖြေ။ ချစ်သား ဒေဝဒတ်၊ ဤအခွင့်ကား မသင့်ပေသေး။ သင်၏ ကိုယ်ရေးကိုယ်တာကိုသာ အားထုတ်ဦးလော့။ သံဃာ တို့ကို အုပ်ချုပ်ခြင်း၊ ဦးစီးခြင်း၊ ရှေ့ဆောင်ခြင်းငှာ သင် အလို မရှိလေလင့်ဟု ပယ်လိုက်လေသည်။ ဒေဝဒတ်သည် လက် မလျှော့ဘဲ သုံးကြိမ်လျှောက်၍ တောင်းသည်။ ဗုဒ္ဓကာလည်း သုံးကြိမ်စလုံးပင် လက်မခံဘဲ ပယ်တော်မူလိုက်ပြီးနောက်-

"အို ချစ်သားဒေဝဒတ်၊ သံဃာ့ပရိသတ်ထည်းဌ် အယုတ်၊ အလတ်၊ အမြတ်ဟူ၍ သုံမျိုးသုံးစားပါဝင်ပေ၏။ ယင်းပရိသတ် အားလုံးက ငါဘုရားကို ရည်မှန်း၍ရဟန်းပြု၁ာကြသူချည်းသာ ဖြစ်ကြသည်။ ထို့ကြောင့် ငါရှိလျက်နှင့် ငါ့ကို မှီခိုအား ထားလာသူများကို သူတပါးအား လွှဲထား ခြင်းငှာ မထိုက်လေ၊ မလျော်လေ။ စင်စစ်အားဖြင့် ဆိုသော်ကား သာဝကတို့၏

အထွတ်သို့ ရောက်နေသော သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကိုမျှ သာဝက သံဃာကို မအုပ်ရက်ဘဲလျက် သူတတ်ထူး ထွဋ်းအန်ပြီးသော တံထွေးကိုကောက်၍ မျိုသေးသော သင့်အား(ဝါ)သင်၏ လက်ဝယ်သို့ အဘယ့်ကြောင့် ငါ့တပည့်သာဝကမျှားကို နှင်းအပ်ရက်ပါမည်နည်း။”

ဤသို့ မိန့်တော်မူလိုက်သောအခါ ဒေဝဒတ်မှာ မျှားစွာရှက်သွားလေ၏။ ရှင်ဂေါတမကား ပရိသတ်အလယ်၌ ငါ့ကို အရှက်ခဲ့သည်။ ဆေးမတော် မျိုးမစပ် ဆင်းရဲသားမျိုးမှ ပေါက်ဖွားလာသူ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကို အရေးပေးနေသည်။ သွေးရင်းသားရင်းဖြစ်သော ငါ့ကိုကား အသေးအမွှားကဲ့သို့ သဘောထားသည်။ ယနေ့ကစ၍ ဂေါတမနှင့် ငါလမ်းခဲ့တော့အံ့။ စိတ်ဆိုးမာန်ဆိုးနှင့် ထ၍ ပြန်သွားလေ၏။

ဒေဝဒတ်သည် ထိုအခါကစ၍ ဘုရားအပေါ်၌ ရန်ငြိုးကြီးဖွဲ့ကာ အဇာတသတ်မင်းသားနှင့် ပူးပေါင်း၍ ဘုရားကိုသတ်ရန် အမျိုးမျိုး ကြံစည်အားထုတ်ခြင်း ပြုသတည်း။

(ဓမ္မပဒအဋ္ဌကထာ)

ဓမ္မပဒအဋ္ဌကထာ

ဩဃသုတ် လွတ်မြောက်ရေး

ပြဿနာ=ဘယ်နည်းဘယ်ပုံ ကူးသနည်း။

မေးလျှောက်သူ=ဗြဟ္မဝတဉီး။

အခါတပါး၌ ဗြဟ္မဝတဉီးသည် ဘဝမှ ရုန်းကန် လွတ်မြောက်ရေးကို တွေးမိနေ၏။ "ဘယ်ပုံ၊ ဘယ်နည်း လွတ်မြောက်သနည်း" ဤသို့တွေးသော်လည်း အဖြေရှာမရ ဖြစ်နေသောကြောင့် ထိုအကြောင်းကို ဘုရားထံချဉ်းကပ်၍ လျှောက်ထားမေးမြန်းခြင်း ပြုလေသည်။

မေး။ ဒုက္ခမရှိသော ရှင်ပင်မြတ်ဘုရား၊ အရှင်ဘုရားသည် ဘယ်နည်း၊ ဘယ်ပုံ၊ အဘယ်သို့သော အခြင်းအရာအားဖြင့် ဩဃ[၁] ကို လွန်မြောက်အောင် ကူးခတ်တော်မူပါသနည်း။

ဖြေ။ ငါ့ရှင်ဗြဟ္မဝါငါကား စင်စင်လျှင် နားလည်းမနား အားလည်းမထုတ် လေဘဲ ဩဃကို ကူးတော်မူ၏။

မေး။ ဒုက္ခမရှိသော အရှင်ဘုရား၊ အရှင်ဘုရားသည် ဘယ်ပုံ၊ ဘယ်ပုံ နားလည်းမနား အားလည်းမထုတ်ဘဲလျက် ကူးတော်မူတို့သနည်း။

၁။ ကာမဘဝ၊ဒိဋ္ဌိ၊အဝိဇ္ဇာ ဟူသော ဩဃခလေးပါး။

ဖြေ။ ငါ့ရှင်ဗြဟ္မာ၊အကြင်အခါ၌ လုံ့လမပြုဘဲ ငါနေ၏။ ထိုအခါ ငါသည် နစ်လေ၏။အကြင်အခါ၌ ငါလုံ့လအားထုတ်မှုပြု၏။ ထိုအခါ ငါသည် မျောလေ၏။ငါ့ရှင်ဗြဟ္မာ၊ငါသည်ကျိုသို့နားလည်းမနား အားလည်းမထုတ်သော အခြင်းအရာအား ဖြင့် ကားတော်မူ၏။

အို အချင်းဗြဟ္မာ၊ ကိုလေသာနှင့်ဆက်စပ် ပတ်သက်သော အားဖြင့် နေခြင်းသည် နစ် သည်မည်၏။ ဝဋ္ဋနိဿိတဖြစ်သော လောကီကုသိုလ်ဘို့နှင့် ဆက်စပ် ပတ်သက်သောအားဖြင့် အားထုတ်ခြင်းကား မျော သည်မည်၏။ထို့ကြောင့် ငါသည် ကိလေသာနှင့် ပတ်သက် ဆက်စပ်သောအားဖြင့် နားနေခြင်းလည်းမပြု၊ဝဋ္ဋနိဿိတဖြစ်သော လောကီကုသိုလ်တို့နှင့်ဆက်စပ်ပတ်သက်သောအားဖြင့် အားထုတ်ခြင်းလည်းမပြုဘဲ ကူးတော် မူ၏။ ကိလေသာတို့၌ ငါတန့်နားနေလျှင် ညြဖထဲ၌ ငါနစ်လေအံ့။ လောကီကုသိုလ်မှဘို့ကို အားထုတ်နေလျှင် ငါ မျောလေအံ့၊ ထို့ကြောင့် နစ်လည်းမနစ်၊မျောလည်းမမျောအောင်ငါကူးတော်မူ၏။

အို အချင်းဗြဟ္မာ၊ တပ်နှစ်သက်ခြင်းဟူသော တဏှာ၊ စွဲလမ်းခြင်းဟူသော ဒိဋ္ဌိတို့ဖြင့် ကြွပ်ကြပ်နေခြင်းသည် နစ်သည်မည်၏။ တဏှာဒိဋ္ဌိဘို့မှ အကြွင်းအကျန်ကို ကိလေသာတို့၏ အစုမ်းအားဖြင့် လည်းကောင်း၊ လောကီကုသိုလ်၊ အကုသိုလ်ဟူဆိုအပ်သော ခန္ဓာကိုယ်အသစ်ကို ပြုပြင်တတ်ကုန်သော အဘိသင်္ခါရ တရားတို့၏ အစုမ်းအားဖြင့် လည်းကောင်း လှုပ်ရှားရုန်းကန်မှု၊ အားထုတ်မှုကို ပြုခြင်းသည် မျောသည်မည်။

ထိုကြောင့်ငါသည် ငါ့ကိုယ်ငါ အနစ်လည်းမခံ၊ အမျောလည်း မခံဘဲ ကူးတောင်မူ၏။

အို အချင်းဗြဟ္မာ၊ သြဃလေးပါးတို့၌ နစ်၍နစ်၍ မျောခဲ့သည် ဖြစ်လျှင်၊ မျော၍မျော၍ နစ်ခဲ့သည်ဖြစ်လျှင် သံသရာဝဲသြဃမှ ထွက်နိုင်၊ တက်နိုင်၊ ပေါ်နိုင်တော့မည် မဟုတ်လေပြီ။ ဤသို့ အကြံဖြစ်တော်မူ၍ ငါသည် ဆန်ကူးဆန်ကူး မဂ္ဂင်ဖောင်ဖြင့် သြဃလေးပါးကို ကူးကာ ကူးကာ ဆန်တော်မူ၍ လည်းကောင်း၊ ဆန်ကာ ဆန်ကာ ကူးတော်မူ၍လည်းကောင်း မင်္ဂလာဖိုလ်ဉာဏ် နိဗ္ဗာန်သည်သော ဒေမာကမ်းထိပ်သို့ ရောက်တော်မူသည်။

(မှတ်ချက်။ ။သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်။ အပတိဋ္ဌ-အနာယူဟသုတ်မှ)

ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုရန်

ပြဿနာ=လိုလား၊ မေးသူ။ မလိုလားသူ။

မေးလျှောက်သူ=မာရ်နတ်နှင့် အရှင်အာနန္ဒာ။

ဗုဒ္ဓဖြစ်ထွန်းမှု၊ ဗုဒ္ဓရှိနေမှုကို ရှေးဦးစွာ မလိုလားဆုံး၊ မရှုန့်ငိုဆုံး၊ မနာလိုဆုံးပုဂ္ဂိုလ်မှာ ဒေဝဒတ် မဟုတ်ပေ။ ဒေဝဒတ်ထက် အဆပေါင်းများစွာ စိတ်သဘောထားဆိုးဝါးစွာဖြင့် ဗုဒ္ဓကို မလိုလားဆုံးသောသူကား မာရ်နတ်ဖြစ်၏။

မှန်သည်။ မာရ်နတ်သည် အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူစဉ်အခါကလည်း "ဘုရားဖြစ်မှုကို မလိုလားသောကြောင့် "ဟန့်တားထားခဲ့သူ ဖြစ်သည်။ နောက် ဘုရားဖြစ်တော်မူလာသော ကဆုန်လပြည့်နေ့၌ အပွဲရုံဇာပလ္လင်ကို လုကာ ဗုဒ္ဓကို အကြိုးအကျယ် တိုက်ခိုက်ခဲ့သူ ဖြစ်သည်။

ဗုဒ္ဓကိုတိုက်ခိုက်၍ မအောင်မြင်သည့်အဆုံး၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ များစွာ မကြာသေးမီကာလအတွင်း အဇပါလ ညောင်ပင်၌ နေတော်မူစဉ် ပရိနိဗ္ဗာန် ပြုတော်မူလော့ ဟူ၍ အတင်းဝင်းရောက် လျှောက်ထားခဲ့သူ ဖြစ်သည်။

မဟာသက္ကရာဇ် ၁၄၈ ခု၊ ကုန်ရာသီ တပို့တဲ့လ၌ ဖြစ်၏။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်၍ ဝေသာလီပြည်

တွင်းဌဿဆုမ်းခံ၍ ဆုမ်းဘုဉ်းပေးပြီးနောက် ယင်းဝေဿာလီပြည်၏ အရှေ့ဘက်ရှိ စာပါလ အမည်ရှိသော စေတီအရပ်၌ နေသန့်၍ နေဝေါ်မူစဉ် ဗုဒ္ဓမြတ်ဘုရားသည် မကြာခင် ပရိနိဗ္ဗာန် ပြုတော်မူရတော့မည့် အရေးကို မြင်တော်မူသည်။ ထိုအခြင်းကို တိုက်ရိုက်ဆိုပြောရန် မသင့်သောကြောင့် "ရိပ်မိလို ရိပ်မိငြား" အရိပ်အမြွက်အားဖြင့် အာနန္ဒာအား (မမိန့်ဘူးသော စကားကို) မိန့်ကြားကာ သတိပေးတော်မူသည်။

"ချစ်သားအာနန္ဒာ၊ ငါဘုရားသာသနာ၌ အကြင်သူသည် အာဿဝေါကင်းကွာ၍ ရဟန္တာ ဖြစ်လာ၏။ ထိုသူသည် ဣဒ္ဓိပါဒ်လေးပါးကို ပွားစေ၍ အဖန်တလဲလဲ အလေ့အလာပြု၍နေမည်ဆိုက ထိုသူသည် "နေလိုခဲ့သော်" အာယုကပ် ပတ်လုံးလည်း တည်နေနိုင်ရာ၏။

"ချစ်သား အာနန္ဒာ၊ ငါဟောကြားအပ်သော ဗောဇ္ဈင် တရား(၇)ပါးကို ပွားစေ၍ရင်း၊ အဖန်တလဲလဲ အလေ့အလာ ပြု၍ရင်း နေမည်ဆိုက ထိုပုဂ္ဂိုလ်သည် "အလိုရှိခဲ့သော်" အာယုကပ် ပတ်လုံးသော်ငင်း၊ အသက်တရာကျော် တိုင်ရုံငင်း တည်နိုင်ရာ၏။"

ဤသို့ ရိပ်ဖမ်း သံဖမ်း မြွက်ကြား၍ စကားခင်းသော်ငြား လည်း အရှင် အာနန္ဒာကား လုံး၀ ရိပ်မိခြင်း မရှိသေးပေ။ ထို့ကြောင့် ကိုယ်တော်ကို ဥပမာထား၍ ရိပ်မိလိုရိပ်မိငြား ထပ်၍ မြွက်ကြားတော်မူပြန်လေ၏။

"ချစ်သားအာနန္ဒာ၊ ငါဘုရားသည်လည်း အလိုရှိကာရှိ၍ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဇ္ဈင်(၇)ပါးကို ပွား စေ၍ အဖန်တလဲလဲအလေ့အလာပြုငြားအံ့ အာယုကပ် ပတ်လုံး

တည်တော် မူနိုင်၏။ ထိုထက် အလွန် တကမ္ဘာပတ်လုံးလည်း တည်တော်မူနိုင်၏။”

ယင်းသို့ အမြွက်အရိပ် နိမိတ်သြဘာသစကား မိန့်ကြားတော် မူသော်လည်း အရှင်အာနန္ဒာကား လုံးဝသတိမရ။ ဘုရား ကိုယ်တော်မြတ်သည် လူ၊ နတ် တို့၏အကျိုးငှာ အာယုကပ် ပတ်လုံး တည်တော်မူပါဟု မတောင်းပန်မိလေ။ ရှိခိုးလျက် ဆိတ်ဆိတ်သာနေ၏။

ယင်းသို့ ရိပ်ဖမ်းသံဖမ်း စကားဦးသန်း၍ မြွက်ကြားသော်လည်း လုံးဝရိပ်စားမိခြင်း မရှိလေသဖြင့် ဆက်၍မြွက်ကြားတော် မမူတော့ဘဲ နေရာမှ ထတော်မူပြီး ထိုစာပါလစေတီနှင့် မနီး မဝေးတွင်ရှိသော သစ်ပင်ကြီးတပင်အောက်သို့ သွား၍နေတော် မူ၏။ အရှင်အာနန္ဒာလည်း ရောက်သည်နှင့်ဆောင်ယူရန်အတွက် ဘုရားသခင်၏အပါးတော်မှ ထွက်ခွါသွားလေပြီ။

ထိုအခါ ဇနပဒကလျာဏီမှ ချောင်းနေသော မာရ်နတ်သည် အရှင်အာနန္ဒာမရှိခိုက် အလျဉ်တွင်ဝင်၍ ဘုရားသခင်နှင့် တွေ့လေ၏။မာရ်နတ်သည် ကျိတကြိမ်သာမဟုတ်၊ဘုရားနှင့်နှစ်ဦးချင်း တွေ့ဆုံမှု အတွက် အကြိမ်ပေါင်း များစွာ ကြံစည်ခဲ့လှပြီ၊ အာထုတ်ခဲ့ဘူးလှပြီ။ တပည့်တပန်း ရဟန်းများ မလစ်သဖြင့် နှစ်ယောက်ချင်း မတွေ့ဖြစ်ခဲ့။

ယခုတွင်မူ အရှင်အာနန္ဒာအလစ်တွင် ရေးကြီးသုတ်ပြာနှင့် ဘုရားသခင်ထံ ဝင်လာပြီးနောက် လက်နှစ်ဖက်ကို စုံမြောက်၍ ကောင်းပန်ခြင်း ပြုလေသတည်း။

မေး။ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော သုံးလောကထိပ်တင် မြတ်ရှင်ပင် ဘုရား၊ အရှင်မြတ်သည်

ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။ ယခုပင် ပရိနိဗ္ဗာန်ပြုတော်မူပါစေလော့။

အို အရှင်သူမြတ်ဘုရား၊ ဖရူးအခါက အရှင်ဘုရားလည်း အကျွန်ုပ်အား မြတ်ကြားထားဘော် မူခဲ့ဘူးပါသည်။ အချင်း မာရ်နတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး ငါ၏ တပည့်သား ရဟန်းသံဃာတို့သည် ထူးမြတ်သော တရား အာရာဒ္ဓ် မလိမ္မာကုန်သေး၊ ကိုယ်၊ နှုတ်၊ နှလုံး ကျိုးပါးကို လည်း မဆုံးမနိုင်ကြသေး၊ သင်ကြားအပ်သော ပရိယတ္တိသည် လည်း မများကုန်သေး။ လောကုတ္တရာ တရားဟော်အား လျော် သောအကျင့်ကိုလည်းမကျင့်ကုန်သေး။ သူတပါးအားဟောကြား သင်ကြားခြင်းငှာ မစွမ်းနိုင်သေး။ ထိုမျှလောက်သော ကာလ ပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်မစံလိုသေးဟု ဆိုဘူးပြောဘူး ခဲ့ပါသည်။

အို အရှင်သူမြတ်ဘုရား၊ ယခု အခါတွင်မူကား အရှင် ဘုရား၏ တပည့်သံဃာတို့သည် လိမ္မာရေးခြား ရှိလာကြကုန် ပါပြီ။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို ဆုံးမနိုင်ကုန်ပါပြီ။ အသင် အကြားများ၍ ရဲရင့်တည်ကြည်သော အဖြစ်သို့ ရောက်ကုန် ပါပြီ။ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကုန်ပါပြီ။ လောကုတ္တရာ အား လျော်သောအကျင့်ကို မိမိတို့လည်း ကျင့်နိုင် ကုန်ပါပြီ။ သူတပါးတို့အားလည်း သင်ကြားပြသ နိုင်ကုန်ပါပြီ။

အို ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ထိုမှ တပါးလည်း အချင်းမာရ်နတ်၊ ငါဘုရား၏အဆုံးအမကို ခံကုန်သော ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပသကာ ယောကျ်ား၊ ဥပသကီ မိန်းမတို့သည် အကြင်မျှလောက်သော ကာလပတ်လုံး ကိုယ်၊

ဤတော်၊ နှလုံး သုံးပါးကို မဆုံးမနိုင်ကုန်သေး။ လောကုတ္တရာအား လျော်သော အကျင့်တို့ကို မကျင့်နိုင်ကုန်သေး။ သူတပါးအား ဟောကြားပြသ ဆုံးမခြင်းငှာ မစွမ်းနိုင် ကုန်သေး။ ထိုမျှ လောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလိုသေး ဟူ၍လည်း ဆိုဘူးပြောဘူးပါသည်။ယခုမူကား ထိုသုံးပါးသော ပရိသတ်တို့ပင် လိုအပ်သောအကျိုး ပြည့်စုံကြပါပြီ။

ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုမှ တပါးလည်း အချင်းမာရ်နတ်၊ ငါဘုရား၏ ဆုံးမသြဝါဒ သာသနာသည် အကြင်မျှသောကာလပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၌ များစွာ မပြန့်နှံ့သေး၊ များစွာ မသိသေး၊ မပြည့်စုံလေသေး။ ထိုမျှလောက်သော အခါတော်လုံး ငါဘုရား ပရိနိဗ္ဗာန် မစံလို သေးဟု ဆိုဘူး ပြောဘူးပါသည်။ ယခုမှာ အရှင်ဘုရား၏ သာသနာသည် စကြာဝဠာအပြည့်ပင် ပြန့်နှံ့၍ ရှိနေပါပြီ။ လူ၊ နတ်၊ ဗြဟ္မာတို့အားလုံး သိကုန်ကြပါပြီ။ ပြည့်စုံပါပြီ။

အို ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ဤသို့ အရှင်ဆိုအပ် ဘူးသည့်အတိုင်း အကျွန်ုပ်ကြည့်ရှုလိုက်သောအခါတွင် အားလုံး ပြည့်စုံစွတကား။ အရှင်ဘုရားသည် ပရိနိဗ္ဗာန် ပြုချိန်တန်ပါပြီ။ ပရိနိဗ္ဗာန် ပြုတော်မူပါလော့။

ဤသို့ ရဲဝံ့စွာ ဝင်ရောက်၍ လျှောက်ထား တောင်းပန်ခြင်း ပြုလေသော် ဘုရားသခင်လည်း ပဉ္စင်္ဂတော် မူကြကုန်ပြီးသော ဘုရားသခင်တို့၏ အာယုသင်္ခါရသည် အဘယ်မျှ တည်ကုန် သနည်းဟု ရှုတော်မူ၏။ ထိုအခါ ရှေးနောင်တော် ဘုရားတို့ ပဉ္စင်္ဂတော်မူသောကာလ လူတို့သက်တမ်းကို ငါးပုံပုံ၍လေးပုံသာ

တည်တော်မူသည်ကို မြင်ဘော်မူသဖြင့် ရှေးဘုရားတို့၏ အစဉ်အလာကို ငါလည်းမလွန်ဆန်သာ နှုလုံးပြုတော်မူလျက်-

ဖြေ။ ဟယ် မာရ်နတ်ယုတ်၊ သင် အဘယ်ကို စိုးရိမ်သနည်း။ မကြောင့်ကြလင့်။ မကြာမြင့်မီပင် ငါပရိနိဗ္ဗာန်ပြုတော်မူအံ့။ ကျိလမှ သုံးလ လွန်မြောက်သောအခါ ငါပရိနိဗ္ဗာန်ပြုတော်မူအံ့ဟူ၍ ဝန်ခံဘော်လျှင် မာရ်နတ်သည်း မိမိအကြံအောင်ပြီဟူ၍ ဘုရားအထံမှ ပြန်သွားလေ၏။

ဘုရားကိုယ်တော်သခင်လည်း ထိုနေရာ၊ ထိုခဏ၌ပင် အာယုသင်္ခါရ လွှတ်ခြင်းငှာ အာခုံရှိသော သမာပတ် ဝင်တော်မူ၏။ သမာပတ်၏ တန်ခိုးကြောင့် အိုးထိန်းစက်ပမာ မဟာပထဝီမြေကြီးသည် ကြီးစွာတုန်လှုပ်လေ၏။ တိုအခါ မြတ်စွာ ဘုရားကား ဤသို့ ဥဒါန်းကျူးတော်မူသဘည်း။

မုနိ = မောနေယျ ပဋိပဘံနှင့် ပြည့်စုံသော မြတ်စွာဘုရားသည်၊

သမ္ဘဝံ = ဘဝသစ် ဖြစ်ရခြင်း၏ အကြောင်းလည်း ဖြစ်ထသော၊

ဘဝသင်္ခါရံ = ဘဝတဖန် ပြုပြင် လတံ့သော၊

တုလဉ္စ = ကာမကုသိုလ်၊ ရူပကုသိုလ်ကံကိုငင်း၊

အတုလဉ္စ = အရူပကံကိုငင်း၊

အဗ္ဘတ်ံရတော = မိမိသန္တာန်၌ အဖန်ဖန် မွေ့လျော်စေပြီး၍၊

သမာဟိတော = တည်ကြည် ငြိမ်သက်သော စိတ်ရှိလျက်၊

အဝဿဇိ = စွန့်ပစ်ထွေးအန်၊ ပယ်လှန်အောင် မြင်အပ်ပြီ၊

အတ္တသမ္ဘဝံ = မိမိသန္တာန်၌ ဖြစ်သော မာရ်အပေါင်းကို။
မဟာယောဓေဝ = စစ်သူရဲကြီးသည်၊
သင်္ဂါမေ = စစ်မြေပြင်အရပ်၌၊
ကဝစံ = လားကာကို၊
အဘိဒ္ဒိကွဝ = ဖျက်ဆီးသကဲ့သို့၊
အဘိဒ္ဒီ = အကြွင်းမဲ့ ဖျက်ဆီးအပ်ပြီ။

အရှင်အာနန္ဒာသည် ဘုရားသခင်အတွက် ရေကြည်တော် ဆက်သရန် ယူ၍ ပြန်လာစဉ် လျင်ကြီးစွာ လှုပ်လိုက်သော ကြောင့် ရေကြည်တော်များ ဖိတ်ကုန်လေ၏။ ဤသို့ ဖိတ်ကုန် ခြင်းမှာ မနကာင်းနိမိတ်ဟူ၍ စိတ်ထဲ၌ မဥပဒါဒ်မိ။ ဘာကြောင့် များ ကြီးကြီးကျယ်ကျယ် လျင်လှုပ်ပါလိမ့်မလဲ။ ဤမျှလောက် ကိုသာ အတွေးရောက်တော်မူသည်။ မာဓိနတ်က ဝင်ရောက်၍ မေ့နှောက်သွားသည်ကိုလည်း သူမရိပ်မိ။ မာရ်နတ် လာလိမ့်မည် ဟူ၍ သူစိတ်၌ မဥပဒါဒ်မိ။

သို့ကြောင့်ပင် အရှင်အာနန္ဒာသည် ဘုရားသခင်ထံ သို့ ပြန်ရောက် သွားလေသောအခါ သူ့ကိုတွေ့တော်လာခဲ့သော "လျင်" အကြောင်းကိုသာ မြတ်ဘုရားအား လျှောက်ထား မေးမြန်းခြင်း ပြုရှာ၏။

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ မကြုံစဖူး ထူးကဲစွာ ယခုမြေငလျင်ကြီး လှုပ်လိုက်ပါသည်။ အဘယ့်ကြောင့် လှုပ်ပါသနည်း ဘုရား။

ဖြေ။ ချစ်သားအာနန္ဒာ၊ မြေငလျင်လှုပ်ခြင်း အကြောင်း ကား ရှစ်ပါး ရှိပေသည်။ ယင်း ရှစ်ပါးကား—

(၁) ယူဇနာပေါင်း ရှစ်သောင်း လေးထောင် အထုရှိသော မဟာပထဝီ မြေကြီးကား ရေထု၏ အထက်၌တည်၏။ ထိုရေသည် လေထု၏ အထက်၌ တည်၏။ ထိုလေသည် ကောင်းကင်ကင်ပြင်၌ တည်၏။

ထိုဘိုတည်ရာ၌ အောက် ဝါယောဓာတ်(လေ)သည် အလွန်မှုတ်လေက အထက်ရေ လှုပ်သည်။ ရေလှုပ်သဖြင့် မြေလှုပ်ခြင်းဖြစ်ဧပသည်။ ဤသို့လှုပ်ခြင်းသည်း အကြောင်းတပါး။

(၂) ဤလောက၌ ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံကုန်သော၊ စျာန်အဘိညာဏ်၌ လွလောကုန်သော ရဟန်း ပုဏ္ဏားတို့သည်လည်း ရှိကုန်၏။ တန်ခိုးအာနုဘော်ကြီး၍ အလိုအတိုင်း ပြီးကုန်သော နတ်တို့သည်လည်း ရှိကုန်၏။ ထိုရဟန်း ပုဏ္ဏား နတ်သားတို့သည် မိမိတို့၏ တန်ခိုးအာနုဘော်ဖြင့် လှုပ်စေကုန်၏။ ဤသည်လည်း အကြောင်းတပါး၊

(၃) ဘုရားအလောင်းတော်တို့သည် နတ်ပြည်မှ စုတေလာ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသောအခါ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသောအားဖြင့် လှုပ်၏။ ဤသည်လည်း အကြောင်းတပါး။

(၄) ဘုရားအလောင်းတို့ မယ်ကော်ဝမ်းမှ ဖွားမြင်သော် သတ္တဝါတို့ကို သိစေသောအားဖြင့် လှုပ်၏။ ဤသည်လည်း အကြောင်းတပါး။

(၅) ဘုရားသခင်တို့ သဗ္ဗညုတ ဉာဏ်ကို ရလေ့သောအခါ သာဓုအနုမောဒနာ ခေါ်ဝေါ်သကဲ့သို့ အံ့သြချီးမြှောက်ခြင်းငှာ လှုပ်၏။ ဤသည်လည်းအကြောင်းတပါး။

(၆) ထိုဘုရားတို့ တရားဓမ္မစကြာ ဟောသောအခါ၌ မင်္ဂလာအထူးဖြစ်စိမ့်သောငှာလှုပ်၏။ဤသည်လည်း အကြောင်းတပါး။

(၇) ဘုရားသခင်တို့ နိဗ္ဗာန်ဝင်အံ့သောငှာ အာယုသင်္ခါရလွှတ်တော် မူသည်ကို ထိုထိုလူနတ်တို့ ကြုပ်သိကြ၊ သံဝေဂကို ရစိမ့်သောငှာ လှုပ်၏။ ဤသည်လည်း အကြောင်းတပါး။

(၈) ဘုရားသဗ္ဗညုတို့သည် အနုပါဒိသေသနိဗ္ဗာန် စံတော်မူသောအခါ ထိတ်လန့်သော အခြင်းအရာ အားဖြင့် လှုပ်၏။ ဤသည်လည်း အကြောင်းတပါး။ဤရှစ်ပါးတို့ ပေတည်း။

အို ချစ်သားအာနန္ဒာ၊ ငါဘုရားသည် သဗ္ဗညုဘ ဉာဏ်ကို ရဦးအစ၊ သတ္တသတ္တာဟတို့တွင် အဇပါလဉ်း နေတော်မူသော အခါကပင် မာရ်နတ်သည် ငါ့ထံကပ်၍ "အရှင်သည် နိဗ္ဗာန်ဝင်ပါ"ဟု လျှောက်ထားဘူး၏။ လက်မခံဘဲ ငါပယ်ခဲ့သည်။ မာရ်နတ်သည် ယခု ငါ့ထံ လျှောက်လာပြန်သည်။ ဤတကြိမ်တွင်မူ "ယနေ့မှ နောက်သုံးလလွန်မြောက်သောအခါ ပရိနိဗ္ဗာန်ငါပြုမည်"ဟု ဝန်ခံလိုက်ပြီ။ အာယုသင်္ခါရ လွှတ်လိုက်ပြီ၊ ထို့ကြောင့် ငလျင်ကြီးစွာတုန်လှုပ်ခြင်းဖြစ်သတည်း။

အရှင်အာနန္ဒာသည် မမေ့မျော်လင့်သောစကားကို ကြားလိုက်ရသောအခါ နှလုံးသည်းပုတ် ကျတ်ကြွေ ပျက်ပြုန်းမဘတ်

ဤတွင်မှ ယူကျုံးမရ ဖြစ်လာ၍ ရုတ်ချင်းပင်ရှိခိုးလျက် တိုးလျှိုး တောင်းပန်ရှာ၏။

မေး။ သမ္မာသမ္မုဒ္ဓ၊ အနုတ္တရမြတ်စွာ၊ စောသတ္ထာဘုရား၊ မြတ်ဘုရားကိုယ်တော်သည် သတ္တဝါခပ်သိမ်းတို့အား အကျိုးစီးပွါးများ၊ ဝိမ္မံသောဌာ ကမ္ဘာများစွာ ပါရမီတော်ကို ဖြည့်ကျင့်ဘော် မူလာခဲ့ပါသည်။ သို့ပါလျက်ကို လျင်လျားစွာ ပရိနိဗ္ဗာန်ပြုရန် မသင့်ပါဘုရား၊ ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့် ဘုရား၊ အာယုကပ်ပတ်လုံး တည်တော်မူပါဘုရား။

ဖြေ။ ချစ်သား အာနန္ဒာ၊ သင်၏ တောင်းပန်ခြင်းကား ကောင်းသော်လည်း နှောင်းလေစ၊ အခွင့်မဟုတ်တော့ပြီ။

ဗုဒ္ဓမြတ်စွာက ပယ်တော်မူခဲ့လေ၏။ အရှင် အာနန္ဒာကမူ မလျော့သေး။ထပ်ဆင့်၍တောင်းပန်လိုက်ပြန်သည်။ပယ်ချပြန်၏။ တဖန် ကပ်၍လျှောက်၏။ မရုခချ၊ အရှင်အာနန္ဒ၏တောင်းပန်ချက်ကို သုံးကြိမ်တိုင်တိုင် ပယ်တော်မူပြီးလျှင်-

မေး" ချစ်သားအာနန္ဒာ၊ မင်ကြာဏ်လေးပါးတရားကို ငါဟောခဲ့ပြီ။ ထိုတရားကို နိဗ္ဗာန်ရောက်ကြောင်းတရားဟူ၍ သင်စွဲမြဲယုံကြည်၏လော့။

ဖြေ။ ယုံကြည်ပါသည်ဘုရား။ အကျွန်ုပ်လည်း စိုးစဉ်းမျှ မြင်ပါသည်ဘုရား။

မေး။ ချစ်သားအာနန္ဒာ၊ သာဓု၊ ကောင်းလေစ။ အကြင်သူသည် ဣဒ္ဓိပါဒ်လေးပါး၊ ဗောဇ္ဈင်(၇)ပါးကို ပွါးစေ၍ အာယုကပ်ပတ်လုံးသော်ငင်း၊ထိုထက်လွန်သော်ငင်းတည်လိုသော် တည်ရာ၏။ ထိုနည်းလည်းကောင်း ငါသည်လည်း တည်နိုင်ပေသည်ဟူ၍ ငါမိန့်သောစကားကို သင် ယုံကြည်၏လော။

ဖြေ။ လို့ဟ်လဲ့စွာ ယုံကြည်ကြောင်းပါဘုရား။

မေး။ ချစ်သားအာနန္ဒာ၊ ယင်းသို့ ယုံကြည်ပါလျက်နှင့် ထိုအကြောင်းကို အရိပ်အမြွက်စကား ငါမိန့်ကြားတော်မူခဲ့သော အခါတုန်းကသင် ငါ့ကို တောင်းပန်ခြင်းမပြုခဲ့။ယင်းသို့မတောင်း ပန်ခြင်းကား သင်၏ချို့ယွင်းချက်၊ သင်၏ဘာဝနာသာ ဖြစ်သတည်း။ အကယ်၍သာ ထိုစဉ်အခါက သင်တောင်းပန်သမှု ပြုခဲ့ပါ ချေသော် ငါသည် သင့်စကားကို နှစ်ကြိမ်အထိ ပယ်သော် ပယ်မိ ရာ၏။ သုံးကြိမ်ခန့်မြောက်လျှောက်ဘိမူကား မပယ်လေရာ။လို့ဟ်နာ ၍ သင့်ဆန္ဒအတိုင်း အားယုကပ်ပတ်လုံး ငါ တည်နေသည် ဖြစ်ရာ၏။

အို ချစ်သားအာနန္ဒာ၊ ယခုမှ နောင်ဘတဖန် ပူဇော်ခြင်း ဖြစ်မနေလင့်တော့။ ဟို ဂိဇ္ဈကူဋ်ခေတောင်ယံ၌ စံနေတုန်းကလည်း ဇကြိမ် သင့်ကို ငါ အရိပ်အမြွက် ပြောခဲ့ဘူးပေ၏၊ သင်စဉ်းစား လျှင် ယခုကြားရဘိ သကဲ့သို့ ရှိခဲ့မှီမည်။ ချစ်သားအာနန္ဒာ၊ ရာဇဂြိုဟ်ပြည်သည် နှစ်လိုဘွယ်ကောင်းလှ၏။ ဤဂိဇ္ဈကူဋ်တောင် သည်လည်း သူတော်ကောင်းတို့ ထာဝစဉ် ကိန်းအောင်းခြင်းငှာ လျော်ကန်လျောက်ပတ်လှ၏။ ဤရာဇဂြိုဟ်ပြည်သူပြည်သားတို့ လည်း မိစ္ဆာဒိဋ္ဌိတရား မျှားသေး၏ စဒေသာအားဖြင့် အမြွက်စကား သင့်ကိုငါ့ပြောခဲ့ဘူးသည် မဟုတ်ပါလော။

ဖြေ။ မှန်လှပါဘုရား။

မေး။ ချစ်သား၊ ထိုစဉ်တုန်းကဘည်းက ငါ့အား သင် တောင်းပန်ခဲ့မူကား တကြိမ် နှစ်ကြိမ်သာ ငါပယ်မိရာ၏။သုံးကြိမ် မြောက်လျှောက်ခဲ့သော် ငါပယ်နိုင်တော့မည်မဟုတ်။ သင့်ဆန္ဒ

အတိုင်းသာ ဖြစ်ရလတံ့။ ထိုစဉ်အခါက သင်မတောင်းပန်ခြင်းသည် သင်၏ခွိုင်ယုင်းမှုသာတည်း။

အို ချစ်သားအာနန္ဒာ၊ သင်လည်း စဉ်းစားပါဘိ။ အသက်ဟူသော အကြောင်းကြောင့်(ဝါ) သက်ဇိုးရှည်ကြာစွာ နေလိုမှုကို အကြောင်းပြု ဦးတည်လျက် "မာရ်နတ်အား ပြောခဲ့ပြီးသော ငါ့စကားကို တဖန်ပြန်၍ ပယ်ခြင်း၊ ပြင်ခြင်းကား လားလားမျှ မသင့်၊ အခွင့်မဟုတ်လေပြီ။

(ထိုအခါ အရှင်အာနန္ဒာ၌ ပြင်းစွာသော သံဝေဂသည် ဖြစ်လာ၏။)

အို ချစ်သားအာနန္ဒာ၊ငါတို့မဟာဝန ကုဋုမ္ဗာဂါရသို့သွားကြကုန်အံ့ဟု ခေါ်၍ မြတ်ဘုရားက ရွှေကြွ၍ အရှင် အာနန္ဒာက နောက်တော်မှ ညှိုးငယ်စွာ လိုက်သွား၏။ ရောက်လျှင် သံဃာ့အစည်းအဝေးကို အလျင်အမြန် ခေါ်စေပြီးနောက် ယင်းသံဃာ့အစည်းအဝေး၌ ရဟန်းတို့အား သြဝါဒ မိန့်ခွန်းစကားမြွက်ကြားတော် မူလေသည်ကား—

"အို ချစ်သားတို့၊ သင်တို့၏ အကျိုးစီးပွားအလို့ငှာ သုတ်အာဘ်ဓမ္မာ ဝိနည်းဟု ဆိုအပ်သောတရားမြတ်တို့ကို ငါဟော အပ်ကုန်ပြီ။ ထိုဘရားတို့ကို သင်တို့ မြဲမြံစွာ သင်ကြားကြကုန်။ အဖန်တလဲလဲ ပွားများ အားထုတ်ကြလေကုန်။ ဤသို့လေ့လာသင်ကြား ပွားများအားထုတ်မှု ပြုကြသည်ရှိသော် သာသနာသည် အခွန့်ရှည်ကြာ ထွန်းပလျက် သီသာနုသိသာ အဆက်မပြတ် လူ နတ်တို့အဘို့ အကျိုးစီးပွားထွန်းကားခြင်းငှာ ဖြစ်ပေရာ၏။

ဧပေယ်ျဒွိးစားဝေ

အို ချစ်သားတို့၊ အဓိန္ဒ္ဓရည်ကြာစ္စာ သာသနာ တည်ထွန်းခြင်း၏ အကြောင်းကား သတိပဋ္ဌာန် လေးပါး၊ သမ္မပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါး၊ ဤတရားအစုပင် တည်း။ ၎င်းတရား အစုတို့ကိုလည်း အထူးထူးသော ပရိယာယ်စကား တို့ဖြင့် သင်တို့အား ငါဟောကြား အပ်ပြီးပင် ဖြစ်ကုန်၏။ ငါဟောကြား အပ်ခဲ့သမျှသော တရားတို့ကို နှလုံးသွင်းကာ သင်္ခါရတရားတို့၏ ဖြစ်ပျက်မှုကို ထင်မြင်အောင် ရှုရစ်ကြကုန်လော့။ ငါတမူကား ဤလမှ နောက်သုံးလ လွန်မြောက်လျှင် ပရိနိဗ္ဗာန် ပြုတော့အံ့။”

(မှတ်ချက်။ သုတ်မဟာဝဂ်ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်မှ)

သင်္ကာယဒိဋ္ဌိ

ပြဿနာ=ငါ-ငါဟူသော အာတ္တစွဲများ။

မေးလျှောက်သူ=အညတရဘိက္ခု။

သာသနာတွင်း၌ ဝိသာခါသည် အလှနဲ့ နာမည်ကြီးသော ကျောင်းအမကြီး ဖြစ်လေသည်။ ဝိသာခါကိုယ်တိုင် မိမိပိုင် ပန်းဥယျာဉ်ခြံမြေကို သုတ် သင် ရှင်း လင်းပြီး ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်ကို အကြောင်းပြု၍ 'ပုဗ္ဗရုံ' ဟူ၍ အမည်တွင်သော ကျောင်းတော်ကြီးသည်လည်း ဗုဒ္ဓ လက်ထက်တော်၌ ဝိသာခါကဲ့သို့ပင် အထူးထင်ပေါ် ကျော်စော ခဲ့သော ကျောင်းတော်ဝိဟာ ဖြစ်လေသည်။

မြတ်စွာဘုရားသည် အခါဘပါးတွင် ထိုပုဗ္ဗာရုံ ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူ၏။ ထိုအခါ အမျိုးအမည် အားဖြင့် ထင်ရှားခြင်းမရှိလှသော အညတရ ရဟန်းတပါးသည် ဘုရားသခင်၏ အထံတော်သို့ ချဉ်းကပ်လာပြီးလျှင် မိမိစိတ်၌ မရှင်းမရှင်းဖြစ်နေသောသင်္ကာယဒိဋ္ဌိပြဿနာတခုကိုမေးလျှောက်ခြင်း ပြုလေ၏။

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤလောက၌ ငါကိုယ်၊ ငါဟာ၊ ငါဥစ္စာဟူ၍၎င်း၊ သူကိုယ်၊ သူဟာ၊ သူဥစ္စာ

ဟူ၍ဂုဏ်း ဤသို့အစရှိသောအားဖြင့် ငါ-ငါဟူသော သက္ကာယဒိဋ္ဌိအစဲ့အလမ်းများသည် ဖြစ်ရှိနေပါ၏။ ထိုသက္ကာယဒိဋ္ဌိကား အဘယ်ကဲ့သို့သော စဲ့ယူခြင်းကြောင့် ဖြစ်ရ ပါသနည်းဟု မေးလျှောက်လေ၏။

ဖြေ။ နာဒလော့ချစ်တပည့်၊ ဤလောက၌ တရားမမှ ကို ကြားဘူးနားဝမရှိ၊ အကြားအမြင်ဗဟုသုတ ခေါင်းပါးလှသော အကြင်ပုထုဇဉ် သတ္တဝါသည်—

(၁) အရိယာနံ အဒဿာဝီ = ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်တို့ကို ပညာစက္ခုဖြင့် မရှု၊မမြင်။

(၂) အရိယမမ္မဿ အကောဝိဒေါ = အရိယာ အဖြစ်သို့ ရောက်စေတတ်သော အရိယာ ဖြစ်ကြောင်းတရား၌ လိမ္မာကျွမ်းကျင်ခြင်း မရှိ။

(၃) အရိယဓမ္မေ အဝိနီတော = အရိယာ ဖြစ်ကြောင်း တရား၌ ငါးပါးသော သံဝရဝိနည်း၊ ငါးပါးသော ပဟာန ဝိနည်းတို့ဖြင့် ပယ်အပ်သည်ကိုလည်း မပယ်နိုင်၊ စွန့်ထိုက်သည် ကိုလည်း မစွန့်နိုင်၊ ဖျောက် သင့် သည်ကို လည်း မဖျောက် နိုင်လေ။

(၄) သပ္ပုရိသာနံ အဒဿာဝီ = သူတော်ကောင်းတို့ကို ညာဏ်စက္ခုဖြင့် မြင်အောင် မရှု၊ မမြင်။

(၅) သပ္ပုရိသဓမ္မဿ အကောဝိဒေါ = သူတော်ကောင်း အဖြစ်သို့ ရောက်စေတတ်သော ယထာဘူတညာဏ် အစရှိသည့် တရားဓမ္မ၌ လိမ္မာမှု မရှိ။

(၆) သပ္ပုရိသဓမ္မေ အဝိနိကော = သူတော်ကောင်းဖြစ်ကြောင်း တရားဓမ္မ၌ ပယ်အပ်၊ ပယ်သင့်၊ပယ်ထိုက်၊စွန့်အပ်၊ စွန့်သင့်၊စွန့်ထိုက်သည်တို့ကို မပယ်နှိုင်၊မစွန့်နှိုင်၊မဝေပျောက်နှိုင်လေ။

ထိုပုထုဇဉ်ဖြစ်သော သတ္တဝါသည်-

(၁) ရုပ်တရားအစုကို "ငါ-ငါ" ဟူ၍ အတ္တအားဖြင့် စွဲလမ်းစွာ ရှု၏။ (၂) ရုပ် ရှိသည်လည်းဖြစ်သော ဝေဒနာ၊ သညာ သင်္ခါရ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါး တည်းဟူသော မိမိကိုယ်ကို "ငါ-ငါ" ဟူ၍ အတ္တအားဖြင့် စွဲလမ်းစွာရှု၏။(၃)နာမ်ခန္ဓာလေးပါးတည်းဟူသော မိမိကိုယ်၌ လည်း ရုပ်ဝတ္ထုအစုကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၄) ရုပ်ဝတ္ထု၌လည်း နာမ်ခန္ဓာလေးပါးကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။

(၁) ဝေဒနက္ခန္ဓာကို "ငါ-ငါ"ဟူ၍ အတ္တစွဲဖြင့် ရှု၏။ (၂) ဝေဒနာခံစားမှု ရှိသည်လည်းဖြစ်သော ရုပ်၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်ခန္ဓာ လေးပါးတည်း ဟူသော ကိုယ်ကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၃)နာမ်ခန္ဓာလေးပါးတည်းဟူသော ကိုယ်၌လည်း ဝေဒနာကို "ငါ-ငါ"ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၄) ဝေဒနာ၌လည်း နာမ်ခန္ဓာလေးပါ တည်းဟူသော ကိုယ်ကို "ငါ-ငါ"ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။

(၁) သညာစေတသိက်=သညက္ခန္ဓာကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။ (၂) သညာ ရှိသည်လည်းဖြစ်သော ရုပ်၊

ဝေဒနာ၊ သခ်ၤါရ၊ ဝိညာဏ်ဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါး တည်းဟူသော ကိုယ်ကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၃) နာမ်ခန္ဓာလေးပါး တည်းဟူသော ကိုယ်၌လည်း သညာကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၄) သညာ၌လည်း နာမ်ခန္ဓာလေးပါးကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။

(၁) ဝေဒနာ၊ သညာမှတပါးကုန်သော စေတသိက် ငါးဆယ်ဟူကုန်သော သခ်ၤါရတရားတို့ကို "ငါ-ငါ"ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။ (၂) သခ်ၤါရရှိသည်လည်းဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ ဝိညာဏ်ဟု ဆိုအပ်သော (ခန္ဓာလေးပါး တည်းဟူသော)ကိုယ်ကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။ (၃)နာမ်ခန္ဓာလေးပါးတည်းဟူသော အတ္တ၌လည်း သခ်ၤါရကို သခ်ၤါရတို့ကို "ငါ-ငါ"ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၄) သခ်ၤါရ၌လည်း နာမ်ခန္ဓာလေးပါး တည်းဟူသော ရုပ်၊ ဝေဒနာ၊ သညာ၊ ဝိညာဏ်ကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။

(၁) စိတ်တခုယုတ်ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏ်= ဝိညာဏကခန္ဓာကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၂)ဝိညာဏ်ရှိသည်လည်း ဖြစ်သော နာမ်ခန္ဓာလေးပါး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သခ်ၤါရတည်းဟူသောအတ္တကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့်ရှု၏။ (၃) နာမ်ခန္ဓာလေးပါး တည်းဟူသော အတ္တ၌လည်း ဝိညာဏ်ကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။ (၄) ဝိညာဏ်၌လည်း နာမ်ခန္ဓာလေးပါးတည်းဟူသော ရုပ်၊ ဝေဒနာ၊ သညာ၊ သခ်ၤါရကို "ငါ-ငါ" ဟူ၍ အတ္တစွဲအားဖြင့် ရှု၏။

အို ချစ်တပည့်၊ စင်စစ်သော်ကား ကျွှိသို့ စိတ်၊ စေတသိက်၊ ရုပ် ဟူသော ပရမတ္ထတရား ခန္ဓာငါးပါးတို့ကို "ငါ-ငါ" ၏ကိုယ် ဟူ၍ စွဲမှတ်ထင်သော အခြင်းအရာသည် သက္ကာယဒိဋ္ဌိ မည်သတည်း။ စိတ်၊ စေတသိက်၊ ရုပ်ဟူသော ပရမတ္ထတရား သုံးပါးကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါးဟူ၍ စွဲလမ်းခြင်းကို သက္ကာယဒိဋ္ဌိဟု ဆိုခြင်း ဖြစ်သတည်း။

လယ်သမားဘုရား

ပြဿနာ=တောင်းရွာ စားသောက်မှု။

မေးလျှောက်သူ=ဘာရဒ္ဒါဇပုဏ္ဏား။

ရဟန်း သံဃာတော်များအား အရေးမစိုက်သူ၊ မထေမဲ့မြင် ပြုသူ၊ ဆန်ကုန်မြေလေး ပိတ်ဖြုန်းသူ၊ အလုပ်မလုပ်ဘဲ သူများ၏ လုပ်စာကို အမြိန့်သား ထိုင်စားနေသူဟူ၍ အထင်ရှိနေသူများသည် ယခုခေတ်၌သာ ရှိသည် မဟုတ်။ ဘုရားလက်ထက်တော် ကပင် အထင်အရှား ရှိခဲ့သည်။

အလုပ်လုပ်ရမှာ ပျင်းမသောကြောင့်၊ သို့မဟုတ်ပင်ပင်ပန်းပန်း လုပ်ကိုင်ရမှာ ကြောက်သောကြောင့် ဘာအလုပ်မှ မလုပ်သူ၊ လူညှဉ်းဆဲသူဟု ရဟန်းသံဃာတို့ကို စွပ်စွဲရဲသူများ ရှေးကတည်းက ပေါ်ခဲ့သည်။

ထိုသို့ သံဃာ့ဂုဏ်ကို ပုတ်ခတ် စွပ်စွဲသူကား လယ်သမားတယောက် ဖြစ်၏။ လယ်သမားဆိုသော်လည်း လယ်ပေါင်းများစွာကို ပိုင်သော လယ်ပိုင်ရှင် ဖြစ်လေသည်။ လယ်ကို ကိုယ်တိုင်လည်း လုပ်သည်။ စာရင်းငှားလည်း ချသည်။ ထိုသူ၏ အမည်ကား ဘာရဒ္ဒါဇ တွင်သတည်း။

ဘာရဒ္ဒါဇသည် ပုဏ္ဏားလူမျိုး ဖြစ်၏။ ရာဇဂြိုဟ်မြို့တော်၏ တောင်ဘက် သုံးဂါဝုတ် (ကိုးမိုင် သာသာ)ဝေးသော 'နာဠ' ရွာသား‌တည်း။ မြို့၏ တောင်မျက်နှာဦးတည်ရှိသည်ကို အကြောင်း ပြု၍ ဒက္ခိဏာဂိရိဟူ၍ အမည်တွင်သော ကျောင်းကြီးတကျောင်း ထိုရွာ၌ ရှိ၏။

အဆိုပါ နာဠရွာ၌ နေထိုင်ကြသူ ဗုဒ္ဓဘာသာ ပုဏ္ဏားများ၏ ပင့်လျှောက်တောင်းပန်ချက်အရ မြတ်စွာဘုရားသည် ထိုနာဠရွာ ဒက္ခိဏာဂိရိကျောင်းသို့ ကြွလာတော်မူသော နှစ်ကဖြစ်၏။

လယ်သမားကြီး ဘာရဒ္ဒါဇပုဏ္ဏားသည် မိမိပိုင်လယ်ကွင်း၌ ထွန်တုံးပေါင်းငါးရာ၊ နွားကောင်ရေပေါင်း သုံးထောင်တို့ဖြင့် အကြီးအကျယ် လယ်ထွန် မင်္ဂလာပွဲကြီး ပြုလုပ် ကျင်းပ နေ၏။

ထိုပွဲကား အဘယ်မျှ ကြီးကျယ်သနည်းဆိုသော် လယ်ထွန် ယောကျ်ား ထွန်းတုံးပေါက လူများကို မဆိုထား‌ဘိ နွား သုံးထောင်တို့၏ ကိုယ်၌ အဆန်းတကြယ် ခြယ်လှယ် ဆင်သ ထား၏။အချို့နွားများ၏ ကိုယ်တွင် ဝတ်လုံအညိုကြီးကို ခြုံလွှမ်း သည်။ အချို့ကိုအနီ၊ အချို့ကိုအပြာရောင်၊ အချို့ကိုအစိမ်းရောင် ကတ္တီပါ ဖဲပြောင်ဝတ်လုံကြီးများ ခြုံပေး‌ထား‌သည်။နွားချို့တို့၌ ရွှေကတော့စပ်သည်။ ရွှေကြယ် ငွေကြယ်စီသော ကတ္တီပါကြီး များဖြင့် ပါးသိုင်း နားသိုင်း ထည့်သည်။ နွားတို့၏ ခွါ လေးဘက်၌ ငွေပြားခတ်၍ ဝတ်ပေး‌ထား‌သည်။ နွားတိုင်း နွားတိုင်း၌ အရောင်ငါးပါး၊ ပန်းငါးမျိုးပါသော ပန်းကုံးကြီး များစွပ်ပြီး ခြုံကုံးကြီးများကိုလည်း နွားကိုယ်စီ ဆွဲပေး‌ထား သည်။

အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း၊ အတီးအမှုတ် အကအခုန် မျိုးစုံလည်း ပါသောကြောင့် လယ်ကွင်းယံတခို ပွဲခြိမ့်ခြိမ့်နှင့် အလွန်စိုပြေနေ၏။

လယ်ထွန်မင်္ဂလာအဖွင့် အစီအစဉ်ကား ဤသို့တည်း။ နွားချစ်ကောင်ကသော ထွန်ကြီးကို ဆယ်ရှဉ်းတသုတ် ရွှေကထွက်စေသည်။ သည့်နောက်မှ နွားလေးကောင်၊ နွားနှစ်ကောင်ကသော ထွန်ငယ်များကို ခြုံရုံ၍ လိုက်စေသည်။

လယ်ပိုင်ရှင် ဘာရဒ္ဒါဇပုဏ္ဏား၏ ဆင်ယင် ထုံးဖဲ့မှုကလည်း ဝင့်ကြွား လှပါဘိသည်။ တီးသံ မှုတ်သံများ အကြွားတွင် ဘာရဒ္ဒါဇပုဏ္ဏားကား အသပြာငါးရာတန် ပုဆိုးကို ဝတ်ပြီး လျှင် တထောင်တန် စုလျားတဘက်ကို စလွယ် သိုင်းထား သည်။ နားဥ် ကျောက်နီပတ္တမြား နားကပ်ပန်၍ ဦးခေါင်းဥ မကိုင် ဆောင်းထားသည်။ ကျောက်စိလက်ကျပ်၊ လက်စွပ် ဒဋ္ဌါဒရာရတနာခါးကြိုးဖြင့်ပိုးပိုးပြက်ပြက် ဆင်မြန်းကာလက်ဝဲ လက်ျာ ပုဏ္ဏား လုင်ပျိုများ ခြုံရုံလျက် လယ်ကန်သင်းထက်မှ ရှုစားနေ၏။

ချစ်မြိုးသော သူ၏ဇနီး ပုဏ္ဏားမကား လက်အောက် ငယ်သား အခြေအရုံများနှင့် ပရိသတ်ကို ကျွေးမွေးညှဉ်ခံလျက် ရှိနေသည်။ နို့ထမင်း၊ ပျားတင်လဲ၊ ထောပတ်၊ ကြွေက်တတ်သော အစာကို စားသုံးတော်မူပါဟု ချိုသာသောနှုတ်ခွန်းဖြင့် ရှန်းရှန်း ဝဲလျက် ရှိနေသည်။

ထိုအချိန်ဥ မြတ်စွာဘုရားသည် ဘာရဒ္ဒါဇပုဏ္ဏား၏ အသိ ညာဏ် ရင့်ကျက်ခွင့်ကိုမြင်တော်မူသဖြင့် နောက်ပါရဟန်းတပါး မျှ မခေါ်ဘဲ ကိုယ်တော်တပါးတည်း သပိတ်ပိုက်ကာ ထိုလယ်ထွန်

မင်္ဂလာ ပြုရာသို့ ကြွတော်မူပြီး ဘာရဒွါဇအနီး၌ ရပ်တော်မူလေ၏။

ထိုအခါ လယ်ထွန်မင်္ဂလာ၌ အာရုံစွဲနေသော ဘာရဒွါဇ ပုဏ္ဏားသည် ဗုဒ္ဓရပ်လှာသည်ကို မြင်သော် မျက်နှာပျက်သွားလေသည်။ အလိုက်ကန်းဆိုးမသိတတ်သူ၊ အလုပ်ကို လာရောက်နှောင့်ရှက်သူ "ကမ္မန္တရာယ်"ဟု ယူဆကာ ဗုဒ္ဓ၏ လာခြင်းကို မကျေနပ်သွားရုံမက စိတ်ထဲက ရှုတ်ချ မိလေသည်မှာ-

"ဤသူမြတ်သည် လူရပ်လူရွာ၌နေ၍ လယ်လုပ်ကုန်သွယ်ရောင်းဝယ်ခြင်း စသည်ဖြင့် ငါကဲ့သို့လုပ်ကိုင်ဘိမူကား ဤဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် ဘယ်သူမျှ မယှဉ်နိုင်သော လူတို့ ဥဿျင်အဓေါင်အဖျား ဖြစ်နိုင်၏။ သို့ပါလျက် ဤသူကား လူပျက်လူပျင်း၊ မစွမ်းမသန်သူတို့၏ ဓလေ့ဖြင့် ရသေ့ရဟန်း ပြုလျှင် ဘုန်းကြက်သရေ ခြွေရှေစည်းစိမ် ကင်းလျက် စားရန် ထမင်းကိုမျှ တောင်းလာရသည် တကား။ လူဖြစ် ရှုံးလေစ့"ဤသို့ အမြင်တိုသော အမြင်ဖြင့် ဘုရားကို မြင်လေသည်။ အလုပ်လုပ်ရမှာကိုပျင်း၍ တောင်းစားနေသည်ဟု ထင်လေသည့်အလျောက် ခပ်စွာစွာပင် ဘာရဒွါဇက ဗုဒ္ဓကို ပုတ်ခတ်၍ ခပ်နှိပ်နှိပ် ဆိုလေ၏။

ဖေး။ ပျိုထွားသက်ရွယ်နှင့် ရှုချင့်ဘွယ် ကောင်းလှသော ဘို ရဟန်း၊ အကျန်ုပ်တို့ကား အရှင်ကဲ့သို့ နှစ်မြို့စလောက် လုခဓေါင် ရောက်သော၊ ခြောက်သွယ် ရောင်ဝါ၊ လက္ခဏာကြီးငယ်၊ အံ့ချီးဘွယ်တို့နှင့် တင့်တယ်ပြည့်စုံသည်ကား မဟုတ်ပါလေကုန်။ သို့သော်ကျန်ုပ်တို့ကား လူယောကျ်ား ပြီးသကြားကုန်၏။ လူတို့ ကမ္မစာရိတ္တဥ္ဇလုံလကြိုးကုတ် အားထုတ်လုပ်

ကိုင်မှု ရှိကြသဖြင့် စည်းစိမ်ဘဝဖြင့် လှလှပပ နေထိုင်နိုင်ကြပါ၏ တုံသေး၏။ အရှင်ကဲ့သို့သော သူသည် အကျန်ုပ်တို့ကဲ့သို့ ယောကျ်ားပြိသစ္ဝာ အားထုတ်လုပ်ကိုင်ဘိမူကား အဘယ်မှာလျှင် မကြီးပွားဘဲ ရှိပါမည်နည်း။လူဆိုစလောက် လျှမ်းလျှမ်းတောက် ကြီးပွားနိုင်သူပါပေ။

အို ရဟန်း၊ ယင်းသို့ မပေါ့မပျင်း၊ လူချင်း တူအောင်၊ ကြံဆောင်ကြိုးကုတ်၊ စွမ်းအားထုတ် လုပ်ကိုင် ကောင်းပါလျက် အရှင်ကား သူတောင်းစားတို့၏အလေ့ တောင်းရမ်းစားသောက် ခြင်း၌ အဘယ့်ကြောင့် ပျော်မွေ့နေပါသနည်း။ သနားဘွယ် ကောင်းလေစွ။ ယောကျ်ားရင့်မကြီး ဖြစ်လျက်နှင့် ခွက်လက် စွဲ၍ တောင်းစားနေသည်မှာ ရှက်ဘွယ် ကောင်းလေစွ။

ဖြေ။ အို ဘာရဒ္ဒါဇ၊ လယ်ထွန်ခြင်းကိစ္စကို သင်သာ လျှင် ပြုရသည် မဟုတ်ပါဘး ကား၊ ငါလည်း ပြုလျက်ပင်ရှိပေ၏။ ဝိမုတ္တိဖလ = ဝင်္ဂမှ လွတ်မြောက်ခြင်းကို ရခြင်း၏ အကြောင်း ဖြစ်သော ကောင်းသောလယ်ကွက်ကို ငါသည်လည်း လုပ်ကိုင် နေလျက်ပါ ပုဏ္ဏား။

မေး။ အို ရဟန်းဂေါတမ၊ ငါသည်လည်း လယ်လုပ် လျက်ပင်ဟု အသင်ဆိုကား ဆိုပေ၏။သို့သော် အသင့် လယ်ကို လည်း ကျန်ုပ်မမြင်ရ၊ မတွေ့ရ။ လယ်သမားတို့၏ ပစ္စည်း ကိရိယာ တန်ဆာပလာဖြစ်သော ထွန်သံ၊ ထွန်သွား၊ ကျဲ၊ နွား၊ လူသူ၊ ကူပံ့သမှု ပြုကြသည်ကိုလည်း မမြင်ပါတကား သို့ပါလျက်နှင့် ဘယ့်အတွက် အသင် မုသား ဆိုဘိသနည်း။

ဖြေ။ အို ဘာရဒ္ဒါဇ၊ ငါသည် ပါတိမောက္ခသံဝရ[၁] တည်းဟူသော လယ်၊ ကွန္ဒြိယသံဝရ[၂] တည်းဟူသော လယ်၊ အာဇီဝပါရိသုဒ္ဓိ[၃] တည်းဟူသော လယ်၊ပစ္စယသန္နိဿိတသီလ[၄] တည်းဟူသောလယ်ပြင်ကို တီထွင်ထွန်ယက်၍ ယက်၍ ထက်သန်သော သဒ္ဓါမျိုးစေ့ကို စိုက်ပျိုးကြဲချသဖြင့် သမထ ဝိပဿနာ ဟူသောရသကို ငါ နေ့ည့ပွါးလျက် နေ၏။ အရိယာမဂ်ဖိုလ် တည်းဟူသောအသီးကို ပြီးစီးရင့်မာစေသတည်း။

အို ဘာရဒ္ဒါဇ၊ သမ္မာသတိ၊ သမ္မာသမာဓိသည် ထွန်တုံး၊ ထွန်သွားနှင့် အလားတူ၏။ သမ္မာသက်ပွ၊ သမ္မာဝါယမသည် နွားများနှင့် အလားတူပေ၏။ သမ္မာဒိဋ္ဌိစသည်တို့သည် နှင်တံနှင့် တူကုန်၏။

အို ဘာရဒ္ဒါဇ၊ ငါသည် သမ္မာသတိ၊ သမ္မာသမာဓိထွန်တုံး၊ ထွန်သွားဝယ် သမ္မာသက်ပွ၊သမ္မာဝါယမ တည်းဟူသောနွားကို ကလျက် သမ္မာဒိဋ္ဌိစသော နှင်တံများဖြင့် အဖန်ဖန် ထွန်ယက်နေသူ ဖြစ်ရကား ငါသည်လည်း တရားလယ်သမားကြီး ဖြစ်၏။ ထို့ကြောင့် ငါ့ကိုယ်ငါ လယ်သမားဟူဆိုခြင်းဖြစ်သတည်း။

၁။ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ် စေတတ်သော သီလ တရာစု အာပတ် ၇ ပုံ။

၂။ စက္ခုစသော ဣန္ဒြေခြောက်ပါးကို စောင်စည်းလုံခြုံစေမှု။

၃။ ထက်ဝန်းကျင်မှ စင်ကြယ်သော အသက်မွေး ဝမ်းကျောင်းမှု။

၄။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး၌ ကောင်းစွာစင်ကြယ်သဖြင့် မှီယူသုံးဆောင်မှု။

မြတ်စွာဘုရား၏အဖြေကိုကြားရလေသော် ဘာရဒ္ဒါဇပုဏ္ဏားသည် ပါရမီဉာဏ်ရင့်သန်သူ ဖြစ်သည့်အလျောက် တထွာပြတတောင် မြင်လာသည်။ သစ္စာ လေးပါးကို မြင်တတ်သော သောတာပဲတ္တိဖိုလ်သို့ ရောက်သွား၏။

အသိဉာဏ် ရင့်သန်သော ပုဏ္ဏားသည် ဤမျှသောတရားကို ဟောကာမျှဖြင့်ပင်လျှင်မြတ်စွာဘုရား၏ အပေါ်၌ "ခွက်လက်စုံ၍ တောင်းစားနေသူ" ဟူသောအမြင် ကွယ်ပသွားကာ အမှားကို ဝန်ခံလျက် ဘုရားထံ၌ သရဏဂုံယူပြီးလျှင် ပစ္စည်းလေးပါး ဒါယကာခံ၍ ဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်လေ၏။ ဘာရဒ္ဒါဇ ပုဏ္ဏား၏ လျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားသည် ၁၁-ဝါမြောက်ဝါကို အဆိုပါနာဠန္ဒရွာ၊ ဒက္ခိဏာဂိရိကျောင်း၌ ဝါကပ်တော်မူသတည်း။

အစွဲပျောက်ကင်းနည်း

ပြဿနာ= တပ်မက်ခြင်း။

မေးလျှောက်သူ=ရဟန်းတပါး။

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းတို့အား အတ္တစွဲမထား ကြဘို့ တပ်ခြင်းကင်းကြောင်းတရားကို ဖောင်ကိုဥပမာတင်စား၍ ဟောကြားတော်မူ၏။

လူတယောက်သည် ခရီးသွားလေ၏။ လမ်း၌ မြစ်ကြီးတခု ခံနေ၍ ခက်နေသည်။ ထိုအခါ ထိုသူသည် တဖက်ကမ်းသို့ ရောက်ရှိရေးအတွက် ဖောင်တခုကိုဖွဲ့၍ ကူး၏။ ကမ်းတဖက်သို့ ရောက်သွားလေပြီ။

တဖက်ကမ်းသို့ ရောက်သွားလေသောအခါ 'ဤဖောင်သည် ငါ့အား ကျေးဇူးများလှပေသည်'ဟူ၍ ထိုသူသည် ဖောင်ကို ခေါင်းပေါ်တင်၍ ရွက်ထားခဲ့သော် ဖောင်၌ ပြုဘွယ်ကိစ္စကို ပြုသည် မမည်။ ထိုဖောင်ကို ကုန်းပေါ်၌ ဆယ်တင်ထားခဲ့ခြင်း၊ သို့မဟုတ် ရေ၌ မျောခြင်း ပြုလုပ်သော်သာ ပြုသင့်သောကိစ္စကို ပြုသည် မည်၏ဟု ဟောတော်မူပြီးလျှင်-

အို ရဟန်းတို့၊ ဤအတူပင် ငါသည် ဖောင်ဥပမာကို ဟော တော်မူ၏။ ထွက်မြောက်ဘို့သာ ဖြစ်သည်။ စွဲယူဘို့ မဟုတ်။

ရဟန်းတို့၊ ဖောင်ဥပမာတရားကို သိရသော သင်တို့သည် တရားတို့ကိုပင် စွန့်ပယ်ကြရကုန်မည်၊ မတရားကိုကား ဆိုဘွယ်မရှိကုန်။

အို ရဟန်းတို့၊ သူတော်ကောင်းတို့၏တရား၌ ဆုံးမယဉ်ကျေးပြီးသော ငါ၏ တပည့်သားတော်သည်ကား ရုပ်၊ နာမ်၊ ဝတ္ထု ၁၈စုစုတို့ကို "ငါ့ဟာ၊ ငါ၊ ငါ့ကိုယ်ဟု အတွေ့အစ်မျှားဖြင့်မကြည့်ရှု၊ ငါ၊ ငါမဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်" ဤသို့ ရှုကြည့်ဆင်ခြင်လျက် တစုံတရာကိုမျှ မတပ်မက်ချေ၊ မစွဲလမ်းချေ။

ဤသို့ ဘောဇဘင်မူလရာ တရားနာနေသော ရဟန်းတပါးက ဤသို့ မေးလျှောက်လေ၏။

မေး။ မြတ်စွာဘုရား၊ အပြင်ပ၌ တစုံတရာ မရှိခဲ့ပါသော် တပ်မက်ခြင်း ဖြစ်ရာပါသလော။

ဖြေ။ ဖြစ်ရာ၏ ရဟန်း။ အို ရဟန်း၊ ဤလောက၌ အချို့သူက "ငါ့မှာ ဖြစ်ပြီးသောအရာသည် မရှိခဲ့၊ ငါ့မှာ ဖြစ်ပေါ်မည့်အရာကို မရှိခဲ့"ဟု တပ်မက်ခြင်း ဖြစ်၏။ ၎င်းအတွက် ထိုသူသည် စိုးရိမ်၏၊ ပူပန်၏၊ ငိုကြွေး၏၊ ရင်ခတ်လက်ဝှေ့မြည်တမ်း၏။ တွေဝေမိန်းမော၏။ ဤသို့အားဖြင့် အပြင်ပန်း တစုံတရာမရှိဘဲ တပ်မက်ခြင်း ဖြစ်၏။

မေး။ အရှင်ဘုရား၊ အပြင်ပ၌ တစုံတရာ မရှိခဲ့ပါသော် မတပ် မမက် ဖြစ်ရာပါသလော။

ဖြေ။ ဖြစ်ရာ၏ ရဟန်း။ အို ရဟန်း၊ အချို့က ငါ့မှာဖြစ်ပြီးအရာသည် မရှိခဲ့၊ ဖြစ်ရမည့်အရာကို မရခဲ့ဟုတပ်မက်ခြင်းမဖြစ်ခဲ့ပါချေ။ ၎င်းသည် မစိုးရိမ်၊ မပူပန်၊ မငိုကြွေး၊ ရင်ခတ်လက်ဝှေ့

မမြည်တမ်း မတွေ့ဝေ၊ မမိန်းမောချေ။ ဤသို့ မတပ်မမက်ခြင်း ဖြစ်ရာ၏။

မေး။ အရှင်ဘုရား၊ အတွင်း၌ တစုံတရာ မရှိခဲ့သော် မတပ်မက်ခြင်း ဖြစ်ရာပါသလော။

ဖြေ။ ဖြစ်ရာ၏ ရဟန်း။ အိုရဟန်း၊ အချို့က ဤသည်ပင်လောက၊ ဤသည်ပင် ကိုယ်၊ ပုဂ္ဂိုလ်၊ သူ၊ ငါ၊ မိန်းမ၊ ယောကျ်ား၊ ဝင်းသည် ဆုမ်းခံ စားအပ်ရာတည်း။ မြဲစွဲ၏။ ပြောင်းလဲမရှိ၊ တည်တန့်၏၊ မပျက်စီး၊ မြဲသကဲ့သို့ တည်း နေ၏။ ဤသို့ အယူအစွဲရှိ၏။ ဝင်းသည် အားလုံးသော အယူအစွဲ၏ ဖြစ်ပွားရာ တည်ရာ ထင်ခြင်း၊ စွဲယူခြင်း၊ ကိန်းနေခြင်းတို့ကို ပယ်ဖျောက်ကြရန် အလို့ငှာဝင်း၊ အားလုံးသော ကိုယ်အစုကို ခွင့်လွှတ်ရန် အလို့ငှာဝင်း၊ တပ်မက်ခြင်း ကုန်ခန်းရေး အလို့ငှာဝင်း၊ တပ်စွန်းကင်းရန် အလို့ငှာဝင်း၊ လက်စသတ် ချုပ်ငြိမ်းရန် အလို့ငှာဝင်း၊ သောကမီးငြိမ်းရန် အလို့ငှာဝင်း ဘုရားကဖြစ်စေ၊ ဘုရား၏ တပည့်က ဖြစ်စေ ဟောညွှန်သည်ကို ကြားသိရသော်—

အို ပြတ်ရအုံးမည် တကား၊ ပျက်ရအုံးမည် တကား၊ မဖြစ်ပွားရတော့အံ့ တကားဟု စိတ်၌ ဖြစ်ပေါ်လေသည်။ ဝင်းသည် စိုးရိမ် ပူဆွေး ငိုခြင်း မြည်တမ်း၏။ တွေ့ဝေ မိန်းမော၏။ ဤသို့ အတွင်း၌ တစုံဘရာမရှိသော် မရှိဘဲလျက်ပင် တပ်မက်ခြင်း ဖြစ်၏။

မေး။ မြတ်စွာဘုရား၊ အတွင်း၌ တစုံတရာ မရှိခဲ့သော် မတပ်မမက် ဖြစ်ရာပါသလော။

ဖြေ။ ဖြစ်ရာ၏ ရဟန်း။ အို ရဟန်း၊ အချို့က ဤသည်ကား လောက၊ ဤသည်သား ကိုယ်၊ ပုဂ္ဂိုလ်၊ သူ၊ ငါ၊ မိန်းမ၊

ယောကျ်ားဟု မစွဲ၊ ခံစားအပ်ရာ ဖြစ်၏၊ မြဲစွဲ၏ စသည် မစွဲ။ ဘုံရားဖြစ်စေ၊ ဘုရားတပည့်ဖြစ်စေ ဤလောက ဆင်းရဲ ကုန်ဆုံးရေး၊ သောကမီး ငြိမ်းရေး တရားဟောကြားသည်ကို ကြားသိရသော် ပြတ်ရတော့မည်၊ ပျက်ရတော့မည် စသည် စသည်အယူအစွဲ မရှိ။ ၎င်းသည် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း တော့ဝေမိန်းမောခြင်း မဖြစ်။

ဤသို့ အတွင်း၌တစုံတရာမရှိသော် တပ်မက်ခြင်း ဖြစ်ရာ၏ဟု ဟော်တော်မူသည်ကို ထိုထိုရဟန်းသည် နှစ်သိမ့်လေ၏။

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသ၊ ကလ္လုပမသုတ္တန်မှ)

အမြတ်ဆုံး

ပြဿနာ=ဥစ္စာ၊ ကျင့်ဆောင်မှု၊ အရသာ၊အသက်ရှင်မှု။

မေးလျှောက်သူ=အာဠာဝကဘီလူး။

အာဠာဝက၊ သူစိလောမ၊ ခရလောမ တို့သည် ဘီလူးကြီးများ၏ အမည်နာမတို့ ဖြစ်ကုန်၏။ ယင်းသုံးမျိုးတို့အနက် အာဠာဝက ဟူသောအမည်နာမပိုင်ရှင် ဘီလူးကား ထူးခြားစွာထင်ရှားသော ဘီလူးကြီး ဖြစ်လေသည်။

အာဠဝီပြည်အနီး ညောင်ပင်ကြီးတပင်၌ နေ၏။ တနေ့သော အခါ ထိုညောင်ပင်သို့ ဘုရားသခင် ရောက်သွားရာမှအစ နိပါတ်တော်များ၌ အာဠာဝကခွတ်ကော်း ဟူသော တခမ်းတနား ကဏ္ဍသစ်တခု ဖွင့်လှစ်ရသည့်အထိ ဖြစ်လာသော အောင်ခြင်း ရှစ်ပါးသမိုင်းဝင် ဘီလူးကြီးဖြစ်၏။

ခက်ထန်လှစွာသော ထိုအာဠာဝကသည် ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ ဩဝါဒကို ခံယူပြီးနောက် အခါတပါးတွင် ဘုရားသခင် ထံသို့ ချဉ်းကပ်လျက် သင့်အပ် လျောက်ပတ်စွာသော နေရာ၌ နေ၍ ရှိခိုးပြီးလျှင် မိမိဝမ်းတွင်း၌ မရှင်းမလင်း ဖြစ်နေသော အောက်ပါပြဿနာကို ဘုရားသခင်အား လျှောက်ထားမေးမြန်းခြင်း ပြုလေ၏။

မေး။ အတိုင်းမသိသော သဗ္ဗညုတဉာဏ်တော်သခင် အရှင်ဘုရား၊ ဤလောကဌ္ဌ စိန်ကျောက် ပုလဲ၊ မျက်ရွဲသန္တာ အစရှိသော လူသုံးပစ္စည်းရတနာတွေ့ များစွာပင် ရှိခဲ့ပါသည်။ မိန်းမယောကျ်ားမဟူ တဦးတယောက်သော လူသားအတွက် အဘယ်မည်သော ရတနာ၊ အဘယ်မည်သော ဥစ္စာမျိုးသည် အဘိုးတန်၍ အမြတ်ဆုံး ဖြစ်ပါသနည်း။ အဘယ်ဥစ္စာကို အမြတ်ဆုံး ဥစ္စာဟူ၍ ဆိုအပ်ပါသနည်း။(ကိုသူဓဝိတ္တံ ပုရိသဿသေဋ္ဌံ)

ဖြေ။ ကောင်းစွဲသော မုတ်သား နာယူလေ့ အာဠာဝက၊ ဤလောကဌ္ဌ ဟူးဟူးငြားငြားသော လူသား၏ အမြတ်ဆုံးဥစ္စာ၊ အဘိုးအတန်ဆုံးသောဥစ္စာကား ၊စိန်ကျောက်ပုလဲလည်းမဟုတ်၊ မျက်ရွဲသန္တာ၊ နီလာစသည်တို့လည်း မဟုတ်ကုန်။ "သဒ္ဓါသည် သာလျှင်"အမြတ်ဆုံးဥစ္စာ ဖြစ်သတည်း။ ဘုရား၊တရား၊ သံဃာတည်းဟူသော ရတနာမြတ်၊ သုံးပါးနတ်ကို၊ ဆည်းကပ်ခိုကိုး၊ မြတ်နိုးတနာ၊ ယုံကြည်ခြင်း "သဒ္ဓါ"ကို အမြတ်ဆုံးဥစ္စာဟူ၍ ငါဆိုပေ၏။(သဒ္ဓိဓဝိတ္တံ ပုရိသဿဓနံသေဋ္ဌံ)

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ နေ့မခြား၊ ရက်မခြား အမြဲတစေအားဖြင့် ပုဂံများအပ်၊ကျင့်ကြံအပ်၊ဆည်းပူးအပ်သည်ရှိသော် အဘယ်မည်သော ကျင့်ဆောင်မှု မျိုးသည် ချမ်းသာခြင်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင် ပါသနည်း။ (ကိုသု သုစိဏ္ဏံသုခမာဝဟတိ)

၁။ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်။

ဖြေ။ အို အာဠာဝကသူတော်ကောင်းတရားကို နေ့ရက်မခြား လက်စွဲထား၍ ပွားများခြင်း၊ ကျင့်ကြံခြင်း၊ ဆည်းပူးခြင်းသည် ကောင်းသော ကျင့်ဆောင်မှု မည်၏။ ယင်း သူတော်ကောင်းတရား ပွားများ၊ ကျင့်ကြံ၊ ဆည်းပူးအပ်သည် ရှိသော် ချမ်းသာခြင်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်၏။ (ဓမ္မပဒ သုစိဏ္ဏော သုခမာဝဟတိ)

မေး။ ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ ချို၊စပ်၊ချဉ်၊ ဖန်၊ခါး၊အငန်ဟူ ခြောက်တန်သောသြဇာ အရသာခြောက်မျိုး ရှိပါ၏။ ယင်းခြောက်မျိုးအနက်တွင် အဘယ်အရသာ၊ အဘယ် သြဇာသည် အကောင်းဆုံး ဖြစ်ပါသနည်း။ (ကိ သု ဟဝေ သာခုတရံ ရသာနံ)

ဖြေ။ အို အာဠာဝက၊ နာလော့။ အရသာအပေါင်းတို့ တွင် မှန်သောစကားကို ဆင့်ခြင်းတည်းဟူသော "သစ္စာ အရသာ" သည် အကောင်းဆုံး ဖြစ်ပေ၏။ (သစ္စံဟဝေ သာခုတရံ ရသာနံ)

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ အသက်ရှည်မှု အစုစုဝယ် အဘယ်မည်သော အသက်ရှည်မှုကို အမြတ်ဆုံးသော အသက်ရှည်ခြင်းဟူ၍ ဆိုကြပါကုန်သနည်း။ (ကထံ ဇီဝိ ဇီဝိတ မာဟု သေဋ္ဌံ)

ဖြေ။ အို အာဠာဝက၊ နာလော့။ အသိအလိမ္မာ၊ ဉာဏ်ပညာဖြင့် ခန္ဓာအစဉ် အသက်ရှင်ရခြင်းကို အမြတ်ဆုံး အသက်ရှင်ခြင်းဟူ၍ သူတော်ကောင်းတို့ ဆိုကုန်၏။ (ပညာဇီဝိ ဇီဝိတ မာဟု သေဋ္ဌံ)

နိဗ္ဗာန်ခရီး ဟန်းဘ ၀ေး

ပြဿနာ=၀ေးသလော့၊ နီးသလော့။

မေးလျှောက်သူ=ရေ၀တနတ်သား၊

ရေ၀တမည်သော နတ်သားသည် ဘုရားထံ၌ တရားနာရဘူး၏။ နိဗ္ဗာန်သည် သန္တိသုခ စင်စစ်အေးချမ်း သာယာလှသည်ဟူသော စကားကို မကြာခဏဆိုသလိုပင် ကြားရသူဖြစ်၏။

တနေ့သ၌ ထိုနတ်သားသည် နိဗ္ဗာန်ကို တွေးကြည့်လေ၏။ နိဗ္ဗာန်သည် အေးချမ်းသာယာလှသည်ဟု ဗုဒ္ဓက ဟောတော်မူ၏။ ထိုနိဗ္ဗာန်သည် အဘယ်သို့ သာယာလေသနည်း၊အဘယ်မျှ အေးချမ်း လေသနည်း ထိုနိဗ္ဗာန်၌ ဘာတွေ ရှိလေသနည်း၊ ဘာတွေပေါလေသနည်း၊ အဘယ်မျှ ပျော်စရာ ကောင်းလေသနည်း။ထိုနိဗ္ဗာန်သို့ ရောက်အောင် အဘယ်လမ်းက သွားလေသနည်း၊ အဘယ်မျှ ခရီးဝေးလေသနည်းဟု တွေးကြည့်သည်။ အဖြေကား ရေးရေးမျှပင် မထင်လေ၊

ထို့ကြောင့် နိဗ္ဗာန်ခရီး အနီးအဝေးနှင့် အဘယ်လမ်းက သွားရသည်ကို သိလိုလှသော ရေ၀တနတ်သားသည် တနေ့သောအခါတွင် ဘုရားအထံတော်သို့ ချဉ်းကပ်ပြီးလျှင် ဤသို့ မေးမြန်း လျှောက်ထားလေ၏။

မေး။ မြတ်စွာဘုရား၊ နိဗ္ဗာန်သည် အဘယ်မျှ ခရီးဝေးပါသနည်း။ ထိုနိဗ္ဗာန်၌ မည်သည့်အရာတွေ ရှိပါသနည်း။ ထိုနိဗ္ဗာန်သို့ သွားလိုသော် အဘယ်လမ်းက သွားရပါသနည်း။

ဖြေ။ ချစ်သားရေဝတ၊ မှတ်သားနာယူလော့။ သင့်အမေးကို ငါဖြေကြားအံ့။

ချစ်သားရေဝတ၊ အကြင်နိဗ္ဗာန်ဟူသော အရပ်သည် ရှိ၏။ ထိုနိဗ္ဗာန် အရပ်၌လည်းမဖြစ်။ အိုလည်းမအို၊ သေလည်းမသေ၊ ရွှေ့လည်းမ့ရွှေ့၊ တဖန်လည်း ပဋိသန္ဓေမနေ၊ လောက လမ်းဆုံး အရပ်တည်း။ ထိုအရပ်သို့ ခြေလျင်၊ကုန်းကြောင်း၊လှည်း၊ရထား တို့ဖြင့်သွားခြင်းဖြင့် သိအပ်၏ ဟူ၍လည်းကောင်း၊ မြင်အပ်၏ ဟူ၍လည်းကောင်း၊ ရောက်အပ်၏ဟူ၍ လည်းကောင်း ငါမဆို၊ ငါမပြော၊ ငါမဟော။

အို ချစ်သားရေဝတ၊ လောကလမ်းဆုံး၊ ခရီးဆုံးဖြစ်သော ထိုနိဗ္ဗာန်သို့ မရောက်လေဘဲလည်း ဆင်းရဲခြင်း ကင်းပြီး၊ ဆင်းရဲခြင်းကင်းအောင် ပြုတတ်သည်ဟူ၍ ငါ မဆို၊ ငါ မပြော၊ ငါ မဟော။

အို ချစ်သားရေဝတ၊ စင်စစ်သော်ကား အရပ်အမောင်းအားဖြင့် တလံမျှလောက်သာရှိသော အမှုတ်သည်၊ စိတ်နှင့်တကွသော ဤကိုယ်ကောင်၌သာလျှင် သစ်္စာရဒုက္ခတည်းဟူသော ပြုပြင် ဖန်တီးမှု ဆင်းရဲလောကကို လည်းကောင်း၊ ယင်းသစ်္စာရ လောက၏ ဖြစ်ကြောင်းကို လည်းကောင်း၊ ယင်း သစ်္စာရ လောက၏ ချုပ်ဆုံးရာ နိဗ္ဗာန်ကို လည်းကောင်း၊ ယင်းနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို လည်းကောင်း ငါ ပညတ်တော်မူ၏၊ သိစေတော်မူ၏။

အို ချစ်သားရေဝတာ၊လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့ ခြေလျင်သွားခြင်းဖြင့်၊ သို့မဟုတ် ဆင်၊ မြင်း၊ ရထား၊ လှည်း၊ လှေစသော ယာဉ်ကိုစီး၍ သွားခြင်းဖြင့် တရံတဆစ်ယောင်၍မျှ မရောက်အပ်၊ မရောက်ကောင်း။

အို ရေဝတနတ်သား၊ လောကအဆုံးဖြစ်သော ထိုနိဗ္ဗာန်သို့ မရောက်ဘဲလျက်လည်း ဆင်းရဲမှ လွတ်မြောက်ခြင်းသည် မရှိ။

အို ရေဝတနတ်သား၊ စင်စစ်သော် နိဗ္ဗာန် ဟူသည်ကား လူတို့ မြိတ်နေဆိုင်ရာ မြို့ပြ ပြည်ရွာ စသည်တို့ကဲ့သို့ တည်ရာဒေသ မရှိလေ။ မရှိသောကြောင့် ရထား၊ မြင်း၊ ဆင်စသော ယာဉ်ဖြင့် လည်းကောင်း၊ လှည်းယာဉ်၊ လှေယာဉ်၊ ခြေလျင်သွားခြင်းဖြင့် လည်းကောင်း သွား၍ ရောက်အပ်သည်၊ ရောက်ကောင်းသည် မဟုတ်။ စင်ကြယ်သော "ဝိသုဒ္ဓိ" ပဋိပတ်၊ မြတ်သော အကျင့်ဖြင့်သာ ရောက်အပ်၏။ ရောက်ကောင်းသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်သာ ကြည့်၍မြင့်နိုင်သည်။ ဆင်းရဲခပ်သိမ်း ငြိမ်းရာဖြစ်သော ထိုနိဗ္ဗာန်ကား ကောန် ရှိသည်သာတည်း။ ဤနိဗ္ဗာန်သို့ မဇရာက်သေးသမျှ ကာလပတ်လုံး ဆင်းရဲဒုက္ခမှကင်းသည် မရှိ။

(သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်မှ)

စပယ်ခြွေးစာပေ

လူသက်တမ်းတိုခြင်း

ပြဿနာ=ရှေးနှင့် ယခု နှိုင်းယှဉ်ချက်။

မေးလျှောက်သူ=ပုဏ္ဏားသူကြွယ်တဦး။

အခါတပါး၌ မြတ်စွာဘုရားသည် အာဠဝီပြည် နွားသွားလမ်းကြောင်းအနီး သဇင်မြို့၌ သစ်ရက် အခင်းပေါ်ဝယ် သီတင်းသုံးနေတော်မူ၏။

ထိုအခါ ပုဏ္ဏား သူကြွယ်တယောက်သည် မြတ်စွာဘုရား ရှိရာသို့ ချဉ်းကပ်လာပြီးလျှင် လျှောက်ပတ်သောနေရာ၌ ထိုင်၍ ဖူးမြော်ကန်တော့လေ၏။ ပြီးလျှင် ရှိခိုး၍ သူစိတ်တွင်း၌ မရှင်းမလင်းဖြစ်နေသော ပြဿနာဖြင့် မြတ်စွာဘုရားအား မေးလျှောက်ခြင်းပြုလေ၏။

မေး။ ဘို အရှင်ဂေါတမ၊ ကမ္ဘာဦးကာလ၌ ယူဇနာပေါင်း တသောင်း ကျယ်ပြန့်သော ဤမြေမှုဒိပ်ကျန်း လောကသည် အဝီစိကဲ့သို့ လူတို့ဖြင့် ပြည့်ကြပ်၊ပြွတ်သိပ်လျက်ရှိပါသတဲ့။ ရွာ၊ နိုဂုံး၊ မင်းနေပြည်တို့သည် ကြက်ပျံမကျ အလှန်စည်ကားလှုပ်ကုန်သတဲ့။ ဤသို့ ရှေးလူကြီးသူမများ ပြောစကားကို ကြားဘူးပါသည်။

အို အရှင်ဂေါတမ၊ ယခု အာကျွန့်ပ်တို့ မျက်မှောက်ကာလ၌ မှုကား လူတွေ့ ကုန်နေပါ၏။ လူဦးရေပါးသော အသင်္ဃာထင်ပါ၏။ ရွာများသည်လည်း တောဖြစ်ကုန်၏။ နိုဂုံးများသည်လည်း နိုဂုံးမဟုတ်၊ မြို့များသည်လည်း မြို့မဟုတ်ဘဲ တောဖြစ်ကုန်ပါပြီ။ အဘယ့်ကြောင့်ပါနည်းဘုရား။

ဖြေ။ အို ပုဏ္ဏား၊ ယနေ့လူတို့သည် ရှေးကမ္ဘာဦးခေတ်ကလူများနှင့် မတူတော့ကုန်။ အဓမ္မရာဂရတ္တာ = မသင့်သော အရာကို အာသာငမ်းငမ်း စဲ့လမ်းမှု ပြင်းစ့ာဖြင့် တပ်ခြင်းဖြစ်လာကုန်၏။ ဝိသမလောဘဘိဘူတာ=လိုသည်ထက်ပို၍ အလွန်အကျံ့လောဘရမ္မက် ကြီးလာကုန်၏။ မိစ္ဆာဓမ္မ ပရေတာ=မှားသောသဘော၊ မမှန်သောအယူအဆ၊ ဖောက်ပြန်သော သုံးသပ်ချက်တို့ဖြင့် တကိုယ်လုံး ဖုံးလာကုန်၏။ ထိုလူတို့သည် ဇီဝိန်ကိုခြွေ၊ သေစေတတ်သော၊ ထက်လွန့်စ့ာသော လက်နက်တို့ကို ကိုင်ကြကုန်ပြီးသော် အချင်းချင်း သတ်ဖြတ်နေကြကုန်၏။ ယင်းသို့သတ်ခြင်းကြောင့် လူပေါင်းများစ့ာဘို့ သေကြ ပျက်စီးကုန်ကြရ၏။ အို ပုဏ္ဏား၊ ဤသို့အချင်းချင်းသတ်၍ သတ္တန္တရကပ်ကြီးဆိုက်ခြင်းသည် လူဦးရေ နည်းပါးခြင်း၊ အသက် တိုခြင်း၏ အကြောင်းရင်းတရပ်ပေတည်း။

အို ပုဏ္ဏား၊ တပါးသောအကြောင်းကို ငါဆိုပေဦးအံ့။ အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ တည်းဟူသော တရားကို အကျင့်ဆိုး၊ ဥာဉ်ဆိုး၊ ဝသီဆိုးတို့ လွှမ်းမိုးလျက်နေသော ယခုခေတ်၊ ယနေ့အခါ၌ လူတို့လုပ်ကိုင်စား သောက်မှု ဖြစ့်မြောက်ရန် အတွက် မိုးသည် ကောင်းစ့ာမရွာ။ မရွာသောကြောင့် ငတ်မွတ်ခြင်း ဘေးသည် ဖြစ်လာ၏။ စိုက်ပျိုးအပ်သောသီးနှံစပါးများ

ညှံဖျင်းခြင်း၊ ပိုးကျခြင်း၊ ဖလံဖြူနာစဲခြင်း၊ စိုက်ပျိုးသမျှ ပင်တံချည်းသာကျန်ခြင်း စသော မလိုလားအပ်သော အရာတို့သည် ဖြစ်လာကုန်၏။ ယင်းသို့ မိုးခေါင်ရေရှား၊ ငတ်မွတ် ခေါင်းပါးခြင်းကြောင့် လူတို့သည် သေကြပျက်စီး ကုန်ကြရလေ၏။ အိုပုဏ္ဏား၊ ဤ ဒုဿီကဒန္တရကပ် အငတ်ဘေးဆိုးကြီး ဆိုက်၍ သေကြပျက်စီးရခြင်းသည်လည်း လူဦးရေ လျော့နည်းခြင်း၊ အသက်တိုခြင်း၏ အကြောင်းရင်း တရပ်ပေတည်း။

အို ပုဏ္ဏား၊ တဖန် တပါးသောအကြောင်း ဖြစ်ရပ်ကို ငါ ဆိုဦးအံ့။ယခုအခါ၌ လူတို့ကိုယ်ကျင့်ဘရား ပျက်လေသောကြောင့် နတ်ဘီလူးတို့သည် ကြောက်မက်ဘွယ်ရာ ခက်ထန်ကြမ်းကြုတ်လှစွာကုန်သော လက်ပါးစေ ဘီလူးများကိုလွှဲရှာသို့ စေလွှတ်ကြကုန်၏။ ထင်သလို မျိုဝါးဖမ်းစား စေကြကုန်၏။ မကောင်းဆိုးယုတ်၊ ဘုတ်ပြိတ္တာမှူး ယင်း ဘီလူးတို့၏ ဖမ်းစားခြင်းကြောင့် လူပေါင်း များစွာတို့ သေကြ ပျက်စီးကြရလေ၏။ အို ပုဏ္ဏား၊ ဤသို့ ဘီလူးများ ဖမ်းစား၍ ရောဂန္တရကပ်ဆိုက်သဖြင့် သေကြ ပျက်စီးရခြင်းသည်လည်း လူဦးရေ လျော့နည်းခြင်း၊ အသက်တိုခြင်း၊မြို့ရွာနိုဂုံး ဇနပုဒ်တို့ တောအတိ ဖြစ်ကုန်ခြင်း၏ အကြောင်းရင်းတရပ်ပေတည်း။

မြတ်စွာဘုရားသည် လူဦးရေ လျော့နည်းရခြင်း၊ အသက်တိုရခြင်း အကြောင်းသုံးပါးကို ပုဏ္ဏားအား ဟောကြားတော်မူပြီး သည့် အဆုံး၌ ပုဏ္ဏားသည် နှလုံးရှင်ပျ အလွန်ဝမ်းမြောက်သော အမူအရာဖြင့် ဤသို့ လျှောက်ထားလေပြီ။

အို အရှင်ဂေါတမ၊အရှင်၏ဖြေဆိုချက်ကား အလွန်နှစ်သက်ဘွယ် ကောင်းပေစွ၊ အလွန်နှစ်သက်ဘွယ် ကောင်းပေစွ။

မှောက်၍ ထားအပ်သောအိုးကို လှန်ပြလိုက်သည်နှင့် တူလှ ပါသည်။ ဖုံးထားသော အရာဝတ္ထုကို ဖွင့်ပြလိုက်သည်နှင့် တူလှ ပါသည်။မျက်စိလည်လမ်းမှားနေသူအား လမ်းမှန်ရောက်အောင် ဆောင်ပို့ ပေးလိုက်သည်နှင့် တူလှပါသည်။ မဲမှောင်နေသော အခန်းကြီးအတွင်း၌ ဆီမီးတန်ဆောင် အလင်းရောင် ထွန်းညို ပေးလိုက်သည်နှင့်တူလှပါသည်။

အို အရှင်ဂေါတမ၊ မျှားစွာသော အကြောင်းတို့ဖြင့်အဓမ္မ ရာဂတရား၊ ဝိသမလောဘတရား၊ မိစ္ဆာဓမ္မတရားကို အရှင် ဘုရား ဟောကြားအပ်ပြီး။ အကျွန်ုပ်သည် အရှင်ဘုရားကိုဂုဏ်း၊ အရှင်ဘုရား၏ တရားတော်ကိုဂုဏ်း၊ တပည့်သံဃာ အပေါင်း ကိုဂုဏ်း ကိုးကွယ်ပါ၏။ ဆည်းကပ်ပါ၏။ အရှင်ဂေါတမသည် အကျွန်ုပ်အား ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးရပ်ကို ဆည်းကပ် ကိုးကွယ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ ဘုရား။

(မှတ်ချက်။ တိကနိပါတ် အင်္ဂုတ္တိရ်ပါဠိတော်။ ခြောက်ခု မြောက် အဓမ္မရာဂသုတ်မှ)

ရဟန္တာစုတေလျှင်ပြန်၍ဖြစ် မဖြစ်

ပြဿနာ =

မေးလျှောက်သူ = ဝစ္ဆပရိဗိုဇ်။

အကျင့်သီလ၊ ကိုယ်ကျင့်တရား ကောင်းသူ၊ ကုသိုလ်ကောင်းမှု ပြုသူများ ကွယ်လွန်သွားသောအခါ ကောင်းရာသုဂတိဘဝသို့ လားရသည်။ လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝသို့ ရောက်ကြရသည်ဟု ဆိုကုန်၏။

သို့ဖြစ်ခဲ့သော် ဘုရား၊ရဟန္တာပုဂ္ဂိုလ်များထက် အကျင့်သီလ ကောင်းသူ၊ အကျင့်သိက္ခာနှင့်ပြည့်စုံသူမရှိ၊ သို့ မရှိသောကြောင့် ထိုဘုရား၊ ရဟန္တာပုဂ္ဂိုလ်များ ကွယ်လွန်သွားသောအခါ အဘယ်ဘဝသို့ လားရောက် ကြပါသနည်း။ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ဖြစ်သလော့။ သတ္တဝါတဦးတယောက် အဖြစ်ဖြင့် ပြန်၍ ဖြစ်ကြသေးသလော့၊ မဖြစ်တော့ဘူးလော့။ ဖြစ်လျှင် အဘယ်ကြောင့်၊ မဖြစ်လျှင် အဘယ်ကြောင့်ဟု ကြောင့်အမျိုးမျိုးဖြင့် မေးခွန်း ထုတ်၍သုတသန လုပ်လေ့ရှိတတ်၏။

မိမိ မပိုင်နိုင်သောအရာကို ပိုင်နိုင်အောင်၊ မိမိ မသိသော အရာကို သိအောင် စူးစမ်းခြင်း၊ လေ့လာခြင်း ပြုသည်မှာ ကောင်းသောအမှုဟူ၍ပင် ဆိုထိုက်ပေ၏။ မှား၊ယွဲ့ခံသော အစဲ့ အလမ်းတခုကို "နွားကုပ်လက်ကိုင်" မလွတ်နိုင်ဘဲ ဆုပ်ကိုင်ထား ခြင်းထက် သုတေသန ပြုခြင်းက မိမိအဘို့ အသိဉာဏ် ဖွံ့ဖြိုး တိုးတက်စေသည်။ ရင့်သန်စေသည်။ အကျိုး သက်ရောက်စေ သည်။

ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူနေဆဲ သက်တော် ထင်ရှားရှိစဉ်က ဖြစ်၏။

ရဟန္တာများ စုတေသွားလျှင် ဘာဖြစ်သနည်း။

ထိုပြဿနာကို ဝစ္ဆမည်သော ပရိဗိုဇ် တဦးသည်တွေးခေါ် ကြည့်မိလေသည်။ အဖြေ ရရှိရေးအတွက် အဖန်ဖန် ကြံ၏။ တွေး၏၊ စဉ်းစား၏။ အဖြေကား မထွက်လာ။

သို့ကြောင့် ဝစ္ဆသည် ထိုပြဿနာအတွက် ဘဝင်မကျနိုင်ဘဲ ခိုးလိုခုလု တစ်ဆို့ဆို့ကြီး ဖြစ်နေ၏။ ထိုအချိန်၌ ပုရာဏကဿပ၊ မက္ခလိဂေါသာလ စသော ဘုရားအမည်ခံ ဒဿနိကဆရာ ကြီးများ ဗုဒ္ဓဂေါတမနှင့် ခေတ်ပြိုင် ထွန်းကားလျက် ရှိနေ လေရာ ဘဝင်မကျဖြစ်နေသော ဝစ္ဆပရိဗိုဇ်သည် ဘုရာကြီး များထံ ချဉ်းကပ်၍ ထိုပြဿနာကို တင်ပြဆွေးနွေး ကြည့်သည်။ ကျေနပ်လောက်သော အဖြေကို မရသဖြင့် ဘဝမကျ ဖြစ်မြဲပင် ဖြစ်နေသည်။

၁။ ရဟန်းတို့ကဲ့သို့ ဦးပြည်း ခေါင်းတုံး၊ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ထားသူကို ပရိဗိုဇ်ဟု ခေါ်သည်။

တခါသော် ဝစ္ဆသည် ဤသို့ အကြံဖြစ်ပေါ်လာ၏။ ဂေါတမသည် ကျော်ကြားလှသည်။ အရာခပ်သိမ်း သူမသိသောအရာ မရှိဟူ၍လည်း သတင်းထွက်လျက် ရှိနေသည်။ ငါ့ပြဿနာကို ထိုဘုရားဂေါတမထံ တင်ပြ၍ သူနှင့် ဆွေးနွေးကြည့်ရသော် ကောင်းလေစ။

ဝစ္ဆပရိဗိုဇ်သည် ဤသို့ အကြံဖြစ်လာပြီးနောက် ဗုဒ္ဓနှင့် တွေ့ဆုံရန် အခွင့်ကောင်းကို မျှော်လင့်တောင့်တနေရာက အခါတပါးဌ သူသည် ဘုရားသခင်နှင့်တွေ့ဆုံခွင့်ကို ကံအားလျော်စွာ ရရှိသဖြင့် သူ၏ဆန္ဒမှာ ပြည့်ဝသွားလေသည်။ အယူဝါဒနှင့် ပတ်သက်၍ မရှင်းလင်းသော အချက်အလက်များကို ဘုရားသခင်အား လျှောက်ထား မေးမြန်းခြင်း ပြုလာ သည်ကို မြတ်ဘုရားကလည်း ဝမ်းမြောက်စွာပင် ဖြေကြားတော် မူသည်။

ယင်းသို့ အာလာပ သလ္လာပ စကားများ မြတ်ဘုရားနှင့် ဆိုပြောပြီးနောက် ဝစ္ဆသည် မိမိဝမ်းတွင်း၌ ဘဝင်မကျ၊ အောင့်အည်း မျိုသိပ်ထားခဲ့ရသော ရဟန္တာ စုတေသွားလျှင် ပြဿနာအရပ်ရပ်ကို မြတ်စွာဘုရားအား မေးမြန်းလျှောက်ထား လေတော့သည်။

မေး။ အို အရှင်ဂေါတမ၊ အရှင်ကား အရာခပ်သိမ်း မသိသောအရာ မရှိဟု ထင်ရှား ကျော်ကြားတော် မူပေ၏။ ကျွန်ုပ် တခု အရှင့်အား မေးလျှောက်စမ်းပါရစေ။ ကျွန်ုပ်မေးလို၊ ကျွန်ုပ်သိလိုသည်ကား အခြားမဟုတ်ပါ။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် သေပြီးသည်မှ နောက် အဘယ်ဥစ္စာ ဖြစ်ပါသနည်း။ ဤသည်ကို အကျွန်ုပ်အား ဖြေကြားတော် မူပါလော့။

ဖြေ။ အို ဝစ္ဆပရိဗိုဇ်၊ စင်စစ်အားဖြင့် ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည်မှ နောက်၌ ဖြစ်သေးသည်ဟု ငါမဟော။ ထိုသို့ဟောခြင်းသည်လည်း ငါနှင့် မသင့်တော်၊ မလျော်ကန်လေ။

မေး။ အို အရှင်ဂေါတမ၊ ယင်းသို့ ဖြစ်ခဲ့ဘိမူကား ရဟန္တာပုဂ္ဂိုလ်သည် စုတေပြီးသည့်နောက်၌ အဘယ်သို့မှ မရောက်ပါသလော၊ မဖြစ်ပါသနည်း။

ဖြေ။ အို ဝစ္ဆ၊ စင်စစ် ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် အဘယ်သို့မှမရောက်၊ မဖြစ်၊ ဤသို့ ငါဟောသော်လည်း မသင့်၊ မတော်၊ မလျော်နိုင်။

မေး၊ အို အရှင်ဂေါတမ၊ သို့ဖြစ်ခဲ့သော် ရဟန္တာပုဂ္ဂိုလ်သည် သေသည်မှနောက် ဖြစ်သူလည်းဖြစ်၏၊ မဖြစ်သူလည်း မဖြစ် မှတ်ရပါမည်လော့။

ဖြေ။ အို ဝစ္ဆ၊ ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် ဖြစ်သူလည်း ဖြစ်၏၊ မဖြစ်သူလည်း မဖြစ်။ ဤသို့ ငါမဆို၊ မပြော၊ မဟော။ ထိုသို့ဆိုခြင်း ပြောဟောခြင်းသည်လည်း ငါနှင့်မတန်၊ ငါနှင့်မဆီလျော်၊ မလျောက်ပတ်။

မေး။ အို အရှင်ဂေါတမ၊ ထိုသို့မဟုတ်ခဲ့လျှင် ရဟန္တာပုဂ္ဂိုလ်သေပြီးသည့်နောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ် မှတ်ရပါမည်လော့။

ဖြေ။ အို ဝစ္ဆ၊ ရဟန္တာပုဂ္ဂိုလ်စုတေပြီးမနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဤသို့ ငါမဆို၊ မပြော မဟော။ ဤသို့ ဆိုခြင်း ပြောဟောခြင်း သည်လည်း ငါနှင့်မလျော်ကန်၊ ငါ့အားမလျောက်ပတ်၊ မသင့်တန်။

မေး။ အို အရှင်ဂေါတမ၊ အရှင် ဖြေကြားလိုက်သော ဤစကားလေးချက်၌ ကျွန်ုပ်ဘာမျှမသိ၊ နားမလည်၊ မတွေးတတ်၊ မကြံစည်တတ်၊ မစဉ်းစားတတ်အောင် တွေဝေသွားပါလေပြီ။ အဘယ်ကိုရည်စူး၍ အဘယ်ကို ဦးတည်လျက် မိန့်မြွက်ဖြေကြားသွားသည်မသိ။ ဆိုလိုချက်အနက်အဓိပ္ပာယ်ကို ကျွန်ုပ် နားလည်ခြင်းငှာ မစွမ်းနိုင်။ အရှင်၏ အဖြေလေးရပ် စကားနက်များသည်လည်း ယခု ကျွန်ုပ်အား ဝိုးဝါးဝါး ဖြစ်အောင် အကွယ်ကြီး ကွယ်ထားပါပြီ။ စိတ်နှင့်မတွေ့၊ ဉာဏ်မဝေ့သဖြင့် အကျွန်ုပ် အမေ့ကြီး မေ့လျော့ခဲ့ပါပြီ။ ဘာတခုကိုမျှ မယ်မယ်ရရ ကျွန်ုပ်နားမလည်ပါ၊ မသိပါ။

ဖြေ။ အို ဝစ္ဆ၊ သင် ဤဝေဒနာသည် ဆိုကလည်း တွေဝေထိုက်လှ၏။ မသိခြင်းသည် သင်နှင့်ထိုက်တန် လျော်ကန်လှ၏။ အဘယ်ကြောင့်ဆိုသော်-

အချင်း ဝစ္ဆ၊

အယံဓမ္မော = ရဟန္တာပုဂ္ဂိုလ်တို့ စုဝေး ပြီးသည့်နောက် ဖြစ်သေး၊ မဖြစ်သေးနှင့်စပ်သော ဤတရားကား၊

ဂမ္ဘီရော=အလွန် နက်နဲလှ၏၊

ဒုရနုဗောဓော=အလွန်သိနိုင်ခဲသည့် အရာတည်း၊

သန္တော=ငြိမ်သက်လှသော အရာတည်း၊

ပဏီတော=မြတ်လှသော အရာဘည်း၊

နိပုဏော=သိမ်မွေ့နုးညံ့လှသော အရာတည်း၊

အတက္ကာဝစရော=ဝေနေယျတို့ အလွန် ကြံနိုင်ခဲသောအရာတည်း။

ပဏ္ဍိတဝေဒနိယော=တကယ်ပညာရှိတို့သာ သိစွမ်းနိုင်သော အရာတည်း။

အချင်းဝစ္ဆ၊ ထိုတကယ် ပညာရှင်တို့သာ သက်ဝင်နိုင်ရာ နက်နဲသိမ်မွေ့လှစွာသော တရားတော်အရာကို ငါဘုရားသာသနာတော်မှ တပါးသောအယူရှိသော၊ ငါ့သာသနာမှ တပါးသော အယူကို နှစ်ခြိုက်လျက်ရှိသော၊ ငါ့သာသနာမှ တပါးသော အယူကို ကြိုက်နှစ်သက်လေ့ ရှိသော သင်သည် ငါဘုရား သာသနာဝယ် ရုပ်၊ နာမ်၊ ခန္ဓာနှင့် စပ်သော ဝိပဿနာတရားများစွာကို ကြိုးစား အားထုတ်ခြင်းကို ကြဉ်၍ (ဝါ) ကြိုးစား အားထုတ်မှု မပါလော် ကောင်းစွာညှဉ်းပြအပ်သော ဆရာကောင်းတို့၏ နည်းကောင်းနည်းမြတ်တို့ကို ကြဉ်၍ (ဝါ) ဆရာကောင်းထံ နိဿည်းခံခြင်းမပြုလော် သင် မသိနိုင်၊ သိရန် လွန်စွာခဲယဉ်း၏။

အို ဝစ္ဆ၊ ယင်းသို့ဖြစ်ရကား ဤ ငါ့ကို သင်မေးအပ်သော အရာ၌ သင့်ကိုပင် ငါပြန်၍ မေးဦးအံ့။ အကြင်အခြင်းအရာ အားဖြင့်သင်အား နှစ်သက်ခြင်းဖြစ်ရာ၏။ထိုအခြင်းအရာအားဖြင့် ငါ့အမေးကို သင်ဖြေဆိုပါလေ။

မေး။ အို ဝစ္ဆ၊ ငါမေးမည့်စကားကို သင်မည်သို့ ထင်သနည်း။ သင့်ရှေ့မှောက်၌ မီးလှုံတခု အကယ်၍ တောက်လာအံ့၊ ဤမီးသည် ငါ့ရှေ့မှောက်၌ တောက်နေ၏ဟု ဤသို့ သင် သိရာသည် မဟုတ်လော့။

ဖြေ။ အရှင်ဂေါတမ၊ သည်အတိုင်းအမှန်ပင် အကျွန်ုပ် သိရာပါသည်။

မေး။ အချင်းဝစ္ဆ၊ သင့်ရွေမှောက်မှ တောက်နေသော ထိုမီးသည် အဘယ်ကိုစွဲ၍ တောက်သနည်းဟု ဤသို့ တပါးသူများက သင့်ကိုမေးခဲ့ငြားအံ့၊ သင်အဘယ်သို့ဖြေကြားမည်နည်း။

ဖြေ။ ။ အို အရှင်ဂေါတမ၊ အကယ်၍ အကျွန်ုပ်ကို ထိုသို့ မေးလာကုန်သည်ရှိသော် ကျွန်ုပ် ဤသို့ ဖြေကြားပါမည်။ ငါ့ရွေမှမီးတောက်သည် မြက် ထင်း လောင်စာများကို အစဲပြု၍ တောက်၏။ ဤသို့ ဖြေကြားပါအံ့။

မေး။ အချင်း ဝစ္ဆ၊ အကယ်၍ သင့်ရွေမှ ထိုမီးတောက်သည် ငြိမ်းသွားလေအံ့။ ထိုမီးသည် ငါ့ရွေမှ ငြိမ်းသွားပြီဟု ဤသို့ သင်သိရာသည် မဟုတ်လော့။

ဖြေ။ မှန်ပါသည် ဘုရား။

မေး။ အချင်း ဝစ္ဆ၊ သင့်ရွေမှ ငြိမ်းခဲ့လေပြီးသော ထိုမီးသည် အဘယ်အရပ်သို့ သွားလေသနည်း။ အရှေ့အရပ်သို့ သွားလေသလော၊ သို့မဟုတ် အနောက်အရပ်သို့ သွားလေသလော၊ သို့မဟုတ် တောင်အရပ်သို့ သွားလေသလော၊ သို့မဟုတ် မြောက်အရပ်သို့ သွားလေသလောဟု ဤသို့ တပါးသော သူများက မေးခဲ့သော် သင် မည်သို့ ဖြေကြားမည်နည်း။

ဖြေ။ အို အရှင်ဂေါတမ၊ ယင်းသည့်စကားကို ပြန်ကြား ဖြေဆိုခြင်းငှာ မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုမီးသည် မြက်၊ ထင်း၊ လောင်စာကိုစွဲ၍ တောက်လောင်နေသည်ကား မှန်၏။ ထို မြက်၊ ထင်း လောင်စာကုန်သွားခြင်း၊ ဤမှ တပါးသော အခြားလောင်စာများ၏ အထောက်အကူကို မရခြင်းကြောင့် လောင်စာပြတ်၍ ငြိမ်းသွားသည်ဟူ၍သာ ဆိုရပါမည် ဘုရား။

အို ဝစ္ဆ၊ ဤအတူသာဏ္ဍာန် အကြင် ရုပ်ဝတ္ထု အမာခံဒြပ်ဖြင့် သတ္တဝါ တဦးတယောက်ကို လူပုဂ္ဂိုလ်၊ လူရှည်၊ လူဝ၊ လူပိန်ဟူ၍ ပညတ်လိုသူသည် ပညတ်ရာ၏။ သမုတ် ပညတ် ထားအပ်သော ရုပ်ဝတ္ထုကို အကြောင်းသမုဒယကို ပယ်သဖြင့် ငါ ပယ်အပ်ပြီးပြီ။ အဝိဇ္ဇာတဏှာ ရင်းမြစ်ကို ငါ အမြစ်ဖြတ်ပြီးပြီ။ လည်ဆစ် ပြုတ်ပြီးသော ထန်းငုတ်တိုပမာ ငါ ပြုပြီးပြီ။ တဖန် အသစ် လူဟူ၍ ဖြစ်မလာအောင် ငါလုပ်ပြီးပြီ။ နောင်ဘဝ မဖြစ်နိုင်သော သဘောရှိအောင် ငါ ဆောင်ရွက်ပြီးပြီ။

အို ဝစ္ဆ၊ ရုပ်ဝတ္ထုနှင့်စပ်သော လူပညတ်၊ နတ်ပညတ်၊ တိရစ္ဆာန်ပညတ် စသည်မှ အလွတ်ကြီး လွတ်၍နေသော နိဗ္ဗာန်စံ ရဟန္တာပုဂ္ဂိုလ်ကား—

ဂမ္ဘီရော = မိမိစံနရာနိဗ္ဗာန်၌ ရှိ၏ဟူ၍လည်းကောင်း၊ မရှိဟူ၍ လည်းကောင်း၊ ဒိဋ္ဌဗ္ဗာဿယ = ပြုနိုင်စရာ မရှိသည်ဖြစ်၍ အဗ္ဗာဿယ = အားဖြင့် နက်နဲခြင်း၊ အဘယ်မျှလောက် သီလ သမာဓိဂုဏ်ရှိသည်ဟု မဆိုနိုင်အောင် ဂုဏ်အားဖြင့် နက်နဲခြင်း ရှိ၏။

အပ္ပမေယျော = တစုံတယောက်နှင့် နှိုင်းထောက်စာနာစရာ ဥပမာမရှိ ဖြစ်နေ၏။

ဒုပ္ပရိယောဂါဟော = အလွန်ဉာဏ်ဖြင့် သက်ဝင်နိုင်ခဲ၏။ သမုဒ္ဒရာပင်လယ်ကြီးကို ထိုးဝါးကြိုးတာတို့ဖြင့် မထောက်လှမ်းနိုင် သကဲ့သို့ ဝေနေယျဉာဏ်တို့ဖြင့် လှံနစ်ဘာ သက်ဝင်နိုင်ခဲ၊ ထောက်မှီနိုင်ခဲ၏။

၁။ မျက်မြင် နှလုံးသွင်း ရှုစားစရာ။

အချင်း ဝစ္ဆ၊ အကြင် နာမ်ဝတ္ထု ခံစားချက်ဖြင့် သတ္တဝါတဦးတယောက်ကို "ကြမ်းသည်၊ နူးညံ့သည်၊ပူသည်၊ အေးသည်" ဟူ၍ ပညတ်လို သမုတ်လိုသူက သမုတ် ပညတ်ပေရာ၏။ အကြင် နာမ်ဝတ္ထု အမှတ်သညာဖြင့် သတ္တဝါ တဦးတယောက်ကို လိမ္မာသည်၊ မိုက်သည်၊ ကောင်းသည်၊ ဆိုးသည်ဟူ၍ မှတ်လိုက မှတ်ပေရာ၏။ အကြင် နာမ်ဝတ္ထု သဒ္ဓါရတ္နဖြင့် သတ္တဝါ တဦးတယောက်ကို သစ်လွင်သည်၊ နွမ်းလျသည်၊ တောက်ပသည်၊ ညှိုးမှိန်သည်ဟူ၍ ပညတ်လို၊ သမုတ်လိုက ပညတ်သမုတ်ပေရာ၏။ အကြင် နာမ်ဝတ္ထု အသိစိတ်ဖြင့် သတ္တဝါ တဦးတယောက်ကို စိတ်ထက်သူ၊ စိတ်ပျော့သူ၊ စိတ်ကောင်းရှိသူဟူ၍ ပညတ်လို၊ သမုတ်လိုသူက သမုတ် ပညတ်ပေရာ၏။ ထိုဝိညာဉ်စိတ်ကို၊ အကြောင်းသမုဒယကို ပယ်သဖြင့် ငါ ပယ်အပ်ပြီးပြီ။

အို ဝစ္ဆ၊ ဝိညာဉ်နှင့်စပ်၍ ခေါ်ဝေါ်အပ်သော စိတ်မြတ်၊ စိတ်ကောင်း၊ စိတ်ညံ့၊ စိတ်ထက်စသော ပညတ်မျိုးဟူဟူသမျှမှ လွတ်၍နေသော ထိုသတ္တဝါသည် အလွန် နက်နဲနေ၏။ တစုံတယော်က်နှင့် နှိုင်းထောက် စာနာစံရာ ဥပမာမရှိ ဖြစ်နေ၏။ ပင်လယ်သမုဒ္ဒရာကြီးကို ထိုးဝါး ကြိုးတာတို့ဖြင့် မထောက်လှမ်းနိုင်သကဲ့သို့ ဝေနေယျတို့၏ ဉာဏ်ဖြင့် လွန်စွာ သက်ဝင်နိုင်ခဲ၏၊ ထောက်မှီနိုင်ခဲ၏။ ယင်း ဝိညာဏ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၏ ဖြစ်နေပုံအခြင်းအရာကို ဝေနေယျတို့ဉာဏ်ဖြင့် မတိုင်းထွာ၊ မထောက်လှမ်းနိုင်စရာ ဖြစ်၍နေ၏။

အို ဝစ္ဆ၊ ထို့ကြောင့် ငါဘုရားအားလည်း; သတ္တာသညာဟူသော တထာဂတ သညာကို ပယ်တော်မူပြီးသည်၏အဖြစ်၊

ဝိညာဏသဒ်ါ ဝိမုတ္တပုဂ္ဂိုလ်၏လည်း လွန်စွာနက်နဲ၍ နေသည်၏ အဖြစ်ကြောင့် ထိုဝိညာဏ သဒ်ါ ဝိမုတ္တ (ဝိညာဉ်ဖန်စီရင်မှု)မှ လွတ်နေသော ပုဂ္ဂိုလ်သည် မိမိတည်တံ့နေရာ နိဗ္ဗာန်၌ဖြစ်၍ နေ၏ဟု ဤသို့ ငါ ဟောခဲသော်လည်း သဿတဒိဋ္ဌိအယူ သူထင်ခွင့် ရှိလေသောကြောင့် မသင့်နိုးနိုင်။

ထိုသို့ ငါဘုရားအား လည်း ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဘို့ကို စွဲ၍ဖြစ်သော ကထာဂတဟူသော သတ္တသညာ (သတ္တဝါဟူသောအမှတ်အသား)ကို ပယ်တော်မူသည်၏အဖြစ်၊ ရူပါဒိသဒ်ါ ဝိမုတ္တပုဂ္ဂိုလ်လည်း အလွန်နက်နဲ၍ နေသည်၏အဖြစ် ကြောင့် ကိလေသာတို့မှ ကျွတ်လွတ်ပြီးသော ဧဟန္တာပုဂ္ဂိုလ် သည် "နောင်ဘဝ အဘယ်၌ ဖြစ်လတံ့"ဟူ၍ ဤသို့ ငါဟော သော်လည်း မသင့်။ နောင်အခါ ဘယ်မှာမှ မဖြစ်လတံ့ဟူ၍ ဤသို့ ငါဟောသော်လည်း မလျော်ကန်။ "နောင်အခါ ဖြစ်လတံ့ သူလည်းအခါ့ါ၊ မဖြစ်လတံ့သူလည်း အခါ့ါ"ဟူ၍ ဤသို့ ငါဟော သော်လည်း မလျောက်ပတ်။ "နောင်အခါ ဖြစ်လေဦးမည်လည်း မဟုတ်၊ မဖြစ်လေဦးမည်လည်း မဟုတ်"ဟူ၍ ဤသို့ ငါဟော သော်လည်း မသင့်နိုးနိုင်ဟု မိန့်တော်မူ၏။

အဓိပ္ပာယ်ကား ဝိမုတ္တစိတ္တသဇီဝ[၁]၊ ရဟန္တာပုဂ္ဂိုလ် စုခေတ ပြီးနောက် ဖြစ်လိမ့်ဦးမည် မဖြစ်လိမ့်မည် အကြောင်းနှင့် စပ်၍ ဝစ္ဆပရိဗိုဇ် လျောက်ထားရာဝယ် ဤသို့ ထိုဝိမုတ္တစိတ္တရဟန္တာ သည် "နောင်ဖြစ်လိမ့်ဦးမည်"ဟု ငါဟောသော်လည်း မသင့်။ "မဖြစ်လတံ့"ဟု ငါဟောသော်လည်း မသင့်။

၁။ ကိလေသာမှ ကျွတ်လွတ်ပြီး အသက်ထင်ရှားရှိနေသူ။

ဤသို့ စသည်ဖြင့် ဘုရားရှင် မိန့်တော်မူလေသည့် အ.ခါ အဘယ်အကြောင်းကြောင့် ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါလိမ့်မည်နည်း။ အဘယ်သို့ ဖြစ်လေမသိဟု ထိုဝစ္ဆပရိဗိုဇ် တွေဝေခြင်းသို့ ရောက်လေသဖြင့် မိမိ နားမလည်နိုင်၊ မသိ နိုင်ကြောင်း တွေဝေကြောင်းကို ဘုရား သခင်အား လျှောက်ထားပြန်သည့်အခါ—

အို ဝစ္ဆပရိဗ်၊ ဤအရာ၌ သင် တွေဝေခြင်းငှာ သင့်လှတော့၏။ ဤသို့သော ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် ဖြစ်မဖြစ် စသည်နှင့် စပ်၍ သိရမည့်အရာကား လွန်စွာ ခက်ခဲ၏။ လွန်စွာ သိနိုင်ခဲသော အရာဖြစ်၏။ အသင်ကဲ့သို့ အညဒိဋ္ဌက[၁] ဘုရားသာသနာမှအပ အယူရှိသူကို မဆိုထားဘိ၊ ဤသာသနာဝင် ဖြစ်သူတို့သော်မှလည်း ဤအရာဝယ် လွန်စွာ ကြံနိုင်ခဲ၊ သိနိုင်ခဲစွ။ ပညာကြီးလှ သူတို့ အရာသာ ဖြစ်၏။ သမထ ဝိပဿနာတရားများကို ကြိုးစား အားထုတ် အာစရိယမုဋ္ဌိ[၂] နည်းကောင်းရသူတို့မှတပါး သိနိုင်၊ မြင်နိုင်ခဲလှတော့၏။

အို ဝစ္ဆ၊ အသင်၏ရှေ့မှ တောက်၍နေသောမီးကို သင်မြင်သည့်အခါ "ဤမီးသည် ငါ၏ရှေ့၌ တောက်နေ၏"ဟု သင် သိမည် မဟုတ်ပါလော့ဟု၍ မေးတော်မူသည့်အခါ"မှန်ပါသည် ဘုရား"ဟု၍ နှုးတော်လျှောက်ရာတွင်—

အို ဝစ္ဆ၊ အသင်၏ရှေ့၌ ငြိမ်းသွားသော ထိုမီးကို အဘယ်အရပ်သို့ ဤမီးသွားသနည်းဟု သူတပါးက သင့်ကို မေးခဲ့

၁။ သာသနာမှအပ တပါးသောအယူ ရှိနေသူ။

၂။ ဆရာ့နည်းကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ရရှိထားသူ။

ပြန်လျှင် အသင် ဘယ်ကဲ့သို့ ဖြေမည်နည်းဟု ဘုရားရှင်က မေးတော်မူပြန်သည့်အခါ "ဤသို့ မေးခြင်းသည် မသင့်ပါ။ ဤမီးသည် လောင်စာမရှိသဖြင့် ငြိမ်းလေတော့သည်ဘုရား" ဟု လျှောက်ထားပြန်သည်ရှိသော်—

ဤနည်းအတူပင် ဝစ္ဆ၊ ဤဘဝ ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် အဘယ်ဘဝသို့ရောက်၊ မရောက် စသည့် ဆိုရာ ရုပ်၊ နာမ်၊ ဒြပ် မရှိ၊ အမာခံ မရှိ။ ထိုရဟန္တာပုဂ္ဂိုလ်၏ ရုပ်၊ နာမ်၊ ခန္ဓာမီး ငြိမ်းကြီး ငြိမ်းလေပြီးသည့်နောက် ရုပ်၊ နာမ်၊ ခန္ဓာနှင့် စပ်၍ ခေါ်ဝေါ်ပညတ်အပ်သော လူ၊ နတ် စသော ပညတ်မျိုးမှ လွတ်လျက် ရူပါဒိသခ်ါဝိမုတ္တာ အဖြစ်သို့ ရောက်၍ နိဗ္ဗာန်ဌာန လွတ်နေသော ရဟန္တာ၏ အလွန်နက်နဲခြင်း ဂမ္ဘီရ၊ အပ္ပမေယျ၊ ဒုပ္ပရိယောဂါဟ ဖြစ်၍နေသဖြင့် ထိုနိဗ္ဗာန (သက်မဲ့) ရဟန္တာအား မိမိလွတ်၍နေရာ နိဗ္ဗာန်၌ "ရှိ၏၊ မရှိ" စသည်ဖြင့် ဟောတော်မူခြင်းငှာ မသင့်သောကြောင့် နောင် ဖြစ်လေဦးမည်၊ မဖြစ်မည် စသည်ဖြင့် ငါဟောတော်မူ၍ မသင့်ဟု မှတ်လေဟု ဆိုလိုသည်။

အို ဝစ္ဆ၊ ဤသို့ ငါဘုရားအားလည်း သတ္တသညာဟူသော တထာဂတသည်းကို ပယ်ပြီး သောကြောင့် လည်းကောင်း၊ ရူပါဒိသခ်ါဝိမုတ္တာ ပုဂ္ဂိုလ်တို့၏ ထိုမိမိရောက်ရာ နိဗ္ဗာန်၌ ရှိ၏၊ မရှိ စသည်ဖြင့် ဟောတော်မူရန် မသင့်သောကြောင့် လည်းကောင်း၊ ယင်းသို့သော အခြောင်းနှစ်ပါးကြောင့် ဤရဟန္တာသည် နောင်အဘယ်၌ ဖြစ်လိမ့်ဦးမည်၊ မဖြစ်လိမ့် စသည်ဖြင့် ငါဟောတော်မူ၍ မသင့်ဟု သင် မှတ်လေဟုဆိုလိုသည်။

အကယ်၍ ရူပါဒိသခ်ါဝိမုတ္တာဖြစ်၍ နိဗ္ဗာန်၌ တည်နေသော နိဇီဝ ရဟန္တာအား ထိုမိမိလွတ်၍နေရာ နိဗ္ဗာန်၌ ရှိ၏ ဟူ၍ ဆိုသင့်သည် ဖြစ်အံ့။ ဤဘဝ ဝိမုတ္တာစိတ္တ၊ သဇီဝ ရဟန္တာ စုံတေပြီးနောက် ဖြစ်ဦး လတံ့ဟူ၍ ငါ ဟောတော် မူသော် သင့်လျော်ပါ၏။ အရူပ်၍ ရူပါဒိသခ်ါငိမုတ္တာဖြစ်၍ နိဗ္ဗာန်၌ တည်နေသော ထို နိဇီဝ ရဟန္တာအား ထို မိမိတည်၍ နေရာ နိဗ္ဗာန်၌ "မရှိ" ဟု ငါဟောတော်မူခြင်းငှာ သင့်လျော်ခဲ့လျှင် ဤဘဝဝိမုတ္တာစိတ္တ၊ သဇီဝရဟန္တာ စုံတေပြီးနောက် "အဘယ်၌ မူမမှ မဖြစ်။ အဘာဝ ဖြစ်လေတော့သည်" ဟု ငါဟောတော် မူသော် သင့်လျော်ပါ၏။ ယခုမူကား ယင်းသို့ ရှေစကား နှစ်ပါးစလုံး စသည်ကိုပင် ငါဘုရားဟောကြားတော်မူခြင်းငှာ မသင့်လေသောကြောင့် နောက်စကား နှစ်ပါးစလုံး စသည် ကိုလည်း ငါဘုရား ဟောကြားတော် မမူဟု သင် မှတ်လေဟု ဆိုလိုသည်။

ဤသို့ မြတ်စွာဘုရားက ဟောကြားတော် မူသည် ရှိသော် ဝစ္ဆပရိဗိုဇ်သည် ဝမ်းမြောက်ခြင်းပြင်းစွာဖြစ်၍ မြတ်စွာဘုရား အား ဤသို့ နားတော်လျှောက်လေသတည်း။

အို အရှင်ဂေါတမ၊ ဥပမာတခုဖြင့် တပည့်တော် လျှောက် ထားပါရစေ။ ရွာ၏အနီး၊ နိဂုံး၏အနီး၌ ကြီးစွာသော အင်ကြင်းပင်ကြီးတပင် ရှိလေရာ၏။ ထို အင်ကြင်းပင်ကြီး၏ နိစ္စ မဟုတ်နိုင်သောကြောင့် အကိုင်းအခက်အရွက်များကို လူတို့ ခုတ်ထွင် ဖျက်ဆီးကုန်ရာ၏။ အခွံအခေါက် အပွေးတို့ကို ခွာကုန် ရာ၏။ အကာကို ခုတ်ခွာ ဖျက်ဆီးကြကုန်ရာ၏။

ထို အင်ကြင်းပင်ကြီးသည် အခါတပါးတွင်လူတို့၏ ခုတ်ခွာဖျက်ဆီးမှုမျှးကြောင့် အကိုင်း အခက် အရွက်လည်း မရှိ၊ အခွံအခေါက် အပေါ့မျှးလည်း မရှိ၊ ကောင်းသော အပေါ်လွှာအကာလည်း မရှိလေတော့ဘဲ အနှစ် သက်သက် ချည်းသာ တည်ပါလေ၏။

ဤအတူသာလျှင် အရှင်ဂေါတမ၏ စကားတော်မျှးသည် အကိုင်း၊ ဟခက်၊ အရွက်၊ အပို အမို မရှိ၊ အပေါ့ အခေါက် အမြှောက်အပင့်မပါ၊ အကာအလျှမ်း စကားသွမ်းမျှ ကင်းလှပေ၏။ လိုရင်းတရား အနှစ် သက်သက်၌ တည်တော် မူပါပေသည်။

အို အရှင်ဂေါတမ၊ အကာမဖက်၊ အနှစ်သက်သက်မိန့်တော်မြွက်သဖြင့် တကယ် နှစ်သက်ဘွယ် ရှိလှပေ၏။ အံ့သြ ထိုက်ပါပေ၏။ ယနေ့မှ အစပြု၍ တပည့်တော်အား ရတနာ သုံးရပ် ဆည်းကပ်တတ်သူ၊ ဥပါသကာ လူတယောက်ဟူ၍ အသိအမှတ်ပြုတော်မူပါဘုရား ဟူ၍ လျှောက်ပြီးလျှင် ဗုဒ္ဓ ဝါဒကို ခံယူလေသတည်း။

မှတ်ချက်။ ။လေ တိုက်ခတ် အပ်သောမီးလှိုသည် အချင်း ခပ်သိမ်း ငြိမ်းပျောက်၍ သွားသကဲ့သို့ ပရိနိဗ္ဗာန်ပြုသွားသော ရဟန္တာပုဂ္ဂိုလ်၏ ရုပ်နာမ်သည် အသစ်တဖန် ပြန်၍ မဖြစ်။ အချင်းခပ်သိမ်း ငြိမ်းပျောက်၍ သွားသည်ဟူသော အနက်ကိုသာ ပြတော်မူလိုသည်ဟု မှတ်အပ်၏။ ထိုရဟန္တာသည် အလုံးစုံပြတ်တောက် ပျောက်၍ သွားလေတော့၏ဟူသော အနက်ကို ပြတော်မူသည် မဟုတ်ဟု မှတ်အပ်၏။

အကယ်၍ ယင်းသို့ ပြုတော်မူခဲ့လျှင် ယင်းရူပါဒိသခ်ါဝိမုတ္တာ၏ နက်နဲသည်၏ အဖြစ်ကို ဟောတော်မမူခဲ့လျှင် သောကြောင့်တည်း။ ရုပ်နာမ်လည်း ငြိမ်းပျောက်၊ အလုံးစုံလည်း မပျောက်ဖြစ်ခဲ့သော် အဘယ်သို့ အခြင်းအရာဖြစ်၍ နေပါသနည်း ဟူငြားအံ့၊ ဂမ္ဘီရော၊ အပ္ပမေယျော၊ ဒုပ္ပရိယောဂါဟော၊ သေယထာပိ မဟာ သမုဒ္ဒေါဟူသော ပါဠိတော်အတိုင်း မဟာသမုဒ္ဒရာရေကို စလယ်တောင်းဖြင့်ခြင်၍ မရေမတွက်နိုင်၊ ထိုးဝါးတို့ဖြင့် မထောက်လှမ်းနိုင်သကဲ့သို့ ဝေနေယျတို့ ဉာဏ်ဖြင့် မချင့်တွက်နိုင်၊ဉာဏ်မမှီနိုင်၊အလွန်နက်နဲသော အခြင်းအရာဖြစ်၍ နေသည်ဟူ၍သာ မှတ်အပ်၏။

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဂုဏ်းအဋ္ဌကထာ)

မုရနှစ်ပါး

ပြဿနာ=ထမ်းဆောင်လိုမှု။

မေးလျှောက်သူ=စက္ခုပါလမထေရ်။

သာဝတ္ထိပြည်၌ သူကြွယ်မျိုး မဟာပါလ၊ စူဠပါလ ဟူ၍ ညီနောင်နှစ်ယောက် ရှိ၏။ အစ်ကိုဖြစ်သူ မဟာပါလသည် ရှိပစ္စည်းအာဒေါလုံးကို ညီဖြစ်သူ စူဠပါလအား လွှဲအပ်၍ ရဟန်းပြုသွား၏။ ငါးဝါတိုင်တိုင် ဘုရားခြေတော်ရင်း၌ လုပ်ကျွေးပြုစုနေ၏။

သီဘင်းကျွတ် မဟာပဝါရဏာနေ့ ဖြစ်၏။ ငါးဝါရ မဟာပါလရဟန်းသည် အခြား ရဟန်းများ မလျှောက်ဘူးသော စကားဖြင့် မြတ်စွာဘုရားအား လျှောက်ထား မေးမြန်းလေ၏။

မေး။ ရှေဘုန်းတော်သခင် အရှင်ဘုရား၊ ဤသာသနာ၌ မုရ[1] အဘယ်နှစ်ပါး ရှိပါသနည်း ဘုရား။

ဖြေ။ ချစ်သား မဟာပါလ၊ ဂန္ဆမုရ၊ ဝိပဿနာမုရဟူ၍ မုရတို့သည် နှစ်ပါး ရှိကုန်၏။

၁။ မုရ = မလုပ်မနေရ၊ကောန်မချုတ် ရဟန်းတို့ ဆောင်ရွက်ရမည့်အလုပ်တာဝန်ကို မုရဟူ၍ ခေါ်၏။

မေး။ မှန်လှပါဘုရား။အဘယ်ကိုဂန္ထဉ်ုရခေါ်၍ အဘယ်ကို ဝိပဿနာဓုရ ခေါ်ကြောင်း ခဲ့ခြား၍ မိန့်ကြားတော်မူပါဘုရား။

ဖြေ။ ချစ်သားမဟာပါလ၊ မိမိ၏ဉာဏ်ပညာ အနုအရင့်ကို လိုက်၍တခုသော နိကာယ်ကိုဌင်း၊ နှစ်ခုသော နိကာယ်ကိုဌင်း၊ အလုံးစုံသော ပိဋကတ်သုံးပုံဟု ဆိုအပ်သော ငါဘုရား စကား တော်ကိုဌင်း သင်ယူ၍ ထိုပိဋကတ်သုံးပုံကိုဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းသည် ဂန္ထဓုရမည်၏။ ပေါ့ပါးသော အာသက်မွေ့ခြင်း ရှိသည်ဖြစ်၍ ဆိတ်ငြိမ်သောအရပ်၌ မွေ့လျော်သော ရဟန်း၏ မိမိကိုယ်၌ ကုန်ခြင်း၊ပျက်ခြင်း"ခယဝယ"ကမ္မဋ္ဌာန်းကို ဖြစ်စေ၍ အမြဲမပြတ် အထပ်ထပ်လုံလုပ်သည်၏ အစုမ်းအားဖြင့် ဝိပဿနာ ပွားစေလျက် အရဟတ္တဖိုလ်ကို ယူခြင်းသည် ဝိပဿနာဓုရမည်၏။

မေး။ အရှင်ဘုရား၊ တပည့်တော်မှာ အသက်အရွယ် ကြီးရင့်လေမှ ရဟန်းပြုလာရသူ ဖြစ်ပါသောကြောင့် စာပေ သင်ကြားပို့ချမှု 'ဂန္ထဓုရ' တာဝန်ကို မထမ်းဆောင်နိုင်တော့ပါ။ ဝိပဿနာဓုရကိုသာ ဖြည့်ကျင့်ပါအံ့။ တပည့်တော်အား တပည့် တော်နှင့် သင့်လျော်မည့် တခုသော ကမ္မဋ္ဌာန်းတရားကို သနား ချီးမြှင့်တော်မူပါ။

မြတ်စွာဘုရားသည် မဟာပါလရဟန်းအား အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းတရားကို ဟောကြား၍ ပေးတော် မူလိုက်လျှင် မဟာပါလသည် ဘုရားအပါးတော်မှ ဖဲခွါပြီး ပစ္စန္တရောင်အရပ်သို့သွားကာကမ္မဋ္ဌာန်းတရားကိုပွားများအားထုတ် လေ၏။

(ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်၊ နှစ်ကျွှပါလမထေရ်ဝတ္ထုမှ)

ဓမ္မဒိန်းစာပေ

လူအပူလုံရေး

ပြဿနာ=လောကီရေး၊ လောကုတ္တရာရေး။

မေးလျှောက်သူ=ဗျဂ္ဃသစ္ဆ။

ဗျဂ္ဃသစ္ဆဟူသော စကားလုံးသည် တဦးသောသူ၏ အမည်နာမ ဖြစ်၏။ ထိုသူသည် ဗုဒ္ဓမြတ်ဘုရားအား အံ့သဲ့စဲ့ ကြည်ညိုသူ၊ ဗုဒ္ဓဝါဒကို အကြင်းမဲ့ယုံကြည်သက်ဝင် လက်ခံသူ၊ 'ဗုဒ္ဓဝါဒီ' လည်းဖြစ်၏။ ဗုဒ္ဓမြတ်ဘုရားသည် အရာခပ်သိမ်းကို အကြင်းမဲ့ အကုန်အစင် သိမြင်တော်မူသော "သဗ္ဗညုတ" ရှေဉာဏ်တော် သခင် ဖြစ်တော် မူကြောင်းကိုလည်း ဗျဂ္ဃသစ္ဆသည် ကောင်းစွာ နားလည်ထားသူလည်း ဖြစ်၏။

ဗျဂ္ဃသစ္ဆသည် ဒီဃဇာဏုအမည်ရှိသော ကောလိယမင်း၏ သားဖြစ်၍ ကောလိယပြည်၌ နေထိုင်ကြီးပွားသူ ဖြစ်၏။ ဘခါတပါးတွင် မြတ်စွာဘုရားသည် ကောလိယပြည်သို့ ကြွတော်မူလာပြီး "ကက္ကရပတ္တ"မည်သော နိဂုံး၌ သီတင်းသုံးနေတော်မူလေသည်။

ထိုသတင်းကို ဗျဂ္ဃသစ္ဆ ကြားလေသော် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ကက္ကရပတ္တနိဂုံးသို့ သွားလေသည်။ လမ်းခရီး အကြား၌ တွေ့လာသည်ကား ဗုဒ္ဓမြတ်ဘုရားအား အခါ

ခပ်သိမ်း ဖူးမြင်ခွင့်ရသည် မဟုတ်၊ ကြုံတောင့်ကြုံခဲ ဖူးခွင့်ရသည့် အခိုက်တွင် သူခပ်သိမ်းအတွက် အကျိုးရှိရာ ရှိကြောင်းများကို လျှောက်ထားရသော် ကောင်းလေစ့။

ဤသို့ စိတ်ကူးလာခဲ့ပြီး ထိုနိဂုံးသို့ ရောက်လေသောအခါ ဗုဒ္ဓဘုရား အထံတော်သို့ ချဉ်းကပ်ပြီး ဘုရားသခင်ကို ရှိသေစွာ ရှိခိုးလျက် အောက်ပါပြဿနာကို လျှောက်ထား မေးမြန်းခြင်း ပြုလေ၏။

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်များသည် အိမ်ယာတည်ထောင် လူဘောင်၌ နေကြသည့် လူဝတ်ကြောင်များ ဖြစ်ကြသည့်အလျောက် ကာမသုခကို ခံစားခြင်းနှင့် မကင်းကြပါဘုရား။ သားတဲ့လဲ၊ သမီးတဲ့လဲ တည်းဟူသော အမျိုးမျိုးသော အနှောင်အဖဲ့၊ အသွယ်သွယ်သော အကြောင်း ကြောင်းတို့ကြောင့် နေကြရ၊ ထိုင်ကြရသည်မှာ ကျဉ်းကျပ်လှပါကုန်၏။ အမွေးအထုံ၊ ပန်းနံ့သာ၊ နံ့သာပျော်ငး စသော ကောင်းနိုးရာရာ ဟူဟူ သမျှတို့ကိုလည်း ဆင်ယင်လိမ်းသ ဆောင်ကြရပါကုန်၏။ ကာသိတိုင်းဥ၌ ဖြစ်သော အဖိုးတန် စန္ဒကူးပုဆိုးကိုလည်း ဝတ်ကြရပါကုန်၏။ ရွှေငွေများကိုလည်း ရတနာအဖြစ်ဖြင့် သိုမှီးသိမ်းဆည်းကာ သာယာကြရပါကုန်၏။

ဘုန်းတော်ကြီးသော အရှင်ဘုရား၊ လူဝတ်ကြောင် ဖြစ်ကုန်သော တပည့်တော်များနှင့် သင့်လျော်မည့်တရားကို ဟောကြားတော် မူပါဘုရား။ အကြင်တရားသည် တပည့်တော်တို့အဘို့ မျက်မှောက်သော ကိုယ်၏အဖြစ်၌ အကျိုးစီးပွား ဖြစ်ထွန်း

ခြင်း၊ ချမ်းသာခြင်းဌာ ထိုက်၏။ တမလွန်ဘဝဌ္ဌလည်း အာကျိုး စည်းပ္ဓါးဖြစ်ထွန်းခြင်း၊ချမ်းသာခြင်းဌာထိုက်၏။ ထိုသို့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အာကျိုး'ကို ဖြစ်စေမည့် တရားမျိုးကို ဟောကြားတော်မူပါဘုရား။

ဖြေ။ ဗျဿသစ္စ၊ နာဒေသဲ့။ ဤငါဟောအပ်လတ္တံသော ဘရားတို့ကား မျက်မှောက်ဒေသာကိုယ်၏ အဖြစ်ဌဌရင်း၊ တမလွန် ဘဝဌဌရင်း အကျိုးစီးပ္ဓါးဖြစ်ခြင်း၊ ချမ်းသာခြင်းဌာ ဖြစ်ကုန်၏။ ထိုဘရားတို့သည် အရေအတွက်အားဖြင့် လေးပါး ရှိကုန်သည်။ လေးပါးဟူသော်ကား—

(၁) နိုးကြားထကြ၊ လုံ့လနှင့်ပြည့်စုံခြင်း တပါး။
(ဥဋ္ဌာနသမ္ပဒါ)

(၂) အစောင့်အရှောက်နှင့် ပြည့်စုံခြင်း တပါး။
(အာရက္ခသမ္ပဒါ)

(၃) ကောင်းသောအဆွေခင်ပ္ဓန်းရှိခြင်း တပါး။
(ကလျာဏမိတ္တသမ္ပဒါ)

(၄) ညီညွတ်စွာအသက်မွေးခြင်း တပါး။
(သမဇီဝိဘာသမ္ပဒါ)

ဤလေးပါးတို့ ဖြစ်ကုန်၏။

(၁) ဗျဿသစ္စ၊ နာဥိးလော့။နိုးကြားထကြ လုံ့လနှင့် ပြည့်စုံခြင်း ဟူသည်ကား ဤလောကဌဲ့ အမျိုးကောင်းသား သည် ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ နွားမွေးခြင်း၊ လက်မှုအတတ်၊

အဋ္ဌာရသအတတ်၊ မင်းထံခစားခြင်း အစရှိသော အမှတ်မထင်သော အတတ်ဖြင့် အသက်မွေးခြင်းငှာ အကြောင်အမှုကို ပြုပေ၏။ ထိုထို မိမိအသက်မွေးသောအမှုဌ် ကျွမ်းကျင်သည်၊ လိမ္မာသည်၊ တတ်မြောက်သည် ဖြစ်၏။ ပျင်းရိခြင်းလည်းမရှိ။ မိမိလည်း ပြုခြင်းငှာ စွမ်းနိုင်၏။ သူတပါးကိုလည်း စီရင်ခြင်းငှာ စွမ်းနိုင်၏။ ဤသည်ကို နိုးကြားထက်သန် လုံ့လနှင့်ပြည့်စုံသော သူဟု ဆိုအပ်၏။

(၂) အို ဗျဉ္ဇသစ္စ၊ အစောင့်အရှောက်ပြည့်စုံခြင်းဟူသည်ကား ဤလောကဌ် အမျိုးကောင်းသားသည် ထက်သန် လုံ့လလှုပ်ရှားမှုကိုစဲ၍ ဖြစ်ကုန်သော၊ ခွေးအလိမ်းလိမ်းကပ်ကုန်သော၊ တရားသဖြင့်ရကုန်သော စည်းစိမ်တို့သည် ရှိကုန်၏၊ ဖြစ်ကုန်၏။ ထိုစည်းစိမ်တို့ကို မပျောက်မပျက်ရအောင် စောင့်ရှောက်လုံခြုံစေသဖြင့် ပြည့်စုံစေရာ၏။

အဘယ်သို့လျှင် စောင့်ရှောက် လုံခြုံစေရာသနည်း ဟူမူကား "ငါ၏ ဖြစ်ပြီးသော စည်းစိမ်ချမ်းသာတို့ကို မင်းစသော ရန်သူမျိုး ငါးပါးတို့သည် မဖျက်ဆီးနိုင်စေသတည်း" ဟု နှလုံးပိုက်၍ သိမ်းဆည်းလုံခြုံစေခြင်းပင်တည်း။ ဤသည်ကို အစောင့်အရှောက်နှင့် ပြည့်စုံသည်ဟု ဆိုအပ်၏။

(၃) အို ဗျဉ္ဇသစ္စ၊ အဘယ်သည်လျှင် ကောင်းသောအဆွေခင်ပွန်းရှိသောသူ၏ အဖြစ်နှင့် ပြည့်စုံသနည်းဟူမူကား ဤလောကဌ် အမျိုးကောင်းသားသည် အကြင်မြို့ရွာ နိုဂုံးဌ်နေ၏။ မိမိနေသောထိုမြို့၊ ထိုရွာ၊ ထိုနိုဂုံးဌ် အကြင်လူတို့သည် ပုဂ္ဂံသေဝသိလရှိကုန်၏။ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာနှင့် ပြည့်စုံကြကုန်၏။

ထိုသူတို့နှင့်တကွ ကောင်းစွာမဆန့်ကျင်စေဘဲ ပေါင်းသင်း၍ ပြောဟောခြင်း၊ နှိုးနှောခြင်းကို ပြုအပ်၏။ အကြင်သို့ သဘော ရှိကုန်သော သီလစသည်တို့နှင့် ပြည့်စုံသောသူတို့သို့ အတုလိုက်၍ ကျင့်အပ်ကုန်၏။ ဗျဉ္ဇသစ္စ၊ ဤသည်လျှင် ကောင်းသောအဆွေခင်ပွန်းနှင့် ပြည့်စုံသည်မည်၏ဟု ဆိုအပ်၏။

(၄) အိုဗျဉ္ဇသစ္စ၊ ညီညွတ်စွာအသက်မွေးခြင်း ရှိသော သူ၏အဖြစ်သည် အဘယ်နည်းဟူမူကား စည်းစိမ် ဥစ္စာတို့၏ ရလတ္တံ့၊ ကုန်လတ္တံ့သည်ကိုသိ၍ ညီညွတ်စွာ အသက်မွေးခြင်းကို ပြုရာ၏။ ရသည်ထက် အလွန်လည်းမသုံးဆောင်အပ်၊ အလွန်ယုတ်ညံ့၊ နည်းစွာလည်း မသုံးဆောင်အပ်။ ဤသို့ရလတ္တံ့၊ ကုန်လတ္တံ့သောစည်းစိမ်ကို သိမ်းကြုံးမျှတ၍ တည်ရာ၏။

ဤ ရလတ္တံ့သော စည်းစိမ်ဥစ္စာသည် ကုန်လတ္တံ့သော စည်းစိမ်ဥစ္စာကိုယူ၍ မတည်လတ္တံ့ဟုသိ၍ ညီညွတ်စွာ အသက်မွေးရာ၏။ ဥပမာသည်ကား—

ချိန် ဆရာ၊ ချိန်ဆရာ၏တပည့်သည် ချိန်ကို ချိန်၍ သိ၏၊ ဤမျှထည့်သဖြင့် ချိန်သည် ဤမှာဘက်သို့ညွတ်၏။ ဤမျှထည့်သဖြင့် ချိန်သည် ထိုမှာဘက်သို့မြင့်၏ဟု သိသကဲ့သို့ အမျိုးကောင်းသားသည် စည်းစိမ်ဥစ္စာတို့၏ ဖြစ်လတ္တံ့၊ ကုန်လတ္တံ့ကို သိ၍ ညီညွတ်စွာအသက်မွေးရာ၏။ ဖြစ်လတ္တံ့သည်ထက် အလွန်မျှားစွာလည်း မသုံးဆောင်အပ်၊ အလွန်ယုတ်ညံ့၊ နည်းစွာလည်း မသုံးဆောင်အပ်။ ဤသို့ဖြစ်လတ္တံ့သောစည်းစိမ်၊ ကုန်လတ္တံ့သောစည်းစိမ်ကို ယူ၍တည်၏။ကုန်ခြင်းသည် ပွားခြင်းကို ယူ၍ မတည်လတ္တံ့ဟုသိ၍ ညီညွတ်စွာ အသက်မွေးရာ၏။

ဗျဉ္ဇဿစ္စ၊ အမျိုးကောင်းသားသည် နည်းသောဥစ္စာရှိသည် ဖြစ်ပါလျက်နှင့် လွန်စွာ သုံးဆောင်၍ အသက်မွေးခြင်းကို ပြုသည်ဖြစ်အံ့၊ ထိုသို့ပြုသောသူဌားဆိုတတ်ကုန်သောသူတို့သည် ဆိုကုန်ရာ၏။ နည်းသောဥစ္စာ ရှိသည် ဖြစ်ပါလျက်နှင့် အလွန်များသော ရေသဖန်းသီးကို ဆွတ်၍ စားရတိသကဲ့သို့ ဤအမျိုးသားသည် ဥစ္စာတို့ကို သုံးစားဘိ၏ဟု ဆိုကုန်၏။

ဗျဉ္ဇဿစ္စ၊ အမျိုးသားသည် များသော စည်းစိမ်ဥစ္စာရှိသည် ဖြစ်လျက်နှင့် ဆင်းရဲငြိုငြင်၊ ယုတ်ညံ့စွာသုံးဆောင်၍ အသက်မွေးအံ့။ ထိုသို့မွေးသောသူကို ဆိုတတ်ကုန်သောသူတို့ ဆိုကုန်ရာ၏။ များစွာသောစည်းစိမ်ဥစ္စာ ရှိပါလျက်နှင့် မိမိလည်းမသုံးဆောင်ရက်၊ သူတပါးအားလည်း ပေးကမ်း စွန့်ကြဲခြင်းအမှုကို မပြုရက်၊ ဤသူသည် ကိုးကွယ်ရာမရှိ သေခြင်းဖြင့် သေရလတ္တံ့ဟု ဆိုကုန်ရာ၏။

ဗျဉ္ဇဿစ္စ၊ အကြင့်ကြောင့် အမျိုးသားသည် စည်းစိမ်တို့၏ ရခြင်း၊ ကုန်ခြင်းကိုသိ၍ ညီညွတ်စွာအသက်မွေးရာ၏။ဤသည်ကို ညီညွတ်စွာအသက်မွေးသည်ဟုဆိုအပ်၏။

အို ဗျဉ္ဇဿစ္စ၊ နာလော့။ စည်းစိမ်ဥစ္စာတို့ ပျက်စီးခြင်း လေးပါးတို့သည် ရှိကုန်၏။ လေးပါးဟူသော်ကား-

(၁) မိန်းမကြူးခြင်း တပါး။ (ဣတ္ထိဓုတ္တာ)
(၂) သူရာကြူးခြင်း တပါး။ (သူရာဓုတ္တာ)
(၃) ကြေအန်စသည် ကစားကြူးခြင်း။ (အက္ခဓုတ္တာ)
(၄) မကောင်းသောအဆွေခင်ပွန်းယုတ်ကို ကိုယ်စိတ်အတူ ပေါင်းဖော်ညီညွတ်ခြင်း တပါး။

ဤသည်လျှင်လေးပါးတို့ ဖြစ်ကုန်သတည်း။

အို ဗျဉ္ဇဿဘ၊ နာလော။ လေးပါးကုန်သော တရားတို့သည် တမလွန်ဘဝ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလို့ငှာ ဖြစ်ကုန်၏။ လေးပါးဟူသော်ကား--

(၁) သဒ္ဓါ

(၂) သီလ

(၃) စာဂ

(၄) ပညာ နှင့် ပြည့်စုံခြင်းပင်တည်း။

(၁) အို ဗျဉ္ဇဿဘ၊ သဒ္ဓါနှင့် ပြည့်စုံခြင်း ဟူသည်ကား ရတနာသုံးပါးကို ယုံကြည်ခြင်း၊ ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်း၊ မြတ်စွာဘုရား၏ သဗ္ဗညုဘုဉာဏ်တော်ကို ယုံကြည်ခြင်း၊ မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်ကို ယုံကြည်ခြင်း၊ ဤသည်လျှင် သဒ္ဓါနှင့်ပြည့်စုံခြင်းဟု ဆိုအပ်၏။

(၂) သီလနှင့် ပြည့်စုံခြင်း ဟူသည်ကား ငါးပါးသီလနှင့် ပြည့်စုံခြင်းတည်း။ ဤသည်လျှင် သီလနှင့် ပြည့်စုံခြင်းဟု ဆိုအပ်၏။

(၃) စာဂနှင့် ပြည့်စုံခြင်းဟူသည်ကား နောက်က ဆိုခဲ့သည့်အတိုင်း ကင်းသောဝန်တိုခြင်း ရှိသည်ဖြစ်၍ ကံ ကံ၏ အကျိုးကို ယုံကြည်၍ ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းပင်တည်း။ ဤသည်လျှင် စာဂနှင့် ပြည့်စုံသောသူ ဟူ၍ ဆိုအပ်၏။

---

(၄) ပညာနှင့်ပြည့်စုံခြင်းဟူသည်ကား ကံ ကံ၏အကျိုးကို သိသည်ဖြစ်၍ အလွန်ရှုပ်ထွေးလှသော၊ တမလွန်နှင့် စပ်သော ခရီးခဲကို အမြဲသုတ်သင်ခြင်းပင်တည်း။ ဤသည်လျှင် ပညာနှင့် ပြည့်စုံသော သူဟူ၍ ဆိုအပ်၏။

ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရားသည် ဗျဉ်ဿသစ္စက မေးလျှောက်သော ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးကို ပြီးစေနိုင်သော ကြီးပွားကြောင်းတရားကို အထက်ပါအတိုင်း ဖြေကြားတော်မူလိုက်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒီဃစာကျသုတ်)

ဘုရားကို သဲမက်ဖမ်းသူ

ပြဿနာ=သမီးကညာ၊ ရွယ်ရောက်လာ၍။

မေးလျှောက်သူ=မာဂဏ္ဍိယပုဏ္ဏား။

ကိုယ့်သမီးချောကလေးကို ဘုန်းကြီးရဟန်းနှင့်မှ ထိမ်းမြားလို၊ လက်ထပ်ပေးလိုသူများ ရှိသေး၏။ ၎င်းတို့ကား နာမည်တူ မာဂဏ္ဍိယ ပုဏ္ဏားလင်မယား ဖြစ်ပေသည်။

သူတို့သည် မရိုပို့ဇ်အနွယ်အဆက်မှ ဆင်းသက်လာသူများ ဖြစ်သောကြောင့် ရဟန်းဒတ်များကို မြတ်နိုးလေ့ ရှိကြ၏။ တန်ခိုးရှိသူဟူ၍လည်း ယူဆကြ၏။ သူတို့တွင် မာဂဏ္ဍိဆိုသော သမီးတယောက်ရှိရာ အပျိုပေါက်အရွယ် ရောက်လာသောအခါ သမီးအား တော်ရုံတန်ရုံလူနှင့် မပေးစားလိုကြချေ။

သို့ကြောင့် လူရည်သန့်၊ ရုပ်ချောချော သမက်လောင်းရရှိရေးအတွက် လင်မယားနှစ်ယောက်စလုံး လုံးပမ်းကြသည်။ ရှာဖွေကြသည်။ သမက်လောင်း ရွေးဘို့ လူရည် သန့်ကလေးဒတ္တကို တွေ့ကား တွေ့၏။ သို့သော် ရဟန်မဟုတ်၍ မပေးစားကြကုန်။ သူတို့လိုလားသော သမက်လောင်း၏ အင်္ဂါလက္ခဏာတို့ကား—

(၁) =အမျိုးမြတ်သူ ဖြစ်ရမည်။

(၂) =လူရည်သန့်၍ ရုပ်ချောရမည်။

(၃) =ထိုသူသည် ရဟန်းလည်း ဖြစ်ရမည်။

ဤအင်္ဂါသုံးချက်ကို မူဆား၍ သမက်လောင်း ရှာဖွေနေကြ၏။

သူတို့ကား ကျေးလက် နိုဂုံးဇနပုဒ်သူများ ဖြစ်ကြသည်။ ကုရုရာဇ်တိုင်း၊ ကမ္မာသမ္မနိဂုံး၌ နေထိုင်ကြ၏။ တောတွင်းသူ ဆိုသော်လည်း သူတို့သမီးကလေး မာဂဏ္ဍီမှာ ငါးလီကောင်းခြင်း၊ ခြောက်ပြစ်ကင်း၍၊ ကြွေ့ရှင်းယဉ်စ ရှုမဝကလေးတည်း။

သူတို့အဘို့တွင် ယခုအချိန်၌ သမက်လောင်းကောင်းကောင်း ရရှိရေးသည် အဓိက ဖြစ်နေသည့်အလျောက် မာဂဏ္ဍီပုဏ္ဏား သည် တနေ့သောအခါ ရှာပြင်ဘက်၌ ညလုံးပေါက်မီးပူဇော်ခြင်း ပြု၍ သမက်ကောင်းနှင့် တွေ့ရှိရလိုကြောင်း ဆုတောင်းပြီးလျှင် နံနက်စောစော အိမ်သို့ ပြန်လာခဲ့လေ၏။

ရှာအဝင် တံခါးဝ၌ မြတ်စွာဘုရားနှင့် တွေ့လေသော် "ကော်ပြီ၊ ငါတို့ လိုလားနေသော သမက်လောင်းကို တွေ့ပြီ" ဟူ၍ ဝမ်းမြောက်ဝမ်းသာအိမ်သို့လျှင်မြန်စွာသွား၍ မယားအား အကျိုးအကြောင်း ပြောပြလေ၏။

"သမက်လောင်း တွေ့ခဲ့ပြီ ရှင်မ၊ မြန်မြန်လုပ်ပါ၊ သမီးကော ဘယ်မှာလဲ၊ မြန်မြန်ခေါ်ပြီး ဖီးလိမ်း ပြင်ဆင်ပေးပါ၊ သမီးကို ဒီကနေ့ လင်ပေးစားရတော့မည်။"

အရေးတကြီး ပြောဆိုချက်ကြောင့် ပုဏ္ဏားမမှာ ပထမဒဿာ အုံအားသင့်နေ၏။ လင်ဖြစ်သူက အာတန်တန် ပြောနေသဖြင့်

သမီးကို အစုမ်းကုန် ကြော့နေအောင် ဆင်ယင်လျက် သားအမိ သားအဖသုံးယောက် ခပ်သွက်သွက် အိမ်က ထွက်ခဲ့ကြသည်။

တံခါးဝသို့ ရောက်လေသောအခါ ဘုရားကို မတွေ့လေတော့ သဖြင့် "ညည်းတို့ နှေးကွေးသည့်အတွက် သမက်ကောင်းနှင့် လွဲရသည်"ဟူ၍ မယားအား ဆူပူကြိမ်းမောင်းခြင်း ပြုလေတော့ရာ မယားခမျာမှာ ဘာမျှ မပြောသာတော့ဘဲ ခေါင်းငုံ၍သာ ခံနေရရှာလေ၏။

"ဟောဒီမှာ သူ့ခြေရာ။"

မာဂဏ္ဍိပုဏ္ဏားသည် မယားကို ဆူရက်က မြေထက်တွင် ထင်နေသော မြတ်စွာဘုရား၏ ခြေတော်ရာ[၁]ကို မြင်သဖြင့် မယားအား လက်ညှိုးထိုး၍ ပြောပြလေ၏။

"ဒီခြေရာဟာ ခုနက ငါတွေ့ခဲ့ရတဲ့ ဗြာဟ္မဏနွယ်ဘုန်းသူကောင်းသားရဟန်း၏ ခြေရာ ရှင်မရဲ့၊ သေသေချာချာရှုပါစမ်း၊ ညည်း သမက်လောင်း ရဟန်း၏ ခြေရာဟာ ဘယ့်ကလောက် ယေ့ကျားမြတ် ပြီသသလဲ။"

ပုဏ္ဏားမသည် ခြေရာကို မြင်လိုက်သောအခါ မျက်နှာ ပျက်သွားပြီး ပုဏ္ဏားကို အဓိပ္ပာယ်ရှိရှိဖြင့် ကြည့်လိုက်သည်။ ထိုအခါ ပုဏ္ဏားက-

"ဘာကြည့်တာလဲရှင်မ၊ ဝမ်းနည်း မနေနဲ့တော့။"

၁။ မြတ်စွာဘုရား၏ ခြေတော်ရာမှာ ထင်လေ့မရှိ။ မာဂဏ္ဍိလင်မယားကျတ်လွတ်ရေးကိုမြင်တော်မူသဖြင့် ခြေတော်ရာကို တန်ခိုးတော်ဖြင့် ချထားခဲ့ခြင်း ဖြစ်၏။

"ကျုပ်က ဝမ်းနည်းလို့မှုတ်ဘူး၊ ဗေဒင်ပညာတွေ ရှင်သင်ထားပြီးတော့ ခြေရာတွေ့လို့မှ လူကဲ့ မခတ်တတ်ဘူး၊ ရှင်ဟာနဲ့ နဲ့လွန်းတယ်။"

"အံမာ၊ ညည်းကဘဲ ငါ့ကို အပြစ်တင်ရတယ် ရှိသေး။"

"တင်ရပါ့သော်ကောတော်၊ ဒါလောက်ကလေးမှ ရှင်မသိတတ်တာ အံ့ပါရဲ့၊ သေသေချာချာ ကြည့်စမ်းပါ၊ဒါ ရှင့်သမီးကို ယူမဲ့လူစားမျိုး မှတ်သလား။"

"ငါ့သမီးကိုသာ မြင်လိုက်ယင် မကြိုက်ခံနိုင်ရိုးလား ရှင်မ၊ ယူရာက ပိုသေးတယ်။"

"ရှင့် သမီးကို ဒါလောက် အထင်ကြီးမနေနဲ့၊ဒီခြေရေ့ရှင်က လူတမျိုး၊ ဒီမှာ မြင်ရဲလား၊ ရာဂအားကြီးသူရဲ့ ခြေရာဟာ အလယ်လောက်က ကောက်နေတတ်တယ်လို့ ဗေဒင်ကျမ်းကဆိုတယ်၊ ဒီခြေရာမှာ မကောက်ဘူး၊ ညီနဲ့တာ တချက်၊ပီးတော့ ဒေါသအားကြီးသူရဲ့ ခြေရာဟာ ရွှေကိုနဲနဲဆဲ့တယ်၊ ဒီခြေရာဟာ မဆဲ့ဘူး၊ ညီနေတာတချက်၊ နောက်တချက်က မောဟအားကြီးသူရဲ့ ခြေရာဟာ နောက်ပိုင်းက ခွက်နေတတ်တယ်၊ ဒီခြေရာက မခွက်ဘူး၊ အားလုံးတပြေးတည်း ညီမျှလျက် လက္ခဏာတွေ့ အပြည့်ပါရှိနေတယ်၊ ဒီခြေရာရဲ့ ပိုင်ရှင်ဟာ ဘုရားသာလျှင် ဖြစ်ရမယ်၊ ရှင့်သမီးကိုနှစ်သက်မဲ့ လူစားမျိုးမဟုတ်ပေဘူး။"

ယင်းသို့ ခြေရာကိုကြည့်ပြီး ပုဏ္ဏားလင်မယား အချေအတင် စကားပြောနေစဉ်မှာပင် မြတ်စွာဘုရားသည် ရှာတွင်းမှ ပြန်၍ ထွက်ကြွတော်မူလာရာ "ရှင်မ၊ ငါပြောတဲ့ ရဟန်းဆိုတာဒါဘဲ" ဟု အားရဝမ်းသာ ပြလေ၏။

မာဂဏ္ဍိသားအမိလည်း အတုမရှိသော မြတ်စွာဘုရား၏ တင့်တယ်ခြင်းအသရေကို ငေးမော၍ ရှုစားနေစဉ်မှာပင် မာဂဏ္ဍိပုဏ္ဏားသည် ဘုရားသခင်ကို ရှိခိုးပြီးလျှင် သမီးကိုထိုး၍ အပ်လေသတည်း။

မေး။ အရှင်ရဟန်း၊ အကျွန်ုပ်သည် နံနက်ကပင် အရှင့်ကို မြင်လိုက်ပါသည်။ မြင်လိုက်ကတည်းက အရှင့်အား မေတ္တာသက်ဝင် ခင်မင်မိပါသဖြင့် တွေ့လိုသောဆန္ဒဖြင့် မျှော်တရှုနေပါ၏။ (သမီးကို ပြလျက်) ဤသတို့သမီးကား အကျွန်ုပ်၏ချစ်မငြိုးသော သမီးကညာဖြစ်ပါသည်။ကျန်းတွင် ဇမ္ဗူ သူမတူအောင် လှပသော အဆင်းကိုလည်း ဆောင်ပါ၏။ မိန်းမညက္ကင္ဍ အမျိုးမြတ်သူလည်း မှန်ပါ၏။ ဤသမီးကို အရှင့်အား ပေးမြား ဆောင်နှင်းပါအံ့။ အလိုရှိပါမူ ယူတော်မူလော့ အရှင်ရဟန်း။

ထိုအခါ မြတ်စွာဘုရားက မာဂဏ္ဍိသတို့သမီးအား လှည့်၍မျှရှုစားခြင်း ပြုတော်မမူလေဘဲ သတိသံဝေဂ ရစိမ့်သောဌာန—

ဖြေ။ မာဂဏ္ဍိယ နာမထင်ရှား၊ အို ပုဏ္ဏား။ ငါဘုရားအဖြစ်သို့ ရောက်တော်မူစအခါက မာရ်နတ်၏ သမီးများဖြစ်ကုန်သော တဏှာ၊အရတီ၊ ရာဂါအမ်ည်ရှိ သမီးသုံးယောက်တို့ ငါ့ထံသို့ လာကြကုန်၏။ မာရ်နတ်မင်း၏ သမီးများ ဖြစ်သောကြောင့်လည်း အခြေအလှတွင် ပြောစရာ မရှိ၊ အလှထူတ်ဖူးလှခေါင်းမူး ကလေးချည်းသာတည်း။

ဤနတ်သမီးသုံးဦးတို့က ဒူးတုပ်၍ ငါ့ဆံ ပန်ကြားလေသည်မှာ အရှင့်အပါးဟူ၍ ခြေရင်းအလုပ်အကျွေးပြု၍ နေပါရစေ၊

ရပူရေချမ်းကမ်းလှမ်းပါရစေ၊ ခြေဆုပ်လက်နယ် အသုယ်သုယ် ပြုစုပါရစေ၊ အလိုဆန္ဒတူညီမျှလျက် ကာမစည်းစိမ်ကို ခံစားတော်မူပါဟု ငါ့အား ဆိုလာကုန်သော်လည်း ငါကား ခွင့်မပြုလက်ခံခြင်းမပြုခဲ့ပေ။

အို ပုဏ္ဏား၊ ယင်းသို့ လှစက်စက်ယို၊ သုံးဦးပျိုတို့ကိုပင်လျှင် ငါမလိုလားခဲ့ပါဘဲလျက် ကျင်ကြီးကျင်ငယ်အပြည့်နှင့် ရွံစလိလိဖြစ်သော သင်၏သမီးကို အဘယ်မှာလျှင် ငါ အလိုရှိတော်မူပါမည်နည်း။ သင့်သမီးကို ငါယူဘို့မဆိုထား၊ ခြေဖျားနှင့်သော်မှ ငါ ထိပါးခြင်းပြုတော်မမူလို။

ဤသို့ဆို၍ ပယ်ရှားလိုက်ပြီးလျှင် ကာမဒိန္ဓ ခေါ်သော "ကာမအမိုက်မှောင်" အပြစ်တရားကိုဆက်၍ ဟောကြားလိုက်ရာ ပုဏ္ဏားလင်မယားမှာ အကျပ်တရားရကြ၍ သမီးကို ညီဖြစ်သူထံတွင်အပ်နှံထားခဲ့ပြီး ဘုရားထံတွင် ရဟန်းပြုကြလေသတည်း။

သမီး မာဂဏ္ဍိမှကား ဘုရားအား ထိုအခါမှစ၍ရန်ငြိုးထားလေ၏။ ငါ့ကိုမလိုချင်လျှင် မလိုချင်ကြောင်းကိုသာ ပြောသင့်ပါလျက် မစင်ဘင်ပုပ်နှင့် ငါ့ကို နှိုင်းလိုက်ရုံမက ခြေဖျားနှင့်သော်မှ မထိလိုဟု သူဆိုစရာတဲ့လား၊ ပြောစရာတဲ့လား ဟူ၍ ဘုရားအပေါ်တွင် အမျက်မပြေ ရှိနေသောဟူ၏။

(ဓမ္မပဒဋ္ဌကထာ၊ သမာဝတီ ဝတ္ထုမှ)

ပယ်ဖြိုးစာပေ

ဘုရားကို လုပ်ကျေးဖြိုစေရန်

ပြဿနာ=ဘုရားကိုလုပ်ကျေးသူ မှန်မှန်မရှိခြင်း။

မေးလျှောက်သူ=အရှင်သာရိပုတ္တရာနှင့် သံဃာအများ။

သုံးလောက နယ်ခရိုင်၊ ပြိုင်ဘက်မပြု၊ တဆူတည်းသော ဘုရား ဖြစ်တော်မူသော ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုး တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား ဖြစ်တော်မူပါလျက် ကိုယ့်ပရိက္ခရာကို ကိုယ်တော်တိုင် လှယ်၍ ဆင်းရဲပင်ပန်းစွာ ကြွတော်မူရသည်ဆိုလျှင် "ယုံတမ်းစကား" ဟု ထင်ကောင်းထင်ကြပေမည်။ ထင်လည်း ထင်ထိုက်ပေသည်။

သို့သော် ဗုဒ္ဓမြတ်စွာဘုရားမှာ ပြုစုမည့်သူ ကင်းမဲ့သဖြင့် (၀၇)လုပ်ကျေးပြုစုသူတို့၏ ဥပေက္ခာပြု လျစ်လျူရှုမှု၊ ပေါ့ဆမှု များကြောင့် အကယ်ပင် ကိုယ့်ပရိက္ခရာ ကိုယ်တိုင် လှယ်လျက် မြို့နက်ခရိုးကြမ်းကို ကြွလှမ်းတော် မူခဲ့ရဘူးသည်မှာ အမှန် ဖြစ်၏။

ထိုစကားသင့်စ့။ မြတ်စွာဘုရားသည် ၀၇တော် နှစ်ဆယ် တိုင်တိုင်(သက်တော် ၅၅နှစ်တို့ ကာလပတ်လုံး) ရေပူရေချမ်း ကမ်းလှမ်းမည့်သူ အမြဲတမ်းအလုပ်အကျေးဟူ၍ မရှိခဲ့၊မထားခဲ့

သေးပေ။ရဟန်းများက သင့်သလိုသာ လုပ်ကျွေးသွားကြသည်။ အများအားဖြင့်ကားမြတ်စွာဘုရား၏ထံတော်ပါး၌ လုပ်ကျွေးသူ ဆို၍ အရှင်အာနန္ဒာကိုသာတွေ့ရသည်။သို့သော် အရှင်အာနန္ဒာသည်ပင် မြဲသောအလုပ်အကျွေး မဟုတ်သေးပေ။ ဘုရားထံတော်ပါး၌ အလုပ်အကျွေးသံဃာ စာရင်းတွင်—

(၁) ရုံခါ-နာဂသမာလ ရဟန်းကိုဂုင်း၊
(၂) ရုံခါ-ဥပဝါဏ ရဟန်းကိုဂုင်း၊
(၃) ရုံခါ-စုန္ဒ သာမဏေကိုဂုင်း၊
(၄) ရုံခါ-သာကေတ ရဟန်းကိုဂုင်း၊
(၅) ရုံခါ-ရာဓ ရဟန်းကိုဂုင်း၊
(၆) ရုံခါ-မေဃိယ ရဟန်းကိုဂုင်း တွေ့ရသည်။

သူတို့သည် ဘုရားသခင်အား အဆင်သင့်သလို လုပ်ခကျွေးပြုစုသော ဥပဋ္ဌက ရဟန်းများ ဖြစ်ကြသည်။ ထိုရဟန်းများ လစ်လပ်သောအခါတွင် အရှင်အာနန္ဒာက ဒိုင်ခံ၍ ဘုရားသခင်အား လုပ်ကျွေးပြုစုခဲ့လသည်။

ဤ၌ လူနှင့်ရဟန်း ကွာခြားချက်မှာ ဘုရင့်ထံပါးတွင် အနီးကပ် သက်တော်စောင့်အဖြစ် အမှုထမ်းကြသူများမှာ ဘုရင့်ထံမှ လခရိက္ခာများကိုယူ၍ တာဝန်အရအမှုထမ်းကြသူများဖြစ်သည်။ တာဝန် မကျေပြန်ခဲ့သော် မင်းဒဏ်သင့်သည်အထိ အပြစ်များကျရောက် နိုင်သောကြောင့် တာဝန်မလပ်အောင် အမြဲတစေ စောင့်ကြပ်ကြရသည်။

ဘုရား ထံတော်ပါးဦ့ အနီးကပ် ခစားကြသူများမှာကား စေကနာသာလျင် အဓိက ဖြစ်သည်။ ပုဂ္ဂိုလ်ရေးရာ အရ မြတ်စွာဘုရားအား သဒ္ဓါကြည်ညိုု၍ လုပ်ကျွေးပြုစုသူများ ဖြစ် သောကြောင့် အကယ်၍ တာဝန်မကျေပြန်၊ လစ်ဟင်းမှု ရှိခဲ့ သော်ငြားလည်း မင်းအမှုထမ်းများကဲ့သို့ ဒဏ်ဆားခံရခြင်း မရှိ ချေ။ ဤသို့လစ်လပ်ခြင်းအားဖြင့် ဘုရားသခင်မှာသာ ကသိ လင်တ ဒုက္ခများတော်မူရသည်။ ပြုစုသူဌ အပြစ်မရှိလေ။

သို့ကြောင့် တာဝန်အရမဟုတ်ဘဲ လုပ်နိုင်သည့်အခါ၊စေတနာ ရှိသည့်အခါတွင် လုပ်ကျွေး၍ မလုပ်နိုင်သည့်အခါ ဘုရား အာပါးမှခွါသွား ရှောင်သွားသော အဖြစ်မျိုးနှင့်ဘုရားသခင်မှာ မကြာခဏဆိုသလိုပင် တိုးမိတော်မူခဲ့ရသည်၊ ကြုံခဲ့ရသည်။

အခါတပါးတွင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီ တော်မူသွားစဉ် အလုပ်အကျွေးအဖြစ် နောက်တော်ပါးမှ နာဂသမာလထေရ် ပါသွားလေသည်။ နောက်တော်ပါးမှ ပါလာသူ အလုပ်အကျွေးရဟန်းသည် ဘုရားသခင်၏ ပရိက္ခရာ များကို သယ်ဆောင်မြဲ ဖြစ်လေသည်။

နာဂသမာလထေရ်သည် ပရိက္ခရာများကို လွယ်ပိုးလျက် ဘုရားသခင်နောက်က လိုက်ပါလာခဲ့သည်။ တနေရာတွင် ခရီး လမ်းဆုံဘခုသို့ ရောက်သွားလေ၏။ ဤတွင် ဆရာနှင့်တပည့်၊ မြတ်ဘုရားနှင့် အရှင်နာဂသမားပတို့ သဘော ကွဲလွဲမှုတခု ဖြစ်လာ၏။

ထိုးမှာ အခြားမဟုတ်၊ မြတ်ဘုရားသခင်က လက်ျာလမ်း ဖြင့် ကြွတော်မူလိုသည်။ အလုပ်အကျွေးရဟန်း အရှင်နာဂသ

မာလက လက်ဝဲလမ်းအတိုင်း သွားလိုသည်။ သို့ကြောင့် ဘုရား သခင်ထံ ပန်ကြားခြင်း ပြုလေ၏။

"အရှင်ဘုရား၊ တပည့်တော် လက်ဝဲလမ်းအတိုင်း သွားလို ပါသည် ဘုရား။"

"ချစ်တပည့်၊ ဤ သင်ဆိုသောလမ်းသို့ သွားရန် မသင့်။ မသွားလင့်။"

မြတ်စွာဘုရားက တားမြစ်၏။ မရလေ။ထိုရဟန်းသည် မိမိ ယူဆောင်လာခဲ့သော ဘုရား၏ ပရိက္ခရာများကို မြေပေါ်ချ ထားခဲ့ပြီး သွားမည်ပြုသောအခါ-

"ချစ်တပည့်၊ မြေမှာမချလင့်။ ငါ့ပရိက္ခရာများကို ငါ့ဆီ ယခဲလော။"

ဤသို့တောင်းယူပြီးလျှင် ကိုယ့်ပရိက္ခရာ ကိုယ်တိုင်လွယ်လျက် ခရီးဆက်တော်မူခဲ့ရာဘူးသည်။

အခါတပါးဦးလည်း မေဃိယမထေရ်က ပစ္ဆာသမဏ=အလုပ် အကျွေးအဖြစ် လိုက်ပါသွား၏။ ဇန္တုမည်သော ရွာသို့ ရောက်လျှင် ရွာဦးဆွမ်းခံပြီးသော် ရွာမှဖဲခွ၍ သရက်တောတခုသို့ ရောက်လျှင် ပြဿနာတခုပေါ်လာလေ၏။ မေဃိယရဟန်းသည် ဤသရက်တော၌ တရားအားထုတ်၍ နေလိုသည်။ဘုရားနောက် သို့ မလိုက်လိုခဲတော့ပေ။ သို့ကြောင့်လည်း-

"အရှင်ဘုရား၊ ဤပရိက္ခရာများကို ယူတော်မူပါ။ တပည့် တော် ဤသရက်တောမှာပင် တရားအားထုတ်၍ နေရစ်ပါတော့ မည်။"

ဤသို့ခွင့်ပန်ကာ ဘုရားသခင်၏ ပရိက္ခရာများကို ဘုရားထံ ပြန်အပ်သည်။ ဘုရားက သုံးကြိမ်တိုင် တားတော်မူသေး၏။

မရခဲ့ချေ။ မေးယိုယ ရဟန်းသည် သပိတ်သင်္ကန်းများကို ဘုရားသခင်လက်တော်သို့ အပ်ပြီး သရက်တော ထဲသို့ ဝင်သွားလေသတည်း။

မြတ်ဘုရားမှာ ကိုယ့်ပရိက္ခရာ၊ ကိုယ့်သပိတ်သင်္ကန်းများကို ကိုယ်တော်တိုင်သည်ပိုးကာ သာဝတ္ထိပြည်ဘက်သို့ ထွက်ခွါလာခဲ့ရသည်။ သင်္ရဖယ်တော်ကလည်း ကြီးရင့်၊ ခရီးကလည်းရှည်လျားကြမ်းတမ်းလေရကား မြတ်ဘုရားမှာ လွန်စွာပင်ပန်းခြင်းဖြစ်တော်မူလာ၍ ဇေတဝန် ကျောင်းတော်သို့ ရောက်တော်မူလျှင် ခွက်ချင်းပင် အလျင်စလို သံဃာ့ အစည်းအဝေးကို ဆင့်ခေါ် ကျင်းပခြင်းပြုလေ၏။ ကိုယ်တိုင် လွယ်ဆောင်လာခဲ့ရသော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာများကို သံဃာရှေ့မှောက်တွင် ချတော်မူကာ ဤသို့ မိန့်တော်မူလေ၏။

"အို ချစ်သားတို့၊ သင်တို့ဆရာဖြစ်သော ငါဘုရားကား ယခုအခါ အသက်အရွယ်တော်လည်း ကြီးရင့်လာပြီ။ ငါ့ထံပါးတွင် ငါနှင့်ထပ်ခြပ်မကွာလိုက်၍ငါ့ကို အမြဲ ပြုစုလုပ်ကျွေးမည့်သူ ရှိမှ သင့်ချေတော့မည်။ ငါ၏ သာသနာ တွင်းဝယ် သဒ္ဓါ ပဗ္ဗဇိတ ဟု ဝန်ခံလျက် ရဟန်း ပြုသော်ငြားလည်း မကျိုးနွံသော ရဟန်းများလည်း ရှိချေသည်။

"အချို့သူများသည် ငါနှင့်အတူ၊ သွားအုံဟူလျက်၊ အယူပြု၍ ခရီးတပါးသို့ သွားလိုသောအခါ ငါ၏ ပရိက္ခရာများကို မြေမှာချထား၍ သွားလိုရာသို့သွားကြသ်သည်။ အချို့ကလည်း ငါ့ကို ဂရုမမူ၊ မယူငင်ဘဲ လိုရာ

သို့သော ဖဲသွားဘိသည်။ အချို့ကလည်း ငါဘုရားကို ထောက်ထားမည်ဟု ထင်သလိုပင် နေကြသည်။"

"အို ချစ်သားတို့၊ အသိန်းအသန်းမကသော တပည့် တပဲန်း၊ရဟန်းသံဃာများရှိပါလျက် ငါ့သက်နှံ၊သပိတ်၊ ပရိက္ခရာများကို ငါကိုယ်တိုင် လှယ်နေရချေလျှင် သင်တို့ အပေါင်းဌာ သူတော်ကောင်းတို့ ကဲ့ရဲ့ဘွယ်ရာ ဖြစ်ချေ မည်။ထို့ကြောင့် အမြဲလုပ်ကျွေးသောသံဃာတပါးပါးကို ငါလိုလားတော်မူသည်။"

ထိုအမိန့်ကို ကြားကြရကုန်သောအခါ တပည့်သာဝကတို့ မှာ ဓမ္မသံဝေဂများစွာ ဖြစ်ကြကုန်လျက် ကြက်သီးမွေးညှင်း များပင် တဖြင်းဖြင်း ထကုန်လေ၏။ အရှင်သာရိပုတ္တရာက ရှေးဦးစွာ နေရာမှထ၍-

မေး။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊အကျွန်ုပ်သည် အရှင်ဘုရား ကဲ့သို့သော ပုရိသုတ္တမ၊ အနုတ္တရပုဂ္ဂိုလ်ကို အမြဲ ထာဝစဉ် လုပ်ကျွေးသမှု ပြုစုလိုပါသောကြောင့်သာ ကမ္ဘာ တသိန်းအလွန်ရှိသော တသင်္ချေကာလပတ်လုံး ပါရမီကို ဖြည့် ကျင့်လာခဲ့ပါသည်။ အရှင်မြတ်၏ သာသနာဝယ် အကျွန်ုပ် ကဲ့သို့သော ပညာကြီးသူ၊ အရာကြီးသူ မရှိပါ။ အကျွန်ုပ် ကဲ့သို့သော တပည့်သာလျှင် မြတ်စွာဘုရားအား လုပ်ကျွေးထိုက် ပါသည်။ ထို့ကြောင့် အကျွန်ုပ်လုပ်ကျွေးပါအံ့။

ဖြေ။ ချစ်သားသာရိပုတ္တရာ၊သင်သည် အကြောင်းသုံးရပ်ဖြင့် အကြင်နေရာ၌ နေ၏။ထိုအရပ်၊ ထိုနေရာသည် လေးဖြာသော ပရိသတ်တို့ဖြင့် မဆိတ်ညံ။ သင်၏ဆုံးမ ဩဝါဒသည် ငါဘုရား

ဆုံးမသည်နှင့် တူ၏။ သင်ဟောကြားအပ်သော တရားသည် ငါဘုရားဟောကြားသည်နှင့်တူ၏။ ထို့ကြောင့် သင်ကဲ့သို့ အဂ္ဂသာဝကသည် ငါ့အား လုပ်ကျွေးဘွယ်ကိစ္စ မရှိလေ။

ဤသို့ဆို၍ ပယ်တော်မူသည်။ အရှင်မောဂ္ဂလာန်က လျှောက်ထားသောအခါ၌လည်း ထိုနည်းဌင်းပင် ပယ်တော်မူသည်။ ထို့နောက် အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်ဘဒ္ဒိယစသော အသီတိမဟာသာဝကတို့ကလည်း လုပ်ကျွေးပါရမည့်အကြောင်းကို အသီးသီးလျှောက်ထားကြကုန်သော်လည်း ခွင့်ပြုတော်မမူဘဲ ရှေးနည်းအတူ ပယ်တော်မူသည်သာ။

ယင်းသို့ သူတမျိုးငါတဖုံ၊ မျိုးစုံအောင် လျှောက်ထားကြသော်လည်း အရှင်အာနန္ဒာမူကား မည်သို့မျှ လျှောက်ထားခြင်းမပြုလေဘဲ ဆိတ်ဆိတ်သာ နေ၏။ သံဃာတော်တို့ကလည်း "လျှောက်ထားပါလား" ဟူ၍ အရှင်အာနန္ဒာအား ဝိုင်း၍ တိုက်တွန်းကြသည်။

အရှင်အာနန္ဒာကား အမျှားနှင့်မတူ၊ တမူထူးသော အရှင် သူမြတ်ပေတည်း။ သူကိုဝိုင်း၍ တိုက်တွန်းနေသော သံဃာတော်များကို သူက ဤသို့ ဆိုပြောပေ၏။

"အို အရှင်ဘုရားတို့၊ တောင်းရမ်း၍ ရသောအရာမည်သည်ကား သူရင်းငှား ကဲ့သို့သာ ဖြစ်ချေသည်။ အကျွန်ုပ်ကား တောင်းရမ်းခြင်း မပြုလိုပါ။ ဘုရားသခင်သည် ရှေတွင်နေပါသော အကျွန်ုပ်ကို မမြင်ရှိအံ့လော။ အကယ်၍ အကျွန်ုပ်၏ လုပ်ကျွေးမှုကို နှစ်သက်တော်မူပါက "ချစ်သားအာနန္ဒာ၊ သင် ငါ့အား လုပ်ကျွေးလော့" ဟု မိန့်တော်မူလတံ့ဟု ဆိုကာသာ

နေလေသည်။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ကို ဤသို့ ဆိုပြောတော်မူလေ၏။

"အို ရဟန်းတို့၊ အာနန္ဒာသည် ငါဘုရားကိုလည်း အလွန် ချစ်ခင်သူ ဖြစ်ပေ၏။ သူတပါးတို့ထက်လည်း အားထုတ်ခြင်း လုံ့လနှင့် ပြည့်စုံသူဖြစ်၏။ ဤအနန္ဒာသည်ပင် ကောင်းစွာ အခွင့်သိ၍ ငါဘုရားအား လုပ်ကျွေးလတံ့" ဟူ၍ မိန့်တော်မူ၏။

ထိုသို့ မိန့်ကြားလတ်သော် အရှင်အာနန္ဒာ ဆောလျင်စွာ ထလော့။ ဘုရားရှင်၌ အလုပ်အကျွေးအရာကို တောင်းပန်ပါလော့ဟု ရဟန်းတို့က ဆိုကုန်၏။ ထိုအခါ အရှင်အနန္ဒာသည် နေရာမှထ၍ ရှိခိုးပြီးလျှင် ဤသို့ လျှောက်ထားလေ၏။

"ရှေဘုန်းတော်ရှင် သခင်မြတ်ဘုရား၊ အကျွန်ုပ်အား လေးပါး သောဆုကို ပယ်၍၊ လေးသွယ်သောဆုကို သနားတော် မူပါမူ အကျွန်ုပ် လုပ်ကျွေးပါအံ့" ဟုလျှောက်၏။

မေး။ ချစ်သား အာနန္ဒာ၊ သင် ပယ်လိုသောဆု လေးပါး ကား အဘယ်နည်း။

ဖြေ။ ရှေဘုန်းတော်သခင် မြတ်ရှင်ပင်ဘုရား၊ အကျွန်ုပ် ပယ်လိုသော ဆုလေးပါးမှာ—

(၁) ကိုယ်တော်မြတ်သည် ရအပ်သော မွန်မြတ်သော ဆွမ်း၊ ကွမ်း ပစ္စည်းဖြင့် အကျွန်ုပ်အား မချီးမြှောက်ခြင်း တပါးပါ ဘုရား။

(၂) မွန်မြတ်သော သက်နှံးပစ္စည်းဖြင့် အကျွန်ုပ်အား မချီး မြှောက်ခြင်း တပါးပါ ဘုရား။

---

(၃) ကိုယ်တော်မြတ် ကျိန်းဝပ်တော်မူသော ဂန္ဓကုဋိသို့ဝင်၍ အာကျန့်ပ် မအိပ်ရခြင်း တပါးပါဘုရား။

(၄) ဆွမ်းဘိတ်သော ဒါယကာတို့အိမ်သို့ အမြဲ ခေါ်၍ ကြွတော်မမူခြင်း တပါးပါဘုရား။

ဤလေးပါးသောဆုကို အာကျန့်ပ် ပယ်လိုပါသည်။

မေး။ ချစ်သား အာနန္ဒာ၊ အဘယ်အပြစ်ကို မြင်လေ၍ သင်သည် ဤအရာများကို ပယ်လိုသနည်း။

ဖြေ။ အရှင်ဘုရား၊ အများအားဖြင့် ရဟန်း ရှင် လူတို့ မည်သည်ကား သူတပါး၏ ကျေးဇူးမဲ့ကို ဆိုတတ်၊ ပြောတတ် ကြပါသည်။ အရှင်အာနန္ဒာကား ဘုရားသခင်က ချီးမြှောက် တော်မူသော ဆွမ်း သက်န်းကို ရသောကြောင့်၎င်း၊ ဘုရား သခင်နှင့်အတူ တခန်းတည်း၊ တနေရာတည်း၌ အိပ်ရသော ကြောင့်၎င်း၊ လုပ်ကျေးပြုစုနေသည်။ ငါတို့ကို ဤကဲ့သို့ မချီး မြှောက်လေ၍ လုပ်ကျေးဘွယ်မရှိဟု ဆိုဘိရာ၏။

ထို့ကြောင့် ဤဆုလေးမျိုးကို ပယ်လိုခြင်း ဖြစ်ပါသည်။

မေး။ ချစ်သားအာနန္ဒာ၊ သင် ယူလိုသော ဆုလေးပါး ဟူသည်ကား အဘယ်နည်း။

ဖြေ။ အရှင်ဘုရား၊ အာကျန့်ပ်ယူလိုသော ဆုလေးပါးကို လျှောက်တင်ပါအံ့၊ နာတော်မူပါဘုရား။

(၁) ဘုန်းတော်ကြီးသော မြတ်ဘုရားသည် အာကျန့်ပ်ဝန်ခံ၍ ဒေါသတ်အပ်သော ဆွမ်းကိုခံတော်မူခြင်း တပါးပါ ဘုရား။

(၂) မြတ်ဘုရားကို ဖူးမြော်လိုသူများ အာကျန့်ပ်ထံ ကပ်ရောက် လာကြလျှင် အာကျန့်ပ်က ဖူးမြော်ခွင့် ပြုပါဟု လျှောက် ထားသော် အဖူးမြော်ခံခြင်း တပါးပါ ဘုရား။

(၃) အာကျွန့်ပ် မြတ်ဘုရားထံ ဆည်းကပ်လိုသောအခါ အချိန်မရွေး၊ အခါမရွေး ဆည်းကပ်ခွင့် ရလိုခြင်း တပါးပါဘုရား။

(၄) မည်သည့်ဒေသဌိမဆို ဟောတော်မူသမျှသော တရားကို အာကျွန့်ပ်အား သင်ကြားပေးတော်မူခြင်း တပါးပါဘုရား။

ဤလေးပါးသောဆုကို အာကျွန့်ပ် ရယူလိုပါသည်ဘုရား။

မေး။ ချစ်သားအာနန္ဒာ၊ အဘယ်သို့သော အကျိုးထူးကို မြင်လေ၍ ဤဆုလေးမျိုးကို သင် ရယူလိုဘိသနည်း။

ဖြေ။ အရှင်ဘုရား၊ သဒ္ဓါတရားနှင့် ပြည့်စုံသောသူများသည် မြတ်ဘုရားကိုပင့်၍ အခွင့်မရလေသောအခါ အာကျွန့်ပ်ထံလာကြပြီး အရှင်အာနန္ဒာ၊ မနက်ဖြန်တွင် မြတ်စွာဘုရားနှင့်တကွ အာကျွန့်ပ်တို့အိမ်ကြွ၍ ဆွမ်းသင်္ကန်း အလှူခံတော်မူပါဟု လျှောက်ပါလိမ့်မည်။ ထိုအခါ အာကျွန့်ပ်တောင်းပန်၍ အခွင့်မရခဲ့သော်၎င်း၊ အဝေးမှ ရောက်လာကြသော ပရိသတ်တို့သည် မြတ်ဘုရားကို ဖူးမြင်လို၍ အာကျွန့်ပ်ကို ကပ်လာကြသော ကာလ ဖူးမြင်ခွင့်ရအောင် မပြုနိုင်ခဲ့ပါသော်၎င်း လူ အပေါင်းတို့က ဤသို့ ဆိုဘွယ်ရာ ရှိပါသည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အလွန် လုပ်ကျွေးခဲ့တော်မူပါလျက် ဤမျှသော အခွင့်ကိုမျှ မြတ်စွာဘုရားက မစတော်မမူလေ၊ ဝဋ်တို့ရှိ၍သာ ပြုစုရှာသည်ဟု ဆိုကြပါလတံ့။

အကျွန်ုပ်သည် ခက်ခဲသောအရာ၌ သံသယရှိ၍ ထိုသံသယကို ကင်းစင်မှသောငှာ အထံတော်သို့ ကပ်လိုသောအခါ၌ ကပ်ခွင့်မရသော်၎င်း၊ တပါးသောရပ်ရွာ၌ တပါးသော သတ္တဝါအား ဟောခဲ့သောတရားကို အကျွန်ုပ်အား သင်ကြားတော် မမူသည်ဖြစ်အံ့၊ ကိုယ်တော်မြတ်၏ ကွယ်ရာ၌,အကျွန်ုပ်ထံလာ၍ အရှင်အာနန္ဒာ၊ ဤဒေသနာကား သုတ်လော့၊ ဝိနည်းလော့၊ အဘိဓမ္မာလော့၊ အဘယ်အရပ်၌ အဘယ်ဇာတ်၊ အဘယ်တရားကို ဟောကြား ပါသနည်း စသည်ဖြင့် မေးလျှောက် ကြသောကာလ အကျွန်ုပ် မသိ၍ မဖြေဆိုနိုင် ရှိပါလိမ့်မည်။ ထို့အခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ၌ သွားလေရာရာ ပါသော အရိပ်ကဲ့သို့ ဖဝါးခြေထက် ထက်ချပ်ပါသူ ဖြစ်ပါလျက် ဘုရားဒေသနာကို သေချာစွာ မမှတ်ဘိ၊ သိသင့်လျက်နှင့် မသိရှာလေဟု သူတထူးတို့ကဲ့ရဲ့လေရာသည်။ ထို့ကြောင့် ဤဆုလေးမျိုးကို အကျွန်ုပ်ရယူလိုခြင်း ဖြစ်ပါသည်ဘုရားဟု လျှောက်သည်။

ဘုရားသခင်လည်း "သင်လိုသောဆုမျှားကို ငါ ပေးတော်မူအံ့"ဟု ဆုမျှားကို ပေးပြီးလျှင် အလုပ်အကျွေး၏ အရာ၌ "ဌာနန္တရ"ဖြင့် အရှင်အာနန္ဒာအား ထားတော်မူ၏။

အရှင်အာနန္ဒာသည် ဤသို့ ဉပဋ္ဌာက[1] အရာဝံသသကို ရသည့်အခါနှစ်မှစ၍ နံနက်ကာလတွင် ဗုဒ္ဓမြတ်ဘုရား စက်ရာမှ ထတော်မမူမီ ထ၍ ဂန္ဓကုဋီတိုက်တော်ဝယ် ဘုရားနေရာကို စင်ကြယ်စွာ တံမြက်လှည်းလျက် အထူး၊ အလတ်၊ အပါးအားဖြင့်

၁။ ဉပဋ္ဌာက=အလုပ်အကျွေးပြုသူ။

သုံးပါးသောဒန့်ပူကိုဂုဏ်း၊ ရေအေး၊ ရေကျက်အားဖြင့် နှစ်ပါး သော မျက်နှာသစ်ရေကိုဂုဏ်း တည်ထား၍ မိမိကား မျက်နှာသုတ်ပုဆိုး(ပုဝါ)ဖြင့် နေလင့်၏။ မျက်နှာသုတ်ပြီးမှ ဘုရား နေရာ၌ စမ္မာယ်တော်မှလာသော် ကောင်းစွာ တောင်းသုတ်ခြင်းကို ပြု၏။ထ၍ စကြံကြွသောအခါ မိမိနေရာသို့ လာ၍ ယာဂုကိုစီရင်ပြီးမှ ကပ်၏။ ဆွမ်းခံကြွတော်မူလိုသော် ရှာဝတ်သင်းပိုင်ကိုပေးခြင်း၊ ကျောင်းဝတ်သင်းပိုင်ကို ခေါက်ထားခြင်း၊ နေရာတော်ကို သိမ်းဆည်းခြင်း စသော ကိစ္စကိုပြုပြီးမှ သပိတ်တော်ကိုလွယ်၍ လိုက်၏။

ဆွမ်းခံရာမှ ပြန်လတ်သောအခါ နေရာကို ခင်းလင့်ခြင်း၊ သင်္ကန်းကို လှမ်းယူခြင်း၊ ယပ်ခပ်ခြင်း၊ ဆွမ်း အဖျော်ကပ်ခြင်း စသော ကိစ္စကို ပြု၏။ ပစ္ဆာပတ္တာ=ဆွမ်းစားပြီးလျှင် အစဉ်ကျိန်းတော် မူမြဲဖြစ်သော ညောင်စောင်းအင်းပျဉ်ကို ခါလျက် တင့်တယ်စွာ နေရာခင်းထား၏။ ဘုရား လျောင်းတော်မူသော် ယပ်ခပ်ခြင်း၊ ခြေဆုပ်ခြင်းကို ပြု၏။ ဂန္ဓကုဋီမှ ထတော်မူသော် သုံးတော်ရေ၊ သောက်တော်ရေ တည်ခြင်း၊ တရားဟောပလွဲတဲ့ တည်ခြင်း၊ သံဃာတို့ စည်းဝေးနေရာ သုတ်သင်ခြင်း စသည်ကို ပြု၏။

ညချမ်းကာလ ဒေသစာရီ ကြွချိန်ရာမှ ပြန်ကြွလာသော် ခြေဆေးတော်မူရန်၊ သုံးတော်မူရန်၊ ချိုးတော်မူရန် ရေပူရေချမ်းကိုဂုဏ်း၊ ခြေသုတ်ပုဆိုး၊ ခြေပွတ်အိုးခြမ်း၊ ရေသန့်ပ် သင်္ကန်းတို့ကိုဂုဏ်း ထားလင့်၏။ ရေသပွာယ်တော်မူလျှင် ချေးတွန်းခြင်း စသော ပရိကံကို ပြု၏။ ညဉ့်မိုက်သောအခါ ဆီမီးညှိထွန်းခြင်း၊

လျောင်းတော်မူသော် ထူသောအရံ၊ ပါးလွှာသော အရုံဖြင့် လွှမ်းခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း၊ ယပ်ခပ်ခြင်း စသည်ကို ပြု၏။

ဤသို့ စသည်ဖြင့် အရာမကသော ဝတ်တို့ကို တနေ့မပြတ် ပြုသော အရှင်အာနန္ဒာအား "လုပ်ကျွေးထုံ့ဆု အတော်ဆုံးဆု" ဧတဒဂ်ဘွဲ့ ပေးတော်မူ၏။ အရှင်အာနန္ဒာမှာ ဤဆု အပါအဝင် 'ဧတဒဂ်'[1] ဘွဲ့ ငါးမျိုးကို ရရှိသော "ဧတဒဂ်ငါးထပ်ကွမ်း" အရှင်ဖြစ်၏။ အရှင်အာနန္ဒာရရှိသော ဧတဒဂ်ဘွဲ့ ငါးမျိုးမှာ—

(၁) ဗဟုသုတအရာ၌ အတော်ဆုံး။
(၂) သတိရှိသောအရပ်၌ အတော်ဆုံး။
(၃) ပညာလျင်သောအရာ၌ အတော်ဆုံး။
(၄) သမာဓိအရာ၌ အတော်ဆုံး။
(၅) အလုပ်အကျွေးအရာ၌ အတော်ဆုံး။

ဤသို့အားဖြင့် ဧတဒဂ်ငါးတန်၊ အကောင်းဆုံးဘွဲ့ ငါးထပ်ကွမ်း ဖြစ်သတည်း။

(အင်္ဂုတ္တရနိကာယ်။ အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကထာမှ)

၁။ ဧတဒဂ္ဂ။ ဧတံ+အဂ္ဂ၊ ဧတဒဂ်။ ဧတံသော=ဤသူ။ အဂ္ဂအဂ္ဂေါ=အတော်ဆုံး၊ အကောင်းဆုံး။ ဧတဒဂ်=အတော်ဆုံး၊ အကောင်းဆုံးဖြစ်သူ။

နိဗ္ဗာန်ဥစ္ဆေဒရေ နေလရိမရိ

ပြဿနာ=ရဟန်းများ ယုံမှားသင်္ကာ ဖြစ်ခြင်း။

ဖြေရှင်းတော်မူ=ဗုဒ္ဓမြတ်ဘုရား။

ကုသိုလ်ကောင်းမှုတခုခု ပြုကြသောအခါ ဣဒံမေပုညံ နိဗ္ဗာနသံ ပစ္စယော ဟောတု ဟူ၍ ဆုတောင်းပြီးလျှင် လူလေ့ ရှိကြ၏။ ဤကောင်းမှုသည် နိဗ္ဗာန်သို့ ရောက်လတ္တယ်၊ ရလတ္တယ်သော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်းဟူ၍ ရေစက် သွန်းလေ့ ရှိကြ၏။

ထိုနိဗ္ဗာန်သည် အဘယ်နည်း၊ အဘယ်သို့ ရှိလေသနည်း။ လူဘုံ၊ နတ်ဘုံ၊ တို့ကဲ့သို့ တည်ရာဘုံ အထင်အရှား ရှိသလော့၊ မရှိသလော့ဟူ၍ စောကြောကြ၊ စူးစမ်းကြသည်။

အခု၊ါတို့က ထိုထက်ပင်လွန်ကဲစွာ နိဗ္ဗာန်ဥစ္ဆေဒဘာတွေ့ရှိသနည်း။ လူတို့ပြည်မှာကဲ့သို့ နေထိုင်စရာ တိုက်တာနေအိမ် အဆောက် အဦများ ရှိသလော့၊ မရှိသလော့၊ စားစရာ အစားအစာများ ရှိသလော့၊ မရှိသလော့။ ဝတ်စရာ အဝတ်အစား အဆင် တန်ဆာများ၊ သွားလာစရာ ယာဉ်ရထားများ၊ အပေါ်ရွှေစရာ ပဲ့လိမ်းသဘင်များ၊ အလင်းရောင်၊ နေ၊ လ၊ နက္ခတ် တာရာများ ရှိသလော့၊ မရှိသလော့။

ထိုနိဗ္ဗာန်ရှေ့ပြည်သည် အဘယ်မျှ သာယာသနည်း၊ စည်ပင်သနည်း။ နတ်ဗိမာန်ကဲ့သို့သော ဘုံနန်းပြာသာဒ်တော်နှင့် နေရသလော့ နိဗ္ဗာန်ပြည်ကြီးသားများသည် ဘာတော်ကို စား၍ ဘယ်လို အဝတ်မျိုးတော့ ဝတ်ရုံခြုံလွှမ်း ဆင်မြန်းကြလေသနည်း စသောအားဖြင့် နည်းပေါင်း များစွာ လောပေါင်း များစွာ တို့ဖြင့် နိဗ္ဗာန်ကို မျှော်ခေါ်၍ တွေးကြ မေးကြသည်။

နိဗ္ဗာန်နှင့် ပတ်သက်သော ဤ ပြဿနာမျိုးမှာ ယနေ့မျက်နှာက်မှာသာ ပေါ်ပေါက်နေသည်မဟုတ်။ဗုဒ္ဓလက်ထက်၌ ဗုဒ္ဓ၏ တပည့်သား သံဃာ လောကအတွင်း၌ပင် နိဗ္ဗာန်နှင့် ပတ်သက်၍ မရှင်းမရှင်းပြဿနာရပ်များ၊တွေးခေါ် ကြံဆမှုများ ဖြစ်ပွားခဲ့ဘူး၏။

အခါတပါး၌ ရဟန်းတော်များ တွေးခေါ်နေကြသည်ကား နိဗ္ဗာန်သည် နာမ်တရားသာ ဖြစ်သည်။ နာမ်တရားဖြစ်က ထိုနိဗ္ဗာန်သည် လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ကဲ့သို့ အခိုင်အမာတည်ရာဘုံ မရှိနိုင်တန်လေရာ ဟူ၏ငင်း၊ အချို့တို့က နိဗ္ဗာန်၌ တည်ရာဘုံ အထင်အရှားရှိသည်ဟု ဆိုလေသောအခါ အဘယ်သို့တည်နေသနည်းဟု ထပ်ဆင့်၍ မေးလိုက်သောအခါတွင်အပြေကို ရှာမရဘဲ ဖြစ်နေကြပုံများကိုငင်း သံဃာ့လောက၌ နိဗ္ဗာန်နှင့် ပတ်သက်၍ 'သို့လော၊ သို့လော' ပြဿနာများ တနေ့တခြား ပြန့်ပွား ကူးစက်လာ၏။

မြတ်စွာဘုရားသည် နိဗ္ဗာန်အကြောင်းကိုသာ သံဃာတော်များ၌ ယုံးမှားသင်္ကာ ဖြစ်နေသော အခြင်းအရာကို သိတော်မူသဖြင့် ရဟန်းတို့ကို ခေါ်တော်မူ၍ နိဗ္ဗာန်တရား၊နိဗ္ဗာန်၏သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ပြတော် မူခဲ့ရပေသည်။

နိဗ္ဗာန်အကြောင်း ရှင်းပြသော မြတ်စွာဘုရား၏စကားတော်များကား ပါဠိဘာသာ အတွင်း၌သာ ရှိလေ၍ နိဗ္ဗာန်သမိုင်းကို သိရှိလိုကြသော်လည်း ပါဠိမကျမ်းကျင်သူတို့အဘို့တွင် မလွယ်ကူသော ခက်ခဲသောပြဿနာတခု ဖြစ်သောကြောင့် လူအများနားလည်လွယ်၊ သိလွယ်သော မြန်မာစကားသက်သက်ဖြင့် ဖော်ပြရန် သင့်လှ၏။

သို့သော် ဘုရားသခင်၏ နှုတ်တော်ထွက် စကားမပါလျှင် ဆားမပါသော ဟင်းလျာကဲ့သို့ ပေါ့ပျက်ပျက် ရှိနေမည်လား ဟူ၍လည်း တွေးမိလာသည်။ ထို့မှတပါး မြတ်ဘုရားမိန့်ကြားတော်မူသော မူလစကားများကို လွှတ်ထားရန်၊ ချန်ထားရန် မသင့်။ရင်းမြစ်ကို မှတ်သားလိုသူများအတွက် ဘုရားစကားတော် အထိအကျ ဖော်ပြပါရှိသင့်သည်ဟူ၍လည်း တဖန် တွေးမိလာပြန်၏။

နောက်ဆုံးတွင် တခုသောဆုံးဖြတ်ချက်ကို ချလိုက်၏။ လူအများလည်း သိနားလည်လွယ်စေခြင်းငှာငင်း၊ ဗုဒ္ဓစကားတော်အတိအကျကိုလည်း သိရှိကြရစေခြင်းငှာငင်း၊ပါဠိတချက်၊ဗဟုနက်တတန်၊ နိဿဂြန်နည်းမျိုးအတိုင်း ရေးသား ဖော်ပြရန်လမ်းကို ရွေးချယ်ကာ ဥဒါန်းပါဠိတော်ကို အောက်ပါဘာသာပြန်ဖြင့် ဖော်ပြလိုက်ရပါသတည်း။

ဘိက္ခဝေ၊ မြေ၊ ရေ၊ လေ၊ မီး စသည်ထင်ရှား ရှိသဖြင့် သတ္တဝါတို့၏ တည်ရာအာယတနဘုံ ဖြစ်မှသာ ထင်ရှားရှိနိုင်ရာသည်။ နိဗ္ဗာန်ဟူက ယင်းသို့ မြေ၊ရေ၊လေ၊မီး စသည်မရှိသဖြင့် သတ္တဝါတို့၏ တည်ရာ၊ ပုန်းအောင်းရာအားဖြင့် ထင်ရှားရှိမည်

မဟုတ်နိုင်ရာဟု သက်ဝယုံမှားတွေးတောခြင်းမျှားဖြစ်နေကြကုန်သော ငါ၏ ချစ်သား ရဟန်းမျှားတို့၊ ယတ္ထ=အကြင်ဘုံတည်ရာ အာယတနဋ္ဌ၊ နေဝပထဝီ=အခြားတည်ရာ ဘုံဌာနမျှားကဲ့သို့ မြေလည်း မရှိ။ နအာပေါ=နဂါးပြည် စသည်မျှားကဲ့သို့ ရေလည်းမရှိ။ နတေဇော=ငရဲပြည်စသည်မျှားကဲ့သို့ မီးလည်း မရှိ။ နဝါယော=လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်မျှား ကဲ့သို့ လေလည်းမရှိ။ တဒါယတနံ=ထိုမြေ၊ရေ၊လေ၊မီး မရှိပါပဲလျက် ပင် အခြားဘုံမျှားကဲ့သို့တည်ဒနရာအာယတနမျိုးသည် အတ္ထိ=မြေ၊ရေ၊လေ၊မီး ရှိရာ ဘုံဌာနကဲ့သို့ ထင်ရှားရှိသည်ပင် ဖြစ်၏။

တံ=ထို မြေ၊ရေ၊ လေ၊ မီး မရှိပါပဲလျက် အခြား ဘုံမျှား ကဲ့သို့တည်နေရာဖြစ်၍ ထင်ရှားရှိသော အာယတနဟူသည်လည်း နအာကာသာနဉ္စာယတနံ=ပထမ အရူပဗြဟ္မာတို့၏ တည်နေရာ အာကာသနဉ္စာယတန ဘုံလည်းမဟုတ်သေး။ နဝိညာနဉ္စာယတနံ=ဒုတိယ အရူပ ဗြဟ္မာတို့၏ တည်နေရာ ဝိညာနဉ္စာယတန ဘုံလည်းမဟုတ်သေး။ နအာကိဉ္စညာယတနံ=တတိယ အရူပ ဗြဟ္မာတို့၏တည်နေရာ အာကာသနဉ္စာယတန ဘုံလည်း မဟုတ်သေး။ နနေဝသညာ နာသညာယတနံ=စတုတ္ထအရူပ ဗြဟ္မာတို့၏ တည်နေရာ နေဝသညာ နာသညာ ယတနဘုံလည်း မဟုတ်သေး။ နာယံလောကော=အခြားသောလူဘုံ၊ နတ်ဘုံ စသည်တို့ကဲ့သို့ ဤပစ္စုပ္ပန်ဘဝဟူသည်လည်း မရှိ။နပရလောကော=အခြားသော လူဘုံ၊ နတ်ဘုံစသည်မျှားကဲ့သို့ တမလွန်လောကဟူသည်လည်း မရှိ။ နဉာတော စန္ဒိမသူရိယာ=နှစ်ပါးကုန်သော လ၊နေမျှားတို့သည်လည်းမရှိကုန်။(ဝါ)လူရွာ နတ်ဘုံ

များကဲ့သို့ နေ၊လ၊ နက္ခတ်အရောင် မထွန်းပြောင်ပါဖဲလျက်ပင် ဝင်းဝင်းတောက်၍နေ၏။

ဘိက္ခဝေ=ငါ၏ချစ်သား ရဟန်းများတို့ တကြာပိ=ထို မြေ၊ ရေ၊လေ၊မီး မရှိပဲလျက်၊ အာကာသာနဉ္စာယတနဲလည်း မဟုတ်ပဲလျက်၊ အခြားဘုံများကဲ့သို့တည်ရာ အာယတနဖြစ်၍ ထင်ရှားရှိသောလရောင်၊ နေရောင်မရှိပဲလျက် ဝင်းဝင်းပြောင်၍လည်း နေသောဘုံ၊တည်ရာအာယတန၌လည်း။ အဂတိ=အခြားသောဘုံဘည်ရာ၊ရွာနိုဂုံးများကဲ့သို့ တပြည်တရွာမှရောက်လာကြသူရှိ၏ဟူ၍လည်း နဝဒါမိ=ငါဟောတော်မမူ။ ဒွိတိ=တည်တည်တံ့တံ့နေသော လူသူရှိ၏ ဟူ၍လည်း။ နဝဒါမိ=ငါ ဟောတော်မမူ။ စတုတိ=ဤဘုံသို့ ရောက်လာပြီးနောက် စုတေမနေ သေလွန်ခြင်းသို့ ရောက်ရသူရှိ၏ ဟူ၍လည်း။ နဝဒါမိ=ငါဟောတော်မမူ။ ဥပပတ္တိ=အခြားတည်ရာ ဘုံများကဲ့သို့ ဘုံဘပါးမှ လာ၍ပဋိသန္ဓေတည်နေလာသူရှိ၏ ဟူ၍လည်း။ နဝဒါမိ=ငါဟောတော်မမူ။

တေံအာယတနံ=ထိုစဉ်မျှလောက် ထူးထူး ဆန်းဆန်း အံ့မခန်းအောင် ထင်ရှား ဖြစ်ပေါ်လာသော ဘုံဌာနတခန်း၊ အောင်မြေနန်း အရပ်သည်။ အပဋိတံ=အခြားဘုံ ဌာနများကဲ့သို့ ကိုယ်ခန္ဓာနှင့် တရွာတည်နေရာလည်း မဟုတ်။ အပဝတ္တံ=အခြားဘုံဌာနများကဲ့သို့ ကိုယ်ခန္ဓာပါ ဖြစ်ကြရာလည်း မဟုတ်။ အနာရမ္မဏံ=အခြားတည်ရာ ဘုံများကဲ့သို့ စံလမ်းထောက်တည်ရာလည်းမရှိ။

သေဝ ဒေဿာ ဓေဝ=ဤမျှလောက် ပေ့လီ ထူးဆန်း၊ အံ့မခန်းသည့်၊ ရှေနှန်းမျိုးသည်သာလျှင်။ ဒုက္ခဿ=တထောင့် ငါးရာ၊ ရန်များစုတို့၏ အခါခါညှဉ်းဆဲ နှိပ်စက်အပ်သော ဘေးဒုက္ခဟူသမျှ၏။ အန္တော=အဆုံးတည်း။

ပထမဥဒါန်း ပြီး၏။

ဘိက္ခဝေ=အခြားတည်ရာဘုံများကဲ့သို့ ယင်းနိဗ္ဗာန်ဟူသော ဘုံဘည်ရာဟူသည် ထင်ရှားမရှိနိုင်ရာ ဟု တွေးတောခြင်း မကင်းနိုင်ကြကုန်သော ငါ၏ချစ်သား ရဟန်းများတို့၊ အနတံနာမ=မျက်စိဖြင့် မြင်ရသည်ကို မဆိုထား ဘိ၊ စိတ်ကူး၊ စိတ်အကြံ တွေးခေါ်မှုဖြင့်သော်လည်း မည်တတ်၊ မခရာက်နိုင်ရာအရပ်မည်သည်ကား (ဝါ) ဘာဏ္ဍာမသီ၊ မလာနိုင်ရာအရပ် မည်သည်ကား၊ ဒုဒ္ဒသံ=ပုထုဇဉ်တို့ ဉာဏ်ဖြင့် သိနိုင်မည့်အရေး လွန်စွာ ကွာဝေးခဲ့၏။ ဟိ=ငါဘုရား မိန့်ကြားတော် မူသင့်လှတော့၏။ သစ္စံ=အခြားတရားများကဲ့သို့ ဖောက်ပြန် ပျက်စီးခြင်းမရှိ၊ ပကတိမြဲမြံ၊ မှန်ကန်စွာတည်နေသော တရားမြတ်မည်သည်။ သု ဒဿနံ=မြင်လွယ်သော သဘောတရားမျိုးသည်။ နှ=မဟုတ်နိုင်။ ယံ=ယင်းသို့သိနိုင်၊ မြင်နိုင်ခဲသော နိဗ္ဗာန်သစ္စာ၊ နိဗ္ဗာန်တရားကို (ထည့်) ဇာနတော=ဖြောင့်တန်းမှန်စွာ၊ နေရာတကျ သိနိုင်ကြသော၊ ပဿတော=ဟုတ်တိုင်း ထင်ထင်၊ မြင်နိုင်ကြသော သူအပေါင်းအား၊ လောကေ=သုံးဘုံဘဝ၊ ဤလောကဌ်၊ တဏှာ=တဉ်တာမက်မော၊ ဒုက္ခဘောင်မှာ ပျော်ခအောင်မျော တင်သည့် လောဘတဏှာ၊ သမုဒယသစ္စာကို၊ ပဋိဝိဒ္ဓါ=ပယ်

ခွါပိုင်းခြား၊ ပွါးသောအားဖြင့်၊ များများကြီးကောင်းကောင်းကြီး သိလေ၏။

တဿ=ထိုသိမြင်နိုင်ခဲသော နိဗ္ဗာနဓာတ်မကို ရှုလှုကြီး ပိုင်သည့်အရေးဖြင့် သစ္စာလေးပါးလုံးကိုပင် မြင်နိုင်၊ သိနိုင်လေပြီးသော ငါ၏သားတော်၊ ငါ့ရဲကျော်အပေါင်းအား၊ (ထည့်) ကိုဋ္ဌန်=မာရ်နတ်မင်း၏ ရဲကျော်၊ ခြောက်ဖော်တကျာတို့၏ အတွက် ကြောင့်ကြဖက်စရာလည်း၊ နတ္ထိ=တစိုးတစိဘယ်ဟာတခုရှိတော့သည် မဟုတ်။

ဒုတိယဥဒါန်း ပြီး၏။

ဘိက္ခဝေ=နိဗ္ဗာန်ဟူက၊ စကားမျှသာ၊ အသားထင်ရှားမရှိ၊ ယုံမှားမိကြကုန်သော ငါ၏ ချစ်သား ရဟန်းတို့၊ အသခ်တံ= အကြောင်းများစွာတို့ အခါခါ ညီညွတ် ပြုပြင်အပ်သော်လည်း ယင်းအကြောင်းများစွာတို့ ပြုစီရင်အပ်သည့် အသွင် သခ်တလက္ခဏာ မထင်ထသော၊ အကတဿ=အကြောင်းများစွာတို့ ပြုစီရင်အပ်ပုံ မပေါ်သော်လည်း တခုသောအကြောင်းသည်မျှ ပြုအပ်သည့်ပုံလည်း မပေါ်ထသော၊ အဘူတံ=အကြောင်းများ၊ အကြောင်းနည်းတို့ ပြုပြင်အပ်ပုံ လက္ခဏာ မထင်သော်လည်း ယင်းအကြောင်းတို့နှင့်ကင်းလျှ လျောက်လျားဘာသာ ဖြစ်လာသည်လည်း မဟုတ်ထသော၊ အဇာတံ=အချင်းခပ်သိမ်း မဖြစ်လာ၊ ခွင့်ကြီးသားမှ တခါသာဖြစ်ပေါ်လာနိုင်ထသော၊တံပဒံ= ထိုလက္ခဏာလေးရပ်၊ ဂုဏ်သကပ်ရှိသော နိဗ္ဗာနဓာတ်အောင်ခန်း၊ ဘေးမသန်းသည့်၊ ရွှေမြို့နန်း(နိဗ္ဗာန်)သည်၊ အတ္ထိ=ဘေးကို

ကြောက်သူ၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ဒေဘးမှလွတ်ကြောင်း ပုန်းအောင်းခိုနေရာ တာဏလေဏ ပရာယန ဖြစ်၍ ကောင်းစွာ ထင်ရှားရှိသည်ဖြစ်၏။

ဘိက္ခဝေ=အို ချစ်သားရဟန်းတို့၊ အဇာတံ=ဥပါဒ်အား ဖြင့် ဒြဒ်ပေါ်အောင် မဖြစ်သော၊ အဘူတံ=ဥပါဒ်အားဖြင့် အထည်ဒြပ်မထင်သော၊ အကတံ=အကြောင်းတရားတို့ ပူအုပ် ပါလျက် ပူအုပ်ပုံလက္ခဏာ မပေါ်ထင်သော၊ အသခ်ံတံ= အကြောင်းဝေး အကြောင်းနီးတို့သည် ပူပြင် စီရင်အပ်သော် လည်း ပူပြင်စီရင်အပ်ပုံ သခ်ံတလက္ခဏာမှကင်းသော၊ ဇတံ= ထိုနိဗ္ဗာန်ဘရားသည်၊ နောစေအဘဝိဿ=အကယ်၍ ထင်ရှား မဖြစ်ပေါ်လာငြားအံ့။ဝဲ့=ဤသို့ နိဗ္ဗာန်တရား ထင်ရှားမပေါ် လာခဲ့သော်၊ ဇာတဿ=ဥပါဒ် ဒြဒ်ပေါ်အောင် ဖြစ်သော၊ ဘူတဿ=ဥပါဒ်အားဖြင့် ထင်သော၊ ကတဿ=အကြောင်း တရားတို့ ပူလုပ်အပ်တိုင်း၊ ပူလုပ်အပ်ပုံအခြင်းအရာ လက္ခဏာ ပေါ်သော၊ သခ်ံဘဿ=အကြောင်းတရားတို့ ပူစီရင်အပ်တိုင်း ပူစီရင်အပ်ပုံ လက္ခဏာပေါ်သော၊ သခ်ံ ဘဿ=ဘဘူမက၊ သခ်ံါရတရားထဲမှ (သိလေသနည်း) ဣဒံနိဿရဏံ=ဤဆွက် မြောက်ခြင်းဟူသည်၊ နပညာယေထ=မထင်ခဲ့ရာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ယသ္မာစ=အကြင်ကြောင့် ကား၊ ဓေါ=စင်စစ်၊ အဇာတံ=ဥပါဒ်ဒြပ်အားဖြင့်ကား မဖြစ်၊ ငြိမ်အေးခြင်းသဘောဖြင့်သာ ဖြစ်လာသော၊ အဘူတံ=ဥပါဒ် ဒြပ်အားဖြင့်ကား မထင်၊ ငြိမ်းအေးခြင်းသဘောဖြင့်သာ ထင် လာသော၊ အကတံ=အကြောင်းတရားတို့ ပူအုပ်သော်လည်း ပူအုပ်သည် မမည်သော၊ အသခ်ံတံ=အကြောင်း တရားတို့

ပြုစီရင်အပ်သော်လည်း ပြုစီရင်အပ်ပုံ သခ်ၤတလက္ခဏာ မထင်သေး၊ တံ=ထိုနိဗ္ဗ ၁နှ်သည်၊ အတ္ထိ=ဥပါဒ်အားဖြင့် ရှုနှ်ရင်းစ့ဂ ဖြစ်သော အခြားသော ပရမတ္ထ တရားများကဲ့သို့ ထင်ရှား ရှိလာ ပေါ်လာသည်ပင် ဖြစ်၏။

တသ္မာ=ထိုသို့ လွတ်မြောက်ရာ နိဗ္ဗာန်ဟူသည် ထင်ရှား ရှိသောကြောင့်သာလျှင်၊ ဇာတသ=ဥပါဒ်အားဖြင့် ဖြစ်ပေါ်လာရသော၊ ဘူတသ=ဥပါဒ်အားဖြင့်ထင်ရှားသော၊ ကတသ=အ ကြောင်းတို့သည် ပြုအပ်သော၊ သခ်ၤတသ္ဟ=အကြောင်းတရားတို့ ပြုစီရင်အပ်သော၊သခ်ၤတသ=တဘူမက သခ်ၤါရတရားထဲမှ (သိလေသနည်း) နိဿရဏံ=ထွက်မြောက် ကြခြင်းသည်၊ ပညာယတိ=နိဗ္ဗာန် ရောက်သွားကြသူ အရှင်တို့အား ထင်ရှားခဲ့၏။

တတိယဥဒါန်း ပြီး၏။

ဘိက္ခဝေ=ချစ်သား ရဟန်းတို့၊ ဣဒ=ဤလောကဌ်၊ နိဿီတသ=အမှီတကဲ့ သဟဲရှိသော သူအား (တဏှာအမှီကို ဆိုလိုသည်)၊ စလိတံ=တုန်လှုပ်ယိမ်းယိုင် မခိုင်ပျက်ပြားရခြင်းသည်၊ ဟောတိ=ဖြစ်၏။အနိဿိတသ=အမှီဘကဲ့ သဟဲမရှိသူများအား (တဏှာမှကင်းသူဆိုလိုသည်)၊ စလိတံ=လှုပ်ရှား ယိမ်းယိုင် မခိုင်ပျက်ပြားရခြင်းသည်၊နတ္ထိ မရှိနိုင်။

စလိဒတ=လှုပ်ရှားခြင်းသည်၊အသတိ=မရှိခဲ့သော်၊ ပဿဒ္ဓိ=ငြိမ်သက်ခြင်းသည်၊ ဟောတိသ=ဖြစ်၏။ ပဿဒ္ဓိယာ=ငြိမ်သက်ခြင်းသည်၊ အသတိယာ=မရှိခဲ့သော်၊ နတိ=ငါးပါးကာမဂုဏ်၊

အာဂရုံမျောက်မှား၊ တိမ်းပါးညွတ်သွားခြင်းသည်၊ နိတ္ထိ=မရှိနိုင်။ နတိယာ=တိမ်းပါးမျောက်မှားလဲသွားခြင်းသည်၊ အာသတိယာ=မရှိခဲ့သော်၊ အာဂတိဂတိ=လားရာခြင်း၊ သွားရာခြင်းသည်။ နဟောတိ=မဖြစ်နိုင်။ (ပဋိသန္ဓေ မနေရ၊ မသေရဟု ဆိုလိုသည်။)

အာဂတိဂတိ=လားရာခြင်း၊ သွားရာခြင်းသည်၊ အသတိ=မရှိခဲ့သော်၊ စုတူပပါတော=အဖန်တလဲ သေရ၊ အဖန်တလဲ ပဋိသန္ဓေနေရခြင်းသည်၊ နဟောတိ=ဖြစ်နိုင်တော့မည် မဟုတ်။ စုတူပပါတေ=အဖန်တလဲသေရခြင်း၊ ပဋိသန္ဓေ နေရခြင်းသည်း အသတိ=မရှိခဲ့သော် ဣဓ=ဤကာမဘုံထဲ၌၊ နေဝ=မဖြစ်နိုင်တော့သည်သာတည်းဟု၊ ရုံ=ထိုရူပဘုံထဲ၌လည်း၊ န=ဖြစ်နိုင်တော့သည်မဟုတ်။ ဥဘယံ=တာမဘုံ၊ရူပဘုံနှစ်ရပ်ကို၊ အန္တရေန=ကြဉ်၍လည်း၊ န=ဘယ်ဘုံမှာမှမဖြစ်နိုင်၊ သေဝ=ဤဘုံသုံးပါးမှလွတ်သွားရာ နိဗ္ဗုတာ အရပ်သည်ပင်လျှင်၊ ဒုက္ခဿ=ဒုက္ခဟူသမျှ၏၊ အန္တော=အဆုံးသတ် ဖြစ်သတည်း။

(ဥဒါန်း ပါဠိတော်။ အဋ္ဌကထာအဖွင့်ကိုမှီ၍ အနက်ဖွင့်ဖော်ခြင်း)

လူမှုဇရုပ်

ပြဿနာ=အရပ်ခြောက်မျက်နှာ။

မေးလျှောက်သူ=သိင်္ဂါလ သူဋ္ဌေးသား။

အဖသိင်္ဂါလ၊ သား သိင်္ဂါလဟူ၍ ရာဇဂြိုဟ်ပြည်၌ နာမည်တူ သိင်္ဂါလ သားအဖနှစ်ယောက် ရှိသည်။ ပစ္စည်းဥစ္စာမှာ ကျိုကျိုတက် အလွန်ချမ်းသာ၏၊ ကြယ်ဝ၏။ သူတို့ ဘေးဘုံး အဆက်ဆက်သည် သူဋ္ဌေးမျိုးချည်းသာ ဖြစ်ရာ ခု သူတို့သားအဖ လက်ထက်တိုင်အောင် သူဋ္ဌေးမျိုးရိုးမပျက် ဆက်၍ တည်ဆဲ ဖြစ်၏။

ဘာသာရေးသည် လူကို သွေးကွဲအောင် မိုင်းတိုက်တတ်၏။ သားအဖမှန်းလည်းမသိ၊ ညီအကိုမှန်းလည်း မသိအောင် ဖြစ်စေတတ်လေသည်။ ထိုမျှသာမက ဘာသာရေးသည် အလိုက်မှားလျှင် လူတို့အား အပင်းအဆိပ် ဖြစ်စေ၏။ အလိုက်မှန်ခဲ့သော် သံသရာဝဋ်ချုတ်ဆေး၊ လောကဝဋ် ချုတ်ဆေးလည်း မည်ပေ၏။

နှစ်ယောက်သော ထို သိင်္ဂါလ သားအဖသည် ဘာသာရေး လမ်းကြောင်းနှင့် အမြင်ချင်း မတူကြလေဘဲ ကျော်ခိုင်း၍ လျှောက်သွားနေကြ၏။ အဖဖြစ်သူက ဂေါတမ ရှင်တော်မြတ်

ဘုရား၏ အယူဝါဒကို လက်ခံ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်၏။ သား သိဂ်ါလက အဖခြေရာကို မနင်လေးဘဲ မိစ္ဆာဒိဋ္ဌိကို ကိုးကွယ်လေသည်။

အဖ သူဌေးသည် တဦးတည်းသောသားဖြစ်သူ သိဂ်ါလအား လွန်စွာချစ်ခင်၏၊ မြတ်နိုး၏။ အလွန်ကြုံကြိုက် ခဲလှစွာသော "ဗုဒ္ဓပွါဒ ဒုလ္လဘခေတ်ကြီး"နှင့် ကြုံကြိုက်ဆဲမှာ ငါကဲ့သို့သော ဖခင်ကောင်း တယောက်၏ သားဖြစ်ပါလျက် ဘုရားကို ကျောခိုင်း၍ ရိုင်းစိုင်းသောဘဝ၌ ကျင်လည်နေမည် ဆိုပါက ငါ့သားအဖို့ အဘယ်မှာလျှင် လူဖြစ်ကျိုး နပ်လေမည်နည်း။ ငါ့သားကို အမြင်မှန်၊ ဘာသာမှန်သို့ ရောက်စေအံ့၊ လူဖြစ်ကျိုး နပ်စေအံ့ဟူ၍ သားဖြစ်သူအား မိစ္ဆာဝါဒ မှားယွင်းသော အယူကို စွန့်၍ ဗုဒ္ဓဘာသာကို လက်ခံကိုးကွယ်ရန် ကြိမ်ဖန်များစွာပင် တိုက်တွန်းခြင်း ပြုရှာ၏။

ဘုရားကျောင်းတော်သို့သွား၍ ဘုရားသခင်အား အဖူးမျှော်ခိုင်းသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်အာနန္ဒာ စသော ပုဂ္ဂိုလ်များထံ ချဉ်းကပ်ရန် ညွှန်ကြားသည်။ သို့သော် ထိုအခါမျိုးတွင် သားဖြစ်သူက ဖခင်၏ တိုက်တွန်းချက်၊ ညွှန်ကြားချက်ကို လက်မခံဘဲ အကြောင်းအမျိုးမျိုးပြု၍ ကန့်ကွက် ငြင်းဆန်လေ၏။

"ကျွန်တော် ဘုရားထံကိုလဲ မသွားလို၊ အရှင်အာနန္ဒာ၊ အရှင်သာရိပုတ္တရာ ဆိုသော ကိုယ်တော်ကြီးတွေ ထံကိုလည်း မဆည်းကပ်လို။ ဗုဒ္ဓအသိုင်းအဝိုင်းထဲက ဆိုလျှင် အဘယ်သူထံကိုမျှမသွားလို။ ဘာကြောင့် မသွားလိုသလဲဟု ကျွန်တော့်ကို

မေးချင်မည်၊ မေးကြမည်။ ကျွန်တော် ဖြေကြားဘို့ အာသင့်ရှိပါ၏။ ဖြေပါမည်။

"ဘုရားဆီဘဲဖြစ်ဖြစ်၊ သူတပည့်ကြီးတွေဆီဘဲ ဖြစ်ဖြစ် သွားမိတယ်ဆိုရင် သူတို့ကို ကျွန်တော် ရှိခိုးရတော့မည်၊ ဦးချရ၊ အရိုအသေ ပေးရတော့မည်။ အဲဒါ ကျွန်တော် မလုပ်နိုင်ဘူး။ ရှိမခိုးနိုင်၊ သူတို့ကို အရိုအသေ မပေးနိုင်ဘူး။ ကျွန်တော်ဟာ သူဌေးသား။ ကျွန်တော် ဘယ်သူကိုမှ ရှိခိုးဘို့၊ အရိုအသေ ပေးဘို့မလိုဘူး။

"ဒါတွင်မှု မက သူတို့ဆီ၊သူတို့ရွေမှောက် ရောက်သွားတယ်ဆိုရင် အကြောကြီးလဲ ထိုင်နေရမည်။ ထိုင်နေယုင် အညောင်းမိလာမည်။ ကျွန်တော် အညောင်းလဲ မခံနိုင်ဘူး။ ပီးတော့ သူတို့ရွေမှာ မြေကြီးပေါ် ထိုင်ချင် ထိုင်ရမည်။ ထိုင်ရယင် ကျွန်တော့် အဝတ်အစားတွေ ဖုံလွှားကုန်မည်။ ပေကျံကုန်မည်။ ညစ်ထေးကုန်မည်။ အဲဒါလဲ ကျွန်တော်မခံနိုင်ဘူး။

"ပီးတော့ သူတို့နဲ့ တွေ့ဆုံတဲ့အခါ ချက်ချင်းထလို့လဲ မဖြစ်ဘူး။ စကားစမြည်တွေ ပြောရမည်၊ ဆိုရမည်။ အဲဒါကို အကြောင်းပြုပီး သူတို့နဲ့ လက်ပွန်းတတီး ရင်းရင်းနှီးနှီး ဖြစ်လာမည်။ ဖြစ်လာယင် ဘာတွေတက်လာမလဲ။ သူတို့အမြိန့်သား စားသောက်ဘို့အတွက် အစားအစာ ပေးရမည်။ ဝတ်ဘို့အတွက် အဝတ်အစား သက်နှံးဆိုလား၊ အဲဒါတွေ ပေးရ၊ ကမ်းရတော့မည်။ အဲဒီလို သူတို့ကို ကျေးရဇမ္ဗူးရ၊ ပေးရ၊ ကမ်းရတယ် ဆိုကထဲက လက်ငင်း ထိခိုက်မှာက ပစ္စည်းကုန်ခြင်းဘဲ။ ကျွန်တော်တို့ ပစ္စည်းထဲက သူတို့အတွက်နဲ့ တပြား

တချပ်မျှ အကုန်အကျ မခံနိုင်ဘူး။အဲဒါတွေကြောင့် ကျွန်တော် သူတို့ဆီ မသွားလို၊ မချဉ်းကပ်လို။”

ဤသို့ အကြောင်းအမျိုးမျိုးပြ၍ ပြောင်မြောင် ငြင်းဆန် ခြင်းပြုနေသော သား သိဂ်္ဂါလအား အဖ သူဌေးကြီးသည် မည်သို့မျှ မတတ်နိုင်။ လက်မှိုင်ချငေး အရှုံးပေးထား ရလေ၏။

သား အတွက် စိတ်လက် မချမ်းမသာ နှင့်ပင် ထိုသိဂ်္ဂါလ သူဌေးကြီး တနေ့တွင် ကွယ်လွန်သွားလေသော အခါ သား အတွက် ရေးသားခဲ့သော သေတမ်းစာတခုကို သိဂ်္ဂါလသည် ဖခင်၏ အိပ်ရာအောက်က တွေ့ရှိရလေ၏။

ချစ်စွာသော သား

အဖမှာစကားကို ငါ့သား နားထောင်ရစ်ပါဘိ။ အရပ်ခြောက်ပါးကို ငါ့သား မမေ့ရစ်လေနှင့်။ နေ့တိုင်း နေ့တိုင်း မနက်စောစော ထ၍ ရှိခိုးရစ်ပါလေ။ ဤသို့ ရှိခိုးခြင်းဖြင် ငါ့သားအား အကျိုး မျှားပေလတံ့။

ဤစာကို တွေ့သောအခါမှ သားသိဂ်္ဂါလသည် မျက်ရည် များ ကျလာ၏။ အသက်ထင်ရှား ရှိစဉ်က အဖစကားကို နားမထောင်မိခဲ့သည်များကို နောင်တကြီးစွာရလာသည်။

ရှေးက အဖစကား ငါနားမထောင်ခဲ့သော်လည်း ယခု လေးစားတော့အံ့။ ဖခင်ကြီး မှာထားခဲ့သောအတိုင်း အရပ် ခြောက်ပါးကို နေ့စဉ်မပြတ် ကျင့်ဝတ်တခုအနေဖြင့် ငါ ရှိခိုး တော့အံ့။

ဤသို့ ဆုံးဖြတ်ပြီးလျှင် သိင်္ဂါလသည် ဖခင်ကြီး မျက်နှာလွဲသော အချိန်မှစ၍ နေ့စဉ် နံနက်စောစော ထပြီးလျှင် ဇာကိုယ်လုံး ရွဲရွဲစိုအောင် ရေဆတ်၍ ဆံပင်များကို ဖားလျားချကာ ရာဇဂြိုဟ်မြို့တွင်းရှိ မင်းလမ်းမကြီးပေါ်မှနေ၍ အရှေ့၊ အနောက်၊ တောင်၊မြောက် အထက်၊ အောက်ဟု ဆိုအပ်သော အရပ် ခြောက်ပါးကို ရှိခိုးခြင်း ပြုလေသတည်း။

တနေ့သော နံနက်တွင် ထုတ်လာသော နေဝန်းသည် ဘုရားသခင်အား ဖူးမြော်နေဟန်တူ၏။ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်လာသော မြတ်စွာဘုရားအား နေမင်းသည်ဝပ်စင်းကော်ရော်ကောင်းကင်ပေါ်က ပူဇော်နေသကဲ့သို့ ထင်ရသည်။

ထိုအချိန်မှာပင် လူယဉ်ပါး၊ မိဘစကားကို နားထောင်၍ သားလိမ္မာ ဖြစ်လာသော သိင်္ဂါလသည်လည်း သူ၏ ကျင့်မြဲဝတ်ကို မချွတ်စေဘဲ မြို့လမ်းမကြီး တခု ပေါ်မှ ရပ်၍ အရပ်ခြောက်ပါးကို ရှိခိုးခြင်းပြုနေစဉ် ဘုရားသခင်သည် သပိတ်တော်ကို ပိုက်၍ သူ၏ ရှေ့တူရွမှ ကြွလာတော်မူနေ၏။ သို့သော် သိင်္ဂါလသည် (ကုလားဘုရားရှိခိုးသကဲ့သို့) မျက်စိစုံမှိတ်၊ လက်နှစ်ဖက်ကို မိုးပေါ်မြောက်လျက် ကိုယ်ကို မတ်မတ်ထားပြီးလျှင် ဆုံလှည့်သလိုလှည့်၍ ရှိခိုးနေခိုက်ဖြစ်၍ ဗုဒ္ဓ လာနေသည်ကို သူ မတွေ့ရလေ။ ဗုဒ္ဓဘုရားသည် သူ့အနားသို့ ရောက်သွားတော်မူလေ၏။

မေး။ ချစ်သားသိင်္ဂါလ၊ အသင် စောစောစီးစီး ဘာလုပ်ဘုန်းသနည်း။

ဤသို့ မေးလိုက်မှ သိင်္ဂါလသည် သူ့အနားသို့ မြွတ်စွာ ဘုရား ရောက်နေသည်ကို အံ့သြစွာ တွေ့ရလေသည်။ သို့သော် သူကား မိစ္ဆာဒိဋ္ဌိပြုပြီ ဘုရားသခင်အား ရှိခိုးခြင်း၊ အရိုအသေ ပေးခြင်း မပြုလေဘဲ မေးသောစကားကို ရပ်လျက်ပင် အဖြေ ပေးလိုက်၏။

ဖြေ။ အံ့ရှင်၊ ကျွန်ုပ်၏ အဖ မှာစကားအရ အရပ် ခြောက်ပါးကို ရှိခိုးခြင်း ပြုနေပေ၏။

မေး။ သင့်အဖက မည်သို့ မှာထားခဲ့ပေသနည်း။

ဖြေ။ အရှင်၊ ကျွန်ုပ် အဖက ဤသို့ မှာခဲ့ပေ၏။ ငါ့သား နေ့စဉ်မပြတ် နံနက်စောစော ထ၍ အရပ် ခြောက်မျက်နှာကို ရှိခိုးရစ်မလော့။ ဤသို့ ရှိခိုးခြင်းဖြင့် သင့်အား ကောင်းကျိုး ဖြစ်လတံ့ဟူ၍ မှာထားခဲ့ပါသည်။

မေး။ ချစ်သား သိင်္ဂါလ၊ မိဘစကား နားထောင်ခြင်း ကား ကောင်းလေစ့။ သို့သော် သင့်အဖ မှာကြားခဲ့သော အရပ်ခြောက်ပါးကား သင်ယခု ရှိခိုးနေသော အရှေ့၊အနောက် တောင်၊ မြောက်၊ အထက်၊ အောက် အရပ်များ ဟုတ်မည် မဆင်။ သင့်ဖခင်ကား ငါဘုရား၏ တပည့်သာဝကတဦး ဖြစ်၏။ ငါသည် ငါ့တပည့် သာဝကတို့အား ဤသို့ဤသို့သော အရပ် ခြောက်မျိုးကို ရှိခိုးရမည်ဟူ၍ မည်သည့်အခါကမျှ ဟောပြော ခြင်း၊ ညွှန်ကြားခြင်း မပြုခဲ့ပေ။

ဤသို့ မိန့်တော်မူလိုက်ရာ သိင်္ဂါလသည် ထိုဏှမှာပင် ဦးခိုက်ချသွားလေသည်။ စဉ်းစားတွေးခေါ်မှုများ သူ့အာရုံတွင် ရုတ်ချင်း ထင်လာသည်။ ငါ့အဖ မှာထားခဲ့တဲ့ အရပ် ခြောက်

ပါးဟာ ဒါ ဟုတ်ချင်မှ ဟုတ်မယ်။ ငါ့အဖေဟာ သူ(ဘုရား) ပြောသလို သူ(ဘုရား) တပည့်ဆိုတာလဲ မှန်တယ်။ ငါ့အဖဟာ ဒီ အရပ် ခြောက်ပါးကို ရည်ညွှန်းပြီး ငါ့ကို မှာထားခဲ့တာမှ ဟုတ်ပါလေစ။ ဒါမှ တပါး အရပ်ခြောက်ပါး ဆိုတာများ ရှိသေးရော့လား။ ရှိခဲ့ရင် အဲဒါကိုများ ရည်ညွှန်းပြီး မှာထား ခဲ့ရော့လား ဟူသော အတွေးများ ဖြစ်လာသည်။ ထိုတွေးမှု၏ လွှံဆော် ချက်ကြောင့် သိဂ်ါလသည် မြတ် စွာဘုရား အား မေးလျောက်ခြင်း ပြုလေတော့သည်။

မေး။ အရှင်ဘုရား၊ ဤအရပ်ခြောက်ပါးမှတပါး၊ အခြား တပါးသော အရပ်ခြောက်ပါးမှ တပါး၊ အခြား တပါးသော အရပ် ခြောက်မျက်နှာများ ရှိပါသေး သလော့။ ရှိခဲ့သော် အဘယ်သည်တို့ ဖြစ်ပါကုန်သနည်း။

ဖြေ။ ချစ်သား သိဂ်ါလ၊ ငါ၏ သာသနာတွင်း၌ အရပ် ခြောက်ပါးတို့သည် ရှိကုန်၏။ ၎င်းတို့ကား ငါဘုရားသာသနာ၌ မိဘကို အရွှေအရပ်၊ ဆရာကို တောင်အရပ်၊ သားမယားကို အနောက်အရပ်၊ မိတ်ဆွေအပေါင်းအသင်းကို မြောက်အရပ်၊ လက်အောက် ငယ်သား ကျေးကျွန် များကို အောက်အရပ်၊ ရဟန်း ပုဏ္ဏားတို့ကို အထက်အရပ် ဤသို့အားဖြင့် အရပ် ခြောက်ပါး ရှိကုန်သတည်း။

မေး။ အရှင်ဘုရား၊ သာသနာတွင်းရှိ အရပ်ခြောက်ပါး ကို အကျွန်ုပ် မှတ်သားရပါပြီ။ ၎င်းတို့ကို အဘယ်သို့လျှင် ရှိခိုး အပ်ပါသနည်း။ လက်အုပ်ချီမိုး၍ ရှိခိုးခြင်းကို ဆိုပါသနော။ သို့မဟုတ် အခြားအခြားသော ရှိခိုးနည်း ဟူ၍ ရှိပါသေး သလော။

ဖြေ။ ချစ်သား သိဂံါလ၊ နာလော့။ လောက၌ အကြင် သားသမီးတို့သည် ရှိကုန်၏။ ထိုသားသမီးတို့က မိဘ တို့အား ပြုစုလုပ်ကျွေးရသော ကျင့်ဝတ် ငါးမျိုး ရှိပေသည်။ထိုသို့သော သားသမီးဝတ်ကို မခွတ်စေရအောင် လုပ်ကျွေး ပြုစုခြင်းသည် မိဘတို့အား အမြဲတစေ ရှိခိုးနေသည် မည်၏။ သင့်ဖခင်သည် ယင်းသည့် အဓိပ္ပာယ်ကို ရည်ရွယ် ငဲ့စောင်း၊ အကြောင်းပြု၍ အရွေအရပ်ကို ငါသား မမေ့လေနှင့်၊ အမြဲတစေ ရှိခိုး ပါလေ ဟူ၍ မှာခဲ့ခြင်း ဖြစ်ပေသည်။

မေး။ အရှင်ဘုရား၊ သားသမီးတို့က မိဘတို့အား ပြုရာ သော ကျင့်ဝတ်ငါးသွယ်ဟူသည် အဘယ်ပါနည်း။ဆက်လက်၍ မိန့်တော်မူပါဦး ဘုရား။

ဖြေ။ ချစ်သား သိဂံါလ။ (၁) မိဘတို့သည် သားသမီး တို့အား ရှေးဦးစွာ ကျွေးဇူး ပြုတတ်သောကြောင့် ပုရတ္ထိ မဒိသာ=အရွေအရပ် မည်ပေကုန်၏။ ထိုမိဘ တို့သည် သား သမီးတို့အား ငယ်စဉ်ကာလမှ စ၍ နို့ရည်တိုက်ခြင်း၊ အစား အစာ ကျွေးမွေးခြင်း၊ နှုပ်၊ တံတွေး၊ ကျင်ကြီး၊ကျင်ငယ်စသော အညစ် အကြေး များကို ရှံရှာခြင်း မရှိ၊ အမွေးနုံသာကဲ့သို့ သဘောထားကာ သုတ်သင်ပေးခြင်း၊ အရွယ်အလျောက် ထိုက် တန်သော အဝတ်အစား၊ အဆင် တန်ဆာများ ဆင်ယင်ခပ်း ခြင်း စသည်တို့ကို ပြု၍ ယုယစွာ ကျွေးမွေး လာခဲ့ကြသည်။ သားသမီးများ အရွယ်ရောက် လာသောအခါ အတို့ အပြန် သဘောအားဖြင့် သားသမီးများက တဖန် ပြန်၍ မိဘ တို့ကို သုပ်ကျွေးခြင်း၊ ပြုစုခြင်းသည် ကျင့်ဝတ် တပါး။

(၂) မိဘတို့၌ ဆောင်ရွက်စရာ တစုံတခုသော ကိစ္စ ကြီးငယ် ပေါ်ပေါက်လာသောအခါများတွင် သားကောင်း၊ သမီးကောင်း ပြီသစ္စာ မိဘ ကိုယ်စား ဝင်ရောက် လုပ်ကိုင်ခြင်း ကျင့်ဝတ်တပါး။

(၃) မိဘ လက်ထက်က ဆင်းသက်လာသော ကုသိုလ် ကောင်းမှု၊ ယဉ်ကျေးသော အပြု အမူ များကို အစဉ် အလာ မပျက် ဆက်လက်တည်ထွန်းအောင် စောင့်ရှောက် ထိန်းသိမ်း သွားခြင်း ကျင့်ဝတ်တပါး။

(၄) သားသမီးပင် ဖြစ်သော်လည်း မိဘ ဆိုဆုံးမသော စကားကို နားထောင်မှသာ မိဘအမေ့ကို ခံထိုက်၏။ မိဘ စကားကို နားမထောင်ဘဲ မိဘကို အမြဲ ဆန့်ကျင်ဘက်ပြုနေ ချေက မိဘအမေ့ကို မခံထိုက်။ ထို့ကြောင့် အမေ့ကိုခံစားထိုက် သော သားကောင်း၊သမီးကောင်း ဖြစ်စေခြင်းငှာ မိဘစကားကို နားထောင်ခြင်း၊လေးစားခြင်း ကျင့်ဝတ်တပါး။

(၅) မိဘနှစ်ပါး ဆုံးပါး ကွယ်လွန်သွားလေသောအခါ သားကောင်း သမီးကောင်းပြီပြီ"ကောင်းရာသုဂတိသို့ လားရောက် စေကြောင်း"ရည်ရွယ်၍ ကုသိုလ်ကောင်းမှုပြု၊အမျှပေးဝေခြင်း ကျင့်ဝတ်တပါး။ ဤငါးပါးပေတည်း။

ချစ်သား သိဂံါလ၊ ဤအကြောင်းတရား ငါးပါးတို့ဖြင့် လိမ္မာသောသားသမီးသည် အရှေ့အရပ်ဟု သမုတ်အပ်သော မိဘတို့ကို အဖန်တလဲလဲ အမြဲလုပ်ကျေးအပ်ကုန်၏။ မွေးမြူအပ် ကုန်၏။ ဤသို့ပြုခြင်းသည် အရှေ့အရပ်ကို အမြဲတစေ ရှိခိုး နေသည် မည်သောကြောင့် သင့်ဖခင်သည် ဤသည်ကိုရည်ရွယ်၍

အရွေအရပ်ကို ရှိခိုးရစ်၊ မလစ်ဟင်းစေနှင့်ဟု မှာထားခဲ့ခြင်း ဖြစ်ပေသည်။

ချစ်သားသိဂ်ါလ၊နှာဦးလော့။ သားသမီးတို့ကာ မိဘတို့အား ပြုစုရာသော ကျင့်ဝတ်ငါးမျိုး ရှိသကဲ့သို့ပင် မိဘတို့ကသားသမီး တို့အား ပြုရာသောကျင့်ဝတ်သည်လည်း ထိုနည်းငင်း၊ငါးမျိုးပင် ရှိပေ၏။ငါးမျိုးဟူသော်ကား—

(၁) မကောင်းမှုကို မပြုမှားမိအောင် တားမြစ်ခြင်းတပါး။ (၂) ကောင်းသော အမှုမျိုးကို ပြုလုပ်အောင် ညွှန်ကြားတိုက်တွန်းခြင်း တပါး။(၃) အတတ်ပညာတတ်မြောက်အောင် သင်ကြား ပေးခြင်း တပါး။ (၄) လုပ်ကိုင် စားသောက်ရန် အတွက် တတ်နိုင်သလောက် အရင်းအနှီး စိုက်ထုတ်ပေးခြင်း တပါး။ (၅) အချိန်အရွယ် ရောက်လျှင် သင့်လျော်သူနှင့် လက်ထပ်ထိမ်းမြားပေးခြင်း တပါး၊ဤငါးပါးပေတည်း။

ဤသို့ ငါးသွယ်ကျင့်ဝတ်၊ မချုတ်စေခြင်းအားဖြင့် မိဘတို့ သည် ကောင်းသော အရွေအရပ်ဟူသော အရာ၌ တည်ပေကုန်သည်ဖြစ်ရာ ထိုအခါ အရွေအရပ်နှင့် ပတ်သက်၍ မိဘတို့ ဘက်မှငင်း၊သားသမီးတို့ဘက်မှငင်း တစုံတခုသောချို့ယွင်းခြင်း မရှိသဖြင့် ဘေးရန်ဥဿုံ လုံခြုံသည်မည်ပေ၏။

၁။ မိဘဝတ်၊ ဆရာသမားဝတ်၊ မယားဝတ်၊ လက်အောက် ငယ်သားဝတ်တို့ကို သိဂ်ါလ သူငြေးသားက မမေးသော်လည်း အပြန်အလှန်သဘောအားဖြင့် မြတ်စွာဘုရားက ထည့်၍ ဟောသွားတော်မူ၏။

မေး အာရှင်ဘုရား၊ အရွှေအရပ်ကိုကား ထင်ရှားစွာ သိရပါပြီ။ တောင်အရပ်ဟူသည်ကိုဆက်၍ မှတ်သားလိုပါသေးသည်ဘုရား။ဟောတော်မူပါဦးဘုရား။

ဖြေ။ ချစ်သားသိင်္ဂါလ၊ငါဘုရားသာသနာ၌ ဆရာသမားတို့သည် တပည့်တို့ပြုစုသော ကျင့်ဝတ်ကို အလှူခံထိုက်ပေသောကြောင့် ဒက္ခိဏာဒိသာ=တောင်အရပ်မည်ကုန်၏။တောင်အရပ်နှင့်တူသည်ဟု ငါဟောတော်မူ၏။ထိုတောင်အရပ်နှင့်တူသော ဆရာသမားတို့အား တပည့် ဖြစ်သူတို့က ပြုရာသော ကျင့်ဝတ်သည်လည်း မချွတ်လျှင်ငါးပါးပင်တည်း။ငါးပါးဟူသော်ကား-

(၁) ဆရာသမားလာသည်ကိုမြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ နေရာဖယ်ပေးခြင်း၊ အလေးပြုခြင်း၊ ညောင်းညာသောအခါ နှိပ်နှဲ၍ ခြေဆုပ်လက်နယ်ပြုခြင်း တပါး။ (၂) ဆရာ့ထံပါးတနေ့သုံးကြိမ် ဆည်းကပ်ခြင်း တပါး။ (၃) ဆရာ့စကားကို အလေးအနက်ပြု၍ မှတ်သားနာယူခြင်း တပါး။ (၄) ဤမှကြွင်းသော ချိုးရေ၊သောက်ရေ၊ မျက်နှာသစ်ရေတည်ထားခြင်း၊ ညစ်နွမ်းသော အဝတ်ကို လျှော်ဖွပ်ပေးခြင်း၊ အစားအစာကို ရှိသေစွာ လုပ်ကျွေးပြုစုခြင်းတပါး။ (၅) ဆရာသင်ကြားပေးသည်ကို မှတ်သားမိနေအောင် အထပ်ထပ်ရွတ်ဖတ်သရဇ္ဈယ်ခြင်း တပါး။ဤငါးပါးပင်တည်း။

ချစ်သား သိင်္ဂါလ၊ဆရာသမားတို့သည် တပည့်တို့ပြုစုသော ကျင့်ဝတ်ငါးမျိုးအလှူကို ခံထိုက်သောကြောင့် ဒက္ခိဏာဒိသာ=တောင်အရပ် မည်ပေကုန်၏။ ဆိုခဲ့သော ကျင့်ဝတ်တို့ဖြင့် ဆည်းကပ်ခြင်းသည် တောင်အရပ်နှင့် တူသော ဆရာသမား

တို့အား ရှိခိုးသည်လည်းမည်၏၊ ပူဇော်သည်လည်းမည်၏၊ ထိုသို့ ပြုခြင်းအားဖြင့် "ဤသူကား ဆရာမှန်းသမားမှန်း မသိတတ်" ဟူ၍ တပါးသူတို့ ကဲ့ရဲ့ခြင်းကင်း၏။ ဘေးရန်ဥဿုံ လုံခြုံ၍ ငြိမ်း၏။

ချစ်သား သိင်္ဂါလ၊ နာဦးလော့ တပည့်ဝတ်ငါးပါး ရှိလေသည့်နည်းတူ တပည့်အပေါ်၌ ဆရာသမား တို့က ထားရှိသော ဝတ်သည်လည်း ငါးပါးပင်တည်း။ ယင်းငါးပါး ဟူသော်ကား—

(၁) သင်သည် ဤသို့ထိုင်၊ ဤသို့ရပ်၊ ဤသို့စား၊ ဤသို့သွား၊ ဤသူနှင့်ပေါင်း ဤသူနှင့် မပေါင်းနှင့် ဟူ၍ ကောင်းရာခရွေးရွ လျက် ဆိုဆုံးမခြင်း တပါး။ (၂) တပည့်တို့အား ရှင်းလင်း ပြတ်သားအောင် သင်ကြားပေးခြင်း တပါး။ (၃) သင်ကြား ရာ၌ ချိုသာသောစကားဖြင့် သင်ကြားခြင်း တပါး။ (၄) ပညာ အခြေခံ ရသည်အထိ စိတ်ရှည်ရှည်ထား၍ သင်ကြားပေးခြင်း တပါး။ (၅) အရပ်ထက်ဝန်းကျင်၌ အပိတ်အပင်အတား အဆီး မရှိ။ မည်သည့်အရပ်၌မဆို ဘဝရပ်တည်မှုရအောင် ပြုလုပ်ပေး ခြင်း တပါး။ (ပညာတတ်မြောက်ထားလျှင် မည်သည့်အရပ်၌ မဆို ရပ်တည်နိုင်ခြင်းကို ဆိုခြင်းဖြစ်၏) ဤငါးပါးပေတည်း။

ချစ်သား သိင်္ဂါလ၊ ဆိုခဲ့ပြီးသော ကျင့်ဝတ်တို့နှင့်ပြည့်စုံလျှင် ဆရာအားထုံး၊ တပည့်အားထုံး၊ တောင်အရပ် မျက်နှာမှ ဘေးငြိမ်း၏။ တပါးသူတို့ ဆိုပြောရွတ်ချ ကဲ့ရဲ့စရာမရှိ ဖြစ်၏။ ဤသည်ကိုရည်၍ သင့်ဖခင်က သင့်အား "တောင်အရပ်ကို မမေ့လင့် အမြဲတစေ ရှိခိုးရစ်ပါလေ" ဟု မှာကြား ခဲ့ခြင်း ဖြစ်၏။

မေး။ ကောင်းပါပြီ ဘုရား။ နားလည်ပါပြီ ဘုရား။ အနောက်အရပ်မည်ပုံကို ဆက်၍ ကြားနာမှတ်သားလို၍ ဟောတော်မူပါဦး ဘုရား။

ဖြေ။ ချစ်သား သိင်္ဂါလ၊ မယားဟူသည် လင်၏နောက် သို့သာအစဉ်တစိုက်လိုက်ရိုးထုံးစံရှိလေသောကြောင့် ပစ္ဆိမဒိသာ= အနောက်အရပ်မည်ခေ၏။ လင်ယောကျ်ားဖြစ်သူသည် အနောက် မျက်နှာဖြစ်သော မယားတို့အား ပြုရာသော ကျင့်ဝတ်သည် လည်း ငါးပါးပင် ရှိပေ၏။ ယင်းငါးပါးကား–

(၁) မိဆထမဲ့မြင်၊ ကဲ့ရဲ့ရွဲတ်ချ၊ နားမခံသာသော စကား မျိုးကို မဆိုလေဘဲ ချိုသာစကားဖြင့် ဆိုပြော ဆက်ဆံခြင်း။ (၂) လုပ်ကိုင်၍ ရရှိသမျှဥစ္စာကို မယားထံ အပ်နှံခြင်း။ (၃) မိမိမယားကိုလွန်၍ အခြားတပါး မိန်းမကို မသွားလာ ခြင်း။ (၄) မိမိ အခြေအနေကိုလိုက်သော ထိုက်တန်သော အဝတ်အစားများ ဆင်ယင်ပေးခြင်း။ (၅) နိုင်လိုမင်းထက် နှိပ်စက်ကလူ မပြုခြင်း။ ဤငါးပါးပေတည်း။ ချစ်သားသိင်္ဂါလ၊ ဤငါးပါးသော အကြောင်းတို့ဖြင့် လင်ဖြစ်သူသည် မယားအား လုပ်ကျေးအပ်၏။ ဤသို့ လုပ်ကျေး ခြင်း သည် အန္တရာယ် ခပ်သိမ်း ငြိမ်း၍ အနောက်ကို ရှိခိုးသည်လည်း မည်ပေ၏။ ပူဇော်သည်လည်း မည်ပေ၏။ ထို အနောက်မူ ဖြစ်သော အန္တရာယ်သည် မရောက်နိုင်ဖြစ်သတည်း။ ဤသည်ကို ရည်ရွယ်၍ သင့်ဖခင်က သင့်အား "ငါ့သား အနောက်အရပ်ကို မမေ့လေနှင့် အမြဲတစေ ရှိခိုးပါလေ" ဟူ၍ မှာထားခဲ့ခြင်း ဖြစ်ပေသည်။

ချစ်သား သိဂ်ါလ၊ နာဦးလော့။ လင့်ဝတ်ငါးပါး ရှိသည့် နည်းတူပဲင်လျှင် မယားဝတ်လည်း ငါးပါးပင် ရှိသည် ဖြစ်၏။ ယင်းငါးပါး ဟူသော်ကား–

(၁) အိမ်တွင်းမှဆိုင်ရာတို့ကို မလစ်ဟင်းရအောင် ပြုလုပ်ခြင်း။ (၂) လင်ဖြစ်သူ ရှာဖွေ၍ မိမိထံ အပ်နှံသော ပစ္စည်းများကို မယိုမဖိတ်ရအောင် သိမ်းဆည်းခြင်း။ (၃) လင်မှ တပါး အခြားယောကျ်ားနှင့် လွန်ကျူးခြင်း မကျင့်မှားခြင်း။ (၄) ပျင်းရိခြင်းမှ ကင်းခြင်း။ (၅) လင့်ဆွေမျိုး၊ မိမိဆွေမျိုး မခဲခြားဘဲ သင့်လျော်အောင် ပေးကမ်း ချီးမြှင့် စီမံခန့်ခဲခြင်း။ ဤငါးပါးတည်း။

ချစ်သား သိဂ်ါလ၊ ဤငါးပါးသော အကြောင်းတို့ဖြင့် မယားဖြစ်သူသည် လင်ကို လုပ်ကျေးပြုစုအပ်၏။ ဤသို့ ပြုစုခြင်း အားဖြင့် အနောက်အရပ်က လုံခြုံအောင် ဆိုပိတ်သည်မည်၏။ ဘေးကင်း၏။ ဘေးပေ သိမ်း မရှိသည် ဖြစ်၏။ အမြဲ လင်ယောကျ်ားကို ရှိခိုပူဇော်နေသည် မည်၏။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ အနောက်အရပ်ကို မမေ့လင့် အမြဲတစေ ရှိခိုးရစ်ပါလေဟူ၍ သင့် အား သင့် ဖ ခင် က မှာ ကြား ခဲ့ ခြင်း ဖြစ်သတည်း။

မေး။ ကောင်းလှပါပြီ အရှင်ဘုရား။ နားလည်ပါပြီ။ မြောက်အရပ်ဟူသည်ကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး ဘုရား၊

ဖြေ။ နာလော့ ချစ်သားသိဂ်ါလ၊ ကောင်းသော မိတ်ဆွေတို့သည် ဆင်းရဲမှု လွတ်မြောက် စေတတ်သောကြောင့် ဥတ္တမ ဒါသာ=မြောက်အရပ် မည်ပေကုန်၏။ သူတော်ကောင်းဖြစ်သော

အမျိုးသားသည် ယင်းမိတ်ဆွေများအား ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါးရှိပေ၏။ ငါးပါးဟူသော်ကား—

(၁) ဘကြီးတန်သူကို ဘကြီး၊ ဦးရီးတန်သူကို ဦးရီးစသော အားဖြင့် ရှိသေစွာ ခေါ်ဝေါ်ပြောဆိုဆက်ဆံခြင်း။ (၂) ပေးကမ်း ချီးမြှင့်ခြင်း။ (၃) ဆင်းရဲရောက်သော် ကယ်တင်ခြင်း။ မိတ်ဆွေအကျိုးကို သည်ပိုးဆောင်ရွက်ခြင်း။ (၄) မျက်မှောက် မျက်ကွယ်မရွေး ရှိသေလေးစားခြင်း။ (၅) အလိုရှိသော အရာများရှိက ယူပါ ခွင့်ပြုထားခြင်း။ ဤငါးပါးပေတည်း။ ဤငါးပါးသောဝတ်ကို မချွတ်ခြစခြင်းအားဖြင့် မြောက်အရပ်ကို လုံခြုံအောင် ဆို့ပိတ်ထားသည် မည်ပေသဖြင့် ထိုအရပ်မှ တစုံတခုသော ဘေးအန္တရာယ်သည် ရောက်နိုင်တော့မည် မဟုတ်။ ဤသည်ကိုရည်၍ သင့်ဖခင်သည် သင့်အား "မြောက်အရပ်ကို ရှိခိုးရစ်ပါလေ" ဟူ၍ မှာထားခဲ့ခြင်း ဖြစ်ပေသည်။

ချစ်သား သိင်္ဂါလ၊ မိမိက တုံ့ပြန်၍ မိတ်ဆွေအပေါ်၌ ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါး ရှိပေသည်။ ယင်း ငါးပါးကား—

(၁) တစုံတခုသော အကြောင်းကြောင့် မိတ်ဆွေဖြစ်သူ သတိမေ့လျော့၍ နေခဲ့သော် စောင့်ရှောက် ချီးမြှောက်ခြင်း။ (၂) မေ့လျော့နေသူ မိတ်ဆွေ၏ ပစ္စည်းများကို မယိုင်မပျက် မပျက်ရအောင် စောင့်ရှောက် သိမ်းဆည်းထားခြင်း။ (၃) ရှုံ့ကြောက်တတ်သော မိတ်ဆွေအား "ငါရှိပြီ" ဟူ၍ မကြောက်အောင် အားပေးခြင်း။ (၄) ဘေးအန္တရာယ်တခုခု တွေ့ကြုံလေသောအခါ စွန့်လွှတ်၍ မပြေးခြင်း။ (၅) မိမိ၏

မိတ်ဆွေပင် မရှိတော့သော်လည်း ၎င်း၏ သားသမီးများအား ဆက်လက်၍ တတ်နိုင်သလောက် စောင့်ရှောက်ခြင်း။ ကျင်းပါးပါး ပေတည်း။ ကျင်းပါးနှင့် ပြည့်စုံသည်ရှိသော် မြောက်အရပ်ကို ဖုံးလွှမ်းသည် မည်ပေ၏။ ယင်းသို့ပြုခြင်းဖြင့် မြောက်အရပ်မှ ဘေးအန္တရာယ်များ မရောက်လာနိုင်။ ဘေးခပ်သိမ်း ငြိမ်း၏။ ချစ်သား သိဂ်ါလ၊ ဤသည်ကို ရည်၍ သင့်ဖခင်သည် မြောက်အရပ်ကို ရှိခိုးရစ်ပါ၀ိုလဟူ၍ သင့်အား မှာကြားသွားခြင်း ဖြစ်ပေ၏။

မေး။ ကောင်းပါပြီ။နားလည်ပါပြီဘုရား။ ၎အောက်အရပ် ဟူသည်ကို သိလိုပါသေး၏။ ဆက်လက်၍ ဟောတော်မူပါဦး ဘုရား။

ဖြေ။ ချစ်သား သိဂ်ါလ၊ ကျေးကျွန် အလုပ်သမားတို့ သည် မိမိအောက် ယုတ်နိမ့်သူများဖြစ်သော ပစ္စိမဒိသာ= အောက်အရပ် မည်ပေကုန်၏။ ယင်းသူတို့အား ဒါကြီးအကဲ ဖြစ်သူက ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါးပင်ရှိပေ၏။ ငါးပါးဟူသည်ကား—

(၁) အားအင်နှင့်မျှတရုံ အလုပ်ကို ခိုင်းခြင်း။ (၂) နာ မကျန်း ရှိသောအခါ အလုပ်မခိုင်းဘဲ အနာပျောက် ရေး ဆေးဝါးများ ကုသပေးခြင်း။ (၃) လုပ်၍ရသမျှကို မိမိခုံည်း မယူလေဘဲ လုပ်သူနှင့် မျှမျှတတခွဲဝေ၍ ယူခြင်း။ (၄) ထိုက် သင့်ဃသာ ရိက္ခာ လုပ်ခများကို ပေးခြင်း။ (၅) အလုပ်ကို အားလပ်ခွင့်၊ ရပ်နား အပန်းဖြေခွင့်ပေး၍ နားနားနေနေ လုပ်ကိုင်စေခြင်း။ ၊ကျင်းပါးပေတည်း။ ကျကျင့်ဝတ်နှင့်

ပြည့်စုံလျှင် အောက်အရပ်ကို ဖုံးလွှမ်းသည် မည်ပေ၏။ အောက်အရပ်မှ ဘေးခပ်သိမ်းငြိမ်း၍ ဘမြဲတစေ ရှိခိုးနေသည် မည်ပေ၏။ ချစ်သား သိဂ်ါလ။ သင့်ဖခင်သည် ဤသည်ကို ရည်ရွယ်၍ သင့်အား အောက်အရပ်ကို ရှိခိုးရစ်ပါလေဟု၍ မှာကြားသွားခြင်း ဖြစ်ပေ၏။

အို ချစ်သားသိဂ်ါလ၊ ထိုနည်းလည်းကောင်း လက်အောက်ငယ်သားများက အကြီးအကဲအရှင်သခင်များအား ပြုရာသောကျင့်ဝတ်သည်လည်း ငါးပါး ရှိ၏ပ၏။ ငါးပါးဟူသော်ကား—

(၁) အရှင်သခင် အိပ်ရာက မထခင် အရင်ထခြင်း။ (၂) အိပ်သောအခါ နောက်မှအိပ်ခြင်း။ (၃) အရှင်သခင်၏ ဥစ္စာကို မခိုးဘဲ ပေးမှသာ ယူခြင်း။ (၄) အလုပ်ကို ရှင်ရှင်လန်းလန်း လုပ်ကိုင်ခြင်း။ (၅) အရှင်သခင်ကို အမြဲအားဖြင့် ထုတ်ဖော် ချီးကျူး၍ ပြောဆိုခြင်း။ ဤငါးပါးပေတည်း။ ဤငါးပါးနှင့်ပြည့်စုံသည်ရှိသော် အောက်အရပ်ကို ဖုံးလွှမ်းသည် မည်ပေ၏။ ဘေးခပ်သိမ်းငြိမ်း၍ အောက်အရပ်မှ မည်သည့် အန္တရာယ်မှ မရောက်လာနိုင်တော့။ ထို့ကြောင် ဤသည်ကိုရည်၍ သင့်အား "အောက်အရပ်ကို မမေ့လေနှင့်" ဟူ၍ သင့် ဖခင်က မှာကြားသွားခြင်း ဖြစ်ပေသည်။

မေး။ ကောင်းလှပါပြီ ဘုရား၊ နားလည်ပါပြီ ဘုရား။ အာဇင်္ဃရပ်ဟူသည်ကို သိလိုပါ၍ ဆက်လက်ဟောကြားတော်မူပါရန် တောင်းပန်ပါသည်ဘုရား။

ဖြေ။ ချစ်သားသိဂ်ါလ၊ ရဿေ့ ရဟန်းတို့မည်သည် လူတို့ထက်မြင့်မြတ်သောအကျင့် ရှိပေကုန်သောကြောင့် ဥပရိမဒိသာ=

အထက်အရပ်တို့မည်ကုန်၏။ ထို အထက်အရပ်ဖြစ်သော ရဟန်းတို့အား လူတို့က ပြုရာသော ကျင့်ဝတ်သည်လည်း ငါးပါး ရှိပေ၏။ ငါးပါးဟူသော်ကား—

(၁) မေတ္တာဖြင့် ကာယကံမြောက် ကိုယ်တိုင် သွားခြင်း၊ ကိုယ်တိုင် သောက်ရေ သုံးရေ မျက်နှာသစ်ရေမျိုး တည်ထားခြင်း၊ ဧခြ၊ ကျောက်ကုန်း စသည်တို့ကို ကိုယ်တိုင် ချေးတုန်းပေးခြင်း၊ အဝတ် သင်္ကန်းကို ကိုယ်တိုင် လျှော်ဖွပ်ပေးခြင်း။ (၂) မေတ္တာဖြင့် ဝစီကံမြောက် ရဟန်းတော်မျိုးအား "လာကြပါ" ဟူ၍ နှိုးဆော်ခြင်း၊ ကောင်းချီးပေးခြင်း၊ ချို့သာစကားဖြင့် ရိုသေစွာဆက်ဆံခြင်း။ (၃) မေတ္တာဖြင့် မနောကံမြောက် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပို့ခြင်း။ (၄) အလှူတံခါးကို အမြဲဖွင့်ထားခြင်း။ (၅) ဆွမ်းခံဘုယ် ဘောဇဉ်ကို လှူဒါန်းခြင်း။ ဤငါးပါးတည်း။ ဤငါးပါးနှင့် ပြည့်စုံခဲ့သော် အထက်အရပ်လုံသည် မည်ပေ၏။

ချစ်သားသိဂံလ၊ အထက်အရပ် မည်ပေသော ရဟန်းတို့က လှူဒါယကာတို့အား ပြုရာသော ကျင့်ဝတ်တို့ကား ခြောက်ပါး ရှိပေ၏။ခြောက်ပါးဟူသည်ကား—

(၁) မကောင်းမှုကို တားမြစ်ခြင်း။ (၂) ကောင်းမှုကို တိုက်တွန်းခြင်း။ (၃) မေတ္တာဖြင့် ကောင်းကျိုးကို ရှေရှု၍ ချီးမြှောက်ခြင်း။ (၄) မကြားဘူးသော တရားစကားကို ဟောကြားခြင်း။ (၅) ကြားပြီး နာပြီး တရားတို့ကို လိုက်နာကျင့်ကြံအားထုတ်စေခြင်း။ (၆) ဒါန၊ သီလစသော သုဂတိသို့ လားရောက်ကြောင်း ကောင်းသောခရီးကို ညွှန်ကြားခြင်း

---

၈ : သင်္ဂီဇာတ်ဘာသာ

ဤသို့အားဖြင့် ခြောက်ပါးတည်း။ ဤကျင့်ဝတ်နှင့် မချွတ်ပြည့်စုံခဲ့သော် အထက်အရပ်ကို ပိတ်ဆို့သည် မည်၏။ အထက်အရပ်မှ ဘေးမရှိ၊ ငြိမ်း၏။ချစ်သားသိင်္ဂါလ။ ဤသည်ကို ရည်၍ သင့်ဖခင်က သင့်အား "အထက်အရပ်ကို မမေ့လေနှင့်။ အမြဲတစေ ငါ့သား ရှိခိုးရစ်ပါလေ"ဟူ၍ မှားကြားသွားခြင်းဖြစ်ပေသည်။

အို ချစ်သားသိင်္ဂါလ၊ သင်သည် သင့်အဖ မှာကြားခဲ့သောစကားကို အကယ်၍ လိုက်နာ နားထောင်လိုသည် ဖြစ်အံ့။ ဤ ငါ ဟောကြားအပ်ပြီးသော အရပ်ခြောက်ပါးတို့ကို ရှိခိုးလေလော့။

အရှင်ဘုရား၊ တရားတော်ကား အလွန် နှစ်သက်ဘွယ်ကောင်းပါပေစွ။ ယနေ့မှစ၍ အသက် ရှည်နေသမျှ ကာလပတ်လုံး တပည့်တော်အား ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်သော ဒါယကာဟူ၍ မှတ်တော်မူပါဘုရားဟူ၍ လျှောက်ပြီးလျှင် သိင်္ဂါလသူဌေးသားသည် သရဏဂုံ တည်လေ၏။

(သိင်္ဂါလော ဝါဒသုတ်မှ)

ပယ်ဒိုးစာပေ

သာသနာ့ရေး

ပြဿနာ=အဓွန့်ရှည်စွာတည်မှု၊မတည်မှု။

မေးလျှောက်သူ=အရှင်သာရိပုတ္တရာ။

အရှင်သာရိပုတ္တရာသည် ဗုဒ္ဓ မြတ်ဘုရား၏ လက်ျာရံ အဂ္ဂသာဝက ဖြစ်၏။ မြတ်စွာဘုရား ကွယ်တော်မူလေရာသို့ နောက်တော်မှ ခစားမကွာ လိုက်ပါရသည်က များလေသည်။

မြတ်စွာဘုရားသည် ၁၁ ဝါစေ့ရောက် ၁၂ ဝါမြောက်၌ ဝေရဉ္ဇာပြည်သို့ ကြွသွားတော်မူလေရာ အရှင်သာရိပုတ္တရာသည်လည်း အရှင်အာနန္ဒာတို့နှင့်အတူ နောက်တော် ပါးမှ ပါသွား၏။

ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူသောအခါ ဗုဒ္ဓ မြတ်ဘုရားနှင့် နောက်ပါရဟန်း ပရိသတ်အားလုံး အစား ဆင်းရဲတော်မူကြသည်သားမက အနေလည်း ဆင်းရဲတော်မူ၏။ အခြား မြို့ရွာ

၁။ အဂ္ဂသာဝက၊အဂ္ဂ+သာဝက။အဂ္ဂ=အထွတ်ဆုံး အမြတ်ဆုံးသော၊ သာဝက=တပည့်။ အဂ္ဂသာဝကာ=အထွတ်အမြတ်ဆုံး တပည့်ကြီး။

မျာ:၌ ရွှေကျောင်းတော်ကြီး၊ မိုးပါ:နီ:မျသော အဆောက် အဦ:မျာ:၌ သီတင်:သုံ:တော်မူသော်လည်း ဝေရဥ္ဇပြည်၌ကား ကြမ်းထော်သော မုယောဆွမ်:ကြီ:ကို မဝတဝ မျှတ၍စာ:ကြရ ကုန်၏။ နေရာထိုင်ခင်:မှာလည်း တမာပင် ပေါမျာ:သော ကျွဲတောကြီ:အတွင်း၌ ဆင်:ရဲစွာ နေတော်မူကြရကုန်၏။

အခါတပါ:တွင် အရှင်သာရိပုတ္တရာသည် သစ်တပင်ရင်း၊ ဝါ:တပင်အောက် ဆိတ်ငြိမ်ရာ အာရုံသို့ ချဉ်:ကပ်၍ နေစဉ် သာသနာတော်အရေ:နှင့် ပတ်သက်၍ ဤသို့ဆင်ခြင် စဉ်:စာ: မိလေသတတ်။

ဂင်္ဂါဝါဠု၊ သဲစုမက၊ ဗုဒ္ဓအဆူဆူ၊ ပွင့်တော်မူသွ:ကြလေ ကုန်ပြီ။ထိုအဆူဆူပွင့်တော်မူလေပြီ:သော ဘုရား:သခင် မျာ:စွာ တို့အနက် အဘယ်မည်သော ဗုဒ္ဓမြတ်စွာ၏ သာသနာသည် ကြာမြင့်စွာ တည်လေသနည်း။ အဘယ်မည်သော မြတ်ဘုရား၏ သာသနာသည် ကြာမြင့်စွာ မတည်သနည်း။ အရှည်တည်လျင် အဘယ်ကြောင့် တည်သနည်း။မတည်လျင် အဘယ်အကြောင်း ကြောင့် မတည်လေသနည်း။

အရှင်သာရိပုတ္တရာသည် ထိုအကြောင်:ကို ပြဿနာတရပ် အနေဖြင့် အဖန်ဖန်၊အထပ်ထပ် သုံ:သပ် ဆင်ခြင်သော်လည်း အဖြေမှာ ထွက်မလာဘဲ ဖြစ်နေ၏။ ထို့ကြောင့် အရှင် သာရိပုတ္တရာသည် ဘုရား:ထံချဉ်:ကပ်ပြီ:လျင် ထိုအကြောင်:ကို လျှောက်ထာ:မေ:မြန်:ခြင်:ပြုလေ၏။

မေ:။ ဘုန်:တော်ကြီ:လှသော မြတ်စွာဘုရား၊ အဆူဆူ ပွင့်တော်မူသွ:သောဘုရား:သခင်တို့အနက်တွင် အဘယ်ရှင်တော် မြတ်ဘုရား၏ သာသနာသည် အဝှန်ရှည်ကြာစွာ တည်ပါ

သနည်း။ အဘယ်မြတ်ဘုရား၏ သာသနာသည် ကြာမြင့်စွာ မတည်ပါသနည်းဘုရား။

ဖြေ။ အို ချစ်သားသာရိပုတ္တရာကိုးဆယ့်တကမ္ဘာထက်၌ ပဉ္စင်္ထန်းတော်မူသွားသော ဝိပဿီပုမြတ်စွာဘုရား၊ ၎င်းနောက် ပဉ္စင်္ထတော်မူသွားသော သိခီဘုရား။ ဝေဿဘူဘုရားသခင်တို့၏ သာသနာကား ကြာမြင့်စွာ တည်ခြင်းမရှိ။ သာဝက နှစ်ဆက်လွန်က ကွယ်ပသွားလေကုန်၏။

အို ချစ်သား သာရိပုတ္တရာ၊ ဤဘဒ္ဒကမ္ဘာထက်၌ ပဉ္စင်္ထတော်မူသွားကြသော ကကုသန်၊ကောဏာဂုံ၊ကဿပဘုရားသခင်တို့၏ သာသနာကား ကြာမြင့်စွာ တည်ပေသည် ချစ်တပည့်။

မေး။ အရှင်ဘုရား ဝိပဿီ၊သိခီ၊ဝေဿဘူ ထိုဘုရားသုံးဆူတို့၏သာသနာမှာ အဘယ့်ကြောင့် ကြာရှည်စွာ မတည်ပါသနည်း ဘုရား။

ဖြေ။ ချစ်ဘပည့် သာရိပုတ္တရာ၊ ထိုသုံးဆူသော ဘုရားသခင်တို့ကား တပည့်တို့အား မျှားစွာ တရားဟောခြင်းလည်းမပြုကြ။ ဝိနည်း သိက္ခာပုဒ်ကိုလည်း မျှားစွာ ပညတ်ခြင်းမရှိကြ။ ပါတိမောက္ခ်ကိုလည် မပြုကြ။ သုတ္တ၊ ဂေယျ၊ ဂါထာစသော ဒေသနာတို့လည်း အနည်းငယ်မျှသာလျှင် ဖြစ်ကုန်၏။ တပည့် ရဟန်းတို့သည်လည်း ဆရာဖြစ်သော ဘုရားအထံမှောက်သို့ ခြောက်နှစ်တကြိမ်သာလျှင် လာရောက်၍ သြဝါဒ

၁။ သိမ်တွင်း၌ သံဃာမျှားစုဝေး၍ ပရိသတ်ရွေတွင် ဝိနည်း သိက္ခာပုဒ် ကျင့်စဉ်မျှား ရွတ်ဆိုခြင်း။

ပါတိမောက်ဖြင့် ဥပုသ်ပြုကြကုန်၏။ ဥပုသ် ပြုအံ့သောအခါ ဇမ္ဗူဒီပ်ကျွန်းအပြင်၌ ရှစ်သောင်းလေးထောင်သော ကျောင်းတိုက်တို၌ နေထိုင်ကြကုန်သော သံဃာတော်တို့ကို ဥပုသ်ဆောင်သော နတ်တို့သည် ဥပုသ်ခန့် နီးကပ်လာသောအခါ-

"အရှင်မြတ်တို့ဘုရား၊မနက်ဖြန် ဥပုသ်နေ့ကြိမ်ပါပြီ၊ သိမ်သို့ကြတော်မူကြရန် ပြင်ဆင်တော်မူကြပါကုန် ဘုရား" ဤသို့နှိုးဆော်ပြီးလျှင် နတ်တို့၏အာနုဘော်ဖြင့် ဘုရားသခင် ရှေတော်မှောက်သို့ရောက်အောင် ဆောင်ပို့ပေးကြကုန်သည်။ရောက်သောအခါ သံဃာ့အစည်းအဝေး၌ ရှေးဘုရားတို့ ပြမြဲ ဖြစ်သော ဩဝါဒပါတိမောက်ကို ပြကြကုန်သည်။

ဤသို့လျှင် ဆုံးမဟောကြားအပ်သော တရားဒေသနာတော်သည် အနည်းငယ်သာ ဖြစ်ရကား ထိုဘုရားတို့၏ သာသနာသည် အဓွန့်ရှည်ကြာစွာ မဘည်၊သာဝကတဆက်၊နှစ်ဆက်သာ တည်၍ ကွယ်ပလေသတည်း။

အို ချစ်သားသာရိပုတ္တရာ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသော ဘုရားသုံးဆူတို့ကား တပည့်သာဝကတို့အား တရားကို မျှားစွာလည်း ဟောတော်မူကြသည်။ သံဃာမျှားအား လခဲ့တကြိမ် ဥပုသ်ပြုတော်မူစေသည်။ ဟောကြားအပ်သော တရားမျှားသည်လည်း သီတံဖြင့် သီကုံးအပ်သော ပန်းကဲ့သို့ ပရမ်းပတာမရှိဖြစ်ကုန်၏။ ထို့ကြောင့် ထိုဘုရားတို့၏သာသနာကား အဓွန့်ရှည်ကြာစွာတည်သည် ဖြစ်သတည်း။

မေး။ ဘုန်းတော်ကြီးလှပါသော မြတ်စွာဘုရား၊ ဘုရားတဆူပွင့်တော်မူရန်မှာ လွန်စွာ ခဲယဉ်းလှစွာသော ဒုလ္လဘ-

တရားကြီးဖြစ်ပါ၏။ သာသနာတော် အရှည်သဖြစ် တည်နေမှုသာ သတ္တဝါအများ စီးပွားချမ်းသာ ဖြစ်ထွန်းမည် ဖြစ်ပါသည်။ သို့ပါသောကြောင့် ကိုယ်တော်မြတ်၏ သာသနာသည် ရှည်စွာ ထွန်းပရစ်စေခြင်းငှာ သာဝကတို့အား ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူပါ။တရားကို များစွာ ဟောပေးတော်မူပါဘုရား။

ဖြေ။ အို ချစ်တပည့်၊ငုံဦးလော့၊ဆိုင်းဦးလော့၊သိက္ခာပုဒ် ပညတ်သင့်သော အချိန်အခါကို ငါဘုရား သိတော် မူ၏။ ယခုအခါ သံဃာပရိသတ်သည် ထွတ်မြတ် စင်ကြယ်လျက်ပင် ရှိပေသေးသည်။ သာသနာညစ်နွမ်း၊ စွန်းထင်း၊ခပကျုအောင် အညစ်အကြေးပြုသူ မရှိ။ ပစ္ဆိမဘဝိက ဖြစ်သော ပုဂ္ဂိုလ်မှာ သောတာပန်သာ ဖြစ်ပေသည်။

ချစ်တပည့်၊ နောင်အနာဂတ်အခါတွင် လူမျိုးအသီးသီးမှ အသီးသီးသော သူများသည် သာသနာကို သက်ဝင်ကြည်ညိုကြသဖြင့် ရဟန်းပြုလာကြရာ၌ အာသဝေတို့၏တည်ရာ ဖြစ်သော ငါးပါးအာရုံ ကာမဂုဏ်တို့သည် ပွားစီးကြကုန်လတံ့။ လာဘ်ကို မျော်ကိုး တောင့်တကြ၍၎င်း၊ အခြံအရံကို လိုလားကြ၍၎င်း အကုသိုလ်ဖြစ်ကြောင်း မကောင်းမှုတရားကို ပွားများစေလတံ့၊ ထိုအခါ ထိုအဖြစ်တို့ကို ဖျောက်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်ရလတံ့ဟု မိန့်တော်မူ၏။

(ဝိနယပိဋကက ပါရာဇိကဏ်ပါဠိတော်၊ ဝေရဉ္ဇကဏ္ဍမှ)

လက်ဝဲရုံ လက်ျာရုံ ရာထူးခန့်ထားခြင်းကိစ္စ

ပြဿနာ=မျက်နှာလိုက်မှု။

မေးလျှောက်သူ=ရဟန်းများ။

လူတွေ့ကို မက်လုံးပေးနေသော နေရာတွင် ရာထူးသည် ထိပ်ဆုံးနေရာက ပါဝင်နေ၏။ သို့ကြောင့်ပင် လူတို့သည် ရာထူးကို မက်လုံးထားကြသည်။ ငမ်းကြသည်။ မျှော်မှန်းကြ၏။

ရာထူးသည် လူကို ယစ်မူးစေတတ်၏။ ရူးချာသွားအောင် လုပ်တတ်၏။ ကမ္ဘာ၌ လူမျိုး အသီးသီး၊ ဘာသာ အသီးသီး၊ နိုင်ငံ အသီးသီး ရှိကြသည့်အနက် ရာထူးကို မမက်မောသော လူမျိုး၊ ရာထူးကို မခင်တွယ်သော၊ ရာထူးမလိုချင်သော နိုင်ငံ ဟူ၍ မရှိ။

ကမ္ဘာသည်လူနှင့်မကင်းနိုင်သကဲ့သို့ လူသည်လည်း ရာထူးနှင့် မကင်းနိုင်ချေ။ ရာထူးကိုမက်မောကြ၏။ တောင့်တကြ၏။ လိုချင်ကြ၏။ ရသောသူတို့အဘို့ ပြီးနိုင်သော်လည်း မရသောသူတို့ကား ရာထူးကို အကြောင်းပြု၍ မကျေနပ်မှုများပင် ဖြစ်ပွားကြကုန်လေ၏။

သို့ကြောင့် သတ္တုချလိုသော် ရာထူးကြောင့် ချစ်သော သူငယ်ချင်း မုန်းသွားခြင်း၊မုန်းရာမှ ဆက်စပ်မရအောင် ကွဲသွား

ခြင်း၊ ကဲ့ရာမှု တယောက်မျက်နှာကို တယောက် မကြည့်နိုင်သည် အထိဖြစ်ရခြင်းစသည့် မလိုလားအပ်ဆသော အဖြေများ ထွက်လာသည်ကို တွေ့နိုင်၏။

ရာထူးသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးတို့ကို ပိုင်၏။ ထင်သလို ချယ်လှယ်နိုင်၏။ ရာထူးကို လက်မခံဘဲ တော်လှန်နိုင်သောခေတ်ဟူ၍ မရှိ။ ရာထူးကသာ လူတွေ့ကို ခေတ်အမျိုးမျိုး၌ စိုးမိုးခဲ့သည်။ ချယ်လှယ်ခဲ့သည်။ ယစ်မူးစေခဲ့သည်။

သာမန် လူသားလောကကို မဆိုထား၊ ဘီ ရဟန်းလောကတွင်းကိုပင်လျှင် ရာထူးသည် ဝင်ရောက် ထိုးနှက်နိုင်စွမ်း ရှိလေသည်။ ရာထူးကို အကြောင်းပြု၍ ရဟန်းတော်များ ဖြစ်လျက် နှင့်ပင် မတွေ့ထိုက်သည်ကို တွေ့ခေါ်ကုန်ခဲ့ပြီ၊ မထင်အပ်၊ မထင်သင့်၊ မထင်ထိုက်သည်ကိုပင် ထင်မှား ကုန်ခဲ့ဘူးပြီ။

မှန်၏။ အခါနှစ်ကား ဂဂါတမ ရှင်တော်ဘုရား ပွင့်လာ၍ မကြာသေးသော နှစ်ပတ်လည်ကာလ၏ ပတ်ဝန်းကျင်အတွင်းကဖြစ်ပေ၏။

ထိုအခါနှစ်က ဘုရားသက်တမ်းအား ဖြင့် တနှစ်သား မျှသာ ရှိသေးသော၊ မြတ်ဘုရာသည်လည်း မြို့ရွာအနှံ့အပြားတို့သို့မရောက်လေသေး။ တရားတော်ကိုလည်း များများစားစား ဟောကြားရခြင်း မရှိလေသေး။ သို့ကြောင့် သာသနာ့ သန်ကောင်စာရင်းဌ်—

(၁) ပဉ္စဝဂ္ဂီရဟန်း ၅-ပါး။
(၂) အရှင်ယသနှင့် ၅၅-ပါး။
(၃) ဘဒ္ဒဝဂ္ဂီရဟန်းများ ၃၀-ပါး။

(၄) ဥရုဝေဠုနှင့် ၁၀၀၀-ပါး။

ပေါင်း- ၁၀၉၀-ပါး။

ထိုအချိန်၌သံဃာဦးရေမှာ(၁၀၉၀)မျှသာရှိပေသေးသည်။ ရာထူးသည် လူကိုလည်းမရှောင်၊ ရဟန်းကိုလည်း ချမ်းသာမခပး၊ဖမ်းစားတတ်၏၊ယစ်မူးစေတတ်၏။အဆိုပါ သံဃာပေါင်းတဝေထာင်ကျော်ထဲတွင် ပုထုဇဉ်ရဟန်းများလည်း ပါဝင်နေသည်ဖြစ်ရာ ရာထူးသည် ပုထုဇဉ်ရဟန်းလောကတွင်းသို့ ထွင်းဖောက်ဝင်ရောက်ပြီး ထိုးနှက်ခြင်းပြုလေ၏။ အကြောင်းကား လက်ျာတော်ရံ၊လက်ဝဲတော်ရံ ရာထူးခန့်ထားခြင်းမှ မြစ်ဖျားခံသတည်း။ ဖြစ်ပုံကား—

ရာဇဂြိုဟ်ပြည်၊ ဗိမ္ဗိသာရမင်းကြီးလှူဒါန်းသော ဝေဠုဝန်ကျောင်းတော်ကို အလှူခံပြီး၍ သုံးရက်မြောက်သောနေ့ဖြစ်၏။

နောက်လိုက် ဇာပည့် ၂၅၀စီ ခြံရံလျက် ဥပတိဿနှင့် ကောလိတမည်သော ပရိဗိုဇ်နှစ်ဦး ဘုရားသခင်ထံဝင်လာသည်။ ရဟန်းပြုပေးတော်မူပါဟု တောင်းခံကြသည်။ ဟိဘိက္ခု၊ ရဟန်းပြုပေး၍ တရားဟောလျှင် ရဟန္တာ ဖြစ်ကုန်လေ၏။

ထိုအခါ မြတ်ဘုရားက သံဃာ့အစည်းအဝေး ခေါ်စေပြီး ယင်း သံဃာ့ အစည်းအဝေး၌ ဥပတိဿအား သာရိပုတ္တရာဘွဲ့မည်နှင့်“လက်ျာတော်ရံ”အဖြစ် ရာထူးခန့်တော်မူလိုက်သည်။ ကောလိတအား မောဂ္ဂလာန်ဟူသောဘွဲ့မည်နှင့်“လက်ဝဲတော်ရံ” အဖြစ် ရာထူးခန့်တော်မူလိုက်သည်။

၂၂၂ ○ ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

ထိုအခါ သံဃာ့ပရိသတ်၌ မကျေမနပ် ကြွက်စီကြွက်စီ ဖြစ်ကုန်လေ၏။ အချို့တို့က အရင်လူအရင်၊ နောက်လူနောက် ကြီးစဉ်ငယ်လိုက်သာ ခန့်ထားထိုက်သည်ဟု ဆိုကုန်၏။

ဥပတိဿ၊ ကောလိတတို့ထက် ရှေးကျသော (၀၇) အရှင် သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ထက် ဦးဦးဖျားဖျား ရဟန်း ဖြစ်နှင့် နေကြသော ပဉ္စဝဂ္ဂိရဟန်းများထဲက အရှင်ကောဏ္ဍည သော်၎င်း၊ သို့မဟုတ် အရှင်ဝပ္ပသော်၎င်း တဦးဦးကို ခန့်ထား ထိုက်သည်။

သို့မဟုတ် အရှင်ယသ၊ ဘဒ္ဒဝဂ္ဂိညီနောင် သုံးကျိပ်နှင့် တထောင်မျှသော ဥရုဝေဠရဟန်းများထဲက တဦးဦးကိုဖြစ်စေ "အဂ္ဂသာဝက၊ မဟာသာဝက" ဖြစ်သော လက္ခဏာရုံ၊ လက်ဝဲရုံ ရုပ်ထူးကို ပေးသင့်သည်ဟု ယူဆကာ ပထမသော် တိုးတိုး တိတ်တိတ်ကြိတ်၍ မကျေမနပ် ဖြစ်နေကြသည်။ နောက်မအောင့် နိုင်သည့်အဆုံးတွင်—

"ရာထူးပေးရာ၌ မြတ်စွာဘုရားသည် တရားမျှတခြင်းမရှိ။ မျက်နှာလိုက်၍ ပေးတော်မူသည်။ လက်ရင်းတပည့်ကြီးများကို ကျေဝဲလွန်ကာ နောက်မှပေါ်လာသော ရှေကြာပင်များကို အဇရုပေး၍ မြောက်စား သည်။"

ဤသို့လျှင် မြတ်ဘုရားကိုပင် ကဲ့ရဲ့ပြစ်တင် ကုန်ကြလေ၏။ မခံမရပ်နိုင် ဖြစ်လာကုန်လေ၏။ အချင်းချင်း တီးတိုးစကားဖြင့် အတင်းပြောကြကုန်၏။

မေး။ ငါ့ရှင်၊ အရှင်ကောဏ္ဍညလို ထိုပုဂ္ဂိုလ်ကြီးများကို ဘေးချိတ်ပြီး နောက်မူပေါ်လာတဲ့ ဥပတိဿနဲ့ ကောလိတကို လက်ဝဲ လက်ျာရာထူး ခန့်လိုက်ခြင်းဟာ တရားတယ် ဆိုနိုင်မလား။

ဖြေ။ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ ငါ့ရှင်ကော ဘာတတ်နိုင်မှာလဲ။ ဘုရားသခင်က ခန့်ထိုက်လို့သာ ခန့်တော်မလိုက်တာ ဖြစ်မှာပ။

ဤဂယက်သည် သံဃာ့လောကဌ လှိုင်းပုတ်သလို ပုတ်လာသည်။ ဒီရေတက်သည့်ပမာ တက်၍ တက်၍သာ လာလျက်ရှိနေသည်။

ထိုအကြောင်းကို (၀၇) သံဃာများသန္တာန်၌ မကျေမနပ်ဖြစ်နေပုံကို မြတ်စွာဘုရားက သိတော်မူလေသော် ရုတ်ချင်းပင် သံဃာ့အစည်းအဝေးခေါ်ဒစပြီးလျှင် ထိုပြဿနာကိုသံဃာများသံသယကင်းရှင်းသွားအောင် ရှင်းပေးတော်မူရလေ၏။

"အို ချစ်သားတို့၊ ငါကား သင်တို့ထင်ကုန်သကဲ့သို့မျက်နှာလိုက်၍ အရာပေးသည်မဟုတ်။ ရှေးရှေးသော အဘိတ်ဘဝက သူတို့တောင့်တကြသောဆု၊ ပို့ကြသော ပါရမီအတိုင်းသာလျှင် ငါပေးတော်မူခြင်း ဖြစ်ပေ၏။"

ဤသို့ မိန့်တော်မူလိုက်သော် သံဃာတော်များက ရှိခိုး၍ တောင်းပန်ကြလေကုန်၏။

မေး။ အရှင်ဘုရား၊ ထိုအရှင်များ၏ ရှေးဆုတောင်း၊ သူတို့၏ပါရမီဆန္ဒကို သိလိုကြပါကုန်၏။ ဟောတော်မူပါဘုရား။

ဖြေ။ အို ချစ်သားတို့၊ လွန်ခဲ့သော ကမ္ဘာတသိန်းထက်၌ ပဒုမုတ္တရမည်သော မြတ်ဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်ခဲ့၏။ ကောဏ္ဍည သည် ထိုစဉ် အခါ ထိုဘုရားသခင်လဲ့ထက်၌ လယ်များစွာကို ပိုင်သော လယ်ပိုင်ရှင် သူကြွယ်တဦး ဖြစ်ခဲ့ပေသည်။

ထိုသူကြွယ်သည် ရဟန်းတပါးအား "တေဒဂ်ဘွဲ့" ချီးမြှင့်သည်ကို ဖူးတွေ့ရသော် ယင်းရဟန်းတော်ကို အားကျ၍ မိမိလယ်မှထွက်သော စပါးများအနက်မှ—

(၁) ဦးဦးဖျားဖျား စပါးဖုံးအလှူကိုဂုဏ်း၊
(၂) မုန့်ဆန်းဦး အလှူကိုဂုဏ်း၊
(၃) ရိတ်သောအခါ ရိတ်ဦးအလှူကိုဂုဏ်း၊
(၄) အဆုပ်ပြုသောအခါ ဆုပ်ဦးအလှူကိုဂုဏ်း၊
(၅) လှိုင်းသောအခါ လှိုင်းဦးအလှူကိုဂုဏ်း၊
(၆) နင်းနယ်သောအခါ နယ်ဦးအလှူကိုဂုဏ်း၊
(၇) ခြင်သောအခါ ခြင်ဦးအလှူကိုဂုဏ်း၊
(၈) ရောင်းသောအခါ ရောင်းဦးအလှူကိုဂုဏ်း၊
(၉) စားသောအခါ စားဦးအလှူကိုဂုဏ်း၊

ဤသို့ တနှစ်တည်းလုပ်သောလယ်၌ ကိုးကြိမ်တိုင်တိုင် အဦးသောအလှူကိုပေး၍ "နောင်ပွင့်တော်မူလတံ့သောဘုရားရှင်တို့၏ အထံဝယ် သူတပါးတို့၏ ရှေးဦးစွာ တရားအရသာကို သောက်ရသည် ဖြစ်ပါစေသော" ဟူ၍ ဆုပန်ခဲ့သူ ဖြစ်ပေသည်။ လက်ဝဲရုံ၊ လက်ျာရုံဆုကို တောင်းခဲ့သူ မဟုတ်ပေ။ (ဓမ္မပဒအဋ္ဌကထာ၌ အကျယ်ဆို၏။)

ဘို ချစ်သားတို့၊ နာကြကုန်လော့။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၏ ရှေးဆုတောင်းကို ငါ ဆိုပေဦးအံ့။ ချစ်သားတို့ လွန်ခဲ့သော တသခေ်ျနှင့်ကမ္ဘာတသိန်းထက်၌ သာရိပုတ္တရာသည် ဗြဟ္မဏမဟာသာလမျိုး၌ ဖြစ်ခဲ့၍ ဒေမည်မှာ သရဒ ဟုတ္တင်၏။ မောဂ္ဂလာန်ကား အာသည်မျိုး၌ ဖြစ်ခဲ့သည်။ အမည်မှာ သီရိဝဠုနဟု တွင်၏။

သရဒနှင့် သီရိဝဠုနသည် အလွန် ချစ်သော သူငယ်ချင်းများ ဖြစ်၏။ သူတို့ချင်း အလွန်ရင်းနှီးကြ၏။နောက်တွင်သရဒသည် သံဝေဂရ၍ တောထွက်ကာ ရသေ့ ပြုသွား သော်လည်း သီရိဝဠုနကား လူဘောင်မှာပင် ကျန်ရစ်ခဲ့လေသည်။

ထိုအခါနှင့် အနောမဒဿီမည်သော ဘုရား ပွင့်ထွန်းလျက် ရှိ၏။ ထိုဘုရားသခင်၏ လက်ျာရုံမှာ အရှင် နိသဘာဖြစ်၍ လက်ဝဲရုံမှာ အရှင်အနောမ ဖြစ်လေသည်။ ထိုအခါ သရဒ ရသေ့သည် လက်ျာရုံ အရှင် နိသဘာကို အားကျ၍ မြတ်စွာဘုရားအား ပဲန်းထီးဖြင့် ပူဇော်ပြီးလျှင် ဤသို့ ဆုတောင်းခဲ့သတည်း။

"အရှင်ဘုရား၊ အကျွန်ုပ်သည် ဤပန်းထီးကို ပူဇော်ရသော ကောင်းမှု၊ သဗ္ဗညုတ ဂုဏ်ကျေးဇူးကို ချီးကျူး ရသော ကောင်းမှု၊ ဘုရားအမှုရှိသော သံဃာတော်တို့ကို ရိုသေ မြတ်လေး၊ လုပ်ကျွေးရသော ကောင်းမှု အစုစု တို့ကြောင့် အရှင် ဘုရား၏ လက်ျာရုံဖြစ်သော နိသဘာထေရ်ကဲ့သို့ နောင်ပဉ္စဘော် မှသော ဘုရားရှင်တို့၏ သာသနာတော်ဝယ် 'လက်ျာရုံ အဂ္ဂသာဝက' ဖြစ်ရပါလို၏"ဟု ဆုတောင်းလေ၏။

"အို ချစ်သားတို့၊ ထိုရောအခါ အနောမဒဿီ ဘုရားက ဗျာဒိတ်မြွက်ကြားတော်မူသည်ကား "အချင်းသရဒ၊ ဤကမ္ဘာမှစ၍ ရေသော် တသောင်းခန့် ကမ္ဘာတသိန်း လွန်သောကာလ ဘဒ္ဒကမ္ဘာ၌ ဘုရားသုံးဆူတို့နောက်၌ "ဂေါတမ" အမည်ရှိသော ဘုရား ပွင့်လတ္တံ့။ ထိုအခါ သင်သည် သာဝကပါရမီ တို့၏ အထွတ်အထိပ်ရောက်၍ "ဓမ္မသေနာပတိ၊သာရိပုတ္တရာ"ဟူသော အမည်ဖြင့် ကြေငြာလျက် "လက်ျာရံ" အဂ္ဂသာဝကဖြစ်လတ္တံ့။ ယင်း၏ ဉာဏ်သည် ပံသုပထဝီ၊ မဟီဖြူနှုန့်ခန့် မတုန့်ိုင်သည်သာ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ရခဲ့သူ ဖြစ်ပေသည်။

အို ချစ်သားတို့၊ ထိုအခါ၊ သရဒရသော့်သည် မိမိဗျာဒိတ်ရရှိသောအကြောင်းကို မိတ်ဆွေဖြစ်သူ သီရိဝဏ္ဏထံ သွားရောက်၍ ပြောကြား ပြီးလျှင် လက်ဝဲရံ ဆုကို တောင်းရန် အကြံပေး တိုက်တွန်းခြင်း ပြုလေရာ သီရိဝဏ္ဏသည် အလွန် ဝမ်းမြောက်ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍ ဘုရား အမှူးရှိသော သံဃာတော်များအား တိစီဝရိက် သင်္ကန်းများဖြင့် ဆက်ကပ်လှူဒါန်း ပြီးလျှင်-

"အရှင်ဘုရား၊ အကျွန်ုပ်၏ အဆွေဖြစ်ပါ၏သော သရဒရသော့်သည် နောင် ပွင့်တော်မူလတ္တံ့သော ဂေါတမ ဘုရားသခင်၏ သာသနာတော်ဝယ် လက်ျာရံ အဂ္ဂသာဝကအဖြစ်ကို ရလိုသော ဆုတောင်းပါ၏။ အကျွန်ုလည်း ယခုပြုရသော ဤပုညကောင်းမှုကြောင့် ထိုဂေါတမဘုရား ပွင့်တော်မူသောအခါ "လက်ဝဲရံ" အဂ္ဂသာဝက အဖြစ်ကို ရလိုပါသေးဟု ဆုတောင်း လေသော် "ချစ်သား သီရိဝဏ္ဏ၊ သင့်ဆုတောင်း အတိုင်း ထိုဂေါတမ ဘုရားပွင့်တော်မူသောအခါသင်သည်လည်း "မဟာမောဂ္ဂလာန်"

အမည်ရသော "လက်ဝဲရံ" အဂ္ဂသာဝကကြီး ဖြစ်ပေလတံ့" ဟူ၍ ဗျာဒိတ်ရရှိလာခဲ့သူ ဖြစ်ပေ၏။

အို ချစ်သားတို့၊ ငါကား ဤသူတို့အား မျက်နှာလိုက်၍ ရာထူးပေးခြင်းမဟုတ်။ ဤ ဆိုအပ်ပြီးသော အတိုင်း သူတို့၏ ရှေးဆုတောင်းများ အရသာလျှင် ပေးခြင်းဖြစ်သည်ကို သင်တို့ နားလည်ကြကုန်လော့။

ဤတွင်မှ ရဟန်းတို့၌ ဖြစ်ရှိနေသော သံသယများ၊ ကင်းစင် သွားသတည်း။

(ဓမ္မပဒအဋ္ဌကထာ၌ အကျယ်တဝင့် ဖွင့်ဆို၏။)

စပယ်ဦးခေါင်

ကဲ့ရဲ့ ၇ ရက်

ပြဿနာ=ဘုရားကို ဆဲရေးခြင်း။

မေးလျှောက်သူ=အရှင်အာနန္ဒာ။

ရမည်ဆိုက ဘုန်ဖူးကိုပင် ရိုက်ခွဲ၍ သိုက်တူးရသော မိုက်ခဲတစုကို ရှေတော်ခေါ်၍ မာဂဏ္ဍိမိဖုရားက တစိုးလက်ဆောင်မျှား ပေး ပြီးလျှင် မြတ်စွာဘုရားကို အရှက်ကွဲအောင် နောက်ကလိုက်၍ အဆဲခိုင်းလေသည်။

လူမိုက်တစုသည် ရှင်ပျမ္ဗူ အပြည့်ဖြင့် မာဂဏ္ဍိမိဖုရားထံမှ ရွှေထုပ်ပိုက်၍ ထွက်လာခဲ့ကြပြီးနောက် နောက် တနေ့တွင် ကောသမ္ဗီမြို့တွင်းသို့ ဆွမ်းခံ ကြွဝင်တော်မူလာသော မြတ်စွာ ဘုရားအား နောက်ကလိုက်၍ မကြားဝံ့မနာသာ ဆဲဆို ကြလေကုန်၏။

မြတ်စွာဘုရားအား ရဲတင်းစွာ "သူခိုး၊ သူခိုး" ဟု စွပ်စွဲသူကဲ့စဲ၊ မိုက်မဲသော လူယုတ်မာကြီးဟူ၍ ဆိုသူကဆို၊ တွေ့ဝေသူ၊ ထိုင်းမှိုင်းသူ ဟူ၍၎င်း၊ နွားကြီး၊ ကဲ့ကြီး၊ ကုလားအုပ်ကြီး၊ မြင်းကြီးဟူ၍၎င်း၊ အဝိစိလား မယ့်ငရဲသားကြီး ဟူ၍၎င်း၊ ကောင်းသော လားရာသုဂတိ မရှိ၊ အပါယ်လေးပါး၊ တလွဲသွားပုဏ္ဏားလို

ဟူ၍ဌင်း ဤသို့ စသောအားဖြင့် နောက်တော်ပါးက တည်ညံ့လိုက်၍ ဆဲရေးနေသည်ကို အရှင်အာနန္ဒာကကြား၍ ဤသို့ လျှောထားလေ၏။

အရှင်ဘုရား၊ များစွာသော ကောသမ္ဗီ ပြည်သားတို့သည် တပည့်တော်တို့နောက်က လိုက်၍ မကြားဝံ့မနာသာ ဆဲရေးနေကြပါကုန်သည်။ ဤမြို့မှ ထွက်ခွါလျှင် ကောင်းပါလိမ့်မည် ဘုရား။

မေး။ ချစ်သားအာနန္ဒာ၊ ဆဲရေးသံများကို ငါလည်း ကြားပေ၏။ ဤမြို့မှခွါ၍ အဘယ်ကို သင်သွားလိုသနည်း။

ဖြေ။ ဤမြို့မှ လွတ်ရာ ကျွတ်ရာ အခြားတနေရာသို့ သွားလိုပါသည် ဘုရား။

မေး။ ချစ်သားအာနန္ဒာ၊ သင်သွားလိုခြင်းမှာ ဟုတ်တန်စေ၊ ထိုအရပ်၌လည်း ထိုနည်းလည်းကောင်း ငါတို့အား ဆဲရေးကြပြန်ကုန်သော် သင် အဘယ်သို့ သွားမည်နည်း။

ဖြေ။ အရှင်ဘုရား ထိုအရပ်၌ ဆဲရေးကြပြန်သော် အခြားတနေရာသို့ ရွှေပြောင်းပါမည် ဘုရား။

မေး။ ထိုအရပ်၌လည်း ဆဲရေးခြင်းဘေးနှင့် ကြုံနေဦးမည် ဆိုပါက သင် ဘယ်ကို သွားမည်နည်း။

ဖြေ။ အရှင်ဘုရား၊ အခြား ကျွတ်လွတ်ရာ တနေရာကို ရွှေပြောင်းပါမည် ဘုရား။

မေး။ အို ချစ်သား အာနန္ဒာ၊ ဤသို့ မပြုအပ်၊ မပြုသင့်၊ မပြုထိုက်ပေ။ အကြင်အရပ်၌ ဆဲရေးတိုင်းထွာခြင်းစသော အဓိ

ကရုဏ်းသည် ဖြစ်ပွါးနေ၏။ ထိုအဓိကရုဏ်း မပြီးမချင်း ထို အရပ်မှ မခွါသင့်။ အဓိကရုဏ်းကို ငြိမ်းအောင်ပြုပြီးမှသာ ဖဲခွါသင့်ပေသည် အာနန္ဒာ။ ဆဲရေးသူတို့ကား အဘယ်သူတို့ဖြစ်ကုန်သနည်း။

ဖြေ။ မည်သူ မည်ဝါဟူ၍ ခဲခြားရ၍ မသိနိုင်၊များစွာသော လူအုပ်ကြီးက ဆဲရေးကြောင်းပါဘုရား။

မေး။ ချစ်သား အာနန္ဒာ၊ ရှိစေတော့။ ငါဘုရားကား စစ်မြေသို့ထွက်သော ဆင်ပြောင်ကြီးနှင့် အလားတူပေ၏။ အရပ် ရှစ်မျက်နှာတို့မှ ပစ်လွှတ်သော မြားတို့သည် ဆင်ပြောင်ကြီး ပေါ်သို့ချည်း ကျလေသဖြင့် ဆင်ပြောင်ကြီးကား ကျသမျှ မြားဒဏ်ကို သည်းခံရသူ ဖြစ်ပေ၏။ ထို နည်း လည်း ကောင်း ဒုဿီလပုဂ္ဂိုလ်တို့ ပြောဆိုအပ်လေသမျှ စကား အရေပ်ရပ်ကို သည်းခံခြင်းမည်သည် ငါ့ တာဝန်သာလျှင် ဖြစ်ချေ၏။

အို ချစ်သားအာနန္ဒာ၊ နာလော့။ လူထူထပ်ပေါ်များရာ သဘင်အရပ်သို့ သွားသောသူသည် မိမိစီးသော လှည်းယာဉ်ကို ယာဉ်ကျေးပြီးသားနှင်း၊ မြင်းတို့ကို ယှဉ်ကာ၍ သွားကြကုန်၏။ ပြည်ပိုင်ရှင် ဘုရင်မင်းမြတ်သည်လည်း ယာဉ်ကျေး လိမ္မာပြီးသော ဆင်ယာဉ်၊ မြင်းယာဉ်များကိုသာ စီး၍ထွက်တော်မူ၏။ အကြင် သူသည် လွန်ကျူးပြစ်မှား၊စော်ကား၊မော်ကား၊ဆဲရေးတိုင်းထွာ ခြင်းကို သည်းခံ၏။ ထိုသို့ သည်းခံခြင်းကုန်နှင့် ပြည့်စုံသော ထိုသူသည်သာ ယာဉ်ကျေးသူမည်၍ လူတို့တွင် ထိုလူမျိုးကား ချီးမွမ်းအပ်၍ မြတ်သောသူဟု ဆိုအပ်၏။

အို ချစ်သား အာနန္ဒာ၊ အဿတိုရ်မြင်းမူ ဖွားမြင်သော သားငယ်သည် လည်းကောင်း၊ အာဇာနည်မြင်းကောင်းတို့သည်

လည်းကောင်း၊ သိန္ဓေမြင်းတို့သည်လည်းကောင်း၊ ဆင်ပြောင်ကြီးတို့သည်လည်းကောင်း ကောင်းစွာ သွန်သင် ဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးပြီးမှသာလျှင် မြတ်ကုန်၏။ မင်္ဂလာဖြင့် ဆုံးမအပ်သည်ဖြစ်၍ ကောင်းစွာ ယဉ်ကျေးပြီးသော သူကား ထိုအာဇာနည် ဆင်ခကောင်း၊ မြင်းကောင်းတို့ထက် အထူးသဖြင့် မြတ်၏။

ချစ်သား အာနန္ဒာ၊ စနိုးစနောင့် သင် မဖြစ်လေလင့်။ မစိုးရိမ်လေလင့်။ ဤသူတို့ကား (၇)ရက်မျှသာ ဆဲရေး၊ ကဲ့ရဲ့နှိုင်းကြလတံ့။ ရှစ်ရက် မြောက်သော နေ့၌ ပျောက်ပြယ်ကာ ဘိတ်ဆိတ်သွားလတံ့။

(ဓမ္မပဒအဋ္ဌကထာ၊ အပ္ပမာဒဝဂ်။ သမာဝတီဝတ္ထုမှ)

သလ္လေခ ၄၄ ပါး

ပြဿနာ=အကုသိုလ်ကို ပါးအောင် ခြစ်ပစ်ခြင်း။

မေးလျှောက်သူ=ဘိက္ခု မဟာစုန္ဒ။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့ကား အကုသလ၊ ပါပ ညစ်ကျုံ့ မဒကောင်းမှု အညစ်အကြေးများဖြင့် အမြဲ လူးလဲ ပေကျံ နေသူများ ဖြစ်ကုန်၏။ ဒုစရိုက် တောရှုပ်၊ တောအုပ် ကြီးကြီးကို အိမ်သဖွယ် ပြုလုပ်၍ မှီတင်းနေထိုင်ကြသူများ ဖြစ် သောကြောင့် လူပတ်ဝန်းကျင်၊ နတ်ပတ်ဝန်းကျင်၊ ဗြဟ္မာ ပတ်ဝန်းကျင်တလျှောက်၌ရှင်း၊လူ၊ နတ်၊ ဗြဟ္မာဟု ဆိုအပ်သော သတ္တဝါ၏ သန္တာန်၌ရှင်း အကုသိုလ်မှု ဒုစရိုက်များသည်ဒုန့်ဒေး ဖြစ်ရှိနေ၏။

လူသည်ရှင်း၊ နတ်သည်ရှင်း၊ ဗြဟ္မာသည်ရှင်း မည်သူ မဆို သန့်ရှင်းသည်ကိုသာ ကြိုက်ကြသူချည်း ဖြစ်ပေသည်။ သို့သော် ဒုစရိုက်မှု အကုသိုလ်တည်းဟူသော အညစ်အကြေးကို စင်ကြယ် အောင် မဆေးနိုင်ကြသည့်အတွက် လူပေ၊ နတ်ပေ၊ ဗြဟ္မာပေ တွေ ဖြင့်နေကြရ၏။

သူပစ္စည်း သူဥစ္စာကို ခိုးခြင်း၊ သူအသက်ကို သတ်ခြင်း၊ သူအဘင်း လူအတင်းပြောခြင်း စသည်တို့သည် လူတို့ အာဘို့

တွင် အလှန်အရုပ်ဆိုး၊ အကျည်းတန် သွားစေသော အညစ်အကြေးများ ဖြစ်လေသည်။

ယင်း အညစ်အကြေးများကို လုံးဝဖြူစင်အောင် မလုပ်နိုင်သည့်တိုင်အောင် "လုံးပါးပါး" ဆိုသကဲ့သို့ တနေ့ တခြားပါးပါးသွားအောင် လုပ်ခြင်း၊ အုန်းခြစ်နှင့် ခြစ်သကဲ့သို့ ခြစ်ပစ်ခြင်းကို သလွန်ခဟု ခေါ်၏။ အကုသိုလ် ပါးအောင် လုပ်နည်းဟု ဆိုလိုသည်။

ယင်းအကြောင်းနှင့် ပတ်သက်၍ စုန္ဒဟူ၍ ဘဲမည်ရသော ရဟန်းတပါးသည် ဘုရားသခင်ထံ ချဉ်းကပ်၍ မေးလျှောက်ခဲ့ဘူးပေသည်။

မေး။ ခပ်သိမ်းသောတရားတို့ကို မဖောက်မပြန် သယမ္ဘူ ဉာဏ်ဖြင့်၊ ကေန်တိတိ၊ ထိုးထွင်း၍သိတော်မူပါသော တရားသခင်မြတ်ရှင်ပင် ဘုရား၊ ခန္ဓာငါးပါးဌဲ့ဖြစ်သော အတ္တဝါဒစွဲသက္ကာယဒိဋ္ဌိနှစ်ဆယ်၊ သဿတ အသဿတ အစ ရှိသော လောကဝါဒစွဲ ဒိဋ္ဌိရှစ်ပါး၊ ယင်းဒိဋ္ဌိများကို သောတာပတ္တိမဂ်သို့မရောက်သေးပဲ ဝိပဿနာမိသက အာဒိမနသိကာရဖြင့် ပယ်ချ စွန့်ပစ်နိုင်ပါသလား ဘုရား။

ဖြေ။ ချစ်တပည့် စုန္ဒ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ပပဉ္စတရား သုံးပါး၊ ယင်းသုံးပါးတို့ကိန်းဝပ်ရာဖြစ်သော ခန္ဓာငါးပါးကို "နေတံမမ=ဤခန္ဓာငါးပါးသည် ငါ့ဥစ္စာ မဟုတ်။ နေသော မဟသို့မ=ဤခန္ဓာငါးပါးသည် ငါ မဟုတ်။ နမေသော အတ္တာ=ဤခန္ဓာ ငါးပါးသည် ငါ့ကိုယ် မဟုတ်ဟု ဝိပဿနာ အဆက်ဆက်ဖြင့် တကဲ့၍ သောတာပတ္တိမဂ်သို့ ရောက်မှ အထူးထူးသော ဝါဒစွဲ၊ နည်းအမျိုးမျိုးဖြင့် ဖန်တီး

ထားသော မိစ္ဆာအယူတို့ကို စွန့်ပစ်နိုင်သည်။ ဝိပဿနာ၏ အခြေအမြစ်ဖြစ်သော သမာပတ်ရှစ်ပါးသည် ကိလေသာကို ပါးရှားကုန်ခန်းအောင် ခြစ်၍ပစ်တတ်သော "သလ္လေခတရား မဟုတ်"ဟု မိန့်တော်မူပြီးလျှင် ၄၄ ပါးသော အခြင်းအရာတို့ဖြင့် တန်ဆာဆင်၍ သလ္လေခဝတ္ထု၊ သလ္လေခတရားတို့ကို ဟောကြားတော်မူလေ၏။

အို ချစ်တပည့် စုန္ဒ၊ ကောင်းစွာ မှတ်ယူလေလော့။ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း စသော ဝိဟိံသဝတ္ထု၌ အကုသိုလ် ပါးသည်ထက် ပါးအောင် လုပ်ခြင်း၊ ကုန်အောင် ခြစ်ပစ်ခြင်း အမှုကို စင်စစ်လျှင် သင်တို့ပြုအပ်၏။ ပြုသင့်၊ ပြုထိုက်လှပေသည်။ အဘယ်သို့ပြုအပ်၊ ပြုသင့်၊ ပြုထိုက်သနည်းဆိုသော်—

အို ချစ်တပည့် စုန္ဒ၊ တပါးကုန်သော မိုက်မဲလှစွာကုန်သော သူတို့သည်—

(၁) သူတပါးအား နိုင်လိုမင်းထက်၊ နှိပ်စက်ကလူ ပြုမူကြကုန်ဘိ၏။ ဤဝိဟိံသအမှု၌ ငါတို့ကား နိုင်လိုမင်းထက်၊ နှိပ်စက်ခြင်းမှ ရှောင်ကြကုန်အံ့ ဟူ၍ လည်းကောင်း၊

(၂) သူ့အသက်ကို ရက်ရက်စက်စက် သတ်လွှဲရှိကုန်ဘိ၏။ ဤပါဏာတိပါတအမှု၌ ငါတို့ကား သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြကုန်အံ့ ဟူ၍ လည်းကောင်း၊

(၃) ပိုင်ရှင်ဖြစ်သူက ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာ၊ သူ့ပစ္စည်းကို ခိုးယူလွှဲ ရှိကြကုန်ဘိ၏။

ဤအဒိန္နဝဒါန အမှုဌ် ငါတို့ကား သူဥစ္စာကို ခိုးခြင်းမှ ရှောင်ကြ ကုန်အံ့ဟူ၍ လည်းကောင်း၊

(၄) မမြတ်သော မေထုန် မိုဝဲမှုကို ပြုလေ့ရှိကြကုန်ဘိ၏။ ဤအဗြဟ္မစရိယ အမှုဌ် ငါတို့ကား မေထုန်မှမှ ရှောင်ကြကုန်အံ့ဟူ၍ လည်းကောင်း၊

(၅) တပါးသော လူမိုက်တို့သည် လိမ်လည် လှည့်ဖျားခြင်းစကား ဆိုတတ်ကုန်ဘိ၏။ ဤမုသာဝါဒ အမှုဌ် ငါတို့ကား မုသား ဆိုခြင်းမှ ရှောင်ကြကုန်အံ့ဟူ၍ လည်းကောင်း၊

(၆) တပါးသော လူမိုက်တို့သည် ချစ်သူနှစ်ဦးကို မုန်းတီးသွားအောင် ချောပစ် ကုန်းတိုက်လေ့ ရှိကြကုန်ဘိ၏။ ဤပိသုနဝါစာ အမှုဌ် ငါတို့ကား ကုန်းတိုက် ခြင်းမှ ရှောင်ကြကုန်အံ့ ဟူ၍ လည်းကောင်း၊

(၇) တပါးသော လူမိုက်တို့သည် ကြမ်းတမ်းသော စကားကို ဆိုလေ့ ရှိကြကုန်ဘိ၏။ ဤ ဖရုသဝါစာ အမှုဌ် ငါတို့ကား အပြောအဆို ရုန့်ကြမ်းခြင်းမှ ရှောင်ကြကုန်အံ့ ဟူ၍ လည်းကောင်း၊

(၈) တပါးသော လူမိုက် များသည် အနက် အဓိပ္ပာယ် ကင်းသည့် ပြိန်ဖျင်းသော စကားကို ဆိုလေ့ ရှိကြကုန်ဘိ၏။ ဤသမ္ဖပ္ပလာပ အမှုဌ် ငါတို့ကား ပြိန်ဖျင်းသော စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်ကြကုန်အံ့ ဟူ၍ လည်းကောင်း၊

(၉) တပါးသော လူမိုက်တို့သည် သူတပါး ကောင်းစားသည်ကို မနာလို၊ သူဥစ္စာကို လိုချင်မှုဖြင့် ရှေ့ရှုကြံစည်

ခြင်း များလှ ဘိကုန်၏။ ဤ အဘိဇ္ဈာမှဉ် ငါတို့ကား မနာလိုခြင်းမှ ရှောင်ကြကုန်အံ့ဟူ၍ လည်းကောင်း၊

(၁၀) တပါးသောသူတို့သည် သူတပါးကို ပျက်စီးစေလိုသော သဘောဆိုး ထားရှိကြ ကုန်၏။ ဤဗျာပဒ အမှဉ် ငါတို့ကား သူတပါး အပေါ် မကောင်းသော စိတ် သဘောဆိုး ထားခြင်းမှ ရှောင်ကြ ကုန်အံ့။ ဤသို့ ခေါင်းပါးအောင် ပြုအပ်၊ ပြုသင့်၊ ပြုထိုက်၏။

အို ချစ်သား စုန္ဒ၊

(၁၁) သူတကာတွေ့ မိစ္ဆာဒိဋ္ဌိ အယူ ယူကြသလို ငါတို့ မယူကြကုန်။

(၁၂) သူတကာတွေ့ မှားသော အတွေး အခေါ် ရှိကြသော်လည်း ငါတို့ကား အမှန်ကိုသာ တွေးခေါ်ကြကုန်အံ့။

(၁၃) သူတကာတွေ့ မုသားစကားကို ဆိုကြကုန်သော်လည်း ငါတို့ကား အမှန်ကိုသာ ဆိုကြကုန်အံ့။

(၁၄) သူတကာတွေ့ မကောင်းသော အမှုကို ပြုကြသော်လည်း ငါတို့ကား မပြု၊ မှန်သည်ကိုသာပြုကြကုန်အံ့။

(၁၅) သူတကာတွေ့ မိစ္ဆာဇီဝဖြင့် အသက် မွေးကြသော်လည်း ငါတို့ကား မမွေး။ သမ္မာအာဇီဝ ဖြင့်သာ အသက်မွေးကြကုန်အံ့။

(၁၆) သူတကာတွေ့ အမှားမှား အယွင်းယွင်း အားထုတ်ခြင်း ပြုသော်လည်း ငါတို့ကား မပြု၊ မှန်သော အားထုတ်မှုကိုသာ ပြုကြကုန်အံ့။

(၁၇) သူတကာတွေ့ သတိမှားကြသော်လည်း ငါတို့ကား မမှား၊ ကောင်းသတိ ထားရှိကြကုန်အံ့။

---

(၁၈) သူတကာတွေ့ မှားသော သမာဓိ ရှိကြသော်လည်း ငါတို့ကား သမာဓိ မမှား၊ ကောင်းသော သမာဓိ ရှိကြကုန်အံ့။

(၁၉) သူတကာတွေ့ အသိအမြင် မှားကြသော်လည်း ငါတို့ကား မမှား၊ မှန်သော အသိ၊ မှန်သော အမြင် ရှိကြကုန်အံ့။

(၂၀) သူတကာတွေ့ မလွတ်ပဲကို လွတ်သည်ဟု အယူ ရှိကြသော်လည်း ငါတို့ကား မှန်ကန်သော လွတ်မြောက်ခြင်း ရှိကြကုန်အံ့။ ဤသို့ ပါးအောင် လုပ်အပ်၊ လုပ်သင့်၊ လုပ်ထိုက်၏။

အို ချစ်သား စုန္ဒ၊

(၂၁) သူတကာတွေ့ ထိုနမိဒ္ဓ အားကြီး၍ ကုသိုလ်မှု တို့ဥ္စ်တွေ့ဝေ ထိုင်းမှိုင်း ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြသော်လည်း ငါတို့ကား တွေ့ဝေ ထိုင်းမှိုင်းခြင်း မရှိ၊ တက်တက်ကြွကြွ ဖြစ်ကြကုန်အံ့။

(၂၂) သူတကာတွေ့ တုန်လှုပ် ပြန့်လွင့် ကြကုန် သော်လည်း ငါတို့ကား ပြန့်လွင့်ခြင်း၊ တုန်လှုပ်ခြင်း မရှိ ဖြစ်ကုန်အံ့။

(၂၃) သူတကာတွေ့ သို့လော သို့လော တွေးတော ယုံမှား ဝိစိကိစ္ဆာ ဖြစ်ကြသော်လည်း ငါတို့ကား မဖြစ်ကြကုန်အံ့။

(၂၄) သူတကာတွေ့ အမျက်ဒေါမာန် ကြီးကြသော်လည်း ငါတို့ကား ဒေါသအမျက်ထွက်ခြင်းမှ ကင်းကုန်အံ့။

(၂၅) သူတကာတွေ့ ရန်ငြိုး ဖွဲ့တတ်ကုန်သော်လည်း ငါတို့ကား မဖွဲ့ကုန်။

(၂၆) သူတကာတွေ့ သူ့ကျေးဇူးကို ချေဖျက် ကြကုန်သော်လည်း ငါတို့ကား သူ့ကျေးဇူးကို မဖျက်၊ ကျေးဇူးမကန်းကြကုန်။

(၂၇) သူတကာတွေ့ ဂုဏ်တု ဂုဏ်ပြိုင် အနိုင် လုကာ လုကာ ပြုကြသော်လည်း ငါတို့ကား ပြိုင်ဆိုင်မှုကို မပြုကြကုန်။

(၂၈) သူတကာတွေ့ ငြူစူ စောင်းမြောင်း ကြကုန်သော်လည်း ငါတို့ကား မစောင်းမြောင်းကုန်။

(၂၉) သူတကာတွေ့ သဝန်တိုတတ် ကုန်သော်လည်း ငါတို့ကား သဝန် မတိုကုန်။

(၃၀) သူတကာတွေ့ ဂုဏ်မရှိ ပါပဲ ဂုဏ်ပုဒ်တွေ့ ထုတ်၍ ကြွားဝါကြသော်လည်း ငါတို့ကား မကြွားဝါကြကုန်။ ဤသို့ ပါးသည်ထက် ပါးအောင် ခြစ်၍ခြစ်၍ ပစ်အပ်၏။

အို ချစ်သား စုန္ဒ၊

(၃၁) သူတကာတွေ့ ရှိသောအပြစ်ကို ရှိမှန်း မသိအောင် ဖုံးဖိ လှည့်ပတ်ကြသော်လည်း ငါတို့ကား သူတို့လို မလှည့်စား ကြကုန်။

(၃၂) သူတကာတွေ့ ကြမ်းတမ်း ခက်ထန်ကြသော်လည်း ငါတို့ကား နူးညံ့ကြကုန်အံ့။

(၃၃) သူတကာတွေ့ ထောင်လှဲး တက်ကြွ မာန်မာန ကြီးကြသော်လည်း ငါတို့ကား မာန မကြီးကုန်။

(၃၄) သူတကာတွေ့ ပြောရ ဆိုရ ဆိုဆုံးမ၍ ခက်ကြသော်လည်း ငါးတို့ကား ပြောလွယ်ဆိုလွယ်သူ ဖြစ်ကုန်အံ့။

(၃၅) သူဇကာတွေ့ လူဆိုး သူဆိုးတွေ့နှင့် အပေါင်းအသင်း လုပ်ကြသော်လည်း ငါတို့ကား ထိုသို့ မလုပ်ဘဲ သူတော်ကောင်းများနှင့်သာ ပေါင်းသင်း ကြကုန်အံ့။

(၃၆) သူတကာတွေ့ မေ့လျော့ ပေါ့ဖျင်းကြကုန်သော်လည်း ငါတို့ကား မမေ့မလျော့ သတိဘရား အမြဲလက်ကိုင် ထားကြကုန်အံ့။

(၃၇) သူတကာတွေ့ ရတနာသုံးရပ်ကို မဆည်းကပ်၊ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်းမရှိ၊ သဒ္ဓါဘရား ခေါင်းပါး ကြသော်လည်း ငါတို့ကား ရတနာသုံးစုံ၊ ထိပ်ဝယ် ပုံလျက်၊ ယုံကြည်ခြင်း သဒ္ဓါစေတ်ဖြင့် ဆည်းကပ် ကြကုန်အံ့၊ ကိုးကွယ်ကြကုန်အံ့။

(၃၈) သူတကာတွေ့ မကောင်းမှုပြုရမှာကို မရှက် ကြသော်လည်း ငါတို့ကား ရှက်ကြကုန်အံ့။

(၃၉) သူတကာတွေ့ အကုသိုလ်ကို မကြောက်ကြသော်လည်း ငါတို့ကား ကြောက်ကြကုန်အံ့။

(၄၀) သူဘကာတွေ့ အကြွားအမြင် ဗဟုသုတ မရှိကြသော်လည်း ငါတို့ကား ကြားဘူးနားဝ၊ ဗဟုသုတများကြကုန်အံ့။

(၄၁) သူတကာတွေ့ ပျင်းရိကြကုန်သော်လည်း ငါတို့ကား မပျင်းရိ ကြကုန်အံ့။

---

(၄၂) သူတကာတွေ့ သတိကင်းလွတ် ချွတ်ချော် တိမ်းစောင်း ကြသော်လည်း ငါတို့ကား သတိမလွတ် ခါးဝတ်ပုဆိုး ကဲ့သို့ မြဲကြကုန်အံ့။

(၄၃) သူတကာတွေ့ သတိသမ္ပဇဉ် ဉာဏ်အမြင် မရှိကြသော်လည်း ငါတို့ကား ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ကြကုန်အံ့။

(၄၄) သူတကာတွေ့ ငါ့အယူသာ မှန်သည်ဟု မိမိအယူကို သုံးသပ်ကုန်၊ မိကျောင်းခဲသကဲ့သို့ စွဲမြဲစွာ စွဲလမ်းကုန်၊ ပြောရှုနံ့ဝးမဝင် (ကိုယ်အင်္ဂါကို လိပ်ခုံတွင်း သွင်းသော လိပ်နှင့်အတူ) မိမိအယူကို စွန့်နိုင် ခဲကြသော်လည်း ငါးတို့ကား မိမိအယူကို မသုံးသပ်ကုန်၊ မြဲစွာ မစွဲလမ်းကုန်၊ စွန့်လွှတ်ကုန်သည်ဖြစ်အံ့။ ဤသို့ပါးအောင်၊ ကုန်အောင် ခြစ်ပစ်ခြင်း၊ ဖြတ်တောက်ခြင်းကို ပြုအပ်၊ ပြုသင့်၊ ပြုထိုက်လှ၏။

အို ချစ်သား စုန္ဒ၊ အပြစ်မရှိ ကောင်းသောကုသိုလ်မှု တရား တို့ဌာန ပြုရသော်ကောင်းလေစွဟူ၍ စိတ်ဓာတ်ဖြစ်ပေါ်လာခြင်း ကိုပင်လျှင် ကျေးဇူးများလှပေ၏ဟု ငါဘုရား ဟောကြား တော်မူ၏။ စိတ်ဌာဖြစ်ပေါ်လာသော အကြံအစည်များ အတိုင်း လိုက်၍ ကိုယ်နှုတ်တို့ဖြင့် အကောင်အထည်ပေါ်အောင် လုပ်လျှင် မူကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိပါအံ့နည်း။

အို ချစ်သား စုန္ဒ၊ ယင်းသို့ ဖြစ်ဘိရကား တပါးသော၊ မိုက်မဲစွာသော သူတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းအမှုကို ပြုကြကုန်ဘိ၏။ ငါတို့သည် ဤဝိဟိသအမှုဌ် သူတပါးတို့အား နှိုင်းလိုမင်းထက် နှိပ်စက်ညှဉ်းပန်းသော အမှုကို မပြုကြကုန်အံ့။

ဤသို့သော စိတ်ဓာတ်မျိုးကို ဖြစ်စေအပ်၊ မေ့မြုအပ်ပေသည် ချစ်သား။

အို ချစ်သား စုန္ဒ၊ ဥပမာ- သွားလာ မကောင်း၊ ခရောင်း သစ်ငုတ်၊ ခလုတ်ကန်သင်း၊ တွင်းကျင်းချိုင့်ပွမ်းသော လမ်းသည် ရှိလေရာ၏။ ခလုတ်ကန်သင်း၊ ကျင်းမြောင်းထူထပ်၊ အသွား အလာ ကတ်သော ထိုလမ်းဆိုးကို ဖယ်ရှား၍ သွားရန်အလို့ငှာ သာယာကောင်းမွန်သော လမ်းတခုသည် ရှိမြဲ ဖြစ်သကဲ့သို့ လည်းကောင်း၊ အို ချစ်သား စုန္ဒ၊ဥပမာတူမျိုးကို ငါ ဆိုဦးအံ့။ တံစုန်းသစ်ငုတ်၊ ကျောက်ရှုပ် ကမ်းစောင်း၊ မိကျောင်း မကန်း စသည်တို့ဖြင့် ရောပြွမ်းနေသော ရေဆိပ်တခုသည် ရှိလေရာ၏။ ထို မကောင်းသော ရေဆိပ်ကိုရှောင်ရှား၍ သွားလာရန် အလို့ငှာ အလွန်သာယာသော ဆိပ်ကမ်းတခုသည် ရှိမြဲ ဖြစ်သကဲ့သို့ လည်းကောင်း၊ အို ချစ်သား စုန္ဒ၊ဤနည်းတူသာလျှင် သူတပါး အားနိုင်လိုမင်းထက်၊ နှိပ်စက်ကလူ ပြုမူလေ့ ရှိသောသူအား ထိုအပြုအမူ၊ ထိုအကျင့်စာရိတ္တမျိုးမှ ရှောင်လွှဲခြင်းငှာ (၀၇) ရှောင်လွှဲရန်အတွက် အဝိဟိံသတရားသည် ဖြစ်လျက် ရှိပေ၏။ ထို့အတူ သတ်လေ့ရှိသူအား မသတ်မိအောင် ထိုပါဏာတိပါတမှု ရှောင်လွှဲသောတရား၊သူပစ္စည်းကို ခိုးလေ့ရှိသူအား မခိုးမိအောင် ထိုအဒိန္နဒါနမှ ရှောင်လွှဲသော တရားစသည်တို့သည် ဖြစ်လျက် ရှိပေကုန်၏။

အို ချစ်သား စုန္ဒ၊ ဥပမာအားဖြင့် မကောင်းမှု အကုသိုလ် တရား သည် ထင်ရှားရှိကုန်၏။ ခပ်သိမ်းကုန်သော ထိုအကုသိုလ် တရားကား အောက်သို့ လားရောက် စေတတ်သောကြောင့် ရေစုန်တရား မည်သကဲ့သို့ လည်းကောင်း၊ ကောင်းသောအမှု

ကုသိုလ်တရားအစုတို့သည် ထင်းရှားရှိကုန်၏။ ခပ်သိမ်းကုန်သော ထိုကုသိုလ်တရားတို့သည် အထက်အထက်သို့ လားရောက်စေတတ်သောကြောင့် ရေဆန်တရား မည်ကုန်သကဲ့သို့ လည်းကောင်း၊ အို ချစ်သားစုန္ဒ၊ ဤပမာနှင့် အလားတူစွာသာလျှင် နှိုင်လိုမင်းထက်၊ နှိပ်စက်ကလူ၊မပြုမူတတ်သော ပုဂ္ဂိုလ်၏ အဝိဟိံသတရားတို့ကား လူရွာနတ်ထံ၊ နိဗ္ဗာန်မချို၊ အထက်အထက်သို့ လားရောက် ခြင်းငှာ ဖြစ်ပေ၏ လာပေ၏။ သူ့အသက်ကို သတ်လေ့ရှိသော ပုဂ္ဂိုလ်အား အထက်အထက်သို့ လားရောက်ခြင်းငှား သူ့အသက်ကို သတ်ခြင်းမှ ရှောင်ခြင်း တရားသည် ဖြစ်ပေ၏လာပေ၏။ ဤသို့ စသောအားဖြင် အထက်အထက်သို့ လားရောက်စေရန်အတွက် လဲ့ရှောင်နည်း တရားများ သည် ဖြစ်ရှိလျက်သာတည်း။

အို ချစ်သားစုန္ဒ၊ အကြင် ပုထုဇဉ်လူသားတယောက်သည် မိမိကိုယ်တိုင် နက်ရှိုင်းသော ညှဉ်ပျော်ငှဲ့ နှာခေါင်းဖျားအထိ ကျုံ့နစ်နေသူကဲ့သို့ ကာမဂုဏ်ညှဉ်ဗွက်ကြီးထဲ၌ ဂဠုံလျက်နစ်နေ၏။ ထိုသူသည် စင်စစ် ကာမဗွက်ကြီးထဲ၌ နစ်နေသော အခြားသူတဦးကို ကယ်တင်နိုင်အံ့သော အကြောင်းမည်သည် မရှိ။

အို ချစ်သားစုန္ဒ၊ အကြင် ဘုရား၊ ရဟန္တာ အစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်မူကား ကိုယ်တိုင်လည်း ကာမငါးချက် ညှဉ်အိုင်ဗွက်ကြီးထဲ၌ နစ်မြုပ်မနေ။ ဘုရားရဟန္တာ အစရှိသော ထိုပုဂ္ဂိုလ်တို့သည် ကာမသမုဒ်၊ ဝဲဇလုတ်ကြီးထဲ၌ နှာခေါင်းမခေါင်းနှိုင်အောင် နစ်မြုပ်နေသော အခြားသူတဦးကို ထုတ်ဆယ်ကယ်တင်နိုင်သော အကြောင်းမည်သည် ရှိပေ၏။

အို ချစ်သား စုန္ဒ၊ အကြင် ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် မယဉ်ကျေးသေး၊ မဆုံးမအပ်သေး၊ ကိလေသာဟူ၊ အပူ မအေးသေး၊ ထိုသူသည် စစ်စစ်အားဖြင့် သူတပါးကို ယဉ်ကျေးစေနိုင်လိမ်မည်၊ဆုံးမနိုင်လိမ့်မည်၊ ကိလေသာဟူ၊ အပူ အေးအောင် တတ်နိုင်လိမ့်မည်ဆိုသော အကြောင်းမည်သည်မရှိ။

အို ချစ်သား စုန္ဒ၊အကြင်ဘုရားအစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်သည်ကား ကိုယ်တိုင် ကိလေသာ အဆိပ် ကင်းဝေး ယဉ်ကျေး၏။ သိက္ခာသုံးဝ ဆုံးမပြီးဖြစ်၏။ ဝန်းကျင်ပတ်ချာ၊ ကိလေသာဟူ၊ အပူငြိမ်းအေး၏။ ထိုသူသည် စင်စစ်အားဖြင့် သူတပါးကို ယဉ်ကျေးအောင် တတ်နိုင်လတံ့၊ ဆုံးမနိုင်လတံ့ ကိလေသာ အပူငြိမ်းအောင် တတ်နိုင်လတံ့ဆိုသော အကြောင်းမည်သည် ရှိပေ၏။

အို ချစ်သားစုန္ဒ၊ ဤဥပမာအတူသာလျှင် သူတပါးအား နှိုင်းထက်ကလူ၊ နှိပ်စက်မှုလွန်ရှိသောသူအား ဝန်းကျင်ပတ်ချာ၊ ကိလေသာအပူငြိမ်းအေးရန်အလို့ငှာ နှိုင်းထက်ကလူ နှိပ်စက်မမှုသော အဝိဟိံသတရားသည် ထင်ရှားစွာ ပေါ်လာပေ၏။ သူ့အသက်သတ်လွန်ရှိသူအား သတ်ဖြတ်မှုငြိမ်းအေးရန်အတွက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ပါဏာတိပါတာဝေရမဏီတရားသည် ထင်ရှားဖြစ်ပေါ်လာပေ၏။ (ရှေးနည်းကိုမှီး၍ ပရိနိဗ္ဗာန=ငြိမ်းအေးခြင်း ပရိတ် လေးဆယ့်လေးပုဒ်ကို ပြည့်စုံအောင် ထုတ်ရာ၏။)

အို ချစ်တပည့် စုန္ဒ၊ ဤသို့လျှင် သဒ္ဓလ္လခ=ပါးအောင်၊ ကုန်အောင် ခြစ်ပစ်ခြင်း၏ အကြောင်းတရားကောင်းကိုလည်း ငါဟောကြားအပ်ပြီ။စိတ်ဖြစ်ခြင်း၏ အကြောင်းတရားကိုလည်း

ငါဟောကြားအပ်ပြီ။ ဝိဟိ သစသည်ကို ရှောင်လွဲခြင်း အကြောင်းတရားကိုလည်း ငါဟောကြားအပ်ပြီ။ အထက်သို့ လားရောက်ကြောင်း တရားကောင်းကိုလည်း ငါဟောကြားအပ်ပြီ။ ဝိဟိ သစသည် အပူငြိမ်းအေးကြောင်း တရားကောင်းကိုလည်း ငါဟောကြားအပ်ပြီ။

အို ချစ်သားစုန္ဒ၊ ငါ၏တပည့် ဖြစ်ကုန်သော သင်တို့၏ အကျိုးစီးပွါးကို လိုလားစွာ ရှာမှီးတော်မူလေ့ရှိသော၊ သင်တို့ အပေါ်၌ သနားခြင်း ကရုဏာစိတ်ဓာတ်၊ ထာဝစဉ်ကိန်းဝပ်လျက် တည်ရှိနေပေသော ငါဘုရားသည် သင်တို့အား သနားခြင်းကို အစဲပြု၍ အကျိုးရှိသော အကြင်အမှုကို သင်တို့သည် ပြုအပ်၊ ပြုသင့်၊ ပြုထိုက်၏။ တိုအမှုကို သင်တို့အကျိုးငှာ ငါ ပြုအပ်ပေပြီ။

အို ချစ်သားစုန္ဒ၊ ဤသည် ဤသည်တို့ကား ဝိဟိ သစသော အကုသိုလ်တရားတို့ကို ပါးအောင်၊ ကုန်စင်အောင် ခြစ်ပစ်ဘို့ရာ ကောင်းသော၊ ပယ်ဖျောက်မည်ဟူသော စိတ်ဓာတ်များဖြစ်ပွား စေဘို့ရာ ကောင်းသော၊ လွဲရှောင်ဘို့ရာကောင်းသော၊ အထက် အထက်သို့ တက်ရောက်ဘို့ရာကောင်းသော၊ကိလေသာ အပူဒဟ ကို ငြိမ်းအေးစေဘို့ရာ ကောင်းသော သစ်တပင်ရင်း၊ဝါးတပင် အောက် ကျောင်းသခ်ိမ်းတို့ပေတည်း။

အို ချစ်သား စုန္ဒ၊ဤသည် ဤသည်တို့ကား ဝိဟိ သစသော လေးဆယ့်လေးပါးသော အကုသိုလ်တရားကို ပါးအော်၊ ကုန်စင်အောင် ခြစ်ပစ်စရာကောင်းသော၊ ပယ်ဖျောက်ရေးစိတ်ဓာတ် မွေ့ဘို့ကောင်းသော၊ တိမ်းရှောင် ဖယ်လွှဲစရာ ကောင်းသော၊ အထက်စခန်းသို့ တက်လှမ်းဘို့၊ အပူအေးအောင် ငြိမ်းသတ်ဘို့

ကောင်းလှသော သုညဂဂါရခေါ်သော ဆိတ်ငြိမ်ရာ ကျောင်း ဝိဟာရများပေတည်း။

ချစ်သား အိုစုန္ဒ၊ မကောင်းမှု ဟူသမျှတို့ကို ဖုတ်ကြည်း သင်္ဂိုဟ်ပစ်ကြလေကုန်။ သမထဝိပဿနာ၊ ဘာဝနာနှစ်ပါးကို သင်တို့ ပွားများ အားထုတ်ကြလေကုန်။ ဘယ်သောအခါမှ မမေ့လျော့ကြလေကုန်လင့်။ ငါမရှိတော့သည့် နောက်ကာလ ကျမှ နောင်တပူရှိန်၊ စိုးရိမ်စိတ်ပျက်ခြင်း မဖြစ်ကြလေကုန်လင့်။ ဤငါ့စကားသည်ကား သင်တို့အတွက် ငါဘုရား၏ ဆုံးမချက် သဝါဒစကား ဖြစ်သတည်း။(ပြီး၏)

ဤသလ္လေခသုတ်အဆုံး၌ ဆိဒ္ဓဝိဓဲဒုနီကျမ်းတွင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက မှတ်ချက်ချ သဝါဒ ပေးသွားခဲ့တာ်မူ သည်ကား "ဤသလ္လေခသုတ်ကို တွေ့မြင်၍ မပြတ်ရွတ်ဖတ် ဆင်ခြင်ရကုန်သော သမ္မာဒိဋ္ဌိ အမျိုးကောင်းသား သမီးတို့သည် အလွန်အားရှိဘွယ်ကောင်းလှ၏။ မဂ်ဖိုလ်ကို ရမည့်အရေးသည် ဝန်လေးခဲယဉ်းရန်မရှိဟု ထင်မှတ်ဘွယ်ကောင်းလှ၏။ဗုဒ္ဓဘာသာ အယူမရှိသော မိစ္ဆာဒိဋ္ဌိများကို သနားဘွယ် ကောင်းလေ၏" ဖြစ်သောဟူသတတ်။

ရဟန်းတို့ ထားရမည့် စိတ်သဘော

ပြဿနာ=မာတုဂါမနှင့် ကင်းနိုင်၊ မကင်းနိုင်။

မေးလျှောက်သူ=အရှင်အာနန္ဒာ။

အသက်အရွယ်ကြီးရင့်ပြီး အားအင်ကုန်ခန်း၊ နွမ်းပါးနေသော ဂိလာန ရဟန်းကြီးတပါးကို အခြား ရဟန်းတပါးက တွဲကာ တောကြီး မျက်မဲထဲအတိုင်း ဒရီးဒယိုင်နှင့် ခေါ်လာသည်။ ရဟန်းနှစ်ပါး၏ လှုပ်ရှားမှု သွင်ပြင်ကြောင့် လောကဓာတ်ကြီး သည်ပင် မရှင်နိုင်အောင် ဖြစ်နေသည် ထင်ရ၏။နွေရတု၏ရှုကွက်သည် မရှုရက်ရက်မျက်ရည်များပင် ကျရှာသည့်ပုံ ပတ်ဝန်းကျင့် အားလုံးသည် မှုန်ဝိုးဝိုးကြီး ဖြစ်နေပေသည်။

"ချစ်သားအာနန္ဒာ၊ ဤနေရာတွင် မသင့်သေး၊ ဟိရညဝတီမြစ်၏ ထိုမှာဘက်သို့ ငါတို့ ကူးကုန်အံ့။ ကုသိန္နာရုံပြည်၊ မလ္လ မင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဝင်ကြကုန်အံ့။"

အားအင်ချိနဲ့စွာ မိန့်တော်မူသည်ကား မြတ်စွာဘုရား။အမိန့်ကို နာခံသူကား အရှင်အာနန္ဒာတည်း။ ဝမ်းတော်လားသဖြင့် အားအင်ကုန်ခန်း နေထိပန်းသို့ နွမ်းလျပြီ ဖြစ်သော မြတ်စွာဘုရား၏ကိုယ်ကို အရှင်အာနန္ဒာက တွဲ၍ အင်ကြင်းတောသို့ ခေါ်လာနေသည်။

မလွှာမင်းတို့ မြူးပျော်ကာစားရာ အင်ကြင်း ဥယျာဉ်ကြီး ဘတွင်းသို့ရောက်ကြလေပြီ။ အင်ကြင်းပင် နှစ်ပင်သည် တပင်က မြောက်ဖက်၊ တပင်က တောင်ဖက် အခက်ချင်း ယှက်လျက် တည်နေသည်။ အင်ကြင်းဖူး၊ အင်ကြင်းပန်းကလေးတွေလည်း ဝေနေသည်။

"ချစ်သားအာနန္ဒာ၊ အားတော်ကုန်ခန်း၍ ငါပန်းတော်မူ လှပြီ။ဤညောင်စောင်းကိုယူ၍ ဟိုအင်ကြင်းပင် နှစ်ပင်ကြားမှာ မြောက်သို့ ခေါင်းပြုပြီး ခင်္ဂပြောင်းချခင်းပါဘိ။"

မလွှာမင်းတို့ ဥယျဉ်ထွက်တော်မူလာသောအခါနေထိုင်သည့် ညောင်စောင်းအနီးတွင် တန့်နားလျက် မြတ်ဘုရားက အရှင် အာနန္ဒာအား ညောင်စောင်းကို ခင်္ဂပြောင်း၍ အင်ကြင်းနှင်ပစ် ကြားဌာ ခင်းထားရန်စေခိုင်း၍ အရှင်အာနန္ဒာက ညောင်စောင်း ကို အမိန့်တော်အတိုင်း မြောက်ဖက်သို့ဦးခေါင်းပြု၍ ခင်းထား ပေးသည်။ မြတ်စွာဘုရားသည် ထိုညောင်စောင်း ထက်၌ မြောက်သို့ဦးခေါင်းပြု၍ လျောင်းတော်မူနေသည်။

မဟာသက္ကရာဇ် ၁၄၇၈ ခု၊ ရတုဂိမှန်၊ ကဆုန် လပြည့်နေ့ ဖြစ်လေသည်။

ဤနေ့တွင် ဗုဒ္ဓမြတ်ဘုရား နိဗ္ဗာန်လားတော့မည်ဟု သိကြ သောကြောင့် နောက်ဆုံး ဖူးမြော်ခြင်းဖြင့် လာရောက်ဖူးမြော် ပူဇော်ကြကုန်သောရဟန်းပရိတ်သတ်၊လူ၊နတ်၊ဗြဟ္မာ ပရိတ်သတ် များမှာ ဖိုတလိုက်လိုက်၊ ရှိုက်ငို၍ မဆုံးနိုင်အောင် ဖြစ်နေ ကြသည်။

အရှင်အာနန္ဒာသည် အမြော်အမြင်ကြီးစွာဖြင့် ရဟန်းတော် များနှင့် မာတုဂါမတို့ ဆက်ဆံရမည့် နောင်ရေးကို တွေးမိ

လာသည်။ရဟန်းတော်များမှာ"ပရူပဇ္ဇိဝိပုဂ္ဂိုလ်"သူတပါးကိုမှီ၍ အာသက်မွေးကြရသူများ ဖြစ်သောကြောင့် ပေါင်းသင်းဆက်ဆံရေးနှင့် မာတုဂါမများနှင့် ကင်းဝေးလည်း မဖြစ်နိုင်။ ဆက်ဆံရမည်သာ ဖြစ်လေရာ ထိုမာတုဂါမများနှင့် ဆက်ဆံသောအခါ၌ ရဟန်းတော်များအနေဖြင့် မည်သို့မည်ပုံ ကျင့်ကြံရမည်၊နေထိုင်ရမည်ဟူသော အချက်ကို မြတ်ဘုရား သက်တော်ထင်ရှား ရှိခိုက် လျောက်ထားထိုက်သည်ဟု တွေးတောမိသဖြင့် နိဗ္ဗာန် စံပျော်တော် မူခါနီးကာလတွင် အရှင်အာနန္ဒာက ကပ်၍လျောက်ထားလေ၏။

မေး။ အရှင်ဘုရား၊ ရဟန်းတို့မည်သည် သူတပါး(ဒကာဒကာမများ)ကို မှီ၍ အာသက်မွေးကြရသူများ ဖြစ်ပါသောကြောင့် မာတုဂါမ[1] များသည် ရဟန်းတော်များထံသို့ လာရောက် ဆည်းကပ်ကြ၊ လှူဒါန်းကြပါလိမ့်မည်။ ထိုရောအခါ ရဟန်းတော်များအနေဖြင့် မည်သို့ကျင့်ကြံဆက်ဆံရပါမည်နည်း ဘုရား။

ဖြေ။ ချစ်သား အာနန္ဒာ၊ ကိလေသာကို ပယ်ခွာလိုသော ရဟန်းသည် စည်းစောင်းရန်း လုံခြုံရာ၌နေသော နွားကဲ့သို့ တံခါးလုံခြုံသောကျောင်း၌ ကိန်းအောင်းလျက် နေရာ၏။ မာတုဂါမတို့ ရောက်လာသော်သည်း အကြင်မျှလောက်သော ကာလပတ်လုံး မာတုဂါမတို့၏ အဆင်းသဏ္ဌာန်ကို မမြင်ရသေး၊

၁။ မာတုဂါမ=အမိသည် ဣတ္ထီဇာတ်နွယ် မိန်းမသား ဖြစ်သကဲ့သို့ မိခင်နှင့်အလားတူ ဣတ္ထိယနွယ်ဘွား မိန်းမသား။

ထိုမျှလောက် မာတုဂါမတို့၏ရုပ်အဆင်းကို မမြင်မချင်း ရုန့်ရင်း တပ်မက်သော ရာဂသည် ရဟန်း၌ မဖြစ်လာနိုင်။ မြင်ရသော် သာလျှင် ပြင်းစွာသော ရာဂသည် ဖြစ်လတ္တံ့။ ထို့ကြောင့် မာတုဂါမကို မမြင်ရရာ၌ နေခြင်းသည်သာလျှင် ပဋိပတ် ကျင့်စဉ် ဖြစ်သတည်း။ မာတုဂါမတို့နှင့် မတွေ့မမြင်အောင် နေကြကုန်လော့။

မေး။ အရှင်ဘုရား၊ အကယ်၍ ဆွမ်းခံလေသောအခါ မျိုး၊ လှူဘွယ်ဝတ္ထုကို လှူလာသောအခါမျိုးတို့၌ မြင်ချေမူ့ကား အဘယ်သို့ ကျင့်အပ်ပါသနည်း ဘုရား။

ဖြေ။ ချစ်သား အာနန္ဒာ၊ အကယ်၍ မာတုဂါမတို့ကို မြင်တုံငြားအံ့၊ စကားမပြောဘဲ နေခြင်းသည်ပင် မြတ်သော ပဋိပတ်၊ မြတ်သော ဆက်ဆံရေးကျင့်စဉ် ဖြစ်၏။ ချစ်သား အာနန္ဒာ၊ ယောကျ်းတယောက်သည် ထက်စွာသော သံလျက်ကို ကိုင်လျက် "ငါနှင့် စကားဆိုခဲ့သော်၊ ပြောခဲ့သော် သင့်ခေါင်းကိုဖြတ်ပစ်မည်"ဟူ၍ ဆိုလေအံ့။ ဦးခေါင်းကို အဖြတ်ခံ၍ ထိုယောကျ်းနှင့် စကားဆိုခြင်း၊ ပြောခြင်းက မြတ်သေး၏။ မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်လေ။ တဖန် ငါ့ကို ခေါ်ပြောခြင်းမပြုမူကား သင်၏ အသားကို ဖောက်ထွင်း၍ စားပစ်မည် ဆို၍ ဒဏ်းတွင် ရုပ်လာသော ဘီလူးမအား စကားပြောခြင်းသည် မြတ်သေး၏။ ချစ်ဘွယ်ရှိသော မာတုဂါမတို့အား စကားပြောခြင်းသည် မမြတ်။

ချစ်သား အာနန္ဒာ၊ အဘယ့်ကြောင့်ဆိုသော် မာတုဂါမတို့နှင့် စကားပြောဟောရသည်ရှိသော် ချစ်ကျွမ်းဝင်ခြင်းသည် ဖြစ်၏။ ချစ်ကျွမ်းတဝင် ရာဂဖြစ်လာသည် ရှိသော် အထူးထူး

သောကိစ္စကို ကြံခြင်းဟူသော သံကပ္ပရာဂသည် ဖြစ်၏။ ယင်း သံကပ္ပရာဂ ဖြစ်သည်ရှိသော် တဏှာ၊ ဥပါဒါန်တို့သည် ဖြစ်လာကုန်၏။ ထိုတဏှာ၊ဥပါဒါန်တို့ ဖြစ်လာကုန်သည်ရှိသော် သီလ၏ပျက်စီးခြင်း၊ ညစ်နွမ်းခြင်းရောက်၍ အပါယ်လေးပါးသို့ လားခြင်းသည် ဖြစ်၏။ ထိုကြောင့် မာတုဂါမတို့အား စကား ပြောခြင်းသည် မမြတ်ဟု ငါဆိုတော်မူသတည်း။

မေး။ အရှင်ဘုရား၊ မာတုဂါမမျိုးသည် သူတို့သိလိုသော ပြဿနာအထွေထွေကို မေးလျှောက်ရန် ကျောင်းသို့လာကြပါ ကုန်လိမ့်မည်။ ကျောင်းကမပြန်ဘဲ တနေကုန် တနေခန်း မေးမြန်းခြင်း ပြုချင် ပြုကြပါကုန်လိမ့်မည်။ ဥပုသ်သီတင်း စောင့်သုံး ဆောက်တည်လို၍ သီလတောင်းချင်လည်း တောင်း ကြပါလိမ့်မည်။ တရားဟောပါရန် တောင်းပန် ချင်လည်း တောင်းပန်ကြပါလိမ့်မည်။ ရဟန်းတို့၏ ပြုဘွယ်ကိစ္စ အဝဝ ကိုလည်း ကူညီ၍ လုပ်ကိုင်ပေးခြင်း ပြုချင်လည်း ပြုကြ ပါလိမ့်မည်။ ထိုအခါမျိုးတွင် စကားမပြော၊ တုဏှိဘော နှုတ် ဆိတ်၍နေပါက "ရဟန်းတို့သည် ဆွံ့အကုန်၏၊ နားပင်းကုန်၏။ လောကရေးရာ ပေါင်းသင်းဆက်ဆံမှုကို ဘာမှ နားမလည်ကြ ကုန်"ဟု ဆိုကြပါလိမ့်မည် ဘုရား။ သို့ပါသောကြောင့် မလဲ သာ၍ မာတုဂါမများနှင့် စကားပြောရခြေသော် အာဘယ်သို့ နှလုံးသွင်းရပါမည်နည်း ဘုရား။

ဖြေ။ ချစ်သားအာနန္ဒာ၊ ကျောင်းသို့ ရောက်လာကြ သော မာတုဂါမများအား စကားပြောလိုသည်ရှိသော် အမိ အရွယ်ရှိသော၊ အမိလောက်ရှိသူများကို ငါ့အမိ၊ ငါ့မိခင်ဟု

နှုလုံးသွင်းကြကုန်။ စိတ်ကို ဖြစ်စေကြလေကုန်။ နှုမအရွယ် ရှိသူများအား "ငါ့နှမ၊ ငါ့ညီမ"ဟူ၍ သဘောထားကြကုန်။ သမီးမျလောက်ရှိသူများအား "ငါ့သမီး"ဟူ၍ အမှတ်ထား၍ ဆက်ဆံကြလေကုန်။ ချစ်သား အာနန္ဒာ၊ မာတုဂါမတို့ နှင့် စကားဆိုပြောရသောအခါမျိုး၌ အထူးသဖြင့် သတိကြီးစွာ ထား၍ ဆက်ဆံကြကုန်လော့။

ဤကား ဗုဒ္ဓပရိနိဗ္ဗာန်စံခါနီး သြဝါဒ၊ မာတုဂါမတို့နှင့် ပေါင်းသင်းဆက်ဆံနည်း နိသျည်း ဖြစ်၏။

(မှတ်ချက်။ မဟာပရိနိဗ္ဗာနသုတ်နှင့် ဝိနည်း အဋ္ဌကထာ၊ ဋီကာများမှ)

ဝေယျာဝစ္စကရဏီးဧဝံပေ

ဗုဒ္ဓ၏ရုပ်အလောင်း သင်္ဂြိဟ်ရန်ကိစ္စ

ပြဿနာ=မြေမြှုပ်၊ မီးရှို့၊ ရေမျှော။

မေးလျှောက်သူ=အရှင်အာနန္ဒာ။

မဟာသက္ကရာဇ် ၁၄၈၃ခု၊ ကဆုန်လပြည့်နေ့ဖြစ်၏။ မိုးပြင်ပေါ်မှ သော်တာလသည် အသုဘအိမ်၌ ထွန်းညှိထားသော ဓာတ်မီးအလား လင်းထိန်နေ၏။

လရောင်အောက် ညဃျာဉ်တွင်းရှိ အင်ကြင်းပင်ကြီးများ အောက်၌ ဟိုအနားစုစု၊ သည်အနားစုစု တရှုတ်ရှုတ် ငိုရှိုက်နေသံများမှာ မျောက်မင်းအူသံတီးလုံးနှင့် တူလှသည်။ ရဟန်းသံဃာတော်များကလည်း သက်န်းကြီး ခေါင်းမြီးခြုံ၍ ငိုတော်မူနေကြသည်။ ပြည်ပိုင် ရှင်ဘုရင်ကြီးများ၊ မိဖုရားကြီးများနှင့် မူးမတ်စသူတို့မှာလည်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေကြသည်။

ဘာ့ကြောင့် ဤသို့ သူတို့ ငိုနေကြရသည်ကို သူတို့အကြောင်း သူတို့သာသိကြသည်။ သူတို့သာ နားလည်ကြသည်။ ရဟန်းတန်မဲ့၊ ရှင်ဘုရင်တန်မဲ့၊ အကြောင်းမဲ့သက်သက် သူတို့ ငိုချင်းချနေကြသည် မဟုတ်ကုန်။

ညယျာဉ်သည် မလ္လာမင်းတို့၏ အင်ကြင်းညယျာဉ် ဖြစ်၏။ ညယျာဉ်၏အလယ်ဗဟိုလောက်၌ တောင်ဖက်က တပင်၊ မြောက်ဖက်က တပင် အင်ကြင်းနှစ်ပင် ယှဉ်၍ ပေါက်နေသည်။ ပင်စောက်ဖြစ်၍ အကိုင်းအခက်တို့သည် အပေါ်၌ ပြန့်ကားလျက်ရှိရာ ထီးနှစ်လက်ကိုဖွင့်၍ မြေမှာ စိုက်ထားသည်နှင့် တူ၏။ အင်ကြင်းပန်းခိုင်တို့လည်း အခိုင်လိုက် အခိုင်လိုက် အပြိုင်ပွင့်လျက် ရှိနေကြကုန်၏။

ထိုအင်ကြင်းနှစ်ပင်ကြား၌ တောင်ဖက်ကိုခြေရင်း၊ မြောက်ဖက်ကို ခေါင်းရင်းပြု၍ ခင်းထားသော မင်းသုံးညောင်စောင်းတခုပေါ်တွင် ဗုဒ္ဓမြတ်ဘုရားသည် လျောင်းတော်မူလျက်ရှိနေ၏။ အားအင်ကုန်ခန်း! ပန်းလျတော်မူသည့် အသွင်ဖြင့် မျက်လုံးဘော်ကို မှိတ်၍ မေ့နေတော်မူရာက တရှုတ်ရှုတ် ငိုသံများကို ကြားတော်မူနေရ၏။

မြတ်ဘုရားသည် မျက်လုံးတော်ကို ဖွင့်ကြည့်လိုက်သည်။ ပြုစုနေသူများအကြား၌ တို့လိုသူကို မျက်လုံးဖြင့် ရှာတော်မူသည်။ မတွေ့သည့်အဆုံး၌ အာနန္ဒာ ဘယ်သွားသလဲဟု မေးတော်မူ၏။

ခေါ်တော်မူချိန်၌ ဇရှင်အာနန္ဒာကား ဘုရား၏ အပါးတော်၌ မရှိ။ ဤနေ့ည နာရီပိုင်းအတွင်းမှာပင် မြတ်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော့မည့် ဖြစ်သောကြောင့် အင်ကြင်ပင်ကြီး တပင်အောက်သို့ ၍ တပါးတည်း ထိုင်၍ ငိုနေလေသည်။

မကြာခင်အတွင်းမှာပင် အရှင်အာနန္ဒာသည် မျက်ရေကို သက်န်းဖြင့် သုတ်ရင်း ဘုရား ရှေတော်သို့ ဝင်လာပြီး မြတ်ဘုရားကို ရိုသေစွာ ဖူးမြော်လျက်မှ မျက်ရည်များကကျလာ

ပြန်လေသည်၊ ဤတွင် ပုထုဇဉ်နှင့် ရဟန္တာတို့၏ ခြားနားချက်ကို ယှဉ်၍ပြသကဲ့သို့ ဖြစ်နေ၏။

ကိလေသာ အာသဝေါ ကုန်ခန်းပြီးသော မြတ်စွာဘုရားကား အာဒေးအင်ကုန်ခန်း၍ ပန်းလျရုံမှတပါး၊ မျက်နှာတော်အမူအရာမှာ တစုံတရာ ညှိုးနွမ်းခြင်းအသွင် မထင်။ အရှင်အာနန္ဒာမှာကား စိုရွဲမျက်ရေ တဝေဝေနှင့် ဖြစ်နေရှာ၏။ ပရိဒေဝဒဏ်ကို မတော်လှန်နိုင်သေး။

"ချစ်သား အာနန္ဒာ၊ သင်သို့သောသူကား အရှိန်အဟုန် ပြင်းစွာဖြင့် စီးဆင်းနေသည့် မျက်ရေစမ်းချောင်းအသွင် မဖြစ်ထိုက်။ ယင်း မျက်ရေစမ်းပေါက်ကို ပိတ်ဆို့ ဟန့်တားသော တာတမံသော်၎င်း၊ ကန်သင်းဘောင်သော်၎င်း ဖြစ်ထိုက်ပေသည်။

"ချစ်သားအာနန္ဒာ၊ အကြင်ကိုယ်ခန္ဓာသည် တဏှာဟူသော အကြောင်းတရား ကြောင့် ထင်ရှားစွာဖြစ်၏။ ထိုဖြစ်သမျှသော ကိုယ်ခန္ဓာသည် ပျက်မြဲမမြဘာသာတည်း။ တစုံတယောက်သော ဗြဟ္မာ၊ သိကြား၊ ဘုရားတို့မှလည်း မပျက်စီးရအောင် တောင့်တ၍ မဖြစ်နိုင်သည်သာ။ ငါဟောတော်မူသည် မဟုတ်လော့။ စိုးရိမ်ခြင်းကို ဖျောက်လော့။"

ဤသို့ နှစ်သိမ့်စေသော်လည်း အရှင်အာနန္ဒာကား ဗုဒ္ဓ၏ စကားကို ကြားရခါမှပင် ပို၍ ယူကြုံးမရ ဖြစ်လာလေ၏။ "ငါ မနက်ဖြန်တွင် ဗုဒ္ဓ၏အသံမျိုး ကြားရတော့မှာ မဟုတ်ပါကလား" ဟူ၍ သည်းစွာ ငိုကြွေးပြန်လေ၏။

သို့သော် အရှင်အာနန္ဒာသည် သတိရှိသောအရာတွင် တေဒဂ်ရသူ ဖြစ်သည့်အလျောက် ဗုဒ္ဓနှင့် ခဲ့ခွာရတော့မည် ဖြစ်သည့်

အတွက် အပူမီးတောက်နေသည့်ကြားက သတိကား အမြဲရှိပေ၏။ ဗုဒ္ဓ ပရိနိဗ္ဗာန် စံသွားလေသောအခါ အလောင်းဧးဝ်ကို မြေမြှုပ်ရမည်လော့၊ မီးသင်္ဂြိုဟ်ရမည်လော့၊ ရေမျှောရမည်လော့။ မည်သို့ မည်ပုံ သင်္ဂြိုဟ်ရေးကို ပြု၍ တော့်ခေါ်လာမိသည်။ ဗုဒ္ဓ၏ အလိုဧတာ်အတိုင်းသာလျှင် သင်္ဂြိုဟ်ခန့်သင့်ပေသည်ဟူ၍ စဉ်းစားမိလာသည်။

သို့ကြောင့်လည်း အရှင်အာနန္ဒာသည် သက်တော်ထင်ရှားရှိခိုက် အလောင်းတော်ကိုသင်္ဂြိုဟ်ရေးကိုပါ မျက်ရေစက်လက်နှင့် လျှောက်ထားလေ၏။

မေး။ အရှင်ဘုရား၊ ကိုယ်ဧတာ်မြတ် နိဗ္ဗာန်လားခဲ့သော် အလောင်းတော်၌ ဆောင်ရွက်ဘွယ်ကိစ္စကို အဘယ်သို့ ပြုလုပ်ဆောင်ရွက်ကြရပါမည်နည်း ဘုရား။

ဖြေ။ ချစ်သားအာနန္ဒာ၊ ငါဘုရား၏ အလောင်းတော်ကို မီးပူဇော်မူစသည်၌ သင်တို့ မကြောင့်ကြကုန်လင့်။ကိုယ့်စီးပွား၊ ကိုယ့်ကိစ္စ ဖြစ်သော အရဟတ္တဖိုလ် ရရေးကိုသာ အားထုတ်ကြကုန်၊ ကြိုးစားကြကုန်၊ လုံ့လပြုကြကုန်။ ကိုယ့်အသက်ကို ငဲ့ကွက်ခြင်းမရှိဘဲ သတိသမ္ပဇဉ်ဖြင့်သာ ငါ၏ သာသနာကို ရွက်ဆောင် ကြလေကုန်။ ငါ၏ အလောင်း တော်ကိုကား ရဟန္တာသုံးပါး၌ ကြည်ညိုကုန်သော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး ဖြစ်ကုန်သော ပညာရှိ ဒါယကာတို့က မီးပူဇော်ကြကုန်လတ္တံ့။

မေး။ မြတ်စွာဘုရား၊ထိုအမျိုးလေးပါး ဒါယကာတို့သည် တပည့်တော်ထံလာ၍ မေးမြန်းကြပါလိမ့်မည်။ အရှင်အာနန္ဒာ၊ မြတ်ဘုရား၏အလောင်းတော်ကို မည်သို့ သင်္ဂြိုဟ်ရပါမည်နည်းဟု

မေးလျှောက်လာကြလျှင် တပည့်တော် မဖြေတတ်အောင် ရှိပါ လိမ့်မည်။ အလောင်းတော်ကို သင်္ဂြိဟ်ရမည့် အစီအစဉ်ကို အမိန့် ရှိတော်မူပါဘုရား။

ဖြေ။ ချစ်သားအနန္ဒာ၊ စကြာဝတေးမင်း၏ အလောင်းကို သင်္ဂြိဟ်သည့်နည်းတူ ငါ့ အလောင်းတော်ကို သင်္ဂြိဟ်စေကုန် လော့။ စကြာဝတေးမင်း၏ အလောင်းကို သင်္ဂြိဟ်ဘူးသော ထုံးဟောင်းကား ရှေးဦးစွာ အလောင်းကို ကာသိတိုင်းဖြစ် ပုဆိုးတို့ဖြင့် ထုပ်ပိုးရစ်ပတ်သည်။ ထိုအပေါ်တွင် နှူးညှံ့သော ဂွမ်းမျှင်းဖြင့် ရစ်ပတ်ပြီး အဝတ်ပုဆိုးတို့ဖြင့်တထပ်ရစ်ပတ်သည်။ ဤသို့ အဖန်များစွာ ငါးရာသော ပုဆိုးတို့ဖြင့် ရစ်ပတ်ပြီးသော် လျှော်ပြီးသော သိင်္ဃိုက်ရွေဇလားသို့ သွတ်သွင်း၍ နံ့သာ ထင်းပုံထက် တင်ပြီးမှ မီးတိုက်သည်။ အရိုးကို ယူပြီးသော် ခရီးလေးကြောင်းဆုံရာ၌ ကောင်းစွာ စေတီဘုရား လုပ်ကုန်သည်။ ဤသို့ စကြာဝတေးမင်း၏ အလောင်းကို ကောင်းစွာ သင်္ဂြိဟ် သကဲ့သို့ ငါ၏ အလောင်းတော်ကို ကောင်းစွာ သင်္ဂြိဟ် ကြကုန်လော့။

ချစ်သား အာနန္ဒာ၊ ကြွင်းသော ဓာတ်တော်တို့ကိုလည်း ခရီးဆုံ၌ ကောင်းစွာ စေတီတည်အပ်၏။ ထိုစေတီကို ပူဇော် ချီးမြှောက်ရသော လူနတ်များတို့သည် စိုးပွားချမ်းသာ လွန်စွာ ဖြစ်ကုန်လတံ့။

ချစ်သား အာနန္ဒာ၊ စေတီတည်ခြင်းငှာ အားထုတ်ထိုက် သော ပုဂ္ဂိုလ်တို့ကား ငါဘုရားလည်း တပါး၊ ပစ္စေကဗုဒ္ဓါ လည်းတပါး၊ ရဟန္တာလည်း တပါး၊ စကြာဝတေးမင်းလည်း တပါး၊ ဤလေးပါဘည်း။ အဘယ်အကျိုးထူးကိုစဉ်၍ စေတီ

တည်ခြင်းငှာ ထိုက်သနည်းဟူမူကား "အကြင် ဒါယကာတို့သည် သစ္စာလေးပါး တရားတို့ကို အလိုလို သိမြင်တော်မူသော သဗ္ဗညုဘုရား၏ သရီရဓာတ်တော် တည်ရာပေ တကား"ဟု စေတီ၌ ကြည်ညိုခြင်း။ လေးမြတ် ခြင်းကို ဖြစ်စေ ကုန်လတ္တံ့။ အထူးထူးသော ပန်းနံ့သာ ပူဇော်ရာ ဝတ္ထု တို့ဖြင့် ငါဘုရား ဂုဏ်ကို အာရုံပြု၍ ပြုပြင် ချီးမြှောက်ကုန် လတ္တံ့။ ထိုဒါယကာ တို့သည် ဤကြည်ညိုသော စေတနာဓာတ်ကြောင့် ခန္ဓာ ပျက်ကြွေသောအခါ နတ်ရွာ သုဂတိ ဘဝသို့လည်း တက်ရကုန်လတ္တံ့။ သူဌေး သူကြွယ် ပဒေသရာဇ်စသော လူကောင်း လူမြတ် တို့၏ စည်းစိမ်ချမ်းသာကိုလည်း ရလတ္တံ့။ ထိုသို့ အကျိုးထူး ရှိသည်ကို စဲ၍ စေတီဘည်ခြင်းငှာ ထိုက်သတည်း။ ပစ္စေကဗုဒ္ဓဝါ၊ ရဟန္တာ၊ စကြာဝတေးမင်းတို့၏ စေတီဌလည်း ဤနည်းတူပင် လူတို့ အကျိုးစီးပွား များရာသတည်းဟု အလောင်းတော် သင်္ဂြိဟ်ရန် အစီအမံနှင့် စေတီလေးမျိုးကိုပါ ဟောကြားတော်မူပြီးသော် ဖလသမာပတ် ချမ်းသာဖြင့် ဆိတ်ငြိမ်စွာ နေတော်မူ၏။

(သုတ္တန္တ ပိဋကတ၊ မဟာဝဂ်ပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်မူ)

ဗကပြဟ္မာ၏ အယူစွဲ

ပြဿနာ=သဿတဒိဋ္ဌိ။

မေးလျှောက်သူ=ဗကပြဟ္မာ။

အာရုံတခုခုကို အမြဲ မြင်နေရလျှင်သော်၎င်း၊ အမြဲ ကြားနေရလျှင်ဖြစ်သော်၎င်း လူတို့အနေအားဖြင့် ထိုသည့်အာရုံကို "မြဲသည်၊ မပျက်စီး၊ မခြောင်းလဲ၊ မခွဲခွား" ဟူ၍ ထင်မြင်လေ့ရှိကြသည်။

အာရုံတခုကို မြင်ရဖန်၊ တွေ့ရဖန် များလာသော အခါယင်း အမြင်အာရုံ၊ အတွေ့အာရုံမှ မြဲ၏ ဟူသော အယူအစွဲသဿတဒိဋ္ဌိသည် ဖြစ်လာတတ်လေ၏။ ထိုအယူအစွဲသည်ဆင့်ကဲဆင့်ကဲ ပြင်းထန်လာတတ်လေ၏။

မြဲ၏ဟူသော အယူဝါဒစွဲ သဿတဒိဋ္ဌိနှင့် ပတ်သက်၍ ဗကအမည်ရှိသော ဗြဟ္မာကြီး တဦးသည် အထူတ် အထိပ် ရောက်လျှမ်းလျှမ်းတောက် အယူသည်းလှသော ဗြဟ္မာကြီး ဖြစ်လေသည်။

ထိုဗကဗြဟ္မာကြီး၏ ဘုံမိုင်းစဉ်ကား ထွေပြား ဆန်းကြယ်လှ၏။ သူ့ဘဝကပင်လျှင် ကျိုးမြဲ၏ဟူအယူရှိသော ဒိဋ္ဌိကြီးဟဝေရောက်အောင် ပို့ဆောင် ပေးလိုက်ခြင်း ဖြစ်၏။ ဖြစ်ပုံကား—

သူသည် ဗြဟ္မာထည်းတွင် အလွန်အသက် အရွယ်ဆုံးသော ဗြဟ္မာကြီးဖြစ်လေသည်။ ရှေးဦးစွာ ဝေဟပ္ပါလ်ဘုံ၌ သွားရှု ဗြဟ္မာဖြစ်လေ၏။ ထိုဘုံ၏သက်တမ်းကား မဟာကပ်ခေါ်သော ကပ်ပေါင်းငါးရာတိုင်တိုင် တည်သော ဟူ၏။ထိုဘုံမှစုတေခဲ့သော် သုဘကိုဏ်မည်သော ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏။ ထိုပြည်၏ သက်တမ်းကား ကမ္ဘာပေါင်း ခြောက်ဆယ့်လေးကမ္ဘာ ဖြစ်၏။ ထိုမှစုတေခဲ့ပြန်သော် ရှစ်ကမ္ဘာအသက်ရှည်သော အာဘဿရဘုံ၌ ဖြစ်ပြန်၏။

ယင်းသို့ ဘုံအဆင့်ဆင့် ဘုံစဉ်အတိုင်း ဖြစ်ခဲ့သော်လည်း သူသည် စုတေရသော နာမ်ရုပ်အစဉ်ကိုလည်း မမှတ်မိ။ပဋိသန္ဓေလည်းမထင်။ သို့မထင်သောကြောင့် ပကတိဖြစ်မြဲတိုင်းသော ကိုယ်အတိုင်းသာလျှင် ဖြစ်သည်ဟု ထင်မှတ်နေ၏။

သို့ကြောင့် ငါတို့ဗြဟ္မာဇာတ်ကား မြတ်သော၊မြေသော နိဗ္ဗဓုဝ ချမ်းသာပင်တကား။ ဤအဖြစ်ထက် လွန်၍ရှာရန် နိဗ္ဗာန်မည်သည် မရှိတော့ပြီ၊ ဤ ဗြဟ္မာ့ကိုယ်သည်လည်း အိုခြင်း၊ နာခြင်း၊သေခြင်း စသော ဆင်းရဲမရှိ။ အတိသုခဖြစ်သော နိဗ္ဗာန်ပင်တည်းဟု စွဲလမ်းဝင် အယူသည်းခြင်း ဖြစ်သတည်း။

သူသာလျှင် ဤအယူဝါဒသဿတဒိဋ္ဌိကို စွဲယူနေသည်မဟုတ်။ သူ၏မိတ်ဆွေရောင်းရင်းအပေါင်းအသင်းဖြစ်သော ဗြဟ္မာပေါင်း ခုနစ်ဆယ်တို့သည်လည်း ဤနည်းနှင့်နှင့်ပင်မြဲ၏ဟူ၍ သဿတဒိဋ္ဌိ အယူကို စွဲမြဲစွာ လက်ဆုပ်လက်ကိုင် ပြုထားကြကုန်၏။

အခါတပါးတွင် မြတ်စွာဘုရားသည် ဗက ဗြဟ္မာကြီး၏ အယူအစွဲကို ခြေခုတ်တော်မူရန်အတွက် ဗြဟ္မာ့ပြည်သို့ ကြွသွားတော်မူလေ၏။

ကောင်းသောဘဝခြင်းပါ အရှင်ဂေါတမဟု ဖေဘုရှစ်ခရီးဦးကြိုဆိုမှုပြု၍ ဗကပြဟ္မာကြီးက မြတ်စွာဘုရားအား ညွှန်ခဲ့ရှာပေသည်။ "ပြဟ္မာ့ရွာသို့ အကြာကြီးကြာမှ တခေါက်လောက် ကိုယ်တော်ကြွရောက်တော်မူလာပေသည်" ဟူ၍ အားမလို အားမရ စကားဖြင့် အလွှာပ သလွှာပ စကားများ ဆို၏။

ထိုသို့ ဘုရားနှင့် စကားဆိုခြေရာရင်းမှ သူ၏စေတနာရိပ်ဘွင်း၌ မြတ်ဘုရားအား အသက်ရှည်ရှည် နေစေချင်လှသော ဆန္ဒများ ဖြစ်ပေါ်လာသောကြောင့် အသက်ရှည်ရှည်နေရသော ဤပြဟ္မာဘုံသို့ ရောက်လာခြင်း ကြိုးစားအားထုတ်ပါရန် ဘုရားသခင်အား သူကဘိုက်တွန်းလေသည်။

အို အရှင်ဂေါတမ၊ ဒေသလျှင် ဤပြဟ္မာ့ဘုံသို့ ရောက်ရှိလာအောင်လှုံသပြုပါလော့၊ အားထုတ်တော်မူပါလော့။ ဤပြဟ္မာ့ပြည်၌ဖြစ်လျှင် စင်စစ်ဆင်းရဲခြင်းမှ ကင်းပါလေတော့သည်။ မအို၊ မသေ၊ အမြဲနေရသော ရွှေပြည်နိဗ္ဗာန် မှန်ပါတော့သည်ဟု လျှောက်ထားတိုက်တွန်းခြင်း ပြုလေ၏။ သဿဘဝါဒီ အယူရှိသော ပြဟ္မာများ၏အလယ်တွင် မြတ်ဘုရားအား ဆွယ်စကားကို ဆိုပေသည်။

ထိုအခါ မြတ်စွာဘုရားက ဗကပြဟ္မာကား သနားဘွယ်ကောင်းလေစွ။ အဝိဇ္ဇာတည်းဟူသော မှောင်တွင်းသို့ ချဉ်းကပ်တိုးဝင်နေဘိသည်တကား။ မြို့းတွင်းရှိသောငှက်က လွှတ်ထွက်ပြီး သတ္တဝါကို "ချမ်းသာလိုကြလျှင် ငါ့ထံသို့ လာလှည့်ကုန်" ဟု ခေါ်နေ ဘိသကဲ့သို့ ဩဘာချော်သော မိစ္ဆာဉာဏ်ဖြင့် ပြဟ္မာ့သဏ္ဌာန်ကို နိဗ္ဗာန်ဟု ထင်မှားနေဘိသည်တကား။ မိမိကား ဖြစ်လတံ့သော ဘေးကိုသော်မှ မမြင်။ အာနိစ္စကိုပင် နိစ္စ၊

အသုဒ္ဓကိုပင် သုခဟု ပြောပရွာဘိသည် တကား။ ဝဋ်တရား၏ ကင်းရာဖြစ်သောနိဗ္ဗာန်သည်အမှန်ရှိပါလျက်မသိရှာလေတကား။

ထိုသို့ မဦးမချတ် ဆိုလိုက်လေသော် ဗာဒြဟ္မာသည် ပရိသတ်အလယ်တွင် လှုန်စွာ ရွက်စနိုးသွားပြီးလျှင် ဘုရား၏ အနတ္တဝါဒကို တွန်းလှန် တိုက်ခိုက်သောပဲ၌ မိမိ၏ ရဲဘက်အဖြစ် ပါဝင်ရန် "သူခိုး သေဖော်ညီ" ဆိုသကဲ့သို့ ကြင်းသော ဗြဟ္မာများအား သွေးညှိရာလည်းကျ၊ တုံ့ပြန် ချေပမှုလည်း ဖြစ်စေသော အောက်ပါစကားဖြင့် ရှေးဦးစွာ ဆိုလေ၏။

"အို လူသားသာဖြစ်သော ဂေါတမ၊ ဤသဿတဝါဒကို ကျွန်ုပ်တယောက်တည်းသာ စဲယှဉ်နေသည် မဟုတ်။ ကျွန်ုပ်၏ သွေးသောက်ရောင်းရင်း ခုနစ်ကိုင်ကုန်သော ဤဗြဟ္မာမင်းကြီး တို့သည်လည်း သဿတဝါဒကို လက်ခံကြပါကုန်၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ကင်းလွတ်သောကြောင့် နိစ္စ၊ ဓုဝရတည်သော နိဗ္ဗန်ဟူ၍ပင် ထင်မှတ်ပေကုန်သည်။ ကျွန်ုပ်တို့ဘား များစွာသော ဗြဟ္မာအပေါင်းတို့က လှုန်စွာ ကောင်းချီးပေး ပူဇော်ခြင်းပြုကြကုန်သည်။ နိစ္စ ဓုဝရ အမြဲတစေ တည်နေပါသော အရှင်ဗြဟ္မာမင်းကြီးတို့ကဲ့သို့ ဖြစ်လိုပါသဟူ၍ ဆုတောင်းပတ္ထနာခြင်း ပြုကြပေကုန်သည်။

"အို ဘုရားဂေါတမ၊ ထို့ကြောင့် ဤဗြဟ္မာ၏အဖြစ်ကို စင်စစ် နိဗ္ဗာန်ဟု ကျွန်ုပ် ဆိုခြင်းဖြစ်သတည်း။"

"အချင်း ဗက၊ ဤဗြဟ္မာရွာ၌ သင် ကြာမြင့်သောကာလကား အန္တရကပ် အရေအတွက်အားဖြင့် တသိန်း သုံးသောင်း ခြောက်ထောင့်သုံးရာ လေးဆယ့်ငါး (၁၃၆၃၄၅) ကပ်သာဖြစ်သည်။ ဇာတိ၊ ဇရာ၊ မရဏကိုလည်း မလွှဲဆန့်ရှေးခေ။

စုတေရမည်မချုတ်ဟု ငါမြင်တော်မူ၏။ သင်သည် ပညာ ကင်းသောကြောင့် အသက်ကြွင်းကိုမျှ သင် မမြင်လေ။"

မြဲသည်ဟု အယူသည်းနေသူအား မမြဲဟု ဆိုလိုက်ရာ ဗကဗြဟ္မာကြီးမှာ အောင့်သက်သက်ဖြစ်သွားရာက မြတ်စွာဘုရားအား ပုစ္ဆာထုတ်လေတော့၏။

မေး။ အို လူသားဘုရား အရှင်ဂေါတမ၊ ငါကဲ့သို့သော ထာဝရ တည်နေသူအား "စုတေရမည်မချုတ်၊ ငါမြင်သည်" ဟု အသင် ဆိုဝံ့ပါလေသည်။ အကယ်၍ သင်ဆိုသောအတိုင်း မှန်ခဲ့သော် "ငါ အတိတ်က မည်သို့ဖြစ်ခဲ့သည်၊ မည်သို့ မည်သို့သော ကုသိုလ်ကောင်းမှုမျိုးကို ငါပြုခဲ့သည်။ ငါ၏ တန်ခိုးဣဒ္ဓိပါဒ် မည်မျှကြီးမားသည်" ဟူသော ငါ၏ ဘဝဖြစ်ရပ်ကို ငါ့အား တတ်အပ်သေချာ ပြောပြစေချင်ပါ၏။ ဤသို့ ပြောပြနိုင်စွမ်း ရှိဘိုမူကား သင်သည် ငါ့ထက် သာလွန် မြင့်မြတ်သူဖြစ်ပေ၍ သင့်အား ငါဒူးထောက်ပါအံ့၊ ကိုးကွယ်ပါအံ့၊ ဆည်းကပ်ပါအံ့။ ငါ၏ အတိတ်ဘဝ ဖြစ်ရပ်မျှားကို သင် ဆိုပါလေ။

ဖြေ။ အို ဗကဗြဟ္မာ၊ ဒုမ္မန်အားဖြင့် ငါသည် သင်၏ လားရာကိုလည်း၊ သင်၏ ဆိုက်ရောက်ရာကိုလည်း၊ သင်၏တန်ခိုး စွမ်းပကားကိုလည်း၊ ဗကဗြဟ္မာသည် ဤဘဝမှ လာ၏၊ ဤသို့ ထိုဘဝသို့ ဆိုက်ရောက်၏၊ ဤမျှ တန်ခိုး စွမ်းပကားရှိ၏ဟု အားလုံးကို ငါ သိ၏။

အို ဗကဗြဟ္မာ၊ သင်သည် ဤမည်သော ကမ္ဘာ၌ ဗာရာဏသီပြည်တွင် ဒကသဝ ဟူသောအမည်ဖြင့် ပုဏ္ဏားသူကြွယ် ဖြစ်ခဲ့၏။ နောက် လူဘဝင် မပျော်မွေ့၍ တောထွက်ကာ ရဟဲ့ ပြုလုပ်

ခဲ့ပြီး လွန်စွာသိမ်မွေ့သော၊ နူးညံ့သော သူတော်စင်ရသေ့ပါပေ။ မရုကန္တာရမည်သော သဲကန္တာရကြီး အနီး တောအုပ်ကြီးတခုကို အမှီပြု၍ သင်နေခဲ့ပေသည်။

အို ဗကြဟ္မာ၊ တခါသ၌ ထိုသဲကန္တာရသို့ ရောက်လာကြကုန်သော လှည်းကုန်သည် ငါးရာတို့သည် မျက်စိလည် လမ်းမှားလေသဖြင့် ထိုသဲကန္တာရမှ မထွက်နိုင်ဘဲ တချောလည်လည်နှင့် ဖြစ်နေကုန်၏။ ပါလသမျှသော စားနပ်ရိက္ခာများ ကုန်လတ်၍ နေ့သေရာအံ့လော၊ ည သေရာအံ့လောဟူ၍ မွတ်သိပ် ပင်ပန်းလှကုန်ရကား လှည်းအောက်၌ အခွေခွေ အိပ်နေကြကုန်လေ၏။

အို ဗကြဟ္မာ၊ ထိုအခါက သင်သည် လောကီဈာန် အဘိညာဏ်ရ ရသေ့ဖြစ်သည့်အလျောက် ဒုက္ခ ရောက်နေကြသော လှည်းသား ငါးရာတို့ကို မြင်လေသောအခါ "ငါကဲ့သို့သော သူရှိပါလျက် ဤ သတ္တဝါများ အသက်မဆုံးရှုံးစေသင့်"ဟူ၍ သောက်ချိုး မကုန်နိုင်ကုန်သော ရေများကိုငင်း၊ အရိပ် အာဝါသနှင့် ပြည့်စုံသော တောအုပ်ကြီးကိုငင်း၊ အသီးနှင့် ပြည့်စုံသော သစ်ပင်များကိုငင်း ဖန်ဆင်း၍ ပေးခြင်းအား ဖြင့် လူသား၊ ကျွဲ၊ နွားတို့၏ အသက်ပေါင်း များစွာတို့ကို သင် ကယ်တင်ခဲ့ဘူးပြီး။ ဤကား ရှေးဦးစွာသော သင်၏ ကုသိုလ်ပေတည်း။

အို ဗကြဟ္မာ၊ တခါသ၌လည်း ကသဝရသေ့ဖြစ်ခဲ့သော သင်သည် တခုသော ကျေးလက်ဇနပုဒ်ကိုမှီ၍ ဧကာနည်သော မြစ်ကမ်းအနီးတွင် နေခဲ့၏။ တနေ့သောအခါ ထိုကျေးလက်ဇနပုဒ်ကို သောင်းကျန်းသူ လူဆိုးခေါင်းမြများ ဝင်ရောက်တိုက်ခိုက်

ကြလေရာ ပစ္စည်းကိုယူရုံမက လူအချို့တို့ကိုလည်း ဖမ်းဆီးသွားကြကုန်၏။

အို ဗကြဟ္မာ၊ ထိုလူဆိုး ဝေးမြမျှားသည် သင် နေသော ကျောင်းသစ်မ်း အနီးဌ် စခန်းချနား၍ ထမင်းချက်နေကြစဉ် ဖမ်းဆီး ယူဆောင်လာသော ကလေးသူငယ်တို့သည်ဌင်း၊ မိန်းမ ယောကျ်ား လူကြီးတို့သည်ဌင်း သေဘေးမှ ကြောက်ကုန် ရကား သည်းစွာ ငိုကြွေးကြလေကုန်၏။ ထိုအသံကို သင်ကြား ရလေသော် "ငါကဲ့သို့သော သူရှိလျက် သတ္တဝါအပေါင်းသည် အကျိုးမဲ့ မပျက်စီးစကောင်း" ဟူ၍ ကြုံပြီးလျှင် ကြီးစွာသော စစ်တပ်ကြီးတတပ် ချီတက်လာပုံကို သင်ဖန်ဆင်း၍ လူဆိုးခေးမြ မျှားရှိရာသို့ သွားခဲ့ပေသည်။

အို ဗကြဟ္မာ၊ ထိုရောအခါ အစောင့် ချထား သော ကင်းတပ်က မြင်လေသော် ပြည့်ရှင်မင်းတရားသည် ငါတို့ကို နှိမ်းနင်းရန် လိုက်လာချေပြီ ဟူ၍ အကြီးအကဲ ဖြစ်သူမျှားထံ ပြေး၍ အကြောင်းကြားလျှင် ခေးမြက ဘုရင်ကိုပြုင်၍ နှိုင်ရိုး မရှိဟူ၍ ကိုယ်လွတ် ပြေးကြလေရကား သင်သည် ထိုဒုက္ခ သယ်မျှားအား ကယ်တင် ယူဆောင်လျက် ချမ်းသာစွာ စောင့် ရှောက်ခဲ့ဘူးပြီ။ ဤကား နှစ်ကြိမ်မြောက် သင်၏ ကုသိုလ် ပေတည်း။

အို ဗကြဟ္မာ၊ တခါသဌ္ဌလည်း ဗာရာဏသီပြည်မှ ဆင်ဖမ်း အတတ်၊ မြင်းဖမ်းအတတ်ဌ် ကျမ်းကျင် လှကုန်သော ဆင်ဖမ်း သမား၊ ငါးရွတို့သည် ဆင်ကောင်း၊ မြင်းကောင်းမျှား ဖမ်းရန် အလို့ငှာ မျှားစွာသော လှေတို့ကိုဖောင်ဖဲ့၍ မြစ်ညာမှအောက်သို့ စုန်မျောလာကြခဲ့ပြီး သင်နေသော ကျောင်းသစ်မ်း အနီးဌ်

ခေတ္တမျှ စခန်းချကာ ထမင်းစားကြကုန်၏။ စားကြွင်းစားကျန်များကိုငုံး၊ ဆေးရေ အညစ်အကြေးများကိုငုံး မြစ်တွင်းသို့ စွန့်ချ ကြလေကုန်၏။

အို ဗကပြဟ္မာ၊ ထိုမြစ်တွင်း၌ ဂင်္ဂေယျမည်သော နဂါးသည် နေ၏။ ထိုနဂါးသည် ပြင်းစွာ အမျက်ထွက်လာလေ၏။ ချင်းတို့ စားဖတ် ဝါးဖတ် အညစ်အကြေးကို ငါ့ခေါင်းပေါ် ပစ်ချရာသလောဟူ၍ ဖောင်ပေါ်ရှိ သူအားလုံးကို သတ်ခြင်းငှာ ကြီးစွာသော ကိုယ်ကို ဖန်ဆင်းလျက် ပါးပျဉ်းကြီး ထောင်ကာ ဖောင်ဆီသို့ ရွှေ့ရွှေ့လာလေသော် လူတို့ မြင်လေကုန်၍ ကြောက်လန့်ရကား သည်းစွဲဟစ်ကြွေး ငိုယိုခြင်း ပြုကြလေကုန်၏။

အို ဗကပြဟ္မာ၊ ထိုအခါက ထိုသူတို့၏ သဘောကို သင်မြင်လေသော် ငါ၏ အပါးတွင် ဤလူများ မပျက်စီးပါစေလင့်ဟူ၍ ဂဠုန်အာသင် ဖန်ဆင်းပြီးလျှင် နဂါးကို သတ်ဟန်ပြု၍ သင် ခြိမ်းချောက်မောင်းထုတ်ခဲ့၏။ နဂါးလည်း ကြောက်၍ ထွက်ပြေးခြင်းအားဖြင့် သတ္တဝါများစွာတို့ကို ချမ်းသာရာရစေခဲ့ဘူးပြီ။ ဤကား သင်၏ တတိယမြောက် ကုသိုလ်ကောင်းမှုပေတည်း။

အို ဗကပြဟ္မာ၊ သင်သည် ကောဝရသေ့ ဖြစ်ခဲ့စဉ်အခါ၌ ငါကား သင်၏ အန္တေဝါသိက "ကပ္ပဂရမည်သော ရသေ့" ဖြစ်ခဲ့၏။ တရံရောအခါ ဟိမဝန္တာအနီး တောအုပ်ကြီး၌ ငါနေစဉ် သင့်အား ဗာရာဏသီမင်းက ပင့်ဆောင်၍ ပူဇော်ပါသော်လည်း သင် ငြင်းပယ်လိုက်၏။ မြို့ရွာအနီး၌ ငါမနေလိုဟု ဆို၍ တောသို့ ပြန်လာခဲ့ပြီး ငါနှင့်အတူ နေလေရာ သင့်ကို

၁၀ယဉ်းဇာတ်

ပင့်ဆောင်ခြင်းငှာ မင်း၏ အမိန့်ဖြင့် နာရဒအမတ် လိုက်လာပြီး သင့်ကို ပင့်ပြန်လေသည်။

အို ဗကဇဟ္မာ၊ ဆိုသို့ ပင့်လာသောအခါတွင် သင်က ဤသို့ ဆိုလေပြီ။ အဓမ္မာဓိပ္ပါယ၊ ရဟန်းဟူသမျှကား တောအရပ်၌သာ ထူးမြတ်သော စျာန်သမာပတ် စည်းစိမ်မြတ်ကို ရအပ်သတည်း။ တောရပ် သမီး၊ ဇနီးအဝင်၊ သစ်ပင်တို့က လုပ်ကျွေးကြ၊ ပြုစုကြသော အာဟာရသည်သာ ပြစ်ဆာကင်းဘီ၊ ဘေးမရှိ၍၊ အာဘိဓမ္မာ၊ အလွန်တရာ မွေ့လျော်ဘွယ်ဖြစ်သတည်း။ မိန်းမ ယောကျ်ား၊ ရွာသူ ရွာတို့၏ လှည့်ဖြားကာမဂုဏ် အာရုံခြောက်ဖြာမှ ဝေးကွာလှဘိ၍ ဝိတက်သုံးပါး ၁ ယင်ရဲမျှးတို့သည် ငါ့အား မခံနိုင်သတည်း။ ထူးသော အကျင့်၊ အခွင့်သင့်ငြား၊ ငါ့အားကြည်ညို၊ ငါ့အလိုလိုက်မှု၊ ပီယဝါစာ၊ ဆိုတတ်စွာ၍၊လိမ္မာလှသော၊ ကပွရမည်ရှောင်း၊ တပည့်ကောင်းနှင့် ပေါင်းရခြင်းကြောင့် လည်း တောတွင်း၌သာ ငါမွေ့လျော်သတည်းဟုဆိုသော် ထိုနာရဒအမတ်လည်း အရှင်မြတ်၏ တရားသည် ဖြောင့်သား ဟုတ်မှန်ပေစွဟု ချီးပ ပူဇော်ပြန်လေ၏။

အို ဗကဇဟ္မာ၊သင်သည် လူပြည်ကကြီးကျယ်လှသောဇီဝိတဒါန အမျှားချမ်းသာကို အခါခါ ပြုခဲ့ဘူးသော ကံထူးပုည်ကြောင့် ဤဖြဟ္မာ့ပြည်၌ မြင့်ရှည်စွာ သင်နေရသတည်း။ ထိုမျှ

၁။ ကာမဂုဏ် တွေးကြံမှု=ကာမဝိတက်၊ စိုးရိမ်ကြောင့်ကြ ဘွယ်တွေးကြံမှု=ဗျာပါဒဝိတက်၊ ငါ့ကို နှိပ်စက်ကလူ ပြု လေ မ လား တွေကြံမှု=ဝိဟိံသဝိတက်၊ ဝိတက် သုံးပါ။

ကောင်းမှု ပြုသောအခါ ငါဘုရားသည် သင်၏တပည့်ဖြစ်၍ နှစ်သက်စွာ ညီညွတ်ယိုင်းပင်းခဲ့သတည်း။ သင် အောက်မေ့လေလော့။

အို ဗကြဟ္မာ၊ ဤမှတပါး ဤသည် သင်သိစွမ်နိုင်းဟုမှ တပါး အခြားသော အပေါင်းစု မြောက်မြားစွာသည် ဗြဟ္မာ့ အပေါင်းစုတွေ့ရှိသေး၏။ ၎င်းတို့ကို သင် မသိ၊ မမြင်။ ငါကား သိ၏၊မြင်၏။ အို ဗကြဟ္မာ၊ အာဘဿရာမည်သော ဗြဟ္မာ့ အပေါင်းသည် ထင်ရှားစွာရှိ၏။ သင်ကား ထိုမှ သေလွန်ခဲ့၍ ဤဘုံမှာဖြစ်လာခဲ့၏။ သင်သည်ကား ဤသည့် ယခုလက်ရှိဘုံ၌ ရှည်လျားကြာမြင့်စွာ နေထိုင်ရပေသဖြင့် ၎င်းကို သင်မေ့လျော့ခဲ့လေပြီ။သတိမရတော့ပြီ။ ထို့ကြောင့် ၎င်းကို သင် မသိ၊ မမြင်။ ငါကား သိ၏။မြင်၏။ အို ဗကြဟ္မာ၊ ဤသို့အားဖြင့်လည်း ငါသည် အသိဉာဏ်အားဖြင့် သင်နှင့်မတူချေ။ အာဘယ်မှာ ငါ သင့်အောက် နိမ့်ကျမည်နည်း။ စင်စစ်ကား ငါသာ သင့်ထက် လွန်ကဲ၏။

အို ဗကြဟ္မာ၊ သုဘကိဏ္ဏာ မည်သော ဗြဟ္မာအပေါင်း မည်သည်လည်းရှိသေး၏။ ဝေဟပ္ဖလာ၊အတိဘူမည်သော ဗြဟ္မာများသည်လည်း ရှိသေး၏။ဗျင်းတို့ကို သင် မသိ၊မမြင်။ ငါကား သိ၏၊မြင်၏။ဤသို့အားဖြင့်လည်း ငါသည် အသိဉာဏ်အားဖြင့် သင်နှင့်မညီမမျှချေ။အာဘယ်မှာလျှင် ငါ သင့်အောက် ယုတ်နိမ့်အံ့နည်း။ စင်စစ်ကား ငါသာ သင့်ထက် လွန်ကဲ၏၊

ဖြေ။ အို အရှင်ရဟန်းဂေါတမ၊ အားလုံးကို အားလုံးအဖြစ် အကယ်၍ မတပ်မက်အံ့၊မစဲ့လေအံ့၊ ၎င်းကို သိမြင်ခြင်းအားဖြင့် သင့်မှာအချည်းနှီးမဖြစ်ပါစေလင့်၊ အကျိုးမဲ့ မဖြစ်ပါစေလင့်။ဝိညာဉ်သည် မမြင်အပ်၊အပိုင်းအခြားမရှိ။ထက်ဝန်းကျင်

လင်းထိန်၏၊ တောက်ပ၏။ ထိုဝိညာဉ်သည် မြေကို မြေအားဖြင့် မတပ်မက် မစဲ့လမ်းအံ့၊ ရေကို၊ မီးကို၊ လေကို၊ သင်္ဘာဝါတို့ကို၊ နတ်တို့ကို၊ ဗြဟ္မာတို့ကို၊ အားလုံးကို အားလုံးအဖြစ်ဖြင့် အကယ်၍ မတပ်မက်အံ့။ အို အရှင်၊ ယခုသင့် မျက်စိအောက်မှ ငါပျောက်ကွယ်ပြမည်။ ကြည့်လော့၊ ပျောက်ကွယ်တော့အံ့။

မေး။ အို ဗကဗြဟ္မာ၊ မည်သို့ပင် သင် ဆိုစေကာမူ ငါ့ မျက်စိအောက်က သင် မပျောက်ကွယ်နိုင်လတံ့။

သင့်မျက်စိအောက်မှ ငါပျောက်ကွယ်မည်။ ငါပျောက်ကွယ်မည်ဆို၍ ဗကဗြဟ္မာသည် ဗုဒ္ဓမျက်စိအောက်က ပျောက်သွားရန်၊ ကိုယ်ရောင်ဖျောက်ရန် အားထုတ်လေရာ မတတ်နိုင်။ ကိုယ်ရောင် မဖျောက်နိုင်ဘဲ ဖြစ်နေလေ၏။

မေး။ အို ဗကဗြဟ္မာ၊ သင်ကား သင့်ကိုယ်သင် ပျောက်အောင် မတတ်နိုင်ခဲ့။ သင်၏ မျက်စိအောက်မှ ငါ ကွယ်ပျောက်ပြမည်။

ဖြေ။ အို ရဟန်းဂေါတမ၊ သင် စွမ်းနိုင်ခဲ့သော် ယခုပင် ငါ့မျက်စိအောက်က ကွယ်ပျောက်ပြစမ်းလော့။

ထိုအခါ မြတ်ဘုရားသည် အသံသာကြား၍ ရုပ်ကို မမြင်နိုင်အောင် ဖန်ဆင်း ကွယ်ပျောက်ပြလေ၏။ ထိုအခါကျမှ ဗကဗြဟ္မာကြီးသည်လည်းကောင်း၊ များစွာသော ဗြဟ္မာတို့သည်လည်းကောင်း အံ့ဘွယ်ဘနန်း အဆန်းအထူး သိမှတ် အံ့သြကုန်ပြီး တခဲနက်ကောင်းချီးပေးကြလေကုန်သတည်း။ ဗကဗြဟ္မာက ဤသို့ချီးကျူးလိုက်လေ၏။

"အို အချင်းတို့၊ ရဟန်းဂေါတမ၏ တန်ခိုးစွမ်းပကားကား အာနုဘော်ကြီးမားခြင်းမှာ အံ့သြစရာ၊ ချီးကျူးစရာ ဖြစ်ပါ

ပေသည်။ဤသို့သော တန်ခိုးစွမ်းပကားကြောင့်ပင် သာကီဝင် နွယ်ဘွား၊ သာကီမင်းသား ရဟန်းဂေါတမသည် ဘုံဘဝ၌ မွေ့လျော်ပျော်ပိုက်သော ဗြဟ္မာအပေါင်းနှင့် ဘုံဘဝကို ပဉ္စသိခ် ရန် အားကြီးကြောင့်ကြနေသောဗြဟ္မာအပေါင်း၏ တပ်မက်ခြင်း တဏှာ အမြစ်ရင်းနှင့်တကွသော ဘုံအယူအစွဲကြီးကို နုတ်ပယ် တော်မူလေပြီ။ ဘဝအများ လွှမ်းထားဘိသော ငါ၏ခန္ဓာ၊ ရုပ် နာမ်ကိုလည်း ကောန်တိတိ သင် မြင်တော်မူပါပေသည်။ ကြာမြင့် စွာသော ငါ၏အသက်ကိုလည်း အမှန်ရေတွက်၍ မျက်မှောက် ဆိုနိုင်ပါပေသည်။ထိုသို့ပညာရှိလှစွာသောကြောင့်ပင် ခန္ဓာကိုယ် မှုဖြစ်သော ရောင်ခြည်သည် ကွန့်လည်တောက်ပသတည်း။ဤသို့ သော ပညာရှင်တဦး၏ တပည့်ဖြစ်ရခြင်းသည် ရက်ချင်းကောင်း မြတ် သည်သာတည်း။”

ဤသို့ချီးကျူးပြီးလျှင် ဘုရားသခင်ထံ တပည့်ခံလေ၏။

“အို အရှင်မြတ်ဘုရား၊ ယခုနမှ၍ အကျွန်ုပ်တို့၏ အယူအစွဲ ကို ပယ်ပါတော့အံ့။အရှင်ဟောကြားအပ်သောတရားကို အလေး အမြတ်ပြု၍ အားထုတ်ပါတော့အံ့။”

(မင်္ဂလိမနိကာယ်၊မူလပဏ္ဏာသက၊ ဗြဟ္မနိမန္တိယ သုတ္တန်။ သဟ္ဘ နိပါတ်၊ဇာတ်အဋ္ဌကထာမှ)

အဆွေး ဘပေါက်

ပြဿနာ=လောကကို သုံးသပ်ချက်။

မေးလျှောက်သူ=နတ်သားတဦး။

အခါတပါးတွင် ဗုဒ္ဓရှင်တော် ဘုရားသည် သာဝတ္ထိပြည်၊ ဇေဘဝန်ကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ နတ်သားတဦးသည် ဘုရားသခင့် အထံတော်သို့ချဉ်းကပ် လာပြီးလျှင် အောက်ပါ ပြဿနာရှစ်ချက်ကို မေးလျှောက်လေ၏။

မြတ်စွာဘုရားလည်း ထိုပြဿနာများအတွက် ဒေဝဆိုသူနှင့် အမေးအဖြေ ပြုတော်မူလေ၏။

မေး။ ။ အရှင်ဘုရား၊ လောက၌ ဆွေးမြေ့တတ်သော သဘော၊ မဆွေးမြေ့တတ်သော သဘောတို့ရှိပါ၏။ ယင်းနှစ်မျိုးအနက် ဆွေးမြေ့တတ်သော သဘောကား အဘယ်အရာ များပါနည်း။ မဆွေးမြေ့တတ်သောသဘောကား အဘယ်အရာများပါနည်း။ တပည့်တော်များ မည်သို့ မှတ်သားရပါမည်နည်း ဘုရား။ ဖြေကြားတော်မူပါ။

ဖြေ။ ။ အို ဥပါသကာ နတ်သား၊ သတ္တဝါတို့၏ ခန္ဓာငါးပါး အစုအဝေးဖြစ်သော ရုပ်ဝတ္ထုဟူသမျှကား ဆွေးမြေ့ယိုယွင်း ပျက်စီးခြင်းသဘော ရှိပေသည်။ နာမ်=အမည် နာမ

ဖြစ်သော နာမ်ဝတ္ထုသည်ဌင်း၊ ဂေါတံ=အမျိုးအနွယ်သည်ဌင်း၊ နဇီရတိ=ဆွေးမြေ့ခြင်းသဘော မရှိလေ။ အို ဥပါသကာ၊ ထို့ကြောင့် ရုပ်ဝတ္ထုဟူဟူသမျှကို ဆွေးမြေ့တတ်သော သဘော ရှိသည်ဟူ၍ဌင်း၊ နာမ်ဝတ္ထု ဟူဟူသမျှကို ဆွေးမြေ့တတ်သော သဘောမရှိဟူ၍ဌင်း သင်မှတ်လေလော့။

မေး။ အရှင်ဘုရား၊ အဘယ်မည်သော သဘောတရားကို လမ်းမှား၊လမ်းကောက်ဟူ၍ ဆိုအပ်ပါသနည်း။

ဖြေ။ အို ဥပါသကာနတ်သား၊ရာဂဟူသည်ရှိ၏။ ယင်း ရာဂသည် ဆိုးရည်နှင့် အလားတူ၏။ အာရုံငါးပါးသည် အဝတ် များနှင့်တူ၏။ ဆိုးရည်တို့ သဘောကား အဝတ်ကို ဆိုးသော် ချက်၍ မရအောင် စွဲလေ၏။ အနီရောင်ဆိုးလျှင် နီရဲနေ၏။ အပြာရောင်ဆိုးလျှင် ပြာနေ၏။ အစိမ်းရောင်ဆိုးလျှင် စိမ်းနေ၏။ ထိုနည်းဌင်း ရာဂသည်လည်း အာရုံ၌ တပ်စွဲလာသောအခါ ချွတ်မရအောင် စွဲဘတ်လေ၏။ ရာဂအစွဲအလမ်းရှိနေသမျှ(ဝါ) ရာဂကိုလက်ကိုင်ထားရှိနေသူအား ဆိုးရည်ဖြင့်စွဲနေသောအဝတ် သည် အဖြူဖြစ်မလာနိုင်သကဲ့သို့ ယင်း ရာဂသည် လမ်းကောင်း လမ်းမှန်သို့ရောက်အောင် မပို့ဆောင်နိုင်။ ထို့ကြောင့် ဥပသကာ၊ ရာဂကို လမ်းကောက် လမ်းမှားဟူ၍ သင်မှတ်ပါလေ။

မေး။ အရှင်ဘုရား၊သီလ၊ သမာဓိ အစရှိသော သူတော် ကောင်း တရားများကို ဟန့်တား တတ်သော အန္တရာယ်၊ သူတော်ကောင်းတရားများကို ဖွဲ့ချည်ရစ်ပတ်တားမြစ်တတ်သော အန္တရာယ်ဟူသည် အဘယ်တရား ဖြစ်ပါသနည်း။

ဖြေ။ အို ဥပါသကာနတ်သား၊ လောဘဟူသည် ရှိ၏။ ယင်းလောဘသည် မျောက်နဲ့စေးနှင့် အလားတူပေ၏။ငါးပါး

အာရုံကာမဂုဏ်တို့ကို ခုံမင်ရစ်ပတ်၊ လိုချင်တတ်သောသဘော ရှိ၏။ ထို့ကြောင့် အို ဥပါသကာ၊သီလ၊ သမာဓိ အစရှိသော သူတော်ကောင်း တရားကို ဟန့်တား ရစ်ပတ် အန္တရာယ် ပြုတတ်သော တရားကား လောဘတည်း။ ထိုလောဘကို ဓမ္မန္တရာယ်ဟူ၍ သင် မှတ်သားလေလော့။

မေး။ အရှင်ဘုရား၊ ညဉ့်၊ နေ့တို့သည် ရှိပါကုန်၏။ ယင်း ညဉ့်၊ နေ့တို့ကို ကုန်စေတတ်သောတရားကား အဘယ်ပါနည်း။ အဘယ်တရားသည် ညဉ့်၊ နေ့တို့ကို ကုန်စေပါသနည်း။

ဖြေ။ အို ဥပါသကာ၊ပထမ၊ဒုတိယ၊တတိယဟူ၍ အရွယ် သုံးပါးသည် ရှိလေ၏။ ယင်း အရွယ် သုံးပါးသည် တစတစ ကြီးပြင်း၍ လာခြင်းအားဖြင့် ညဉ့်၊ နေ့တို့ကို ကုန်စေရာ ရောက်ပေ၏။ ထို့ကြောင့် အို ဥပါသကာ ညဉ့်၊ နေ့တို့ကို ကုန်စေတတ်သော တရားကား အခြားမဟုတ်၊ ဝယ ခေါ်သော အရွယ်ဟူ၍ သင် မှတ်ပါလေ။

မေး။ အရှင် ဘုရား၊ သာသနာတော် တည်းဟူသော အကျင့်မြတ်၏ အညစ်အကြေးကား အဘယ်ပါနည်း။ အဘယ် တရားသည် ပြဟ္မစရိယခေါ်သော မြတ်သောအကျင့်၏ အညစ် အကြေး ဖြစ်ပါသနည်း။

ဖြေ။ အို ဥပါသကာ၊ဣတ္ထိခေါ်သော မာတုဂါမဟူသည် ရှိ၏။ ယင်း မာတုဂါမသည် ခုန်အုပ်ရှိစားတတ်သော ကျေးရိန့် အလားတူ၏။ မာတုဂါမသည် ပြဟ္မစရိယတည်း ဟူသော အကျင့်မြတ် ညစ်နွမ်း စွန်းထင်းအောင် ပြုတတ်၏။ ထို့ကြောင့်

အို ဥပါသကာ၊ သင်သိလိုသော ဗြဟ္မစရိယအကျင့်၏ အာနိသင်အကြောင်း မာတုဂါမဟူ၍ မှတ်လေလော့။

မေး။ ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ ရေ စင်စစ်ကား မဟုတ်ပါပေ။ သို့ရာတွင် ကိလေသာတည်း ဟူသော အညစ်အကြေး ချေးညှော်များကို ဆေးကြောရာ၌ အသုံးဝင်သော ရေစင်တမျှိုး ဖြစ်နေပါသည်။ ထိုရေစင်ကား အဘယ်ပါနည်း။

ဖြေ။ သိလိုရေးနှင့်မေးလျှောက်ထားလာ အို ဥပါသကာ၊ သင် မှတ်သားသင့်ပါ၏လ။ ရာဂနယ်တွင်းမှ မလွတ်ကင်းကြသေးသော သတ္တဝါဟူဟူသမျှတို့ကား မာတုဂါမတို့၏ငါးဖြာ အာရုံကာမဂုဏ်၌ မျောက်နှဲခစားမှာ မျောက်ပမာကဲ့သို့ တွယ်တာငြိရှက် မခွာရက်ခအောင် ရှိနေကြကုန်၏။ အခြား တဖက်၌ တပခေါ်သော ခြိုးခြိုး ခြုံခြုံ ကျင့်ကြသည့် ဓုတင် စသော အကျင့်များ၊ ဗြဟ္မစရိယခေါ်သော ငါးပါးသီလ၊ ဆယ်ပါးသီလ စသော အကျင့်များသည် ရှိပေ၏။ ထို တပ အကျင့်၊ ဗြဟ္မစရိယအကျင့်များသည် အကျင့်သာဖြစ်၏၊ ရေစင်စစ် မဟုတ်ပေ။ သို့ရာတွင် ကိလေသာဆိုး အညစ်မျှိုးကို ဆေးကြောရာ၌ အသုံးဝင်လေ၏။ ထို့ကြောင့် အို ဥပါသကာ၊ ရေမဟုတ်ဘဲလျက်ကို ကိလေသာကို စင်ကြယ်အောင် ဆေးကြော နိုင်စွမ်းသော အရာကား တပအကျင့်၊ ဗြဟ္မစရိယ အကျင့်များဟူ၍ သင် မှတ်သားပါဘိ။

မေး။ ရှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ လောက၌ ဆိုဒ္ဓခေါ်သော အပေါက်ကြီးများ ထင်ရှားရှိနေပါကုန်၏။

စုဆောင်း ရရှိ ထားအပ်သော လာဘ်သပ်ပကာ၊ ဥစ္စာ စီးပွားအခြားခြားတို့သည်၎င်း၊ ကျင့်ကြံ အားထုတ် ထားအပ်သော သူတော်ကောင်း တရား များသည်၎င်း ထိုအပေါက်ကြီးများမှ ယိုဖိတ်၍ ထွက်ကုန်လေ သောကြောင့် အိတ်ပေါက်နှင့် ဖား ကောက်သကဲ့သို့ အဖတ်တင်သည်ဟူ၍မရှိ ပျောက်ပျက် ကုန်ပါလေ၏။ လောကဌ ထိုကဲ့သို့ အိတ်ပေါက်နှင့်တူသော ယိုပေါက်၊ ထွက်ပေါက်ကြီးများ ဘယ်နှစ်မျိုး ရှိပါသနည်းဘုရား။

ဖြေ။ သဘာဝ ဖြစ်ရပ်ကို မေးတတ် ရှာသော အို ဥပါသကာ၊ အကြင် ထွက်ပေါက်၊ ယိုပေါက်တို့၌ (၀၇) အကြင် ထွက်ပေါက်၊ ယိုပေါက်ကြီးများ ရှိနေခြင်းကြောင့် ရှာဖွေ စုဆောင်းထားအပ်သော ဥစ္စာ စီးပွားများ သည်၎င်း၊ အား ထုတ်အပ်သော သူတော်ကောင်း တရားသည်၎င်း အရှည်စွဲ၍ တည်မြဲမနေမူဘဲ ပျောက်ပျက် ယိုထွက်ကုန်လေ၏။ထိုယိုပေါက်၊ ထွက်ပေါက်ကြီးများကား အချို့အစားအားဖြင့် ခြောက်မျိုး ရှိပေသည်။ ယင်းခြောက်မျိုးကား—

(၁) အာလသျှဆိဒ္ဓ=ပျင်းရိသော အ ပေါက် ကြီး က တပေါက်။

(၂) ပမ္ဒာဒဆိဒ္ဓ=ကိုလေသာ ပွား၊ အိပ်ခြင်း များခြင်း၊ တရားမရှိ၊ သတိလွတ်ကင်း၊ မေ့လျော့ခြင်း ယိုပေါက်ကြီးက တပေါက်။

(၃) အနုဋ္ဌာနဆိဒ္ဓ=လုပ်ကိုင်စရာ၊ ရှိပါ လျက်သား၊ လှုပ်ရှားထကြွ၊လှုံ့လ ဇော်မရှိခြင်း ထွက်ပေါက်ကြီးက တပေါက်။

(၄) အသံယမဆိဒ္ဓ=ကိုယ်ကြမ်း နှူတ်ကြမ်း၊ လူစည်းကမ်းကို၊ ဖြတ်သန်း နင်းကျော်၊ လျှပ်ပေါ် လော်လီ၊ မတည်ကြည် မစောင့်စည်းသော ယိုပေါက်ကြီးက တပေါက်။

(၅) နိဒ္ဒာဆိဒ္ဓ=သွားရာ၊ ရပ်ရာ၊ ထိုင်နေရာ ဥပင် မျက်လွှာကျမှိန်း၊ တဖိန်းဖိန်း ငိုက်မျည်းလျက် အိပ်ချင်ခြင်း တည်း ဟူသော ထွက်ပေါက်ကြီးက တပေါက်။

(၆) တန္ဒီဆိဒ္ဓ=ချမ်းသေးသည်၊ ပူသေးသည်၊ စောသေး သည်ဟူ၍ စိတ်ကောင်း မဝင်၊ ဆန့်ငင်လိမ်တွန့်၊ တလွန့်လွန့် နေခြင်းဟူသော ယိုပေါက်ကြီးက တပေါက်။

ဤသို့အားဖြင့် ယိုပေါက် ထွက်ပေါက်ကြီးတို့သည် ခြောက် မျိုး ရှိပေကုန်၏။ ထို ဆိုအပ်ပြီးသော ထွက်ပေါက်၊ ယိုပေါက် ကြီး ခြောက်မျိုးစလုံးသော်၎င်း၊ တမျိုးမျိုးသော်၎င်း အကြင် သူ၌ ရှိနေ၊ ထင်နေသည် ဖြင့်အံ့၊ ထိုသူ ရှာမှီးသမျှ ပစ္စည်း၊ ထိုသူ အားထုတ်သမျှ အကျင့်တရား များသည် ထိုအပေါက်မှ ထွက်၍ပျောက်ပျက် ယိုကျမည်သာ ဖြစ်၏။ အဖတ်တင်နိုင်မည် မဟုတ်ပေ။ ထိုကြောင့် အို ဥပသကာ၊ ရှာမှီးစုဆောင်းထား သမျှ ပစ္စည်းများ အဖတ်မတင်၊ အကျင့်တရားများ ဆုတ်ယုတ် ပျက်စီးတတ်၊ ယိုထွက်ကုန် တတ်သော အပေါက် ကြီးများ လောကဌ္ဌ ဆိုအပ်ပြီးသောအတိုင်း ခြောက်မျိုး ရှိကြောင်းကို သင် မှတ်သားပါလေ။

(သံယုတ္တနိကာယ်၊ ဒေဝတာသံယုတ်)

ပျက်စီးကြောင်း ပုစ္ဆာ ၁၂

ပြဿနာ=ကြီးပွားမှုရှိလျှင် ပျက်စီးမှု ရှိမည်။

မေးလျှောက်သူ=နတ်သားတပါး။

ယမန်နေ့က ကိုယ်စားလှယ် စေလွှတ်လိုက်သော နတ်သားသည် ဘုရားသခင်အထံတော်မှ ပြန်ရောက် လာပြီ ဖြစ်သောကြောင့် နတ်ပရိသတ်ကြီးသည် ရုတ်ရုတ်သဲသဲ အချို့ရောက်နေပြီး အချို့ လာနေဆဲ ဖြစ်လေသည်။

ကိုယ်စားလှယ် စေလွှတ် လိုက်ခြင်းမှာ မင်္ဂလာ ဟူသည် အဘယ်နည်း။ အဘယ်ကို မင်္ဂလာ ခေါ်သည်၊ မင်္ဂလာ သမုတ် အပ်သည် ဆိုချက်ကို နတ်တို့သည် အလေးအနက် ပြု၍ ကြံဆ လာခဲ့ကုန်သည်။ မချ။ သို့နှင့် တန္ခစ်မှသည် နှစ်နှစ်။ နှစ်နှစ်မှ သည် သုံးနှစ်၊ ဤသို့ စသည်ဖြင့် နှစ်နှင့် ချီ၍ မင်္ဂလာကို တွေးခေါ် ကြံဆလာခဲ့ရာ ဆယ့်နှစ်နှစ် တိုင်တိုင် အချိန်ကာလ ကြာညောင်းလာပြီ ဖြစ်သော်လည်း မင်္ဂလာ၏ အဓိပ္ပာယ်၊ မင်္ဂလာ၏ အနက်မှာ အရိပ်အမြွက် မျှပင် မထွက်လာသော ကြောင့် နတ်သဘင် အစည်းအဝေး ခေါ်ပြီးလျှင် ထိုအစည်း အဝေးမှ နတ်သား တယောက်ကို ကိုယ်စားလှယ်အဖြစ် ရွေး ကောက် တင်မြှောက်ကြပြီး မင်္ဂလာအကြောင်းကို မေးလျှောက်

ချေရန် ဘုရားသခင့် ထံတော်သို့ စေလွှတ် လိုက်ခြင်း ဖြစ်လေသည်။

ထို ကိုယ်စားလှယ် နတ်သားက ဘုရားသခင့်ထံမှ ကြားနာမှတ်သားခဲ့ရသော မင်္ဂလာတရား ၃၈ပါးကို စည်းဝေး ရောက်လာကုန်သော နတ် ပရိသတ်များအား တဆင့် ဖောက်သယ် ချကာ ပြောပြလျှင် နတ် ဗြဟ္မာ အပေါင်းတို့သည် များစွာ နှစ်ထောင်းအားရ ဖြစ်ကုန်လေ၏။

ဗုဒ္ဓဘုရား ဟောကြားတော် မူလိုက်သော မင်္ဂလာ တရား ၃၈ ပါးသည် ယဉ်ကျေးမှု အခြေခံ ကြီးပွားကြောင်း တရား များဖြစ်၍ အနှစ်သာရ ပြည့်ဝ လှပါပေသည်။ ဤမင်္ဂလာ တရားငါးတို့ကား စင်စစ် ပြုလုပ်အပ်၊ ဆောင်ရွက်အပ်သောအရာ များသာ ဖြစ်ကုန်၏။ ဆောင်အပ်သောအရာ ရှိခဲ့သော်ရှောင် အပ်သောအရာလည်း ရှိပေရာသည်။ ကြီးပွားကြောင်း ရှိခဲ့သော် ဆုတ်ယုတ်ကြောင်း၊ ပျက်စီးကြောင်း တရားမျိုးလည်း ရှိပေရာသည်။ ယင်းပျက်စီး ဆုတ်ယုတ်ကြောင်း တရားမျိုးကိုလည်း သိနားလည် ထိုက်ပေသည်။ ယင်းသည့် ရှောင်ကြဉ်ရန် အချက် အလက်များကို သိနားလည် ထားလျှင်လည်း လူ၊နတ်၊ဗြဟ္မာတို့ အတွက် များစွာ အကျိုး သက်ရောက်လာနိုင်စရာ အကြောင်း ရှိသဖြင့် ထို အချက် အလက် များကိုလည်း ဘုရား သခင့်ထံ မေးမြန်း လျှောက်ထား သင့်ပါသည်။

နတ်ပရိသတ်ထည်းမှ နတ်သားတယောက်ကထ၍ အကြံပေး တိုက်တွန်း လိုက်၏။ အဆိုပြု လိုက်၏။ ထို အဆို ပြုချက်ကို နတ်သဘင် အစည်းအဝေးကြီးက ချွင်းချက်မရှိ လက်ခံလိုက်

ကြကုန်ပြီးနောက် ဘုရားသခင့်ထံ ဧလေတ်ရန်အတွက် ကိုယ်စားလှယ်တဦးကို ရွေးကြပြန်လေသည်။

မင်္ဂလာတရားကို ကြားနာခဲ့ပြီး၍ (၂)ရက် မြောက်သော နေ့၌ ဖြစ်၏။ နတ်သဘင် အစည်းအဝေးကရွေး၍ မေးလျှောက်ရန် ကိုယ်စားလှယ် တင်မြောက်လိုက်သော နတ်သားမှာ ယခင် နတ်သားပင် ဖြစ်နေသည်။ ဘုရားသခင့်ထံ ရောက်ဘူးခြင်း၊ ဘုရားသခင်အား လိုအပ်ချက်မျှားကို ကျေကျေ လည်လည် လိပ်ပတ်လည်အောင် လျှောက်ထား မေးမြန်း နိုင်စွမ်း ရှိခြင်း တို့ကို ထောက်၍ ဆိုနတ်သားကိုပင် ကိုယ်စားလှယ် အဖြစ် ထပ်မံ အာဘည်ပြု ရွေးချယ် လိုက်ကြပြီးလျှင် ထိုနတ်သားကို ရွှေတန်းမှ တင်၍ နတ်ပြဟ္မာ အမျှားတို့သည် ဘုရားသခင်ထံသို့ ချဉ်းကပ် လာကြပြန်ကုန်၏။

ထိုအချိန်၌ အစိန္ဒေယျ၊ သုံးလောက ထုတ်ထား၊ ဘုရားမြတ်စွာသည် ဇေတဝန် ကျောင်းဘော်၌ပင် သီတင်းသုံး နေထိုင်တော်မူလျက်ပင် ရှိနေ ပေသေး သောကြောင့် မျှားစွာသော နတ် ပြဟ္မာတို့သည် ကိုယ်စားလှယ် နတ်သားကို ရွှေမှ ထား၍ အကာလ ညအခါတွင် တိတ်တဆိတ် ဘုရားသခင့်ထံ ဝင်ရောက်ဖူးမြော်ကြကုန်ပြီးသော် ဆုတ်ယုတ် ပျက်စီးကြောင်း တရားမျှားကို အဆိုပါကိုယ်စားလှယ်နတ်သားက အောက်ပါအတိုင်း မေးမြန်း လျှောက်ထားလေ၏။

ငမေး။ မြတ်စွာဘုရား၊ ကြီးပွားကြောင်း မင်္ဂလာ တရားတော်ကို အရှင်ဘုရားထံမှ ကြားနာမှတ်သား ရပါသဖြင့် နတ်၊ ပြဟ္မာအပေါင်းတို့ မျှားစွာ နှစ်ဆောင်း အားရခြင်း ဖြစ်ကြရပါကုန်သည်ဘုရား။ ယခုဘဖန် တပည့်တော်မျှား ရောက်လာ

ကြရ ပြန်ခြင်းမှာ နှတ် ငြဟ္မာ တို့၏ ဆန္ဒအရ ဖြစ်ပါသည်။ ကြီးပွားကြောင်း မင်္ဂလာတရားကို သိကြရသည့် နည်းတူ ပျက်စီး ဆုတ်ယုတ်ကြောင်း တရား ကိုလည်း နှတ် ငြဟ္မာ အပေါင်းတို့က များစွာ မြွေလှုံ့ဆော်တလျက် ရှိနေကြပါသည်။ အို ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၊ ပျက်စီး ဆုတ်ယုတ်ကြောင်း သဘောတရား များကား အဘယ်အရာ ပါနည်း ဘုရား။ နှတ် ငြဟ္မာ အပေါင်းတို့၏ ကိုယ်စား လျှောက် ထားရခြင်းဖြစ်ပါသည်။ ဟောကြားတော်မူပါဘုရား။

ဖြေ။ အို ဒါယကာနှတ်သား၊ အကြင်သူသည် ဝမ်းတွင်း ခာတ်ခံ၊ ပဋိသန္ဓေဉာဏ် ရင့်သန်၍ သိလွယ်၊ မြင်လွယ်၊ အမြင် ကျယ်၏။ ထိုသူသည် ကြီးပွားတတ်သည်၊ ချမ်းသာတတ်သည်။ အို ဒါယကာနှတ်သား၊ အကြင်သူ၌ ပင်ကိုယ်ခာတ်ခံ ရင့်သန် သောပဋိသန္ဓေ မရှိ။ အသိကျဉ်း၊ အမြင်ကျဉ်း၏။ ထိုသူသည် ဆုတ်ယုတ်တတ်၊ ပျက်စီးတတ်ပေသည်။

အို နှတ်သား၊ နာဦးလော့။ အကြင်သူသည် အမှုန်တရား ကို လိုလား၏။ နှစ်ခြိုက်၏။ ထိုသူသည် ကြီးပွားတတ်သည်၊ ချမ်းသာတတ်သည်။ အကြင်သူကား အမှုန်တရားကို မလိုလား၊ သဘောမှုန် အကြောင်းမှုန်ကို နှစ်ခြိုက်ခြင်း မရှိ ဖြစ်ဘိ၏။ ထိုသူသည် ပျက်စီးတတ်၊ ဆုတ်ယုတ်တတ်ပေသည်။

မေး။ မြတ်စွာဘုရား၊ ဘစ်အချက် အနေအထားဖြင့် ဆုတ်ယုတ် ပျက်စီးကြောင်း တရားကို ကြားနာ မှတ်သား၍ ရပါပြီ။ ဒုတိယမြောက် ပျက်စီးကြောင်း တရားကို ကြားနာ မှတ်သားလိုပါ ကုန်သေးသည်။ ဟောကြားတော်မူပါရန် နှတ် ငြဟ္မာများကိုယ်စား တပည့်တော် ဘောင်းပန်ပါသည်ဘုရား။

ဖြေ။ အို နတ်သား၊ နာလော့၊ ငါ ဟောကြား ပေအံ့။ အကြင်သူသည် သူတော် မဟုတ်၊ ယုတ်မာသော အကျင့်ဆိုး၊ ညာဉ်ဆိုးရှိသူအား နှစ်နှစ်ကာကာ ချစ်ခင်တတ်၏။ စိတ်နေသဘော ဒုစရိုက် ဆူပြောသူအား အထင်ကြီးတတ်၊ မြတ်နိုး၊ ကိုးစားတတ်၏။သူတော်စင် ပုဂ္ဂိုလ်မျိုးဌ ချစ်ခင်မှု၊မြတ်နိုးမှုကို သူ မပြု၊ ဒုစရိုက် တရားကို လိုလားစွာ နှစ်ခြိုက်နေ၏။ ထိုသို့သော သဘောဆိုး၊ ညာဉ်ဆိုး၊ ဝသီဆိုး၊ အကျင့်ဆိုး ရှိနေသူသည် ပျက်စီးတတ်၊ ဆုတ်ယုတ်တတ်ပေသည်။

မေး။ အို မြတ်စွာ ဘုရား၊ ကြားနာရသော ဓမ္မသည် အနှစ်သာရ ပြည့်ဝလှပါသဖြင့် မျှားစွာ ရွှင်ပျခြင်း ဖြစ်ရပါကုန်၏။ တတိယမြောက် ပျက်စီးကြောင်း တရားကား အဘယ်ပါနည်း။ ၎င်းကို ဆက်လက် ဟောကြားတော်မူပါဦး ဘုရား။

ဖြေ။ အို ဒါယကာနတ်သား၊ ငါ ဟောပေအံ့၊ နာဦးလော့။ အကြင်သူသည် အအိပ်အနေများ၏။ ပဲ့လမ်းသဘင် လိုက်စား၍ အပျော် အားကြီး၏။ နိုးကြားထကြွမှု မရှိ၊ ပျင်းရိ၏၊ ဒေါသခက်ထန်၏။ ထိုသူ၏ ထိုအပြုအမူမျိုးကား ပျက်စီးကြောင်း၊ ဆုတ်ယုတ်ကြောင်းများ ဖြစ်ပေသည်။

မှတ်ချက်။ ။နတ်သားက ပျက်စီးကြောင်းတရားကိုသာ မေးမြန်းလျှောက် ထားသည်။ သို့သော် ပျက်စီးကြောင်းရှိက ၎င်း၏ ဆန့်ကျင်ဘက် ကြီးပွားကြောင်းလည်း ရှိကြောင်းကို ပြလို၍ မြတ်စွာဘုရားက ကြီးပွားကြောင်းကိုပါ ထည့်၍ ဟောတော်မူ၏။

မေး။ အို မြတ်စွာဘုရား၊နှစ်ထောင်းအားရ ဝမ်းမြောက်လှုပါကုန်၏။ ဆက်လက်၍ စတုတ္ထ ပျက်စီးကြောင်းကို ဟော တော်မူပါဦး ဘုရား။ ၎င်းကား အဘယ်ပါနည်း။

ဖြေ။ အို နတ်သား၊အကြင်သူသည် စွမ်းအားရှိပါလျက် အိုမင်းမစွမ်း ဖြစ်နေသော မိအို ဖအို များကို လုပ်ကျွေးခြင်း မရှိ၊ အလေး မပြု၊ ဂရု မစိုက်၊ ရှိသေကိုင်းရှိုင်းမှု မပြု။ထိုသူ၏ ထိုသည့်အပြုအမူမျိုးကား ပျက်စီးကြောင်း စင်စစ် ဖြစ်ပေသည်။

မေး။ နှစ်ခထောင်းအားရ အလွန်ဝမ်းမြောက်လှကြောင်း ပါ ဘုရား။ အို မြတ်စွာဘုရား၊ ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ် ကြောင်းတရားကို ဆက်၍ ကြားနာ မှတ်သားလိုပါ၏။ ဟော တော်မူရန် တောင်းပန် ပါသည်။ ၎င်းကား အဘယ်ပါနည်း ဘုရား။

ဖြေ။ အို နတ်သား၊ အကြင်သူသည် ပုဏ္ဏားများကိုဂုဏ်း၊ ရဟန်းသံဃာတော်များကိုဂုဏ်း၊ အထီးကျန် ထောင်းရမ်းစား သောက်သူများကိုဂုဏ်း လှူဒါန်းပါမည်၊ ပေးကမ်းစွန့်ကြဲပါမည် ဟူ၍ ဝန်ခံပြီးမှ ရောက်လာသောအခါ၌ လှူဒါန်းခြင်း မပြု၊ ပေးကမ်းခြင်း မပြုဘဲနေခြင်းဖြင့် လှည့်စား၏။ လှူယောင်ယောင် ပေးကမ်းယောင်ယောင်ဆို၍ မလှူ။ မပေးလေဘဲ ပြက်ရယ်ပြု၏။ ထိုသူ၏ ထိုကဲ့သို့သော အပြုအမူမျိုးသည် ပျက်စီးရာ ပျက်စီး ကြောင်း ဖြစ်ပေသည်။

မေး။ ဝမ်းမြောက် ဘွယ်ရာ မှတ်သား နာယူကြ ရပါပြီ ဘုရား။ အို မြတ်စွာ ဘုရား၊ ဆဋ္ဌမမြောက် ပျက်စီးကြောင်း တရား ကိုလည်း ကြားနာ မှတ်သား လိုပါသေးသည်။ ၎င်းကား အဘယ်ပါနည်း။ ဆက်၍ ဟောကြားတော်မူပါဦး ဘုရား။

ဖြေ။ အို နတ်သား၊ အကြင်သူသည် ကျိုကျို တက်မျှ ချမ်းသာပါလျက်၊ သုံးစွဲစရာ ရဘန်ဒရှေ့ငွေ ကြွယ်ဝပါလျက်၊ အစားအစာ ပေါများပါလျက် သူတပါးအား ဝေမျှ ပေးကမ်း ခြင်း မပြု။ တကိုယ်ကောင်း ဆန်ဆန် ကိုယ်ချည်းသာ ကြိတ်၍ စားသောက်၏။ ထိုသူ၏ ထိုကဲ့သို့ တကိုယ်ကောင်း ဆန်သော အပြုအမူမျိုးကား ပျက်စီးကြောင်းတရား ဖြစ်ပေသည်။

မေး။ ကြားနာ မှတ်သားရပါပြီ။ အို မြတ်စွာဘုရား၊ သတ္တမမြောက် ပျက်စီးရာပျက်စီးကြောင်း တရားကို မှတ်သား နာယူလိုပါ သေး၏။ ၎င်းကား အဘယ်ပါနည်း။ ဆက်၍ ဟောကြားတော်မူပါဦး ဘုရား။

ဖြေ။ အို နတ်သား၊ အကြင်သူသည် အခြား သူများ အပေါ်၌ "ငါနှင့် မတူမတန်" ဟူ၍ ဇာတိမာန်တက်၍ ခက် ထန်၏။ "ငါ့လောက် ပစ္စည်းမရှိ" ဟူ၍ ဓနဂုဏ် မောက်၏။ ငါ့အမျိုး၊ ငါ့အနွယ်သာ မြတ်သည်ဟူ၍ အမျိုးမာန် ဝင့်၏။ ယုတ်စွအဆုံး ကိုယ့်မွေးချင်းဖော်၊ကိုယ်နှင့် သွေးသား တော်စပ် သူများကိုပင်လျှင် အထင်သေး၏။ မထီမဲ့မြင် ပြုမူဆက်ဆံ၏။ ထိုသူ၏ ထိုကဲ့သို့သော မာန ထောင်လွှားမှု၊ သူတပါးအား အထင်သေးမှုမျိုးသည် ပျက်စီးကြောင်း တရားများပင် ဖြစ် ပေသည်။

မေး။ ကြားနာ မှတ်သားကြရသဖြင့် အထူး နှစ်သိမ့် ဝမ်းမြောက်လှပါကုန်သည် ဘုရား။ အို မြတ်စွာဘုရား၊ ရှစ်ခု မြောက် ပျက်စီးကြောင်း တရားကား အဘယ်ပါနည်း။ နာခံ မှတ်သာ လိုပါသေးသည်။ ဆက်၍ ဟောတော်မူပါဦးဘုရား။

ဖြေ။ အို နတ်သား၊ အကြင်သူသည် အလှန် အကဲ့မိန်းမ လိုက်စား၏၊ အလှနဲအကဲ့ အရက်သေစာ သောက်စားယစ်မူး၏၊ အလောင်းအစား၊ အပျော်အပါး အားကြီး၏၊ ရသမျှပစ္စည်းကို တနည်းနည်းဖြင့် ဖုန်းတီး နေ၏။ ထိုသူ၏ ထိုကဲ့သို့သော အလှန်အကဲ့ အပြုအမူမျိုးသည် ပျက်စီးကြောင်း၊ ဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

မေး။ များစွာ မှတ်သားဘွယ်ပါ ဘုရား။ အို မြတ်စွာဘုရား၊ ထပ်မံလျှောက်လိုပါသေး၏။ ခွင့်ပြုတော်မူပါ။ ကိုးခုမြောက် ပျက်စီးကြောင်းတရားများ ရှိပါသေးသလော။ ရှိလျှင်ငဲ့ကား အဘယ်ပါနည်း။ ဆက်လက် ကြားနာပါရစေပါဘုရား။

ဖြေ။ အို နတ်သား၊ အကြင် သူသည် မိမိ မယားနှင့် ရောင့်ရဲခြင်း မရှိလေဘဲ ပြည့်တန်ဆာမများနှင့် ပျော်ပါး၏။ သူတပါး၏ မယားကို သွားလာလှန်ကျူး၏။ ထိုသူ၏ ထိုကဲ့သို့ ဖောက်ပြန် ကျူးလွန်၍ ကျင့်သော အမူအကျင့် များသည် ပျက်စီးဆုတ်ယုတ်ခြင်း၏ အကြောင်းပင် ဖြစ်ပေသည်။

မေး။ အို မြတ်စွာဘုရား၊ ကြားနာ မှတ်သား ကြရပါကုန်ပြီ။ ထပ်မံလျှောက်ထား ပါရစေ။ ဆယ်ခုမြောက် ပျက်စီးခြင်း၏ အကြောင်းကားအဘယ်ပါနည်း။ ဆက်လက်ဟောကြားတော်မူပါဦး။

ဖြေ။ အို နတ်သား၊ အကြင်သူသည် ဇရာဒုဗ္ဗလ၊ အိုမင်းမစွမ်းရှိလျက်နှင့် နုပျိုသော သတ္တိသမီးကို လက်ထပ်၍ ယူ၏။ ယင်းသို့ ဇရာအို ဖြစ်လျက် ကညာဖျိုနှင့် လက်ထပ်ခြင်းသည်

မိမိ၏ ဇနီးအား သူတပါးနှင့် စိတ်မချခြင်းသည်တို့က နှိပ်စက်အပ်လာရကား ပျက်စီးခြင်း၏ အကြောင်း တရားပင် ဖြစ်ပေသည်။

မေး။ အို မြတ်စွာဘုရား၊ ကြားနာမှတ်သားကြရပါကုန်ပြီ။ ထပ်မံ လျှောက်ထားလိုပါသေး၏။ ခွင့်ပြုတော်မူပါ။ ဆယ့်တခုမြောက် ပျက်စီးခြင်း၏ အကြောင်းတရားကား အဘယ်ပါနည်း။

ဖြေ။ အို နတ်သား၊ အကြင်သူသည် အဝတ်အစားဥစ္စာ လော်လီသော မိန်းမ၊ အိမ်ထောင်ထိန်းသိမ်းမှု၊ အုပ်ချုပ်မှုကို နားမလည် မကျွမ်းကျင်သော မိန်းမကိုလည်းကောင်း၊ ထို့နှင့် အလားတူ အုပ်ချုပ်မှု မကျွမ်းကျင်သော ယောကျ်ားမျိုးကိုလည်းကောင်း အကြီးအကဲ "ဘဏ္ဍာစိုး"အဖြစ် လွှဲအပ်ထား၏။ ထိုသူ၏ ထိုကဲ့သို့သော လော်မာသူ၊ အုပ်ချုပ်မှု မကျွမ်းကျင်သူများအား တာဝန်ပေး လွှဲအပ်ထားခြင်းသည် ပျက်စီးခြင်း၏ အကြောင်းပင် ဖြစ်ပေသည်။

မေး။ အို မြတ်စွာဘုရား၊ ဝမ်းမြောက်စွာ နာခံမှတ်သားကြရပါပြီ။ တောင်းပန်ပါရစေ၊ ဆယ့်နှစ်ခုမြောက် ပျက်စီးခြင်း၏ အကြောင်းကို ဟောကြားတော်မူပါဦး။ ၎င်းကား အဘယ်ပါနည်း ဘုရား။

ဖြေ။ အို နတ်သား၊ အကြင်သူသည် ပစ္စည်းဥစ္စာ မရှိ။ ကျေးမွဲလူတန်းစားဖြင်လျက် တဏှာကြီး၏။ မင်းမျိုးဌာဖြင်လို၏၊ ဘုရင့်အဖြင်ကို မျှော်မှန်း တောင့်တခြင်းသည် ပျက်စီးခြင်း၏ အကြောင်းပင် ဖြစ်ပေသည်။

ထိုအခါကိုယ်စားလှယ် နတ်သားက စဉ်းစား၏။ ငါဆက်၍ မေးလျှောက်ခြင်း ပြုခဲ့ကာ မြတ်ဘုရားသည် ဖြေဆိုတော်မူလေမည်သာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် ဖြေဆိုဟောကြားလေသမျှသည် ပျက်စီးကြောင်းသာထင်ပြီး ကြီးပွားကြောင်း မထင်။ မေးလျှောက်ခြင်းဖြင့် ဘုရားသခင်အား ပန်းလျှအောင်လုပ်ရာ ကျပေမည်။ ငါဆက်၍ မေးလျှောက်ရန် မသင့်တော့ဟူ၍ စဉ်းစားက၌ မည်သို့မျှ နောက်ထပ် မလျှောက်တော့ဘဲ ဆိတ်ဆိတ်သာ နေလေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားကသိ၍ နိဂုံးချုပ် မိန့်တော်မူသည်ကား-

အို နတ်သား၊ အကြင်သူသည် ငါဟောကြားအပ်ပြီးသော ပျက်စီးကြောင်း "ပရာဘဝတရား" တို့ကို ဆင်ခြင် သုံးသပ်၍ လိုက်နာ ကျင့်သုံးမှုကို ပြု၏။ ထိုသူသည် အာသီဉာဏ် ရင့်သန်ဖုံဖြိုးသူ မည်၏။ မှန်မြတ်သူ ဖြစ်၏။ အမှန်တရားကို မြင်တတ်သော အာသီရှင်၊ ဉာဏ်ရှင် ဖြစ်၏။ မိမိ၏ ဘဝလောကကို ချမ်းသာရာသို့ ပို့ဆောင် ချဉ်းကပ်စေ၏။ ပျက်စီး ဆုတ်ယုတ်ခြင်းမည်သည် မဖြစ်။ ကြီးပွားခြင်းသာလျှင် စင်စစ် ဖြစ်သတည်း။

(သုတ္တနိပါတ်ပါဠိတော်)

ဓမ္မပဒဋ္ဌကထာ

ဒေါသထွက်ခြင်း ဘေကြောင်းရင်း

ပြဿနာ=စဲ့လမ်း၊စိတ်ဆိုး၊ကြောက်သီး၏။

မေးလျှောက်သူ=သုစိလောမဘီလူး။

မြတ်စွာဘုရားသည် တစ္ဆေခြောက်လှန့်ကြောက်စေတော်မူသလော၊ သရဲ၊သဘက်၊ ရက္ခိုက်ဘီလူးတို့ ခြောက်လှန့် ကြောက်စေတော်မူသလော၊ထို့တစ္ဆေ၊သရဲ၊သဘက် စသော နာနာဘာဝအကောင်များတို့သည် မြတ်ဘုရားအား ခြောက်နှိုင်ကြ ကုန်သလော့ဟု မေးဘွယ် ရှိပေသည်။

အဖြေမှာ မြတ်စွာဘုရားအား သရဲ၊တစ္ဆေ စသည်တို့သည် ခြောက်နှိုင်ကုန်၏။ ဘုရားသခင် ကိုယ်တော်တိုင် ဘီလူး၏ ခြောက်လှန့်ခြင်းကို ခံခဲ့ရဘူးလေသည်။

ထို့စကားမှန်ပါသည်။ မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၊ မဟာဗောဓိပင်ပင်အနီး၌ ဂယာအမည်ရှိသော ရွာကြီးတရွာ ရှိ၏။ ရွာဆိုသော်လည်း မြို့တမျှပင် စည်ကားဝေဆာ အလွန်သာယာသော ရွာကြီးဖြစ်လေသည်။

ရွာတံခါးအထွက် ရွာပြင်ဘက်၌ တရွာလုံးက စွန့်ပစ်ထားသော အမှိုက်ပုံကြီးရှိ၏။ ခွေးသေကောင်ပုပ်စသော ခွံစဘွယ် အနိဋ္ဌာရုံတို့ စုပုံရာ ဖြင်သောကြောင့် ယင်တလျောင်းလျောင်း၊

အပျင်နှံတော့ တထောင်းထောင်း နှံစော်လွန်းရကား ထိုအမျိုက်ပုံနားသူ့ရောဏ်သောအခါ လူတို့သည် နှာခေါင်းကိုပိတ်၍ သွားကြရကုန်၏။

ထိုဘမျိုက်ပုံကြီးဌ ကြီးစွာသော သစ်ပင်ကြီးတပင်ရှိ၏။ ထိုသစ်ပင်ကိုဗိမာန်ပြု၍ သုစိလောမ၊ ခရလောမ အမည်ရသော ဘီလူးနှစ်ယောက်နေထိုင်ကြလေဘည်။ထိုဘီလူးနှစ်ယောက်ကား ချစ်စွာသောသူငယ်ချင်းများဖြစ်ကြ၏။အပ်သွားကဲ့သို့ ချွန်ထက်သောအမွေးများ တကိုယ်လုံးပေါက်ရောက်နေသည်ကို အံ့စဲပြု၍ တယောက်သော ဘီလူး၏ အမည်မှာ သုစိလောမဟု တွင်၏။ တယောက်မူကား ဖွတ်ကျောကုန်း၊မီကျောင်းကျောကုန်းအလား ကြမ်းခက်ထရော်သောအမွေးရှိသောကြောင့် ခရလောမဟု တွင်သတည်း။

တခါသဌ္ဌ မြတ်စွာဘုရားသည် ထိုဘီလူးများ နေထိုင်ရာအမျိုက်ပုံသို့ကြွ၍ ယင်တလျောင်းလျောင်း မြင်မကောင်းသော အမျိုက်ပုံထက်ဌ ထိုင်တော်မူလာသည်ကို ခရလောမ ဘီလူးကမြင်၍ သူငယ်ချင်း သုစိလောမ ဘီလူးကို လက်ညှိုးထိုး၍ ပြောပြ၏။

"သူငယ်ချင်း၊ဟိုမှာ ရဟန်းတပါး လှကလှပါဘိသနဲ့။ သင့်ဗိမာန်ပေါ်မှာ လာထိုင်နေချေသည်၊သင် မမြင်သလော့။"

"ဩ ဟုတ်ပေစွ သူငယ်ချင်း၊ ဤရဟန်းကား ရဟန်းတုရဟန်းယောင်တကား။ငါတို့၏တန်ခိုးစွမ်းအားကို မသိရှာ၍သာဝင်လာခြင်း ဖြစ်ဘိ၏။ သိအောင် ငါအစွမ်းပြလိုက်အံ့။"

ထိုသို့ပြောဆိုပြီးနောက် သုစိလောမဘီလူးသည် ဘုရားကိုကြောက်အောင် အမျိုးမျိုးအဖုံဖုံ ချောက်ပြ လေ၏။ သစ်

ပင်တမျှ ကြီးမားသော ခန္ဓာကိုယ်ကြီးကို ဖန်ဆင်း၍ ချောက် သည်။ စား၀ါးတော့မယောင် ပါးစပ်ကြီးကို တဟာဟလုပ်ပြ သည်။ သပိတ်လုံးခန့်ရှိသော မျက်လုံးကြီးဖြင့် ပွူးပြဲပြဲလုပ်ပြ၍ လှန့်သည်။ လျှာကြီးကို အလိပ်လိုက် အောက်သို့ ထုတ်ချ၍ တရှဲရှဲ လှုပ်ပြသည်။ အစူးထက်စွာ အမွေးရှိသော ကိုယ်လုံးကြီး ဖြင့် ဘုရား သခင်အား ပစ်တိုက်လိုက်ဟန် ပြုသည်။ ဤသို့ စသည်ဖြင့် ကြောက်လောက်အောင် အမျိုးမျိုး ချောက်ပြသော် လည်း အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိသည်အဆုံး၌ ဘုရား အနားသို့ ချဉ်းကပ်၍ မေးလေ၏။

မေး။ အို ရဟန်း၊ သင် ငါ့ကို မကြောက်သလော့။

ဖြေ။ အချင်း သုစိလောမ၊ ငါကား သင့်ကိုမကြောက်။ သင်၏ ကိုယ်အင်္ဂတ္တသည် အလွန်လျှင် ကြမ်းတမ်း ယုတ်မာလှ စွာ၏။ စက်ဆုပ်ဘွယ် စွာသော မစင်ပုပ် ကဲ့သို့ဌင်း၊ ထက်စွာ သော သံဆူးကဲ့သို့ဌင်း ဖြစ်၍ ငါ၏ နှူးညံ့လှစွာသောကိုယ်ဖြင့် တွေ့ထိခြင်းငှာ မလျော်က်ပတ်သောကြောင့် ငါ ရှားတော် မူသည်။

ယင်းသို့ မိန့်တော်မူလိုက်သောအခါ ငါ့အား ဤသို့ဆိုရာ သလော့ဟု၍ ဘီလူးသည် ပြင်းစွာ အမျက်ထွက်လာပြီး ဆူဆူ ဖြိုသော မျက်နှာ၊ နက်ကြုတ်စွာသော ကိုယ်၊ စိမ်းညိုသော ခြေလက်၊ ပြူးပြူးထွက်သော မျက်လုံး၊ မီးတုံးကြီး ကဲ့သို့သော သွား၊ ရှည်လျားလှစွာသော လျှာတို့ဖြင့် ကြောက်မက်ဘွယ်ရာ သော ကိုယ်ကြီးကို ဖန်ဆင်းလျက် တဖန် ခချောက်ပြန်၏။ စား ၀ါးတော့မယောင်၊ ကိုယ်ဘစောင်းဖြင့် ပစ်တိုက်လိုက်တော့ မယောင် လုပ်ပြ၏။ မြတ်ဘုရားကား မတုန်လှုပ်။ ဘီလူး

လုပ်ပြလေသမျှ၊ ချောက်ပြလေသမျှကို ပြုံး၍သာ ကြည့်တော်မူနေ၏။

ဤနည်းအားဖြင့် ချောက်၍ မရလေသောအခါ ဘီလူးသည် မိမိ၏ တန်ခိုးအရှိန်ကို ပြန်၍ ရုပ်သိမ်းလိုက်ရပြီးလျှင် ဘုရားအပါးသို့ ချဉ်းကပ်၍ စကားဆိုလာပြန်၏။

"အို ရှင်ရဟန်း၊ သင်ကား တည်တံ့ပေစ့၊ ရင့်ကျက်သောဂုဏ်ရှိတော်လည်း ရှိပေစ့။ ထို့ကြောင့် ငါ ထင်၏။ သင်၏သန္တာန်၌ သတိပညာမျှားစ့ာတို့သည် အစိုင်အခဲဖြစ်၍ တည်နေကိန်းဝပ်လျက် ရှိနေလိမ့်မည်ဟု ငါတွေးမိ၏။ ငါ၏ အထင်နှစ့်အမြင် မှန် မမှန်၊ ကိုက်၏ မကိုက်၏ ထင်ရှားစိမ့်သောငှာ သင့်ကို ပုစ္ဆာတခု ထုတ်မေး၍ ငါစူးစမ်းလိုပေသည်။ အကယ်၍ ငါမေးသည်ကို သင် မဖြေဆိုနိုင်ခဲ့သော် သင့်စိတ်ကို လက်ဝါးထည်းထည့်၍ ဖျစ်ညှစ်ချေမှုပစ်အံ့။ သင့်နှလုံးသားကိုလည်း ငါခဲ့ပစ်အံ့။ သို့မဟုတ် သင့်ခြေနှစ်ချောင်းကိုကိုင်၍ သမုဒ္ဒရာထည်းကိုသော်လည်း ငါပစ်ချလိုက်အံ့"။

"အို သုစီလောမ၊ သင့်လို ဘီလူးမျှကို မဆိုထား ဘီ၊သုံးဆယ့်တဘုံအတွင်း မှီတင်းနေထိုင်ကြသော နဂ ား၊ ဂဠုန်၊ ဂုမ္ဘဏ်ရက္ခိုက်၊ သိကြား၊ ဗြဟ္မာ၊ အသူရာတို့တွင် ငါစိတ်နှလုံးကို ချေမှုန်းခြင်းငှာ စွမ်းနိုင်သူ တလူ တယောက်ကိုမျှ ငါမမြင်။ သို့ရာတွင် အို သုစီလောမ၊ သင်မေးလိုသော ပြဿနာကို မေးနိုင်ပေသည်။ ငါဖြေဆိုရန်အသင့် ရှိ၏။"

မြတ်စွာဘုရားသည် သုစီလောမဘီလူး၏မေးခွန်းကို လက်ခံတော်မူလိုက်၏။ ထိုအခါ ဘီလူးက ချက်ချင်းပင် ဘုရားအားမေးခွန်းထုတ်လိုက်လေပြီ။

မေး။ အို ရဟန်း၊ ငါ့ကိုယ်ခန္ဓာအစဉ်၌ရာဂသည်ရှင်း၊ ဒေါသ သည်ရှင်း ဖြစ်နေ၏။ ထိုသို့ ဖြစ်ခြင်းကား အဘယ် အကြောင်းကြောင့်ပါနည်း။

ဖြေ။ အို သုစီလောမ ဘီလူး၊ သင်တို့ သန္တာန်၌ ရာဂ၊ ဒေါသတို့ ဖြစ်နေခြင်းကား အခြားသော အကြောင်းကြောင့် မဟုတ်။ ဤခန္ဓာကိုယ် အတွင်ဘောတည်း ဟူသော အကြောင်း ကြောင့်သာလျှင် ဖြစ်၏။ အတွင်ဘော မရှိက ရာဂလည်း မဖြစ်။ ဒေါသလည်း မဖြစ်လေ။

မေး။ အို ရဟန်း၊ ငါတို့ ခန္ဓာအစဉ်၌ မမွေ့လျော်ခြင်း သည်ရှင်း၊ မွေ့လျော်ခြင်းသဘောသည်ရှင်း ဖြစ်ရ၏။ ထိုသို့ ဖြစ်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ အဘယ် မည်သော အကြောင်းကြောင့် မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းတို့ ဖြစ်ရပါကုန်သနည်း။

ဖြေ။ အို သုစီလောမ ဘီလူး၊ ဤသို့ မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းတို့ ဖြစ်ကြရသည်မှာလည်း အခြားကြောင့် မဟုတ်ကုန်။ သင်တို့၌ ဤခန္ဓာကိုယ် အတွင်ဘော မရှိမူကား အဘယ်မည်သော မွေ့လျော်ခြင်း၊ မမွေ့လျော်ခြင်းမှ ဖြစ်လာ မည် မဟုတ်။

မေး။ အို ရဟန်း၊ ကြောက်ဘွယ်အာရုံနှင့် ကြုံကြိုက်လာသောအခါ ကြက်သီးမွေးညှင်း ထခြင်းတို့သည် ဖြစ်လာကုန်၏။ အဘယ်မည်သော အကြောင်းကြောင့် ကြက်သီး မွေးညှင်း ထခြင်းများ ဖြစ်လာပါကုန်သနည်း။

ဖြေ။ အို ဘီလူး၊ ကြက်သီးမွေးညှင်း ထခြင်းသည်လည်း အတွင်ဘောမှတပါး အခြားအကြောင်းမရှိ။ အတွင်ဘောရှိသော

ကြောင့်သာ ဒေတ္တဘောကို မှီတွယ်၍ ကြက်သီး ထခြင်းတို့ ဖြစ်ကုန်သတည်း။

မေး။ အို ရဟန်း၊ ကလေး သူငယ် တို့သည် ကျီးငှက် တကောင်ကို ဖမ်းယူကြပြီး ကြိုး ရှည်ရှည်ဖြင့် ချည်နှောင်၍ စွန့်ထားကြကုန်၏။ ဤအတူ ထွေထူးဆန်းပြားစွာသော ဝိတက် တရားတို့သည် အဘယ်တရားမှ အကြောင်း ရှိသောကြောင့် ကုသိုလ်စိတ်ကို စွန့်ခွာကုန်ဘိသနည်း။

ဖြေ။ အို ဘိလူး၊ ကုမဂုဏ်၌ စိတ်ကူးယဉ်ပါးမှု=ကာမ ဝိတက်၊ စိုးရိမ်ကြောင့်ကြဘုယ်ကို တွေးခေါ်မှု=ဗျာပါဒဝိတက်၊ ညှဉ်းဆဲ သတ်ပုတ်ရန် ကြံစည်မှု=ဝိဟိံသဝိတက် တည်းဟူသော ဝိတက်တရား သုံးပါး တို့သည်လည်း ဤ ခန္ဓာကိုယ် တည်းဟူသော အတ္တဘော ရှိနေခြင်းကြောင့် သာလျှင် ကုသိုလ် စိတ်ကို စွန့်လွှတ်ကြကုန်၏။

အို သုစိဇလောမဘီလူး၊ နာလေ့။ သင်နား လည်စေခြင်းငှာ အကျယ် ပွား၍ ငါ ဟောကြား ပေဦးအံ့။ အို ဘီလူး၊ ဤစွဲလမ်းခြင်းဟူသော ရာဂ၊ အမျက်ထွက် စိတ်ဆိုးခြင်း ဟူသော ဒေါသ၊ မေ့လျော့ခြင်းဟူသောရတီ၊ မပျော်ခြင်းဟူသော အရတီ၊ ကြက်သီးမွေးညှင်း ထခြင်း ဟူသော လောမဟံသန၊ တွေးကြံခြင်းတည်း ဟူသော ဝိတက် တရား တို့ကား တဏှာ ဟူသော အစေးအညို ကြောင့် ဖြစ်ကုန်၏။ ပမာ ဆိုသော် သစ်မြစ်တို့သည် ညောင်ပင်ကြီးကို ပွားစီး စေကြကုန်ဘိသကဲ့သို့ ထို့အတူ အတ္တဘောကို စွဲ၍ သာလျှင် ထိုရာဂ စသည်တို့သည် ပွားစီးခြင်း ဖြစ်ကုန်၏။ ပင်စည် အခက်၊ အောက် ထက် လွှမ်းအုပ်၊ မြေးယှက်ချုပ်သော မာလောန္ဒယ် ကဲ့သို့ ကိလေ

၂၉၂ ○ ၅၌ကိုယ်တိုင်ဖြေကြားခဲ့ရသော

သာတို့သည် ကာမဝတ္ထုတို့၌ အရှုပ်ရှုပ်အထွေးထွေး၊ မြေးယုက်လွှမ်းမိုးကုန်၏။

အို ဘီလူး၊ သင် နားထောင်လေဦး။ အကြင် ပညာရှိသော သူတို့သည် အတ္တဘောတည်းဟူသော အကြောင်းရင်းရှိသော ထိုရာဂ ဒေါသရှိသော ဒုက္ခသစ္စာကို သိကြကုန်၏။ ထိုသူတို့ကား ထို ဒုက္ခဖြစ်ခြင်း၏ အကြောင်း ရေသောက်မြစ် ဖြစ်သော သမုဒယသစ္စာကို ဖျောက်ပယ်ကြကုန်၏။ သမုဒယကို ပယ်ပြီးသော ထိုသူတို့သည် ကူးရန် အလွန်ခက်ခဲလှစွာသော၊ တခါတခေါက်မျှ မကူးမြောက်ဘူးသေးဆော သံသရာ သြဃကို ကူးမြောက်ကြရကုန်၏။ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မည်သည် မရှိတော့ချေ။

သုစိလောမ၊ ခရသောမ ဘီလူး နှစ်ယောက် တို့သည် ဤတရားကို ကြားနာရပြီးသည့် အဆုံး၌ မာန်ချ၍ ပုဒ္ဓ၏ သြဝါဒကို ခံယူကြလေကုန်၏။ ထိုအခါ အစွယ်တော့ကျော်၍ ကြမ်းတမ်းသောအမှုးတို့ ပျောက်ကွယ်ကာ ဘုမ္မစိုးနတ်မျှား အလား၊ လှပသော နတ်သားကြီးမျှား ဖြစ်လာကြလေသတည်း။

(သင်္ဂါနိပါတ်။ သဂါထာဝဂ်သံယုတ်ပါဠိတော်။ ယက္ခသုတ်)

အာရှင်မောဂ္ဂလာန်၏ တန်ခိုးတော်

ပြဿနာ=အငတ်ပြဿနာ ဖြေရှင်းရေး။

မေးလျှောက်သူ=အရှင်မောဂ္ဂလာန်။

ဘုရား၊ ရဟန္တာ၊ သံဃာတော်များသည် ပရူပဇီဝိ သူတပါးကို မှီ၍ အသက်မွေးကြရသူများဖြစ်သောကြောင့် ဆွမ်းဒါယကာတို့ငတ်လျှင် သံဃာတော်များလည်း ငတ်လေတော့သည်။

သုံးလူထွတ်ထား၊ သဗ္ဗညု မြတ်စွာဘုရားကိုယ်တော်သည် ပင်လျှင် ဒုဿီကဉ္ဇန်ရကပ်၊ အငတ်ပြဿနာနှင့် ရင်ဆိုင်တော်မူခဲ့ရဘူး၏။

ဝေရဉ္ဇာပြည်၌ ဖြစ်၏။ သံဃာတော် ငါးရာနှင့် ဝါကပ်လာတော်မူသောနှစ်တွင်မူ ဝေရဉ္ဇာပြည်၌ မကြုံစဘူး ထူးထူးခြားခြား မိုးခေါင်ရေရှားကာ အငတ်ပြဿနာ ကပ်ဆိုးကြီး ဆိုက်ရောက်လာသောကြောင့် လူတို့သည် အတိဒုက္ခရောက်ကုန်လေ၏။ သံဃာတော်များလည်း ဆွမ်းခံ၍ မရ ဖြစ်ကုန်လေ၏။

ကံအားလျော်စွာ၊ ဘုရားသခင် နှင့် သံဃာတော်များ ဝါကပ်တော်မူသော ကျောင်းတိုက်ကြီးအနီးသို့ မြင်းကုန်သည် ငါးရာတို့ ရောက်လာကြသည်။ သစ်ခက်တဲထိုး၍ စတဲချလာ

ကြလေရာ သံဃာတော်များသည် ဝေရဉ္ဇာမြို့တွင်း၌ ဆုမ်းခံ၍ မရကြသဖြင့် အဆိုပါ မြင်းတဲသို့ဝင်၍ ဆုမ်းခံကြသောအခါ မြင်းကုန်သည်တို့သည် လူစရာ အထူးမရှိသဖြင့် မြင်းစာအလို၌ ယူဆောင်ခဲ့ကြကုန်သော မုဆယာ ဆန်ကြမ်းများကို သံဃာတပါးလျှင် တစလယ်စီ လှူဒါန်းလိုက်ကြကုန်၏။

သံဃာတို့သည် ထိုဆန်ကြမ်းကို ဆုံငယ်တွင် ထည့်ကာ ထောင်း၍ စားနေကြရရှာသည်။ အရှင် အာနန္ဒာသည် ဘုရားသခင့်အတွက် ဝေပုံကျရရှိသော ဆန်ကြမ်း တစလယ်ကို ကျောက်ပြင်တွင် ကြိတ်၍ ချက်ပြီးလျှင် ဘုရားသခင်အား ဆက်ကပ် လှူဒါန်းရှာသည်။

ထိုသံဃာ ပရိသတ်ထည်း၌ တန်ခိုးကြီးသော အရာတွင် ပြိုင်ဘက်ကင်းပ "စေတဒင်ဘွဲထူးကြီး"ကို ရရှိထားသော အရှင် မောဂ္ဂလာန်ကိုယ်တော်ကြီးလည်း ပါလာသည်။

အရှင်မောဂ္ဂလာန်သည် ဘုရားသခင်နှင့်တကွ သံဃာတော် အားလုံး ဆုမ်းအတွက် အခက်အခဲကြုံပြီး ငတ်ပြတ်နေတော်မူရှာပုံကို မြင်ရသောအခါ များစွာ စိတ်နှလုံး ထိခိုက်ဘော်မူလာဟန်တူပေ၏။ "ငါသို့သော တပည့်ကောင်းတယောက် ရှိပါလျက်နှင့် မြတ်ဘုရားအာမူးရှိသော သံဃာတော်များ အစာအတွက် သို့စင်မျှလောက် ဒုက္ခရောက်ခြင်းငှာ မသင့်။ ငါတန်ခိုးဖြင့် ငါရှာကျွေးအံ့" ဤသို့ကြုံပြီးလျှင် မြတ်စွာဘုရားအား ဤသို့ ခွင့်ပန်လျှောက်ထားလေသည်။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ဤ ဝေဏ္ဍာပြည်သားတို့ကား ရှားပါး ငတ်မွတ်ခြင်း ပြင်းပြ လှပါကုန်သည်၊ သေရအံ့လော၊ ရှင်အံ့လောဟု တွေးတောခြင်း နှလုံး

ဖြင့် ယူကျုံးမရ ဖြစ်နေကြပါသည်။ အရိုးဖွေးဖွေးမျှ သေကြေပျက်စီးလျက် ရှိနေကြပါကုန်သည်။ သံဃာတော် တို့လည်း ဆွမ်းအတွက် လှန်စွာ ပင်ပန်းလျက် ရှိနေကြပါကုန်သည်။ဤသို့ မရှုမလှ အတိဒုက္ခရောက်နေကြသည်ကို အကြောင်းပြု၍ တပည့်တော်၌ အကြံတခု ဖြစ်ပေါ်လာပါ၏။ ထိုအကြံမှာ ဤမဟာပထဝီမြေကြီးအောက်၊ ကျောက်မြေ၏အထက်၌ ပျားလတို့ပမာ ဃနာစိုင်အသွင် သန့်ရှင်းကောင်းမြတ်စွာ အရသာနှင့် ပြည့်စုံသော မြေဆီမြေလွှာ မြေသြဇာများ ရှိပါ၏။ ထိုမြေလွှာကို ယူ၍ လူ၊ ရဟန်းတို့အား ကျွေးမွေးရပါမူ ချမ်းသာကြရာပါသည်။ အကယ်၍ တပည့်တော်အား ခွင့်ပြုတော်မူပါက မဟာပထဝီအောက်မှ မြေဆီမြေလွှာကို ခွာယူ၍ သံဃာတော်များအား တပည့်တော် ကျွေးမွေးပါရစေ။ ခွင့်ပြုတော်မူပါဘုရား။”

မေး။ ချစ်သားမောဂ္ဂလန်၊ များစွာကုန်သော သတ္တဝါတို့သည် ဤမဟာပထဝီမြေကြီးကို မှီတွယ်၍ နေကြကုန်၏။ ထိုသတ္တဝါတို့ကို သင် အဘယ်သို့ ပြုမည်နည်း။

ဖြေ။ အရှင်ဘုရား၊ဤအရေးကား မခက်ခဲပါ။ အကျွန်ုပ်၏ လက်ဝါးဘဖက်ကို ဤကျွန်းမြေထက်ကျယ်သော မြေအပြင်ဖန်ဆင်း၍ သတ္တဝါတို့ကို ထိုလက်ဝါးထဲထည့်ပါမည်။ တဖက်သောလက်ဖြင့် မြေကြီးကိုလှန်၍ မြေဆီမြေလွှာ မြေသြဇာများကို ယူပါအံ့ဘုရား။

“အို ချစ်သားမောဂ္ဂလာန်၊ သင့်အကြံအတိုင်း မြေကြီးကို လှန်၍ ယဉ်နိုင်စွမ်းရှိသည်ကို ငါ ယုံကြည်တော်မူ၏။ သို့သော် ဤအမှုကို သင်မပြုလေနှင့်၊ အလိုမရှိလေနှင့် ချစ်သား။

အဘယ့်ကြောင့်ဆိုသော် ဤဒုဿီလကုန်ရကပ် ငတ်မွတ်ခြင်း ဘေးမည်သည်ကား ဤခေတ် ဤအခါဌာသာ ဖြစ်မည် မဟုတ်။ နောက်နောင်သောကာလတို့၌လည်း ဖြစ်ပေလတံ့။ ထိုသို့ ဖြစ်လာသောအခါ ငါ၏ သာသနာတော်၌ ဘုန်းသမ္ဘာဇနကုန်သော ရဟန်းတို့သည် မြေလွှာကို မယူစုမ်းနိုင်သဖြင့် ပန်းလျကြလေကုန်သော် ထိုထိုလူအပေါင်းတို့သည် "ရှေးသူတော်ကောင်းဖြစ်သော ရဟန်းမြတ်တို့ရှိသောအခါ ဤသို့ ငတ်မွတ်သောအာပတ္တိ မြေလွှာကိုယူ၍ သုံးဆောင်ကြကုန်သည်။ ယခုမူကား သူတော်ကောင်းရဟန်းစစ်တို့ မရှိလေ၍ မိမိတို့တွင် မွတ်သိပ်ခြင်းဒုက္ခကို ခံကြရကုန်သည်"ဟု ကြည့်ညိုခြင်းပျက်စီးဘိရာ၏။ ထိုးကြွင့် မြေကိုလှန်၍ မြေဆီမြေလွှာယူခြင်းကို သင် အလိုမရှိလေနှင့်။

"အရှင်ဘုရား၊ ဤသို့ မြေလှန်၍ မြေဆီမြေလွှာကိုယူ၍ကျွေးမွေးခြင်းခွင့်ပြုတော်မမူပါလျှင် သံဃာတော်များအား မြောက်ကျွန်းသို့ ဆွမ်းခံကြွရန် ခွင့်ပြုတော်မူပါဘုရား။"

မေး။ ချစ်သားမောဂ္ဂလာန်၊ မြောက်ကျွန်းသို့သံဃာတော်များ အဘယ်သို့ သွားကြမည်နည်း။

ဖြေ။ အရှင်ဘုရား၊ သီတာခုနစ်တန်၊ သတ္တရတန် ခုနစ်ထပ်၊ ရံခြပ်ကာတည်သော မြင့်မိုရ်တောင်မင်းကို ဖောက်၍ သမုဒ္ဒရာထုတ်ချောက်ဖြင့် တလျောက်တည်း တပည့်တော် တံတားသွယ်ပါမည်။ သံဃာတော် များသည် ထိုတံတားမှ သွားကြပါလတံ့။ ဤအမှုကို ခွင့်ပြုတော်မူပါဘုရား။

အို ချစ်သားမောဂ္ဂလာန်၊ သင့်စုံမ်းအင်ကို ငါယုံကြည်တော်မူပေ၏။ သို့သော် ဤ အကြံအစည်ကိုလည်း သင်အလိုမရှိလေလင့်။ ထိုထိုသတ္တဝါသန္တာန်၌ ဤကား ငါတို့နေရာ ဟုတ်လေသလော၊ မဟုတ်လေသလော ဟူ၍ ဖောက် ပြန် သော ဝိပလ္လာသတရားများ ဖြစ်ပွားလာကုန်လတံ့။ ဤမျှသော ဆင်းရဲကိုလည်း ခံကြလေဟု တားမြစ်တော်မူသဖြင့် အရှင်မောဂ္ဂလာန်မှာ တန်ခိုးပြဋိဟာရိယ ရှိလေ၏။

(ဝိနယပိဋကတ်၊ ပါရာဇိကဏ်ပါဠိတော်၊ ဝေရဉ္ဇကဏ္ဍ)

●ပယ်ဖြီးစေ၊ ●

ရဟန္တာစုတေသော်

ပြဿနာ=ခေမာဘိက္ခုံနိမ စကားနှင့် ညီ မညီ။

မေးလျှောက်သူ=ကောဿလမင်း။

ဘုရား၊ ရဟန္တာပုဂ္ဂိုလ်များ စုတေလျှင် နိဗ္ဗာန် ရောက်သည်ဟု ပြောလေ၊ ဆိုလေ ရှိကြသည်။ ထိုနိဗ္ဗာန်ကား အဘယ်သို့နည်း။ ပျော်စရာကောင်းသလော့။ နတ်ဘုံ ဗြဟ္မာဘုံများနှင့် တူသလော့။ ထိုနိဗ္ဗာန်၌ မည်သည့်အရာတွေ့ရှိသနည်းဟု မေးမြန်းတော်ကြ၏။

မေးစရာဖြစ်၍ မေးထိုက်သော၊ သိစရာဖြစ်၍ သိထိုက်သော အကြောင်းအရာ ဖြစ်သောကြောင့် မေးသူအား အပြစ် မဆိုသာခေါ်။ သိလျှင် သိလျောက်၊ မသိလျှင် မသိလျောက် ပြေပြေလည်လည် ပြောဘို့သာ ရှိပေ၏။

ထိုပြဿနာနှင့် ပတ်သက်၍ ကောဿလမင်းကြီးက ဘုရားသခင်အား မေးလျှောက်ခဲ့ဘူးပေသည်။ ထိုအမေးကို ဘုရားသခင်ကလည်း ဖြေကြားတော် မူခဲ့ပေသည်။ ယင်း အမေးအဖြေမှာ ဘာသာစုံ၊ အယူဝါဒစုံနှင့် ပတ်သက်၍ များစွာမှတ်သားဘွယ် ကောင်းလှ၏။

တခါသဋ္ဌ ပဿေနဒီကောသလမင်းသည် မြက်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်လေ၏။

မေး။ အရှင်ဘုရား၊ ရဟန္တာဖြစ်သောသူသည် သေသည့်မှ နောက်၌ စင်စစ် ဖြစ်ပါသေးသလော့။

ဖြေ။ မင်းကြီး၊ "ရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် ဖြစ်သေး၏။" ဟူသော စကားကို ငါ ဟောကြားတော် မမူ။

မေး။ မြတ်စွာဘုရား၊ ထိုသို့ ဟောကြားတော်မမူပါလျှင် ရဟန္တာပုဂ္ဂိုလ်သည် သေသည်၏ နောက်၌ မဖြစ်ပါဘဲ အမြဲပျောက်၍ သွားပါသလား ဘုရား။

ဖြေ။ မင်းကြီး၊ ဤရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက်၌ ပျောက်၍ သွားလေပြီ၊ မဖြစ်ဟူသော စကားကိုလည်း ငါ ဟောကြားတော်မမူ။

မေး။ ရွှေဘုန်းတော်သခင်ထိပ်ခေါင်တင်ဘုရား၊ ယင်းသို့ မဟုတ်ပြန်ခဲ့ပါလျှင် ရဟန္တာပုဂ္ဂိုလ်သည် သေသည်မှ နောက်၌ အချို့လည်း ဖြစ်သေး၏။ အချို့လည်း မဖြစ်ဟူ၍ မှတ်ရပါမည်လော့။

ဖြေ။ ဒကာတော်မင်းမြတ်၊ ဤရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် အချို့လည်း ဖြစ်၏။ အချို့လည်း မဖြစ်ဟူသော စကားကိုလည်း ငါ ဟောကြားတော်မမူ။

မေး။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ထိုသို့ ဟောကြားတော် မမူခဲ့ပါလျှင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် သေပြီးသည့်နောက်၌ ဖြစ်သေးသည်လည်း မဟုတ်၊ မဖြစ်သေးသည်လည်း မဟုတ်ဟု မှတ်ရပါမည်လော့။

ဖြေ။ မြတ်သောမင်းကြီး၊ ဤရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် ဖြစ်သေးသည်လည်း မဟုတ်၊ မဖြစ်သေးသည်လည်း မဟုတ်ဟူသောစကားကိုလည်း ငါဟောကြားတော်မမူ။

ဖြေ။ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ ရဟန္တာပုဂ္ဂိုလ် သေပြီးသည့်နောက် ဖြစ်ပါသေးအံ့လော်ဟူ၍ တပည့်တော် မေးလျှောက်ပါသည် ရှိသော် ငါထိုသို့ မဟောဟူ၍ မိန့်တော်မူပါသည်။

တဖန် တပည့်တော်က ထိုသို့ဟောကြားတော် မမူပါလျှင် ထိုရဟန္တာပုဂ္ဂိုလ်သည် သေသည်မှနောက်၌ မဖြစ်ပါဘဲ အမြဲပျောက်သွားပါသလော်ဟု မေးမလျှောက်ပြန်သောအခါ၌လည်း ငါ ထိုသို့မဟောဟူ၍ မိန့်တော်မူပြန်ပါသည်။

တဖန် ထိုသို့မဟုတ်လျှင် သေပြီးသည့်နောက် အချို့လည်း ဖြစ်သေး၏။အချို့လည်း မဖြစ်တော့ဟု မှတ်ရပါမည်လော်ဟူ၍ တပည့်တော် မေးလျှောက်ရာတွင်လည်း ငါထိုသို့ မဟောဟု မိန့်တော်မူပြန်ပါသည်။

တဖန် တပည့်တော်က "ထိုသို့မဟောပါလျှင် ထိုရဟန္တာသည် သေပြီးသည့်နောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု မှတ်ရပါမည်လော်ဟူ၍ မေးလျှောက်သောအခါ၌လည်း ငါ ထိုသို့မဟောဟူ၍ မိန့်ကြားတော်မူခဲ့ပါသည်။

ဘုန်းတော် သခင် အရှင် မြတ်စွာဘုရား၊ တပည့်တော် မေးလျှောက်သော ထိုပြဿနာလေးရပ်ကို အကြင့်အကြောင်းကြောင့် ဖြေကြားတော်မမူအပ်၊ ထိုအကြောင်းကား အဘယ်ပါနည်း ဘုရား။အကြောင်းတခုခုရှိတန်ရာပါသည်။ထိုအကြောင်းကို မြွက်ကြားတော်မူပါဘုရား။

ဖြေ။ မြတ်သောမင်းကြီး၊ ထိုသို့ သင်ဆိုခဲ့သော် ငါ မဖြေကြားမီ သင့်ကိုပင် ငါပြန်မေးဦးအံ့။ သင့်စိတ်၌ နှစ်ခြိုက် သလိုသာ သင်ဖြေပါလေ။ မင်းကြီး၊ငါမေးမည့်စကားကို သင် ဘယ်လို ထင်သနည်း။ အသို့ ဖောက်မှေသနည်း။ အသင် မင်းကြီးအား တစုံတယောက်သော ဟူးရေးကိုးကြောင်း အပေါင်း ဂဏန်းတတ်သူ၊လက်ချိုး၍ ရေတွက်သသူရှိသည် မဟုတ်ပါ လော့။ ဂဏန်းအတတ်၌ တဖက်ကမ်းခပ်တတ်မြောက်ကျမ်းကျင် လှသော ထိုလူများသည် ဂင်္ဂါမြစ်ထဲတွင်ရှိသော သဲလုံးများကို မည်၍မည်မျှရှိသည်ဟူ၍ ရေတွက်ခြင်းငှာ စွမ်းနိုင်ပါမည်လော့။

ဖြေ။ မစွမ်းနိုင်ပါဘုရား။

မေး။ မင်းကြီး၊သင်မင်းကြီးအား ဂဏန်းအတတ် ကျမ်း ကျင်သူ၊ လက်ချိုးရေတွက်သသူ၊ သခ်ၤာတတ်မြောက်သူများ ရှိသည် မဟုတ်ပါလော။ ထိုသူများသည် သဒ္ဒရာရေများကို စလယ်၊ ခွက်၊ ပြည်၊ တင်းအားဖြင့် မည်၍မည်မျှ ရှိသည်ဟူ၍ ရေတွက်ခြင်းငှာ စွမ်းနိုင်ပါမည်လော့။

ဖြေ။ မစွမ်းနိုင်ပါဘုရား။ ဤသမုဒ္ဒရာရေအစုကို ရေတွက် ခြင်းငှာ စွမ်းနိုင်မည့်အရာသည် မသင့်ပါဘုရား။

မေး။ မင်းကြီး၊ထိုမသင့်ခြင်းကား အဘယ့်ကြောင့်နည်း။

မေး။ မြတ်စွာဘုရား၊ သမုဒ္ဒရာသည် အလွန်ကြီးကျယ်လှ ပါ၏။ အလွန်နက်ရှိုင်းလှပါ၏။ ကြီး၊ ချည်မျှင် စသည်တို့ဖြင့် မနိုင်းယှဉ်စကောင်းပါ ဘုရား။တာဝါးစသည်တို့ဖြင့် မထောက် လှမ်းနိုင်စကောင်းပါဘုရား။

အို ဒကာတော်မင်းတရား၊ ဤနည်းအတူသာလျှင် အကြင်ရုပ်ဝတ္ထုအနေအားဖြင့် ရဟန္တာကို အဖြူ၊ အမဲ၊ အနီမဲ့၊ အမြင့်စသည်ဖြင့် ခေါ်ဝေါ်ပညတ်မူကားပညတ်ရာ၏။ သတ္တဝါဟူ၍ ခေါ်ဝေါ်ပညတ်ကြောင်း ထိုသည့်ရုပ်တရား အပေါင်းကို (ဝါ) ရုပ်၌ သတ္တဝါဟု ထင်မှားတတ်သော သညာ၊ တက္ကာ၊ မာန၊ ဒိဋ္ဌိအပေါင်းကို ပယ်ခတော်မူအပ်ပြီးပြီ။ နောက်ထပ်ဘဖန်ရှင်သန်လာခြင်းမရှိအောင် လည်ဆစ်ပြတ်ပြုတ် ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ပြီးပြီ။ တဖန်အသစ်လူဟူ၍ မဖြစ်နိုင်အောင် ပြုအပ်ပြီးပြီ။ နောက်ဘဝတခု၌ ဖြစ်လာနိုင်ဘွယ်သဘော မရှိရအောင် ပြုအပ်ပြီးပြီ။

ဒကာတော်မင်းတရား၊ စင်စစ် ရုပ်ဟူသော ပညတ်မှလွတ်၍ နေသော၊ (ဝါ) ရုပ်နှင့်စပ်သော လူ၊ နတ်၊ သတ္တဝါ ဟူသော ပညတ်မှ လွတ်၍ နေသော ရဟန္တာပုဂ္ဂိုလ်သည် ဂမ္ဘီရော=မိမိ လွတ်၍နေရာ နိဗ္ဗာန်၌ ရှိ၏၊ မရှိ၏ ဟူ၍ မဆိုနိုင်၊ မယူနိုင်အောင် ဒိဋ္ဌဗ္ဗာသယ အရာအားဖြင့် နက်နဲခြင်း၊ ဤမျှလောက်သော ဂုဏ်ရှိ၏ဟူ၍ မဆိုနိုင်စရာ ဂုဏ်၏အရာအားဖြင့် နက်နဲခြင်းတို့ဖြင့် နက်နဲ၍ နေ၏။ အပ္ပမေယျော=အမျိုးအမည် အားဖြင့် "ဤသူကိုတည်း" ဟု နှိုင်းယှဉ်စရာ မရှိဖြစ်၍ နေ၏။ ဒုပ္ပရိယောဂဳဟော=ဤသည့်ခြင်းရာ၊ ဤလိုဟာဟု ဝေနေယျတို့ ဉာဏ်ဖြင့် သက်ဝင်နိုင်ခဲ၏။ မဟာသမုဒ္ဒရာရေအစုကဲ့သို့ ဖြစ်၍ နေ၏။

ဒကာတော်မင်းမြတ်၊ ထို့ကြောင့် "ရဟန္တာပုဂ္ဂိုလ်သည် သေသည်မှ နောက်၌ ဖြစ်သေး၏" ဟူ၍ ငါဘုရားဟောကြားသော်လည်း မသင့်နိုးနိုင်။ (ဝါ) ရုပသင်္ခါ ဝိမုတ္တာပုဂ္ဂိုလ်၌

သတ္တဝါဟု ခေါ်ဝေါ်ကြောင်း ရုပ်မရှိသဖြင့် သတ္တဝါဟူသော ပညတ်မရှိ ဖြစ်၍နေသည်ကို မြင်တော်မူသော ငါဘုရားနှင့် တော်တန် လျော်ကန်သောစကားပင် မဟုတ်။

ဒကာတော်မင်းတရား၊ ရဟန္တာသည် သေသည်မှ နောက်၌ မဖြစ်ဟူ၍ ငါဘုရား ဟောကြားသော်လည်း မသင့်နိုင်။ (၀၇) သတ္တသညာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဘို့ကို ပယ်ပြီးသော သဗ္ဗညူသခင် ငါဘုရားနှင့် တော်တန် လျော်ကန်သော စကားပင် မဟုတ်။ ရဟန္တာပုဂ္ဂိုလ်သည် သေသည်မှနောက်၌ "ဖြစ်သူလည်း ဖြစ်၏၊ မဖြစ်သူလည်း မဖြစ်"ဟု ငါဘုရား ဟောကြားသော်လည်း မသင့်လျော်၊ ငါဘုရားနှင့် မတော်။ (ငါသိလျက်နှင့် မတော်သည့်စကားကို ငါမိန့်မြွက်၍ မတော်နိုင်ဟု ဆိုလိုသည်။)

ဒကာတော်မင်းတရား၊ ရဟန္တာပုဂ္ဂိုလ်သည် သေပြီးသည့်နောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု ငါဘုရား ဟောကြားသော်လည်း မသင့်မလျော်၊ ငါဘုရားနှင့် မတော်၊(၀၇) ရုပ်ပညတ်မှ လွတ်နေသော ပုဂ္ဂိုလ်၏ သတ္တဝါခေါ်ကြောင်း ရုပ်မရှိသဖြင့် သတ္တဝါဟူသော ပညတ်မရှိ။ ပညတ်အရာကို လွန်၍နေသည်ကို ငါ သိတော်မူလျက်ဖြစ်၍ မသင့်နိုင်။ ငါနှင့် မသင့်လျော်၊ မတော်ဟု မြွက်ကြားတော် မူလေသော်-

ဘုန်းကြီးလှသော မြတ်စွာဘုရား၊ အံ့ဘွယ်ရှိစွ။ အရှင်ဘုရား၊ မဖြစ်ဘူးမြဲ၊ ထူးကဲစွာ ဖြစ်စွ။ အဘယ့်ကြောင့် ဆိုပါသော် အရှင်ဘုရား ဟောကြားအပ်သော စကားတော်နှင့် ခေမာမည်သော ဘိက္ခုနီသခင်မ ဟောကြားအပ်သော စကားနှစ်ရပ်သည် အနက် အနက်ချင်း၊ သဒ္ဒါ သဒ္ဒါချင်း တစပြေး

တည်း တူညီနေပါသည်။ နှိုးနှောမိပါသည်။ မဆန့်ကျင်ပါဘုရား။

ရှေဘုန်းတော်သခင် အရှင်ဘုရား၊ တပည့်တော်သည် အခါတပါး၌ ခေမာမည်သော ဘိက္ခုနီမထံသို့ ချဉ်းကပ်၍ ရဟန္တာပုဂ္ဂိုလ် စုတေပြီးသည့်နောက်၌ ဖြစ်မဖြစ် စသည်နှင့် စပ်လျဉ်းသော အကြောင်း အခြင်းအရာကို မေးလျှောက်မိခဲ့ဘူးပါသည်။ ဆိုအရှင်မကလည်း အရှင်ဘုရား ယခု မြွက်ကြားတော်မူသည့်အတိုင်းပင် တပည့်တော်အား ဖြေကြားလိုက်ပါ၏။ ဟောကြားပို့ နှစ်ရပ်စလုံးသည် အနက်အားဖြင့်ရင်း၊ သဒ္ဒါအားဖြင့်ရင်း တသားတည်းစပ်၊ တထပ်တည်း နှိုးနှောတိုက်ဆိုင် တူညီနေပါသဖြင့် အံ့သြချီးမွမ်း မကုန်ခန်းနိုင်ပါဘုရား။

ကောသလမင်းသည် ရဟန္တာများစုတေလျှင် တဖန်ပြန်၍ ဖြစ် မဖြစ်နှင့် ပတ်သက်၍ မြတ်စွာဘုရားနှင့် အမေးအဖြေပြုပြီးနောက် ဝမ်းမြောက်စွာ ပြန်သွားလေသည်။

မှတ်ချက်

(၁) ရဟန္တာပုဂ္ဂိုလ်တို့ နိဗ္ဗာန်သို့တည်ရောက်နေသည့်အခါသတ္တဝါဟူသော ခေါ်ဝေါ်ကြောင်း ရုပ်နာမ်အပေါင်းမရှိသည်ဖြစ်၍ သတ္တဝါဟူသော ပညတ်ကို လွှဲ၍ တည်နေသည်ဟု မြတ်ဘုရားက သိမြင်တော်မူသည်။ ယင်းသို့ သိမြင်တော်မူလျက်နှင့် ရဟန္တာပုဂ္ဂိုလ်သည် စုတေသည့်မှ နောက်၌ ဖြစ်သေး၏ဟု ဆိုခဲ့သော် ထိုရဟန္တာပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ သတ္တဝါ၏အဖြစ်ဖြင့် ရုပ် နာမ်နှင့်တကွ တည်နေ၊ ဖြစ်နေ၊ အမြဲနေသည်ဟုဆိုရာရောက်သဖြင့် ယင်းသို့သော သဿတ အယူစကားကို ငါဘုရားဆိုတော်

မူရန် မသင့်ဟု ကောသလမင်းအား မြွက်ကြားတော်မူလိုက်ခြင်း ဖြစ်၏။

(၂) ဤနည်းတူ ရဟန္တာပုဂ္ဂိုလ်တို့ အနုပါဒိသေသ နိဗ္ဗာန်၌ တည်ရောက်၍နေသည့်အခါ သတ္တဝါဟု ခေါ်ဝေါ်ကြောင်း၊ ရုပ်၊ နာမ် အပေါင်းမရှိဆဖြင့် သတ္တဝါဟူသော ပညတ်မျှသာ မရှိ၊ ထိုသူ လုံးလုံးပြတ်သွားသည် မဟုတ်သည်ကို မြတ်ဘုရား သိတော်မူ၏။ ယင်းသို့ သိတော်မူလျက်နှင့်ပင် "ရဟန္တာပုဂ္ဂိုလ်သည် စုတေသည်မှုနောက် ပျောက်လေပြီ။ လုံးလုံးကြီး မဖြစ်တော့ပြီ"ဟူ၍ ဥစ္ဆေဒ အယူဝါဒ အရာကို ငါ ဟောတော်မူရန် မသင့်ဟု မြွက်ကြားတော်မူလိုက်ခြင်း ဖြစ်၏။

(၃) ဤနည်းတူ ရဟန္တာပုဂ္ဂိုလ် စုတေပြီးသည့်နောက် အနုပါဒိသေသ နိဗ္ဗာန်၌တည်နေသောအခါ သတ္တဝါခေါ်ဝေါ်ကြောင်း ရုပ်၊ နာမ် အပေါင်းမရှိသဖြင့် လူ၊ နတ်၊ သတ္တဝါဟူသော ပညတ်မျိုးမရှိ။ ပညတ်ဟူသမျှကို လွှန်၍ နေသည့် အခါ ထိုသူသည် ထိုနိဗ္ဗာန်၌လည်း ရှိ၏၊ရှိလည်း မရှိ။ ဤသို့မျှလည်း မဆိုပို၊ မဆိုနိုင်အောင် လွန်စွာ နက်နဲ၍နေသည်ကို မြတ်ဘုရား သိတော်မူ၏။ ယင်းသို့ သိတော်မူလျက်နှင့် "ဤဘဝက ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် ဖြစ်သူလည်း ဖြစ်၏၊ မဖြစ်သူလည်းမဖြစ်ဟု ဆိုခဲ့သော် ထိုရဟန္တာသည် ထိုနိဗ္ဗာန်၌လည်း ရှိ၏၊ ရှိလည်း မရှိဟု ဆိုရာ ရောက်သောကြောင့် ယင်းသို့ကဲ့သို့သော တစ်ဖြာဖြာအဖြစ် ရောက်မည့်စကားကိုလည်း ငါမြွက်ကြားရန် မသင့်ဟု ဆိုတော်မူလိုက်ခြင်းဖြစ်၏။

---

(၄) ဤနည်းတူ ရဟန္တာပုဂ္ဂိုလ် စုတေပြီးနောက် နိဗ္ဗာန်ဌာ တည်ရောက်၍နေသောအခါ လူ၊ နတ် စသည်၊ ဘုရားပစ္စေက ဗုဒ္ဓါစသည် ခေါ်ဝေါ်ပညတ်ကြောင်း ရုပ်၊ နာမ် အပေါင်း မရှိသဖြင့် ယင်းသို့သော သတ္တပညတ်ကို လွန်၍ ရှုပါဒိသခ်ါ ဝိမုတ္တာ (ရုပ် စသည်မှလွတ်) ဖြစ်၍ နေသည့်အခါ ထိုရဟန္တာသည် ထိုနိဗ္ဗာန်၌ ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု မဆိုသင့်အောင် လွန်စွာ နက်နဲ၍နေသည်ကို မြတ်ဘုရားသိမြင်တော်မူ၏။ယင်းသို့ သိမြင်တော်မူလျက်နှင့် ရဟန္တာပုဂ္ဂိုလ် စုတေပြီးသည့်နောက်၌ ဖြစ်သည်လည်း မဟုတ်၊မဖြစ်သည်လည်း မဟုတ်ဟု ဆိုခဲ့လျှင် ထိုရဟန္တာသည် နိဗ္ဗာန်၌ ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ဆိုရာရောက်သောကြောင့် ယင်းသို့သော အမရာဝိက္ခေပ ဝါဒအရာကိုလည်း ငါဘုရား မိန့်ကြားတော်မူရန် မသင့်ဟု ကောသလမင်းအား ဟောကြားတော်မူလိုက်ခြင်း ဖြစ်၏။

(သဠာယတနသံယုတ်ပါဠိတော်။ ၎င်းအဋ္ဌကထာ)

စပယိဒ္ဓိးစာပေ

သတိ

ပြဿနာ=ရဟန်းတို့၏ ဣန္ဒြေ။

မေးလျှောက်သူ=ပဏ္ဏုသ မင်းသား။

သတိမမူ ဂူမမြင်၊ သတိမူသော်ကား မြူကိုသော်မှပင် မြင်နိုင်၏။ သတိ၏ တန်ခိုးစွမ်းအားကို ပြဆိုသော စကားပုံ ဖြစ်၏။

လူတို့သည် နား၊ မျက်စိ ပါကြကုန်သော်လည်း အာရုံတခုခု၌ စူးစိုက်စွာ စိတ်ဝင်စားနေသော အခါ ဘာကိုမျှ မမြင်ဘဲ၊ မကြားဘဲ ဖြစ်နေတတ်ကုန်၏။ သတိတရားကို အခြားသို့ လွှင့် ပါမသွားအောင် တနေရာ၌ ချုပ်ကိုင်ထားသောကြောင့် ဖြစ်၏။

စိတ်ကူးယဉ်ယဉ်နှင့် လမ်းလျှောက်သွားသူသည် ကားကို လည်း မမြင်လေ၊ ကားသံကိုလည်း မကြားလေ။ သူ အာရုံသည် တနေရာ၌ စူးစိုက်ထားသောကြောင့်ဖြစ်၏။ နီးနားခြင်း၊ နား၊ မျက်စိပါးခြင်းသည် ကြားခြင်းနှင့်မဆိုင်၊ သတိ ဦးစီးပါမှ၊ သတိထားပါမှ မြင်နိုင်ကြားနိုင်သည်ဟူသော သဘောပင် ဖြစ်၏။

အနားတွင်ကပ်၍ မိုးကြိုးပစ်လိုက်သည်ကို နား၊ မျက်စိ ပါပါလျက် မမြင်လိုက် မကြားလိုက်ဟု ဆိုခဲ့သော် အံ့ဘွယ်

မဟုတ်ပါလော့၊ ယုံနိုင်စရာ ရှိပါမည်လော့။ သို့သော် ဤအဖြစ် အပျက်မျိုးကား အံ့ဘွယ်ဘနန်း တကယ်ပင်ထူးဆန်းစွာဖြစ်ခဲ့ဘူး ချေ၏။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် နေ့က ဖြစ်၏။ ပက္ကဲသ မည်သော မင်းသားသည် လှည်းငါးရာ ခြံရံလျက် ဂင်္ဂါမြစ်ကို ဖြတ်ကူးလေသောကြောင့် မြစ်ရေတို့သည် ကြည်လင်ခြင်း မရှိ၊ နုံနှစ်မြှုပ်နှံတို့သည် ထလျက် ရှိနေကုန်၏။

ထိုနေ့ထိုရက်၌ မြတ်စွာဘုရားသည် ပါဝါပြည်မှ ကုသိနာရုံ ပြည်သို့ ကြွလာတော်မူလေရာ ဂင်္ဂါမြစ်အနီးသို့ အရောက်တွင် ခရီးပန်းတော်မူသောကြောင့်-

"ချစ်သားအာနန္ဒာ၊ အင်အားကုန်ခန်း ငါခရီးပန်းတော်မူ လှပြီ။ ခေတ္တ ငါ နားဦးအံ့။ သစ်ပင်အောက်၌ ဒုကူဋ္ဌသင်္ကန်း ကြီး လေးထပ်ခါက်၍ ငါ့ကို ခင်းပေးလော့"

ဤသို့ မိန့်တော်မူလျှင် အရှင်အာနန္ဒာလည်း ဆောလျင်စွာ ပင်လျှင် အမိန့်တော်အတိုင်း သင်္ကန်းကြီးကို လေးထပ်ခါက်၍ ခင်းပေးတော် မူ၏။ မြတ်စွာဘုရားသည် ခင်ထားအပ်သော နေရာ၌ ထိုင်၍ အပန်းဖြေတော်မူရင်း ရေမွှတ်သိပ်တော်မူလာ လေသည်။ထိုအခါ အရှင်အာနန္ဒာကိုပင် ခေါ်လိုက်ပြီးစေတော် မလေ၏။

"ချစ်သား အာနန္ဒာ၊ ငါ ရေမွှတ်တော်မူလှသည်။ရေကြည် တော်များ ရှာ၍ ငါ့အား ဆက်ကပ်ပါဘိ"

ဤသို့ စေတော်မူလျှင် အရှင်အာနန္ဒာလည်း အနီးရှိဂင်္ဂါ မြစ်သို့ အဆောတလျင်ပြေး၍ ရေခပ်လေသော်မြစ်ရေမှာ လှည်း များ ဖြတ်ကူးထားသောဒဏ်ကြောင့် အနယ်အမှုန်များ ထကာ

သောက်သုံးရန်မသင့်ဖြစ်နေသည်ကို ဝမ်းနည်းဘွယ်ရာ တွေ့မြင်ရသဖြင့် ဘုရားအထံပြန်၍ အကျိုးအကြောင်းကို လျှောက်ထားလေ၏။

"ဂင်္ဂါမြစ်ရေများ အလွန်နောက်ကျိနေပါသည်။ သောက်သုံးရန် မသင့်ပါဘုရား။ ရွှေစခန်းမှာ မဝေးလှတော့ပါ။ ထိုစခန်း၌ အေးမြကြည်လင်သောရေနှင့် ကကုမြစ် ရှိပါသည်။ ထိုမြစ်ရောက်မှ သောက်တော်မူပါဘုရား"

"ချစ်သား အာနန္ဒာ၊ နောက် ခြင်း၊ ကြည် ခြင်း သည် အကြောင်းမဟုတ်။ ငါ ရောကိုသာ အလိုရှိတော်မူသည်။ သင် သွား၍ ဆောင်ခဲ့လော့။"

အရှင်အာနန္ဒာက မသင့်ကြောင်း သုံးကြိမ်လျှောက်သော်လည်း မရတဲ့ မြတ်ဘုရားက ထပ်ပြန်တလဲလဲ စေခိုင်းတော်မူနေသဖြင့် အရှင်အာနန္ဒာသည် မနေသာတော့ဘဲ ဂင်္ဂါမြစ်သို့ တဖန်ပြန်သွားရလေသည်။ ရောက်သော အခါ အရှင်အာနန္ဒာမှာ များစွာ အံ့အားသင့်သွားလေ၏။ မိမိ မြင်တွေ့ခဲ့ရသော ဂင်္ဂါမြစ်မှာ အနယ်အမှုန်များ ထနေသော်လည်း ယခုအခါတွင်မူ သန့်ရှင်းကြည်လင်နေသည်ကို တွေ့ရလေသောကြောင့်-

ဩ ဘုရားသခင်၏ အာနုဘော်ကား ကြီးမားလှပါပေစွ၊ အံ့ဘွယ် ကောင်းလေစွ။ အသက်မရှိသော ရေစင်လျက် ကိုယ်တော်၏ အလိုအတိုင်း ကြည်လင်ရပါတကား။

ဤသို့ တအံ့တသြ သပိတ်ဖြင့် ရောကို ခပ်ခဲ့ပြီး ဘုရားသခင်အား ဆက်သလေ၏။ ဘုရားမြတ်စွာသည် ရေကြည်တော်ကို သောက်၍ အပန်းဖြေတော်မူနေခိုက်တွင် ပက္ကုသမင်းသားသည်

မနီးမပေးဘဲ လှည်းသား ငါးရောနှင့်အတူ စခန်းချလျက် ရှိနေသဖြင့် ဘုရားသခင် ဂင်္ဂါမြစ်ကမ်းဘဲ စခန်းချ အပန်းဖြေနေတော်မူသည်ကို သိရလေသောအခါ ဖူးမြော်ရန် ဘုရားသခင့်ထံသို့ လာလေ၏။

ပက္ကုသမင်းသားသည် သစ်ပင်အောက်၌ သီတင်းသုံးနေသော မြတ်ဘုရားအား မလှမ်းမကမ်းမှပင် မြင်ရလေရာ မြတ်စွာဘုရား၏ တည်ငြိမ်သော ဣန္ဒြေတော်ကို ဖူးမြော်ရလေသောအခါ မျှားစွာကြည်ညိုခြင်း ဖြစ်လာသည့် အလျောက် အပါးတော်သို့ ချဉ်းကပ် ရှိခိုးပြီးလျှင် ဤသို့လျှောက်ထားလေ၏။

"ရှေဘုန်းတော်သခင် မြတ်ရှင်ပင်ဘုရား၊ ရဟန်းတော်အရှင်သူမြတ်တို့၏ ငြိမ်သက်တင့်တယ်စွာ စျာန်သမာပတ်ဖြင့် နေတော်မူခြင်းကား အလွန် ကြည်ညိုဘွယ် ရှိလှ၏ တကား။ အကြောင်းတိုက်ဆိုင်၍ တပည့်တော်၏ ကျေးဇူးရှင် ဆရာတော် အာဠာရရဿေ၏အကြောင်း အလျင်လျှောက်ပါရစေဦး။"

ဆရာဟော်အာဠာရရဿေသူမြတ်သည် အခါတပါး က ခရီးထွက်သွားတော်မူပါသည်။ ခရီးပန်းသဖြင့် လမ်းဘေးရှိ သစ်ပင်ကြီးတပင်အောက်မှာ ကွန်းထောက်၍ ခေတ္တဝင်ရောက်အပန်းဖြေနေပါသည်။

ထိုအခါ လှည်းကုန်သည် ငါးရာ တို့သည် ဆရာတော်၏ အနီးမှ ဖြတ်၍ လှည်းလမ်းကြောင်းအတိုင်း မောင်းသွားကြပါကုန်သည်။ လှည်းသမား တယောက်မှာ လှည်းမျှား၏ နောက်တွင် တယောက်တည်း ကျန်နေရစ်ခဲ့ရာမှ ထိုနေရာသို့ ရောက်လေသောအခါ သစ်ပင်အောက်၌ အပန်းဖြေနေသော

ဆရာတော်ကိုမြင်၍ အကျိုးအကြောင်း မေးမြန်း ကြည့်ပါ လေသည်။

လှည်းသမား။ အရှင်ဘုရား၊ လှည်းငါးရာ ရွှေကသွားနှင့် သည်ကို မြင်လိုက်ပါသလား ဘုရား။

ရသေ့။ ဒကာ၊ ငါမမြင်မိပေ။

လှည်းသမား။ အရှင်ရသေ့၊ လှည်းငါးရာကို မမြင်လိုက် သည်မှာ ရှိပါစေတော့၊ အသံကိုကော မကြား‌လိုက် ဘူးလား ဘုရား။

ရသေ့။ ငါ မကြားလိုက်ဘူး ဒကာ။

လှည်းသမား။ ဒါဖြင့် အရှင်ဘုရား၊ အိပ်များပျော်နေ ပါသလား။

ရသေ့။ ဒကာ၊ ငါအိပ်ဇနသည်လည်း မဟုတ်။

လှည်းသမား။ ဘယ်လိုပါလဲ အရှင်ဘုရား၊ အရှင်ဘုရား မှာ သညာနှင့်ပြည့်စုံပါ၏လား ဘုရား။

ရသေ့။ ဒကာ၊ ငါ့မှာ သညာနှင့်လည်းပြည့်စုံပေ၏။

လှည်းသမား။ အရှင်ဘုရားဟာ နို့းလဲနို့းတော်မူပါလျက်၊ သညာလည်း ရှိပါလျက် လှည်းပေါင်းငါးရာ မောင်းသွား သည်ကိုမျှ မမြင်၊ မကြားဖြစ်ခြင်းသည်အကြောင်း အသို့ပါနည်း ဘုရား။

ရသေ့။ ဒကာ၊ ငါ၏ သက်နှံးမှာမြူမှုန်တွေအလိမ်းအလိမ်း ကပ်နေသည် မှုန်၏။

ဤသို့ မိန့်တော်မူလိုက်သောအခါကျမှ ထိုယောကျ်ားဟာ များစွာ အံ့သြသွားမိခဲလသည်။ "ရဟန်းတို့မည်သည် အလွန်

အံ့သြဘွယ် ရှိစွတကား။ မိမိတို့ ဈာန် သမာပတ်တရားကိုသာ ပွားစီးကာ နေနိုင်ပေ၏တကား”ဟု ကြံစည် အောက်မေ့လျက် ဆရာရသော့ကို များစွာ ကြည်ညိုခြင်း ဖြစ်သွားပါသတည်းဟု ပက္ကုမင်းသားက အားရဝမ်းသာစွာ ချီးကျူးလျှောက်ထား လိုက်သည်။ထိုအခါ မြတ်စွာဘုရားက မင်းသားအားမေးတော်မူလိုက်သည်မှာ—

ဗုဒ္ဓ။ ပက္ကုသ သင့်ကိုငါမေးဦးအံ့။

ပက္ကုသ။ မေးတော်မူပါဘုရား။

ဗုဒ္ဓ။ အကြင်သူသည် သတိပညာဖြည့်စုံစွာလျက် မအိပ်စက်ဘဲ လှည်းငါးဆူတို့နှင့် လာသည်ကို မမြင်၊ မကြားလိုက်။ အကြင်သူတယောက်သည်လည်း ထိုနည်းဌင်း၊သတိပညာရှိလျက် မအိပ်စက်ဘဲ ထိုင်နေလျက်၊ လျှပ်စစ်ပြက်၍ သုံးချက် မိုးကြိုးကျလတ်သည်ကိုမျှ မမြင်၊ မကြားလိုက်။ ထိုသူနှစ်ဦးတို့တွင် အဘယ်သူ သာ၍ခဲယဉ်းစွာ ဖြစ်သနည်း။

ပက္ကုသ။ အရှင်ဘုရား၊ကြီးစွာသောမိုး ရွာသွန်းဖြိုးလျက်၊ မိုးကြိုးထစ်သည်ကို မကြားသောသူသာလျှင် အဆအရာ သာ၍ ခဲယဉ်းမည် ထင်ပါသည်ဘုရား။

ဗုဒ္ဓ။ အချင်းပက္ကုသ၊ ဇရုံသောအခါ ငါသည်လည်း အာဘုမံမည်သော ပြည်ဝယ် ကောက်နယ်တလင်းခန်မျှသော တဲအုံ၌ သမာပတ်အာရုံဖြင့် နေတော်မူ၏။ ထိုအခါ သည်းစွာသော မိုးသည် ရွာသွန်း၍ လျှပ်စစ်တိမ်မိုး လေကြိုး မုန်တိုင်းသံတို့နှင့်တကွ သုံးချက်သော မိုးကြိုးတို့သည်ကျ၍ ငါနေသော

ဌာန၏အပါးဌ် ယောကျ်ားညီနောင် နှစ်ယောက်တို့ လေးကောင်သောနွားတို့ဖြင့် လယ်ထွန်၍နေရာဌ် နွားသတ္တဝါတို့ သေလေကုန်၏။

ထိုနေရာသို့ အာတုမံပြည်သား လူအများတို့သည် အုန်းအင်းတက်မျှ လာလတ်ကုန်သည်။ မိုးစဲသောအခါ ငါဘုရားသည် တဲ၏အပါးဌ် စကြ်ံသွား၍နေတော်မူစဉ် တဦးသော ယောကျ်ားသည် ငါထံပါးသို့ကပ်၍ တုန့်ဝပ် ရှိခိုးကာနေ၏။ထိုယောကျ်ားကို ငါဘုရားသည် ဤသို့မေးတော်မူ၏။

ဒါယကာ၊ ဤမျှားစ့ာသော လူတို့သည့် အဘယ့်ကြောင့် စည်းဝေးလာကြကုန်သနည်းဟု မေးတော်မူလျှင်၊ အရှင်ဘုရား၊ ယခုမိုးကြီးအရှာတွင် မိုးကြိုးကျလာ၍ နွားလေးခကောင်သရှာသောကြောင့် ကြည့်ရှုခြင်းငှာ စည်းဝေးလာကြပါသည်။ အရှင်ဘုရား ဘယ်မှာရှိ၍ မသိသနည်းဟု မေး၏။

ဒါယကာ၊ငါသည် ဤတဲအုံမှာပင် နေ၏ဟု ဆိုလျှင် အရှင်ဘုရားသည် လျှပ်စစ်တိမ်မိုးဖြင့် မိုးကြီးရှာသည်ကို မမြင်လောဟု မေး၏။ဒါယကာ၊ ငါမမြင်ဟုဆိုလျှင်။အရှင်ဘုရား၊မိုးကြိုးသံကို မကြား‌သလောဟု မေးပြန်၏။ ဒါယကာ၊ ငါ မကြားလိုက်ဟု ဆိုလျှင်၊ အရှင်ဘုရား၊ အသို့တုံနည်း။ သညာရှိပါ၏လောဟု လျှောက်ပြန်၏။ ဒါယကာ သညာလည်းရှိ၏ဟု မိန့်တော်မူပြန်လျှင်—

အရှင်ဘုရား၊ နို့းလည်းနို့းကြားပါလျက်၊ သညာလည်းရှိပါလျက် လျှပ်ပြက်မိုးရှာသည်ကိုဌင်း၊မိုးကြိုးထစ်သည်ကိုဌင်း မမြင်၊

မကြားလိုက်ခြင်းသည် အံ့ဘွယ်ရှိပေစ့တကား။ မဖြစ်ဘူးမြဲ ထူးကဲလေစ့ တကား။အရှင်မြတ်တို့သည် တည်ကြည် ငြိပ်သက်လှစွာ သမာပတ် ချမ်းသာဖြင့် နေနိုင်ကုန်စ့တကားဟု ငါဘုရားအား အတိုင်းထက် အလွန် ချီးကျူး၍ ခယပူဇော်ကာ လက်ျာရစ် သုံးပတ်လှည့်၍သွားလေ၏။

ဤသို့သော အကြောင်းစကားကို မိန့်တော် မူလေသော် ပက္ကုသမင်းသားသည် အရှင်ဘုရား၊ အကျွန်ုပ်သည် ရှေးသော အခါက အာဠာရ ရသ့ေ၏ သိမ်မွေ့ငြိမ်သက်ခြင်းကိုပင် အလွန် ကြည်ညိုခြင်း ဖြစ်ခဲ့ပါသည်။ယခု အရှင်ဘုရား၏ကွန်ြတော်ကို ကြားရသော် ရှေးကထက် အဆတရာသာလွန်၍ ကြည်ညိုစုံမက် ပါသည်။ ယနေ့မှစ၍ အကျွန်ုပ်ကို ဥပါသကာဟူ၍ မှတ်တော်မူ ပါဟု လျှောက်ကြား၍ သုံးပါးသော သရဏဂုံ၌တည်လေ၏။

ထိုနောက် ပက္ကုသမင်းသားသည် ယောကျ်ားတယောက်ကို ခေါ်၍ အချင်းယောကျ်ား၊ သင် ငါ့အိမ်သို့ သွားတည့်ချေ။ သိဒ္ဓိရေအဆင်းနှင့်တူသော၊ အလွန်နူးညံ့သိမ်မွေ့ပြပြစ်လှသော ပုဆိုးအစုံကို သွားယူခဲ့ချေဟုစေခိုင်းလိုက်ပြီး ထိုယောကျ်ားသည် သွား၍ ပုဆိုးအစုံကို ယူလာသောအခါ ပက္ကုသမင်းသားသည် ထိုပုဆိုးအစုံကိုယူ၍ ဘုရားသခင်ထဲ ချဉ်းကပ်ပြီးလျှင်—

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်အား သနား တော်မူပါသဖြင့် ဤပုဆိုးအစုံကို ဝတ်ရုံသုံးဆောင်တော်မူပါဟု ဆက်ကပ်လှူဒါန်းလေ၏။

ကိုယ်တော်မြတ်ကလည်း အချင်းပက္ကုသ၊ ပုဆိုးတထည်ကို ငါ့အားလှူ၍ တထည်ကို အာနန္ဒာအား လှူလော့ဟု မိန့်တော်မူ၏။ ပက္ကုသလည်း ဘုရားအမိန့်တော်အတိုင်းလှူပေ၏။

မြတ်စွာဘုရားသည် ပက္ကုသမင်းသားအား တရားဒေသနာကို များစွာ ဟောလိုက်လေ၏။ ပက္ကုသမင်းသားသွား၍ မကြာမြင့်မီ သိဂ်ဓိရွှေအဆင်းနှင့်တူသော၊ နူးညံ့သိမ်မွေ့ချောမွေ့ပြေပြစ်လှသောပုဆိုးကို အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ကပ်လှူ၏။ ဘုရားကိုယ်တော်မြတ်လည်း တထည်ကိုဝတ်၍ တထည်ကို ခွံတော်မူ၏။

ယင်းသို့ဝတ်ခွံတော်မူပြီးလျှင် ရှင်တော်မြတ်ဘုရား၏အဆင်းသည် ဝင်းဝင်းညီးညီးတောက်လောင်ပြီးသော မီးကျီး၏ အလုံးကဲ့သို့ဌင်း၊ယုဂန္ဓိုရ်တောင်ဦးမှ ကွန်မြူးထွက်ပြူလာသော သူရိယစက်ဝန်းကဲ့သုဌင်း၊ အသောင်းအသိန်းသော နတ်ပရိသတ်တို့၏ အလယ်၌ တင့်တယ်စွာစံပယ်သော အာဘာသရ ဗြဟ္မာမင်းကြီးကဲ့သို့ဌင်း၊ချီးမွမ်းတွက်ကျူး၍ မဆုံးနိုင်ကုန်အောင် ရောင်ခြည်

၁။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားချီးမြှောက်အပ်သော လာဘ်ကိုပယ်၍လုပ်ကျွေးသူဖြစ်လျက် ထိုပုဆိုးကိုခံလတ်သည်ကား ဥပဋ္ဌကကိစ္စအပြီးသို့ရောက်သောကြောင့်ဌင်း၊ အရှင်အာနန္ဒာလုပ်ကျွေး ပါဒသင်္ဘလည်း မြတ်စွာဘုရားထံမှ တခုသောလာဘ်ကဲ့မျှ မရရှာစဖူး၊သူတထူးကဲ့ရဲခြင်းကင်းစိမ့်သောငှာဌင်း ခံတော်မူသည်။

(ကျီးသဲဆရာတော်၏ ဇီနတ္ထပကာသနီ-၆၃၂ အမှာ)

တော် ခြောက်ဆိုင်တပြိုင်တည်းပင့်၍ တင့်တယ်ခြင်း အထွတ်အ ထိပ်သို့ရောက်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်၏ကိုယ်တော်သည် အံ့ဘွယ်သရဲမဖြစ်ဘူးမြဲ ထူးကဲ တင့်တယ်လှ၏ တကား။ ကိုယ်တော်ရောင်တို့သည် ပြောင်ပြောင် ညီးညီး ယိုစီးဘနန်းဖြစ်သည် တကား" ဟု နားတော်လျှောက် တင်လေသော် ဘုရားဘာခင်ကလည်း-

"ချစ်သား အာနန္ဒာ၊ ထွန်းခါစဖြစ်သော တန်ဆောင် ဆီမီးသည်၎င်း၊ ငြိမ်းခါနီးသော ဆီးမီးသည်၎င်း ကြီးစွာသော အလှူဖြင့် အလွန် ထွန်းပခြင်းဖြစ်သကဲ့သို့ ငါဘုရား ကိုယ်တော် သည်လည်း ဗောဓိပင်နှင့် ရွှေပလ္လင်ကိုရ၍ ဘုရားဖြစ်ဦးစအခါ ၌၎င်း၊ ပရိနိဗ္ဗာန်စံရအံ့သောနေ့၌၎င်း ဤကာလ နှစ်ပါး၌ ထူးခြားတင့်တယ်ခြင်း အသရေကို ဆောင်လေသတည်း။

"အာနန္ဒာ၊ ယနေ့ကုန်မြောက်၍ မိုးသောက်ယံ အခါ၌ ကုသိနာရုံပြည်ဝယ် မလ္လာမင်းတို့၏ အင်ကြင်းပင်စုံကြား၌ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူလတံ့" ဟု မိန့်ကြားတော်မူပြီး၍ ချစ်သား အာနန္ဒာ၊ နေရာကိုသိမ်းလော့၊ သွားကြကုန်ဦးအံ့ဟု မိန့်တော်မူ၍ ကြွတော်မူလေသဖြင့် ရေခတက်ပင်ပေါက်ရောက် သော် ကကုဓမြစ်သို့ရောက်လေသော် ရေလည်းသောက်တော်မူ လိုသည်၊ သပ်လည်း သပ္ပာယ်တော် မူလိုသည်ဟု မိန့်တော်မူ၍ ကိုယ်တိုင်ဆင်းလျက် မြစ်တွင်း ရေသပ္ပာယ်တော်မူလေ၏။

(သုတ္တန္တပိဋကာ၊ မဟာပရိနိဗ္ဗာနသုတ်)

လောကအကြောင်း မကြံစည်အပ်

ပြဿနာ=လောက မြဲ၊ မမြဲ။

ဟောတော်မူ=ဗုဒ္ဓမြတ်ဘုရား။

လူအများများ၊ နတ်အများများဆိုသကဲ့သို့ သံဃာလောကဌာလည်း ပုဂ္ဂိုလ်အများများ၊ အတွေးအခေါ်အများများ ကိုယ်စီ ကိုယ်စီ အသီးသီး ရှိကြကုန်၏။

အချို့သော ရဟန်းတော်များက လောကသည် မြဲလေသလော၊ မမြဲလေသလော။ အခြား တနေရာဌာလည်း ဤလောကကဲ့သို့သော လောကတမျိုးရှိပါသေး သလော့၊ မရှိသလော့။ လောက တမျိုးမျိုး၏ အကျယ် အဝန်း၊ အပိုင်းအခြားသည် မည်ရွေ့မည်မျှ ရှိပါလိမ့်မည်နည်းဟူ၍ လောကအကြောင်းကို တွေးခေါ် ကြံစည်ကြကုန်၏။

အချို့သော ရဟန်းများကမူ သတ္တဝါတို့ အကြောင်းကို တွေးခေါ် ကြံစည်ကြလေ၏။ သည် သတ္တဝါသည် မြဲလေသလော၊ မမြဲလေသလော၊ သတ္တဝါအဆုံး ရှိသလော၊ မရှိသလော။ အသက်သည် ကိုယ် မည်လေသလော၊ ကိုယ်နှင့် အသက်သည် တူလေသလော၊ တခြားစီလော့ စသောအားဖြင့် တွေးခေါ် ကြံစည်၍နေကြကုန်၏။

ထိုအချိန်၌ အစိန္တေယျ၊ လောကထုတ်ထား၊ မြတ်ဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူ၏။ ရဟန်းတို့၏သန္တာန်၌ ဖြစ်ပွားနေသော အကြံ အစည်များကို သိရှိတော်မူသဖြင့် ရဟန်းတို့အား ဆုံးမသြဝါဒ ပေးတော်မူခြင်းငှာ သံဃဒုအစည်းအဝေး ခေါ်စေတော်မူ၏။ သံဃာတော်များ ရောက်ရှိလာကြသောအခါတွင် လောကအကြောင်း၊ သတ္တဝါတို့အကြောင်းကို မကြံစည်ထိုက်ကြောင်း၊ ကြံစည်ခြင်းဖြင့် အကျိုးမရှိသည့်ပြင် မဂ်ဖို၏ အန္တရာယ်ပင် ဖြစ်စေနိုင်ကြောင်း အောက်ပါ အတိုင်း ဟောကြားဆုံးမ သြဝါဒပေးတော်မူလေ၏။

ချစ်သားရဟန်းတို့၊ အတိတ်ဖြစ်ရပ် ဇာတ်ကြောင်းတခုကို သင်တို့အား ငါပြောပြအံ့၊ နာကြကုန်လော့။

ဤ ရာဇဂြိုဟ်ပြည်၌ တဦးသော ယောကျ်ားသည် လောကစိန္တာမည်သော အကြံကို ကြံစည်လို၍ မြို့မှထွက်ကာ သုမာဂဓမည်သော ရေကန်သို့သွားလေသည်။ ထို ယောကျ်ားသည် ရေကန်သို့ ရောက်သွားလေသောအခါ ကမ်းနဖူး၌ ရပ်လျက် လောကစိန္တာ အကြံကို ကြံစည်လေ၏။ ဤ လောကသည် မြဲသလော၊ မမြဲသလော၊ အဘယ်မျှ ကျယ်ဝန်းလေသနည်း စသည်ဖြင့် လောကအကြောင်းကို အပြန်ပြန်အလှန်လှန် ကြံစည်တွေးတောလျက် နေ၏။

ချစ်သားတို့၊ ထိုယောကျ်ားသည် ယင်းသို့ လောကအကြောင်းကို စိတ်ကူးယဉ်နေခိုက် စစ်အင်အားလေးပါးနှင့် ပြည့်စုံသော စစ်ဘုရင်ကြီးတဘက်သည် ထိုရေကန်သို့ရောက်လာပြီးလျှင် ရေကန်တွင်းသို့ဆင်းကာ ကြာရိုးများအတွင်းသို့ တတပ်လုံး ဝင်

သူ့သားသည်ကို အံ့သြစွာ မျက်ဝါးထင်ထင် တွေ့မြင်ရလေ၏။ ထို့အခါ ထိုယောကျ်ား စဉ်းစားမိသည်မှာ-

ငါ ရူးများ ရူးသွားလေပြီလော့၊ ငါစိတ်မှ နှံ့ပါ၏လော၊ ငါ့စိတ်တွေ့ ပြန့်လွင့်ကုန်ပြီလော့၊ ကြာရိုးတွင်းသို့ စစ်တပ်ကြီး တဘပ်လုံး ဝင်သွားခြင်းမှာ ဖြစ်နိုင်သောအရာပင် မဟုတ်ပါတကား။ ဤသို့စဉ်းစားပြီးလျှင် မြို့သို့ ပြန်သွားကာ ကျုပ် ရူးပြီလား၊ ရူးပြီလားဟူ၍ လူအပေါင်းကို မိမိ မြင်တွေ့လိုက်ရသော၊ အလွန် ထူးဆန်းသောဖြစ်ရပ်ကို ပြောပြလေသောအခါ လောကဖြစ်စဉ် ဓမ္မဘာနှင့် ဆန့်ကျင်လေသောစကားကို ကြားရလေသောကြောင့် လူအပေါင်းတို့ကလည်း ထိုယောကျ်ားအား ရူးသွားပြီဟူ၍ ထင်ကြသည့်အတိုင်း-

အချင်းယောကျ်ား၊ သင်ကား အကယ်ပင် ရူးသွားပါ ချေပြီ။ သင့်စိတ်နှလုံးသည် ကောင်းကောင်းမနှံ့ ဖြစ်ဘိ၏။ သင့်စိတ်များသည် ပကတိ သဘောကို စွန့်၍ ပြန့်လွင့်ကုန်လေပြီ တကား။ လောက၌ သင်မြင်လိုက်ရသည်ဆိုသော စစ်တပ်ကြီး ကြာရိုးတွင်းသို့တပ်လုံးကျွတ် ဝင်သွားသည်ဆိုခြင်းမှာယုံဘွယ်ရာ မရှိပြီ။ အမောင်ယောကျ်ား၊ သင်ကား အမှန်ပင် ရူးချေပြီ တကား။

ချစ်သားတို့၊ ထိုယောကျ်ား မြင်အပ်သော အရာသည် ဟုတ်မှန်သည်ကိုပင် မြင်ခြင်းဖြစ်ပေ၏။ မဟုတ် မမှန်သည်ကို မြင်ခြင်း မဟုတ်။

ချစ်သားတို့၊ ရှေးလွန်လေပြီးသောအခါ တာဝတိံသာနတ်တို့နှင့် အသူရာတို့သည် စစ်ဖြစ်ကြလေကုန်၏။ ထိုစစ်ပွဲ၌

စပယ်ဦးဒေဝပ

တာဝတိ်သာနတ်တို့က စစ်ရေးသာ၍ အနိုင်ရကြပြီး အသူရာတို့က ရှုံးလေကုန်၏။ စစ်ရှုံးအသူရာတို့သည် ကြောက်လန့်ခြင်းဖြစ်ရကား တာဝတိ်သာနတ်တို့ မေ့လျော့နေခိုက် ထွက်ပြေးခဲ့ကြ၍ ထိုသုမာဂဓ ရေကန်တွင်းဆင်းကာ ကြာရိုးမျှားအတွင်းဝင်ကြပြီး ၎င်းမှတဆင့် အသူရာပြည်သို့ ဝင်ကြကုန်၏။

ချစ်သားတို့၊ ထိုသို့ အကျိုးမရှိ ရှုံးသွပ်ခြင်းသို့ ရောက်ရာသည်၏ အဖြစ်ကြောင့် လောကစိန္တာမည်သော ဤအကြံမျိုးကို သင်တို့ မကြံစည်ကြကုန်လင့်။ သတ္တဝါသည် မြေ၏ဟူ၍ လည်းကောင်း၊ သတ္တဝါသည် မမြဲဟူ၍ လည်းကောင်း၊ သတ္တဝါသည် အဆုံးရှိ၏ဟူ၍လည်းကောင်း၊အဆုံးမရှိဟူ၍လည်းကောင်း အသက်သည် ကိုယ်မည်၏ ဟူ၍ လည်းကောင်း၊ အသက်သည် ကိုယ်မှတခြား ဟူ၍ လည်းကောင်း၊ သတ္တဝါသည် သေသည်မှ အခြာ မဲ့၌ ဖြစ်သေး၏ ဟူ၍ လည်းကောင်း၊ မဖြစ်ပြီ ဟူ၍ လည်းကောင်း၊ သတ္တဝါသည်သေသည်မှ အခြားမဲ့၌ မဖြစ်ဟူ၍ လည်းကောင်း၊ သတ္တဝါသည်သေသည်မှ အခြားမဲ့၌ မဖြစ်သည် မဟုတ် ဟူ၍ လည်းကောင်းမကြံစည်ကြကုန်လင့်။

ချစ်သားတို့၊ ထိုသို့ကြံစည်ခြင်းကား အကျိုးစီးပွားနှင့်လည်း မစပ်၊ ဇရာဦးစွာ ရအပ်သော မြတ်သော အရိယာမဂ်ဟူသော အကျင့်နှင့်လည်း မစပ်၊ ဝဋ်ဆင်းရဲမှ ငြိုးငွေ့ခြင်းငှာမဖြစ်၊ရာဂ၏ မျုပ်ငြိမ်းခြင်းငှာ၊ ကိလေသာ၏ ချုပ်ငြိမ်းခြင်းငှာ၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ မဖြစ်။

ချစ်သားတို့၊ သင်တို့ ကြုံလိုက်ကုန်မူကား ဤစရားကား ဒုက္ခသစ္စာတည်းဟု ဤသို့ သင်တို့ ကြုံကြလေကုန်။ ဤတရားကား ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာတည်း။ ဤတရားကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သစ္စာတည်း။ ဤတရားကား ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာတည်းဟု သင်တို့ဤသို့ ကြုံကြလေကုန်။

ချစ်သားတို့၊ အဘယ့်ကြောင့်ဆိုသော် ထိုသစ္စာလေးပါးကို ကြုံစည် တွေ့ခေါ်ခြင်းသည် ဇရုဒီးစ္စာ ရအပ်သော မြတ်သော အရိယာမဂ်နှင့် စပ်၏။ ဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်းငှာ၊ ရာဂကင်းခြင်းငှာ၊ ရာဂ ချုပ်ငြိမ်းခြင်းငှာ၊ ကိလေသာ ငြိမ်းခြင်း၊ ထူးသောဉာဏ်ဖြင့်သိခြင်း၊အနိစ္စကို မျက်မှောက်ပြုခြင်းငှာဖြစ်၏။

ချစ်သားတို့၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ အံ့ဆက်ဆက် တို့၌ ဖြစ်ပြီး ဖြစ်လတံ့ ဖြစ်ကုန်သော ခန္ဓာ ငါးပါး တို့သည် အမြဲမရှိကုန်။ ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ခန္ဓာငါးပါး တို့၏ မမြဲသောအဖြစ်သည်ကား အဘယ်ဆိုဘွယ်အံ့နည်း။ စင်စစ် မမြဲသည်သာလျှင် ဖြစ်သတည်း။

ချစ်သားတို့၊ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာငါးပါး တို့၏မမြဲသောအဖြစ်ကို မြင်ပြီးသော၊ပရိယတ္တိအာဂမ၌ သုတန္တင့် ပြည့်စုံသော အရိယာ၏ကပည်သည် အတိတ်ဘဝ အဆက်ဆက် တို့၌ ဖြစ်ကုန်ပြီးသော ခန္ဓာငါးပါးတို့၌ ငဲ့ကွက်ခြင်း မရှိပြီ။ အနာဂတ်ဘဝအဆက်ဆက်တို့၌ ဖြစ်လတ်ံသော ခန္ဓာငါးပါး

တို့ကိုလည်း ငြိုးငွေ့စေခြင်းငှာ၊ တပ်စွန်းခြင်း ကင်းစေခြင်းငှာ၊ ချုပ်ငြိမ်းစေခြင်းငှာ ကျင့်သည်ဖြစ်အံ့၊ ထိုအလုံးစုံသော ခန္ဓာငါးပါးတို့သည် အမြဲမရှိသည်သာ မဟုတ်သေး၊ထိုခန္ဓာငါးပါးတရားအစုတို့သည် ဆင်းရဲသည်ဖြစ်၍ ဒုက္ခလည်း မည်ကုန်၏။ အစိုးမရသည်ဖြစ်၍ အနတ္တလည်း မည်၏ဟု ဟောတော်မူ၏။

(သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)

(၁)

....မှတဆင့် ဗုဒ္ဓထံတော်သို့

အခြိန်မှာ ညဉ့်သန်းခေါင်ယံအချိန်ဖြစ်၏။ အန္ဓဝန မည်သော တောအုပ်ကြီးသည် တုတ်တုတ်မျှ မလှုပ်၊ အိပ်မောကျလျက်ရှိနေ၏။ တောကြက်တွန်သံများသာ တခါတခါ တောအုပ်ကြီးထဲမှ ဆဲ့ဆဲ့ငင်ငင် ဖောက်ထွက်လာ၏။

ညဉ့်လွဿရုံအောက်တွင် တုတ်တုတ်မျှမလှုပ်သော ထိုတောအုပ်သည် လျှပ်စည်းပြက်လိုက်သည့်ပမာ ရုတ်တရက် လင်းထိန်လာပြီး ထိုအလင်းရောင် အောက်တွင် နတ်သား တပါးကို တောက်ပသောကိုယ်ရောင်ဖြင့် တွေ့ရ၏။

ထိုနတ်သားသည် ကျောင်းသခ်ိမ်းတခု၏ ရှေ့မျက်နှာစာအရပ်တွင် ရပ်လျက် စဉ်းစားနေဟန် ရှိ၏။ ခဏမျှ ကြာလျှင် ကျောင်းတော်ပေါ်သို့ တခွက်မျှမော့ကြည့်ပြီး တက်သွားလေသည်။

ထိုအခြိန်တွင် အရှင်ကုမာရကဿပသည် မကြုံစဘူး အကာလညအခါတွင် တောအုပ်ကြီးတခုလုံး လင်းထိန်လာပုံ ထူးသောကြောင့် တအံ့တသြဖြစ်နေခိုက်တွင် ထိုနတ်သားသည် "အို ရဟန်း

အို ရဟန်း”ဟု အာမေဋိတ်သံဖြင့် ခေါ်ရင်း သူ့ရွှေတော်မှောက်သို့ ရောက်ရှိလာပြီး ပြဿနာတခုကို အရှင်ကုမာရကဿပအား မေးမြန်းပြီးနောက် ရုတ်ချင်းပင် ပြန်သွားလေ၏။

အရှင်ကုမာရကဿပသည် စကားတတ်၊စာတတ်၊ အကျော်အမော်ဖြစ်သော်လည်း နတ်သားကလျှောက်ထားသောပြဿနာအတွက် အဖြေမထွက်နိုင်ဘဲဖြစ်နေ၏။ထိုပြဿနာမှာ လျှောက်သူအတွက်သာမဟုတ်၊လျှောက်ထားခြင်းခံရသူအတွက်ဟု ဆိုသွားသောကြောင့် အရှင်ကုမာရကဿပမှာ ထိုပြဿနာကို စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်လာသည်။

အရှင်ကုမာရကဿပသည် ပြဿနာကို အပြန်ပြန်အလှန်လှန် ဝေဖန်သုံးသပ်ရင်း“မိုးလင်းပါစေ”ဟု ဆုတောင်းနေ၏။မိုးလင်းသောအခါ ပျာရီးပျာယာ မျက်နှာသစ်ပြီးလျှင် ဘုရားသခင်ရှိရာဇေတဝန် ကျောင်းတော်သို့ ခပ်သုတ်သုတ်ပြေးကာ နတ်သားလျှောက်ထားသွားသောအတိုင်း မြတ်ဘုရားအားပြန်၍လျှောက်ထားခြင်းပြုလေ၏။

“အရှင်မြတ်ဘုရား၊ညက နတ်သားတပါး တပည့်တော်ထံသို့ အချိန်မတော် ရောက်လာပြီး ပြဿနာတရပ် ပေးအပ်သွားပါသည်။သူ့ပြဿနာမှာ ဤသို့ပါဘုရား။

“အို ရဟန်၊ အို ရဟန်း”ဟု တပည့်တော်ကို ခေါ်၍ကျောင်းပေါ် တက်လာပြီး သူက ဤသို့ လျှောက်ထားသွားပါသည်။ ဤတောင်ပို့သည် ညအခါများတွင် အခိုးအလှုံ့များထွက်၍ နေ့အခါတွင် အရောင်တလက်လက်နှင့် ရှိနေသည်။ ပုဏ္ဏားတယောက်က ပညာရှင်တဦးအား ထိုတောင်ပို့ကြီးကို

အတူးခိုင်း၏။ ပညာရှင်က တူးသောအခါ တံခါးကျည်(တံခါးမင်းတုတ်)ကို တွေ့လေသည်။ "ဒီမှာ တွေ့ပြီ"ဟု ပညာရှင်က ပုဏ္ဏားကို ပြောသည်။

ထိုအခါ ပုဏ္ဏားက "အို ပညာရှင် ဤတံခါးကျည်ကိုအသာထား။ဆက်၍ တူးဘိဦး"ဟု စေခိုင်းသဖြင့် တူးပြန်သောအခါ ဖားတကောင်ကို တွေ့ပြန်လေ၏။ထိုအခါ "သည်မှာတွေ့ပြီ"ဟု ပဲညာရှင်က ပုဏ္ဏားကို ပြောလေသည်။

ပုဏ္ဏားက ဖားကောင်ကိုကြည့်ကာ "အို ပညာရှင်၊ ဤဖားကို အသာထား။ ဆက်၍တူးလေဦး"ဆိုချက်အရ ဆက်၍ တူးပြန်လေသောအခါ တောင်ပို့တွင်း၌ အောက်သို့စိုက်၍ လှိုက်သွား၊ ငါးသာ လမ်းနှစ်သွယ်ကို တွေ့ရပြန်လေသောအခါ "တွေ့ပြီ"ဟု ပုဏ္ဏားအားပြော၏။

ထိုအခါ ပုဏ္ဏားက ဆိုပေသည်ကား "အို အချင်းပညာရှင်၊ ဤလမ်းနှစ်သွယ်ကိုလည်း ထားလိုက်ဘိဦး။ ဆက်၍သာ တူးပါလေ"ဟု ခိုင်းပြန်သောကြောင့် တူးပြန်လေရာ ဆပ်ပြာရေစစ်ကို တွေ့သဖြင့် "တွေ့ပြီ"ဟု ပညာရှင်က ပုဏ္ဏားအား ပြောပြ၏။

ထိုအခါ "အို ပညာရှင်၊ဤဆပ်ပြာရေစစ်ကိုလည်း ထားလိုက်ဘိဦး။ဆက်၍သာ သင်တူးပါဘို" ဟူ၍ ပုဏ္ဏား၏စေစား၍ အရ ဆက်၍ တူးပြန်သောအခါ လိပ်တကောင်ကို တွေ့လေ၏။ "တွေ့ပြီ"ဟု ပုဏ္ဏားအား လိပ်ကိုပြ၍ ဆိုပေ၏။

ထိုအခါ ပုဏ္ဏားက "အို ပညာရှင်၊ဤလိပ်ကိုလည်းထားလိုက်ဘိဦး။ဆက်၍သာ တူးပါလေဘို" ဟူ၍ ခိုင်းပြန်သဖြင့် တူးလေသောအခါ သားလိုးခေါင်းနှင့် စဉ်းတိတုံးကိုတွေ့လေ၏။ "တွေ့ပြီ" ဟု ပုဏ္ဏားအား ပြ၏။

ထိုအခါတွင်လည်း ပုဏ္ဏာကာ ဆက်၍တူးခိုင်း၏။ ပညာရှင်လည်း ခိုင်းတိုင်းတူးလေရာ သားတစ်တခုကိုတွေ့၍ ပုဏ္ဏားအား ပြလေ၏။ ပုဏ္ဏားလည်း ရှေးနည်းတူ ဆက်၍ တူးစေသောအခါ မြေနဂါးကြီးတကောင်ကိုတွေ့လေ၏။ ပုဏ္ဏားကို ပြသောအခါ "ဤနဂါးကို ရိုက်ပုတ်ခြင်း မပြုလေနှင့်။ထိုနဂါးကြီးအား အမြဲတစေ ရှိသေစွာ သင်ရှိခိုးပါလေ။"

"အို ရဟန်း၊အာကျန့်ပ်တင်လျှောက်သောဤပြဿနာမျှားကို ဘုရားသခင်အား တဆင့်လျှောက်ထား လိုက်ပါလေ။ မြတ်စွာဘုရားက သင်အားဖြေကြားတော်မူသောအတိုင်း ထိုပြဿနာ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ မှတ်လည်း မှတ်သားပါလေ။

"အို ရဟန်း၊ အာကျန့်ပ်ဝံရဲစွာဆိုပါအံ့၊ မြတ်ဘုရားကိုငင်း၊ မြတ်ဘုရား၏ တပည့်သာဝကကိုငင်း၊ ကျန့်ပ်ထံမှတဆင့် ကြားစကားကိုငင်း၊ဖယ်၍ အကြင့်သူသည်အကျန့်ပ်အား မေးလျှောက်အပ်သောပြဿနာတို့ကို ပြေလည်အောင် ဖြေဆိုခြင်းအားဖြင့် သူခပ်သိမ်းတို့အား နှစ်သက်မှုဖြစ်စေရာ၏။ထိုဂိုဠ်မျိုးကို လူပြည်နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ အကျန့်ပ်မမြင်။ ဤပြဿနာမျှားကို အရှင်ဘုရားမှတဆင့် ဘုရားသခင်အား ဆက်ဆက် မေးလျှောက်တော် မူပါဘိ"ဟူ၍ တပည့်တော်ကို ပန်ကြားပြီး ထိုနတ်သားသည် ရုတ်ချင်းပင် ပြန်သွားပါသည်ဘုရား။

"အရှင်မြတ်ဘုရား၊ ထိုနတ်သား မေးလျှောက်သွားသည့် ပြဿနာမျှားအနက်မှာ—

၁။ တောင်ပိုဟူသည် အဘယ်ပါနည်း။

၂။ ညဉ့်၌ အခိုးလှုံထွက်ဟူသည် အဘယ်ပါနည်း။

၃။ နေ့အခါ၌ အရောင်တောက်ပဟူသည် အဘယ်ပါ
နည်း။
၄။ ပုဏ္ဏားဟူသည် အဘယ်ပါနည်း။
၅။ ပညာရှင်ဟူသည် အဘယ်ပါနည်း။
၆။ လက်နက်ဟူသည် အဘယ်ပါနည်း။
၇။ တူးဆွခြင်းဟူသည် အဘယ်ပါနည်း။
၈။ တံခါးကျည်(မင်းတုတ်)ဟူသည် အဘယ်ပါနည်း။
၉။ ဖားပြုတ်ဟူသည် အဘယ်ပါနည်း။
၁၀။ လမ်းနှစ်သွယ်ဟူအည် အဘယ်ပါနည်း။
၁၁။ ဆပ်ပြာရေစစ်ဟူသည် အဘယ်ပါနည်း။
၁၂။ လိပ်ဟူသည် အဘယ်ပါနည်း။
၁၃။ သားလှီးဓားနှင့် စဉ်းတီတုံးဟူသည် အဘယ်ပါ
နည်း။
၁၄။ သားတစ်ဟူသည် အဘယ်ပါနည်း။
၁၅။ နဂါးဟူသည် အဘယ်ပါနည်း။

အရှင် ကုမာရကဿပသည် မြတ်ဘုရားအား ဤသို့ မေး
လျှောက် လေသောအခါ မြတ်ဘုရားက ဤသို့ ဖြေကြားတော်
မူလိုက်၏။

"အို ချစ်သား ကုမာရကဿပ၊

၁။ တောင်ပို့ ဟူသည်ကား အခြားကို ဆိုသည်မဟုတ်။
မဟာဘုတ်လေးပါး၏အစုအဝေးဖြစ်သော၊ မိဘတို့၏

သုက်သွေးကြောင့် ဖြစ်ရသော၊ထမင်းစသော အာဟာရ
တို့ကြောင့်ကြီးပွားရသော၊ မမြဲခြင်း၊ လိမ်းကျုံခြင်း၊
ဆုပ်နယ်ခြင်း၊ ပျက်စီးခြင်း၊ ဖရိုဖရဲကျခြင်း သဘော
ရှိသော ဤခန္ဓာကိုယ်ကောင်ပင် ဖြစ်၏။ ခန္ဓာကိုယ်
ကောင်ကို တောင်ပို့နှင့်တင်စား၍နှိုင်းဆိုခြင်းဖြစ်ပေ၏။

၂။ ချစ်သားရဟန်း၊ လူတို့သည် နေ့အခါ၌ တကုတ်ကုတ်
အလုပ်လုပ်ကြရပြီး ညရောက်သောအခါ လုပ်ငန်းကိစ္စ
များအတွက် အဖန်ဖန်ကြုံကြ၊ စည်ကြ၊ ဝေ့ဝဲတော
စိတ်ကူးကြ၏။ အကြိမ်ကြိမ်အတပ်ထပ်သုံးသပ်ကြ၏။
ဤသို့ ကြုံစည်ဝေ့ဝဲခေါ် စိတ်ကူး သုံးသပ်ခြင်းသည်
ညအခါ အခိုးလုံ့ထွက်သည်မည်၏။

၃။ အို ချစ်သားရဟန်း၊ လူတို့သည်ညအခါ ဝေ့ဝဲတော
ကြုံစည်ကာ အကြံဉာဏ်များ ထုတ်ကြပြီးလျှင် နေ့
အခါ၌ တလုပ်ရှားရှား မနားမနေ အလုပ်လုပ်ကြ
ကုန်၏။ ဤသို့ အလုပ်လုပ်ကြရသည်ကို နေ့အခါတွင်
အရောင်ဘောက်ပသည်ဟု ဆိုခြင်းဖြစ်၏။

၄။ အိုချစ်သားရဟန်း၊ ပုဏ္ဏား ဟူသည်ကား ငါဘုရား
ကို ဆိုခြင်း ဖြစ်၏။

၅။ အို ချင်သားရဟန်း၊ ပညာရှင်ဟူသည်ကား သိက္ခာ
သုံးပါးကို ကျင့်ဆဲဖြစ်သည့် ရဟန်းကို ဆိုပေ၏။

၆။ အို ချစ်သားရဟန်း၊ လက်နက် ဟူသည်ကား ပညာ
တည်း။ ပညာကို လက်နက်ဟု ဆိုသဘည်း။

၇။ ချစ်သားရဟန်း၊ တူးဆွခြင်းဟူသည်ကား အလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ် လုပ်ကိုင်ခြင်းကို ဆိုပေ၏။

၈။ ချစ်သားရဟန်း၊ တံခါးကျည် ဟူသည်ကား မသိနားမလည်မှု အဝိဇ္ဇာပင်တည်း။ 'အို ပညာရှင်၊ တံခါးကျည်နှင့်တူသော အဝိဇ္ဇာကို ဖယ်ရှားပစ်လော့။ ပညာတည်းဟူသော လက်နက်ကို ယူ၍ တူးဆွခြင်းတည်းဟူသော ကြိုးစားအားထုတ်မှုကို ပြုလော့'-ဟု ဆိုခြင်းပင်တည်း။

၉။ ချစ်သားရဟန်း၊ ဖားပြုတ်ကောင် ဟူသည်ကား အမျက်ဒေါသကို ဆိုသတည်း၊ 'အို ပညာရှင်၊ သူ့ကို ထိ တို့လျှင် ဖောင်းပွ၍ ထလာတတ်သော ဖားပြုတ်ကောင်နှင့် တူသည့် ထိုအမျက်ဒေါသကို ဖယ်ရှားပစ်လော့'ဟု ဆိုခြင်းပင်တည်း။

၁၀။ အို ချစ်သားရဟန်း၊ လမ်းနှစ်သွယ် ဆိုသည်ကား အပြုအမဲ မခဲခြားနိုင်၊ အကောင်းအဆိုး မပိုင်၊ သို့လောသို့လော တွေးတောယုံမှားမှု၊ ဝိစိကိစ္ဆာကို ဆိုသတည်း။ 'အို ပညာရှင်၊ လမ်းနှစ်သွယ်နှင့် အလားတူသော ဝိစ်ကိစ္ဆာကို အကြွင်းမဲ့ပယ်ဖျောက်လော့။ ပညာလက်နက်စွဲကိုင်၍ ဖြိုင်ဖြိုင်တူးခလော့'ဟု ဆိုခြင်းပင်တည်း။

၁၁။ အို ချစ်သားရဟန်း၊ ဆပ်ပြာရေစစ် ဟူသည်ကား နိဝရဏတရား၁ ငါးပါးကို ဆိုသတည်း။ ၎င်းတို့ကို ဖယ်ရှားလော့။ ပညာလက်နက်ကို စွဲကိုင်၍ တူးလော့ဟု ဆိုခြင်းပင်တည်း။

၁၂။ အို ချစ်သားရဟန်း၊လိပ်ဟူသည်ကား၌ပါဒါနကွန္ဒာ ငါးပါးကို ဆို၏သည်။ အို ပညာရှင်၊ လိပ်သတ္တဝါနှင့် အလားတူကုန်သော ၁၊ ရူပုပါဒါနက္ခန္ဓာ၊ ၂၊ ဝေဒနုပါဒါနက္ခန္ဓာ၊ ၃၊ သညုပါဒါနက္ခန္ဓာ၊ ၄၊ သင်္ခါရုပဲါဒါနက္ခန္ဓာ၊ ၅၊ ဝိညာဏုပါဒါနက္ခန္ဓာ တို့ကို အကြင်းမဲ့ဖယ်လော့။ ပညာလက်နက်ကို စွဲကိုင်၍ တူးဖြိုလော့ဟု ဆိုခြင်းပင်တည်း။

၁၃။ အို ချစ်သားရဟန်း၊ သားလို့ခေးနှင့် စဉ်းတီတုံးဟူသည်ကား ကာမဂုဏ်ငါးပါးကို ဆိုသတည်း။ 'အို ပညာရှင်၊ အလိုရှိအပ်၊ တောင့်တအပ်၊ မြတ်နိုးအပ်၊နှစ်သက်အပ်၊တတ်စွမ်းကြောင်းဖြစ်ကုန်သော သားလို့ခေး၊စဉ်းတီတုံးနှင့်အလားတူသည့် ငါးပါး အာရုံ ကာမဂုဏ်တို့ကို ဖယ်ရှားလော့။ပညာ လက်နက် စွဲကိုင်လျက် တူးဖြိုလော'ဟု ဆိုခြင်းပင်တည်း။

၁၄။ အို ချစ်သားရဟန်း၊ သားတစ်ဟူသည်ကား ဆာဂကို ဆိုသတည်း။ 'အို ပညာရှင်၊ သားတစ်နှင့် အလား

၁။ ၁-ကာမစ္ဆန္ဒ နိဝရဏ၊ ၂-ဗျာပါဒ နိဝရဏ၊ ၃-ထိနမိဒ္ဓ နိဝရဏ၊ ၄-ဥဒ္ဓစ္စနိဝရဏ၊ ၅-ဝိစိကိစ္ဆနိဝရဏ။

တူသော ရာဂကို အမြစ်ပြုတ်အောင် သုတ်သင်လော့။ ပညာလက်နက်ကိုင်၍ ဖြိုင်ဖြိုင်ဖြိုခွင်းလော့' ဟု ဆိုခြင်းပင်တည်း။

၁၅။ အို ချစ်သားရဟန်း မြေနဂါးဟူသည်ကား ရဟန္တာပုဂ္ဂိုလ်ကို ဆိုသတည်း။ ထိုမြေနဂါးတည်းဟူသော ရဟန္တာပုဂ္ဂိုလ်ကို ဦးထိပ်ထက်၌ တည်ထားလော့။ ညှဉ်းပန်းခြင်း မပြုအပ်။ အမြဲတစေ ရိုသေစွာ ရှိခိုးလော့။ ပူဇော်လော့ဟု ဆိုခြင်းပင်တည်း။

အို ချစ်သားရဟန်း၊ နတ်ဘားမေးလျှောက်အပ်သော ပြဿနာတို့၏ အဖြေကား ဤသည်တို့ပင် ဖြစ်သတည်း" ဟု မိန့်တော်မူ၏။ အဆုံးတွင် အရှင်ကုမာရကဿပသည် ရဟန္တာဖြစ်သွားလေ၏။[၁]

(မစ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ သြပမ္မဝဂ်၊ ဝမ္မိကသုတ်၊ ၁၉၅၊ ဆဋ္ဌမူ)

၁။ ပညာဝိသဇ္ဇနာဝသာနေအရဟတ္တံ ပါပုဏိ။ ဒီဃနိကာယ်၊ မဟာဝါအဋ္ဌကထာ၊ ပယာသိရာဇညသုတ်၊ ၃၉၇၊ ဆဋ္ဌမူ။

(၂)

ပရလောကကို သုတသနပြုသူ မြို့စား‌ကြီးတဦး

ကျောက်ခဲချင်း ခတ်မိလျှင် မီးပွင့်၏။
ဒေါသချင်း ခတ်မိလျှင် ရန်မီးပွင့်၏။
ပညာရှိချင်း ခတ်မိလျှင် ဉာဏ်မီးပွင့်၏။

ပညာရှိ စာတတ်ပေတတ်၊ စကားတတ် ရဟန်းတော်တပါးနှင့် မိစ္ဆာဝါဒကို ရင်ဝယ်ပိုက်ထွေးထားသူ လူစကားတတ် လူကတ် လူကလန့်မြို့စားတဦး။ ထိုဗုဒ္ဓဝါဒီနှင့် မိစ္ဆာဝါဒီနှစ်ဦးတို့ ယှဉ်ပြိုင်ရင်ဆိုင်မိလေသောအခါ ပဲ့ကြိုးပဲ့ကောင်းသဖွယ် “ဝါဒတိုက်ပဲ့” ပုံသဏ္ဌာန်မျိုး ဖြစ်ပေါ်လာသည်။

တမလွန်လောက “ရှိ၊မရှိ” ကိုငင်း၊ သတ္တဝါသည် သေသည်မှ နောက်၌ “ဖြစ်၊မဖြစ်”ကိုငင်း၊ ကုသိုလ်ကောင်းမှုပြုလျှင် အကျိုး “ရ၊ မရ”၊ အကုသိုလ်ပြုလျှင် “အပြစ်ဖြစ်၊ မဖြစ်” ကိုငင်း၊ အချင်းချင်း အပြန်‌အပြန်အလှန်လှန် တင်ပြချက်၊ ဆွေးနွေးချက်၊ ဝေဖန်သုံးသပ်ချက်များမှာ နောင်သောအခါတွင် ရာဇဝင်တွင် ရစ်ခဲ့စမည့် “အဖိုးတန်မှတ်တမ်းကြီး”တခု ဖြစ်လာသည်။ ဖြစ်ပုံကား ဤသို့တည်း။

ထိုသမိုင်းမှတ်တမ်းကြီး၏ နိဒါန်းအစတွင် မြို့စား တဦးက ပလွင်ခံ၏။ အမည်မှာ "ပါယာသိ" ဟု တွင်၏။ ပါယာသိသည် ကောသလမင်းကြီးက သေတဗျအမည်ရှိသော မြို့ကို အပိုင်စား ပေးထားသောကြောင့် မြို့ကို အစဲပြု၍ "သေတဗျမြို့စား" ဟု တွင်ဘွယ်ဖြစ်သော်လည်း သူ၏ ပြောင်မြောက်မှုကြောင့် မြို့၏ အမည်ကို လူအမည်က လွှမ်းကာ "ပါယာသိမြို့စား" ဟူ၍သာ တွင်နေ၏။

ပါယာသိမြို့စားသည် သဘင်ရှိ၏။ တစုံတခုကို လုပ်မိလျှင် ဝံ့ဝံ့ရဲရဲ ပြတ်ပြတ်သားသား လုပ်ဘတ်၏။ ထိုသို့ ဝံ့ဝံ့ရဲရဲ သဘို ဗျတ်ရှိစွာဖြင့် ပြတ်ပြတ်သားသား လပ်ဘတ် ဖသောကြောင့် သူသည် မိစ္ဆာဝဒ သရဖူခဿာဒီးကာ မိစ္ဆာဝါဒီတို့၏ အရှင် သခင် ဖြစ်လာသည်။ အုပ်ချုပ် ရေးဆွဲ ဝါဒ ခရစ်ကြောင့် (ပါယာသိဆုဇာည) ပါယာသိမြို့စားကြီး ဆိုဖသော ဒေးမည်ဂုဏ် သတင်းမှာ ပျံနှံကြီးမြင့်လျက် ရှိဖလသည်။

ပါယာသိမြို့စားသည် ယခုအခါနှင့်တွင် မိစ္ဆာဝါဒကို အမြတ် ဘန်း ရင်ဝယ် ပိုက်ဆွဲထားခဲပြီ ဖြစ်သော်လည်း ထိုမိစ္ဆာ ဝါဒကို သူသည် အရမ်းကာရော ယုံကြည်လက်ခံခြင်း မဟုတ် ပေ။ သူပြော လူပြော ကိုလည်း မယုံကြည်တတ်၊ ကိုယ်တိုင် ကိုယ်ကျ ကျေနပ်လောက်အောင် သုဘေသနပြုလျက် စိတ်ချ ရလောက်သည့် အဖြေဆိုက်မှ နှစ်ခြိုက်လေ့ ရှိ၏။ ထိုဖခတ်တွင် ဤအချက်သည် ပါယာသိ မြို့စားကြီး၏ ထူးခြားသော ဂုဏ် ဖြစ်လေသည်။

သူ ယခု သိမ်းပိုက်ခံယူထားသော မိစ္ဆာဝါဒကို လက်မခံ မီက အကြိမ်ကြိမ် အထပ်ထပ် ဂွမ်းဖတ်သကဲ့သို့ ကျည်က်နေ

အောင် နှစ်နှင့်ချီ၍ လေ့လာစူးစမ်းကာ လက်တွေ့ သုတသန ပြုလာခဲ့ရသည်။ နှစ်နှစ်ကာကာ အူထဲ အသဲထဲက လိုက်လိုက် လဲလဲ မကျေမနပ်မချင်း ထိုဝါဒလို လက်ခံခြင်း သူ မပြုသေး။

ထိုဝါဒကို သုတသနပြုခဲ့စဉ်က ပါယာသိ မြို့စားသည် သူ ဉာဏ်မီသလောက် မူတမူကို "စောက်ချ" ခဲ့၏။ ထိုမူအရ သူ သုဘသန ပြုခဲ့ခြင်း ဖြစ်၏။

သူမူကား မူထူးမူဆန်း ဖြစ်၏။

အကြင်သူသည် ကံငါးပါးကို လုံခြုံအောင် စောင့်စည်းပြီးလျှင် ဒါန သီလစသော ကုသိုလ်ဓကာင်းမှုတို့ကို တတ်နိုင်သမျှ ပြု၏။ ထိုသူ ကွယ်လွန် လေသောအခါ နတ်ရွာ သုဂတိသို့ လားရောက်ရလေ၏။

အကြင်သူ တဦးကား ကံငါးပါး ကိုလည်း ကျူးလွန်၏။ ဒါန သီလစသော ကောင်းမှု တို့ကိုလည်း ပြုခြင်းမရှိ။ ထိုသူ ကွယ်လွန်သွား လေသောအခါ အပါယ် လေးပါးသို့ လားရောက်ရလေ၏ဟု သမဏ ဗြာဟ္မဏကြီးတို့ ဆိုပြော ဆုံးမလေ့ ရှိသည့် "ရှေးဟောင်းဩဝါဒများ" အပေါ်၌ သူမူကို အခြေခံ ပနက် စဲလိုက်ပြီ, နောက် ဒုစရိုက် မိုက်တုံးတာ များကိုငင်း၊ သုစရိုက် ကုသိုလ်ရှင်များကိုငင်း သူ၏ သုဘတသနဇာတ်လမ်း အတွက် လက်တွေ့အစမ်းသပ်ခံ ဇာတ်ကောင်အဖြစ် ရွေးလိုက် လေသည်။

ဆန္ဒပြင်းစွဲဖြင့် ပါယာသိမြို့စား လေ့လာ လိုက်စားနေသော အရာကား "တမလွန်ဓလောက ရှိ မရှိ၊ သေလျှင် ဘဝသစ် တခု၌ ပြန်၍ ဖြစ်၊ မဖြစ်၊ ကုသိုလ်ပြုလျှင် ကုသိုလ်၏အကျိုးကို စံရမည်၊ မစံရမည်၊ အကုသိုလ်ပြုလျှင် အကုသိုလ်၏ အပြစ်ကို

ခံရမည်၊ မခံရမည်”ကို အတိအကျ သိရအောင် ကိုယ်တွေ့ သုတေသန ပြုခြင်းပင် ဖြစ်၏။

ပါယာသိမ့်မိုစား တွက်ဆမိလေသည်ကား အကယ်၍ သမဏ ဗြာဟ္မဏကြီးတို့ ဆိုလေတိုင်း အကုသိုလ်မှုကို ပြုလုပ်ကြသော ဒုစရိုက် မိုက်တုံးတာကောင်များ သေခဲ့သော် အပါယ်လေးပါး အစာဖြစ်မည်။ ငရဲကျမည်။ ငရဲရောက်လျှင် ငရဲအကြောင်းကို ထိုသူတို့ ကောင်းကောင်းသိကြမည်။ သုစရိုက်မှု ကုသိုလ်ပြုကြသော အလှူရှင်၊ ဒါနရှင်များ ကွယ်လွန်၍ နတ်ရွာသုဂတိလား ခဲ့သော် ထိုသူ ဤသူတို့သည် နတ်ပြည်အကြောင်းကို ကောင်းကောင်းသိကြမည်။

သူ၏ သုတေသနအတွက် ထိုသူဤသူတို့ထံမှ၊ ဝါ၊ နတ်ပြည် ရောက်သူ၊ ငရဲလားသူတို့ထံမှ၊ ဝါ၊ အထက်လူ၊ အောက်လူတို့ ထံမှ အထောက်အကူများစွာ ရနိုင်သည်ဟု တွက်ဆထား သည့် အလျောက် သူ၏ သုတေသနမှုတွင် ထိုကုသိုလ်ရှင်၊ အကုသိုလ်ရှင် ဝါ၊ ထိုလူလိမ္မာနှင့် လူမိုက်တို့အား ကျကျနန အသုံးချလေ တော့သည်။

သူ၏ အသုံးချပုံမှာ ယဉ်ယဉ်ကလေးနှင့် ဆွဲဆောင်မှု ရှိလှ၏။ လူဘဖက်သားတို့အား စိတ်ဝင်စားစရာ ဖြစ်စေ၏။ ထိုသူ ထိုသူများ သေခါနီးကာလတွင် သူတို့ထံမှောက်သို့ ကိုယ်တိုင် သွားရောက်ပြီး ထိုသူတို့နားသို့ စကားသွင်းလိုက်သည်။

ဥပမာ၊ ကံငါးပါးကို လုံခြုံအောင် ထိန်းစောင့်ပြီး ကုသိုလ် ကောင်းမှု ပြုကြသော လူသူတော်ကောင်းများအား “သင်တို့ ကွယ်လွန်သွားခဲ့သော် ဆရာသမဏာ၊ ဗြာဟ္မဏတို့၏ အဆိုအမိန့် အရဆိုလျှင် နတ်ရွာသုဂတိသို့ လားရောက်ရမှာ သေချာသည်။

နတ်ပြည်ရောက်လေသောအခါကျွန်တော်၊ ကျွန်မဖြင့် မည်သည့် နတ်ဘုံမှာ၊ မည်သည့်နတ်သမီး၊ နတ်သား ဖြစ်နေပါသည်” ဟူ၍ဌင်း၊ ကံငါးပါးကို အတုံးလိုက် အတစ်လိုက် ကျူးလွန်ထားကြသော ဒုစရိုက် မိုက်ခဲများအားလည်း “သန်တို့ ကွယ်လွန်သောအခါ အပါယ်လေးပါး အစာဖြစ်၍ ငရဲသို့ လားမှာသေချာသည်။ အကယ်၍ ငရဲသို့ ကျရောက်ခဲ့သော် မည်သည့် ငရဲမှာ မည်သို့ ခံနေရပါသည်” ဟူ၍ဌင်း၊ မိမိ၏ အပေါင်းအသင်း ရောင်းရင်း မိသင်္ဂဟများအားလည်း သေသည်၏ အခြားမဲ့၌ ရောက်ရာဘဝကလာပြီး “ဘယ်နေရာမှာ ဘာဖြစ်နေသည်” ဟူ၍ဌင်း သူထံလာ၍ အကြောင်းပြန်ကြားလှည့်ပါရန် တင်ကြို၍ မှာလိုက်လေသည်။

ထိုသူ ဤသူများကလည်း “ကောင်းပါပြီ၊ လာရောက် အကြောင်းပြန်ပါမည်။ သတင်းပို့ပါမည်” ဟူ၍ အသီးသီး လေးလေးစားစား အာမခံသွားကြကုန်သဖြင့် ထိုသူတို့ ကွယ်လွန်သွားလေသောအခါတွင် ပါယာသိမ့်မိုစားသည် ဟိုက သည်က သတင်းစကားများ ကြားရနိုးနှိုးဖြင့် အမျှော်ကြီး မျှော်ကိုးနေခဲ့သော်ငြားလည်း ကာလကြာမည်ဆင်း အချိန်သာဟောင်းဟောင်း လာခဲ့သည်။ မည်သူ တဦးတယောက်မျှ သူထံ အကြောင်းပြန်ကြားလှာသူ မရှိ။ နတ်ပြည်ကလည်း သတင်းမရောက်၊ အောက် ငရဲပြည်ကလည်း သတင်း မရ။ ဘာမျှ မသိရသည့် အဆုံးတွင် သူ၏ သုခတသနလုပ်ငန်းကို နိဂုံးချုပ်လိုက်သတည်း။

“တမလွန်လောက ဆိုသည်မှာ တကယ်ရှိသည် မဟုတ်။ လံကြွင်၊ လုပ်ကြံစကားမျှသာပါတကား။ အကယ်၍ ရှိခဲ့သော်

တယောက်မဟုတ်လျှင် တယောက်ယောက်တော့ ဧကန် ငါ့ထံသို့ အကြောင်းပြန်ကြားလာလေတန်ရာသည်။ သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဘာမျှမဖြစ်၍သာ မလာခြင်း ဖြစ်မည်။ စင်စစ် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဖလဆိုသည် မှာလည်း အပြောသာရှိသည်။ လက်တွေ့အားဖြင့်ကား ဘာမှ မဟုတ်။ ကောင်းတာကိုဘဲလုပ်လုပ်၊ မကောင်းတာကိုဘဲလုပ်လုပ် လုပ်သောကြောင့် အကျိုးလည်း မဖြစ်၊ အပြစ်လည်း မဖြစ်။ ထို့ကြောင့် ဟောင်းကျိုးကို မျှော်ကိုး၍လည်း ကုသိုလ်ကောင်းမှုကို ပြုစရာမလို။ အပါယ်လားမည် စိုး၍လည်း အကုသိုလ်ဒုစရိုက် အလုပ်မျိုးအတွက်လည်း ရှိုးတိုးရှန့်တန့် ဖြစ်ဘွယ်မရှိဟု စဲမြဲစွာ သန္နိဋ္ဌာန်ချလိုက်ပြီးနောက် အောက်ပါအတိုင်း "ဝါဒလမ်းစဉ်" သတ်မှတ်လေသတည်း။

"ထိုထို အကြောင်းကြောင်း[၁] တို့ကို ထောက်၍ တမလွန်ဘဝလာကဟူသည် မရှိ။ သတ္တဝါသည် သေသည်မှ နောက် ပြန်၍ မဖြစ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဝိပါက် ဆိုသည်မှာလည်း စကားတွင်သာရှိသည်။ လက်တွေ့ အကောင်အထည်အားဖြင့် ဘာမျှ မထင်၊ ဘာမျှ မရှိ။"

၁။ ဣတိပိနတ္ထိတိ တံတံကာရဏံ အပဒိသိတ္ဝာ ဧဝမ်ပိနတ္ထိတိ ဝဒတိ။

(ဒီဃနိကာယ်၊ သုတ်မဟာဝဂ်အဋ္ဌကထာ၊ ပါယာသိရာဇညသုတ်၊ ၃၉၇၊ ဆဋ္ဌမ္ပု)

ဤသည်ကား ပါယာသိမြို့စား၏ သုတေသန ပြုခွင့်မှ ထုတ်လာသည့် ကောက်ချက် ဖြစ်ချေ၏။ ဤကောက်ချက်အရ ကိုယ်တိုင်လည်း ခံယူကျင့်သုံး၏။ သူတပါးတို့အားလည်း ကျင့်သုံးစေ၏။

ပါယာသိမြို့စား၏ မိစ္ဆာကောက်ချက်ကို အကယ်ပင် လိုက်လိုက်လဲလဲ စွဲမြဲစွာ လက်ခံ ယုံကြည်ကြသူများလည်း ရှိသည်။ အချို့ကမူ ယင်း မိစ္ဆာအယူဝါဒကို ယုံကြည်ခြင်း မရှိသော်လည်း ပါယာသိမြို့စား၏ အကြိုက်ကိုလိုက်ကာ မိစ္ဆာအယူကပ်မြောင် အယောင်ဆောင်ကြသည်။ အချို့မူကား ပါယာသိမြို့စား၏ အယူအစဉ်ကို ကြိုက်သည်လည်း မဟုတ်။ မကြိုက်သည်လည်း မဟုတ် ဖာသိဖာသာပင် နေကြသည်။

ထိုအခါ ပါယာသိမြို့စားမှာ တမ်လွန်လောကနှင့် ပတ်သက်၍ လက်တွေ့ကျကျ သုတေသနပြု၍ တီထွင်လိုက်သော "ဝါဒကိုထွင်ရှင်မြို့စား" ဖြစ်လာသည်။ နကိုက မြို့စား အရှိန်အဝါဖြင့် အရပ်ထက်ဝန်းကျင်၌ ထင်ရှားကျော်ကြားလျက် ရှိနေသည့်အထဲတွင် ဝါဒသစ်တမျိုးကို အောင်မြင်စွာ ပျိုးထောင်လိုက်နိုင်ပေသည့်အတွက် သေတဗျာမြို့နယ်တွင်သာမက ကောသလမင်းကြီး စိုးစံတော်မူရာ နေပြည်တော်ကြီးအထိ ပါယာသိမြို့စား၏ သတင်းမှာ တောမီးလောင်သည့်အလား ကူးစက်ပြန့်ပွားသွားလေရာ ကောသလမင်းကြီးမှာလည်း ဝါဒရေးရာနှင့် ပတ်သက်၍ လွတ်လပ်စွာ ခံယူကျင့်သုံးခွင့်ပေးသည့် သဘောဖြင့် မိစ္ဆာဝါဒ တီထွင်ရှင် ပါယာသိမြို့စားအား ထိုကိစ္စနှင့်ပတ်သက်၍ လျစ်လျူရှုကာသာ နေတော်မူသောကြောင့် ပါယာသိမြို့စား၏ မိစ္ဆာအယူမှာ အညွှန့်တလူလူ ရှိနေလေတော့သည်။

သို့သော် သို့သော်-

တနေ့သ၌ ပါယာသိမြို့စား အဖို့ မနှစ်မြို့ဘွယ်၊ စိတ်နှလုံးနောက် တုန်လှုပ်ချောက်ချားစရာ အကြောင်းတခု ပေါ်လာလေ၏။ အယူမှားနေသော ပါယာသိမြို့စား၏ နယ်ထည်းသို့ စာတတ်၊ စကားတတ်၊ ဉာဏ်ပဋိဘာဏ် လျင်မြန်လှသည်ဟု ကျော်ကြားသော ရဟန်းတော် တပါး ကြွရောက်လာသောကြောင့် ဖြစ်သည်။ ပါယာသိမြို့စားစိုးပိုင်သော သေတဗျမြို့၏ ထက်ဝန်းကျင်တွင် စုရုံးစုရုံးနှင့် ပြဿနာကို ခေါင်းချင်းရိုက်ရင်း ဟိုကသည်က ထွက်ထွက်လာကြသော လူများကိုၾကည့်၊ ထိုလူတို့သည် တနေ့ဆ၌ တပေါင်းတည်း တခဲနက် စုရုံးကြပြီးလျှင် သေတဗျမြို့ မြောက်စူးစူးအရပ် ယင်းတိုက်တောဆီသို့ အလုံးအရင်းနှင့် ချီတက်သွားကြသည်ကိုၾကည့်၊ ပါယာသိမြို့စားသည် ပြာသာဒ်ထက် လေသာနန်းတံခါးမှ မြင်ရလေသောအခါ အမတ်ဘဉီးကို ခေါ်၍ အကျိုးအကြောင်း မေးလေသည်တွင် ထိုအမတ်က တင်လျှောက်လေသည်ကား-

"အိုး.... အရှင့်သား၊ ဂေါတမမြတ်စွာဘုရား၏ တပည့်၊ အရှင်ကုမာရကဿပမည်သော ရဟန်းတပါးသည် နောက်ပါသံဃာငါးရာ ခြံရုံလျက် ဤမြို့သို့ ဆိုက်ရောက်လာပြီး ယခုယင်းတိုက်တောနန်းတွင် စခန်းချလျက် ရှိနေပါသတဲ့ ဘုရား။ ထိုကိုယ်တော်သည် ပညာလည်းတတ်သည်။ စကားအရာမှာလည်း လိမ္မာသည်။ ဉာဏ်ပဋိဘာဏ် အလွန် လျင်သည်။ ပရိယာယ်ကြွယ်ကြွယ်ဖြင့် သူမတူအောင် ဆန်းကြယ်လှစွာသော တရားစကားကိုလည်း ဟောပြောတတ်သည်။ထေရ်ကြီး၀ါကြီး၊

ရဟန္တာကိုယ်ဘော်ကြီး ဟူ၍လည်း ကျော်ကြား ပါသည်။ တမြို့လုံး အုံးအုံးကြွက်ကြွက်နှင့် ဂယက်ရိုက်ပြီး ဟိုလူအုပ်ကြီး ချီတက်သွားသည်မှာ ထိုရဟန္တာ အရှင်သုမြတ် ကုမာရကဿပ ကိုယ်တော်ကြီးကို ဖူးမြော်ကြရန် သွားကြခြင်းပါ အရှင့်သား”

ထိုစကားကိုကြားလတ်သော် ပါယာမြို့စားမှာ မျက်လုံး များပင် ပြူးသွားလေသည်။ “ရော ခက်ရချည့်၊ မလိမ်မိုး မလိမ္မာနဲ့ ဒီမြို့ပေါ်က ငါ့ရိသတ်၊ ငါလူခေတ္တကို သည်ကိုယ် တော်က ဉာဏ်ကလဲလျင်၊ အဒေါ်အဆိုက လိမ္မာ၊ စကားအတ် ဆိုလျှင်ဖြင့် မဖြစ်ဘူး၊ မဖြစ်ဘူး။ ငါ့အကောင်တွေက စိတ်ချ ရတာမှတ်ဘူး။ သူကရားဆဲဆိုသို့ ပါကုန်ရင်အခက်။ ငါ ကိုယ် တိုင် လိုက်၍ ကြိုးကိုင်သေမှ ဘော်မည်”ဟူ၍ အမတ်အား “အချင်းအမတ်၊ ဟိုလူအုပ်ကြီးကို သွားဆိုင်းထားလိုက်စမ်း။ ငါပါ လိုက်ခဲ့မည်ဆိုပြော” ဟူ၍ စေခိုင်းလျှင် အမတ်လည်း လူအုပ်ကြီးနောက်သို့ ဒူးမှိလိုက်၍ အကျိုးအခကြောင်းပြောပြကာ လူအုပ်ကြီးကို ဆိုင်းထားသည်။ လူအုပ်ကြီးလည်း မြို့စားကိုယ် တိုင် လိုက်မည်ဆိုသဖြင့် ဆိုင်းငံ့နေကြသည်။

ခဏကြာလျှင် ပါယာသိမြို့စား ရောက်လာသည်။ လမ်း လျှောက်လာရင်း စိတ်နှစ်ခွဖြစ်လာ၏။ ပဌမတွင် မိမိ၏ ပရိသတ်အား ဖြားယောင်း သွေးဆောင်သွားမည်ကို စိုးရိမ်မိ ခြင်းဖြစ်ရာမှ “အရှင်ကုမာရကဿပသည် စာဘတ် ပေတတ်၊ စကားတတ်၊ ဆန်းဆန်းကြယ်ကြယ် ပရိယာယ်ကြယ်ကြယ် နှင့် ဟောပြောတတ်သည်ဆို၍ကို ကွက်ခနဲ စိတ်ဝင်စားမိလာ သည်။ ထိုမှတဆင့် သူ၏ဝါဒကို ရင်ဖွင့်တင်ပြကာ ဆွေးနွေး

ကြည့်ရလျှင် ကောင်းလေမည်လော ဟူသော "ဝါဒချင်းနှိုးနှော" လိုသည့် ဆန္ဒကလည်း မသိမသာ သူ့ဦးနှောက်ထဲ ရောက်လာသည်။

ပါယာသိမြို့စားကဲ့သို့သော မိစ္ဆာဝါဒီတဦးက စိတ်ဝင်စား လာရခြင်းမှာ အရှင်ကုမာရကဿပ၏ ထူးခြားသော အရည် အချင်းတမျိုးကြောင့်ဖြစ်၏။ ထိုအရည်အချင်းမှာ အကြောင်း အရာတခုကို စိတ်ဝင်စားလာအောင် ဆန်းဆန်း ကြယ်ကြယ် ပရိယာယ်များဖြင့် သွယ်သွယ်ဝိုက်ဝိုက် ပိုက်ကွန်နှင့်ပစ်ဖမ်းသည့် ပမာ စိတ်ဓာတ် တိမ်းညွတ်လာအောင် အပြောကောင်း၊ အဟော ကောင်းခြင်း၊ စကားအရာ အင်္ဂါလေးတန် တတ်ပြန် လိမ္မာခြင်း ပင် ဖြစ်၏။

ဤသို့ ဆန်းဆန်းကြယ်ကြယ်၊ သွယ်သွယ်ဝိုက်ဝိုက် အပြော အဟောကောင်းခြင်းမှာလည်း သမိုင်းကြောင်း အထင်အရှား ရှိလေရာ ထိုသမိုင်းကြောင်း ဝတ္ထုအချုပ်မှာ-

အရှင်ကုမာရကဿပ[1]သည် ပဒုမုတ္တရ မြတ်စွာဘုရား သက် ထက်၌ သူဌေးသား ဖြစ်ခဲ့၏။ တနေ့သ၌ ဆန်းကြယ်စွာ စကားဆိုတတ်သော ရဟန်းတပါးအား "တေဒဂ်ဘွဲ့" ပေးနေ သည်ကို မြင်၍ အားကျလာပြီး အလှူကြီး ပေးလှူပြီးလျှင်

၁။ ထေရော ကိရ ပဒုမုတ္တရဿ ဘဂဝတော ကာလေ သေဋ္ဌီ ပုတ္တော အဟောသိ။ ။

(ဒီဃနိကာယ်၊ သုတ်မဟာဝါအဋ္ဌကထာ၊ ပါယာသိရာဇညသုတ်၊ ၃၉၆)

"နောင်ပဉ္စင့်လတံ့သော ဂေါတမဘုရားသခင် လက်ထက်၌ ဤရဟန်းကဲ့သို့ ဆန်းကြယ်စွာ ဆိုပြောတတ်သော အရာတွင် တေဒဂ်ဘွဲ့ ရပါစေသား" ဟု ဆုတောင်းခဲ့ဘူးသဖြင့် ထို ဆုတောင်းနှင့်အညီ "စိတြကထိ"ဆန်းဆန်းပြားပြား စကား မပြောကောင်းသည့် ဘေဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသော ရဟန္တာ ဖြစ်လာသည်။

အရှင်ကုမာရကဿပသည် စကားပြော ကောင်း သော အရာ၌သာ ဆန်းသည် မဟုတ်။ လူဖြစ်လာစ သူ ဘဝကလည်း အဆန်းပင်ဖြစ်သည်။ ထူးထူးဆန်းဆန်း ဘိုကွန်နီ (ရဟန်းမ) တဦးက မွေးလာသောသား ဖြစ်သည်။

သူမိခင် အပျိုဘဝက ဘိုကွန်နီမဝတ်ချင်၍ မိဘနှစ်ပါးထံ ခွင့်ပန်ခဲ့သော်လည်း မရ။ မိဘများက ခွင့်မပြု။ သမီးကို လင် ပေးစားလိုက်ကြ၏။ သမီးမှာ လင်ရှိမယားဖြစ်သွား၏။ ထိုအခါ အရှင်ကဿပ၏ မိခင်က "ဘိုကွန်နိမ ဝတ်ပါရစေ" ဟု လင်ယောကျ်ားထံ ခွင့်ပန်ပြန်သည်။ လင်၏ ခွင့်ပြုချက်အရ ဘိုကွန်နီမဖြစ်၍ သာသနာ့ဓာဘောင် ရောက်လာသည်။

ထိုအခါ ဘိုကွန်နီမမှာ ဗိုက်ပြဿနာ ပေါ်လာလေ၏။ ရဟန်းမဘန်မဲ့ ဗိုက်ကြီးရသလား ဟု မဲ့ကြ၊ ရှဲကြ၊ ကဲ့ရဲ့ကြ ကုန်၏။ အရှင်ဒေဝဒတ်ကမူ "ဒီဟာမ ရဟန်း မဟုတ်တော့" ဟူ၍ပင် မှတ်ချက်ချလိုက်ရာမှအစ ထို ဗိုက်ပြဿနာမှာ ဘုရား ထံတော်သို့ ရောက်လေ၏။

"ဤဘုံ "ဝိနယ တေဒဂ်ဘွဲ့ရ ဥပါလိ စုံစမ်းစစ်ဆေးစေ" ဟု ဘုရားသခင်က လွှဲလိုက်သည့်အခါ အရှင်ဥပါလိမ ထရ်သည် ဝိသာခါအစရှိသော အမျိုးသမီးများကို ခေါ်၍ ကိုယ်ဝန်

ဆောင်ရခြင်း၏ ရက်၊လ သဘောသဘာဝများကို တွက်ဆရန် အာမျိုးသမီးချင်း စုံစမ်း စစ်ဆေးစေသည်တွင် လူဝတ်ကြောင် ဘဝက ပါလာသော ကိုယ်ဝန် ဖြစ်ကြောင်း သိရမှ ထိုဗိုက် ပြဿနာ ပြီးဆုံးသွားတော့၏။ ဖွားမြင်လာသောအခါကောသလ မင်းကြီးက သားတော် အဖြစ် မွေးစား ထားသောကြောင့် ရဟန်းဖြစ်လာသောအခါတွင် "ကုမာရကဿပ" ဟု ဆင်ရွှား လာသတည်း။ (ဤကား ကုမာရကဿပ၏ သမိုင်းကြောင်း ဖြစ်၏။)

အရှင် ကုမာရကဿပသည် ဗုဒ္ဓဝါဒကက်မှ တိုက်စစ်မှူးကြီး တဦးဖြစ်၍ ပါယာသိမြို့စားမှကား မိစ္ဆာဝါဒ ထုတ်လုပ်သူ ကောင်ဖြစ်လေသည်။

ပါယာသိမြို့စားသည် မိစ္ဆာဝါဒီ အစစ်ရော အယောင် ဆောင်တွေပါ အခြေအရံ များစွာဖြင့် အရှင်ကုမာရကဿပ သီတင်းသုံးတော်မူရာ ယင်းတိုက်ဘောသို့ ရောက်လာပြီး အရှင် ကုမာရကဿပ၏ ရှေတော်ဝင်၍ နှုတ်ခွန်းဆက်သကာ အလွှာပ သလွှာပစကား အနည်းငယ်ပြော၍ သင့်လျော်သော နေရာ တွင် ထိုင်လျက်မှ အရှင်ကဿပအား အကဲခတ်သည့် အမူအရာ ဖြင့် ကြည့်ကာသာ နေသည်။ သူပရိသတ် အချို့က အရှင် ကုမာရကဿပအား ရှိခိုးကြသည်ကိုငင်း၊ အချို့က မိမိတို့၏ အမည်နာမများကို ထုတ်ဖော်၍ အရှင်ကဿပအာ။ လျှောက် ထားနေသည်ကိုငင်း၊ အချို့က မမှိတ်မသုန် အရှင်ကဿပအား ကြည့်လင့်နေကုန်သည်ကိုငင်း မြင်ရသောအခါ ပါယာသိမြို့စား မှာ "ငါ့အကောင်းတို့ ပါမျှား သွားလေမည်လား" ဟူ၍ စိုးရိမ် သောအမူအရာဖြင့် ထိုင်နေရင်း ငြူစူသလိုလို ဖြစ်နေသည်။

သို့သော် ဤစိတ်ကို သူ၏ဝါဒက ချုန်းခြိတ်၍ ဟန့်တားလိုက်ချက်အရ နောက်တွင်မူ မနာလိုစိတ် ပျောက်ကာ ဝါဒစိတ်များကသာ သူ့အား လွှမ်းမိုး လာသည်။ သူ့ဝါဒ ခိုင်မာစေလိုစိတ်ကလည်း ရှိသည်။ "သည်ကိုယ်တော် နာမည်ကြီးလှသည်။ ကျော်တိုင်းတော်၊ မတော်ကို သိရအောင် ငါ့ဝါဒကို တင်ပြ ဆွေးနွေးကြည့်ရလျှင် ကောင်းလေစ့"ဟု ရုတ်ချင်းပင် အတွေးပေါက်လာသည်အလျောက် ကောက်ကာငင်ကာဆိုသလို သူကပင် စတင်လိုက်၏။

"အို အရှင်၊ အရှင်နှင့် စကားဆိုမှု ရယူလိုပါ၏။ ခွင့်ပြုတော် မူနိုင်ပါစ။"

"ဒကာတော်မြို့စား၊ ဆိုနိုင်ခွင့်ရှိပါ၏။ ဆိုလိုရာကို ငါ့အား ဆိုလော့။"

"အို အရှင်၊ အကျွန်ုပ်မှာ ဝါဒတခု ရှိပါ၏။ ထိုဝါဒကို တင်ပြပြီး ဝါဒရေးရာနှင့် ပတ်သက်၍ အရှင်နှင့် ဆွေးနွေးလိုပါသည်။ အကျွန်ုပ်၏ဝါဒမှာ ဤသို့ပါအရှင်-

"ထိုထို အကြောင်း ကြောင်း တို့ကို ထောက်၍ တမလွန်လောကဟူသည် မရှိ။သင့်ဝါဒသည် သေသည်မှ နောက်၌ ပြန်၍ မဖြစ်။ ကုသိုလ်ကံ၊ အကုသိုလ်တို့၏ အကျိုးဖလ ဆိုသည်မှာလည်း အပြောသာ ရှိသည်။ လက်တွေ့ အကောင်အထည် အားဖြင့်ကား ဘာမျှ မထင်၊ မရှိ။

"ဤကား အကျွန်ုပ်၏ ဝါဒ ဖြစ်ပါ၏။ အရှင် မည်သို့ သဘောရပါသနည်း။ အရှင်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်ထံ တင်ပြ

ဆွေးနွေးခွင့် ရပေသည့်အတွက် ကျွန်ုပ် ဂုဏ်ယူပါ၏။ အသို့ပါနည်း အရှင်"ဟု တည်ငြိမ်ဆေးကွန်ဖြင့်ပင် သာယာ ချေငံစွာ ဆို၏။ ထိုအခါ အရှင်ကုမာရကဿပကလည်းစကွဉ်ခြေချလျက်မှ ပြန်လည် မြွက်ကြားလိုက်၏။

"ဒကာတော်မြို့စား၊ ဤသို့ ဆိုပြောလေ့ရှိသည်ကို ငါ မြင်လည်း မမြင်စဖူး၊ ကြားလည်း မကြားစဖူး။ သင်ဆိုပေသဖြင့်သာ ယခု ငါကြားဖူးရပြီ။ သင့် အယူဝါဒကား အံ့ဘွယ်ရှိစွ" ဆိုလျှင် မြို့စားသည် အရှင်အား ဆတ်ခနဲ စိုက်ကြည့်ကာကြောင် စိစိ ဖြစ်နေ၏။

နေလ ဥပမာ

"အို ဒကာတော် မြို့စား၊ယင်းသို့ဖြစ်တပြီးကား ဤအရာ၌ သင့်ကိုပင် ပြန်၍ ငါမေးအံ့။ သင် ချမ်းသာ နှစ်ခြိုက်သလိုသာ ပွင့်ပွင့်လင်းလင်း ဖြေပါလော။"

"မေးပါ၊ မေးပါ အရှင်။"

"အို ဒကာတော် မြို့စား၊ အကြင်စကားကို ငါ ဆိုလတံ့။ ထိုစကားကို သင် မည်သို့ ထင်သနည်း။ လ သည် ရှိ၏။နေသည် ရှိ၏။ ဤ လ၊ နေတို့သည် ဤလောက၌ ဖြစ်ကုန်သလော၊တပါး သော ပရလောက၌ ဖြစ်ကုန်သလော။ လ၊ နေတို့သည် နတ်တို့လော၊ လူတို့လော။"

ထိုသို့ မေးလိုက်သည့်အခိုက်တွင် ပါယာသိမြို့စားမှာခေါင်းငိုက်စိုက်နှင့် ငေးငိုင်ငိုင် ဖြစ်သွားလေ၏။ ဖြေဆိုရန် အတွက်

ပါးကြောနားကြောကြီးများတင်းကာ အလေးအနံက် တွဲးနေသကဲ့သို့ ရှိနေ၏။ ၁း"ဤရဟန်းကား ရှေးဦးစွာ ငါ့အားလျာနေကို ဥပမာ ဆောင်ပြ၏။ သဘောမှာ သူသည်ပညာအားဖြင့် လနေနှင့် တူသည်ဟု ငါ့ကို ဆိုလိုက်ခြင်းပင် ဖြစ်ပေမည်။ အကယ်၍ လျာနေတို့သည် ဤလောကဌ် ဖြစ်ကုန်၏ဟု ဖြေလိုက်သော် သူက ငါ့ကို ဆင့်၍ မမေးဘူးဟူ၍ မဆိုသာ။ ထို့ လျာနေတို့သည် အဘယ်ကို မှီကုန်သနည်း။ အချင်းပမာဏ အဘယ်မျှ ရှိကုန်သနည်း။ အစောက်အားဖြင့် အဘယ်မျှ မြင့်ကုန်သနည်း စသည်ဖြင့် မေးချေအံ့၊ ပြဿနာမှာပို၍ ရှုပ်ထွေး လာချေတော့မည်။ သူအမေးကို ပြေလည်အောင် ဖြေခြင်းငှာ ငါ တတ်နိုင်မည် မဟုတ်။ သည်တော့ကာပြီးလွယ် စီးလွယ် ဖြမှသင့်မည်"ဟု တွေးကြံကာ ဤသို့ ဖြေလေ၏။

"အို အရှင်၊ဤ လျာနေတို့သည် တပါးသော ပရလောကဌ် ဖြစ်ကုန်၏။ ဤလောကဌ် မဖြစ်ပါကုန်။ ထို့ လျာ နေ တို့သည် နတ်တို့သာတည်း။ လူတို့မဟုတ်ပါကုန် အရှင်။"

ပါယာသိ မြို့စားသည် "နေ လ တို့သည် ဤလောကဌ် ဖြစ်ကုန်၏"ဟု ဖြေလို့၏၊ သို့သော် ရှေ့ဆက်၍ "ဘယ်မှာ မှီတွယ်ကြကုန်သနည်း" စသည်ဖြင့် အမေးအမြန်း ပြုလာချေက မဖြေနိုင်မည် စိုးသဖြင့် "ပရလောကဌ် ဖြစ်ကုန်၏"ဟု

၁။ အယံ သမဏော ပထမံ စန္ဒိမ သူရိယေဥပမံ အာဟာရိ။
(ဒီဃနိကာယ်၊ မဟာဝဂ် အဋ္ဌကထာ၊ ပါယာသိရာဇညသုတ်၊ ၃၉၇၊ ဆဋ္ဌမ)

ဖြေသည်။တဖန် သူအဖြေမှာပင် လၢနေတို့သည် နတ်၊လူမဟုတ်ဟုလည်း ဆိုသည်။ ဤသို့ဆိုခြင်းကပင် သူ၏ ရွေစကား အယူဝါဒနှင့် နောက်စကားအဆိုပြုချက်မှာ တိုက်ရိုက်ဆန့်ကျင်နေ၏။ "ပရလောကရှိသည်။ သတ္တဝါသည် သေသည်၏ အခြားမဲ့၌ ဖြစ်သည်"ဟု ဝန်ခံရာရောက်သွား၏။ထိုအကြောင်းကိုရိပ်စောင်းချပင် အာရင်ကုမာရကဿပက ဤသို့ မိန့်ဟော်မူသတည်း။

"အို ဒကာတော်မြို့စား၊သက်သာဝဿဝါစကားကိုနာလန်ခံ၍ ဤသို့ ဖြစ်စေရန်သင့် မသင့်ကိုလည်း သင်ဉာဏ်ဖြင့် ချင့်ချိန်စေလို ပါ၏။

"ဤအကြောင်းပြု ဥပမာကို လောကသာအားဖြင့်လည်း တမလွန်လောကသည်ဖို့၏။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏။ ပြုပြုသမျှသောကုသိုလ်၊အကုသိုလ်ဘို့၏ အကျိုးဝိပါက်သည် ရှိ၏။

"ဤသို့ ဖြစ်စေပါတော့လား ဒကာတော်။

သို့သိမိန့်လတ်သော် ပါယာသိမြို့စားသည် ရုတ်ချင်းပြန်၍မဆိုနိုင်သေးဘဲ ခေတ္တမျှ တွေဝေကြီးဖြစ်နေ၏။ မျက်နှာကို တဖက်သို့လွှဲကာ တွေဝေကြီးစဉ်းစားနေပြီးမှ ဓေါဋ်းကို မသိမသာခါလျက် သူ့နှုတ်ဖျားမှ ဤစကားသုံးလာ၏။

"ဘို အာရုဏ်၊ အရှင်ဘုရား လေးစားပါ၏။ အဓိပ္ပာယ်စကားကိုလည်း စိတ်ဝင်စားစွာ ကျွန်ုပ်မှတ်သားရပါ၏။အာဒိ၏ ဖြစ်ခစချင်လှသည့် ဆန္ဒမှန်ကိုလည်း အကျွန်ုပ်ရိပ်စားမိပါ၏။ သို့ရာတွင် အရှင့်စကားကို အကျွန်ုပ်လက်မခံနိုင်သည်မှာ ဝမ်းနည်းပါသည်။

"ဤအကြောင်းကို ထောက်သောအားဖြင့်လည်း တမလွန်လောကသည် မရှိ။ သေသည်၏နောက်၌သတ္တဝါသည် ဘဝသစ်မဖြစ်။ ပြုပြုသမျှသော ကုသိုလ်၊အကုသုလ်တို့၏ အကျိုးဝိပါက်သည် မရှိ။

"အကျွန်ုပ်စိတ်သည် ဤဝါဒ၊ ဤအယူကိုသာစဲမြဲစွာ ခံယူထားပါ၏။ ဝါဒတပါးကူးပြောင်းရန် စိတ်ဖြင့်ပင် အကျွန်ုပ်မကြံမိ။"

အရှင်ကုမာရကဿပနှင့် ပါယာသိမြို့စားသည် "အယ္လဝါဒလမ်းကြောင်း" ပေါ်ဝယ် ထိပ်တိုက်ဆုံမိကြသော်လည်း တဦးက မြောက်သို့မျက်နှာမူ၍ တဦးက တောင်အရပ်သို့မျက်နှာမူလျက် တိုက်ရိုက်ဆန့်ကျင်နေသည်နှင့် အလားတူပေ၏။

စကားတတ်၍ ပရိယာယ်ကြွယ်လှသော အရှင်ကုမာရကဿပသည် မြို့စားအား ကရုဏာ၏ သားကောင်ဟု အမှတ်ထားကာ ဤစကားကိုဆက်၍ ဆိုတော်မူ၏။

"အို ဒကာတော်မြို့စား၊ တမလွန်လောကမရှိဟု သင်အယူရှိ၏။ ထိုအယူနှင့်ပတ်သက်၍ အခိုင်အမာ အားကိုးအားထားပြုလောက်စရာ အထောက်အထားမျှားရှိပါလေစ"ဟု မေးလျှင် ပါယာသိမြို့စားသည် သွက်လက်စွာ ဤသို့ဖြေ၏။

"ရှိပါသော်ကော အရှင် ရှိပါ့၊ရှိပါ့!"

"ရှိခဲ့သော် ဆိုလော့ ဒကာတော်။ ခိုင်မာမှု ရှိ၊ မရှိကို ငါသိလို၏။

ထိုအခါ ပါယာသိမြို့စားသည် ယင်းကိစ္စနှင့် ပတ်သက်၍ သူတေသနပြုခဲ့ပုံမျှားကို ထောက်ပြသည်။ငရဲလားမည့် ဒုစရိုက်

မိုက်တုံးတာမျှားအား ငရဲရောက်က သူထံပြန်၍အကြောင်းကြား လှာရန် မှာလိုက်ပုံကိုၾကား၊ ငရဲပြည်မှသတင်းကို ကြားရနိုးနိုးနှင့် မျော်ကိုးခဲ့ သော်လည်း မလာပုံကိုၾကား အကိုးအထောက် လျှောက်တင်ပြီးလျှင်—

"အို အရှင်၊ဤသို့ ငရဲသားတို့ထံမှ တစုံဘရာ အကြောင်း ပြန်ကြားခြင်း မရှိသည်ကို ထောက်သောအားဖြင့်လည်း ပရ လောက မရှိကြောင်း၊ သေလျှင်ပြန်၍ ဖြစ်ခြင်းမရှိကြောင်း ထင်ရှားလှပါ၏။ ထို့ကြောင့် ကျွန်ုပ်၏အယူမှာ အထောက် အထားခိုင်မာပြီးဖြစ်သဖြင့် ထိုအယူကို အဘယ်ကြောင့် ကျွန်ုပ် စွန့်နိုင်မည်နည်း။စွန့်ရန် အကြောင်းမရှိပါ။"

ထိုသို့လျှောက်လိုက်သောအခါ ပါယာသိမြို့စား၏ အလို တော်ရှိများက ပါယာသိမြို့စားအား ထောက်ခံသည့် သဘော ဖြင့် ခေါင်းတညိတ်ညိတ်နှင့် ရှိနေကြသည်။အယူနှုန့်ရှာသူအခွို့ က ရဟန္တာအရှင်ကိုကြည့်လိုက်၊ မိမိတို့သခင်မြို့စားကိုကြည့်လိုက် ဖြစ်နေသည်။ ကြားသမားအခွို့က ငြိမ်သက်စွာရှိနေသည်။

ခိုးသူ ဥပမာ

"အို ဒကာတော်"ဟု ပရိသတ်အခေါ် လှမ်း၍ အသံထွက် လာသောအခါသူတို့၏မျက်လုံးအစုံတို့သည်အရှင်ကုမာရကဿပ ဆီသို့ ရောက်လာကုန်ပြီ။

"အို ဒကာတော်မြို့စား၊ သင့်ကိုပြန်၍ ၉၂ မေးဦးအုံ။ ခိုးသူတယောက်ကို ဖမ်း၍ သင့်အား ဆက်သ လှာကုန်ရာ၏။

ထိုခိုးသူအား 'မည်သို့စီရင်မည်နည်း' ဟု သင့်ထံအမိန့်တောင်းခံကြလေကုန်သောအခါ သင်က "ထိုသူအားခေါင်းတုံးရိတ်၊လက်ပြန်ကြိုးတုပ်ကြပြီး "ဤသူ သူခိုး" ဟု လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ လှည့်လည်ကာမောင်းကြငြာကြကုန်လော့။ ထိုနောက် သုသာန်ထုတ်၊ခေါင်းဖြတ်၍ သုတ်သင်လိုက်ကြလေကုန်လော့' ဟု အမိန့်ပေးလေရာ၏။

"အာဏာသားတို့လည်း အမိန့်တော်အတိုင်း ဆောင်ရွက်၍ သုသာန်သို့ ထိုသူအားထုတ်သွားပြီး သင်းချိုင်းသို့ ရောက်လတ်သော် ထိုခိုးသားကဤသို့တောင်းပန်လေရာ၏။ အို နောင်ကြီးတို့ ခင်ဗျား၊ကျွန်တော်သေရမည့်လူပါ။ မသေခင် ကျွန်တော့်မျက်နှာကို မိဘ၊ သားမယား၊မျှားတံ သွားပြပါရစေ။ ပြီးတော့ ကျွန်တော် မြှုပ်နှံထားတဲ့ ပစ္စည်းမျှားကို နေရာပြောထားခဲ့ပါရစေ။ကျွန်တော် မှာစရာရှိသည်ကို မှာထားပြီးပြီးချင်း ဆက်ဆက်ပြန်ခဲ့ပါမည်။ သက်ညှာဆုအဖြစ်ဖြင့် ကျွန်တော့်အား သွားခွင့်ပြုပါရန် အသနားခံပါသည်ခင်ဗျား" ဟု ဤသို့တောင်းပန်သော် ထိုခိုးသူအား သွားခွင့်ပြုရုပါမည်လော။ သို့မဟုတ် တကြော်ကြော် အော်ဟစ်မြည်တမ်းနေစဉ်မှာပင် ထိုခိုးသူအားသတ်လိုက်ကြကုန်ရာသလော။ အသို့ပါနည်း ဒကာတော်။"

"အို အရှင်၊ပြစ်မှုကျူးလွန်ထားသောထိုခိုးသူအား အဘယ်ကြောင့် သွားခွင့်ပေးဆာချိမ့်မည်နည်း။ သတ်လိုက်ကြ ကုန်ရာပါသည် အရှင်။"

"အို ဒကာတော်မြို့စား၊ သင်ဧည်းစားပါဘိ။ ခိုးသူသည်း လူသားပင်တည်း။ အာဏာသားတို့လည်း လူသားတို့ပင်တည်း။ လူသားအချင်းချင်းပင် အပြစ်အဓလျောက် ကျခံနေရသော

ထိုရာဇဝတ်ကောင် သူခိုးအား သွားခွဲဲ့ မပြုနိုင်ပါဘဲလျက် သင်၏ ဒုစရိုက် မိုက်တုံးတာမျှားအား သင့်ထံ ပြန်၍ အကြောင်းကြားခွင့်ကို အဘယ်မှာလျှင် ပေးကြကုန်မည်နည်း။

"အို ဒကာတော်မြို့စား၊ ဤငရဲသားဥပမာကို ထောက်သော အားဖြင့်လည်း တမလွန်လောက မရှိဟူသော သင်၏ အယူဝါဒကို စွန့်သင့်ပြီ။ စွန့်ပါဘိ ဒကာတော်။"

ပရိသတ်သည် အရှင်သူမြတ်နှင့် ပါယာသိမြို့စားကို စိတ်ဝင်စားလျက် ရှိနေ၏။ အချို့က မြို့စားထံမှ အဖြေကိုငံ့လင့်နေကြ၏။ အချို့မှာမူ အငေးသားဖြင့် ကြည့်နေကြ၏။ မြို့စား၏စကားသံ လွှင့်ပျံ၍ ထွက်လာလေပြီ။

ထိုစဉ်-

"အို အရှင်၊ ငရဲသားနှင့် တင်စား၍ ပြဆိုလိုက်သော အရှင်၏ ဥပမာသင့်ပါ၏။ သို့ရာတွင် ကျွန်ုပ် အယူဝါဒသာ မှန်သည်။ အကိုးအထောက် လုံလောက်ခိုင်မာသည်။"

"အသို့နည်း ဒကာတော်။ ဆိုလော့။"

"အို အရှင်၊ သေလျှင် နတ်ရွာလားကြမည့် ကုသိုလ်ရှင်များအားလည်း မသေခင်က အမှတ်တရပင် ကျွန်ုပ် မှာလိုက်၏။ မည်သူတဦးတယောက်ထံကမှ အကြောင်းမပြန်လှာ။ အကယ်၍သာ နတ်အဖြစ်၊ နတ်ဘဝ ရှိခဲ့အုံး၊ သူတို့လည် မုချ ကျွန်ုပ်ထံ လာရောက်၍ အကြောင်း ပြန်ကြားမည်သာတည်း။ ယခုသော် နတ်ပြည်က ဘာသတင်းမျှ မရ။ ဤသို့ မရခြင်းမှာ ကျွန်ုပ် အယူဝါဒ မှန်ကန်ကြောင်း သက်သေသာဓက ဖြစ်ပါ၏။ ဤသာဓကကို ထောက်သောအားဖြင့်လည်း တမလွန်လောကဟူသည် မရှိပါအရှင်။"

ထိုအခါတွင် ပါယာသိမြို့စား၏အလိုတော်ရိမျှားက တလှုပ်ရှားရှား ဖြစ်လှသည်။ မြို့စား၏ စကားကို ချေပနိုင်အံ့မထင်၍ ရှင်တပျပျနှင့် ရှိနေကြကုန်သည်။

မစင်တွင်းထကျသူ ဥပမာ

"အို ဒကာတော်၊ သို့ဖြစ်လျှင် ဥပမာဖြင့် ငါဆိုအံ့။ ဥပမာ၁ဖြင့် ပြသော် ဤကား ဦးနှောက်ရှိသူဘို့သည် ဆိုလိုချက်အနက်ကို သိထင် လွယ်ကုန်၏။ အို ဒကာတော်၊ ဥပမာလူတယောက်သည် မာန်တွင်းကြီးထဲ၌ ခေါင်းနှင့်တကွ ကျနစ်၍ နေလေရာ၏။

ထိုသူအား သင်က မစင်တွင်းထဲမှ ထုတ်ဆဲကယ်တင်စေပြီးသော် လူးလဲပေကျံနေသော မစင်များ စင်ကြယ်သွားအောင် ရေချိုးပေ၊ ခြင်း၊ အင်္ဂမြေနှံသာများ လိမ်းပေးခြင်း၊ အဖိုးတန် အဆင်တန်ဆာ ဝတ်ဆင်ပေးခြင်းများ ပြုပြီးလျှင် ထိုသူကို ပြာသာဒ်ပေါ်တင်၍ လောကီအာရုံ ကာမဂုဏ်စည်းစိမ်ကို အလိုရှိသလို ခံစားစေရာ၏၊ ထိုသူ၏ သန္တာန်၌ မစင်တွင်းထဲ ပြန်၍ နှစ်မြုပ်လိုစိတ် ရှိရာပါသလော။"

၁။ ဥပမာယ မိဒေကစ္စေ ဝိညူ ပုရိသာ ဘာသိတဿ အတ္ထံ အာဇာနန္တိ။

(ဒီဃနိကာယ်၊ သုဘ်မဟာဝဂ်ပါဠိဘော်၊ ပါယာသိရာဇညသုတ်၊ ၂၅၉၊ ဆဋ္ဌမှု)

"အို....အရှင်၊ ဤသို့ မဖြစ်ရာပါ။ အဘယ့်ကြောင့်ဆိုသော် မစင်တွင်းကား ညစ်ညမ်းလှ၏။ ညစ်ညမ်းသော သဘော ရှိ၏။ နံစော်၏။ နံစော်သော သဘောရှိ၏။ စက်ဆုပ်ဖွယ်ကောင်း၏။ စက်ဆုပ်ဘွယ်သဘောရှိ၏။ ရွံရှာဘွယ်ကောင်း၏။ ရွံရှာဘွယ် သဘော ရှိ၏။ သို့စင်မျှ ရှုမြင်မကောင်း၊ယင်တလှောင်းလှောင်း၊ အပုပ်နံ့တထောင်းထောင်းရှိနေသောမစင်တွင်းသို့ ထိုယောကျ်ားသည် အဘယ်မှာလျှင် ပြန်၍ ဆင်းလိုပါတော့မည်နည်း။"

"အို....ဒကာတော်မြို့စား၊ ဤနည်းတူပင်လျှင် နတ်တို့၏ အနေအားဖြင့် လူအဖြစ်၊ လူဘဝသည် မစင်တွင်းကြီးတမျှ ဖြစ်ချေ၏။ ညစ်ညမ်း၏။ နံစော်၏။ ညစ်ညမ်းနံစော်သော သဘောရှိ၏။ စက်ဆုပ်ရွံရှာဘွယ်ကောင်း၏။စက်ဆုပ်ရွံရှာဘွယ် ကောင်းသော သဘောရှိ၏။

"အို....ဒကာတော်မြို့စား၊ ယူဇနာတရာ ဝေးကွာသော အာရပ်ကပင်လျှင် လူတို့၏ အနံ့သည် နတ်တို့အား မခံမရပ်နိုင် အောင် နှိပ်စက်နိုင်၏။ သို့ဖြစ်လေသောကြောင့် သူတို့၏ ကုသိုလ်ကံအလျောက် နတ်ပြည်သို့ ရောက်ရှိနေကြသော သင်၏ ရောင်းရင်း အပေါင်းအသင်း နတ်သမီး နတ်သားတို့က လူနံ့ တထောင်းထောင်း နံစော်လှသော သင်၏ထံသို့ ပြန်၍ အဘယ် မှာလျှင် အကြောင်းကြားလှာပါကုန်မည်နည်း။

"အို.... ဒကာတော် မြို့စား၊ ဤ ဥပမာကို ထောက်သော အားဖြင့်လည်း သင်၏အသုယူဝါဒကို စွန့်၍ 'တမလွန်လောကသည် ရှိ၏'ဟု ဤသို့ ဖြစ်ပါစေတော့သား ဒကာတော်။"

ဧပယျနိုးစေပေ

မိစ္ဆာအယူဝါဒမှု ကြေကျေတ်အောင် ဤသို့ ချေဆွတ်တော် မူပြေားသော်လည်းမရ။ ပါယာသိမြို့စား‌ကား ခေါင်းမာလှ၏။ သူဝါဒကို မလွှတ်လေဘဲ ဇွတ်တရွတ်ပင် ဆုပ်ကိုင်ထား‌လေရာ စကား‌ပြောသောအရာတွင် ဗောဒဂ်ဘွဲ့တံဆိပ် နှိပ်ခတ် ချီး‌မြှင့် ခြင်း‌ခံရသော အရှင်ကုမာရကဿပသည် 'တဆေး‌မကောင်း၊ တဆေး‌ပြောင်း'ဆိုသော သမား‌ကောင်း‌တို့သဖွယ် ဥပမာစကား‌ လုံး‌များ‌ကို ရေလဲနှင့် သုံး‌ကာ တထုံး‌တနည်း‌သော ဥပမာတပါး‌ ဖြင့် ပါယာသိမြို့စား‌အား ဆိုမိန့်ပြန်၏။

တာဝတိံသာနတ် ဥပမာ

"အို ဒကာတော်မြို့စား‌၊ ဤနေရာ၌ သင့်ကို‌ပြန်၍ ငါမေး‌အံ့။ သင်နှစ်ချို‌က်သည့်အတို‌င်း ဖြေလော့။ ဒကာတော် မြို့စား‌၊ လူပြည်၌ အာနှစ်တရာသည် တာဝတိံသာ နတ်တို့၏ တနေ့ တည်၌ ဖြစ်၏။ ထို‌နေ့၊ ညဉ့်သုံး‌ဆယ်သည် တလ။ ထို‌တဆယ့် နှစ်လသည် တနှစ်။ ထို‌သို့သော နှစ်ဖြင့် နတ်ပြည်၌ဖြစ်သော အာနှစ်တတော်သည် တာဝတိံသာနတ်တို့၏ သက်တမ်း‌ဖြစ်၏။

"အို....ဒကာတော် မြို့စား‌၊ 'နတ်ပြည်ရောက်က ငါ့ထံ ပြန်ပြောလှည့်ပါ'ဟု သင်က မှာလို‌က်သည့် သင်၏အပေါင်း အသင်း‌နှင့် သင့် ဆွေမျို‌း သား‌ချင်း‌တို့သည် တာဝတိံသာသို့ ရောက်သွား‌ကြသော် ထို‌အသစ်စက်စက် နတ်သမီး‌၊ နတ်သား‌ တို့သည် သင်မှာလို‌က်သော စကား‌ကို သတိရနေကြသည်ပင်

ဖြစ်စေဦးတော့ သူတို့သည် တကြိမ်တခါမျှ မခံစားရဘူးသေးသော နတ်စည်းစိမ်အတွေ့ဋ္ဌ မွေ့လျော် လိုက်ပေလိမ့်အံ့။

ထိုအခါ 'ငါတို့သည် နတ်စည်းစိမ်ကို တရက် တန်သည် နှစ်ရက်တန်သည် ခံစား စံစားပြီးမှ ပါယျာသိမ္ဗိုစားထံ သွားရောက် အကြောင်း ပြန်ကြကုန်အံ့' ဟု ဤသို့ ကြံ၍ နှစ်ရက်၊ သုံးရက်မျှ နတ်စည်းစိမ်ကို ခံစားနေကြသော် နတ်သက် သုံးရက်သည် လွန်ပြည့်၌ နှစ်ပေါင်းသုံးရာ ဖြစ်လေရာ လေးရက် မြောက်သော နေ့ကျမှ သင့်ထံသို့ သူတို့လာရောက် အကြောင်းကြားလှာ စေကာမူ ထိုအချိန်တွင် သင် ကွယ်လွန်ပြီး ဖြစ်၍ အရိုးများပင် ဆွေးမြေနေပေတော့မည်ကိုစဉ်းစားလော့ ဒကာတော်။

ထိုအခါ ပါယျာသိ မြို့စားသည် မျက်နှာချ၍ ငေးစိုက်နားထောင်နေရာမှ အရှင်ကုမာရကဿပ၏ စကားအဆုံးတွင် "ပုံပြင်ပြောနေတာဘဲ" ဟူ၍ မသိမသာ မဲ့ပြုံး ပြုံးလိုက်သည်။ မြို့စား၏ မဲ့ပြုံးကို သူပရိသတ်က ရိတ်ခနဲ မြင်လိုက် ရသော အခါ သူတို့အရှင်သခင်ဘက်မှ အားတက်သော အမူအရာများ ပြလာကြသည်။ ထိုအတွင်းမှာပင် ပါယျာသိမြို့စားကား အရှင် သူမြတ်ထံ ပြန်၍ မေးခွန်း ထုတ်လိုက်ပါချေ၏၊

"အို အရှင်၊ ဤအကြိမ်တွင်မူ အရှင့်အား ပြန်၍ မေးပါရစေ" ဟု ဆိုလျှင် သူပရိသတ်မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ "ဒီတပွဲတွင် ဤအရှင်အား ဒို့မြို့စားကြီးက အနိုင်ကြဲပေတော့မည်" ဟု အားပါးတရ ဖြစ်လာကြသည်။

"မေးနိုင်၏ ဒကာတော်၊ မေးလိုရာကို မေးလော့။"

"အို အရှင်၊ နတ်ရှိသည်။ နှတ်တို့၏ သက်တမ်းမှာ အနှစ် တခုထောင်ဖြစ်သည်ဟူ၍ ဆိုခဲ့သည်မှာ အရှင်၏ နှုတ်ဖြစ် စကား ပါလား။ သို့မဟုတ် ထိုစကားကို မည်သူက မြွက်ဆိုပါသနည်း။ နားထောင်ရကား ကောင်းပါ၏။ သို့သော် ပုံပြင်ဆန်လှသော ကြောင့် အနှစ်သာရအဖြစ် ကျွန်ုပ်မမှတ်နိုင်။ မျက်မြင် ထင်ရှား လက်တွေ့မဟုတ်သောအရာကို ကျွန်ုပ် ယုံကြည် လက်ခံလေ့မရှိ။ ဤသို့ဆိုရသည်ကို ဝမ်းနည်းပါသည်။ ခွင့်လွှတ်ပါ အရှင်။"

အရှင်ကုမာရကဿပသည် ပါယာသိမြို့စား၏ ဆန္ဒကိုရိပ်စား မိပြီးသား ဖြစ်၏။ လက်တွေ့မဟုတ်သမျှ သူမယုံဟု ဆိုသော သူ့စကားနှင့်လိုက်ဖက်အောင် ဤသို့ မြွက်ကြားရလေသတည်း။

"အို ဒကာတော်မြို့စား၊ ဥပမာအားဖြင့် ထင်ရှားအောင် သင့်အား ငါဆိုဒုံး။ ဤလောက၌ စကျွန်စ်ကွင်းအလင်းမရဘဲ စုံလုံးကန်းနေသော သူကန်း တယောက်သည် ရှိလေ၏။ ထိုသူ ကန်းက ဤသို့ ဆိုပေရာ၏။

"ဖြူနီညိုပြာစသော အရောင်အဆင်းတို့သည် မရှိကုန်။ ဆူကြွ နိမ့်မြင့် ချိုင့်ဝှမ်းမို့မောက်စသော ရုပ်ဝတ္ထုတို့လည်း မရှိကုန်။ မြစ်ချောင်း အင်းအိုင်၊ ရေမြေ သမုဒ္ဒရာတို့လည်း မရှိကုန်။ နေ၊ လ၊ နက္ခတ်၊ တာရာတို့လည်း မရှိကုန်။ ထုထုအလုံးစုံကို မြင်သူတို့ မရှိကုန်။ ငါသည် ထိုထို ဖြူနီညိုပြာစသည်တို့ကိုငင်း၊ ယင်းတို့ကို မြင်သူတို့ကိုငင်း ငါ မသိ၊ မမြင်။ ထို့ကြောင့် ဖြူနီညိုပြာ စသော အသွေးအရောင် မျှားနှင့်တကွ ဤလောက ကြီးတွင် ဘာဆို ဘာမျှမရှိ ဟူ၍ ဆိုခဲ့သော် ထိုသူကန်းသည်

မှန်စင်္ကာကို ဆိုသည် ဖြစ်ရာပါသလော” ဟူ၍ မေးလိုက်သော အခါဦးကား ပါယာသိမြို့စား‌နှင့်တက္ကသူ၏ပရိတ်သတ်သည် ခေါင်းငိုက်စိုက် ကျသွားလေ၏။ “မည်သို့ ဆိုမည်နည်း” ဟု မြို့စား၏ အရိပ်အခြေကိုသာ အကဲခတ်နေကြကုန်၏။

“အို အရှင်၊ ထိုသူကန်းသည် သူမမြင်ရလေတိုင်း ဘာမျှ မရှိဟု ဆိုခြင်းမှာ မှန်စင်္ကာဆိုခြင်း မမည်ပါ။ အဘယ့်ကြောင့် ဆိုသော် အရာခပ်သိမ်းသည် မျက်ဝါးထင်ထင် ရှိနေသော ကြောင့် ဖြစ်ပါသည်”ဟု ဆိုရလေ၏။

“အို ဒကာတော်၊ ကောင်းလေစွ။ သင်၏ စကားဖြင့်ပင် သင်ကိုယ်တိုင် သူကန်း ဖြစ်နေပါပကောလား ဒကာတော်။ နတ်ရှိသည်။ နတ်တို့၏ သက်တမ်းမှာ တထောင် ဖြစ်သည် ဆိုချက်ကို လက်တွေ့မဟုတ်သဖြင့် မယုံနိုင်ဟု သင် ဆိုခဲ့၏။ ဒကာတော်၊ သင်ထင်သကဲ့သို့ တမလွန်ဟု ဆိုအပ်သော နတ်လောက၊ ဗြဟ္မာလောက။ ငရဲလောက စသည်တို့ကို ပကတိ မျက်လုံးဖြင့် မြင်အပ်သည်၊ မြင်နိုင်သည်ဟူ၍ မမှတ်အပ်။

“နာလော့ ဒကာတော်။ အကျင့်သီလနှင့် ပြည့်စုံသော သမဏ၊ ဗြာဟ္မဏတို့သည် လူနှင့်ဝေးကွာရာ တောအရပ်သို့ ချဉ်းကပ်ကြကုန်လျက် နတ်မျက်စိသဖွယ်ဖြစ်သော “ဒိဗ္ဗစက္ခု အဘိညာဏ်”ကို ရရှိအောင် အားထုတ်တော်မူကြကုန်၏။ မဖြစ်မနေ ကြိုးစားကြကုန်၏။

“ထိုသို့ ကြိုးစားအားထုတ်ခြင်းဖြင့် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရရှိလာသောအခါ ထိုသမဏ ဗြာဟ္မဏတို့သည် ဤလောကကိုလည်း၊ နတ်လောက၊ ဗြဟ္မာလောက၊ ငရဲလောက စသည်တို့ကိုလည်း၊ သေသည်မှ နောက်၌ ဖြစ်သော သတ္တဝါမျာ‌းကိုလည်း၊

အရှိကို အမှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း မြင်ကုန်၏။ တမလွန်လောက ဟူသည်ကို ဤသို့သော မှတ်အပ်သည် ဒကာတော်။ သင်ထင်သကဲ့သို့ ဘမလွန်လောကကို ပကတိ မျက်စိဖြင့် မြင်အပ်သည်ဟူ၍ မမှတ်အပ်။

"အို ဒကာတော်မြို့စား၊ ဤငါဆိုအပ်သော ဥပမာ စကားရပ်များကို ထောက်သော အာဖြင့်လည်း သင့် အယူငါဒဟောင်းကို စွန့်ပယ်ကာ တမလွန်လောကသည် ရှိ၏ ဟူသော အယူသစ္စာ ဖြစ်ပါတော့လား ဒကာတော်" ဟု ဆို၏။

ထိုအခါ၌လည်း ပါယာသိမြို့စားကား ခေါင်းခါမြဲသာ ခါနေ၏။ သူလေ့လာ ဆည်းပူးထားသော သုခတသနများကို အာကိုးအကားပြုကာ အလျှော့မပေးလေဘဲ ဤသို့ ဆိုပြန်၏။

"အို အရှင်၊ အရှင်ကား ကျွန်ုပ် ကြားဘူးသည့်အတိုင်း ပင် စကားအရောတွင် ချေငံ သာယာစွာ ဆိုတတ် လှစွာ၏။ အကြောင်း အချက် အလက်များနှင့် အကွက် ဆိုက်အောင် ဥပမာ ဥပမေယျများကိုလည်း ထုတ်ဆောင်၍ ပြသခြင်း၌ သူမတူအောင်ပင် လိမ္မာကျွမ်းကျင်လှကြောင်း ကျွန်ုပ် လက်ဝှေ့ဖြစ်ရပါပြီ။ သို့ရာတွင် ကျွန်ုပ်၏ အယူဝါဒကိုကား ပိုလဲကျဆုံးသွားအောင် အရှင်သည် မတတ်နိုင်ခဲ့။ ကျွန်ုပ်၏ ဝါဒတည်အခိုင်အမာ အထောက်အထား ပြုစရာ များစွာ ဤပေးသော်ဟူ၍ ပါယာသိ မြို့စားသည် အရှင် သူမြတ်အား အကိုးအထောက်ဖြင့် ခြိမ်းချောက်ဝင့်ဝါ၍ ဆိုပြန်သောအခါ အရှင် သူမြတ်မှာ အပ်သင့်ရာကို အပ်ချည်ပါရပြန်လေ၏။

"အသို့နည်း ဒကာတော်။ သင့် အထောက် အထားကို ငါ့အား ဆိုပါလော့။"

"သည်လိုပါ အရှင်၊ သီလသမာဓိ အကျင့် သိက္ခာဂုဏ်နှင့် ပြည့်စုံသော သူတော်စင် ရဟန်းပုဂ္ဂိုလ်များကိုဂင်း၊ လူပုဂ္ဂိုလ် များကိုဂင်း ကျွန်ုပ် တွေ့ဘူး မြင်ဘူးပါသည်။ ထိုပုဂ္ဂိုလ် အားလုံးတို့သည် ဆင်းရဲဒုက္ခရောက်မည်ကိုလည်း ကြောက်ကြ၏။ နာမကျန်း ရှိမည်ကိုလည်း စိုးရိမ်ကြ၏။ အိုရမည်ကိုလည်း ကြောက်ကြ၏။ သေရမည်ကိုလည်း လန့်ကြ၏။ ကျန်းမာချမ်းသာ စွာဖြင့် အသက်ရှည်ရှည် နေလိုကြသည် ဖြစ်ကြောင်း သိရပါ သည်။

"အို အရှင်၊ ထိုသူ ထိုသူတို့ကို ကြည့်ကာ ကျွန်ုပ်မှာ ဤသို့ အကြံ ဖြစ်လာပါ၏။ ထိုသူတို့သည် အကယ်၍ ငါတို့သည် ဤဘဝမှ စုတေခဲ့သော် ဤဘဝထက် မြတ်သည် ဖြစ်လတ္တံ့။ နတ်ရွာသုဂတိဘုံတို့၌ နတ်တို့၏ စည်းစိမ်ကို ခံစား စံစားကြရ ကုန်လတ္တံ့ဟု သိကုန်ငြားအံ့၊ တမလွန်လောက၏ စည်းစိမ် သုခကို စံစားရန်အတွက် လက်ရှိ လူအသက်ကို အဆိပ်ခပ်၍ သော် လည်းကောင်း၊ ကြိုးဆွဲချ၍ သော်လည်းကောင်း၊ ရေထဲ ဆင်း၍သော် လည်းကောင်း၊ ခေါက်ကမ်းပါး၌ ခုန်ချ၍သော် လည်းကောင်း သေနည်းအမျိုးမျိုးဖြင့် သက်ဆုံးစီရင် ကြကုန် ၏။ ဤသို့ကား မပြုလုပ်ကြလေဘဲ လက်ရှိ သူ ဘဝ၌သာ ဘုံယက်ပ်၍ နေကြသည်ကိုသာ ကျွန်ုပ်တွေ့ရ၏။

"အို အရှင်၊ ဤသို့ လက်ရှိဘဝ၌တွယ်ကပ် နေကြသည်ကို သောက်ခြင်းအားဖြင့်လည်း တမလွန်လောက မရှိ။ သေသည်၏ အခြားမဲ့၌ သတ္တဝါသည် ပြန်၍မဖြစ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံ ဘို့၏ အကျိုး ဝိပါက်ဆိုသည် မှာလည်း လုံးဝ အာဝိပွာယ်မရှိ

ကြောင်းထင်ရှားပါသည်။ ထို့ကြောင့်ကျွန်ုပ်အယူဝါဒသာ အမှန်ဖြစ်၏''ဟု ဧလျာက်လေ၏။

ဝါဒလွန်ပွဲမှာ အကြိတ်အနယ် ဖြစ်နေ၏။ ပါယာသိမ့်မိုစား ကလည်း အလျှော့ မပေး။ အရှင် ကုမာရကဿပကလည်း ဆုတ်နှစ်ခြင်း မရှိ။အပြန်ပြန် အလှန်လှန် အခြေအတင် စစ်ရေး ငင်လျက် ရှိနေကြလေရာ ပတ်ဝန်းကျင် ပရိသတ်လည်းခပ်မဆိတ် ငေးငိုင်၍သာ ကြည့်နေ ကြကုန်၏။

"အို ဒကာတော်၊ သင့်အား ဥပမာတခု ငါ ပြဆိုဦးအံ့။ ဥပမာသည်ကား အကျိုးများလှ၏။ ဥပမာဖြင့် ဆောင်ပြသော် အသိဓာတ်ခံ ရှိသူတို့သည် ဆိုလိုချက် အဓိပ္ပာယ်ကို သိလွယ်၊ မြင်လွယ် ကုန်၏။

ကိုယ်ငန်ဆောင်ပုဏ္ဏား ဥပမာ

"အို ဒကာတော်မြို့စား၊ ရှေးအခါက ပုဏ္ဏားတယောက် တွင် မယားနှစ်ယောက် ရှိလေသတတ်။ တဦးသော မယား၌ ၁၂နှစ်အရွယ် သားတယောက်ရှိ၏။ တဦးသော မယားကား ကိုယ်လေးလက်ဝန့်နှင့် မီးဖွားခါနီး ဖြစ်၏။

တနေ့တွင် ထို မယားနှစ်ယောက်၏ လင်ဖြစ်သူ ပုဏ္ဏား သေဆုံးသွားလေရာ ကျန်ရစ်သောသားက ဖခင်၏ မယား၊မိမိ၏ မိဒေး (ဗိုက်ကြီးမ)အား အမွေတောင်းလေ၏။ "အို အမိ ရှိ ငစ္စည်း အားလုံးသည် ငါ့ ငစ္စည်းချည်းသာတည်း။ သင့်နှင့် ဘာမျှမဆိုင်။ ရှိပစ္စည်းအရပ်ရပ်ကို ငါ့အား အပ်လော့"ဟု ဆို၏။

ထိုအခါ မိဒ္ဒေးဖြစ်သူက "အမောင်၊ငါ မေ့ဖျားပြီးအောင် ဆိုင်းငံ့ဦးလော့။ အကယ်၍ သားယောကျ်ားဖျားအံ့၊ ရှိပစ္စည်း၏ ထက်ဝက်သည် ငါ့သားအတွက် ဖြစ်လတံ့။ သမီးဖျားခဲ့လျှင်မူ ငါ့သမီးသည် သင်၏အလုပ်အကျေးဖြစ်လတံ့ဟု ဆို၏။ သုံးကြိမ်တိုင်တိုင်တောင်းလျှင် သုံးကြိမ်တိုင်တိုင် ဤအတိုင်းဆို၏။

သို့သော်လည်းမရ။ ထိုသားကထပ်တလဲလဲ အမေ့ဘောင်းနေရကား ထိုမိန်းမမှာ ကြံဆုမရ ဖြစ်နေလေ၏။ ပစ္စည်းကိုလည်း မပေးရက်၊လက်လွှတ်မခံနိုင်။ ခလေးကလည်း မမေ့းသေးသဖြင့် အခက်ကြုံနေ၏။

"ငါ့လင်ပစ္စည်းကို ဘယ်နည်းနှင့်မှ သင်းလက် မအပ်နိုင်" ဟူ၍ ထိုမိန်းမသည် ခလေးမေ့းရန်အတွက် ဓားတလက်ကိုယူ၍ အခန်းထဲဝင်သွားပြီးနောက် "သားဖျားဖျား၊သမီးမေ့းမေ့း ငါ့အတွက် အမြတ်ဘဲ" ဟူ၍ သွေးဝမ်းဗိုက်ကြီးကို ဓားစိုက်၍ခဲ့လေ၏။ တိုအခါပစ္စည်းအတွက် လောဘရမက် အားကြီးလှသောထိုမိန်းမမိုက်ကား မိမိ၏လက်ချက်ဖြင့် မိမိ၏အသက်လည်းဆုံး၊ သားသန္ဓေလည်းဆုံး၊ ပစ္စည်းလည်းမရလေဘဲ ပျက်စီးခြင်းသို့ ရောက်ရလေသတည်း။

"အို ဒကာတော်မြို့စား၊ထို့အတူပင်လျှင် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ပရလောကကို ရှာဖွေနေသော သင်သည်လည်း ရှာရင်းပင် ထိုမိန်းမကဲ့သို့ ပျက်စီးခြင်းသို့ ရောက်လတံ့။

"အို ဒကာတော်မြို့စား၊ အကျင့်သီလနှင့် ပြည့်စုံကုန်သော သမဏ ဗြာဟ္မဏ တို့သည် အဓွန့်ရှည်စွာ တည်နေသည့် အလျောက် မျှားစွာသော ကုသိုလ်ကောင်းမှုတို့ကို တိုးပွားစေ

ကုန်၏။ သူခယ်သိမ်းတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ကုန်၏။ သတ္တဓလောကကိုသနားသောကြောင့် နတ်၊လူတို့အတွက် အကျိုးများစေခြင်းငှာ ကျင့်ကြကုန်၏။

"အို ဒကာတော်မြို့စား၊ ကျွဲငါဆိုအပ်သော ဥပမာစကားငယ်များကို ဖထောက်ခြင်းအားဖြင့်လည်း တိမ်းပါးရှဲစောင်း သင်၏အယူဝါဒဟောင်းကို စွန့်ပယ်ပြီးလျှင် "တမလွန် လောကသည် ရှိ၏။သတ္တဝါသည်သေသည်၏အခြားမဲ့၌ ဘဝသစ်၌တဖန်ဖြစ်၏။ ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဝိပါက် သည်လည်း စင်စစ်ရှိသည်ပင်ဖြစ်၏"ဟူ၍ ကျိသိုသော ဝါဒသစ်ဖြစ်ပါစေတော့လား ဒကာတော်။"

အရှင်ကုမာရကဿပသည် စိတ်ရှည်ရှည်ထား၍ ပါဃာသိမြို့စားအား အမြင်မှန် ဝါဒသင်ရစေခြင်းငှာ ဆဲသော်လည်း မြို့စားကား အကျောက်အကန်ပင် ငြင်းဆန်ရှုန်းကန်နေလျက်ပင်။

"အို အရှင်၊ ယင်စကားသည် နားထောင်ကောင်းပေ၏။ သို့သော် ကျန်ုပ်အား သာယာခြင်း မဖြစ်စေနိုင်ပါ။ ကျန်ုပ်၏ဝါဒကို ကျိသိုသော အဆိုမျိုး၊ အပြောမျိုးဖြင့် သင့်အောက်သို့ ကျန်ုပ် တိုးလျှိုးလာလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။ ကျန်ုပ်၏ငါးကား သံနှံစွဲသည်ထက်ပင် မြဲစွာ၏။ မြဲခိုင်စေသည့် လက်တွေ့သာဓကတွေ့ရလည်း ကျန်ုပ်မှာ မျှားလှစွာ၏။သင့်မှာ ဥပမာတွေ့ပေါများလှသည့်နည်းတူ အကျန်ုပ်မှာ ယုံကြည်နိုင်လောက်စေသာ အကြောင်းအထောက် အထောအကြုံများလှ၏။ အရှင်၌ဝန်မလေးအံ့၊ ကျန်ုပ်တင်ပြလိုပါသေး၏။ အသို့နည်းအရှင်။"

"အို ဒကာတော်မြို့စား၊ ငါ၌ တစုံတရာဝန်လေးခြင်း မရှိ။ သင် တတ်နိုင်သလောက် ငါ့အား တင်ပြပါလေကို"ဟုဘုရင့်ပြုလျှင်

ပါယာသိမြို့စားသည် စိတ်ဝင်စားဘွယ်ကောင်းလှသော သူ၏ လက်တွေ့ သာဓကတခုကို ကျွှေးသို့ တင်ပြလေ၏။

"အို အရှင်၊ တနေ့သ၌ ကျွန်ုပ်၏ မင်းမှုထမ်းများက ခိုးသူ တဦး ဖမ်းဆီး၍ ကျွန်ုပ်ထံ ဆက်သကြ၏။ ကျွှေးသူအား မည်သို့ စီရင်ရမည်နည်း ဟူ၍ ကျွန်ုပ်ထံ အမိန့်ဘောင်းခံကြကုန်၏။

"ထိုအခါ ငါဝါဒခိုင်မာမှုအတွက် ထိုသူဖြင့် အမြင်ထုတ်မည်ဟု ရုတ်ချင်း စိတ်ကူးပေါက်လာသည့်အလျောက် မင်းခွင်းတို့အား ကျွှေးသို့ ကျွန်ုပ် အမိန့်ပေးခဲ့ပါသည်။ ထိုသူအား အရှင်လတ်လတ် အိုးစရည်းကြီး၌ ထည့်စေ၍ အိုးဝကို အလုံပိတ်ခိုင်းသည်။ ထိုနောက် အိုးတခုလုံးကို မြေသရွတ်တို့ဖြင့် အထပ်ကုပ်ထူထဲစွာ လိမ်းကျံစေပြီးနောက် ထိုအိုးကို မီးပြင်းတို့၍ အပုတ်ခိုင်းခဲ့သည်။

"မင်းခွင်း ယောကျ်ားတို့လည်း ကျွန်ုပ်၏ အမိန့်အတိုင်း ထိုအိုးကို မီးဖုတ်ကြကုန်သည်။ အိုးတွင်းက သူခိုး သေလောက်ပြီ ဆင်ရသောအခါ ကျွန်ုပ်နှင့်တကွ အားလုံးက ထိုအိုးကို ဝိုင်းထားကြပြီး ခဲသရွတ်များကို ခွာ၍ အိုးကို ဖွင့်ပြီးလျှင် ထိုသူ၏အသက် အဘယ်က ထွက်ခဲ့လမည်နည်းဟူ၍ မျက်လုံးပေါင်း ရာထောင်ဖြင့် ကြည့်ကြကုန်သော်လည်း ထိုသူ၏အသက်ကို မြင်သူ တယောက်မျှ မရှိ။ ကျွန်ုပ်ကိုယ်တိုင်လည်း မမြင်။ အခြားသူတို့လည်း မမြင်ကုန်။

"အို အရှင်၊ ကျွန်ုပ်ဘင်ပြသော ဤလက်တွေ့သာဓကအားဖြင့်လည်း တမလွန်လောက ဟူသည် တကယ် မရှိခြောင်း ဧကာင်းစွာ ထင်ရှားနေပေသည့်အဘွက် ကျွန်ုပ်၏ အယူဝါဒကို လက်မလွှတ်နိုင်ပါ" ဟု ဆို၏။

ကုန်၏။ သူခပ်သိမ်းတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ကုန်၏။ သတ္တဓလောကကိုသနားသောကြောင့် နတ်၊လူတို့အတွက် အကျိုးများစေခြင်းငှာ ကျင့်ကြကုန်၏။

"အို ဒကာတော်မြို့စား၊ ဤငါဆိုအပ်သော ဥပမာစကားရပ်များကို ထောက်ခြင်းအားဖြင့်လည်း တိမ်းပါးရှဲစောင်း သင်၏အယူဝါဒဟောင်းကို စွန့်ပယ်ပြီးလျှင် "တမလွန် လောကသည် ရှိ၏။သတ္တဝါသည်သေသည်၏အခြားမဲ့၌ ဘဝသစ်၌တဖန်ဖြစ်၏။ ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဝိပါက် သည်လည်း စင်စစ်ရှိသည်ပင်ဖြစ်၏"ဟူ၍ ဤသို့သော ဝါဒသစ်ဖြစ်ပါစေတော့လား ဒကာတော်။"

အရှင်ကုမာရကဿပသည် စိတ်ရှည်ရှည်ထား၍ ပါဃာသီမြို့စားအား အမြင်မှန် ဝါဒသင်ရစခြင်းငှာ ဆွဲသော်လည်း မြို့စားကား အကျောက်အကန်ပင်ငြင်းဆန်ရှုန်းကန်နေလျက်ပင်။

"အို အရှင်၊ သင့်စကားသည် နားထောင်ကောင်းပေ၏။ သို့သော် ကျွန်ုပ်အား သာယာခြင်း မဖြစ်စေနိုင်ပါ။ ကျွန်ုပ်၏ဝါဒကို ဤသို့သော အဆိုမျိုး၊ အပြောမျိုးဖြင့် သင့်အောက်သို့ ကျွန်ုပ် တိုးလျှိုးလာလိမ့်မည်ဟု မမျှော်လင့်ပါနှင့်။ ကျွန်ုပ်၏ဝါဒကား သံနှစ်ခဲသည်ထက်ပင် မြဲစွာ၏။ မြဲခိုင်စေသည့် လက်တွေ့သာဓကတွေ့ကလည်း ကျွန်ုပ်မှာ များလှစွာ၏။ သင့်မှာ ဥပမာတွေပေါများလှသည့်နည်းတူ အကျွန်ုပ်မှာ ယုံကြည်နိုင်လောက်သော အကြောင်းအထောက် အထောတွေအကြုံများလှ၏။ အရှင်၌ဝန်မလေးအံ့၊ ကျွန်ုပ်တင်ပြလိုပါသေး၏။ အသို့နည်းအရှင်။"

"အို ဒကာတော်မြို့စား၊ ငါ၌ တစုံတရာဝန်လေးဖြင်း မရှိ။ သင် တတ်နိုင်သလောက် ငါ့အား တင်ပြပါလေ"ဟုခွင့်ပြုလျှင်

ပါယာသိမ္မိုစားသည် စိတ်ဝင်စားဘွယ်ကောင်းလှသော သူ၏ လက်တွေ့ သာကေတခုကို ဤသို့ တင်ပြလေ၏။

"အို အရှင်၊ တနေ့သ၌ ကျွန်ုပ်၏ မင်းမှုထမ်းများက ခိုးသူ တဦး ဖမ်းဆီး၍ ကျွန်ုပ်ထံ ဆက်သကြ၏။ ဤသူအား မည်သို့ စီရင်ရမည်နည်း ဟူ၍ ကျွန်ုပ်ထံ အမိန့်တောင်းခံကြကုန်၏။

"ထိုအခါ ငါ့ဝါဒခိုင်မာမှုအတွက် ထိုသူဖြင့် အမြင်ထုတ်မည်ဟု ရုတ်ချင်း စိတ်ကူးပေါက်လာသည့်အလျောက် မင်းချင်းတို့အား ဤသို့ ကျွန်ုပ် အမိန့်ပေးခဲ့ပါသည်။ ထိုသူအား အရှင် လတ်လတ် အိုးစရည်းကြီး၌ ထည့်စေ၍ အိုးဝကို အလုံပိတ် ခိုင်းသည်။ ထိုနောက် အိုးတခုလုံးကို မြေသရွတ်တို့ဖြင့် အထပ်ထုပ် ထူထဲစွာ လိမ်းကျံစေပြီးနောက် ထိုအိုးကို မီးပြင်းထို၍ အဖုတ် ခိုင်းခဲ့သည်။

"မင်းချင်း ယောကျ်ားတို့လည်း ကျွန်ုပ်၏ အမိန့်အတိုင်း ထိုအိုးကို မီးဖုတ်ကြကုန်သည်။ အိုးတွင်းက သူခိုး သေလောက်ပြီ ထင်ရသောအခါ ကျွန်ုပ်နှင့်တကွ အားလုံးက ထိုအိုးကို ဝိုင်းထားကြပြီး ရှံသရွတ်များကို ခွာ၍ အိုးကို ဖွင့်ပြီးလျှင် ထိုသူ၏အသက် အဘယ်က ထွက်လေမည်နည်းဟူ၍ မျက်လုံးပေါင်း ရာထောင်ဖြင့် ကြည့်ကြကုန်သော်လည်း ထိုသူ၏အသက်ကို မြင်သူ တယောက်မျှ မရှိ။ ကျွန်ုပ်ကိုယ်တိုင်လည်း မမြင်။ အခြားသူတို့လည်း မမြင်ကုန်။

"အို အရှင်၊ ကျွန်ုပ်တင်ပြသော ဤလက်တွေ့သာဓကအားဖြင့်လည်း တမလွန်လောက ဟူသည် တကယ် မရှိကြောင်း ကောင်းစွာ ထင်ရှားနေပေသည့်အတွက် ကျွန်ုပ်၏ အယူဝါဒကို လက်မလွှတ်နိုင်ပါ" ဟု ဆို၏။

အိပ်မက် ဥပမာ

ထိုအခါ အရှင်ကုမာရကဿပမှာ မြို့စား၏ ထိုသာဓကကို ချေပရန်အတွက် လက်နက်တမျိုး ရှာရပြန်၏။ လက်နက်ဆိုသည် မှာလည်း ဝန်နှင့်အား မြားနှင့်လေး ဆိုသကဲ့သို့ သင့်တင့်ညီမျှ သော လက်နက်ဖြစ်မှသာ ဆီလျော်မည် ဖြစ်သည့်အလျောက် မြို့စား၏ သာဓကနှင့် လိုက်ဖက်သော ဥပမာတမျိုးဖြင့် မြို့စား၏ မာန်စွယ်ကို ချိုးတော်မူရလေ၏။

"အို ဒကာတော်မြို့စား၊ သင် နေ့အခါများတွင် အိပ်ဘူး ပါသလော။ အိပ်သောအခါ အိပ်မက်များကော မက်ဘူးပါ သလော" ဟု မေး၏။

"အို အရှင်။ အိပ်လည်း အိပ်ဘူးပေ၏။ အိပ်မက်များလည်း ခဏ ခဏပင် မက်ဘူးပါ၏" ဟု ဖြေ၏။

"အို ဒကာတော်၊ သင် အိပ်စက်၍ အိပ်မက် မက်သော အခါ သင့်အပါးဝယ် မောင်းမိသံ အခြွေအရံ အစောင့် အရှောက်များ ရှိနေပါသလော" ဟု မေး၏။

"အို အရှင်၊ ရှိပေ၏။"

"အို ဒကာတော်၊ ထိုမောင်းမတို့သည် သင်၏ ထွက်သက် ကိုဂင်း၊ ဝင်သက်ကိုဂင်း မြင်ကြပါကုန်သလော"

"မမြင်ပါကုန် အရှင်။"

"ဒကာတော်မြို့စား၊ အသက်ထင်ရှား ရှိနေပါသော သင်၏ ထွက်သက်ကိုဂင်း၊ ဝင်သက်ကိုဂင်း မမြင်ကြကုန်ပါဘဲ

လျက် သေသူ၏ ဝင်သက်၊ထွက်သက်ကို အာဘယ်မှာလျှင် မြင်ပါ အုံနည်း။ ဒကာတော်၊ ဤသာဓကကို ထောက်ခြင်း အားဖြင့် လည်း တမလွန်လောကဟူသည် တကယ်ပင်ရှိကြောင်း ကောင်း စွာ ထင်ရှားသဖြင့် သင်၏ အယူဝါဒဟောင်းကို ပြောင်းပြန် လှန်၍ အမြင်မှန် ဝါဒသစ်ဘက်သို့ မျက်နှာ မူပါတော့လား ဒကာတော်။”

အရှင်သူမြတ်၏ ချေပချက် အချက် ပိုင်လှသောကြောင့် မြို့စား၏ ဘက်တော်သားများသည်ပင် အဟုတ်သားပါကလား ဟူ၍ ပျော့ယိုင်လာကုန်တော့၏။ တချို့က လက်တွေ့ စမ်းသပ် သည့်သဘောဖြင့် ‘ရှုးရဲ၊’ ဘယ်မြင်ရလို့လဲ။ ဒို့မြို့စားကြီးခမျာ လမ်းလဲ့ အယူလဲ့ နေရှာပါပကော ဟူ၍ အမြင်မှန် ရလာ ကုန်သော်ငြားလည်း ပါဃာသိမြို့စားကား ယိုင်ဘိုဝေးစွ နဲ့ရုံ မျပင်နဲ့လာသည့်အမူအရာကို မတွေ့ရရုံမက နောက်ထပ် သာဓက တထစ်ဖြင့် တိုက်စစ် ဆင်ပြန်လေ၏။

“အို အရှင်၊ အရှင်၏ တည်ကြည်သော သိက္ခာ သမာဓိကို လေးစားပါ၏။ ရိုသေပါ၏။ သို့ရာတွင် အရှင့်အား ကျွန်ုပ်က နောက်ဆုတ်၍ ပိုးမွေးသလို မွေးမြူလာခဲ့ရသော ဝါဒကို မချေ ဖျက်နိုင်ပါ။ ယုတ္တိမတန်၊ သမံကာလျှံကာ အပေါစား ဝါဒမျိုး ဆိုချေက နွားကုပ်လက်ကိုင် သဘောမျိုးဖြင့် ကျွန်ုပ် ဆုပ်ကိုင် ထားမိမည် မဟုတ်ပါ။ ယခုကျွန်ုပ်၏ဝါဒမှာ လက်တွေ့ ကျကျ သုံးသပ်ပြီးမှ စွဲယူလက်ခံလာသည့် သဘာဝ ဝါဒ ဖြစ်သော ကြောင့် ထိုဝါဒကို အသက်နှင့်စက်၍ ကျွန်ုပ် တွယ်ဖက်မည်ပင် ဖြစ်ပါသည်။

"အို အရှင်၊ နက်နဲသောသာဓကတရပ်ဖြင့် အရှင့် ရှေ့တွင် မှတ်ကျောက်တင်ပြလိုပါသေး၏။ ဝန်မလေးက ခွင့်ပြု နိုင်ပါ မည်လား" ဟု ဆို၏။

"အို ဒကာတော်မြို့စား၊ သင်နှင့် စကား ဆိုရခြင်းအတွက် ငါ့မှာ တစုံတရာ အနှောက်အယှက် မရှိ။ ချမ်းသာပါ၏။ သင် ပြဦးဦးသော သာဓကကို ငါ့အား ပြလော့" ဟု ခွင့်ပြု လေ၏။ ထိုအခါ ပါယာသိမြို့စားက ခိုးသားတဦး၏သာဓကကို ထုတ်ပြ ပြန်၏။

"အို အရှင်၊ နားဆင်တော် မူပါလော့။ တခါသခ္ဓိလည်း မင်းချင်းတို့သည် ခိုးသူတဦးဖမ်း၍ ကျွန်ုပ်အား ဆက်လွှာကုန်ပြီ။ ကျွန်ုပ်သည် ကျွန်ုပ်ဝါဒခိုင်မာမှုအတွက် အဆောက်အကူဖြစ်စေ လိုသဖြင့် ထိုခိုးသူအား ကျွန်ုပ် ဤသို့ စီရင်လိုက်၏။

"အို အရှင်၊ ကျွန်ုပ် မည်သို့ ထိုခိုးသူအား စီရင်သည်ဆင် သနည်း။ အရှင်လတ်လတ် ချိန်ခွင်ထဲ ထည့်၍ ချိန်ပြီး အလေး ချိန်ကို မှတ်သား ထား သည်။ ထို့နောက် ထွက်သက် မရှိရအောင် လည်မျိုကို လွန်ကြိုးတို့ဖြင့် တအား ကုန် ဖျစ်ညှစ်၍ အစ်သတ် လိုက်သည်။ ထိုသူ သေသွား သည်။ သူ့အလောင်းကို တဖန် ချိန်ခွင်ထဲထည့်၍ ပြန်ချိန်ကြည့်သည်။ ထိုအခါ အသက် ရှင်စဉ် ကထက် အလေးချိန်မျာ ပို၍ လေးလာ သည်ကို တွေ့ရ၏။ လေခြင်းကား ထိုလူ၏အသက်အပြင်လောကတခုသို့ထွက်မသွား လောဘဲ သူ၏ကိုယ်ထဲ၌သာ ရှိနေခြင်း ထင်ရှား၏။

"အို အရှင်၊ ဤ သူသေကောင် သာဓကကို ထောက်ခြင်း အား ဖြင့်လည်း တမလွန် လောကဟူသည် မရှိ။ သေသည်မှ နောက်၌ မည်သည့်သတ္တဝါမှ မဖြစ်ကြောင်း ကောင်းကောင်း

ကြီး ထင်ရှားနေသည့်အတွက် ကျွန်ုပ်၏ဝါဒကို အဘယ်မှားလျှင် လက်လှတ်နိုင်ပါအံ့နည်း”ဟု ဆို၏။

ရဲရဲညိသောသံတွဲခဲ ဥပမာ

ထိုအခါ အရှင်ကုမာရကဿပသည် မြို့စား၏ သာဓကကို ကျေ ပျောက်အောင် ဖျောက်နိုင်မည့် ဥပမာကို ရှာရပြန်၏။ သင့်လျော်သည့် ဥပမာသည် ဉာဏ်၌အသင့် ထင်လာ၏။

“အို ဒကာတော်မြို့စား၊ သင် တင်ပြ သူ့သေကောင် သာဓကနှင့် ပတ်သက်၍ သင် စဉ်းစားနိုင်ရန် သင့်အား ငါ ဥပမာဖြင့် ပြအံ့။ ဥပမာသည် ဆိုလိုချက်အနက်ကို လှယ်ကူထိရောက်စွာ သိထင်စေခြင်းအကျိုးကို ဖြစ်စေနိုင်၏။

“အို ဒကာတော်မြို့စား၊ လူသားတယောက်သည် သံတုံးကြီးတခုကို မီးဖုတ်သည် ဆိုကြပါစို့။ အပူရှိန်၏ ပြင်းထန်သော ဒဏ်ခြောင့် ထိုသံတုံးကြီးသည် ရဲလာ၏။ ထိုအခါတွင် ထိုလူသည် သံတုံးကြီးကို မီးတွင်းမှ ဆယ်ယူ၍ ချိန်ခွင်တွင် ထည့်ကာ ချိန်ကြည့်ပြီးနောက် ထိုသံတုံးကြီး အအေးခံထား၏။ အေးသော အခါ တဖန် ချိန်၍ကြည့်ပြန်၏။

“အို ဒကာတော်မြို့စား၊ ထိုသံတုံးကြီးသည် တခုသာတည်း။ နှစ်ခု မဟုတ်။ ချိန်ခွင်တွင် စက်၍ ချိန်ကြည့်သော အခါတွင် ထိုသံတုံးကြီးသည် ပူသောအခါနှင့် အေးသောအခါ မည်သည့် အခါ၌ ပို၍ ပေါ့ပါး ပါသနည်း။ ပို၍ ပျော့ပျောင်းပါသနည်း။ ပို၍ လိုရာကို ပြုပြင်၍ ရပါသနည်း။ ပူသော အခါမှာ ပို၍ လေးသလော။ အေးသော အခါမှာ ပို၍ လေးသလော။ သင့် စိတ်၌ နှစ်ချို့က်သလို ဖြေဆိုနိုင်ပါသည်”ဟု မေး၏။

"ပူသောအခါတွင် ပို၍ ပေါ့ပါသည် အရှင်။"

"ကောင်းလေစ၊ အဘယ်ကြောင့်ပါနည်း။"

"အို အရှင်၊ ထိုသံတုံးသည် အပူတေဇော ဓာတ်နှင့် တွဲနှံကန်မှု ဝါယော လေဓာတ်တို့နှင့် ထိတွေ့မိသောအခါ အဆိုးအလျဉ်များ ထွက်ကာ ရဲလာပါသည်။ ထိုဓာတ် နှစ်ပါးတို့၏ တွဲနှံကန်မှု အရှိန်ကြောင့် ရဲရဲ ပူလောင်နေသည့် အခိုက်တွင် ထိုသံတုံးကြီးသည် ပို၍လည်းပေါ့၊ ပို၍လည်း ပျော့ပျောင်း၊ လိုသလို ရရှိအောင် ပြုလုပ်ရာတွင် ပို၍လည်း အပြုအပြင်ခံ၍ လွယ်ကူပါသည်။ အေးသွားသော အခါ၌ကား အဝေတ်နှံလေဓာတ်တို့ ကင်းကွာ၍ သွားပြီး ဖြစ်သောကြောင့် ပို၍လည်း လေး၊ ပို၍လည်းမာ၊ ပို၍လည်း ပြုပြင်ရာ မခံ၊ လုပ်ချင်သလို လုပ်၍ မရ ဖြစ်သွားပါသည်" ဖြင့်။

"ဒို့ ဒကာတော် ဦးစား၊ သင့်အကြောက်သာ သင့်ပေ့။ ဤကိုယ်ကာယသည် သံတုံးကြီး အလားပင် ဖြစ်ချေ၏။အသက်ကိုယ်ဥဒ္ဓ ဝိညာဏ်တို့နှင့် ထိတွေ့မိလေသောအခါ ပို၍ ပေါ့လည်းပေါ့၏။ ပို၍ ပျော့လည်း ပျော့ပျောင်း၏။ ပို၍ အပြုအပြင်လည်း ခံ၏။ ထို့သို့ မဟုတ်လေဘဲ ဤကိုယ်ကာယသည် အသက်ဝိညာဏ်တို့နှင့် ထိတွေ့ရခြင်းအလျင်းမရှိလေဘဲ ကင်းကွာနေသောအခါ၌ကား ပို၍ လေးလည်းလေး၊ မာလည်းမာ၊ ပို၍ အပြုအပြင်လည်းမခံ ဖြစ်လာ၏။

"ဒို့ ဒကာတော်မြို့စား၊ ဤသံတုံးကြီးဥပမာကို ထောက်သော အားဖြင့်လည်း သင့် အယူဝါဒကို စွန့်ကာ မှန်သော အယူဝါဒ၌ တည်ပါဘော့လား ဒကာတော်"ဟု ကျိုးကြောင်းဆက်စပ်၍ ပြောဆို ငြားသော်လည်း ပါယာသိ မြို့စားကား

အစ္စမက္ခတ်၊ သူဝါဒကို လက်မလွှတ်နိုင်ဘဲ ဆုပ်ကိုင်မြဲသာလျှင် ဆုပ်ကိုင်ထားရုံမက သာဓကဆင့်ချပင် သူဝါဒမှန်ကန်ကြောင်းကို ရင်ဖွင့်ပြန်လေ၏။

"အို အရှင်၊ အရှင်၏စကားများသည် အသံသြဇာအားဖြင့် ပျားသဖွယ် ချိုလှပါသော်လည်း အနှစ်သာရအားဖြင့်မူကား ကျွန်ုပ်အဖို့ ခါးသက်နေ၏။ ကျွန်ုပ် လက်မခံနိုင်သည့် အကိုးသာဓကတခုကို ကျွန်ုပ် ဆိုပါဦးအံ့။

"အို အရှင်၊ ကျွန်ုပ်ထံသို့ ဖမ်းဆီး ခေါ်ဆောင်လာသော ခိုးသူတယောက်အား ကျွန်ုပ် မည်သို့စီရင်၍ ကျွန်ုပ် ဝါဒအတွက် အထောက်အကူ ယူခဲ့သည် ထင်သနည်း။ ထိုခိုးသူအား ဒဏ်ရာမပေါ်အောင် အသတ်ခိုင်းပြီး အသက် ဘယ်ကထွက်သနည်းဟု ကျွန်ုပ်တို့က ဝိုင်းကြည့်ကြသည်။ ထိုသူ အသက်ထွက်ခါနီးသော အခါ ပက်လက်အလှန်ခိုင်းပြီး အသက်ထွက်ရာကို စောင့်ကြည့်ကြကုန်သော်လည်း တယောက်မျှ မြင်သူမရှိ။ တဖန် ထိုသူအား အမှောက်ခိုင်းပြီး ရိုက်သည်။ ဘေးစောင်းထားပြီး ထုသည်။ စောက်ထိုးဆွဲပြီး နှက်သည်။ ဒဏ်ရာမပေါ်အောင် အမျိုးမျိုး နှိပ်စက်၍ အသက်ထွက်သည်ကိုဂရုတစိုက် စောင့်ကြည့်ကြသည်။ ကျွန်ုပ်နှင့်တကွ အသက်ထွက်သွားသည်ကို မည်သူမျှ မမြင်ကြ။ ထိုသူကား ရိုက်နှက်ခြင်း ဒဏ်ချက်အောက်တွင် တုတ်တုတ်မျှ လှုပ်ဖော်မရတော့။ မျက်စိရှိလျက်နှင့်သူ မမြင်။ နားရှိလျက် သူ မကြား။ နှာခေါင်းရှိလျက် သူ မနံ။ ကိုယ်ကာယရှိလျက် သူ ထိတွေ့ခြင်းမပြုတော့သည်ကိုသာ တွေ့ရပါ၏။

"အို အရှင်၊ ဤလက်တွေ့သာကေကိုထောက်သောအားဖြင့်လည်း ကျွန်ုပ်၏ဝါဒမှာ ခိုင်မြဲနေသည်ဖြစ်ပါလျက် ဘယ့်အတွက် ထိုဝါဒကို ကျွန်ုပ် လက်လွှတ်နိုင်ပါမည်နည်း။"

တမလွန်လောကဟူသည် မရှိဟု အခိုင်အမာပြု၍ ဆိုလေ၏။

ခရုသင်းမှုတ်သော ယောကျ်း ဥပမာ

အရှင်ကုမာရကဿပသည် ထိုသာဓကကို ခရုသင်းမှုတ်သော ယောကျ်း ဥပမာဖြင့် ရှင်းလိုက်လေသည်။

"အို ဒကာတော်မြို့စား၊ ရွှေးက ခရုသင်းအမှုတ်ကောင်းသော ယောကျ်းတယောက်သည် တောရွာတရွာသို့ ရောက်သွား၏။ ထိုယောကျ်းသည် ရွာလယ်ခေါင်မှနေ၍ ခရုသင်း မှုတ်လိုက်သည်။ သာယာသောအသံသည် ရွာကို လွှမ်း၍ ထွက်လာ၏။ ထိုအခါ တရွာလုံး အုံးအုံးကျက်ကျက်ဖြစ်သွားလေ၏။ ဘာသံပါလိမ့်။ တယ်သာယာလှပါကလား၊ ဟူ၍ ထိုးယောကျ်းထံသို့ခုန် ကပ်လာကုန်ပြီး မေးမြန်းလာကြကုန်လေ၏။ ထိုအခါထိုယောကျ်းက ရိုးသားစွာပင် မှန်သောအတိုင်း ဤသို့ဖြေ၏။

အချင်းတို့၊ ဤအထုကား ခရုသင်းပါတည်း။ သင်တို့ စွဲမက်မပြေအောင် ကြားလိုက်ကြရသည့်အသံကား ဤခရုသင်း၏အသံ ဖြစ်ပါသည်ဟု ဖြေ၏။

ထိုအခါ ရွာသားတို့သည် ထိုယောကျ်းလက်မှ ခရုသင်းကို ယူ၍ မြေပြင်၌ချကာ ဟယ် ခရုသင်း၊ မြည်လေး၊ မြည်လေးဟူ၍ ခရုသင်းကို ပုတ်၍ ခိုင်းကြကုန်၏။ ခရုသင်းကား မမြည်လေ။ တဖန် ထိုးခရုသင်းကို ဘေးစောင်းထား၍ ဂုဏ်၊

မှောက်လျက်ထား၍၎င်း၊ ထောင်လျက်ထား၍၎င်း၊ စောက်ထိုးထား၍၎င်း၊အမျိုးမျိုးထား၍ "ခရုသင်း မြည်လေ့၊မြည်လေ့" ဟု သူတမျိုး ငါတဖုံ ဝိုင်းအုံ၍ အမြည်ခိုင်းသော်လည်း ထိုခရုသင်းကား မြည်ခြင်း မရှိ။

"ဒါယကာ မြို့စား၊ ထိုအခါ ထိုယောကျ်ားအား ဤသို့အကြံ ဖြစ်လာ၏။ ဤကျေးတောသားတို့ကား မိုက်မဲဘိစုဟု ခရုသင်းကိုယူကာ ရွာမှ ထွက်သွားလေတော့ရာ ရွာသားတို့လည်း ထိုယောကျ်ားအား မျက်စိတဆုံး ကြည့်ကြပြီးနောက် ယင်းကိစ္စနှင့် ပတ်သက်၍ ဤသို့ အကြံဖြစ်ကြလေကုန်၏။

"ဩ ခရုသင်းဆိုသည်မှာ မူဘ်သောသူ၊ မူတ်ခြင်းလုံလပယောဂလေနှင့် ထိုစတ္ထ စပ်နှောမိမှ အသံ ဖြစ်လာတာပါကလား။ မူတ်သူ မရှိ၊ မူတ်ခြင်းကြိယာ လုံလပယောဂမပါလျှင် အသံမမြည်ပါကလား၊ဟူ၍ ဤတွင်မှ အမှန်တရားကို သဘောပေါက်ကြလေကုန်သည်။

"အို ဒကာတော်မြို့စား၊ ဤအတူပင် ကိုယ်ကာယကား အသက် ကိုယ်ဥစ္စ ဝိညာဏ်တို့နှင့် ထိစတ္ထ ပေါင်းဆုံမိလေသော အခါ လှုပ်ရှားလာပြီး ရှေသို့လည်း သွား၏။ နောက်သို့လည်း ဆုတ်၏။ ရပ်လည်း၊ရပ်၏။ ထိုင်လည်း၊ထိုင်၏။ အိပ်လည်း၊အိပ်၏။ မျက်စိဖြင့်လည်း ရူပါရုံကို မြင်၏။ နားဖြင့်လည်း သဒ္ဒါရုံကို ကြား၏။ နှာခေါင်းဖြင့်လည်း ဂန္ဓာရုံကို နှမ်း၏။ လျှာဖြင့်လည်း ရသာရုံကို လျက်၏။ ကိုယ်ဖြင့်လည်း ဖောဋ္ဌဗ္ဗာရုံကို ထိတွေ့၏။ စိတ်ဖြင့်လည်း ဓမ္မာရုံကို သိ၏။ ဤကိုယ်သည် အသက် ကိုယ်ဥစ္စ ဝိညာဏ်တို့နှင့် ကင်းကွာသောအခါ ရှေသို့လည်း၊မတက်၊ နောက်သို့လည်း မဆုတ်။ ရပ်လည်း မရပ်၊ ထိုင်လည်း မထိုင်၊ အိပ်လည်း

မအိပ်လေ။ မြင်လည်း မမြင်။ ကြားလည်း မကြား။ နမ်းလည်း မနမ်း။ ထိခတ်ခြင်းလည်း မပြု။ သိလည်း မသိခဲ့လေ။

"အို ဒကာဘော်မြို့စား၊ ဤဥပမာကို ထောက်သော အားဖြင့်လည်း သင့်ငါဒဒခံယူချက်ကို လက်လှမ်းကာ တမလွန် လောကသည် ရှိ၏ဟူသော အမှန်ဝါဒသစ္စာ ဖြစ်ပါတော့လား ဒကာတော်" ဟု ရှေးနည်းတိုင်းပင် ဟောပြောရှယ်ချေ။ မိစ္ဆာအယူကို ကျတ်အောင် ချတ်တော်မူသော်လည်း ပါယာသိမြို့စားကား အရှင်၏စကားကို အမှုအထုအား ဖြင့် အလေးအနက် ပြုသည်တိုင်အောင် သူ၏ အယူဝါဒကား မလွှတ်လေဘဲ ဇွတ်ပေတေးနသည်သာမက သူ၏ သုတသနပြုချက်များကိုသာ ထပ်ဘလဲလဲ တင်ပြနေလေသတည်း။

"အို အရှင် ဥာဏ ဥာဏမေယျတို့ဖြင့် အကွစ်ဝင် ဆိုလျော်အောင် စပ်ဟပ်၍ အင့်ဂ်၏ ဆိုပြောချက်များမှာ လေးနက်သော အသွင်ကို အကယ်ပင် ဆောင်ပါပေသည်။ သို့သော် စစ်မှန်သော ဝါဒဘဒ္ဓကို လွယ်လွယ်နှင့် လက်လွှတ်လိုက်ပြီး ဝါဒသစ်တခု၏ လောင်းရိပ်ဆောက်သို့ ကျရောက် ခိုဝင်ရမည် ဆိုသော အချက်ကိုကား ကျွန်ုပ်အနေဖြင့် မည်သည့်နည်းနှင့်မျှ လက်မခံနိုင်အောင် ဖြစ်ရသည်ကို ဝမ်းနည်းပါသည်။ အကယ်ပင် မှားခဲ့၍ ပြုပြင်ရန် လိုအပ်လျှင်မူကား ဝန်လေးဘွယ်မရှိ။ ယခုမူ စိန်မှန်ကင်းစဖြင်းက ထင်းဖြစ်သည့် ကိန်းမျိုးဆဆိုက်မခံနိုင်ပါ။ သင်္ခကာတခုကို အရှင်ဝန်မင်းလေးက ဤတော်မှ ပါဦး။ ကျွန်ုပ်ကိုယ်တိုင် ကိုယ်ဇတ္တ ကျကျနန လေ့လာထားသောအထု ပြုံ့ပါသည်။ ထို့ခင့်ပြုနိုင်ပါသေးဘိလား အရှင်"

ဟု ဆိုလျှင် အရှင်ကုမာရကဿပက မြို့စား၏ ဆန္ဒအတိုင်း လျှောက်ခွင့် ပြုလိုက်သောအခါ အောက်ပါ သာဓကတခုကို ထုတ်ပြပြန်လေ၏။

"အို အရှင်၊ တခါတွင်လည်း မင်းချင်းယောကျ်ားတို့သည် ခိုးသူတဦးကို ဖမ်းဆီး၍ ကျွန်ုပ်ထံ အပ်နှံလာကြသည့်အခါ ကျွန်ုပ်၏ ဝါဒခိုင်မှုအတွက် ထိုသူအား ကျွန်ုပ် မည်သို့ အသုံးချလိုက်သည် ထင်သနည်း။

"အို အရှင်၊ ကျွန်ုပ်သိချင်၍ လေ့လာနေသည်ကား အသက်ထွက်မှု ဖြစ်လောရာ အသက်ထွက်မှု စုံးစမ်းရန်အတွက် ထိုသူအား ကျွန်ုပ် ဤသို့အသုံးချလိုက်ပါသည်။ အသက်သည် ဤကိုယ်ထဲတွင် တနေရာ၌ တွယ်ကပ်နေမည်သာဖြစ်သောကြောင့် ထိုသူကိုယ်မှ အပေါ်ယံ အရေပါးများကို တလွှာချင်း တလွှာချင်း ခွာ၍ အသက်ကိုရှာသည်၊ မတွေ့ပါ၊ မမြင်ပါ အရှင်။

"အို အရှင်၊ ဤသို့ အရေပါးကိုခွာ၍ အသက်ကို ရှာမတွေ့သောအခါ အရေထူကို ခွာ၍ ရှာကြည့်ပြန်သည်။ မတွေ့ပါ၊ မမြင်ပါ။ ထိုနောက် အသားများကိုလှီး၍ငင်း၊ အကြောများကို တချောင်းချင်း တချောင်းချင်း ဖြတ်တောက်၍ငင်း၊ အရိုးများကို ခွာ၍ငင်း၊ ရိုးတွင်းချဉ်ဆီများကို ဖောက်၍ငင်း တွေ့လိုတွေ့ငြား နေရာအနှံ့အပြားတို့၌ ပိုက်စိတ်တိုက်၍ ရှာပါသော်ငြားလည်း အသက်ကို မတွေ့ပါ၊ မမြင်ပါ။ ဤအသက်သည် ဘဝတပါးသို့ ထွက်သွားရိုးမှန်ခဲ့သော် ကောန်ပင် မြင်တန်ရာပါသည်။

"အို အရှင်၊ ဤသာဓကကို ထောက်သောအားဖြင့်လည်း တမလွန်လောက မရှိဟူသော ကျွန်ုပ်၏ ခံယူချက်ဝါဒမှာ

မှန်ကန်ကြောင်း ထင်ရှားနေသည်ဖြစ်ထု ထိုဝါဒကို အဘယ် မှာလျှင် အကျွန်ုပ် စွန့်နိုင်ပါအံ့နည်း။ ဇရှင့်ကိုကား ကျွန်ုပ် လေးစားပါ၏"ဟု ဆို၏။

ထိုအခါ၌လည်း ယင်းလျှောက်တင်ချက် သာဓကကို ချေပရန် အရှင်ကုမာရကဿပအဖို့ ဥပမာ မရှားချေ။ အကုန်ဆိုက်လျှင် မြို့ကိုးကန့် ကျရောက်လာလေ၏။

မီးကို လုပ်ကျွေးသောရသေ့ ဥပမာ

"အို ဒကာဘော်မြို့စား၊ သင် မည်သို့ပင် ငါ့စကားမျာ၏ ယယ်ရှားချို ငြင်းဆန်နေစေကာမူ ငါ၏မျှော်လင့်ချက် မကုန်သေး၊ သင်၏ ဆိုပြောချက်မျာ၊က အသိဉာဏ် ဦးနှောက်ကောင်းသူ တဦးဖြစ်ကြောင်း ပေါ်လွင်နေ၏။ ယွဲးကြောင့် သင်ကဲ့သို့သော အပိုးတန် လူတယောက်အား ပြောဟောရ၊ ငါ့ဖို့ ဝန်မလေး၊ ငါ့မှာ ဆင်းရဲခြင်းမပြစ်။ သင့်အား ဥပမာတခုကဲဖြင့် ငါလျက် ကမ်း၍ ခေါ်ဦးအုံး။

"အို ဒကာတော်မြို့စား၊ ရှေးက မီးကို ထာလုပ်အကျွေးပြု နေသောရသေ့ဘပါ၊းသည် တောရကျောင်းသခ်ိမ်းတခုဖို့ နေလေ သတတ်။ တနေ့သဖွ် လှည်းအုပ် တအုပ်သည် တိရစ္ဆာန် ကျောင်းသခ်ိုင်းအနီး၊တွင် စခန်းချကာ တညဉ့်တာမျှ အိပ်၍ ထွက်သွား၊ကြလေထ ထို့အခါ တောနေရသေ့ဖွဲ့ ကျိုသို့ အကြုံဖြစ် လာလေသည်။ 'ဤလှည်းစခန်းခုထသို့ သွား၊ရသော် ကောင်း လေစွ။ ၎င်းနေထုမှ ငါ့အတွက် တစုံတခု ရတန်၊လေထ၏'ဟု

ကြံပြီးလျှင် ထိုနေရာသို့ သွားလေ၏။ ရောက်လျှင် ထူးဆန်းစွာ ကလေးသူငယ်တယောက်ကို အံ့သြစွာတွေ့ရလေသည်။

ရသေ့သည် ထိုသူငယ်ကို သနားသဖြင့် ကျောင်းသို့ ခေါ်ဆောင်ခဲ့ပြီးလျှင် ကောင်းမွန်စွာ မွေးမြူထား၏။ ထိုသူငယ်သည် တဆယ့်နှစ်နှစ်အရွယ်သို့ ရောက်လာသောအခါ ရသေ့ဘုင် ကိစ္စတခု ပေါ်လာ၏။ ဇနပုဒ်တခုသို့ မသွားလျှင် မဖြစ်သောကိစ္စဖြစ်၏။

ရသေ့ခရီးထွက်ခါနီးတွင် ထိုသူငယ်အား ဤသို့ မှာထားခဲ့၏။ "ချစ်သား၊ ငါခရီးထွက်ရအုံ့။ မီးကို လုပ်ကျွေးရစ်လော့။ မီးကိုမငြိမ်းအောင် ကြပ်ကြပ်သတိပြုလော့။ အကယ်၍ မီးငြိမ်းသွားခဲ့သော် သည်မှာ ထင်း၊ သည်မှာ ပဲခွပ်၊ သည်မှာ မီးပုတ်၊ မီးကိုပြန်မွေးကာ လုပ်ကျွေးရစ်လော့" ဟု မှာထားခဲ့ပြီး ခရီးထွက်သွားလေ၏။

ရသေ့ထွက်သွားလေသောအခါ မီးမသေအောင် ထင်းများကို ထည့်ဆိုက်ပြီး ကလေးဘာဝ ကစားနေစဉ် မီးသည်ငြိမ်းသွားလေ၏။ ထိုအခါ ထိုသူငယ်သည် ရသေ့က မှာထားခဲ့သည့် အတိုင်း မီးရှိစေခြင်းငှာ မီးပုတ်ကိုပုတ်ရမည့်အစား မပုတ်လေဘဲ မီးပုတ်ကိုခွဲလျှင် မီးထွက်မည်အထင်နှင့် ပဲခွပ်ဖြင့်ခွဲ၏။ မီးကား မထွက်လာ။

"အို ဒကာတော်၊ ထိုသူငယ်သည် မီးပုတ်ကို ထက်ခြမ်းခွဲ၍ မီးမထွက်သော် လေးစိပ်၊ ငါးစိပ်၊ ခြောက်စိပ် စသည်ဖြင့် အစိပ်စိပ်အမျှာမျှာ ခွဲသော်လည်း မီးမထွက်။ နောက်ဆုံးတွင် ခွဲစိပ်ထားသော မီးပုတ် အစအနများကို မီးထွက်စေရန် ဆုံထဲ

ထည့်၍ ထောင်းပြန်၏။ မီးကား မထွက်လာသောကြောင့် မီးမမွေးနိုင်ဘဲ ဖြစ်နေ၏။

ရသေ့ပြန်ရောက်လာသောအခါ မီးကို လုပ်ကျွေးရဲလားဟု အရေးတကြီး မေးလေသောအခါ ထိုသူငယ်လည်း ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လေ၏။ ရသေ့လည်း မသိဆိုးဝါး မိုက်ချက်သားကောင်းလှချည့်လား၊ ဆင်ခြင်တုံတရား ကင်းမဲ့စွာ ဘောက်မဲ့ကြောင့် မီးကိုရှာရသလဲဟု စိတ်ဖြင့် မြည်တွန်တောက်တီးကာ ထိုသူငယ်၏ရှေ့မှာပင် မီးပုတ်အစုံကိုယူ၍ ပုတ်လျှင် မီးရှိလာလေ၏။

ထိုအခါ ရသေ့ကသူငယ်အား ကျိသို့ဆုံးမလေ၏။ "ချစ်သား၊ မီးကို ကျိသို့သာဖြစ်စေအပ်၏။ သင်ကား မိုက်ဘိစု။ ဆင်ခြင်ကင်းမဲ့စွာ ပြုဘိစု။ ဆင်ခြင်ဉာဏ်ရှိသူကား သင်ကဲ့သို့ မည်သူမျှ မပြုလုပ်ကြ" ဟု ဆို၏။

"အို ဒကာဘော်မြို့စား၊ သင်ကား ထိုသူငယ်နှင့် အလားတူခေျဘိသည်ဘကား။ အဆင်ခြင်ကင်းမဲ့စွာ တမလွန်လောကကို ရှာတုံဘိ၏။ ဒကာတော်၊ ယုတ်မာသော ကျိမိစ္ဆာ အယူဝါဒကို သင် စွန့်လော့။ ကြာမြင့်စွာသော ကာလပတ်လုံး အကျိုးမဲ့အောင် သင်မပြုပါလင့်။ အဖိုးတန်သော ဘဝကို နစ်မွန်းအောင် သင် မနှစ်ချင်ပါလင့်။"

ထိုအခါဥဒ္ဒကား ပါယာသိမြို့စားသည် အရှင်ကုမာရကဿပ၏ ဆုံးမချက် စကားကို လက်ခံသည့် အစိတ်အပိုင်း ဆိုက်လာလေပြီ။ သို့သော် မြို့စားသည် စွန့်ပါတော့အုံဟူ၍ ပြောင်ပြောင် တင်းတင်း လက်မခံဝံ့ဘဲ ပတ်ဝန်းကျင်ကို သူ ရှုံ့နေ၏။ ပဿေနဒိကောသလမင်းကြီး နှင့် တကွ ပတ်ဝန်းကျင်က သူ

အား ကဲ့ရဲ့ရွတ်ချကြမည်ကို စိုးရိမ်သည်။ လက်ရှိ အယူဝါဒကို စွန့်၍ ဗုဒ္ဓ၏သြဝါဒ ကိုလည်း ခံယူလိုသည်။ လူသူလေးပါးတို့က ကဲ့ရဲ့ကြမည်ကိုလည်း သူ ရှုံနေသည်။

ထိုကြောင့်လည်း သူနှုတ်ဖျားမှ ဤစကား ထွက်လာခြင်း ဖြစ်၏။

"အို အရှင်၊ အရှင်၏ သြဝါဒကို ခံယူလျက် ကျွန်ုပ်၏လက်ရှိ မိစ္ဆာဝါဒကို စွန့်လိုက်ချင်၏။ သို့သော် စွန့်၍ မဖြစ်နိုင်ပါ အရှင်။ အဘယ်ကြောင့် ဆိုသော် ဤအယူဝါဒကို စဲစဲမြဲမြဲ ကျွန်ုပ်ခံယူထားကြောင်းကို ပြည်ပိုင်ရှင် ဘုရင် ကောသလ မင်းကြီးနှင့် နိုင်ငံရပ်ခြား တိုင်းတပါး မင်းများကအစ သိရှိနေကြပါကုန်၏။

"အို အရှင်သူမြတ်ဘုရား၊ အကျွန်ုပ်သည် ယုတ်မာလှစွာသော ဤအယူဝါဒကို စွန့်လိုက်သော် 'သြော် ပါယာသိမြို့စား ဟာ တယ် မိုက်တွင်း နက်လှပါကလား။ ဤမျှ ယုတ်မာလှသော အယူဝါဒကို သူမိုပင် ယူခဲ့ပလေသည်' ဟူ၍ အကျွန်ုပ်အား ဆိုပြောသူတို့ ပေါ်လာမည် အမှန် ဖြစ်ပါသည်။ ထိုအခါ ထိုသူတို့အား အတိုက်အခံ ပြုသောအားဖြင့် မချစ်သော်လည်း အောင့်ကာ နမ်းနေရသည့်ပမာ ထိုအယူကို ယူမြဲ ယူနေရပါဦးမည်။ အရှင်ဘုရား၏ စကားကို ချေပသော အားဖြင့်လည်း အရှင်ဘုရားကို မတုပြိုင် လိုပါဘဲလျက် တုပြိုင်သော အားဖြင့် ထိုအယူကို ယူမြဲယူနေရပါဦးမည် ဘုရား။"

ပါယာသိ မြို့စားသည် ဤသို့ စကား အသုံးအနှုန်းကစပြောင်းလဲ လာကုန်၏။ သို့သော် သူသည် ပတ်ဝန်းကျင်ကို လန့်၍ ဝါဒကို စွန့်ချင်လျက်နှင့် မစွန့်ဝံ့ဘဲ တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။

ထိုသို့ တစ်နေသည့် အချက်ကို ဖောက်ဖျက် ကျော်လွှား နိုင်ရေးအတွက် ခေါင်းအေးအေး ထား၍ စဉ်းစား နိုင်စေခြင်း ဌာ အရှင်ကုမ္မာရကာဿပသည် ဥပမာတထုံးကို သုံးတော်မူရပြန် လေသတည်း။

လှည်းမှူးကြီးနှစ်ယောက် ဥပမာ

"အို ဒကာတော်မြို့စား၊ သနားဘွယ် ကောင်းလေစ့။ သင် သည် ယောကျ်ား မဟုတ်လော။ အမှန်တရားကို လက်ခံ သိမ်း ပိုက်ခြင်း၌ အဘယ်ကြောင့် သင် ရှုံနေဘိသနည်း။

"အို ဒကာတော်မြို့စား၊ ငါ ဥပမာ ပြအုံး။ သင့် စိတ်ကို ကြည်လင်စွာထား၍ ခံယူလော့။ ရှေးက လှည်းမှူး နှစ်ယောက် အုပ်ချုပ်သော လှည်းပေါင်း တထောင်ရှိသည့် လှည်းအုပ်ကြီး တခုသည် တနိုင်ငံမှ တနိုင်ငံသို့ ခရီး ထွက်သွား၏။ နွားကောင် ရေပေါင်း နှစ်ထောင်နှင့် လူဦးရေ ကာလည်း များလှသော ကြောင့် ရောက်ရာအရပ်တို့၌ မြက်၊ ထင်း၊ ရေကအစ မလုံ မလောက် ဖြစ်ကာ အခက်ကြုံရလေ၏။

ထိုအခါ လှည်းမှူး နှစ်ယောက်တို့သည် ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန် အလို့ငှာ လှည်းငါးရာစီ ခွဲ၍ သွားကြရန် သဘောတူ ဆုံးဖြတ် ကြပြီးနောက် လှည်းမှူး တဦးသည် မိမိ အုပ်စီးရသည့် လှည်းငါးရာတို့ကို မြက်၊ထင်း၊ရေ အလုံအလောက် တင်စေလျက် ခရီးဆက်၍ ထွက်သွား၏။

"အို ဒကာတော် မြို့စား၊ ထိုလှည်းပေါင်း ငါးဆာသည် နှစ်ရက်ခန့်သွားမိလေသောအခါ တနေရာတွင် လှည်းတစီးကို တွေ့ရလေ၏။ ထိုလှည်းပေါ်ကလူကို လှည်းမှူးက ကြည့်လိုက်သည်။ ထိုသူကား မျက်လုံးနီ၏။ လေး မြားတောင့် များကို လွယ်ထား၏။ ကြာပန်းကို ပန်ထား၏။ အဝတ်အစားများ ရေစိုနေ၏။ဆံပင်များကို ရေရွှဲရွှဲနှင့် ဖားလျားချထား၏။အသားကနက်မှောင် မဲချိတ်နေ၏။လှည်းဘီးများကိုကြည့်ပြန်သော် ရွှံများ ပေကျံနေသည်ကို တွေ့ရ၏။

ရွှံများပေကျံနေသောလှည်းနှင့် အဝတ်ဆံပင်များ စိုရွှဲနေသော လှည်းသမားကို တွေ့လတ်သော် လှည်းမှူး ဖြစ်သူက စိတ်ဝင်စားမိလာသည်။ ထို့ကြောင့် ထိုသူအား နှုတ်ခွန်းဆက်လေ၏။ လမ်းခရီးဌ ရေအခက်အခဲရှိ မရှိကို မေးမြန်းလေသောအခါ ထိုသူက လှိုက်လဲစွာပင် ပြောပြလေသည်။

"အရှင်၊ ရေအတွက် မစိုးရိမ်ပါလင့်။ ရွှေခရီးဌမိုးကြီးသည်း ထန်စွာ ရွာသွန်းထားသောကြောင့် လမ်းခရီးတလျှောက်ရေနှင့် ဖွဲးဖွဲး ရှိမနေပါသည်၊ မြက်၊ ထင်းဆိုရာမှာလည်း ပေါလှ၏။ လှည်းအလေးခံပြီး မြက်၊ ထင်း၊ ရေများကို ဘောက်မဲ့ကြောင့် ယူဆောင်သွားတော့မည်နည်း။အားလုံးကို စွန့်သွန်ကာ ဝန်ပေါ့ဖြင့်သာ စိတ်ချလက်ချ သွားပါလေ။ နွားများကိုလည်း သက်သက်ညှာညှာ ပေါ့ပေါ့ပါးပါး သွားကြပါစေ"ဟု ပြောလျှင် လှည်းမှူးသည် များစွာ သဘောကျသွားသည့်အလျောက် သူ့လှည်းသမားများအား ယူဆောင်လာခဲ့သည့် ထင်း၊ ရေ၊မြက်တို့ကို စွန့်ထားခဲ့ကြရန် အမိန့်ပေးလေ၏။ လှည်းသမားတို့လည်း လှည်းမှူးဆိုတိုင်းလိုက်နာကာ စွန့်ကြလေကုန်၏။

"အို ဒကာတော်၊ ထိုလှည်းသားငါးရာတို့သည် ပထမစခန်း ရောက်ကြ၏။ ရေမတွေ့ကုန်။ ဆက်လက်၍သွားကြရာ သတ္တမ စခန်း ရောက်သော်လည်း ရေမတွေ့လေရကား လှည်းသား ငါးရာတို့ ရေအတွက် အခက်အခဲဖြစ်နေကြကုန်စဉ် လူယောင် ဆောင်ထားသောဘီလူးသည် အပေါင်းအသင်းများနှင့် ရောက် လာပြီး လှည်းသားငါးရာတို့အား စားလေသဖြင့် အရိုးစုမျှသာ ကြွင်းလေ၏။

"အို ဒကာတော်မြို့စား၊ဒုတိယလှည်းမှူးလည်း လှည်းပေါင်း ငါးရာနှင့်ထွက်လာ၏။ ရိက္ခာအဖြစ် ထင်း၊ မြက်၊ ရေအပြည့် အစုံ တင်ဆောင်လာ၏။ လမ်းခရီး အကြားတွင် ဘီလူးက လူယောင်ဆောင်ထားသော လှည်းတစီးကို ယခင်နည်းအတိုင်း တွေ့လေ၏။ ထို လှည်းသမားအရေခြုံထားသော ဘီလူးကလည်း ရှေးနည်းအတိုင်း ရွှေခရီး၌ မြက်၊ထင်း၊ရေပေါသဖြင့် ပလာ သမျှကို စွန့်၍ ပေါ့ပေါ့ပါးပါးသွားရန် အကြံပေးပြန်၏။

"အို ဒကာတော်မြို့စား၊ ထိုလှည်းမှူးက ဆင်ခြင်တုံတရား ရှိ၏။ ထိုယောကျ်ား၏ပြောစကားကို ယုံကြည်ခြင်း မရှိသည့် အလျောက် သူတပည့်များအား'ဤသို့ တင်းကြပ်စွာဆိုသတည်း။

"အို အချင်းတို့၊ ငါတို့ယူဆောင်လာခဲ့သည့် ရိက္ခာများကို စွန့်ရန် ထိုလှည်းသမားက ငါတို့အား အကြံပေးသည်ကို သင်တို့ လည်း ကြားသိပေ ကုန်၏။ စင်စစ်သော် ထို လှည်းသမား ကား ငါတို့နှင့် မွေးချင်းပေါက်ဖော် တော်စပ်သူလည်း မဟုတ်။ အပေါင်းအသင်း ရောင်းရင်းလည်း မဟုတ်။ သူစကားကို

အဘယ်ကြောင့် ငါတို့ ယုံကြည်နိုင်ကုန်မည်နည်း။ မြက်၊ ထင်း၊ ရေတို့ကို စွန့်ထားခဲ့ခြင်းမပြုဘဲ ယူမြဲယူဆောင်ခဲ့ကြကုန်လော့" ဟု အမိန့်ပေးပြီးလျှင် ခရီးဆက်၍ ထွက်ကြလေ၏။

စခန်းစဉ်တလျှောက်တွင် မြက်၊ ရေ၊ ထင်းတို့ကို မတွေ့ရလေဘဲ သတ္တမစခန်းသို့ ရောက်သွားလေသောအခါ၌ကား ဘီလူး စားထားသဖြင့် ကျန်ရှိနေသော အရိုးများကို တွေ့ကြရလေ ကုန်၏။ ထိုအခါလှည်းမှူးက လှည်းသားငါးရာအား ဤသို့ဆို၏။

"အချင်းတို့၊ ဆင်ခြင်စဉ်းစားဉာဏ်မရှိသော လှည်းမှူးမိုက် ခေါင်းဆောင်လေသောကြောင့် ဤလှည်းအုပ်သည် မပျက်စီးတန်ဘဲလျက် ပျက်စီးခြင်းသို့ ရောက်ရ၏။ အချင်းတို့၊ သတိရှိကြကုန်။ အဖိုးမတန်သော ပစ္စည်းများကိုစွန့်၍ ဤအဖိုးတန် ပစ္စည်းများကို ယူဆောင်ကြကုန်" ဟူ၍ဆို၏။ လှည်းသားငါးရာတို့လည်း လှည်းမှူး၏ စကားကို နားထောင်ကြသဖြင့် ဘီလူးဘေးမှ ကင်းဝေး လွတ်မြောက်ကြသည့်အပြင် ပစ္စည်းဥစ္စာများကိုလည်း ရရှိကြပြီး လိုရာခရီးသို့ ချမ်းသာစွာ ရောက်ရှိကြလေကုန်၏။

"အို ဒကာတော် မြို့စား၊ သင်သည် မလိမ္မာ မိုက်မဲလှစွာသော လှည်းမှူးမိုက်နှင့် တူနေယောင်ပါ တကား။ အဆင်ခြင်ကင်းမဲ့စွာ ပရလောကကို ရှာနေခဲ့သော် ထိုလှည်းမှူး ကဲ့သို့ပင် ပျက်စီးခြင်းသို့ ရောက်လတ္တံ့။ သင်သာလျှင် ပျက်စီးသည်မဟုတ်။ သင့်အယူဝါဒကို နာယူအပ်၏၊ ယုံကြည်အပ်၏ဟု မှတ်ထင်ကြကုန်သော သင်၏ နောက်လိုက် တို့လည်လည်း အရင်းလဲလျှင်

အဖျားထင်းဖြစ် ဟူသကဲ့သို့ လှည်းသား ငါးရာတို့၏ပျက်စီးခြင်း လမ်းကြောင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကြရ ရှာကုန်လတ္တံ့။

"သို့ကြောင်ရကား အို ဒကာတော်မြို့ဝယ်၊ ယုတ်မာသော ဤအယူဝါဒကို စွန့်လိုက်ပါလော့။ ရာသက်ပန် အကျိုး ဆုတ် ယုတ်မည့် လမ်းစဉ်မှားအောက်သို့ သင် မလိုက်ပါလင့်။ မိမိ၏ အဖိုးတန်သော ဘဝကိုငင်း၊ မိမိကိုအမှီပြု၍နေသော ပတ်ဝန်း ကျင် အသိုင်းအဝိုင်းကိုငင်း နှစ်မှန်းအောင် မပြုပါလင့်။ ယခု အခါနှင့်တွင် သင်၏ ချမ်းသာမှုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း တို့၏ ချမ်းသာမှုသည် သင်သာလျှင် အဓိက ဖြစ်ချေ၏။ သင် တယောက်အတွက်နှင့် အများပျက်စီးအောင်မဖြစ်ပါစေသင့်ပါ။ လေးနက်စွာ သတိထားကာ စဉ်းစား ဆုံးဖြတ်ပါလော့ ဒကာ တော်။"

ဤသို့ တိုက်တွန်းလိုက်သည့် စကားမှာ ပါယာသိမ့်စားအား စိတ်နှလုံးထိခိုက်အောင် ရိုက်နှက်လိုက်သည်နှင့် တူ၏။ အဘယ့် ကြောင့်ဆိုသော် ယခုအခါနှင့်တွင် ပါယာသိမ့်စားကား ဝမ်းတွင်း စိတ်ဓာတ်အားဖြင့် မိစ္ဆာဝါဒကို စွန့်ရန် အသင့်ဖြစ်နေပြီဖြစ်၏။ သို့သော်ဤသို့ မိစ္ဆာဝါဒကို စွန့်လွှတ်လိုက်ချက သူအပေါ်သို့ ဆိုက်လာမည့် ကဲ့ရဲ့ရှုတ်ချမှု အန္တရာယ်များကို မြင်ယောင်လာ သောအခါ ထိုပြဿနာကို ရင်ဆိုင်ရန် လန့်ဖေသည်။ မိစ္ဆာ ဝါဒနောက်သို့ ယခုအတိုင်းမှေး၍ လိုက်နေမည်ဆိုက ငါ့အား မည်သူကမှ အပြစ်ဆိုကြမည် မဟုတ်။ ဤဝါဒကို ပုတ်ထုတ်ပြီး ငါ လက်လွှတ်လိုက်သော် တခါန်က ထိုမိစ္ဆာဝါဒကို အလုပ်

အကျေး ပြုခဲ့မိသောကြောင့်ငါ့အဖို့လည်း မကောင်းငါ့အသိုင်း အဝိုင်းကလည်း ငါ့ကြောင့်သာ သူတို့ မိစ္ဆာဝါဒီများ ဖြစ်ကြရသည်ဟူ၍ ငါ့ကိုပင် ပြစ်တင်ကြမည်မှာ သေချာသည်။ ရှေ့သို့ ငါ ကူးပြောင်းမည့် သမ္မာဒိဋ္ဌိအတွက် ခရီးမှမ်းကြမည်၊ ကဲ့ရဲ့ကြမည်ကို အတည်မပြောနိုင်သော်လည်း လက်တွေ့အားဖြင့်ကြိုဆိုစွာဝါဒကို စွန့်လိုက်လျှင်မူကား ငါ့ ပတ်ဝန်းကျင်က ငါ့အားခွင့်လွှတ်နိုင်ကြမည် မဟုတ်။ သွားပုပ်လေလွင့် ပြောကြကုန်လိမ့်မည်။ ဆိုကြကုန်လိမ့်မည်။ အို မည်သို့ပင် ဖြစ်စေ၊ စိတ်သာ ပခဉ်န ဖြစ်သည်။ငါ့စိတ်က မိစ္ဆာဝါဒကို စွန့်လွှတ်ထားသည်ပင် ပြီးသည်ပင်။ လူသိရှင်ကြား ဖွင့်၍ စွန့်လွှတ်ရန် မလို။ ဤသို့တွေးကာ သူဝါဒကို မစွန့်နိုင်ပါဟု ခပ်တင်းတင်းပင် လျှောက်လေ၏။

မစင်ထုပ် ဆောင်ယူသူ ဥပမာ

ထိုသို့ လျှောက်လိုက်ခြင်းသည် အရှင်ကုမာရကဿပအတွက် ဥပမာတံခါးကြီးကို ဖွင့်ပေးလိုက်သည်နှင့် တူ၏။ အရှင်၏စိတ်၌ကား "ဤမြို့စားကို ကျွတ်အောင် ချွတ်မည်။ မကျွတ် သမျှငါ မလျှော့"ဟု သန္နိဋ္ဌာန်ချထားတော် မူဟန်တူ၏။

သို့ကြောင့်လည်း အရှင်သူမြတ်သည် ပါယာသိမြို့စားအား ဥပမာဆန်း တခုဖြင့် လက်ကမ်းလိုက်ပြန်လေပြီ။

"အို ဒကာတော်မြို့စား၊ ယခုအချိန်သည် သင့်အတွက် နောက်မကျသေး။ သို့ကြောင့် သင့်အား ငါသည် ဖေးဖေးမမ

ခေါ်ဆောင်နေခြင်း ဖြစ်၏။ ငါ ဆဲခေါ်ရာသို့လိုက်ပါခဲ့လော။ ငါဆိုလတံ့သော ဤဥပမာသည် သင့်အဘက် ဖြောင့်ဖြူးသော လမ်းကောင်း ဖြစ်ပါစေလော့။ မိမိကိုယ်ကိုငင်း၊ မိမိစိတ်ကိုငင်း မလှည့်စားအပ်။ လှည့်စားခြင်းဖြင့် သင့်အား အကျိုးမရှိသည့် အပြင် အကျိုးဆုတ်ယုတ်ဖွယ်သာ ဖြစ်သည်ကို သတိပြုပါလော။

"အို ဒကာတော်မြို့စား၊ သင်စိတ်သား ကြည်ရွှင်စွာနာလော့။ ဥပမာတခုကို ငါ ဆိုပေဦးအံ့။ ဒကာတော် မြို့စား၊ ရှေးက ဝက်မွေးသူတယောက် ရှိလေ သတတ်။ ဝက် မွေးမြူခြင်းဖြင့် အသက်မွေးခြင်း ပြုလေသတတ်။

ထို့ကြောင့် နေ့စဉ် ဝက်များကျွေးမွေးရန် ဝက်စာ ရှာရခြင်းမှာ သူ၏အဓိကဘာဝဝန် ဖြစ်လေသည်။ ဝက်များကို အစာကောင်းကောင်း ကျွေးနိုင်မှ ဝက်များ ဖွံ့ဖြိုးမည်။ ဝက်များ ဖွံ့ဖြိုးမှ သူ့အဖို့ ကြီးပွားနိုင်မည် ဖြစ်သောကြောင့် ဆောက်လေ ရာရာမှာ ဝက်စာကိုသာ ရှာဖွေနေရ၏။

တနေ့သ၌ ထိုယောကျ်ားသည် ရှာတရှာသို့ ဆောက်သွား၏။ ရှာပြင်ဘက်တွင် တရွာလုံးက စွန့်ထားသော မစင်ခြောက် များကို တွေ့လေ၏။ ထိုအခါ စိတ်ကူးပေါက်လာသည်။ သည် မစင်ခြောက်တွေ ကောက်၍ ဝက်စာအဖြစ် အသုံးပြုရသော် ကောင်းလေစ့။ ဤသို့ စိတ်ကူးပေါက်ပြီး ထိုယောကျ်ားသည် မစင်ခြောက်များကို ကောက်၍ အဝတ်ဖြင့် ထုပ်၏။ ရွာက ကြီးဟန် တူ၏။ မစင်ခြောက်တွေ့ များစွာ ရသေး၏။

ထိုယောကျ်ားအပို့ အိမ်ပြန် လှုချေ၏။ မစင်ထုပ်ကြီးကို မနိုင် မနင်း ခေါင်းပေါ်ရွက်လျက် ရှာသို့ ပြန်လာစဉ် လမ်းတွင် မိုးမိ လေ၏။ မိုးမှာ သည်းထန်လှသောကြောင့် ခေါင်းပေါ်က မစင် ထုပ်ကြီးမှာ ရဲရဲစိုကုန်တော့ရုံမက မစင်ခြောက်များ သည် ရေစောတ်နှင့် ထိတွေ့လာသောအခါ နူးပျော့လာကုန်သည်။ မစင် ရေတို့သည် ထိုယောကျ်ား၏ တကိုယ်လုံးကို လွှမ်းဖုံးကာ တစစ် စစ်နှင့် ယိုစီးလာကုန်သည်။

သို့သော် ထိုယောကျ်ားသည် မည်သို့ တတ်နိုင်ပါမည်နည်း။ မစင်ထုပ်ကြီးကို မစွန့်ရက်သဖြင့် ခေါင်းပေါ်တွင်ရွက်ကာ ရှာသို့ ပြန်လာခဲ့သည်။ ရှာတံခါးကို ဝင်မိသည်ဆိုလျှင်ပင် ထိုယောကျ်း အား ရှာသားများက ဆီး၍ ဟားကြလေ၏။ ပျက်ရယ် ပွဲကြ လေ၏။

"ဗျို့ ကိုဟဝါ၊ ဘာဖြစ်လာတာလဲ။ ရူးများနေသလား။ စိတ်မှန့်ရဲလား။ ဟားဟားဟား တကိုယ်လုံးမှာလဲ မစင်ရေတွေ ရဲလို့ပါလား။ ဘောက်မဲ့ကြောင့် ဒီမစင်ထုပ်ကြီး ရွက်လာသလဲ။ စွန့်လိုက်ပါတော့လား။"

ဤသို့ ရှာသားများက မစင်ထုပ်ကြီးကို စွန့်ရန် ပြောကြ သော်လည်း ထိုယောကျ်း နားမဝင်ရှာ။

"ဝက်ကျေးဘို့ဗျ။ ကျုပ် မရူးဘူး။ ခင်ဗျားတို့သာ အရူး။ စိတ်မန့်တာက ကျုပ်မှုတ်ဘူးဗျ။ ခင်ဗျားတို့ ခင်ဗျားတို့။ ခင်ဗျား တို့သာ အရူး၊ ခင်ဗျားတို့သာ အနှမ်း။" ဤသို့ တုံ့ပြန် ရန်မူကာ မစင်ထုပ်ကြီးကို မစွန့်ဘဲ ရွက်မြဲရွက်ကာ အိမ်သို့ ယူဆောင်လေ သတည်း။

"အို ဒကာတော်မြို့စား၊ သင်သည် မစင်ထုပ်ကြီးကို ရွက်လာသော ဝက်မွေးယောကျ်ားနှင့် တူနေယောင်တကား။ ဝက်မွေးသော ယောကျ်ားအား ခဏတာမျှသာ မစင်နံ့တလျော်င်းလျော်င်းနှင့် နံစော်မည် ဖြစ်သော်လည်း သင် ရွက်ဆောင်ထားသော မိစ္ဆာဝါဒ မစင်ထုပ်ကြီးကား ဤဘဝ၌သာ မက သံသရာတခလျှောက်လုံး မစင်နံ့ ဖုံးလေမည် ဖြစ်သောကြောင့် ထိုမိစ္ဆာဝါဒကို အချိန်မီ စွန့်လိုက်ပါတော့လား ဒကာတော်။ နံစော်လှသော မစင်ထုပ်ကြီးကို ဖွဲ့သန့်သော ဘဝဦးခေါင်းထက်၌ အဘယ့်ကြောင့် ရွက်ထားချင်ဘိသနည်း။ စွန့်လိုက်ပါဘိ ဒကာတော်။ သင့်အား မင်္ဂလာအတိ ဖြစ်လာစေသော်။"

ပဲကြီးပဲကောင်းသဖွယ် အရှင်ကုမာရကဿပနှင့် ပါယာသိမြို့စားတို့ တမလွန်လောက ရှိ၊ မရှိနှင့် ပတ်သက်၍ အပြန်ပြန် အလှန်လှန် မေးကြမြန်းကြ၊ တင်ပြကြ၊ ဆွေးနွေးကြ၊ ဝေဖန်သုံးသပ်ကြသည်မှာ အတော်ကလေး အချိန်ကြာညောင်းသွားပြီ ဖြစ်၏။

ပါယာသိမြို့စားသည် တင်းကြပ်စွာ တုပ်နှောင်ထားသော ကြိုးမျှားကို ဖြေလိုက်သည့်ပမာ စကားဆိုစဉ်က တင်းမာဟန် ရှိခဲ့သော မာန်ကြောမျှားကို ဖြေလျှော့ချလိုက်ပြီ၊ သက်သာကြည်လင်သော အသွင်ဖြင့် အရှင်ကုမာရကဿပအား ဦးသုံးကြိမ် ချလိုက်ပြီးနောက် ဤသို့ လျှောက်လေ၏။

"အရှင်သူမြတ်ဘုရား၊ ဘုရားတပည့်တော် ကျေနပ်ပါပြီ။ အရှင်၏ ဩဝါဒကို ရှေးဦးစွာ မြှက်ကြားတော်မူလိုက်သည့် နေ၊ လ ဥပမာစကားကို ကြားရစကပင် တပည့်တော်၏ ဝါဒစွဲ

ကျွတ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ပါလျက် နောက်ဆက်တွဲအားဖြင့် ရှည်လျားစွာ တပည့်တော် လျှောက်တင်နေခြင်းမှာ အလွန် ကြားနာခဲလှသော အရှင့်တရားတော်နှင့် ဩဝါဒများကို နာယူလိုသည် တကြောင်း၊ ၎င်းပြင် ဤသို့ သာဓက အဖုံဖုံကို တင်ပြ လျှောက်ထားချက်များအရ အရှင်ဘုရားက တုံ့ပြန်မြွက်ကြား သည်ကို ကြားနာရခြင်းအားဖြင့် တပည့်တော်မှတပါး မိစ္ဆာဝါဒ အယူအစွဲ ရှိနေသူများ သဘော ပေါက်ကာ မိစ္ဆာဝါဒကို တပည့်တော်ကဲ့သို့ စွန့်နိုင်ပြီး ဝါဒမှန်သို့ ရောက်စေလိုသောကြောင့် တကြောင်း၊ ဤအကြောင်းများကြောင့် စကားမရှည်တန်ဘဲ လျက် ရှည်လျားစွာ တပည့်တော် အချေအတင် မေးလျှောက်ခဲ့ မိသည်များကို ခွင့်လွှတ်တော်မူပါရန် အနှုးအညွှတ် တောင်းပန် လိုပါသည် ဘုရား။ အရှင်ဘုရား၏ အဆုံးအမကို ခံယူရသည့် အချိန်မှစ၍ ရင်ဝယ်ပိုက်ထွေးထားခဲ့သော မိစ္ဆာဝါဒကို တပည့် တော် စွန့်လွှတ်လိုက်ပါပြီ။

"အရှင်သူမြတ်ဘုရား၊ တပည့်တော်၏ စိတ်သန္တာန်၌ ဖြစ်ပေါ် လာချက်ကို ရှင်သောမိတိဖြင့် လျှောက်ထားပါရစေ ဘုရား။ အရှင်ဘုရား၏ တရားကို ကြားနာလိုက်ရသောအခါ ဥပမာ အားဖြင့် မှောက်၍ထားသော အိုးကို လှန်လိုက်ဘိသကဲ့သို့၎င်း၊ ကွေး၍ ထားသော လက်ကို ဆန့်လိုက်ဘိ သကဲ့သို့၎င်း၊ မျက်စိလည် လမ်းမှားနေသူအား လမ်းမှန်ကို ပြလိုက်ဘိသကဲ့သို့ ၎င်း၊ အမှောင်တွင်း ရောက်နေသူတို့အား ဆီမီးတန်ဆောင် ထွန်းညှိပေးလိုက်ဘိသကဲ့သို့၎င်း၊ ဥပမာပေါင်းများစွာ ထုတ် ဆောင် ခင်းကျင်းလျက် အလင်းရောင်ရရှိအောင် တပည့်တော် အား ညွှန်ပြခဲ့ပါသည်။

"အရှင်သူမြတ်ဘုရား၊ ဘုရား၊ တရား၊ သံဃာ ဤရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ တပည့်တော် ဆည်းကပ်ပါ၏။ ယနေ့မှစ၍ တပည့်တော်အား ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သော ဥပါသကာအဖြစ် အသိအမှတ် ပြုတော်မူပါ ဘုရား။"

တမလွန်လောကဟူသည် မရှိ။ သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဝိပါက် ဟူသည် မရှိဟူ၍ မိစ္ဆာဝါဒီတို့၏ အကြီးအမှူးဦးစီးခေါင်းဆောင် ဖြစ်ခဲ့သော ပါယာသိမြို့စားကား အရှင်ကုမာရကဿပတည်း ဟူသော အလင်းရောင်နှင့် အတွေ့တွင် မိစ္ဆာဝါဒအမှောင်ကို ခွင်းလျက် အလင်းရောင်ဘက်သို့ ကူးပြောင်းလာလေသတည်း။

(ဒီဃနိကာယ်၊ သုတ်မဟာဝဂ်ပါဠိတော်၊
ပါရာသိရာဇသုတ်၊ ၂၅၉၊ ဆဋ္ဌမှု)

(၃)

အမြတ်ဆုံး မြင်ခြင်း

မွေလျော်ခြင်းတို့တွင် တရားစကားနှင့် မွေလျော်ခြင်းသည် အကောင်းဆုံးဟု ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူ၏။

သာသနာ့ဝန်ထမ်း ရဟန်းတော် အရှင်မြတ် များသည် အချင်းချင်း စကားပြောကြရာတွင် စကားထဲက ဇာတိပြမှန်း မသိ ပြပြလာတတ်၏။မည်သည့် အကြောင်းအရာကိုပင် ဆိုပြော စေကာမူ နောက်ဆုံးတွင် တဖြည်းဖြည်း တရားဘက်သို့မျက်နှာမူ လာတတ်ကြ၏။

ထိုစကားကို ဆိုသင့်ပါသည်။အဘယ့်ကြောင့်ဆိုသော် အခါ တပါးတွင် အရှင်အာနန္ဒာသည် ကောသမ္ဗီပြည်သို့ ရောက်သွား လေသောအခါ ဃောသိတာရုံ ကျောင်တော်ကြီးတွင် တည်းခို၍ နေတော်မူ၏။

ထိုအခါ ထိုကျောင်းတို့က်နေ "ဘဒ္ဒဇိ"မည်သော ရဟန်း တပါးသည် အရှင်အာနန္ဒာထံ အဖူးအမြော် ရောက်လာ၏။ အချင်းချင်း ကျန်းမာရေး၊ ချမ်းသာရေး၊စကားစမြည်မေးမြန်း

ဆိုပြောကြရင်းက တရားဓမ္မဘက်ဆီသို့ စကား ကူးစက်သွား လေ၏။

ဉာဏ်ပညာ အတွေးအခေါ် အမြော်အမြင်နှင့် ပတ်သက်၍ ဘဒ္ဒဇိရဟန်းသန္တာန်၌ အဘယ်မျှ ရင့်သန်မည်၊ မသန်မည်ကို စူးစမ်းသည့်သဘောဖြင့် အရှင်အာနန္ဒာကပင်စတင်၍မေးမြေ့ပေ၏။

"ငါ့ရှင်ဘဒ္ဒဇိ၊ လောကဌ္ဌ အမြတ်ဆုံး အမြတ်ဆုံး ဟူသော စကားလုံးကို သုံးနှုန်းပြောဆိုလျက် ရှိနေသည်ကို ငါ့ရှင်လည်း သိပြီးပင် ဖြစ်ပေမည်။ငါ့အရှင်အား ငါမေးစမ်းပါရစေ။ ငါ့ရှင် ထင်မှတ်စဲယူထားသလိုသာ ဖြေပါဘိ။

"ငါ့ရှင် ဘဒ္ဒဇိ၊

(၁) မြင်ခြင်းတို့တွင် အဘယ်မြင်ခြင်းသည် အမြတ်ဆုံး နည်း။

(၂) ကြားခြင်းတို့တွင် အဘယ်ကြားခြင်းသည် အမြတ်ဆုံး နည်း။

(၃) ချမ်းသာတို့တွင် အဘယ်ချမ်းသာခြင်းသည် အမြတ် ဆုံး နည်း။

(၄) သညာတို့တွင် အဘယ်သညာသည် အမြတ်ဆုံးနည်း။

(၅) ဘုံဘဝတို့တွင် အဘယ်ဘုံသည် အမြတ်ဆုံးနည်း။

ဤသို့မေးလတ်သော် အရှင်ဘဒ္ဒဇိသည် လက်အုပ်ချီကာ ဤသို့လျှောက်၏။

(၁) "ငါ့ရှင် အာနန္ဒာ၊ ဗြဟ္မာကြီးတပါး ရှိပါသည်။ သူကိုမည်သူကမျှ မလွှမ်းမိုးနိုင်ပါ။ အားလုံးအပေါ် သူကသာလွှမ်းမိုးသည့် မဟာဗြဟ္မာကြီးဖြစ်ပါသည်။အကြင်သူသည် ထို မဟာဗြဟ္မာမင်းကို မြင်၏။ ထိုသူ၏မြင်ခြင်းသည် မြင်သူတကာတို့တွင် အမြတ်ဆုံးသော မြင်ခြင်းပါဘုရား။

(၂) ငါ့ရှင် အာနန္ဒာ၊ ချမ်းသာပိတိ၊ ရွှန်းရွှန်းအိုနေသည့် အာဘာသရမည်သော ဗြဟ္မာကြီးများ ရှိကြပါသည်။ ထိုဗြဟ္မာကြီးများသည် တခါတရံ 'သြော် ချမ်းသာလိုက်ပါဘိ၊ချမ်းသာလိုက်ပါဘိ'ဟု ဥဒါန်းကျူးတတ်ကြပါသည်။ ထို အာဘာသရဗြဟ္မာကြီးများ၏ ဥဒါန်းကျူးသံကို ကြားရခြင်းသည်ကြားခြင်းအပေါင်းတို့တွင် အကောင်းဆုံး၊ အမြတ်ဆုံးသောကြားခြင်းပါဘုရား။

(၃) ငါ့ရှင် အာနန္ဒာ၊ သုဘကိဏ္ဏမည်သော ဗြဟ္မာများ ရှိပါကုန်၏။ ထိုဗြဟ္မာတို့ကား ထင်ထင်ရှားရှား လက်တွေ့ ချမ်းသာကိုသာ ခံစားလေ့ ရှိကုန်ပါ၏။ထိုဗြဟ္မာတို့ ခံစားခြင်းသည် ခံစားခြင်းတကာတို့တွင် အမြတ်ဆုံး ခံစားခြင်းပါဘုရား။

(၄)ငါ့ရှင် အာနန္ဒာ၊ အချို့ဗြဟ္မာတို့သည် အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်ကြပါကုန်၏။ထိုဗြဟ္မာတို့၏ သညာသည် သညာတကာတို့တွင် အမြတ်ဆုံးသညာပါဘုရား။

(၅) ငါ့ရှင် အာနန္ဒာ၊ နေဝသညာနာသညာဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာများ ရှိပါကုန်၏။ ထိုဗြဟ္မာတို့၏ ဘဝသည် ဘဝတကာတို့တွင် အမြတ်ဆုံးဘဝပါဘုရား။"

ထိုသို့ ဖြေသောအခါ အရှင်အာနန္ဒာသည် ဦးခေါင်းကို အနည်းငယ် ညိတ်လျက် အရှင်ဘဒ္ဒဇိအား ဤသို့ချီးကျူးလေ၏။

"ငါ့ရှင် ဘဒ္ဒဇိ၊ သင်၏အဖြာဖြာ ကောင်းဘိစ့။ မျှားစ့ာသော လူတို့၏ဆန္ဒနှင့် တပြေးညီစ့ာ သင့်လျော်ပါ၏" ဟု ဆိုလျှင် အရှင်အာနန္ဒာကဲ့သို့သော ဧရာမ အဓိပတိ ပုဂ္ဂိုလ်ကြီး ထံမှ ချီးကျူးသံကို ကြားရသောအခါ အဘယ်မှာလျှင် ဝမ်းမသာဘဲ ရှိပါမည်နည်း။

သို့ရာတွင် အရှင် ဘဒ္ဒဇိကား အရှင်အာနန္ဒာ့ထံမှ အမြတ်ဆုံးတရားကို ကြားနာလိုသေးဟန်ဖြင့် မျက်နှာတော်ကို မော်၍ ဖူးလိုက်ပြီးနောက် ဤသို့ လျှောက်လေ၏။

"ငါ့ရှင် အာနန္ဒာ၊ အရှင်ကား အခြားသူတို့ထက် ဗဟုသုတ အရာတွင် ထင်ရှားသောပုဂ္ဂိုလ် ဖြစ်ပါ၏။ အမြတ်ဆုံးတရားကို အရှင့်ထံမှ ကြားနာ မှတ်သားလိုပါသေး၏။ ဟောတော်မူပါ အရှင်" ဟု လျှောက်ထား နေလေရကား အရှင်အာနန္ဒာသည် အရှင်ဘဒ္ဒဇိအား အမြတ်ဆုံးတရားကိုဤသို့ ဟောကြားရလေ၏။

"ငါ့ရှင် ဘဒ္ဒဇိ၊ ကောင်းစ့ာသတိချပ်၍ မှတ်သားလော့။ သင့်အား အမြတ်ဆုံးတရား ငါဟောအံ့။

(၁) ငါ့ရှင် ဘဒ္ဒဇိ၊ မြင်သူအား မြင်ခြင်း၏ အခြားမဲ့၌ ကိလေသာအစေး(အာသဝေါတရားများ)ခြောက်သွေ့ ကုန်ခန်းသွား၏။ ဤမြင်ခြင်းကား မြင်ခြင်းတကာတို့တွင် အမြတ်ဆုံးသော မြင်ခြင်း ဖြစ်၏။

(၂) ငါ့ရှင် ဘဒ္ဒဇိ၊ သင် မှတ်သားလေဦး။ ကြားသူအား ကြားလိုက်ရ လေသည်၏ အခြားမဲ့တွင် ကိလေသာ

အစေး (အာသဝေါတရားများ) သွေ့ခြောက် ကုန်ခန်းသွား လေ၏။ ဤကြားခြင်းက ကြားရခြင်းတို့တွင် အမြတ်ဆုံး ဟာ ကြားခြင်း ဖြစ်ပေ၏။

(၃) ငါ့ရှင် ဘဒ္ဒဇီ၊ ဤသို့လည်း သင် မှတ်လေဦး။ ချမ်း သာခြင်း ရှိသူအား ချမ်းသာသည်၏ အခြားမဲ့၌ ကိလေသာ အစေး (အာသဝေါတရားများ) သွေ့ခြောက် ကုန်ခန်းသွား လေ၏။ ထို့ချမ်းသားခြင်းကား ချမ်းသာ တကာတို့အနက် အမြတ်ဆုံး ချမ်းသာဖြစ်ပေ၏။

(၄) ငါ့ရှင် ဘဒ္ဒဇီ၊ သင်မှတ်ဘိဦးလော့။ သညာရှိသူအား သညာ၏ အခြားမဲ့၌ ကိလေသာအစေး(အာသဝေါတရားများ) ကုန်ခန်း ခြောက်သွေ့သွားလေ၏။ ဤသညာကား သညာတကာ တို့တွင် အမြတ်ဆုံး သော သညာ ဖြစ်ပေ၏။

(၅) ငါ့ရှင် ဘဒ္ဒဇီ၊ နှလုံးပိုက်၍ နားစိုက် ဦးလော့။ဘဝ ရှိသူအား ဘဝ၏ အခြားမဲ့၌ ကိလေသာအစေး (အာသဝေါ တရားများ) ကုန်ခန်း ခြောက်သွေ့သွားလေ၏။ ဤဘဝကား ဘဝတကာတို့တွင် အမြတ်ဆုံးဘဝဖြစ်ပေ၏"ဟု ဟောပြ လေရာ အရှင် ဘဒ္ဒဇီအဖို့ နှစ်လို့မဆုံး တပြုံးပြုံးနှင့် ရှိနေလေ သတည်း။

(အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ အာဃာတဝဂ်။ ဘဒ္ဒဇီသုတ်၊ ၁၇၇၊ ဆဋ္ဌမ)

●ပယ်ဒွီးစာပေ

(၄)

၀၅၆

နေဝင်ဆည်းစျာချိန် ဖြစ်သောကြောင့် နေမင်း၏ ရောင်ခြည်သည် ဖြော့တော့တော့နှင့် တဖြည်းဖြည်း အပူရှိန်လျော့နည်းလာပြီ ဖြစ်၏။

ထိုအချိန်တွင် မဟာဝုန်တောအတွင်းရှိ ဥသျစ်ပင် တပင်၏ အထက်မှ ရွှေဝါရောင် ရွက်ချပ်ကလေးများသည် လေလှုပ်သဖြင့် တဖျတ်ဖျတ်နှင့် ရှိနေခိုက် မြတ်စွာဘုရားသည် မဟူရာအသွေး၊ တဖိတ်ဖိတ် မဲညိုရောင်ပြေးနေသော သပိတ်တော်ကို ကောက်ယူကာ ထို ဥသျစ်ပင်အောက်၌ နေ့သန့်စင် နေတော်မူရာမှ ထတော်မူလျက် နိဂြောဓခရုံ ကျောင်းတော်ကြီးသို့ ပြန်ခဲ့၍ ရောက်လျှင် ခရီးရောက်မဆိုက်ပင် သံဃာ့အစည်းအဝေး ခေါ်စေပြီး ထိုနေ့ အတွေ့အကြုံကို ရဟန်းတို့အား ဤသို့ မြွက်ကြားတော် မူသတည်း။

"အို ရဟန်းတို့၊ ယနေ့နံနက် ကပိလဝတ္ထုမြို့တွင်း ဝင်၍ ငါဆွမ်းခံခဲ့၏။ ထိုမှအပြန် မဟာဝုန်တောသို့ဝင်၍ ဥသျစ်ပင်ပျိုအောက်၌ နေ့သန့်စင် နေတော်မူစဉ် ဒဏ္ဍပါဏိ မည်သော

သာကီဝင်မင်းသည် ဘောင်ဝှေးကို တဒေါက်ဒေါက် ထောက်လျှက် ငါ့ထံ ရောက်လာပြီး မတ်တတ်ရပ်၊ တောင်ဝှေးကို ထောက်မှီလျှက်မှ သူက ငါ့ကို မေးပါလေပြီ။ 'အို အရှင်၊ ရဟန်းသည် အဘယ် အယူရှိသနည်း (ကိ°ဝါဒီ)။ အဘယ်သို့ ဆိုပြော ဟောကြားလေ့ ရှိသနည်း (ကိ°အက္ခာယီ)' ဤသို့ ငါ့ကို သူ မေးခဲ့၏။

ထိုအခါ ငါက သူ့အား ဤသို့ခွန်းတုံ့ပြန်လိုက်၏။ "ငါ့ရှင် ဒဏ္ဍပါဏိ၊ နတ်လောကဌဉ်ဇင်း၊ လူလောကဌဉ်ဇင်း ကောင်းသော အဆုံးအမကို ခံယူ၍ သူမြတ် အကျင့်ကို ကျင့်နေသော အကြင် ပုဂ္ဂိုလ်သည်လောကဌ် တစုံတယောက်သောသူနှင့်မျှ ငြင်းခုံ၍ မရပ်တည်။ တကြောင်းအားဖြင့်လည်း ကာမဂုဏ်တို့နှင့် မစပ်ယှဉ်ဘဲ ကင်းကင်း ရှင်းရှင်း နေသူ၊ သို့လော၊ သို့လော တွေးတော ယုံမှားခြင်း ကင်းသူ၊ စက်ဆုပ်ဘွယ် ကိုယ်အမူအရာ နှုတ်အမူအရာကို ပယ်ယူပြီးသူ ၊ဘဝကြီးငယ်၌ တပ်မက်ခြင်း တဏှာမှ ကင်းသူ၊ ထိုသည့် ပုဂ္ဂိုလ်သို့ ကိလေသာနှင့် စပ်သောအမှတ်သညာတို့ မကပ်နိုင်၊ မလိုက်နိုင်ကြကုန်။

"ငါ့ရှင် ဒဏ္ဍပါဏိ၊ငါသည် ဤအယူရှိ၏။ဤသို့ ဟောကြားလေ့ရှိ၏"ငါက ပြန်ပြောလိုက်သောအခါ သူသည် ခေါင်းညိတ်လျှောထုတ်ကာ တောင်ဝှေး တဒေါက်ဒေါက်နှင့် ငါ့ထံ တော်ပါးမှ ဖဲသွားလေတော့သည်ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူလတ်သော် အညတရ ရဟန်းတပါးက ထ၍ လက်အုပ်ချီပြီးလျှင် ဤသို့ လျှောက်လေ။ "လျှောက်ထားပါရစေဘုရား။ ရှင်တော်မြတ်ဘုရားသည် အဘယ် အယူရှိသည်

ဖြစ်သောကြောင့် နတ်လောကဌ်ဌင်း၊ လူ့လောကဌ်ဌင်း တစုံတယောက်သောသူနှင့် ငြင်းခုံ၍ မရပ်တည်ပါသနည်း ဘုရားဟူ၍ဌင်း၊ ကာမဂုဏ်တို့နှင့် ကင်းကင်းရှင်းရှင်း နေတော်မူသော၊ သို့လော၊ သို့လော တွေးတောယုံမှားခြင်း ကင်းတော်မူသော၊ စက်ဆုပ်ဘွယ် ကိုယ်အမူ နှုတ်အရာကိုပယ်ပြီးသော၊ ဘဝကြီးငယ်၌ တပ်မက်ခြင်း တဏှာမှ ကင်းတော်မူသော ထိုပုဂ္ဂိုလ်သို့ကိလေသာတို့သည် အဘယ့်ကြောင့် မကပ်နိုင်၊ မလိုက်နိုင်ပါကုန်သနည်းဘုရား" ဟူ၍ဌင်း လျှောက်လေ၏။

"ခွစ်သားရဟန်း၊ လူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ် စသော ထိုထိုပုဂ္ဂိုလ် သတ္တဝါ၌ သံသရာနယ်ခဲ့ပဗ္ဗဘရား အစုတို့သည် နှစ်သက်ဖွယ် ကောင်းခြင်းစသော အကြင် အကြောင်းမျိုးကြောင့် အကန့်ကန့်၊ သန့်ခြားရှင်း ဖြစ်ကုန်၏။ ဤအကြောင်းကြောင်းတို့၌ အကယ်၍ နှစ်သက်ဖွယ် မရှိခဲ့သော်၊ အလှုန် အကျူး အထူးပြု၍ ဆိုပြောဖွယ် မရှိခဲ့သော်၊ သည်းခြေခိုက် နှစ်ခြိုက်ဖွယ်မရှိခဲ့သော် ဤမှုခြင်းသည်ပင်လျှင် ရာဂါနုသယ=တပ်မက်ခြင်းတဏှာ ခိုအောင်းရာ လမ်းဆုံးပေတည်း။ ဤမှုခြင်းသည်ပင်လျှင် ဒေါသာနုသယ=အမျက်ဒေါသ ခိုအောင်းရာ၊ ဒိဋ္ဌာနုသယ=အယူဝါဒအစွဲအလမ်း ခိုအောင်းရာနှု၊ ဝိစိကိစ္ဆာသယ=ယုံးမှားခြင်း ခိုအောင်းရာ၊ ဗာနာနုသယ=မာန်မာနတရား ခိုအောင်းရာ၊ ဘဝရာဂါနုသယ=ဘဝ၌တပ်မက်ခြင်းခိုအောင်းရာ အဝိဇ္ဇာနုသယ=မသိမှု၏ ခိုအောင်းရာ၊ ဒုတ်ဓားဆွဲကိုင်ခြင်း၊ ရန်ဖြစ်ခြင်း၊ ငြင်းခုံခြင်းဆိုးသတ်ရိုက်ပုတ် ထိပါးခြင်း၊ နင်ဘဲငဆတိုင်းထွာဆဲရေးခြင်း၊ကုန်းချောခြင်း၊ မုသားဆိုခြင်းတို့၏ လမ်းဆုံးပေဘည်း။ ဤအကြောင်းကြောင်းတို့၌ အကုသိုလ် အယုတ်

တရားတို့သည် အကြင်းမဲ့ ချုပ်ငြိမ်းကုန်၏”ဟု မိန့်တော်မူပြီး လျှင် မြတ်စွာဘုရားသည် နေရာမှထကာ ဂန္ဓကုဋီတိုက်တော် တွင်းသို့ ဝင်သွားလေသောကြောင့် ရဟန်းတို့ကား အံ့အားသင့် စွာဖြင့် ကျန်ခဲ့ကြကုန်လေ၏။

“ဘုရားသခင်သည် ဤတရားကို အကျဉ်းအားဖြင့် ဟောထား ခဲ့ပြီး အတွင်းဆောင်သို့ ဝင်သွားတော် မူလေပြီ။ ဤဘရားကို အကျယ်အားဖြင့် ဝေဖန်၍ ငါတို့အား အဘယ်ပုဂ္ဂိုလ် ဟော ကြားလေမည်နည်း”ဟု အကြံဖြစ်ကြရာမှ ‘အရှင်မဟာကစ္စာနကို သတိရလာကြကုန်၏။

“ငါ့ရှင်တို့၊ အရှင်ကစ္စာနကား နှယ်နှယ်ရရ၊ သာမညပုဂ္ဂိုလ် မဟုတ်။ အကြောင်းအရာတခုကို အကိုးအထောက်ခိုင်မာစွာဖြင့် ဝေဖန်သော အရာတွင် ဘုရားသခင် ကိုယ်တော်တိုင်ကလည်း ချီးမွမ်းတော်မူ၏။ သီတင်းသုံးဘော် အရှင်ကောင်း အရှင်မြတ် ကြီးတို့ကလည်း အံ့ချီးမဆုံးပင်ရှိချေသည်။ထို အရှင်မဟာကစ္စာန သည် အကျဉ်းအားဖြင့် ဟောထားခဲ့သော တရားတော်ကို အကျယ်အားဖြင့် ဝေဖန်ပြောပြခြင်းငှာ စွမ်းနိုင်ပေသည်။ အရှင် မဟာကစ္စာနထံသို့ ငါတို့ ချဉ်းကပ်၍ တောင်းပန်ရသော်ကောင်း လေစွာဟု ကြံကုန်ပြီးသည့်နောက်ပိုင်းတွင် ရဟန်းတို့သည် အရှင် မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အကျိုးအကြောင်းကို ရေလည် အောင် လျှောက်ထားကြပြီးလျှင် အကျဉ်းတရားကို အကျယ် အားဖြင့် ဝေဖန်ဟောကြားပါရန် တောင်းပန်ကြလေသဖြင့် သိလွယ်၊ ထင်လွယ်၊ မြင်လွယ်အောင် ဥပမာဆောင်၍ ရဟန်းတို့ အား အရှင်မဟာ ကစ္စာနကြီးသို့ မြွက်ကြားလေသတည်း။

"ငါ့ရှင်တို့၊ ဥပမာဆောင်၍ အာကျွန့်ပ်ဆိုပါအံ့။ ယောကျ်ား တယောက်သည် အနှစ်သာရကို အလိုရှိသဖြင့် တောတောင်အနှံ့ လိုက်၍ ရှာနေ၏။ တနေရာတွင် အနှစ်ပြည့်သော သစ်ပင်ကြီး တပင်ကို တွေ့လေရာ ထိုယောကျ်ားသည် အနှစ်သာရကို အမြစ် နှင့် ပင်စည်တို့၌ မရှာလေဘဲ အမြစ်ကိုလွန်၊ ပင်စည်ကိုကျော်၍ အကိုင်း အခက် အရွက် တို့၌သာ အနှစ်ကို ရှာအပ်သည်ဟု အောက်မေ့လေ၏။

"အရှင်ဘုရားတို့သည်လည်း ဤယောကျ်ားနှင်နှင် ဖြစ်နေ ပါကုန်ပြီ။ မျက်မှောက်၌ ဘုရားသခင် ထင်ရှား ရှိတော်မူပါ လျက်နှင့် ဘုရားသခင်ကို ကျော်လွန်၍ တပည့်တော်အား မေးရ ကောင်းစေဟု အောက်မေ့နေကြကုန်၏။

"ငါ့ရှင်တို့၊ ဘုရားသခင်ကား ဇာနံဇာနတိ=သိထိုက်သည် ကို သိတော်မူ၏။ ပဿံပဿတိ=မြင်ထိုက်သည်ကို မြင်တော် မူ၏။ စက္ခုဘူတော=ပညာမျက်စိသဖွယ် ဖြစ်တော်မူ၏။ ဉာဏ ဘူတော=ဉာဏ်တုန်း၊ ဉာဏ်ခဲကြီးသဖွယ် ဖြစ်တော်မူ၏။ ဓမ္မ ဘူတော=တရားမကျိုင်ကြီးသဖွယ် ဖြစ်တော်မူ၏။ ဗြဟ္မဘူတော= မဂ်သဖွယ် ဖြစ်တော်မူ၏။ ဝတ္တာ=သစ္စာလေးပါးတရားကို ဟော တော်မူတတ်၏။ ပဝတ္တာ=ဖြစ်စေသောအားဖြင့် ဟောကြား တော်မူတတ်၏။ အတ္ထသ=သစ္စာလေးချက်၏အနက်ကို။ နိန္နေတာ= ပေါ်လွင်အောင် ထုတ်ဆောင်တော်မူတတ်၏။ အမတဿ=အမြိုက် နိဗ္ဗာန်ကို။ ဒါတာ=ပေးတော်မူဘတ်၏။ ဓမ္မဿာမိ=တရားသခင် ဖြစ်တော်မူ၏။ တထာဂတော=ရှေးဘုရားတို့နှင့် အလားတူ ဟောကြားတော်မူတတ်၏။ ထိုဘုရား၏ အကျယ်ဝေဖန်ချက်ကို

ဘုရားသခင်ထံတော်၌သာ တောင်းခံထိုက်ပါသည်။ ဘုရားသခင်က မြှက်ကြား ဖြေဆိုတော်မူသည့်အတိုင်းသာ အရှင် ဘုရားတို့ ဆောင်ယူမှတ်သားတော်မူကြပါကုန်"ဟု ဘုရားသခင်ထံတော်သို့ သွား၍ မေးလျှောက်ကြပါရန် အရှင်မဟာကစ္စာနက ပန်ကြားလိုက်လေ၏။

ထိုအခါ ရဟန်းတို့သည် ကျောက်ရုပ်ကဲ့သို့ မတုန်မလှုပ် ဖြစ်ကုန်ကာ အရှင်မဟာကစ္စာနအား မမှိတ်မသုန် ကြည့်နေကြကုန်၏။ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ "အရှင်ဘုရား ကဲ့သို့သော ပုဂ္ဂိုလ်အနေဖြင့် အကျယ်ဝေဖန် ဟောကြားရန် ဝန်လေးဖွယ်မရှိပါ။ ဟောကြားတော်မူပါ"ဟု ထပ်မံတောင်းပန် ချက်အရ "ကောင်းပြီ ငါ့ရှင်တို့။ အကျွန်ုပ်ဟောပါ့အံ့။ ဘုရားသခင် ဟောကြားသွားတော်မူသည့် အကျဉ်းသခေ်ပတရား၏ အကျယ်လိုအပ်ချက်အနက်ကို ကျွန်ုပ်သိပါ၏။ အာရုံစူးစိုက်စွာ နာတော်မူပါကုန်လော။ အကျွန်ုပ် ဟောကြားတော့အံ့။

"ငါ့ရှင်တို့၊ မျက်စိကိုဌင်း၊ ရုပ်အဆင်းတို့ကိုဌင်း စဲ့၍ မျက်စိဌိမှိသော သိမှု စက္ခုဝိညဉ်ဖြစ်၏။ မျက်စိ၊ ရုပ်အဆင်း၊ စက္ခုဝိညဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု=ဖဿဖြစ်ရ၏။ ဖဿအကြောင်းခံကြောင့် ခံစားမှု=ဝေဒနာဖြစ်ရ၏။

"အကြင်အာရုံကို ခံစားရ၏။ ထိုအာရုံကို ကောင်းစွာမှတ်ထား၏။ အကြင်အာရုံကို ကောင်းစွာ မှတ်ထား၏။ ထိုအာရုံကို ကြံစည်၏။ အကြင်အာရုံကို ကြံစည်၏။ ထိုအာရုံကို ခွဲထွင်၏။ အကြင်အာရုံကို ခွဲထွင်၏။ထိုဆိုခဲ့ပြီးသော ကွင်းဆက်အကြောင်း ကြောင်းတို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါကို ပပဉ္စတရား တို့သည်

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ စကျွဝိညဉ်ဖြင့် မြင်သိအပ်သမျှ သော ရူပါရုံတို့၌ အကန့်အကန့် သန့်ခြားရှု ဖြစ်လာကုန်၏။

"ငါ့ရှင်တို့၊နားကိုဌင်း၊အသံတို့ကိုဌင်း စွဲ၍ နား၌မှီသောသိမှု၊ သောတဝိညာဉ်ဖြစ်၏။ နား၊အသံ၊ သောတဝိညဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်ရ၏။ ဖဿအကြောင်း ခံကြောင့် ခံစားမှုဝေဒနာဖြစ်ရ၏။ (မုတ်ချက်။ အကြင်အာရုံကို ခံစားတတ်၏ စသည်ကို စကျွဝိညာဉ်၌ ဆိုခဲ့ပြီးကို မှီး၍ သိလေ)

"ငါ့ရှင်တို့၊ နှာခေါင်းကိုဌင်း၊ အနံ့တို့ကိုဌင်း စွဲ၍ နှာခေါင်း၌ မှီသော သိမှု ဃာနဝိညာဉ်ဖြစ်ရ၏။နှာခေါင်း၊အနံ့၊ ဃာနဝိညာဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿဖြစ်ရ၏။ ဖဿအကြောင်းခံကြောင့် ခံစားမှုဝေဒနာဖြစ်ရ၏။ (မုတ်ချက်။ အကြင်းကို စကျွဝိညာဉ်ကို မှီး၍ သိလေ)

"ငါ့ရှင်တို့၊ လျှာကိုဌင်း၊ အရသာတို့ကိုဌင်း စွဲ၍ လျှာ၌ မှီသော သိမှု၊ ဇိဝှာဝိညာဉ် ဖြစ်ရ၏။ လျှာ၊ အရသာ၊ ဇိဝှာဝိညာဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှုဖဿဖြစ်ရ၏။ ဖဿ အကြောင်းကြောင့် ခံစားမှုဝေဒနာ ဖြစ်ရ၏။ (အကြင်းကို စကျွဝိညာဉ်မှီး၍ သိလေ)

"ငါ့ရှင်တို့ ကိုယ်ကိုဌင်း၊ အတွေ့အထိတို့ကိုဌင်း စွဲ၍ ကိုယ်၌ မှီသော သိမှု၊ ကာယဝိညာဉ် ဖြစ်ရ၏။ ကိုယ်၊ တွေ့ထိမှု၊ ကာယဝိညာဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှုဖဿဖြစ်ရ၏။ ဖဿ အကြောင်းခံကြောင့် ခံစားမှု ဝေဒနာဖြစ်ရ၏။ (အကြင်း စကျွဝိညာဉ်မှီး၍ သိလေ)

"ငါ့ရှင်တို့၊ စိတ်ကိုငင်း၊ သဘောတရား (ဓမ္မာရုံ) တို့ကိုငင်း စဲ့၍ စိတ်ဟူသော မနောဝိညာဉ် ဖြစ်ရ၏။ စိတ်၊ ဓမ္မာရုံ၊ မနောဝိညာဉ်၊ ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် တွေ့ထိမှု ဖဿ ဖြစ်ရ၏။ ဖဿ အကြောင်းခံကြောင့် ခံစားမှုဝေဒနာဖြစ်ရ၏။

"အကြင်အာရုံကို စိတ်ဖြင့် ခံစား၏။ထိုအာရုံကို ကောင်းစွာ မှတ်ထား၏။ အကြင် အာရုံကို ကောင်းစွာ မှတ်ထား၏။ ထိုအာရုံကို ကြံစည်၏။ အကြင်အာရုံကို ကြံစည်၏။ ထိုအာရုံကို ခဲ့ုထုင်၏။ အကြင်အာရုံကို ခဲ့ုထုင်၏။ ထိုဆိုခဲ့ပြီးသော ကွင်း ဆက်အကြောင်းတို့ကြောင့် ပုဂ္ဂိုလ်သတ္တဝါကို ပပဉ္စတရားတို့ သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ မနောဝိညာဉ်ဖြင့် သိအပ် သမျှ ဓမ္မာရုံတို့၌ အကန့်အကန့် သန့်ခြားချဖြစ်လာကုန်၏။

"ငါ့ရှင်တို့ မျက်စိရှိခဲ့သော်၊ ရူပါရုံရုပ်အဆင်း ရှိခဲ့သော်၊ မျက်စိ၌မှီသော သိမှု စက္ခုဝိညာဉ်ရှိသော် ဖဿဟူ၍ ပညတ်လတ္တံ့။ ဖဿဟူသော ပညတ်ခြင်းရှိခဲ့သော် ဝေဒနာဟူ၍ ပညတ်လတ္တံ့။ ဝေဒနာဟူသော ပညတ်ခြင်းရှိခဲ့သော် သညာဟူ၍ ပညတ်လတ္တံ့။ သညာဟူသော ပညတ်ခြင်းရှိခဲ့သော် ဝိတက္ကဟူ၍ ပညတ်လတ္တံ့။ ဝိဘက္ကဟူသောပညတ်ခြင်းရှိခဲ့သော်ပပဉ္စသညာသင်္ခါသမုဒါစရဏ (ပပဉ္စဟရုားနှင့် ယှဉ်သော သညာအစုတို့၏ဖြစ်ခြင်း) ဟူ၍ပညတ်လတ္တံ့။ (မှတ်ချက်။ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ဤနည်းကို မှီး၍ သိလေ)

"ငါ့ရှင်တို့၊ မျက်စိမရှိခဲ့သော်၊ ရူပါရုံ ရုပ်အဆင်းမရှိခဲ့သော်၊ မျက်စိ၌မှီသော သိမှု စက္ခုဝိညာဉ်မရှိခဲ့သော်၊ ဖဿဟူ၍ ပညတ်ရန် အကြောင်းမရှိ။ ဖဿဟူသော ပညတ်ခြင်းမရှိခဲ့သော် ဝေဒနာဟူ၍ ပညတ်ရန် အကြောင်းမရှိ။ ဝေဒနာဟူသော ပညတ်

ခြင်းမရှိခဲ့သော် သည်ဘဝ၌ ပညတ်ရန် အကြောင်းမရှိ။ သည်ဘဝသော ပညတ်ခြင်း မရှိခဲ့သော် ဝိတက်ဘဝ၌ ပညတ်ရန် အကြောင်း မရှိ။ ဝိတက် ဘဝသော ပညတ်ခြင်း မရှိခဲ့သော် ပပဉ္စသညာသခ်ၤါသမုဒါစရဏ ပညတ်ရန် အကြောင်းမရှိ။(နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို မှီး၍ သိလေ)

"ငါ့ရှင်တို့၊ မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ပါဠိတော် သက်သက်ကို မြွက်ကြားတော်မူ၍ အကျယ်အားဖြင့် အနက်ကို ဝေဖန်၍ ပြတော်မမူလေဘဲ နေရာမှထ၍ ဂန္ဓကုဋိတိုက်တော်တွင်းသို့ ဝင်သွားတော်မူခဲ့၏။

"ငါ့ရှင်တို့၊ ရှင်ဝေါဂြတ်ဘုရား အကျဉ်းအားဖြင့် ဟောကြားသွားတော်မူသော ဤပါဠိတော်၏ ဆိုလို ချက် အနက်အဖွင့်ကို အကျွန်ုပ် ကောင်းစွာသိပါ၏။အရှင်ဘုရားတို့သည် မေးလျှောက်လိုကြကုန်မူကား ဘုရားထံတော်ပါးသို့သာ ချဉ်းကပ်ကြပါကုန်။ ဤ အကျွန်ုပ် အကျယ်တဝင့် ဖွင့်ပြချက်မျှားကို ဘုရားသခင်အား တဖန် မေးလျှောက်ကြည့်ကြပါကုန်။ ဘုရားသခင် မြွက်ကြား တော်မူသည့်အတိုင်း မှတ်သား ဆောင်ယူကြပါကုန်"ဟု အရှင် မဟာကစ္စာနသည် ရဟန်းတို့အား ပန်ကြားလေ၏။

ထိုအခါ ရဟန်းတို့သည် အလွန် ဝမ်းမြောက်လှသည် ဖြစ်ရကား ဘုရားသခင်ထံ ချဉ်းကပ်ကြပြီးလျှင် အရှင်မဟာကစ္စာန၏ ကျေးဇူးသတင်းကို လျှောက်ထားကြလေကုန်၏။

အရှင်အာနန္ဒာသည် ရဟန်းတို့လျှောက်တင်နေသော စကားကို အာရုံစူးစိုက်စွာ နားထောင်နေ၏။ ရဟန်းတို့ တင်လျှောက်ပြီးသောအခါ မြတ်စွာဘုရားအား ဤသို့ လျှောက်၏။

"ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ ဆာလောင် မွတ်သိပ်လှသဖြင့် အင်အား ချိနဲ့နေသော ယောကျ်ားသည် ချိုတမြမြ အရသာရှိလှစွာသော ပျားမုံဆုပ်ကို ရလေရာ၏။ ထိုယောကျ်ားသည် ထိုပျားမုံကို လှည့်ကာလှည့်ကာ လျှာဖြင့် လျက်ရာ၏။ ထိုအခါ အချိုထပ်၍ စွဲက်ရန် မလို။ ချိုမြိန်ကောင်းမြတ်သော အရသာကို ရရှိခံစားရသည်နှင့် တူလှပါတော့သည် ဘုရား။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊နက်နဲစွာတွေးခေါ်ကြံစည်သူ ပညာတတ် ရဟန်းသည် သိပ်သည်း ကျစ်လစ်စွာ အကျဉ်းအားဖြင့် ဟောအပ်သော ပါဠိသက်သက်တရားတော်ကို ဘုရားအလိုတော်ကျ အနက်ပေါ်လွင်အောင် တွေးခေါ်ဖော်ယူနိုင်ပါသည်။ ရဟန်းတော် အရှင်သူမြတ်အားလုံးတို့၏ စိတ်နှလုံးရှင်ပြုံးကြည်နူးမှုကို ရရှိစေပါသည်။ အရှင်မြတ်ဘုရား၊ဤတရားဒေသနာတော်သည် အဘယ်အမည် ရှိပါသနည်း ဘုရား"ဟု လျှောက်၏။

ထိုအခါ "ချစ်သား အာနန္ဒာ၊ ဤဒေသနာတော်ကား ပျားမုံဆုပ်(မုံချို)နှင့် တူလေသောကြောင့် မဓုပိဏ္ဍိတ ဒေသနာတော်ဟူ၍ မှတ်လေလော့"ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာနှင့် တကွ ရဟန်းအားလုံးတို့သည် မြတ်စွာဘုရားစကားတော်ကို လွန်စွာ နှစ်သက်ကြလေကုန်၏။

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ သီဟနာဒဝဂ်၊ မဓုပိဏ္ဍိကသုတ်၊ ၁၅၄၊ ဆဋ္ဌမု)

စပယ်ဦးခေါင်

ခေတ်ဂေ းပါး၏ အကျိုးနှင့် အပြစ်

မြေ၊ရေ၊လေ၊မီး (မြေခေတ်၊ ရေခေတ်၊ လေခေတ်၊ မီးခေတ်) အားဖြင့် ခေတ်ကြီးလေးပါးရှိ၏။ ယင်းကို ခေတ်ကြီး လေးပါး ဟူ၍ဂုဏ်း၊ မဟာဘုတ်လေးပါးဟူ၍ဂုဏ်း ခေါ်၏။

ဤခေတ်ကြီးလေးပါးမှ လွတ်သော သတ္တဝါ မရှိ ဟူ၍ ကျမ်းဂန်တို့၌ ဆို၏။

ဘုရားသခင်သည် ထိုခေတ်ကြီးလေးပါးတို့၏ အခြောင်းကို ဘုရားမဖြစ်ခင် နုစဉ် ဘဝတုန်း ကတည်းကပင် ထိုခေတ်တို့ကို တလှာချင်း တလှာချင်း ခွာ၍ သေသေချာချာ တိတိ ကျကျ တွေးခေါ်လေ့လာခဲ့ဘူးကြောင်းကို အခါတပါးတွင် ရဟန်းတို့ အား မြွက်ကြားတော်မူ၏။

မူန်၏။ ဟောတော်မူသည့်နေရာကား ဇေတဝန်ကျောင်းတွင် ဖြစ်၏။ ဇေတဝန်ကျောင်းတော်၌ နေတော်မူခိုက် ဟောခွင့် ဆိုက်၍ ခေတ်တရား မြွက်ကြားတော်မူ၏။

"ချစ်သားတို့၊ ခေတ်လေးပါး၏ အကြောင်းနှင့်ပတ်သက်၍ ဘုရားမဖြစ်မီ နုစဉ်ဘဝကပင် ငါ တွေးခေါ် ကြံစည်ခဲ့ဘူး၏။

"မြေဓာတ်၏ သာယာဘွယ်သည် အဘယ်နည်း။ အဘယ်ဟာပါလိမ့်။

"မြေဓာတ်၏ အပြစ်သည် အဘယ်နည်း။ အဘယ်ဟာပါလိမ့်။

"မြေဓာတ်၏ ထုက်မြောက်ကြောင်းသည် အဘယ်နည်း။ ဘယ်ဟာပါလိမ့်။ ဤသို့အားဖြင့် မြေ၊ ရေ၊ လေ၊ မီးဟူဆိုအပ်သော ဓာတ်ကြီး လေးပါးတို့၏ သာယာဖွယ် အကျိုး၊ စက်ဆုပ်ဖွယ်အပြစ်နှင့် လွတ်မြောက်ကြောင်းမှာ ဘယ်သင်း၊ ဘယ်ဟာပါလိမ့်ဟူ၍ ငါ့မှာ အကြံဖြစ်ခဲ့ဘူး၏။

"ချစ်သားတို့၊ ဤအကြံမှဆင့်ပွားကာ ငါ့အားနောက်ထပ် အကြံတခု ဖြစ်လာပြန်၏။ ငါ၏ တွေးခေါ် ကြံစည်ချက်မှ ထုက်လာသော အနက်အဓိပ္ပာယ်ဟူလည်း ဆိုနိုင်၏။ ငါဤဘာတွင် ထင်လာသည်ကား ဤသို့တည်း။

သတ္တဝါတို့၌ ဖြစ်ပေါ်လာတတ်သော ချမ်းသာမှုနှင့် ရှင်ပျဝမ်းသာမှုသည် မြေဓာတ်ကိုအစဲပြု၍ ဖြစ်၏။ ဤသို့ ဖြစ်ခြင်းကား မြေဓာတ်၏ သာယာဖွယ်ပေတကား။

ဤမြေဓာတ်သည် အနိစ္စ=အမြဲ မရှိ။ ဒုက္ခ=ဆင်းရဲ၏၊ ဝိပရိဏာမ=ဖောက်ပြန်တတ်သောသဘောရှိ၏။ ဤသို့မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်ပြန် တတ်သော သဘော ရှိခြင်းကား မြေဓာတ်၏ ချို့ယွင်းအားနည်းချက် အပြစ်ပေတကား။

မြေဓာတ်၌ တပ်မက်မှုဆန္ဒရာဂကို ပယ်ခြင်းသည်မြေဓာတ်၏ လွတ်မြောက်ကြောင်းပေတကား။(ရေ၊ လေ၊ မီး၌နည်းတူမှတ်)

"ချစ်သားတို့၊ ဤခေတ်ကြီး လေးပါးတို့၌ ဤသို့သော သာယာဖွယ်ကို သာယာဖွယ်အား ဖြင့်၎င်း၊ ဤသို့သောအပြစ်ကို အပြစ်အား ဖြင့်၎င်း၊ ဤသို့သော ထွက်မြောက်ကြောင်းကို ထွက်မြောက်ကြောင်း အား ဖြင့်၎င်း အကြင်မျှလောက်သော ကာလပတ်လုံး ငါ မသိသေး၊ ထိုမသိသေးသမျှသော ကာလ ပတ်လုံး နတ်လောက၊ ဗြဟ္မာလောက၊ လူလောကဌ မြတ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရပြီဟူ၍ ငါ ဝန်မခံသေး။

"ချစ်သားတို့၊ မြေ၊ ရေ၊ လေ၊ မီးဟု ဆိုအပ်သော ဤခေတ်ကြီးလေးပါးတို့၏ ဤသို့ ဤနှယ်သော သာယာဖွယ်ကို သာယာဖွယ်အား ဖြင့်၎င်း၊ ဤသို့၊ ဤနှယ်သော အပြစ်ကို အပြစ်အား ဖြင့်၎င်း၊ ဤသို့၊ ဤနှယ်သော ထွက်မြောက်ကြောင်းကို ထွက်မြောက်ကြောင်းအား ဖြင့်၎င်း၊ အကြင်အခါဌ ဟုတ်မှန်သောအတိုင်း ငါသိလာ၏။ ထိုအခါကျမှသာ နတ်လောက၊ ဗြဟ္မာလောက၊ လူလောကဌ ပြိုင်ဘက်ကင်းလွတ် အထွတ်ဆုံး၊ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရပြီဟူ၍ ငါ ဝန်ခံ၏။ ငါ့အား ဉာဏ်ဖြင့်သည် ထင်ရှား ဖြစ်လာပြီ။ ကိလေသာတို့မှ ကျွတ်ကျွတ်လွတ်လွတ် လွတ်မြောက်ပြီးသော ငါ့စိတ်သည် မပျက်စီးတော့ပြီ။ ငါ၏ ဤဘဝ ဤအဖြစ်ကား နောက်ဆုံးဘဝ နောက်ဆုံးအဖြစ်တည်း။ ဘဝသစ်၌ တဖန် ပဋိသန္ဓေနေဖွယ်သည် ယခုအခါ ငါ့မှာ မရှိတော့ပြီဟူ၍ ဤသို့ ငါ့စိတ်၊ ငါ့အသိဉာဏ်တွင် ထင်လာသတည်း" ဟု မိန့်တော်မူ၏။

(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဓမ္မာဘိသမယသုတ်၊ ပုဗ္ဗေသမ္မောဓသုတ်၊ ၃၇၉၊ ဆဋ္ဌမ္ပု)

---

(၆)

ခြင်္သေ့တော်ရာ လေးဆူ

နေ့ခင်းကြောင်တောင် နေ့လယ်ခေါင် နေပူကြဲကြဲကြီးထဲတွင် လမ်းမှာ ဖုံတထောင်းထောင်း ထနေသည်။ ဖုံထခြင်းမှာ ရထား ကြောင့် ဖြစ်၏။ မြင်းရထားတစီးသည် သာဝတ္ထိမြို့ကို ကျောခိုင်း လျက် မြို့ပြင်သို့ မောင်းထွက်လာနေသည်။ ထိုရထားကို ဖုံလုံးများ ကြားတွင် အဖွေးသား မြင်နေရသည်။

တဖြည်းဖြည်း နီးကပ်လာသောအခါ ရထားကိုဌင်း၊ မြင်း လေးကောင်ကိုဌင်း၊ ရထားစီးလာသူကိုဌင်း၊ ကောင်းစွာ ခဲ့ခဲ့ခြားခြား မြင်ရလေပြီ။ ဆတ် ဆတ် ဖြူသော မြင်းဖြူကြီး လေးကောင် ကသည့် ရထားကို စီးနှင်သည်ကို ထောက်ခြင်း အားဖြင့် ရထားစီးလာသူ၏ အတန်းအစားကို ရိပ်စား မိနိုင် ပါသည်။

ထိုသူကား ဗြာဟ္မဏနွယ်ဘွား ပုဏ္ဏားလူမျိုး ဇာတ်သေးကို ဖြစ်လေသည်။ ထိုလမ်းပေါ်ဝယ် ရထားနှင့် ရင်ဆိုင် ပုရိုင်တည်း လာနေ၏။ အမည်မှာ ပိလောတိကာဟု တွင်၏။ ဝစ္ဆာယန အနွယ်မှဖွားသည်ကိုစဲ့၍ သူ့ကို ဝစ္ဆာယနဟူ၍လည်း ခေါ်၏။

ခြစ်ခြစ်တောက် ပူပြင်းသော နေရောင် အောက်တွင် ဝစ္ဆာယနသည် သက်န်း တထည်ကို ခေါင်းပေါ်တင်ကာ တမတ်စောက်စောက် နှင့် လျှောက်လာ၏။ တနေရာတွင် ဇာကုသောကီပုဏ္ဏားနှင့် ဆုံမိလေ၏။ ဝစ္ဆာယနသည် ရဟား လွှဘ်အောင် လမ်းဘေးသို့ ရှောင်တိမ်းလိုက်စဉ် "ဟင် အရှင် ဝစ္ဆာယန" ဟူသော အသံကြားလေမှ ဝစ္ဆာယနသည် ရထား ပေါ်ကြည့်လိုက်ပြီး "သြော် ဒကာကြီးကို"

ဤနှုတ်ခွန်းဆက် စကားမျှားကို ထောက်ချင့်ခြင်းအားဖြင့် သူဘို့အချင်းချင်း ရှေးက သိဟောင်းကျမ်းဟောင်းဖြစ်ကြောင်း ကောင်းစွာ သိသာပေါ်လွင်နေပါသည်။

ဗုဒ္ဓမြတ်ဘုရားသည် သာဝတ္ထိပြည်တွင် နှစ်ပေါင်းများစွာ သီတင်းသုံး၍ နေတော်မူသော်လည်း အကြောင်း အမျိုးမျိုးတို့ ကြောင့် ဗုဒ္ဓကို မကိုးကွယ်သူ၊ ဗုဒ္ဓအကြောင်းကို နားမလည်သူ များလည်း ရှိသေးကြောင်းကို သူတို့ချင်း ပြောစကားများစွာ ဇာတိရုပ် ပေါ်နေ၏။

"အို အရှင်ဝစ္ဆာယန၊ ချေးတွလဲ ရဲလှပါလား ကိုယ်တော်။ နေ့ခင်းကြောင်တောင် နေပူကြဲကြီးထဲမှာ ဘယ်ကများ ကြွလာတော်မူပါသတုန်း" ဟု မြင်းလှည်းပေါ်မှ ဇာကုသောကီ ပုဏ္ဏားက လှမ်းမေးလျှင် အရှင်ဝစ္ဆာယနက မျက်နှာမှ ချေးစိမ်း ကြီးများကို သက်န်းစဖြင့် သုတ်လျက်မှ....

"အရှင်ဂေါတမဆီက လာခဲ့သည် ဒကာကြီး"

ထိုစကားကိုကြားဧသင့် ပုဏ္ဏားသည် အနည်းငယ် စဉ်းစား ဟန်ပြုပြီးမှ သူဆန္ဒကို ဖော်ပြလိုက်လေသည်။

"ဩ....အရှင်ဂေါတမဆီက"

"ဟုတ်ပါ့။"

"မေးစမ်းပါရစေ အရှင်ဝစ္ဆာယနဲ့၊ ကိုယ်တော် မည်သို့ ထင်သလဲ။ အရှင်ဂေါတမဟာ ပညာရှိပုံပေါက်ရဲ့လား"

ဤမေးခွန်းကိုထောက်သော် ဇာဏုဿောဏိပုဏ္ဏားသည် ဗုဒ္ဓအထံတော်သို့ရောက်လည်း မရောက်ဖူး၊ ဗုဒ္ဓအကြောင်းကိုလည်း ဘာမျှမသိ၊ နားမလည်ကြောင်း ထင်ရှား၏။ ထိုမေးခွန်းအတွက် အရှင်ဝစ္ဆာယနက ပေးလိုက်သောအဖြေမှာ ပညာသားပါလှ၏။

"အို ဒကာကြီးနှယ်ကော ကျုပ်က ဘာမို့ အရှင်ဂေါတမ၏ ပညာစွမ်းကို သိနိုင်မှာလဲ။ မြေမြေမျိုးမှ ခြေမြင်တော့မှာပါ့။ ပညာကို ပညာရှိချင်းမှ သိနိုင် မြင်နိုင်မှာပါ" ဟု ပြောသော် ဇာဏုဿောဏိပုဏ္ဏားက ပြုံးလိုက်သည်။

"အသို့ပါနည်း အရှင်ဝစ္ဆာယန။ ကိုယ်တော်ဟာ အရှင်ဂေါတမကို သိပ်အမှန်းတင်နေပါလား၊"

"အသို့ဆိုပေသနည်း ဒကာကြီး။ ကျုပ်က ဘာမို့ ချီးမွမ်းနိုင်ရမှာလဲ။ အရှင်ဂေါတမကဲ့သို့သော သဗ္ဗညု ဘုရားသခင်ကိုယ်တော်ကြီးကို ကျုပ်လို အညတရ ရဟန်းတပါး အနေနဲ့ အဘယ်မှာလျှင် ချီးမွမ်းခြင်းငှာ စွမ်းနိုင်ပါမည်လဲ။ အရှင်ဂေါတမကို အထင်မသေးလေနဲ့ ဒကာကြီး။ ချီးမွမ်းသင့်၊ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်ခင်ဗျထဲမှာ အရှင်ဂေါတမဟာ အချီးမွမ်းတိုက်ဆုံး၊ လူလောက၊ နတ်လောကနှင့်တကွ သုံးလောကနယ် ခရိုင်အတွင်းမှာ ပြိုင်သူကင်းလွတ်၊ အထွတ်ဆုံး၊ အမြတ်ဆုံး ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပေ၏။"

"ဩော်"

ဤသို့ အရှင်ဝစ္ဆာယနက လှိုက်လှိုက်လဲ့လဲ့ ချီးကျူးလေလေ၊ ဇာကုဿသောဏပုဏ္ဏားမှာ ယုံရခက်၊ မယုံရခက်၊ အံ့သြရခက်၊ မအံ့သြရခက် ဖြစ်သွားလေ၏။ ဝစ္ဆာယန၏ စကားသည် ပုဏ္ဏားအား ဖမ်းစားလိုက်သကဲ့သို့ ဖြစ်သွားလေသည်။ သူအာရုံထဲတွင် အရှင်ဂေါတမ ပျောက်အောင် မဖျောက်နိုင်တော့ဘဲ ဖြစ်နေသည့် အလျောက် ဆက်၍ မမေးဘဲ မနေနိုင်တော့ချေ။

"အို အရှင်ဝစ္ဆာယန၊ ကိုယ်တော် ဘာကိုမျှား မြင်မြော်ပြီး အရှင်ဂေါတမအပေါ်တွင် သလောက်တောင် အူလှိုက်သဲလှိုက် ရိုးတွင်းချဉ်ဆီခိုက်အောင် အသဲစွဲ ကြည်ညိုနေရတာလဲ။"

ထိုအခါတွင်ကား အကွက်ဝင်လာပြီ ဖြစ်ကြောင်း ရိပ်စား မိလာပြီ ဖြစ်သည့်အတိုင်း အရှင်ဝစ္ဆာယနသည် ဇာကုသောဏ ပုဏ္ဏား ယုံကြည်လက်ခံနိုင်လောက်အောင် ဥပမာ ပုံဆောင်ကာ ဤသို့ မြှက်ကြားလေသတည်း။

"သည်လို ဒကာကြီး၊ ဥပမာ၊ 'ဆင်အကြောင်းကို ကောင်း ကောင်း နားလည်သည့် ဆင်မှူဆိုးကြီး တယောက်၊ ဆင်တွေ့ ပေါများလှသည့် တောကြီးထဲ ရောက်သွားသည် ဆိုကြပါစို့။ ထိုတောကြီး၏ တနေရာမှာ အလျားရှည်ရှည်၊ အနံ ပြန့်ပြန့်နှင့် အင်မတန် ခြေရာကြီးတခုကို ထိုမှူဆိုးကြီး တွေ့ပါလေ၏။

"အို ဒကာကြီး၊ ထိုအခါ မှူဆိုးသည် ခြေရာကို ကြည့်ပြီး 'အိုးဟို ရောမဆင်ကြီးပါကလား' ဟူ၍ ခြေရာကို မြင်ကာမျှဖြင့် ဆင်ကို အကဲဖြတ်နိုင်လေသည်။ ထိုအတူပင် ငါသည်လည်း အရှင်ဂေါတမ၏ ဒေသနာ ဉာဏ်တော်ဖြင့် ချနင်းထားသည့် ခြေဟော်ရာကြီး လေးဆူကို ငါတွေ့ရ၏။

ထိုအခါ အရှင်ဂေါတမသည် ကိုယ်တိုင် တရားမှန်ကို သိသော ဘုန်းသမ္ဘာရှင်တည်း။ တရားမှန်ကို ကောင်းစွာ ညွှန်ပြတတ်သူတည်း။ ၎င်းတပည့် ရဟန်းအပေါင်းသည်လည်း ဆရာ့ဩဝါဒကို တသွေမတိမ်း လိုက်နာ၍ ကျင့်ကြသူများ တည်းဟူ၍ ဤသို့ ငါ့ဘာဏ်တွင် သိထင်လာသည်။"

ဇာဏုဿောဏိပုဏ္ဏားသည် စူးငိုက်စွာ စကားထဲတွင် နှစ်မြုပ်နေရာမှ ရုတ်တရက် ကောက်မေးလိုက်၏။

"အို ဝစ္ဆာယန၊ သင့်စကားတွင် ခြေတော်ရာကြီးလေးဆူဟု ကြားလိုက်သလိုလို ရှိ၏။ ယင်းခြေတော်ရာများကား အဘယ်မှာ ပါနည်း။ ကျွန်ုပ်ကော မြင်တွေ့ခွင့် မရနိုင်ပေဘူးလား။"

"ရနိုင်ပါ၏ ဒကာကြီး။ ငါ့စကားကို ဆက်၍ နားထောင်ပါဘို့။ ယင်းမခြေဘော်ရာတို့ကို တဖြည်းဖြည်း မြင်လာလတ္တံ့။ ဤစကားစုကို အလျင် သိနှင့်ပါလေဦး။

"အို ဒကာကြီး၊ မဟာမျိုး မဟာနွယ် ထိပ်ထိပ်ကြဲ ရောမ သုခမိန် ခတ္တိယပဏ္ဍိတ်ကြီးတွေကို ငါတွေ့ဘူး၏။ သူတို့သည် ဝါဒရေးရာ၌ လွန်စွာ သိမ်မွေ့လှကုန်၏။ ဝါဒတပါးကို ချေဖျက်ချေးသွေးအောင် တတ်နိုင်ကုန်၏။ ဆံခြည်မျှင်ကိုပင် ဖောက်ထွင်း ပစ်ခတ်နိုင်သော လေးသည်တော် မျှားနှင့်အလား တူကုန်၏။

မည်သည့်မြို့ရွာ၊ မည်သည့်ဒေသသို့ ပညာရှင်တဦးဦး ရောက်လာသည်ကြားသော် သူတို့သည် ဝါဒတိုက်ပဲ့ ဆင်ရန် တပ်ပြင်ကြကုန်တော့၏။ သူကို ဘယ်လို မေးလိုက်မည်၊ မြှုံးလိုက်မည်။ သူက ဘယ်လိုဖြေလျှင် ဘယ်လို အုပ်ထည့်လိုက်မည် တကဲကဲ။ ပညာရှင်ကို ဝါဒနှင့် ရိုက်ခဲ့ရန် လှည့်လည်နေကြယောင်တကား။

ထိုခတ္တိယပဏ္ဍိတ်ကြီးတို့သည် “အရှင်ဂေါတမ ဘယ်မြို့၊ဘယ်ရွာကို ရောက်လာပြီတဲ့”ဟူသော သတင်းကို ကြားကြလတ်သော် “ကျိုးပြုသည့်နှယ်” ဟုန်းကနဲ ရှင်ဂေါတမရှိရာသို့ သွားကြလေကုန်၏။ ဝါဒတွေ့ တပ္ပေတပိုက်နှင့် စစ်တိုက်ရန် ထွက်ခြင်းဟု ဆိုနိုင်၏။ အရှင်ဂေါတမသည် သူထံသို့ ရောက်လာကုန်သော ထိုခတ္တိယပဏ္ဍိတ် “ဝါဒစစ်မှူးကြီးများ” အား သာယာချေငံစွာ ဓမ္မစကားပြောလေသောအခါ၊ အသိဉာဏ်ပွင့်အောင်ဖွင့်ပေးလေသောအခါ အရှင်ဂေါတမ၏ မေတ္တာဗြဟ္မစိုရ် အရိပ်ဆာယာအောက် ရောက်ရှိနေကြလေရကား မည်သို့မေးလိုက်မည်၊ မည်သို့အုပ်လိုက်မည်ဟူ၍ မာန်တဖီဖီ လာခဲ့ကြကုန်သည့် ခတ္တိယပဏ္ဍိတ်ကြီးတို့၏ အရှင်ဂေါတမအား ဝါဒဖြင့်နှိပ်ဖို့ဝေးစ့၊ ပုစ္ဆာကလေးတခုကိုမျှ မေးမြန်းခြင်း မပြုကြတော့ကုန်။ စင်စစ်ဆိုသော် ထိုပဏ္ဍိတ်ကြီးတို့ကား အရှင်ဂေါတမ၏တပည့် ဖြစ်ကုန်ကြလေ၏။

“အို ဒကာကြီး၊ ဒီကြင်အခါ၌ အရှင်ဂေါတမ၏ ဉာဏ်တော်ခြေရာ တဆူကို တွေ့ရပြီ။ ထိုအခါ အသိဉာဏ်တော် သခင်ဘုရား၊ ဘုန်းတော်ကြီးလှသော ဘုရား ဟူ၍ၜင်း၊ ဘုရားစကားတော်သည် စစ်မှန်သော တရား ဟူ၍ၜင်း၊ ဘုရားတပည့်သားရဟန်းများသည် သိကွာရှိ သူတော်စင်များဟူ၍ၜင်း ငါဆုံးဖြတ်နိုင်ခဲ့ပြီ။

“အို ဒကာကြီး၊ ထိုမှတပါး ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်းပညာရှိ သုခမိန်ကြီးများကိုလည်း ငါတွေ့ဘူး၏။ သူတို့သူတို့သည်လည်း ခတ္တိယပဏ္ဍိတ်ကြီးတို့ကဲ့သို့ပင် အရှင်ဂေါတမရောက်နေသံကြားလျှင် ဝါဒတိုက်ပွဲ ဆင်ရန် လာလတ်ကြကုန်သည်ပင်။ အရှင်ဂေါတမနှင့် တွေ့ကြလတ်သော် တစုံတရာ

ပြဿနာ မေးမြန်းမှုကို မပြုကြတော့ရုံမက သူတို့အား ရဟန်းပြုပေးရန် ပန်ကြားလေကုန်သတည်း။အရှင်ဂေါတမထံတွင်တပည့်ခံရဟန်းပြုကြ၍ တရားထူး ရကြကုန်သောအခါ ဤသို့ ဥဒါန်းကျူးနိုင်ကြလေကုန်ပြီ။

"အို အရှင်ကောင်းတို့၊ ငါတို့ကား ပျက်စီးလုနီး ဖြစ်ခဲ့ကုန်ပြီ။ အပျက်ကြီးဖြင့် ပျက်စီးလုနီး ဖြစ်ခဲ့ကုန်ပြီ။ ရှေးက ငါတို့သည် ရဟန်း မဟုတ်ကုန်ပါဘဲလျက် ရဟန်းဟု ဝန်ခံနေခဲ့ကြကုန်ပြီ။ မြင့်မြတ်သူမဟုတ်ဘဲ မြင့်မြတ်သူဟု ဝန်ခံခဲ့ကုန်ပြီ။ ရဟန္တာ မဟုတ်ပါဘဲလျက် ရဟန္တာဟု ဝန်ခံခဲ့ကြကုန်ပြီ။ မှားဘိစ့။ ယခုမှသာ ရဟန်းစစ်ဖြစ်ကုန်၏။ သူမြတ်အစစ် ဖြစ်ကုန်၏။ ရဟန္တာအစစ်ဖြစ်ကုန်၏" ဟု ဥဒါန်းကျူးကြကုန်၏။

"အို ဒကာကြီး၊ ငါသည် (၁) ခတ္တိယပဏ္ဍိတ်ကြီးတို့အား ကိုယ်တော်၏အောက်သို့ ညွှတ်ရောက်လာကြရာတွင် ထင်သော ဉာဏ်တော်ခြေရာ၊ (၂) ဗြာဟ္မဏပဏ္ဍိတ်ကြီးတို့အား၊ (၃) ဂဟပတိ ပဏ္ဍိတ်ကြီးတို့အား၊ (၄) သမဏပဏ္ဍိတ်ကြီးတို့အား ကိုယ်တော်အောက်သို့ ညွှတ်ရောက် လာကြရာတွင် ထင်သော ဉာဏ်တော်ခြေရာ၊ ဤခြေတော်ရာ လေးဆူတို့ကို တွေ့မြင်ရ၍သာ "သစ္စာလေးပါးတရားကို ကိုယ်တိုင်သိသော ဘုရားတည်း။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော ဘုရားတည်း။ တရားတော်ကို ကောင်းစွာ ဟောညွှန် ပေသည်။ ဟောညွှန်ချက် အတိုင်းဂုဏ်တပည့် ရဟန်းများက ကောင်းစွာကျင့်ကြံကြသည်" ဟု ဤသို့ ငါ ဆုံးဖြတ်နိုင်ခဲ့ပြီ။ သို့ကြောင့်ရကား ငါသည်အရှင် ဂေါတမအား ချီးမွမ်း၍လည်း မပြီး၊ ကြည်ညို၍လည်း မပြီး ဖြစ်ရသည် ဒကာကြီး။"

နေ့လယ်အချိန်ဖြစ်သောကြောင့် ကောင်းကင် နေမင်းသည် ခြစ်ခြစ်တောက် ပူပြင်းလှသော်လည်း ဇာဏုသောဏီ ပုဏ္ဏား၏ ရင်တွင်းဥဿကား အေးတမြမြ ရှိနေ၏။ ဗုဒ္ဓ၏ ဓမ္မ မိုးနှံကြောင့် ဖြစ်၏။

ထိုကြောင့် ဇာဏုသောဏီပုဏ္ဏား၊သည် မြင်းဖြူကြီး လေးစီး ကသော ရထားထက်မှ ဆင်းကာ ဘုရားရှိရာဘက်သို့ မျက်နှာမူ ရှိခိုးလျက် "လူ နတ် ဗြဟ္မာတို့ ဦးခိုက်၍ ပူဇော်ထိုက်လှသော အရှင်ကြီး ဂေါတမအား ရည်မှန်း၍ အကျွန်ုပ် ရှိခိုးပါ၏။ ပူဇော်ပါ၏။ သင့်တင့်လျောက်ပတ်သော တနေ့တွင် အရှင့်အား ဖူးမြင်ခွင့် ရတန်ကောင်းပါ၏။ စကား ဆိုပြောမှုလည်း ရတန် ကောင်းပါ၏" ဟု နှုတ်ဖြင့်တတွတ်တွတ်ရွတ်ဆိုခြင်းပြုပြီးသည်၏ အခြားမဲ့တွင်ကား ဇာဏုသောဏီပုဏ္ဏားသည် အရှင်ဝစ္ဆဂေါတမနှင့် လမ်းခဲကာ မြင်းဖြူလေးစီးကသော ရထားကြီး ပေါ်တွင် ဗုဒ္ဓ ဂုဏ်တော်များကို အာရုံပြုရင်း လိုက်ပါသွားလေသတည်း။

ဇာဏုသောဏီနှင့် ဗုဒ္ဓ

ကြာသည် ကန်၌ ပေါက်၏။ရေနှင့်အမြဲထိတွေ့နေ၏။ရေမြင့်လျှင် ကြာတင့်သည် အဆိုရှိ၏။ သို့သော် ရေရှိလေတိုင်း ကြာမပွင့်လေ။

ကြာအမျိုးမျိုး ရှိသည့်အနက် အချို့သည် နေခြည် သင့်မှ ပွင့်၏။ အချို့က လရောင်သင့်မှ ပွင့်၏။

ဇာတ္ကသောဏိပုဏ္ဏားသည် သဝဏ်တိုပြည် တည်းဟူသော ကန်တော်ကြီးအတွင်းမှ ကြာပင်ကပင်ဖြစ်၏။ သို့ရာတွင် သူ့အဖို့ နေလည်းမထွက်၊ လရောင်လည်း မထွန်းသဖြင့် ပင့်ခွင့် မရခဲ့ဘဲ ကြာမြင့်စွာသော ကာလပတ်လုံး သဝဏ်တိုကန်တော်ကြီးထဲတွင် ရေစိမ်ကာသာ နေလာခဲ့ရသည်။

ယခုအခါနိဒါန်းတွင်မူကား သူ့အဖို့ နေဝန်းကြီး မလိုက်လာသေးစေကာမူ ရွှေတော်ပြေးအဖြစ် အရုဏ်တက် ရောင်နီနှင့် တွေ့ရလေသောအခါ ညှာတံ တဝင့်ဝင့်နှင့် ပင့်တေးအံ့ဆဲဆဲ ဖြစ်လာလေပြီ။

တခါသဒ္ဒါ ဇာတ္ကသောဏိပုဏ္ဏားသည် ဘုရားသခင်အားမဖူးရလျှင် မနေနိုင်လောက်အောင် သူစိတ်က ဆန္ဒ ပြုလေ့ကျက်အရ ဘုရားကျောင်းတော်သို့ ထွက်လာခဲ့ပြီး ဘုရားသခင်အား ဝင်ရောက် ဖူးမြော်လေ၏။ သူ့အား အရှင် ဝစ္ဆဂေါတမနက ဆင်ခြေရာ ဥပမာဖြင့် ပြောပြပုံများကိုပါ လျှောက်ထားလေ၏။

ထိုအခါ ဤဥပမာမှာ မပြည့် စုံလှသေး။ ပြည့်ပြည့် စုံစုံ ဥပမာကို နာယူလိုက သင့်အား ငါပြောအံ့၊ ကောင်းစွာ နာလော့၊ မှတ်လော့ဟု ပုဏ္ဏားအားမိန့်လိုက်ပြီးနောက် တောက် လျှောက်ဆိုသလိုပင် ပုဏ္ဏားအား ဤစကားကို ဆိုတော်မူ၏။

“အချင်းပုဏ္ဏား၊ ဆင်ဖမ်းခြင်းဒဟတ်၌ ကျွမ်းကျင်လှသော မုဆိုးတယောက်သည် ရှိ၏။ ထိုမုဆိုးသည် တောအုပ်ကြီးတခုသို့ ခရောက်သွားလေသောအခါ ဧရာမ ဆင်ခြေရာကြီးတခုကို တွေ့သော်လည်း ‘သည်ဆင်ဟာ သိပ်ကြီးတဲ့ ဆင်ကြီးပါကလား’ ဟု သူ မဆိုးဖြတ်ဧေး။ အဘယ်ကြောင့်ဆိုသော် ဝါမနိကမည်သော ဆင်မတမျိုးသည် အရပ်ပုကွသော်လည်း ခြေရာ ကြီးတတ်သည်။

ဤခြေရာသည် ဝါမနိုကဆင်ပုမများ၏ ခြေရာ ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု ဆင်ခြေရာ ကြီးလေတိုင်း ဆင်ကြီး ဖြစ်ရမည် ဟူ၍ မဆုံးဖြတ်လေသေးဘဲ ရှေဆက်လက်ပြီး ဆင်ခြေရာခံ၍ လိုက်လေသည်။

'အချင်းပုဏ္ဏား၊ ထိုဆင်မုဆိုးသည် တောတွင်း တနေရာတွင် ခြေရာကြီးတခုကိုငုံ၊ မြင့်သော ကျောက်နံရံကြီးများ၌ ဆင် ကိုယ်လုံးဖြင့် ပွတ်တိုက်ရာ များကိုငုံ၊ တွေ့ရလေ၏။ သို့သော် ခြေရာကြီးခြင်း၊ အရပ်အမောင်း မြင့်ခြင်းတို့ကို ထောက်၍ 'သည်ဆင်ဟာ သိပ်ကြီးတဲ့ ဆင်ပြောင်ကြီး ပါကလား' ဟူ၍ သူ မဆုံးဖြတ်သေး။ အဘယ့်ကြောင့် ဆိုသော် ကာဠာရိကာ မည်သော ဆင်မများသည် အခြားဆင်များထက် ပို၍ ခြေတံရှည် ကြသည်။ 'ဤခြေရာသည် အနှိခြေတံရှည် ဆင်မများ၏ခြေရာ ဖြစ်ကောင်း ဖြစ်ပေမည်' ဟူ၍ သူ မဆုံးဖြတ်သေးလေဘဲ. ရှေ လျောက်ပြီး ဆင်ခြေရာခံ၍ လိုက်ပြန်လေသည်။

"အချင်းပုဏ္ဏား၊ ထိုဆင်မုဆိုးသည် အတော်အတန် သွားမိ သောအခါ ဆင်ခြေရာကြီးတခုကိုငုံ၊ မြင့်သော ကျောက်နံရံ၌ ကိုယ်လုံးဖြင့် ပွတ်တိုက်ထားသော အရာများကိုငုံ၊ မြင့်သော နေရာတို့၌ ဆင်စွယ်ဖြင့် ထိုးရာများကိုငုံ၊ တွေ့ရလေ၏။ သို့သော် လည်း 'ရောမဆင်ပြောင်ကြီး' ဟု သူ မဆုံးဖြတ် လေသေး။ အဘယ်ကြောင့်ဆိုသော် ကဏ္ဍရုကာ မည်သော ဆင်မတို့သည် ဤတောင်၌ ရှိတတ်ကုန်၏။ 'ဤခြေရာသည် ထိုဆင်မများ၏ ခြေရာ ဖြစ်ကောင်း ဖြစ်နိုင်သည်' ဟူ၍ သူမဆုံးဖြတ်သေးလေဘဲ ဆက်၍ ခြေရာခံကာ တောအုပ်ထဲ လိုက်သွားပြန်လေသည်။

"အို ပုဏ္ဏား၊ ထိုမုဆိုးသည် တောတွင်း တနေရာသို့ အရောက်တွင် ရှေးနည်းတူ ဆင်ခြေရာကြီး၊ ပွတ်တိုက်ရာ၊ ခြင်စွယ်ဖြင့် ထိုးထားရာများနှင့် မြင့်မားသော သစ်ပင်ကြီးများမှ ကျိုးနေသော သစ်ကိုင်းသစ်ခက်များကို တွေ့ရလေ၏။ ထိုမျှမက တိတိကျကျ သူ တွေ့မြင်ရလေသည်ကား ဟိုဆင်ကြီးသည် သစ်ပင်အောက်၌ ရောက်ရှိနေပုံကိုလည်း၊ ၎င်းမှမြေပြန့်လျှောက်၍ခြေဆန့်နေပုံကိုလည်း၊ တဒေနရာတွင် အိပ်လိုက်ပုံကိုလည်း မျက်စိဝါးထင်ထင် ကိုယ်တိုင် မြင်တွေ့ နေရသော အခါတွင်မှ 'ဤဆင်ကြီးကား ငါတွေ့ခဲ့ရသော ခြေရာပိုင်ရှင် ဆင်ပြောင်ကြီးပေဟကား' ဟူ၍ တိတိကျကျ ဆုံးဖြတ်လိုက်လေသတည်း။

"အို ပုဏ္ဏား၊ ဤပုံနှင့် အလားတူစွာသာလျှင် လောကီ ဘုရားဟူ၍ ထင်ရှားပွင့်တော်မူလာ၏။ ထိုဘုရားသည် လူ၊နတ်၊ ဗြဟ္မာဟူဆိုအပ်သော လောကသားတို့အား မိမိနှင့် အလားတူ အသိဉာဏ် အလင်းပွင့်လာအောင် ဖွင့်ပေးတော်မူ၏။ ထိုဘုရားသည် အစ၊အလယ်၊အဆုံး သုံးပါးလုံးကောင်းမွန်ပြီး အနက်၏ ကောင်းခြင်း၊ သဒ္ဒါ၏ကောင်းခြင်း ဂုဏ်တို့နှင့် ထက်ဝန်းကျင်မှ လိုလေသေးမရှိအောင် ပြည့်စုံသော ပရိယာယ်တို့ ထင်ရှားစွာ ဟောပြတော်မူ၏။ ထိုတရားတော်ကို သူကြွယ်သည်ရင်း၊ သူကြွယ်သားသည်ရင်း၊ အခြားဗဟုပါးသော သူများသည်ရင်း ကောင်းစွာ နာယူကြကုန်၏။ ထိုသူ ထိုသူတို့သည် ငါဘုရားစကားကိုကြားနာကြရကုန်သည်ရှိသော် ငါဘုရားအား ပါဒ်ညီသဒ္ဓါဖြစ်ပွားလာကြကုန်၏။ ထိုအခါ "သာရဝဝါသ၊ ကိုယ်များ ခြင်္သေ့ကဲ့သို့ ဘေဘင်ကား ကျဉ်းမြောင်းလှပေ၏။ စင်စစ်သော် ကိုယ်သာသာ မြို့မှုန်မျှား ဖြတ်သန်းရာ ကိုလေသာ လမ်းကြောင်းသာတည်း။

ဧပေသီဒ္ဓိးဧဝဝေ

ရဟန်းအဖြစ်၊ ရဟန်းဘောင်ကား လွှင်တီးခေါင်ကြီးနှင့် တူ၏။ ကျယ်ပြန့်၏။ ဝတ်ကြောင်နှင့် လူဘောင်၌နေသူသည် မြတ်သော အကျင့်ကို ကျင့်နိုင်ရန် မလွယ်ကူ။ ရဟန်းဝတ်ရလျှင် ကောင်းလေစ'ဟု အကြံဖြစ်လာကုန်၏။ ဤသို့အကြံဖြစ်လာသောအတိုင်း ရဟန်းပြုကြကုန်၏။

"အို ပုဏ္ဏား၊ ဝတ်ကြောင်ကိုပယ်၍ ရဟန်းဘောင် ရောက်လာသောထိုသူသည် ငါ၏သြဝါဒကိုခံယူ၍ ငါပညတ်အပ်သည့် သိက္ခာပုဒ်မျိုးကို မကျိုးမပေါက်အောင် ထိန်းစောင့်ကာသာနေ၏။ သူအသက်ကိုလည်း သတ်ချင်းမပြု။ သူဥစ္စာကိုလည်း ခိုးခြင်းမပြု။ မေထုန်အမှုကိုလည်း မပြု။ သေအရက်ကိုလည်း သောက်စားခြင်းမပြု။သူနှစ်ဦးတို့စပ်ကြား၌ သည်စကားကိုဟိုပို့ ဟိုစကားကို သည်ပို့ လုပ်ခြင်းအားဖြင့် အချင်းချင်း စိတ်ဝမ်းကွဲပြားအောင် ကုန်းတိုက်ခြင်းလည်း မပြု။ ကြမ်းသောစကားကိုလည်း ပြောဆိုခြင်းမပြု။အကျိုးမရှိသောပြိန်ဖျင်းစကားကိုလည်း ဆိုပြောခြင်းမပြု။

"အို ပုဏ္ဏား၊ လူဘောင်ကိုစွန့်ခွာ၍ ရဟန်း ဖြစ်လာသော ထိုသူသည် လူတို့ကဲ့သို့ သစ်ပင်ခုတ်လှဲခြင်း အမှုမျိုးကိုလည်း သူ မပြုတော့။ နေ့လဲညစာစားခြင်းမှု ရှောင်ကြဉ်၍ နံနက်စာတထပ်တည်းသာစား၏။ပဲ့လမ်းသဘင် ကြည့်ရှုခြင်းမရှိ။ အမွှေးအထုံ ပန်းနံ့သာလိမ်းကျံခြင်းလည်း မရှိ။ ရွှေငွေကိုင်တွယ်ခြင်းလည်းမရှိ။စပါးစိမ်းနှင့် သားစိမ်း၊ငါးစိမ်းများကိုလည်း ခံယူလေ့မရှိ။ အမျိုးသမီးပျို၊ အိုမျှားနှင့်တကွ ကျေးကျွန်များကိုလည်း ခံယူလေ့မရှိ။ ကြက်၊ ဝက်၊ ကျွဲ၊ နွားစသော တိရစ္ဆာန်များလည်းခံယူလေ့မရှိ။ ကွေးသန်းရောင်းဝယ်ခြင်းကိုလည်း သူမပြု။

သတ်ခြင်းဖြတ်ခြင်း၊နှောင်ဖွဲ့ခြင်း၊နှိုင်ထက်ကလူ ပြုမူခြင်းအမှုမျိုး ကိုလည်း သူ မပြုတော့။

"အို ပုဏ္ဏား၊ သာသနာ့ဝန်ထမ်း ထိုရဟန်းသည် ကိုယ်လုံရုံမျှသော သင်္ကန်းဖြင့် ရောင့်ရဲ၏။ ဝမ်းလုံရုံမျှသော ဆွမ်းဖြင့် ရောင့်ရဲ၏။ သွားလိုရာရာသို့ ပရိက္ခရာဆောင်၍ သွား၏။ ငှက်သည် လိုရာအရပ်သို့ ပေါ့ပါးစွာ ပျံလေသည်နှင့် အလားတူ၏။ ဤဆိုအပ်ပြီးသော အကျင့်မြတ်နှင့် ပြည့်စုံစွာ နေသောရဟန်းသည် မိမိ၏ စိတ်သန္တာန်၌ အပြစ်ကင်းစင်သော ချမ်းသာသုခကို လက်တွေ့ ခံစားရလေ၏။

"အို ပုဏ္ဏား၊ ရဟန်း၏ တည်ငြိမ်မှုကို သင် ရှုဦးလော့။ လူအဖြစ်မှ ဘဝသစ် တဖြစ်လဲကာ ရဟန်းဘောင်သို့ ရောက်လာသော ထိုသူသည် ရှုပါရုံတခုခုကို မြင်စေကာမူ 'သည်ဟာ ယောကျ်ား၊ သည်ဟာမိန်းမ' ဟူ၍ အမှတ်ပြုလေ့မရှိ။ သူ့အမှု အရာဟာ ပြုံးပြုံးကလေး၊ သို့မဟုတ် ငိုတမဲ့မဲ့ ဟူ၍လည်း အသေးစိတ် အမှတ်ပြုလေ့ မရှိ။ အင်္ဂကြောင်း တစုံတခုကြောင့် စက္ခုန္ဒြေကို မစောင့်စည်းနိုင်ခဲ့သော် ထိုအိန္ဒြေမဲ့သော ရဟန်း နောက်သို့ နှလုံး မသာယာခြင်းစသော အကုသိုလ်တို့သည် တရှန်းရှန်းနှင့် အစဉ်တစိုက် လိုက်လာကုန်လေရာ၏။

"အို ပုဏ္ဏား၊ ထိုသို့ အကုသိုလ်တရားတို့ အစုလိုက်အပြုံလိုက်၊ နွားအုပ်ကြီးလိုက်သကဲ့သို့ လိုက်မလာနိုင်ရလေအောင် ထိုရဟန်း သည် စက္ခုန္ဒြေကို စောင့်စည်းခြင်း၌ ကျင့်သားရအောင် အာထပ်ထပ် ကျင့်၏။ စက္ခုန္ဒြေကိုစောင့်၏။ စက္ခုန္ဒြေ စောင့်စည်း ခြင်းသို့ရောက်၏။ ထို့အတူ နား၊ နှာ၊ လျာ၊ ကိုယ်တို့၌လည်း

ကျင့်သားရအောင် အဖန်ဖန်အထပ်ထပ် ကျင့်၏။ ဤသို့ကျင့်ခြင်း အားဖြင့် ထိုရဟန်းသည် ကိလေသာအစေးကပ်ငြိခြင်းကင်းသော ချမ်းသာကို လက်တွေ့ ခံစားရလေ၏။

"အို ပုဏ္ဏား၊ မှတ်သား ဦးလော့။ ထိုရဟန်းသည် ရှေးသို့ကြည့်သော် အသိဉာဏ်ဖြင့် ပြုလေ့ရှိ၏။ နောက်သို့ ကြည့်သော် အသိဉာဏ် ဖြင့်ပြုလေ့ရှိ၏။ တည့်တည့်ကြည့်သော်၎င်း၊ စောင်းငဲ့ကြည့်သော်၎င်း၊ ကွေးသော်၎င်း၊ ဆန့်သော်၎င်း အမှတ်တမဲ့ ပြုလေ့မရှိ။ အသိဉာဏ်ဖြင့်သာ ပြုလေ့ရှိ၏။ သပိတ် သင်္ကန်းကို ယူသော်၎င်း၊ စားသော်၎င်း၊ သောက်သော်၎င်း၊ ခဲသော်၎င်း၊ အသိဉာဏ်ဖြင့် ပြုလေ့ရှိ၏။ ကျင်ကြီး ကျင်ငယ်စွန့်သော်၎င်း၊ သွားသော်၎င်း၊ ရပ်သော်၎င်း၊ ထိုင်သော်၎င်း၊ အိပ်သော်၎င်း၊ နိုးသော်၎င်း၊စကားပြောသော်၎င်း၊ စကားမပြော တုံ့ဘော နေသော်၎င်း အသိဉာဏ်ဖြင့် ပြုလေ့ရှိ၏။

"အို ပုဏ္ဏား၊ ဤသို့ ဤသို့သော အကျင့်သီလတို့ဖြင့် စုံပြုံ တွေ့ခဲ့၍နေသောရဟန်းသည် လူသူကင်းဆိတ်ရာ အရိပ်အာဝါသ သို့သာ ခိုကပ်လေ၏။ ထိုရဟန်း၌ လူနှင့်ပြွမ်း၍ နေလိုစိတ် မရှိတော့။ လူတို့နှင့် ဝေးရာ တောသို့ခို၏။ သစ်တပင်ရင်း ဝါးတပင် အောက်မှာ နေ၏။ တောင်ပေါ်နှင့် ချောက်ကြို မြောင်ကြား၌ အနေများ၏။ ဂူအောင်း၏။ လွင်တီးခေါင်၌၎င်း၊ ကောက်ရိုး ပုံ၌၎င်း နေတတ်၏။ ဆွမ်းခံ၍ စား၏။ ဆွမ်းစားပြီးသော် ကမ္မဋ္ဌာန်းတရား အားထုတ်၏။ အဘိဇ္ဈာ ကင်းကင်းရှင်းရှင်းနှင့် စိတ်ကိုကြည်လင်စေ၏။ သူခပ်သိမ်းတို့ အပေါ်တွင် ကောင်းကျိုး လိုလားသောစိတ်ဖြင့် နေ၏။"

ဤသို့ စသည်ဖြင့် ရဟန်းဖြစ်ခြင်း အကျိုးတရားကို ဟော ကြားပြီးသည့်အဆုံးတွင် ဤသို့ နိဂုံးချုပ်တော် မူသတည်း။

"အိုပုဏ္ဏား၊ ဆင်ခြေရာ ဥပမာကား ဤမျှ အကျယ်ပွားခြင်း ဟောကြားခြင်းဖြင့် ပြည့်စုံပြီ"ဟူ၍ မိန့်တော် မူခဲ့လသော် ဇာဏုဿောဏိမည်သော ပုဏ္ဏားသည် "အရှင်ဂေါတမ၊ အရှင့် တရားတော်သည် အလွန် နှစ်သက်ဖွယ် ကောင်းပါပေစွ" ဟူ၍ ချီးကျူးပြီးလျှင် "အင်္ဂတရဂ္ဂ ပါကုဋပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ" ဟူ၍ လျှောက် လေသတည်း။

(မဇ္ဈိမနိကာယ်၊ မူလပဏ္ဏာသပါဠိတော်၊ ဩပမ္မဝဂ်၊ စူဠဟတ္ထိပဒောပမသုတ်၊ ၂၃၂၂၊ ဆဋ္ဌမူ)

မထင်မရှားနှင့် ထိုပြဿနာသည် သံဃာ့ရွှေမှောက်သို့ ရောက်ရှိလာသည်။

ထိုအခါ အချို့ထေရ်ကြီး ဝါကြီး၊ ပုဂ္ဂိုလ်ကြီးတို့က ဤသို့ဖြေကုန်ပြီ။

ငါ့ရှင်တို့ သံယောဇနှင့် သံယောဇနိယ ဤတရားနှစ်ပါးကား အနက်ခြင်းလည်းမတူ၊သဒ္ဒါခြင်းလည်းမတူ၊ တခြားစီသာတည်းဟု ဆိုကုန်၏။အချို့တို့ကမူ အနက်တူပြီး သဒ္ဒါကွဲပြားသည်ဟူ၍ ဆိုကုန်ပြီ။

ထိုပြဿနာရပ် လက်စမပြတ်သေးခင် ဆွေးနွေးနေဆဲအချိန်၌ သံဃာ့မျက်စိအာဝေးလုံးတို့သည် တနေရာသို့ စူးစူးစိုက်စိုက် စုံရုံးရောက်ရှိသွားကုန်လေ၏။သံဃာ့မျက်လုံးအစုံအောက်သို့ရောက်ရှိလာသောအရာကား သူတို့ဒါယကာကြီး စိတ္တာသူကြွယ် ဖြစ်နေပါသတည်း။

“ဟာ ဒကာကြီးရောက်လာသည်မှာ ကောင်းဘိစ့။သာည်မှာလာလေ့။ သည်မှာထိုင်လေ့”ဟု ရဟန်းတို့ကပင် စိတ္တာသူကြွယ်အား ခေါင်းငုံ့တ်ဆက်ခြင်းပြုကြကုန်၏။ စိတ္တာသူကြွယ်လည်း ရဟန်းတို့အား ရှိခိုး ဦးတင်ပြီးလျှင်—

“မည်သည့်တရားကို အရှင်ဘုရားများ ဆွေးနွေးနေတော်မူကြပါသနည်း ဘုရား”ဟူ၍ မေးလျှောက်လျှင် ရဟန်းတို့က သံယောဇဉ်ပြဿနာကို ထုတ်ပြကြကုန်ပြီးလျှင်-

“ဒကာကြီး၏ လာခြင်းကား ကောင်းသော လာခြင်းပါ ဒကာကြီး။ သံယောဇဉ်ပြဿနာကို ငါတို့ဘတွေ့ ဆွေးနွေးကြဆဲတွင် ဒကာကြီးရောက်လာသည်မှာ မင်္ဂလာ ရှိလှ၏။ သံယော

ဇာဉ်အရေးတွင် ငါတို့၌ တပြေးညီစွာ တူမျှခြင်း မဖြစ်သေး။ ထင်မြင်ချက်ကို ဆက်လက် ဆွေးနွေးကြဆဲဖြစ်ရာ ထိုပြဿနာနှင့် ပတ်သက်၍ ဒကာကြီး၏အယူအဆကို ငါတို့မျှော်လင့်ကြကုန်၏" ဟူ၍ စိတ္တသူကြွယ်ထံ ဆန္ဒကို တောင်းခံကြကုန်၏။

ရဟန်းတို့ကပင် ဆန္ဒတောင်းခံခြင်း ပြုကြရလောက်အောင် ထိုစိတ္တ သူကြွယ်ကား မည်သို့သော ပုဂ္ဂိုလ် စားမျိုးဖြစ်၍ ပေနည်း။

ထိုစိတ္တ သူကြွယ်ကား ပစ္စည်းသာ ကြွယ်လေသူ မဟုတ်၊ စကား ပရိယာယ်လည်း အလွန် ကြွယ်လှသောသူဟူ၏။ စကား ကြွယ်ကြွယ်ဖြင့် တရား၊ စကား၊ ဆိုတတ်၊ ပြောတတ်ရှိသောအရာတွင် "ဘဒၵ်" ဘွဲ့ရ သူကြွယ်ပေတကား။ သို့ကြောင့် သာပင် သံယောဇဉ် ပြဿနာနှင့် ပတ်သက်၍ စိတ္တ သူကြွယ်၏စကား၊ ရဟန်းသံဃာတော်များကကြား သိလိုသောကြောင့် ဤစကားကို ရဟန်းတို့ဆိုခြင်းဖြစ်၏။ သူကြွယ်သည် ရဟန်းတို့အား ရိုသေစွာ ဂုဏ်ပြုပြီး နောက် ဤသို့ လျှောက်ထား ပါလေ၏။

"အို အရှင်သူမြတ်တို့ ဘုရား၊ သံယောဇဉ်နှင့် သံယောဇဉ်နိယ သည် အနက်ချင်းမတူ။ သံယောဇဉ်က အနက်တမျိုး၊ သံယောဇဉ်နိယက အနက်တမျိုး ဖြစ်ပါသည်။ အရှင်ဘုရား၊ ဥပမာ တခုဖြင့် တပည့်တော် လျှောက်ထား ပါမည်ဘုရား။ ဥပမာဖြင့် ပြသော် ပညာခေတ်ခံ ရင့်သန်သူတို့သည် ဆိုလိုချက် အနက် သဘောကို ရရှာရှောရှုရှု သိလွယ်ပါကုန်သည် ဘုရား။

"အရှင်သူမြတ်တို့ဘုရား၊ ဥပမာအားဖြင့် နွားနက်တကောင်နှင့် နွားဖြူတကောင်ကို ကြိုးဖြင့်ရှုံး၊ လှုန်ဖြင့်ရှုံး ထမ်းပိုးဖွဲ့ဘဲ၍ ချည်နှောင်ထားသည် ဆိုကြပါစို့၊ ထိုနွားနှစ်ကောင်ကို ကြည့်ကာ

လူတယောက်က နွားနက်က နွားဖြူအား မလှုပ် နိုင်အောင် တုပ်ခနှောင်ထားသည်ဟူ၍ဂုဏ်း၊ နွားဖြူက နွားနက်အား မလှုပ် နိုင်အောင် တုပ်နှောင်ထားသည်ဟူ၍ဂုဏ်း ဆိုခဲ့သော် ထိုသူသည် ကောင်းစွာဆိုသည် မည်ရာပါသလောဟု လျှောက်လေ၏။

"ဒကာကြီး၊ ဤစကားသည် မသင့်စုံး။ နွားဖြူအား နွားနက်က တုပ်နှောင်ထားသည်မဟုတ်။နွားနက်က နွားဖြူအား နှောင်ဖွဲ့ထားသည်လည်း မဟုတ်။ စင်စစ်သော်ကား ထိုနွား နှစ်ကောင်ကို ကြိုးဖြင့်ဂုဏ်း၊လှန်ဖြင့်ဂုဏ်း၊ ထမ်းပိုးဌ နှောင်ဖွဲ့ထား ခြင်းသာဖြစ်ချေ၏။ ကြိုး၊ ထမ်းပိုးသည်သာ နွားနှစ်ကောင် မကွာရအောင်ပြုထားခြင်းဖြစ်၏"ဟု ရဟန်တိုဆိုကုန်၏။

"အိုအရှင်ဘုရားတို့၊ ဤနည်းအတူသာလျှင် ကြိုး၊ ထမ်းပိုး ကား သံယောဇဉ်ဘရားနှင့် အလားတူပါသည်။ နွားနှစ်ကောင် ကား သံယောဇနိယတရားနှင့် အလားတူပါသည်။ သံယောဇန တရားဟူသည်ကား တပ်ခြင်း ရမ္မက်ပါဘုရား။ သံယောဇနိယ တရားဟူသည်ကား ရူးပါရုံနှင့် မျက်စိပါဘုရား။ အကြင်အခါဌ အဆင်းရူပါရုံကိုတပ်မက်၏။ထိုအခါအဆင်းရူပါရုံကို မျက်စိဖြင့် ကြည့်၏။ ထိုအတူ သဒ္ဒါရုံအသံကို တပ်မက်သောအခါ နားဖြင့် နာ၏။ ဂန္ဓာရုံအနံ့ကို တပ်မက်သောအခါ နှာခေါင်းဖြင့်နမ်း၏။ အာရုံခြောက်ပါစလုံး ဤနည်းအတိုင်းပါဘုရား။

"အိုအရှင်ဘုရားတို့၊ အချုပ်ကို ဆိုရပါသော် မျက်လုံး သက်သက်က ရူပါရုံတို့အား နှောင်ဖွဲ့သည်မဟုတ် ဝါ၊ မျက်လုံး သက်သက်သည် သံယောဇဉ် မဟုတ်ပါ။ ရူပါရုံသက်သက်တို့ ကလည်း မျက်လုံးအား နှောင်ဖွဲ့ကြသည် မဟုတ် ဝါ။ ရူပါရုံ သက်သက်တို့လည်း သံယောဇဉ် မဟုတ်ပါကုန်။ ထိုမျက်စိနှင့်

ရူပါရုံနှစ်မျိုးကို စွဲမြဲလျက် အကြင်တပ်မက်ခြင်းသည် ဖြစ်ပေါ်လာ၏။ ထိုတပ်မက်ခြင်းသည်သာသံယောဇနမည်ပါသည်ဘုရား" ဟူ၍ လျှောက်၏။

စိတ္တာသူကြွယ်၏ အဖြေကို ကြားကုန်လတ်သော် ရဟန်းတို့သည် ကောင်းချီးပေးကုန်၏။

"ဒကာကြီး၊ သင်၏ ပညာမျက်စိကား အလွန် သိမ်မွေ့၍ နက်နဲလှစွာသော ဗုဒ္ဓစကားတော်တို့ကို ဘုရားသခင်၏ အလိုတော်ကျအောင် မြင်နိုင်စွမ်းရှိဘိစ့။ ဘုရားသခင်၏ အလိုတော်ကို သိသဖြင့် ဤသို့သော ကိုယ်အဖြစ်ကို သင် ရကောင်းလေစ့။ ဤသို့သော အသက်ရှည်ခြင်းကို သင် အရတော်လေစ့" ဟု ချီးကျူးကုန်သတည်း။

(သံယုတ္တနိကာယ်၊ သဠာယတနသံယုတ် ပါဠိတော်၊ စိတ္တာသံယုတ်။ သံယောဇနသုတ်၊ ၄၇၄၊ ဆဋ္ဌမ)

ပေယျဠိုးစာပေ

(၈)

သမ္မာဒိဋ္ဌိ

အရှင်ကစ္စာနသည် သုစေတသီတဉီးပမာ သဘောတရားရေးရာဌာန် ပိုင်နိုင်အောင် လေ့လာစူးစမ်းလျက်ရှိနေ၏။ ကောင်းသောအမြင် (အမြင်မှန်)သမ္မာဒိဋ္ဌိနှင့် ပတ်သက်၍ ထိတွေ့ရာတွင် ထစ်နေ၏။ ပိုင်နိုင်မှု မရှိလှသေး၊ ဗလုံးဗဒေါထွေးဖြစ်နေဆဲ။ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝံ့ဝံ့ရဲရဲ မဆုံးဖြတ်နိုင်သေးသည့် အဆင့်၌သာ တည်နေသေးဟန် တူ၏။

သို့ကြောင့်ပင် အရှင်ကစ္စာနသည် "ဗုဒ္ဓမြတ်ဘုရားထံ ငါ လျှောက်ကြည့်ဦးအံ့" ဟု တေးထားပြီး ပန်လျှောက်ခွင့် ရရန် ကိုသာ ငံ့လင့်နေခဲ့သည်။

တနေ့သောအခါတွင်မူ အရှင်ကစ္စာနအဖို့ အခွင့်သာလာ၏။ ရှင်ဘော်မြတ်ဘုရားသည် ဇေတဝန်ကျောင်းတော်ကြီးတွင် စံနေတော်မူလျက်ရှိသဖြင့် အရှင်ကစ္စာနသည် မြတ်ဘုရား၏ ထံတော်ပါးသို့ ရိုသေစွာ ချဉ်းကပ်ပြီးလျှင် ဤသို့ လျှောက်ကပ်တော့၏။

"ဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ (အမြင်မှန် အမြင်မှန်)ဟူ၍ သူပြော ငါပြော ဆိုပြောလျက်

ရှိနေကြပါသည်။ ထိုသမ္မာဒိဋ္ဌိဟူသည့် အာဘယ်မျှသော အတိုင်းအတာဖြင့် ဖြစ်ပါသနည်း ဘုရား" ဟု မေးလျှောက်သည်ကို ဗုဒ္ဓမြတ်ဘုရားက ဤသို့ မြွက်ကြားတော်မူ၏။

"ချစ်တပည့်ကစ္စာန၊ သတ္တလောကဟု ဆိုအပ်သော ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် 'အရှိ'နှင့် 'မရှိ' ဤနှစ်ပါးကို မှီတွယ်နေကြ၏။

"ချစ်တပည့် ကစ္စာန၊ အရာခပ်သိမ်းတို့၌ ပြုပြင်စီရင်မှု သဘာဝများ ရှိခဲ့သည်။ ပြုပြင်စီရင်မှု သဘာဝနှင့် မကင်းကြသည်၏ အဖြစ်ကို ဟုတ်မှန်သောအတိုင်း ယထာဘူတ ကျကျ ထက်စွာသော ပညာမျက်စိဖြင့် မြင်ထားသူအား လောက၌ 'မရှိ' ဟူသော အယူ (နတ္ထိကဝါဒ) သည် မဖြစ်။

"ချစ်တပည့်ကစ္စာန၊ အရာခပ်သိမ်းတို့၏ ချုပ်ပျောက်ကွယ်ပျောက်မှု မရှိတော့ဟူသော အဖြစ်ကို ဟုတ်မှန်သောအတိုင်း ယထာဘူတကျကျ ထက်လှစွာသော ပညာမျက်စိဖြင့် မြင်ထားသူအား လောက၌ 'အရှိ' ဟူသော အယူ (အတ္ထိကဝါဒ) သည် မဖြစ်။

"ချစ်တပဲ့တည့် ကစ္စာန၊ များသော်အားဖြင့် ဤသတ္တဝါအပေါင်းကို ဆိုက်ကပ်မှု=ဥပယ၊ စွဲလမ်းမှု=ဥပါဒါန၊ အာရုံ၌စူးဝင် နစ်မြုပ်မှု=အဘိနိဝေသတို့က နှောင်ဖွဲ့ထားကြ၏။

"ချစ်တပည့် ကစ္စာန၊ နာဦးလော့။ စင်စစ် ယထာဘူတကျကျ အမြင်မှန်ရပြီးသော ဤသူအား စိတ်၏တည်ရာ၊ အာရုံ၌စူးဝင်နစ်မြုပ်ရာ၊ ခိုအောင်းရာဖြစ်သော ထိုဆိုက်ကပ်မှု၊ စွဲလမ်းမှုသည် 'ဤကား ငါ့ကိုယ်၊ ဤကား ငါ့ဟာ၊ ဤကား ငါဥစ္စာ' ဟူ၍ ဆိုက်ကပ်ခြင်းလည်း မရှိ။ စွဲလမ်းခြင်းလည်း မရှိ။ ဆောက်တည်ခြင်းလည်း မရှိတော့ချေ။

မည်သည့်အရာပင်ဖြစ်စေ၊ ဖြစ်ခဲ့သော် ဒုက္ခသာ ဖြစ်သည်။ မည်သည့်အရာပင်ဖြစ်စေ၊ ချုပ်ပျောက်ခဲ့သော် ဒုက္ခသာ ချုပ်ပျောက်သည်ဟူ၍ ပြတ်သားစွာ ယုံမှားခြင်း ကင်း၏။ သို့လော သို့လော တွေးတောယုံမှာမှု မဖြစ်လေ။

ဤသမ္မာဒိဋ္ဌိအရှေ့၌ ထိုသူ၏ အမြင်သည် သူပြောလူပြောကို သင်္ဘင်္ယုံကြည်၍ မြင်သော အမြင်မျိုး မဟုတ်။ ယထာဘူတ ကျကျ အမှန်ကိုအမှန်အတိုင်း ကိုယ်တိုင်မြင်သော အမြင်ဖြစ်၏။

"ချစ်တပည့် ကစ္စာန၊ ဤသည်ကား သမ္မာဒိဋ္ဌိ၏ အတိုင်း အတာ ဖြစ်၏။ သမ္မာဒိဋ္ဌိသည် ဤအတိုင်းအတာဖြင့် ဖြစ်သတည်း။

"ချစ်တပည့် ကစ္စာန၊ နာဉီးလော့။ သင်္ခါရမှု 'ပြုဖြစ်'ကို အခြေခြင်းခံ၍ 'အရာခပ်သိမ်းသည် ထင်ရှားရှိ၏'ဟူ၍ ယူခဲ့သော် ထိုအယူဝါဒသည် တဖက်စွန်း ရောက်သွား၏။ တဖန် နိရောဓမှု 'ချုပ်ခပျောက်'ကို ထောက်ရှု၍ 'အရာခပ်သိမ်းသည် မရှိ'ဟု ယူခဲ့ပြန်သော် ထိုအယူဝါဒသည် ဒုတိယတဖက်စွန်း ရောက်သွား၏။

"ချစ်တပည့် ကစ္စာန၊ ဤအစွန်းနှစ်ဖက်သို့ မကပ်ရောက်လေဘဲ အလယ်အလတ် (မဇ္ဈိမပဋိပဒါ) လမ်းစဉ်ဖြင့် ဓါတုရားသည် တရားဟောတော်မူ၏။

မသိမှု=အဝိဇ္ဇာအခြေခြင်းခံခြင်း၌ ပြုပြင်စီရင်မှု=သင်္ခါရတို့ ဖြစ်ကုန်၏။ ပြုစီရင်မှု=သင်္ခါရ အခြေခြင်းခံခြင်း၌ သိမှု=ဝိညာဏ် ဖြစ်ရ၏။ သိမှု=ဝိညာဏ် အခြေခြင်းခံခြင်း၌ နာမရူပ=နာမ်ရုပ် ဖြစ်ရ၏။ နာမ်ရုပ် အခြေခြင်းခံခြင်း၌ တည်ရာ=အာယတန ခြောက်ပါး ဖြစ်ရ၏။ အာယတန ခြောက်ပါး အရင်းခံခြင်း၌

ထိတွေ့မှု=ဖဿဖြစ်ရ၏။ ဖဿ အကြောင်းခံကြောင့် ခံစားမှု=ဝေဒနာ ဖြစ်ရ၏။ ဝေဒနာ အကြောင်းခံကြောင့် တပ်မက်မှု=တဏှာ ဖြစ်ရ၏။တဏှာ အကြောင်းခံကြောင့်စွဲလမ်းမှု=ဥပါဒါန် ဖြစ်ရ၏။ ဥပါဒါန် အကြောင်းခံကြောင့် ဘဝ ဖြစ်ရ၏။ ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေနမှု=ဇာတိ ဖြစ်ရ၏။ ဇာတိ အကြောင်းခံကြောင့် အိုမှု=ဇရာ၊ သေမှု=မရဏ၊ စိုးရိမ်မှု=သောက၊ ငိုကြွေးမှု=ပရိဒေဝ၊ဆင်းရဲမှု=ဒုက္ခ၊နှလုံးမသာယာမှု=ဒေါမနဿ၊ ပြင်းစွာပူပန်မှု=ဥပါယာသတို့ ဖြစ်ကြရ ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်ပေါ်၏။

"ချစ်တပည့် ကစ္စာန မသိမှု=အဝိဇ္ဇာ အကြောင်းမဲ့ချုပ်ငြိမ်းခဲ့သော် ပြုစီရင်မှု သင်္ခါရတို့ ချုပ်ငြိမ်း ကုန်၏။ သင်္ခါရ ချုပ်ပျောက်လျှင် ဝိညာဏ် ချုပ်ပျောက်လေ၏။ ။ဇာတိချုပ်လျှင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ဥပါယာသတို့သည် ချုပ်ကြရကုန်၏။ ဤသို့လျှင် ဆင်းရဲခပ်သိမ်းတို့ ချုပ်ငြိမ်းခြင်း ဖြစ်ကုန်၏"ဟု ဟောတော်မူ၏။

(နိဒါန၀ဂ္ဂသံယုတ် ပါဠိတော်၊ အာဟာရ၀ဂ်၊ ကစ္စာန ဂေါတ္တသုတ်၊ ၂၅၇၊ ဆဋ္ဌမ)

---

(၉)

ဓာတ်ချင်း တူရာတူရာ

မုဆိုးနားနီးလျှင် မုဆိုးဖြစ်၏။ တံငါနားနီးလျှင် တံငါဖြစ်၏။ ဓာတ်ချင်း တူရာတူရာသို့ ကူးစက်သွားခြင်းကြောင့် ဖြစ်၏။

မြန်မာမှုဋ္ဌ အသွင်မတူ အိမ်သူ မဖြစ်။ ဓာဘ်တူနံတူ ဆေးဘက်ပညာ။ သမဏောနှင့် သမဏော၊ ဂဂါဏောနှင့် ဂဂါဏောဟူသော စကားပုံများသည် တူသောဓာတ်သဘာဝချင်း ကူးစက်ပေါင်းဖဲ့ယှဉ်တွဲ၍ နေတတ်ပုံကို ဆိုသောစကားပုံများ ဖြစ်၏။

ယင်းကဲ့သို့ စကားပုံများကို သက်ဆိုင်ရာရာတို့၌ ကြားညှပ်သုံးလေ့ရှိကြ၏။ ဤသို့သုံးခြင်းအားဖြင့် 'ဤဟာနှင့် ထိုဟာ၊ ဤသူနှင့် ထိုသူ၊ ဤအပြုအမူနှင့် ထိုအပြုအမူ၊ ဤအကျင့်နှင့် ထိုအကျင့်' စသည်တို့သည် အချင်းချင်း ဓာတ်သဘာဝချင်း တူညီကြ၍သာ ပေါင်းဆုံ မိကြသည် ဟူသော အဓိပ္ပာယ်ကို သိလွယ်ထင်လွယ် မြင်လွယ်ရခြင်း အကျိုးရှိ၏။

ဗုဒ္ဓမြတ်ဘုရားသည် ယင်းအကြောင်းနှင့် ပတ်သက်၍ ရဟန်းတို့အား အကျယ်တဝင့် ဓာတ်တရားကို ဖွင့်ဆို မြွက်ကြားသွားတော်မူခဲ့ဘူး၏။

မှန်၏။ နေရာကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။ ယင်းရာဇဂြိုဟ်တွင် အဝေးကြည့်လျှင် ဥင်းတကြီး တကောင် နားနေရှာသလားဟု ထင်ရသော တောင်ကြီး တလုံး ရှိ၏။ ထိုတောင်ကို ဥင်းတန့် တူသောကြောင့် ဂိဇ္ဈကူဋ်တောင်ဟု ခေါ်ကြသည်။

ထိုအချိန်တွင် ဂိဇ္ဈကူဋ်တောင်၏ ပတ်ဝန်းကျင်တလျှောက်၌ ရဟန်းတို့၏ သက်နှံးရောင်ဖြင့် တတောင်လုံး ဝါထိန် နေ၏။ ဘုရားသခင်သည် ရဟန်းတို့နှင့် အတူတကွ ထိုတောင်၌ ခေတ္တသီတင်းသုံးနေတော် မူသောကြောင့် ဖြစ်သတည်း။

အရှင်သာရိပုတ္တရာသည် သူပရိသတ်နှင့်သူဘုရားသခင်နှင့်မနီးမဝေးအရပ်တွင် စင်္ကြံသွားနေ၏။ ထိုအတူ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏာ၊ အရှင်ဥပါလိ၊ အရှင် အာနန္ဒာ၊ အရှင်ဒေဝဒတ်တို့သည်လည်း အသီးသီး သူပရိသတ်၊ သူအခြေအရံနှင့်သူ မနီးမဝေး အရပ်တွင် အသီးသီး သူးလာတုံခေါက် စင်္ကြံလျှောက်နေကြကုန်၏။

ဘုရားသခင်သည် တပည့်ကြီးအသီးသီးတို့ စင်္ကြံ သွားနေကြပုံကို ရှုတော်မူပြီးနောက် "ချစ်သားတို့" ဟူ၍ ခေါ်တော်မူလိုက်၏။ ထိုအခါ ရဟန်းတို့က "ဘုရား" ဟူ၍ ထူးကြပြီး အသီးအသီး ဘုရားသခင်ရှေတော်မှောက်သို့ ရှိခိုးလျက် ရောက်လာကြကုန်၏။

ထိုအခါ ဘုရားသခင်က အရှင်သာရိပုတ္တရာရှိရာသို့ လက်ညှိုးညွှန်တော်မူလျက်—

"ချစ်သားတို့၊ ရှုစမ်းကြကုန်။ ဟိုမှာ ရဟန်းများစွာ ခြံရံလျက် စင်္ကြံသွားနေသည့် သာရိပုတ္တရာကို သင်တို့ မြင်ကြကုန်၏လော့။"

"တင်ပါ့ဘုရား။"

"ချစ်သားတို့၊ သာရိပုတ္တရာသည် ပညာကြီး၏။ ၎င်းနှင့်အတူ နေ ရဟန်းအားလုံးတို့သည်လည်း ကြီးသော ပညာရှိကြသူချည်းသာ ဖြစ်ကုန်၏။

"ချစ်သားတို့၊ မောဂ္ဂလာန်သည် တန်ခိုးကြီး၏။၎င်းနှင့်အတူ နေ ရဟန်းတို့သည်လည်း ကြီးသော တန်ခိုး ရှိကြသူချည်းသာ ဖြစ်ကုန်၏။

"ချစ်သားတို့၊ ဟိုမှာ ရှုကြကုန်ဦး။ ကဿပ စကြံ့ သွားနေသည်ကို မြင်ကြ၏လော့။ ကဿပသည် ဓုတင်ဆောင်၏။၎င်းနှင့် နေသူ ရဟန်းအားလုံးတို့လည်း ဓုတင်ဆောင် ရဟန်းချည်းသာ ဖြစ်ကုန်၏။

"ချစ်သားတို့၊ သည်မှာ ရှုကြဦးလော့။ စကြံ့ သွားနေသော အနုရုဒ္ဓါကို မြင်ကြ၏လော့။ အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုဉာဏ်ရ၏။ ၎င်းနှင့် နေသူ ရဟန်းတို့လည်း ဒိစက္ခုကိုရသော ရဟန်းချည်း ဖြစ်ကုန်၏။

"ချစ်သားတို့၊ ထို့အတူပင် ပုဏ္ဏသည် တရားဟောကောင်းသော ဓမ္မကထိက ဖြစ်၏။ သူနှင့် အတူနေကြသော ရဟန်းတို့လည်း ဓမ္မကထိက ရဟန်းများသာ ဖြစ်ကုန်၏။ ဥပါလိသည် ဝိနည်းဓိုရ် ဖြစ်၏။ သူနှင့် အတူ နေကြသော ရဟန်းတို့လည်း ဝိနည်းဓိုရ်ရဟန်းများသာ ဖြစ်ကုန်၏။ အာနန္ဒာသည် အကြားအမြင် 'ဗဟုသုတ'များ၏။ ၎င်းနှင့် အတူနေကြသော ရဟန်းတို့လည်း ဗဟုသုတ ရှိသူချည်း ဖြစ်ကုန်၏။

"ချစ်သားတို့၊ ဟိုမှာရှုဦးလော့။ စကြံသွားနေသော ဒေဝဒတ်ကို သင်တို့ မြင်ကြကုန်၏လော့။ ဒေဝဒတ်သည် လာဘသက္ကာရ အားကြီး၏။ ၎င်းနှင့်အတူနေကြသော ရဟန်းတို့လည်း လာဘသက္ကာရအားကြီးသော ရဟန်းများသာ ဖြစ်ကုန်၏။

"ချစ်သားတို့၊ သတ္တဝါတို့ကား ဓာတ်အားဖြင့် တပေါင်းတည်း၊ တသားတည်း ဖြစ်ကုန်၏။သူယုတ်သည် သူယုတ်နှင့်၎င်း၊ သူတော်ကောင်းသည် သူတော်ကောင်းနှင့်၎င်း တပေါင်းတည်း၊ တသားတည်း ပူးကပ်စပ်နှောရှိ တည်ကုန်၏။

"ချစ်သားတို့၊ အတိတ်ကဖြစ်ခဲ့ပြီး သတ္တဝါတို့သည်လည်း ဓာတ်အားဖြင့် သူယုတ် သူယုတ်ချင်း၊သူတော်ကောင်း သူတော်ကောင်းချင်း တပေါင်းတည်း၊ တသားတည်း ဖြစ်ခဲ့ကုန်ပြီ။

"ချစ်သားတို့၊ အနာဂတ်ဖြစ်လတ္တံ့ သတ္တဝါတို့သည်လည်း ဓာတ်အားဖြင့် လူမိုက် လူမိုက်ချင်း၊ လူလိမ္မာ လူလိမ္မာချင်း တပေါင်းတည်း၊ တသားတည်းဖြစ်ကုန်လတ္တံ့။

"ချစ်သားတို့၊ ပစ္စုပ္ပန်မျက်မှောက်၌ ဖြစ်နေဆဲ သတ္တဝါတို့သည်လည်း ဓာတ်အားဖြင့် လူညံ့လူညံ့ချင်း၊ လူတော် လူတော်ချင်း တပေါင်းတည်း၊ တသားတည်း ဖြစ်ကုန်၏"ဟု မိန့်တော်မူလျှင် ရဟန်းတို့သည်စကြံကြွနေကြသော အရှင်သာရိပုတ္တရာအစ ဒေဝဒတ်အဆုံးရှိသော ကိုယ်တော်ကြီးများဆီသို့ ကြည့်ကာကြည့်ကာနှင့် ရှိနေကြလေသတည်း။

(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဓာတုသံယုတ်၊ စက်မသုတ်၊၃၆၈၊ ဆဋ္ဌမ္မူ)

(၁၀)

အရှင်အာနန္ဒာ၏ အ လေးလုံး

အရေး၊ အဖတ်၊ အတွက် (စာကိုရေးတတ်အောင်၊ ဖတ်တတ်အောင်၊ အတွက်အချက်နားလည်အောင်)ဤရွယ်စူးချက်သုံးမျိုးဖြင့် "စာမတတ်သူများ ပပျောက်ရေး" တိုက်စစ် ဆင်ခဲ့သည်။ နေရာအနှံ့အပြားတို့၌ ပြင်းပြင်းထန်ထန် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ထိုတိုက်ပွဲကို "အသုံးလုံးတိုက်ပွဲ" ဟု အမည်တွင်စေခဲ့သည်။

နိုင်ငံနှင့်အဝှန်း ပညာမတတ်သူ မရှိရလေအောင် တက်သုတ်ရိုက်၍သင်တန်းများပေးကာစာမတတ်သူများအား စာတတ်လာစေသည်။ ဆင်းရဲပင်ပန်းကြီးစွာခံ၍ ပညာမျက်စိကို မပွင့်မချင်း ဖွင့်ပေးသည်။ အသုံးလုံး၏ ထိရောက်အောင်မြင်ချက် သက်သေအဖြစ် ယနေ့ခေတ်တွင် စာအုပ်စာတန်းများ ရိုက်နှိပ်၍မလောက်နိုင်အောင် ဖြစ်လာသောအခြေအနေက ပီပီပြင်ပြင် သာဓကဆောင်လျက်ရှိနေပါသည်။ ဤကား ယနေ့ခေတ်၏ လက်တွေ့သာဓက အသုံးလုံး၏ အနှစ်သာရ ဖြစ်ပါ၏။

ဗုဒ္ဓမြတ်ဘုရား ထင်ရှား ရှိတော်မူစဉ် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ခေတ်ကလည်း ဤ'အသုံးလုံး' ဆန်ဆန် 'အလေးလုံးသင်တန်း'ဟူ၍ ခေါ်တွင်စရာ အလားအလာ ရှိခဲ့ဘူးသည်။ ထိုသင်တန်းကို ဦးစွာပထမ မျိုးစေ့ချလိုက်သော 'အာဒိကမ္မိက' ပုဂ္ဂိုလ်မှာ သာမန် အညတရပုဂ္ဂိုလ်စား ထဲကမဟုတ်ဘဲ တကယ့် ထိပ်ထိပ်ကြဲ၊ ရဲရဲတောက်ဖြစ်သော အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးတို့ဖြစ်ကြောင်းကို အဂုံတွာရန်ကာယ်တွင် အထောက်အထားခိုင်မာစွာ တွေ့ရ၏။ တွေ့ရပုံကား ဤသို့ဖြစ်ပါသည်။

အရှင်အာနန္ဒာနှင့် အရှင်သာရိပုတ္တရာသည် တကျောင်းစီနေကြသည်။အားလပ်ခွင့်ရသောအချိန်များတွင် တရားသဘော ဆွေးနွေးရန် တပါးထံသို့ တပါးက သွားလေ့ရှိသည်။

တခါသော် အရှင်အာနန္ဒာသည် အရှင်သာရိပုတ္တရာထံသို့ ရောက်သွားလေ၏။ ရောက်လျှင် အလွှာပသလွှာပ စကားစမြည် ပြောနေကြရင်းက ပညာသင်ကြားရေးဘက်သို့ စကား'ဆက်' သွား၏။ ပညာကိုအမြန်ဆုံး တတ်မြောက်စေသော နည်းကို အရှင်အာနန္ဒာက စတင်၍ အရှင်သာရိပုတ္တရာအား ဆွေးနွေးကြည့်လေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ ကုသလဓမ္မကို သင့်ယူရာ၌ အဘယ်သို့ သင်ယူလျှင်–

(၁) အမြန်တတ်လွယ်၊ သိလွယ်ပါမည်နည်း။

(၂) အမြန် သင်တန်းပြီးဆုံးပါမည်နည်း။

(၃) များစွာ အမြန်သင်နိုင်ပါမည်နည်း။

(၄) သင်ထားပြီးမျှား အမြန် မေ့မသွား နိုင်ပါမည်နည်း ဟူ၍ အရှင်အာနန္ဒာက "အမြန်တတ်နည်းနိသျည်း" ကိုတီးခေါက် မေးမြန်းကြသည်။

ထိုမေးခွန်းကို အဖြေပေးရန် အရှင်သာရိပုတ္တရာက အရှင် အာနန္ဒာသို့ပင် ပြန်၍ အပ်လိုက်၏။

"ငါ့ရှင် အာနန္ဒာ။ ငါ့ရှင်၏ မေးခွန်းကား ကောင်းဘိစ့။ အမျှားသူငါ သိအပ်၊ သိသင့်၊ သိထိုက်သောအရာ မှန်ပေ၏။ ငါ့ရှင်ကား အကြားအမြင်ဗဟုသုတမျှားသူ ဖြစ်ပေသောကြောင့် ယင်းမေးခွန်း၏အဖြေကို ငါ့ရှင်သာလျှင် ဖြေကြားပါလော့" ဟု တောင်းပန်၏။

အရှင်အာနန္ဒာသည် တောင်းပန်ချက်ကို လက်ခံလိုက်ပြီး သူမေးထားသော မေးခွန်း 'ပညာအမြန်တတ်နည်း နိသျည်း'၏ အဖြေကို ဤသို့ ဖွင့်လိုက်၏။

"ငါ့ရှင် သာရိပုတ္တရာ၊ သင်ယူရာ၌ အမြန် တတ်မြောက်လိုသော်....

(၁) အနက်၌လည်း ကျမ်းကျင်လိမ္မာရမည်။[၁]

(၂) ပါဠိ၌လည်း ကျမ်းကျင်လိမ္မာရမည်။

(၃) အကွရာဗေဒ၌လည်း ကျမ်းကျင်လိမ္မာရမည်။

၁။ "အတ္ထကုသလော၊ ဟောတိ ဓမ္မကုသလော၊ ဗျဉ္ဇနကုသလော၊နိရုတ္တိကုသလော၊ ပုဗ္ဗာပရကုသလော။" အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ အာဃာတဝဂ်။ ခိပ္ပနိသန္တိသုတ်၊ ၁၇၆၊ ဆဋ္ဌမ္ပု)

(၄) သဒ္ဒါဦးလည်း ကျမ်းကျင်လိမ္မာရမည်။
(၅) စကားအဆက်အစပ်၊ ရှေနောက် အစီအစဉ်ဦးလည်း ကျမ်းကျင် လိမ္မာရမည်။

"ငါ့ရှင် သာရိပုတ္တရာ၊ ဤအရည်အချင်းပြ အင်္ဂါငါးရပ်နှင့် ပြည့်စုံသောသူကား ပညာသင်ကြားရာ၌ သူတပါးဆက် အမြန် တတ်လတ်ယ် သိလတ်ယ်၏။ သင်တန်းနိဂုံးအဆုံးသို့ အမြန်ရောက် လတ်ယ်၏။ အနက်၊ အကျရာ၊ ပုဒ်ပါဠိကို ပိုင်နိုင်ထားပြီး ဖြစ်၍ အချိန်တိုတိုနှင့် များများစားစားကို သင်နိုင်၏။ ရှေစကားနှင့် နောက်စကား ဆက်စပ်မိခြင်း ရှိ၍ မည်သည့်အခါမှ မေ့ပျောက် သွားတော့မည်လည်း မဟုတ်"ဟု ဖြေလိုက်၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် အရှင် အာနန္ဒာအား လှိုက်လှိုက်လဲလဲ ချီးကျူးခြင်း ပြုလေ၏။

"အို အရှင်ကောင်းတို့၊ အံ့ဘွယ်ကောင်းဘိစ့။ အို အရှင် ကောင်းတို့၊ မဖြစ်စဘူး၊ မကြားစဘူး ထူးကဲစွာ ဖြစ်ဘိစ့။ အရှင်အာနန္ဒာကား စံပြုနည်းယူထိုက်သော အဖိုးတန် စကားကို မြွက်ကြားနိုင်ဘိသည် တကား။ ယနေ့မှစ၍ အရှင်အာနန္ဒာအား သူ မြွက်ကြားဖြဆိုလိုက်သည့် 'အမြန်တတ် အင်္ဂါငါးရပ်'နှင့် ပြည့်စုံသောသူဟူ၍ ငါတို့ မှတ်ယူကြကုန်တော့အံ့"ဟု ချီးကျူး လေသတည်း။

(အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ အာဃာတဝဂ်။
ခိပ္ပနိသန္တိသုတ်၊ ၁၇၆၊ ဆဋ္ဌမ)

စပယ်ဦးစာပေ

(၁၁)

အရှင်သာရိပုတ္တရာ ဦးခေါင်း ရိုက်ခွဲခံရခြင်း

စုံတောမြို့ခြောင်၊ သည်လျှိုမျောင် စခန်းကား သူတို့ သွားလမ်း လာလမ်း ဖြစ်နေသည်။ တအုပ်ပြီးတအုပ်၊ တသုတ်ပြီးတသုတ် ခိုအုပ်ကြီးများသည် သည်လျှိုမျောင် တဝိုက်တွင် ပျံသန်းရှင်မြူးကာ ပျော်ပိုက်လျက် ရှိနေကြသည်။ ခိုဖြူ၊ ခိုဝါတွေ လွန်စွာ ပေါသည့် တောပေတကား။

ခိုငှက်များး ပေါသည်ကို အကြောင်းပြု၍ ကပေါတကန္ဒရ မည်သော ချောက်၊ သို့မဟုတ် လျှိုမျောင်အချပ်ချပ် ထူထပ် ပေါများလှသော 'ချောင်' မည်သော အရပ်တွင် အခါတပါး၌ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် ရဟန္တာအရှင်မြတ်ကြီး နှစ်ပါး တောရဆောက်တည်၍ နေကြ၏။

လဆန်းရက်ချိန်၊ ပြက္ခဒိန်တွေနေ့၏ ညအခါတွင် အရှင်သာရိပုတ္တရာသည် လွင်တီးခေါင်အရပ်၌ ဈာန်သမာပတ် ဝင်စားနေ၏။ ကမ္မဋ္ဌာန်းကိစ္စ ဗာဟိရများပြားမှုကြောင် ဆံတော်ပယ်ရမည်ကိုပင် သတိရတော် မမူလေသဖြင့် အရှင်သာရိပုတ္တရာ၏ ဆံကေသာတို့မှာ အတော်ကလေးပင် ရှည်နေပြီ ဖြစ်၏။

၈ပယ်ဦးစာပေ

ထိုသို့ ခိုချောင်တွင် တောရဆောက်တည်နေခိုက် ထိုနေရာသို့ ခရီးသွားလေ့သည့် ဘီလူးနှစ်ကောင် ရောက်လာသည်။ သူတို့သည် ဤဒေသသို့ ရွယ်စူး၍ လာခြင်းကား မဟုတ်။ မြောက်အရပ်မှ တောင်အရပ်သို့ ခရီး ထွက်လာကြစဉ် ဤနေရာသို့ ရောက်လာကြခြင်း ဖြစ်၏။

လဆန်းပက္ခ၏ လသည် သာသည်ဆိုရသော်လည်း လွန်စွာ အားနည်း လှသေး၏။ မှုန်ဝါးဝါးနှင့်သာ ရှိနေသည်။ အရှင် သာရိပုတ္တရာသည် မှုန်ဝါးဝါး လရောင်ရိပ်တွင် တိတ်ဆိတ်စွာ စျာန်ဝင်စား နေတော် မှုသည်ကို ထို ဘီလူး နှစ်ယောက်က ဘွားကန့် တော့လေ၏။

"အဆွေ၊ ဤရဟန်း၏ ဦးခေါင်းကို ငါ ရိုက်ခဲ့လိုက်အံ့။"

ဘီလူးတကောင်က သူ့အဖော်ကို လက်ဟန်၊ခြေဟန်၊ရိုက်မည့် ဟန်ဖြင့် ပြောလျှင်ကျန်ဘီလူးက ထိုဘီလူး၏လက်ကို ဆုတ်တရက် ဆွဲလိုက်ပြီး....

"မလုပ်ပါနဲ့ ငါ့ကိုယ့်လူ၊ မတော်ပါဘူး၊ မလုပ်ကောင်းဘူး၊ သူ့ဖာသာသူ နေသည်ကို ဘောက်မဲ့ကြောင့် နှိပ်စက်ချင်သတုန်း၊ ထိုရဟန်းကား အလွန် တန်ခိုးကြီးလှသည် တကား။"

ဤသို့လက်ကို ဆွဲထား၍တားသော်ငြားလည်း ထိုဘီလူးကား လက်ယား နေဟန် တူ၏။ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို နှစ်ကြိမ်အထိ ရိုက်ခဲ့ရန် ချိန်သည်၊ ရွယ်သည်၊ အားထုတ်သည်၊ ကြိုးစားသည်။

သို့သော် အဖော်ဘီလူး၏ တားမြစ် ချက်ကြောင့် သုံးကြိမ် တိုင်တိုင် အထမြောက်ခြင်း မရှိ။ လေးကြိမ် မြောက်သောအခါ ဌ်ကား ထိုဘီလူး မိုက်အား တား၍ မရတော့ချေ။ အရှင်

သာရိပုတ္တရာ၏ ဦးခေါင်းကို ဒေါင်ကန် ရိုက်ခဲ့လိုက်လေသတည်း။ ရိုက်ချက်ဒဏ်ကား လွန်စွာ ပြင်းထန်လှ၏။ လူသား၏ ဦးခေါင်းမျှလောက်ကို မဆိုထား၊ ဘီ၊ တောင်ကြီးမျှားသော်မှပင် ဘီလူး၏ လက်ချက်ဖြင့် ထက်ခြမ်း ကွဲသွားမတတ်။ ဤရွှ ဤမျှအထိ ပြင်းထန်လှဘိ၏။

သို့သော် အရှင်သာရိပုတ္တရာအား ထိပါးမိခြင်း မရှိလေဘဲ ဘီလူးတကိုယ်လုံး မီးပုံကြီးထဲသို့ဝမ်းစိုက်၍ ကျသွားလေသလား မပြောတတ်။

"အမယ်လေးဗျ၊ ပူတယ်၊ ပူတယ်၊ ပူလှချေရဲ့၊" အသံကုန် ဟစ်ကြွေးနေဆဲမှာပင် ထိုဘီလူးကား အရှင်လတ်လတ် ငရဲသို့ ကျသွားလေ၏။

ထိုအခါနှင့် အရှင်မောဂ္ဂလာန်သည် အခြား တနေရာတွင် အရှင် သာရိပုတ္တရာကဲ့သို့ပင် တရား အားထုတ်နေလေရာ၊ ထို အခြင်းအရာကို ဒိဗ္ဗစက္ခုဖြင့် မြင်လေသည့်အတွက် ချက်ချင်းပင် ကမ္ဘာ့ဘုန်းထိုင်ရာက ထကာ အရှင်သာရိပုတ္တရာထံသို့ ပြေးလာလေသည်။

အရှင်သာရိပုတ္တရာကား မတုန်မလှုပ် ကျောက်ထုရုပ်ပမာ မြေကမ္ဘလာပေါ်၌ ငြိမ်သက်စွာပင် ရှိနေ၏။ ပျာရီးပျာရာနှင့် အရှင်မောဂ္ဂလာန် ရောက်ရှိလာပြီး....

"ငါ့ရှင် သာရိပုတ္တရာ၊ ကျွန်းခန့်သာတော်မူပါစ။ အရိယာပုထုဇဉ်များ မျှတပါစ။ ဆင်းရဲခြင်းမှ ကင်းပါစ" ဟု မေးတော်မူလေမှ အရှင်သာရိပုတ္တရာသည် အရှင်မောဂ္ဂလာန်အား ရှန်းရှန်းစားစား ကြည့်လျက်....

"ငါ့ရှင် မောဂ္ဂလာန်၊ ကျွန်းခန့် သာပါ၏။ မျှမျှတတ ရှိပါ၏။ သို့သော် ခေါင်းထဲက အတန်ငယ် မူးသလိုလို ဖြစ်နေသည်။ မဖြစ်စလောက် ဤသည့် ဝေဒနာကလေး တော့ဖြင့် ဂျီပေ၏ ငါ့ရှင်။"

အရှင်မောဂ္ဂလာန်သည် ဘီလူးက အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို တင်းဘုတ်ကြီးဖြင့် တအား ရိုက်လိုက်သည်ကို မြင်လိုက်သဖြင့် သူ့စိတ်တွင် စိစိညက်ညက် ကျေသွားလိမ့်မည် ထင်ဟသောကြောင့် စိုးရိမ်တကြီးဖြင့် မေးသည်တွင် "ဘာမှမဖြစ်ပါဘူး" ဟူသောစကားကို ကြားရသောအခါ မျှားစွာ အံ့အား သင့်သွားလေသည်။

"ငါ့ရှင် သာရိပုတ္တရာ၊ အံ့ဘွယ်ရှိစွ။ မဖြစ်စဘူး ထူးဘိစ့။ ငါ့ရှင်ကား တန်ခိုးဣဒ္ဓိပါဒ်ကြီးသောအရာတွင် အံ့ဘွယ်ရှိပေစ့။"

ဤသို့ ချီးကျူးရင်း ဘီလူး၏အပြုအမူ မကောင်းဆိုးဝါး သတင်းကို အရှင်သာရိပုတ္တာအား ပြောပြလျှင် ဤတွင်မှ အရှင်သာရိပုတ္တာလည်း အံ့အားသင့်သွား၏။

"ငါ့ရှင် မောဂ္ဂလာန်၊ ငါ့ရှင်၏တန်ခိုးသည်လည်း အံ့ဘွယ်ရှိစ့။ ဘီလူးကို စင်လျက် မြင်နိုင်စွမ်း ရှိပေ၏။ ငါတို့ကား မြေဘုတ်ဘီလူးကြီးကိုသော်မှပင် မြင်နိုင်စွမ်း မရှိကြပါကုန်" ဟု ဆို၏။

ထိုအခါနှင်တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျက်မှ ထိုအရှင်နှစ်ပါးတို့၏ အချင်းချင်း ပြောဆိုသောစကားကို အထူး ကြည့်လင်သော ဒိဗ္ဗသောတ

နားဖြင့် ကြားတော်မူလတ်သော် ဤသို့ ဥဒါန်းကျူးတော်မူသတည်း။

အကြင်သမဏအား၊ ဝါ၊ အကြင်သမဏဖြစ်သူ၏ စိတ်သည် ကျောက်တောင်ကြီးကဲ့သို့ ကြံခိုင်စွာတည်၏။ ထိုသမဏသည် စိုးစဉ်းမျှ တုန်လှုပ်ခြင်းမရှိ။ တပ်နှစ်သက်ဖွယ်၊ မက်မောဖွယ်၊ စုံမက်ဖွယ် အာရုံတို့၌ တပ်ခြင်းကင်း၏။ ခုံမင်နှစ်သက်မက်မောခြင်း စိုးစဉ်းမျှ မဖြစ်။ ဒေါသအမျက်ဖြင့် မိမိအား တိုက်ဖျက်လာသူ တို့ကို တုံ့ပြန်၍ အမျက်ထွက်ခြင်းမရှိ။ အကြင်သမဏသည် စိတ်ကို ဤသို့ ကြံခိုင်စွာ ပွားများထား၏။ ထိုသမဏ ထံသို့ ဆင်းရဲဒုက္ခသည် အဘယ်ကြောင့် ရောက်နိုင်၊ ချဉ်းကပ်နိုင်တော့မည်နည်း။

(ခုဒ္ဒကနိကာယ်၊ဥဒါန်းပါဠိတော်၊ယက္ခပဟာရသုတ်၊ ၁၂၂၊ဆဋ္ဌမူ)

(၁၂)

အရာခပ်သိမ်းကို လွှမ်းမိုးနေသောအရာ

အကြောင်းအရာတခုကို တွေးကြံ၊ စဉ်းစား၊ စူးစမ်းလိုသော ဆန္ဒသည် လူဆန္ဒဖြစ်၏။ အဖြေ တွေ့အောင် ရှာကြ၊ ဖွေကြ၊ လိုက်စားကြသည်။ အလေ့အထပြု၍ သုတေသန လုပ်ကြသည်။

ဤသို့ သုတေသနပြုခြင်းသည် ကောင်း၏။ သုတမယဉာဏ်ကို ပွားစေခြင်းပင်တည်း။အမှန်တရား ထုတ်ပေါ်လာရေး စိန်ခေါ်မယဉာဏ်အတွက် ရောင်ခြည်ဦး မြူးသန်းခြင်းဟူ၍ပင် ဆိုထိုက်သည်။ ဆိုနိုင်ပါသည်။

သုတေသန သန်းခေါင်စာရင်းတွင် လူတွေလည်း ပါ၏။ နတ်တွေလည်း ပါကြ၏။ ဗြဟ္မာတွေလည်း ပါကြ၏။ ထို လူ၊ နတ်၊ ဗြဟ္မာဟု ဆိုအပ်သော သတ္တဝါတို့ကား အသိဉာဏ်၊ ဦးနှောက် ပါရှိသူများ ဖြစ်ကြသည့်အလျောက် မိမိတို့၏ ဉာဏ်ဦးနှောက်ကို အလကား ထားလေ့မရှိကြ။ သိချင်သောအရာကို သိရမှ ကျေနပ်လေ့ရှိသည့်အတိုင်း တွေးကြ၊ ခေါ်ကြ၊ ကြံစည်ကြကုန်သည်။

"လူနှင့် တဖြည်းဖြည်း နီးနီးလာသောအရာကား အဘယ်နည်း။ လူနှင့် တဖြည်းဖြည်း ဝေးဝေးသွားသော အရာကား ဘယ်ဟာပါလိမ့် ဟူ၍ငင်း၊ လောကဓာတ် ထက်ဝန်းကျင်၌ အကြီးဆုံးသောအရာကား ဘယ်ဟာ၊ အငယ်ဆုံးသောအရာကား ဘယ်သင်း ဟူ၍ငင်း၊ အဘယ်အရာက ကမ္ဘာကို လွှမ်းမိုးနေလေသနည်း။ အဘယ်အရာက ကမ္ဘာသူ ကမ္ဘာသား တို့အား တုတ်ဘုတ်မျှ မလှုပ်နိုင်အောင် ချုပ်ကိုင်ထား လေသနည်း" ဟူ၍ငင်း တအုံနွေးနွေးဖြင့် အတွေးနယ်ကျံနေကြသည့်အထဲတွင် လူလည်း မရှာ၊ နတ်လည်း မရှာ၊ ဗြဟ္မာလည်း မရှာလု။

မှန်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ခန့် အခါနှင်ကအတွေးနယ်ကျံနေသူ နတ်များရှိခဲ့ဘူးသည်။ နတ်သား တဦးကဆိုလျှင် သူမှာ ဖြစ်ရှိနေသော ပြဿနာကြီးကို တပိုက်ပိုက်နှင့် အဖြေထုတ်လိုထုတ်ငြား ဆရာ့အကူကို မယူလေဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် နက်နက်နဲနဲ တွေးခဲ့၊ ကြံခဲ့ဘူး၏။ သို့သော် ကာလသာ နှောင်းခဲ့သည်။ အဖြေကား ထုတ်မလာခဲ့။ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးကြံ၍ မရသည့်အဆုံးတွင် ထိုနတ်သားသည်၊ စိတ်နှလုံးကို ဒုံးဒုံးချကာ နေရာမှထ၍ ဦးခေါင်းငိုက်စိုက်နှင့် ထုတ်လာခဲ့သည်။

ထိုအခါနှင်မှာ ညဉ့်သန်းခေါင်ယံအခါန် ဖြစ်၏။ ဘုရားသခင် သီတင်းသုံး နေတော်မူရာ ဇေတဝန် ကျောင်းတော် ကြီးသည် ညဉ့်လွှာရုံ အောက်သို့ ရောက်ရှိနေ၏။ လောကဓာတ် ထက်ဝန်းကျင် မှာလည်း ငြိမ်သက်၊ တိတ်ဆိတ်ကာ အိပ်မောကျသကဲ့သို့ ရှိနေ၏။ မှောင်ထုအောက်တွင် အရာခပ်သိမ်းတို့သည် ဖြတ်သားခြင်းမရှိ။မှုန်ဝါးဝါးသာ ဖြစ်နေကုန်၏။

ထိုညဉ့်သန်းခေါင်ယံအချိန်တွင် ရုတ်တရက် လင်းထိန်လာသဖြင့် ဇော်ကျောင်းတော်ကြီးမှာ အဖေးသား ပေါ်လာပြီး ကျောင်းတော်၏ရှေ့တွင် ထိုနတ်သားကိုတွေ့ရ၏။ ကျောင်းတော်လေ့ကားဦးအရောက်တွင် ဘုရားသခင့် ထံတော်သို့ဝင်ရန် အခါအခွင့်ကို လင့်နေဟန်တူ၏။ ယောင်လည်ယောင်လည်နှင့် ဖြစ်နေသည်။

ထိုနေ့က် ထိုနတ်သားသည် မိမိရင်တွင်းဝယ် မရှင်းမရှင်းလိပ်ခဲတင်းလင်း ဖြစ်နေသည့် ပြဿနာထုပ်ကြီးကို ပိုက်လျက် ကျောင်းတော်ပေါ်သို့ တက်သွားပြီးနောက် လက်အုပ်ချီ၍ ဘုရားသခင့်ရှေတော်သို့ ဝင်ပြီးလျှင်ပြဿနာထုပ်ကြီးကို ဖွင့်ကာ ဘုရားသခင်အား မေးလျှောက်ခြင်း ပြုလေ၏။

နတ်သား မေး။ ။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ၁။ ဤကမ္ဘာလောကကြီးတွင် သက်ရှိသက်မဲ့အားလုံးကိုအဘယ်အရာက လှုပ်မိုးပါသနည်း။ ၂။ အဘယ်ထက် လွန်ကဲသောအရာ မ့ရှိပါသနည်း။ ၃။ အဘယ်အရာတခု၏အလိုသို့ သက်ရှိသက်မဲ့အားလုံးတို့က လိုက်လျော နေကြရပါသနည်း ဘုရား။

သန်းခေါင်ယံအချိန် ရဟန်းသံဃာတော်များ ကျိန်းစက်တော် မူနေကြစဉ် ဘုရားထံဝင်၍ ဤသို့ မေးမြန်း လျှောက်တင်လေ၏။

ဘုရားသခင်တို့မည်သည် အကြောင်းထူးထွေ ရှိခဲ့ချေသော် သိတော်မူလျက်နှင့်လည်း မေးတော်မူလေ့ရှိ၏။ ပြဿနာပြု၍ မေးလျှောက်လာသော်ငြားလည်း ယင်းပြဿနာအတွက် အကျိုး

မရှိ၊ အမြတ်အစွန်းမထုတ်ခဲ့သော် ထိုပြဿနာကို ဖြေတော်မူလေ့မရှိ။ ဤကား ဗုဒ္ဓမဟာဖြစ်ပေ၏။

အကာလ ညဉ့်အခါတွင် မေးလျှောက်လှာသော ထိုနတ်သား၏ မေးခွန်းကို ဖြေဆိုတော်မူသည်ကို ထောက်ခြင်းအားဖြင့် ထိုပြဿနာ၏အဖြေမှာ ကမ္ဘာသူ၊ကမ္ဘာသားအားလုံးတို့ အတွက် အကျိုးသက်ရောက်စေသောအဖြေဖြစ်သောကြောင့် အောက်ပါအတိုင်း ဖြေကြားတော်မူလေ၏။

ဗုဒ္ဓ ဖြေ။ ။ငါ့ထံမှောက်သို့ သိလိုရေးနှင့် မေးလျှောက်လာငြား အို ဒါယကာနတ်သား၊ ၁။ ဤကမ္ဘာ လောကကြီးတွင် ချိရှိသမျှ သက်ရှိသက်မဲ့ အရာအားလုံးကို လွှမ်းမိုးထားသည်ကား ခေါ်တွင်စရာ အမည်သညာဟု ဆိုအပ်သော နာမသာလျှင် ဖြစ်ချေ၏။ ၂။ ထိုထိုခေါ်တွင်စရာ နာမည်ထက် လွန်ကဲသော အရာမည်သည်လည်းမရှိ။ ၃။ တခုတည်းသာ ဖြစ်သောထိုနာမ်၏ အလိုသို့ ကမ္ဘာနှင့်ချီ၍ သက်ရှိ၊သက်မဲ့အားလုံးတို့က လိုက်လျောကြကုန်၏ဟု မြွက်ကြားတော်မူ၏။

ထိုအခါ ထိုနတ်သားသည် “ငါ့ လျှောက်ထားချက်ကို ဘုရားသခင် လက်ခံ ခွင့်ပြုတော်မူပြီ”ဟု ဗုဒ္ဓ မြတ်ဘုရားအား ချီသေစွာ ရှိခိုးပြီးလျှင် ထိုနေရာမှ ကွယ်လေ၏။

(အမည် သညာခေါ်သော နာမ်မှု လွတ်သည့် သတ္တဝါ၊ သစ်ါရ မရှိ။ အမည် မဲ့သော လူ၊ မြို၊ ရွာစသည် မရှိ၊ လူတိုင်း

လူတိုင်း၊ရွာတိုင်း ရွာတိုင်း၊ မြို့တိုင်း မြို့တိုင်းကို နာမ်က လွှမ်းမိုး ကြီးစိုးနေ၏။ အရာခပ်သိမ်းတို့အပေါ်တွင် နာမ်လောက် လွှမ်းမိုး သောအရာ မရှိ။ အရာခပ်သိမ်းတို့သည် နာမ်အောက်သို့ ကျရောက် ကြရသည်ချည်း ဖြစ်၏။ နဲ့ာမ်ထက် ပိုကဲ သာလွန်သောအရာ ကမ္ဘာမှာ မရှိဟု ဆိုခြင်းပင်တည်း။)

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊ နာမသုတ်၊ ၃၆၊ ဆဋ္ဌမှု)

သိပ္ပံ

သိပ္ပံသည် အရေးကြီးသော အတတ်ပညာတရပ် ဖြစ်၏။ ရှေးနိုတိ ဆရာကြီးတို့သည် သိပ္ပံနှင့် ပတ်သက်၍ နိတိဆောင်ပုဒ်ပေါင်း များစွာတို့ကို ထုတ်၍ ထားခဲ့ကြသည်ကို ထောက်ခြင်းအားဖြင့် လောကီလူသားတို့အဖို့ သိပ္ပံသည် အဘယ်မျှ အရေးကြီးကြောင်း သိသာနိုင်၏။

သိပ္ပံ-လက်မှုပညာ အစရှိသော အတတ်နှင့်။ သမံ-တူမျှသော။ ဓနံ-ဥစ္စာ မည်သည်။ နတ္ထိ-မရှိ။ ဥစ္စာတို့တွင် အတတ်ပညာ ဥစ္စာသည် အမြတ်ဆုံးဟု ဆိုခြင်းပင်တည်း။

တဖန် အသိပ္ပသ-အသက်မွေးဝမ်းကျောင်းမှု၊ အားကိုးပြု စရာ အတတ်ပညာတခုမျှ မရှိသူအား။ ဓနံ-ဥစ္စာသည်။ ကုတော အတ္ထိ-အဘယ်မှာ ရရှိနိုင်ပါမည်နည်း ဟူ၍ ဥစ္စာစီးပွား ရရှိ ဖြစ်ထွန်းမှုတွင် သိပ္ပံသာ အဓိကဖြစ်ကြောင်းဖြင့် ရည်ညွှန်းချက် မျှားမှာလည်း အထင်အရှားပင် ရှိပြန်ချေ၏။

မင်္ဂလာတရားတော်၌လည်း သိပ္ပဉ္စ-လက်မှုပညာ အစရှိသော ထိုထို ဤဤ အလိလိသော အသက်မွေးဝမ်းကျောင်း ပညာရပ် မျှားကို တတ်ရခြင်းသည် မင်္ဂလံ-မင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်ဘုရား

ကိုယ်တိုင် မြှက်ကြားတော်မူချက်များလည်း အထင်အရှားပင် ဖြစ်သည်။

ထိုသိပ္ပံပညာတရပ်ရပ်ကို ဟုတ်တိပတ်တိ တတ်မြောက်ထားလျှင် ရာသက်ပန် အားကိုးရ၏။ပူပန်ကြောင့်ကြဘွယ်မရှိ။ထို့ကြောင့်ပင် "အတတ်ပညာတခုခုကို မလုပ်ချင်လျှင်နေ၊ တတ်ထားလျှင် ကောင်းသည်"ဟု ဆိုစမှတ် ပြုကြကုန်သတည်း။

ပညာသင်ကြားလျှင် တတ်တတ်တူတူ တတ်ပါမူ ထိုအတတ်က လူကိုအကျိုးပြုနိုင်မည် ဖြစ်သောကြောင့်၊မစိုမပို့တတ်ယောင်ကား ပညာမျိုး မဖြစ်စေဘဲ ပိုင်ပိုင်နိုင်နိုင် ပညာကို အခြေခိုင်အောင် သင်ကြားကြရသည်။

ပညာသင်ကြားရာ၌ ရှေးက သင်နည်းမှာ နှေးခြင်း၊ မြန်ခြင်း သည် အကြောင်းမဟုတ်။ နှေးချင်နှေးစေ၊ အသက်မွေးဝမ်း ကျောင်းမှု ပြုနိုင်လောက်အောင် တကယ် တတ်တတ်တူတူ တတ်မြောက်ရေးကိုသာ ရှေးရှု သင်ကြားလေ့ရှိကြ၏။ ရက်တို့ သင်တန်းမဟုတ်ဘဲ၊ ရေရှည်သင်တန်းဝယ် အဖြစ်ဖြင့် ခြေခြေ မြစ်မြစ် ရှိအောင် သင်ကြားကြရ၏။

ထိုထို အတတ်သိပ္ပံများသည် လူတို့ အသက်မွေးမှု အတွက် အသုံးချအပ်သောကြောင့် လူမှုကိစ္စဖြစ်၍ လူနှင့်သာ သက်ဆိုင် သည့် ပညာရပ်များ ဖြစ်ကုန်၏။ ရဟန်းတို့အတွက် မဟုတ်ကုန်။

သို့သော် ရဟန်းတော်များသည် ပရိဝေဏ်ဝိဓိ လူတည်းဟူသော သူတပါးကို မှီ၍ အသက်မွေးကြရသူများ ဖြစ်သောကြောင့် လူနှင့် ကင်းနိုင်ကြသည် မဟုတ်ကုန်။ လူနှင့် မကင်းသောကြောင့်လည်း လူနှင့်ပတ်သက်ရာ ပတ်သက်ကြောင်းတို့ကို ရံဖန်ရံခါ

စကားစပ်မိတတ်ကြကုန်၏။ ရဟန်းတို့နှင့် မဆက်ဆံသော လူသိပ်ပံစကားသည် ရဟန်းတို့၏ အကြားသို့ ရောက်လာတတ်၏။

မှန်ပါသည်။ အချိန်မှာ ဆွမ်းစားပြီးချိန် ဖြစ်၏။ ဇေတဝန်ကျောင်းတိုက်ကြီး အတွင်း၌ အချို့ ရဟန်းတော်များသည် ဆွမ်းစားပြီး၍ သပိတ်ဆေးနေကြကုန်ဆဲ၊ အချို့က ဆွမ်းစားကျောင်း၌ တံမြက်လှဲနေကြဆဲ၊ အချို့တို့ကမူ 'မဏ္ဍလမာဠ' ခေါ်သော သံဃာ့အစည်းအဝေးကျင်းပရာ ခန်းမဆောင်ကြီးသို့ ရောက်ရှိနေကြလေပြီ။

ထိုရဟန်းတို့သည် နံနက်ခင်း အချိန်က သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံခဲ့စဉ် အတတ်သိပ်ပံ တခုခုကို အမှီပြု၍ လူတို့ လုပ်ကိုင်နေကြပုံကို အာရုံပြုကာ စိတ်ဝင်စား လာခဲ့ကြဟန် တူ၏။ သို့ကြောင့်ပင် ရပ်စကား၊ ရွာစကားသည် ကျောင်းသို့တိုင်အောင် ပါလာခြင်း ဖြစ်တန်ရာသည်။

စည်းဝေးခန်းမဆောင် အတွင်းတွင် တဖြည်းဖြည်း သံဃာများ ပြည့်မခလာက် ရောက်ရှိ လာချိန်တွင် ၎စကားသည် သံဃာ့ကြားသို့ ထိုးဖောက် ဝင်ရောက်လာ၏။ အဘယ်ပုဂ္ဂိုလ်က မြက်ဆို ဟစ်ကြွေးလိုက်သည် မသိ၊ အသံတခုသည် သံဃာတော်များ၏ နားတွင်းသို့ ဆုပ်သွင်းလိုက်သလို—

"အို အရှင်သူမြတ်တို့၊ ဤသံဃာ့ ပရိသတ် ဘောင်တွင် အဘယ်အရှင်သည် သိပ္ပံအကြောင်းကို ကောင်းကောင်း သိပါသနည်း။ အဘယ်ကိုယ်တော်သည် အဘယ်သိပ္ပံပညာကို သင်ခဲ့ဘူးပါသနည်း။ သိပ္ပံပညာရပ်ထဲတွင် အဘယ် ပညာရပ်သည် မြတ်ပါသနည်း။"

သံဃာ့ပရိသတ်ကြားမှု ပဲ့တင်ထပ်၍ ထွက်လာသော ထိုပုစ္ဆာစကားခြောင့် ရဟန်းတို့သည် လှုပ်လှုပ်ရှားရှား ဖြစ်လာကုန်၏။ အချို့က လည်တိုင်ကိုဆန့်လျက် ပုစ္ဆာရှင်ကို ရှာသော မျက်လုံးဖြင့် ပရိသတ်ကို သုံးသပ်ကြည့်ရှုကြကုန်၏။ အချို့က "ဘယ်ဒေါင့်က အဖြေ ထွက်လာမည်နည်း" ဟူ၍ မျှော်တလင့်လင့် အာရုံစွဲလျက် ရှိနေကုန်၏။

ဒေါင့်တဒေါင့်မှ ရှုရဟန်းတစုကထ၍ ရှေးဦးစွာ ဖြေကြလေပြီ။ "အတတ်ပညာရပ်တို့တွင် ဆင်စီးခြင်း အတတ်သည် အမြတ်ဆုံး" ဟု ဆို၏။ အချို့က မြင်စီးခြင်း အတတ်သာ အမြတ်ဆုံးဟု ဖြေကြသည်။ အချို့ကရထား၊ကို အနွေးအမြန်ကို လိုသလို ရရှိအောင် မောင်းခြင်းအတတ်သာ အမြတ်ဆုံးဟု တင်ပြကြသည်။

အချို့ကလည်း လေမြွားအတတ်သာ အမြတ်ဆုံးဟူ၍၎င်း၊ အချို့က သံလျက် အတတ်သာ အမြတ်ဆုံးဟူ၍၎င်း၊ အချို့က ဂဏန်းသင်္ချာအတတ်သာ အမြတ်ဆုံးဟူ၍၎င်း၊အချို့က ဧရသင်းမှုတ်ခြင်းအတတ်သာ အမြတ်ဆုံးဟူ၍၎င်း၊ အချို့က စာရေးခြင်းအတတ်သာ အမြတ်ဆုံးဟူ၍၎င်း၊ အချို့က ကဗျာအတတ်သာ အမြတ်ဆုံး ဟူ၍၎င်း၊ အချို့က တံခါးမှုးအတတ်၊ သို့မဟုတ် စကားပြန် အတတ်သာ အမြတ်ဆုံးဟူ၍၎င်း အသီးအသီး မိမိတို့၏ အယူအဆကို တင်ပြ ဖြေဆိုကြကုန်၏။

ဤသို့ သိပ္ပံပညာရပ်နှင့် ပတ်သက်၍ အမြတ်ဆုံး သိပ္ပံကို သံဃာ့သဘင်၌ တင်ပြဆွေးနွေးကြရာ အချိန်မှာ ညနေစောင်းသွားသည့် တိုင်အောင် တိကျသော အဖြေ၊ အားရ ကျေနပ်လောက်သော အဖြေကား မထွက်လာသေး။

ထိုခဏဝယ် သံဃာအားလုံးသည် ရုံးကနဲ လက်အုပ် ချီလိုက်ကြရာ သံဃာတို့ မျက်နှာမူရာဘက်မှ ဘုရားသခင် ကြွစင်တော်မူလာပြီး ခင်းထားအပ်သော နေရာတွင် ထိုင်တော် မူရင်းမှ "ချစ်သား ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့လည်း တညီတညွတ်တည်းပင် "အရှင်ဘုရား" ဟု ထူးကြကုန်၏။ "ငါကြွမလာခင် စပ်ကြားဥ သင်တို့ အဘယ်စကားဖြင့် ဆွေးနွေးနေကြကုန်သနည်း။ သင်တို့ဆွေးနွေးဆဲ၊ မပြီးမပြတ် ရပ်ထားလိုက်သော စကားမှာ အဘယ် စကားနည်း" ဟူ၍ မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က သိပ္ပံအကြောင်းကို ဆွေးနွေးနေကြပါကြောင်း လျှောက်ကုန် လတ်သော် ရဟန်းတို့အား ဤသို့ မြွက်ကြားတော် မူသတည်း။

"အို ချစ်သားရဟန်းတို့၊ ရဟန်းတို့နှင့် မသက်လားသော လူတို့စကားကို သင်တို့ ဆိုပြောနေကြကုန်၏။ သဒ္ဒါတရားကို အရင်းတည်လျက် ဃနာဝါသ၊ ကိစ္စမြားမြောင် လူတို့ဘောင်ကို စွန့်ခွာခဲ့ပြီး မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ လာကုန်သော အမျိုးကောင်းသား ဖြစ်ကြသည့် သင်တို့အား ဤသို့ ဆိုပြောခြင်းသည် မလျောက်ပတ်။

"အို ရဟန်းတို့၊ သံဃာ့သဘင်၌ စည်းဝေး ကြသော သင်တို့အားတရားနှင့် ယှဉ်သောစကားကိုသော်လည်းပြောဆိုနေ၊ သို့မဟုတ် တုဏှီဘာဝဝ ဆိတ်ဆိတ်သော်လည်းနေ။ ဤနှစ်မျိုးပြုသင့်၏" ဟု ရဟန်းတို့အား သြဝါဒစကား မြွက်ကြားတော် မူပြီးလျှင် ထိုအချိန်မှာပင် ဤသို့ဥဒါန်းကျူးတော် မူသတည်း။

"အတတ်ပညာမဲ့ အသက်မွေ့ခြင်းသည် ဝန်ပေါ့၏။ နိဗ္ဗာန်အကျိုးကို လိုလားသည်ဖြစ်၍ အိမ်ရာ တည်ထောင်ခြင်းလည်း

မရှိလော်၊ ငါ့ဟာငါ့ဟာ ဟူ၍ တပ်မက် စွဲလမ်းမှုလည်း မရှိလော်၊ တောင့်တခြင်း ကင်းလျက် တည်ငြိမ်သော ဣန္ဒြေရှိသော ရဟန်းသည် ဆင်းရဲအပေါင်းမှ လွတ်မြောက်၏။ ထို ရဟန်းမျိုးကား ထောင်လွှားခြင်းကိုပယ်၍ တယောက်တည်း တည်းသာ နေသတည်း။"

ဥဒါန်းစကား ကျူးရင့်ပြီးသည့် အဆုံးတွင် အဒးလုံးသော ရဟန်းတို့သည် လွန်မင်းစွာ နှစ်သက်ကြလေ ကုန်၏။

(ခုဒ္ဒကနိကာယ်၊ဥဒါန်းပါဠိတော်၊ နန္ဒဝဂ်၊ သိပ္ပံသုတ်၊ ၁၁၃၊ ဆဋ္ဌမှု)

သံယောဇဉ်

မေးစဉ်အခါ၌ မေးခွန်းသည် မေးခွန်း၊ ပြဿနာ သည်လည်း ပြဿနာ အဖြစ်၌သာ တည်ရှိ နေပေသေးသည်။ ဂန္ဆဝင်မဖြစ်လာသေး။ အဖြေသည်လည်း ဖြေစဉ်အခါက အဖြေအဖြစ်၌သာ တည်ရှိနေလေသေးသည်။ဂန္ဆဝင် မဖြစ်လာသေး။ "ဘုရားဟော ဒေသနာတော်" ဟူ၍ မော်ကွန်း မတင်ရသေး။

နောင်သောအခါ ယင်းအမေးအဖြေများကို စုစည်း၍ စာပေကျမ်းဂန်အဖြစ် တစောင်တဖဲ့ ပြုစုထားသောအခါ ရောက်မှ "ဘုရားဟော ဒေသနာတော်" ဟူ၍ တွင်လာသည်။

အများအားဖြင့် ပိဋကတ်တော်များတွင် ဗုဒ္ဓရှင်တော်မြတ် ဘုရားအား လူတန်းစား၊ နတ်တန်းစား၊ ဗြဟ္မာ တန်းစား၊ ရဟန်း တန်းစားနှင့်တကွ ယုတ်စွအဆုံး တိရစ္ဆာန်တန်းစား အမျိုးမျိုးက မေးလျှောက်သော အမေးပုစ္ဆာများ၊ ယင်းတို့၏ အဖြေများဖြင့် ပြည့်မှုလျက်ရှိနေသည်ကို တွေ့ရ၏။ ခေတ်စကားနှင့် ဆိုသော် ပိဋကတ်တော်များသည် အမေးအဖြေပေါင်းချုပ် အသွင်ကို ဆောင်ပေသည်ဟု ဆိုနိုင်ပေရာသည်။

ဗုဒ္ဓမြတ်ဘုရားထံ ချဉ်းကပ်၍ မေးလျှောက်သည့် မေးခွန်းပုစ္ဆာများအနက် နတ်၊ သိကြား၊ ဗြဟ္မာများက မေးသော မေးခွန်းတို့ကို အတော်များများ တွေ့ရ၏။

မေးသောအချိန်ကို ကြည့်ပြန်သော် သန်းခေါင်ယံ အချိန်ဖြစ်ကြောင်းကို မင်္ဂလသုတ်၊ ဇဝံမသုတံကို ထောက်ခြင်းအားဖြင့် ထင်ရှားသည်။ သန်းခေါင်ယံအချိန်သည် နတ်များအတွက် မေးခြိန်ကဲ့သို့ ဖြစ်နေပေသည်။

ညတည်၏ သန်းခေါင်ယံအချိန်က ဖြစ်ပါ၏။ ထိုအချိန်တွင် နတ်သားတပါးသည် ဘုံးကနဲ ဇေတဝန်ကျောင်းရှေ့သို့ ရောက်လာပြီး လှကားဦးတွင် ရပ်လျက် "ဘုရားသခင်များ ကျိန်းစက်တော် မူနေမည်လား၊ အနှောင့်အယှက် ပေးရာများ ကျလေမည်လား" ဟူ၍ အတန်ကလေးကြာအောင် စဉ်းစားနေသေးသည်။

ထိုနောက် "ဗုဒ္ဓမြတ်ဘုရား ကျိန်းစက်တော်မမူသေး" ဟူ၍ သူတန်ခိုးဣဒ္ဓိပါဒ်ဖြင့် သိ၍ပေလော၊ သို့မဟုတ် သူအဖို့ အရေးကြီးသော ပြဿနာဖြစ်နေ၍ပေလော မပြောတတ်။ ထိုနတ်သားသည် ရုတ်တရက်ဇေတဝန်ကျောင်းတော်ကြီးပေါ်သို့ တက်သွားပြီးသည့်နောက် မကြာခင်အတွင်းမှာပင် နတ်သား၏မေးလျှောက်သံကိုဌင်း၊ ဗုဒ္ဓမြတ်ဘုရားက မြွက်ကြားလိုက်သော ဖြေဆိုသံကိုဌင်း ကြားလာရ၏။

မေး။ ။အရှင်ဘုရား၊ လောကကို အဘယ်အရာက နှောင်ဖွဲ့ထားပါသနည်း။ ထို လောကကို တည်မြဲအောင် ထောက်ခံသောအောက်ခြေကား အဘယ်ပါနည်း။ အဘယ်အရာမှ ကင်းသော်နိဗ္ဗာန်ဟုခေါ်ပါသနည်း။

ဖြေ။ ။အို နတ်သား၊ လောကကို နှောင်ဖွဲ့ထားသည်ကား သံယောဇဉ် ဖြစ်ပေ၏။ ထို့လောကကို တည်တံ့ခိုင်မြဲအောင် ထောက် ခံ ထား ပေ သည် ကား တွေးကြံမှု 'ဝိတက်'ဖြစ်၏။ တပ်မက်မှု 'တဏှာ'မှု ကင်းသော် နိဗ္ဗာန်ဟူ၍ ခေါ်အပ်၏။ ဤသို့ မှတ်လေလော့။

ထိုအမေး အဖြေကို သံဂါယနာ တင်လိုက်သော အခါ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ် လေးခုမြောက်ဖြစ်သော "သံယောဇနသုတ်" ဟူ၍ ဖြစ်လာ၏။ ဂါထာ အမေးတပုဒ် အဖြေတပုဒ်မျှသာ ပါ၏။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ဒုက္ခဝဂ်၊ သုံးခုမြောက်ဌ်ကား မြတ်စွာဘုရားသည် လျှောက်ထားသူမရှိဘဲ အကျိုးတရားမျှားစေ ခြင်းငှာ "သံယောဇဉ်"တရားကို ရဟန်းတို့အား အာကျယ်ပွား၍ ဟောကြားတော်မူခဲ့လေသည်။

"ချစ်သားတို့၊ နှောင်ဖွဲ့ကြောင်း သံယောဇဉ်၏ အကြောင်း ဖြစ်သော တရားတို့ဌ် "သာယာဖွယ်"ဟု အောက်မေ့နေသူအား တပ်မက်မှု 'တဏှာ' ပွား၏။ တဏှာအကြောင်းခံကြောင့် ပြင်းစွာ စဲလမ်းမှု 'ဥပါဒါန်'ဖြစ်၏။ဥပါဒါန် အကြောင်းခံကြောင့် 'ဘဝ' ဖြစ်၏။ ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ဖြစ်၏။ ဇာတိအကြောင်းခံကြောင့် အိုခြင်း ဇရာ၊ သေခြင်း မရဏာ၊ စိုးရိမ်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ဆင်းရဲခြင်း ဒုက္ခ၊ နှလုံးမသာယာခြင်း ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း ဥပါယာသကို ဖြစ်ကုန်၏။"

ဤသို့ အခြေခံအားဖြင့် သံယောဇဉ် ဖြစ်ကြောင်းတရားကို ဟောကြားတော်မူရှုံတွင် မကဘဲ သံယောဇဉ်၏ အသွင်ကို မြင်လာအောင် ဥပမာအမျိုးမျိုးဖြင့် လက်ညှိုးထိုး၍ ဟောတော်မူပြန်လေသည်။

"ချစ်သားတို့၊ ဥပမာအားဖြင့် ဆီရှိ၏၊ မီးစာ ရှိ၏။ ယင်းဆီနှင့် မီးစာကို အကြောင်းခံ၍ မီးစာ၌ မီးစွဲလောင်ခြင်း ဖြစ်လာ၏။ ဆီမီးဟူ၍ ဖြစ်လာ၏။ဆီခန်းသွားလျှင် ဆီထပ်လောင်းပေးခြင်း၊ မီးစာကျွမ်းသွားလျှင် အသစ်လဲပေးခြင်း အားဖြင့် ထိုဆီမီးသည် ချုပ်ငြိမ်းမသွားလေတော့ဘဲ အလျှံဘပြောင်ပြောင် တောက်လောင်ကာသာ နေ၏။

"ချစ်သားတို့၊ ထို့အတူသာလျှင် တေဘူမက တရားတို့၌ တဏှာကြိုက်၊ တဏှာ၏ ခတ်စာဖြစ်သော သာယာဖွယ်တို့သည် များလှစွာကုန်၏။ ယင်းတို့ကို သာယာသူအား တဏှာပွား၏။ တဏှာပွားသော် စွဲလမ်း၏။ စွဲလမ်းသော် ဘဝဟူ၍ ဖြစ်လာ၏။ ဘဝဖြစ်လာသော် ဇာတိဖြစ်၏။ ဇာတိဖြစ်လာသော် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်လာကုန်၏။ယင်းတို့ကို သာယာခြင်းမရှိခဲ့သော် တဏှာစသည်တို့ ဖြစ်ခွင့်၊ ပွားခွင့် မရလာတော့ဘဲ အကုန်လုံး ချုပ်ကုန်လေ၏။ လောင်နေသော ဆီမီးခွက်၌ နောက်ထပ် ဆီလည်း မလောင်း၊ မီးစာလည် မလဲသဖြင့် မီးငြိမ်းသွားသည်နှင့် အလားတူ၏။"

ဤသို့ သံယောဇဉ် တရားကို အကျယ်အားဖြင့် ဟောကြားတော်မူပြီးနောက် ဖြူရာတွင် ခဝါပေးသော် ပို၍ ဖွေးလာသည် ဆိုသကဲ့သို့ဆက်လက်၍ ဒုတိယ သံယောဇနသုတ်ကို ဥပမာဖြင့်

တန်ဆာဆင်လျက် သိထင်၊ မြင်လွယ်အောင် ဟောကြားတော်မူ ပြန်၏။ ထိုမှတဖန် မဟာရက္ခသုတ်ကိုလည်းသံယောဇဉ်ကို သစ်မြစ် မျှားနှင့် ဥပမာပြု၍ အောက်ပါအတိုင်း ဟောတော်မူပြန်သည်။

"ချစ်သားတို့၊ ဥပမာအားဖြင့် သစ်ပင်ကြီးတပင် ရှိ၏။ ထိုသစ်ပင်ကြီးကို လူတယောက်က အရင်းက လဲပစ်၏။ မြေကို တူးဆွ၍ အမြစ်တွေပါမကျန်အောင် နုတ်ပစ်၏။ ထိုယောကျ်ား သည် ခုတ်လဲပြီး သစ်တုံးကြီးကို တဖန် အပိုင်းပိုင်းဖြတ်၊ အစိတ် စိတ် အမှုန့်မှုန့်ခဲ့၊ အခြောက်လှန်း၊ ခြောက်သယောင်းသွားသော အခါ မီးရှို့၍ ပြာဖြစ်သောအခါ ရေထဲမျှောလိုက်လေ၏။

"ချစ်သားတို့၊ ဤသို့ ပြုသည်ရှိသော် ထိုသစ်ပင်ကြီးကား အဘယ်မှာလျှင် ပြန်၍ ရှင်နိုင်ပါတော့မည်နည်း။ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းသွားမည်သာ ဖြစ်ပေ၏။ ထို့အတူ လောကီအာရုံ၊ ကာမဂုဏ်တရားတို့၌ ခုံမင်ခြင်းမဖြစ်လေဘဲ လုံးဝ ဖြတ်တောက် လျှင်မူကား သံယောဇဉ် ဓာတ်စာဖြစ်သော တဏှာစသည်တို့ ချုပ်ငြိမ်းကာ ပုထုဇဉ်ဇာတ်သိမ်းမည်သာ ဖြစ်ပေ၏။"

တဖန် တရဏရက္ခသုတ်ကို ဆက်၍ သံယောဇဉ်ကို သစ်ပင် မျိုးနှင့် နှိုင်း၍ အကျယ်တဝင့် ဖွင့်တော်မူပြန်၏။

"ချစ်သားတို့ ဥပမာအားဖြင့် နုပျိုသော သစ်တပင် ရှိ၏။ ထိုသစ်ပင်ကို နွေရှိသမျှ အရိပ်တကြည့်ကြည့်နှင့် အခါအလိုက် ဥတုရာသီအလိုက် ထိုက်ထိုက်တန်တန် ရေလောင်း တန်လျှင် လောင်း၍ ပေါင်းသင်၊ မြက်နုတ်တန်လျှင် နုတ်ပေးပြီး မြေဩာ ကျွေးတန်လျှင်ကျွေးခြင်းပြု၏။ ဤသို့ ဂရုတစိုက်ပြုစုသည်ရှိသော် ထိုသစ်ပင်ကား ကြီးပွားလာသတည်း။

"ချစ်သားတို့၊ထို့အတူ သံယောဇဉ်၏ အခြောင်းဖြစ်သော လောကီအာရုံ အဖုံဖုံတို့၌ ခုံမင် သာယာခြင်း အလျင်းမရှိရ အောင် သတိကြီးစွာထား၍ ရှုလေ့ရှိသူအား တပ်မက်မှု တဏှာ၊ ပြင်းစွာ စွဲလမ်းမှုဥပါဒါန် စသည်တို့သည် အမြစ်ပါ မကျန် အောင် အကုန်ပြုတ်လေ၏"ဟု ဟောတော်မူ၏။ သံယောဇဉ် ပြတ်အောင် တပ်မက်မှု တဏှာစသည်တို့ကို ကိုယ်သို့ မကပ်လာ နိုင်အောင် ဖြတ်ကြကုန်လော့ဟု ဆိုခြင်းပင်တည်း။

(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ သံယောဇနသုတ်၊ဒုတိယသံယောဇနသုတ်၊မဟာရုက္ခ ုတ်နှင့် တရုဏရုက္ခသုတ်၊ဆဋ္ဌမူ)

(၁၅)

သတိနှင့် စား

တန်လျှင် ဆေး၊လွန်လျှင် ဘေး စကားပုံတခု ရှိ၏။အဓိပ္ပာယ်မှာ ရှင်းနေပါသည်။ အစား အစာကို သင့်တန်ရုံ စားပါလျှင် "အစာလည်း ဆေး၊ ဆေးလည်း အစာ" ဆိုသကဲ့သို့ စားသုံး သူအား အစာက ကျန်းမာစေ၏။အား‌အင်ကို ဖြစ်စေ၏။အတိုင်း ထက် အလွန် မတန်တဆ စားလျှင်မူကား "အစား‌မတော်သော် တလုပ်" ဆိုသကဲ့သို့ ထိုအစာက စားသုံးသူအား ဥပဒ် ဖြစ်စေ တတ်၏။ ဒုက္ခပေးတတ်၏ဟု ဆိုခြင်း ဖြစ်လေသည်။

ရှင်တော်မြတ်ဘုရားကလည်း သူခပ်သိမ်းတို့အား အစား ကြောင့် အန္တရာယ် မဖြစ်စေရန်အတွက် ဘောဇနေ မတ္တညူဟူ၍ ဟောတော်မူကာ ကျန်းမာရေး လိုက်စားသူတို့အား ကျန်းမာ ရေး၌ နိသျည်းပေးတော် မူခဲ့၏။ ဘောဇနေ-အစား‌အစာ သုံးဆောင်မှီဝဲရာ၌ ဝါ၊ မှီဝဲလေသောအခါ။ မတ္တညူ-အတိုင်း အရှည်ကို သိပါလေ ဝါ၊ ဝန်နှင့် အား၊ မြှားနှင့် လေးပမာ မိမိဝမ်းနှင့်ချင့်၍ စားပါလေဟု ဆိုခြင်းပင်တည်း။

အစားအစာနှင့် ပတ်သက်လာလျှင် ပဿနဒီကောသလမင်းကြီးလောက် စားနိုင်သူမရှိ။ အလွန် အစားကောင်းသော ဝါ၊ အလွန်အစားကြီးသော ဗိုက်ရဲဘုရင်ကြီး ဖြစ်၏။ ထမင်းတခါစား ပဲတောင်တည်လျှင် တစိတ်ချက် ကုန်သည်ဟု ဆိုပေသည်။

ထိုမင်း၏အမည်ရင်းမှာ ကောသလသာဖြစ်၏။ ပဿေနဒီကား ထိုမင်း၏ ဂုဏ်ထူးဝိသေသ ဖြစ်လေသည်။ ထိုမင်းသည် ဝဖိုင့်ဖိုင့်၊ ပုအိုင့်အိုင့်၊ ဗိုက်ရဲရဲနှင့် ဖြစ်သောကြောင့် ဖိုးဝရုပ်ကြီးနှင့် အနီးကပ်ဆုံး ဥပမာပြုနိုင်စရာရှိ၏။ ဗိုက်ကလည်းရဲလေသောကြောင့် သူ၏ဗိုက်ခေါက်ကြီးများသည် နံဘေးတဖက်တချက်၌ မြစ်ချောင်းကဲ့သို့ အစင်းကြီးများ ထင်နေသည်။ ခွေးများထုက်သောအခါ သို့မဟုတ် ရေခိုးလေသောအခါများတွင် ခွေးတို့သည်ငင်း၊ ရေတို့သည်ငင်း၊ သူ၏နံဘေးပတ်လည် ဗိုက်ခေါက်များ အကြားဟွင် မြစ်ရေများသဖွယ် တင်နေသည်။

ဤသည်ကို အကြောင်းပြု၍ ယဿ=အကြင် ကောသလမင်းအား၊ ဝါ၊ ကောသလမင်း၏။ ပဿေ=နံပါးနှစ်ဖက်၌။ နဒီ=မြစ်သည်။ ဝါ၊ မြစ်ကဲ့သို့သော ခွေးစီးကြောင်း၊ ရေစီးကြောင်းသည်။ အတ္ထိ=ရှိလေ၏။ ဣတိဘသ္မာ=ထို့ကြောင့်။ သော=ထိုကောသလမင်းသည်။ ပဿေနဒီ=ပဿေနဒီမည်၏။

၁။ ကောသလော ဒေါဏပါကကုရိဘုဉ္ဇတိ။ (သဂါထာဝဂ္ဂ သံယုတ်၊ကောသလဝဂ်၊ဒေါဏပါကသုတ်၊ ၃၂-ဆဋ္ဌမ)

ဟူ၍ ထိုမင်း၏ဂုဏ်ပုဒ်ကို ဤသို့ ထုတ်ဖော်၍ ဆိုကြွရာမှစာ
"ပဿေနဒီကောသလ"ဟု တွင်လာခြင်း ဖြစ်၏။

အစားကြီးသောနေရာတွင် ပြိုင်ဘက်မရှိသော ထိုမင်းသည် တခါသော် ပဲဘော်ဘည်နေစဉ် ဘုရားကိုသတိရ၍ ပဲတော်တည် ရာမှထကာ ဘုရားကျောင်းတော်သို့ သွားလေ၏။ ရောက်လျှင် ဘုရားသခင်အား ဖူးမြော်သောအခါ သူ့ခန္ဓာကိုယ်ကြီးဟာ ကြီးမားဘော်မူလှသည်ဖြင် အစာကိုလည်း နှင့်လောက်အောင် စားပြီးခါစ ဖြစ်သောကြောင့် စမ်းပြည့်ကယ်ပြီး ဗိုက်ကားနေသဖြင့် ဘုရားသခင်ရှေတော်တွင် ကောင်းကောင်းပင် မထိုင်နိုင် ရှာဘဲ ဖြစ်နေ၏။

သူ့ခန္ဓာကိုယ်ကာယကြီးကို သည်ပိုးကာ ကျောင်းတော် ရောက်အောင်ခြေလျင်လျှောက်လာရသောကြောင့် လွန်မင်းစွာ ပင်ပန်းတော်မူလှသဖြင့် အသက်ရှူများပင် မမှန်တော့ချေ။ ရှူးရဲ့ ရှူးရဲ့ ဟောဟိုက် ဟောဟိုက်နှင့်အမောဆိုက်နေသည်။ ချွေးများလည်း တပြိုက်ပြိုက်ရဲနေသည်။ ခြေရုံသင်းပင်းများက မင်းကြီးအား ယပ်ခတ်ပေးနေကြသည်။ တုံးလုံးလှည်းကာ လျှောင်းစက်လိုက်ရလျှင် နေသာထိုင်သာရှိလာမည် ဖြစ်သော်လည်း ဘုရားသခင်၏ ရှေတော်တွင် အဂါရဝ ဖြစ်မည်စိုး၍ မိမိဝဒနာကို အောင့်၍သာ သည်းခံနေတော်မူရှာသည်။

ဤဖြစ်အင်ကို မြင်ဘော် မူသောအခါ မင်းကြီးအပေါ် ရှင်တော်မြတ်ဘုရားက သနားခြင်းကရုဏာ ဖြစ်တော်မူလာသည့် အလျောက် "မိမိဝမ်းနှင့်ချင့်ကာ တော်သင့်ရုံမဟုတ်ဘဲ ဝင်တိုင်း စားစားနေချေက မင်းကြီးမှာ ဒုက္ခများသည်ထက်သာ များပေ

တော့မည်။ မင်းကြီးအား ကျန်းမာရေးနှင့်ညီညွတ်အောင် သတိပေးသင့်သည်” ဟူ၍“မနုဇဿ သဒါသတိမတော” စသော ဂါထာဖြင့် မင်းကြီးအား သတိပေးတော်မူလေ၏။

အဓိပ္ပါယ်သော်ကား– “အခါခပ်သိမ်း သတိနှင့် နေသူ၊ အစာကိုမှီဝဲစားသောက်ချဉ် အတိုင်းအရှည်ကိုသိသူအား ဝေဒနာတို့သည် ခေါင်းပါးကုန်၏။ စားအပ်သော အစာတို့သည် တဖြည်းဖြည်းကျေညက်၏။ အသက်ကို စောင့်ပေ၏။”

ကောသလမင်းကြီးသည် မြတ်စွာဘုရားအား ဦးသုံးကြိမ်ချ ပြီးလျှင် ကျောင်းတော်မှ ပြန်လာခဲ့ရာ ကိုယ်ရုံတော်(သက်တော်စောင့်) သုဒဿနသည် မင်းကြီး၏နောက်မှ သံလျက်ထမ်း၍ လိုက်ပါလာ၏။

ကျောင်းပရိဝုဏ်၏ အပြင်ဘက်သို့ ရောက်သောအခါ ကောသလမင်းကြီးသည် ဘုရားစကားတော်ကို သတိရတော်မူလာဟန်တူ၏။ ရုတ်တရက် တန့်ရပ်လိုက်ပြီးနောက် နောက်သို့ လှည့်ကြည့်တော် မူလျှင် သုဒဿနလည်း မင်းကြီးအား ဒူးထောက်၍ ခစားကာ အမိန့်တော်ကို နာခံလျက် ရှိနေ၏။

“အချင်း သုဒဿန၊ မောင်မင်း ကျောင်းတော်သို့ ပြန်သွားချေဦး။ ငါ့အား ဘုရားသခင်မြွက်ကြားလိုက်သော ဂါထာကို ဘုရားသခင်ထံပြန်၍ သင်ယူပါချေ”ဟု ဆို၏။

ထိုအခါ ကိုယ်ရုံတော်သုဒဿနက လျှောက်၏။

“အရှင်မင်းကြီး အမိန့်တော်အတိုင်း ဘုရားသခင်ထံ ပြန်၍ ကျွန်တော်မျိုး ဂါထာကိုရအောင် သင်ယူခဲ့ပါအံ့။ ဤသံလျက်တော်ကို အဘယ်သူအား အပ်နှံခဲ့ရပါမည်နည်းဘုရား” ဟူ၍

လျှောက်လျှင် မင်းကြီးက အနီးရှိ အမတ်တဦးအား ညွှန်ပြလိုက်၏။

"အချင်း သုဒဿန၊ ဘုရားသခင်ထံတော်မှ ဂါထာကို ရအောင် ကျက်မှတ်ယူခဲ့ပြီး နေ့စဉ် ငါပဲ့တော်တည်လေတိုင်း ဤဂါထာကို ငါ့အနားမှာ သင်ရွတ်ဆိုပါလေ။ တနေ့လျှင် အသပြာဘရာကျ နေ့စဉ် သင့်အား ငါဆုချအံ့။"

ဤသို့ မိန့်တော်မူ၍ ကိုယ်ရံတော် သုဒဿနအား ကျောင်းတော်သို့ စေလွှတ်လိုက်သည်။ သုဒဿနလည်း မနုဇဿသဒါသတိမတော စသောပါထာကို ဘုရားသခင်၏ ထံတော်မှ ဌာန်ကရိဏ်းကျကျ သင်ယူခဲ့ပြီး မင်းကြီးထံ ပြန်လာ၏။

"အချင်းသုဒဿန၊ ဗုဒ္ဓမြတ်ဘုရားကမည်သို့မြွက်ကြားတော်မူလိုက်ပါသေးသနည်း" ဟူ၍ မေး၏။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးအား မြတ်ဘုရားက ဤသို့မှာကြား တော်မူလိုက်ပါသည်ဘုရား။ ချစ်သား၊ ဤဂါထာကို ကခေါ်သည်တို့ကဲ့သို့ ရောက်လေရာရာအရပ်တို့၌ သင်မဆိုလေနှင့်။ သင့်ဃာ ကောသလမင်းကြီး စားတော်ခေါသေးအခါအနားတွင်ရပ်ဘည်ကာ ပထမစားခါစအချိန်တွင် အသာစောင့်၍ ကြည့်နေ။ ဂါထာကို မရွတ်လေနှင့်ဦး။ ပဲ့တော်တည်ရှိပြီး ခါနီးနောက်ဆုံးထမင်းလုပ်ကို ယူတော့မည်အပြုတွင်မှ ဤဂါထာကို သင်ရွတ်လိုက်လော့။ ထိုအသံကိုကြားသော် မင်းကြီးသည် သတိရလာပြီး စားအံ့ဆဲဆဲ ထမင်းလုပ်ကို မစားတော့ဘဲ စွန့်လတံ့။"

ကိုယ်ရံတော် သုဒဿနသည် ဘုရားသခင် မှာဆိုလိုက်သည့်အတိုင်း မင်းကြီးအား အလုံးစုံ လျှောက်တား လေ၏။

ကောသလမင်းကြီးလည်း ထိုအခါမှစ၍ အစားကို လျှော့၍ စားလာ၏။ တစိတ်ချက်အစား ထမင်းတနပ်လျှင် တစလယ် ချက်မျှကိုသာ စားတော့၏။ ထိုအခါ အသားအရေများမှာ ဖောင်းပွပွမဟုတ်တော့ဘဲတဖြည်းဖြည်းစစ်စစ်လာရုံမကကျန်းမာ ရေးမှာလည်း အထူးကောင်းမွန် လာလေရကား မင်းကြီးသည် အဘယ်မှာလျှင် ဝမ်းမသာဘဲ ရှိပါမည်နည်း။ ဝမ်းသာကြည်နူး နှလုံးမြူးကာ ဤသို့ဥဒါန်း ကျူးမိပါလေ၏။

ဘုန်းဘော်အလွန်တရာ ကြီးမြတ်တော်မူလှသော ထိုဘုရား မြတ်စွာသည် ငါ့အား မျက်မှောက် အကျိုးတရားအား ဖြင့်ဂုဏ်း၊ တမလွန် အကျိုးတရားအားဖြင့်ဂုဏ်း ဤအကျိုး နှစ်မျိုးဖြင့် စောင့်ရှောက်တော်မူပေသည် တကား။

နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဟု ဆိုကြသည်။ အစားကိုမဆင်ခြင် လေဘဲ ထင်သလို ဝင်တိုင်း မျိုဝါး စားသောက်လာခဲ့ခြင်း အားဖြင့် ကိုယ်လက် မအီမသာ ဝေဒနာ ခံစားလာခဲ့ရသော ကောသလ ဗိုက်ရဲဘုရင်ကြီးကား အစားကို နှိုင်းနှိုင်း ချိန်ချိန် စားသည့်အခါမှစ၍ ဝေဒနာ မခံစားရတော့သည့်ပြင် သူ၏ ကျန်းမာရေးမှာလည်း အထူးပင် ကောင်းမွန်လာလေ သတည်း။

(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ ကောသလသံယုတ်၊ ဒေါဏပါကသုတ်၊ ၁၄၀၊ဆဋ္ဌမ)

စပယ်ဦးစာမေ

(၁၆)

လောကကို ဘယ်သူနှိပ်စက်နေ သနည်း

ဖာသိဖာသာနေတတ်သောနတ်မှာ ပြဿနာ မရှိ။ တောင်တွေး မြောက်တွေးနှင့် အငြိမ်မနေတတ်၊ ဆတ်ဆော့သော နတ်မှာ ပြဿနာ ကပ်လာ၏။

နတ်သားတစ်ယောက်သည် လောက အကြောင်းကို ပေါက် ပေါက် ရှာရှာ ကြံစည်လေ၏။ အတွေးနယ်ပယ်ကိုကျယ်ကျယ်ခဲ့၊ ဉာဏ်စွမ်းကို ရှိသမျှထုတ်၍ သုံးကြည့်သည်။ အဖြေကိုကား သူ မတွေ့ခဲ့လေ။

ကြာသေဝ် ထိုနတ်သား၏ကိုယ်တွင် ပြဿနာကပ်နေခြင်းသာ အဖတ်တင်ရုံမက ကိုယ်ပန်းစိတ်ပန်း ဖြစ်လာသည်။ ထိုအခါ ထိုနတ်သားသည် ဗုဒ္ဓမြတ်ဘုရားအား သွား၍ သတိရမိလာသည့် အလျောက် ကသိလင်တနှင့် ဗုဒ္ဓ၏ရှေ့တော်ဝင်၍ သူပြဿနာကို ဖြေရှင်းပေးတော်မူပါရန် ပန်ကြားလေသတည်း။

နတ်သား မေး။ ။အို သုံးလောကမှန်ကူ သယမ္ဘူရှင်တော် မြတ်ကြီးဘုရား၊ ၁။ လောကကို နှိပ်စက်ကလူပြုမူနေ သည်ကား အဘယ်အရာပါနည်း၊ ၂။ ထိုလောကကို အဘယ်အရာမျှားက ခြုံရုံနေပါသနည်း၊ ၃။ အဘယ်

မည်သော မြွားလက်နက်က လောက၏ နှလုံးသည်းပုတ်ကို ဖောက်ထွင်း စူးဝင်နေပါသနည်း၊ ၄။ အဘယ်အရာသည် အခါပေါ်သိမ်း လောကကို လောင်မြိုက်နေပါသနည်း ဘုရား။

ဤပုစ္ဆာအတွက် ဗုဒ္ဓမြတ်ဘုရားက မြွက်ကြားတော်မူသည့် အဖြေကား—

ဗုဒ္ဓ အဖြေ။ ။ညဉ့်နက်သန်းခေါင်၊ ငါ့အဆောင်သို့၊ ကိုယ်ရောင်ထင်စွာ၊ ဝင်ရောက်လာပြီး၊ ပြဿနာ တင်ပြ၊ အို ဒေဝ၊ ၁။ လောကကို နှိပ်စက်ကလူပြု၍ထင်သလို မင်းမူနေသည်ကား သေမင်း ဖြစ်ချေသည်။ ၂။ ထို လောကကို အိုခြင်းတရားက ခြုံရုံနေ၏။ ၃။ လောက၏ နှလုံးသားကို တဏှာတည်းဟူသော မြွားက ဖောက်ထွင်း စူးဝင်နေ၏။ ၄။ လောကကို အလိုရမ္မက်တည်းဟူသော လောင်မီးက အခါခပ်သိမ်း လောင်မြိုက်နေ၏ ဟု မိန့်တော်မူ၏။

ထိုနတ်သားသည် ဘုရားထံမှ အဖြေကို ရလျှင် ရှိသေစွာ ရှိခိုး၍ ဘုရားသခင်၏ ထံတော်ပါးမှ ဖဲခွာသွားလေသတည်း။

(သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ ဒေဝတာသံယုတ်၊ အဒ္ဓဝဂ်၊ အတ္တဟတသုတ်၊ ၃၇၊ ဆဋ္ဌမ)

ပဋိစ္စသမုပ္ပါဒ် မွမ်းမံသင်တန်း

သင်တန်းအမည် — ပဋိစ္စသမုပ္ပါဒ်
သင်တန်းသားဦးရေ — တစ်
နည်းပြဆရာ — တစ်
သင်တန်းနေရာ — တောအုပ်ကြီးတခုအတွင်း
သင်တန်းချိန် — နေဝင်မိုးချုပ်၊ ညနေစောင်း

လျှို့ဝှက် သင်တန်းလေလော့။

တောအုပ်ကြီးအတွင်း၌ ဖြစ်ခြင်း၊ သင်တန်းသား ဦးရေ မှာလည်း လက်ရွေးစင် တဦးတည်းသာ ဖြစ်ခြင်းကြောင့် ဤသင်တန်းကား နှစ်ယောက်ထဲ တိုးတိုးတိတ်တိတ် ကြိတ်၍ သင်ပေးနေသော "လျှို့ဝှက်သင်တန်း" လေးဟု တွေးထင် မည်ဆိုက ထင်စရာပင်။ ထင်ထိုက်နေပါသည်။

သို့သော် လျှို့ဝှက်သင်တန်း မဟုတ်၊ ပွင့်ပွင့် လင်းလင်း နိုသ်ျည်းပေး ပဋိစ္စသမုပ္ပါဒ် အကြောင်းခြစ်သော သင်တန်းသာ ဖြစ်ပါသည်။ တောအုပ်ကြီးအတွင်းဝယ် တယောက်သော သူအား တဦးသော ဆရာက ဖန်ဝါနေဒေါင်း၊ ဂေါယာကျွန်းသို့

ပြောင်းတော့အုံဆဲဆဲ နေဝင်ဆည်းဆာအောက်တွင် သင်တန်းပေးနေပါသည်။ ဆရာတပည့် နှစ်ယောက်တို့၏ တာတွင်းရွာကွက်မှာ ကာယိန္ဒြိယသက်စွာဖြင့် ဆရာက တပည့်အား စနစ်တကျ သင်ကြားရှု တပည့်ကလည်း ပညာကို လေးလေးစားစား မှတ်သားနာယူလျက် ရှိနေပါသည်။

မည်သူက မည်သူ့အား သင်တန်းပေးနေသနည်း။

သင်တန်းပေးသူကား ဗုဒ္ဓ၊ သင်တန်းသားကား အာနန္ဒာ ဖြစ်နေသည်။ အရှင်အာနန္ဒာ ကဲ့သို့သော အရှင်သူမြတ်အား အဘယ့်ကြောင့် သင်တန်း ပေးနေရသနည်းဟု မေးသင့်မေးထိုက်၏။

အရှင်အာနန္ဒာကား အလွန်ရခဲလှစွာသော "တေဒဂ်ဘဲကြီး များ"ကိုပင် ငါးဆပ်ကွမ်း ရရှိထားသူ အဓိပတိကိုယ်တော်ကြီး ဖြစ်တုံသော်လည်း ပဋိစ္စသမုပ္ပါဒ်ပေါ်တွင် အတွေးအခေါ် အံချေနေလေသည့်အတွက် "သည်လိုဆို ခက်ရချည့်"ဟု ဘုရား မြတ်စွာသည် မျက်နှာလွှဲ၍ မနေသာသည့် အလျောက် အရှင်အာနန္ဒာအား တယောက်ချင်း သင်တန်းပေးတော်မူနေရခြင်းပင် ဖြစ်၏။

ဤဖြစ်ရပ်ကား အထူးအဆန်းကြီး မဟုတ်ဘဲလျက် လူစိတ်ကို စိတ်ဝင်စားလာအောင် ချိတ်ဆွဲ ယူဆောင်စွမ်း ရှိ၏။ သမိုင်း မုခ်ဦး၌ ထွန်းညှိထားသော မီးရှူး မီးတိုင်ကြီးနှင့် အလားတူ၏။

ယနေ့ခေတ်တွင် ပဋိစ္စသမုပ္ပါဒ်ကို သူ ပါဒ်၊ ငါ ပါဒ်၊ ပါဒ်လျက်ရှိကြလေရာ အချို့က မိမိကိုယ်ကို သောတာပန်ဟု ပြောသူက ပြော၊ မဂ်ပေါက် ဖိုဝင်၊ ရဟန္တာဖြစ်ပြီဟု ထင်သူကထင်၊ ဤသို့သော ဖြစ်အင်များပင် ရှိနေ၏။

အရှင်အာနန္ဒာသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ရာတွင် သူကိုယ်သူ ဘုရားသခင် ကိုယ်တော်မြတ်ကြီးတွေလောက်အထိ အထင်ရောက်သွားခဲ့ဘူးရာ ထိုအတွေးအခေါ် မှားယွင်းမှုကို ပြုပြင်သည့်အနေဖြင့် ဗုဒ္ဓက မှန်းမုံသင်တန်းပေးတော်မူရလေ၏။

ဤဖြစ်ရပ်သမိုင်းကား ကုရုတိုင်းတွင် အခြေခံခဲ့၏။ ကုရုမည်သော မင်းမျိုးတို့မှ ဆင်းသက် ပေါက်ပွားလာကြသော မဟာမျိုးမဟာနွယ်တို့နေထိုင်ရာအရပ်ကို ကုရုတိုင်းဟုသတ်မှတ်၍ ဝေဟာရနယ်တွင်လည်း ကုရုတိုင်းဟူ၍ပင် ခေါ်တွင် ထင်ရှားလျက် ရှိခဲ့သည်။

ထိုကုရုတိုင်းအတွင်း၌ လူမျိုး၏ ရိုးရာယဉ်ကျေးမှုဓလေ့ကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သော ဇာတ်ကြီးသူတို့ နေထိုင်ကြသည်ကို အကြောင်းပြု၍ "ကမ္မာသဓမ္မ"မည်သော ရှာကြီးတရှာ ရှိလေရာ မြတ်စွာဘုရားသည် အခါတပါးတွင် အရှင်အာနန္ဒာနှင့်အတူ ထိုရှာကြီးသို့ ရောက်ရှိ သွားတော်မူသော်လည်း ထိုရှာ၌ တည်းခိုနေထိုင်စရာ ကျောင်းဆိုး၍ တကျောင်းမျှ မရှိလေသည့်အတွက် ရှာ့ပြင်ဘက်ရှိ တောအုပ်ကြီးတခု အတွင်း၌သာ သီဘင်းသုံးကာ နေတော်မူရှာ၏။

၁။ တသ္မိံ နိဂမေ ဝသနောကာသော ကောစိဝိဟာရော နာမ နဟောသိ။

(ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာနိဒါနသုတ်၊ ၇၄၊ ဆဋ္ဌမ)

အရှင်အာနန္ဒာသည် ထိုကမ္မာသဓမ္မနိုဂုံးရွာကြီးသို့ရောက်သည့် အခါနှမ်စ၍ ထိုရွာကြီးကို ဂဂါစရဂါမ်ပြုကာ ဘုရားသခင်အား ဆွမ်းခံ၍ ကျွေး၏။

ဘဝင်မြင့်လေသလောဟု အထင်မှားလောက်စရာ ပြဿနာ တရပ်သည် အရှင်အာနန္ဒာအား လက်ရပ်၍ ကြိုလင့်နေသယောင် ယောင် ထင်ရ၏။

ထိုနေ့၌ ဘုရားသခင်သည် ဆွမ်းစားပြီးသောအခါ နေ့သန့် စင်ရာ အရပ်သို့ ကြွသွားတော်မူလေရာ အရှင်အာနန္ဒာလည်း ဘုရားသခင်အား ရိုသေစွာ ရှိခိုးလိုက်ပြီးနောက် စမ္မခဏ္ဍ= သားရေနယ်အခင်းကို ယူကာ မိမိနေရာသို့ ပြန်လာခဲ့လေ၏။

ကမ္မဒ္ဓာန်းတရား အားထုတ်မည့်နေရာကို ကိုယ်တိုင် တံမြက် လှည်းပြီး ထိုနေရာ၌ စမ္မခဏ္ဍကို ခင်းသည်။ ခြေကို အေးအောင် ဗူးထဲကရေဖြင့် ဆေးလိုက်သေးသည်။ ခြေဆေးပြီးမှ စမ္မခဏ္ဍ ဖဲပါတွင် တင်ပြင်ခွေထိုင်တော်မူလျက် သောတာပတ္တိဖလသမာ ပတ်ကို ဝင်စားတော်မူလေသတည်း။

အချိန်ကို အလိုရှိသလောက် သတ်မှတ်ပိုင်းခြား၍ သမာပတ် ဝင်စားရာမှ ထတော်မူပြီးသော် "ငဋ္ဌိစ္စသမုပ္ပါဒ်အကြောင်းတရား ဖြစ်ပေါ်လာချက်" (ပစ္စယာကာရ)၌ ဉာဏ်ကို စေစားလိုက်၏။ (မည်သည့်အကြောင်းခံကြောင့် မည်သို့သော အကျိုးတရားများ ဖြစ်ပေါ်လာရသည်)ဟူသော ကျိုးကြောင်းနှစ်ရပ် ဆက်စပ် ဖြစ်ပေါ်လာရပုံ အခြင်းအရာများကို အနုလုံပဋိလုံ ဆင်ခြင် သုံးသပ်တော်မူသည်။

ထိုအခါ အဝိဇ္ဇာပစ္စယာ သင်္ခါရာ=မသိမှုအကြောင်းခံကြောင့် ပြုပြင်မှုတို့ ဖြစ်လာကုန်သည်ဟု ဤသို့ အစမှ အဆုံးသို့ရင်း၊ အဆုံးမှ အစသို့ရင်း၊ အစအဆုံးမှ အလယ်သို့ရင်း၊ အလယ်မှ အစအဆုံးသို့ရင်း သုံးခေါက်တိတိ ခေါက်တုံခေါက်ပြန် အပြန်ပြန် အလှန်လှန် သုံးသပ်တော်မူသည်။

ထိုအခါ သူ၏ ဉာဏ်တွင် ပဋိစ္စသမုပ္ပါဒ်ကို တိမ်တိမ်ကလေး ပါလာ။ တိမ်သယောင်ယောင် ထင်လာ၏။ ထင်ထိုက်ပါသည်။ ဤသို့ထင်နိုင်လောက်အောင် အထောက်အကူပြုသောအကြောင်းအချက်ကြီး လေးချက်သည် အရှင်အာနန္ဒာဌ္ဌ ရှိခဲ့၏။ အကြောင်းကြီး လေးပါးကား-

၁။ ရွေးဆုတောင်းနှင့် ကောင်းစွာ ပြည့်စုံခြင်း။

၂။ ဆရာကောင်း သမားကောင်းတို့ထံ၌ အဖန်ဖန် အထပ်ထပ် သင်ယူခြင်း၊ ကြားနာခြင်း၊ မေးမြန်းခြင်း။

၃။ သောတာပန်ပုဂ္ဂိုလ်ဂေဇက်ပြန်တမ်း ထွက်ပြီးဖြစ်ခြင်း။

၄။ အကြားအမြင် ဗဟုသုတများခြင်း။

ဤသို့သော အကြောင်းလေးချက်တို့ကြောင့် တစုံတခုကို အာရုံပြု၍ တွေးကြံစဉ်းစားခဲ့သော် မီးခလုတ်ကို ဖွင့်လိုက်ဘိသကဲ့သို့ သူ၏ဉာဏ်တွင် ပြိုးပြိုးပြက်ပြက်၊ လင်းကနဲ လက်ကနဲ ထင်းကနဲ ထင်လာ၏။

ဤသို့ ထင်ခြင်းကား အရှင်အာနန္ဒာအဖို့ ဘဝင် မြင့်စရာကဲ့သို့ ဖြစ်လာသတည်း။ ဤသည်ကို အကြောင်းပြု၍ သူ၏ သန္တာန်၌ အကြံဖြစ်လာသည်မှာ—

ဤပဋိစ္စသမုပ္ပဒ်ာ တရားကို အလွန့်အလွန် နက်ရှိုင်းသည်၊ အလွန့်အလွန် နက်ရှိုင်းသော အသွင် ရှိသည်ဟူ၍ ဘုရားအဆူဆူတို့ ဟောတော်မူသွားလေပြီ။ ဤသို့ ခက်သည်ထက် ခက်၊ နက်သည်ထက် နက်သည်ဟူ၍ ဟောတော် မူကြပါလျက် သာဝက ကလေး အသေးအမွှားမျှသာ ဖြစ်သော ငါ၏ မဖြစ်စလောက် ဉာဏ်တွင် ပေါ်ပေါ်လွင်လွင် တိမ်တိမ်ကလေးသာ ထင်လာ၏။ ငါ့တဦးတည်းအား သာ ဤသို့ တိမ်သယောင်ယောင် ထင်ခြင်းလော့။ သို့မဟုတ် အခြား သူတို့အား လည်း ငါကဲ့သို့ပင် တိမ်သယောင်ယောင် ထင်လေကုန်သလော့။ ဤသို့ တွေးခေါ်မိရာမှ ဤအကြောင်းကို ဘုရားသခင်အား လျှောက်ထားကြည့်ရန် အကြံဖြစ်လာသည်။

ဤ ငါ့ဖြစ်ရပ်ကိုသာ မြတ်ဘုရား ကြားသိတော်မူရလက လွန်စွာ နှစ်သက် အားရတော် မူလိမ့်မည်။ အာလိန်ငါးဆင့်နှင့် တစ္ဆင့်စ္ဆင့်ရှိနေသော မြင့်မိုရ်တောင် မင်းကြီးကို လက်တော်နှင့် ချီမ၍ ပြဘိသကဲ့သို့ ငါ့အား မွတ်သား လောက်ဖွယ် တရားတဆုံးကို ကောန်ဟောကြား တော်မူလတံ့၊ ထိုအခါ ဘုရားသခင်၏ ကြီးမားသော ပညာတော်ကိုလည်း ငါ သိရလတံ့။ ဤသို့ အကြံပေါက်လာကာ ဘုရားသခင်အား ငါ လျှောက်

၁။ အယံပစ္စယာကာရော သဗ္ဗဟုဒ္ဓေဟိ ဂမ္ဘီရော စေဝ ဂမ္ဘီရာဝ ဘာသော စာတိ ကထိတော။ (ဒီဃနိကာယ၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာနိဒါနသုတ်၊ ၇၅၊ ဆဋ္ဌမ္ပု)

ထားမည်ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားသခင် ရှိရာသို့ ချဉ်းကပ်သွားလေ၏။

အရှင်အာနန္ဒာအနေဖြင့် တနေ့လျှင် အကြိမ်ပေါင်း ရာနှင့်ချီ၍ ထောင်နှင့်ချီ၍ ချဉ်းကပ်စေကာမူ ထိုချဉ်းကပ်ခြင်းတို့ကား အကြောင်းတခုခုကြောင့် ချဉ်းကပ်ခြင်း ဖြစ်သဖြင့် ဆန်းသည်ဟု မဆိုသာ၊ သမရိုးကျ ချဉ်းကပ်ခြင်းသာ ဖြစ်ပါ၏။

သို့သော် ဤယနေ့၊ ဤတကြိမ် ချဉ်းကပ်ခြင်းကား ဆန်း၏။ အရှင်အာနန္ဒာ၏ သန္တာန်၌ ပီတိနှလုံး အပြုံးတို့သည် တန်းစီသကဲ့သို့ ရှိနေကုန်သည်ဟု ထင်ရ၏။ ဘုရားအဆူဆူတို့က နက်ရှိုင်းလှပါသည်ဟူ၍ နှုတ်မှ တတွတ်တွတ် ရွတ်ဆို မြွက်ကြားသွားရသော ပဋိစ္စသမုပ္ပာဒ်ကို တိမ်တိမ်ကလေးနှင့် သိထင်၊ မြင်လွယ်မူကို အကြောင်းပြု၍ "ငါဆိုမှငါ၊ အာဂဝငါ၊ တကယ့်ငါ" ဟူသော အတွေးမျှားကြောင့် သူမျက်နှာမှာပီတိတွေ ရွှမ်းလျက် ပျားရည်ဆမ်း မျက်နှာမျိုး ဖြစ်နေသည်။

ငါ၏ ကိုယ်တွင်းရေး အတွေ့ပွတ် ဇာတ်ကြောင်းကို မြတ်ဘုရားရှေတွင် ဖွင့်လျှောက် လိုက်ရလျှင် ဗုဒ္ဓတည်း ဟူသော ပြောင်မာတင် ဆင်ဖြူတော် ကြီး၏ ရှေမှောက်ဝယ် ရှဉ်ကွက်တော် ကရဝိက်၏ တွန်ကျူးသံကိုလည်း ငါ ကြားရအံ့။ ခြေသံ

၁။ သောကိုဠာပိ ပကတိယာဝ ကေဒိဝသေ သတံဝါရမ္ပိ သဟဿဝါရမ္ပိ ဘဂဝန္တံ ဥပသင်္ကမန္တော နု အဟောတု အကာရဏေန ဥပသင်္ကမိမိ။ (ပ-ဒီဃနိကာယ်၊ မဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာနိဒါနသုတ်၊ ၇၆၊ ဆဋ္ဌမ္ပု)

မင်းနှင့်တူသော မြတ်ဘုရား၏ မရှိမကြောက် ဟောကိုန်း တော်မူလိုက်သည့် ဉာဏ်ဟိန်းသံကြီးကိုလည်း ငါနာခံရအံ့။ အာသတို့ရ သိန္ဓဝ နတ်မြင်းပျံ ဘဉ်းဟူသော မြတ်ဘုရား၏ လှုပ်ရှားမြူးကွန့်တလွန့်လွန့်နှင့်နင်းချသွားတော်မူရာ ဉာဏ်ခြေရာ တော်များကိုလည်း ငါဖူးမြင်ရလတံ့။

ဤသို့ တွေးကြံမိလာသည့်အလျောက် ထိုင်ရာမှ ငေါက်ခနဲ ထလိုက်၏။ စမ္မခဏ်ကိုယူ၍ ဖုံခါလျက်မှ အနောက်ဖက်ဆီက နေဝန်းကြီးကို ကြည့်လိုက်သောအခါ တောင်စွယ်တွင် မကွယ် တကွယ် ရှိနေပေပြီ။ ထိုကြောင့် အရှင်အာနန္ဒာသည် စမ္မခဏ်ကို ပိုက်၍ ကတိုက်ကရိုက်နှင့် မြတ်ဘုရားထံသို့ ချဉ်းကပ်၍ လျောက် ပတ်သောနေရာတွင် ရှိသေစွာ ထိုင်ပြီးလျှင် သူ၏ပြဿနာကို အောက်ပါအတိုင်း လျောက်ထားပါလေ၏။

ဘုရားသခင်၏ အနေအားဖြင့် အရှင်အာနန္ဒာ ပီတိရွှမ်းရွှမ်း ပျားရည်ဆမ်းမျက်နှာကို သတိပြုခြင်းမှ ပြုမိမည် ဖြစ်သော်လည်း အရှင်အာနန္ဒာကား ပျားရည်ဆမ်း မျက်နှာမျိုးဖြင့် ရှိခိုး၍ လျောက်နေပါပြီကော။

"ရှေဘုန်းဘော်သခင် အရှင်ဘုရား၊ အံ့စရာကြီးပါလား ဘုရဲ့၊ မကြုံစဖူး၊ တကယ်ထူး အဟုတ်ထူးသည့်ဟာမျိုး ကြုံဘူးပေါင် ဘုရား။"

နှုတ်အာသွက်သွက် မျက်နှာထားရှင်ပျင်နှင့် တင်လှာသော အမှုဆန်းကြောင့် မြတ်ဘုရားက အာနန္ဒာ၏အပေါ်သို့ တချက်မျှ လှမ်း၍ ရှုစားတော် မူလိုက်သည့်ခဏ ရှေနားတော် တွင်းသို့ ဆင်းကနဲ ထောက်ရှိလာသော အာနန္ဒာ၏ ဝါစာသည်ကား—

"အရှင်ဘုရား၊ တပည့်တော်မှာ သည်ယနေ့၊ မှတ်ဉာဏ်အထူးအဆန်းတွေ့ တွေ့ရပါသည်။ ပဋိစ္စသမုပ္ပါဒ်ာ တရားကို တပည့်တော် ဆင်ခြင်သုံးသပ်သည့် အခါမှာ-- ၁၊ အတ္တ=အနက် အဓိပ္ပာယ်အား ဖြင့်လည်း လွန်စွာ နက်နဲလှပါကလား ဘုရား၊ ၂။ မေ့မှ=သဘောတရားရေးရာ အားဖြင့်လည်း လွန်စွာ နက်နဲလှပါကလား ဘုရား၊ ၃။ ဒေသနာ=ခရီးနောက်တံလှယ် ဒေသနာတော်၏ ကွန့်မြူးခြင်းသည်လည်း လွန်စွာ နက်နဲလှပါကလား ဘုရား၊ ၄။ ပဋိဝေဓ=ထူးသောဉာဏ်ဖြင့် ထိုးထွင်း၍ သိရခြင်းမှာလည်း လွန်စွာ နက်နဲလှပါကလား ဘုရား။ နက်နဲသောအသွင်သည် အကယ်ပင် ထင်ဟပ်ပါကလား ဘုရာ့။

"အရှင်ဘုရား၊ ရှင်ပျဝမ်းသာ ဥပမာဖြင့် လျှောက်ထားပါရစေဘုရား။ တိမ်လျှက်နက်ယောင်၂၊ နက်တိမ်ယောင်နှင့်၊ တိမ်ယောင် တိမ်လျှက်၊ နက်ယောင်နက်သား ဟူ၍ ရေဒ္ဓ အမည် နာမလေးမျိုး ရရှိပါသည်။

၁။ သစ်ရွက်ဆွေး၊သစ်ရွက်ပုပ် စသည်တို့ကြောင့်မဲ ချိပ် ညိုမှောင်ပြီး အရောင်ညစ်နေသောရေသည် ဒူးဆစ် မျှလောက် တိမ်တိမ်ကလေး ထင်ရ သော်လည်း

၁။ အတ္ထဂမ္ဘီရတာ၊ ဓမ္မဂမ္ဘီရဘာ၊ ဒေသနာဂမ္ဘီရတာ၊ ပဋိဝေဓ ဂမ္ဘီရတာ၊ပဋိစ္စသမုပ္ပါဒ်၏ ဂမ္ဘီရလေးမျိုး။ (မဟာဝဂ္ဂအဋ္ဌ ကထာ၊ မဟာနိဒါနသုတ်၊ ဂ၃၊ ဂ၄၊ ဆဋ္ဌမု)

၂။ ရေ လေးမျိုးအကြောင်း၊ ဒီဃနိကာယ်၊ မဟာဝဂ္ဂအဋ္ဌ ကထာ၊ မဟာနိဒါနသုတ်၊ ၇၆၊ ဆဋ္ဌမု။

တရပ်တသူလောက် နက်သယောင်ယောင် ထင်ရသော ရေက တမျိုး။

၂။ ပတ်ဝန်းကျင်သန်းနေသော မြစ်ပြင်ကြီးထဲတွင် ကြည်ကြည်လင်လင် တသွင်သွင် စီးပါနေသော ရေသည် တရပ်တသူမျှလောက် နက်ပါတုံသော်ငြားလည်း ဒူးဆစ်မျှပဲမာဏ တိမ်သယောင်ယောင် ထင်ရသော ရေက တမျိုး။

၃။ အိုးစရည်း စသည်တို့အတွင်း၌ ရှိသော ရေကား တိမ်သယောင်ယောင်နှင့် အကယ်ပင် တိမ်သော ရေက တမျိုး။

၄။ မြင့်မိုရ်တောင်၏အောက်ခြေက ရေများသည် နက်သယောင်ယောင်နှင့် အကယ်ပင်နက်သော ရေက တမျိုး။

"အရှင်ဘုရား၊ ရေ၌ ကျိသို့ အမည်လေးမျိုး ရစကောင်း ပါသော်ငြားလည်း ကျပဋိစ္စသမုပ္ပဒ်၌ကား အမည်နာမဆုပြား ခြင်း မရှိ။ "ဂမ္ဘီရ" ကျိအမည်သညာတခုသာ ရှိပါသည် ဘုရား။

"အရှင်မြတ်ကြီးဘုရား၊ သို့စင်မျှ လွန်စွာ နက်ရှိုင်းလှသည် ဖြစ်တုံပါလျက်လည်း တပည့်တော်၏ အဖို့တွင် တိမ်သယောင်ယောင်သာ ထင်ပါသည်။ ထို့ကြောင့် အစ္ဆရိယံဘန္တေ=အံ့ဘွယ်ရှိစွ ဘုရား။ အမ္ဘုတံဘန္တေ=မဖြစ်စဖူး၊ ထူးဆန်းဘိစွ ဘုရား"

စကား အဆုံးတွင် မြတ်စွာဘုရား သည် အာနန္ဒာအား အဓိပ္ပာယ်ရှိရှိ တချက်မျှ ကြည့်ရှုတော်မူလိုက်သည်တွင် အရှင်အာနန္ဒာ၏ ရှင်နေသောမျက်နှာမှာ ရုတ်တရက် ညှိုးမှိန်သွား

လေ၏။ ဆိတ်ဆိတ်နေခြင်းဖြင့်သာ မြတ်ဘုရား မွှက်ကြားမည့် အဖြေကို စောင့်ကြိုကာနေလေ၏။

ထိုအခါန်တွင် နေဝန်းသည် ဂေါယာကျန်းသို့ ယွန်းလှုပြီ ဖြစ်သောကြောင့် လောကဓာတ် တဝှန်းလုံး အနီရောင်ဖြင့် လွှမ်းလျက် ရှိနေ၏။ မြတ်ဘုရားကား အာနန္ဒာ၏ စကားကို စိတ်ဝင်စားတော်မူလျက် ရှိနေရာမှ အာနန္ဒာကား သနားဘွယ် ကောင်းဘိစ့။ အထက်ဘဝ်ကို လှမ်းဆဲ့ရန် လက်လှမ်းနေ သယောင်ပါတကား။ မြင့်မိုရ်တောင်ကြီးကို ဖို့၍ အတွင်းက အဆီကို ထုတ်ယူရန် ကြိုးစားဘိသယောင်ပါတကား။ ပင်လယ် သမုဒ္ဒရာကြီးကိုပင် လေ့သဘော်မပါ လက်ပစ်ကူးနေဟန်ပါ တကား။ မဟာပထဝီမြေကြီးကိုလှန်၍ မြေဆီမြလွှာ မြေသြဇာ ကို ယူရန် အားထုတ်နေဟန်ပါတကား။ ဘုရားသခင်တို့၏ အရာ သာဖြစ်သော ပဋိစ္စသမုပ္ပာဒ်ပြဿနာရပ်ကို သူအနေဖြင့် "တိမ်တိမ် ကလေးပါ" ဟု ဝံ့ရဲစွာ သူမို့ ဆိုဝံ့ဘိ၏။ အဘယ်မျှ နက်ရှိုင်း ကြောင်းကို သူအား ငါပြောလေမှ ဖြစ်ချိမ့်မည်။ ဤသို့ကြံတော် မူပြီ၊ လျှင် လေးနက်သော သြဇာသံဖြင့် အာနန္ဒာအား မွှက်ကြား ဆုံးမတော်မူလေသတည်း။

"အာနန္ဒာ၊ သင် ပသို့ဆိုဘိသနည်း။ ဤသို့ မဆိုလေနှင့်။ သည်နှယ် မပြောစကောင်း။ ပဋိစ္စသမုပ္ပာဒ်ကို သင် မည်သို့ ထင်မှတ်သနည်း။ ပဋိစ္စသမုပ္ပာဒ်ကား သင်ထင်သကဲ့ဘို့ တိမ်

၁။ အာနန္ဒော ဘာဝဂ္ဂဟဏာယ ဟဋ္ဌံပသာရေန္တော ဝိယ၊ ပ၊ (မဟာဝဂ္ဂ အဋ္ဌကထာ၊ မဟာနိဒါနသုတ်၊ ၇၆၊ ဆဋ္ဌမ)

တိမ်ကလေး မဟုတ်။ အလွန်လည်း နက်ရှိုင်းလှ၏။ အလွန် နက်ရှိုင်းသော အသွင်လည်း ထင်၏။

"အာနန္ဒာ၊ 'ပဋိစ္စသမုပ္ပာဒ်သည် တိမ်တိမ်ကလေးပါ'ဟု ကျိသို့ သင် မဆိုလေနှင့်။ ကျိသို့ မပြောစကောင်း။ အကယ်၍ ပဋိစ္စသမုပ္ပာဒ်သည် သင့်အဖို့ တိမ်သယောင်ယောင် ထင်ခဲ့သော် အဘယ့်ကြောင့် သင့်အလိုအလျောက် သောတာပန် မဖြစ်ဘို့ သနည်း။ သင့်အား ငါ ချပေးထားအပ်သည့် တရားလမ်းစဉ် ပေါ်၌ ရပ်တည်လျက် နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် သွားရာ လမ်းကြောင်းကို သင် မြင်ရသည် မဟုတ်ပါလော။

"အာနန္ဒာ၊ ကျိနိဗ္ဗာန်သွားရာလမ်း မဂ္ဂကို သိဖို့အတွက် ဆိုသည်မှာ အလွန်အလွန် နက်နဲ ခက်ခဲလှချေ၏။ ပစ္စယာကာရ= ပဋိစ္စသမုပ္ပာဒ် ကျိုးကြောင်းနှစ်ရပ် ဆက်စပ်၍ ဖြစ်ပေါ်လာပုံ အခြင်းအရာကား သင့်အဖို့ တိမ်သယောင်ယောင် ဖြစ်ခဲ့ဘိသော် ထိုသို့ ဖြစ်ပါလျက် ရှုနှုံကြမ်းသော ကာမရာဂ သံယောဇဉ် တရားနှင့် ပဋိဃ သံယောဇဉ်တရား၊ ရှုနှုံကြမ်းသော ကာမရာဂါ နုသယတရားနှင့် ပဋိဃာနုသယတရား၊ ကျိလေးမျိုးကုန်သော ကိန်းလသာ အဆောက်အအုံကြီးတို့ကို အကြွင်းမဲ့ခါတုံ့ကျဖျက်ဆီး လိုက်ကြပြီး သကဒါမိဖိုလ်ပေါက်အောင် အဘယ့်ကြောင့် သင် မျက်မှောက်မပြုဘိသနည်း။ အကျုံးမြို့သဖွယ် သိမ်မွေ့လှစ္စာသော ထိုထိုကိလေသာ လေးမျိုးတို့ကို အကြွင်းမဲ့ဖျက်ဆီးကာ အဘယ်

၁။ ကျိစကားစုကား မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာနိဒါနသုတ် လာ စကားတည်း။ ဂဒ္ဓ၊ ဆဋ္ဌမ္ပု။

ကြောင့် အနာဂါမိဖိုလ်ကို သင် မျက်မှောက်မပြုဘဲသနည်း။ ရူပရာဂစသော သံယောဇဉ် ငါးမျိုးနှင့် အနုသယသုံးမျိုး။ ဤရှစ်မျိုးသော ကိလေသာတို့ကို အစပျောက် ဖျက်သိမ်းလျက် ဘယ့်အတွက် သင် အရဟတ္တဖိုလ်ပေါက်အောင် မျက်မှောက်မပြုတုံဘိသနည်း"ဟု အာနန္ဒာအား မြွက်ကြားတော်မူလေ၏။

ထိုအခါ အာနန္ဒာသည် မလှုပ်မယှက် ငြိမ်သက်စွာဖြင့် ကုပ်၍သာ နားထောင်နေ၏။ သူ့အတွေးကို နောင်တရသည့် လက္ခဏာဖြင့် တခါတခါ မသိမသာ သက်ပြင်းချကာ ချကာနှင့် ရှိနေ၏။

"အာနန္ဒာ၊ ဤပဋိစ္စသမုပ္ပာဒ်တရားကို အတွင်းသိ၊ အစင်းသိ ထိထိရောက်ရောက် မသိခြင်း၊ ထူးသော အသိဉာဏ် ဓာတ်ခံဖြင့် လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာ ထွင်းဖောက်၍ မသိခြင်းတို့ကြောင့် ဤသတ္တဝါအပေါင်းကား ကြိုက်ကိုက်ထား သည့် ချည်ခင်ထွေးကဲ့သို့ အစ ရှာမရအောင် ရှုပ်ထွေးနေ၏။ စာပေါင်းသိုက်သဖွယ်၊ စာပုဒ်းဘောင်းအလား၊ ရှင်းလေရှုပ်လေ၊ တပေပေနှင့်သာရှိနေ၏။ ဖြူဆံမြက်၊ ပြိန်းမြက်ကို ကျစ်ထားသောကြိုးများ ဆွေးမြေ့လေသောအခါ ဖွာဆံကြဲနေသော ကြိုးပြတ်များပမာ ဘယ်ဟာ အရင်း၊ ဘယ်သင်းအဖျား ဟူ၍ မသိနိုင်အောင် ရှုပ်၍မပြီး ရှုပ်နေခဲ့၏။"

မြတ်ဘုရားသည် အာနန္ဒာအား ဤသို့ ဩဇာလေးနက်သော အသံကောင်ဖြင့် မိန့်တော်မူ၍ ဆုံးမ သြဝါဒ ပေးပြီးနောက် "ပဋိစ္စသမုပ္ပာဒ်အရာ ငါဆရာ" ဟူ၍ အခေါ်ခံနိုင်လောက်အောင် အရှင်အာနန္ဒာအား အသေးစိတ် အကွက်ချကာ မေးဖြန်းဖြင့် သင်တန်းပေးလေ၏။

ပဋိစ္စသမုပ္ပဒ်နှင့် ပတ်သက်၍ မေးမြန်းခြင်း ခံခဲ့ရသော် ဖြေပုံဖြေနည်းများကို တခုချင်း တခုချင်း ရှင်းပြ၏။ အပြန်ပြန် အလှန်လှန် မေးပုံ၊ ဖြေပုံများကို စနစ်တကျ အောက်ပါအတိုင်း သင်တန်းပေးတော်မူ၏။

ဗုဒ္ဓ။ ။အာနန္ဒာ၊ တစုံတယောက်က သင့်အား "ဇရာမရဏ= အိုခြင်း၊ သေခြင်း၏ အကြောင်းဟူသည် ရှိပါသလား" ဟု မေးခဲ့သော် "ရှိသည်ဟု" ဖြေလေ။ မှတ်မိပါစ၊ အာနန္ဒာ။

အာနန္ဒာ။ ။မှတ်မိပါပြီ ဘုရား။ အဘယ်ကြောင့် အိုခြင်း၊ သေခြင်း ဖြစ်သနည်းဟု မေးလျှာ်ဘိသော် မည်သို့ ဖြေရပါမည်နည်း ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ အိုခြင်း၊ သေခြင်း ဖြစ်ရသည်မှာ ဇာတိကြောင့်ဟု ဖြေလေ။ ပဋိသန္ဓေနေခြင်း=ဇာတိဟူသော အကြောင်းတရား မရှိခဲ့သော် အိုသူရှိနိုင်မည်လော၊ သေသူကော ရှိနိုင်မည်လော။

အာနန္ဒာ။ ။တင်ပါ့ဘုရား။ ထိုပဋိသန္ဓေ နေခြင်း=ဇာတိ၌ အကြောင်းရှိပါသလား။ ရှိခဲ့သော် ထိုအကြောင်းကား အဘယ်ဟာပါနည်းဟု မေးခဲ့သော် မည်သို့ ဖြေရပါမည်နည်း ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ ဤသို့ မေးလျှာသူအား "ဇာတိ၌ အကြောင်းရှိ၏။ ထိုအကြောင်းကား ဖြစ်ကြောင်းကံဟု ဆိုအပ်သော ဘဝဖြစ်သည်။ ဘဝကို အကြောင်း

ခံ၍ ဇာတိဖြစ်ရသည်ဟု ဖြေလေ။ အာနန္ဒာ၊သင့်အား ငါ မေးအံ့၊ ဘဝဟူသည် အဘယ်နည်း။ ထိုဘဝ၏ အကြောင်းကား အဘယ်နည်း။ သင် အသို့ ဖြေမည် နည်း အာနန္ဒာ။

အာနန္ဒာ။ ။မြတ်ဘုရား၏ အရာသာ ဖြစ်ပါသည်။ မည်သို့ဖြေဟု ညွှန်ကြားတော်မူပါဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ သို့ဖြစ်ဘိသော် သင် မှတ်သားလော့။ ဘဝဟူသည် အလိုအလျောက် ရွက်ကျပင်ပေါက် သဘောမျိုး ဖြစ်လာသည် မဟုတ်။ ဘဝဖြစ်လာရန် အတွက် အကြောင်းရှိပေသည်။ ထိုအကြောင်းကား ဥပါဒါန် စွဲလမ်းခြင်း ပင်တည်း။ စွဲလမ်းခြင်း= ဥပါဒါန်ကြောင့် ဘဝဖြစ်လာသည်ဟု ဖြေလေ။

အာနန္ဒာ။ ။စာင်ပါ့ ဘုရား။ စွဲလမ်းခြင်း=ဥပါဒါန်၌ကော အကြောင်းရှိပါလား။ ရှိလျှင် အဘယ်ပါနည်းဟု မေးခဲ့သော် မည်သို့ ဖြေရပါမည်လဲ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ အစဉ်အတိုင်း သင် မှတ်သားလော့။ ရှုပါရုံ၊ သဒ္ဒါရုံစသော ထိုထိုအာရုံတို့၌ တပ်မက်ခြင်း တဏှာကြောင့် ဥပါဒါန် ဖြစ်ရ၏။ ခံစားခြင်းဝေဒနာ ကြောင့် တပ်မက်ခြင်းတဏှာ ဖြစ်ရ၏။ ထိတွေ့ခြင်း ဖဿကြောင့် ခံစားခြင်း ဝေဒနာ ဖြစ်ရ၏။ နာမ်၊ ရုပ်ကြောင့် ထိတွေ့ခြင်း ဖဿဖြစ်ရ၏။ သိမှုဝိညာဏ်ကြောင့် နာမ်၊ ရုပ် ဖြစ်ရ၏။ နာမ်၊ ဋ္ဌပ်ကြောင့် သိမှုဝိညာဏ် ဖြစ်ရ၏။ (ဝိညာဏပစ္စယာ နာမရူပံ။

နာမရူပါပစ္စယာ ဝိညာဏံ။သုတ်မဟာဝဂါပါဠိတော်၊ ၄၀) ဤသို့ ဖြေလော့ အာနန္ဒာ။

အာနန္ဒာ။ ။တင်ပါ့ဘုရား။

ဤသည်ကား ပဋိစ္စသမုပ္ပာဒ်ကို ချဲ့ရဟပ်ပမာ စက်လှည့်၍ ပြသောအပိုင်းဖြစ်၏။ ပဋိစ္စသမုပ္ပာဒ်နှင့် ပတ်သက်၍ အမေးအမြန်းရှိလာခဲ့သော် အဆစ်အပိုင်းကျကျ ဖြေကြားနိုင်ရန် အတွက် ဗုဒ္ဓသည် ဤသို့ဆက်၍ ပို့ချတော်မူပြန်၏။

ဗုဒ္ဓ။ ။အာနန္ဒာ၊ အခါခပ်သိမ်း၊အချိန်အခါမရွေး၊ ဖြစ်ပုံအခြင်းအရာမရွေး ပဋိသန္ဓေနေခြင်း ဇာတိသည် တစုံတယောက်သောသူအား နေရာဘုံဗိမာန် တခုခု၌ အကယ်၍ မဖြစ်ခဲ့သော်၊မှတ်လော့ အာနန္ဒာ၊ နတ်ဖြစ်ဖို့ရန် နတ် ဇာတိ၊ လူ ဖြစ်ဖို့ရန် လူဇာတိ၊ တိရစ္ဆာန်ဖြစ်ဖို့ရန် တိရစ္ဆာန်ဇာတိ ဤသို့ စသောအားဖြင့် သတ္တဝါတို့အား ထိုထိုဘဝဖြစ်ရန်အလို့ငှာ ပဋိသန္ဓေဇာတိမဖြစ်ခဲ့သော်သုံးဆယ့်တဘုံအကုန်လုံးခြုံ၍ ဇာတိမဖြစ်ခဲ့သော် ပဋိသန္ဓေ ဇာတိဟူသည် ချုပ်ပြတ် ရပ်စဲသွားပြီ ဖြစ်သောကြောင့် ဇရာ၊ မရဏ=အိုခြင်း၊ သေခြင်း မည်သည့် လောကဓာတ် တခွင်၌ ထင်နိုင် ရှိနိုင်ပါဦးမည်လော။

အာနန္ဒာ။ ။မထင်နိုင်၊ မရှိနိုင်တော့ပါ ဘုရား။

ဗုဒ္ဓ။ ။ထိုကြောင့်အာနန္ဒာ၊ဤလောက၌ ဤဇာတိသည် ပင်လျှင် အိုခြင်း၊ သေခြင်း၏ အကြောင်းတည်း။

ဤဇာတိသည်ပင်လျှင် အိုခြင်း၊ သေခြင်း၏ အခြေခံတည်း။ ဤဇာတိသည်ပင်လျှင် အိုခြင်း၊ သေခြင်း၏ အဆထောက်အပံ့ ပစ္စည်းတည်း။ ဤသည်ကို မြဲစွာမှတ်၍ အမေးအမြန်းရှိလတ်သော်တိုက္စစာဖြေတတ်စေလော့။

အာနန္ဒာ။ ။ကောင်းလှပါပြီဘုရား။

ဤသို့ စသောအားဖြင့် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဘဝဟူ၍ မရှိခဲ့ပါသော် ဘဝချုပ်ပြတ် ရုပ်စဲသွားလေပြီဖြစ်သောကြောင့် ဇာတိဟု ဆိုအပ်သော ပဋိသန္ဓေ နေခြင်းဟူသည် မထင်နိုင်တော့ပုံကိုလည်း၊ ဥပါဒါန်ဟု ဆိုအပ်သော စွဲလမ်းခြင်း မရှိခဲ့ပါသော် ယင်းဥပါဒါန်၏ ချုပ်ပြတ် ရပ်ဆိုင်းသွားမှကြောင့် ဘဝဟူ၍ မထင်လာနိုင်တော့ပုံကိုလည်း၊ ဘဏ်ဟုဆိုအပ်သော တပ်မက်ခြင်းမဖြစ်ခဲ့သော် ယင်းတဏှာ၏ချုပ်ပြတ် ရပ်ဆိုင်းသွားပြီ ဖြစ်သောကြောင့် ဥပါဒါန်ဟူ၍ မထင်လာနိုင်တော့ပုံကိုလည်း၊ ဝေဒနာဟုဆိုအပ်သော ခံစားခြင်း မဖြစ်ခဲ့ပါသော် ယင်းဝေဒနာ၏ ချုပ်ပြတ် ရပ်စဲသွားလေပြီ ဖြစ်သောကြောင့် တဏှာဟူ၍ မထင်လာနိုင်တော့ပုံကိုလည်း လွန်းထိုးသည့်နှယ် ခေါက်တုံ့ခေါက်ပြန် အဖန်ဖန် ဝေဖန်သုံးသပ်တော်မူကာ စနစ်တကျ လက်ဆုပ်လက်ကိုင် ရရှိအောင် ပြတော်မူ၏။

ထိုနောက် စာဝတ်နေမှု လွှအဖြစ်ဇာတ် ချားရဟပ်တည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရားကိုလည်း စကားအလျဉ်း သင့်ခိုက်တွင် ပိုက်စိပ်တိုက်၍ ပို့ချတော်မူပြန်လေရာ အရှင်အာနန္ဒာ၏

မေးလျှောက်ချက်သည် သူ့အတွက်သာ မဟုတ်တော့ဘဲ သူ့ခပ်သိမ်းတို့အတွက်ကိုပါ အကျိုးသက်ရောက်သွားစေ၏။

အချို့နှင်သည် တဖြည်းဖြည်း ညှဉ်လှာရုံအောက်သို့ ရောက်မှန်းမသိ ရောက်လာ၏။ သို့သော် ပဋိစ္စသမုပ္ပါဒ်ကား မရပ်သေး။ သင်တန်းမပြီးသေး။ ဤရွက်တက်ကို အလေးအနက် ပြုလေသည့် ပမာ ငွေစန္ဒာလဝန်းသည် ရှုန်းစပြုလာ၏။ လရောင်ရှုန်းစဝယ် တစ္ဆုန်းဘစ ကျန်ရှိနေသေးသော ပဋိစ္စသမုပ္ပါဒ် တရားကား ချွေးလည်သည့်သဖွယ် လည်လျက်သာပင်။ သို့သော် မူအားဖြင့် ပဋိစ္စသမုပ္ပါဒ်ချင်းတူစေကာမူ အမျိုးအစား ခြားနားလာသည်။ အမျိုးကဲ့၊ အဆင်ကဲ့၊ အသွင်ကဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုးကို ဗုဒ္ဓက အရှင်အာနန္ဒာဒါး လက်ညှိုးထိုး ပြသပြန်သည်။

"အာနန္ဒာ၊ ယခု သင့်အား ငါပြအပ်ခဲ့ပြီးသမျှကား ဝဋ္ဋမူလတဏှာ အရင်းခံသော ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ ရှာမှီးခြင်း၏ အကြောင်းရင်း အခြေခံဖြစ်သော သမုဒါစာရတဏှာ ဟူသော အမည်ဖြင့်တမျိုးရှိသေးသည်။ ထိုသမုဒါစာရတဏှာအရင်းခံဖြင့် ရုပ်ကောင်၊ နာမ်ကောင်၊ သတ္တဝါကောင်တို့ယောင်တိုးယောင်တန့် ကျင်လည်နေကြရရှာပုံကို သင့်အား ငါ ပြောပြဦးအံ့။"

အာနန္ဒာ။ ။ဝမ်းမြောက်လှကြောင်းပါဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊အာရုံကို ခံစားခြင်းသဘော ဝေဒနာဟူ၍ရှိ၏။ ကောင်းသည်ကို ခံစားရလျှင် သုခဝေဒနာ၊ဆိုးဆိုးဝါးဝါးခံစားရလျှင် ဒုက္ခဝေဒနာခေါ်၏။ ရုပ်ကောင်၊ နာမ်ကောင်၊ လူကောင်၊

နံတ်ကောင်တို့သည် သည်ဝေဒနာ နှစ်မျိုးမှ လွတ်သူ မရှိကုန်။ သတ္တဝါတို့သဘောကားကောင်းသော် သုခဝေဒနာကိုသာခံစားလိုကြသည့်အားလျော်စွာ သုခဝေဒနာကိုသာ မျော်လင့်ကြ၊ တောင့်တကြကုန်မြဲဖြစ်၏။

အာနန္ဒာ၊ ယင်းဝေဒနာကား ခံစားရကာမျှဖြင့် ရပ်သွားပြီ ထင်သလော။ သူနောက်တွင် အစဉ်အပွား၊ ဘက်တော်သား ရှိပေသေးသည်။ ခံစားခြင်းကို အကြောင်းပြု၍ ကောင်းမှန်း၊ ဆိုးမှန်း၊ ပူမှန်း၊ အေးမှန် ၊ ချိုမှန်း၊ ခါးမှန်း သိကြရသည် ဖြစ်ရာ လူသဘောသည် မြက်မြက်ကလေး စားရလျှင် ထပ်၍ စားချင်ပြန်သည်။ ကောင်းကျောင်း ဝတ်ရလျှင် ထပ်၍ ဝတ်ချင် ပြန်သည်။ ထိုအခါ ယင်းအစာ၊ ယင်းအဝတ်တို့အပေါ်၌ တပ်မက်ခြင်း ဖြစ်လာ၏။ ထိုတပ်မက်ခြင်းကား တဏှာပင်တည်း။ ဝေဒနာပစ္စယာ တဏှာ=ခံစားမှုကို အကြောင်းပြု၍ တပ်မက်ခြင်း ဖြစ်လာရ၏။ ဝေဒနာ၏ လှုံဆော်ချက်ကြောင့် မြေတွင်းထုက်သည့်နှယ် တဏှာသည် ခေါင်းပြု၍ ပေါ်ပေါ်ထင်ထင် ထုက်လာ၏။

အာနန္ဒာ၊ တဏှာကို သင် အသို့ထင်သနည်း။ ဝေဒနာကြောင့် ဖြစ်ပေါ်လာသော ထိုတဏှာကား အပူကောင် စစ်စစ်တည်း။ ကလေးများ မုံပူဆာသည့်သဖွယ် တအယ်အယ်နှင့် အပူကပ်တတ်သည်။

အာသာ ငမ်းငမ်းဖြင့် ပရမ်းပတာ တပ်မက်ခြင်း ပြင်းစ့ဖြင့် ရုပ်ကောင်၊ နာမ်ကောင်တို့ အပေါ်တွင် အညှန့်တလှုပ်လှုပ်နှင့် မင်းမူကြီးစိုးတတ်သည်။

အာနန္ဒာ၊ တဏှာ၏ သတ္တိကား ရမ္မက်အာသာ ဖြင့် ပြင်းစ့ဝပူလောင်၍ တဏှာ အပူကောင်ဖြစ်လာသောအခါ သူသူငါငါ ဘာလုပ် ကြမည် ထင်သနည်း။ ထိုလူကောင်၊ နတ်ကောင် ဆိုသော သတ္တဝါကောင်တို့တွင် ကိုယ်စီကိုယ်ငှ အသီးသီး ရုပ်လည်း ရှိကြသည်။ နာမ်လည်း ရှိကြသည်။ ထိုရုပ် ထိုနာမ်သည် တဏှာ၏ ခိုင်းဖတ်၊ စေဖတ်များသာတည်း။

အာနန္ဒာ၊ ရုပ်ကောင်၏ ဆန္ဒကို ဖြည့်တင်းရန် အတွက် နာမ်ကောင်က ထထလာ၏။ လှုပ်ရှားလာ၏။ ရုပ်ကောင်ကား အလုပ်သမား စစ်စစ်၊ နာမ်ကောင်ကား အခိုင်းသမား သက်သက် ဖြစ်သောကြောင့် ထလော့၊ ကြွလော့၊ လုပ်လော့၊ ကိုင်လော့-ဟူ၍ ရုပ်ကောင် မထလျှင် ထဖြစ်အောင်၊ မသွားလျှင် သွားဖြစ်အောင်၊ မလုပ်လျှင် လုပ်ဖြစ်အောင် နာမ်ကောင်က အတွင်းမှနေ၍ မီးပြင်းထိုးပေးသည်။ မြှောက်ထိုးပင့်ကော် လုပ်သည်။ ထိုအခါ ရုပ်ကောင်မှာ မနေသာလေတော့ဘဲ ခါးတောင်း တကျားကျားနှင့် ယောကျားဘသား၊ နှင်လား ငါလား ကြိုးစားရလေတော့သည်။

အာနန္ဒာ၊ စားရေး၊ သောက်ရေး၊ နေထိုင်ရေး စသော ထိုထိုလူမှုကိစ္စအပေါင်း သောင်းခြောက် ထောင်တို့ကား ရမ္မက်တဏှာ၏ အဆောင်အယောင်၊ သို့မဟုတ် တဏှာ၏ အလုပ်အကျွေး ကျေးကျွန် များသာတည်း။ တဏှာရမ္မက်က ပုဂ္ဂိုလ်ရိုက် အောင် မိုင်းတိုက်လေသောအခါ ရုပ်မိုက် နာမ်မိုက် တို့က ဘးလုပ်ကြမည် ထင်သနည်း။ ရုပ်ကောင်၊ နာမ်ကောင် မှန်သမျှတို့သည် တဏှာကပ်လာလျှင် ဆတ်ဆတ် တုန်လာကုန်လေ၏။

အာနန္ဒာ၊ တပ်မက်ခြင်း ရမ္မက်တဏှာ ထန်ပြင်း လာခဲ့သော် ရုပ်ကောင်၊ နာမ်ကောင်မှန်သမျှ ရုပ် တည်ခြင်းငှာ မစုမ်းနိုင်တော့ကုန်။ တဏှာ၏အမိန့်ကို အားလုံး ခေါင်းညိတ် ကြရသည် ချည်း ဖြစ်၏။ တဏှာက ငါလိုချင်သည်၊ ငါစားချင်သည်၊ငါဝတ် ချင်သည်၊ ငါပဲ့လမ်းသဘင် ကြည့်ချင်သည်ဟု ဆန္ဒ ပြလိုက်၏။ ထိုအခါ ရုပ်ကောင်၊ နာမ်ကောင်က တဏှာ၏သြဇာကို ဖီဆန်ရဲပါမည်လော။ တဏှာ၏ အလိုသို့ မလိုက် "သင်းထိုက်နှင့် သင်းကံ" ဟူ၍ အဘယ်သူများ ငြင်းဆန်ဝံ့မည်နည်း။

အာနန္ဒာ၊ တဏှာက သေးဆူဆူနှင့် အပူတိုက် လာသေးအခါ လူကောင်၊ နတ်ကောင်၊ဘဝကောင် မဆို တဏှာ့ အလိုလိုက်ပြီး တဏှာ့ အကြိုက်ကို ဆောင်ရွက်ပေးကြရကုန်၏။ တဏှာက ထမင်းဆိုလျှင်

ထမင်းကို ရအောင်ရှာပေးရ၏။ တကျာက ပုဆိုး တောင်းလျှင် ပုဆိုးကိုရအောင် ရှာပေးရ၏။ ထိုအခါ တကျံပဋိစ္စပရိယေသနာဖြစ်လေ၏။ တကျံ-တကျာကို၊ ပဋိစ္စ-စွဲ၍၊ ပရိယေသနာ-ရှာမှီခြင်း ဖြစ်လာရ၏။

အာနန္ဒာ၊ ပရိယေသန ဟူသော ရှာမှီးခြင်း၌ ရှာနည်း ဖွေနည်း အမျိုးမျိုးရှိ၏။ တရားသောနည်းဖြင့် ရှာမှီးခြင်းကို ဓမ္မေသနခေါ်၏။ စည်းမဲ့ကမ်းမဲ့ တရားလွတ်လွတ် ရှာမှီးခြင်းကို အနေသနခေါ်၏။ ရုပ်ကောင်၊ နာမ်ကောင် ရှိသူတို့ကား ဓမ္မေသနံ=တရားဖြင့် ရှာမှီးမှုကိုသာ ပြုလေ့ရှိကုန်၏။

သို့သော် တကျာမိုက်က ရုပ်ကောင် နာမ်ကောင်အား ဖုတ်ပူမီးတိုက်၊ နားပူနားဆာ လုပ်လိုက်သောအခါ မျိုးဌ်ကား တရားသည် ဖြစ်စေ၊ မတရားသည်ဖြစ်၊ အရသာလျှင် ဘနဖူးကိုပင် သိုက်တူးကြလေကုန်၏။ တကျာအရိုင်း၏ မှိုင်းတိုက်ခြင်းခံရသောအခါ ရုပ်ကောင် နာမ်ကောင်တို့အဖို့ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်၊ တဇွတ်ထိုး တစောက်ကန်းတွဖြစ်ကုန်လေ၏။

အာနန္ဒာ၊ တကျာကိုအကြောင်းပြု၍ ရုပ်ကောင် နာမ်ကောင်များက တကျာခိုင်းသော အလုပ်ကို လုပ်ပေးကြရ၏။ တကျာလိုချင်ရာရာကို ရှာကြရ၏။ ထိုရုပ်ကောင် နာမ်ကောင်၌ တကျာကြောင့် ပရိယေသန ရှာဖွေမှုကိုစွန့်လွှတ်ရှောင်မရအောင် ရင်ဆိုင်

●ပယ်ဒီး၊ ၈၁၆

နေရ၏။ ထိုကြောင့် ရုပ်ကောင် နာမ်ကောင်တို့သည် တဏှာအလိုကျ၊ တဏှာထံ မျက်နှာဘန်းပြလှအောင် အားသွန်ခွန်စိုက်၊ တက်သုတ်ရိုက်၍ ရှာဖွေချက်အရ အမြတ် ထုက် လာ သည် ကား လာဘော=ရရှိခြင်း ပင်တည်း။

အာနန္ဒာ၊ တဏှာက အရှာခိုင်းသောကြောင့် တဏှာလိုချင်သော ပစ္စည်းများ ရလာ၏။ ထိုအခါ ရုပ်ကောင် နာမ်ကောင်သည် "ငါ့ကိစ္စပြီးပြီကော" ဟူ၍ ဟင်းကနင် သက်ပြင်းချခွင့် မရသေး။ တဏှာသခင်၏ အငြိုအငြင်ကို မခံဝံ့သောကြောင့် လိုချင်ရာကို ရအောင်ရှာပေးကြရသည်။ ရုပြန်တော့လည်း ရုပ်ကောင်၊ နာမ်ကောင်အဖို့ သူ့ခမျာ သည်ဝတ်က မလွတ်နိုင်ရှာသေး။ ရလာသော ပစ္စည်းပစ္စယများ အပေါ်တွင် သင့်လျော်အောင် စီမံခန့်ခွဲ ရန်ကိစ္စ ဝိနိစ္ဆယနှင့် ရင်ဆိုင်လာရပြန်လေ၏။ ရလာသော ပစ္စည်းမျာ်းကို ဘယ်နေရာမှာ ဘာလုပ်ရမည်။ အိမ် ဝယ်မည်။ ဇရုပ်ဆောက်မည်။ ရေတွင်း တူးမည်။ ဟိုဟာ ဝယ်မည်။ သည်ဟာ လုပ်မည် စသော အားဖြင့် ပစ္စည်းကို အကြောင်းပြု၍ ဆုံးဖြတ်ရမည့် ကိစ္စကို အဘယ်မည်သော ရုပ်ကောင် ရှောင်နိုင်ပါမည်နည်း။

အာနန္ဒာ၊ လာဘံ-ရှာဖွေ၍ ရရှိလာသော ပစ္စည်းမျာ်းကို။ ပဋိစ္စ-စဲ့၍။ ဝိနိစ္ဆယော-ဆုံးဖြတ်ရမှု

တခု ထပ်ပိုး၍ လာပြန်၏။ စားဝတ်နေမှုက တဖြာ၊ ရောင်ရေးဝယ်တာက တဖုံ၊ ဝေပုံချပြီး ဆုံးဖြတ်ရမှု ကိစ္စတွေ ဖြစ်လာသည်။ ပစ္စည်းရှာဖွေခြင်းမှာ အလှကြည့်စရာအတွက် ရှာဖွေခြင်းမဟုတ်။ လုပ်ဖို၊ ကိုင်ဖို၊ စားဖို၊ သောက်ဖို စသည်ဖြင့် ဖို့ပေါင်း အာသခ်ျတို့အတွက် ရှာဖွေရခြင်း ဖြစ်လေရာ ရရှိလာပြန်သောအခါ ဆုံးဆုံးဖြတ်ဖြတ်နှင့် သုံးစွဲတတ်ဖို့ဆိုသော တာဝန်ကလည်း ရုပ်ကောင် နာမ်ကောင်ကို ဖိစီးပါ၏။ ဤသည်ကိုလည်း ရုပ်ကောင် နာမ်ကောင်ဆိုသော အကောင်က ကြောက်ရမှန်း၊ လန့်ရမှန်း မသိရှာ။

အာနန္ဒာ၊ လာချေသေး၏။ သင် ရှုဦးလော့။ ဝိနိစ္ဆယံ-ဘာလုပ်မည်၊ ညာလုပ်မည်၊ ဟူသော ဆုံးဖြတ်ချက်ကို၊ ပဋိစ္စ-စဲ့မှီလျက် ဆန္ဒရာဂေါ-နှစ်သက် တပ်စွန်းခြင်း ဖြစ်လာ၏။ မိမိပစ္စည်းကို နွားကုပ်လက်ကိုင် ဆုပ်ထားလို၏။ ထိုဆန္ဒရာဂကို အကြောင်း ပြုပြန်၍ အဇ္ဈောသနံ=တိုက်တွန်းခြင်း ဖြစ်လာ၏။ ငါ၊ ငါ့ဟာ၊ ငါ့စွာ၊ ငါ့ပစ္စည်း၊ ဆုပ်မီလျှင် မလွတ်နှင့်၊ တွယ်ထား၊ ကပ်ထား မြဲမြံစွာ ဖက်ထားဟူ၍ မိမိကိုယ်ကို ပြန်၍ တိုက်တွန်းချက် အပြည့်အနှက်နှင့် ဖြစ်လာ၏။

အာနန္ဒာ၊ ဤမျှဖြင့်မပြီးလေသေး။ ပဋိစ္စသပ္ပဒ်ကားပတ်ဆဲလည်ဆဲပင်ဖြစ်၏။ အဇ္ဈောသနံ-တိုက်တိုက်

တွန်းတွန်းနှင့် မြဲမြံစွာ တွယ်ဖက်ထားခြင်းကိုပင်စို့-
အကြောင်းတခု၊အထောက်အထားပြု၍၊ပရိဂ္ဂဟော-
ကိုယ်နှင့်မကွာ ရင်ဝယ်ပိုက်ထွေးထားခြင်း သိမ်း
ဆည်းမှု ဖြစ်လာ၏။ မိမိပစ္စည်းကို "အထိမခံ၊ ကြွေး
ပန်းကန်"မျိုး ဖြစ်လာ၏။ ထို သိမ်းပိုက်ခြင်းကို
အကြောင်းပြု၍ မစ္ဆရိယ-ဝန်တိုခြင်း ဖြစ်လာ၏။
မပေးလို။ မကမ်းလို၊သူမသိစေလိုသော စိတ်တို့သည်
တရိတ်ရိတ်နှင့် မိုးတိမ်လိပ်မျှားအလား ကြီးထွား
လာကုန်၏။

အာနန္ဒာ၊ဝန်တိုခြင်း ဖြစ်လာသော ရုပ်ကောင်၊
နာမ်ကောင်အား ထိုဝန်တိုခြင်းက အဘယ်မျှလှမ်းမိုး
ကြီးစိုးပြန်မည် ထင်သနည်း။ "ဟေ့ကောင်၊ ငါ့
ပစ္စည်းတွေ သူခိုး ခိုးကုန်ရင် ဘယ့်နှယ်လုပ်မလဲ"
ဟူ၍ မစ္ဆရိယက ရုပ်ကောင်၊ နာမ်ကောင်အား
လုံခြုံအောင် အစောင့်အနေ ချထားလိုက်ပြန်သည်။
မစ္ဆရိယံ=ဝန်တိုခြင်းကို၊ ပဋိစ္စ=စဲ၍၊အာရက္ခော=
စောင့်ရှောက်မှု တာဝန်တွေ ဖြစ်လာရပြန်၏။

အာနန္ဒာ၊ အာရက္ခ=စောင့် ရှောက် ခြင်းကား
လက်ချည်း သက်သက်ဖြင့် ထိုရုပ်ကောင်၊ နာမ်
ကောင်က လုံအောင် စောင့်ရှောက်နိုင်ပါမည်လော။
ထိုအခါလုံခြုံမှုအတွက် လက်နက်တွေ လိုလာသည်။
လက်နက်ရှိမှ ဖြစ်မည်ဟူသော အခြေစိုက်လာသည့်
အလျောက် ထိုရုပ်ကောင်၊ နာမ်ကောင်ကား ဓား

ကိုလည်း ဆောင်ရလေ၏။ ဒုတ်ကိုလည်း ကိုင်ရလေ၏။ စကားလည်းများ ရန်လည်း ဖြစ်ရလေ၏။ ရိုက်-နှက်-ထိုး-ခုတ် စသော ဒုစရိုက် မှုတို့သည် အမျိုးမျိုး ရှုပ်ပွေလာကုန်၏။

အာနန္ဒာ၊ ဤသည်တို့ကား ဓေဒနာ ခံစားမှု အရင်းခံမှ ပေါက်ပွားလာသော ခြွေရုံသင်းပင်း ရောင်းရင်းတို့ သာလျှင် ဖြစ်ကုန်၏။ ရုပ်ကောင်၊ နာမ်ကောင်တို့သည် ဤသည့် ပဋိစ္စသမုပ္ပာဒ်များ အပေါ်၌ အခြေစိုက်ကာ မမိုက် ချင်ပါဘဲလျက် လည်း ရုပ်မိုက်၊ နာမ်မိုက်ကြီးတွေ ဖြစ်ကြရကုန်၏။

အာနန္ဒာ၊ သင် စူးစိုက်စွာ နဲ့ဖလော့။ အခါခပ်သိမ်း အချိန်အခါမရွေး၊ တစုံ တယောက်သော ရုပ်ကောင် နာမ်ကောင်အား မည်သည့်နေရာ၌ မဲ့သို့သော အခြင်းအရာနှင့်မျှ စောင့်ရှောက် ရခြင်း မရှိခဲ့သော် ယင်း စောင့်ရှောက် မှုသည် လုံးဝ ချုပ်ပြတ် ရပ်စဲသွားလေပြီ ဖြစ်သောကြောင့် ဒုတ်၊ ဓား စသော လက်နက်များ ဆောင်ရခြင်း၊ ခိုက်ရန် ဒေါသဖြစ်ခြင်းစသောမလိုလားအပ်သည့် အကုသိုလ်မှု ဒုစရိုက်တို့သည်ဖြစ်ကုန်ရာဦးမည်လော။

အာနန္ဒာ။ ။မဖြစ်နိုင်တော့ပါ ဘုရား။

ဗုဒ္ဓ။ ။ထို့ကြောင့် အာနန္ဒာ၊ စောင့်ရှောက် ရခြင်းသည် သာလျှင် လက်နက် ဒုတ်၊ ဓားစသော လက်နက်များ ကိုင်ဆောင်ရခြင်း၏ အကြောင်း အရင်း

တည်း။အခြေခံနိဒါန်းတည်း။ဖြစ်ကြောင်း သမုဒယ
တည်း။ အဆောက်အပုံ ပစ္စည်း ဖြစ်သတည်း။
အာနန္ဒာ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရ=မသိမှု
အကြောင်းခံကြောင့် ပြုပြင်မှုတို့ ဖြစ်ရသည် စသော
ပဋိစ္စသမုပ္ပဒ်ကား ဝဋ်ဆင်းရဲလျှင် မူလဘူတ
အကြောင်းခံသောကြောင့် "ဝဋ္ဋမူလ ပဋိစ္စသမုပ္ပဒ်"
မည်ပေ၏။ တဏှာ ပစ္စယာ ပရိယေသနာ=တပ်မက်
မှုကြောင့် ရှာမှီခြင်း ဖြစ်ရသည် စသော ပဋိစ္စ
သမုပ္ပဒ်ကား ရှာမှီခြင်း၏ အကြောင်းကို အရင်
ခံသောကြောင့် "သမုဒါ စာရ ပဋိစ္စသမုပ္ပဒ်"
မည်ပေ၏။

အချုပ်အားဖြင့် ဝဋ္ဋမူလတဏှာ၊ သမုဒါစာရ
တဏှာ ဟူ၍ ဤသို့ တဏှာကို ခွဲခြားမျဲ့ မှတ်နိုင်၏။
ယင်း တဏှာ နှစ်မျိုးစလုံးပင် ဝေဒနာ၌ ပေါင်းဆုံ
မိကုန်၏။ ဝေဒနာကို အကြောင်းပြု၍ ယင်းတဏှာ
နှစ်မျိုးစလုံး ဖြစ်ရကုန်၏။ ဤသည် တို့ကိုလည်း
ခွဲခွဲခြားခြား သင် မှတ်သားလေဦးလော့ အာနန္ဒာ။

အာနန္ဒာ။ ။တင်ပါ့ဘုရား။

တော အုပ်ကြီး အတွင်း၌ ပဋိစ္စသမုပ္ပဒ်သည် အဆက်
မပြတ် လည်ပတ်နေခြင်းမှ ရုပ်ဆိုင်းမသွားသေး။ စန္ဒာယုန်အိမ်
သည် မိုးတိမ်ယံမှ ဘုရားသခင်၏ ပဋိစ္စသမုပ္ပဒ်ကို နာလျက်
ရှိနေ၏။ ဤတောအုပ်မှ မလှမ်းမကမ်းသို့ လှမ်းမျှော်လိုက်သော်
မီးရောင်တဝင်းဝင်းနှင့် ကမ္မာသမမှုရှာကြီး၏ ညှဉ်းဆဉ်းကို ရေးရေး
မြင်နိုင်၏။

အာနန္ဒာဟု ခေါ်လိုက်သော ဗုဒ္ဓ၏ အသံဘော်သည် ညှဉ်ဦးယံ၌ ထွက်လာ၏။ အရှင်အာနန္ဒာကား ဘုရားသခင်၏ ရွှေဘော်တွင် ဒူးတုပ်၍ ရိုသေစွာ ခစားလျက် တရား နာနေလျက်ပင်။ ဗုဒ္ဓသည် အာနန္ဒာအား အကျယ်ပွား၍ ဟောကြားရန် ရှိနေသေးသည့်အတွက် အာနန္ဒာဟု ခေါ်တော်မူလိုက်ခြင်း ဖြစ်၏။

ဗုဒ္ဓ။ ။အာနန္ဒာ၊ ကောင်းစွာ သင် မှတ်လေဦး။ နာမ်၊ ရုပ်အခကြောင်းကို ထပ်လောင်း၍ ငါ ဆက်ဦးအံ့။ ဝိညာဏ ပစ္စယာ နာမရူပံ=ဝိညာဏ်ကြောင့် နာမ်၊ ရုပ် ဖြစ်ရသည်ဟု ငါ ဆိုခဲ့ပြီ။ နာမ်၊ ရုပ် ဖြစ်ပုံကို ဤသို့အားဖြင့်လည်း မှတ်နိုင်သေး၏။

အာနန္ဒာ၊သိမှုသည် ဝိညာဏ်၊ဝိညာဏ်သည် သိမှု ဖြစ်၏။ ထိုသိမှုခေါ်သော ဝိညာဏ်သည် အမိဝမ်း၌ မသက်ရောက်ခဲ့သော် နာမ်၊ ရုပ်သည် ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်လာနိုင်ပါမည်လော။

အာနန္ဒာ။ ။မဖြစ်တည်နိုင်ပါ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ ဝိညာဏ်သည် အမိဝမ်း၌ ဖြစ်လာလေ၏။ ထိုသို့ ဖြစ်လာပြီးမှ ထိုဝိညာဏ် ချုပ်သွားခဲ့သော် နာမ်၊ ရုပ်သည် ဤကိုယ်ကာယ ဖြစ်ခြင်းငှာ ဖြစ်နိုင်ပါမည်လော။

အာနန္ဒာ။ ။မဖြစ်နိုင်ကြောင်းပါ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ သူငယ်အားထင်း၊ သူငယ်မအားထင်း ဝိညာဏ်သည် ငယ်စဉ်ကပင် ချုပ်သွားငြားအံ့။ နာမ်၊ ရုပ် သက်သက်က ထ၍ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်နိုင်ပါမည်လော။

အာနန္ဒာ။ ။မရောက်နိုင်ပါဘုရား။

ဗုဒ္ဓ။ ။ထို့ကြောင့် အာနန္ဒာ၊ ဝိညာဏ်သည်သာလျှင် နာမ်၊ ရုပ်၏ အကြောင်းရင်းတည်။ ဝိညာဏ်သာ နာမ်၊ ရုပ်၏ အခြေခံနိဒါန်းတည်း။ ဝိညာဏ်သာ နာမ်၊ ရုပ် ဖြစ်ကြောင်း သမုဒယတည်း၊ ဝိညာဏ်သာ နာမ်၊ ရုပ်၏ အထောက်အပံ့ပစ္စည်းဟု သင်မှတ်လော့။

အာနန္ဒာ။ ။တင်ပါ့ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ နာမ်ရုပါပစ္စယာဝိညာဏံ=နာမ်၊ ရုပ်ကြောင့် သိမှု ဖြစ်ရသည်ဟု ငါဆိုခဲ့၏။ ယင်းဝိညာဏ် ဖြစ်ပုံကို ဤသို့သော အကြောင်းတမျိုးဖြင့်လည်း သင် မှတ်သားနိုင်သေး၏။

အာနန္ဒာ၊ ဝိညာဏ်သည် နာမ်၊ ရုပ်တည်းဟူသော မှိုတွယ်စရာ အမာခံရှိမှသာ ဖြစ်နိုင်လေသည်။ နာမ်၊ ရုပ်၌ မှိုတွယ်ရာ မရခဲ့သော် နောင်သောအခါ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းနှင့်တကွ ဆင်းရဲမျိုးစုံ ထင်ရှားနိုင်ပါမည်လော။

အာနန္ဒာ။ ။မဆင်ရှားနိုင်ပါဘုရား။

ဗုဒ္ဓ။ ။ထို့ကြောင့် အာနန္ဒာ၊ ထို နာမ်၊ ရုပ် သည် သာ ဝိညာဉ်၏ အကြောင်းရင်း အခြေခံနိဒါန်း၊ ဖြစ်ကြောင်း သမုဒယ၊ အထောက်အပံ့ ဖြစ်ကြောင်းကို သင်ကောင်းစွာ မှတ်လေလော့။

အာနန္ဒာ။ ။တင်ပါ့ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ နာမ်၊ ရူပ်ကို ဤဥပမာဖြင့်လည်း သင်မှတ်လိုက မှတ်နိုင်သည်၊မှတ်သင့်သေးသည်။အာနန္ဒာ မင်းခြင်းယောကျ်ားတို့သည် မင်းအား ဤသို့ဆိုကုန်ရာ၏။ သင့်ကိုမည်သူက မင်းမြောက် ထားသည်။ ငါတို့က မင်းအဖြစ် တင်မြောက်ထားသည် မဟုတ်ပါလော။ အကယ်၍ အကျွန်ုပ်က အိမ်ရှေ့မင်းအဖြစ်၊ သူက စစ်သေနာပတိအဖြစ်၌ ရပ်တည်ခြင်း မရှိခဲ့သော် သင်တယောက် ထီးတည်း မင်းဖြစ်ရာပါသလော။ ငါတို့ကောသင့်အား မင်းအဖြစ် မြင်ကြရကုန်ရာသလော ဟု ဆိုကုန်လေရာ၏။

အာနန္ဒာ၊ ထို့အတူ နာမ်၊ ရူပ်ကလည်း ဝိညာဏ်ကို ဤသို့ ပြောသည်နှင့် တူ၏။ သင့်ကို ပဋိသန္ဓေဝိညာဉ်ဟု မည်သူက ပြုအပ်သနည်း။ ငါ ပြုအပ်သည် မဟုတ်ပါ၊လော။ အကယ်၍ သင်သည် ခန္ဓာသုံးပါး၊ကိုးဌာန်း၊ ဟဒယဝတ္ထုကိုဌာန်း မမှီ မတွယ်လေဘဲ ပဋိသန္ဓေဝိညာဉ် မည်နိုင်ရုပါမည်လော။ ငါတို့ကကော သင့်ကို ပဋိသန္ဓေဝိညာဉ် အဖြစ်ဖြင့် မြင်နိုင်ကုန်ရုပါမည်လောဟု နာမ်၊ ရူပ်က ဝိညာဉ်

၁။ ယထာဟိဆုဇပုရိသာဆုဇဝေနံ၊ ပ၊ (မဟာဝဂ္ဂအဋ္ဌကထာ၊ မဟာနိဒါနသုတ်၊ ၉၃-ဆဋ္ဌမှု)

အား ပြောလေဟန် ဤပုံနှင့် ဟပ်၍လည်း သင်
မှတ်နိုင်သည် အာနန္ဒာ။

အာနန္ဒာ။ ။တင်ပါ့ဘုရား။

ဗုဒ္ဓ။ ။ဤသို့လျှင် နာမ်၊ရုပ်နှင့် ဝိညာဉ်တို့ကိုအချင်းချင်း
ကျေးဇူးပြုသည်၏ အစွမ်း အားဖြင့် သတ္တဝါ
ကောင်သည် ဖြစ်မှုလည်း ဖြစ်ရာ၏။ အိုမှုလည်း
အိုရာ၏။ သေမှုလည်း သေရာ၏။ စုတိ၏ အစွမ်း
အားဖြင့် တဘဝမှ တဘဝသို့ ထပ်တလဲလဲ တွေ့မှု
လည်း တွေ့ရာ၏။ ပဋိသန္ဓေ၏ အစွမ်း အားဖြင့်
ဘဝသစ်၌ အကြိမ်ကြိမ် ဖြစ်မှုလည်း ဖြစ်ရာ၏။

ဤသို့ ဝိညာဉ်နှင့် နာမ်၊ ရုပ် အချင်းချင်း
ကျေးဇူး ပြုသော အားဖြင့် အဓိဝစနပထော=
စကား၊ပြောဖို့ဝဟာရ ဖြစ်လာ၏။ နိရုတ္တိပထော=
အခေါ်အဝေါ်ပုံရာ သဒ္ဒါ ဖြစ်လာ၏။ ပညတ်ပုံ
ပထော=ခေါ်ဝေါ်သမုတ်စရာ ပညတ် ဖြစ်လာ၏။
ပညာဝစရံ=ပညာ ကွန့်မြူးစရာ ဉာဏ်စားကျက်
ဖြစ်လာ၏။ ဝဋ်ဒုဝတ္တတိ=သံသရာ စက်ရဟပ်ကြီး
ချာချာလည် လာ၏။ ဣတ္ထတ္ထံ=ခန္ဓာငါး၊ပါး ဖြစ်ဖို့
အထင်အရှား ဖြစ်လာ၏။

အာနန္ဒာ၊ ဤသို့ ဤသို့လည်း ခဲ့ခဲ့ ခြားခြား
မှတ်သား၊မိစေဦး၊လော့။

အာနန္ဒာ။ ။တင်ပါ့ဘုရား။

တောအုပ်ကြီးသည်သာ မျှောင်ရိပ်တွင် အိပ်မောကျနေ၏။ လရောင်ကား မမှိတ်သေး။ ထို့အတူ တောအုပ်ကြီးအတွင်း၌ တရားသံသည်လည်း မတိတ်သေး။

(ဒီဃနိကာယ်၊ မဟာဝဂ္ဂပါဠိတော်၊ မဟာနိဒါနသုတ်၊ ၄၇၊ ၅၄၊ ဆဋ္ဌမ)

(၁၈)

သင်းချိုင်းစည်ကားအောင်လုပ်နေသူများ

မအာလိုလိုက်လျှင် မိုက်ဖက်ပါတတ်သည်ဟူ၍၎င်း၊ မယားထိလျှင် ခေးကြည့် ဟူ၍၎င်း၊ မ အတွက်နှင့် အသက်သေသူ ဟူ၍၎င်း ဤသို့ စသောအားဖြင့် ပြောကြဆိုကြသော စကားများ ရေပန်း စားလာခဲ့သည်မှာ ကြာပြီ ဖြစ်၏။

ထိုစကားများ၏ မြစ်ဖျားခံရာကား မ၊ မိန်းမဖြစ်၏။ မိန်းမ အတွက် ဤစကားပုံများ ထွက်လာခြင်း ဖြစ်၏။ ထိုစကားလုံး တို့သည် အတုံးလိုက်၊ အတစ်လိုက် လူတို့၏ အာခံတွင်းထဲသို့ ဒိုက်ဗင်ထိုး၍ ဆင်းလာကုန်ကြသည်မှာ အကြောင်းမဲ့ မဟုတ်။

မိန်းမတို့၏ စိတ်အာရုံလောက် ယောကျ်ားတို့၏ စိတ်ကို တုန်လှုပ် ခချောက်ချားသွားစေနိုင်သော အရာသည် မရှိ။ မိန်းမ တို့၏ ရူပါရုံ၊ ရုပ်အဆင်းသည်သာ ယောကျ်ားသားတို့၏ စိတ် နှလုံးကို ထုံးလိုချ၊ ရေလိုနှောက်နေသည့် လက်နက်ဖြစ်သည် ဟူ၍ ဗုဒ္ဓမြတ်ဘုရား မြွက်ကြားသွားတော်မူ၏။

အချုပ်အားဖြင့် ယောကျ်ားများ ဖောက်ပြားကြ၊ ဒုက္ခ အမျိုးမျိုး ရောက်ကြရသည်မှာ ဘယ်သူကြောင့်လဲမေးခဲ့လျှင်

မိန်းမကြောင့်၊ မိန်းမကြောင့်ဟု ဖြေရမည်သာ ဖြစ်၏။ မိန်းမ အတွက်နှင့် ယောကျ်ားအချင်းချင်း ရက်စက်စွာ သတ်ကြ၊ ဖြတ်ကြ၊ ရိုက်နှက်ကြ၊ ထိုးခုတ်ကြ၊ ကျိသို့ မလိုလားအပ်သော မှုခင်းများ ဖြစ်ပွားကြရသည်မှာ မိန်းမသာလျှင် အကြောင်းရင်း ရှိသည်ဟု ဆိုလိုသည်။

ကျိကမ္ဘာသည်ငင်း၊ ထိုထိုကမ္ဘာသည်ငင်း မည်သည့် ကမ္ဘာမှ မိန်းမနှင့် ကင်းလေမည် မဟုတ်။ မိန်းမသည် ကမ္ဘာတိုင်း ကမ္ဘာတိုင်း၏ အဆင်တန်းဆာတမျိုး အသွင်ဖြင့် ထင်နေမည်သာ ဖြစ်၏။ မိန်းမ မပါလျှင် ကမ္ဘာတည်၍ ဖြစ်မည် မဟုတ်။

မိန်းမရှိနေသရွေ့ ယောကျ်ားလောကဌ် သတ်ပဲ့၊ ရိုက်ပဲ့ များလည်း မည်သည့်အခါမျှ ကင်းလေမည် မဟုတ်။ မိန်းမ အတွက်နှင့် ပတ်သက်၍ ယောကျ်ားလောကတွင် ရှေးကလည်း သတ်ခဲ့ပြီ။ ယခုလည်း သတ်နေဆဲ။ နောင်တွင်လည်း သတ်ကြ၊ ဖြတ်ကြ၊ ရိုက်နှက်ကြဦးမည်သာတည်း။

ထင်ရှားစေပါအံ့။ ဗုဒ္ဓလက်ထက်တော် အခါက မိန်းမ တယောက်ကို အကြောင်းပြု လျက် ယောကျ်ားပေါင်း သောင်းခြောက်ထောင်တို့ မြို့ပျက်ခမန်း သောင်းကျန်းခဲ့ကြဘူး ပေသည်။

နေရာကား ရာဇဂြိုဟ် မြို့ထောဝ်ကြီး အတွင်း၌ ဖြစ်၏။ ပြည့်တန်ဆာမ တယောက်သည် မက်လောက်အောင် အလှတော် ချေ၊ အတော်လှ၏။ နာမည်ကျော် အမျပါလိနီကဲ့သို့ ကြွေးကြီးစား ပြည့်ဘန်ဆာမ ဖြစ်၏။ ကြွေးရည်တတ် ယောကျ်ား များမှသာ သူအပါးသို့ ချဉ်းကပ်နိုင်သော ဟူပေ၏။

ယင်းအချောအလှ မျိုးမမပကာသနိကို အကြောင်းပြု၍ ရာဇဂြိုဟ်မြို့ကြီးသားကာလသားခေလာက၌ အုပ်စုနှစ်စုကွဲသွား၏။ အဓိပတည်း ဖြစ်ကုန်လေ၏။

ကာလသားအုပ်စု တစုက ထိုပြည့်တန်ဆာမအား သူတို့ ချည်းသာ ပျော်ပါးလိုကုန်သည်။သူတို့သည်သာ အတွေ့ထူးဝယ် ယစ်မူးလိုကုန်သည်၊ တဖက် အုပ်စုမှ ကာလသားများအား လုံးဝ ပျော်ပါးခွင့် မပေးလိုကြကုန်။

တဖက်သော အုပ်စုဝင် ကာလသားများမှာလည်း ခေသူများ မဟုတ်ကြ။ ကြေးကြီးပေး၍ ထိုပြည့်တန်ဆာမအား သူတို့ ချည်းသာ ပျော်ပါးလိုကြကုန်သည်။ ဟိုဖက် အုပ်စုက အကောင် တွေကို ယောင်လှိမ္မ မြည်းခွင့် မပေးလိုကြ။

ဤသည်ကအစ ပဋိပက္ခ ဖြစ်ကြလေ၏။ တဖက်နှင့်တဖက် ပထမသော် တကျက်ကျက် ဖြစ်ရုံလောက်သာ ရှိသည်။ နောက်တွင်မူ ပဋိပက္ခမှုမှာ တဖြည်းဖြည်း ကြီးထွားလာသည်။ အဆိတရစ်၊ အသာတရစ်၊ လုံးကျစ်ဖွံ့ထွား၊ သွားရေတမြားမြား ကျချင်စရာ ကောင်းလှသော ထိုပြည့်တန်ဆာမ၏ ရူပါရုံဆွဲခေတ် ကြောင့် ဦးရာလူ တောက်တဲ့ကပ် ကပ်ကြရာမှအစ အချင်းချင်း စကားများကြ ရန်ဖြစ်ကြခလေသောအခါ အနိုင်အရှုံး၊ လုံးထွေး သတ်ပုတ်ကုန်ခလေ၏။ ခဲနှင့် ထုသူက ထု၊ လက်သီးစွမ်းပြသူကပြ၊ ခေါ်မိုး၊ ဒုတ်ဝဲ၊ လှံကို ဆွဲသူကဆွဲနှင့် လူသတ်ပွဲကြီး ဖြစ်လာလေ၏။

ထိုသည့် အဓိကရုဏ်းကြောင့် အချို သေ၊ အချို ခြေကျိုး၊ အချို လက်ပြတ်၊ အချိုမှာ ဒဏ်ရာ အနာတရနှင့် မရှုမလှ သွေးမြေကျ ဖြစ်ကုန်လေ၏။

အချိန်မှာ တမြို့လုံးဝါဝါထိန်နေသော ဆွမ်းခံချိန်ဖြစ်သည့် အလျောက် ရဟန်းတော်များသည်စီတန်းလျက်ဆွမ်းခံလျက်ရှိနေကြ၏။ ထိုအချိန်တွင် ခေးရောင်တဖွေးဖွေး၊ လုံခရုးတပြောင်ပြောင်နှင့် ရှိနေသော ခေးကြား၊ ဒုတ်ကြား၌ ဆွမ်းခံကိုယ်တော်များ ပိတ်မိနေသဖြင့် ယင်းရိုက်ပုဆိုးကွက်များကို မမြင်လိုဘဲလျက် မြင်နေကြရလေသည်။

ဆွမ်းခံရင်း ကြုံတွေ့ခဲ့ကြရသော မြို့တွင်းက ထိုသတင်းသည် ကျောင်းသို့အထိ ပါလာသည်။ ဆွမ်းစားပြီး လေသောအခါ ထိုဖြစ်ရပ်ကို မျိုသိပ်မထားနိုင်သော ကိုယ်တော်အချို့က ဘုရားသခင်ဆံတော်သို့ သတင်းပို့ကြလေ၏။

ဘုရားသခင်အနေဖြင့် ထိုသတင်းစကားမျိုးကို မကြားလိုသော်လည်း ရဟန်းအချို့က အရင်းအတိုင်း ဖေဖော်သည်ချလေသည့်အတွက် နားရှက်ရှက်နှင့်ပင် ကြားတော်မူရလေ၏။

ထိုအခါ မြတ်ဗုဒ္ဓသည် တိုတိုတုတ်တုတ်ဖြင့် နှုတ်မြွက် ဆုံးမတော်မူရလေ၏။

"အို ရဟန်းတို့၊ဤအလုပ်ကား သင်တို့အလုပ်မဟုတ်၊သင်တို့အနေဖြင့် လုပ်ရန်အလုပ် နှစ်မျိုးသာရှိ၏၊ တမျိုးကား တရားကို အားထုတ်ခြင်း၊ နောက်တမျိုးကား ရေငုံနှုတ်ပိတ်၊ ခပ်မဆိပ်နေခြင်း၊ဤနှစ်မျိုးသာ သင်တို့အလုပ်ဖြစ်ပေသည်"ဟု မိန့်တော်မူပြီးနောက် ဤသို့ဖြစ်ရပ်ကို အကြောင်းပြုကာ အောက်ပါအတိုင်း ဥဒါန်းကျူးတော်မူလိုက်လေသတည်း။

ကာမ၏စွမ်းအားဖြင့်ရောက်တတ်သူလည်းရှိ၏။ရောက်အပ်သူအရောက်ခံရသူလည်း ရှိ၏။ ထိုနှစ်မျိုးစလုံးသည် ဇရာဖြင့် ပြွမ်းနေ၏။ ဇရာဖြစ်ထူများသာ ဖြစ်ကြ၏။ တကၠသိုလ်

ရာဂရောဂါစွဲကပ်နေသူများ ဖြစ်ခြင်းကြောင့် ရောဂါထကာအမြဲနာကျင်နေ၏။ သိက္ခာသရကို လိုလားကြသော အကြင်သူတို့သည် သီလဗွတ ဗြဟ္မာစရိယအကျင့်ကို အသက်ကဲ့သို့ အလုပ်အဓိကျွး ပြုကြကုန်၏။ ဤကားတခုသောအစွန်းဖြစ်၏။

အကြင်သူတို့သည်ကား ကာမမှုတို့၌ အပြစ်မရှိဟု အယူရှိကုန်၏။ ဤကား တခုသောအစွန်းဖြစ်၏။ထိုအစွန်းနှစ်ခုတို့သည် ခန္ဓာကိုယ် အတွင်ဘာဝကို ပွားစီးစေလျက် သင်းချိုင်း စည်ကားအောင် ပြုကုန်၏။ခန္ဓာကိုယ်အတွင်ဘာဝကို ပွားစီးစေသူတို့သည် အယူဝါဒ၊ အစဲ့အလမ်းတခုခု၊ ဒိဋ္ဌိတမျိုးမျိုးကို ပွားစီးစေသူတို့ ဖြစ်ကုန်၏။ ယင်းအကြောင်းကို မသိသူအချို့တို့သည် တဏှာဖြတ်တောက်မှုမှ ဆုတ်နစ်ကုန်၏။ အချို့တို့ကား ဘဝပြတ်မှုအေးမည်ဟူ၍ တပြေးတည်းပြေးနေကုန်၏။ အကြောင်းသိသူတို့ကား ပြေးဘို့ဝေးစ့၊သင်းချိုင်းအနီးသို့ပင် မသီကြတော့ကုန်။ သင်းချိုင်းရှိသည်ဟူ၍ပင် မထင်လေတော့ကုန်။ ထိုသူတို့အဖို့ ပညတ်စရာ ဝင်္ဂဟူသည် မရှိတော့ပြီ၊ ပြတ်လေပြီတည်းဟု ဤသို့ ဥဒါန်းကျူးတော်မူခဲ့လေသတည်း။

(ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊
ဂဏိကာသုတ်၊ ၁၆၆၊ ဆဋ္ဌမှု)

စပယ်ဦးစာပေ

သဟဓမ္မိကပဥ္ဉာဆယ်ပါး

မစ္ဆိကာသက္ကဟူ၍ ပြည်နယ်တခုရှိ၏။ ထိုပြည်နယ်တွင် ထင်ရှားသော ဘကျော်ဒေးယျများကို ရွေးထုတ်၍ သန်းခေါင်စာရင်းပြုလုပ်ခဲ့သော် စိတ္တသူကြွယ်ကို ချန်လှပ်ထားခဲ့၍ မဖြစ်ချေ။ စိတ္တသူကြွယ်ကား ပြည့်မျက်နှာဖုံးများစာရင်းတွင် ထိပ်ဆုံးမှ ပါဝင်နေသောကြောင့် ဖြစ်၏။

စိတ္တသူကြွယ်၏ထင်ရှားခြင်းကား ဓနဂုဏ်ကြောင့် မဟုတ်၊ စာတတ်၊ ပေတတ်၊ စကားတတ်၊ ဗဟုသုဘအဆုဌ္ဌ နှံစပ်သောကြောင့် ဖြစ်ပေ၏။

စိတ္တသူကြွယ်သည် ပညာလည်းကြီး၏။ ပညာရှိသောအကျင့်ကိုလည်း ကျင့်၏။ နက်နဲသော အဘိဓမ္မာသဘော၊ ပရမတ်တရားများကိုလည်း အနှစ်ကျကျ သိထားသူဖြစ်၏။ အဝေးအခေါ်လည်း ဆန်းသစ်၏။ စကားပရိယာယ်လည်း ကြွယ်၏။ ဆန်းကြယ်သော စကားကို ဆိုတတ်သောအရာတွင် သူသာလျှင် အတော်ဆုံးဖြစ်သည့် "တေဒဂ်ဘဲ့" ကိုပင် ရရှိထားသူ ဖြစ်လေသည်။

အဘိဓမ္မာ သဘောတရားကို ရဟန်း သံဃာတော်များနှင့် ဆွေးနွေးဘက် ဖြစ်သောကြောင့် သံဃာ့လောကဥစ်ထင်ရှားရုံမက သူအား သံဃာတော်များကပင် ချီးကျူးခြင်းပြုကြကုန်၏။

စိတ္တသုကြွယ်၏ ညဉ်တခုမှာ သူနှင့် ဝါဒချင်းတူသည် ဖြစ်စေ မတူသည်ဖြစ်စေ၊ထင်ရှားကျော်ကြားသောပညာရှင်ထံ ချဉ်းကပ်လျက် သိမ်သိမ်မွေ့မွေ့ ပညာရှိပီသစွာ ဆိုပြောလေ့ ရှိခြင်းပင်တည်း။

သူနေထိုင်ရာ မစ္ဆိကာသဏ္ဍသို့ မည်သည့်အယူဝါဒ ရှိသူမဆို အကျော်ဒေးယျပုဂ္ဂိုလ်တဦးဦး ရောက်ရှိလာသည် ကြားသော် စိတ္တသုကြွယ်သည် ဦးဦးဖျားဖျား သွားရောက် တွေ့ဆုံကာ ပညာချင်း နှိုးနှောလေ့ ရှိ၏။

အခါတပါးတွင် နာဠန္ဒာအမည်ရှိသော နိဂဏ္ဌတက္ကတွန်းတဦး သည် နောက်ပါတပည့် တက္ကတွန်းငါးရာ ခြံရုံလျက် ထိုမစ္ဆိကာသဏ္ဍသို့ ရောက်ရှိလာ၏။ ထို နိဂဏ္ဌတက္ကတွန်းကား သာမည အညတရ ပုဂ္ဂိုလ်စားမျိုးမဟုတ်။ ဘုရားအမည်ကို ခံယူနေသူ ဧရာမ တက္ကတွန်းအရှင်ကြီး ဖြစ်လေသည်။

ဘုရားဟုအခေါ်ခံနေသော နိဂဏ္ဌသည် စိတ္တသုကြွယ်၏ အကြောင်းကို ကောင်းကောင်း ကြားဘူးနားဝ ရှိထားပြီး အကြောင်းသိပြီး ဖြစ်၏။ သိလျက်နှင့် ရောက်လာသည်ကို ထောက်သော် စိတ္တသုကြွယ်လောက်ကို မမှုလောက်ဟု ထင်၍ ရောက်လာခြင်းပေလောဟူ၍ တွေးထင်နိုင်စရာရှိ၏။

မည်သို့ပင်ဖြစ်စေ နိဂဏ္ဌတက္ကတွန်းမစ္ဆိကာသဏ္ဍသို့ရောက်လာသည် ဟူသော သတင်းကို ကြားလျင် စိတ္တသုကြွယ်သည်

လျင်စွာပင် သွား၍ နိဂဏ္ဌာနှင့် ထွေဆုံသည်။ မိတ်ဆက်စကား ပြောသည်။ နိဂဏ္ဌာလည်း ဝမ်းမြောက်စွာပင် စိတ္တာသူကြွယ်နှင့် အလွှာပဿလွှာပစကား ဆိုပြောသည်။

ဗုဒ္ဓဝါဒီတို့ မျှားစွာ နေထိုင်ရာ ဤမစ္ဆိကာသဏ္ဍသို့ နိဂဏ္ဌာ ရောက်ရှိလာခြင်းမှာ စည်းရုံးရေးအတွက် ဖြစ်တန်လေရာသည်။ သူ၏ ပြောစကားများကို ထောက်ခြင်းအားဖြင့် စိတ္တာသူကြွယ် ကဲ့သို့သော ဗုဒ္ဓဝါဒီ ခေါင်းဆောင်တဦးအား သူဖက်သို့ ပါလာအောင် မြှူဆွယ်လေသည့်အသွင် ထင်ဟပ်နေပေသည်။ စိတ္တာသူကြွယ်အား ရှေးဦးစွာ ပညာစမ်းလိုက်သည့် သဘော၊ သို့မဟုတ် သူ၏ ခံယူချက် အတိမ်အနက်ကို ခန့်မှန်းလိုသည့် ဆန္ဒဖြင့် နိဂဏ္ဌာသည် ဤသို့ စကားတလုံး ပစ်သွင်း ကြည့်လိုက်၏။

"အို သူကြွယ်၊ အတ္ထိ အဝိဘင်္ကော-အာရုံကို မတွေးတောခြင်းသည် ရှိ၏။ အတ္ထိအဝိဘာရော=အာရုံ၌ မစူးစမ်းခြင်းသည် ရှိ၏။အတ္ထိသမာဓိ=တည်ကြည်ခြင်းသည်ရှိ၏ဟုရဟန်းဂေါတမက တွင်တွင် ဟောပြောနေပါပကောလား။ သူစကားကို သင်ယုံသလော" ဟူသော ဤပုစ္ဆာစကားဖြင့် စိတ္တာသူကြွယ်၏အာဘော်ကို အစ်ထုတ်ကြည့်လိုက်၏။ထိုမေးခွန်းကို စိတ္တာသူကြွယ်က ပေါ့ပါးစွာပင်ဖြေ၏။

"အို အရှင်နိဂဏ္ဌာ၊ ကျွန်ုပ်လာခဲ့ရခြင်းမှာ ရှင်ကြီးဂေါတမ၏ စကားကို ယုံကြည်သူ တယောက်အနေဖြင့် ရောက်လာခြင်း မဟုတ်ပါ။"

ဤအသံကို ကြားလတ်သော် နိဂဏ္ဌာသည် မျှားစွာနှစ်ထောင်းအားရခြင်း ဖြစ်သွား၏။ ဤသို့ ဖြစ်ခြင်းကား "စိတ္တာသူကြွယ်သည်

ရှင်ဂေါတမ၏ ဝါဒါကို လက်ခံနေသူ မဟုတ်”ဟု အတွေး ရောက်လေသောကြောင့် ဖြစ်၏။

ထို့ကြောင့် နိဂဏ္ဌာသည် ဝမ်းသာအားရစွာဖြင့် ခါးကိုကော့၍ လည်ကိုမော့လျက်မူ သူပရိသတ်အား ၎ပေါ်စီးမှ ကဲ့၍ကြည့်ပြီး လျှင် ဤသို့ ကြွားကြွားဝင့်ဝင့် ရင့်ကြွေးလိုက်လေသတည်း။

“ဟရေး အချင်းရို့၊ အချင်းရို့၊ ဤသူအား သင်တို့ ကြည့်ကြကုန်၊ ရှုကြကုန်၊ မှတ်ထားကြကုန်။ နာမည်ကျော် စိတ္တသူကြွယ်ဆိုသူကား ဤသူပင်တကား။ သူသည် ဥဇုကော= လူရိုးလူဖြောင့်။ အသင္ခေါ-ကောက်ကျစ် စဉ်းလဲခြင်း မရှိ။ အမာယာဝီ=မလှည့်စားတတ်။ အကြင်သူသည် ဝိတက်၊ဝိစာရ= ကြံတွေးမှု၊ စူးစမ်းမှုတို့ကို ချုပ်ငြိမ်းစေအပ် ကောင်းသည်ဟု ထင်လေအံ့။ ဝါ။ တွေးခေါ်ကြံစည်ခြင်း သဘောလည်း မရှိ၊ စူးစမ်းဆင်ခြင်တုံသဘောလည်း မရှိဟု ဆိုလေငြားအံ့။ထိုသူသည် လေကို ပိုက်ကွန်ဖြင့် ထောင်၍ ဖမ်းနေသူဟု ငါ ထင်၏။ အဟုန်ဖြင့် စီးဆင်းလာသော တောင်ကျချောင်းရေကို လက်ခုပ် ဖြင့် ဆီး၍ တားနေသူဟု ငါမြင်၏။”

ဤသို့ လိုက်လိုက်လဲလဲ အားရပါးရ စိတ္တသူကြွယ်၏ အကြောင်းကို သူ၏ တပည့်လက်သား တက္ကတုန်းများအား ချီးမွမ်းသတင်း သင်းပျံ့စေပြီးသည့် အဆုံးတွင် နိဂဏ္ဌာသည် ဆွယ်လုံး ပိုးလုံးများကိုပါ သပ်ရိုက်၍ သွင်းလိုက်လေသည်။

သို့သော် စိတ္တသူကြွယ်ကား ပါးနပ်လိမ္မာလှ၏။ဤနိဂဏ္ဌကား ငါ့အပေါ်တွင် အထင်မှားနေပြီတကား။ ငါနှင့် ဗုဒ္ဓ၊ ဗုဒ္ဓနှင့် ငါအား ကင်းကွာအောင် ငါ့ကို ခွာနေချေ၏။ အမှားကို

အမှန်ရောက်အောင် ပြုပြင်ရန်တာဝန်မှာ ငါ့တာဝန် မဟုတ်ပါ လောဟု စဉ်းစားကာ ဤစကားကို ဆိုရလေ၏။

"အို အရှင်၊ အရှင်မည်သို့ထင်ပါသနည်း။ ဉာဏ်နှင့်သမာဓိ ဟူ၍ နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးတွင် မည်သည်က ထူးမြတ်ပါ သနည်း" ဟု တုံ့ပြန်မေးလျှောက်ချက် ထုတ်လွှာသော အခါဦး ကား နိဂဏ္ဌာသည် စိတ္တသူကြွယ်အား စူးစိုက်စွာ ကြည့်လျက်မှ ဤသို့ အသံထုတ်လွှာ၏။

"အို ဂဟပတိ၊ ယင်းဂိုဏ်းတွင် ပြဿနာ ထုတ်စရာပင် မရှိ။ သဒ္ဓါကား ယုံကြည်မှု သက်သက်မျှသာ။ ဉာဏ်သည်ကား အမှောင်ခွင်း၍ အလင်းရောက်၊ ထိုးဖောက်မြင်ခြင်း ဖြစ်သဖြင့် သဒ္ဓါထက် ဉာဏ်က ထူးမြတ်ပေသည်" ဟု ဖြေ၏။

စိတ္တသူကြွယ် လိုချင်သည်မှာလည်း ဤအဖြေပင် ဖြစ်၏။ လိုချင်သောအဖြေကို နိဂဏ္ဌဆံမှ ရရှိသောအခါ နိဂဏ္ဌအား အမှန်တရားဘက်သို့ မျက်နှာမူလာစေရန် ကြိုးစားလေတော့၏။ ထိုအချိန်တွင် စိတ္တသူကြွယ်နှင့် နိဂဏ္ဌဘက္ကတွန်းတို့၏ ဖြစ်အင်ကို အားစမ်းပွဲတခုအဖြစ် မြင်နိုင်၏။ စိတ္တသူကြွယ်က ဆွဲသည်။ ငင်သည်။ နိဂဏ္ဌဘက္ကတွန်းက ရုန်းသည်။ တွန်းကန်သည်။

"အို အရှင်၊ အရှင်စဉ်းစားနိုင်ပါရန် ကျွန်ုပ်ဖြစ်ရပ်တခုကို ဆိုပါအံ့။ ငါ ကာမဂုဏ်နှင့် ကင်းလို၏။ အကုသိုလ်နှင့်ဝေးလို၏။ ချမ်းသာအတိ ပြည့်ဝသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန်သို့ ကပ်ရောက်၍ နေလို၏။ ဤသို့ ကျွန်ုပ် တောင့်တကာ နေလာခဲ့သူ ဖြစ်ပါသည်။ အို အရှင်၊ ဤသို့ ဉာဏ်ဖြင့် အမှန်တရားကို သိထားသူဖြစ်ပါလျက်၊ အမှန်တရားကို

မြင်ထားသူဖြစ်ပါလျက် အဘယ်ရဟန်း၊ အဘယ်ပုဏ္ဏားထံသို့ ယုံကြည်သောအားဖြင့် ကျွန်ုပ်သွားတော့မည်နည်း။”

ဤသို့ စိတ္တသူကြွယ်က ဆိုလိုက်သောအခါ နိဂဏ္ဌသည် ခေါင်းငိုက်စိုက် ကျသွားလေ၏။ သူ့အထင်နှင့်အမြင် ကွာဟချက်ကြောင့် အတန်ကြာအောင် သက်ပြင်းကြီး တချချနှင့် ဖြစ်နေပြီးမှ ဆတ်ကနဲ ခေါင်းဆောင်လာပြီးလျှင် သူ၏ ဘက်တော်သား တပည့် တကဘုန်းတို့အား စိတ္တသူကြွယ်ကို လက်ညှိုး ထိုးကာ ထိုးကာနှင့် ဤသို့ဆိုပြန်လေပြီ။

“အို အရှင်ကောင်းတို့၊ ဤဒကာကြီး (စိတ္တသူကြွယ်)ကို သင်တို့ကြည့်ထားကြကုန်။ စင်စစ်အားဖြင့် သူကား အနုဇုံကော= လူရိုး လူဖြောင့် မဟုတ်။ သဒ္ဒေါ=ကောက်ကျစ် စဉ်းလဲသူ ပေတကား။ မာယာဝီ=လှည့်စားတတ်သူပေတည်း။ ယောကျ်ား တန်မဲ့ သို့စင်မျှ ကောက်ကျစ်စဉ်းလဲ လှည့်စားတတ်သူကိုသင်တို့ မှတ်ထားကြကုန်လော့။”

နိဂဏ္ဌသည် ဒေါသအလျောက် စိတ်ပေါက်ပေါက်နှင့် စိတ္တသူကြွယ်အား တကတွန်းတို့အလယ်၌ ရွတ်ရွတ်ချချနှင့် ပုစိပုစိ ဆိုပြောသော်ငြားလည်း စိတ္တသူကြွယ်ကား တုန်လှုပ်ခြင်း မရှိ။ ပကတိ တည်ငြိမ်သော ဣန္ဒြေဖြင့် ဤသို့ တုံ့ပြန် ချေပခြင်း ပြုလေ၏။

“အို အရှင်၊ တထိုင်တည်းမှာပင် အရှင်၏ နှုတ်မြွက် ထွက်ဆိုချက် စကားနှစ်မျိုးကိုကျွန်ုပ်သိရှိ မှတ်သားလိုက်ရပါ၏။ ပထမ-တပည့်တော်အား ရိုဖြောင့်သူ၊ကောက်ကျစ်စဉ်းလဲခြင်း မရှိသူ၊ မလှည့်စားတတ်သူ ဟူ၍ အရှင် ဆိုခဲ့ပါသည်။ ဒုတိယ

တဖန် တပည့်တော်အား ကောက်ကျစ်သူ၊ စဉ်းလဲသူ၊ လှည့်စား တတ်သူ ဟူ၍ ရှုတ်ချသောစကားကို အရှင်ဆိုပြန်ပါသည်။

"အို အရှင်၊ အရှင်၏ စကားကို အသို့ မှတ်ရမည်နည်း။ ပထမစကား မှန်ခဲ့သော် ဒုတိယ စကားသည် မှား၏။ ဒုတိယ စကား မှန်ခဲ့သော် ပထမစကားမှား၏ဆိုလျှင် နိဂဏ္ဌာသည်ချင်း၊ သူ၏ ပရိသတ်သည်ချင်း ပါးစပ်ဟောင်းလောင်းနှင့် စိတ္တသူကြွယ်အား မမှိတ်မသုန် ကြည့်လင့်နေကြကုန်၏။ စိတ္တသူကြွယ်သည် ဆက်၍ဆက်၍ နိဂဏ္ဌာအား ဆိုလျှောက်နေ၏။

"အို အရှင်၊ သဟဓမ္မိကပဉ္ဉာ=ဆယ်ပါးဟူ၍ လာရှိပါသည်။ ယင်းဆယ်ပါး၏ အနက် အဓိပ္ပာယ်ကို အရှင်သိသော အချိန်တွင် အကျွန်ုပ်ထံ အကြောင်း ပြန်ကြားပါ အရှင်။ သဟဓမ္မိကပဉ္ဉာ ဆယ်ပါးကား—

၁။ ကေပဉ္ဉာ၊ ကေဥ္ဇဒ္ဒေသ၊ ကေဝေယျာကရဏာ။

၂။ ဒ္ဒေပဉ္ဉာ၊ ဒ္ဒေဥ္ဇဒ္ဒေသာ၊ ဒ္ဒေဝေယျာကရဏာနိ။

၃။ တယောပဉ္ဉာ၊ တယောဥ္ဇဒ္ဒေသာ၊ တိကဝေယျာ ကရဏာနိ။

၄။ စတ္တာရောပဉ္ဉာ၊ စတ္တာရောဥ္ဇဒ္ဒေသာ၊ စတ္တာရိဝေယျာ ကရဏာနိ။

၅။ ပဉ္စပဉ္ဉာ၊ ပဉ္စဥ္ဇဒ္ဒေသာ၊ ပဉ္စဝေယျာကရဏာနိ။

၆။ ဆပဉ္ဉာ၊ ဆဥ္ဇဒ္ဒေသာ၊ ဆဝေယျ ကရဏာနိ။

၇။ သတ္တပဉ္ဉာ၊ သတ္တဥ္ဇဒ္ဒေသာ၊ သတ္တဝေယျာကရဏာနိ။

၈။ အဋ္ဌပဉ္ဉာ၊ အဋ္ဌဥ္ဇဒ္ဒေသာ၊ အဋ္ဌဝေယျာကရဏာနိ။

၉။ နဝပဥ္စာ၊ နဝဥဒ္ဓေသာ၊ နဝဝေယျာကရဏာနိ။

၁၀။ ဒသပဥ္စာ၊ ဒသဥဒ္ဓေသာ၊ ဒသဝေယျာကရဏာနိ။

"ဤဆယ်ပါးတို့ ဖြစ်ပါကုန်သည်။ ယင်းတို့၏ အနက်ကို သိသောအခါ အကျွန်ုပ်ထံ အကြောင်းကြားပါ" ဟူ၍ မေးလျောက်ခဲ့ပြီးလျှင် စိတ္တသူကြွယ်သည် နာဠပုတ္တနိဂဏ္ဌ၏အပါးမှ ဖဲခွာ၍ ပြန်ခဲ့လေ၏။

စိတ္တသူကြွယ်၏ သဟဓမ္မိကပဉ္စာဆယ်မျိုးကား နာဠပုတ္တနိဂဏ္ဌကြွေကွတ္တန်းအတွက်သာ မဟုတ် တော့ဘဲ သူခပ်သိမ်းတို့အတွက်ပါ ပြဿနာဖြစ်၍ ကျန်ရစ်ခဲ့လေပြီတည်း။

(သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ စိတ္တသံယုတ်၊ ၄၀၇၊ ဆဋ္ဌမ္ပေ)

အနတ္တ ပုစ္ဆာ

စကားပြောရာ၌လည်း ပဋိသန္ဓေညဉ်ပါပါသဉ်းတတ်၏။ အချိုက ရယ်ရယ်မောမော၊ ခပ်ချင်ရင်ပြောတတ်သည်။ အချိုက ဘုကျကျ၊ ဘောက်ဆတ်ဆတ် ပြောတတ်သည်။ အချိုက ပုံတိုင်တစကလေး များး ညှပ်၍ညှပ်၍ ပြောသည်။ အချိုက စကားကင်၍၊ အဏပ် ကိုင်၍ ပြောတတ်သည်။ လူအမျိုးမျိုး ရှိသည်နှင့်အမျှ ဝါသနာ မှာလည်း အမျိုးမျိုးရှိကြောင်း လူသမိုင်း အကြောင်းတွင် ထင်လျက် ရှိနေ၏။

ဗုဒ္ဓ လင်္ကထက်တော်က ပုဏ္ဏ : ဓာယောက်ခို၌။ အမည်မှာ အနတ္တပုစ္ဆာကဟု တွင်၏။ အကျိုးမဲ့စကားကိုသာ ပြောတတ်၊ ဆိုတတ်၊ မေးတတ်၊ မြန်းတတ်သောကြောင့် အနတ္တပုစ္ဆာကဟု အမည်တွင်နေခြင်းဖြစ်သည်။ လူချင်းဆုံမိလျှင် ဤသို့ အကျိုးမဲ့ စကားများကို မေးမြန်းတတ်သည်မှာ သူ၏ ပဋိသန္ဓေ ညဉ်ပင် ဖြစ်လေသည်။ ထိုညဉ်ကြောင့် အများက သူ့ကို ချဉ်ကြသည်။ "အလကားလူကြီး၊ ဘုသမားကြီး" ဟူ၍ သူ့ကို အချိုက ဆိုကြ၊ ပြောကြ၊ ရေရွတ်ကြသော်လည်း သူကမူ အနည်းငယ်မျှ မဖြို၊

ဝါဆနာကို မစွန့်လေဘဲ မတုန်မလှုပ် ကျောက်ထုရုပ်ပမာ ငုံ၍သာ ခံနေတတ်သည်။

ပဉ္စာသည် အကျိုးမဲ့စကားကို မေးမြန်းရာ၌ အဘယ်မျှ ဝါဆနာအားကြီးနေသနည်းဆိုသော်မြတ်ဘုရားကိုပင် ချမ်းသာမပေး။ သူဝါဆနာအတိုင်း မေးလား မြန်းလား ပြုလေသတည်း။

အခါတပါးတွင် ထိုပဉ္စာသည် ဘုရားသခင်နှင့် ဆုံမိလေ၏။ ထိုအခါ သူဝါဆနာအတိုင်း ဘုရားကို ဘာမေး ရမည်နည်းဟု တွေး၏။ သူအခါးမှ မေးခွန်းထုတ်စရာပါလာ၏။ "ဘုရားမျှားသည် အကျိုးရှိရာရှိခကြောင်း တရားကိုသာ ဟောတတ်သလော၊ သို့မဟုတ် အကျိုးမဲ့ ပျက်စီး၊ဆုတ်ယုတ်ကြောင်း တရားကိုဟော ဟောတတ် သေးသလော" ထို အကြောင်းကို ဘုရားအား ငါ မေးကြည့်ဦးမည်။ ဤသို့မေးကွက်ကိုရှာကြံ၍ ဘုရားထံ ချဉ်းကပ်ပြီး ဤသို့ မေးလေသတည်း။

ဗြဟ္မဏ။ ။အရှင်ဘုရား၊အရှင်တို့သည် အကျိုးစီးပွား ဖြစ်ထွန်းကြောင်း တရားကိုသာ သိကြကုန်သူမျှားဟု ကျွန်ုပ်ထင်၏။ ဧပွားဆုတ်ယုတ် ပျက်စီးကြောင်း အကျိုးမဲ့ တရားကိုမူ သိမည် မဟုတ်ဟု ကျွန်ုပ်ထင်၏။ အသို့ပါနည်းဟု မေး၏။

သူ၏မေးခွန်းမျှား ဆန်းနေသဖြင့် မြတ်ဗုဒ္ဓသည် မေးလှာသူ ဗြဟ္မဏအား တချက်မျှ လှည့်ကြည့်တော်မူပြီးမှ ရုတ်ချင်းပင် ဖြေလိုက်၏။

ဗုဒ္ဓ။ ။အာချင်း ဗြဟ္မဏ၊ အဘယ်ရွယ်စူးချက်ဖြင့် သင်မေးဘိသနည်း။ ငါကား အကျိုးရှိကြောင်းတရား အတ္ထကိုလည်း သိ၏။ အကျိုးမဲ့ ပျက်စီးကြောင်း အနတ္ထကိုလည်း သိပေ၏။

ဗြဟ္မဏ။ ။အို ဗုဒ္ဓ၊ သို့ဖြစ်ဘိသော် အကျွန်ုပ်အား အကျိုးဆုတ်ယုတ်ပျက်စီးကြောင်း အနတ္ထတရားကို ဟောကြားတော် မူပါလေ့ဟု ပုဏ္ဏားသည် ကတ်သီးကပ်သပ် လျှောက်လေ၏။ဗုဒ္ဓလည်း သူ၏ လျှောက်ချက်ကို လက်ခံကာ ပုဏ္ဏား၏ဆန္ဒအတိုင်း ဖြေတော်မူလိုက်၏။

ဗုဒ္ဓ။ ။အာချင်း ဗြဟ္မဏ၊ ဤကား ကုံကြီးစည်ရာ မေးတတ်သော သင့်အတွက် အဖြေတည်း။ အနတ္ထ=ပျက်စီးဆုတ်ယုတ်ကြောင်း အကျိုးမဲ့တရားကား—

၁။ အိပ်သောအခါ နေမြင့်မှအိပ်ရာက ထခြင်း။

၂။ ပျင်းရိခြင်း။

၃။ ကြမ်းကြုတ်ခြင်း။

၄။ သောက်စားမူးယစ်ခြင်း။

၅။ တယောက်ထဲ ခရီးသွားခြင်း။

၆။ သူမယားအိမ်သို့ သွားလာ ဝင်ထွက်ခြင်း။

အာချင်းဗြဟ္မဏ၊ ဤသည်တို့ကို သင်မှီဝဲလော့။ သင့်အား မုချ ပျက်စီးခြင်းဖြင့် အကျိုးမဲ့သည် ဖြစ်လတံ့။

အဘယ့်ကြောင့်မသိ၊ဗြဟ္မဏသည် ထိုအဖြေကိုအလွန်နှစ်ခြိုက်သွားလေသည်။ သာဓုခေါ်၍ မဆုံးနိုင်အောင် ဖြစ်သွား၏။

ပြဟ္မဏ။ ။သာဓု၊ သာဓု၊ ဂဏာစရိယ၊ ဂဏဧဋ္ဌ၊ ဂဏပါမောက္ခ ကြီး ဖြစ်တော်မူသော် အရှင်မြတ်ကြီးဘုရား၊ အရှင်ဘုရားတို့သည် အတ္ထ၊ အနုတ္ထ=အကျိုးရှိ၊ အကျိုးမဲ့ကို ခွဲခွဲခြားခြား သိတော် မူဘတ်ပါပေကုန်သည်။ ဤအဖြေကို အကျွန်ုပ် အလွန်နှစ်ထောင်း အားရ ရှိလှပါသည်ဟု ချီးကျူး၍ မပြီးနိုင်အောင် ဖြစ်နေ၏။

ထိုနောက် ဗုဒ္ဓသည် ပြဟ္မဏ၏ စိတ်နေ သဘောထားကို ဆင်ခြင်ပြီးလျှင် ပုဏ္ဏားအား အလုပ်အကိုင်ကို မေးတော်မူ၏။

ဗုဒ္ဓ။ ။အချင်း ပြဟ္မဏ၊ မည်သည့်အလုပ်ဖြင့် သင် အသက်မွေးသနည်း။

ပြဟ္မဏ။ ။လောင်းကစားခြင်း အမှုဖြင့် အသက်မွေးပါသည် အရှင်။

ဗုဒ္ဓ။ ။သြ၊ကစားသမားကြီးပေပါ။ ဆိုစမ်းလော့၊ ကစား ရာမှာ ရှုံးသလော၊ မြတ်သလော။

ပြဟ္မဏ။ ။ကစားသမားတို့မတို့သည် ရှုံးသည့်အခါရှုံး၍ မြတ်သည့်အခါလည်း မြတ်ပါသည်။ အတိအကျပြောရန် မလွယ်လှပါအရှင်။

ဗုဒ္ဓ။ ။အချင်းပြဟ္မဏ၊ ကစားရာတွင် နိုင်သည်ပင် ထား တော့၊ ထို နိုင်ခြင်းမျိုးကား ပြောပလောက်သော နိုင်ခြင်းမျိုး မဟုတ်၍ ချီးမွမ်းဘွယ် မရှိ။ မြတ်သော နိုင်ခြင်းဟု မဆိုအပ်။ ပြဟ္မဏ၊ မြတ်၍ ချီးမွမ်း

အပ်သော အောင်နိုင်ခြင်းမျိုးကို သင် အလိုရှိပါလော့။

ဗြဟ္မဏ။ ။မှန်လှပါကြောင်း။ အမြတ်များများ ရမှုကိုသာ အကျွန်ုပ် အလိုရှိပါသည် အရှင်။

ဗုဒ္ဓ။ ။အချင်းဗြဟ္မဏ၊ အောင်ပွဲလှလှ ရလိုဘိမူကား နာယူလော့။ အကြင်သူသည် ကိလေသာ တည်းဟူသော အောင်ခြင်းဖြင့် မိမိကိုယ်ကိုအောင်မြင်သည် ဖြစ်အံ့။ ထိုသူ၏အောင်မြင်ခြင်းကို မြတ်သော အောင်ခြင်းဟု ဆိုအပ်၏။ ခအောင်နိုင်ခဲလှစွာသော အောင်ပွဲကြီးကို အောင်မြင်သူ မည်၏။ထိုအောင်ပွဲကြီးကိုကျဆုံးသွားအောင် (လက်လွှတ်ဖြစ်သွားအောင်)မည်သူမျှ မပြုနိုင်တော့ချေ။

အချင်းဗြဟ္မာဏ၊ အတ္တံဟဓေဇိတံသေယျော= ကိုယ်တွင်း ကိုလေသာကို အောင်ခြင်းသည် စင်စစ် မြတ်၏။ယာစဃံ ဣတရာဇုပဇာ=ဤအောင်မြင်ခြင်း မှတပါး၊ အခြားတပါးသူအား အောင်ခြင်းသည် မမြတ်။ မြတ်သောအောင်ခြင်းဟု မဆိုအပ်။နိစ္စံသာ တစာရိနော=အမြဲစောင့်စည်းသောအကျင့်ရှိသော၊ အတ္တာဒန္တသပေါသဿ=မိမိကိုယ်ကို ယဉ်ပါးအောင် ဆုံးမပြီးသူအား၊ နဝဒေဝါဝါ=ရှုံးသွားအောင် နတ်လည်းမတတ်နိုင်။ နဂန္ဓဗ္ဗော=ဂန္ဓဗ္ဗနတ်လည်း မဘတ်နိုင်။ မာဒရာသဟဗြဟ္မုနော=မာရ်နတ်နှင့်ဗြဟ္မာ ဗြဟ္မာမင်းကြီးတို့ သော်မှလည်း မတတ်နိုင်ကုန်''ဟု

၅၂၀ ( ) ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

မရှုံးနိုင်သောအောင်ခြင်းတရားကို ဟောကြားတော်မူ၏။

ဇြဟ္မဏသည် အနတ္တပုစ္ဆာ=အကျိုးမဲ့ ပျက်စီးကြောင်းကို မေးခဲ့၏။ ယင်း၏မေးခွန်းကို အကြောင်းပြု၍ ချီးမွမ်းအပ်၊ မြတ်သောအောင်ခြင်းတရားသည် ဗုဒ္ဓထံတော်မှ ဆုလာဘ်အဖြစ် အမြတ်ထွက်လာသဖြင့် စပ်စပ်စုစု မေးမြန်းတတ်သော အနတ္တပုစ္ဆကပုဏ္ဏားကိုပင် ကျေးဇူးတင်ဘွယ် ဖြစ်လာသတည်း။

(မေ့ပဒအဋ္ဌကထာ၊ ဒုသဟာသဝဂ္ဂ၊ အနတ္တပုစ္ဆက-ဇြဟ္မဏဝတ္ထု၊ ၁၁၂၊ ဇမ္ဗု.မိတ်ဆွေမူ)

---

(၂၁)

ဗုဒ္ဓ၏ပညတ်တော်ဇာတ် ၆ မျိုး

မိမိကိုယ်ကိုဘုရားဟုသမုတ်လျက် "ဘုရား" အခေါ်ခံနေကြသော ပုဂ္ဂိုလ်ကြီးတို့တွင် ပူရဏကဿပသည် အတော် နာမည်ကြီး၏။ သူဂိုဏ်းဂဏ၊ သူအဖွဲ့အစည်း၊ သူဘက်တော်သား တပည့်များ ခြံရုံလျက် အရပ်ထက်ဝန်းကျင်တို့သို့ လှည့်လည်ကာ သူ၏ဝါဒ ထွန်းကားရေးအတွက် စည်းရုံးလျက်ရှိနေသူဖြစ်၏။

ပူရဏကဿပသည် အတုလံ အတုမရှိသော ဘုရားအဖြစ်ကို ခံယူလို၏။ ထို့ကြောင့် သူနှင့် ခေတ်ပြိုင် ပေါ်ထွန်းလျက် ရှိနေကုန်သော မက္ခလိဂေါသာလဘုရား၊ အဇိတကေသကမ္ဗလဘုရား စသော ခေတ်ပြိုင်ဘုရားကြီးများနှင့်မတူ တမူထူးခြားသာလွန်သော ဝိသေသဗုဒ္ဓဘဆူဖြစ်တော်မူရန် အလို၌ ပညတ်တော် ခြောက်ပါးကို ထုတ်ပြန်သတ်မှတ်၍ ပညတ်လိုက်လေသည်။

ပူရဏကဿပ၏ ယင်းပညတ်တော်ခြောက်ပါးသည် ကျင့်စဉ်တရား၊ ဝါ၊ ကျင့်စရာပြဋ္ဌာန်းချက်မျိုး မဟုတ်ဒသ်ငြားလည်း လိုင်းပုက်သည့်နှယ် အတော်ကလေး ဂယက်ထလာသည်။ ပညတ်တော်ကြီး ခြောက်မျိုးကိုပင် ပညတ်တော်မူနိုင်သော ဘုရားဟူ၍

သူ၏ပရိသတ်များက သူ့အား ကင်ပွန်းတပ်လိုက်ကြ ကုန်သည်။ ချီးအံ့ မဆုံးနိုင်အောင် အမှုန်းတင်ကြ ကုန်သည်။ ယင်းသို့ လက်အောက်ငယ်သားများ၏ ဝါဒအဖြန့် ကောင်းမှုကြောင့် ထိုသဘင်းသည်အရပ်ထက်ဝန်းကျင်တို့သို့ တောမီးပမာကူးစက်၍ ပြန့်ပွားသွားလေသတည်း။

ထိုအခါနှင့်တွင် အစိန္ဒယျဂေါတမရှင်တော် မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိနေပြီး ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံး လျက် ရှိတော်မူနေ၏။ ပုရာဏကဿပ၏ သတင်းသည် လူတို့မှ တဆင့်ပွားကာ အရှင်အာနန္ဒာ၏နားသို့ ပေါက်ကြားလာ၏။ ထိုအခါ အရှင်အာနန္ဒာသည် ဘုရားသခင်၏ရှေတော်သို့ ဝင်၍ ထိုသတင်းကို ပို့လေ၏။ ဤသို့လျှောက်လေ၏။

အာနန္ဒာ။ ။ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား၊ ပုရဏ ကဿပသည် ပညတ်တော်ခြောက်ပါးကို ပညတ် လျက်ရှိကြောင်း ကြားရပါသည်။

ဗုဒ္ဓ။ ။အာဘယ်သို့ ပညတ်သတဲ့နည်း အာနန္ဒာ။

အာနန္ဒာ။ ။၁။ ဆိတ်သတ်သမား၊ ဝက်သတ်သမား၊ သားသတ်သမား၊ငှက်ခတ်မုဆိုး၊တောလိုက်မုဆိုး၊ တံငါသည်များ အပါအဝင် အလုပ်ကြမ်းနှင့်အသက်မွေးကြသူဟူသမျှကို လူမဲဇာတ်၊ ဝါ၊ အသားမဲမျိုးဟူ၍ ၎င်း၊ ၂။သာသနာ့ဆူးငြောင့်သဖွယ်ဖြစ်သော ရဟန်းများနှင့် အခြားကမ္မဝါဒီ၊ကြိယဝါဒီအယူရှိသူမှန်သမျှကို အညိုဇာတ်၊ ဝါ၊ အသားညိုမျိုးဟူ၍ ၎င်း၊ ၃။ အဝတ်တခုတည်းကို ဝတ်သော နိဂဏ္ဌဘက္ကတွန်းကို အနီဇာတ်၊ဝါ၊ အသားနီမျိုး

ဟူ၍ဂုဏ်း၊ ၄။အစေလကတက္ကတွန်းများ၏ တပည့်အဝတ်ဖြုဝတ်သူတို့ကို အဝါဇာတ်၊ဝါ၊လူဝါမျိုး ဟူ၍ဂုဏ်း၊ ၅။အာဇီဝကတက္ကတွန်းနှင့်တက္ကတွန်းများကို အဖြူဇာတ်၊ ဝါ၊ လုံဖြူမျိုး ဟူ၍ဂုဏ်း၊ ၆။ နန္ဒ၊ ဝစ္ဆ၊ ကိသ၊ သံကိစ္စနှင့် မက္ခလိဂေါသာလတို့ကို ဆုတ်ဆုတ်ဖြူဇာတ်၊ ဝါ၊ ဆုတ်ဆုတ်ဖြူလူမျိုး ဟူ၍ဂုဏ်း၊ ဤသို့ ပညတ် ခြောက်မျိုးကို ပညတ်နေပါသည်တဲ့ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ အသို့နည်း။ ပူရဏကဿပအစား ဤအမျိုးဇာတ်ခြောက်မျိုးကို ပညတ်ရန် တလောကလုံးက ခွင့်ပြုပါသလော။

အာနန္ဒာ။ ။ခွင့်မပြုပါ ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ သင့်အား ငါ ဥပမာပြုအံ့။ ဆင်းရဲသူ၊ ကိုယ်ပိုင်ဥစ္စာ မရှိသူ၊ မကြွယ်ဝသူ ယောကျ်ားတယောက်သည် ရှိလေရာ၏။ ထို ဆင်းရဲသားအား “အမောင်ယောကျ်ား၊ သင်သည် ဤအမဲသားကို လည်းစား၊ ထိုက်သင့်သော အဖိုးကိုလည်းပေး” ဟု ထိုသူ အလိုမရှိပါဘဲလျက် အမဲသားတွဲကြီးကို အတင်းထိုး၍ ပေးလေဘိသကဲ့သို့၊ ဤပုံနှင့်အလား တူစွာသာလျှင် ပူရဏကဿပသည် သမဏဗြဟ္မဏတို့၏ ဝန်ခံ ခွင့်ပြုချက် မရပါဘဲလျက် ဤဇာတ်ခြောက်မျိုးတို့ကို ခေတ်အကြောင်းကို နားမလည်သူ ပညတ်သကဲ့သို့ မိုက်မဲစွာ ပညတ်ဘိချ၏။

အာနန္ဒာ၊ အမျိုးဇာတ် ခြောက်မျိုး တို့ကို ငါ ပညတ်အံ့။ယင်းခြောက်မျိုးကို သင် နာလော့။ ကောင်းစွာ နှလုံးသွင်းလော့။ သင့်အား ငါ ဆို ပေအံ့။

အာနန္ဒာ။ ။ကောင်းလှပါပြီ အရှင်ဘုရား။

ဗုဒ္ဓ။ ။အာနန္ဒာ၊ငါ ပညတ်မည့် အမျိုးဇာတ် ခြောက်မျိုး ကား—

၁။ မဲလျက်မဲသောဇာတ် တမျိုး၊

၂။ မဲလျက်ဖြူသောဇာတ် တမျိုး၊

၃။ မဲလျက် မမဲ၊ မဖြူသောဇာတ် တမျိုး၊

၄။ ဖြူလျက် မဲသောဇာတ် တမျိုး၊

၅။ ဖြူလျက် ဖြူသောဇာတ် တမျိုး၊

၆။ ဖြူလျက် မဖြူ၊ မမဲသောဇာတ် တမျိုး၊

ဤသို့ အမျိုးဇာတ်ခြောက်မျိုးကို ငါ ပညတ် တော်မူ၏။

၁။ အာနန္ဒာ၊ မဲလျက် မဲသောဇာတ်ကို ဤသို့ မှတ်လေလော့။ အာနန္ဒာ၊ အခွါသော သူသည် နိမ့်သောအမျိုးဌာ ဖြစ်သည်။ဒွန်းစကွားမျိုး၊ တံငါ မုဆိုးမျိုး၊ နှိုးထိုးသမားမျိုး၊ရထားမောင်းသမား မျိုး၊ မိလ္လာကျုံးသမားမျိုး၊ ဓားရမဲ့သောက်ရမဲ့ ဆင်းရဲငြိုငြင်စွာ အသက်မွေးရသောအမျိုးဌာ ဖြစ်ရ၏။ ထိုသူသည် အဆင်းမလှ။ ရှုချင်ဘွယ် မရှိ။

ပုက္ခ၏။ အနာရောဂါထူ၏။ မျက်စိကန်း၊ သို့မဟုတ် ခါးကုန်း၊ သို့မဟုတ် ခြေခွင်သူလည်း ဖြစ်၏။ စားစရာ ထမင်း မရှိ။ သောက်စရာ အဖျော်မရှိ။ ဝတ်စရာအဝတ်မရှိ။ စီးစရာ ယာဉ်မရှိ။ လိမ်းစရာ အမွှေးနံ့သာပျောင်းမရှိ။ အိပ်စရာ နေရာမရှိ။ ထွန်းစရာမီး မရှိ။

ထိုသူသည် ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်၏။ ထိုသူသေလွန်သောအခါ ငရဲ၌ ဖြစ်ရ၏။ အာနန္ဒာ၊ ဤအမျိုးကို မဲလျက် မဲသောဇာတ်ဟု ငါပညတ်၏။

၂။ အာနန္ဒာ၊မဲလျက် ဖြူသော ဇာတ်ကို ဤသို့ မှတ်လော့။ အချို့သော သူသည် အမျိုးအားဖြင့် ကား နိမ့်၏။ ဆင်းရဲ၏။သို့သော်ကိုယ်အားဖြင့်ဂုဏ်း၊ နှုတ်အားဖြင့်ဂုဏ်း၊ စိတ်အားဖြင့်ဂုဏ်း ကောင်းသော အကျင့်ကို ကျင့်လေသည်။ထိုသူကွယ်လွန်လေသော အခါ နတ်ရွာ သုဂတိသို့ လားရ၏။ အာနန္ဒာ၊ ဤအမျိုး ဇာတ်ကို မဲလျက် ဖြူသော ဇာတ်ဟု ငါပညတ်၏။

၃။ အာနန္ဒာ၊ မဲလျက်မမဲ၊ မဖြူသော ဇာတ်ကို ဤသို့ မှတ်လေလော့။ အာနန္ဒာ၊အချို့သောသူသည် အမျိုးအားဖြင့်ကား နိမ့်၏။ ဆင်းရဲမဲ့တလ့၏။ သို့သော် ထိုသူသည် ဆံ၊ မုတ်ဆိတ်ကို ပယ်၊ သစ်ခေါက်ဆိုး အဝတ်ကိုဝတ်၍ ရဟန်းပြု၏။ ထိုသူရဟန်းဖြစ်လတ်သော် စိဘ်ညစ်ညူးကြောင်း၊ပညာ၏

အားနည်းခြင်းကို ပြုတတ်ကုန်သော နိဝရဏတရား ငါးပါးတို့ကို ပယ်၏။ သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကို ကောင်းစွာ တည်စေ၏။ ဗောဇ္ဈင်(၇)ပါး တို့ကို ဟုတ်တိုင်းမှန်ရာ ပွားများလျက် မဲသည်လည်း မဟုတ်၊ ဖြူသည်လည်း မဟုတ်သော (မမဲ၊ မဖြူ) နိဗ္ဗာန်သို့ ရောက်ရ၏။ အာနန္ဒာ၊ ဤသို့သော ဇာတ်မျိုးကို မဲလျက်မမဲ မဖြူသောဇာတ်ဟု ငါပညတ်တော်မူ၏။

၄။ အာနန္ဒာ၊ ဖြူလျက်မဲသောဇာတ်ကို ဤသို့ မှတ်လော့။ အာနန္ဒာ၊ အခြို့သောသူသည် မြင့်မြတ်လှသော အမျိုးဌာ ဖြစ်၏။ မင်းမျိုး၊ ဗြဟ္မဏမျိုး၊ သူကြွယ်မျိုး၊ သူငြားမျိုးဌာ ဖြစ်၏။ ထိုသူသည် အဆင်းလှ၏။ ရှုချင်ဘွယ် ရှိ၏။ စားစရာ ထမင်း အသင့်၊ သောက်စရာ အဖျော် အသင့်၊ ဝတ်စရာ အဝတ်၊ စီးစရာယာဉ်၊ လိမ်းကျံစရာနံ့သာ၊ အိပ်စရာ နေရာ၊ ထွန်းညှိစရာမီး အသင့်၊ အားလုံး အသင့် ဖြစ်၏။ သို့သော်ထိုသူသည် ဒုစရိုက် သုံးမျိုးစလုံးကို ပြုကျင့်၏။ ထိုသူကွယ်လွန်သောအခါ အပါယ်သို့ လားရ၏။ အာနန္ဒာ၊ ဤသို့သော ဇာတ်မျိုးကို ဖြူလျက်မဲသောဇာတ်ဟု ငါ ပညတ်၏။

၅။ အာနန္ဒာ၊ ဖြူလျက်ဖြူသောဇာတ်ကို ဤသို့ မှတ်လော့။ အာနန္ဒာ၊ အခြို့သော သူသည် မြတ်သော အမျိုးဌာဖြစ်၏။စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာ၏။ ထိုသူသည် ကိုယ်ဖြင့်လည်း ဒုစရိုက်မှုကို မပြု။

နှုတ်ဖြင့်ဝင်း၊ စိတ်ဖြင့်ဝင်း ဒုစရိုက်မှုကို သူ မပြု။ ထိုသူ ကွယ်လွန်သော အခါ နတ်ရွာ သုဂတိသို့ လားရ၏။ အာနန္ဒာ၊ ဤသို့သော ဇာတ်မျိုးကို ဖြူလျက်ဖြူသောဇာတ်ဟု ငါပညတ်၏။

၆။ အာနန္ဒာ၊ ဖြူလျက် မမဲ၊ မဖြူသောဇာတ်ကို ဤသို့ မူတ်လော့။ အာနန္ဒာ၊ အခ့ါသော သူသည် မြတ်သောမင်းမျိုး၊ ဗြဟ္မဏမျိုး၊ သူဌေး သူကြွယ်မျိုးဌာ ဖြစ်၏။ အဆင်းလှ၏။ ရှုချင်ဘွယ် ရှိ၏။ ထိုသူသည် ဝတ်ကြောင်ကိုပယ်၍ သင်္ကန်း ဆီးကာ ရဟန်းပြု၏။ ရဟန်းဖြစ်လတ်သော် နိဝရဏငါးပါး ကိုပယ်။ သတိပဋ္ဌာန် လေးပါးဌာ စိတ်ကိုထား၊ ဗောဇ္ဈင်(၇)ပါးကို ဟုတ်တိုင်းမှန်စွာ ပွားများပြီးလျင် မဲသည်လည်းမဟုတ် ဖြူသည်လည်း မဟုတ်၊ (မမဲ-မဖြူ)သော နိဗ္ဗာန်သို့ ရောက်ရ၏။ အာနန္ဒာ၊ ဤသို့သော ဇာတ်မျိုးကို ဖြူလျက် မမဲ မဖြူသော ဇာတ်ဟု ငါပညတ်၏ဟု မိန့်တော်မူသတည်း။

(ဆက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဆဋ္ဌဘိဇာတိသုတ်၊ ၃၃၆၊ ဆဋ္ဌမှု)

ပယ်ဖြီးစာပေ

ဒု၊ သ၊ နု၊ သော

နာမည်ကျော် ဇာတ်မင်းသား အလက်ာကျော်စွာ ရွှေမန်း တင်မောင်သည် ဒု၊သ၊နု၊သော သီချင်းကို သီဆိုလေ့ ရှိ၏။ ထိုသီချင်းမှာ "ဒု၊သ၊နု၊သော။ ဒု၊သ၊နု၊သော၊ တကြော်ကြော်၊ ရွှေမန်းတင်မောင် ဆင်ခြင်ပါ၏နော်" စသည်ဖြစ်၏။ သူတပါး၏ သားမယားအား ပြစ်မှား ကျူးလွန်သူတို့ အပါယ်ငရဲ၌ ကျခံ နေရကြောင်းကို ဖွဲ့ဆိုကာ ပရဒါရိကံကို ကျူးလွန် နေသူတို့ ရပ်တန်းက ရပ်ကြရန် သတိပေးသော အပြုသဘော သရုပ်ဖော် ဇတ် ဖြစ်လေသည်။

ဒု၊သ၊နု၊သောသည် ဇာတ်ကွက်၊ ဇာတ်အိမ်နှင့်တခမ်းတနား ထွက်ပေါ်လာသော ငတ္ထု ဖြစ်၏။ ထိုဝတ္ထုကို ဖော်သော ကောသလဘုရင်ကို ချန်လှပ်၍ မဖြစ်ချေ။ အဘယ့်ကြောင့် ဆိုသော် ကောသလဘုရင်သည် ထိုသည့် ဒု၊သ၊နု၊သော ဇာတ် လမ်း၌ ပထမဘန်း ဇာတ်ဆောင် တဦးအဖြစ် ပါဝင်နေသော ကြောင့် ဖြစ်၏။ ကောသလ ဘုရင်ကြောင့် ဤဇာတ်လမ်း ပွင့်ထွက်လာခြင်း ဖြစ်ရာ ကောသလ မပါချေက တိုင်မပါဘဲ အိမ်ဆောက်သည်နှင့်သာ တူနေပေမည်။

မှန်၏။ အချိန်မှာ ညဿန်းခေါင်ယံ ဖြစ်၏။ အဆောင်တော်တခုလုံးမှာ စိန်ကြောင်နီလာရတနာရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက်တခဲနက် တောက်ပြောင်နေ၏။ သို့သော် ၎င်းနှင့် ဆန့်ကျင်လျက် အဆောင် ညစ်ထပ်ထပ်၊ မျက်ထားတော် ညိုညိုနှင့် အလိုမကျသက်ပြင်းကြီးများ တချချနှင့် ဖြစ်နေသူကား ပြည်ကြီးသခင် ကောသလဘုရင် ဖြစ်လေသည်။

ကောသလဘုရင်သည် စက်တော်ခေါ် မပျော်လေတိုင်း သလွန်တော်ထက်တွင် သက်ပြင်းချကာ ချကာနှင့် ရှိနေလျက်က သူသက်တော်စောင့် ကိုယ်ရံတော် ဗိုလ်မှူးကိုဌင်း၊ ဗိုလ်မှူး၏ ချစ်ဇနီးကိုဌင်း သူစိတ်ထဲဝယ် တရစ်ဝဲဝဲမြင်ယောင်လျက် ရှိနေသည်။

အာဘယ်ကြောင့်ပါနည်း။ ကောသလမင်းသည် နက္ခတ်ပဲ့သဘင်၌ အလှန်ချော၊ အလှန်လှသော တောတွင်းသူ တဦးကို တွေ့မြင်ခဲ့ရာက ပြင်းထန်စွာစဲလမ်းခြင်း ဖြစ်လာသည့်အလျောက်လင် ရှိ၊ မရှိကို ရှေးဦးစွာ စူးစမ်းစေသည်။ ထိုအမျိုးသမီးမှာ ကာမပိုင် လင်ယောကျ်ားရှိကြောင်း သိရသောအခါ သူ့လင်ယောကျ်ား တောတွင်းသားအား ရှေတော်ခေါ်၍ သက်တော်စောင့် ရာထူးနှင်းကာ ထိုဓာတ်ရွာကချောကလျာအား သူ့အပါးတွင် ခစားစေသည်။

ကောသလသည် ထိုချောကလျာအား ကြာလေ စဲလမ်းလေ ဖြစ်လာသောအခါမင်းတို့ပရိယာယ်ဖြင့်သိမ်းပိုက်ရန် ကြံရွယ်လေတော့သည်။ ထိုအကြံကား သူလင် ကိုယ်ရံတော် ဗိုလ်မှူးအား ကိစ္စဘခုဖြင့် အဝေးသို့ စေလွှတ်လိုက်ရုံမက နေချင်းပြန်အခါနီမီ ပြန်မရောက်က ကွပ်မျက်ခြင်း ခံရမည်ဟူ၍ သတိပေးလိုက်သည်။

ကိုယ်ရုံတော်ပို့လ်မှူးမှာ မယားကို စိတ်မချရှာသော်လည်း မင်း၏ အာဏာ မလွန်သာသဖြင့် ထုတ်ခွာ သွားရ ရှာလေရာ ဇနီး ဖြစ်သူမှာ မျက်ရည် စက်လက်နှင့် ကျန်ရစ်ခဲ့ရှာ၏။

ကောသလသည် ထိုညအဖို့ စက်မပျော်နိုင်အောင် ဖြစ်နေ ခြင်းမှာ ရာဂသောင်းကျန်း၊ တောရွာက ချောကလျာကို စွဲလမ်း မှုမျှားကြောင့်ဖြစ်၏။ "ချစ်ရမှက်ဒဏ်ဟာ ခံပြင်း လှပါကလား။ ဘာဘဲဖြစ်ဖြစ် သူမယားကို လိုချင်လျှင် သူ့လင်ကို လုံနှင့်ထိုး၊ ဆိုရိုးစကားလဲ အရှိသားမို့ မနက်ဖြန် နံနက်အရုဏ်တော်ကျင်းလှဲ နေမင်ကြီး ထုတ်ပေါ်လာချိန်မှာ သင်းကလေးကို ကြိုက်ချင် ကြိုက်၊ မကြိုက်ချင်ကြိုက် ဇွတ်အတင်းပင် ငါသိမ်းပိုက်တော် မူမည်။ မြန်မြန် မိုးလင်းပါစေ"ဟူသော စိတ်ကူးဖြင့် သလွန် ထက်တွင် လူးကာလွန့်ကာနှင့် ကြည်နူးလျက် ရှိနေခိုက် မိုးကြိုး ပစ်ချလိုက်သည့်အလား "ဒုံးသနဲ့သော ဒုံးသနဲ့သော"ဟု တကြော်မကြော် အော်လိုက်သော သံပြိုဆိုးကြီးများကို ကြားရ သောကြောင့် နားနှစ်ဖက်ကို ပိတ်လိုက်ပြီး ကောသလမင်းမှာ အဆောင်တွင်းဝယ် ကြက်သီး မွေးညှင်း တဖျင်းဖျင်းထ၊ ဆောက်တည်ရာ မရအောင် တုန်လှုပ်ချောက်ချား သွားလေ၏။

ဘုရား-ဘုရား။ ငါ့အတွက်လား။ မိဖုရား အတွက်လား။ နိုင်ငံတော် အတွက်လေလား။ နိမိတ်ဆိုးကဖြင့် မိုးကြိုးပစ်သည့် နှယ် ပြုနေပါပကောလား။

ကောသလမင်းသည် ချက်ချင်းပင် ပုရောဟိတ်ကို ခေါ်၍ အကျိုးအကြောင်းကို ပြောပြတိုင်ပင်လေသောအခါ ပုရော္ိတ် ပဏ္ဍားက အကြံပေးလေသည်ကား ဆင်၊ မြင်း၊ နွားလား၊ နို့စား

နွားမ၊ကြက်၊ဝက်၊ဆိတ်၊လုင်ပျို၊ သမီးပျိုများကို တရာစီ၊ တရာစီဖြင့် ယင်ပူဇော်ခြင်း ပြုရမည်ဆိုသော အတိုင်း နံနက်မိုးသောက် လတ်သော် ပြုလုပ်ထားသောယင်ပူဇော်ပဲ့ အစီအစဉ်များကြောင့် အုန်းအုန်းကြွက်ကြွက် နန်းတော် ထက်ဝန်းကျင်၌ ငိုသူက ငို၊ အော်သူကအော် ကမ္ဘာပျက်သကဲ့သို့ ရှိခလေသတည်း။

နန်းတော် ပဉ္စင်ထွက်သွားလေတော့မတတ် ထို ဆူဆူညံညံ၊ ငိုကြွေးသံများကို ကြား၍ အူယားဖားယားနှင့် ကောသလ မင်းထံ ပြေးလာသူကား မိဖုရားကြီး မလ္လိကာဒေဝီ ဖြစ်လေသည်။ “ဟင် မောင်တော်ဘုရားမှာလဲ မျက်နှာတော်ညိုလို့။ ဟိုမှာလဲ လူတွေ့ တရုံးရုံး၊ ငိုမဆုံး ဖြစ်နေကြပါကလား။ ဘာ့ကြောင့် များပါလဲ မောင်တော်”ဟု မေးမြန်းပြီးနောက် အကြောင်းစုံကို သိရလေသောအခါ“ဖြစ်ရလေ မောင်တော်ဘုရားရယ်၊ဗုဒ္ဓ မြတ် ဘုရား ကိုယ်တော်ကြီး ရှိပါလျက်သားနဲ့ ဒီပုဏ္ဏားကိုမှ မေးရလေ သလား။ လာ မောင်တော်၊ မြတ်ဘုရားထံ သွားရောက်ပြီး လျှောက် ကြရအောင်”ဟု မလ္လိကာမိဖုရားက ကောသလမင်း အား ဘုရားသခင်ထံတော်သို့ ခေါ်သွားပြီးအကျိုးအကြောင်းကို မလ္လိကာ မိဖုရားက ဘုရားသခင်အား လျှောက်ထားချက် အရ မြတ်စွာ ဗုဒ္ဓက ကောသလမင်းအား မေးတော်မူလေသည်ကား—

ဗုဒ္ဓ။ ။ဒကာတော်မင်းမြတ်၊ မလ္လိကာ လျှောက်ထားသည့် အတိုင်းမှန်၏လော။

ကောသလ။ ။မှန်ပါသည် ဘုရား။

ဗုဒ္ဓ။ ။ဒကာတော်၊ မည်သည့်အသံများကို သင် ကြားဘိ သနည်း။

ကောသလ။ ။ဒုံသနု၊ သော ဟူသောအသံကို ကြားပါသည် ဘုရား။

ဗုဒ္ဓ။ ။ဒကာတော်မင်းမြတ်၊ ယင်းအတွက်နှင့် စိုးရိမ်နေခြင်း ကြောင့်ကြပူဆွေးခြင်း မဖြစ်လင့်။ သင့်၌၎င်း၊ မိဖုရား၌၎င်း၊ နိုင်ငံ၌၎င်း တစုံတရာအန္တရာယ် ဖြစ်ဘွယ်မရှိ။ ဤအသံကား ဒုစရိုက်မှုကို ပြုကျင့်သူတို့ မိမိတို့ ခံစားနေရသည့် ဝေဒနာဒဏ်ကို မခံမရပ်နိုင်ဖြစ်ကြသည့်အတွက် ဟစ်ကြွေးသောအသံသာ ဖြစ်သည် ဒကာတော်။

ထိုအခါ မင်းနှင့်မိဖုရားသည် အချင်းချင်း ကြည့်ပြီးနောက်၊ အနည်းငယ် စဉ်းစားဟန်ပြုပြီးနောက် ကောသလမင်းက မေးလျှောက်လေ၏။

ကောသလ။ ။အရှင်ဘုရား၊ အဘယ်သူတို့သည် မည်သည့် ဒုစရိုက်မှုမျိုးကို မည်သို့ ပြုကျင့် ကြပါကုန်သနည်းဘုရား။

ဗုဒ္ဓ။ ။ဒကာမင်းမြတ်၊ သင်သိလိုဘိမူကား နာယူ၊ မှတ်သားလေလော့ဟု မိန့်တော်မူပြီးလျှင် ဒုစရိုက် ဇာတ်လမ်းကို သွယ်တန်းပြတော် မူလေသတည်း။

ဒကာတော်မင်းမြတ်၊ ရှေးဖြစ်ရပ်တခုမှာ ကာသပမြတ်စွာဘုရားသည်ရဟန်းများစွာခြံရုံလျက်ဒေသစာရီကြွချီတော်မူရာက ဗာရာဏသီပြည်သို့ ရောက်သွားတော်မူ၏။ ထိုအခါ မြို့သူမြို့သား တို့သည် မိမိတို့ တတ်နိုင်သမျှ သူထက်ငါ လှူဒါန်းသမျှဖြင့် အာဂန္တုကာဝတ်ကို ပြုစုကြကုန်၏။

ဤသို့တမြို့လုံးအုံးအုံးကြွက်ကြွက် သူထက်ငါလှူကြ၊ ဒါန်းကြကုန်သော်လည်း သူ့ဌေးသားလေးယောက်တို့ကား ပျော်ပါးမှုကိုသာ စိတ်ဝင်စားနေကြကုန်သည်။

ယင်းသူဌေးသား လေးယောက်တို့အနက် တဦးသောသူက "သူတကာတွေ ဘုရားကိစ္စအတွက် မည်သို့ပင် ဆောင်ရွက်နေစေကာမူ ဒို့အလုပ်မဟုတ်၊ ဒို့တတွေ အရက်ကောင်းကောင်းသောက်ပြီး လျှောက်လည်ကြရအောင်" ဟု ဆို၏။

တယောက်ကမူ သလေးထမင်းကောင်းကောင်း ချက်စားရအောင်ဟု ဆုယ်သည်။ တယောက်ကလည်း မုံပဲသွားရေစာကောင်းကောင်းနှင့်လျှောက်လည်ရန်အကြံပေးသည်။နောက်ဆုံး တယောက်ကမူကား "ဒို့မှာ သုံးမကုန်ဖြုန်းမကုန်အောင် ပိုက်ဆံပေါသည်။ ပျော်စရာထဲမှာ မိန်းမဟာ ပျော်စရာအကောင်းဆုံး။ ဘယ်လောက်မာနကြီးတဲ့မိန်းမဘဲဖြစ်ဖြစ် ပိုက်ဆံနှင့် ပေါက်လျှင် ခံနိုင်မည်မဟုတ်။ အိုအို၊ပျိုပျို ဘယ်မိန်းမကိုမဆို ငွေနှင့်မျှားလျှင် ထင်သလိုပျော်နိုင်ပါသည်။ ဘယ်ကိုမှ လျှောက်လည်ဖို့ မလို၊ ကြိုက်တဲ့မိန်းမကို ငွေနဲ့ခေါ်ပြီး ပျော်ပါးကြရအောင်" ဟု အဆိုပြုသည်။

ဒကာတော်မင်းမြတ်၊ သူဌေးသားလေးယောက် တို့သည် သမီးပျိုများကိုသာမက လင်ရှိမယားကိုပါမရွှောင့် ငွေမျက်နှာကို ရွှေတန်းတင်လျက် ဖျက်ဆီး ပျော်ပါးကြလေကုန်သောကြောင့် လင်ဦးမယားများစွာတို့သည် ထိုသူဌေးသားလေးယောက် တို့၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခြင်းသို့ရောက်ကုန်လေ၏။

ဒကာတော်မင်းမြတ်၊ ထိုသူဌေးသားတို့ ကဲ့ယ်လွန်လေသော အခါလင်ရှိမယားကိုဖျက်ဆီးခြင်း ပရဒါရုကံကိုကျူးလွန်ခဲ့ကြသော ထိုပြစ်မှုကြောင့် အဝီစိငရဲသို့ လားကြရလေကုန်၏။ ဘုရားတဆူပွင့်တော်မူထုကြားကာလဖတွင်း နှစ်ပေါင်းများစွာ အဝီစိငရဲ၌

ကျခံကြရပြီးနောက် ထိုမှတဖန် ယူဇနာပေါင်း ခြောက်ဆယ် ကျယ်ပြန့်သော လောဟကုမ္ဘီမည်သော ငရဲအိုးတွင်းဌ် ကျခံကြရ ပြန်လေကုန်၏။

ဒကာတော်မင်းမြတ်၊ လောဟကုမ္ဘီငရဲဌ် ကျခံနေရသူတို့ကား နှစ်ပေါင်းခြောက်သောင်းကြာမှ တကြိမ်သာ ခေါင်းဖော်ခွင့်ရ ကြသည်။ ထိုသို့ခေါင်းဖော်ခွင့်ရလိုက်သည့်အခိုက်တွင် ထိုသူဌေး သားလေးယောက်တို့သည် အချင်းချင်းတွဲဆုံခိုက် စကားပြော ဆိုကြကုန်၏။သို့သော် အကွာရာတလုံးစီသာပြောနိုင်ရာကုန်သည်။ လျှပ်တပြက်ကာလအတွင်းမှာပင် ငရဲအိုးတွင်းသို့ ပြန်၍နစ်သွား ကြလေကုန်သည် ဒကာတော်။

ကောသလမင်းသည် နားထောင်နေရင်းမှမိမိကိုယ်ကိုလိပ်ပြာ မလုံ ဖြစ်လာသည်။မိမိစံလမ်းနေသော တောရွာက ချောက်လျှော၏ မျက်နှာကို မြင်လာလေလေ ကြက်သီးထလေလေ ဖြစ်လာ သည်။“ငါကံကောင်းလို့ ငရဲအိုးထဲစောက်ထိုးဆင်းရတော့မလို့။ တဲ့တဲ့ကလေးလိုတော့ပါကလား”ဟု တွေးမိရာက ချွေးဝံးကြီး များပင်ကျလာကာ တဟင်းဟင်းနှင့် သက်ပြင်းချကာချကာနှင့် ရှိနေလေရာ “ဒကာတော်”ဟု ခေါ်လိုက်သော အခါတွင် ရုတ်တရက် လန့်သလိုဖြစ်သွားကာ “ဘုရား”ဟု ထူးပြီး ဘုရား သခင့်မျက်နှာတော်ကို မော်ၫွှဲလေသည်။

ဗုဒ္ဓ။ ။ဒကာတော်မင်းမြတ်၊ ရှေးဦးစွာ သင် မည်သည့် အသံကို ကြားလိုက်သနည်း။

ကောသလ။ ။ဒု-ဟူသောအသံကို ရှေးဦးစွာကြားလိုက်ရ ကြောင်းပါဘုရား။

ဗုဒ္ဓ။ ။ဒကာတော်မင်းမြတ်၊ ပရုဒါရကံ=လင်ရှိမယားကို ပြစ်မှားကျူးလွန်ခဲ့သော ထိုသူဌေးသားသည် ငရဲအိုးထဲမှ နေ၍ သူ၏ဖြစ်ရပ်ကို ပြည့်ပြည့်စုံစုံဟစ်ကြွေး၍တင်ပြခြင်း ဖြစ်သော်လည်း စကားမဆုံးမီ လျှပ်စာပြက်အတွင်း ပြန်၍မြုပ်သွားလေသဖြင့် ဒု—ဟူသော စကားတလုံးကိုသာ သင် ကြားလိုက်ရခြင်း ဖြစ်၏။တိုင်တမ်းလိုသည့် ထိုသူ ပြောလိုသောစကား အပြည့်အစုံသော်ကား—

ကောသလ။ ။အမိန့်ရှိပါဘုရား။

ဗုဒ္ဓ။ ။ဒုဇ္ဇိဝိဘ၊ မဇ္ဇိဝိမူ စသည်ဖြစ်ပေ၏။ ထိုစကား၏ အဓိပ္ပာယ်သော်ကား“အို အချင်းတို့၊ငါတို့ကား ရှေးကုသိုလ်ကံ အကျိုးကြောင့် သူဌေးမျိုးတွင် ဖြစ်ပါကုန်သော်လည်း ဖြစ်ရကျိုးမနပ်။ ဘဝကိုအလဲသုံးစားပြုကာ လင်ရှိမယား မျှားကို ပြစ်မှားပျော်ပါးခြင်းအား ဖြင့် မိုက်မဲစွာ အသက်မွေးမိခဲ့ကုန်ပြီ။ စီးပွားဥစ္စာတို့သည် ငါတို့အဖို့ သုံးမကုန်အောင် ပေါမျှားပါတုံလျက်နှင့် ငါတို့ကား တဇွန်းတယောက်မစာကိုမျှ မလှူခဲ့ကုန်၊ ငါတို့ပြုခဲ့သောဒုစရိုက်ကံက ငါတို့အား အလင်းထောင်၌ နေစွင့်မပေး၊ မြောင်ချထားပါပြီတည်း”ဟု ဆိုခြင်းပင် ဖြစ်ပေသည်။ ဒုတိယကြားလိုက်ရသည့်အသံကို ဆိုဦးလော့ ဒကာတော်။

ကောသလ။ ။ဒုတိယ ကြားလိုက်ရသော အသံမှာ သ—ဖြစ်ပါသည်အရှင်ဘုရား။ငင်း၏အဓိပ္ပာယ်သွားကိုလည်း အကျယ်ပွားရှင် ဟောတော်မူပါမှ သိရပါမည်ဘုရား။

ဗုဒ္ဓ။ ။ဒကာတော် မင်းမြတ်၊ သ-အရ “သင်္ဂဝဿသဟဿာနိ” စသည်ကို ဆိုခြင်း ဖြစ်၏။ အဓိပ္ပာယ်သော်ကား

“အိုသူငယ်ချင်းတို့၊လင်ရှိမယားများကို ပြစ်မှားကျူးလွန်ခဲ့သော ဒုစရိုက်ကြောင့် ကျွန်လောဟကုမ္ပဏီရဲ့ ကျခံနေရသော ငါတို့အား နေ့ညမလပ် တလစပ် ခံလာခဲ့ကြရသည်မှာ အနှစ်ပေါင်း ခြောက်ဆယ်ခန့်ပင် ပြည့်ခဲ့လေပြီ။ ဘယ်သောအခါမျှမှ ကျွန်ဆင်းရဲဝဋ်က ကျွတ်မည်မသိ”ဟု ဆိုခြင်းဖြစ်၏။ တတိယ အသံကို ဆိုဦးလေ့ဒကာဒတ်။

ဂကာသလ။ ။တတိယအသံမှာ နှ-ဖြစ်ပါသည့် ဘုရား။

ပဒ္ဓ။ ။ဒကာတော်မင်းမြတ်၊ နှ-၏ အဓိပ္ပာယ်သော်ကား “နှင့်အဓန္တာ ကုဒတာ အဓန္တာ” စသည်ကို ဆိုခြင်းဖြစ်၏။ “အို သူငယ်ချင်းတို့၊ ဒို့လုဖြစ်ခဲ့စဉ်အခါက ငါနှင့် သင်တို့ သဒကာတူလင်ရှိမယားကို ကျူးလွန်ပြစ်မှားမိခဲ့ကြသောကြောင့် ယခု ငရဲခံနေရပြီဖကော။ လွတ်ရက်ဟူ၍ ငါတို့မှာ မရှိ။ ငရဲမှ လွတ်ခွက်ဟူသည် အဘယ်မှာပါနည်း။ ငါတို့အား လွတ်ရက် မထင်ပါ[illegible]လား” ဟူ၍ ဆိုခြင်းဖြစ်ပါ၏။ စတုတ္ထကြားရသော အသံကို ဥဝိဦးပလေ့ ဒကာဘော်။

ဂကာသလ။ ။စတုတ္ထအသံမှာ ဂသော-ဟူ၍ ဖြစ်ပါသည့် ဘုရား။

ပဒ္ဓ။ ။ဒကာဒတော်မင်းမြတ်၊ သော-၏အကျယ်မှာ “သော ဟံနု နုက္ကဒာဂ ဂန္ဓာ” စသည်ကို ဆိုခြင်း ဖြစ်၏။ အဓိပ္ပာယ် သော်ကား “အို သူငယ်ချင်းတို့၊ မိုက်ခဲ့ဘိစ္စာသော ထိုငါသည် ကျွန်ရဲ့မှ လွတ်မြောက်၍ ကံကောင်းထောက်မသဖြင့် လူဘဝ ပြန်ရောက်ခဲ့ပါသော်ပညာရှိတို့ ဆိုဆုံးမသောသြဝါဒကို ခံယူအံ့။ ကိုယ်ကျင့်တရားကောင်းသူ ဖြစ်အံ့၊ အလှူအတန်းကို ရက်ရောစွာ လှူဒါန်းအံ့”ဟု ဆိုခြင်း ဖြစ်မည်ဟု ဒကာတော်။

ထိုအချိန်ကွင် ကောသလမင်း စေလွှတ်လိုက်သော ကိုယ်ရံတော် ဗိုလ်မှူးမှာ အသတ်ခံရမည်စိုးသောကြောင့် နန်းတော်သို့ မပြန်ဝံ့ဘဲ ဘုရားကျောင်းတော်တွင် ဝင်ရောက် ခိုအောင်းလျက် ရှိနေလေရာ ဒု-သ-န-သောတရားကို ကောသလမင်းကြီးနည်းတူ ကောင်းစွာ ကြားရလေ၏။

ကောသလမင်းမှာ တရားအဆုံးတွင် ချွေးတလုံးလုံးနှင့် ရှိနေသဖြင့် ခဏခဏ ချွေးများကို သုတ်နေရှာ၏။ ချွေးစိမ်းကြီးများ ဤသို့ ကျလာခြင်း၌ အကြောင်းနှစ်ခု ဖြစ်တန်ရာသည်။ လင်ရှိမယားအပေါ်၌ တိမ်းညွတ်ခဲ့သော ငါ့စိတ်ဓာတ်၊ ငါ့အကြောင်းကို ဘုရားသခင် ကောင်းကောင်း သိသွားတော်မူလေပြီလား ဟူ၍ တွေးမိကာ ကိုယ့်ကိုယ်ကို ပြန်၍ ရှက်မိသည်ကတကြောင်း၊ "ဩ ပရဒါရကံဆိုတာ တယ်လဲ ခက်ကြောက်စရာကောင်းလှပါကလား။ ငါမှာပြီ၊ မှားပြီ။ ငရဲအိုးမှာ ကျိုးကပ်တော့မလို သီသီကလေး လိုတော့သည်။ ဒီအချိန်ကစပြီး သူဘပါးမယားကို မျက်မှေးတော် မော်၍ပင် ငါမကြည့်တော့။ စိတ်ဖြင့်တောင် ငါ မပြစ်မှားတော့" ဟူ၍ နောင်တကြီးစွာ ရနေမိသည်တကြောင်း၊ ဤအကြောင်း နှစ်ချက်ကြောင့် ဇောချွေးများ တွက်နေဟန်တူ၏၊

ကောသလမင်းသည် ညကတည်လုံး အိပ်စက်မရသည်ကိုလည်း သတိရနေမိ၏။ အခွင့်သင့်ခိုက် ထိုအကြောင်းကိုပါ ဝင်၍ လျှောက်လိုက်လေ၏။

ကောသလ။ ။အရှင်မြတ်ဘုရား လွန်ခဲ့သော ည သည် ခါတိုင်း ခါတိုင်းသော ညများထက် ပို၍ ညဉ့်အာရှည်သည်ဟု တပည့်တော် ထင်ပါသည် ဘုရား။

●ပထဝီ၊ ●း●ပ

ကောသလမင်းက လျှောက်ထား၍အပြီး တဆက်တည်းပင် ကိုယ်ရံတော် ဗိုလ်မှူးကလည်း အပါးသို့ တိုးလာကာ ရှိခိုး၍ လျှောက်လှာ ပြန်သည်။ သူ၏ ရှယ်စုးချက်မှာ သူကိုယ်သူ မင်းပြစ်ဒဏ်သင့်သူတယောက်ဟု ယူဆကာ ဘုရားသခင်ရှေတော် တွင် လျှောက်ထားချေက မိမိအတွက် အထောက်အကူ ဖြစ်တန် ခဲ့သည်ဟု ကြံရွယ်မိသည့်အလျောက် လျှောက်ထားခြင်းဖြစ်၏။

ဗိုလ်မှူး။ ။အရှင်ဘုရား၊ ရွှေနန်းရှင် ဘုရင်ထီးဘုရားအား သာ ညဉ့်တာရှည်လှချည့်ဟု ထင်သည် မဟုတ်ပါ။ ဘုရားတပည့် တော်မှာလည်း ယမန်နေ့က သွားရသော တယူဇနာခရီးကား ခါတိုင်းထက်ပင် ရှည်လျားသည်ဟု ထင်ရကြောင်းပါ ဘုရား။

ဤလျှောက်စကားကြောင့် ကောသလမင်းသည် လှည့်၍ ကြည့်လိုက်သည်ကွင် မိမိ စေခိုင်းလိုက်သည့် ကိုယ်ရံတော်ဗိုလ်မှူး ဖြစ်နေသောကြောင့် ကြိတ်၍ရှက်မိကာ ရာဇဓိန္ဒြမပျက်ချုပ်တည်း ထားရလေ၏။ ဗုဒ္ဓမြတ်စွာသည် လျှောက်ထားကြသည့် စကား နှစ်ရပ်ကို ဆက်စပ်၍ ကြည့်ပြီးနောက် အောက်ပါစကားကို မြွက်ကြားတော်မူလေသတည်း။

ဒီဃာ ဇာဂရတော ရတ္တိ၊
ဒီဃံ သန္တဿ ယောဇနံ၊
ဒီဃော ဗာလာန သံသာရော၊
သဒ္ဓမ္မံ အဝိဇာနတံ။

"ဒကာတော်မင်းမြတ်၊ အိပ်ရာမှု နိုးနေသူအား ညဉ့်သည် ရှည်၏။ ခရီးပန်းနေသူအား တယူဇနာခရီးသည် အလှန်ရှည်

သက်ဝံဘို ထင်ရ၏။ သူတော်ကောင်းတရားကို မသိသော လူမိုက်တို့အား သံသရာသည် ရှည်၏။”

ဤတရားကို ကြားနာရပြီးသောအခါ ကောသလမင်းသည် ယင်ပူဇော်ရန်အတွက် စီရင်ထားသော တိရစ္ဆာန်များကိုဌင်း၊ ကာလသမီး၊ ကာလသားများကိုဌင်း အမြန်လွှတ်စေဟု အမိန့်တော် ထုတ်ပြန်လေသတည်း။

ထိုအခါ လူတို့သည် မိဖုရားခေါင်ကြီးကြောင့်သာ အားလုံးချမ်းသာရာ ရကြပေသည်-ဟူ၍ မလ္လိကာဒေဝီအား ကျေးဇူးတင်၍မဆုံး ဖြစ်လာကုန်၏။

ကောသလမင်း၏ နားဦကား ဒု၊ သ၊ န၊ သော ဟူသော အသံကိုသာ ကြားယောင်လျက် ရှိနေသတည်း။

(ဓမ္မပဒအဋ္ဌကထာ၊ ပထမတွဲ၊ ဗာလဝဂ်၊အညတရ ပုရိသဝတ္ထု၊ ၂၈၀၊ ဇမ္ဗူ.မိတ်ဆွေမူ)

(၂၃)

ကြွေး

ကြွေးသည် ကြောက်စရာဖြစ်၏။ ကြောက်အပ်သော ကြောက်စရာ၊ ကြောက်စရာကောင်းသောအရာ မှန်၏။ ကြွေးကို ပေးသူလည်း ကြောက်အပ်၏။ ယူသူလည်း ကြောက်အပ်၏။ ကြွေးကို ပေးသင့်မှ ပေးရာသည်။ ယူသင့်မှ ယူရာသည်။ အဘယ်ကြောင့် ပါနည်း။

အခါတပါးတွင် ဗုဒ္ဓမြတ်ဘုရားသည် ရဟန်းတို့အား ကြွေးတရား ဟောတော်မူခဲ့သည်ဖြစ်ရာ ယင်းကြွေးတရား၌ အဖြာကို ရှာရ၏။

ဗုဒ္ဓမြတ်ဘုရားသည် ယင်းကြွေးတရားကို ရဟန်းတို့အား ဤသို့ ဟောကြားတော်မူခဲ့လေသည်။

ကြွေးတရား မဟာမိ ဗုဒ္ဓမြတ်ဘုရားသည် "ရဟန်းတို့" ဟူ၍ ရှေးဦးစွာ ခေါ်တော်မူလိုက်သည်။ ဤသို့ ခေါ်လိုက်ခြင်းမှာ အကြောင်းရှိ၏။ ထိုအကြောင်းကား ဤသို့ပါတည်း။

[1]ရဟန်းတို့သည် အာရုံဘပါးကို စိတ်ဝင်စား ကုန်၍၎င်း၊ တရားကို ဆင်ခြင်ကုန်၍၎င်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကုန်၍၎င်း နေကြကုန်သည်ဖြစ်ရာ ထိုရဟန်းတို့ကို ရှေးဦးစွာ "ရဟန်းတို့" ဟူ၍ မခေါ်လေဘဲ တရားဟောခဲ့သော် ဤဒေသနာကား အဘယ်ကို အခြေခံသည်၊ အဘယ်ကို အထောက်အကူပြုလေသည် ဟူ၍ မုတ်ရန် မလွယ်။ရဟန်းတို့ဟူ၍ ခေါ်လိုက်သော်ကား သတိရလာပြီး အာရုံစိုက်၍ မှတ်နိုင်စွမ်းရှိလာသည်။ ထိုကြောင့် သတိဖြစ်စေခြင်းငှာ ရဟန်းတို့ဟု ခေါ်ပြီးမှ တရားဟောခြင်း ဖြစ်သောဟူ၏။

ဗုဒ္ဓ။ ။ရဟန်းတို့။

ဘိက္ခု။။ ။ဆရှင်ဘုရား။

ဗုဒ္ဓ။ ။လောက၌ ကာမဂုဏ်စည်းစိမ်ကို ခံစားသူအား မဲ့မှုသည် ဆင်းရဲသည် မဟုတ်ပါလော့။

ဘိက္ခု။။ ။မှန်ပါသည် ဘုရား။

ဗုဒ္ဓ။ ။ရဟန်းတို့၊ ပစ္စည်းမဲ့ လူတန်းစား ကျောမဲ့ ဆင်းရဲသားသည် သူတပါးထံမှ ကြွေးယူရ၏။ ချေးငှားခြင်း ပြုရ၏။ ရဟန်းတို့၊ လောက၌ သူတပါးထံ ကြွေးယူရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်ပါလော့"

ဘိက္ခု။။ ။မှန်ပါ၊ ဆင်းရဲပါသည် ဘုရား။

၁။ ဘိက္ခု။ဟိ အည့် စိန္တေန္တောပီ၊ ပ၊ တသ္မာသတိ ဇနနတ္ထံ ဘိက္ခဝေ တိ အာလပတိ။ (ဣတိဝုတ် အဋ္ဌကထာ၊ လောဘသုတ်အဖွင့်၊ ၃၅၊ ဆဋ္ဌမှု)

ဗုဒ္ဓ။ ။ရဟန်းတို့၊ ပစ္စည်းမဲ့ ကျောမဲ့ သူဆင်းရဲသည် သူတပါးထံမှ ကြွေးကို ချေးယူပြီးလျှင် အတိုးပေးပါမည် ဟူ၍ ဝန်ခံရ၏။ ရဟန်းတို့၊ လောကဌ် ကာမဂုဏ်ခံစားသူအား အတိုးပေးပါမည် ဟူ၍ ဝန်ခံရခြင်းသည်လည်း ဆင်းရဲသည်မ ဟုတ်ပါလော။

ဘိက္ခု။ ။မှန်ပါ။ ဆင်းရဲပါသည် ဘုရား။

ဗုဒ္ဓ။ ။ရဟန်းတို့၊ ပစ္စည်းမဲ့လူတန်းစား ကျောမဲ့ ဆင်းရဲသားသည် အတိုးမှန်မှန်ပေးပါမည်ဟု ဝန်ခံကတိ ထားရှိခဲ့သော်လည်း မဲ့မှကြောင့် အချိန်ကျလျှင် ဆပ်ရမည့် အတိုးကို မပေးဆပ်နိုင်။ ထိုအခါ ကြွေးရှင်တို့က ထိုသူအား တောင်းဆိုကြလေကုန်၏။ ရဟန်းတို့၊ လောကဌ် ကာမဂုဏ်ခံစားသူအား ကြွေးတောင်းခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်ပါလော့။

ဘိက္ခု။ ။မှန်ပါ၊ ဆင်းရဲကြောင်းပါဘုရား။

ဗုဒ္ဓ။ ။ရဟန်းတို့၊ ပစ္စည်းမဲ့လူတန်းစား၊ ကျောမဲ့ ဆင်းရဲသားသည် တောင်းအပ်သော ကြွေးကို မပေးဆပ်နိုင်။ ထိုအခါ ငါ့သူနောက်သို့ ကြွေးရှင်တို့က လိုက်ကုန်လေ၏။ ရဟန်းတို့ လောကဌ် ကာမဂုဏ် ခံစားသူအား ကြွေးရှင်တို့၏ အလိုက်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်ပါလော့။

ဘိက္ခု။ ။မှန်ပါ၊ ဆင်းရဲကြောင်းပါဘုရား။

ဗုဒ္ဓ။ ။ရဟန်းတို့၊ ပစ္စည်းမဲ့လူတန်းစား၊ ကျောမဲ့ ဆင်းရဲသားသည် မိမိနောက်သို့ တကောက်ကောက်လိုက်၍ အတောင်းခံရသော်လည်း သူ့ကြွေးကိုမပေးနိုင်ရာလေ။ထိုအခါ ထိုသူဆင်းရဲကျောမဲ့အား ချုပ်နှောင်ကြလေကုန်၏။ ရဟန်းတို့၊ လောကဌ်

ကာမဂုဏ် ခံစားသူအား ကြွေးမပေးနိုင်၍ အချုပ်အနှောင်ခံရခြင်းသည်လည်း ဆင်းရဲသည် မဟုတ်ပါလော့။

ဘိက္ခု။ ။မှန်ပါ၊ ဆင်းရဲကြောင်းပါ.ဘုရား။

ဗုဒ္ဓ။ ။ရဟန်းတို့ ဤသို့လျှင် ကာမဂုဏ် ခံစားသူအား လူဆင်းရဲ လူမဲ့ဖြစ်မှုသည်လည်း ဆင်းရဲ၏။ ကြွေးယူရခြင်းသည်လည်း ဆင်းရဲ၏။ အတိုးပေးပါမည်ဟု ဝန်ခံခြင်းသည်လည်း ဆင်းရဲ၏။ ကြွေးတောင်းခံရခြင်းသည်လည်းဆင်းရဲ၏။ ကြွေးရှင်တို့ အလိုက်ခံရခြင်းသည်လည်း ဆင်းရဲ၏။ အချုပ်အနှောင်ခံရခြင်းသည်လည်း ဆင်းရဲ၏။

ရဟန်းတို့၊ ဤအတူသာလျှင် အမှတ်မထင် ဘစုံတယောက်သော သူအား ကုသိုလ်တရား တို့၌ ယုံကြည်မှုမရှိ၊ ရှက်မှုမရှိ၊ လန့်ထိတ်မှု မရှိ၊ အားထုတ်မှုမရှိ၊ အသိဉာဏ်မရှိ။

ရဟန်းတို့၊ ဤသို့သော လူစားမျိုးကို အရိယာတို့၏ အဆုံးအမ ဩဝါဒ၌ ပစ္စည်းမဲ့လူတန်းစား မကြွယ်ဝသူ လူမဲ့ဟူ၍ ဆိုအပ်၏။

ရဟန်းတို့၊ ကိုယ်ပိုင်ဥစ္စာဟူ၍ ဘာမျှမရှိသော ပစ္စည်းမဲ့လူတန်းစား မကြွယ်ဝသူ ထိုလူမဲ့သည် ကုသိုလ် တရားတို့၌ ယုံကြည်မှု သဒ္ဓါပါးခဲ့သော်၊ရှက်ခြင်းကင်းခဲ့သော်၊လန့်ထိတ်ခြင်း မရှိခဲ့သော်၊ အားထုတ်ခြင်း ဒေါင်းပါးခဲ့သော်၊ ပညာဆုံရှားခဲ့သော်၊ ကိုယ်၊ နှုတ်,နှလုံး သုံးပါးစလုံး ဖောင့်စည်းခြင်း မရှိ၊ ဒုစရိုက်မှုများကို ထင်တိုင်း ပြုကျင့်လေ၏။ ဤသည်ကို ထိုလူမဲ့၏ ကြွေးယူမှုဟု ဒါ ဆို၏။

ထိုလူမဲ့သည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ လွှမ်းဖုံးခြင်းဟူသော အကြောင်းကြောင့် ယုတ်ညံ့သော ဒေဝဒတ်တမျှကို အားထုတ်၏။ "ငါ့အကြောင်း မသိပါစေလင့်' ဟူ၍ အလိုရှိ၏။ အလိုရှိသောအတိုင်းသူဘပါးမသိစေနည်း နိသျည်းကို ကြံတော့၏။ အတွေးပေါက်လာသည့် အလျောက် ဖုံးကွယ်စကားပြော၏။ သူအားကြောင်းကို လူမသိစေရအောင် ကာယကံမြောက် အားထုတ်၏။ ဤသည်ကို ထိုလူမဲ့၏ အတိုးတက်မှုဟု ငါဆို၏။

ထိုသူကို မိတ်ကောင်း ဆွေကောင်း အပေါင်းအသင်းတို့က ဤသူထိုသို့ပြုလေ့ရှိသည်။ ထို့အကျင့်မျိုး၊ ထိုဝသီမျိုးရှိသည်၊ ပြောဆိုကြကုန်၏။ ဤသည်ကို ထိုလူမဲ့၏ ကြွေးတောင်းခံရမှုဟု ငါ ဆို၏။

ထိုလူမဲ့သည် ဘာကိုဘဲရောက်ရောက်၊ သစ်ပင်အောက်ကိုဘဲရောက်ရောက်၊ မည်သည့်နေရာကိုဘဲ ရောက်ရောက်၊ ရောက်လေရာရာအရပ်၌ ထိုလူမဲ့၏ နောက်သို့ နှုလုံးမသာယာခြင်းနှင့် တကွသောယုတ်ညံ့သောတွေးခေါ်မှုအာလိုဆိုးတို့သည်တဖန်ကြိုးလိုက်လာကုန်လေ၏။ ဤသည်ကိုကြွေးရှင်တို့က အလိုက် ခံရမှုဟု ငါ ဆို၏၊

ရဟန်းတို့၊ ထိုလူမဲ့ကောင်သည်ကံသုံးပါးဖြင့်ဒုစရိုက်မှုများကို ထင်သလိုပြု၍ ဘဝချုပ်ငြိမ်း၊ အမိုက်ဇာတ် သိမ်းပြီးသည်မှ နောက်ကာလ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်-တည်းဟူသော ချုပ်နှောင်ခြင်းဖြင့် အချုပ်ခံရလေ၏။

ရဟန်းတို့၊လောက၌ လူမဲ့ဖြစ်ရခြင်းကိုငင်း၊ ကြွေးယူရခြင်းကိုငင်း ဆင်းရဲဟူ၍ ဆိုအပ်၏။လူမဲ့သည် ကြွေးယူ၍ စားသောက်

ရခြင်းကြောင့် ပင်ပန်း၏။ ထို့ကြောင့် ထိုသူ၏နောက်သို့ ကြွေးချင်တို့ တကောက်ကောက်လိုက်ကုန်၏။ကြွေးကို အဇကြောင်းပြု၍ ထိုသူသည် အချုပ်စခန်းသို့လည်း ရောက်ရ၏။ ကာမဂုဏ်ရမ္မကို တောင့်တသူတို့အား ထိုသို့ အချုပ်အနှောင်ခံရခြင်းသည် ဆင်းရဲသည်သာတည်း။

ရဟန်းတို့၊ ထို့အတူသာလျှင် အရိယာတို့၏အဆုံးအမ သဒ္ဓါပါးချွဲသူ၊ ရွက်ကြောပြာသူ၊ အဇကြောက်အလန့် ကင်းသူသည် ဒုစရိုက်မှု အမျိုးမျိုးပြုချင်တိုင်း ပြုပြီးမှ "ငါ့အဇကြောင်းကို မသိပါစေနဲ့" ဟု အလိုရှိ၏။ ပြုမှားခဲ့သော ဒုစရိုက် မှုများကြောင့် အမြဲဘစေ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရ၏။

ရဟန်းတို့၊ အရိယာတို့၏ အဆုံးအမ၌ သဒ္ဓါတရား ရှိသူ၊ ရွက်ဘာသူ၊ မကောင်းမှုမှ လန့်တတ်သူ၊ ပညာရှိသူ၊ သီလဖြင့် ဘိတ်ဆို စောင့်ရှောက်မှုရှိသူကို ချမ်းသာစွာ အသက်မွေးခြင်းရှိသူ၊ ကြွေးမြီမှ ကင်းသူဟု ကြွေးတရားကို နိဂုံးချုပ်တော်မူ၏။

(ဆကွနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊
မမိကဝဂ်၊ ကွဇာသုတ်၊ ၃၀၉၊ ဆဋ္ဌမ)

(၂၄)

ခံတွင်းထဲက ဓားမကြီး တချောင်း

ချစ်စေလိုသော် ခံတွင်းလက်လေ့းသစ်၊ မုန်းစေလိုသော် ခံတွင်း လက်လေးသစ်ဟု အဆိုရှိ၏။လက်လေးသစ်ခန့်မျှ အရွယ်ပမာဏ ရှိသော ခံတွင်းက ချစ်အောင်လည်း တတ်နိုင်သည်၊ မုန်းအောင် လည်း တတ်နိုင်သည်ဟု ဆိုခြင်းပင်တည်း။

လက်လေးသစ်ခန့်မျှ ပမာဏရှိသော ထိုခံတွင်းထဲတွင် အလွန် အသွား ထက်လှသည့် ဓားမကြီးတချောင်း ပါရှိသည်ဟု ဆိုခဲ့သော် "ဟုတ်နိုင်ပါ့မလား။ကျေ ကြံကြီးစီရာ"ဟု အံ့ဘနန်းပင် ဖြစ်ပေလိမ့်မည်။

အံ့ချင် အံ့ပါစေတော့။အချို့အချို့ကုန်သော လူတို့၏ခံတွင်း ထဲ၌မူကား အကယ်ပင် ဓားမကြီးတချောင်း ပါရှိကြောင်းကို ကျမ်းဂန်တို့၌ · အခိုင်အမာ ပြဆိုထားချက်များ ရှိပေ၏။

ထိုစကားကို ဆိုသင့်၍သာ ဆို၏သည်။ ထိုရောအခါ ထိုသည့် ခုနှစ်သက်ရောင်တွင် သူဗွဲသူမြင်စွဘုရားသည်၏ သာဝကပြည် ဇေတဝန်ကျောင်း၌ ဝါကပ်တော်မူ၏။

လက်ဝဲရုံ၊လက်ျာရုံဟူ၍ ထင်ရှားသော အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး နှစ်ပါးတို့ကား ဒေသစာရီ ကြွခါ၍ တရားဟောကြရာတွင် ခရီး နယ်ကျဉ်နေကြ၏။ ဝါဆိုမှီ သာဝတ္ထိသို့ ပြန်လာကြကုန်သော် ငြားလည်း ခရီးလမ်းတာမှာ ကွာဝေးလှသည်ဖြစ်၍ ဝါဆိုမှီ မရောက်နိုင်ကြကုန်သောကြောင့် လမ်းခုလပ် ကောကာလိကတိုင်း၊ ကောကာလိကမြို့တွင် ဝါကပ် နေကြရကုန်၏။

ဝါဆိုကျောင်းမှာလည်း ဆောက်လှူသူ ကျောင်းဒါယကာ ကောကာလိကသူဌေးကိုအစွဲပြု၍ကောကာလိကကျောင်းဟူ၍ပင် တွင်၏။ ကျောင်းထိုင်ပုဂ္ဂိုလ်မှာလည်း ထိုကျောင်း ဒါယကာ၏ သား အရှင်ကောကာလိက ဖြစ်၏။

သာသနာတော်၌ စူဠကောကာလိက၊ မဟာကောကာလိက ဟူ၍ ကောကာလိက နှစ်ပါး ရှိလေရာ ဒေဝဒတ်၏ တပည့် ကောကာလိကမှာ စူဠကောကာလိက[1] ဖြစ်၍ ထိုကျောင်းထိုင် ကောကာလိကကား ဗြဟ္မဏအနွယ်ဘွား မဟာကောကာလိက ဖြစ်လေသည်။

အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာ အဂ္ဂမဟာသာဝက နှစ်ပါးတို့သည် ကျောင်းထိုင်ပုဂ္ဂိုလ် ကောကာလိကထံ ခွင့်ပန်၍ ရဟန်း သံဃာတော်များနှင့် အတူတကွ ထို ကောကာလိက ကျောင်း၌ ဝါဆိုကြကုန်၏။ သီတင်းဝါလ ကျွတ်လေသော

၁။ (ကောအယ် ကောကာလိကော၊ကသွာစ ဥပသင်္ကမိ၊ ပ၊ သဂါထာဝဂ္ဂသံယုတ်.. အဋ္ဌကထာ၊ ကောကာလိကသုတ် အဖွင့်၊ ၁၉၇၊ ဆဋ္ဌမှ)

အခါ "ငါတို့ ပြန်ကြကုန်တော့အံ့" ဟူ၍ ပန်ကြားကြသည်တွင် "တရက်တာမျှ ဆိုင်းငံ့တော်မူပါဦး" ဟူ၍ လျှောက်ထားခဲ့ပြီး လျှင် ကျောင်းထိုင် ဆရာတော် ကောကာလိကသည် မြို့တွင်းသို့ ကြွကာ လူတို့အား လှုံဆော်ခြင်း ပြုလေသတည်း။

"အို အချင်းဒကာတို့၊ အကျော်ဒေးယျ ဖြစ်တော်မူသော အရှင်မောဂ္ဂလာန်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး နှစ်ပါး သည် ရဟန်းသံဃာ များစွာနှင့်တကွ ငါ့ကျောင်းတွင် ဝါဆို တော်မူနေကြပါလျက်ကို သင်တို့ မသိကြကုန်တကား။ ဆွမ်း တနပ်စာမျှ ကပ်ရမှန်း မသိဘတ်ကြကုန်တကား။ ဤသို့သော ပုဂ္ဂိုလ်ကြီးများအား လှဒါန်းရန် ကြုံခဲလှပါဘိခြင်း။ ကြုံတုန်း ကြုံခိုက်မှာ လှလိုက်ကြ ကုန်လော့။ ခွင့်သာဆဲမှာ ခဲလိုက်ကြ ကုန်လော့" ဟူ၍ လှုံဆော် တိုက်တွန်းလေသောအခါ လူတို့လည်း ဝမ်းမြောက်စွာ ရုတ်ချင်းပင် စည်းဝေး ကြကုန် ပြီးသော် ထောပတ်၊ တင်လဲ စသော လှဘွယ်၊ တန်းဘွယ် အသွယ်သွယ် တို့ကို စီရင်ကြလေကုန်၏။ ထိုအခါ အလှူဝတ္ထု သီးမျိုးစုံ ပဒေသာတို့သည် ဝေဝေဆာဆာ ပေါက်လာကုန်လေ၏။

ယင်းပဒေသာတို့ကို မြင်တွေ့လာသော အခါ ကျောင်းထိုင် ပုဂ္ဂိုလ်၏သန္ဓာန်၌ လောဘဇောကပ် တပ်မက်ခြင်း ဖြစ်လာ၏။ "ဤ အရှင်ကြီးတို့ကား အလိုနည်း ကုန်စု။ ငါ၏ စီမံ ဆောင်သမျှ အရ ဖြစ်ပေါ် လာသော ဤလှဘွယ် ဝတ္ထုတို့ကို သာယာကြကုန်မည် မဟုတ်။ အလှူခံကြမည် မဟုတ်။ကျောင်း ထိုင်ပုဂ္ဂိုလ် ငါ့အား လှလိုက်ကြဟု ညွှန်ကြားကုန်လတံ့" ဟု အာရုံမနောတွင် လောဘဇော ဝင်လာလေသည်။

မဟာသာဝကကြီး နှစ်ပါး အမှူးပြုသော သံဃာတော်တို့အား ထိုလူဘွယ် ဝတ္ထုတို့ကို လူတို့က လှူဒါန်း ကြလေသော အခါ "ဤပစ္စည်းတို့သည် ငါတို့အားဝင်း၊ ကောဂါလိက အားဝင်း မအပ်ကုန်၊ အလှူမခံထိုက်" ဟူ၍ အလှူမခံလေဘဲ သာဝတ္ထိသို့ ကြွကြလေသော အခါ ကောကာလိကသည် ပဒေသာပင်များကို ကြည့်ကာ စိတ်မသက်မသာနှင့် ကျန်ခဲ့လေ၏။ သည် လူဘွယ်ပစ္စည်းတွေကို ကိုယ်တိုင်လဲ အလှူခံမသွား၊ ငါ့ကိုလဲ ပေးမထား‌ခဲ့ကြ။ ဘယ်လို ကိုယ်တော်တော့လဲ ဟူ၍ အခဲမကျေဖြစ်ကာ အရှင်မောဂ္ဂလာန်နှင့် အရှင်သာရိပုတ္တရာတို့ အပေါ်၌ ရန်ငြိုး ဖွဲ့လာလေသတည်း။

သာဝကကြီး နှစ်ပါးနှင့် သံဃာတော်များသည် နောက်တကြိမ် ထိုကောကာလိကမြို့၊ ထိုကောကာလိက ကျောင်းသို့ ရောက်လာ ကြပြန်၏။ လူတို့သည် မိမိတို့၏ သဒ္ဓါတရား အလျောက် လှူဒါန်းခြင်း ပြုကြလေသော အခါ၌ကား အလှူခံတော်မူကြလေကုန်၏။

ဤဖြစ်ရပ်သည် ကျောင်းထိုင် ပုဂ္ဂိုလ် ကောကာလိက၏ သန္တာန်၌ ငုပ်လျှိုးနေသော ရန်ငြိုးကို နှိုးဆွပေး သကဲ့သို့ ဖြစ်လာ၏။ သာဝကကြီးနှစ်ပါးထံ ချဉ်းကပ်ကာ ဤသို့ စွပ်စွဲခြင်း ပြုပါလေတော့သည်။

"ငါ့ရှင်တို့၊ သင်တို့ကား ထိုစဉ် အခါတုန်းက အလို နည်းသယောင်ယောင်နှင့် လူဘွယ် ပစ္စည်းတွေကို ရှောင်သွား ခဲ့ကြပြီးမှ ယခုတဖန် အလှူခံရအောင် ပြန်လာကြ ကုန်သည်။ အလိုရမှက် ကြီးဘိ စွဲသော တကယ့်ပါပ ဘိက္ခု။ ကြီးတို့ပေတကား။"

ပေသိဒ္ဓိးစာစပ

ဤသို့ ပုဂ်ခတ်၊ စုပ်စုံခြင်း ပြုရုံမျှဖြင့် အားမရနိုင်သေးဘဲ စိတ်ထဲတွင် နာလုံးကြီး ပေါက်လေသည့်အလျောက် သာဝတ္ထိသို့ သွားကာ ဘုရားသခင်အား ဤသို့ လျှောက်ထား ပါလေသတည်း။

ကောကာလိက။ ။ဘဒ္ဓေ၊ အရှင်ဘုရား၊ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကား ရဟန်းတန်မဲ့ အလိုဆိုး ရှိကုန်ဘိသည်။ အလိုဆိုးနောက်သို့ တကောက်ကောက် လိုက်ကုန် ဘိပါသည် ဘုရား။

ဗုဒ္ဓ။ ။ကောကာလိက၊သင် ဤသို့ မဆိုလင့်။သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် သင်ထင်သကဲ့သို့ မဟုတ်။ သီလကို လွန်စွာ ချစ်မြတ်နိုးကြ ကုန်၏။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ အပေါ်၌ သင့်စိတ်ကို ကြည်လင် စေလော့။ စိတ်ကောင်း ထား လော့။

ဤသို့ မြတ်ဘုရားက တားမြစ်သော်လည်း မရ။ ကောကာလိကသည် တားမြစ်သည့်ကြားက သုံးကြိမ်တိုင်တိုင် စုပ်စုပ်စုံစုံ အတင့်ရဲစွာ လျှောက်နေသည်။ မြတ်ဘုရားကလည်း သုံးကြိမ်စလုံးပင် ဤသို့ မဆိုလင့်ဟူ၍ တားမြစ်တော်မူသည်။

သူ၏ လျှောက်ထား ချက်ကို ဟန့်တား လေသော အခါ ကောကာလိကသည် ဘုရားထံမှထ၍ ပြန်သွားလေရာ ဇေတဝန်ကျောင်း၏ ပြင်ဘက်ဝယ် မဇ္ဈောက်မီ ကျောင်းပရိဝုဏ် အတွင်းမှာပင် ဒုက္ခကောင်းကောင်း တွေ့လေပြီတည်း။ မုံညှင်းစေ့ခန့်၊ ပဲနောက်စေ့ခန့်၊ ကုလားပဲစေ့ခန့်၊ ဇီးစေ့ခန့်၊ ဇီးသီးခန့်၊ ဖန်ခါးသီးခန့်ရှိသော အဖုအပိန့်တို့သည် သူ၏ တကိုယ်လုံးတွင် အပ်ချစရာ မကျန်ရအောင် ပေါက်လာ ကုန်လေ၏။ ထိုမှတဆင့် အဖု၊

အပိန့်တို့ ပေါက်ပြကာ သွေး၊ ပြည် တစက်စက် ထွက်လာကုန်လေ၏။ ဇေတဝန်ကျောင်းတော်၏ ပရိဝုဏ်တံခါးဝ အနီးတွင် ဝေဒနာကို မရှုမလှုပြင်းပြစွာ ခံစားနေရရှာလေ၏။

နေ့မှညဥ့်သို့ ကူးလာ၏။ကောကာလိက တံခါးဝအနီးတွင် သွေး၊ ပြည် တရွဲရွဲနှင့်လဲနေရာမှ မထနိုင်ရှာတော့ပြီ။ သူ့အသက်သည် ထွက်ပေါက်ရှာနေသည့်ပမာ အသက် မှန်မှန်ပင် မရှူရှာတော့ချေ။

ထိုခဏ အရောင်အဝါလင်းကနဲ ဖြာထွက်လာသည်နှင့်အတူ တုရွမည်သော ဗြဟ္မာကြီးတပါး သူ့အနားသို့ ရောက်လာသည်။ ထိုဗြဟ္မာကြီးကား ကောကာလိက၏ ဥပဇ္ဈာယ်ဆရာ ဖြစ်ခဲ့ဘူးသည့် တုရွမည်သောမထေရ်ကြီးဖြစ်လေရာ မိမိတပည့်၏ ဖြစ်ရင်ကို ရင်သပ်ရှုမော့ သနားသောကရုဏာဖြင့် ကောကာလိကအား သတိပေးဆုံးမရန် ရောက်လာခြင်း ဖြစ်သည့်အလျောက် ဤသို့ဆို၏။

ဗြဟ္မာ။ ။ကောကာလိက၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့အပေါ်၌ သင့်စိတ်ကို ဖြူဖြူစင်စင်ထား၊လော့။စိတ်ကောင်းမွေးပါလော့။ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့ကား သင်စုပ်စဲ့သကဲ့သို့ ဆာလိုဆိုးရှိသူများမဟုတ်ကုန်။ သီလကို လွန်စွာ ချစ်မြတ်နိုးကြကုန်သော သူတော်စင် စစ်စစ်ကြီးတို့ ပါပေတည်း။

ဤသတိပေး သြဝါဒစကားများကို ကောကာလိကကြား နိုင်သေး၏။ ကြားရုံမက မျက်စိဖွင့်ကြည့်ကာ ထိုဗြဟ္မာကြီးကိုပင် မချေမငံ နှုတ်လှုန်ထိုးနေချေသေး၏။

ကော။ ။ငါ့ကို စကားဆိုလှာသော အိုဘယ်လူ၊သင်ကား အသူနည်း။

တုရူး။ ။ကောကာလိကငါကား တုရူးမည်သော သင်၏ဆရာ ဗြဟ္မာဖြစ်ပေ၏။သင်၏ပျက်စီးမှုကိုမရှုနိုင်၍ ငါလာရောက်ခဲ့ခြင်း ဖြစ်၏။ အရှင် ကိုယ်တော်မြတ်ကြီးနှစ်ပါးတို့ အပေါ်၌ စိတ်ကောင်းထားလော့။

ကော။ ။အချင်း ဗြဟ္မာ သင်အား ဘုရားသခင်က အနှာဂါမ် ဟူ၍ မြွက်ကြားတော်မူသည်မဟုတ်ပါလော့။ သို့ပါလျက် ငါ့ထံသို့ သင် ဘယ့်အတွက်လာသနည်း။ ကိုယ့်အပြစ်ကို ကိုယ် မြင်အောင်ရှုလော့။ ကိုယ့်နဖူးမှာ ဖူးဖူးရောင်နေသည့် လက်သီးဆုပ်လောက်အဖုကြီးကိုတော့မမြင်ပါဘဲ မဖြစ်စလောက် မုံညင်းစေ့ခန့်မျှအပြစ်ရှိသူငါ့ကိုလာ၍ သင် ဆရာလုပ်နေယောင် ပါဟကာ ဟု တုန့်ပြန်၍ နှုတ်လှန်ထိုးနေသော တပည့်ကို ကြည့်ကာ တုရူဗြဟ္မာကြီးသည်–

"ပုရိသဿဟိဇာတဿ၊ ကုဋ္ဌာရိဇာယတေမုခေ" စသော အောက်ပါ ဂါထာတို့ကို ရွတ်မိလေသတည်း။

၁။ ။လူဟူ၍ ဖြစ်လာသော သတ္တဝါ၏ ခံတွင်းထဲတွင် နှုတ်၊ အာ၊ လျှာတည်းဟူသော အသွားထက်လှသည့် ဓားမကြီး တခြောင်း ပါလာ၏။ လူမိုက်သည် ကြမ်းကြုတ်သော စကားကို ဆိုပြောကာ ထိုစကား ဓားမကြီးဖြင့် မိမိကိုယ်ကို ဇဝိန်ချုပ်သည်အထိ ခုတ်သတ်နေ၏။

၂။ ။အကြင်သူသည် ကဲ့ရဲ့ထိုက်သူကို ချီးမွမ်း၏။ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့၏၊ ထိုသူသည် ခံတွင်း၊ ပါးစပ်ဖြင့် အပြစ်ကို စုဆောင်းနေသူ ဖြစ်၏။ထိုအပြစ်ကြောင့် ထိုသူသည် ချမ်းသာကို မရနိုင်။

၃။ ။အကြင်သူသည် ဆိုင်ပြိုင်ယှဉ်ရဲ၊လောင်းကစားပွဲတို့ဥစ္စာ ပြုတ်အောင်သော်၎င်း၊ မိမိဘဝပါ နစ်မွန်းအောင်သော်၎င်း ဆုံးရှုံးသွား၏။ဤသို့ဆုံးရှုံးခြင်းကား မဖြစ်စလောက် ရှုံးခြင်းမျိုးမျှသာတည်း။ အကြင်သူသည် တရားလမ်းကြောင်း ပေါ်၌ ဖြောင့်မတ်စွာ သွားလာနေသော သူတော်ကောင်း ပုဂ္ဂိုလ်တို့၌ စိတ်ဖြင့် ပြစ်မှားမိလေ၏။ ဤသို့ ပြစ်မှားမိခြင်းမျိုးကား လောင်းကစားဝိုင်း၌ ရှုံးသော ရှုံးခြင်းမျိုးထက် အဆပေါင်းများစွာ ပိုကဲ၍ ရှုံးသည် မည်၏။

၄။ ။စကားယုတ်၊ စိတ်ယုတ်မာကို ဆောက်တည် မေ့မြုလျက် အရိယာဒွယ်ဝင်၊ သူတော်စင် ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့နှုတ်ကြမ်း၊ ရမ်းကားမိသူသည် နိရဗ္ဗုဒန္နစ်တို့၏ အရေအတွက်အား ဖြင့် နှစ်ပေါင်းတသိန်း၊ ထိုမှတရပ်=နိရဗ္ဗုဒပေါင်းသုံးဆယ့်ခြောက်။ ထိုနောက် နိရဗ္ဗုဒပေါင်း ငါးခုတို့ ကာလပတ်လုံး လွတ်ရက်မရှိ၊ ငရဲ၌ ကျရောလေ၏။

ကောကာလိကသည် ထိုညဉ့်ပင်လျှင် ဇေတဝန် ကျောင်းတံခါးဝတွင် ထိုရောဂါဖြင့် ကွယ်လွန်လေသော် အရှင်နှစ်ပါးတို့အား ပြစ်မှား စုပ်စွဲမိခဲ့လေသော ထိုအပြစ်ကြောင့် ပဒုမမည်သော ငရဲအိုး၌ ချိုးကပ်အောင် ကျခံရလေ၏။

ထိုညမှာပင် သဟမွတီဗြဟ္မာသည် ဘုရားသခင်ထံ လာ၍ “ကောကာလိကရဟန်း ညက ကွယ်လွန်သွားကြောင်း၊ ပဒုမမည်သော ငရဲ၌ ကျခံနေရကြောင်း” လျှောက်ထားသွား၏။

နံနက် မိုးသောက်သောအခါ ဘုရားသခင်က သံဃာ့အစည်းအဝေးတွင် ရဟန်းတို့အား ထိုအကြောင်းကို မြွက်ကြားလေ

သောအခါ ရဟန်းတပါးက လက်အုပ်ချီ၍ ဘုရားသခင်အား ဤသို့ မေးလျှောက်လေ၏။

ဘိက္ခု။ ။ဘုန်းတော်ကြီးလှသော အရှင်မြတ်ဘုရား၊ ပဒုမမည်သော ငရဲ၏သက်တမ်းမှာ အဘယ်မျှ ရှည်လျားပါသနည်း ဘုရား။

ဗုဒ္ဓ။ ။ချစ်သားရဟန်း၊ ပဒုမ ငရဲ၏ သက်တမ်းကား ရှည်လျားလှစွာ၏။ နှစ်တို့၏ အရေအတွက်အားဖြင့် ရာထောင်သောင်းပေါင်းမည်မျှဟူ၍ ရေတွက်ရန် ခဲယဉ်းသည်ချစ်တပည့်။

ဘိက္ခု။ ။အရှင်ဘုရား၊ ထိုအကြောင်းကို ရိပ်စားမိနိုင်အောင် ဥပမာဖြင့် ပြနိုင်ပါမည်လား ဘုရား။

ဗုဒ္ဓ။ ။ချစ်တပည့်၊ ဥပမာသော်ကား ပြနိုင်၏။ သင်နာယူလော့။ ချစ်သားရဟန်း ကောသလတိုင်းဌ အသုံးပြုသော တိုနှစ်ဆယ်ဝင် နှမ်းလှည်းတစီး ရှိရာ၏။ ယောကျ်ားတယောက်သည် ထိုလှည်းတစီးတိုက်ရှိ နှမ်းမျှားကို နှစ်ပေါင်းတရာရှိလျှင် နှမ်းတလုံးကိုယူ၍ ထုတ်ပစ်ရာ၏။

ချစ်တပည့်၊ ဤသို့ နှစ်ပေါင်းတရာကြာလျှင် နှမ်းစေ့တစေ့ယူခြင်းအားဖြင့် ထိုလှည်းတစီးစာရှိသော နှမ်းမျှား ကုန်ခန်းသွားသော်ငြားလည်း တခုသော အဗ္ဗုဒငရဲကား ကုန်ခန်းခြင်းသို့ မရောက်နိုင်။

ချစ်တပည့်၊ အဗ္ဗုဒငရဲပေါင်း နှစ်ဆယ်သည် နိရဗ္ဗုဒငရဲတခုဖြစ်၏။ နိရဗ္ဗုဒ ငရဲနှစ်ဆယ်သည် အဟဟငရဲတခုဖြစ်၏။ ထိုအဟဟ ငရဲနှစ်ဆယ်သည် အဋဋငရဲတခုဖြစ်၏။ ထိုအဋဋ ငရဲနှစ်ဆယ်သည်

အဟာဟာငရဲတခု ဖြစ်၏။ ထိုအဟာဟာ ငရဲနှစ်ဆယ်သည် ကုမုဒငရဲတခုဖြစ်၏။ ထိုကုမုဒငရဲနှစ်ဆယ်သည် သောဂန္ဓိက ငရဲတခုဖြစ်၏။ ထိုသောဂန္ဓိက ငရဲနှစ်ဆယ်သည် ဥဇ္ဇံလငရဲတခု ဖြစ်၏။ ထိုဥမ္မလ ငရဲပေါင်းနှစ်ဆယ်သည် ပုဏ္ဍရိက ငရဲတခု ဖြစ်၏။ ထိုပုဏ္ဍရိက ငရဲပေါင်းနှစ်ဆယ်သည် ပဒုမငရဲတခု ဖြစ်၏။

ချစ်တပည့်၊ ကောကာလိက ရဟန်းသည် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၌ ပြစ်မှားမိသောကြောင့် ပုဒုမငရဲ၌ ဖြစ်၏ဟု မြွက်ကြားတော်မူလေ၏။

ရဟန်းတို့သည် မိမိကိုယ်ကို လျှာတည်းဟူသော ကိုယ်ပိုင်ခားဖြင့် ခုတ်သတ်၍ ဇာတ်သိမ်းသွားရှာသော ကောကာလိက ရဟန်း၏ အလောင်းကို အသုဘ ကမ္မဋ္ဌာန်းရှုကြရင်း သူတော်ကောင်း ပဂိုလ်တို့အား မဟုတ်မဟတ် စွပ်စွဲပြစ်မှားမိခြင်း အပြစ်၏ ကြီးလေးလှသည်၏ အဖြစ်ကိုတွေးကာ သတိတရားရှေထား သံဝေဝပ်ဝါးကာပ်ဝါးကာနှင့် ရှိနေကြရှာသတည်း။

(သဂါထာဝဂ္ဂသံယုတ် ပါဠိတော်၊ တုရှုဇြဟ္မသုတ်၊ ၁၅၁နှင့် ကောကာလိကသုတ် ၁၅၂၊ ဆဋ္ဌမှု)

စပယ်ဒွိုးစာပေ

(၂၅)

အတ္ထိကဝါဒနှင့် နတ္ထိကဝါဒ

နာမည်ကျော် သမိုင်းဝင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးတဦး ဖြစ်၏။ သူကိုအမျှားဏဖွားဘက်တော်မောင်ဆန် ဟူ၍လည်းကောင်း၊ မြင်းမြီးဆဲ့ မောင်ဆန် ဟူ၍ လည်းကောင်း၊ ဆန္နအမတ် ဟူ၍ လည်းကောင်း ခေါ်ကြ၊ သိကြ၊ နားလည်ကြသည်။

ထိုဆန္နအမတ်သည် သူသခင် သိဒ္ဓတ္ထမင်းသား ဘုရား ဖြစ်လာသောအခါ သူ သခင်ထံဝင်၍ ရဟန်းပြုလေ၏။ ငယ်မည် အတိုင်း ဆန္နဟူ၍ပင် တွင်၏။ ဘိက္ခုဆန္န ဟူပေ၏။

ဘိက္ခုဆန္နသည် ရဟန်း ဖြစ်လာသော်လည်း လူဘဝက မာနကို သူ မချလေဘဲ "ငါ သိဒ္ဓတ္ထမင်းသား၏ လက်သုံးတော်" ဟူ၍ ရဟန်း တို့ကိုပင် သူနှင့် အဖက်တန်သည် ဟူ၍မထင်။ ဒို့ဘုရား၊ ဒို့ဘုရား[၁] ဟူ၍ ဘုရားနှင့် တရားကို သူပိုင်သော

၁။ အမ္မာကံ့ဗုဒ္ဓေါ၊ အမ္မာကံ ဓမ္မော တိ ဧဝံ မက္ခိစေဝ ပဋ္ဌာသိစ။ ပ။ (ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ၊ထေရဝဂ်၊ဆန္နသုတ်၊ ၂၉၁၊ ဆဋ္ဌမ္မူ)

သဘောမျိုးဖြင့် ပိုင်စိုးပိုင်နင်းပြု၍ ဆိုပြောဆက်ဆံလေ့ရှိသည်။ ဗုဒ္ဓ၏ ထံတော်ပါးတွင် သူထက် ရာထူးဌာနန္တရ ကြီးသောသူ မရှိစေချင်။ သူသာလျှင် အကြီးဆုံး၊ သူသာလျှင် အချုပ်အချာ၊ သူသာလျှင် ဗုဒ္ဓ၏ အတွင်းလူ လက်သုံးတော် ဟူ၍ တရားကို မကျင့်၊ မာန်တလူလူနှင့် ရှိနေသည်။

သခင် ကိုယ်တော်မြတ်ဘုရား တောထွက်တော်မူစဉ် အခါက မည်သူ တဦးတယောက်မျှ နောက်ခံတော်က မပါ။ ဤဖေကို မောင်ဆန် တယောက်ထဲရယ်ဟူ၍ အသားယူကာ ဝင့်ဝါလေ့ ရှိသည်။ "ဘုရားဖြစ်၍၊ ကောင်းချိန် တန်တော့၊ မောဂ္ဂလာန်သော၊ ဘယ်ဟာသောနှင့်၊ အလောသုံးဆယ်၊ ဘယ်ညာ ဝိုင်းလို့ အုံကြတယ်" ဟူ၍ လက်ဝဲရံအရှင်မောဂ္ဂလာန် ၊ကိုယ်တော်ကြီးနှင့် လက်ျာရံ အရှင် သာရိပုတ္တရာ ကိုယ်တော်ကြီး နှစ်ပါးကိုပင် ထိကပါး၊ ရိကပါး ဆိုပြောဆက်ဆံခြင်းများ ပြုလေရာ အခြားရဟန်းတော်များကိုမူ အဘယ်ဆိုဘွယ်ရာ ရှိပါချီမ့်မည်နည်း။

ရဟန်းတို့လည်း သူအကြောင်းကို သိကြသဖြင့် ဘိက္ခုဆန္နနှင့် ပြိုင်ဘက်၍ ခွန်းကြီး၊ခွန်းငယ်ဆိုခပြောခြင်းမပြုကြကုန်။ "ဘေးမဲ့" ကဲ့သို့ သဘောထားကာ ဖာသိဖာသာ နေကြ ကုန်၏။ ဤသို့ ဖာသိဖာသာ နေကြလေလေ ငါ့ကို ဘယ်သူများ တုံ့လှဲလဲ ဟူ၍ မာနကြီးသည်ထက် ကြီးလာလေလေ ဖြစ်နေသတည်း။

ထို အကြောင်းကို ဗုဒ္ဓက သိရှိတော်မူ သော်လည်း ယခု အချိန်တွင် ဘိက္ခုဆန္နအား ဆိုပြောဆုံးမ သြဝါဒပေးခြင်းဖြင့် အကျိုး မရှိပုံ၊ ငါ ပရိနိဗ္ဗာန် ပြုပြီးသည့် နောက်တွင်မှ နောင်တကြီးစွာ ရလာကာ ကျွတ်တမ်း ဝင်နိုင်မည် ဖြစ်ပုံကို

သိမြင်တော်မူလေသဖြင့် "ရဟန်းတို့၊ ငါမရှိသည့် နောက်တွင် ဆန္နရဟန်းအား သင်တို့ ဗြဟ္မဒဏ် ထားရစ်ကြကုန်" ဟူ၍ ရဟန်းတို့အား မှာထားသွားတော်မူ၏။

ဗြဟ္မဒဏ် သဘောအချုပ်ကား မည်သူမျှ ဆန္နရဟန်းနှင့် အပေါင်းအသင်းမလုပ်ရ။ ဆိုပြောဆက်ဆံခြင်း မပြုရ။လွတ်လပ်စွာ ထားကြကုန်ဟု ဆိုခြင်းပင်တည်း။

ဘုရား ပရိနိဗ္ဗာန်စံ၍ ပထမ သံဂါယနာ တင်ကြလေသော အခါ ဗုဒ္ဓ၏ ဗျာဒိတ်တော်မြတ်အတိုင်း ဗြဟ္မဒဏ်အမ်ိန့်တော်ကို ဆန္နရဟန်းအား ပြန်ကြားရန်အတွက် သံဂါယနာတင်မထေရ်ကြီးတို့က အရှင်အာနန္ဒအား တာဝန်လွှဲကုန်ကြ၏။ ထိုအချိန်တွင် ဆန္နရဟန်းကား ကောသမ္ဗီပြည်သို့ ရောက်နေသဖြင့် အရှင်အာနန္ဒာသည် ကောသမ္ဗီသို့လိုက်၍ ဆန္နရဟန်းအား ဗြဟ္မဒဏ် အမိန့် အမိန့်တော်ပြန်တမ်းကြီးကို ပြန်ကြားကာ ဒဏ်ထားခြင်း ပြုရလေသည်။

ယင်းသို့ ဗုဒ္ဓ၏ အာဏာစက်ဖြင့် ဗြဟ္မဒဏ် အမိန့်တော်ကို ပြန်ကြားလတ်သော် ဆန္နရဟန်းသည် အမိန့်တော် ကြားနာနေခိုက် စိတ်ထိခိုက်လာပြီးလျှင် တကိုယ်လုံး ပေါင်းတင်ထား ဘိသကဲ့သို့ ပြင်းစုံ့ပူလောကာ မိုက်ခနဲ ငဲ့ကျသွားလေ၏။ သတိမရ ဖြစ်သွားလေ၏။

၁။ သော ဒိန္နေ ဗြဟ္မဒဏ္ဍေ သဉ္ဉာတပရိဇ္ဇာဟော ဝိသညီ ဘူတော ပတိတ္ထဝါ။ ပါ။ (ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ထေရဝဂ်၊ ဆန္နသုတ်၊ ၂၉၁ ဆဋ္ဌ)

အဆိုပါ ဗြဟ္မဒဏ်အမိန့်တော် ပြန်ထမ်းသည် ချက်ခြင်း တည်လေပြီဖြစ်ကြောင်းကို ဆန္နရဟန်းသည် အံ့သြစွာ ကြုံတွေ့ရလေ၏။ သတို့ရ၍ လဲရာမှ ထလာသောအခါ ဆန္နရဟန်းသည် ရဟန်းတပါးထံ သွားရောက် တွေ့ဆုံသော်လည်း ထိုရဟန်းက သူ့အား လက်ခံ၍ စကားပြောခြင်း မပြုချေ။ ထို့အတူ အခြားရဟန်းများထံ ချဉ်းကပ်ကြည့်ပြန်သော အခါတွင်လည်း သူနှင့် စကားတုံ့ပြန်ဆိုပြောသူကို တဦးမျှ မတွေ့ရတော့ဘဲ ရှိလေ၏။

ထို့အခါ ဆန္နရဟန်းသည် ပြင်းစွာ ထိတ်လန့် လာ၏။ ကောသမ္မီပြည်တွင် မိမိနှင့် စကားပြောသူ မရှိသဖြင့် သပိတ်သင်္ကန်းကို ယူကာ ဗာရာဏသီသို့ ပြန်လာသည်။

ဗာရာဏသီပြည် မိဂဒါဝုန် တောအတွင်းရှိ မိဂဒါဝုန်ကျောင်းတိုက်တွင် ရဟန်းများစွာတို့ သီတင်းသုံးလျက် ရှိကြရာ စိတ်ခောတ်များ တုန်လှုပ်ချောက်ချားလျက် ရှိနေသော ထိုဆန္နရဟန်းသည် နေဝင်ဆည်းဆာ အချိန်လောက်တွင် မိဂဒါဝုန်ကျောင်းတိုက်သို့ ရောက်သွား၏။ ကျောင်းများကို ကြည့်သော အခါ တံခါးပိတ်၍ တိတ်ဆိတ်နေသည်ကို တွေ့ရလေ၏။

ဆန္နရဟန်းသည် ပိတ်ထားသော တံခါးများကို သော့ဖြင့် ဖွင့်ကာ ဖွင့်ကာ ကျောင်းစဉ်တလျှောက် တကျောင်းဝင် တကျောင်းတွက် တိုးလျှိုးဝင်ရောက်ပြီး လျှင် မထေရ်ကြီးတို့အား ရှိခိုးဦးတင်လျက် ဤသို့ လျှောက်ထားပန်ကြားခြင်း ပြုလေသတည်း။

"အရှင်သူမြတ်တို့ဘုရား၊ တပည့်တော်အား သြဝါဒ ပေးတော်မူပါကုန်။ တပည့်တော်အား ထူးသော အားဖြင့်

အနုသာသန္တု=ထပ်တလဲလဲ၊ အမြဲနိစ္စ၊ ဆုံးမတော် မူပါကုန်။ တရားသဘောကို ယထာဘူတကျကျ တပည့်တော် မြင်နိုင်စွမ်း ရှိသည်အထိလဲမ်းပြည့်နှက်ကြားတော်မူကြပါကုန်”ဟူ၍ပူပန်နှလုံး၊ ယူကျုံးမရခြသောအသံဖြင့် မထေရ်ကြီးတို့ထံ ပန်ကြား လျှောက်ထားလေ၏။

ထိုအခါမထေရ်ကြီးတို့သည် ဆန္နရဟန်း၏တမျိုးတဖုံခပြောင်းလာသော အမူအရာမျှားနှင့် ရှေးကနှင့်မတူတော့သော ဆိုပြောဆက်ဆံပုံမျှားကို မြင်တွေ့ရသောအခါ မျှားစွာ အံ့သြခြင်းဖြစ်ကြရပြီး သူ၏ တောင်းပန်ချက်ကို ငဲ့ကွက်သော အားဖြင့် အနိစ္စတရားနှင့် အနတ္တဘရား၊ ဤတရားနှစ်ပါးကို ဆန္န ရဟန်းအား ဟောကြားကြကုန်၏။

“ငါ့ရှင်ဆန္န၊ ခပ်သိမ်းသော တေဘူမက၊ သင်္ခါရ တရားတို့ကား ဖြစ်ပြီးသည့်နောက် အရှည်စွဲ၍ တည်မြဲခြင်း သဘောမရှိသောကြောင့် အနိစ္စတို့သာတည်း။ မိမိအကြိုက်၊ မိမိ အလိုသို့မလိုက်သောကြောင့် အစိုးမရ၊ အနတ္တတို့သာတည်း”ဟု အနိစ္စနှင့် အနတ္တကိုသာ သုဝါဒပေးကြကုန်ပြီး ဒုက္ခလက္ခဏာ တရားကိုကား ဟောကြားခြင်း မပြုကြကုန်။[1] အဘယ့်ကြောင့်ဆိုသော် မထေရ်ကြီးတို့အား ဤသို့ အကြံဖြစ်လာ၏။ ဒုက္ခလက္ခဏာကို သရုပ်ဖော် မြွက်ကြားလိုက်ခဲ့သော်–

ဤဆန္နရဟန်းကား ဇုပ်သည်ဒုက္ခ၊ ဝေဒနာသည် ဒုက္ခ၊ သညာသည်ဒုက္ခ၊ သင်္ခါရသည်ဒုက္ခ၊ ဝိညာဏ်သည် ဒုက္ခ၊ မင်္သည်

၁။ တသ္မာ ဧဝံ ကိရ နေသံ အဟောသိ။ပ။ (ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၊ထေရဝဂ်၊ ဆန္နသုတ်အဖွင့်၊ ၂၉၁၊ဆဋ္ဌမ္မ)

ဒုက္ခ၊ ဖိုလ်သည်ဒုက္ခဟူ၍ ကြွင်သို့ဒုက္ခအယူသည်ပြီးလျှင် "အိုရဟန်းတို့၊သင်တို့ကား ဆင်းရဲတန်းလန်းရှိနေကုန်သည့်ဒုက္ခိတ ရဟန်းတို့ပါတကား" ဟုယူဆသဖွားလေရာ၏။ တရားသဘောနှင့် အံဝင်ခွင်ကျအောင်ယူနိုင်စွမ်းရှိမည် မဟုတ်။ကြွင်သို့ ပြစ်တင်ပြောဘွယ်မရှိအောင် ဟောလေမူ သင့်မည် ဟူသော အကြံဖြင့် ဒုက္ခလက္ခဏာကိုချန်၍ အနိစ္စနှင့် အနတ္တ ကြွင်လက္ခဏာ နှစ်ပါးကိုသာ ဟောခြင်းဖြစ်ကုန်၏။

ဆန္နရဟန်းသည် မထေရ်ကြီးတို့၏ တရားကို ရိုသေစွာကြားနာ၏။ သို့သော် သူစိတ်တွင် ဘဝင်မကျ ဖြစ်နေ၏။ ထိုတရားသဘောလောက်ကိုမူ ငါ့အားလည်း သိပြီး၊ ရှိပြီး၊ သဘောပေါက်ပြီးသားပင်။ ရှုပံ၊ရုပ်သည်။ အနိစ္စ၊မြဲသောသဘောမရှိ။ ဆန္နတ္တာ၊ အတ္တမှ ဆိတ်၏။ အနှစ်သာရ မရှိ ဆိုသည်လောက်ကိုကား ငါလည်း နားအလည်သား၊အသိသားပင်ဖြစ်ချေသည်။

သို့ပါလျက်လည်း ငါ၏စိတ်သည်ကား နိဗ္ဗာန်ပေါက်အောင် ထိထိရောက်ရောက် မပြေးဝင်နိုင်သေး။ ငါ့မှာ ပူပန်ခြင်းနှင့် စဲလမ်းခြင်း ဥပါဒါန်သာ ဖြစ်နေသည်။ ရုပ်စသည်တို့၌ တခု တလေမျှ အတ္တမရှိ။ သို့ဖြစ်ဘိသော် အဘယ်အရာကို ငါ့အဖို့ အတ္တဆိုမည်နည်းဟူ၍ ကြွင်သို့သာ ငါစိတ်သည် နောက်သို့ပြန်ဆုတ်၏။သစ္စာလေးချက်၏ အနက်သဘောကို သိမြင်ထားပြီးသူအား ကြွင်သို့နောက်သို့ပြန်၍ ဆုတ်နစ်လေမည်မဟုတ်။ငါ့အား တရားဆင်မြင်လာအောင် အဘယ်ပုဂ္ဂိုလ် ဟောပြလေမည်နည်း။

ဆန္နရဟန်းသည် သူကိုယ်သူ ဘဝင်မကျ၊ အားမရနိုင်တိုင်း ငေးလေသည်။ ကြွင်သို့ ငေးရင်းမှ သူမျက်စိထဲတွင် အရှင်

အာနန္ဒာကို ပြေး၍ မြင်ယောင်လာသည်။ ထိုမှတဆင့် အကြံတခု ပင့်လာသည်။ ထိုအကြံကား-

အရှင်အာနန္ဒာသည် ယခုအခါ ကောသမ္မီပြည်၊ ဃောသိတာရုံကျောင်းသို့ ရောက်နေ၏။ ငါ သူ့ထံသို့ ပြန်သွားရလျှင် ကောင်းမည်။ အရှင်အာနန္ဒာကား နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ ငါ့သခင် ဗုဒ္ဓမြတ်ဘုရား ကိုယ်တိုင်ကလည်း သူ၏ ဂုဏ်ကို ထုတ်ဖော်၍ အကြိမ်ကြိမ် ချီးကျူးတော်မူသည်။ သီတင်းသုံးဘော် ပညာကြီး ပညာကျယ် အရှင်သူမြတ်တို့ကလည်း ထပ်တလဲလဲပင် သူ့ကို ချီးကျူးကြရကုန်သည်။ အရှင်အာနန္ဒာသည် ငါ့အား အသိဉာဏ်ရင့် ဓမ္မမျက်စိပွင့်လာအောင် ဖွင့်ပေးနိုင်ပေလိမ့်မည်။ ငါနှင့် အရှင်အာနန္ဒာဆိုလျှင် အထူးပြောဘွယ်မရှိ။ အထူးပင် ခင်မင်ရင်းနှီးသူ ဖြစ်သောကြောင့် သူထံ နိဿည်း ခံယူရန် သင့်၏။ ငါ သူထံ သွားရသော် ကောင်းစွ။ ငါသွားအံ့။

ထို ဆန္နရဟန်းသည် ဤအကြံဖြင့် အရှင်အာနန္ဒာရှိရာ ကောသမ္မီပြည်သို့ ပြန်သွားပြီးလျှင် အရှင်အာနန္ဒာအား အကြောင်းစုံလျှောက်ထားကာ သူအား တရားဉာဏ်ရင့် မျက်စိပွင့်အောင် ဖွင့်ပေးတော်မူပါရန် တောင်းပန်လေ၏။ တပည့်တော်ကို ဆုံးမတော်မူပါဟု သူကိုယ်ကို အရှင်အာနန္ဒာအား ပုံ၍ အပ်နှင်းခြင်း ပြုလေ၏။

ငါ့ရှင်ဆန္နဲ၊ နားစွင့်၍ နာယူလော။ သင် တရားသိထိုက်သူ တယောက် ဖြစ်လာပြီဟူ၍ ဤမျှသောစကားကို အရှင်အာနန္ဒာ၏ ထံမှ ကြားလိုက်ရကာမျှနှင့်ပင် ဆန္နရဟန်းအား ဝမ်းမြောက်ခြင်း ပြင်းစွာ ဖြစ်လာလေ၏။

ဆန္ဒ။ ။ငါ့ရှင် အာနန္ဒာ၊ ငါ့ရှင်၏တရားကို ကြားနာရန် နားစွင့်လျက် ရှိပါ၏။ ဟောတော်မူပါလော့။

အာနန္ဒာ။ ။ငါ့ရှင်ဆန္ဒ၊ အခါတပါးတွင် ကစ္စာနဂေါတ္တ အမည်ရှိသော ရဟန်းအား မြတ်ဘုရားက တရားဟောခဲ့ဘူးရာ ထိုတရားတော်ကို ငါ ကောင်းစွာ မှတ်သားမိပေ၏။ ဘုရား မြတ်စွာက ကစ္စာနဂေါတ္တရဟန်းအား ဟောတော်မူသည့်အတိုင်း သင့်အား ငါ ပြောပြပေအံ့။

ဆန္ဒ။ ။ကောင်းပါပြီ ငါ့ရှင်အာနန္ဒာ။

အာနန္ဒာ။ ။ငါ့ရှင် ဆန္ဒ သို့ဖြစ်ဘိသော် သင် မှတ်သားလေလော့။ ကစ္စာနဂေါတ္တအား မြတ်ဘုရားက ဤတရားကို ဟောတော်မူခဲ့ပေသည်။

ချစ်တပည့်ကစ္စာန၊ ဤသတ္တဝါအပေါင်းသည် မျှားသော အားဖြင့် အရာခပ်သိမ်းသည် ရှိ၏ဟု အယူရှိသော အတွေ့က ဝါဒနှင့် မရှိဟု အယူရှိသော နတ္ထိကဝါဒ၊ ဤနှစ်မျိုးကိုမှီနေ၏။ တနည်းအားဖြင့်ဆိုသော် အရာခပ်သိမ်းသည် မြဲ၏ဟု အယူရှိသောသဿတဝါဒနှင့် မမြဲ၊ ပြတ်၏ဟု အယူရှိသော ဥစ္ဆေဒဝါဒ၊ ဤနှစ်မျိုးကို မှီနေ၏။

ချစ်တပည့် ကစ္စာန၊ သင်္ခါရလောက၏ တဖြစ်ထဲ ဖြစ်နေပုံ မျှားကို ဟုတ်မှန်သောအတိုင်း ယထာဘူတကျကျ ကောင်းစွာ သိထားသူအား လောက၌ မရှိဟူသော နတ္ထိကဝါဒသည် မဖြစ်။

၁။ အတွေ့ တန့်ဆို သဿတံ၊ နတ္ထိ တန့်ဆို ဥစ္ဆေဒံ။ (နိဒါနဝဂ္ဂ သံယုတ် အဋ္ဌကထာ၊ အာဟာရဝဂ်၊ ကစ္စာနဂေါတ္တသုတ် အဖွင့်၊ ၃၁၊ ဆဋ္ဌမ)

သခ်ၤါရတရားတို့၏ တပျက်ထဲ ပျက်နေပုံများကို ယထာဘူတ ကျကျ သိရှိနားလည်ထားသူအား လောကဥ္စာရှိ၏ဟု ယူသော အတ္ထိကဝါဒသည် မဖြစ်။

ချစ်တပည့် ကစ္စာန၊ များသောအားဖြင့် ဤလောကကို တဏှာ၊ ဒိဋ္ဌိအရင်းခံသော ဥပယ၊ ဥပါဒါန၊ အာဘိဝေသဖြင့် ဖွဲ့စည်းရစ်နှောင်ထား၏။ တဏှာနှင့် ဒိဋ္ဌိ ဤနှစ်ပါးတို့ကား ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာ စသည်ဖြင့် တေဘူမက တရားတို့ကို ကပ်ရောက်တတ်လေသောကြောင့် ၎င်းနှစ်ပါးကို ဥပယဟု ခေါ်ပေသည်။ ထို တေဘူမကတရားတို့ကို ပြင်းစွာ စွဲလမ်းတတ် သောကြောင့် ဥပါဒါန ဟူ၍လည်း ခေါ်သည်။ ထိုတေဘူမက တရားတို့၌ ကျွံနစ်၊ စူးဝင်တတ်သောကြောင့် အာဘိနိဝေသဟူ၍လည်း ခေါ်ပေသည်။

ချစ်တပည့် ကစ္စာန၊ ဤအရိယာသာဝကသည် ပုဂ္ဂိုလ်သည် စိတ်၏ထည်ရာ၊ စိတ်၏ ကျွံနစ်စူးဝင်ရာ၊ စိတ်၏ ကိန်းအောင်းရာ ဖြစ်သော ထိုဥပယနှင့် ဥပါဒါနသို့ "ငါ့အတ္တာ၊ ငါ့အမာခံ" ဟူ၍ ကပ်ရောက်ခြင်းလည်း မရှိ။ စွဲလမ်းခြင်းလည်း မရှိ။ ဆောက်တည်ခြင်းလည်း မရှိ ဖြစ်ခဲ့သော် ဒုက္ခသာဖြစ်သည်။ ငါဖြစ် မဟုတ်။ ချုပ်ခဲ့၊ ပျက်ခဲ့သော် ဒုက္ခသာ ချုပ်ပျက်သည်။ ငါချုပ်၊ ငါပျက် မဟုတ်။ ဤဖြစ်မှု ချုပ်မှုအရာ၌ ဒုက္ခမှတပါး အခြားသတ္တဝါ မည်သည် မရှိဟု ယုံမှားခြင်းကိုမပြု။ တွေးတောမှုကို မဖြစ်စေ။

၁။ နအာဥညော ဇတ္ထ သတ္တောနာမအတ္ထိတိ ကစ်ၥာနကဆောတိ။
(နိဒါန၀ဂ္ဂသံယုတ်အဋ္ဌကထာ၊ အာဟာရ၀ဂ်၊ ကစ္စာန ဂေါတ္တသုတ်၊ ၃၂၂၊ ဆဋ္ဌမှု)

ဤအရာ၌ ထိုအရိယာပုဂ္ဂိုလ်သည် သူတပါးကိုအားကိုးအားထား ပြု၍ ယုံကြည်သည် မဟုတ်။ကိုယ်ပိုင်ဉာဏ်ဖြင့် သိခြင်းသာဖြစ်၏။

ချစ်သား ကစ္စာန၊ ဤမျှဖြင့် သတ္တသညာကို ပယ်အပ်ပြီး ဖြစ်သောကြောင့် ဧကာင်းသော မြင်ခြင်း-သမ္မာဒိဋ္ဌိ ဖြစ်ပြီ။ အမြင်မှန် ဖြစ်လေပြီ။

ချစ်သားကစ္စာန၊ အလုံးစုံရှိသည်ရှိ၏ အယူရှိသော သဗ္ဗတ္ထိက ဝါဒသည် အစွန်းတခု၊ အလုံးစုံသည် မရှိဟု အယူရှိသော သဗ္ဗနတ္ထိကဝါဒသည် အစွန်းတခု။ ဤသို့အားဖြင် အစွန်းနှစ်ခု ရှိ၏။

ချစ်သား ကစ္စာန၊ ငါဘုရားကား ဤအစွန်းနှစ်ဖက်တို့သို့ မသက်ရောက်စေဘဲ တရားကို မဟိမပဋိပဒါ အလယ်အလတ် အားဖြင့် ဟောနေ၏။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရပုံ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရပုံမျှားစသည်တို့ ဖြစ်ကုန်၏။

ငါ့ရှင်ဆန္ဒ၊ ကစ္စာနငါတို့အား ဟောသောတရားကို မြတ်ဘုရား၏ မျက်မှောက်တော်မူ ဤအတိုင်း ငါ မှတ်သားမိခဲ့၏ဟု တဆင့်ကြားတရားကို ဖောက်သည်ချ၍ ဟောကြားပြီးသည်၏ အဆုံးတွင် ဆန္ဒရဟန်းမှာ နှလုံးမိတို ရှုန်းရှုန်းအိ ဖြစ်သွားရလေသတည်း။

(သံယုတ္တနိကာယ်၊ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ ဆန္နသုတ်၊ ၁၀၈၊ဆဋ္ဌမ္မူ)

ဘာကို ယုံရမည်နည်း

ကေသမုတ္တနိဂုံးသည် ကောသလတိုင်းကြီး၏ မိုးရွာတန်ဆောင်ဖြစ်၏။ နေရာလည်းသန့်သည်။ လူရည်လည်းသန့်သည်။ ရောင်းပန်းဝယ်ပန်းလည်းပွင့်သည်။ ဆန်ရေစပါး၊ အစားအစာနှင့် ပြည့်စုံသဖြင့်လည်း လွန်စွာ သာယာ စည်ပင်လှသော နိဂုံးကြီးဖြစ်လေသည်။

ထိုနိဂုံး၌ နေသူတို့သည် အများအားဖြင့် ကာလာမမင်းမျိုးတို့မှ ဆင်းသက်လာသည့် မဟာမျိုးမဟာနွယ်များ ဖြစ်ကြသည့် အားလျော်စွာ အဆောက်အဦ တိုက်ဘာ နေအိမ် စသည်တို့မှာလည်း လူမျိုးဂုဏ်ကိုလိုက်၍ မဟာဆန်လှသည်။ စုလစ်မှန်းချန် အထွတ်တပ်သော ဘုံဗိမာန်တို့ဖြင့် ကြွးကြွးဝင့်ဝင့် တစွင့်စွင့် ရှိနေသည်။

ထိုအချိန်ထိုခဏတ်၏ ပတ်ဝန်းကျင်တဝိုက်၌ ဘာသာရေးနှင့် ပတ်သက်သော ဝါဒရေးရာ လှိုင်းဂယက်များသည် ပြင်းပြင်းထန်ထန်ရိုက်ခတ်လျက်ရှိသောကြောင့် ကေသမုတ္တနိဂုံးသည် ဝါဒရေးရာ လှိုင်းလုံးကြီးများအကြား၊ တွင် လှုပ်ရှားလျက် ရှိနေသည်။

ဂိုဏ်းဂဏအဖွဲ့အစည်း အသီးသီးမှ ဆရာ့ဆရာ အသီးသီးတို့သည် ထိုနိဂုံးသို့ လာရောက်လျက် တရားဟောခြင်း၊ စည်းရုံးသိမ်းသွင်းခြင်း ပြုလေ့ ရှိကြကုန်၏။

ကာလာမမင်းမျိုး၊ မဟာနယ်ဘွား ထို နိဂုံးသားတို့ကား တရားနာရေး၌ ဦးမလေးကြကုန်။ ဟောပြောသူများ ရောက်လာလျှင် ၎င်းတို့၏ ဟောပြောချက်ကို ကောင်းမွန်စွာ နာယူလိုက်ကြသည်။ ရဟန်းလာဟောလျှင်လည်း ရဟန်းတရားကို နာသည်။ပုဏ္ဏားလာဟောလျှင် ပုဏ္ဏားတရားကိုနာသည်။ထို့အတူ တိတ္ထိ၊ တက္ကတွန်း၊အစေလက၊နိဂဏ္ဌ၊ပရိဗ္ဗာဇကများ လာရောက်ဟောကြားလျှင်လည်း ၎င်းတို့၏ဘရားကို ရှိသေစွာ ကြားနာကြသော 'တရားနာ ပရိသတ်များ' ဖြစ်ကုန်၏။

ထိုခေတ်တကြော၌ ပုဂ္ဂိုဏ်ထွန်းလျက် ရှိနေကြသည့် (ဘုရားအမည်ခံ) ပူရဏကဿပ စသော တိတ္ထိဘုရားကြီး ခြောက်ဆူတို့သည်လည်း ထိုနိဂုံးသို့ ခြေရာချင်းထပ်မျှပင် လာရောက်တရားဟောကြဘူးသည်။ ထို့ကြောင့် သူတို့၏နားမှာ တရားသံစဉ်နေသည်။ တရားရည်ဝသော နားများ ဖြစ်နေကြသည်။

"ငါးသိုင်းများတော့ ဟင်းဟုန်"ဆိုသည့်ပမာ ကြားရဖန်များလတ်သော် သူတို့၏နားများမှာ ထုံလာကုန်သည်။ ကြားနာရသောတရားများမှာလည်း 'တခါလာ မဲပြာပုဆိုး' ဆိုသကဲ့သို့ ကိုယ်ဖို့ကောင်းတရား၊ ကိုယ့်ငါးချဉ် တရားချည်းသာ ဖြစ်သောကြောင့် ဓမ္မ၏ အနှစ်သာရကိုရှာ၍ မရကြဘဲ ဘာမှတ်ရမှန်းမသိဖြစ်ကုန်သည်။ "ဘယ်သူတရား မှန်သလဲ" ဤသို့လည်း ဝေခွဲနိုင်စွမ်းမရှိအောင် ဖြစ်ကုန်သည်။ တရားမနာခင်က အကောင်းသား။ တရားနာပြီးခါမှ ပြောဟောသူများ၏ ကိုယ့်ငါးချဉ်

ကိုယ်ချည်မှု၊ အတွေ့ဆန်မှုမျှားကြောင့် အကြံတုံး ဉာဏ်တုံးရတော့ မလေ့ကျ် ဖြစ်ကုန်သည်။

သို့ကြောင့် စိတ်ဓာတ်ကျဆင်းကာ တရားဆိုလျှင်တန်၊ တရားသံကြားရလျှင် ဖျားချင်လောက်အောင်ပင် ဖြစ်လာလေကုန်သတည်း။

ဂေါတမ ရှင်တော်မြတ်ဘုရားနှင့် ကောသမ္ဗတ္တနိုဂုံးသားကာလာမ မင်းသားတို့၏ဆက်ဆံမှုကား အသို့ နေလေမည်နည်း။

ယင်းသို့ ကာလာမနွယ်ဘွားကောသမ္ဗတ္တနိုဂုံးသားတို့ တရားသံကြားလျှင် ဖျားချင်လောက်အောင်စိတ်ဓာတ် ကျဆင်းနေသော အချိန်တွင်မှ အစိန္တေယျ၊ လောကထွတ်ထား ဂေါတမရှင်တော်မြတ်ဘုရားသည် သံဃာမျှားစွာ ခြံရံလျက်ထိုနိုဂုံးသို့ ဒေသစာရီကြွချီတော်မူလာ၏။

"အချင်းတို့၊ ဘုရားတဆူတော့ ကြွလာပြီကော" တဲ့။

"အိုးဟိုး၊လာပြန်ပြီလားဘုရား။ အာဘယ်ဘုရားတဲ့နည်း"

"သာကီဝင်မင်းမျိုးမှ ရဟန်းပြုပြီး ဘုရားဖြစ်လာသည့် ဂေါတမ ဖြစ်လေသတတ်။သူဒ ည် ငါတို့နိုဂုံးသို့ရောက်လာတော့မည် သတင်းကြားသည်။သူ့အကြောင်း၊သူ့သတင်းကား အခြားဘုရားများထက် ထူးဆန်းစွာဂယက်ရိုက်လာသည်။ ဗြဟ္မဝါနတ်၊လူ သုံးဘုံသူတို့၏ ကြည်ဖြူကောင်းရော် ပူဇော်အထူးကို ခံထိုက်သော အရဟံဆိုသည့် ဂုဏ်နှင့်လည်း ပြည့်စုံသည်ဟုဆိုသည်။ တရားအချက်အလက်ဘက်ကဆိုပြန်သော် သင်ဆရာမရှိ၊ မိမိအလို အလျောက် အမှန်တရားဟု ထိထိရောက်ရောက်သိသည်၊မြင်သည်ဟူ၍လည်း ကျော်ကြားလျက် ရှိနေသည်။

"ထိုဘုရားကို ကိုယ်တိုင် ဖူးတွေ့ရဘူးသော ပုဂ္ဂိုလ်များ၏ ပြောပြချက်အရဆိုသော် အင်မတန့်ကို ကြည်ညိုစရာကောင်းသော ထူးခြားသည့်ဘုရားဟု ဆိုပါသည်။ သည်လိုဘုရားမျိုး ဖူးခွင့်ဆိုက်လို့ကြုံကြိုက်သည့်အခါတွင် ဖူးလိုသူများရှိက ဖူးနိုင်ရန် သတင်းကောင်း ပေးပို့ရခြင်း ဖြစ်ပါသည်" ဟု တဦးသော ကာလာမမင်းက သတင်းလွှင့်လိုက်၏။

ထိုအခါ တဦးသော ကာလာမမင်းက ခေါင်းခါသည်။ သည့်နောက်တွင် သူက ဆက်လိုက်သေးသည်။

"ဘုရားဆိုလျှင် တန့်ပါပြီ။ သည်ဘုရားလဲ အလျင်ဘုရားများနှင့်အလားတူ သည်ပုတ်ထဲက သည်ပဲမျိုး ဖြစ်လေမည်တမ့်။ ကိုယ်တို့ဆီကိုလာလာပြီးတရားဟောကြသည်ကား ဘုရားပေါင်း စုံလှပြီ။သာဝကဆိုသူတွေကား မရေတွက်နိုင်ကုန်။သူတို့ဟောကြလေသည်ကား ငါမှငါ၊ ငါတရားမှတရား။ဤသို့ချည်းသာဟော သွားကြကုန်ပြီ။ကိုယ်တို့အဖို့မှာ အဆီအနှစ်(တရားသား)ကိုရှာ၍ မရကြ။ ဂေါတမဆိုသော ဘုရားကိုလည်း "သည်ဘုရားမျိုးနေ မှာဘဲ" ငါထင်၏ဟု ခေါင်းရမ်းကာနှင့် ဆိုသည်။

"သည်လိုလဲ မထင်စကောင်း။ လူအမျိုးမျိုး၊နတ်အမျိုးမျိုး ဆိုသကဲ့သို့ ဘုရားလည်း အမျိုးမျိုးရှိအုံးမှာပ။ သူကို မြင်ဘူး၊ တွေ့ဘူး၊သူနှင့် ပြောဘူး ဆိုဘူး မရှိသေးပါဘဲလျက် ဤသို့ ထင်မြင်ချက် ပေးသည်မှာစောလွန်းနေမည်ဟု အကျွန် သဘောရပါသည်။ သည်ဂေါတမဘုရား၏ ကျော်စောသတင်းကား တိမ်တိမ်ကလေး မဟုတ် မိုးကြီး ခြိမ်းသည့်နှယ်၊ ဟိန်းဟိန်း မေားမော ပဲ့တင်ထပ်လျက် ထွက်လာပုံများကို ထောက်က သူနှင့် တွေ့ဆုံပြီး ဆွေးနွေးကြည့်လျှင် ကောင်းမည် ထင်၏။

ဤသို့ တွေ့ဆုံခြင်းဖြင့် အာကျွန်တို့မှာ တစုံတရာ နှစ်နာဘွယ် မဖြစ်နိုင်ပါ။ အရှုံး မရှိနိုင်ပါ" ဟု တဦးသောသူက ဂေါတမ ဘုရားနှင့် တွေ့ဆုံရေးကို ဆွေးနွေးသွားလေသည်။

နောက်ဆုံးတွင်မူကား ထိုကာလာမဋ္ဌယ်ဘွား ကေသမုတ္တ နိဂုံးသားတို့သည် ဘုရားသခင်၏ ရှေတော် မှောက်သို့ ရောက် လာကြကုန်ပြီး အကဲခတ်သော မျက်လုံး အစုံတို့ဖြင့် ဘုရား သခင်ကို ကြည့်ကြ ကုန်သည်။ အလျင် ဘုရားမျှားနှင့် ယခု ဘုရားကို ဘုရားချင်းယှဉ်၍ ရှုကြကုန်သည်။

အချို့ကမူ အဆုယ်ကောင်းသော လိုက်ပါလာခဲ့ ကြသည်။ ဘုရားသခင်အား စိတ်ဝင်စားဟန် မတူ။ ဒေါင့်တနေရာတွင် တသောသောနှင့် ပြောချင်ရာ ပြောနေကြသည်။

ရောင်ခြည်တော် ခြောက်သွယ်ကပင် မြူဆွယ်ခြင်း ပြုလေ သလော။ မကြာခင်သော ကာလ အတွင်းမှာပင် ကာလာမ မင်းသား အားလုံးပင် ဦးခေါင်း ကြိုကြို၊ ကိုယ် ယိုယိုဖြင့် ဘုရားသခင်၏ ခြေတော်စုံကို နမ်းဖွဲ့ဖြင့် ဦးခိုက်လာကြ ကုန်လေ တော့သတည်း။

သူတို့အထဲတွင် အကြီးအကဲဟု ထင်ရသော ကာလာမ မင်းသားကြီးတဦးက လက်အုပ်ချီလျက် သူတို့စိတ်ထဲ၌ ဘဝင် မကျနိုင်အောင် ဖြစ်နေသည့် အချက်ကို ပဲ့ဦးထွက် အဖြစ်ဖြင့် ဘုရားသခင်အား မေးမြန်းခြင်း ပြုလေသည်။

"အရှင်ဘုရား၊ လျှောက်ထားခွင့် ပြုတော်မူပါ ဘုရား။ တပည့်တော်များ နေထိုင်ရာ ဤကေသမုတ္တနိဂုံးသို့ အရှင်ဘုရား သာ ကြွတော်မူသည် မဟုတ်ပါ။ ရသေ့၊ ရဟန်း၊ ပုဏ္ဏား၊

ဘိတ္ထိ၊ တက္ကတုန်း၊ ပရိဗိုဇ် စသည်တို့ အမြောက်အမြားပင် လာရောက်ကြပြီး တရားဓမ္မ ဟောပြောခြင်း ပြုကြပါကုန်သည် ဘုရား။ အချုပ်အားဖြင့် လျှောက်ထားရမည် ဆိုပါလျှင် သူတို့၏ဝါဒ ကောင်းကြောင်း ကိုသာ အမှန်းတင်ပြီး ဟောဟော သွားကြပါသည်။ သူတို့၏ ဝါဒအရောင် ပြောင်လက် ထွန်းပ ရေးကို ချေးရှုလုံးပမ်းရုံတွင် ရပ်မနေဘဲ သူတို့နှင့် ဝါဒချင်း မတူသော တဖက် ဂိုဏ်းဂဏ အဖွဲ့အစည်း များကို အမျိုးမျိုး ထိပါးပုတ်ခတ်ခြင်း၊ မထေမဲ့မြင် ပြုခြင်း၊ ရှုတ်ချခြင်း၊ ချေဖျက်ခြင်းများ ပြုကြပါကုန်သည် ဘုရား။

"အရှင်ဘုရား၊ ထိုသူ ဤသူ၊ ထိုဘုရား၊ ဤဘုရားများ အနက် အဘယ်သူ၏ စကားသည် မှန်လေသနည်း။ အဘယ်သူ အဘယ် သူများသည် မှန်သော စကားကို ဆိုလေသနည်းဟု ဝေဖန်နိုင်စွမ်း မရှိသဖြင့် ထိုသူလော၊ ဤသူလော ယုံမှားဒိဋ္ဌ သံသယ တန်းလန်းနှင့်သာ တပည့်တော်များ နေလာခဲ့ကြရပါသည် ဘုရား"

ဤသို့ လျှောက်လေသော အခါ အခြား ကျန်ရှိ နေသူ ကာလာမ မင်းသားတို့လည်း "ဤ မလျှောက်ထား ချက်တွင် တပည့်တော်လည်း ပါပါသည် ဘုရား" ဟူသော အသင့်မျိုးဖြင့် ဘုရားသခင်ကို ရှိခိုးကာ ဘုရားသခင် မြတ်ကြားမည့် စကားကို စောင့်ကြိုလျက် ရှိနေကြကုန်၏။

"အို မင်းသားတို့ သင်တို့ သန္ဒေဟဉာန် ယုံမှားသံသယ ဖြစ်မည် ဆိုကလည်း ဖြစ်ထိုက်ပေ၏။ ယင်းအကြောင်းနှင့် ပတ်သက်၍ တစိမ့်စိမ့် တွေးမည်ဆိုကလည်း တွေးထိုက်ပေ၏။

"အို မင်းသားတို့၊ သတိချပ်ကြလေကုန်။ နှာသူရှိ၍ ပြောသူ ရှိလာသည်။ ပြောသူရှိ၍လည်း နားသူ ရှိလာသည်။ ဤကား ဓမ္မတာ ဖြစ်၏။

"အို မင်းသားတို့၊ ရွှေတိုးကြကုန်။ ရွှေတိုး၍ နာလင်္ဒကုန်....

(၁) တဆင့်ကြားကာမျှဖြင့် မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၂) အစဉ်အလာစကားများဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၃) သည်လို ဖြစ်ခဲ့ဘူးသည် ဆိုရုံမျှဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၄) ကျမ်းအကိုးအကားရှိသည်ဟူ၍လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၅) တွေးခေါ် ကြံဆချက်မျှဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၆) မြင်းပြုခြင်းမျှဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၇) အခြင်းအရာကို ဆင်ခြင်သောအားဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၈) အယူအဆခြင်း တူညီသည်ဟူ၍လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၉) မှတ်ထိုက်သည် ထင်ကာမျှဖြင့်လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။

(၁၀) လေးစားအပ်သော ဆရာ့စကားဟူ၍လည်း မှန်ပြီဟု မယူဆကုန်လင့်ဦး။[1]

ရှေးရှေးသော ဆရာ့ဆရာတို့၏ ပြောပုံဟောပုံနှင့် မတူ တမူ ထူးခြားနေသော သတိပေးစကားကို ကြားသိ ရသောအခါ ကာလာမ မင်းသားတို့သည် အံ့အား သင့်ကုန်သည် သာမက ဗုဒ္ဓအားပို၍ စိတ်ဝင်စားသော"အမှုအရာများဖြင့် ဗုဒ္ဓဆီသို့စူးစူး စိုက်စိုက် အာရုံပြုလာကြကုန်၏။ ထိုရောအခါ ဗုဒ္ဓက ဆက်၍ မြွက်ကြားတော် မူလေသည်ကား—

"အို မင်းသားတို့၊ အကြောင်အခါဌ အမှုန်တရားကို သင်တို့ ကိုယ်တိုင် သိရှိ နားလည်လာကြကုန်လိမ့်အံ့။ အဘယ်သို့ သိလာကုန်မည်နည်းဆိုသော်—

"ဤဟာ၊ ဤအရာ၊ ဤသဘော၊ ဤ အပြုအမူ မျိုးတို့ကား မကောင်းကုန်။ ကောင်းသော အရာ၊ ကောင်းသော သဘော၊ ကောင်းသော အပြုအမူမျိုးတို့ မဟုတ်ကုန်။ အပြစ်များသာ တကား။ သူတော်ကောင်းတို့ ကဲ့ရဲ့ဘွယ်များသား တကား။ယင်းတို့ကို ဖြည့်တင်းအပ်၊ ဆောက်တည်အပ်သည် ရှိသော်အကျိုး ဆုတ်ယုတ်ရန်အတွက်၊ဆင်းရဲရန်အတွက်သာဖြစ်ကုန်ချေ၏ ဟူ၍

၁။ ၁-မာ အနုံသဓေန၊ ၂-မာ မရမ္မဏုယ၊ ၃-မာ ဣတိကိယာယ၊ ၄-မာ ပိဋကသမ္မဒါနေန၊ ၅-မာ တက္ကဟေတု၊ ၆-မာ နယဟေတု၊ ၇-မာ အာကာရ ပရိဝိတက္ကနေန၊ ၈-မာဒိဋ္ဌိနိဇ္ဈာ နက္ခန္တိယာ၊ ၉-မာဗဗ္ဗရူပတာယ၊ ၁၀-မာ သမဏော နော ဂရု။

ဤသို့ သင်တို့ကိုယ်တိုင် သိလာကြသောအခါ ယင်းအယူအဆတို့ကိုစွန့်လိုက်ကုန်ရာ၏"ဟူ၍ မိန့်တော် မူလေသည်တွင်ကာလာမမင်းသားတို့သည် "မှန်ဧပစ္ဆ၊ မှန်လိုက်လေ"ဟူသောသဘောဖြင့် ခေါင်းတညိတ်ညိတ်နှင့် ရှိနေကြကုန်လေ၏။

"အို မင်းသားတို့၊ ငါ ဆိုပေဉီးအုံ့။ ထိုစကားကို သင်တို့မည်သို့ ထင်ကုန်သနည်း။သင်တို့အား ငါမေးအုံ့။သင်တို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန် ချိန်ဆ၍ လုတ်လပ်စွာ ဖြေကုန်လော့။ အို မင်းသားတို့၊ ပုဂ္ဂိုလ်၊ သတ္တဝါဘဉီးတယောက်၏ အစ္ဆတ္တာသန္တာန်၌ လိုချင်တပ်မက်ခြင်း လောဘဇောသည် ကပ်လာ၏။ ယင်းသို့ လောဘဇော ကပ်လာခဲ့သော် ထိုသူအား အကျိုးဖြစ်ထွန်းရန်၊ သို့မဟုတ် အကျိုးဆုတ်ယုတ် ပျက်စီးရန် ဖြစ်သည်မဟတ်ပါလော"

"မှန်ပါ၊ အကျိုး ဆုတ်ယုတ်ပျက်စီးရန် အမှန်စင်စစ် ဖြစ်ကြောင်းပါ ဘုရား"

"ကောင်းဘိစ့ မင်းသားတို့၊ လောဘရမ္မက်၊ ငမ်းငမ်းတက် ဖြစ်နေသည့်အခိုက် လောဘစိတ်က ဖိစီး၍ မိုင်းတိုက်လိုက်သော် ထိုသူသည်သာ ပိုင်စီးလိုစိတ် ပေါက်လာပြီး လိုချင်သောအရာကို သတ်ယူမှုရမည်ဆိုလျှင်လည်း သတ်၍ယူလေ၏။ ခိုးယူမှု ရမည်ဆိုလျှင်လည်း ဇက်ရဲလက်ရဲ ခိုးယူလေ၏။ သူတပါး၏ သားမယားကိုလည်း ပြစ်မှား ကျူးလွန်လေ၏။ မမှန်ဧသာ စကားကိုလည်း ဖောဖော်သီသီ ပြောလေ၏။ လုပ်သည့်နည်းတူ အခြားသူများ အားလည်း လုပ်ရန် တိုက်တွန်းလေ၏။ ယင်းသို့သော အပြုအမူများသည် ထိုသူအား အခါန်ရှိသရွေ့ အကျိုးမဲ့ရန် အတွက်၊ ဆင်းရဲနစ်မွန်းရန်အတွက်ဖြစ်နိုင်သည် မဟုတ်ပါလော"

"မှန်လှပါ၊ ဖြစ်နိုင်ကြောင်းပါဘုရား"

"အို မင်းသားတို့၊ သာဓု သာဓု ကောင်းဘိစ့၊ ကောင်းဘိစ့။ ဒေါသနှင့်မောဟသည်လည်း ထိုနည်းဂုင်းပင် ဖြစ်ချေ၏။ ဒေါသမှန်လာသော်လည်းကောင်း၊ မောဟ ဖုံးလွှမ်းလာသော်လည်းကောင်း ထိုသူသည် နိုင်ထက်ကလူ ပြုမူလိုစိတ် ဖြစ်လာပြီး သတဲ့လည်း သတ်ဝံ့ လာသည်။ ခိုးလည်း ခိုးဝံ့လာသည်။ သူသားမယားကိုလည်း ပြစ်မှားဝံ့လာသည်။ မုသားစကားကိုလည်းဆိုရဲလာသည်။ ဤအပြုအမူအားလုံးသည်လည်းထိုသူအား အခါခိုးရှိသရွေ့ ကာလပတ်လုံး အကျိုးမဲ့ရန် အဘက်၊ ဆင်းရဲနစ်မွန်းရန်အတွက် ဖြစ်နိုင်သည်ပင် မဟုတ်ပါလော"

"တင်ပါဘုရား၊ ဖြစ်နိုင်ပါသည် ဘုရား"

ဓမ္မမတ္တိုရခေါ်သော တရားဟောရာ မဏ္ဍပ်ကြီး ဒါတွင်းဦး ကာလာမမင်းသားတို့သည် ဗုဒ္ဓရှိရာ ဓမ္မာသနပလ္လင်ဆီသို့ဦးညွှတ်လျက် အကန့်လိုက် အကန့်လိုက် သူအကန့်နှင့်သူ စည်းကမ်းသေဝပ်စွာ စီတန်းရှိ တရားနာနေကြကုန်၏။ ဗုဒ္ဓ ဘုရားသခင် စံပယ်တော်မှရာ တရားပလ္လင်တော်၏ ဝဲယာဌ လည်းကောင်း၊ ပလ္လင်တော်၏နောက်ဌ လည်းကောင်း ခြံရံလျက် သံဃာများလည်း တရားတော်ကို နာယူလျက်ရှိနေကြကုန်၏။

ဒို့ မင်းသားတို့ ဟူ၍ မြွက်ကျူးတော် မူလိုက်သော အာလုပ်စကား မိန့်ခွန်းတော် အောက်တွင် ကာလာမ မင်းသားတို့ကား ဘုရားရှေတော်တွင် ပြားပြားဝပ်ခစားလျက် ရှိနေကြကုန်၏။

ဗုဒ္ဓ။ ။မင်းသားတို့ ငါ ဆက်၍ဆိုဦးမည့်စကားကို သင်တို့ မည်သို့ ထင်ကုန်သနည်း။ ဆိုပြီးခဲ့ခဲသော ဤအခြင်းအရာ၊ ဤအပြု အမူတို့သည် ကုသိုလ်ဖြစ်ကုန်သ-လော၊ အကုသိုလ်တို့ ဖြစ်ကုန် သလော၊ ကောင်းသောအရာတို့ခဲလော၊မဒကောင်းသော ဒသာအရာ တို့လော့။ ယင်းပုစ္ဆာကိုလည်း လွတ်လပ်စွာ စဉ်းစား၍ ဖြေကြ ကုန်ဦးလော့ဟု မေးလျှင်—

မင်းသားများ။ ။အကုသိုလ်ပါဘုရား၊ မကောင်းသော အရာများပါဘုရားဟူ၍ သံပြိုင်ဖြေကြကုန်၏။

ဗုဒ္ဓ။ ။အို မင်းသားတို့၊ အကုသိုလ်ဖြစ်ဘိသော် ထိုအရာ တို့သည် အပြစ်ရှိသော အရာတို့လော့။ အပြစ်မရှိသောအရာ တို့လော့။

မင်းသားများ။ ။အပြစ်ရှိသောအရာများပါဘုရား။

ဗုဒ္ဓ၊ ။အပြစ်ရှိသော အရာများ ဖြစ်ခဲ့သော် သူတော် ကောင်းတို့ ကဲ့ရဲ့ဘွယ် ဖြစ်ကုန်သလော့၊ သို့မဟုတ် ချီးမွမ်းဘွယ် ဖြစ်ကုန်သလော့။

မင်းသားများ။ ။ကဲ့ရဲ့ဘွယ် ဖြစ်ကုန်ပါသည်ဘုရား။

ဗုဒ္ဓ။ ။အို မင်းသားတို့၊ အကုသိုလ်လည်းဖြစ်၊ အပြစ်ရှိ တရားလည်းဖြစ်ခဲ့၊ သူတော်ကောင်းတို့ ကဲ့ရဲ့ဘွယ်လည်း မှန်လှ သော ထိုအရာ၊ ဤအရာ၊ အနှိုသို့သောအရာများကို ဖြည့်တင်း ခြင်း၊ ဆောက်တည်ခြင်း ပြုအပ်ခဲ့ကြကုန်သော် အကျိုးမဲ့ဖို့၊ ဆင်းရဲဖို့ ဖြစ်နိုင်ကုန်မည်လော့၊ သို့မဟုတဲ့ အကျိုးဖြစ်ထွန်းဖို့၊ ချမ်းသာဖို့ ဖြစ်နိုင်ကုန်မည့်လော့။ ဤအရာ၌ သင်တို့စိတ်မည်သို့ ဖြစ်သနည်း။

မင်းသားများ။ ။အကျိုးဖြစ်ထွန်းဖို့၊ ချမ်းသာဖို့မဟုတ်။ အကျိုးမဲ့ဖို့၊ ဆင်းရဲဖို့သာ ဖြစ်ပါကုန်သည်။ ဤအရာ၌ တပည့်တော်များစိတ် ဤသို့ဖြစ်ပါသည်ဘုရားဟူ၍ လျှောက်ကြလေကုန်၏။

အို မင်းသားတို့၊ သာဓု၊သာဓု၊ ကောင်းဘိစ့၊ ကောင်းဘိစ့၊ ကောင်းဘိစ့။ "တဆင့်ကြားကာမျှဖြင့် အမှန်ဟု မယူဆကြကုန်လင့်ဦး" စသည်ဖြင့် သင်တို့အားငါဆိုခဲ့သည်ကား ဤအကြောင်းထိုအကြောင်း၊ ဤဖြစ်ရပ်၊ ထိုဖြစ်ရပ်များကိုအစဲ့ပြု၍ ဆိုခဲ့ခြင်းဖြစ်ပေသည်။ သင်တို့ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် အကျိုးအကြောင်း၊အဆိုးအဖကောင်း၊ အမှားအမှန်ကို ဝေဖန်ခဲ့ခြားကာ မဒကောင်းသောအရာများကို ရှောင်၊ကောင်းသော အရာများကို ဆောင်၍ ချဉ်းကပ်ခြင်းဖြင့် နေကုန်ရာ၏။

ဤသို့မိန့်တော်မူလျှင် ကာလာမမင်းသားတို့သည် ကြည်သာရွှင်ပျလှသော အမှုအရာများဖြင့် ဦးခေါင်းညိတ်ကာ ညိတ်ကာ ရှိနေကြကုန်၏။ တရားတော်ကို ကြားနာကြရကုန်သည့်အဆုံးတွင် အားလုံးသော ကာလာမမင်းသားတို့က ဗုဒ္ဓအား ဤသို့လျှောက်ထားခြင်း ပြုကြလေကုန်ပြီတည်း။

"အရှင်ဘုရား၊ တရားတော်သည် အလွန် နှစ်သက်ဘွယ်ကောင်းလှပါပေသည် ဘုရား။ တပည့်တော်တို့ အားလုံးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို 'ကိုးကွယ်ရာ' ဟူ၍ ဆည်းကပ်ကြပါကုန်၏။ ယနေ့၊ ယခုအချိန်မှစ၍ အသက်ထက်ဆုံး တပည့်တော်တို့အား ဥပါသကာများ ဟူ၍ အမှတ်ပြုတော်မူပါဘုရား" ဟူ၍ လျှောက်ကြလေကုန်သတည်း။

ကာလာမ မင်းသားတို့အဖို့ "ဘယ်ဟာကို ယုံရမည်နည်း" ဟူ၍ သူတို့နှလုံးသားဥ္စ ကြာမြင့်စွာ စူးဝင်နေသော သံသယ ငြောင့်ကြီးကား ဗုဒ္ဓနှင့် အတွေ့တွင် အငုတ်မျှ မကျန်အောင် ပြုတ်လေသတည်း။

(အင်္ဂုတ္တိရ်ပါဠိတော်၊ တိကနိပါဝ်၊ မဟာဝဂ်် ကေသမုတ္တိသုတ်။ ၁၀၉၊ ဆဋ္ဌမ္မ၊ သာဋ္ဌသုတ် ဥ္စလည်း အလားတူပါ၏။)

ဗုဒ္ဓအမြင် ကမ္ဘာဦးခေတ် လူသားများ အခြေအနေ

သာဝတ္ထိပြည်၌ အဓိကရကျောင်းတိုက်ကြီး နှစ်တိုက် ရှိ၏။ မြို့၏ တောင်ဘက်၌ ဇေတဝန်ကျောင်းတိုက်ကြီး ရှိသည်။ ကျောင်း ဒါယကာကား အနာထပိဏ်သူဌေးဖြစ်၏။ မြို့၏ အရှေ့ဘက်တွင် ပုပ္ပာရုံကျောင်းတိုက်ကြီး ရှိသည်။ ကျောင်းအမကား ဝိသာခါ ဖြစ်သော ဟူ၏။

မြတ်စွာဘုရားသည် တမြို့တည်းတွင် အပြိုင် ရှိနေသော ထိုကျောင်းတိုက်ကြီးနှစ်တိုက်၌ တလှည့်စီ သီတင်းသုံးတော်မူ၏။ သည်နှစ် ပုပ္ပာရုံကျောင်းတွင် ဝါကပ်တော်မူက နောင်နှစ်ခါ ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူမည် ဖြစ်၏။ တနည်း အားဖြင့် ဇေတဝန်ကျောင်းတွင် ဝါဆိုတော်မူက ဝါပအခါ များတွင် ပုပ္ပာရုံကျောင်းတော်၌ သီတင်းသုံးတော်မူသည် ဟူ၍ လည်း ယူဆနိုင်ထုသည်။

ယခုအချိန်တွင်မူ ဗုဒ္ဓသည် ပုပ္ပာရုံကျောင်းတော်၌ ရှိနေ၏။ အချိန်မှာ ညနေစောင်း ဖြစ်သည့်အလျောက် အရိပ်များသည် အရှေ့ဘက်သို့ ထွက်လေ၏။ ဗုဒ္ဓသည် ပုပ္ပာရုံ ကျောင်းတော်

ပေါ်မှ ဆင်းသက်ခဲ့၍ ကျောင်းတော်၏အရိပ် လွှင်တီးခေါင်၌ စင်္ကြံလျှောက်တော်မူနေ၏။

ပုပ္ပဝါရုံ ကျောင်းဘော်၏ တည်ပုံကား တောင်နှင့်မြောက်အလျား ရှည်၏။ ပြာသာဒ်ချန်းမျှားဖြင့် အထွဋ်ဌ တပ်ထား၏။ ထိုပြာသာဒ် ချန်းတို့ဖြင့် ဝေဝေဆာဆာ၊ တောင်နှင့်မြောက် အလျားရှည်ရှည် ဆောက်ထားသော ပုပ္ပဝါရုံကျောင်းတော်ကြီးကို အဇာတသတ်မှစနေ၍ နေရာင် ထိုးလိုက်သောအခါ ကျောင်းတော်၏ အရိပ်သည် အဇ္ဈတ်သို့ ဖြာ၍ ထွက်လာသည် ဖြစ်ကာ မြတ်စွာဗုဒ္ဓသည် ထို အေးရိပ်ဆာယာအောက်၌ စင်္ကြံလျှောက်တော် မူနေသည်ကို ဝါသေဋ္ဌနှင့် ဘာရဒ္ဝါဇ အမည်ရှိသည့် ကိုရင်နှစ်ပါးက လှမ်းမြင်ကြသည်။

ထိုကိုရင်နှစ်ပါးကား ကုဋဉာလေးဆယ်စီ ကြွယ်ဝကြသည်။ ဥဒိစ္စပုဏ္ဏားမျိုးဟုသည်။ အသက်နှစ်ဆယ် မပြည့်သေး၍ ရဟန်းမခံ ကြရသေး။ အသက် ပြည့်သည်နှင့် တပြိုင်နက် ပဉ္စင်းတက်ကြမည့် ရဟန်းလောင်းများ ပေတည်း။ ပညာအရည် အမဲသွး အားဖြင့် ဗေဒင်သုံးရပ် ကမ်းခတ်အောင် တတ်ကြလေသတတ်။

ဘုရားသခင် စင်္ကြံလျှောက်တော်မူနေသည်ကို မြင်ကြသော် ဘာရဒ္ဝါဇ၊ ဘုရားသခင်ထံသို့ ဒို သွားကြ ရအောင်။

၁။ အဇ္ဈောကာသေ စင်္ကမတိတိ ဥတ္တရဒက္ခိဏေန အာယတသ ပါသာဒသ ပုရတ္ထိမဒိသာဘာဂေ ပါသာဒစ္ဆာယာယံ။ သုတ်ပါထေယျ အဋ္ဌကထာ။ ဝါသေဋ္ဌဘာရဒ္ဝါဇ ဝတ္ထုနာ။ ၄၄၊ ဆဋ္ဌမှု။

တရားနာခွင့် ရချင်လဲ ရတန်ကောင်းပါရဲ့ ဟူ၍ အချင်းချင်း တိုင်ပင်ကြပြီး ဘုရားသခင့်ထံ ချဉ်းကပ် ကြလေသည်။ ဗုဒ္ဓသည် စကြံလျှောက်မြဲ လျှောက်နေသဖြင့် သူတို့လည်း ဘုရားသခင်၏ နောက်တော်ပါးမှ မြောင်၍ ဗုဒ္ဓနှင့်အတူ စကြံလျှောက်ကြသည်။

ထို ကိုရင် နှစ်ပါးအနက်ကိုရင် ဝါသေဋ္ဌကား ပါးရည်နပ်ရည် ရှိသည်၊ အကင်းပါးသည်၊ သွက်လက် ချက်ချာသည်။ ကိုရင် ဘာရဒ္ဒါဇမှာမူ အေးလွန်း သည်။ ဗုဒ္ဓသည် စကြံလျှောက် နေရင်းမှ ကိုရင်နှစ်ပါးကို ကြည့်ပြီး ကိုရင်ဝါသေဋ္ဌကို ဤသို့ မေးတော်မူ၏။

ဗုဒ္ဓ။ ။ဝါသေဋ္ဌ၊သင်တို့ကား ဥဒီစ္စပုဏ္ဏားမျိုး၊ကျိကျိတက် ကြွယ်ဝချမ်းသာသော လူချမ်းသာ ဘဝမှ ထွက်၍ သင်္ကန်း ဆီးကာ သာသနာ့ဘောင် ရောက်လာ သူမျှား ဖြစ်ကြ၏။ အသို့ပါနည်း ဝါသေဋ္ဌ။ ဤသို့ သင်တို့ ကိုရင် ဝတ်ခြင်းကို အကြောင်းပြု၍ သင်တို့အား ပုဏ္ဏားများက မဆဲကြကုန်ပေဘူးလား၊ မရွတ်ချကြကုန်ပေဘူးလား ဟူ၍ မေးတော်မူ၏။

ဝါသေဋ္ဌ။ ။အရှင်ဘုရား၊ အမှန်အတိုင်း လျှောက်ထားရ ပါလျှင် ပုဏ္ဏားများက တပည့်တော်တို့အား ဝိုင်း၍ ဆဲကြပါ ကုန်သည်၊ ကဲ့ရဲ့ရွတ်ချကြပါကုန်သည် ဘုရား။

ဗုဒ္ဓ။ ။ဝါသေဋ္ဌ၊ မည်သို့ ဆဲကြကုန်သနည်း။

ဝါသေဋ္ဌ။ ။အရှင် ဘုရား၊ ပုဏ္ဏား များက တပည့်တော် တို့အား ဤသို့ ဆိုပါကုန်၏။ လောကဌ် လူမျိုးတကာတွင် ပုဏ္ဏားမျိုးသာ အမြတ်ဆုံး။အခြားလူမျိုးများကား အမျိုးယုတ် ကုန်၏။ ပုဏ္ဏား လူမျိုးသာ အကျင့် ဖြူသည်။ အခြားလူမျှား

မဖြူကုန်။ ပုဏ္ဏားလူမျိုးသာ စင်ကြယ်သည်။ အခြားလူမျိုး မစင်ကြယ်ကုန်။ ပုဏ္ဏာ တို့ကား မဟာဗြဟ္မာမင်းကြီး၏ ရင်နှစ်သည်းချာ သားရဘနဲ့ာ ဖြစ်ကုန်သည်။ ဗြဟ္မာမင်း၏ ရင်၌ကိန်းဝပ်၍ ဗြဟ္မာမင်း၏ ခံဘင်းမှ ထွက်လာသူများဖြစ်ကြသည်။ ဗြဟ္မာမင်း၏ အမွေစား အမှုံတော်များဖြစ်ကြသည်။

အို အာဒမာင်ရိ.၊ ဝါဇေသဋ္ဌရိ.၊ ဘာရဒ္ဒါဇရိ.၊ သင်တို့ ထူးကုန်ပြီလော့။ သို့စင်မျှလောက် မြင်သော၊ မြတ်သော ပုဏ္ဏားမျိုးရိုးမျက်နှာကိုမျှ မဆောက်၊ အမျိုးကို စွန့်ခွာကျော်ခိုင်း၍ ဦးပြည်းကတုံးလည်းဖြစ်၊ ဗြဟ္မာမင်း၏ ခြေဖဝါး အောက်ဌသည်းဖြစ်သော ရဟန်းဂေါတမထံ၌ ဘောက်မဲ့ကြောင့် သက်ဆိုးကြကုန်ဘိသနည်း။ သင်တို့အပြုအမူကား မဂေါင်း။ နည်းလမ်းမဟုတ်။ ငါတို့ပုဏ္ဏားလူမျိုးမျှားအား မလျောက်ပတ်။ မြင့်သော၊ မြတ်သော၊ အထွတ်အထိပ်ရောက်သော ကိုယ့်ဘဝကို စွန့်လွှတ်၍ ယုတ်နိမ့် အောက်ကျလှသည့် ရဟန်းဂေါတမ၏ ခြေရင်း၌ အလုပ်အခံကျူးပြုသည်မှာ ရွက်ဘုယ်ကောင်းဘိစ့ ဟူ၍ ဤသို့ကဲ့ရဲ့ပြစ်တင် ရွတ်ချကြပါကုန်သည် ဘုရား။

ကိုရင် ဝါဇေဋ္ဌသည် ပုဏ္ဏားတို့၏ ကဲ့ရဲ့ပုံများကို ခရာစဉ်တွင်းက ဖျောက်ထားလေ၏။ ထိုအခါ ယင်းသို့ ကဲ့ရဲ့ခြင်းနှင့် ပတ်သက်၍ ကိုရင် ဝါဇေဋ္ဌအား မြွက်ကြားတော်မူသည်မှာ-

ဗုဒ္ဓ။ ။ချစ်ဘပည့် ဝါဇေဋ္ဌ၊ သင်တို့အမျိုးအနွယ်ဖြစ်သော ထိုပုဏ္ဏားတို့ကား စင်စစ်အားဖြင့် အစဉ်အလာ လောကအဖြောင်းကို မသိကြ၍သာ၊ သို့မဟုတ် သိလျက် သတိမမူကြ၍သာ ဤစကားစုကို သင်းတို့ဘတွေ့ လက်ကိုင်ပြု၍ ဆိုပြောနေ

ကြခြင်း ဖြစ်ကုန်၏။ ငါမှ ငါ၊ ငါလူမျိုးမှ လူမျိုး၊ ငါအကျင့်မှ ငါအကျင့် ဟူ၍ အစဲအလမ်း ကြီးနေကြကုန်၏။

ချစ်တပည့် ဝါဒသင်္ခ၊ သင်ဘဲ စဉ်းစားကြည့်စမ်းလော့။ ပုဏ္ဏားများက သူတို့ကိုယ် သူတို့ ဗြဟ္မာ့သားဟု ဆိုကြသည်။ ဟုတ်နိုင်၊ မဟုတ်နိုင်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်စမ်းပါဘိ။ သည်မှာ ဝါဒသင်္ခ၊ ပုဏ္ဏားလူမျိုးသည် ယောကျ်ားသပ်သပ်လူမျိုးလော့။

ဝါဒသင်္ခ။ ။မဟုတ်ပါ၊ မိန်းမပုဏ္ဏားများလည်း ရှိကြောင်း ပါဘုရား။

ဗုဒ္ဓ။ ။ကောင်းပြီ။ မိန်းမရှိခဲ့သင့် ထိုပုဏ္ဏားများသည် မင်္ဂလာမဆောင်ဘဲ နေကြသလော။

ဝါဒသင်္ခ။ ။မဒန္ဒကြပါ။အချို့အရွယ်ရောက်လျှင် မင်္ဂလာ ဆောင်ကြသည်သာ ဖြစ်ပါသည်။

ဗုဒ္ဓ။ ။ဟုတ်စေတော့။မင်္ဂလာ ဆောင်ပြီးလေသော အခါ ကိုယ်ဝန်ဆောင်ကြသည် မဟုတ်ပါလော့။

ဝါဒသင်္ခ။ ။မှန်ပါ၊ ကိုယ်ဝန်ဆောင်ကြမြဲပါ ဘုရား။

ဗုဒ္ဓ။ ။ဝါဒသင်္ခ၊ကိုယ်ဝန်ဆောင်ခဲ့သော်ထိုကိုယ်ဝန်သည် မဖွားဘဲများ နေသလော့။

ဝါဒသင်္ခ။ ။မနေပါဘုရား၊ ရက်လစေ့သည်နှင့်တပြိုင်နက် ဖွားပါသည် ဘုရား။

ဗုဒ္ဓ။ ။ချစ်တပည့် ဝါဒသင်္ခ၊ လက်တွေ့အားဖြင့် မင်္ဂြိုဏ်းနိုင်သော "ပုဏ္ဏားမှ ပုဏ္ဏားမွေးဖွားမှု" သည်ဟာ သည်ဟာတွေ့ အထင်အရှားရှိပါလျက်ကနှင့် ဗြဟ္မာဟာ မွေးဖွားသည်။ဗြဟ္မာ့ မင်း၏ သားဟူ၍ ပြောနေကြသည်။ စင်စစ် ဆိုသော် ထိုသို့ ပြောဆိုသူတို့သည် ပုဏ္ဏားလူမျိုးတို့ သိက္ခာကျအောင်လုပ်နေသူ၊

မမှန်စကား မုသားဆိုသူ၊ အကုသိုလ်မပွားပွားအောင် လုပ်နေသူ မျှားသာ ဖြစ်ကုန်၏။

ဗုဒ္ဓမြတ်ဘုရားသည် ဤမျှသော စကားအစဉ်ဖြင့် ငါတို့ ဖြဟ္မာမျိုး၊ ဖြဟ္မာမင်းကြီး၏ ရင်ထဲအောင်းပြီး ဖြဟ္မာမင်းကြီး၏ ခံတွင်းတော်မှ ဖွားလာသော်လူမျိုးဟု ပြောနေသူ မျှားသာ နှုတ်ပိတ်စကား မြွက်ကြားတော် မူပြီးနောက် အမျိုးလေးပါး ရှိကြောင်း၊ မည်သူမဆို ကောင်းသောအကျင့်ကို ကျင့်မှသာလျှင် စင်ကြယ်သူဖြစ်နိုင်ကြောင်းကိုဆက်၍မြွက်ကြားတော်မူလိုသဖြင့်-

ချစ်တပည့် ဝါသေဋ္ဌ၊ လူမျိုးနှင့် ပတ်သက်၍-

ခတ္တိယ-မင်းမျိုး။

ဗြာဟ္မဏ-ပုဏ္ဏားမျိုး။

ဝေဿ-ကုန်သည်မျိုး။

သုဒ္ဒ-သူဆင်းရဲမျိုး ဟူ၍ ဤသို့အားဖြင့် အမျိုးလေးပါး ရှိပေသည်။

ဝါသေဋ္ဌ၊ ယင်း အမျိုးလေးပါးတွင် အချို့ အချို့သော သူမျှားသည် သတ်လည်း သတ်၏။ ခိုးလည်း ခိုး၏။ သူသား မယားကိုလည်း ပြစ်မှား၏။ မမှန်စကားလည်း ဆို၏။ ကုံးလည်း တိုက်၏။ သဝန်လည်း တို၏။ စိတ်လှဉ့်၏။ အယူလည်း မှား၏။ သည်အပြုအမူ ရှိသူမျှားသည် အမျိုးလေးပါးစလုံး ဥဒ္ဒရှိ၏။

ဝါသေဋ္ဌ၊ သင် မှတ်ခေလဦးလော့။

သည်ဟာ အကုသိုလ်အစု။

သည်ဟာ အကုသိုလ်ဆိုထိုက်သော အစု။

သည်ဟာ အပြစ်စု။
သည်ဟာ အပြစ်ဟု ဆိုထိုက်သောအစု။
သည်ဟာ မှီဝဲအပ်သော အရာ။
သည်ဟာ မှီဝဲထိုက်သည့်အထဲတွင် အကြုံးဝင်သော အရာ။
သည်ဟာ အရိယာ မဖြစ်ထိုက်သော တရား။
သည်ဟာ အရိယာ မဖြစ်ထိုက်ဟု ဆိုသင့်သောတရား။
သည်ဟာ အမှောင်တရား။
သည်ဟာ အမှောင်တရား၏ အကျိုးစု။

ဝါသေဋ္ဌ၊ သည်ဟာ သည်ဟာ အားလုံးသည် အမျိုးလေး ပါးလုံး၌ ပုဂ္ဂိုလ်အားလျော်စွာ ရှိလေသည်သာ ဖြစ်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့ အမျိုးလေးပါး၌ အမှုအကျင့် မသင့်လျော်၊ မသင့်သူများ ရှိသည့်နည်းတူ အကျင့်သီလ ကောင်းမွန် ဖြောင့်မှန်သူများလည်း ရှိလေသည်သာ ဖြစ်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤအမျိုးလေးပါးတို့သည် ဤသို့ အဆင်းကောင်းနှင့်အဆိုး၊ နှစ်မျိုး ထောပြမ်းကုန်ခဲ့သော်၊ အပြုအမဲ ထောဆွေးယှက်တင် ဖြစ်ကုန်ခဲ့သော်၊ ကဲ့ရဲ့ချီးမွမ်း ပြီးပြမ်းခဲ့သော် ငါမူ ငါ၊ ငါ့အမျိုးမှ အမျိုးမြတ် စသည်ဖြင့် ဆိုလေ့ရှိသော ပုဏ္ဏားတို့၏ ပြောဆိုစကားကို ပညာရှိတို့က ခွင့်မပြုကြကုန်။

အဘယ့်ကြောင့်ဆိုသော် ချစ်တပည့် ဝါသေဋ္ဌ၊ ဤအမျိုးလေးပါးတို့ အနက်ဘွင် အကြင်ရဟန်းသည် ပူဇော်အထူး ခံထိုက်၏။ ကုန်ပြီးသော အာသဝေါရှိ၏။ ကျင့်စဉ်ရော၊ ပြုစုရော ရှိသမျှရဟန်းကိစ္စအားလုံး ပြုပြီးပြီ ဖြစ်၏။ ကိလေသာဝန်ထုပ်

ခန္ဓာထုပ်ကြီးကို ချပြီး ဖြစ်၏။ ဘဝသံယောဇဉ်ဟူသမျှ သူမှာ မရှိတော့။ ထိုရဟန်းသည် ထိုသူတို့အား တရားသဖြင့်သာ အမြတ်တရားကို ဟော၏။ တရားလမ်းကြောင်းကို ဖဲ၍ မဟော ခဲ့။ ထိုပုဏ္ဏားတို့ကား ထိုသို့မဟုတ်ကုန်။ ထိုသို့ အမှန်ကို ဟော ပြောသော သဘောမျိုး မရှိကုန်။ ထို့ခကြောင့် ယင်းတို့၏စကားကို သူတော်ကောင်းတို့အနေဖြင့် ခွင့်မပြုနိုင်ကြခြင်း ဖြစ်လေသည်။

ဝါသေဋ္ဌ၊ ဤလူပြည်၌ ယဉ်ကျေးမှု တရားဟူသည် ဤမျက်မှောက်ဘဝမှာ ဖြင်စေ၊ တပါးသော ဘဝမှာ ဖြစ်စေ၊ မည်သည့်ဘဝ၌မဆို မြတ်သည်သာ ဖြစ်ပေ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ထိုအဒကြောင်းကို အောက်ပါဖြစ်ရပ် ထောက်သဖြင့်လည်း သိတန်ပေးရာသည်။ ဝါသေဋ္ဌ၊ ပဿေနဒီ ကောသလမင်းကို သင် သိသည်မဟုတ်လော့။ ထိုမင်းသည် ငါ သာကိဝင်မျိုးမှထွက်၍ရဟန်းပြုသည်ကို သူ ကောင်းစွာသိသူဖြစ် ပေသည်။ကောသလမင်းသည် အသက်ကြီးပြီ။ အသက်ကြီးသော ဝယဝုဒ္ဓိဂုဏ် သူမှာရှိသည်။ သာကိဝင်မင်းသားတို့ကား ငယ်ကြ သည်။ သို့သော် အသမ္ဘိန္နဂုဏ် သူတို့မှာ ရှိကြသည်။

ဝါသေဋ္ဌ၊ သာကိဝင်တို့သည် အမျိုးဂုဏ်အားဖြင့် မြတ်သည် မှန်သော်လည်း ဝယဝုဒ္ဓိဂုဏ်ကိုမူကား လေးစားသူများ ဖြစ်ကြ သည့်အလျောက် မိမိတို့ထက် အသက်ကြီးရင့်သော ကောသလ

၁။ တေစ နံ ဇဝရုပါ။ တသ္မာ နေသံ ဝိညူ။ နာနုံ ဇာနန္တိ။ သုဘ်ပါဒေထယျအဒ္ဓကထာ၊ အဂ္ဂညသုတ်၊ စတုဝဏ္ဏသုဒ္ဓိ ဝဏ္ဏနာ။ ၄၇၊ ဆဋ္ဌမှု။

မင်းအား ရှိသေလေးစားကြသည်။ ရှိခိုခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်းအမှုမျှားကို လေးလေးစားစား ပြုကြကုန်သည်။

ဝါသေဋ္ဌ၊ သာကီဝင်တို့၏ အလေးပြုခြင်းကို ခံယူခဲ့သော ကောသလမင်းက တဖန် ငါ့ကို အလေးပြုပြန်သည်။ ငါ့ကို သူ အလေးပြုခြင်းကား ငါ့သူထက်အမျိုးသန့်သောကြောင့်မဟုတ်။ ငါက သူထက် လှပသောကြောင့်၊ သူထက် ခွန်အားဗလကောင်းသောကြောင့်၊ သူထက် ကြည်ညိုဘွယ် ကောင်းသောကြောင့်၊ သူထက် ဘုန်းတန်ခိုးကြီးမားသောကြောင့် မဟုတ်ချေ။ စင်စစ်အားဖြင့် ဆိုသော်ကား လွန်ယဉ်ကျေးမှုတရားကို ပူဇော်သောအားဖြင့်၊ ယဉ်ကျေးမှုကို အလေးပြုသောအားဖြင့် ဤသို့ ဤသို့သော ရိုသေလေးစားမှုမျှားကို သူပြုခြင်းဖြစ်ပေသည်။ကောသလမင်း၏ အပြုအမူမျှားကို ထောက်ခြင်းအားဖြင့် မျက်မှောက်ဘဝအဖြစ်၌ရင်း၊ တပါးသောဘဝ၌ရင်း၊ လွန်ယဉ်ကျေးမှုတရားသည် အဓိက မှန်မြတ်သောအရာ၌ တည်ကြောင်းကို ကောင်းစွာသိနိုင်ပေသည်။

ဝါသေဋ္ဌနှင့် ဘာရဒ္ဝါဇ ကဲ့သို့သော လူတော်၊ လူချွန်၊ လူထက်ကလေးနှစ်ယောက် ရဟန်းဂေါတမ၏ ဘက်တော်သား ဖြစ်သွား ရခြင်းမှာ ပုဏ္ဏားတို့အဖို့ ကြီးစွာသော် ဆုံးရှုံးမှုကြီး တရပ်ဖြစ်၏။ ထိုသူကလေး နှစ်ယောက်တို့သည် လူပင်ငယ်စေကာမူ ပညာကြွယ်သူများ ဖြစ်သည့်အလျောက် ပုဏ္ဏားတို့ကမျှားစွာအားထားလျက်ရှိနေကြစဉ် မမျှော်လင့်ဘဲရဟန်းဂေါတမဘက်သို့ ရုတ်တရက် ကူးပြောင်း၍ ရဟန်းဂေါတမထံ တပည့်ခံလိုက်ကြလေသောအခါ ဆတ်ဆတ်ခါ နားကျည်းကုန်လျက်

ငှင်းတို့အား ဝိုင်း၍ ဆဲရေး တိုင်းထွာခြင်း ပြုကြကုန်မည်မှာ မဆန်းလှချေ။

ထိုအချိန်၌ ဝါဒသဘုန့် ဘာရဒွါဇတို့ ဗုဒ္ဓ၏ဘက်တော်သား အဖြစ် ခံယူလာကြသည်မှာ ကြာသေးဟန်မတူ။ အောက်ပါ အမှာအကြား သဝါဒစကားများကို ထောက်ခြင်းအားဖြင့် ပူပူ နွေးနွေးပင်ရှိဦးမည်ဖြစ်ကြောင်းရိပ်စားမိနိုင်ပေသည်။ သူတို့အား ဘယ်သူက အာဘယ်သို့ပင် သွေးဆောင်စေကာမူ ကြံ့ကြံ့ခံနိုင်ရည် ရှိအောင် ဗုဒ္ဓကိုယ်တော်တိုင် ကျွေးမွေး သင်ကြားထား၏။

ချစ်တပည့် ဝါသေဋ္ဌ၊ သင်တို့သည် အထူးထူးသောဇာတ်၊ အထူးထူးသောအမည်၊ အထူးထူးသောအနွယ်၊ အထူးထူးသော အမျိုးမှ ထွက်၍ သာမဏေပြုကြကုန်သနည်း။ သင်တို့မည်သူတွေ နည်းဟူ၍ ဓမ္မဒြန်သူများ ရှိနေကောင်းရှိလာမည်။ ယင်းသို့ အမေး အမြန်းရှိလာခဲ့သော် 'ငါတို့ သာကီဝင်မျိုးမှထွက်၍ သာမဏေ ပြုကြကုန်သည်' ဟူ၍ ဝန်ခံလိုက်ကြကုန်။ ဝါဇေဋ္ဌ၊ အကြင် ပုဂ္ဂိုလ်အား ငါဘုရား၌ ယုံကြည်ခြင်း သဒ္ဓါသည် စွဲဝင်နေ၏။ ဖြူးသော နို့ဖျော်လမ်းပေါ်၌ တည်နေ၏။ အခြခိုင်၏။ လောက၌ ရဟန်းကသော်၎င်း၊ ပုဏ္ဏားကသော်၎င်း၊ နတ်ကသော်၎င်း၊ မာရ်နတ်ကသော်၎င်း၊ ဗြဟ္မဏသော်၎င်း မည်သူကပင်ဖြစ်စေ ဆွဲလှူး ပြောင်းလဲသွားအောင် မတတ်နိုင်။ ထိုပုဂ္ဂိုလ်ဘို့အား 'ငါဘုရားမြတ်စွာ၏သား၊ ဘုရားမြတ်စွာ၏ ရင်၌ဖြစ်၍ ခံတွင်း တော်မှ ဖွားမြင်သောသား၊ တရားမှဖြစ်သောသား၊ တရားက ဖန်ဆင်းသောသား၊ တရား၏ အမွေခံသား' ဟူ၍ ပြောနိုင်ပေ သည် ဝါသေဋ္ဌ။ ရဲရဲဝံ့ဝံ့သာလျှင် ပြောဘိလော့။

အဘယ့်ကြောင့်ဆိုသော် ဝါသေဋ္ဌ၊ငါသည် ပိဋ္ဌကတ်သုံးပုံဟု ဆိုအပ်သော စကားတော်ကို ငါ့နှလုံးသားဖြင့် ကြံဆခဲ့ပြီး ငါ့နှုတ်ခမ်းတော်ဖြင့် ဖော်ထုတ် မြွက်ကြားခဲ့ပေသည်။ ငါ၏ ကိုယ်ကာယကား တရားဖြင့်ပြီးသော တရားရည်ဝနေသော ကိုယ်ကာယ ဖြစ်ပေ၏။

ထိုကြောင့်ရကား ဓမ္မကာယဟူသော မည်သည်ရင်း၊ ဗြဟ္မာကာယဟူသော အမည်သည်ရင်း၊ ဓမ္မဘူတ၊ ဗြဟ္မဘူတဟူသော အမည်သည်ရင်း ငါ၏ အမည်များသာ ဖြစ်သဖြင့် သင်တို့အနေအားဖြင့် 'ဘုရားသားတော်'ဟု ပြောသည်ဖြစ်စေ၊ တရားသားတော်ဟု ပြောသည်ဖြစ်စေ ပြောသင့် ပြောထိုက်သည် ချည်းယာဖြစ်ပေသည်။ ရဲဝံ့စွာသာ ပြောဘိလော့ ဝါသေဋ္ဌ။

ဝါသေဋ္ဌနှင့် ဘာရဒ္ဝါဇ ကိုရင်နှစ်ပါးအား ဤသို့ဟောရှင်း ပြောရှင်းနှင့်ပင် အချိန်ကုန်လွန်သွားလေ၏။ ပုပ္ပာရုံ ကျောင်းတော်ကြီး၏ အရိပ်သည်အရိပ်ဟူ၍မထင်တော့ဘဲ လောကဓာတ် တခုလုံး အရိပ်ကြီးသဖွယ် အုံမှိုင်းမှိုင်း ဖြစ်လာ၏။ ဤသည် ကပင်လျှင် နေဝင် သွားလေပြီဟူသော အမှတ်ကို ပြလေသတည်း။

သို့တိုင်အောင် တရားတော်ကား ပြီးပြတ်ခြင်း မရှိသေး။ ဤကိုရင်နှစ်ပါးဆည် အရေးကြီးသော လူထူး၊ လူချွန်ကလေးများ ဖြစ်သောကြောင့် ဓမ္မအချက်အလက်တိုင်း၌ သူတပါးတို့ မချောက်ချား နှိုင်အောင် ခြေကုတ်ရရ ဖြစ်စေဘို့ လိုသည့် အလျောက် ကမ္ဘာကြီးပျက်ပုံ၊ တည်ပုံများနှင့် ပတ်သက်သော အောက်ပါတရားကို ဆက်၍ ဟောကြားတော်မူပြန်လေ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ကာလရှည်ကြာ လာသောအခါတွင် ဤကမ္ဘာကြီးသည် တခါခါပျက်ကိန်းနှင့် ကြုံလာ၏။ ဤသို့သော အခါမျိုးလည်း ရှိပေသည် ဝါသေဋ္ဌ။ ယင်းသို့ ပျက်ကိန်းကြုံလာခဲ့သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘာသရမည်သောဗြဟ္မာဘုံ၌ သွား၍ ဖြစ်ကြရကုန်လေ၏။ ထိုဗြဟ္မာဘုံ၌ ဖြစ်သမျှ သတ္တဝါတို့ကား ထူးဆန်းကုန်ဘိစ့။ စိတ်အလို ဆန္ဒရှိတိုင်းပြီးကုန်၏။ နှစ်သိမ့်ခြင်းလျှင် အစာ ရှိကုန်၏။ ကိုယ်မှ အရောင်ထွက်ကုန်၏။ ဌာက်တို့သဖွယ် ကောင်းကင်၌ ပျံသန်းကျက်စားကုန်၏။ ကောင်းသော တည်ရာဘုံရှိသည်ဖြစ်၍ ကာလကြာမြင့်စွာ တည်ကြကုန်သတည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ ကာလကြာမြင့်လတ်သော် ဤကမ္ဘာကြီး အသစ်တဖန် ပြန်လည်၍ တည်လာဘို့ကိန်း ကြုံလာပြန်၏။ ထိုအခါမျိုးလည်း ရှိပေသည် ဝါသေဋ္ဌ။ ကမ္ဘာသစ် တည်ရန် ကြုံလာသောအခါ သတ္တဝါတို့သည် များသောအားဖြင့် အာဘာသရ ဗြဟ္မာဘုံမှ စုတေခဲ့၍ ဤလူ့ဘုံသို့ ရောက်လာကုန်လေ၏။ ထိုအခါ ထိုလူသားတို့သည် ဗြဟ္မာတို့၏ တန်ခိုးအရှိန် အဝါမကုန်းသေးဘဲ ဗြဟ္မာတို့၏ အင်္ဂအသက်အားလျော်စွာစိတ်ဆန္ဒအတိုင်း လိုရာ ပြီးကုန်၏။ နှစ်သိမ့်ခြင်းလျှင် အစာ ရှိကုန်၏။ ကိုယ်မှ အရောင်တလက်လက် ထွက်ကုန်၏။ ကြာမြင့်စွာသော ကာလပတ်လုံး ဤအတိုင်း ဖြစ်တည်လျက် ရှိနေကုန်၏။

ဗုဒ္ဓသည် ဝါသေဋ္ဌအား ဤစကားရပ်များဖြင့် ဤကမ္ဘာမြေကြီး စတင် ဖြစ်ပေါ်လာပုံနှင့် ကမ္ဘာဦးသူ လူသားတို့၏ ဘဝကို ပြတော်မူ၏။ တဖန်ထိုမှတဆင့် ဤကမ္ဘာသည် မည်သို့ ဖြစ်ရှိလာပုံများကိုပါ ဆက်၍ ပြောကြားတော် မူပြန်လေ၏။

ချစ်တပည့် ဝါဒသင္ဘ၊ ထိုစဉ်အခါတွင် စကြာဝဠာကြီးတခုလုံးဆည် အမိုက်မှောင်တုံးကြီး ဖြစ်နေ၏။ နေဟူ၍လည်း မထင်သေး။လနှင့် နက္ခတ္တာရာတို့လည်း မထင်လာကုန်သေး။ နေ့၊ည၊လနှစ်တို့လည်း မထင်လာကုန်သေး။ မိန်းမ၊ ယောကျ်ားဟူ၍ ခဲ့ခဲ့ခြားခြား မဖြစ်လာကုန်သေးဘဲသတ္တဝါဟူ၍သာ ခေါ်ဆိုရသော အခါ ဖြစ်လေသည်။

ချစ်တပည့်ဝါဒသင္ဘ၊ ကမ္ဘာသည်တမျိုးတဖုံ ထူးခြားလာလေသည်။ ကာလ ကြာမြင့်လာသောအခါ ရသပထဝီဟူ၍ ဖြစ်ပေါ်လာ၏။ ဥပမာအားဖြင့် ကျိုထားသော နို့ရည်များ အေးသွားလေသောအခါ အပေါ်ယံ၌ အဆီအပြင် (မလိုင်) တက်နေသည်နှင့် အလားတူပေ၏၊ ၎င်းကို ရသပထဝီဟူ၍ ခေါ်၏။ ထိုရသ ပထဝီကား အဆင်းအားဖြင့်လည်း လှ၏၊ အနံ့အားဖြင့်လည်း သင်း၏။ အရသာအားဖြင့်လည်း လွန်စွာ အရသာရှိလှ၏။ ထောပတ်ဆီဥနှင့် အလားတူ၏။

ချစ်တပည့်ဝါဒသင္ဘ။ ထိုသို့ရသပထဝီဟူ၍ ပေါ်လာသော အခါ လျှပ်ပေါ်သောသတ္တဝါတဦးသည် "သည်ဟာ အသို့နည်း။ လှလည်းလှ၊ယနံ့လည်းသင်းပါဘိသနှင့်၊ သူ့အရသာမှာ ဘယ်လိုများ နေလေဘိ" ဟူ၍ ရသပထဝီကို လက်ဖြင့်ကော်၍လျက်ကြည့်လေသော် ထိုသူအား ရသပထဝီ၌ ပြင်းစွာတပ်မက်ခြင်း တဏှာဖြစ်လာလေသတည်း။

ချစ်တပည့်ဝါဒသင္ဘ၊ အတူမြင်လျှင် အတတ်သင်ကုန်လေပြီကော။ ထိုသူလျက်သည်ကို မြင်ကုန်သည်ရှိသော် အခြားအခြားသော သတ္တဝါတို့သည်လည်း ထိုသူကိုအတုယူကာ ရသပထဝီကို လက်ဖြင့်ကော်၍ကော်၍ လျက်ကြလေသောအခါ ထိုသူအလား

ဟူပင် လျက်သူတို့အား ရသပထဝီဠ် ပြင်းစွာတပ်မက်ခြင်းဘာကြာသည် ဖြစ်လေသလဲတည်း။

ချစ်တပည့်ဝါသေဋ္ဌ၊ထိုအခါ ထိုသတ္တဝါတို့သည် ရသပထဝီ၏ ဆွဲဆောင်မှုကြောင့် လျှောဖြင့်လျက်ရုံမျှဖြင့် အားမရနိုင်ကြလော် ထမင်းလုတ်မျှားပမာ အလုတ်လုတ်ပြု၍စားရန်အားထုတ်ကြ[illegible] ကုန်ပြီကော။

ချစ်တပည့်ဝါသေဋ္ဌ၊ရသပထဝီကိုသတ္တဝါတို့အလုတ်လုတ်ပြု၍စားသောကြောင့် ခြင်းပြုကြသည့်အခါ ထိုသူတို့အားဘာဖြစ်လာသည်ထင်သနည်း။ သူတို့၏ကိုယ်ကာယမှ တပြောင်ပြောင် ထွက်နေသောအရောင်တို့သည် ကွယ်ကုန်လေ၏။ ကိုယ်ရောင်ကိုယ်ဝါတို့ကွယ်ကုန်လတ်သော် လူနေနတို့ ထင်ရှားစွာ ဖြစ်ပေါ်လာကုန်သည်။ပေါ်နေဖြစ်ပေါ်လာကုန်သော် နက္ခတ်တာရာတို့ထွက်ပေါ်ကုန်သည်။ နက္ခတ်တာရာတို့ ထွက်ပေါ်လာကုန်သော် နေ့၊ည၊ လနှစ်တို့ ဖြစ်ပေါ်လာကုန်သည်။ ဝါသေဋ္ဌ၊ ဤပုံ၊ ဤနည်းအားဖြင့် ဤကမ္ဘာသည် အသစ်တဖန် ဖြစ်ဝေးည် လာခဲ့လေသတည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ နှစ်ရှည်လများ ကြာမြင့်စွာသော ကာလပတ်လုံး ထိုရသပထဝီကို စားသုံးကြလေသော် ထိုကမ္ဘာဦးသူ လူသားသတ္တဝါတို့၏ ကိုယ်ကာယသည် ကြမ်းလာ၏။ ရုပ်အဆင်းမှာလည်း လှသူကလှ၊ အရုပ်ဆိုးသူကဆိုးနှင့် အသွင်အမျိုးမျိုးဖြစ်လာကုန်သည်။ ထိုအခါ ရုပ်အဆင်းလှသူများက အရုပ်ဆိုးသူများအား အထင်အမြင်သေးခြင်းဖြစ်လာကုန်သည်။ အရုပ်ဆိုး၊ အကြည့်တန်သူ များအား ရုပ်ချောသူ များက

ခေါ်ပြောနှုတ်ဆက်ခြင်း မပြုလိုမှုမျှား ဖြစ်လာကုန်သည်။ ထိုသူတို့၏ အဆင်းမာန်တက်မှုကြောင့် သူတို့မိုဝဲစားသုံးသော ရသပထဝီသည် ကွယ်သွားလေတော့၏။ ရသပထဝီ ကွယ်လတ်သော် ထိုသူတို့သည် ခေါင်းချင်းဆိုင်ကာ ဆိုင်ကာနှင့် "ငါတို့အား အရသာကွယ်လေပကော။ငါတို့အား အရသာကွယ်လေပကော" ဟူ၍ ဤသို့ ညည်းတွားကြခေလကုန်သတည်း။

ထိုခနာက် ဗုဒ္ဓသည် ဝါသေဋ္ဌအား ရသပထဝီ ကွယ်သော် မြေဆီလွှာပေါ်လာပုံ၊ ယင်းမြေဆီကွယ်ခဲ့သော် ပဒါလဘာန္ဒယ် ပေါ်လာပုံ၊ ယင်းန္ဒယ် ကွယ်ခဲ့သော် သခေါလးစပါး ပေါ်လာပုံ၊ ယင်း သခေါလးစပါးကို စားကြရာမှ မိန်းမ၊ ယောကျ်ားဟူ၍ ဖြစ်လာပုံများကိုဟောကြားတော်မူပြီးနောက်ယောကျ်ား၊မိန်းမ သံဝါသပြုကြသည့်အဖြစ်သို့ ရောက်လာပုံများကိုပါ ဆက်၍ ဟောကြားလေ၏။

ချစ်တပည့်ဝါဒသဋ္ဌ၊ ယောကျ်ားနိမိတ်၊ မိန်းမ နိမိတ်များ အထင်အရှားဖြစ်ပေါ်လာ သောအခါ ယောကျ်ားကလည်း မိန်းမ၏နိမိတ်(အင်္ဂါဇာတ်)ကို သေချာစွာ စေ့စေ့ငုငုကြည့်ရှုခြင်းပြု၏။ ထို့အတူ မိန်းမကလည်း ယောကျ်ားကို စေ့စေ့ငုငုကြည့်ရှုခြင်းပြုလေ၏။ ထိုအခါ ရာဂစိတ်များ တဖွားဖွား ဖြစ်လေ၏။ တကိုယ်လုံး ကိလေသာထု အပူခလောင်ကာ အပူခကောင်ကြီးဖြစ်သာလေ၏။ ထိုအခါ ချုပ်ဘည်း အောင့်အည်းခြင်းငှာ မဘော်နိုင်တော့သည့်အဆုံးဌ မေထုန်မိုဝဲကြလေကုန်သတည်း။

ချဉ်ဘပည့် ဝါဒသဋ္ဌ၊ထိုအခါ မေထုန်ကိစ္စသည် အရပ်ထက်ဆန်းကျင်၌ တင်းကျမ်းပြည့် ဟိုးနထုတွေ့၊ သည်နေထုတွေ့နှင့်

ရှိလာလေရာ ယင်းသည့်မေထုန်မှုများကိုတွေ့ရလတ်သော် အမြင်မတော်သူတို့ကထိုသို့ပြုကျင့်သူတို့အား ခဲဖြင့်ပေါက်ခြင်း၊ပြာဖြင့်ပက်ခြင်း၊ နွားချေးချောက်ဖြင့်ပေါက်ခြင်းများ ပြုကုန်လေ၏။ သတ္တဝါတဦးသည် အခြားသတ္တဝါတဦးအား ဤသို့မဖွယ်ရာသော အမှုမျိုးကို ဘောက်မဲ့ကြောင့်ပြုတုံဘိသနည်းဟူ၍ ရေရွတ်ကြလေကုန်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ထိုခေတ်ထိုအခါ၌ ခဲစသည်ဖြင့် ပစ်ပေါက်ခြင်းကို အဓမ္မ သမ္မတ—မတရားဟု သမုတ်ထားကြ၏။ ထို့ကြောင့် ဝါသေဋ္ဌ၊အကြင်သူတို့သည် မေထုန်မှုကို ပြုကြကုန်သည်ဖြစ်အံ့။ ထိုသူတို့သည် ခဲပေါက်ခံကြရမည် စိုးသောကြောင့် တလတန်သည်၊ နှစ်လတနဲသည် မိမိနေရာရှာ၊ နိုဂုံးသို့မဝင်ဝံ့ကြတော့ကုန်။ ဝါသေဋ္ဌ၊ ထိုသူတို့သည် အလွန် ကြာမြင့်လေမှ ထိုမေထုန်မှုကို မှီဝဲခွင့်ရကြလေရာ ထိုသို့အခွင့်ရသည့် အခိုက်တွင် မေထုန်မှီဝဲမှုကို လူသူဒလေးပါးတို့မမြင်အောင်ဖုံးလွှမ်းရုန်အတွက် လုံခြုံသော အိုးအိမ်များကို တည်ဆောက်ခြင်း ပြုကြကုန်တော့သည်။

ချစ်တပည့် ဝါသေဋ္ဌ၊ထိုအခါ တဦးသောလူပျင်းတယောက်အား ဤသို့ အကြံဖြစ်လေတတ်။ အိုဟို ဘောက်မဲ့ကြောင့် ငါ့ကိုယ်ငါ ညှဉ်းဆဲတော့မည်လဲ၊ ညနေစာအတွက် ညနေတကြိုမ်၊ နံနက်စာအတွက် နံနက်တခါ သလေးစပါးကို သွားသွားယူနေရသည်မှာ ဆင်းရဲလှ၏။ နေ့ဖိုညစာ တခါထဲနှင့်အပြီး သလေးစပါးကို သွားယူထားရလျှင် ကောင်းလေစွဟု ဤသို့အကြံဖြစ်လာလေသတတ်။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့အကြံ ဖြစ်ပေါ်လာသည့် အလျောက် ထိုသတ္တဝါကောင်သည် သလေးစပါးကို နေ့ဖို့ညစာ အတွက်တခါက်တည်းနှင့်အပြီး ယူဆောင်ထားလေတော့သည်။ ဝါသေဋ္ဌ၊ ထိုအခါ နေ့ဖို့ညစာ သိုမှီးထားသော ထိုသူ၏ထံသို့ အခြားသူ တဦးက သွားရောက်ပြီး ဤသို့ ပြောလေသည်။ "အို မိတ်ဆွေလာ သလေးစပါးသွားသယ်ချေကြရအောင်" ဟု ခေါ်လျှင်၊ တော်ပြီမိတ်ဆွေ၊ ကျုပ်သယ်ထားပြီးပြီ။ နေ့ဖို့ညစာ အတွက် တခါတည်းနှင့် အပြီး ကျုပ်ယူလာခဲ့ပြီးပြီဟု အမှန် အတိုင်း ဖွင့်ပြောလိုက်လေသည်။

ချစ်တပည့် ဂါသေဋ္ဌ၊ ထိုစကားကို ကြားလေသောအခါ ထိုကြားရသူသည်လည်း ထိုသူ၏ အတုကိုခိုးကာ နေ့ဖို့ညစာ အတွက် တခါက်တည်းနှင့်အပြီး သလေးစပါးများကို သယ်ယူ၍ ထားပြန်လေသတည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့အားဖြင့် တယောက်ကစတရာ ဆိုသကဲ့သို့ ထိုခေတ် ထိုအခါ၌ သတ္တဝါတို့အား လောဘ သက္ကာဃ ဖက်ပြီးလျှင် သလေးစပါးများကို သယ်၍ အိမ်၌ နေ့ဖို့ညစာ လှောင်ထားကြလေကုန်ပြီကော။ သိုမှီးထားခြင်း၊ စုဆောင်းထားခြင်း ပြုကြလေကုန်ပြီကော။ ထိုအခါ သလေးဆင်းတို့သည် အဖျင်းအညံ့ အရောရော၊ ဖဲအရောရော ဖြစ်လာကုန်လေ၏။ ဆန်လုံးလည်း ရှားကဲ့သို့ ကြီးထွားခြင်း မရှိတော့ကုန်။ သလေးကောက်ပင်တို့သည်လည်း တစုတခဲတည်း မဟုတ်တော့ဘဲ ဟို အနားစုစု၊ သည်အနား စုစုနှင့် ဖြစ်ကုန်လေ၏။

ချစ်တပည့်ဝါသေဌ၊ ထိုသို့သလေးစပါးမျှား ဖျင်းသုဉ်းကုန်သောအခါ ထိုကမ္ဘာဦးသူ လူသားတို့ စည်းဝေးကြပြီး ဤသို့ဆိုးဖြတ်ကြကုန်လေ၏။ "အို အချင်းတို့၊ ယုတ်မာသောအကျင့်ဆိုးတို့သည် သတ္တဝါတို့၏ သန္တာန်၌ ထင်ရှား ဖြစ်ပေါ်လာကုန်ပြီ တကား။ ငါတို့သည် ရှေးအခါက စိတ်ဆန္ဒရှိတိုင်းလိုရာပြီးကုန်၏။ ပိတိလျှင် အစာ ရှိကုန်၏။ ကိုယ်ရောင် ကိုယ်ဝါတလင်းလင်းနှင့် ရှိကုန်၏။ ငှက်များ သဖွယ် ကောင်းကင်၌ ကျက်စားကြကုန်၏။ ဤသို့သော အခြေအနေ မျိုး၌ ငါတို့နှစ်ပေါင်းကြာညောင်းစွာ နေလာခဲ့ကြကုန်သည်။အို အချင်းတို့၊ သလေးစပါးကို ငါတို့ ဝေခြမ်းကြကုန်စို့၊ ကိုယ့်ဟာနှင့် ကိုယ် ဘောင်ခတ်ကြကုန်စို့" ဟူ၍ ဝေခြမ်းခြင်း၊ဘောင်ခတ်ခြင်း ပြုကြကုန်ပြီ။

ချစ်ဘပည့် ဝါသေဌ၊ ထိုသို့ ဝေပုံကျစနစ်ဖြင့် သဘောတူဝေခြမ်း ပြီးသည့် နောက်ကာလတွင် အညတရ သတ္တဝါတယောက်သည် ကိုယ့်ဖို့ ကိုယ့်ဝေစုကို သိမ်းဆည်း ထားပြီး အခြားသူ၏ဝေစုကို ခိုးချ စားလေ၏။ ထိုခိုးသူကို ဖမ်းပြီးလျှင် ဤသို့ ဆုံးမကုန်၏။ "ဟယ် သူယုတ်၊ သို့စင်မျှ ယုတ်မာမှုကို သင် ပြုရက်ဘိစ့၊ ကိုယ့်အတွက်၊ ကိုယ့်ဝေစုကိုတော့ သိမ်းဆည်းထားပြီး အခြား သူ၏ ဝေစုကို ခိုးချ စားရက်ဘိ၏။ ဟယ် အယုတ်တမာကောင်၊ နောင်ကိုဤအကျင့်၊ဤအမှုမျိုးကို မပြုလေနှင့်" ဟူ၍ ဝိုင်းဝန်း ဆုံးမကြသည့်အခါ ထိုသူလည်း ရှောင်ကြဉ်ပါအုံဟူ၍ ငဋ္ဌိညာဉ် ပြုလေသည်။ ဝါဒသဌ၊ သို့ဝန်ခံကတိပြုစေကာမူလည်း ထိုသူသည် သုံးကြိမ်တိုင်တိုင် ထိုပြစ်မှုကို အတင့်ရဲစွာ ကျူးလွန်လေသဘည်း။

ထိုအခါ ထိုသူအား သည်းမခံနိုင်အောင် ဖြစ်လာကြပြီး အချို့တို့ကလက်ဖြင့်ရိုက်မောင်း ပုတ်မောင်း လုပ်ကြကုန်လေ၏။ အချို့တို့က ခဲဖြင့် ပေါက်ကြကုန်လေ၏။ အချို့တို့က ဒုတ်ဖြင့် ရိုက်ကြကုန်လေ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ကမ္ဘာဦးကာလ၌ ထိုသည့် မဖွယ်ရာသော ဖြစ်ရပ်ကို အကြောင်းပြု၍ ခိုးမှုဟူ၍ ထင်လာခဲ့၏။ ကဲ့ရဲ့စရာ ထင်လာခဲ့၏။မုသာဝါဒ ထင်လာခဲ့၏။ဒဏ်ခတ်ခြင်း အာသင် ထင်လာခဲ့၏။

ချစ်တပည့် ဝါဒသဋ္ဌ၊ ဤသို့ မဖွယ်ရာသော ခိုးမှုပြဿနာ ပေါ်ပေါက်လာသောအခါ ကမ္ဘာဦးသူ လူသားတို့ စည်းဝေးကြပြန်ကုန်ပြီ။ စည်းဝေးပြီးလျှင် ဤသို့ဆုံးဖြတ်ကြကုန်ပြီ။ "အို အချင်းတို့၊ သတ္တဝါတို့သန္တာန်၌ ယုတ်မာသော အကျင့်ဆိုး၊ ဝသီဆိုး၊ ညာဉ်ဆိုးများ ကြီးထွားမြဲ ကြီးထွားလျက် ရှိနေပေသည်။ဤယုတ်မာမှုအကြောင်းပြု၍ ခိုးမှုလည်း ထင်မြဲထင်လတ့ံ။ ကဲ့ရဲ့ဘွယ်လည်း ထင်မြဲ ထင်လတ့ံ။ မုသားစကားလည်း ထင်မြဲ ထင်လတ့ံ။ ဒဏ်ခတ်ခြင်း အာသင်လည်း ထင်မြဲ ထင်လတ့ံ။ သို့ကြောင့် အကြင်ပုဂ္ဂိုလ်သည် ငါတို့အား ရှုတ်ချ တန်သူကို ရှုတ်ချ၊ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့၊ ပြည်နှင်ဒဏ်ခတ်ထိုက်သူကို ပြည်နှင်ဒဏ် ခတ်ရာ၏။ ငါတို့သည် ထိုပုဂ္ဂိုလ်အား သလေးစပါး လယ်ထွက်ပစ္စည်း၏ဆယ်ဖို့တဖို့ကို ပေးပေကုန်အံ့။ထိုကဲ့သို့သမာသမတ် ရှိသူ ပုဂ္ဂိုလ်တဦးဦးကို အကြီးအကဲအဖြစ် သမုတ် တင်မြှောက်ကြရသော် ကောင်းလေစ့"ဟူ၍ တိုင်ပင်ကြလေကုန်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ထိုသို့ အကြီးအကဲ တင်မြှောက်ရန် ဆုံးဖြတ်ကြပြီးသောအခါ ထိုကမ္ဘာဦးသူ လူသားတို့သည် မိမိတို့

အထဲတွင် အကြင်သူသည် ဥပဓိရုပ်လည်း ခန့်ညား၏။ ကြည့်လို ဘွယ်လည်း ကောင်း၏။ သြဇာတိက္ကမလည်း ရှိ၏။ ထိုသူ၏ထံသို့ ချဉ်းကပ်၍ ဤသို့ တောင်းပန်ကြကုန်ပြီ။

"အို အရှင်၊ ကြွခဲတော်မူပါ၊ ကျွန်ုပ်တို့ အထဲမှာ ရွာဘ်ချထိုက်သူရှိပါက ပိုင်နိုင်စွာ ရွတ်ချတော်မူပါ၊ ကဲ့ရဲ့ထိုက်သူ ရှိကာလည်း ကျကျနန ကဲ့ရဲ့တော် မူပါ၊ နှင်ထိုက်သူ တွေ့ကလည်း မထောက်မညှာ နှင်တော်မူပါ၊ အရှင့်အား လယ်ထွက် စပါးသလေး ဆန်မျှားကို ဆယ်ဖို့တဖို့၊ ဆယ်ခိုင့်တခိုင် အကျွန်ုပ်တို့ ပူဇော်ပါကုန်အံ့" ဟူ၍ တောင်းပန်ကြကုန်ပြီ။ ဝါသေဋ္ဌ၊ထိုအရှင်ကလည်း—"အဓမောင်တို့ ကောင်းပြီ" ဟု ဝန်ခံပြီးလျှင် အုပ်ချုပ်ခြင်း ပြုခဲလသည်။ ကမ္ဘာဦး သူတို့ကလည်း သူတို့ ဝန်ခံ ကတိရှိကြသည့်အတိုင်း ထိုသူအား လယ်ထွက်ပစ္စည်းမှ ဆယ်ခိုင့်တခိုင်ကို ထိုအရှင်အား ပူဇော်ခြင်း ပြုကြကုန်ပြီ။

ချစ်တပည့် ဝါသေဋ္ဌ၊ လူအများစုက သမုတ်တင်မြောက်သည်ကို အကြောင်းပြု၍ "မဟာသမ္မတ၊ မဟာသမ္မတ" ဟူ၍ သာလျှင် ဒေါ်ခေါ်စွာ အကွာရာဖြစ်လာသည်။ ဝါဒသေဋ္ဌ၊လယ်တို့ကို အစိုးရသူဆိုသည်ကို အကြောင်းပြု၍ "ခတ္တိယ၊ ခတ္တိယ" ဟူ၍ သာလျှင် ဒုတိယအကြိမ် အကွာရာ ဖြစ်လာသည်။ ဝါသေဋ္ဌ၊ တရားသဖြင့် လူတို့ကိုနှစ်သက်စေသူ ဆိုသည်ကို အကြောင်းပြု၍ "ရာဇာ၊ရာဇာ" ဟူ၍သာလျှင် တတိယအကြိမ် အကွာရာ ဖြစ်လာသည်။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့အားဖြင့် ထိုကမ္ဘာဦးသူလူသားတို့ အားသာလျှင် ဤသို့သဘောရှိသောခတ္တိယာမျိုးမင်းအပေါင်း

အား ရှေးဦး အမြတ်ဟူ၍ သိအပ်သော အကွာရာဖြင့် ထင်ရှား ဖြစ်ပေါ်လာခြင်း ဖြစ်လေပြီ။ တပါးသူ တို့အား မဖြစ်လေ။ ထိုသူတို့နှင့် အလားတူသူတို့အားသာလျှင် ထင်ရှား ဖြစ်လေပြီ။ မတူသူတို့အား မဖြစ်လေ။ တရားသဖြင့် သာလျှင် ထင်ရှား ဖြစ်လေပြီ။ မဘရားသဖြင့် မဖြစ်။ ဝါသေဒ္ဓ၊ ယဉ်ကျေးမှုတရား ဟူသည်ကား ဤလူလောကဦး မျက်မှောက်ဘဝအဖြစ်မှာဖြစ်စေ၊ အခြားတပါးသော ဘဝအဖြစ်မှာ ဖြစ်ခဲစေ မြတ်သည်သာလျှင် မဟုတ်ပါသော။

ချစ်တပည့် ဝါသေဒ္ဓ၊ မဟာသမ္မာမင်းအဖြစ် တင်မြောက် ပြီးသော ထိုအခါဦး ထိုကမ္ဘာဦးသူ လူသားတို့ အနက် အချို့သော ပုဂ္ဂိုလ်တို့အား ဤသို့သော တွေးခေါ်မှုမျိုး ဖြစ်ခဲပေါ်လာလေသည်။ "အို အချင်းတို့၊ ယုတ်လျစ်ဖွာသော အကျင့်ဆိုး၊ ဝသီဆိုး၊ စရိုက်ဆိုး၊ ညာဉ်ဆိုးတို့သည် သတ္တဝါတို့ သန္တာန်စယ် ကြီးထွားဆဲ ကြီးထွား လျက်ပင် ထင်ကုန်သည် တကား။ ဤသည်ကို အခေကြောင်းပြု၍ ခိုးမှုလည်း ထင်ဦးလတံ့။ ကဲ့ရဲ့ ဘွဲ့ယ်လည်း ထင်ဦးလတံ့။ မုသာဝါဒလည်း ထင်ဦးလတံ့။ ဒဏ်ခတ်ခြင်း၊ နှင်ဒဏ်ပေးခြင်းလည်း ထင်ဦးလတံ့။ ငါတို့သည် အကုသိုလ်မှု ထိုဒုစရိုက်တရားတွေကို မျောပစ်လိုက်ကြသော် ကောင်းလေစ့" ဤသို့သော အတွေးအခေါ်မျိုး ဖြစ်ခဲပေါ်လာကြပြီးလျှင် အကုသိုလ်အသိုက် ဒုစရိုက်မှုတွေကို မျောသိုက်ကြလေကုန်ပြီ။

ချစ်တပည့် ဝါသေဒ္ဓ၊ ယင်းသည့် အကုသိုလ်အမှိုက် ဒုစရိုက်မှုဘွဲ့ကို မျောလိုက်သည်ကို အခေကြောင်းပြု၍ 'ပြာဟွာ၊

ပြာဟ္မဏ'ဟူ၍သာလျှင်ခေါ်ဝေါ်စစ်ဆေးခြင်းအကျိုးရှိ၏။ ထိုကမ္မာဦးသူ လူသားတို့သည် တောအရပ်၌ သစ်ရွက်မိုးသောကျောင်းများ တည်ဆောက်ကြလျက် ထိုကျောင်းတို့၌ ဈာန်ဝင်စားကြကုန်၏။ ချက်၍ စားအပ်သောအစာမရှိသောကြောင့် မီးကျည်းလည်းဆိတ်၊ မီးခိုးလည်း တိတ်ကုန်၏။ ထုထောင်း၍ ချက်ဘွယ်မရှိသောကြောင့် ကျည်ပွေလည်း ဆောင်စရာ မလိုတော့ကုန်။ နေ့ဖို့ညစာအတွက် အစာရှာရန်အလို့ငှာ ရွာ၊ နိုဂုံး၊ မင်းနေပြည်တို့သို့ သက်ဝင်ကြကုန်၏။

ထိုကမ္မာဦးသူ လူသားတို့သည် အစားအစာ ရကြကုန်လတ်သော် တောသို့တဖန် ပြန်လာကြကုန်ပြီး သစ်ရွက်မိုးသောကျောင်းတို့၌ ဈာန်ဝင်စားကြကုန်၏ ထိုသူတို့၏ အမှုအကျင့်ကို လူတို့ မြင်ကြလေသော် ဤသို့ ဆိုကြကုန်ပြီ။ 'အို အချင်းတို့၊ ဤသူတို့ကား မတော အရပ်၌ သစ်ရွက်မိုးကျောင်းတို့ကို ဆောက်လျက် ထိုကျောင်းတို့၌ နေ၍ ဈာန်ဝင်စားကြကုန်၏။ ချက်၍စားအပ်သောဟင်းမရှိသောကြောင့် မီးကျည်းလည်းဆိတ်၊ မီးခိုးလည်းတိတ်ကုန်၏။ ထုထောင်း၍ ချက်ဘွယ် မရှိသောကြောင့် ကျည်းပွေလည်း ဆောင်စရာ မလိုတော့ကုန်။ နေ့ဖို့ ညစာအတွက် အစာရှာရန်အလို့ငှာ ရွာ၊ နိုဂုံး၊ မင်းနေပြည်တို့သို့ သက်ဝင်ကြကုန်၏၊ သူတို့သည် အစားအစာရှာ၍ ပြည့်စုံလုံလတ်သော် တောသို့ဖဖန် ပြန်လာကြပြီး သစ်ရွက်မိုးကျောင်းတို့၌ ဈာန်ဝင်စားကြကုန်၏' ထိုသည်ကို အကြောင်းပြု၍ 'ဈာဃကာ၊ ဈာဃကာ' ဟူ၍သာလျှင် ဒုတိယအကြိမ် အကွာရာ ဖြစ်လေ၏။

ချစ်သူပည့်ဝါသော်ငြား၊ ထိုကမ္မာဦးသူ လူသားတို့အနက်တွင် အချို့သောသူတို့သည် တောအရပ်၊ သစ်ရွက်မိုး ကျောင်းများ၌

ထိုစျာန်ကို ဝင်စားခြင်းငှာ မစွမ်းနိုင်ကြကုန်သည် ဖြစ်၍ ရှင်၏ အနီး၊ နိဂုံး၏အနီးသို့ သက်ဝင်ကြပြီးလျှင် သုံးပုံသော ဗေဒင်ကျမ်းတို့ကို မှတ်မံလျက်ငင်း၊ ပို့ချလျက်ငင်း နေကြကုန်၏။ ထိုသူတို့ကို လူတို့ မြင်လတ်သော် ဤသို့ ဆိုကုန်၏။ 'အို အချင်းတို့၊ ဤသူတို့ကား တောအရပ် သစ်ရွက်မိုးကျောင်းများ၌ စျာန်ဝင်စားခြင်းငှာ မစွမ်းနိုင်ရှာကြသောကြောင့် ရှာ၊ နိဂုံးအနီးသို့ ချဉ်းကပ်ကြပြီး ဗေဒင်ကျမ်းများကို မှတ်မံခြင်း၊ ပို့ချခြင်း ပြု၍ နေကြကုန်၏။ ယခုအခါတွင် ဤသူတို့ကား စျာန်မဝင်စားကြတော့ကုန်' ဤသို့ ဆိုပြောကြသော စကားကို 'အကြောင်းပြု၍ 'အဋ္ဌာယကာ၊အဋ္ဌာယကာ'ဟူ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရ အက္ခရာသည် ဖြစ်လေ၏။

ချစ်တပည့်ဝါသေဋ္ဌ၊ ယခုအခါ၌ 'မြတ်သည်၊ အမြတ်' ဟူ၍ သမုတ်ထားသော မန္တာန်ဆောင်ခြင်း၊ မန္တာန်ပို့ချခြင်းကို ထိုခေတ် ထိုအခါကမူ 'ယုတ်သည်၊ အယုတ်'ဟု သမုတ်ထားကြ၏။ ဝါသေဋ္ဌ၊ ဤပြောဟူလတ္တံအပေါင်း၏ ရှေးဦးဖြစ်သော အမြတ်ဟူ၍ သိအပ်သည့်အကွာထု ဖြစ်ပေါ်ခြင်းသည် ထိုသူတို့ အားသာ ဖြစ်၏။ တပါးသူတို့အား မဖြစ်လေ။ ဖြစ်သော်လည်း တထားသဖြင့်သာ ဖြစ်သည်။ တထားမဲ့ မဖြစ်လေ။

ချစ်တပည့် ဝါသေဋ္ဌ၊ ယဉ်ကျေးမှုတရား ဆိုသည်မှာ မျက်မှောက်ဖြစ်သော ဘဝ အဖြစ်ဋ္ဌေသော်လည်း၊ တပါးသော ဘဝ အဖြစ်၌သော်လည်း၊ ဤလူပြည်လောက၌ မွန်မြတ်သည်သာပင်တည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ ထိုကမ္ဘာဦးသူ လူသားတို့အနက်တွင် အချို့အချို့သော သူတို့သည် မေထုန်အကျင့်ကို ဆောက်တည်ကြ

ကုန်လျက် (မေထုန်မှီဝဲခြင်း အမှုကို မစွန့်ကြကုန်လော်) နှားကျောင်းခြင်း၊ ကုန်ရောင်းခြင်း၊ လယ်ထွန်ခြင်း စသော လူမှုလုပ်ငန်းကိစ္စ အဝဝတို့ကို ပြုကြကုန်၏။ ဝါသေဋ္ဌ၊ ဤသည်ကို အကြောင်းပြု၍ပင် 'ဝေဿ၊ ဝေဿ' ဟူ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရ အကွဲရာသည် ဖြစ်လာ၏။

ချစ်ဟမည့် ဝါသေဋ္ဌ၊ ဤသို့လျှင် ဤကုန်သည့် အပေါင်း၏ ရှေးဦး ဖြစ်သော အမြတ်ဟူ၍ သိအပ်သည့် ဝေါဟာရ အကွဲရာ ဖြစ်ပေါ်လာခြင်းသည် ထိုကုန်သည်တို့အား သာ ဖြစ်၏။ အခြားသူတို့အား မဖြစ်။ ယင်းတို့နှင့် သဘာဝချင်း တူသူတို့အား သာ ဖြစ်၏၊ သဘာဝချင်း မတူသူတို့အား မဖြစ်။ ဖြစ်သော် တရားနှင့် ယှဉ်၍သာ ဖြစ်သည်။ တရားမဲ့ မဖြစ်လေ။

ချစ်တပည့် ဝါသေဋ္ဌ၊ ယဉ်ကျေးမှုတရား ဆိုသည်မှာ မျက်မှောက်ဖြစ်သော ဘဝ အဖြစ်၌ ဖြစ်စေ၊ တပါးသောဘဝ အဖြစ်၌ ဖြစ်စေ၊ မည်သည့်ဘဝ၌မဆို ဤလူမလောက၌ မှန်မြတ် သည်သာ ပင်တည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ ထိုကမ္ဘာဦးသူ လူသားတို့ အထဲတွင် အကြင်သူတို့သည် ထို မင်း၊ ပုဏ္ဏား၊ ကုန်သည် စာရင်းတွင် မပါဘဲ ကြွင်းကျန်ရစ်ကုန်၏။ ထိုသူ ထိုသူတို့သည် ကြမ်းကြုတ် သောအကျင့်၊ ယုတ်ညံ့သောအကျင့်ရှိသူတို့ ဖြစ်ကုန်၏။ ဝါသေဋ္ဌ၊ ဤသည်ကို အကြောင်းပြု၍ပင် ထိုသူတို့အား သုဒ္ဒါ၊ သုဒ္ဒါ' ဟူ၍ ခေါ်ဝေါ်အပ်သော ဝေါဟာရ အကွဲရာသည် ဖြစ်လာ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့လျှင် ဤဆင်းရဲသား အသိုင်း အဝန်း၏ ရှေးဦးဖြစ်သော အမြတ်ဟူ၍ သိအပ်သည့် ဝေါဟာရ အကွဲရာ ဖြစ်ပေါ်ခြင်းသည် ထိုသူဆင်းရဲတို့ အား သာ ဖြစ်၏။

အခြားသူတို့အား မဖြစ်။ ယင်းတို့နှင့် သဘာဝချင်း တူသူတို့အားသာ ဖြစ်၏။ မတူသူတို့အား မဖြစ်။ ဖြစ်သော် တရားနှင့် ယှဉ်၍သာ ဖြစ်၏။ တရားမဲ့ မဖြစ်လေ။

ချစ်တပည့် ဝါသေဋ္ဌ၊ ယဉ်ခကျေးမှုသဘော ဆိုသည်မှာ မျက်မှောက်ဖြစ်သော ဘဝ အဖြစ်၌ သော်လည်းကောင်း၊ သို့မဟုတ် တပါးသောဘဝ အဖြစ်၌ သော်လည်းကောင်း ဤလူလောက၌ မှန်မြတ်သည်ပင်တည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားလေးပါးသော အမျိုးအနက်မှ ဘုရင်လုပ်နေသူသည် မိမိ၏ အမှုအကျင့်ကို ရှက်နိုးသဖြင့် ထိုးနှန်းကိုစွန့်၍ 'ငါ ရဟန်းပြုအံ့' ဟူ၍ ရဟန်းပြုသွားလေ၏။ ဤသို့သော အခါမျိုးလည်း ရှိပေသည် ဝါဒသေဋ္ဌ။

ထို့အတူ ချစ်တပည့် ဝါသေဋ္ဌ၊ ပုဏ္ဏားသည်၎င်း၊ ကုန်သည်သည်၎င်း၊ ဆင်းရဲသားသည်၎င်း၊ ကိုယ့် အကြောင်း ကိုယ်သိ၊ ကိုယ့်လိပ်ပြာ ကိုယ်လန့်ပြီး ကိုယ့်ကိုယ်ကို ရွတ်ချလျက်၊ ဝတ်ကြောင်ကိုစွန့်၍ 'ငါ ရဟန်းပြုအံ့' ဟူ၍ ရဟန်းပြုသွားလေ၏။ ဤသို့သော အခါမျိုးလည်း မရှိမဟုတ်။ ရံခါ ရံခါ ရှိတတ်ပေသည်။

ချစ်တပည့် ဝါသေဋ္ဌ၊ ဤသို့လျှင် လေးမျိုးသော အသိုင်းအဝိုင်းတို့တွင် ရဟန်း အသိုင်းအဝိုင်းတခု ထင်ရှား ဖြစ်ပေါ်ခြင်းသည် အမျိုးလေးပါးတို့၌ အကြုံးဝင်ကုန်သော ထိုသတ္တဝါတို့အားသာ ဖြစ်၏။ အခြား သူတို့အား မဖြစ်။ ယင်းတို့နှင့် သဘာဝချင်း တူသူတို့အားသာ ဖြစ်၏။ မတူသူတို့အား မဖြစ်။ ဖြစ်သော် တရားနှင့်ယှဉ်၍ ဖြစ်၏။ တရားမဲ့စွာ မဖြစ်ခဲလေ။

ဗုဒ္ဓမြတ်စွာဘုရားသည် ကိုရင်ဝါးသင္ဘအား အမျိုးလေးပါး သရုပ်ကို ခဲ့ခဲ့ခြားခြား မြွက်ကြားတော်မူပြီးနောက် မည်သူမဆို ကိုယ်၊ နှုတ်၊ နှလုံး ဤသုံးပါးကို စောင့်စည်းဖို့ လိုအပ်ပုံ၊ ဤသို့ စောင့်စည်းခြင်း မရှိချေက မည်သို့ဖြစ်ပုံမျှားကိုဆက်၍မြွက်ကြား တော်မူပြန်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ မင်းလုပ်သူ သည်လည်း ကိုယ်ဖြင့် မကောင်းသော အကျင့် ကျင့်၏။ !နှုတ်ဖြင့် မကောင်းသော အကျင့် ကျင့်၏။ စိတ်ဖြင့် မကောင်းသော အကျင့် ကျင့်၏။ ဤသို့ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးဖြင့် ဒုစရိုဏ်မှု မျှားကို ပြုချင်တိုင်း ပြုပြီးလျှင် မိစ္ဆာဒိဋ္ဌိအယူကို ယူ၏။ မိစ္ဆာဒိဋ္ဌိကဲ့သို့ ဆောက်တည်၏။ ဤသို့သော ဤသို့သော ဒုစရိုက်မှု အစုစု တို့ကြောင့် ထိုမင်းသည် ခန္ဓာစဲသော် အပါယ် လေးပါးသို့ လားရောက်ရလေ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားတို့ လည်း ထိုနည်း အတိုင်းပင်တည်း။ ကံသုံးပါးကို လုံအောင် မစောင့်စည်းသော်လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိ အယူကို ယူလျက် မိစ္ဆာဒိဋ္ဌိကံကို အလုပ်အကျေး ပြုခဲ့သော်လည်းကောင်း၊ မည်သူ မဆို သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ လားရောက် ရမည်သာ ဖြစ်ပေ၏။

ချစ်တပည့် ဝါသေဋ္ဌ၊ မင်းလုပ်သူ သည်လည်း ကိုယ်၊ နှုတ်၊ နှလုံး ဤသုံးပါးလုံးဖြင့် မကောင်းသောအကျင့်ကို ကျင့်၏။ သမ္မာဒိဋ္ဌိအယူကို ယူ၏။ သမ္မာဒိဋ္ဌိကံကို ယူ၏။ သမ္မာဒိဋ္ဌိကံကို

ဆောက်တည်၏။ ဤသို့ ဤသို့သော သုစရိုက်မှု ကုသိုလ် အစုစု တို့၏ အကျိုးအားဖြင့် ထိုမင်း ကွယ်လွန်သော် နတ်ရွာသို့ လား၏။ ချစ်တပည့် ဝါသေဋ္ဌ၊ ကျန် ပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသား တို့လည်း ဤနည်း နှင်နှင့်ပင်တည်း။ ကောင်းသော အမှု၊ ကောင်းသော အကျင့်ကို ကျင့်သူမှန်က မည်သူမဆို နတ်ရွာသုဂတိသို့လားရောက်လေမည်သာတည်း။

ချစ်တပည့် ဝါသေဋ္ဌ၊ ဆက်၍ မှတ်သား နာယူဦးလော့။ မင်းလုပ်သူ သည်လည်း ကိုယ်ဖြင့် ကောင်းမှု၊ မကောင်းမှု နှစ်မျိုးကို ပြု၏။[၁] (ရုံခါ ကောင်းမှုကိုပြုပြီး၊ ရုံခါ မကောင်းမှုကို ပြု၏။) နှုတ်ဖြင့်ကောင်းမှု၊ မကောင်းမှု နှစ်မျိုးကိုပြု၏။ စိတ်ဖြင့် ကောင်းမှု၊ မကောင်းမှုနှစ်မျိုးကို ပြု၏။သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ အယူ နှစ်မျိုးကို ယူ၏။ ထိုအယူနှစ်မျိုးကို အလုပ်အကျေးပြု၏။ ဤသို့ အယူနှစ်မျိုးကို အလုပ်အကျေးပြု ဆောက်တည်မှုကြောင့် ထိုမင်း ကွယ်လွန်ခဲ့သော် ချမ်းသာ၊ ဆင်းရဲ နှစ်မျိုးကို ခံစားရလေ၏။

(မှတ်ချက်။ ။ချမ်းသာ ဆင်းရဲ ခံစားရမှုနှင့် ပတ်သက်၍ အဋ္ဌကထာ၌ ဖွင့်ပြသည်ကား သူခ ဒုက္ခပဉှသံဝေဒီ ဟောတိတိ စကကွဏေ ဥဘယ ဝိပါက ဒါနဋ္ဌာနံနာမ နတ္ထိ။ ။အဓိပ္ပာယ်မှာ တပြိုင်နက်သောခဏ အကျိုးနှစ်ခုကို ပြိုင်တူပေးသော ဌာန

၁။ ဒုယကာရီတိ ကာလေကုသလံ ကရောတိ။ ကာလေန အကုသလန္တိ ဧဝံ ဥဘယကာရီ။

သုတ်ပါဌေယျ၊ အဋ္ဌကထာ၊ ဒုစ္စရိတာဒိ ကထာ ဝဏ္ဏနာ ၅၅၊ ဆဋ္ဌမှ။

မည်သည် မရှိ။ အကြင်သူသည် အကုသိုလ်ကို များများပြု၏။ ကုသိုလ်ပြုသည်ကား နည်း၏။ ထိုသူသည် ထိုအနည်းငယ်ပြုသော ကုသိုလ်ကို အမှီပြု၍ မင်းမျိုးဌေသော်ငင်း၊ ပုဏ္ဏားမျိုးဌေဌင်း ဖြစ်ရ၏။ ထိုသို့ဖြစ်ရသော်ငြားလည်း ပြုခဲ့ဘူးသော အကုသိုလ်ကံကန်းအောင်ပြု၏။ ကုန်းအောင်လည်း ပြုတတ်၏။ ဆုံအောင်လည်း ပြုတတ်၏။ ထိုသူသည် မင်းအဖြစ်နှင့်သော်လည်း မထိုက်တန်ဖြင်တတ်၏။ မင်းဖြစ်သည့်တိုင်အောင်လည်း အဘိသိက်သွန်းလေသောအခါ မင်းစည်းစိမ်ကို သုံးဆောင်ခြင်းငှာ မစွမ်းနိုင် ဖြစ်တတ်၏။

ကွယ်လွန်သောအခါ၌ ကမ္ဘာကျော် လက်ဝေ့ သမားကြီး နှစ်ဦးကဲ့သို့ ထိုကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံး ဟုန်းကန် ထလာကုန်လေ၏။ ယင်းနှစ်မျိုးတွင် အကုသိုလ်က အားကောင်းသည် ဖြင်အံ့၊ ထိုအကုသိုလ်က ကုသိုလ်ကို ဟန့်တားလိုက်ပြီးလျှင် တိရစ္ဆာန်ဘုံ၌ ဖြစ်စေ၏။ ကုသိုလ်ကံသည်လည်း ပဝတ္တိ ဖြစ်ရာဘဝ၌ ခံစားအပ်သည် ဖြစ်၏။ ထိုသူကို မင်္ဂလာဆင်တော်ကို သော်လည်းကောင်း၊ မင်္ဂလာ မြင်းတော်ကိုသော်လည်းကောင်း၊ မင်္ဂလာ နွားလားဥသဘကိုသော်လည်းကောင်း ပြုကုန်၏။ ထိုသူတို့သည် ဤသမ္ဗတ္တိ (စည်းစိမ်ချမ်းသာ)ကို ခံစားရ၏။ ဤသည်ကို ရည်ရွယ်၍ 'သုခ ဒုက္ခ ပဋိသံဝေဒီ' ဟု ဆိုပေသတည်း။ သုတ်ပါဌ်ထေယျအဋ္ဌကထာ၊ ဒုစ္စရိတဒီကထာ ဝဏ္ဏနာ။ ၅၅)

ချစ်တပည့် ဝါသေဋ္ဌ၊ မင်းလုပ်သူသည်လည်း ကိုယ်အမူအရာဖြင့် စောင့်စည်း၏။ နှုတ်အမူအရာ စိတ်အမူအရာဖြင့် စောင့်

စည်း၏။ ဗေဒဓိပက္ခိယတရား ခုနှစ်ပါး ပွားများခြင်းကို အစဲပြု၍ မျက်မှောက် ဘဝ၌ပင် ကိလေသာခပ်သိမ်း ငြိမ်းသွား၏။ ချစ်တပည့် ဝါသေဋ္ဌ၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲတို့ကိုလည်း ဤအတိုင်း မှတ်ထု၏။

ဗုဒ္ဓမြတ်ဘုရားသည် ဤသို့အားဖြင့် အမျိုးလေးပါးတို့ကို ပြပြီးလျှင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော သစ္စာလေးပါးရှိသူ ဧဟန္တာပုဂ္ဂိုလ်သည်သာ နတ်လူတို့တွင် အမြတ်ဆုံးဖြစ်ကြောင်း၊ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ အမျိုးလေးပါးတွင် မည်သည့်အမျိုးပင် ဖြစ်စေကား၊ မူ အာသဝေါကုန်ခန်းပြီး ရဟန္တာမဟုတ်သမျှ မြတ်သောအမျိုးဟု မဆိုထိုက်ကြောင်းကို ကိုရင် ဝါဒသဋ္ဌအား ပြောပြတော်မူ၏။

ထိုအကြောင်းကို ပုဏ္ဏားလူမျိုးတို့ ကိုးကွယ်ခြင်းပြုကြသည့် 'သနင်္ကုမာရ' မည်သော ဗြဟ္မာမင်းက ဂါထာတွတ်တွတ်ရွတ်၍ ချီးကျူးကြောင်းကိုပါ ဆက်၍ မြွက်ကြားတော်မူလေသည်။

ချစ်တပည့် ဝါသေဋ္ဌ၊ ယင်း အမြတ်ဆုံးပြဿနာနှင့် ပတ်သက်၍ သနင်္ကုမာရမည်သော ဗြဟ္မာသည်လည်း ဤဂါထာကို ဆိုအပ်ပြီ။

၁။ ၁၊ သတိပဋ္ဌာန် လေးပါး။ ၂၊ သမ္မပ္ပဓာန် လေးပါး။
၃၊ ဣဒ္ဓိပါဒ်လေးပါး။ ၄၊ ဣန္ဒြေ ငါးပါး။ ၅၊ ဗိုလ်ငါးပါး။
၆၊ ဗောဇ္ဈင် ခုနစ်ပါး။ ၇၊ မဂ္ဂင် ရှစ်ပါး။

ခတ္တိယော သေဋ္ဌော ဇနေတာသ္မိ၊
ယေ ဂေါတ္တ ပဋိသာရိနော။
ဝိဇ္ဇာ စရဏ သမ္ပန္နော။
သော သေဋ္ဌော ဒေဝမာနုသေ။

အကြင်သူတို့သည် အနွယ်ကို သာယာကုန်၏၊ အနွယ်ကို အလေးအမြတ် ထားကြကုန်၏။ ဤအနွယ်ကို သာယာကြသူ၊ ဥယျာဉ်စု၊ လှူအသိုင်းအဝိုင်း၌ မင်းမျိုးသည် မြတ်၏။အမြတ်ဆုံး ဖြစ်၏။ အကြင်သူသည် အသိဉာဏ်=ဝိဇ္ဇာ၊ အကျင့်=စရဏနှင့် ပြည့်စုံ၏။နတ်ပြည်၊ လူ့ချပ်၊ လောကဓာတ်၌ ထိုသူသည် မြတ်၏။ အမြတ်ဆုံး ဖြစ်၏။

ချစ်တပည့် ဝါသေဋ္ဌ၊ သနင်္ကုမာရ ဗြဟ္မာ ရှတ်ဆိုသော ထိုဂါထာကား ကောင်းသော ဂီတပုဒ်ဟု ဂါဆို၏။ မကောင်း သောဂီတ မဟုတ်။ သူစကားသည် စကားကောင်း၊ မကောင်း စကား မဟုတ်။ သူစကားသည် အကျိုးရှိ စကား၊ အကျိုးမဲ့ စကား မဟုတ်။ သူစကားကို ဂါလက်ခံသည်။ ဂါကြိုက်နှစ် သက်သည်။ ဂါလည်း ဤအတိုင်းပင် ဆိုသည် ဝါသေဋ္ဌ။

ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့် မြတ်ဗုဒ္ဓသည် ကိုရင် နှစ်ပါးအား "အမြတ်ဖြတ်ဝါဒ" ပြုပြီးလျှင် တရားတော်ကို အရဟတ္တဖိုလ် အထွတ်တင်၍ အဆုံးသတ်တော်မူ၏။ ဘာရဒ္ဒါဇ၊ ဝါဒသဋ္ဌ ဤသည်းဟူသော ကိုရင်နှစ်ပါးတို့ကား ဘုရားသခင်၏ တရားတော်ကို သာဓုခေါ်၍ မဆုံးနိုင်အောင်ပင် ဖြစ်နေကြလေသတည်း။

(သုတ်ပါဌေယျပါဠိတော်၊ အဂ္ဂညသုတ်။
၆၆၊ ဆဋ္ဌမှု။)

လူကို ဒုက္ခပေးနေသူ တရားခံ

အဝေးကကြည့်လျှင် သစ်ငုတ်တိုပေါ်၌ ငှက်တကြီးတကောင် နားနေသည် ထင်ရ၏။ ငှက်တကား မဟုတ်။ ဂိဇျကုဋ္ဌတောင် ဖြစ်လေသည်။ ထိုတောင်၏ အထွဋ်သည် ငှက်တနှင့် တူသည်ကို အစဲပြု၍ ဂိဇျကုဋ္ဌတောင်ဟု ခေါ်ခြင်း ဖြစ်၏။

ထိုဂိဇျကုဋ္ဌတောင်ရယ်၊ ဝေပုလ္လတောင်ရယ်၊ ဣသိဂိရိတောင်ရယ်၊ ဝေဘာရ တောင်ရယ်၊ ပဏ္ဍဝတောင်ရယ် ဤတောင်ငါးလုံးတို့သည် ရာဇဂြိုဟ်မြို့ကို ဖုံးလွှမ်းလျက် တည်ရှိ ကုန်၏။ သို့ကြောင့်လည်း "တောင်ငါးလုံး ကာခို ရာဇဂြိုဟ်" ဟု အစဉ် ဆသာအား ဖြင့် ဆိုစမှတ် ပြုလာခဲ့ကြသည်။ ဤတောင်ငါးလုံးတို့ကား ရာဇဂြိုဟ်၏ ထင်ရှားသော အမှတ်အသားများ ဖြစ်ကြသတည်း။

ထိုဆရာ ဘာသာရေးဆိုင်ရာ အဆောက်အဦထဲက ဆိုပြန်လျှင်လည်း ဝဇ္ဇိဝန်ကျောင်းတော်သည် ရာဇဂြိုဟ်၏ ဘာသာရေး မှတ်ကျောက်တခုပင် ဖြစ်လေသည်။

တနေ့သောနံနက်ခင်း ဆည်းဆာအောက်တွင် ဘုရားသခင်သည် ရဟန်းများစွာ ခြံရံလျက် ဝဇ္ဇိဝန် ကျောင်းဘော်မှ

သပိတ်ပိုက်၍ ထွက်တော်မူလေ၏။ ရွှေရူရာကား ရာဇဂြိုဟ်မြို့ ဖြစ်သတည်း။

ရာဇဂြိုဟ်မြို့ကား ဘာသာရေး သမားများ အလွန်ခြွေရုပ်သော ဝါ၊ ဘာသာရေးပြိမ်းထူ၊ အယူဝါဒ အသီးသီး ရှိသူတို့ စားကျက် ဆိုကလည်း မမှားချေ။ ထိုမြို့ကို ခိုး၍ ဘာသာရေး ပုဂ္ဂိုလ်များစွာတို့ နေထိုင်ကြသောကြောင့် ဖြစ်၏။

ရှလိုက်စမ်းပါဘိ။ ရာဇဂြိုဟ်မြို့တွင်းက လမ်းတနေရာတွင် ဘာသာရေးသမား တိတ္ထိတဦးသည် စိုက်စိုက် စိုက်စိုက်နှင့် လျှောက်လာနေသည်ကော။ သူ့အမည်ကား အစေလကဿပဟု တွင်လေသတတ်။

အစေလကဿပသည် တစုံတရာကို အလေးအနက် တွေးလာဟန်တူ၏။ပတ်ဝန်းကျင်ကို ဂရုမစိုက်။ ဦးခေါင်း ငိုက်စိုက်နှင့် လျှောက်လာသည်။ တနေရာတွင်မူ အမှတ်မထင် ရွှေတူရူဆိုသို့ လှမ်းကြည့်လိုက်သည်။ထိုအခါ သူမျက်နှာသည် သိသိသာသာ ပြောင်းလဲသွားလေသည်။ လှမ်းနေသော ခြေလှမ်းအားမာန်ကို ရွေ့သိုပင့်၍ ဝင့်လိုက်ပြီး ခပ်သွက်သွက်ကလေး ဆက်လျှောက်သွားလေသည်။

ထိုအခါ့်တွင် ရာဇဂြိုဟ်တမြို့လုံး သက််နှံးရောင်ဖြင့် ဖုံးနေလေပြီ။ ဘုရားသခင်နှင့် သံဃာတော်များ ဆွမ်းခံလျှက်ရှိနေ၏။ ဆွမ်းလောင်းသူက လောင်း၊ လှူသူက လှူနှင့် တမြို့လုံး ဒါန အောင်လံ ထူးနေဆဲဖြစ်၏။

ထိုစဉ်အခါ အစေလကဿပသည် ပျာရီးပျာယာနှင့် ဘုရားသခင့်အပါးသို့ ပြေးကပ်လာပြီး ဘုရားသခင် ရှေ့တွင် စုံရပ်လိုက်သည်။ ထိုအခါ ရှေက ကာဆိုး၍ လမ်းပိတ်ထားသကဲ့သို့

ဖြစ်နေ၍ ဘုရားသခင်မှာ မကြွသာ အစေလကဿပ၏အမူအရာကိုသာ အကဲခတ်တော်မူနေသည်။ ရဟန်း သံဃာများကလည်း ဘာ့ကြောင့်ပါလိမ့် ဟူ၍ အစေလကဿပဆီသို့ စောင်းငဲ့၍ ကြည့်ကြကုန်သည်။

ရဟန်းသံဃာများက ကြည့်နေဆဲတွင် အစေလကဿပသည် လက်အုပ်ချီ၍ မြတ်ဘုရားအား မေးလျှောက်လေ၏။

အစေလ။ ။ကျွန်ုပ်အား ခွင့်ပြုပါ အရှင်ဂေါတမ။ အရှင့်အား ကျွန်ုပ် စကားတခွန်းလောက် မေးစမ်းပါရစေ။

ဗုဒ္ဓ။ ။ကဿပ၊ ငါတို့ကား ဆုံမ်းခံနေဆဲဖြစ်၍ မေးရန် မသင့်သေး။ သင့်လျော်သောအချိန်ကို သင်ငံ့လေဦး။

လမ်းပေါ်တွင် သပိတ်ကိုယ်စိနှင့် သံဃာတန်းကြီးမှာထိန်းနေသည်။ ဆုံမ်းလောင်းလိုသူတို့ကလည်း အိမ်ရှေ့ထွက်ကာ ဆုံမ်းအုပ် ကိုယ်စိနှင့် မြော်နေကြသည်။

အစေလကဿပကား သူ့အဖို့ အလွန် အရေးကြီးသော ပြဿနာ ဖြစ်ဟန်တူသည်။ မေးရန်မသင့်သေးဟု တားမြစ်သည့် ကြားမှ သုံးကြိမ်တိုင် မေးမိအောင် မေးရှာလေသည်။ သို့သော် ဗုဒ္ဓသည် သူ့အား ခွင့်မပြု။ မေးရန် မသင့်သေးဟူ၍သာ ဟန့်တားတော်မူ၏။

အစေလ။ ။အို အရှင်ဂေါတမ၊ များများစားစားမမေးပါ။ တခွန်းလောက်ကိုတော့ မေးခွင့်ပြုပါ အရှင်။

ထိုအခါတွင်မူကား ဗုဒ္ဓသည် သူ့အား သနားမိလာဟန်တူ၏။

ဗုဒ္ဓ။ ။သို့ဖြစ်တပြီကား မေးလေ့ဟု ခွင့်ပြုတော်မူလိုက်သော် အစေလကဿပသည် ခပ်သွက်သွက်မေးလျှောက်လေ၏။

အစေလ။ ။အို အရှင်ဂေါတမ၊ ဒုက္ခဟူ၍ ရှိ၏။ယင်း၊ဒုက္ခကို မည်သူ လုပ်ပါသနည်း။ မိမိက လုပ်ပါသလော။ မေးလျှင် ဗုဒ္ဓက လက်ကာလျက်—

ဗုဒ္ဓ။ ။ကဿပ၊ ဤသို့ မဆိုစကောင်း။

အစေလ။ ။သည်လိုဆိုပါလျှင် ဒုက္ခကို အခြားသူ လုပ်ပါသလော။

ဗုဒ္ဓ။ ။ကဿပ၊ ဤသို့ မဆိုစကောင်း။

အစေလ။ ။အရှင်ဂေါတမ၊ သို့ဖြစ်ဘိသော် ဒုက္ခကို မိမိလည်း မလုပ်၊ သူတပါးလည်းမလုပ် မှတ်ရမည်လော့။

ဗုဒ္ဓ။ ။ကဿပ၊ ဤသို့ မဆိုစကောင်း။

အစေလ။ ။အရှင်ဂေါတမ၊ သို့ဖြစ်ဘိသော် ဒုက္ခကို မိမိလုပ်အပ်သည်လည်း မဟုတ်၊ သူတပါး လုပ်အပ်သည်လည်း မဟုတ်၊ အလိုအလျောက် ဖြစ်လာပါသလော။

ဗုဒ္ဓ။ ။ကဿပ၊ ဤသို့ မဆိုစကောင်း။

အစေလ။ ။အရှင်ဂေါတမ၊ သည်လိုဆိုပါလျှင် ဒုက္ခသည် မရှိသလော။

ဗုဒ္ဓ။ ။ကဿပ၊ ဒုက္ခသည် မရှိ မဟုတ်။ ရှိကား ရှိပေ၏။

အစေလ။ ။ရှိခဲ့သော် အရှင်သည် ဒုက္ခကို မသိသလော။ မမြင်သလော။

ဗုဒ္ဓ။ ။ကဿပ၊ ဒုက္ခကို ငါ မသိမဟုတ်၊ မမြင် မဟုတ်၊ ငါ သိပေ၏။ ငါ မြင်ပေ၏။

ထိုသို့ မိန့်တော် မူလိုက်သောအခါ အစေလကဿပသည် ကြောင်စီစီ ဖြစ်သွားလေ၏။ ပါးစပ်ပေါက် အဟောင်းသားနှင့်

အတန်ကြာအောင် ငေးရ၍ ကြည့်နေမိလေ၏။ ဗုဒ္ဓ၏ဖြတော်မှလိုက်ပုံကို ဉာဏ်မမှီသဖြင့် ထပ်၍ မေးလျောက်ပြန်လေ၏။

အစေလ။ ။အရှင်ဂေါတမ၊ အရှင်၏ အဖြကို အကျန့်ပ်မည်သို့ မှတ်ရပါမည်နည်း။ ဒုက္ခကို မိမိပြုပါသလော မေးသော အခါ 'ဤသို့ မဆိုစကောင်း'ဟု မိန့်ပေ၏။ ဒုက္ခကို အခြားသူပြုသလော ဆိုသောအခါဘွင်လည်း 'ဤသို့ မဆိုစကောင်း'ဟူ၍ မိန့်ပေ၏။ဒုက္ခဆိုတာ ရှိပါသလား၊မေးသောအခါဦးကား ရှိသည်ဟူလည်း ပြောသည်၊ ဒုက္ခကို သိသည်း သိသည်၊ မြင်လည်း မြင်သည်ဟူ၍ ပြောသည်။အရှင်ဂေါတမ၊ အရှင်သိသော ဒုက္ခကို ကျန့်ပ်အား ပြောပြတော်မူပါလော ဒုက္ခဆိုသည်မှာ အဘယ်ပါနည်း အရှင်ဂေါတမ။

ဒုဒ္ဓ။ ။ကဿပ၊ သင်မှတ်ဘိ၊လော့။ ထိုသူပြုအပ်၏။ ထိုသူခံစားအပ်၏ဟူ၍ ဘိထား၌ ဖြစ်ခဲ့သော် ဒုက္ခကို မိမိပြုအပ်၏ဆိုသည်သည် သဿတအယူ ဘက်သို့ ယိမ်းသွားလေ၏။ တဖန် သူတပါး ပြုအပ်၏။ သူဘပါး ခံစားအပ်၏ဟူ၍ဘိထားပြီး ဖြစ်ခဲ့ရသော် ဝေဒနာနှိပ်စက်နေခိုက် ဒုက္ခကို တပါးသူ ပြုအပ်၏ဆိုသည်သည် ဥစ္ဆေဒအယူ ဘက်သို့ ယိုင်သွားလေ၏။

ကဿပ၊ငါသည်သဿတအစွန်း၊ဥစ္ဆေဒအစွန်း၊ ဤအစွန်းသို့ မရောက်စေဘဲ အလယ်အလတ်အားဖြင့်သာ တရား ဟောလာခဲ့၏။

သဒါရ = မယားကိုအရပ်ခံအဖြစ်ကြောင့် ပြု၍ ပြုဒိန်ဓာတ်= သဒ်ရတို့ ဖြစ်လာကုန်သည်။ (အဘိဓာနပဒီပိကာ သဒ်ရ)

ဝိညာဏ = ပြုစီရင်မှုသခ်ါရကိုအကြောင်းခံ၍ သိမှု=ဝိညာဏ် ဖြစ်လာသည်။ (သခ်ါရပစ္စယာ ဝိညာဏံ)

နာမရူပ = သိမှု=ဝိညာဏ်ကို အကြောင်းခံ၍ နာမ်၊ ရုပ်တို့ ဖြစ်လာကုန်သည်။ (ဝိညာဏပစ္စယာ နာမရူပံ)

အာယတန = နာမ်၊ရုပ်တို့ကို အကြောင်းခံ၍ တည်ရာ=အာယတန ခြောက်ပါးတို့ ဖြစ်လာကုန်သည်။ (ဝိညာဏပစ္စယာ သဠာယတနံ)

ဖဿ = တည်ရာ=အာယတန ခြောက်ပါးကို အကြောင်းခံ၍ ထိတွေ့မှု=ဖဿ ဖြစ်လာသည်။ (သဠာယတန ပစ္စယာ ဖဿော)

ဝေဒနာ = ထိတွေ့မှု=ဖဿကို အကြောင်းခံ၍ ခံစားမှု=ဝေဒနာ ဖြစ်လာသည်။ (ဖဿပစ္စယာ ဝေဒနာ)

တဏှာ = ခံစားမှု=ဝေဒနာ အကြောင်းခံကြောင့်၊ တပ်မက်မှု=တဏှာ ဖြစ်လာသည်။ (ဝေဒနာ ပစ္စယာ တဏှာ)

ဥပါဒါန = တပ်မက်မှု=တဏှာအကြောင်းခံကြောင့်ပြင်းစွာစွဲလမ်းမှု=ဥပဒါန်ဖြစ်လာသည်။ (တဏှာပစ္စယာ ဥပါဒါနံ)

ဘဝ = ပြင်းစွာ စွဲလမ်းမှု=ဥပါဒါန် အကြောင်းခံ၍ ဘဝ ဖြစ်လာသည်။ (ဥပါဒါနပစ္စယာ ဘဝေါ)

ဇာတိ = ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေနေမှု=ဇာတိဖြစ်လာသည်။ (ဘဝပစ္စယာ ဇာတိ)

ဇရာ၊မရဏ = ပဋိသန္ဓေ နေမှု=ဇာတိ အကြောင်း ခံကြောင့် ဇရာ-အိုမှု၊ မရဏ-သေမှု၊ သောက-စိုးရိမ်မှု၊ ပရိဒေဝ-ငိုကြွေးမှု၊၊ဒုက္ခ-ဆင်းရဲမှု၊ ဒေါမနဿ နှလုံး မသာယာမှု၊ ဥပါယာသ-ပြင်းစွဲပင်ပန်း မှုတို့ ဖြစ်ကုန်သည်။ (ဇာတိပစ္စယာ ဇရာမရဏ သောက ပရိဒေဝ ဒေါမနဿုပါယာသာ)

ကဿပ၊ကျိသို့လျှင်အလုံးစုံသောဆင်းရဲမှုအစုသည်ဖြစ်လာ၏။ အဝိဇ္ဇာ-မသိမှု ချုပ်လျှင် ပြုစီရင်မှု သင်္ခါရတို့ ချုပ်ကုန်လေ၏။ ပြုစီရင်မှု သင်္ခါရတို့ချုပ်ငြိမ်းကုန်သော သိမှုဝိညာဏ် ချုပ်ငြိမ်း၏။ (မှတ်ချက်။ အကြင်းကို ဖြည့်၍ဆို) ကျိသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်လေ၏။

နေရာကား ရာဇဂြိုဟ်မြို့တွင်းက လမ်းမကြီးပေါ်မှာ ဖြစ်၏။ ဗုဒ္ဓက တရား၊ဟောနေလျက်၊ ကဿပက ရှိသေစွာ တရား၊နာနေလျက်။ကျိတရား ဒေသနာတော်၏ အဆုံးတွင်အစေလကဿပ အဖို့ သရဏဂုံ တည်သွား၊လေသည် သာမက မြတ်စွာဘုရား၊ထံ ရဟန်း၊ပြုခွင့် တောင်း၊လေ၏။

မြတ်စွာဘုရား၊အဖို့ ထိုနေ့ ဆွမ်း၊ခံတော်မူရင်း၊မှ ဆွမ်း၊သာလျှင် မက ရဟန္တာဖလောင်း၊လျှာ တပည့်သာဝကတဦး၊ကိုသည်း ထူး၊ထူး ခြား၊ခြား ရရှိ၊တော် မူခဲ့လေသတည်း။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ အာဟာရဝဂ် အဒ၊စလကဿပသုတ်။ ၂၅၉၊ဆဋ္ဌမူ။)

ဗုဒ္ဓကို အပုဒ် ချလိုက်ကြပုံက

ထိုလောဘ၊ ဣလောဘ၊ အနှိအနှိသို့သော လောဘသည်လူတို့၌ ရှိ၏။

လောဘ ဖိစီးလာသော် မိမိလည်း ပျက်၏။ သူကိုလည်း ဖျက်တတ်၏။ ထိုလောဘသည် အဖျက်သမား သက်သက်သာ တည်း။ အပျက်ကို ရှုစေသည်။ အဖျက်ကို အားပေးသည်။ ဣဖြစ် ရုပ်၌ သာဓက ရှိပေ၏။ တိတ္ထိတို့သည် သာဓက၏ ပြဿုဒ်များ ဖြစ်လေသည်။ အဖျက်ဝါဒ၊ အဖျက်လမ်းစဉ်ကို တိတ္ထိတို့သည် လက်တွေ့ (ကာယကံမြောက်) ကျင့်သုံး နေကြသူများ ဖြစ်ကြသည်။ ကျင့်သုံးကြပုံကား ဣသို့ ဖြစ်လေသတတ်။

အစည်းအဝေးတခု ရှိလေသည်။

ထိုအစည်းအဝေးကား တိတ္ထိတို့၏လျှို့ဝှက် အစည်းအဝေး ဖြစ်၏။ စည်းဝေခြင်း၏ အကြောင်းအရင်းကား ဣသို့၊ ဣသို့။

"သခင်တို့၊ ပသို့ ကြံကြမည်နည်း။ ပသို့ လုပ်ကြမည်နည်း။ သည်အတိုင်း နေခဲ့ကြ ကိုယ်တို့ ရပ်တည်နိုင်ရန် ခက်ဂ ပြီ။ ရဟန်းဂေါတမ ပေါ်လာသည့်အချိန်က စ၍ ကိုယ်တို့မှာ သိသိသာသာကြီး လာဘ်တိတ်ခဲ့ကုန်ပြီ။ လူသူမရှိ။ ပေးကမ်းသူ နတ်ဆိ

သည်ဟာတွင် ကရိုးလား။ ကိုယ်တို့ကို ရှိသည် ဟူ၍ပင် လူတွေက မထင် ကြတော့ကုန်။ အဖြစ်ဆိုးနှင့် ကြုံခဲ့ပြီကော။ ပသို့ လုပ် ကြ မည် နည်း။ ရဟန်းဂေါတမ၌ လာဘ်လာဘတို့ကား လို့င်းလုံးကြီးတွေ တက်တက်လာသည့်နှယ်။ ကိုယ်တို့မှာကား လာဘ်လာဘဆိုသည်မှာ လက္ခဏာ သန်းခေါင် မိုးမှောင်ကြီးကျ လေသည့်သဖွယ်။ ဘယ့်နှယ်လုပ်ကြကုန်မည်နည်း"

တဦးသော တိတ္ထိအကြီးအကဲက သူတို့၏ လက်ရှိဘဝ အခြေအနေကို တင်ပြကာ ပရိသတ်ထံ အကြံဉာဏ် တောင်းလေသည်။ ထိုအခါ တိတ္ထိဘဦးက ထ၍ အကြံပေးလေသည်ကား-

"သခင်တို့၊ သခင်တို့၊ ရဟန်းဂေါတမအား လှုပ်လှုပ်နှင့် ကျဆုံးအောင် ပြုနိုင်မည် မထင်။ သူ့နောက်တွင် အလွန် တောင့်တင်းသော ထုထည်ကြီး ရှိနေသည်။ ထို့ကြောင့် ပူးကပ် သတ်နည်းကို အသုံးပြုလေမူ အောင်မြင်အံ့ထင်သည်။ ယင်းကိစ္စ အတွက် ဂေါတမနှင့် ဝင်၍ ပူးနိုင်ရန် ကိုယ်တို့အထဲက ယုံကြည် စိတ်ချရသူ တဦးကောင်း တယောက်ကောင်း လက်ရွေးစင် ရွေးထုတ်ဖို့ လိုသည်။ ထိုသူနှင့် ပူးတဲ့ လုပ်ကြံမှသာ ဂေါတမ သတင်းမှိန်ပြီး သူ၏ လာဘ်လာဘအရှိန်လည်း ကျဆုံးသွားမည် ဖြစ်သည်။ သို့ဖြစ်လေထု ဂေါတမနှင့် ဝင်ဆုံနိုင်မည့်သူကို ရွေးဦးစွာ ရွေးသင့်ကြောင်း အကြံပေးလိုပါသည်"ဟု ဆို၏။

ဤ အကြံးပးချက်ကို လက်ခံသည့်အနေဖြင့် တိတ္ထိဘဦးက ထ၍ နှစ်လိုက်ပြီး ထောက်ခံစကားပြောရင်း ရဟန်းဂေါတမနှင့် သင့်လျော်မည့်သူကို ထောက်ပြလေသည်။

"သခင်တို့ဘုရား၊ ခုနက တင်ပြသွားသော သခင်၏ အကြံပေးချက်ကား အထူးပင် လျော်ကန်လှပါသည်။ ထိုအသံကြား

လိုက်ရစဉ်ကပင် သုန္ဒရီကို ပြေး၍ မြင်ယောင် လာပါသည်။ ယင်းကဲ့စိုအတွက် သုန္ဒရီကိုသာ တာဝန် ပေးရသော် မုချ အောင်မြင်လိမ့်မည်ဟု ယုံကြည်စရာ ရှိပါသည်။ ရဟန်းဂေါတမ သည် အလွန်လှသူ ဖြစ်ပါသည်။ သူလှသလို သုန္ဒရီကလည်း လှသည်။ အလှချင်း ထပ်ဖက်၍ အတူနေမိသော် ယုတ်စွအဆုံး ဂေါတမမှာ နာမည်ပျက်မည်မှာ သေချာသည်။ ထိုအခါ သူမှာ လာဘ်တိတ်ပြီး တို့ထံသို့ လာဘ်များ ပြန်လာကုန်လိမ့်မည်။ သို့ပါ၍ ဂေါတမထံ ဝင်ထွက်ဆက်ဆံရန်အတွက် သုန္ဒရီအား တာဝန်လွဲရန် အကြံပေးလိုပါကြောင်း" ဆို၏။

ထိုလျှို့ဝှက်အစည်းအဝေးက ဤအကြံးပေးချက်ကို လက်ခံအတည်ပြုပြီး သုန္ဒရီအား ရဟန်းဂေါတမထံ စေလွှတ်ရန် ဆုံးဖြတ်လိုက်သတည်း။

သုန္ဒရီ ဆိုသူကား အသူနည်း။

သုန္ဒရီကား ပရိဗိုဇ် ရဟန်းမတည်း။ အခြေခံ အလှတွင် နာမည်ကြီးသူ ဖြစ်သည်။ နာမည်ကြီးသလောက် ချောလည်း ချော၊ လှလည်း လှ၊ ယဉ်လည်း ယဉ်သည်။ သူအခြေသည် ဖီးလိမ်းပြင်ဆင်ရခြင်း မရှိသော ပင်ကိုယ်ချော ဖြစ်လေသည်။ ပရိဗိုဇ် ရဟန်းမပင် ဖြစ်စေကာမူ တငေးတမောကြီး ကြည့်ယူရလောက်အောင် လှသည်။ သို့သော် သုန္ဒရီသည် ဣန္ဒြေသိက္ခာ မရှိလှ။ ပုံသည်။ ကလက်သည်။ ဆတ်ကဲ့ လတ်ကဲ့

၁။ သာစအနုတိတ ယောဗ္ဗနာ အာသံယတ သမာစာရဝေဟာရတိ။ (ဥဒါန်းအဋ္ဌကထာ၊ သုန္ဒရီသုတ္တဝဏ္ဏနာ။ ၂၃၂။ ဆဋ္ဌမ္ပေ။)

နိုင်သည်။ အခြေပြာအဆိုဇက်ရဲလက်ရဲ သုက်လွန်းသည်။ မြူဆွယ်မှုအတတ်၌ လိမ်မာပါးနပ်စွာဖြင့် ဆွဲဆောင်နိုင်စွမ်း ရှိသည်။ သို့ကြောင့်ပင် သုန္ဒရီကိုမူ ရွေးကာ ရဟန်းဂေါတမထံ စေလွှတ်ရန် ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သတည်း။

တနေ့သောအခါ သုန္ဒရီသည် တိတ္ထိကျောင်းတိုက်ကြီးသို့ ရောက်သွားလေသော် တိတ္ထိ ဆရာကြီးများအား ဦးချကန်တော့ခြင်း ပြုလေ၏။ ထိုအခါ တိတ္ထိဆရာကြီးများသည် သုန္ဒရီအား ခေါ်ခြင်း၊ မေးမြန်းခြင်း မပြုကြဘဲ ကြောင်တောင် ကြည့်နေလိုက်ခြင်းဖြင့် သုန္ဒရီအား ရှေးဦးစွာ သိမ်းသွင်းလိုက်ကြကုန်သည်။

သူအား တစုံတဦးကမျှ စကားဆိုပြောခြင်း မပြုသောအခါ သုန္ဒရီသည် အံ့အားလည်းသင့်၊ မရဲမဝံ ရွံလည်းရွံသလို ဖြစ်သွား၏။ ဆရာ့ဆရာကြီးများမျက်နှာတော် မသာမှန်း သိလေ'ငါ့မှာ ဘာအပြစ်များ ရှိနေပါလိမ့်' ဟူ၍ သုန္ဒရီမှာ စိတ်ဆင်းရဲလေဖြစ်လာသည်။ သို့ကြောင့်ပင် သုန္ဒရီသည် ကြောက်ကြောက်နှင့်ပင် မဝံမရဲ မေးလျှောက်လေ၏။

"ဆရာတော်များဘုရား၊ ဘုရားတပည့်တော်မမှာ မည်သည့်အပြစ်များ ရှိနေ၍ စကားဆိုပြောခြင်း မပြုကြပါသနည်း။ အပြစ်ရှိသည်ဖြစ်က ပေးအပ်သောဒဏ်ကို ခံယူပါအံ့။ အမိန့်ရှိတော်မူပါကုန် ဘုရား"

ဤသို့ မေးလျှောက်ခြင်း ပြုလတ်သော် အာကုက်ဝင်ပြီဖြစ်ခြင်းကြောင့် သိသည့်အလျောက် တိတ္ထိဆရာတဦးက သုန္ဒရီအား ပြန်ဘင်လေသံဖြင့် ဤသို့ဆိုသတည်း။

"အာဘယ်သုန္ဒရီ၊ ရဟန်းဂေါတမအဖြစ်ကို နင်မသိသလော။ သူသည် ငါတို့အား ညှဉ်းဆဲနေသူဘကား။ ငါတို့ လာဘ်တိတ်

အောင် ပြုနေသူတကား။ နယ်စုံလှည့်၍ တရားဟောခြင်းဖြင့် ငါတို့ လာဘ်ပိတ်အောင် ပြုမူနေသည်ကို သင် မမြင်သလော”ဟု ခြိမ်းမဲသံကြီးဖြင့် မေး၏။

“သည်ကိစ္စမှာ ဘုရားတပည့်တော်မအနေဖြင့် မည်သို့ ပြုသင့်ပါသလဲ ဘုရား။ ပေးအပ်သော တာဝန်ကို အသက်စွန့်၍ ဆောင်ရွက်ပါအံ့။ ညွှန်ကြားတော်မူကြပါကုန် ဘုရား”

မကြည်သောမျက်နှာ၊ ဝမ်းနည်းသည့် အမူအရာဖြင့် သုန္ဒရီက လျှောက်သည်။ ထိုအခါတွင်မူကား စီစဉ်ထားသောအတိုင်း သုန္ဒရီအား တာဝန်ချလေတော့သတည်း။

“အဘယ် ချစ်စွာသော နှမ သုန္ဒရီ၊ သင်ကား လူဝတ်ကြောင် မိန်းမသားမျှးထက်ပင်၊ အဆင်းလှသူ ဖြစ်ပေ၏။ တင့်တယ်လှပါသည် ဆိုသူတို့ကပင် မမ၊ မမဟု ခေါ်ရလောက်အောင် တင့်တယ်သူလည်း ဖြစ်ပေ၏။ ငါတို့အား သင် လေးစားဘိမူကား ရဟန်း ဂဂါတမ အရှိန်အစော်မဲ့အောင်၊ ဂုဏ်သိက္ခာ ကျဆင်းအောင်၊ လာဘ်လာဘတိတ်အောင် သင်ပြုအပ်စကောင်းသည်။ ပြုရမည်။ ဤကိစ္စ ဖြစ်မြောက် အောင်မြင်သည်အထိ ဆောင်ရွက်ရန်မှာ သင့်တာဝန်။ သင့်အား ငါတို့ အမိန့်ပေး၏။ သင် ဆောင်ရွက်လော့”ဟု ဆို၏။

သုန္ဒရီကား ငြင်းဆန်ခြင်း မပြု။ ပေးအပ်သော တာဝန်ကို ကျေပြန်အောင် ဆောင်ရွက်ပါမည် ဟူ၍ အာမဘန္တေ ခံလိုက်ပြီးသည့် အခါမှစ၍ သုန္ဒရီသည် သူလုပ်ငန်းကို စလေတော့သည်။ မြို့သူမြို့သားများ တရားနာပြီး၍ ဇေတဝန်ကျောင်းတော်မှပြန်လာသည့် ညနေစောင်းအချိန်တွင် သုန္ဒရီသည် လူဘယ်တန်းရာ ပန်း နှံသာမျှးကို ယူလျက် ဇေတဝန်

ကျောင်းတော်ဘက်သို့ ထွက်လာသည်။ တရားနာရာမှ ပြန်လာသူများနှင့် ဆုံမိ၍ သူ့ကို ဘယ်သွားမလို့လဲဟု မေးသောအခါ ကျွန်တော်မ ဇေတဝန်ကျောင်းတော် ရှင်ကြီး ဂေါတမထံသွားမည်လို့ပါ။ ဂန္ဓကုဋီတိုက်က အာခန်းကြီးထဲမှာ ရှင်ကြီး ဂေါတမနှင့်အတူ ကျွန်တော်မ နေပါသည်ဟု ခပ်တည်တည်နှင့် ပြောပြလေသည်။

ကျောင်းတော်သို့ တရားနာလာသူများနှင့် တွေ့သောအခါ "သုန္ဒရီ ဘယ်ကပြန်လာသလဲ"ဟု မေးကြသော် "ကျွန်တော်မ ဇေတဝန်ကျောင်းတော်က ပြန်လာခဲ့ပါသည်။ ကျောင်းတော်တွင် ရဟန်းဂေါတမနှင့်အတူ အိပ်စက်၍ ကိလေသာရမွှက်ဖြင့် အာသာပြေအောင် ဖြေဖျောက်၍ ပြီးခဲ့ပြီကောရှင်။ ပြန်ရုံ ရှိတော့တာပ ဟဲ ဟဲ"ဟု ရွက်တော့သယောင် ပြုံး ဖြဲဖြဲနှင့် ခပ်ဟဲဟဲ ကလေး ပြောပြလေသောအခါ ကြာရသူများမှာ ဇဝေဇဝေ ဖြစ်ကုန်လေ၏။

အမြော်အမြင်ရှိသူများကမူ ဗုဒ္ဓမြတ်ဘုရားအပေါ်၌ တစုံတရာ သံသယဖြစ်ခြင်းမရှိဘဲ "သည်ကောင်မ ရူးများနေရော့သလား"ဟု၍ သုန္ဒရီကိုသာအပြစ်ဆိုကြသော်လည်း အသိဉာဏ်ခေါင်းပါးသူများကမူ သုန္ဒရီ၏ အလှအချောနှင့် သာယာချေစံ့စွာသော အပြောကို ချင့်ကာ "အင်းဟင်း၊ အင်းဟင်း" နှင့်ပင် ယုန်ထင်ကြောင်ထင် ဖြစ်ကုန်လေ၏။

(မှတ်ချက်။ ။စင်စစ်အားဖြင့်သုန္ဒရီ၏အပြုအမူကား လူသူလေးပါး အထင်အမြင်လွဲမှားအောင် ပြုလုပ်ခြင်းသာ ဖြစ်သည်။ ဇေတဝန်ကျောင်းတိုက်ကြီးအတွင်းသို့ပင်ထောက်လေသည်မဟုတ်

လူအများအသွားအလာ ရှုပ်ရှက်ခပ် ဖြစ်ချိန်ကို တမင်ရွေးချ၍ ကျောင်းသို့သွားဟန် ကျောင်းမှပြန်လာဟန် ပြုခြင်းသာတည်း။)

ဇေတဝန်ကျောင်းတော်၏ အနီးအပါးတွင် ရစ်သီရစ်သီနှင့် သွားလာလျက် 'ဟန်ရေးပြ' အလုပ်သည် တိတ္ထိဆရာကြီးများ၏ စေခိုင်းချက်အရ နေ့စဉ် ဆောင်ရွက်ရသော သုန္ဒရီ၏ အလုပ်ပင် ဖြစ်လေသည်။

ကံကြမ္မာက သုန္ဒရီအား မည်သို့ ဖန်တီးလိုက်လေသည် မသိ၊ "သုန္ဒရီတယောက် ပျောက်ခြင်းမလှ ပျောက်နေသည်" ဟူသော သတင်းသည် တိတ္ထိတို့အသိုင်းအဝိုင်းမှထွက်လာပြီး တောမီးပမာ ကူးစက်ပျံနှံသွားလေ၏။

တိတ္ထိတို့သည် မိမိတို့၏တပည့်မ သုန္ဒရီပျောက်ဆုံးနေကြောင်းကို ကောသလမင်းထံ ကိုယ်တိုင်ဝင်၍ အကြောင်းကြားကြလေကုန်၏။ ထိုအခါ ကောသလမင်းကြီးလည်း တိတ္ထိတို့အား မေးမြန်းခြင်း ပြုရလေ၏။

"အရှင်ဆရာကြီးတို့၊ သုန္ဒရီ ပျောက်ဆုံးသည် ဆိုခြင်းမှာ ဟုတ်ဘန်စေ။ဆရာကြီးတို့အနေဖြင့် မည်သို့ ထင်ပါကုန်သနည်း။ မည်သည့်နေရာ၊ မည်သည့်ဌာနကို သံသယရှိပါသနည်း။နေရာကို သိက၊စုံစမ်း၍လွှယ်ပါသည်။ နေရာကို ညွှန်ကြားပါကုန်"

"မြတ်သောမင်းကြီး၊ နေရာအတိအကျပြောရန် ခက်ဘိစ့။ ခုတလောတွင်သုန္ဒရီသည် နေ့ညအချိန်မရွေး ဇေတဝန်ကျောင်းကိုသာသွားသွားနေပါ၏။ မယုံသက်ာဖြစ်စရာဆို၍ ဇေတဝန်မှ တပါး အခြား ငါတို့မထင်တတ်"

"သို့ဖြင့်ဘိသော် ဇေတဝန်ကျောင်းတော်တွင်းဝင်၍ ဆရာကြီးတို့ ကျေနပ်အောင်ရွာကြပါကုန်"

ကောသလမင်းက ရှာခွင့်ပြုလိုက်သောအခါ တိတ္ထိတို့သည် မင်း၏အမိန့်ဖြင့် ဇေတဝန်ကျောင်းတိုက်ကြီးအတွင်းသို့ ဝင်၍ ရှာကြလေကုန်၏။

တိတ္ထိတို့သည်ကျောင်းအာသီးသီးတို့၌ သမံကာလျှံကာရှာဟန် ပြုပြီး 'ကျောင်းတော်ဘေးကရေမြောင်းထဲ' ကိုဖြ၍ သဲကြီးမဲကြီး ရှာကြလေသည်။

"ဟောသည်မှာ၊ သည်မှာတွေ့ပြီ"

ရေမြောင်းထဲ၌ သုန္ဒရီကို တွေ့ကြလေပြီ။ တွေ့ရသော် သုန္ဒရီကား အရှင်မဟုတ် ဒုတ်ဖြင့်ရိုက်သတ်ထားသည့်အလောင်းကောင် သုန္ဒရီသာ ဖြစ်ချေ၏။

တိတ္ထိတို့သည် သုန္ဒရီ၏ အလောင်းကို မြောင်းထဲမှဆယ်၊ ညောင်စောင်းပေါ် တင်၊ ပခုံးဖြင့်ထမ်းလျက် သာဝတ္ထိမြို့ထဲသို့ ယူလာပြီး လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ ကြော်ငြာလှည့်သကဲ့သို့လှည့်၍ မြို့သူ မြို့သားတို့အား အလောင်းကို ပြကာ ပြကာဖြင့် ဤသို့ကြွေးကြော်တိုင်တမ်းခြင်း ပြုကြလေကုန်၏။

၁။ ဥဒါန်းပါဠိတော်၊ သုန္ဒရီသုတ်၊ ၁၂၃ ပရိခါကူပ ဟုရှိ၏။(ပရိခါကူပ=ကျုံး၊ ရေမြောင်း)။ ပရိခါကူပေတိဇိဃိကာ ဝါ၄၌။ ၎င်း အဋ္ဌကထာ။

ဓမ္မပဒ အဋ္ဌကထာ၊ဒု၊ သုန္ဒရီပရိဗ္ဗာဇိကာဝတ္ထု၊ ၄၁၅ ဒွဿ မာလာကစဝရ ရှိ၏။

(မာလာကစဝရ=ပန်းမိုက်သွန်ထုအရပ်၊ အမှိုက်ပုံ)

သုန္ဒရီ၏အလောင်းကို ခုတုံးလုပ်၍ ဘုရားနှင့်တကွ ရဟန်းသံဃာများအား အပုပ်ချကြလေကုန်၏။

"အို မြို့သူမြို့သားအပေါင်းတို့၊ သက္ကပုတ္တိယ ရဟန်းဂေါတမ၏ တပည့်များ ပြုလိုက်သည့် လူမဆန်သော အမှုကို ရှုကြကုန်လော့၊ ဤရဟန်းတို့ကား အရှက်မရှိကြကုန်။ ဒုဿီလ၊ အကျင့်ယုတ်၊ မုသာဝါဒီများ ပါပေတကား။ ဤသူတို့အား ရဟန်းအဖြစ်သည် မရှိ။ မြတ်သည်၏အဖြစ်သည်မရှိ။ဤသူတို့အား ရဟန်းအဖြစ်၊ မြတ်သောအဖြစ်သည် ပျက်စီးလေပြီကော၊ဤသူတို့အား ရဟန်းအဖြစ်၊မြတ်သောအဖြစ်ဟူသည်အဘယ်မှာရှိတော့မည်နည်း။ ဤသူတို့သည် ရဟန်းအဖြစ်မှ ကင်းကုန်ပြီကော။ ယောကျ်ားသည် ယောကျ်ားကိစ္စ[၁] အလိုပြည့်အောင် မေထုန်သံဝါသအမှုကို ပြုရပြီကဘဲဟာ ဘောက်မဲ့ခြောင့် မိန်းမ(သုန္ဒရီ)ကို ရက်ရက်စက်စက် သတ်ပစ်ကြသတုန်း။ သူတို့ဆရာကြီး ရဟန်းဂေါတမ၏ယုတ်မာမှုအကျင့်ဆိုးတွေ့ ပေါ်ကုန်မည်စိုး၍ သူတပည့်ရဟန်းများက သုန္ဒရီကို သတ်ပြီးရေမြောင်းထဲ ပစ်ချထားကြသည်တကား။

"အို လူအပေါင်းတို့၊ ဤသည်ကား ငါတို့အသက်၊ ငါတို့ မျက်စိသဖွယ် ဖြစ်သော သုန္ဒရီ၏ အလောင်းပါ

၁။ ပုရိသကိစ္စန္တိ မေထုနပ္ပဋိသေဝနံ သန္ဓာယ ဝဒန္တိ။ ဥဒါန်းအဋ္ဌကထာ၊ ၂၃၆၊ ဆဋ္ဌမှု။

တည်း။ ရှုစမ်းကြပါ ကုန်လေ့" (သုဒ္ဒရီအား မုဒိမ်း ကျင့်ပြီးမှ ပေါ်မည် စိုးသောခကြောင့် ရဟန်းတို့က သတ်ပစ်လေဟန် သတင်းလွှင့်ကြခြင်း။)

တိတ္ထိတို့သည် သုဒ္ဒရီ၏ အလောင်းကို ထမ်း၍ မြို့တွင်းဥ္စ ရဟန်းတို့၏ မဃကောင်းသတင်းကို ဝါဒဖြန့်ကြပြီးနောက် တဖန် အလောင်းကို ကောသလမင်းကြီး၏ နန်းတော်သို့ ယူဆောင် သွားကြပြန်သည်။

ကောသလမင်းကြီး သည်လည်း ဤ လူသတ်မှု အတွက် ကရုဏာလည်း သက်၊ ဒေါသလည်း ထွက်၊ အတော်လည်း အခံရခက်နေပုံ ရ၏။ သို့ကြောင့်လည်း အလောင်းကို ချက်ချင်း သင်္ဂြိုဟ်ခြင်း မပြုစေဘဲ သုသာန်၌ ငြမ်းဆောက်၍ ငြမ်းပေါ်တွင် အလောင်းတင်လျက် အစောင့်အကြပ်များ ချထားစေသည်၊ ရဟန်းတို့၏ ယုတ်မာမှုကို အများ သိသွားအောင် ဤသို့ စီစဉ်ခြင်း ဖြစ်သည်။

ဤ လူသတ်မှု၏ ဂယက်ကား နိုင်ငံ ပျက်စေတော့မလောက် ချောက်ချား သွားလေသည်။ သာဝတ္ထိ တမြို့လုံး လူသတ်မှု သတင်းက ဖုံးနေသည်။တိတ္ထိတို့ဘက်မှ မျက်နှာပန်း လှသည်နှင့် အမျှ ရဟန်းတို့ဘက်၌ အရှုံးထွက်လေ၏။

အရိယာ ပုဂ္ဂိုလ်များမှအပ သာဝတ္ထိ မြို့သူမြို့သားတို့သည် အများအားဖြင့် ရဟန်းတို့အား ဝါးစား ချင်လောက်အောင်ပင် ချဉ်ကုန်လေတော့ သည်။ "ကြည့်စမ်းပါအုံး ကရို့၊ သည်ဟာ ရဟန်း အလုပ်တဲ့လား။ လူသတ်ခြင်းဟာ ရဟန်း အပြုအမူ တဲ့လား"ဟူ၍ မြို့တွင်း၊မြို့ပြင်၊ကျေးလက်ဒေသရှာမျှားပါမကျန် လှည့်၍ရဟန်းတို့အား ဆဲရေးကြ၊ကဲ့ရဲ့ရှုတ်ချခြင်းပြုကြလေကုန်၏။

ရဟန်းတို့လည်း ထုံးစံအတိုင်း သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံကြလေကုန်၏။ ထိုအခါ ဆွမ်းလောင်း သူမျှား သိသိသာသာ လျှောနည်း ဆုတ်ယုတ်သွားရုံမက တိုက်ရိုက်အားဖြင့် မကြားတကြားသော်၎င်း၊ စောင်းချိတ်၍သော်၎င်း၊ လူတို့၏ ဆဲဆိုခြင်းကို အခြောက်တိုက် ခံနေကြရလေ၏။ ထိုအချိန်အထိ သုန္ဒရီကို သတ်သူ တရားခံ လူသတ်ကောင် တိတိကျကျ မပေါ်သေးသဖြင့် ဤလူသတ်မှုတွင် ဇေတဝန် ကျောင်းတော်နှင့် ရဟန်းတို့မှာ ဓါးစာခံ ဖြစ်နေကြရှာလေ၏။

ဆွမ်းခံရာမှ ပြန်ရောက်လာသောအခါ ရဟန်းတို့သည် 'လူတို့အထင်အမြင် သဲ့မှားကြပြီး ရဟန်းတို့အား ဆဲရေး ကြကြောင်း' ကို မြတ်စွာဘုရားအား လျှောက်ထားကြ လေကုန်၏။ ထိုအခါ မြတ်စွာ ဘုရားက လူတို့အား တုံ့ပြန် ချေပရန် ဂါထာကို ရဟန်းတို့အား သင်ပေးတော်မူလေ၏။

"ရဟန်းတို့၊ လူတို့အား ဤသို့တုံ့ပြန် ချေပကြကုန်။ ဆိုပြောကြကုန်။ငါ ပေးသော ဂါထာကို ရွတ်၍ တန်ပြန်ကြလေကုန်" ရွတ်ရမည့်ဂါထာကား—

"မမှန်မုသား ဆိုပြော တတ်သူလည်း တယောက်။
မိမိလုပ်မိသော အလုပ်ကို မလုပ်ဟု ပြောင်လိမ် ညာ၍

၁။ အဘူတဝါဒီ နိရိယံ ဥပေတိ။ယော၀ာပိ ကတ္ဝာ နကရော
မိစ္စာဟာ၊
ဥဘေ၀ပိတေ ပေစ္စသမာဘ၀န္တိ။ နိဟီနကမ္မာ မနုဇာ
ပရတ္ထာတိ။
(ခဲမ့ပဒအဋ္ဌကထာ၊ဒု၊ ၄၁၆။ ဥဒါန်းပါဠိတော်၊ ၁၃၀)

ပြောတတ် သူလည်း တယောက်။ ဤသူ နှစ်ယောက် စလုံးသည် ငရဲ လား:ရလေ၏။ ထိုသူ နှစ်ယောက်စလုံး ပင် အကျင့်ယုတ်ကို ခါးပိုက်၍ ပိုက်ထား:သူများဖြစ်၍ တမလွန် လောကတွင် ငရဲ ခံရသောအခါ သာတူညီမျှ ဆတူပင် ခံကြရသတည်း"

ရဟန်းတို့လည်း ဗုဒ္ဓ ညွှန်ကြား:တော် မူသည့်အတိုင်း ပြုမူ ကုန်လေ၏။ လူတို့က ဆဲလျှင် ခံမနေကြတော့ဘဲ ဂါထာရွတ်၍ တန်ပြန်လိုက်ကြကုန်၏။

ထိုအခါ လူတို့အား ဤ အသိစိတ်၊ ဤ အတွေးအခေါ်မျိုး ဖြစ်ပေါ် လာကြလေ သတည်း။ "ယုတ်မာသော အမှုမျိုးကို ဤရဟန်းများ ပြုရန် အကြောင်းမရှိ။ ဤ လူသတ်ခြင်း အလုပ် ကို ဤရဟန်းတော်တို့မည်သည့်နည်းနှင့်မျှ လုပ်ကြမည် မဟုတ်" ဟူပေ၏။

ဤ လူသတ်မှုမှာ ဇောဝဝန်ကျောင်းနှင့် ပတ်သက်နေသော ကြောင့် လူသတ်ကောင်ကို ဖော်ထုတ်နိုင်ရန်အတွက် ကောသလ မင်းကြီးမှာ တာဝန် ရှိနေ၏။ ထို့ကြောင့် သက်ဆိုင်ရာစုံထောက် များအား "တရားခံ အမြန် ဖော်ထုတ်ရမည်"ဟု ပြင်းပြင်း ထန်ထန် စေခိုင်းတော်မူလေသတည်း။

မင်းချင်း ယောကျ်ား(စုံထောက်)များသည်လည်း မင်းမိန့် အတိုင်း အရပ်သား:အသွင်ဖြင့် အရက်ဆိုင် တဆိုင်တွင်း ဝင်၍ အရက်သောက်ရင်း စူးစမ်းကြလေသောအခါ အရက်သမား: အချင်းချင်း ငြင်းခုံနေကြသည်ကို တွေ့လတ်သော် အကဲခတ် ကြသည်။

"ဟေ့ကောင်၊ ငါတောင်းတာပေးရင်ပေး၊ မပေးရင်"

"မပေးဘူး၊ မင်းက ဘာလုပ်ချင်သလဲ"

"မပေးရင် ဖေဘိုလိုက်ရုံပေါ့၊ တိတ္ထိတွေက မင်းကိုငဲ့ပေးပြီး သုန္ဒရီကို တချက်ထဲနဲ့ အသေ ရိုက်သတ်ပြီး ကျောင်းဘေးက မြောင်းကြီးထဲပစ်ချတာလေ"

ဤတွင် ထိုအရက်သမားလူသတ်ကောင်များအား မင်းချင်း ယောကျ်ားများက ဖမ်းဆီးလျက် မင်းအား ဆက်သကြလေ၏။ ကောသလမင်းက စစ်မေးလေသောအခါ တိတ္ထိတို့က ငဲ့ပေး၍ အာသတ်ခိုင်းသဖြင့် သတ်မိကြောင်း ဖြောင့်ချက်ပေးလေ၏။

ထိုအခါ ကောသလမင်းသည် ဒေါသ အမျက် ချောင်း ချောင်းဆုံက်လျက် တိတ္ထိတို့အား ချက်ချင်း ခေါ်စေပြီးလျှင် စစ်မေးလေသောအခါ မကွယ်သာတော့ဘဲ ဟုတ်မှန်ကြောင်း ဝန်ခံကြရလေကုန်၏။ ဤသို့ အမှုမှန် လူသတ်တရားခံပေါ်လေသောအခါ တိတ္ထိတို့အား ဤသို့ စေခိုင်းလေသတည်း။

"အချင်းတို့ သွားကြကုန်၊ မြို့တွင်း မြို့ပြင် လှည့်၍ ဤသို့ ကြေးကြော်ချကြကုန်။ 'အို လူအပေါင်းတို့၊ ရဟန်းဂေါတမ အား အပြစ်ဖြစ်၊ ဂုဏ်သိက္ခာကျ၊ လူ အကြည်ညို ပျက်စေခြင်း၌ မသမာသောစိတ်ဖြင့် သုန္ဒရီကို ငါတို့ သတ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။ ဤလူသတ်မှုနှင့် ပတ်သက်၍ ရဟန်းဂေါတမ၌ဌင်း၊ သူ၏ တပည့်ရဟန်းများ၌ဌင်း လုံးဝ အပြစ်မရှိ။ ဤအပြစ်ကား ငါတို့အပြစ်သာ။ ငါတို့သာ လူသတ်တရားခံအစစ်' ဟု ဤသို့ ကြေးကြော်ကြကုန်လော့" ဟု စေခိုင်း၏။

တိတ္ထိတို့လည်း မင်းမိန့်အတိုင်း ကြွေးကြော်ရလေသောအခါ ရဟန်းများအပေါ်၌ သံသယ ရှိနေကြသော လူအချို့တို့သည် အမှန်ကို သိနားလည်ကာ ဘုရားအမှူးရှိသော သံဃာများအား ကဲ့ရဲ့ခြင်း ပျောက်ပြီး ရွှေးကထက်ပင် ကြည်ညိုလာကြလေကုန်၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူရလေသောအခါ ဤသို့ ဥဒါန်းကျူးတော်မူလေသတည်း။

"ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး စောင့်စည်းခြင်း အလျင်းမရှိသဖြင့် ဟင်းလင်းပွင့်နေသော လူယုတ်မာတို့သည် နှုတ်၊ ဝါစာ၊ စကားဖြင့် အမျိုးမျိုး ထိုးဆော်၊ ပစ်ခတ်ကြ၊ တိုက်ခိုက်ကြကုန်၏။ ပမာအားဖြင့် စစ်မြေပြင်အရပ်၌ တိုက်ပွဲဝင်နေသော ဆင်ပြောင်ကြီးကိုတဖက်ရန်သူများက မြား အမျိုးမျိုးတို့ဖြင့် ပစ်ခတ်ကြသည်နှင့် အလားတူ၏"

သူတထူးအား ပြစ်မှားလိုစိတ်မရှိသော ရဟန်းသည် လူယုတ်မာတို့ ဆိုပြောတိုက်ခိုက်လာသည့် ရန်ကြမ်းသော စကားကို ကြားသော် "ဤအရာကား သံသရသဘာဝပေတကား" ဟူ၍ သည်းခံထု၏။

(ဥဒါန်းပါဠိတော်၊ သုန္ဒရီသုတ်၊ ၁၂၈။ ၎င်း အဋ္ဌကထာ၊ ၂၃၃၊ နှင့် ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ သုန္ဒရီပရိဗ္ဗာဇကဝတ္ထု၊ ၎၁၅။)

●ပယ်ဒွိုးစဝေ

နေပူသောကြောင့် သော်လည်း ဖြစ်တန်ရာသည်။ သို့မဟုတ် ခရီးပန်း နွမ်းနယ်သောကြောင့် သော်လည်း ဖြစ်တန်ရာသည်။ ဗုဒ္ဓသည် လမ်းပေါ်မှဖဲ့၍ လမ်းဘေးရှိ သစ်တပင်အောက်တွင် ဝင်၍ ခိုနေ၏။ နေရာကား မဓုရမြို့နှင့် ဝေရဉ္ဇာပြည်အကြားတွင် ဖြစ်လေသည်။

ဝေရဉ္ဇာပြည်နှင့် မဓုရမြို့သည် ခရီးအတော်ကလေး လှမ်းဟန်တူသည်။ သို့ကြောင့်လည်း မြတ်စွာဘုရားသည် အထက်ပါ မြို့နှစ်မြို့၏အကြား လမ်းခရီးတွင် ခရီးရှည် ကြွတော်မူသည်ဟု ဆိုသတည်း။

ဇာအခါနှင်တွင် ထိုနှစ်မြို့အနက် တမြို့မြို့၌ ကြီးကျယ်လှစွာသော ပဲလမ်းသဘင်သော်၎င်း၊ သို့မဟုတ် အံ့ဘနန်း ထူးဆန်းသော ဖြစ်ရပ်တခုခုသော်၎င်း ရှိတန်ရာသည်။ အဘယ်ကြောင့် ဆို်သော် ထိုအခါ၌ အကူးအသန်း အသွားအလာ များသောကြောင့် ဖြစ်၏။

မှန်၏။ များလှစွာသော သူကြွယ်လင်မယား၊ ဇနီးမောင်နှံတို့သည် အတွဲလိုက် အတွဲလိုက် ထိုလမ်းခရီးအတိုင်း ခရီးရှည် သွားလျက်ရှိနေကြသဖြာ သူတို့သည် ခရီးသွားရင်းမှ လမ်းဘေး

သစ်ပင်အောက်၌ အပန်းဖြေ နားနေတော်မူသော ဘုရားသခင်ကို မလုမ်းမကမ်းမှ လှမ်းမြင်ကြလေသော် ကြုံတောင့် ကြုံခဲ၊ ဖူးရခဲဘိခြင်းဟူ၍ ဘုရားသခင်ရှိရာသို့ ချဉ်းကပ် ဖူးမြော်ကြလေသည်။

ဗုဒ္ဓသည် တခါတုန်းကလည်း တောလမ်းခရီးအတိုင်း ခရီးဆန့်ခဲ့စဉ် တဟုန်းဟုန်း တောမီးလောင်နေသည်ကို ဇတ္ထရလေသောအခါ ဤတောမီးကို သာဓကထား၍ မီးတရား (အဂ္ဂိခန္ဓောပမာသုတ်)ကို ဟောတော်မူခဲ့ဘူးပေသည်။

ယခုလည်း သူ့ရှေ့မှောက်သို့ ရောက်လာကြသည့် သူကြွယ်လင်မယားတသိုက်ကို အတဲ့လိုက် အတဲ့လိုက် မြင်ရလေသောအခါ ထိုမြင်ကွင်းက ဘုရားသခင်အား တရားဟောဖို့ရန် တောင်းပန်သည်နှင့် တူနေ၏။ ထိုစုံတဲ့များထဲတွင် လိမ္မာသူနှင့် မိုက်သူ အုတ်အရောရော ကျောက်အရောရော ပါလာသည်ကို သိရှိတော်မူလိမ့်မည်။ သို့ကြောင့်ပင် ဗုဒ္ဓသည် သူကြွယ်လင်မယားတို့နှင့် အတန်ငယ် စကားစမြည် ပြောပြီးနောက် အကွက်ဆိုက်လာသည်နှင့် လင်မယားတရားကို ကောက်၍ ဟောတော်မူလေ၏။

ဥပါသကာ၊ ဥပါသကီ အနှီသို့သော တူစုံမောင်မယ် သူကြွယ်လင်မယား အို ခရီးသွားတို့၊ အကြောင်း သင့်ဆဲတွင် သင်တို့အား သံဝါသ[1]=အတူတကွ ပေါင်းဘင်း နေထိုင်ခြင်း ဟူသော စုံတဲ့တရားကို ငါဟောကြားပေအံ့။ အို သူကြွယ်တို့၊ ဇနီးမောင်နှံတို့ကား အောက်ပါအတိုင်း လေးမျိုး လေးစား ရှိကုန်၏။

၁။ သံဝါသ=အတူတကွ ပေါင်းသင်းနေထိုင်ခြင်း။

(၁) လူသေအလောင်းကောင်ချင်း ညားသော လင်မယား တမျိုး။

(၂) လင်အသေကောင် မယားနတ်သမီးနှင့် ညားသော လင်မယားတမျိုး။

(၃) လင်နတ်သား မယားအသေကောင်နှင့် ညားသော လင်မယားတမျိုး။

(၄) လင်နတ်သား မယားနတ်သမီးနှင့် ညားသော လင်မယားတမျိုး။

ဤသို့အားဖြင့် လင်မယားတို့သည် လေးမျိုးလေးစား ရှိကုန်၏။

(၁) အလောင်းချင်း ညားသော လင်မယား

အို သူကြွယ်တို့၊ ယင်းလေးမျိုးအနက် အလောင်းချင်း ညားသော လင်မယားကား အဘယ်နည်း။

အို သူကြွယ်တို့၊ လောကဌ္ဌ လင်မယားနှစ်ယောက် အနက် လင်ဖြစ်သူယည် ကံငါးပါးမလုံခြုံ၊ သူအသက်ကိုလည်း သတ်၏။ ဥစ္စာကိုလည်းခိုး၏။ သူသားမယားကိုလည်း ကျူးလွန် ပြစ်မှား၊ မုသားစကားကိုလည်းဖွဲ့လောက်အောင်ပြော၏။ အရက်သေစာ မူးယစ်သောက်စားခြင်းလည်း ပြု၏။ သီလဟူသည် အလျင်းပင် မရှိ။အကျင့် ယုတ်၏။ဝန်တိုမစ္ဆရိယ အားကြီး၏။ရသေ့ ရဟန်း တို့အား ရိုသေကိုင်းရှိုင်းခြင်းလည်း မရှိ။ခြိမ်းချောက်ဆဲရေးခြင်း ပြု၏။

ထိုလင်ဆိုး လင်ယုတ်မာ၏ မယား၊သည်လည်း လင်နှင့်တဆေ ရာတည်း ယုတ်မာ၏။အို သူကြွယ်တို့ ဤလင်မယားကားအသက်

ရှိသော်ငြားလည်း သူသေနှင့် အလားတူ၏။ သို့ကြောင့်ရကား ဤသို့သော လင်မယားကို "သူသေကောင် အလောင်းချင်းညား သော လင်မယား" ဟု မှတ်ရာ၏။

(၂) လင်အသေကောင်၊မယားနတ်သမီး လင်မယား

အို သူကြွယ်တို့၊အများအားဖြင့် "အသင်မတူ အိမ်သူမဖြစ်" ဆိုသော်လည်း မတူသော အိမ်ရှင်မများလည်း လောက၌ ရှိပေသေးသည်။လင်ဖြစ်သူသည် ယုတ်မာ၏။ရိုင်းစိုင်း၏။ကံငါးပါးကို မစောင့်စည်း။ အမြဲဘစေ ကျူးလွန်ချေ၏။ လူနှင့်မလိုက်၊ အပြစ် ဗလဖြစ်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေသော လင် ဖြစ်၏။

အို သူကြွယ်တို့၊ ယင်းလင်မသမာ လင်ယုတ်မာ၏ ကြင်ယာ သက်ထား‌မူကား‌မယား‌ပီသ၏။ကံငါးပါးလုံ၏။အကျင့်သိက္ခာနှင့် ပြည့်စုံ၏။အများအားဖြင့် မိန်းမတို့၌ဖြစ်တတ်သော ဝန်တိုခြင်း၊ ငြူစူခြင်းမြောင်းခြင်းကင်း၏၊သူကြွယ်တို့၊ညား၍သာညားနေ ကြသည်။ ဤလင်နှင့် မယား‌ကား ပြဒါးတသြမ်း သံတလွန်း ဖြစ်ချေ၏။ ဘဝချင်းအလျင်းပင် မတူကြ။ ဤသို့သော လင် မယား‌ကို "လင်သေသူ မယား‌နတ်သမီး" ဟု မှတ်ရာ၏။

(၃) လင်နတ်သား၊ မယား‌အသေကောင် လင်မယား

အို သူကြွယ်တို့၊ ကောင်းသော မယား ရှိသည်နှင့်တူ ဆိုး‌သော‌မယား‌လည်း ရှိကတ်၏။ လင် ကောင်းသလောက် မယား‌က ဖောက်ပြန်၏။ လင်သည် သူတော်ကောင်း လင်။

ကံငါးပါးလုံသောလင်။ခိုးဆိုးသတ်ဖြတ်ခြင်း စသည်တို့မှကင်းရှင်းသန့်ရှင်းသောလင်။ ရတနာသုံးပါး ဦးထိပ်ထားရှိ မိဘ ဆရာသမားအား အမြဲတစေရိုသေကိုင်းရှိုင်းသောလင်ဖြစ်သော်လည်း ထိုလင်၏မယားမူကား မုဆိုးတပိုင်း မိန်းမရိုင်းဆန်လှ၏။ဒုစရိုက်မှုမျှားကို ဒိုင်ခံ၍ ကျူးလွန်လေ့ရှိ၏။ ဤသို့သော လင်မယားကို "လင် နတ်သား၊ မယား အသေကောင် လင်မယား"ဟု မှတ်ရာ၏။

(၄) လင်နတ်သား၊ မယားနတ်သမီး လင်မယား

အို သူကြွယ်တို့၊ အဆိုးနှင့် အကောင်း၊ အကြောင်းနှင့် အကျိုး၊ အမိုးနှင့်အခင်း၊ အတွင်းနှင့် အပြင်၊ အယဉ်နှင့်အရိုင်း၊ ကွာချင်တိုင်း ကွာဘိသည့်အလား၊ ဘက်မညီသော လင်မယားရှိသကဲ့သို့ပင် အကောင်းချင်းဆုံသော လင်မယားစုံတွဲမျှားလည်း ဤလောက၌ ရှိပေသေး၏။

အို သူကြွယ်တို့၊ ဘုရားသွား ကျောင်းတက် အလှူရေစက်လက်နှင့်မကွာ မယားခမျာကလည်း သူတော်စင်၊ လင်ဖြစ်သူကလည်းသူတော်ကောင်း။ ဒုစရိုက်ကိုနာနာထောင်း။သုစရိုက်ကို မာမာဆောင်းလျက် အဒဲကြောင်းဆက် ပေါင်းဖက် မိကြသော လင်မယားကို "လင်နတ်သား၊မယား နတ်သမီး လင်မယား"ဟု မှတ်ရာ၏။

ဤသို့ လင်မယား စုံတွဲ တရားဟောပြီးသည်၏ အဆုံးတွင် ဗုဒ္ဓမြတ်စွာသည် ရှေ့သို့ခရီးဆက်ရန်အတွက် ထိုင်ရာမှ ထဘေဘ်မူလိုက်သော သူကြွယ်လင်မယား ဇနီးမောင်နှံစုံတို့ သည်လည်း

အစုံလိုက် အစုံလိုက်၊ အတွဲလိုက် အတွဲလိုက် ဘုရား သခင်အား လက်အုပ်ချီလျက်ပင် ထိုင်ရာမှ ထလိုက် ကြကုန်သတည်း။

ကောင်းကင် တခိုဝယ် တိမ်ညိုအချို့သည် မပြို၏သို့ ပြို၏ သို့နှင့် ကြကြရွရွ ရှိနေ၏။ယင်းတိမ်ညိုညိုတို့အောက်တွင်မူ တမတ် စောက်စောက်နှင့်ခရီးဆက်၍ လျှောက်ဘော်မူနေသော ရှင်တော် မြတ်ဘုရားအား သူကြွယ်လင်မယားအားလုံးတို့က မျက်စိတဆုံး ၊းမြော်လျက် ကျန်ရစ်ခဲ့ကြလေသတည်း။

(အင်္ဂုတ္တိရပါဠိတော်၊ စတုကနိပါတ်၊ ပုညာဘိသန္ဒဝဂ်၊ ပထမသံဝါသသုတ်၊ ၃၆၈၊ ဆဋ္ဌမ္ပု။)

ဥပမာ ၂၂စု လူသားများ

လူအများများ၊ နတ်အများများ ဆိုသကဲ့သို့ လောကဌ္ဌ ပုဂ္ဂိုလ်. အများများ လူဘန်းစားလည်း အသီးသီးပင် ဖြစ်၏။ လိမ္မာမည် ထင်ရလျက် မိုက်သော လူစားများ၊ မိုက်မည် ထင်ရလျက် လိမ္မာသော လူစားများ၊ ဆိုးမည် ထင်ရလျက် ကောင်းသော လူစားများ၊ ကောင်းမည် ထင်ရလျက် ဆိုးသော လူစားများ၊ ဖြောင့်မည် ထင်ရလျက် ကောက်သော လူစားများ၊ ဤသို့ စသောအားဖြင့် ပုဂ္ဂိုလ်သည် အများများ ရှိလေ၏။

ဆိုပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်၊ အနှိုအနှိုး သို့သော ပုဂ္ဂိုလ်များကို ကွဲကွဲပြားပြား ခြားခြားနားနား သိစေရန်အတွက် ဥပမာဖြင့် တင်စား၍ ပြဆိုထားချက်များကိုလည်း ကျမ်းဂန်တို့၌ ဟိုဒါနား တခုက်၊ သည်အနားဘက်ဆိုသကဲ့သို့ ဟိုနေရာတွေ့၊ သည်နေရာတွေ့နှင့် နေရာများစွာတို့၌ တွေ့နိုင်၏။ တွေ့ရ၊ မြင်ရပါ၏။

မှန်၏။ ပုဂ္ဂလပညတ် ပါဠိတော်၌ ပုဂ္ဂိုလ် အစားစားကို သူဌေးကန့်နှင့်သူ၊ တသန့်စီ တကန့်စီ ကတ္တား ခြား၍ ခြား၍ ဤသို့ ဥပမာဖြင့် ပြဆိုတားပေသည်။

မိုးတိမ် လေးမျိုး

(၁) ချုန်းလျက် မရွာသောမိုး တမျိုး၊
(၂) ရွာလျက် မချုန်းသောမိုး တမျိုး၊
(၃) ချုန်းလည်း ချုန်း၊ ရွာလည်းရွာသောမိုး တမျိုး၊
(၄) ချုန်းလည်း မချုန်း၊ ရွာလည်းမရွာသောမိုးတမျိုး၊
ဤသို့အားဖြင့် မိုးတိမ်တို့သည် လေးမျိုး လေးစား ရှိကုန်၏။

မိုးတိမ်နှင့်တူသူ လေးယောက်

(၁) ချုန်းလျက် မရွာသော မိုးနှင့် တူသူ တယောက်၊
(၂) ရွာလျက် မချုန်းသောမိုးနှင့် တူသူ တယောက်၊
(၃) ချုန်းလည်း ချုန်း၊ ရွာလည်း ရွာသော မိုးနှင့် တူသူ တယောက်၊
(၄) ချုန်းလည်း မချုန်း၊ရွာလည်းမရွာသော မိုးနှင့်တူသူ တယောက်၊
ဤသို့အားဖြင့် မိုးတိမ်နှင့် တူသူတို့သည် လေးယောက်ရှိကုန်၏။

မိုးတိမ်နှင့် တူပုံ

အဘယ်သို့ တူလေသနည်း။

(၁) ဤလောကဌ္ဌ လူအချို့သည် ပြောကားပြော၏။ ပြောသည့်အတိုင်းကား မလုပ်။ (နှုတ်ကား သာပါ၏။ လက်ကား မပါခေါ်။) ဤသို့ ပြောရုံသာပြောလျက် ပြောတိုင်း မလုပ်ဆောသူသည် "ချုန်းလျက် မရွာသောမိုးနှင့် တူသည်မည်၏" ဤသို့သော လူစားမျိုးသည် လောကဌ္ဌ များစွာ ရှိလေ၏။

---

(၂) ဤလောက၌ လူအချို့သည် လုပ်ကား လုပ်၏။ ပြောကား မပြောချေ။ (လက်ကသာ ပါ၏။ နှုတ်က မပါ။) ဤသို့ လုပ်ရုံသာလုပ်၍ မပြောသောသူသည် "ရွာလျက်မချုန်းသော မိုးနှင့် တူသည် မည်၏။"

(၃) ဤလောက၌ လူအချို့သည် လုပ်လည်း လုပ်၏။ ပြောလည်း ပြော၏။ (နှုတ်လည်း သာ၏။ လက်လည်း ပါ၏။) ဤသို့ လုပ်လည်းလုပ် ပြောလည်း ပြောသောသူသည် "ချုန်းလည်း ချုန်း၊ ရွာလည်းရွာသော မိုးနှင့်တူသည် မည်၏"ဤလို ပုဂ္ဂိုလ်မျိုးလည်း လောက၌ များစွာ ရှိလေ၏။

(၄) ဤလောက၌ လူအချို့သည် ပြောလည်း မပြော၊ လုပ်လည်း မလုပ်၊ ဤသို့ ပြောလည်း မပြော၊ လုပ်လည်း မလုပ်သော သူသည် "ချုန်းလည်း မချုန်း၊ ရွာလည်း မရွာသော မိုးနှင့် တူသည် မည်၏။"

ကြွက် လေးမျိုး

(၁) တွင်းတူးလျက် မအောင်းသောကြွက် တမျိုး၊
(၂) အောင်းလျက် တွင်းမတူးသောကြွက် တမျိုး၊
(၃) တွင်းလည်းတူး၊ အောင်းလည်းအောင်းသော ကြွက် တမျိုး၊
(၄) တွင်းလည်း မတူး၊ အောင်းလည်း မအောင်းသော ကြွက်တမျိုး၊

ဤသို့အားဖြင့် ကြွက်တို့သည် လေးမျိုး ရှိကုန်၏။

ကြွက်နှင့် တူသူ လေးယောက်

(၁) တွင်းတူးလျက် မအောင်းသော ကြွက်နှင့် တူသူ တယောက်၊

(၂) အောင်းလျက် တွင်း မတူးသော ကြွက်နှင့် တူသူ တယောက်၊

(၃) ဇွန်းလည်းတူး အောင်းလည်းအောင်းသောကြွက်နှင့် ထူသူ တယောက်၊

(၄) တွင်းလည်း မတူး အောင်းလည်း မအောင်းသော ကြွက်နှင့်တူသူ တယောက်၊

ဤသို့အားဖြင့် ကြွက်နှင့် တူသူတို့သည် လေးယောက် ဖြစ်ကုန်၏။

ကြွက်နှင့် တူပုံ

အဘယ်သို့ တူလေသနည်း။

(၁)ဤလောကဌ္ဌ လူအခပ်သိုသည် စာကိုကား သင်၏။ (သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ တည်းဟူသော တရားတော်ကိုကား သင်ယူ၏။)ထိုသူသည် စာ၏ အနက်အဓိပ္ပာယ် ဆိုလိုချက်ကိုကား ဘာမျှမသိ။ (ဤကား ဒုက္ခဟူ၍ ယထာဘူတကျကျ မသိ။ ဤသည်ကား ဒုက္ခဖြစ်ကြောင်းတရားဟူ၍ ဟုတ်တိုင်း မှန်ရာကို မသိ။ဤသည်ကား ဒုက္ခချုပ်ငြိမ်းရာဟူ၍ အမှန်ကိုအမှန်အတိုင်း မသိရှာ။ ဤကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့သွားရာ ကျင့်စဉ် တည်းဟု မသိ။)

ဤပုဂ္ဂိုလ်သည် တွင်းသာတူးလျက် မအောင်းသောကြောင့်နှင့် တူ၏။ ကြောက်သည် တွင်းသာတူးပြီး မအောင်းသကဲ့သို့ ထိုအတူ ထိုသူသည် ပိဋကတ်ကျမ်းဂန်သာ တတ်ကျမ်းပြီး အမှန်တရားကို နားမလည်သူ ဖြစ်လေသည်။

(၂) ဤလောက၌ လူအချို့သည် စာကိုကား မသင်။ ထိုသူသည် "အမှန်တရားကိုကား သိ၏။"

ထိုပုဂ္ဂိုလ်သည် အောင်းလျက် တွင်းမတူးသော ကြောက်နှင့် ဘူ၏။ ထိုကြောက်သည် အောင်းသာအောင်းပြီး တွင်းမတူးသကဲ့သို့ ထိုအတူ ထိုပုဂ္ဂိုလ်သည် စာမတတ်ဘဲလျက် အမှန်ကိုအမှန်အတိုင်း ယထာဘူတကျကျ သိသောသူ ဖြစ်လေသည်။

(၃) ဤလောက၌ လူအချို့သည် စာကိုလည်း သင်၏။ အမှန်တရားကိုလည်း သိ၏။ ထိုသူသည် တွင်းလည်းတူး၊ အောင်းလည်း အောင်းသော ကြောက်နှင့်တူ၏။

ထိုကြောက်သည် တွင်းလည်းတူး၊ အောင်းလည်းအောင်းသကဲ့သို့ ထိုအတူ ထိုသူသည် စာလည်းတတ်၊ တရားကိုလည်း ဟုတ်မှန်သော အတိုင်း သိသောသူ ဖြစ်လေသည်။

(၄) ဤလောက၌ လူအချို့သည် စာကိုလည်း မသင်။ အမှန်တရားကိုလည်း မသိ။ ထိုသူသည် တွင်းလည်းမတူး၊ အောင်းလည်း မအောင်းသော ကြောက်နှင့်တူ၏။ ထိုကြောက်သည် တွင်းလည်းမတူး၊ အောင်းလည်း မအောင်းသကဲ့သို့ ထိုသူသည် စာကိုလည်း မသင်၊ ဘာကိုမျှလည်း မသိသူ ဖြစ်လေသည်။

သရက်သီးလေးမျိုး

(၁) စိမ်းလျက် မှည့်ရောင်ထင်ရသော သရက်တမျိုး၊
(၂) မှည့်လျက် စိမ်းရောင်ထင်ရသော သရက်တမျိုး၊
(၃) စိမ်းလျက် စိမ်းရောင်ရှိသော သရက်တမျိုး၊
(၄) မှည့်လျက် မှည့်ရောင်ရှိသော သရက်တမျိုး။

ဤသို့အားဖြင့် သရက်တို့သည် လေးမျိုးရှိကုန်၏။

သရက်နှင့်တူသူ လေးယောက်

(၁) စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီးနှင့် တူသူ တယောက်၊
(၂) မှည့်လျက် စိမ်းရောင်ရှိသော သရက်သီးနှင့် တူသူ တယောက်၊
(၃) စိမ်းလည်း စိမ်းလျက် စိမ်းရောင်ရှိသောသရက်သီးနှင့် တူသူ တယောက်၊
(၄) မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးနှင့် တူသူ တယောက်၊

ဤသို့အားဖြင့် သရက်သီးနှင့်တူသူတို့သည် လေးယောက်ရှိကုန်၏။

သရက်နှင့် တူပုံ

အဘယ်သို့ တူလေသနည်း။

(၁) ဤလောကဌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ခြေလှမ်းပုံ၊ နောက်သို့ ပြန်ဆုတ်ပုံ၊ ကြည့်ရှုရာတွင် လည်း ရှေ့တူရှုသို့ ကြည့်ပုံ၊ ဘေးတိုက် ဘေးစောင်း ကြည့်ပုံ၊ ခြေလက်ကို

ကွေးပုံ၊ ဆန့်ပုံ၊ ဒုကုဋ္ဌ သပိတ် သင်္ကန်းကို ဆောင်ပုံမျှားသည် မြင်ရသူတို့အား ကြည်ညိုခြင်းကို ဖြစ်စေ၏။ ကြည်ညိုဘွယ် ဆောင်၏။ ထိုပုဂ္ဂိုလ်သည် စာဟားမတတ်၊ အမှန်တရားကို မသိ။

ဤသို့ ကြည်ညိုဘွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်သည် စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီးနှင့် တူ၏။ ထိုသရက်သီးသည် စိမ်းလျက် မှည့်သည် ထင်ရသကဲ့သို့ ထို့အတူ ဤသို့သောပုဂ္ဂိုလ်မျိုးကား ကြည်ညိုဘွယ်ရှိလျက် အမှန်တရားကို မသိသော ပုဂ္ဂိုလ်ဖြစ်လေသည်။

(၂) ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏ ရှေ့သို့ ခြေလှမ်းပုံ၊ နောက်သို့ ပြန်ဆုတ်ပုံ၊ ကြည့်ရှုရာတွင်လည်း ရှေ့တူရှေ့သို့ ကြည့်ပုံ၊ ဘေးတိုက် ဘေးစောင်းကြည့်ပုံ၊ လက်ခြေတို့ကို ကွေးပုံ၊ ဆန့်ပုံ၊ ဒုကုဋ္ဌ၊ သပိတ်၊ သင်္ကန်းကို ဆောင်ပုံမျှားသည် မြင်သူတို့အား ကြည်ညိုဘွယ်မဖြစ်စေ၊ ကြည်ညိုစဘွယ် သပ္ပာယ်လှခြင်း မရှိ။ ထိုပုဂ္ဂိုလ်သည် အမှန်တရား ကိုကား သိ၏။

ဤသို့ ကြည်ညိုဘွယ်မရှိဘဲလျက် အမှန်ကို အမှန်အတိုင်း ယထာဘူတ ကျကျ သိသော ပုဂ္ဂိုလ်သည် မှည့်လျက် စိမ်းရောင် ရှိသော သရက်သီးနှင့် တူ၏။ ထိုသရက်သီးသည် မှည့်လျက် စိမ်းရောင် ရှိသကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်ကား ကြည်ညိုဘွယ် မရှိသော်လည်း အမှန်တရားကို သိသောပုဂ္ဂိုလ် ဖြစ်လေသည်။

(၃) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကြည်ညိုဘွယ်လည်း မရှိ။ အမှန်တရားကိုလည်း ယထာဘူတ ကျကျ မသိ။ ဤသို့ ကြည်ညိုဘွယ်လည်း မရှိ၊ ဝေဒနာကိုလည်း မသိသော

ပုဂ္ဂိုလ်သည် စိမ်းလျက် စိမ်းရောင်ရှိသော သရက်သီးနှင့် တူ၏။ ထိုသရက်သီးသည် စိမ်းလျက် စိမ်းရောင်ရှိသကဲ့သို့ ထို့အတူ ဤသို့သော ပုဂ္ဂိုလ်သည် ကြည်ညိုဘွယ်လည်းမရှိ၊ တရားကိုလည်း မသိသော ပုဂ္ဂိုလ်ဖြစ်လေသည်။

(၄) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကြည်ညိုဘွယ်လည်း ရှိ၏။ အမှန်တရားကိုလည်း သိ၏။ ဤသို့ ကြည်ညိုဘွယ်လည်း ရှိ၊ အမှန်တရားကိုလည်း သိသော ပုဂ္ဂိုလ်သည် မှည့်လျက် မှည့်ရောင်ရှိသော သရက်သီးနှင့် တူ၏။ ထိုသရက်သီးသည် မှည့်လျက် မှည့်ရောင်ရှိသကဲ့သို့ ထို့အတူ ဤသို့သော ပုဂ္ဂိုလ်သည် ကြည်ညိုဘွယ်လည်း ရှိ၊ တရားကိုလည်း သိသော ပုဂ္ဂိုလ်ဖြစ်လေသည်။

အိုး လေးမျိုး

(၁) ရေ မရှိဘဲလျက် ပိတ်ထားသောအိုး တမျိုး၊
(၂) ရေပြည့်လျက် ဖွင့်ထားသောအိုး တမျိုး၊
(၃) ရေ မရှိဘဲလျက် ဖွင့်ထားသောအိုး တမျိုး၊
(၄) ရေပြည့်လျက် ပိတ်ထားသောအိုး တမျိုး၊

ဤသို့အားဖြင့် အိုးတို့သည် လေးမျိုးရှိကုန်၏။

အိုနှင့် တူသူ လေးယောက

(၁) ရေ မရှိဘဲလျက် ပိတ်ထားသော အိုးနှင့် တူသူ တယောက်၊
(၂) ရေပြည့်လျက် ဖွင့်ထားသော အိုးနှင့် တူသူ တယောက်၊

၆၄၄ ○ ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

(၃) ရေ မရှိဘဲလျက် ဖွင့်ထားသော အိုးနှင့် တူသူ တယောက်၊

(၄) ရေ ပြည့်လျက် ပိတ်ထားသော အိုးနှင့် တူသူ တယောက်၊

ဤသို့အားဖြင့် အိုးနှင့် တူသူတို့သည် လေးမျိုးဖြစ်ကုန်၏။

အိုးနှင့် တူပုံ

(မှတ်ချက်။ ။ဥပမာ၊ ဥပမေယျ အနက် အဓိပ္ပာယ်မှာ သရက်သီး လေးမျိုးအုပ်စု ဖြစ်၏။ စိမ်းလျက် မှည့်ဆောင် သရက်သီးကို ရေ မရှိဘဲလျက် ပိတ်ထားသော အိုးနှင့် ဟပ်ယူ၊ မှည့်လျက် စိမ်းရောင် သရက်သီးကို ရေပြည့်လျက် ဖွင့်ထားသော အိုးနှင့် ဟပ်ယူ၊ တက်ခြင်း၊ ဆုတ်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း စသည်တို့မှာ အတူတူ။)

ရေအိုင် လေးမျိုး

(၁) တိမ်လျက် နက်ယောင်ရှိသော ရေအိုင် တမျိုး၊

(၂) နက်လျက် တိမ်ယောင်ရှိသော ရေအိုင် တမျိုး၊

(၃) တိမ်လျက် တိမ်ယောင်ရှိသော ရေအိုင် တမျိုး၊

(၄) နက်လျက် နက်ယောင်ရှိသော ရေအိုင် တမျိုး၊

ဤသို့အားဖြင့် ရေအိုင် တို့သည် လေးမျိုး ဖြစ်ကုန်၏။

ရေအိုင်နှင့်တူသူ လေးယောက်

(၁) တိမ်လျက် နက်ယောင် ရှိသော ရေနှင့် တူသူ တယောက်၊

(၂) နက်လျက် တိမ်ယောင် ရှိသော ရေနှင့် တူသူ တယောက်၊

(၃) တိမ်လျက် တိမ်ယောင် ရှိသော ရေနှင့် တူသူ တယောက်၊

(၄) နက်လျက် နက်ယောင် ရှိသော ရေနှင့် တူသူ တယောက်၊

ဤသို့အားဖြင့် ရေအိုင်နှင့် တူသူတို့သည် လေးမျိုး ဖြစ်ကုန်၏။

ရေအိုင်နှင့် တူပုံ

(မှတ်ချက်။ ။ယခင် သရက်သီး ဥပမာအတိုင်း မှတ်။ တိမ်လျက် နက်ယောင်ရှိသော ရေကို စိမ်းလျက် မူညှိယောင် ရှိသော သရက်သီးနှင့် ဟပ်၍ယူ။ ကွေးခြင်း၊ ဆန့်ခြင်းစသည်လည်း အတူတူ။)

နှားလား လေးမျိုး

(၁) ကိုယ့်နှားအုပ်ထဲမှာသာ ဗိုလ်ကျ၍ အခြား နှားအုပ်၌ ဗိုလ်မကျသော နှားလား တမျိုး၊

(၂) အခြား နှားအုပ်၌ ဗိုလ်ကျ၍ ကိုယ့်နှားအုပ်တွင် ဗိုလ်မကျသော နှားလား တမျိုး၊

(၃) ကိုယ့်နှားအုပ်ထော၊ သူနှားအုပ်ပါ ဗိုလ်ကျသော နှားလား တမျိုး၊

၆၄၆ ( ) ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော

(၄) ကိုယ့်နွားအုပ်မှာရော၊ သူ့နွားအုပ်မှာရော ဗိုလ်မကျသော နွားလားတမျိုး၊

ဤသို့အားဖြင့် နွားလားတို့သည် လေးမျိုး ဖြစ်ကုန်၏။

နွားလားနှင့်တူသူ လေးယောက်

(၁) ကိုယ့်အချင်းချင်း ဗိုလ်ကျ၍ သူ့အုပ်သင်းဌ ဗိုလ်မကျသော နွားလားနှင့်တူသူ တယောက်၊

(၂) သူ့အုပ်သင်းဌ ဗိုလ်ကျ၍ ကိုယ့်အချင်းချင်း ဗိုလ်မကျသော နွားလားနှင့်တူသူ တယောက်၊

(၃) ကိုယ့်အချင်းချင်းကိုရော၊ သူ့အုပ်သင်းကိုရော ဗိုလ်ကျသော နွားလားနှင့်တူသူ တယောက်၊

(၄) ကိုယ့်အချင်းချင်းကိုရော၊ သူ့အုပ်သင်းကိုရော ဗိုလ်မကျသော နွားလားနှင့်တူသူ တယောက်၊

ဤသို့အားဖြင့် နွားလားနှင့် တူသူတို့သည် လေးမျိုးဖြစ်ကုန်၏။

နွားလားနှင့်တူပုံ

အဘယ်သို့ တူလေသနည်း။

(၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကိုယ့်ဇရိသတ်၊ ကိုယ့်ဘက်ဘော်သားကို လန့်ထိတ်၊ ချောက်ချားစေလျက် သူ့ပရိသတ်ကိုကား မထိပါ၊ လေ။ ဤသို့သော ပုဂ္ဂိုလ်မျိုးသည် ကိုယ့်နွားအုပ်ထဲမှာသာ ဗိုလ်ကျ၍ သူ့အုပ်ထဲ၌ ဗိုလ်မကျရသော နွားလားနှင့် တူ၏။ ထိုနွားလားသည် ကိုယ့်အုပ်ထဲမှာသာ

ဗိုလ်ကျ၍ သူအုပ်ဌာကား ဗိုလ်မကျရဲသကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်သည် ကိုယ့်အချင်းချင်း၊ ကိုယ့်ပရိသတ်၊ ကိုယ့်ဘက်တော်သား၊ ကိုယ့်လုပ်ဖော်ကိုင်ဘက်များ အပေါ်ဌာသာ ဗိုလ်ကျ၍ အခြားအုပ်စု၊ အခြားသူများ အပေါ်ဌာ ဗိုလ်မကျရခြင်း ပုဂ္ဂိုလ်မျိုးဖြစ်လေသည်။

(၂) အချို့သော ပုဂ္ဂိုလ်သည် ဘဘက်အုပ်စု၊ တဘက်အဖွဲ့အစည်း၊ တဘက် ဂိုဏ်းဂဏကို ထိတ်လန့် တုန်လှုပ်ချောက်ချားစေပြီး ကိုယ့်အုပ်စု၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်ဂိုဏ်းဂဏကိုကား မထိတ်လန့်စေ၊ မတုန်လှုပ်စေ၊ မခြောက်ချားသော ဤသို့သော ပုဂ္ဂိုလ်မျိုးသည် သူနှားအုပ်ဌာ ဗိုလ်ကျ၍ ကိုယ့်အုပ်ထဲဌာ ဗိုလ်မကျသော နှားလားနှင့် တူ၏။ ထိုနှားလားသည် သူအုပ်ထဲဌာသာ ဗိုလ်ကျ၍ ကိုယ့်နှားအုပ်ထဲဌာ ဗိုလ်မကျသကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်သည် တဘက်အုပ်စု၊ တဘက်အဖွဲ့အစည်း၊ တဘက်ဂိုဏ်းဂဏ အပေါ်ဌာ ဗိုလ်ကျ၍ ကိုယ့်အချင်းချင်း၊ ကိုယ့်အုပ်စု၊ ကိုယ့်ဂိုဏ်းဂဏ အဖွဲ့အစည်းအပေါ်ဌာ ဗိုလ်မကျသော ပုဂ္ဂိုလ်မျိုးဖြစ်လေသည်။

(၃) ဤနှစ်ခုကဌာ အခြားသော ပုဂ္ဂိုလ်သည် ကိုယ့်ပရိသတ်ကိုထော သူပရိသတ်ကိုပါ ဗိုလ်ကျ၏။ ဝါ၊ ကိုယ့်အချင်းချင်း အပေါ်ဌာ လည်းကောင်း၊ သူတပါး အပေါ်ဌာ လည်းကောင်း ဗိုလ်ကျ၏။ ဤသို့သော ပုဂ္ဂိုလ်သည် ကိုယ့်အုပ်ဌာလည်း ဗိုလ်ကျ၊ သူအုပ်ဌာလည်း ဗိုလ်ကျသော နှားလားနှင့်တူ၏။ ထိုနှားလားသည် ကိုယ့်အုပ်၊ သူအုပ်၊ နှားနွားအုပ်စုလုံးအပေါ်ဌာ ဗိုလ်ကျသကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်သည် ကိုယ့်ပရိသတ်၊ သူပရိသတ် ဝါ၊

ကိုယ့်အုပ်စု၊ သူ့အုပ်စု၊ အုပ်စုနှစ်ခုစလုံးအပေါ်၌ ဗိုလ်ကျသော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

(၄) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် ကိုယ့်ပရိသတ်ကိုရော၊ သူ့ပရိသတ်ကိုပါ ဗိုလ်မကျ။ ဝါ၊ ကိုယ့်အချင်းချင်းအပေါ်၌သည်းကောင်း၊ သူတပါး အပေါ်၌လည်းကောင်း ဗိုလ်မကျ။ ခြိမ်းချောက်ခြင်း မပြု။ ဤသို့သော ပုဂ္ဂိုလ်သည် ကိုယ့်အုပ်၌လည်း ဗိုလ်မကျ၊ သူ့အုပ်၌လည်း ဗိုလ်မကျသောနှားလားနှင့် တူ၏။ ထိုနှားလားသည် ကိုယ့်အုပ်၊ သူ့အုပ်၊ နှားနှစ်အုပ်စလုံးအပေါ်၌ ဗိုလ်မကျ၊ ခြိမ်းချောက်ခြင်း မပြု သကဲ့သို့ ထိုအတူ ဤပုဂ္ဂိုလ်သည် ကိုယ့်ပရိသတ်၊ သူ့ပရိသတ်၊ ဝါ၊ ကိုယ့်အုပ်စု၊ သူ့အုပ်စု၊ အုပ်စုနှစ်ခုစလုံးအပေါ်၌ ဗိုလ်မကျသော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

မြေလေးမျိုး

(၁) အတက်မြန်လျက် အဆိပ်မပြင်းသော မြေတမျိုး၊
(၂) အဆိပ်ပြင်းလျက် အတက်မမြန်သော မြေတမျိုး၊
(၃) အတက်လည်းမြန် အဆိပ်လည်းပြင်းသောမြေတမျိုး၊
(၄) အတက်လည်း မမြန် အဆိပ်လည်း မပြင်းသော မြေတမျိုး၊

မြေနှင့်တူသူ လေးယောက်

(၁) အတက်မြန်လျက် အဆိပ်မပြင်းသော မြေနှင့်တူသူတယောက်၊

---

(၂) အဆိပ်ပြင်းလျက် အတက်မမြန်သော မြေနှင့်တူသူ တယောက်၊
(၃) အဘက်လည်းမြန် အဆိပ်လည်းပြင်းသော မြေနှင့်တူသူ တယောက်၊
(၄) အတက်လည်းမမြန် အဆိပ်လည်းမပြင်းသော မြေနှင့်တူသူ တယောက်၊
ဤသို့အားဖြင့် မြေနှင့်တူသူတို့သည် လေးယောက်ဖြစ်ကုန်၏။

မြေနှင့်တူပုံ

အဘယ်သို့ တူလေသနည်း။

(၁) ဤလောကဌ္ဌ အခြို့သောပုဂ္ဂိုလ်သည် အမြဲစိတ်ဆိုး 'ဒေါသ' ထုက်တတ်၏။ ထိုဒေါသကား ထိုသူ၏ သန္တာန်ဌ အရှည် စွဲ၍ မနေ။ ခဏအတွင်း ဆိုသလိုပင် ပြေသွား၏။ ဤသို့သော ပုဂ္ဂိုလ်သည် အတက်မြန်လျက် အဆိပ်မပြင်းသော မြေနှင့်တူ၏။ ထိုမြေသည် (ကိုက်လိုက်သော်) အတက်မြန်လျက် အဆိပ်မပြင်း သကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်သည် ရုတ်တရက် ဒေါသအမျက် ချစ်းချောင်းထုက်ပြီး ပြေပျောက်လွယ်သော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

(၂) ဤလောကဌ္ဌ အခြို့သောပုဂ္ဂိုလ်သည် စိတ်မဆိုးတတ်၊ ဒေါသမထုက်တတ်၊ (အကယ်၍ ဒေါသထုက်စိတ်ဆိုးလတ်သော်) ထိုအမျက်ဒေါသသည် ထိုပုဂ္ဂိုလ်အား ကြာရှည်စွာ စွဲဘည်နေတတ်၏။ ဤသို့သော ပုဂ္ဂိုလ်သည် အဆိပ်ပြင်းလျက် အဘက်မမြန်သော မြေနှင့်တူ၏။ ထိုမြေသည် (ကိုက်လတ်သော်) အဆိပ်ပြင်းလျက် အတက်မမြန် သကဲ့သို့ ထို့အတူ ဤပုဂ္ဂိုလ်သည်

ရုတ်ဘရက် ဒေါသအမျက် မထွက်သော်လည်း ထွက်မိပြီ ဆိုသောအခါ ပြေပျောက်ခဲသော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

(၃) ဤလောကဌ္ဌ အချို့သော ပုဂ္ဂိုလ်သည် အမျက် ဒေါသသည်း ထွက်လွယ်သည်။ ပြေလည်း ပြေခဲ၏။ ဤသို့သော ပုဂ္ဂိုလ်မျိုးသည် အတက်လည်း မြန်၊ အဆိပ်လည်း ပြင်းသော မြွေနှင့် တူ၏။ ထိုမြွေသည် အတက်လည်း မြန် အဆိပ်လည်း ပြင်းသကဲ့သို့ ထိုအတူ ဤပုဂ္ဂိုလ်သည် ဒေါသလည်း ထွက်လွယ်၊ စိတ်လည်း ဆိုးလွယ်၍ ပြေလည်း ပြေခဲသော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

(၄) ဤလောကဌ္ဌ အချို့သော ပုဂ္ဂိုလ်သည် အမျက် ဒေါသလည်း မထွက်တတ်၊ (ထွက်ခဲ့သော်လည်း) အကြိတ် အခဲနှင့်အရှည်စွဲမနေဘဲ ပြေပျောက်လွယ်၏။ ဤသို့သော ပုဂ္ဂိုလ်သည် အတက်လည်း မမြန်၊ အဆိပ်လည်း မပြင်းသော မြွေနှင့် တူ၏။ ထိုမြွေသည် အဘက်လည်း မမြန်၊ အဆိပ်လည်း မပြင်းသကဲ့သို့ ထိုအတူ ဤပုဂ္ဂိုလ်သည်လည်း ဒေါသလည်း မထွက်၊ စိတ်လည်း မဆိုးတတ်။ (အကယ်၍ စိတ်ဆိုး ဒေါသထွက်သည့် တိုင်အောင်) အကြိတ်အခဲနှင့် အရှည်စွဲမနေဘဲ ပြေပျောက်လွယ်သော ပုဂ္ဂိုလ်မျိုး ဖြစ်လေသည်။

သစ်ပင် လေးမျိုး

(၁) အခွံဖြစ်လျက် အနှစ်ရုံသော အပင် တမျိုး၊
(၂) အနှစ်ဖြစ်လျက် အခွံရုံသော အပင် တမျိုး၊
(၃) အခွံဖြစ်လျက် အခွံရုံသော အပင် တမျိုး၊

(၄) အာနှစ်ဖြစ်လျက် အနှစ်ရုံသော အပင် တမျိုး၊ ဤသို့အားဖြင့် သစ်ပင်တို့သည် လေးမျိုး ဖြစ်ကုန်၏။

သစ်ပင်နှင့်တူသူ လေးယောက်

(၁) အခွံဖြစ်လျက် အနှစ်ရုံသောအပင်နှင့်တူသူတယောက်၊

(၂) အနှစ်ဖြစ်လျက် အခွံရုံသောအပင်နှင့်တူသူတယောက်၊

(၃) အခွံဖြစ်လျက် အခွံရုံသော အပင်နှင့်တူသူ တယောက်၊

(၄) အနှစ် ဖြစ်လျက် အနှစ် ရုံသော အပင်နှင့် တူသူ တယောက်၊

ဤသို့အားဖြင့် သစ်ပင်နှင့်တူသူတို့သည် လေးယောက်ဖြစ်ကုန်၏။

သစ်ပင်နှင့်တူပုံ

အဘယ်သို့ တူလေသနည်း။

(၁) ဤလောကဌ္ဌ အချို့သော ပုဂ္ဂိုလ်သည် သီလ မရှိ။ အကျင့် ယုတ်၏။ သူ၏ အခြေအရုံ ပရိသတ်မှာမူ သီလရှိသည်။ ကိုယ်ကျင့်တရား ကောင်းမွန်သည် ဖြစ်၏။ ဤသို့သော ပုဂ္ဂိုလ်သည် အခွံဖြစ်လျက် အနှစ်သာခြံရုံသော သစ်ပင်နှင့် တူ၏။

(၂) ဤလောကဌ္ဌ အချို့သော ပုဂ္ဂိုလ်သည် သီလ ရှိ၏။ ဆကျင့် ကောင်း၏။ ထိုသူ၏ အခြေအရုံ ပရိသတ်များကား သီလလည်း မရှိ။ အကျင့်လည်း ယုတ်၏။ ဤသို့သော ပုဂ္ဂိုလ်သည် အနှစ်သာရ ဖြစ်လျက် အခွံ ခြံရုံသော သစ်ပင်နှင့် တူ၏။

(၃) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလလည်း မရှိ။ အကျင့်လည်း ယုတ်၏။ ယင်း၏ အခြေအရံများသည်လည်း ထိုနည်းဎင်း၊ သီလလည်း မရှိ၊ အကျင့်လည်း ယုတ်၏။ ဤသို့သော ပုဂ္ဂိုလ်သည် အခံ့ဖြစ်လျက် အခံ့ခြံရံသောသစ်ပင်နှင့် တူ၏။

(၄) ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သီလလည်း ရှိ၏။ အကျင့်လည်း ကောင်း၏။ ယင်း၏ အခြေအရံများသည်လည်း သူကဲ့သို့ပင် သီလလည်း ရှိ၏။ အကျင့်လည်း ကောင်းကြ၏။ ဤသို့သော ပုဂ္ဂိုလ်သည် အနှစ်သာရ ဖြစ်လျက် အနှစ်သာရ ခြံရံသော သစ်ပင်နှင့် တူလေ၏။

(အဘိဓမ္မာ ပိဋကဓ၊ ပုဂ္ဂလပညတ် ပါဠိတော်။ စတုက္ကပုဂ္ဂလပညတ်တို့။ ၁၄၈၊ ၁၆၁၊ ဆဋ္ဌမ္မု။)

ဧပယ်ဒိုးစာဒပ

(၃၂)

ဇီဝက ပဥ္စာ

"ဝဋ်မှာ အမြဲ၊ငရဲမှာ အပ" ဟု ဆိုသည်။ ငရဲသို့ မလားအောင် ရှောင်ကွင်းနိုင်သော်လည်း ဝဋ်မှ လွတ်မြောက်အောင် ဆိုသည် ကိုမူကား ဘုရားသော်မှပင် မတတ်နိုင်ဟု ဆိုခြင်းပင်တည်း။

အောက်ပါဖြစ်ရပ်သည် ယင်းစကား၏ မှတ်ကျောက်တခုပင်။

အချိန်မှာ ယုဂန်ဇုစုန်းမှ နေဝန်းကြီး ထွက်ပြူလာစအချိန် ဖြစ်လေသည်။ ထိုနေ့ ထွက်ပြူလာသော နေရောင်ခြည်သည် ခါတိုင်းကဲ့သို့ ကြည်လင်ခြင်း မရှိလှ။ အရောင် ဖျော့ဖျော့နှင့် အားပျော့နေပုံ ရ၏။ ညှိ ငယ် နွမ်းလျ ဝမ်းနည်းလှသည့် အသွင် ထင်နေ၏။

ထိုနေ့အဖို့ နေမင်းသည် ဂိဇ္ဈကူဋ် တောင်ရိုးကို နေခြည် ထိုးလိုက်ရသော်လည်း "ငါ့ ပယောဂများ ပါလေမည်လား" ဟု တွေးပူမိကာ မသာမယာ ဖြစ်နေဟန် တူ၏။

ဤအတွေးဖြင့် နေမင်းကြီး ဆွေးမည်ဆိုကလည်း ဆွေးထိုက်ပေသည်။ ဂိဇ္ဈကူဋ်တောင်စောင်းက ကျောက်မောင်း ဆင်နေကြ ပါပြီကော။

သူတို့ကား မည်သူတွေနည်း။

ဘုရားကိုဆတ်၍ ဘုရား လုပ်မည့်သူက တယောက်၊ ဘုရင်ကို ဆတ်၍ ဘုရင် လုပ်မည့်သူက တယောက်၊ ဤသို့ နှစ်ယောက်တို့

ဖြစ်လေသည်။ ဤသူနှစ်ယောက်အနက် တဦးကား ဒေဝဒတ်၊ တဦးကား အဇာတသတ် ဖြစ်သော ဟူပေ၏။

ကျောက်တုံးကြီးတခုပေါ်တွင် ရပ်လျက် သူတို့နှစ်ယောက်က အမိန့်ပေးနေသည်။ အာဏာသားများက ကျောက်တုံးကြီးကို တောင်အောက်သို့ တွန်းလှိမ့်ချရန် အသင့်ပြင်ပြီး ဖြစ်နေသည်။

ဒေဝဒတ်နှင့် အဇာတသတ်သည် တောင်အောက်ကို ခဏ ခဏ ငုံ့ကြည့်ကာ ကြည့်ကာနှင့် ရှိနေသည်။ အာဏာသားများသည် သူတို့ထံမှအမိန့်ကိုစောင့်ရင်း ဒေဒဝတ်နှင့်အဇာတသတ် မျက်နှာကိုသာ အကဲခတ်လျက် ရှိနေကြသည်။

အဇာတသတ်သည် တောင်အောက်သို့ ငုံ့ကြည့်လျက်မှ လက်ဟန်ဖြင့် "ချလိုက်" ဟု အမိန့်ပေးလိုက်သည့် အဆုံးတွင် 'ဝုံး' ဟူသော အသံကြီးသည် တတောင်လုံး ဟိန်းကာ ပဲ့တင်ထပ်လျက် ထွက်လာသည်နှင့် တချိန်တည်းမှာပင် သပိတ်တော်သည် ဘုရားသခင်၏ လက်တော်မှ လွှင့်စင်လျက် တနေရာသို့ လိမ့်သွားလေသည်။ ဘုရားသခင်မှာလည်း ခွေလျက်သား လဲကျသွားလေ၏။

"ဟင် ဘုရားသခင်ကို ထိသွားပါပြီကော"

ရဟန်းတို့ ပြေးလာကုန်ပြီး ဘုရားသခင်အား ဝိုင်းဝန်းပွေ့ထူပြုစုကြကုန်၏။ ခြေတော်၌ ထိခတ်မိသော ဒဏ်ရာကြောင့် ဘုရားသခင်၌ ဝေဒနာသည် ပြင်းစွာ ဖြစ်လေ၏။

ရဟန်းတို့လည်း နောက်ထပ် အန္တရာယ်တို့မည် စိုးသောကြောင့် ဘုရားသခင်ကို အတင်းထမ်းကာ မဒ္ဒကုစ္ဆိတောင်သို့ ဆောင်ယူ ပြေးကြလေ၏။ ထိုဒေါ-

"ရဟန်းတို့၊ ငါ့ကို ဇီဝကဉယျာဉ်သို့ ခေါ်သွားကြ။ ဇီဝကဉယျာဉ်သို့ ခေါ်သွားကြ" ဟု စေခိုင်းတော်မူသဖြင့် ရဟန်းတို့လည်း အာမိန့်တော်အတိုင်း ဇီဝကဉယျာဉ်သို့ ကွေကာ ဘုရားသခင်ကို ထမ်းဆောင် ပြေးကြလေ၏။

ဤရွက်ကို တောင်ပေါ်မှကြည့်ကာ အဇာတသတ်အား ဒေဝဒတ်က အားပါးတရ ပြောလေသည်ကား-

"ဒကာ၊ ငါ့တာဝန် ကျေပြီ။ ငါ့ကိစ္စကား ပြီးပြီ။ ဂေါတမသေပြီ။ငါဘုရားပြုအံ့။ သင်လည်း သင့်တာဝန်ကျေအောင်လုပ်။ ခမည်းတော်ကို သတ်၍ မင်းပြုလော့" ဟူပေသာဘည်း။

ဇီဝကလည်း ဘုရားသခင် ဒဏ်ရာရကြောင်း ကြားလျှင် ကြားချင်း ပြေးလာပြီးလျှင် ကုသခြင်း ပြုလေ၏။ အနာကို ဆေးထည့်ပြီး စည်းနှောင်၍ (ပတ်တီးစည်း၍) ပေးပြီးလျှင် ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ ဝေဒနာက တဖြည်းဖြည်း သက်သာသွားပါလိမ့်မည် ဘုရား။ မြို့ထဲ၌ အရေးကြီးသော လူနာ တဦးကို ကုစားရန် ရှိနေပါသည်။ တပည့်တော်အား သွားခွင့် ပြုတော်မူပါ။ မကြာခင် ချက်ချင်းဆိုသလိုပင် တပည့်တော် ပြန်လာခဲ့ပါမည်။ အနာ စည်းနှောင်ထားသည်ကို တပည့်တော် မလာမချင်း မဖြေပါနှင့် ဘုရား" ဟု ဤသို့ လျှောက်ထားပြီး ဘုရားသခင်၏ အပါးမှ ဖဲခွာသွားလေ၏။

သို့သော် ဇီဝကမှာ ချက်ချင်းပြန်လာလိုသော်လည်း လူနာမှာ ထိလွန်အရေးကြီးသော (အသက်ကို လုယူရသော) အခြေအနေဆိုက်နေသဖြင့် ထိုလူနာကို ထား၍ လည်း မသင့်လျော်

ဖြစ်နေသည်။ ဘုရားသခင်ထံသို့လည်း အမြန် ပြန်လိုသည်။ သို့သော် အခြေအနေက သူ့ကို ခွင့်မပြုလေ။

နေမှန်းတည့်ပြီ ဖြစ်၏။ ဇီဝကသည် ပြန်မရောက်လာသေး။ ညနေ စောင်းသွားပြီ ဖြစ်၏။ ဇီဝကကား မလာသေး။ နေဝင် သွားပြီ ဖြစ်၏။ ဇီဝကကား မလာသေး။

ခြေတော်၌ ခဲမှန်သော ဒဏ်ရာကြောင့် ဘုရားသခင်အား ကိုက်ခဲနာကျင်သော ဝေဒနာတို့သည်ပြင်းစွာဖြစ်လာကုန်လေ၏။ မြတ်စွာဘုရားသည် သတိကြီးစွာ ထားလျက် ထိုဝေဒနာကို သည်းခံတော်မူနေ၏။ အကိုက်အခဲ နံ့သာကျင်မှုမှ သက်သာစိမ့်သောငှာ မြတ်စွာဘုရားသည် ဒုကုဋ္ဌသက်နှံးကြီးကို လေးခေါက် ခေါက်၍ ခင်းပြီးလျှင် လက်ျာဘက်စောင်း၍ လျောင်းတော်မူသည်။ ခြေတဖက်ပေါ်တွင် ဒဏ်ရာ ရသောခြေကို တင်လျက် သတိနှင့် လျောင်းတော်မူ၏။

ထိုအခါ၌တွင် မာရ်နတ် ချတ်တရက် ရောက်လာပြီး ဘုရားသခင်အား ဤသို့ မေးလျောက်ခြင်း ပြုလေ၏။

မာရ်နတ်။ ။သင်သည် မိန်းမော တွေဝေ သဖြင့် အိပ်သလော။[၁] သို့မဟုတ် ကဗျာဆရာများကဲ့သို့ စိတ်ကူး၍ အိပ်

၁။ ။(၁)မန္ဒိဟာန္ဥတိ မန္ဒဘာဝေန မောမူဟဘာဝေန။
(၂) ဥဒါဟုကာ စေယျမတ္တာတိ ယထာ ကဝိကဗ္ဗ စိန္တိန္တာ တေနကဗ္ဗ ကရဏေန မတ္တောသယတိ။ ဧဝံ သယတိ။ (သဂါထာဋီ သံယုတ်အဋ္ဌကထာ၊ သလိကာသုတ္တ ဝဏ္ဏနာ၊ မာရသံယုတ်၊ ၁၆၂၊ ဆဋ္ဌမ)

သလော့။ သင့်အား များစွာသော အကျိုးတို့သည် မရှိကုန်သလော။ တိတ်ဆိတ်သောနေရာ၌ တယောက်တည်း အဘယ့်ကြောင့် အိပ်နေပါသနည်း။

ဗုဒ္ဓ။ ။ငါသည် မိန်းမောစေတတ်ဝေသဖြင့် အိပ်သည်မဟုတ်။ ကဗျာဆရာများကဲ့သို့ စိတ်ကူး၍ အိပ်သည်မဟုတ်။ ငါသည် နိဗ္ဗာန်ဟူသော အကျိုးသို့ ကောင်းစွာ ရောက်ပြီးသူ ဖြစ်သဖြင့် ငါ့မှာ ပူပင်ကြောင့်ကြစရာ သောကမရှိ။ သတ္တဝါ ခပ်သိမ်းတို့အား ချီးမြှောက်လိုစိတ်၊ စောင့်ရှောက်လိုစိတ်ဖြင့် ဆိတ်ငြိမ်ရာ အရပ်၌ ငါဘယောက်တည်း အိပ်၏။

အကြင်သူတို့၏ ရင်ဝဋ်၌ မြားသည် စူးဝင်လေ၏။ ထိုသူတို့၏ နှလုံးသားသည် တလှုပ်လှုပ် တုန်လှုပ် နေ၏။ ရင်ဝဋ်၌ မြားတန်းလန်းနှင့် ရှိနေသူမျှားပင်လျှင် အိပ်ခြင်းကို ရနိုင်တုံသေး၏။ မြားစူးခြင်းမရှိသော ငါ့အား အဘယ့်ကြောင့် မအိပ်ဘဲ ရှိမည်နည်း။

ငါသည် ဘေးရန်ရှိသော ခရီးပင် ဖြစ်စေဦးတော့ "ငါ့အား ဘေးဖြစ်လိမ့်မည်လား" ဟူ၍ ယုံမှားခြင်း အလျှင်းမရှိ။ အကယ်၍ ဘေးရန် ရှိစေကာမူလည်း ငါ အိပ်ရဲသည်။ မကြောက်။ နေ့၊ ညဉ့်တို့သည် ငါ့ကို မပူစေရကုန်။ လောကဌ္ဌ တစုံတခုသော ဆုတ်ယုတ်ခြင်းကိုမမြင်။ ထို့ကြောင့် သတ္တဝါခပ်သိမ်းတို့အပေါ်၌ ထားရှိသော သနားကရုဏာစိတ်ဖြင့် ငါ အိပ်၏။

ဤသို့ မိန့်တော်မူလတ်သော် မာရ်နတ်သည် "ငါ့အကြောင်း ဘုရား သိသွားပြီ" ဟူ၍ ခေါင်းတခါခါနှင့် ပြန်သွားလေ၏။ မာရ်နတ်ပြန်သွားပြီးနောက် မကြာခင် အတွင်း ဘုရားသခင် အထံသို့ အရှင်အာနန္ဒာ ဝင်လာ၏။

"အာနန္ဒာ၊ ခု ဘယ်အချိန် ရှိပြီနည်း"

"သန်းခေါင်ယံအချိန်ပါ ဘုရား"

မြတ်ဘုရားသည် ဆန့်ထားသောခြေကို ကွေး၍ စည်းနှောင်ထားသော အနာကို ရှုစားလျက်မှ—

"အာနန္ဒာ၊ ဇီဝကက သူ မလာမချင်း မဖြေပါနှင့်ဟု မှာခဲ့သည် မှန်၏။ သို့သော် သန်းခေါင်ယံအချိန်တိုင် သင်း မရောက်လာသေး။ ဝေဒနာသည် ပြင်းပြလှစွာ၏။ စည်းနှောင် ထားသည် ဖြေလျှင် ကောင်းမည်။ ဖြေလော့၊ အာနန္ဒာ"

အရှင်အာနန္ဒာသည် မည်သို့မျှ ပြန်လည် လျှောက်ထားရန် မဝံ့သဖြင့် အမိန့်တော် အတိုင်း (ပတ်တီး) ဖြေပေးရလေ၏။ ထိုအခါ အာနန္ဒာမှာ "သစ်ပင်များ အပေါ့တက်သကဲ့သို့" အသားနုများတက်လျက်ရှိနေသည်ကို အံ့သြစွာ တွေ့ရလေ၏။

အချိန်မှာ အရုဏ်တက်ကာနီးပြီ ဖြစ်သောကြောင့် တောကြက်များသည် မိုးသောက်တေးကို တကျော့စီ သီလျက် ရှိနေကုန်၏။

ထိုအချိန်တွင် ဘုရားသခင်ထံတော်သို့ အူယား ဖားယား ပျာရီးပျာရာနှင့် ပြေးဝင်လာသူကား ဆရာဇီဝက ဖြစ်၏။ အနာကို ဖြေထားပြီး တွေ့ရသောအခါ အံ့အားသင့်သွားလေသည်။

"အရှင်ဘုရား၊ ကိုယ်ပူတော်မူပါသလား" ဟူ၍ စိုးရိမ်သံဖြင့် မေးလျှောက်လေ၏။

"ဇီဝက၊ ငါ့အား အပူဟူသည် မရှိ။ အပူဟူသမျှ ငါ့အား ဗောဓိမ့ဏ္ဍိုင်ကပင် ငြိမ်းအေးခဲ့ပြီ ဖြစ်၏" ဟူ၍ မိန့်တော်မူပြီးလျှင် အောက်ပါဂါထာကို ရွတ်တော်မူ၏။

(၉၀) သံသရာခရီး၊ လမ်းဆုံးသို့ ရောက်သည် အထိ လျှောက်သွားပြီးသူ မည်သူမဆို ပုဂ္ဂိုလ်သတ္တဝါ အား ပူပန်ခြင်း မည်သည်မရှိ။ ခန္ဓာ စသောခပ်သိမ်း သော တရားတို့၌ ကင်းလွတ်ပြီးသူအား ပူပန်ခြင်း မည်သည်မရှိ။ ဂန္ဆလေးပါး[၁]ကို ပယ်ပြီး သူအား ပူပန်ခြင်း မည်သည်မရှိ။

ဤစကားအဆုံး၌ နေလုံးနီနီကြီးသည်နောက်တနေ့ အလင်းရောင် ပေးရန်အတွက် အရှေ့စကြာဝဠာ၏ နှုတ်ခမ်းရေးတွင် မေးတင်စ ပြုလာလေပြီတည်း။

(ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ အရဟန္တဝဂ်၊ ဇီဝကပဉ္ဉာဝတ္ထု၊ ၇၇၊ ၎မ္မ။့်မူ။ ။သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်။ မာရသံယုတ်၊သကလိကသုတ်၊၁၁၁၊ ဆဋ္ဌမူ။)

၁။ ။(၁) (အာကိဉ္စာကာယဂန္ထ-လိုချင်မှု လောဘတရား။ (၂) ဗျာပါဒကာယဂန္ထ-ပြစ်မှားမှု ဒေါသ တရား။ (၃) သီလဗ္ဗတ ပရာမာသ-မှားယွင်းမှုကိုပင် ကိုယ့်အယူ ကိုယ်မှန်၊ သူ့အယူသူမှန်ဟု မှတ်ထင်စွဲယူ သုံးသပ်မှု ဒိဋ္ဌိတရား။ (၄) ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-မိမိ၏ မှားသောအယူကို 'ငါ့အယူသာ မှန်သည်၊ သူ့အယူ အားလုံး မှားသည်'ဟု စွဲယူသုံးသပ်မှု မိစ္ဆာဒိဋ္ဌိတရား။

တောဒီးပမာ ၂၂ စာ

ကောသလတိုင်းသည် သမိုင်းဆင့်ဆင့်၊ ကလ္လာ သီးခြားဖွင့်ကာ ဝင့်လာခဲ့သော တိုင်းကြီးဖြစ်၏။ တကဲ့ပုဂ္ဂိုလ်ကျော်တို့ ပေါ်ထွန်းရာ ဘူမိနက်သံသည်း မှန်လှ၏။

တခါသ၌ ဘုရားသခင်သည် ရဟန်းများ ခြံရံလျက် ထိုကောသလတိုင်း၌ ဒေသစာရီ ကြွချီတော် မူလေသောအခါ နွေရတု ဖြစ်သည့်အလျောက် တောမီးတို့သည် တဟုန်းဟုန်း တောက်လျက် ရှိကုန်၏။ တောလမ်းခရီး၏ ဝဲယာတခိုတွင် မီးခိုး တို့ဖြင့် ညို့မဲနေ၏။ တခါတခါ မီးလောင်ဒဏ်ချက်ကြောင့် ပေါက်ကွဲ၍ ထွက်လာသော အသံကြီးများသည် စုံမြိုင်တခွင်ကို ပဲ့ဘင်ထပ်သွားစေလေ၏။

မီးလောင်ကွင်းဘေးရှိ တောလမ်းအတိုင်း ဖြတ်လျှောက်လာခဲသော ဘုရားသခင်သည် နေရှိန်တောက်သည်နှင့် သစ်တပင်ရင်းသို့ကပ်၍ တထောက်တနား ဝင်ရောက် အပန်းဖြေတော်မူလျှင် ရဟန်းတို့လည်း နီးရာသစ်ပင်ရိပ်ကို အလျှို အလျှိ ဝင်၍ တည်းခိုကြလေကုန်၏။

အလှည့်နှင့် ရဲရဲ၊တရဲရဲ စွဲခဲလောင်နေသော တောမီးသည် ဘုရားသခင်အား ပူဇော်လေသည့်အလား၊ လေအဝှေ့တွင် အငွေ့

တလူလူနှင့် ဘုရားသခင်ရှိရာသို့ မျက်နှာ မူလာလေသည်။ မီးညှန့်တို့သည် ဘုရားသခင်အား မဖူးဝံ့ဝံ့၊ ရှိနေရာကြသည့်ပမာ လေထဲတွင် တန်ခဲ့နှဲ့နှင့် ရှိနေကြသည်။

ဗုဒ္ဓသည် တဖြိုက်ဖြိုက် လောင်မြိုက်နေသော တောမီးကို အမှတ်မထား နေခဲ့သော်လည်း မီးသည် ကိုယ်တော်၏ ရှေတူရှုတွင် အခိုးအလှိုး တလူလူနှင့် ရှိနေသောကြောင့် တမင်ရှုစားတော် မမူရဘဲလျက် အထင်းသား မြင်တော် မူနေရ၏။

ထိုအခါ ဗုဒ္ဓသည် သစ်ရိပ်အောက်တွင် ထိုင်တော် မူလျက်မှ ရဟန်းတို့ဘက်သို့ မျက်နှာတိမ်းငဲ့၍ ရှုစားတော်မူလိုက်ပြီး ရဟန်းတို့အား မီးပုံကို လက်ညှိုး ညွှန်ပြတော်မူလျက်—

"ချစ်သားတို့၊ အလှိုတပြောင်ပြောင်နှင့် တောလုံးကျတ်ခမန်း လောင်ကျမ်းနေသော ဤမီးပုံကြီးကို သင်တို့မြင်ကြသည် မဟုတ်တုံလော့"

ဤသို့မေးတော်မူလိုက်မှ ရဟန်းတို့လည်း အံ့အားသင့်သော အမူအရာဖြင့် "မြင်ပါသည် ဘုရား" ဟူ၍ လျှောက်ထားကြပြီး နောက် ဘုရားသခင် နောက်ထပ် မိန့်မြွက်တော် မူမည့်စကားကို စောင့်ကြိုလျက် ရှိနေကြကုန်၏။ ထိုအချိန်တွင် မိုးတိမ်များကို ပြိုင်းလသည့်ပမာ မီးညှန့်တို့သည် လဟာပြင်ထဲတွင် တလွန့်လွန့်နှင့် ရှိနေကြကုန်၏။

"အို ချစ်သားတို့၊ ငါပြောမည့်စကားကို သင်တို့ မည်သို့ ထင်ကုန်သနည်း။ မီးညှန့်တလူလူ၊ မီးခိုးလုံးတို့ တအူအူနှင့် ရှိနေသော ဤမီးပုံကြီးကို သင်တို့ရင်ခွင်ထဲ ပွေ့ပိုက်ထားခြင်း၊ ဤမီးပုံကြီးကို ပွေ့ဖက်၍ အိပ်စက်ခြင်းနှင့် နတ်သမီးကဲ့သို့ အလွန်လှပသော ဘုရင့်သမီးတော် စသည်ကို ပွေ့ပိုက်ထားခြင်း၊ ၎င်းဘုရင့်

သမီးဘော်နှင့်အတူတကွ ပွေ့ဖက်၍အိပ်စက်ရခြင်း၊ ယင်း နှစ်မျိုး အနက်တွင် ဘယ်သင်းက မြတ်လေသနည်း”

ဤသို့သော စကားမျိုးကို မမြင်စဘူး မိန့်မြွက်ပုံ ထူးလှသောကြောင့် ရဟန်းတို့သည် ခေတ္တမျှ ကြောင်ငေးငေး ဖြစ်နေကြပြီး အချင်းချင်းကြည့်ကာကြည့်ကာနှင့်မည်သို့ လျှောက်ရမည်မသိ ဖြစ်နေကြသည်။ သို့သော် ရဟန်းတချို့ကမူ အမေးတော်ကို လေးစားသည့် သရုပ်ပေါ် အောင် တုံ့ပြန်အဖြေပေးခြင်းအားဖြင့် ဖော်လိုက်ကြလေကုန်၏။

“ဘုန်းတော် ကြီးလှသော အရှင် သူမြတ်ကြီးဘုရား၊ ဘုရင့်သမီးတော်စသော မိန်းမချော်မိန်းမလှ၊ ဣတ္ထိယမျှားနှင့် ပွေ့ကာဖက်ကာနေရခြင်း၊ သူကလေးတွေ့ကို ပွေ့ဖက်၍ အိပ်စက်ရခြင်းက မြတ်ပါသည်။ မီးပုံကြီးကို ဖက်ထားခြင်း၊ မီးပုံကြီးကို ဖက်၍ ၎င်းနှင့်အတူဘဲကွ အိပ်စက်ရခြင်းကားမမြတ်လေရုံမက လွန်စွာဆင်းရဲဘိစ့ ဘုရား” ဟူ၍ လျှောက်ကုန်၏။

ဗုဒ္ဓသည် ယင်းအဖြစကားကို ကြားလိုဟန် မတူ၊ ရွှေတူရွှေသို့သာမျက်နှာမူလျက်ရှိနေစဉ် မီးခိုးလုံးကြီးမျှားသည်မိုးပေါ်သို့ ထိုးတက်လျက်ရှိနေကုန်၏။ ဤမီးပုံ မြင်ကွင်းကား ရဟန်းတို့အား တရားဟောရန်အတွက် အကွက် ဆင်ပေးလိုက်သည်နှင့် တူ၏။ မှန်၏။ ထိုခဏအတွင်းမှာပင် ဗုဒ္ဓ၏ နှုတ်တော်ဖျားမှ ဝင့်ကြွားစာစကားများ ထွက်လာလေပြီကော။

“အို ရဟန်းတို့၊ အယုတ်နှင့် အမြတ် ယင်း နှစ်ရပ်နှင့် ပတ်သက်၍ သင်တို့အား သဘောပေါက်အောင် ငါပြောပြအံ့။ ဉာဏ်မျက်စိပွင့်အောင် ငါ ဖွင့်ပေးအံ့။ ယုတ်မာသော သဘော၊ မစင်မကြယ် စက်ဆုပ်ဖွယ် အကျင့်၊ ဖုံးထားသော ပြစ်မှု၊

ရဟန်း မဟုတ်ပါဘဲလျက် ရဟန်းဟု ဝန်ခံ၊ မြတ်သော အကျင့်ကို ကျင့်သူ မဟုတ်ပါဘဲလျက် ကျင့်သူဟု ပြောသော ကိလေသာ အတွင်းပုပ်နှင့် ဒုဿီလရဟန်းဆိုးအား မီးကို ဖက်ပွေ့၍ နေခြင်း၊ မီးကိုဖက်၍ အိပ်ခြင်းသည် ရှိ၏။ ဤသို့ မီးကိုဖက်၍ နေခြင်း၊ အိပ်ခြင်းသည် သူအဖို့ မြတ်သေး၏။

"အဘယ့်ကြောင့်ဆိုသော် အို ရဟန်းတို့ မီးပုံကြီးကို ပွေ့ဖက်ခြင်းဟူသော အကြောင်းကြောင့် ဒုဿီလ ရဟန်းကား သေသော်လည်း သေရာ၏။ မသေသည့်တိုင်အောင် သေလောက်သော ဆင်းရဲသို့သော်လည်း ရောက်လေရာ၏။ အပါယ်လေးပါး သို့ကား မလားရောက်လေရာ။

"အို ရဟန်းတို့၊ ထို့သို့သော အကျင့်ဆိုး၊ ညစ်ဆိုးရှိသော ဒုဿီလရဟန်းသည် မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့၏ သမီးကညာများကို ပွေ့ဖက်၍ အတူတကွ နေမူလည်း နေအံ့၊ ပွေ့ဖက်၍ အိပ်မူလည်း အိပ်အံ့။ ယင်းသို့ ပြုမူခဲ့လျှင်မူကား ထိုဒုဿီလရဟန်းသည် သေသည်၏ အခြားမဲ့၌ မုချ အပါယ်သို့လားမည် ဖြစ်၏။

"အို ရဟန်းတို့၊ ငါဆိုဦးအံ့။ သင်တို့ မည်သို့ ထင်ကြကုန်သနည်း။ အလွန် ခွန်အားဗလနှင့် ပြည့်စုံသော အားကောင်းမောင်းသန် ယောကျ်ားတဦးသည် ရှိလေ၏။ ထိုယောကျ်ားသည် သားမြီးဖြင့် ကျစ်ထားသည်ဖြစ်၍ အလွန်ခိုင်ခန့်သော ကြိုးဖြင့် မိမိ ခြေသလုံးနှစ်ဖက်ကို ရစ်ပတ်၍ လွှဆွဲသကဲ့သို့ ခေါက်တုံ့ခေါက်ပြန် ဆွဲကာဆွဲကာ ပတ်ထား၏။ ဤသို့ပတ်ဖန်များလတ်သော် ထိုသားမြီးကြိုးသည် ခြေသလုံးသား၏ အပေါ်ယံ အရေပါးကို

စား၍ ဖြတ်ခဲလ၏။အရေပါးကို ဖြတ်ပြီးသော် အရေထူကို ဖြတ်လေ၏။ အရေထူကို ဖြတ်ပြီးသော် အသား၊ အသားကို ဖြတ်ပြီးသော် အကြော၊ အကြောကို ဖြတ်ပြီးသော် အရိုး၊ အရိုးကို ဖြတ်ပြီးသော် ရိုးတွင်းခြင်ဆီကို ထိလျက် တည်ရာ၏။ ဤသည်လည်း တမျိုး။

"နောက်တမျိုးကား ထိုယောကျ်ားသည် မင်းမျိုး၊ ပဏ္ဍားမျိုး၊ သူကြွယ်မျိုးတို့၏ ရှိခိုးကော်ရော် ဖူးမြော်ခြင်းကို ခံလျက် သာယာ၏။ ဤသည်လည်း တမျိုး။ ယင်း နှစ်မျိုးအနက်တွင် မည်သည့်အရာက မြတ်လေမည်နည်း။ခြေသလုံးသားကို သာ.မြီးကြိုးဖြင့် အပြန်ပြန် အလှန်လှန် လှဆဲသကဲ့သို့ ပွတ်ဆဲခြင်းက မြတ်သလော။ သို့မဟုတ် ပဏ္ဍား၊ သူကြွယ်တို့၏ ရှိခိုးကော်ရော်မှုကို သာယာခြင်းက မြတ်သလော။ အသို့ပါနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ မင်း၊ ပဏ္ဍား၊ သူဌေး၊ သူကြွယ်တို့၏ ပူဇော်အထူးကို ခံယူ၍ သာယာခြင်းက မြတ်ပါသည်။ ခြေသလုံးကို သားမြီးကြိုးဖြင့် ပွတ်ဆဲ၍ တိုက်ခြင်းကား မမြတ်ရုံမက လွန်စွာပင် ဆင်းရဲဒုက္ခ ကြီးလှပါဘည် ဘုရား" ဟု လျှောက်ကုန်၏။

"အို မဟာန်းတို့၊ သင်တို့အား ငါပြောပြဦးအံ့။အို ချစ်သားတို့၊ သင်တို့အား ငါ ရှင်းပြဦးအံ့။ ထိုဒုဿီလ ရဟန်းသည် ခြေသလုံးကို သာမြီးကြိုးဖြင့် ပွတ်ဆဲခြင်း ခံရသောကြောင့် ဒုဿလျင် သော၊ မသော်လျှင် သေလုမြောပ်း ခံရရုံသာ ရှိမည်။ အကယ်သို့ကား မလားရခေါ်။ အို ရဟန်းတို့၊ ထိုဒုဿီလရဟန်းသည် မင်း၊ ပဏ္ဍား၊ သူဌေး၊ သူကြွယ်တို့၏ ပူဇော်အထူးကို

ခံလျက် သာယာခြင်းကို ပြုဘိ၏။ ဤသို့ ပြုခြင်းသည်ကား သေသည်မှ နောက်ဖြစ်သောကာလ၌ အပါယ်သို့ လားရမည်သာ ဖြစ်သတည်း။

"အို ရဟန်းတို့၊ ငါဆိုမည့်စကားကို မည်သို့ ထင်မြင်ကုန်သနည်း။ အားကောင်း မောင်းသန် ယောကျ်ားသည် ဆီ၌သွေးအပ်သည်ဖြစ်၍ ထက်လှစွာသော လှံမဖြင့် ရင်ဝကို တစုပ်စုပ် ထိုးဆုထ၏။ ဤသည်ကား တချက်။ နောက် တချက်ကား ထိုယောကျ်ားသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး၊ သူကြွယ်မျိုးတို့၏ ရှိခိုးကောင်းရောင် ပူဇော်မှုကို ခံလျက် သာယာ၏။ ဤသည်လည်း တချက်။ ယင်းနှစ်ချက်တွင် မည်သည့်အထုက မြတ်သနည်း" ဟု မေးတော်မူပြန်လျှင် ရဟန်းတို့က ဤသို့လျှောက်ပေကုန်၏။

"အရှင်ဘုရား၊ ထိုယောကျ်ားသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး၊ သူကြွယ်မျိုးတို့၏ ရှိခိုးပူဇော်ခြင်းကို ခံယူလျက် သာယာ၏။ ဤသို့သာယာခြင်းသာ မြတ်ပါသည်။ ဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ ရင်ဝကိုလှံမဖြင့် တစုပ်စုပ်ထိုးဆွခြင်းကား လွန်စွာ ဆင်းရဲဘိစ့ ဘုရား" ဟူ၍ လျှောက်ပေကုန်၏။

တဖြိုက်ဖြိုက် လောင်မြိုက်လျက်ရှိနေသော တောမီးသည် လေအဝှေ့တွင် ဘုရားသခင်နှင့် ရဟန်းများ တည်းခိုနားနေရာ ဘက်သို့ မီးခိုးလုံးကြီးများ ဝေ့ဝေ့လှည့်လည ဖျက်စီထဲ မီးခိုးများ ဝင်လေသဖြင့် အချို့ရဟန်းများ မျက်စိကျိန်းစပ်စပ် ပေကလပ် ပေကလပ်နှင့် ရှိကုန်၏။ ရဟန်းတို့၏ စကားအဆုံးတွင် ယင်း အကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓသည် ဆက်၍ မိန့်မြွက်တော်မူလေသည်ကား-

---

"အို ရဟန်းတို့၊ သဘောအချက် အနက်ထင်မြင်သာအောင် သင်တို့အား ငါပြုအံ့။ အားကောင်းမောင်းသန်ယောကျ်ားသည် အကျင့်ယုတ်ဒုဿီလရဟန်းအား ထက်လှစ္ဆာသောလုံမဖြင့်ရင်ဝကို တစ္ဆပ်စ္ဆပ် ထိုးဆဲရာ၏။ ဒုဿီလရဟန်းအဖို့ ဤသို့ရင်ဝကိုလုံဖြင့် အထိုးခံလိုက်ရခြင်းက မြတ်သေးသည်။ အဘယ့်ကြောင့်ဆိုသော် ဤလုံဆိုးခံရသော ဒဏ်ချက်ကြောင့် ထိုရဟန်းသည် သေလျှင်သေ၊ မသေလျှင် သေလုမြောပါး ဝေဒနာကို ပြင်းပြစွာ ခံရရုံသာ ရှိမည်။ အပါယ်သို့ကား မလားနိုင်ရာ။

"အို ရဟန်းတို့၊ အကျင့်ယုတ် ထိုဒုဿီလ ရဟန်းသည် မင်း၊ ပဏ္ဍား၊ သူဌေး သူကြွယ်မျိုးတို့၏ ရှိခိုးပူဇော်မှုကို ခံလျက် သာယာ၏။ ဤအပြုအမူသည်ကား ကြာမြင့်စွာသော နေ့၊ ညဉ့်တို့ ကာလပတ်လုံး အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ဖြစ်ချေ၏။ ခန္ဓာကိုယ်ကောင်ကြီး ပျက်စီး ကွယ်လွန်သွားသည့် နောက်ကာလ၌လည်း ဒုဂ္ဂတိရိပ်မြို အပါယ်ဘုံသို့ လားရောက်ရချေ၏။

"အို ရဟန်းတို့၊ ငါ့စကားကို သင်တို့ မည်သို့ ထင်မြင်ကြကုန်သနည်း။ ခွန်အားဗလနှင့် ပြည့်စုံသော သန်မာထွားကျိုင်းလှသည့် ယောကျ်ားသည် အခိုးအလှဲတလူလူ မီးရဲနေသော သံပြားပူကြီးဖြင့် ကိုယ်ကို ကပ်ရာ၏။ ဤသည်ကား တချက်။ နောက် တချက်ကား မင်း၊ ပဏ္ဍား၊ သူဌေး သူကြွယ်မျိုးတို့ လူဒါန်းသော သင်္ကန်းကို ဝတ်ရုံ သုံးဆောင်ခြင်း ပြုရာ၏။ ဤသည်လည်း တချက်။ ယင်းနှစ်မျိုးအနက်တွင် မည်သည်က မြတ်လေမည်နည်း" ဟု မေးလျှင် ဤသို့ လျှောက်ပေကုန်၏။

"ရှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား၊ မင်း၊ ပဏ္ဍား သူဌေး၊ သူကြွယ်မျိုးတို့ လူဒါန်းသော သင်္ကန်းကို ဝတ်ရုံ သုံး

ဆောင်မှုပြုခြင်းသည်သာ မြတ်ပါသည်။ အခိုးအလျှံ တလူလူ မီးရဲနေသော သံပြားပူကြီးဖြင့် ကိုယ်ကို ကပ်ခြင်းကား လွန်စွာ ဆင်းရဲဘိစ့ဘုရား" ဟု လျှောက်ပေကုန်၏။

"အို ရဟန်းတို့၊ သင်တို့ သဘောပေါက်အောင် ငါရှင်းပြအံ့။ သန်မာထွားကျိုင်းလှသော ယောကျ်ားသည် ထိုအကျင့်ယုတ် ဒုဿီလရဟန်းအား ရဲရဲလောင်နေသော သံပြားပူကြီးဖြင့် ကိုယ်ကို ကပ်လေ၏။ ဤသို့ သံပြားပူဖြင့် အကပ်ခံရခြင်းသည် ထိုရဟန်း ယုတ်အဖို့ မြတ်သေး၏။ အဘယ့်ကြောင့်ဆိုသော် သံပူပြားဖြင့် အကပ်ခံရသည့် ဒဏ်ချက်ကြောင့် ထိုရဟန်းယုတ်သည် သေသော်သေ၊ မသေသော် သေလုနီးနီး ဆင်းရဲဒုက္ခ ခံရရုံသာ ရှိမည်။ အပါယ်လေးပါးသို့ကား မလားနိုင်ရာ။

"အို ရဟန်းတို့၊ အကျင့်ယုတ် ထိုဒုဿီလရဟန်းသည် မင်း၊ ပုဏ္ဏား၊ သူဌေးသူကြွယ်တို့ သဒ္ဓါဖြင့် လှူဒါန်းသော သက်ဒုံးကို ဝတ်ရုံခြင်း ပြု၏။ ဤအပြုအမူမျိုးကား ကြာမြင့်စွာသော နေ့ည့်တို့ကာလပတ်လုံး အကျိုးမဲ့ရန် ဇတ္တုက်၊ ဆင်းရဲရန်အတွက် ဖြစ်ချေ၏။ ဤခန္ဓာဟောင်းကိုစွန့်၍ ခန္ဓာသစ်လဲသောအခါ၌ လည်း အပါယ်လေးပါးအစာ ငရဲရွာသို့ ရောက်လေမည် သာတည်း။

"အို ရဟန်းတို့၊ ငါဆိုပေသည်ကို သင်တို့ အသို့ ထင်မြင်ကုန် သနည်း။ အားကောင်းမောင်းသန် ယောကျ်ားသည် မီးဖုတ်ထားသော သံကောက်ဖြင့် ပါးစပ်ကို ကလန်၍ ဖြဲလျက် မီးရဲရဲသံတွေခဲကို ပါးစပ်ထဲ သွင်းထု၏။ ထိုသံတွေခဲသည် ခံရသူ၏ နှုတ်ခမ်းကိုဂင်း၊ ခံတွင်း၊လျှာ၊ လည်ချောင်း၊ ရင်ကိုဂင်း

လောင်ရာ၏။ အူမကိုၚ်း၊ အူသိမ်ကိုၚ်း ဆဲလျက် ဗိုက်ထဲက ထွက်လေရာ၏။ ဤသည်ကား တချက်။

“နောက်တချက်ကား အကျင့်ပျက် ဒုဿီလရဟန်းသည် ဒါယကာတို့ သဒ္ဓါဒေယျဖြင့် လှူဒါန်းသော ဆွမ်းကို မြိန်ရေရှက်ရေ စားသောက်ရာ၏။ ဤသည်လည်း တချက်။ ယင်းနှစ်ချက်တွင် မည်သည့်အရာက မြတ်လေသနည်း။”

“အို ရဟန်းတို့၊ အခိုး အလုံ့ထ၍ ရဲရဲလောင်နေသော သံညောင်စောင်း၊ သံကုတင်၊ သံအင်းပျဉ်ထက်၌ အိပ်ရ၊ နေရခြင်းနှင့် သဒ္ဓါဒေယျဖြင့် ဒါယကာတို့ လှူဒါန်းသော ညောင်စောင်း၊ ကုတင်၊ အင်းပျဉ်ထက်၌ အိပ်ရ၊ နေရခြင်းနှစ်မျိုးတွင် မည်သည်က မြတ်လေသနည်း။

“အို ရဟန်းတို့၊ ဗလကောင်းကောင်း သန်မာထွားကျိုင်းသော ယောကျ်ားသည် ခြေနှစ်ချောင်းကိုကိုင်၍ ဦးခေါင်းစောက်ထိုး ကျိုက်ကျိုက်ဆူပွက်နေသော သံဒယ်အိုးကြီးထဲသို့ ပစ်ချရာ၏။ ထိုပစ်ချခြင်းခံရသောသူသည် ထိုဒယ်အိုးကြီးထဲ၌ ကြွေမွှပြီး အမြုပ်ဖြစ်လျက် ကျက်သွဉ်ရှိသော် ပေါလိုက်၊ မြုပ်လိုက်၊ ကန့်လန့်ကြီးဓံနေလိုက် ဖြစ်ရာ၏။ ဤသည်ကား တချက်။ နောက်တချက်ကား ဒါယကာတို့ သဒ္ဓါဒေယျဖြင့် လှူဒါန်းသော ကျောင်း၌ နေရာ၏။ ယင်းနှစ်မျိုး အနက်တွင် မည်သည်က မြတ်လေမည်နည်း”ဟု မေးတော်မူလျှင်-

“ကျောင်းပေါ်၌နေရခြင်းက မြတ်ပါသည်။ ခြေနှစ်ချောင်းကိုင်၍ ဦးခေါင်းစောက်ထိုး လောလောပူသော သံဒယ်အိုးကြီး

ထဲသို့ ပစ်ချခြင်း ခံရသည်မှာ လွဲစွာမှ စိတ်ဆင်းရဲလှပါသည်ဘုရား”ဟု ရဟန်းတို့က လျှောက်လေကုန်၏။

“အို ချစ်သားတို့၊ နားလည်သဘောပေါက်အောင် သင်တို့အား ငါ ရှင်းပြအံ့။ အကျင့်ယုတ် ဒုဿီလ ရဟန်းအား ခြေနှစ်ချောင်းကိုင်၍ စောက်ထိုးမိုးမြှောင် သံဒယ်အိုးကြီးထဲသို့ ပစ်ချခြင်း ခံရသည်ကား မြတ်၏။ အဘယ့်ကြောင့်ဆိုသော် အို ချစ်သားတို့၊ ထိုဒုဿီလရဟန်းသည် လောလောပူသော သံဒယ်အိုးကြီးထဲသို့ ဦးခေါင်းထိုးပစ်ချခြင်း ခံရခြင်းဟူသော အကြောင်းကြောင့် သေလျှင်သေ၊ မသေလျှင် သေလုမြောပါး ဆင်းရဲဒုက္ခကြီးစွာခံရရုံသာ ရှိမည်။ သေသည်၏အခြားမဲ့၌ အပါယ်လေးပါး သို့ကား လားရောက်ရန် အကြောင်းမရှိ။ ထိုအကျင့်ယုတ် ဒုဿီလရဟန်းသည် ဒါယကာတို့ သဒ္ဓါဒေယျဖြင့် ဆောက်လုပ်အပ်သော ကျောင်း၌နေလျှင်မူကား အသက်ရှည်နေသမျှ ကာလပတ်လုံး အကျိုးဆုတ်ယုတ် ပျက်စီးခြင်း၊ ပြင်းစွာ ဆင်းရဲခြင်းသည် ဖြစ်လေ၏။ သေသည်၏ အခြားမဲ့တွင်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်လေးပါးသို့ မုချစင်းစဲ့း လားရောက်ရလေ၏။

“အို ချစ်သားတို့၊ သို့ဖြစ်လေသောကြောင့် သင်တို့အား ငါ ညွှန်ကြားအံ့။ ငါညွှန်ကြားသောအတိုင်း သင်တို့ကျင့်ရမည်။ ငါတို့သည် သဒ္ဓါဒေယျဖြင့် ဒါယကာတို့ လှူဒါန်းအပ်သော ကျောင်း၊ သက်န်း၊ ဆွမ်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို သုံးဆောင်ကြရကုန်သည်။ ထိုဒါယကာတို့ ပြုအပ်သော ကုသိုလ်ဒါနတို့သည် သူတို့အတွက် အကျိုးသက်ရောက်မှု ရှိကုန်သည်။

များစဉ အကျိုးခံစားခွင့် ရှိကုန်သည် ဖြစ်လတံ့။ ငါတို့အားထုတ်နေသော ရှင်ရဟန်းအဖြစ်သည်လည်း အကျိုးမပေးလေဘဲ မြုံနေလိမ့်မည် မဟုတ်။ မုချ အကျိုးရှိသည် ဖြစ်လတံ့။ တိုးပွားခြင်းအဟုန်နှင့် ပြည့်စုံဖွံ့ထွားသည် ဖြစ်လတံ့။ ဤသို့ နှလုံးသွင်းလျှင် သင်တို့ ကျင့်ရမည်။

"အို ချစ်သားတို့၊ မိမိ အကျိုးစီးပွား ဖြစ်ထွန်းမှု၊ မိမိတက်လမ်းကို ကောင်းစွာ မြင်ထားသူသည် မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံထိုက်၏။ သူတပါး အကျိုးဖြစ်ထွန်းမှုကို ကောင်းစွာ မြင်ထားသူအဖို့ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံထိုက်၏။ မိမိအကျိုး၊ သူတပါးအကျိုး၊ အကျိုးနှစ်ပါးကို ကောင်းစွာမြင်ထားသူအဖို့ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံထိုက်၏"

ဤသို့အားဖြင့် ဗုဒ္ဓမြတ်ဘုရားသည် ရဟန်းတို့အား ဤစကားကို ဆိုတော်မူ၏။ ဤအခွံခနွေးပမာသုတ်ကို ဟောတော်မူသည် ရှိသော် ခြောက်ကျိပ်အရေအတွက်ရှိသော ရဟန်းတို့၏ ခံတွင်းမှ လောလောပူသော သွေးများ အန်ထွက်လာလေ၏။ ထိုခြောက်ကျိပ်သော ရဟန်းတို့သည် "မြတ်စွာဘုရား ပြုနိုင်ခဲဘိစ၊ မြတ်စွာဘုရား ပြုနိုင်ခဲဘိစ" ဟူ၍ မိမိတို့၏ အနေအထိုင် အမူအကျင့်ဖြင့် သာသနာ့ဘောင်၌ နေနိုင်ရန် ခဲယဉ်းကြောင်း၊ သာသနာနှင့် မထိုက်တန်ပါကြောင်း လျှောက်ပြီးလျှင် သိက္ခာချ၍ လူထွက်ကြကုန်လေ၏။ ခြောက်ကျိပ်သောရဟန်းတို့အား ဝါ ခြောက်ကျိပ်သော ရဟန်းတို့၏ စိတ်တို့သည် တဏှာဒိဋ္ဌိ

အားဖြင့် တစုံတရာကို အာရုံတမ်းမှန်း စွဲလမ်းခြင်း မရှိလေဘဲ အာသဒေါတရားမှ လွတ်မြောက် သွားကုန်လေပြီတည်း။

တောမီးကား လောင်ကျမ်းနေဆဲ။ မီးညှိန့်တွေက တလူလူ၊ မီးခိုးလုံးတွေက တအူအူနှင့် ရှိနေဆဲအချိန်တွင် အပန်းဖြေ သစ်ရိပ် အောက်မှ ထ၍ ဘုရားသခင် ကြွတော်မူလျှင် ရဟန်းတို့လည်း နောက်တော်ပါးမှ မြှောင်၍ လိုက်ပါ သွားကြလေသတည်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ မဟာဝဂ်၊ အဂ္ဂိခန္ဓောပမာသုတ်၊ ၄၉၅၊ ဆဋ္ဌမ။)

မပြီးပြတ်သော အစွန်းနှစ်ဖက် ဆွေးနွေးပွဲ

မိဂဒါဝုန်တောသည် အလွန် မြေခံ ရေခံ ကောင်းလှသော ဘူမိ နက်သန့်ဖြစ်၏။ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ဓမ္မစကြာ တရားဦးကို ဤတောမှာပင် ရှေးဦးစွာ ကြားနာ ခဲ့ကြရကုန်သည်။ ရဟန်း တို့အား သင့်လျော်သော အရိပ်အာဝါသနှင့်လည်း ပြည့်စုံ၏။

သို့ကြောင့်လည်း ဗုဒ္ဓ မြတ်ဘုရားသည် ရံခါရံခါ ထိုမိဂဒါဝုန် တောသို့ ချဉ်းကပ်တော်မူ၍ အပန်းဖြေတော် မူလေ့ရှိပေသည်။

မိဂဒါဝုန်တော၏ တနေရာတွင် စည်မျက်နှာအပြင် ကဲ့သို့ ညီညာပြန့်ပြူးသော နေရာတခု ရှိလေရာ ထိုနေရာ၌ ဘုရားသခင် ကြွတော်မူလေတို့ငှ်း သီတင်းသုံးတော်မူလေ့ရှိပြီး ရဟန်းတို့ အနေ အားဖြင့်လည်း တရားမမှေးနှေးဘဲယ် ရှိလာလျှင် ထိုနေရာ၌ပင် ဆွေးနွေးလေ့ ရှိကြကုန်၏။ထိုနေရာကား တတောလုံးတွင် အထင် ရှားဆုံးသော "ဓမ္မာသန" နေရာ ဖြစ်လေသည်။

တခါသ၌ မြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ထိုမိဂဒါဝုန်းတောသို့ ကြွရောက်တော်မူစဉ် ရဟန်း တို့ သည် ဆုံမ်းစားပြီးကြသောအခါ ထိုဓမ္မာသနနေရာ၌ စုရုံးစည်းဝေး ကြပြီးလျှင် တရားဓမ္မ ဆွေးနွေးကြရာက ဘုရားသခင် ဟော

ကြားတော်မူခဲ့သော ဂါထာတပုဒ်နှင့် ပတ်သက်၍ သူတမျိုး ငါတဖုံဆိုသကဲ့သို့ မိမိတို့၏ အယူအဆကို တင်ပြကာ ဆွေးနွေးကြကုန်လေ၏။

တင်ပြကြသော ဂါထာကား ပါရာယန အစည်းအဝေးတွင် ဗုဒ္ဓမြတ်ဘုရားက မေတ္တေယျ လုလင်အား ဟောကြားတော်မူခဲ့သည့် ဂါထာ ဖြစ်လေသည်။ ထိုဂါထာကား—

ဥဘော အန္တေ ဝိဒိတ္ဝာန၊
မဇ္ဈေ မန္တာ နုလိမ္ပတိ။
တံဗြူမိ မဟာ ပုရိသောတိ၊
သောဓ သိဗ္ဗိနိ မစ္စဂါ။ ။

ဟူ၍ဖြစ်၏။ ယင်းဂါထာ၏ မြန်မာပြန်ကား—

"အကြင်သူသည် ပညာဖြင့် အစွန်းနှစ်ပါးတို့ကို သိ၍ အာလယ်၌ မလိမ်းကျံ၊ မငြိကပ်။ ထိုသူကို 'ယောကျွဲမြတ်' ဟူ၍ ငါဆို၏။ ထိုယောကျွဲမြတ်သည် ဤပစ္စုပ္ပန်ဘဝ၌ပင် ဘဝတခုနှင့်တခု၊ တလွှားနှင့်တလွှာ အဆက်မပြတ် စပ်နှောမိအောင် ချုပ်စပ်တတ်သောတရားကို လွန်မြောက်လေ၏"

ဤဂါထာကို တင်ပြကာ ရဟန်းတို့ ဆွေးနွေးကြပုံမှာ—

"အို အာရှင်မြတ်တို့၊ ဘုရားသခင်က အစွန်းနှစ်မျိုးဟု ဟောတော်မူခဲ့ပါသည်။ ထိုအစွန်းနှစ်မျိုး ဆိုသည်မှာ အဘယ်ဟာပါနည်း။ အဘယ်ကို အစွန်းနှစ်မျိုးဟု ဆိုပါသနည်း။ ထိုမှတပါး အာလယ်ဟူ၍လည်း မြွက်ကြားချက် ရှိပါသည်။ ထိုအာလယ်ကား အဘယ်ပါနည်း။ ချုပ်စပ်တတ်သူ ဟူ၍လည်း ဆိုပြန်ပါသည်။

ထို ချုပ်စပ်တတ်သူဆိုသော စကားအရမည်သို့အဓိပ္ပာယ်ကောက်ယူရပါမည်နည်း”

သံဃာများ အလယ်မှထ၍ တဦးသောရဟန်းက ဤသို့အကြံဉာဏ် တောင်းခံလေလျှင် ရဟန်းတဦးကထ၍ သူ၏ ထင်မြင်ယူဆချက်ကို အောက်ပါအတိုင်း တင်ပြအစီရင်ခံလေ၏။

“ငါ့အရှင်တို့၊ ယင်းဂါထာ၏ ဆိုလိုချက်ကို တပည့်တော် အနက်ဖော် ခံယူချက်ကို အစီရင် ခံပါရစေဘုရား၊ ထိတွေ့မှုကို ဖဿဟု ဆိုပါသည်။ အရှင်ဘုရားများလည်း သဘောပေါက်ပြီးသား ဖြစ်ပါလိမ့်မည်။ ထိုဖဿသည် ပထမအစုန်းပါဘုရား။ ဖဿ၏ ဖြစ်ကြောင်း၊ ဝါ၊ထိတွေ့မှုတခု ဖြစ်လာအောင် တွန်းကန်ဖန်တီးသောအသိုင်းအဝိုင်းကို သမုဒယဟုဆိုပါသည်။ထိုသမုဒယကား ဒုတိယအစုန်း ပါဘုရား။ဤသို့အားဖြင့် အစုန်းနှစ်ခုပါဘုရား။

“အလယ် ဆိုသည်ကား ဖဿချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဆိုပါသည်။ ချုပ်စပ်တတ်သူ ဆိုသည်ကား တဏှာကို ဆိုခြင်းဖြစ်ပါသည်။အဘယ့်ကြောင့်တဏှာကိုချုပ်စပ်တတ်သူအဖြစ်ကောက်ယူရပါသနည်း ဆိုသော် ထိုဖဿနှင့် သမုဒယ ၊ဝါ၊ ထိတွေ့မှုနှင့် ထိတွေ့မှုဖြစ်ကြောင်းတရား တည်းဟူသောယင်းအစုန်းနှစ်မျိုးကို ဘဝ အလွှာလွှာဝယ် အခါခါဖြစ်လာအောင် တဏှာကချုပ်စပ်ပေးတတ်သောကြောင့် ဖြစ်ပါသည်။

“အရှင်သူမြတ်တို့ဘုရား၊ ဤမျှသော အတိုင်းအတာပမာဏဖြင့် ရဟန်းသည် ထူးသောဉာဏ်ဖြင့် သိအပ်သော သစ္စာ လေးပါးကို ထူးသောဉာဏ်ဖြင့် သိလေ၏။ ပိုင်းခြား၍ သိအပ်သော ဒုက္ခသစ္စာကိုလည်း ပိုင်းပိုင်းခြားခြား သိလေ၏။ ထိုသို့ သိလာ

သောအခါ ဤမျက်မှောက်ဘဝမှာပင် ဆင်းရဲခပ်သိမ်းကို ချုပ်ငြိမ်းအောင် ပြုသည်မည်ပါသည်ဘုရား”

ဤသို့တင်ပြလိုက်သောအခါ သံဃာထုသည် ခပ်မဆိတ်ရှိနေ၏။ အခ္ခိုက တရားအချက်ကို အဒလးအနက်စဉ်းစားနေကြ၏။ အတန်ကြာလတ်သော် ရဟန်းတပါးကထ၍ ပထမ ရဟန်း၏ အယူအဆ တင်ပြချက်ကို ကန့်ကွက်ရင်း သူ၏ အယူအဆကို တင်ပြဆွေးနွေးခြင်း ပြုလေသတည်း။

“အရှင်သူမြတ်တို့ ဘုရား၊ ခုနက ကိုယ်တော် တင်ပြသွားသလို ဖဿဟာ ပထမအစွန်း၊ သမုဒယဟာ ဒုတိယ အစွန်း၊ တဏှာဟာ ချုပ်စပ်တတ်သူ ဆိုတာဟာ မဟုတ်နိုင်ပါ။အားလုံးသော အရှင်ကောင်း အရှင်မြတ်များ ဆင်ခြင်သုံးသပ် ဝေဖန်တော် မူနိုင်ကြရန်အတွက် တပည့်တော်၏ အယူအဆ၊ တပည့်တော်၏ ခံယူချက်ကို တင်ပြပါရစေ ဘုရား။

“အရှင်သူမြတ်တို့ ဘုရား၊ တပည့်တော်၏ အယူအဆမှာ ပထမအစွန်းဟာ အတိတ်၊ဒုတိယအစွန်းဟာ အနာဂတ်၊အလယ်ဟာ ပစ္စုပ္ပန် ဖြစ်ပါသည်။ တဏှာသည်ကား ဘဝတခုနှင့်တခု၊ တလွှာနှင့်တလွှာ စပ်မိ ဟပ်မိ ထပ်မိအောင် ချုပ်စပ် ပေးတတ်သည့် စပ်သမား၊ ဆက်ချုပ်သမားပါ ဘုရား။ အရှင်ဘုရားများ စဉ်းစားတော်မူကြပါ။ အတိတ်နှင့် အနာဂတ် အလွှာနှစ်ချုပ်ကို ထိုထိုက္ခဏ အလီလီသော ဘဝတွေ ဖြစ်လာအောင် ဘယ်သူက ချုပ်စပ်ပေးပါသနည်း။ချုပ်စပ်သူ တရားခံကို ရှာတဲ့ အခါမှာ တဏှာကို တွေ့ပါသည်။ တဏှာမှတပါး ယင်းနှစ်လွှာနှစ်ချုပ်ကို စပ်ပေးနိုင်သူ မရှိပါ။ တဏှာသာ စပ်ဆရာ၊ စပ်သမား အစစ် ဖြစ်ပါသည်။

“အို အရှင်သူမြတ်တို့ဘုရား၊ ဤရှေးမျှသော အတိုင်းအတာပမာဏဖြင့် ရဟန်းသည် သိအပ်သိသင့်သိထိုက်သည်တို့ကို ထူးသောဉာဏ်ဖြင့် သိပြီးလျှင် ပိုင်းပိုင်းခြားခြား သိအပ် ရာရာ များကိုလည်း ကောင်းစွာပိုင်ပိုင် သိနိုင်ရာပါ၏ပြီ။ ထိုသို့ သိလျှင် မျက်မှောက်ဘဝမှာပင် ဒုက္ခခပ်သိမ်း ငြိမ်းအောင် ပြုနိုင်မည် ဖြစ်ကြောင်းပါ ဘုရား”

ထိုရဟန်းက သူ၏အယူအဆကို တင်ပြသွားပြီးနောက် ဆွေးနွေး လိုသူများ ရှိပါသေးသလား၊ ဟူ၍ မဖိတ်ခေါ်ရဘဲ ရဟန်း တပါးကထ၍ ဆွေးနွေးပြန်လေသည်။

“အို သမ္မတိန္ဒယ်ဝင် အရှင်သူမြတ်တို့ ဘုရား၊ အရှင် ကိုယ်တော်မြတ် နှစ်ပါးစလုံး တင်ပြသွားချက်မှာတပည့်တော်၏ အယူအဆနှင့် လုံးဝဆန့်ကျင်နေသည်ကို တွေ့ရပါသည်။ ဘုရား သခင်၏ အာဘော်မှာ ထိုအရှင်နှစ်ပါးတို့ ယူဆ သွားသလို ဟုတ်မည်မထင်ပါ။ အမှန်စင်စစ် ဖြစ်သင့် သည်မှာ ဤသို့ပါ ဘုရား။

“အို အရှင်ဘုရားတို့၊ အစွန်းနှစ်ဖက်အနက် ပထမ အစွန်း ဟာ သုခဝေဒနာ၊ ဒုတိယအစွန်းဟာ ဒုက္ခဝေဒနာဖြစ်ပါသည်။ အလယ်သည်ကား ဥပေက္ခာဝေဒနာပါဘုရား။ တဏှာသည်ကား ဘဝများစွာကို အလှည့်လှည့် အထပ်ထပ် ဖြစ်အောင် ချုပ်စပ် တတ်သူပါ ဘုရား။ သုခနှင့်ဒုက္ခ၊ ဝါ၊ ချမ်းသာမှုနှင့် ဆင်းရဲမှု များကို တဏှာက တလှည့်ချင်းထပ် စပ်ဟပ်ချုပ်လုပ် ပေးလိုက် သည့်အဘွက် ဘဝမျိုးစုံ ဖြစ်လာရပါသည်”ဟူ၍ ဆွေးနွေး သွားလေသည်။

ရှိသေး၏။အခြားရဟန်းတပါး၏ ဆွေးနွေးချက် ကလည်း လေးနက်လှ၏။ ထိုရဟန်း ဆွေးနွေး သွားပြီးနောက် ငေါက်ကန့်ထ၍ သံဃာကို လက်အုပ်ချီကာ ဤသို့ လျှောက်ထားလေသည်။

"အာယသ္မန္တော၊ရှည်သောသက်တော်ရှိသော အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ အစ္ဆန်းနှစ်ဖက်နှင့်ပတ်သက်၍ ဤမျှအတွေး ခေါင်ရန်မလိုဟု တပည့်တော် ထင်ပါသည်။ ပညာရှင်များ အလယ်တွင် ခရုကို ခါးတောင်းကျိုက်၍ ဖမ်းသော အသွင်မျိုး မဖြစ်သင့်ပါ။

"အို အရှင်သူမြတ်တို့ဘုရား၊ အမှန်စင်စစ် အားဖြင့် ရှေ့ အစ္ဆန်း (ပထမအစ္ဆန်း) ဆိုသည်ကား နာမ်၊ နောက်အစ္ဆန်း (ဒုတိယအစ္ဆန်း)ဆိုသည်ကား ရုပ် ဖြစ်ပါသည်။ အလယ်ကား ဝိညာဏ်ပါ ဘုရား"ဟူ၍ သူအယူအဆကို တင်ပြသွားလေသည့် နည်းတူ နောက်ထပ် ရဟန်းတပါးကလည်း–

"အို အရှင်သူမြတ်တို့ဘုရား၊ အစ္ဆန်းနှစ်ဖက်နှင့် ပတ်သက်၍ တပည့်တော်၏ ထင်မြင်ချက်ကို တင်ပြရမည် ဆိုပါလျှင် 'အစ္ဆတ္တိ ကာယ တန (အတွင်း တည်ရာ မှီရာ) ခြောက်ပါး၊ ဗာဟိရာယတန (အပြင်တည်ရာမှီရာ)ခြောက်ပါးဟူ၍ နှစ်မျိုး ရှိလေသည့်အနက်တွင် အတွင်းအစ္ဆတ္တိကာယတန ခြောက်ပါး သည် ပထမအစ္ဆန်း၊ အပြင် ဗာဟိရာယတန ခြောက်ပါးကား ဒုတိယအစ္ဆန်း၊ ဝိညာဏ်ကား အလယ်ဖြစ်ပါသည် ဘုရား"ဟူ၍ ဆွေးနွေး သွားလေသည်။

ရှိသေး၏။ ရဟန်းတပါးကလည်း ဤသို့ ထ၍ ဆွေးနွေး လေ၏။

"အို အရှင်သူမြတ်တို့ဘုရား၊ တိုတိုတုတ်တုတ် အချုပ်ကို လျှောက်ထားပါမည်။ အစ္ဆန်း နှစ်ပါး အနက် သက္ကာယဟာ ပထမအစ္ဆန်း၊ သက္ကာယဖြစ်ကြောင်း၊ ဝါ၊ သက္ကာယဖြစ်အောင် ဖန်တီးမှုအားလုံးကား ဒုတိယအစ္ဆန်း၊ သက္ကာယ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကား အလယ်ဖြစ်ပါသည်။ ဒါပါဘဲ ဘုရား"

ဤသို့ အသိုးသိုးထ၍ ဆွေးနွေးကြလေရာ သူတမျိုးငါတဖုံ အယူအဆတွေသာ များစုံပြမ်းနေသည်။ ပြဿနာကား ဆုံးခန်း မရောက်နိုင်ဘဲ ဖြစ်နေ၏။ ထိုအခါ မဟာမထေရ်ကြီးတပါးက ထ၍ အကြံပေးစကား မြွက်ကြားလေ၏။

"ငါ့ရှင်တို့၊ ငါတို့အနေဖြင့် မိမိတို့၏ အယူအဆ၊ မိမိတို့၏ ဆန္ဒကို အသိုးသိုး အသက အသက ထုတ်ဖော်တင်ပြ၍ ပြီးကြလေပြီ။ သို့သော် အပြီးသတ်နိုင်ခြင်း မရှိသေး။ ပန်းတိုင် မရှိသော ခရီးကို ပြေးနေသည်နှင့်သာ တူနေချေ၏။ သို့ကြောင့် ငါ့ရှင်တို့၊ လာ သွားကြကုန်စို့။ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်၍ လျှောက်ထားခေါ်ကြကုန်စို့။ ဘုရားသခင်၏ အဆုံး အဖြတ်ကို ခံယူကြပါကုန်စို့"

ဤသို့ အကြံပေးချက်ကို ဒဏ်ဃာများက သဘောတူ လက်ခံ လိုက်ကြပြီး ဘုရားသခင် ထံတော်သို့ သွားကြလေကုန်၏။ မိမိတို့၏ အယူအဆများကိုလည်း အသိုးသိုး လျှောက်ထားကြ လေကုန်၏။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားက မြွက်ကြားတော်မူလေသည်ကား—

"အို ချစ်သား ရဟန်းတို့၊ အကြောင်းပရိယာယ် အသုံ့ သွယ်တို့ဖြင့် တင်ပြသွားကြသော သင်တို့၏စကားသည် သင့်မြတ် လျော်ကန်သည်သာ ဖြစ်ပေ၏။ ပါရာယန အစည်းအဝေး

တုန်းက ငါ ဟောကြားခဲ့သော အစွန်းနှစ်ဖက် စကား၏ ဆိုလို ချက် အနက်ကို ဤသို့မှတ်ကြကုန်လော့။

"အို ချစ်သားတို့၊ ထိတွေ့မှုတည်း ဟူသော ဖဿ၏ အစွမ်း အားဖြင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်အတွေ့အာသည် တခုသော အစွန်းမည်၏။ဖဿလျှင် အကြောင်းရင်းရှိသော (ဖဿကို အခြေ ခံ၍ ဖြစ်ပေါ်လာလတံ့သော) အနာဂတ် အတွေ့အာသည် နှစ်ခု မြောက် ဒုတိယ အစွန်းမည်၏။ ဖဿ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကား အလယ်အလတ် မည်၏။ တဏှာသည်ကား ချုပ်စပ်တတ်သော ဘရား မည်၏။ ထိုစကား မှန်၏။ ထိုတဏှာသည် ဖဿနှင့်ဖဿ သမုဒယကို ထိုထိုဘဝသစ်များ ဖြစ်ပေါ်လာရန်အတွက် ချုပ်စပ် ပေးတတ်သည် တကား။

"အို ချစ်သားတို့၊ ဤမျှသော အတိုင်းအတာ ပမာဏဖြင့် ရဟန်းသည် ထူးသော ဉာဏ်ဖြင့် သိအပ်သော သစ္စာလေးပါး ကို သိလေ၏။ ပိုင်းပိုင်းခြားခြား သိအပ်ရာရာ တို့ကိုလည်း သိလေ၏။ ဤသို့ သိလေသော် မျက်မှောက်ဘဝ၌ပင် ဒုက္ခ ခပ်သိမ်း ငြိမ်းအောင် ပြုစွမ်းနိုင်လေပြီ" ဟု မိန့်တော်မူ၏။

မိဂဒါဝုန်တောသည် သာမောဘွယ် အတိ ဖြစ်၏။ တိတ် ဆိတ်၏။ ဘော၏ တိတ်ဆိတ်ခြင်းကို ထွင်းဖောက်လျက် ထွက် ပေါ်လာသော မြတ်ဘုရား၏ စကားတော်က ဖြေရှင်းပေးလိုက် သဖြင့် သံဃာထု၌ ဖြစ်ပေါ်နေသော အစွန်းနှစ်ဖက် ပြဿနာ၊ အလယ်အလတ် ပြဿနာ၊ တဏှာ ပြဿနာရပ်တို့ကား ဆိုအရပ် မှာပင် ပြီးပြတ်သွားလေပြီတည်း။

(အင်္ဂုတ္တိုရ် ၂၊ဦးတော်၊ ဆက္ကနိပါတ်၊ မဟာဝဂ်၊မဇ္ဈေသုတ်၊ ၃၄၉၊ ဆဋ္ဌမ္ပု။)

ရဟန်းအဖြစ်ကို ရှုးစမ်းသော မင်းအဇာတသတ်

အတင်းပြောနေခြင်းကား မဟုတ်။

သို့သော် အတင်းဆန်သည်။

သူ၏ မျက်ကွယ်၌ သူ မကောင်းကြောင်း ပြောသည်ကို အတင်းဟု ဆိုသည်။ အဇာတသတ် မင်းသည် ပူရဏကဿပ စသော တိတ္ထိဘုရားကြီးများ အကြောင်း မကောင်းသတင်းကို ဘုရားသခင်အား လျှောက်ထားနေ၏။

သို့သော် သူအကြောင်း ပြောတိုင်းကိုလည်း အတင်းပြော သည်ဟု ဆိုရန် ခက်ခဲမ့်မည်။ယင်းကို ချင်းချက်ထား၍ စဉ်းစား သင့်သေးသည်။

အတင်းပြောခြင်း၏ အင်္ဂါရုပ်တွင် "သူအကျိုးကို ပျက်စီး စေလိုမှု၊ ကဲ့ရဲ့ ရွဲတ်ချလိုမှု၊ သိက္ခာ ကျဆင်းကာ ဂုဏ်ကို ထိခိုက် စေလိုမှု၊ အရှက်တကွဲ အကျိုးနဲ့ ဖြစ်စေလိုမှု" များသည် အဓိက အားဖြင့် ပါဝင်သည်ကို သတိပြုသင့်၏။

အဇာဘသတ် မင်းက တိတ္ထိတို့၏ မကောင်း ကြောင်းကို ဘုရားသခင်ထံ လျှောက်ထား နေခြင်း၌ကား အထက်ပါ အတင်း ပြောခြင်း အင်္ဂါရုပ်များ ပါရှိသည်ကို လုံးဝပင် မတွေ့ရ။

အဇာတသတ်မင်း၏ သန္ဓာန်၌ အရာရာကို ဥပေက္ခာပြု၍ မထားဘဲ၊ အမှုမဲ့ အမှတ်မဲ့ မနေလေဘဲ သုခတသန ပြုလိုစိတ်၊ အကြောင်းအရာ တခုခုကို အတွင်း ကျကျ၊ ခြေခြေမြစ်မြစ် သိအောင် စူးစမ်းလိုစိတ်များ ပဋိသန္ဓေကပင် ပါလာခဲ့ပုံရသည်။

သူသမိုင်းကြောင်းတွင် လူပေါင်းမှားခဲ့၍ အဖကိုသတ်သော မင်း၊ပဉ္စာနန္တရိယ ကံကြီးထိုက်သော ဘုရင်ဟု အမဲစက် ထင်ခဲ့သော်လည်း ပင်ကိုယ် ဓာတ်ခံ အားဖြင့် အဇာတသတ်မင်းသည် ဘာသာရေးနှင့် သွေးဝေးဟန် မတူ။ သူမျက်စိအောက်တွင် ရဟန်းများကိုငင်း၊ ပုဏ္ဏားများကိုငင်း၊ တိတ္ထိ၊ တက္ကတွန်း၊ ပရိဗိုဇ်များကိုငင်း၊ နေ့စဉ်နှင့်အမျှ တွေ့မြင် နေရသောအခါ ထိုသမဏ၊ ဗြာဟ္မဏ စသူတို့၏ အဖြစ်သနစ်နှင့် ဤသို့ ပြုမူကျင့်ကြံခြင်း၏ ရလဒ်၊ အမြတ်၊ အကျိုး အာနိသင်များကို ခြေခြေမြစ်မြစ် သိချင်စိတ်များ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်သည် ဘုရား အခေါ်ခံသူတွေ့ အလွန်များသော အချိန် ဖြစ်၏။ ပူရဏကဿပ၊ မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ဗုဒ္ဓအောင်လံထူ၍ တလူလူ ဝင့်ကြွားလျက် ရှိနေသည် ဖြစ်ရာ ယင်း တိတ္ထိဆရာဘုရားကြီးများကို ယုံမှတ်ကိုးကွယ်နေကြသူများမတ်များစွာတို့ အဇာတသတ်မင်း၏ အပါးတွင် ခစားလျက် ရှိနေကြကုန်၏။

တိတ္ထိတို့၏ တပည့် ဖြစ်သော ထိုများမတ်များ၏ ဆွယ်ပိုးတိုက်တွန်းချက် အရ အဇာတသတ်မင်းသည် ထို တိတ္ထိထိပ်သီးဘုရားကြီး များနှင့် တွေ့ဆုံ ရဘူးခြင်း ဖြစ်ခဲ့၏။ ထိုအခါ အဇာတသတ်မင်းသည် မိမိစိတ်ထဲတွင် ခိုးလိုးခုလု၊ အဖုအထစ် ဖြစ်ရှိသော ပြဿနာရပ်ကို ဖော်ထုတ်၍ ထိုတိတ္ထိများအား

မေးလျှောက် ကြည့်လေသောအခါ "မှန်းချက်နှင့် နုမ်းထုတ်" မကိုက်လေဘဲ အထင်နှင့် အမြင် ကဗဟပုံမျှားနှင့် ကြုံနေရပြီး တိတ္ထိတို့အပါ၌ အားမလို အားမရ ဖြစ်ပြီး ဤသို့နှင့်သာ အချိန် ကုန်လွန်လာခဲ့ရသည်။

တချိန်သော အခါတွင်မူ ဇီဝကု၏ အဆွယ်အပိုး ကောင်းမှု ကြောင့် အဇာတသတ်မင်းသည် ဘုရားသခင်နှင့်လည်း တွေ့ခွင့် ရသွား၏။ တိတ္ထိတို့၏ တပည့် မူးမတ်များက "သူတို့ဆရာ ဘုရား ကြီးများထံသို့ ရောက်အောင် အဇာတသတ်မင်းအား ဆွဲဆောင် သိမ်းသွင်း ကြလေသည့်နည်းတူ သမားတော်ကြီး ဆရာဇီဝက ကလည်း ဗုဒ္ဓ၏ဂုဏ်သတင်းများကိုဖော်ကျူးလျက်အဇာတသတ် မင်းအား ဘုရားသခင်နှင့် ဖူးတွေ့ချင်စိတ် ပေါက်လာအောင် ဆွဲဆောင် ခေါ်ငင်ချက်အရ ဗုဒ္ဓနှင့် ရှေးဦးစွာမသောတွေ့ခြင်းဖြင့် တွေ့ဆုံရခြင်း ဖြစ်၏။

တွေ့ဆုံခွင့်ရသော နေရာကား ဆရာဇီဝက ပိုင်သော အမ္ဗာန် ဥယျာဉ်(သရက်ခြံကြီး) အတွင်း၌ ဖြစ်၏။ ဇီဝကသည် မယုံ မရဲနှင့် လိုက်ပါလာသော အဇာတသတ်မင်းအား ဥယျာဉ်ထဲသို့ ရောက်လေသောအခါ—

"မင်းကြီး၊ အလယ်တိုင်ကို မှီလျက် အရှေဘက်ကို မျက်နှာ မူ၍ ရဟန်းတော်များ၏ ရှေ့၌ ထိုင်နေသော ဤပုဂ္ဂိုလ်သည် မြတ်စွာဘုရားပါတည်း"

ဇီဝကက လက်သို့းညွှန်ပြလျှင် အဇာတသတ်မင်းသည် ဘုရား သခင်ထံ ချဉ်းကပ်ပြီးလျှင် အလှပ သလွယပ စကားပြော ကြားပြီးသည့်နောက် ပြဿနာ တခုကို မေးမြန်းခွင့်ပြုပါရန်

တောင်းပန်လေ၏။ ဗုဒ္ဓကလည်း "မေးလော့" ဟု ခွင့်ပြုတော်မူလျှင် ဤသို့ မေးလျှောက်ခြင်း ပြုလေသတည်း။

"အရှင်ဘုရား၊ အသက်မွေးမှု၊ တခုပညာ၊ ကိုယ်စီပါ" ဆိုသော အတိုင်း လူတို့သည် အသက်မွေးဝမ်းကျောင်းမှုအတွက် အတတ်ပညာများကို သင်ကြားကြရပါ၏။ တတ်မြောက်လာသောအခါ ထိုပညာကို အမှီပြု၍ အသက်မွေးခြင်း ပြုကြရပါသည်။

"ဥပမာ ဆင်စီး၊ မြင်းစီးအတတ်ကို တတ်ကျွမ်းသူကလည်း ထိုအတတ်ဖြင့်ပင် အသက်မွေး ဝမ်းကျောင်းလျက် ရှိကြပါသည်။ ထို့အတူ ပန်းချီတတ်သူကလည်း ပန်းချီပညာဖြင့်ရင်း၊ ဂဏန်းသင်္ချာအတတ် တတ်ကျွမ်းသူကလည်း ထိုဂဏန်းသင်္ချာအတတ်ဖြင့်ရင်း၊ လယ်ယာကိုင်းကျွန်းကို အမှီပြု၍ လုပ်ကိုင်နေကြသော တောင်သူလယ်သမားများကလည်း လယ်ယာလုပ်ခြင်းဖြင့်ရင်း၊ ရက်ကန်း အတတ်ပညာရှင်များကလည်း ရက်ကန်းဖြင့်ရင်း အသက်မွေးခြင်းပြုလျက် ရှိနေကြပါကုန်သည်။

"ဤသို့ မိမိတို့၏ အခြေအနေအလိုက် အသက်မွေးမှုနိုင်ကြခြင်းမှာ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများ၏ အကျိုးကျေးဇူးကြောင့်ပင် ဖြစ်ပါ၏။ သင်ယူလာခဲ့သော အတတ်ပညာ၏ အကျိုးကို သင်ရကျိုးနပ်စွာဖြင့် ခံစားကြရခြင်းဖြစ်သည်ဟု တပည့်တော် ခံယူထားပါသည်။

"အရှင်ဘုရား၊ ထိုထိုသော အတတ်ပညာများနှင့် ပုံဟပ်၍ သမဏဗြာဟ္မဏတို့၏ ဖြစ်ရပ်ကို တပည့်တော် တွေးမိလာပါသည်။ လူတို့အဖို့၌ ပညာသင်ကြသည်။ သင်သောပညာ၏ အကျိုးခကျေးဇူးကို ဒိဋ္ဌမျက်မြင် လက်တွေ့ ခံစားကြရသည်။

ရဟန်းတော်များ အနေဖြင့် သက်ဦးဝတ်၍ အကျင့်သိက္ခာကို ကျင့်ခြင်း သည်လည်း အတတ်ပညာတရပ်ကို ချဉ်းကပ်ခြင်း မည်ပေသောကြောင့် လူတို့ အတတ်ပညာများ ကဲ့သို့ပင် ဒိဋ္ဌ မျက်မြင် လက်တွေ့ အကျိုးခံစားဘွယ် ရှိတန်ရာသည်ဟု တပည့် တော် ထင်ပါသည်။

"အရှင်ဘုရား၊ ဤသို့ အတွေးဌဲ့ ထင်သော်လည်း၊ ရဟန်း တို့၏ ဒိဋ္ဌမျက်မြင် လက်တွေ့ အကျိုးဆိုသည်ကို တပည့်တော် အနေဖြင့် မြင်နိုင်စွမ်း၊ သိနိုင်စွမ်း မရှိပါသောကြောင့် အရှင် ဘုရားအား မေးလျှောက်ရခြင်း ဖြစ်ပါသည်။ ရဟန်းပြုခြင်း၏ ဒိဋ္ဌဓမ္မ ကိုယ်တိုင် သိမြင်ရသောအကျိုးကား အဘယ်ပါနည်း ဘုရား" ဟု မေးလျှောက်လေ၏။

ဤလျှောက်ချက်ကို ထောက်သောအားဖြင့် အဇာတသတ် မင်း၏ သန္တာန်၌ တစုံတရာကို ခြေခြေမြစ်မြစ်သိအောင် ရင်း မြစ်ကို လိုက်လေ့ရှိသော ဝါသနာဓာတ်ခံရှိကြောင်း ထင်ရှား လေသည်။

ထိုအခါ ဗုဒ္ဓသည် အဇာတသတ်မင်းအား ဤသို့ မေးမြန်း တော်မူ၏။

"မြတ်သော မင်းကြီး၊ဤပြဿနာကို ငါ့အား မေးသကဲ့သို့ အခြား သမဏ၊ ဗြာဟ္မဏတို့အား မေးကြည့်ခဲ့ဘူးသလော"

"မှန်ပါ၊ မေးခဲ့ဘူးပါသည် ဘုရား"

"မြတ်သော မင်းကြီး၊ သင်မေးသော ပြဿနာကို ထိုသမဏ၊ ဗြာဟ္မဏတို့က မည်သို့ ဖြေကြကုန်သနည်း။ သင်မင်းကြီးအား ဝန်မလေးခဲ့မူ ငါ့အား ပြောပြစေချင်၏"

ထိုအခါတွင် အဇာတသတ်မင်း၏ နှုတ်ဖျားမှ (အတင်းစကား မဟုတ်သော်လည်း) အတင်းဆန်ဆန်စကားများ ထွက်လာကုန်တော့သည်။ ပူရဏကဿပ စသော တိတ္ထိဆရာကြီးများထံ မေးလျှောက်ခဲ့ပုံများ၊ ထိုဆရာကြီးတို့က ဖြေဆိုပုံများကို ခရာစေ့တွင်းက လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ယင်းပြဿနာကို ပူရဏကဿပအား တပည့်တော် ရှေးဦးစွာ မေးကြည့်ခဲ့ဘူးပါသည်။ သူ၏ အဖြေကို တပည့်တော် မကျေနပ်ပါ။ တပည့်တော်မေးသည်က တခြား၊ သူဖြေသည်က တခြား ဖြစ်နေပါသည်။ တပည့်တော်က "ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုး"ကို မေးပါလျက် သူက သူဝါဒဘက် ဆွဲ၍ သူက သူ၏ "ကံမဲ့ဝါဒ"ကို ဟောပြောလှတ်လိုက်ပါသည်။ ပမာအားဖြင့် သရက်ပင်ကို မေးပါလျက် ပိန္နဲပင်ကို ဖြေသည်နှင့် တူလှပါသည်။ ယင်းပြဿနာနှင့် ပတ်သက်၍ အခြားပုဂ္ဂိုလ်များ ထံမှလည်း ကျေနပ်၊ လက်ခံနိုင်လောက်သော အဖြေကို တပည့်တော် မရရှိခဲ့ပါဘုရား။

"အရှင်ဘုရား၊ သူတို့လုပ်ပုံကို ရှုတော်မူပါဘုရား။ မကွေလိဂေါသာလဆိုလျှင်လည်း နာမည်ကျော် ဧရာမ ကိုယ်တော်ကြီး ဖြစ်ပါသည်။ သူအဖြေကလည်း ကိုးရိုးကားရား နိုင်လှသည်။ အမေး တခြား၊ အဖြေတမျိုး ဖြစ်နေပြန်ပါသည်။

"မင်းကြီး၊ သတ္တဝါတို့ စိတ်ညစ်ညူးရန် အကြောင်းသည် မရှိ။ အထောက်အပံ့သည် မရှိ။ အကြောင်း မရှိ၊ အထောက်အပံ့မရှိဘဲ သတ္တဝါတို့သည် စိတ်ညစ်ညူးကုန်၏။ ဤသို့ စသည်ဖြင့် သူ၏ "နတ္ထိကဝါဒ"ကိုသာ တပည့်တော်အား ဟောလှတ်

လိုက်ပါသည်။ တပည့်တော်၏ မေးခွန်းကိုကား ဖြေကြားခြင်း မရှိပါ ဘုရား။။

"အရှင်ဘုရား၊ ဆရာကြီး ပကုဓကစ္စာယန် သည်လည်း ထိုနည်းဂုင်းပင် ဖြစ်ပါသည်။တောင်ကို မေးပါလျက် မြောက်ကို ဖြေသူနှင့် တူပါသည်။ တပည့်တော် မေးသည်က တခြား၊ သူ ဖြေပုံက တလဲ့ ဖြစ်နေရုံမက သူကကည်း သူဝါဒ ကိုသာ တပည့်တော်အား ဟောလှတ်ပါသည် ဘုရား။။ အရှင်ဘုရား၊ ဤသို့လျှင် တပည့်တော်သည် ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုး ပြဿနာကို ပူရဏကဿပအစ သဉ္ဇယဗေလဋ္ဌပုတ္တအဆုံး တိတ္ထိဆရာကြီး ခြောက်ဦးထံ ချဉ်းကပ်၍ မေးလျှောက်ခဲ့ဘူး သော်လည်း အချီးနှိုးသာ ဖြစ်ခဲ့ပါသည်။ သူတို့၏ ဝါဒရေးရာ တရားကိုသာ တပည့်တော်အား ဟော ဟောလှတ်လိုက်ကြပါသည်။ သို့ကြောင့် တပည့်တော်မှာ ယင်းပြဿနာနှင့် ပတ်သက်၍ သိလည်း သိချင်၊ သိလည်း မသိရနှင့် ကသိကအောက် ဖြစ်လာခဲ့သည်မှာလည်း ကြာပါပြီ။ ယခု အရှင်ဘုရားနှင့် တွေ့သော အခါတွင်,တပည့်တော်၏ပြဿနာမှာပြေလည်သွားလိမ့်မည် ဟူ၍ ယုံကြည်အား ထားပါသည့် အလျောက် မေးလျှောက်အပ်ပါသည်။ တပည့်တော်အား ငဲ့ညှာတော်မူသောအားဖြင့် ဖြေကြားတော်မူပါဘုရား။။ ရဟန်းဖြစ်ကျိုးကို သိထင်မြင်သာအောင် တပည့်တော်အား ပြတော်မူပါ ဘုရား" ဟူ၍ ရှည်လျားစွာ စုံစုံစေ့စေ့ လျှောက်လေ၏။။

ထိုအခါ ဗုဒ္ဓသည် မင်းကြီးအား ကျိသို့ မြွက်ကြားတော်မူလေသတည်း။။

"မြတ်သော မင်းကြီး၊ သင်၏ မေးခွန်း၊ သင် သိလိုသော အချက်ကို ငါဖြေအံ့။ မဖြေမီ သင့်အား ငါ တခု မေးလို၏။ သင် ချမ်းသာသလိုသာ ဖြေပါလေ။

"မြတ်သော မင်းကြီး၊ ငါ ဆိုမည့် စကားကို သင် မည်သို့ ထင်သနည်း။ မြတ်သော မင်းကြီး၊ သင်မင်းကြီး အပါးတွင် သင့်အား ရေပူရေချမ်း ကမ်းလှမ်းပို့စုသူ ကျေးကျွန်၊ မင်းချင်း ယောကျ်ားတဦး ရှိသည် ဆိုကြပါစို့။ ထိုသူသည် တနေ့သော အခါတွင် လူအဖြစ်၊ လူဘောင်ကို ငြီးငွေ့သဖြင့် ရဟန်းပြုပြီးလျှင် ရဟန်းကျင့်ဝတ် မချွတ်စေရအောင် စောင့်ထိန်းကာ ရဟန်းတရားကို အားထုတ်၍ နေလေ၏။

"မြတ်သော မင်းကြီး၊ သင်၏ ထိုကျေးကျွန်ယောကျ်း ရဟန်းပြုသွားကြောင်း သတင်းကို မင်းချင်းယောကျ်းများက သင့်ထံ လာ၍ လျှောက်ထားကြသောအခါ သင့်စိတ်တွင် မည်သို့ ရှိမည်နည်း။ ထိုရဟန်းဝတ် ကျွန်ယောကျ်းကို အမြန်ပြန်၍ ခေါ်စေပြီးလျှင် ရှေးကနည်းတူ ထိုသူအား သင်မင်းကြီးအပါး တွင် ခိုင်းစေခြင်းပြုမည်လော" ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ဤသို့ မဆိုသင့်ပါ။ စင်စစ်အားဖြင့် ထိုသူအား တပည့်တော်တို့ကပင် ရှိခိုးမှု၊ ပူဇော်မှု၊ ခရီးဦး ကြိုဆိုမှုများကို ပြုကုန်ရုပါသည်။ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး၊ ပစ္စည်းလေးပါး တို့ဖြင့်လည်း လှူကုန်ရုပါသည် ဘုရား" ဟူ၍ လျှောက်၏။

"မြတ်သော မင်းကြီး၊ သင် မည်သို့ ထင်သနည်း။ သင်၏ ကျေးကျွန် ဖြစ်လျက် ထိုယောကျ်းအား အဘယ်ကြောင့် ရှိခိုးခြင်းပြုရတော်သနည်း"

●ပယ်ဒိုးစာပေ

"အရှင်ဘုရား၊ ထိုသူကား ရှေးကလိုမင်းချင်းယောကျ်ား မဟုတ်လေတော့ဘဲ ရဟန်းဖြစ်သောကြောင့်ပါ ဘုရား"

"မြတ်သောမင်းကြီး သို့ဖြစ်တပြီကား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုး သည် ရှိသေးလော၊ မရှိသလော"

ဤသို့ မေးလိုက်သောအခါ၌ကား မင်းကြီး၏ အသွင်သည် ရုတ်ချင်း ကြည်လင်သွားသကဲ့သို့ ထင်ရ၏။ သွက်လက်စွာပင် လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ရဟန်းဖြစ်ရကျိုးသည် ကေန် ရှိပါသည်။ ကေန် ရှိကြောင်းကို တပည့်တော် ကောင်းစွာ သတောပေါက် လာပြီ ဘုရား"

"မြတ်သောမင်းကြီး၊ သင့်အား ငါ ရှေးဦးစွာ ပြအပ်သော သာမညဖလ=ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကား ဤသည်ပင်တည်း။ မြတ်သောမင်းကြီး၊ ဆင်းရဲသူ ဖြစ်စေ၊ ချမ်းသာသူ ဖြစ်စေ၊ မုဆိုး ဖြစ်စေ၊ တံငါ ဖြစ်စေ၊ လယ်သမား ဖြစ်စေ၊ ကုန်သည် ဖြစ်စေ၊ စာရေးစာချီ ဖြစ်စေ၊ မည်သူမဆို အကြင်သူသည် လူအဖြစ်ကို စွန့်လျက် သာသနာ့တော်၌ ဝင်၍ သက်ဦးဆီးကာ ရဟန်းကျင့်ဝတ်ကို ကျင့်လေသည် ဖြစ်အံ့။ ထိုသူသည် ပြည်ပိုင်ရှင် မင်း စသူတို့၏ အပူဇော်ခံ ပုဂ္ဂိုလ်မြတ် ဖြစ်လာသတည်း" ဟု မိန့်တော်မူ၏။

ထိုနောက် ဗုဒ္ဓသည် မင်းကြီးအား စူလသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ အကြောင်းတို့ကို ခဲ့ခဲ့ခြားခြား သန့်၍ သန့်၍ ဟောကြားတော်မူလေရာ အဇာတသတ်မင်းအဖို့ သူ၏ စိတ် သန္တာန်၌ တသွင်သွင်စီးလာခဲ့သော ပြဿနာရေစီးကြောင်းမှာ

ခကာသွား လေပြီတည်း။ သံသယ ငြောင့်ခလုတ် ဟူသမျှ အကြွင်းမဲ့ ပြုတ်ကုန်လေပြီတည်း။ လူတို့ တတ်မြောက်ထားသော အတတ်ပညာရပ်များ၏ အကျိုးကို အသက်မွေးမြူရခြင်းအားဖြင့် ထင်ထင်ရှားရှား ကိုယ်တိုင်သိမြင်ရဘိသကဲ့သို့ ရဟန်းအဖြစ်၏ အကျိုးအာနိသင်ကိုလည်း ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော် အထူးကို ခံယူခြင်းအားဖြင့် ကိုယ်တိုင်သိမြင်ရပါတကား ဟူ၍ အကြွင်းမဲ့ သိရှိရလေပြီတည်း။

"မြတ်သောမင်းကြီး၊ စင်စစ်မူကား သီလနှင့် ပြည့်စုံသော ထိုရဟန်းသည် ယင်းသို့ သီလစောင့်ထိန်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ။ ဘိသိက်သွန်းပြီးသော၊ ရန်သူကို ပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရသကဲ့သို့ ဤအတူ ဤသို့ သီလနှင့်ပြည့်စုံသောရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည် ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစားရ၏။မင်းကြီး၊ ဤရဟန်းသည် ဤသို့လျှင် သီလနှင့် ပြည့်စုံပေ၏" ဟူ၍ သမဏ သီသ၏ အကျိုးကို အကျယ်အားဖြင့် ဟောကြားတော်မူ၏။ ထိုအခါ အဇာတသတ်မင်းသည် အလွန် ဝမ်းမြောက်လှစွာသော အမူအရာဖြင့် မြတ်ဘုရားအား ဤသို့ လျှောက်လေ၏။

"အရှင်ဘုရား၊ ဟောကြားအပ်သည့် တရားတော်ကား အလွန် နှစ်သက်ဘွယ် ရှိလှပါပေသည်။ တပည့်တော်အဖို့ အသိဉာဏ် ရှင်းရှင်းနှင့် အလင်းရောင် ရရှိပါတော့သည်။ အရှင်ဘုရား၊ ဤနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို

ဆာညီးကပ်၊ မြတ်နိုး၊ ကိုးကွယ်စရာဟူ၍ ဆညီးကပ်ပါ၏။ တပည့်တော်အား ရတနာသုံးပါးနှင့် ရင်းချာသော ဥပါသကာဟူ၍ မှတ်တော်မူပါ။ အရှင်ဘုရား၊ တပည့်တော်သည် မိုက်မဲ၊ တွေဝေ၊ မလိမ္မာသည့်အလျောက်၊ ကြောက်မက်ဘွယ် ကောင်းလှသော ပြစ်မှုကြီးကို ကျူးလွန်မိခဲ့ပါသည်။ ထိုအပြစ်သည် တပည့်တော်အား လွှမ်းမိုးလျက် ရှိနေပါ၏။ တပည့်တော်သည် တရားစောင့်သော၊ တရားသဖြင့် မင်းပြုသော ခမည်းတော် (ဗိမ္ဗိသာရမင်းကြီး)ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်မှားခဲ့မိပါ၏။မြတ်စွာဘုရားသည် တပည့်တော်ကျူးလွန်မှားခဲ့မိသည့် ထိုအပြစ်ကို နောင်သောအခါ စောင့်စည်းခြင်းငှာ 'အပြစ်'ဟု လက်ခံတော်မူပါ ဘုရား"

အဇာတသတ်မင်းသည် မြတ်ဘုရားနှင့် တရား၊ သံဃာတော်ကို ကြည်ညိုရှိ ဥပါသကာအဖြစ် ဘုရားထံတော်၌ ခံယူပြီးနောက် မိမိ၏ အပြစ်များကိုပါ ဖော်ထုတ် ဝန်ခံ လျှောက်ထားခြင်း ပြုလေသော်-

"မြတ်ဒသာမင်းကြီး၊ မိုက်မဲ၊တွေဝေ၊မလိမ္မာသည့်အလျောက် အပြစ်သည် သင့်အား လွှမ်းမိုးသွားခဲ့၏။ မိမိ၏ ခမည်းတော်ရင်းကိုပင်လျှင် သတ်မှားခဲ့မိ၏။ ထိုအပြစ်ကို အပြစ်မှန်းသိစွာဖြင့် ကုစားပေသောကြောင့် သင်၏အပြစ်ကို 'အပြစ်'ဟု ငါတို့လက်ခံကုန်၏။အပြစ်ကို အပြစ်ဟုမြင်၍ (အပြစ်မှန်းသိရ၍) ကုစား၏။ စောင့်စည်း၏။ ဤအပြုအမူသည် ကောင်းသော ပြုမှုခြင်း၊ ကြီးပွားခြင်းပေတည်း" ဟူ၍ မိန့်တော်မူ၏။ ထိုနောက်တွင်မူ အဇာတသတ်မင်းသည် အချိန်လင့်သည်နှင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား ရိုသေစွာ ကန်တော့ပြီးလျှင် ဘုရားသခင်၏

ရွှေတော်မှောက် အမှာန်ညယျာဉ်ကြီးအတွင်းမှ ကွယ်ပျောက်သွားလေသတည်း။

ထိုအခါ မြတ်ဗုဒ္ဓသည် အဇာတသတ်မင်း၏ အကြောင်းနှင့် စပ်၍ ရဟန်းတို့အား မြွက်ကြားတော်မူလေသည်ကား-

"အို ရဟန်းတို့၊ ဤမင်းသည် မိမိတည်ရာ၊ မိမိဘဝကို မိမိပင် တူးဖြိုခဲ့၏။ မိမိကံယ်ကိုပင် မိမိဖျက်ဆီးခဲ့၏။ ဤမင်းသည် ၎င်း၏ခမည်းတော်ကိုသာ မသတ်မိခဲ့လျှင်မူကား ဤမင်းအား ဤနေရာ၌မင်လျှင် ကိလေသာ မြူအမှုန်းတို့မှ ကင်းဝေးသန့်စင်သော မျက်စိ(သောတာပတ္တိမဂ်ဉာဏ်)သည် ဧကန်ပင် ဖြစ်ပေါ်လေရာ၏" ဟု မိန့်တော်မူ၏။

ထိုသို့ မြွက်ကြားလေသည့်အချိန်တွင် အဇာတသတ်မင်းကား အမှာန်ညယျာဉ်ကြီး၏အပြင်ဘက်သို့ ရောက်ရှိနေပြီး ဆင်ဖြူတော်ကြီး၏ကျောက်ကုန်းထက်တွင်တရွေ့ရွေ့နှင့်ပါသွားလေသတည်း။

(သုတ်သီလကွန် ပါဠိတော်၊ သာမညဖလသုတ်၊ ဆဋ္ဌမှု။)

စပယိဒ္ဓိးစာမေး

(၃၆)

နွားကျောင်းသား ဥပုသ်

ဗုဒ္ဓခေတ်က သာဝတ္ထုပြည်သူမျှားကို သန်းခေါင်စာရင်းကောက်သော် ဝိသာခါမပါလျှင် ပြည့်စုံပြီဟု မဆိုနိုင်။ သာဝတ္ထုပြည်သူတို့အနက်တွင် ဝိသာခါသည် ထင်ရှားသော အမျိုးသမီးကြီးဖြစ်သောကြောင့်တည်း။

ဝိသာခါသည် သာဝတ္ထိမြို့တော်၏အရှေ့ဘက်မျက်နှာဦးပုပ္ဖာရုံအမည်ပျှင်သော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူခဲ့၏။ ကျောင်းအမကြီးဝိသာခါဟု ဟိုးလေးတကျော်ကျော်ဖြစ်လာ၏။

အလှူရေစက်လက်နှင့်မကွာဆိုသောဆောင်ပုဒ်သည် ဝိသာခါအတွက် ထုတ်ထားသည့်ဆောင်ပုဒ်ဟူ၍ပင် ဆိုထိုက်၏။ လှူသည်။ တန်းဘည်။ ပေးသည်။ ကမ်းသည်။ စွန့်ကြဲသည်။ဥပုသ်ဆောက်တည်သည်။အလှန်ကောင်းသော ဤအလုပ်၊ ထိုအလုပ်မျှားကား ဝိသာခါ၏အလုပ်မျှားဖြစ်၏။

ထိုနွေကား ဥပုသ်နေ့ဖြစ်လေသည်။

ကျောင်းအမကြီးဝိသာခါတယောက် ဘယ်ကိုမျှားရောက်နေလေဘိဟု မေးစရာမလိုကျောင်းတော်သို့သွား၍ ဥပုသ်စောင့်နေကြောင်းကို ခေတ်ကလေးမျှားကအစ သိနားလည်နေကြ၏။

"ဝိသာခါ၊နေမုန်းတည့်အချိန်ကြီးမှာ ဘယ်ကလာသနည်း"

"သည်ကနေ့ဥပုသ်နေ့မှာ တပည့်တော်မ ဥပုသ်စောင့်ပါသည်ဘုရား"

မေးသူကား ဗုဒ္ဓ၊ဖြေသူကား ဝိသာခါဖြစ်၏။ ဝိသာခါနှင့် ဥပုသ်၊ ဥပုသ်နှင့်ဝိသာခါမှာ လုံးထွေးနေ၏။ဝိသာခါအဖို့ ဥပုသ်မစောင့်သောနေ့ဟူ၍ မရှိသလောက်ပင်။

ဗုဒ္ဓသည် ဥပုသ်သည်ကျောင်းအမကြီးဝိသာခါကိုအကြောင်းပြု၍ ဥပုသ်တရား ဟောကြားတော်မူ၏။ ဥပုသ် စောင့်ကြသည် ဆိုသော်လည်း စောင့်ရကျိုးမနပ်၊ အဖတ်မတင်သောဥပုသ်များရှိတတ်ကြောင်း၊ ယင်းဥပုသ်မျိုးမဖြစ်ရအောင် ကြပ်ကြပ်သတိထားဘို့လိုအပ်ကြောင်းကို အခြေခံလျက် ထို့နေ့ ဥပုသ်နေ့တွင် ဝိသာခါအား ဥပုသ်၌ကာကို အကျယ်တဝင့် ဖွင့်ဖော်မြွက်ကြားတော်မူ၏။

"ဝိသာခါ၊ ဥပုသ်သုံးမျိုးရှိ၏။ သင်မှတ်ဘိလော့"

(၁) ဂေါပါလ ဥပုသ်တမျိုး၊

(၂) နိဂဏ္ဌ ဥပုသ်တမျိုး၊

(၃) အရိယ ဥပုသ်တမျိုး၊

ဤသုံးမျိုးဟူ၍ မှတ်။

(၁)ဂေါပါလဥပုသ်။ ။ဝိသာခါ၊ ဂေါပါလ ဥပုသ် ဆိုသည်ကား နွားကျောင်းသားဥပုသ်ဟု ငါဆို၏။ ဝိသာခါ၊ နွားကျောင်းသားအကြောင်းကို သင်အဘယ်သို့သိဘူး၊ကြားဘူးသနည်း။

သည်လိုဝိသာခါ၊ နွားကျောင်းသားသည် နေ့လယ်တွင် နွားများကို ကျောင်း၏။ ညနေစောင်းသောအခါ နွားများကို အိမ်ပြန်၍သွင်းလာပြီး နွားရှင်များထံ အပ်ရ၏။ အပ်ပြီးသော အခါ ထိုနွားကျောင်းသားသည် နေ့လယ်က အဖြစ်အပျက် များကို ပြန်၍ စမြဲပြန်လေ၏။

"ငါသည်ကနေ့ ဘယ်နေရာမှာ နွားကျောင်းခဲ့သည်။ ဘယ် ကန်ထဲ၊ ဘယ်ချောင်းထဲမှာ နွားများကို ရေတိုက်ခဲ့သည်။ နက်ဖြန်ခါ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်တောမှာ ငါ နွားကျောင်းမည်။ဘယ်ရေကန်၊ဘယ်ချောင်းမှာ နွားရေချမည်။ နွားကျောင်းရင်း ဘာတွေ့၊ ဘာတွေ့ကို ငါလုပ်ဦးမည်။" ဟူ၍ ဤသို့ နောက်ကြောင်းကိုလည်းစမြဲပြန်သည်။ ရှေ့အကြောင်း ကိုလည်း တမြော်တခေါ်ကြီးတွေး၍ အစီအစဉ် ပြုလုပ်သည်။ ဤသည်ကား နွားကျောင်းသား၏ဖြစ်ရပ်တည်း။

ဝိသာခါ၊ အချို့အချို့သော ဥပုသ်သည်များသည် ဤနွား ကျောင်းသားနှင့် အလားတူ၏။ နွားကျောင်းသား တွေးသကဲ့သို့ တောင်တွေး၊ မြောက်တွေးနှင့် အတွေးညွှန်အိုင်ကြီး ထဲတွင် ကျဆုံးရှိုင်းကြီး လူးသကဲ့သို့ လူးနေ၏။

ငါ သည်ကနေ့ ဘာဟင်းနှင့်ထမင်းစားသည်။ ဟင်းကောင်း ချင်လျက် ဆား အတန်မြက်သည်။ ထမင်း စားပြီးသောအခါ ငှက်ပျောသီး စား သေးသည်။သည်ကနေ့တော့ ဟုတ်ပါစေတော့ နက်ဖြန်အတွက် ဘာဟင်းချက်စားရလျှင် ကောင်းမည်လဲ၊ဘာ အသီး စားရလျှင် ကောင်းလေမည်လဲဟူ၍ တိုသူသည် ဤသို့ စိတ်ကူးယဉ်ကာ မက်မောခြင်း အာဘိဇ္ဈာစိတ်ဖြင့် တနေကုန် လေ၏။

ဝိသာခါ၊ ဤဥပုသ်မျိုးကားနွားကျောင်းသားဥပုသ်တည်း။ ဤနွားကျောင်းသား ဥပုသ်မျိုးကို ကျင့်သုံး ဆောက်တည် ခြင်းကား အကျိုးလည်းမများ၊ အာနိသင်လည်းမရှိ။ အသွေး အရောင်လည်း မပြောင်။ ပို့နှုံခြင်းလည်း မရှိချေ။

(၂) နိဂဏ္ဌဥပုသ်။ ။နိဂဏ္ဌဥပုသ်ကို မှတ်ဦးလော့။ရဟန်း ဇာတ်နွယ်ဝင် နိဂဏ္ဌဆိုသော ပုဂ္ဂိုလ်တို့သည်ရှိကုန်၏။ ယင်းတို့၏ ကျင့်သုံးနည်းကား တမူ ထူးခြားချေ၏။ သူတို့သည် သူတို့၏ တပည့်တပန်းကို ဤသို့ ဆောက်တည် ကျင့်သုံး စေကုန်၏။

ချစ်တပည့် အမောင်ယောကျား၊ သည်ကိုလာလော့။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဤအရပ် လေးမျက်နှာ ယူဇနာ တရာထက်ဝန်းကျင်၏ အပြင်ဘက်တွင် ရှိနေကုန်သော သတ္တဝါ တို့၌ ဘေးဥပါဒ်ကျရောက်စေမည့် လက်နက်များကို ချထားလေ လော့။ ယင်းသတ္တဝါတို့အား တစုံတရာ ညှဉ်းဆဲခြင်း၊ သတ်ဖြတ် ခြင်းများမပြုလေနှင့်ဟူ၍ဆောက်တည်စေကုန်၏။ဤသို့အားဖြင့် အခြို့သော သတ္တဝါတို့အား သာစေ၊ချမ်းသာစေ၊ တခြို့သော သတ္တဝါတို့အား နာစေ၊ ဆင်းရဲစေရန် ဆောက်တည်စေကုန်၏။ (သတ္တဝါခပ်သိမ်းတို့အပေါ်၌ မေတ္တာပို့နှုံခြင်းမရှိ၊မိုးကွက်ကျား ရှာသည်နှင့် တူ၏။)

ဝိသာခါ။ နာဦးလော့။ ထိုသူတို့သည် ဥပုသ်နေ့များတွင် တပည့်တပန်းတို့အား ဤသို့ ဆောက်တည် ခိုင်းကုန်၏။ ''ချစ် တပည့် အမောင်ယောကျား၊ လာလော့၊ သင်၏ အဝတ်အစား အားလုံးကို ချွတ်လိုက်ဦးလော့။ ငါဆိုသလို လိုက်၍ ဆိုလော့။ 'ငါသည်တစုံတခုသောအရပ်ဒေသ၊တခုခုသော အချိန်အခါဝယ် တစုံတယောက်သော သူအတွက် မည်သည့် ကြောင့်ကြမှုမျှ

မဖြစ်။ ငါ၏ အတွင်းအပ သန္တာန်ဝယ် တခုခုသော ပရိက္ခရာဥ်သော်လည်း ကြောင့်ကြမှုမရှိ။' ဤသို့ဆိုလော့ဟူ၍ ဆောက်တည်စေကုန်၏။ (အားလုံးအပေါ်၌ သံယောဇဉ်ပြတ် ဖြတ်တောက် ဆောက်စေခြင်းပင်တည်း။)

ဝိသာခါ၊ ဤသို့ပင်သံယောဇဉ်ပြတ် ဖြတ်တောက် ဆောက်တည် စေငြားသော်လည်း ပြတ်ခြင်းကား မထင်၊ထိုဆောက်တည်သူ၏ မိဘတို့ကလည်း သည်ဟာ ငါ့ သားဟူ၍ ကိုယ့်သားမှန်း သိနေကြကုန်သည်။ထိုဆောက်တည်သူကိုယ်၌ကလည်း သည်ဟာ ငါ့မိဘ၊ သည်ဟာ ငါ့သား၊ ငါ့သမီး၊ သည်ဟာ ငါ့မယားဟူ၍ မိဘမှန်း၊ သားသမီးမှန်း၊ မယားမှန်း သိနေသည်ပင်တည်း။ အားလုံးအပေါ် ပြတ်သည်၊ ကြောင့်ကြမှု၊ တွယ်တာမှု ဘာမျှ မရှိသော်လည်း မပြတ်သည်မှာ ထင်ရှား၏။

ဝိသာခါ၊ဤသို့လျှင်သည်နေရာမှာ သစ္စာ၊ထိုနေရာ ကျသော် မုသားစကားဆိုခြင်းကို ဆောက်တည်စေသည်မည်၏။ဤဆောက်တည်သည်နည်းကိုမူ မမှန်သော ဆောက်တည်ခြင်းဟု ငါဆို၏။ဘာမျှ ကြောင့်ကြမှု မရှိဆိုသော ထို ဆောက်တည် သူသည် တည်ဋ္ဌလွန်မြောက်၍ နံနက်မိုးသောက်ပြီးဆိုလျှင်ပင် မည်သူကမျှ မပေးဘဲလျက် အစားအစာကို ကိုယ်တိုင်ယူ၍ စားလေ့တော့သည်။ နိဂဏ္ဌဥပုသ်ကား ဤသို့ဖြစ် သတည်း။ ဤနိဂဏ္ဌဥပုသ်မျိုးကို ဆောက်တည်းခြင်းကား အကျိုးလည်းမများ၊ အာနိသင်လည်း မရှိ၊ အခေါ်အဝေါ်လည်း မပြောင် ပျံ့နှံ့ခြင်းလည်း မရှိချေ။

(၃) အရိယာဥပုသ်။ ။ညစ်နွမ်းနေသော စိတ်ကို မညစ်နွမ်းအောင် လုံ့လပြုခြင်း ဖြူစင်စေခြင်း၊ ဖြူစင်အောင် ပြုခြင်းသည် အရိယာပုသ် မည်ပေ၏။

ဝိသာခါ၊ ညစ်နွမ်းနေသောစိတ်ကို ဖြူစင်အောင် ဆေးကြော နည်းကား ဤသို့တည်း။ ဝိသာခါ၊ ဥပမာအားဖြင့် ညစ်နွမ်း နေသော ဦးခေါင်းကို သန့်ပြန့်စေလိုသော် တရော်၊ ကင်မွန်း စသည်တို့ဖြင့် ဆေးကြောလျှင် သန့်ပြန့်လာသကဲ့သို့ ထို့အတူ ညစ်နွမ်းစိတ်ကိုပြေပျောက်အောင်ဖျောက်လိုသော်၊ဖြူစင်သန့်ပြန့် သောစိတ်၊ညစ်ကြေးကင်းစင်၍ ဖြူဆွတ်သောစိတ် ဖြစ်လာ စေလို သော် ဘုရားအာရုံ၊ ဂုဏ်တော်ကိုးပါးကို အောက်မေ့ ခြင်းဖြင့် ဆေးကြောရာ၏။ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့သည် ရှိသော် စိတ်သည် ကြည်လင်လာ၏။ ဝမ်းမြောက်ခြင်းဖြစ်လာ၏။ စိတ်၏ ညစ်နွမ်းကြောင်းမှန်သမျှ လွှင့်စင် ပပျောက်ကုန်၏။ ငါးပါး၊ရှစ်ပါး၊ဆယ်ပါးသီလများကို မကျိုး မပေါက်ရအောင် ဆောက်တည် ထိန်းစောင့်ခြင်းပြု၏။

ထိုသူကို ဗြဟ္မာဥပုသ် ကျင့်သုံးသူ၊ ဘုရားသခင်နှင့် အတူ နေရသူ၊ ဘုရားကို အာရုံပြု၍ စိတ်ကြည်လင်နေသူ၊ ဝမ်းမြောက် သူဟု ဆိုအပ်၏။ ညစ်နွမ်းသော စိတ်သည် ဤသို့လုံလပြု ကုစား ခြင်း အားဖြင့် ဖြူစင်စေနိုင်၏။ ဤအရိယာ ဥပုသ်ကို စောင့်ထိန်း ခြင်းကား အကျိုးလည်းများ၏။ အာနိသင်လည်း ရှိ၏။အသွေး အဆောင်လည်း ပြောင်၏။ ပုံနှိုးခြင်းလည်း ရှိပေ၏။

(မှတ်ချက်။ ။ဤအရိယာဥပုသ်နှင့် ပတ်သက်၍ အကျယ် များစွာဆို၏။ ဤတွင် အချုပ်မျှသာ ဖော်ပြထားပါသည်။)

(အင်္ဂုတ္တိုရ်ပါဠိဒုဇတာဝ်၊ တိကနိပါတ်၊ မဟာဝဂ်၊ ဥပေါသထသုတ်၊ ၂၀၆၊ ဆဋ္ဌမှု။)

●ပယ်ဦးစာပေ

ဗုဒ္ဓနှင့် တွေ့ဆုံသည့်တိုင်အောင်

အိမ် သာသော် ည့်လာ၏။ အိုးထိန်းသည် ဘဂ္ဂဝ၏အိမ်သည် အဆေတာ်ကလေး သာသာယာယာ ရှိပုံ ရသည်။ သူ့အိမ်သည် ည့်နှင့်ပြတ်သည်ဟူ၍ မရှိသလောက်ပင်။ လူည့်သည်သာ မက ရံခါရံခါ ရဟန်း ည့်သည်မျှားပင် သူ့အိမ်၌ တွေ့ရတတ်သေး သည်။

ယခု သူ့အိမ်တွင် ရဟန်းည့်သည်တပါး တည်းခိုလျက်ရှိနေ ဆဲတွင် သူ့အိမ်ရှေ့မှ ရဟန်းည့်သည်တပါး ရောက်လာ ပြန်လေ ပြီကော။ ထိုရဟန်းကား အခြားမဟုတ်၊ ဂေါတမ ရှင်တော်မြတ် ဘုရား ဖြစ်ခဲ့၏။ ဘုရားသခင်သည် မဂဓ တိုင်းတခွင် ဒေသ စာရီ လှည့်ရာမှ ဘဂ္ဂဝနေထိုင်သော ရာဇဂြိုဟ်သို့ တမင်တကာ ဝင်ရောက်တော်မူလာခြင်း ဖြစ်၏။

ထိုအခါ၌ အိုးလုပ်စားသူ ဘဂ္ဂဝသည် အိမ်ရှေ့တွင်အိုးလုပ် နေ၏။ ဗုဒ္ဓသည် သူ့အိမ်ရှေ့သို့ ရပ်လာသောအခါ ဘဂ္ဂဝသည် နေရာမှထ၍ ရိုသေစွာ ရှိခိုးခြင်းပြုလေ။

ဗုဒ္ဓ။ ။ဘဂ္ဂဝ၊ သင့်အား ဝန်မလေးခဲ့သော် သင့်အိမ်မှာ ဘည့်တာမျှ ငါတည်းခိုလိုပေ၏။

ဘဂ္ဂဝ။ ။အရှင်းဘုရား၊ တပည့်တော်အဖို့ ဝန်မလေးပါ ဘုရား။ သို့ရာတွင် ဤသည်ရဟန်းတပါး ရောက်နှင့်လျက်ရှိနေပါသည်။ ဤသည် ထိုရဟန်းက ခွင့်ပြုခဲ့ပါသော် တပည့်တော် အိမ်မှာ ချမ်းသာတော်မူသလို သိတင်းသုံးနိုင်ပါသည် ဘုရား။

ဘဂ္ဂဝက ဤသည်ရဟန်းထံ ကျေနပ်မှု ရယူရန် လွဲလိုက်သည်။ ဗုဒ္ဓသည် ထိုဤသည်ရဟန်း တည်းခိုနေသော အခန်းဆီသို့ သွားလေသည်။

ရောက်နှင့်နေသော ရဟန်းကား ဘုရားထက်ပင် အသက်ကြီးသူ ရဟန်းအိုကြီးဖြစ်၏။ အမည်ကား ပက္ကုသာတိဟုတ္တင်၏။ တက္ကသိုတ်မြို့တော်နှင့် ထီးနန်းစည်းစိမ်ကို စွန့်၍ ရဟန်းပြုပြီး ဘုရားသခင်ကို ဖူးမြော်ရန် အလို့ငှာ လာရောင်း ဘဂ္ဂဝအိမ်၌ဝင်၍ ခေတ္တတည်းခိုနေခြင်း ဖြစ်၏။

ဗုဒ္ဓ။ ။ရဟန်း၊ သင့်အား အကယ်၍ ဝန်မလေးခဲ့သော် သည်အခန်းမှာ တညတာမျှ ငါ တည်းခိုပါရစေ။

ပက္ကုသာတိ။ ။ငါ့ရှင်၊ တည်းခိုနိုင်ပေ၏။ ဤအခန်းသည် ကျယ်ကျယ်ပြန့်ပြန့်ရှိလှ၏။ နေလောက်ပါသည် ငါ့ရှင်၊ အလို ရှိသလို နေတော်မူပါ။

ဤသို့ ခွင့်ပြုချက်ရလျှင် ဗုဒ္ဓသည်အခန်းတွင်းဝင်၊မြက်ဖျာကို ခင်းကာ ၎င်း၏ အထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူ၏။ ထိုညအဖို့ ညလုံးပေါက် ဗုဒ္ဓသည် ဤသို့ တင်ပလွဲင်ခွေ ထိုင်နေတော်မူခြင်းဖြင့် အချိန်ကုန်လွန်စေ၏။ တခန်းတည်း အတူနေ ပက္ကုသာတိ ရဟန်းကြီးလည်း ဗုဒ္ဓကဲ့သို့ပင် ညလုံးပေါက် ထိုင်လျက်သား အချိန်ကုန်စေလေသည်။

ဗုဒ္ဓသည် ထိုင်လျက်မှ ဘချက်တချက် ပက္ကုသာတိ ရဟန်းကြီးဘက်သို့ကြည့်ကာ မသိမသာအကဲခတ်တော်မူသည်။ထို့အတူပင် ပက္ကုသာတိကလည်း တခါတခါလှည့်၍ မြတ်ဗုဒ္ဓကို အကဲခတ်၍ ကြည့် ကြည့်နေသည်။

ဗုဒ္ဓသည် ပက္ကုသာတိ ရဟန်းကြီး၏ ဥပဓိရုပ်ကို ကြည့်၍ အကဲခတ်ရင်းမှ ဤသို့ အကြံ ဖြစ်လာ၏။ "ဤရဟန်းသည် ရည်ရည်မွန်မွန်ရှိလှ၏။ လူရည်လည်း သန့်သည်။ အနေအထိုင်လည်း ကျစ်လစ်သိမ်မွေ့သည်။ ဘယ်အမျိုးဘယ်အနွယ်ဖြစ်လေသနည်း။ သူ့ကို အကျိုးအကြောင်း မေးမြန်း ကြည့်လျှင်ကောင်းမည်။ မေးမြန်းကြည့်ဦးမည်"ဟု အကြံ ဖြစ်လာသည်။

ထိုနောက် ဗုဒ္ဓကပင် စတင်လှုပ်ရှားလိုက်၏။ ထိုအခါ တိတ်ဆိတ် နေသော အခန်းယံတွင်းမှ အသံနှစ်သံ လွှင့်ပျံ၍ ထွက်လာ၏။

ဗုဒ္ဓ။ ။ရဟန်း သင် မည်သည့်ပုဂ္ဂိုလ်ကိုရည်ရွယ်၍ ရဟန်းပြုလာသနည်း။သင်၏ဆရာကား မည်သူနည်း။သင်သည်မည်သူ၏တရားကို နှစ်သက်ပါသနည်းဟု မေးတော်မူ၏။

ဗုဒ္ဓသည် မသိ၍ မေးခြင်းမဟုတ်။ဤဘဂဝဝ်အိမ်သို့မရောက်မီကပင် ပက္ကုသာတိသည် မည်သူ ဖြစ်ကြောင်း ကောင်းစွာသိတော်မူပြီး ဖြစ်၏။ သို့ပါလျက် မေးထိုက်သော အကြောင်းရှိသဖြင့်၊ ဝါ၊ ဤသို့ မေးမြန်းခြင်း ပြုလေမှသာ ပက္ကုသာတို့၌လွှတ်မြောက်ခြင်းအကျိုး ထိတွေ့ခံစားရမည် ဖြစ်သောကြောင့် မေးတော် မြန်းတော်မူခြင်း ဖြစ်လေသည်။ ထိုအမေးကို ပက္ကုသာတိလည်း ကောင်းစွာ ဖြေပေ၏။

ပက္ကုသာတိ။ ။ငါ့ရှင့်၊ သကျပုတ္တသာကိဝင်မျိုးမှထွက်၍ ရဟန်းပြုသော ရဟန်းဂေါတမဟူ၍ ရှိပေ၏။ထိုရဟန်းဂေါတမ၏ ကျော်စောသတင်းကား အရပ်ထက်ဝန်းကျင်တို့၌ ပျံ့လျက်ရှိနေပါ၏။ပြဟ္မာ၊နတ်၊ လူ သုံးဘုံသူတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော အရဟံဂုဏ်တော်၊ သာမန် ပုဂ္ဂိုလ်တို့ သိရန်မလွယ်သော သစ္စာလေးပါးတရားကို ဆရာမရှိ၊ မိမိအလိုလို သိတော်မူပေသောကြောင့် သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်၊ ဤသို့ စသည်ဖြင့် ကိုးပါးသောဂုဏ်တော်တို့၏ သခင်ဟု အရပ်ထက်ဝန်းကျင်၌ ထင်ရှားကျော်စောလျက် ရှိပါသည်။ ငါ့ရှင် အကျွန်ုပ်သည် ထိုကိုးဂုဏ်သခင် ရဟန်းဂေါတမကို ရည်ရွယ်၍ ရဟန်းပြုခဲ့ပါ၏။ ထိုရဟန်းဂေါတမကား ကျွန်ုပ်၏ ဆရာပါတည်း။ ကျွန်ုပ်သည် ကျွန်ုပ်၏ဆရာ ရဟန်းဂေါတမ၏ တရားတော်ကို အလွန် နှစ်သက်ပါသည်။

ပက္ကုသာတိ ရဟန်းကြီးကား သူ့ခမျာ ဘုရားသခင်ကို မျက်ဝါးထင်ထင် ဖူးမြင်နေရပါတုံလျက်လည်း ဘုရားမှန်းကား မသိရှာသေး။ သို့သော် သူတကိုယ်လုံးကိုကား မြတ်ဗုဒ္ဓထံ ပုံ၍ အပ်နှံထားပြီ ဖြစ်၏။ဗုဒ္ဓသည်သူအား ဆက်၍ မေးတော်မူပြန်၏။

ဗုဒ္ဓ။ ။ရဟန်း၊ ယခုအခါ သင်၏ ဆရာဖြစ်သော ရဟန်းဂေါတမသည် အတိမ္မာပါနည်း။

ပက္ကု။ ။ငါ့ရှင်၊ ဥတ္တရဇနပုဒ်တို့၌ သာဝတ္ထိ မည်သော မြို့တမြို့ရှိ၏။ ထိုမြို့သည် အလွန်သာယာစည်ကားသော မြို့ဟု ထင်ရှား၏။ ကျွန်ုပ်၏ဆရာ ရဟန်းဂေါတမသည် ထိုသာဝတ္ထိမြို့မှာ ရှိပါသည်။

ဗုဒ္ဓ။ ။ရဟန်း၊ သင့်ဆရာဖြစ်သော ရဟန်း ဂေါတမကို သင် မြင်ဘူးပါသလား။ မြင်လျှင်ကော သင် သိပါမည်လား။

ပက္ကု။ ။ငါ့ရှင်၊ ကျွန်ုပ်သည် ရဟန်း ဂေါတမကို ယခု အခါနှင်ထိ တကြိမ်တခါဘူးမျှ မြင်ဘူးခြင်း မရှိသေးပါ။ မြင်လျှင်လည်း ကျွန်ုပ် သိမည်မဟုတ်ပါ။ ကျွန်ုပ်၏ဆရာကို ဖူးတွေ့လို သော ဆန္ဒဖြင့် ကျွန်ုပ်လာခဲ့ရင်း ဤဂေဟာတွင်ခေတ္တဝင်ရောက် တည်းခိုခြင်း ဖြစ်ပါသည် ငါ့ရှင်။

ရိုးသားစွာ ဖြေဆိုနေသော ပက္ကုသာတိရဟန်း၏ စကားကို ကြားရသောအခါ ဤအမျိုးကောင်းသားကား ငါ့ကိုတကြိမ် တခါမျှ ဖူးတွေ့ရခြင်း မရှိဘဲလျက်ပင် ငါ့ကို ဆရာတင်လျက် သူရဟန်းပြုလာချေသည်။ ငါ သူ့ကို ချီးမြှောက်ထိုက်သည်။ သူ့ကို တရားဟောရလျှင် ကောင်းမည်ဟူ၍ ဗုဒ္ဓအား အကြုံဖြစ် လာသည်။ ဗုဒ္ဓသည် ထိုအကြုံကို လက်တွေ့အားဖြင့် အကောင် အထည် ဖော်လေတော့သည်။

ဗုဒ္ဓ။ ။ရဟန်း၊ ငါ့တရားကို နာလိုဘိ မူကား သင့်အား ငါ တရားဟောအံ့။

ပက္ကု။ ။ကောင်းပါ၏ ငါ့ရှင်၊ ကျွန်ုပ်နာပါအံ့။

ဗုဒ္ဓ။ ။သို့ဖြစ်ဘိသော် ရဟန်း၊ ဂရုစိုက်၍ နာလော့။ ကောင်းစွာ နှလုံးသွင်းလော့။

ဤသို့ ညွှန်ကြားပြီးနောက် ဗုဒ္ဓသည် ပက္ကုသာတိရဟန်းနှင့် လိုက်ဖက်မည့် ဓာတ်တရားကို ရွေးချယ်၍ ဟောကြားတော်မူလေ၏။ ဓာတ်တို့၏သဘာဝ အချက်အလက်များကို တဆင့်ထက်တဆင့် တဖြည်းဖြည်း အသေးစိပ်၍ စိတ်ဋ္ဌ၊ နှလုံးထဲဥ္စံ စွဲထင်လာအောင် ပြတော်မူ၏။

ရဟန်း၊ ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှသည် ဓာတ်ခြောက်ပါး၏ အစုအဝေးမျှသာ ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါတိုင်း ဓာတ်ခဲ့ကြည့်သော် 'မြေဓာတ် (ပထဝီ)၊ ရေဓာတ် (အာပေါ)၊ လေဓာတ် (ဝါယော)၊ မီးဓာတ် (တေဇော)၊ ဟင်းလင်းပွင့်ဓာတ် (အာကာသ)၊အသိဓာတ်(ဝိညာဏ)' ဟူသော ဤဓာတ်[၆]ပါးကိုသာ တွေ့ရ၏။ သင့်မှာလည်း ဤဓာတ်ခြောက်ပါး၊ ငါ့မှာလည်း ဤခြောက်ပါးရှိ၏။ သင်သည်လည်း ဤဓာတ်ခြောက်ပါးနှင့် လူ၊ ငါသည်လည်း ဤဓာတ်ခြောက်ပါးနှင့် လူသာ ဖြစ်၏။

(၁) ပထဝီ မြေဓာတ်

ရဟန်း၊မြေဓာတ်ဆိုသည်မှာ အဘယ်နည်း။ယင်းမြေဓာတ်၏ သဘောကား မည်သို့ ဖြစ်လေသနည်း။

ရဟန်း၊ အခ့ါါမြေဓာတ်သည် ကိုယ်တွင်းမှာ ဖြစ်၏။ အခ့ါါမြေဓာတ်ကား ကိုယ်ပမှာဖြစ်၏။ သို့ဖြစ်လေရာ သင့်ကိုယ်တွင်းမှာ မည်သည့် မြေဓာတ်တွေ့ တည်ရှိနေလေသနည်း သင့်ကိုယ်တွင်း၌ ဖြစ်တည်နေသော မြေဓာတ်မျှားကို ရှာကြည့်ကြရအောင်။

ရဟန်း၊ မြေဓာတ်ကို ရှေးဦးစွာ ဤသို့ မှတ်ထားဘိလော့။ အကြင်ရုပ်သည် ကြမ်းတန်း၏။ ခက်မာ၏။ ကိုယ်ကို့စဲ့၍ ဖြစ်၏။ တဏှာက စဲ့အောင် ဆဲ့ဆောင်ထား၏။ ထိုရုပ်သည် မြေဓာတ်မည်၏။ ၃၂ ကောဋ္ဌာသ အစုအဝေးဖြစ်သော ပုဂ္ဂိုလ် သတ္တဝါတို့၏ ကိုယ်၌ မြေဓာတ်ဖြစ်သော ထိုရုပ်ကြမ်း၊ ရုပ်မာမျှားကို ရှာသော်-

ဆံပင် ရုပ်၊ မွေးညှင်း ရုပ်၊ ခြေသည်း လက်သည်း ရုပ်၊ သွားရုပ်၊ အရေထူး အရေပါး ရုပ်၊ အသား ရုပ်၊ အကြော ရုပ်၊

အရိုး ရုပ်၊ ရိုးတွင်းခြင်ဆီ ရုပ်၊ အညှို ရုပ်၊ နှလုံးရုပ်၊အသည်းရုပ်၊ အမြွေး ရုပ်၊ အဖျဉ်း ရုပ်။ အဆုတ် ရုပ်၊ အူသိမ် ရုပ်၊ အူမ ရုပ်၊ အစာသစ် ရုပ်၊ အစာဟောင်း ရုပ်။ ဤသည်တို့ကို တွေ့ရမည် ဖြစ်ပေသည်။

ဗုဒ္ဓ။ ။ရဟန်း၊ ဆံပင် စသော ထိုရုပ်၊ ဤရုပ်၊ အနှီရုပ် တို့သည် ကိုယ်တွင်းမှာ ဖြစ်ကြသလော။ ကိုယ်ပမှာ ဖြစ်ကြသလော။ အဘယ်၌ ဖြစ်ကုန်သနည်း။

ပက္ကု။ ။ကိုယ်တွင်းမှာ ဖြစ်ကြပါသည် ဘုရှင်။

ဗုဒ္ဓ။ ။မှန်၏။ ခန္ဓာကိုယ်ကောင်ကို စဲမှီ၍ ခန္ဓာကိုယ်၏ အတွင်းသန္တာန်၌ ဖြစ်သောကြောင့် ယင်းဆံပင်စသော ရုပ်တို့ကို အစ္ဆတ္တိကရုပ် အတွင်းမြဓောတ်ဟူ၍ ဆိုအပ်လေသည်။ ဤမြဓောတ်သည် သင့် ဥစ္စာလော၊ သင့် ပစ္စည်းလော။

ပက္ကု။ ။မဟုတ်ပါ ဘုရှင်။

ဗုဒ္ဓ။ ။ဤမြဓောတ်သည် သင် ဖြစ်သလော။သင် မဟုတ်သလော။

ပက္ကု။ ။မဟုတ်ပါ ဘုရှင်။

ဗုဒ္ဓ။ ။ဤမြဓောတ်သည် သင်၏ အတ္တလော။

ပက္ကု။ ။မဟုတ်ပါ ဘုရှင်။

ဗုဒ္ဓ။ ။ရဟန်း၊ကောင်းဘိစ့။ဤနည်းအားဖြင့် မြဓောတ်တို့ကို ယထာဘူတဉာဏ်ဖြင့် အမှန်အတိုင်း မြင်အောင် ရှုအပ်၏။ ဤမြဓောတ်သည် ဘုရှင့်စ္စာ မဟုတ်။ ဘုရှင် မဟုတ်၊ ဘုရှင့်အတ္တမဟုတ်ဟူ၍ ဤသို့ သဒ္ဒဘာပေါက်ကာ ပေါက်ကာ ထိရောက်စ္စာ ရှုမြင်လေသည်ရှိသော် မြဓောတ်အပေါ်၌ ငြီးငွေ့လာ၏။ ယင်း မြဓောတ်နှင့်ပတ်သက်၍ စိတ်ကို တားမြစ်ခြင်း ကင်းစေ၏။

(၂) အာပေါ ရေဓာတ်

ရဟန်း၊ ထိုမှတပါး ဓာတ်ခြောက်မျိုးတွင် ရေဓာတ်ဟူသည် အဘယ်နည်း။ ရေဓာတ်ကား အဘယ်သို့ သဘောရှိလေသနည်း ဆိုသော အချက်ကိုလည်း သင် မှတ်သားလေဦး။

ရဟန်း၊ အာပေါဓာတုဟု ဆိုအပ်သော ရေဓာတ်အချို့သည် ကိုယ်တွင်းမှာ ဖြစ်၏။ အချို့ကား ကိုယ်ပမှာ ဖြစ်ပေ၏။ ထိုရေဓာတ်၏ တန်ခိုးသတ္တိကား ဖွဲ့စည်းတတ်၏။ အရာဝတ္ထုများကို တမျိုးနှင့် တမျိုး ပူးကပ်၊ စပ်နှောယှဉ်တွဲမိအောင် ဖွဲ့စပ်ပေးတတ်သော သဘောရှိ၏။

ရဟန်း၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွဲ၊ အဆီခဲ၊ မျက်ရည်၊ဆီကြည်၊ တံတွေး၊နှပ်၊ အဓစး၊ ကျင်ငယ်။ဤသို့သော ရုပ်များကို ပုဂ္ဂိုလ်၊ သတ္တဝါ၏ ခန္ဓာကိုယ်တိုင်းတွင် တွေ့ရမည် ဖြစ်ပေသည်။

ဗုဒ္ဓ။ ။ရဟန်း၊သည်းခြေ၊ သလိပ် စသော ထိုရုပ်၊ဤရုပ် အနှိုရုပ်တို့သည် အဘယ်၌ ဖြစ်ကုန်သနည်း။ ကိုယ်တွင်းမှာ ဖြစ်သလော။ ကိုယ်ပမှာ ဖြစ်သလော။

ပဏ္ဏ။ ။ကိုယ်တွင်းမှာ ဖြစ်ပါသည် ဘုရား။

ဗုဒ္ဓ။ ။ကိုယ်တွင်း၌ ဖြစ်ခဲ့သော် ထိုရုပ်တို့ကို မည်သို့ ခေါ်သင့် လေမည်နည်း။ မည်သည့်ဓာတ်ဟု ပညတ်သင့်မည်နည်း။

ပဏ္ဏ။ ။အတွင်းရုပ်၊အတွင်းဓာတ်ဟု ပညတ်သင့်ကြောင်း ပါ ဘုရား။

ဗုဒ္ဓ။ ။ရဟန်း၊ထို သွေးစသော ရောဂါတို့သည် မည်သည်ကို မှီ၍ ဖြစ်ကုန်သနည်း။

ပက္ကု။ ။ခန္ဓာကိုယ်ကို မှီ၍ ဖြစ်ပါကုန်သည် ဘုရှင်။

ဗုဒ္ဓ။ ။ထိုရောဂါတို့သည် သင့် ပစ္စည်း၊ သင့်ဥစ္စာလော။

ပက္ကု။ ။မဟုတ်ပါ ဘုရှင်။

ဗုဒ္ဓ။ ။ရဟန်း၊ သည်လိုဆိုလျှင် ဤရောဂါတို့သည် သင် ဖြစ်သလော၊ သင် ဟုတ်သလော။

ပက္ကု။ ။မဟုတ်ကြောင်းပါ ဘုရှင်။

ဗုဒ္ဓ။ ။ဤရောဂါတို့သည် သင်၏ အတ္တလော။

ပက္ကု။ ။မဟုတ်ကြောင်းပါ ဘုရှင်။

ဗုဒ္ဓ။ ။ရဟန်း၊ကောင်းဘိစ့။ ဤနည်းအားဖြင့် ရောဂါတို့ကို ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း မြင်အောင် ရှုအပ်၏။ ရှုဖန်များလတ်သော် ဤရောဂါတို့ကား ဘုဉစ္စာလည်း မဟုတ်။ ဘုဉလည်း မဟုတ်။ ဘုဉအတ္တလည်း မဟုတ်ဟူ၍ ဤသို့ ထိထိရောက်ရောက်သဘောပေါက်လာလိမ့်မည်။ထိုအခါသလိပ်၊ သည်းခြေ စသော ရောဂါတို့အပေါ်၌ ငြီးငွေ့ခြင်း ဖြစ်လာမည်။ ရောဂါနှင့် ပတ်သက်၍ စိတ်ကို တပ်မက်ခြင်း ကင်းစေ၏။

(၃) တေဇော မီးဝေါတ်

ရဟန်း၊ ဝေါတ်ခြောက်ပါးအနက် မီးဝေါတ်၏ အကြောင်းကို ဤသို့ သင် မှတ်လေဦး။ မီးဝေါတ်ဟူသည် အဘယ်နည်း။ မီးဝေါတ်၌ မည်သို့သော စွမ်းအားသတ္တိများပါရှိ၍ ထိုစွမ်းအားဖြင့် မည်သို့ ဆောင်ရွက်လေသနည်း။

ရဟန်း၊ မီးဓာတ်ကို အခြားသို့ သွား၍ ရှာရန် မလို။ မိမိ ကိုယ်မှာ ရှာလျှင် လွယ်လွယ်နှင့်ပင် တွေ့နိုင်၏။ ရဟန်း၊ မီးဓာတ်၏ လက္ခဏာကို ဤသို့ မှတ်နိုင်၏။ အကြင်ရုပ်သည် ကိုယ်တွင်းမှာ ဖြစ်၏။ ခန္ဓာကိုယ်ကို စွဲ၍ ဖြစ်၏။ လောင်ကျွမ်းခြင်းသဘော ရှိ၏။ အကယ်ပင်လည်း လောင်ကျွမ်းခြင်းသို့ ရောက်၏။ ထိုရုပ် မျိုးကား အဘယ်နည်း။

ရဟန်း၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ ကိုယ်ကောင်သည် အကြင် မီးဓာတ်ဖြင့် ပူလောင်၏။ ဆွေးမြေ့၏။ လောင်ကျွမ်း၏။ စား၌ယ် သောက်၌ယ်၊ ခဲ၌ယ်၊ လျက်၌ယ် ဟူသမျှကို ကောင်းစွာ ကြေညက်ခြင်းသို့ ရောက်စေ၏။ ဤရုပ်၊ ထိုရုပ်၊ အနှစ်ရုပ်တို့ကို အတွင်းရုပ်၊ အတွင်းဓာတ်ဟူ၍ ဆိုအပ်ပေသည်။

ဗုဒ္ဓ။ ။ရဟန်း၊ ထို အလောင်ဓာတ်၊ အဆွေးဓာတ်တို့ အဘယ်၌ ဖြစ်ကုန်သနည်း။ ထိုဓာတ်တို့၏ စွဲမှီ၊ ဖြစ်တည်ရာကား အဘယ်ပါနည်း။

ပဏ္ဏ။ ။ခန္ဓာကိုယ် ဖြစ်ပါသည့် ငါ့ရှင်။

ဗုဒ္ဓ။ ။ထိုမီးဓာတ်သည်သင့်ဥစ္စာ၊သင့်ပစ္စည်းဖြစ်သလော။

ပဏ္ဏ။ ။မဟုတ်ကြောင်းပါ ငါ့ရှင်။

ဗုဒ္ဓ။ ။ထိုမီးဓာတ်သည် သင် ဖြစ်သလော့၊ သင် ဟုတ် သလော့။

ပဏ္ဏ။ ။မဟုတ်ကြောင်းပါ ငါ့ရှင်။

ဗုဒ္ဓ။ ။ထိုမီးဓာတ်သည် သင်၏ အတ္တလော့။

ပဏ္ဏ။ ။မဟုတ်ကြောင်းပါ ငါ့ရှင်။

ဗုဒ္ဓ။ ။ရဟန်း၊ ကောင်းဘိစ့။ ဤနည်းဖြင့် မီးခတ်ကို ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း မြင်အောင်ရှုအပ်၏။ ရှုဖန်မျှ ၁း လတ်သော် ဤမီးခတ်ကား ငါ့ဥစ္စာလည်း မဟုတ်။ ငါလည်းမဟုတ်။ ငါ၏ အတ္တလည်း မဟုတ်ဟူ၍ ဤသို့ ထိထိ ရောက်ရောက် သဘောပေါက်လာလိမ့်မည်။ ထိုအခါ အလောင်ခတ်၊ အဆွေးခတ်တို့အပေါ်၌ ငြီးငွေ့ခြင်း ဖြစ်လာမည်။ ယင်းခတ်မျှားနှင့် ပတ်သက်၍ စိတ်ကို တပ်မက်ခြင်းမှ ကင်းစေလိမ့်မည် ဖြစ်သဘည်း။

(၄) ဝါယော လေခတ်

ရဟန်း၊ လေခတ်ဟူ၍ ရှိသေး၏။ ယင်း လေခတ်၏ သဘောကို ဤသို့မှတ်ရာ၏။ အခ့ါလေခတ်သည် ကိုယ်တွင်းမှာ ဖြစ်၏။ အခ့ါလေခတ်ကား ကိုယ်ပမှာ ဖြစ်၏။ အချုပ်အားဖြင့် လေခတ်၏သဘောကား လှုပ်ရှား ထောက်ကန် တတ်ခြင်း၊ ထောက်ကန်လှုပ်ရှားခြင်းသို့ ရောက်ခြင်းပင်တည်း။

အထက်သို့ ဆန်တက်သောလေ၊ အောက်သို့ စုန်ဆင်းသောလေ၊ ဝမ်း၌ တည်သော လေ၊ အူ၌ တည်သော လေ၊ အင်္ဂါကြီး ငယ်တို့သို့ ကူးချည်၊ သန်းချည် လျှောက်သော လေ၊ ဝင်သက် လေ၊ ထွက်သက် လေ။

ဤလေ၊ ထိုလေ၊ အနှံလေတို့ကို ကိုယ်တွင်းမှာ ဖြစ်သောကြောင့် အဇ္ဈတ္တိကဟောတ်၊ အတွင်းခတ်တို့ ဟူ၍ ဆိုအပ်ကုန်၏။

ဗုဒ္ဓ။ ။ရဟန်း၊ ထိုလှုပ်ရှားခတ် သည် အဘယ်၌ ဖြစ်သနည်း။ အတွင်းမှာ ဖြစ်သလော့၊ အပြင်မှာ ဖြစ်သလော့။

ပက္ကူ။ ။ကိုယ်တွင်းမှာ ဖြစ်ကြောင်းပါ ငါ့ရှင်။
ဗုဒ္ဓ။ ။ထိုလေဝတ်သည် သင့်ဥစ္စာလော့၊သင့်ပုစ္ဆည်းလော့။
ပက္ကူ။ ။မဟုတ်ပါ ငါ့ရှင်။
ဗုဒ္ဓ။ ။ထိုလေဝတ်သည် သင် ဖြစ်သလော့၊ သင် ဟုတ် သလော့။
ပက္ကူ။ ။မဟုတ်ကြောင်းပါ ငါ့ရှင်။
ဗုဒ္ဓ။ ။ထိုလေဝတ်သည် သင်၏ အတ္တလော့။
ပက္ကူ။ ။မဟုတ်ကြောင်းပါ ငါ့ရှင်။
ဗုဒ္ဓ။ ။ရဟန်း၊ကောင်းဘိစ့၊ကောင်းဘိစ့။ကျွှိသို့အားဖြင့် လေဝတ်ကို ယထာဘူတဉာဏ်ဖြင့် အမှန်ကို အမှန်အတိုင်း မြင်အောင် ရှုအပ်၏။ ကျွှိသို့ ရှုဖန် မျှားလတ်သော် "ကျွှိ လေဝတ်ကား ငါ့ပစ္စည်းလည်း မဟုတ်။ ငါလည်းမဟုတ်။ ငါ၏ အတ္တလည်းမဟုတ်"ဟူ၍ ထိထိရောက်ရောက် သဘောပေါက် လာလိမ့်မည်။ ထိုအခါ ရုန်းကန် လှုပ်ရှားခြင်း လေဝတ် အပေါ်၌ ငြိုးငွေ့ခြင်း ဖြစ်လာမည်။ယင်းလေဝတ်နှင့်ပတ်သက်၍ စိတ်ကို တပ်မက်ခြင်းမှ ကင်းစေလိမ့်မည် ဖြစ်သတည်း။

(၅) အာကာသဝတ်

ရဟန်း၊ ဝတ်ခြောက်ပါးအနက် တခုနှင့်တခု ထိစပ်မိခြင်း မရှိ။ ဟင်းလင်း ပွင့်နေသော ဝတ်ကို အာကာသဝတ်ဟု ခေါ်၏။ ယင်း အာကာသဝတ်သည် ပုဂ္ဂိုလ်၊ သတ္တဝါတို့ သန္တာန်၌ရှိလေသည်သာဖြစ်၏။ ယင်းအာကာသဝတ်တို့ကား-

နှားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်၊ အစာသစ်ဝင်ပေါက်၊ အစာဟောင်းမျှား ထွက်ပေါက်။

ဤသည်တို့ကား ရေးခြစ် မထင်၊ ဟင်းလင်းပြင်၊အာကာသ ဓာတ်မျှား ဖြစ်ကုန်၏။ တခုနှင့်တခု ထိစပ်ခြင်း မရှိ။ ဟင်းလင်းပွင့်နေသော သဘောရှိ၏။ဤအာကာသဓာတ်ကိုလည်း "ငါ့ဟာ၊ ငါ၊ ငါ့အတွက်" ဟူ၍ အယူအစဲ့ မရှိစေအပ်။ ငါ့ပစ္စည်းလည်း မဟုတ်။ ငါလည်းမဟုတ်။ ငါ၏အတ္တလည်း မဟုတ်ဟူ၍ ဤသို့ ထိထိရောက်ရောက် သဘောပေါက်အောင် ရှုအပ်၏။ ဤသို့ ရှုဖန် များလတ်သော် အာကာသဓာတ်များ၌ ငြိုးငွေ့လေ၏။ ယင်း အာကာသဓာတ်များအပေါ်၌ စိတ်ကိုတပ်ခြင်း ကင်းလေ၏။

(၆) ဝိညာဏဓာတ်

ရဟန်း၊ဓာတ်ခြောက်ပါးအနက် ဝိညာဏဓာတ်(အသိဓာတ်) ကျန်သေး၏။ ထိုအသိဓာတ်သည် စင်ကြယ်၏။ ဖြူဆွတ်၏။ ထိုအသိဓာတ်ဖြင့်အဘယ်ကို အဘယ်သို့ သိလေသနည်းဆိုသော်- ချမ်းသာကို ချမ်းသာဟူ၍ သိ၏။ ဝါ၊ ချမ်းသာမှန်း သိ၏။ ဆင်းရဲကို ဆင်းရဲဟူ၍ သိ၏။ဝါ၊ဆင်းရဲမှန်းသိ၏။ ဆင်းရဲချမ်းသာ မဟုတ်သည်ကို ဆင်းရဲချမ်းသာ မဟုတ်ဟူ၍ သိ၏။ ဝါ၊ မဟုတ်မှန်းသိ၏။

ရဟန်း၊ ကောင်းစွာခံစားခြင်း၏အကြောင်းဖြစ်သော ဖဿကို စဲ့၍ သုခဝေဒနာ (ချမ်းသာစွာ ခံစားရခြင်း)သည် ဖြစ်၏။ ထိုပုဂ္ဂိုလ်၊သတ္တဝါသည် သုခဝေဒနာကို ခံစားအပ်သည်ရှိသော် ငါ သုခဝေဒနာကို ခံစားသည်ဟု သိ၏။ သုခဝေဒနာကို ခံစားအပ်သော ထိုဖဿ၏ ချုပ်ပျောက်ခြင်းကြောင့်၊ထိုထိုအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသောဒေနာကို ဖြစ်စေတတ်သော သုခ

ဝေဒနာ၏အကြောင်းဖြစ်သော ဖဿကိုစွဲမှီ၍ ဖြစ်ပေါ်လာသော အကြင်သုခဝေဒနာသည်ရှိ၏။ ထိုသုခဝေဒနာသည်။ ချုပ်၏။ ငြိမ်းအေး၏ဟူ၍ ကောင်းစွာသိ၏။

ရဟန်း၊ထိတွေ့မှုဖဿသည် ဒုက္ခဝေဒနာ၏အကြောင်းဖြစ်၏။ ယင်းအကြောင်းကို အစဲပြု၍ ဒုက္ခဝေဒနာဖြစ်လာ၏။ ထိတွေ့မှု ဖဿသည် ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ်သော ဥပေက္ခာဝေဒနာ၏အကြောင်း ဖြစ်၏။ ယင်းအကြောင်းကိုအစဲပြု၍ ဥပေက္ခာဝေဒနာဖြစ်၏။

ထိုသူသည် ဥပေက္ခာဝေဒနာကို ခံစားလေသည် ရှိသော် ဥပေက္ခာဝေဒနာကို ငါခံစားသည်ဟုကောင်းစွာသိ၏။ဖဿချုပ်ခဲ့သော် ဥပေက္ခာဝေဒနာ ချုပ်သွားပြီ၊ ငြိမ်းသွားပြီဟူ၍ သိ၏။

ရဟန်း၊ဥပမာအားဖြင့် သစ်သားခြောင်းနှစ်ခု=ဒုတ်ဒုတ်ချင်း ထိပွတ်ဖန်များလတ်သော် အခိုး၊အလံ့၊အငွေ့များ ထွက်လာ၏။ နောက် မီးပွင့်လေ၏။ ဒုတ်ခြောင်းနှစ်ခု အချင်းချင်းထိပွတ်ရာမှ ထွက်ပေါ်လာသော အခိုး၊ အလံ့၊ အငွေ့များနှင့် မီးပွင့်သည် ထိုဒုတ်ခြောင်းနှစ်ခုအောက်တွင် ချုပ်ပျောက်၊ ငြိမ်းဇားသွားသည်နှင့် အလားတူပေ၏။

ရဟန်း၊ထိုမှတပါး ဥပေက္ခာသဒ္ဒါကိုခပြောရန်ကျန်သေး၏ ဥပေက္ခာသည်းသန့်၏။ပြုဆုတ်၏။နူးညံ့၏။ အမှုဋ္ဌခန့်၏။ ဖြိုးပြိုး ပြက်ပြက်တခက်နက် အရောင်ထွက်နေ၏။

ရဟန်း၊ ဥပမာအားဖြင့် သော်ကား ပန်းတိမ် အတတ်ဌ ကျမ်းကျင်သော ပန်းတိမ်ဆရာသည် သော်လည်းကောင်း၊ သို့မဟုတ် ယင်း၏တပည့်သည် သော်လည်းကောင်း မိုက်ခွက်ကို

ဖွဲ့ရာ၏။ ဖွဲ့ပြီးသော် မိုက်ခွက်ဝကို လိမ်းကျုံရာ၏။ လိမ်းကျုံပြီးသော် ညှပ်ဖြင့် ရွှေကိုယူ၍ မိုက်ခွက်ဝ၌ ထည့်ရာ၏။ ထိုရွှေကိုရုံခါရုံခါ ရှေးရှုမှုတ်ရာ၏၊ ရုံခါရုံခါ ရေဖြင့် ဖျန်းရာ၏။ ရုံခါလျစ်လျူရှုထားရာ၏။ ထိုရွှေသည်ကောင်းစွာလှော်အပ်ပြီးသော ရွှေ၊ အညစ်အကြေးထုတ်ပြီးသော ရွှေကောင်း၊ ရွှေသန့်ဖြစ်လာသဖြင့် လက်ကောက်၊ နားဆွဲကောင်းစသော လက်ဝတ်လက်စား၊ အဆင်တန်ဆာများ ပြုလိုခဲ့သော်လည်းကောင်း၊ ရွှေပြားခပ်လိုခဲ့သော်လည်းကောင်း၊ ဆွဲကြိုး၊ ဘယက်စသည် ပြုလိုခဲ့သော်လည်းကောင်း၊ ထိုရွှေပန်းတိမ်သည် သို့မဟုတ် ယင်း၏တပည့်ဖြစ်သူအား အလိုရှိသလိုအသုံးပြုနိုင်ခြင်း အကျိုးရှိသကဲ့သို့—

ဤအတူသာလျှင်နောက်ဆုံးဌာနသန့်စင်၊ဖြူဆွတ်သောဥပေက္ခာ၊ နှုးညံ့၍ အမှုဌာနခံသော ဥပေက္ခာသာ ကြွင်းကျန်လေတော့၏။

ရဟန်း၊ ထိုအခါ ထိုသူသည် ဤသို့သိလေ၏။ "ငါသည် သို့စင်မျှ သန့်စင်၊ ဖြူဆွတ်သော ဥပေက္ခာကို အာကာသာနဉ္စာယတနဈာန်သို့၊ ဝိညာဏဉ္စာယတနဈာန်သို့၊ အာကိဉ္စညာယတနဈာန်သို့ အကယ်၍ ကပ်ဆောင်ငြားအံ့၊ စျာန်စိတ်ကိုလည်း ဖြစ်စေငြားအံ့၊ ဤစျာန်သည်ကား သခ်ၤတ ပြုပြင်အပ်သောသဘောပင်တည်း" ဟု ဤသို့ သိလေ၏။

ရဟန်း၊ ထိုအခါ ထိုသူသည် ရူပါဝစရစျာန်၊ အရူပါဝစရစျာန်ကို ကြိုးပမ်းခြင်းငှာငင်း၊ ဆုတ်ယုတ်ခြင်းငှာငင်း ပြုလည်း

မပြုပြင်၊ အားလည်းမထုတ် စေ့ဆော်တိုက်တွန်းမှုကိုလည်း သူ မပြု။ ဤသို့ပြုပြင်အားထုတ်ခြင်း၊ စေ့ဆော်တိုက်တွန်းခြင်း မရှိ ခဲ့သော်တစုံတခုဓသောအာရုံကိုမစဉ်လမ်းတော့ချေ။မစဉ်လမ်းခဲ့သော် မတပ်မက်တော့။ မတပ်မက်သည်ရှိသော် တသီး တခြားသာ ငြိမ်းအေးသွား၏။ ပရိနိဗ္ဗာန်ပြုသွား၏။ "ဇာတိ=ပဋိသန္ဓေနေမှု ကိစ္စအားလုံး ကုန်ပြီ၊ပြတ်ပြီ။ မြတ်သောအကျင့် မဂ္ဂဗြဟ္မစရိယ ကို ကျင့်အပ်ပြီ။ ပြုသင့်၊ ပြုထိုက်သမျှ မဂ်ကိစ္စများကို ပြုအပ်ပြီ။ ဤမဂ်ကိစ္စနှင့်ပတ်သက်၍အခြားပြုဘွယ်ကိစ္စဘာမျှမရှိတော့ချေ" ဟူ၍ ဤသို့သိလေ၏။

ရဟန်း၊ ထိုအခါ ထိုသူသည် အကယ်၍ သုခဝေဒနာကို ခံစားလျှင်လည်း သည်ဝေဒနာ အမြဲမရှိပါတကား ဟူ၍သိ၏။ မျိုချရလောက်အောင်သော စဉ်လမ်းဘွယ်မရှိဟူ၍သိ၏။မပစ်ရက် လောက်အောင် နှစ်သက်ဘွယ်မရှိဟူ၍ သိ၏။ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာများကို ခံစားရာ၌လည်းဤနည်းတူပင်ဖြစ်၏။ မြဲသောသဘောမရှိ။မျိုချရလောက်အောင်စဉ်လမ်းဘွယ်မရှိ။မပစ် ရက်လောက်အောင် စဉ်နှစ်သက်ဘွယ်မရှိဟူ၍သိ၏။

ထိုသူသည် သုခဝေဒနာကို ခံစားအံ့၊ သံယောဇဉ်ကင်းကင်း ခံစား၏။ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကို ခံစားရာ၌လည်း ထိုနည်းပင် ဖြစ်၏။

ထိုသူသည် ကိုယ်လျှင်အပိုင်းအခြားရှိသောဝေဒနာကို ခံစား သည်ရှိသော် ကိုယ်လျှင်အပိုင်းအခြားရှိသောဝေဒနာကို ငါခံစား သည်ဟူ၍ သိ၏။ အသက် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော်လည်း ထို့အတူပင်သိ၏။ ခန္ဓာကိုယ်ပျက်စီး၍

သေသည်၏အခြားမဲ့ကာလမှ အဆုတ်၌၊ အသက်ကုန်ဆုံးသည်မှ အထက်၌ ဤဘဆယ့်နှစ်ပါးသော အာယဘနတို့၌ သာလျှင် အလုံးစုံသော ဝေဒနာတို့သည် နှစ်သက်ဘွယ်မရှိကုန်သည် ဖြစ်၍ ငြိမ်းပျောက်ကုန်လတံ့ဟူ၍သိ၏။

ရဟန်း၊ ဥပမာပုံဆောင်၍ သိထင်ဖွယ်လှယ်အောင် သင့်အား ငါပြအံ့။ထိုဆီ၊ထိုမီးစာ ကုန်သွားခဲ့သော်ငင်း၊အခြား လောင်စာ များဖြည့်တင်းခြင်း မရှိခဲ့သော်ငင်း၊ငြိမ်းလေ၏။ ရဟန်း၊သတ္တဝါတို့ အသက်တည်မှု၊ မတည်မှုနှင့် ပတ်သက်၍ ဤဥပမာအတိုင်း သင်မှတ်နိုင် ပေသည်။

ရဟန်း၊ ထို့ကြောင့် ဤသို့မြတ်သော အရဟတ္တဖိုလ်ပညာနှင့် ပြည့်စုံသောသူသည် မြတ်သောတည်ရာ ဖြစ်သော ဤအရဟတ္တ ဖိုလ်ပညာနှင့် ပြည့်စုံသူ ဖြစ်လေသည်။ မှန်၏။ အလုံးစုံသော ဒုက္ခ၏ ကုန်ခြင်းကြောင့် ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် ဟူ၍ ရှိ၏။ထိုဉာဏ်သည် မြတ်သော၊ ဖြူစင်သောပညာ ဖြစ်သတည်း။

ရဟန်း၊ ထိုရဟန္တာပုဂ္ဂိုလ်၏ ထိုအရဟတ္တဖိုလ် ဉာဏ်သည် နိရောဓသစ္စာ၌ တည်၏။ ပျက်စီးခြင်းမရှိ ဖြစ်၏။ မှန်၏။အကြင် သဘောသည် ပျက်စီးခြင်းသဘော ရှိ၏။ ထိုသဘောကား မှားယွင်း၏။ အကျင့်သဘောသည်ကား ပျက်စီးခြင်း သဘော မရှိ။ ရာဂမီး၊ ဒေါသမီး စသည် ငြိမ်း၏။ထိုသဘောသည်သာ မှန်၏။

ရဟန်း၊ထို့ကြောင့် ဤသို့ မြတ်သော အရဟတ္တဖိုလ်ပညာနှင့် ပြည့်စုံသောသူသည် မြတ်သောတည်ရာ ဖြစ်သော ဤအရဟတ္တ ဖိုလ်ပညာနှင့် ပြည့်စုံသူ ဖြစ်လေသည်။ ရဟန်း၊ အပြင်သဘော

သည် ပျက်စီးခြင်းမရှိ။ရာဂ စသောမီးအားလုံးငြိမ်း၏။ ဤပျက်စီးခြင်းသဘောမရှိသော၊ရာဂ စသောငြိမ်းသောနိဗ္ဗာန်သည်မှန်မြတ်သော အရိယာသစ္စာ မည်ပေတည်း။

ရှေးပုထုဇဉ်ဘဝ၌ မင်္ဂိုလ်ပညာ မရှိသော ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ဆင်းရဲသိုလှောင်ရာ ကိုယ်ခန္ဓာကောင်သည် တက္ကာတင်းကြမ်း၊ ဒိဋ္ဌိဖြင့် အယူအစဲ့၊အစဲ့အလမ်းတင်းကြမ်းနှင့် ဖြစ်နေခဲ့၏။

ထိုပုဂ္ဂိုလ်သည် ထိုပုထုဇဉ်ဘဝ၌ ရှိနေသရွေ့ ကိလေသာအားလုံးတို့ကို ပယ်အပ်ကုန်ပြီ။ ဒါမြစ်ပြတ်အောင် ဖြတ်တောက်အပ်ကုန်ပြီ။ နောင်တဖန် ရှင်သန်မလာနိုင်အောင် ပြုအပ်ကုန်ပြီ။ နောင်အခါ ဖြစ်ခြင်းသဘော မရှိတော့ကုန်။

ထိုကြောင့် ဤသို့သော ပယ်ခြင်းမျိုးနှင့် ပြည့်စုံသောရဟန်းသည် မြတ်သော ဤတည်ရာဖြစ်သော အရဟတ္တမဂ်ဖြင့် ကိလေသာကို ပယ်ခြင်းနှင့် ပြည့်စုံသူ ဖြစ်လေသည်။ မူန၏။ အကြင် ခန္ဓာ၊ ကာမဂုဏ်၊ ကိလေသာ၊ အဘိသင်္ခါရတို့ကို ပယ်စွန့်ခြင်းဟူ၍ရှိ၏။ ဤပယ်စွန့်ခြင်းကား မြတ်သော ပယ်စွန့်ခြင်း၊ ဖြူစင်သောပယ်စွန့်ခြင်း ဖြစ်သတည်း။

ရှေးပုထုဇဉ် ဘဝ၌ မင်္ဂိုလ်ပညာ မရှိသော ထိုပုဂ္ဂိုလ်၏ သန္တာန်၌ အဘိဇ္ဈာ ရှေးရှုကြံတတ်သော လောဘ၊ ဆန္ဒ-အလို၊ သာရာဂ-ပြင်းစွာ တပ်ခြင်းသည် ဖြစ်၏။ထိုပုဂ္ဂိုလ်သည် ဖြစ်လာသော ထိုအရာအားလုံးကို အကြွင်းမဲ့ ပယ်အပ်၊ ဖြတ်တောက်အပ်ပြီ။

ဤရွှေဤမျှအထိ ဟောကြားလာခဲ့သော်လည်း ပက္ကုသာတိရဟန်းကြီးကား ဘုရားကို ဘုရားမှန်း သိရှာ သေးဟန်မတူ။

သို့သော်ဘုရားသခင်၏ ကိုယ်တော်ပွား၊ တပည့် သားကောင်း တယောက်ဟူ၍ကား အမှတ်ထားဟန်တူ၏။ တရားတော်၌ အာရုံပြု၍ ခံယူခြင်းဟူသော သူ၏ အမူအရာမျိုးက ထိုသဘောကို ပြနေဘိသကဲ့သို့ ထင်ရ၏။

ဓာတ်ခြောက်ပါးအနက် ဝိညာဏ ဓာတ်အကြောင်းကို ဗုဒ္ဓသည် ပက္ကုသာတိ ရဟန်းအား ဆက်၍ ဟောကြားတော်မူ၏။

ရဟန်း၊ ငါ ဖြစ်၏ဟူသော မှတ်ထင်ခြင်း၊ ဤကိုယ်သည် ငါဟူသော မှတ်ထင်ခြင်း၊ ငါ ဖြစ်အံ့ဟူသော မှတ်ထင်ခြင်း၊ ငါမဖြစ်အံ့ဟူသော မှတ်ထင်ခြင်း၊ ရုပ်ရှိသည် ဖြစ်လတံ့သော မှတ်ထင်ခြင်း၊ ရုပ်မရှိသည် ဖြစ်လတံ့ဟူသော မှတ်ထင်ခြင်း၊ သညာရှိလတံ့ဟူသော မှတ်ထင်ခြင်း၊ သညာ မရှိလတံ့ဟူသော မှတ်ထင်ခြင်း၊သညာမရှိမဟုတ်၊ရှိမဟုတ်ဖြစ်လတံ့သောမှတ်ထင်ခြင်း၊ မှတ်ထင်ခြင်း ဟူသော အနာရောဂါ၊ မှတ်ထင်ခြင်း ဟူသော အိုင်းအမာ၊ မှတ်ထင်ခြင်းဟူသော ငြောင့်၊ ဤအလုံးစုံကုန်သော မှတ်ထင်ခြင်းတို့ကို လွန်မြောက်ခြင်းကြောင့် ရဟန္တာဖြစ်သော ရဟန်းကို ငြိမ်းသူဟူ၍ ဆိုအပ်၏။

ရဟန်း၊ ငြိမ်းလေပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဖြစ်လည်း မဖြစ်၊ အိုလည်းမအို၊ သေလည်းမသေ၊ ပျက်လည်း မပျက်၊ နှစ်လည်း မနှစ်သက်။

မှန်၏။ အကြင်အကြောင်းကြောင့် ဖြစ်ရာ၏။ ထိုဒုကြောင်းသည် ထိုရဟန္တာ ပုဂ္ဂိုလ်အား မရှိလေ။ ပဋိသန္ဓေနေမှု၊ ဇာတိ မဖြစ်ခဲ့သော် အဘယ်မှာလျှင် အိုခြင်းမည်နည်း။။မအိုသည်ရှိသော် အဘယ်မှာ သေခြင်းနည်း။ မသေသည်ရှိသော် အဘယ်မှာ ပျက်ပ

ချိမ့်မည်နည်း။ မပျက်သည် ရှိသော်ဘောက်မဲ့ကြောင့် နှစ်သက်ပခြိမ့်နည်း။

ရဟန်း၊ အကျဉ်းအားဖြင့် ငါဟောကြား အပ်ပြီးသော ဆဓာတုဝိဘင်္ဂ၊ဓာတ်ခြောက်ပါးဝေဖန်သုံးသပ်ချက်ကို မှတ်သားလော့ဟု မိန့်တော်မူပြီးလျှင် ဗုဒ္ဓသည် တဲကိုဘာဝေ ဆိတ်ဆိတ်နေတော် မူလေ၏။

ထိုအခါတွင်မှ ပက္ကုသာတိ ရဟန်းသည် မိမိအား တရားဟောနေသူမှာ ဘုရားသခင် ဖြစ်ကြောင်းကို ကောင်းစွာ ရိပ်စားမိသွားလေ၏။ ဘုရားသခင်နှင့် တန်းတူ နေထိုင်၊ ဆိုပြော၊ ဆက်ဆံခြင်း ပြုမိသည်မျှားကို အားတုံအားနာကြီး ဖြစ်နေလေ၏။ လွန်ပြီးသားကိစ္စကို မည်သို့မျှ မတတ်နိုင်တော့သည့် အဆုံးတွင်—

"သတ္ထာ ဘုရားသခင် ငါ့ ရှေမှောက် ရောက်တော်မူနေပြီကော...."

"သုဂတ မြတ်စွာ ငါ့ရှေမှောက် ရောက်တော်မူနေပြီကော"

"သမ္မာသမ္ဗုဒ္ဓဘုရား ငါ့ ရှေမှောက် ရောက်တော် မူနေပြီကော"

ဟူ၍ နေရာမှ ရုတ်တရက်ထ၊ သင်္ကန်းကို လက်ကန်တော့ထိုး၍ ဘုရားသခင်၏ ခြေတော်အစုံကို ဦးတိုက်၍ ဤသို့ တောင်းပန်လျှောက်ထားခြင်း ပြုလေသတည်း။

ပက္ကု။ ။အရှင် ဘုရား၊ မိုက်သည့် အလျောက်၊ တွေဝေထိုင်းမှိုင်းသည့်အလျောက်၊မလိမ္မာသည့် အလျောက် အပြစ်သည် အကျွန်ုပ်အား လွှမ်းမိုးခဲ့ပါပြီ။ဘုရားတပည့်တော်သည် ရှင်တော်

မြတ်ဘုရားကြီးကို "ငါ့ရှင်၊ငါ့ရှင်" ဟု အသုံးအနှုန်း၊ ဝေါဟာရ စကားလုံးများဖြင့် ခေါ်ဝေါ်သုံးစွဲ မှားခဲ့မိပါပြီ။ အရှင်ဘုရား၊ အာက္ခန္ဒိပ်၏ အပြစ်ကို နောင် စောင့်စည်းခြင်းငှာ အပြစ်ဟူ၍ လက်ခံတော်မူပါဘုရား။

ဗုဒ္ဓ။ ။ပက္ကုသာတိ၊ သင်၏ အပြစ်များကို ငါတို့ လက်ခံပေကုန်၏။ ဤ ငါဘုရား သာသနာ၌ အပြစ် ရှိသည်ကို ရှိမှန်း သိလျှင် ဝိနည်း ဓမ္မကံအား လျော်စွာ ကုစား၏။ နောင်အခါ၌ ဤသို့ မဖြစ်ရအောင် စောင့်စည်းခြင်းသို့ ရောက်၏။ ဤအပြုအမူကား ကြီးပွားခြင်း၏ အကြောင်း ဖြစ်သတည်းဟု မိန့်တော်မူလျှင် ပက္ကုသာတိသည် များစွာ ဝမ်းသာသွားလေ၏။

ပက္ကု။ ။မြတ်စွာဘုရား၊ ဘုရား တပည့်တော်သည် မြတ်ဘုရားထံ၌ ပဉ္စင်းအဖြစ်ကို ရလိုပါသည် ဘုရား။

ဗုဒ္ဓ။ ။ပက္ကုသာတိ၊ သင့်အား သက်နှံ၊ သပိတ် ပြည့်စုံပြီလော့။

ပက္ကု။ ။မပြည့်စုံသေးပါ ဘုရား။

ဗုဒ္ဓ။ ။ပက္ကုသာတိ၊ ဘုရားမြတ်စွာ တို့သည် သက်နှံ၊ သပိတ် မပြည့်စုံသူတို့ကို ပဉ္စင်းပြုပေးရိုး မရှိကုန်။

ဤသို့ မိန့်တော် မူလိုက်သော စကား၏ အဆုံးတွင် ပက္ကုသာတိရဟန်းသည် အလွန် နှစ်သက် ဝမ်းမြောက်သော အမူအရာဖြင့် နေရာမှ ထ၍ ဘုရားသခင်အား ရှိခိုးပြီလျှင် သက်နှံ၊ သပိတ် ရှာဖွေရန် အတွက် ဘုရားသခင်၏ အပါးတော်မှ ဖဲ့ထွက်ခဲ့လေသတည်း။

အချိန်သည် ညနေစောင်း၊ နွားရိုင်းသွင်းချိန် ဖြစ်လေသည်။ ပက္ကုသောတိ ရဟန်းသည် တမတ်စောက်စောက် လမ်းပေါ်၌ နွားအုပ်တအုပ်နှင့် ရင်ဆိုင် လျှောက်လာနေသည်။

ထို နွားအုပ်ထဲ၌ နွားမကြီး တကောင်သည် သားပျောက် သဖြင့် စိတ်နောက်သလို ဖြစ်နေသည်။ နွား အချင်းချင်းပင် ဝေ့လား၊ ကန်လား လုပ်နေသဖြင့် သူ့အနားသို့ အခြား နွားများ မကပ်ဝံ့ကြ။ ထို နွားမကြီးသည် ရံခါ နွားအုပ်ကြားတွင် ရှိပြီး ရံခါ နွားအုပ်ရှေ့သို့ ရောက်နေတတ်သည်။ နေရာ မမှန်သည်ကို ထောက်သဖြင့် သူ၏ စိတ်များလည်း မမှန်ကြောင်းကို ရိပ်စားမိနိုင်သည်။

ပက္ကုသောတိ ရဟန်း၏ ဦးနှောက်ထဲ၌ကား နွားအုပ်လည်း မရှိ။ နွားလည်း မရှိ။ ရှိလေသည်ကား သပိတ်နှင့် သင်္ကန်း သာတည်း။ "သပိတ်နှင့် သင်္ကန်းသာ ပြည့်စုံမည်ဆိုလျှင် ငါ ရဟန်း မကောင်းကောင်း ဖြစ်ပြီ" ဤ အတွေးများသာ သူ့မှာ ရှိနေသည်။

သို့ကြောင့်ပင် နွား၏ချိုကြား၌ကားကနဲ ပါသွားသည်ကိုပင် ပက္ကုသောတိ ရဟန်းခမျာ ရိပ်စားမိဟန် မတူ။ သားစိတ် မွန်နေသော နွားမကြီးသည် နွားအုပ်ရှေ့မှ လာနေသော ပက္ကုသောတိ ရဟန်းကို မြင်လျှင် ရုတ်တရက် နွားအုပ်ထဲမှ ပြေးထွက်ပြီး တအား ဝေ့လိုက်ချက်ကြောင့် နွားမ၏ ချိုဖျားတွင် အသက် ပါသွားရှာလေ၏။

ထိုသတင်းကို ရဟန်းတို့ ကြားလေသော် ဘုရားသခင်ထံ သွား၍ အကျိုးအကြောင်း လျှောက်ထားကြ လေကုန်၏။

"အရှင်ဘုရား၊ ငါကြားသောတို့ ရဟန်းကြီး ကွယ်လွန်သွားရှာပါပြီ ဘုရား။ ထို ပက်ကုသောတို့၏ လားရာဂတိကား အဘယ်ပါနည်း။ သူ၏ တမလွန်ဘဝသည် အဘယ်ပါနည်း" ဟူ၍ မေးလျှောက်ကုန်၏။

"အို ရဟန်းတို့၊ ပက်ကုသောတိ ရဟန်းကား ပညာ ရှိဘိစ့။ အရဟတ္တမဂ်ဘရားအား လျော်သော အောက်မဂ်၊ အောက်ဖိုလ် ဘရားအကျင့်ကို ကျင့်ပြီး ရရှိလေပြီ ဖြစ်သည်။

"အို ရဟန်းတို့၊ ပက်ကုသောတိ ရဟန်းသည် တရားဟူသော အကြောင်းကြောင့် ငါဘုရားကို ညှဉ်းဆဲတော့မည် မဟုတ်။ ငါးပါးသော သြရမ္ဘာဂိယ သံယောဇဉ် တရားတို့၏ ကုန်ခြင်းကြောင့် သုဒ္ဓဝါသ ဗြဟ္မာ့ဘုံ၌ ဥပပတ် ပဋိသန္ဓေ နေ၏။ ထိုဘုံ၌ ပရိနိဗ္ဗာန် စံမည် ဖြစ်၏။ ထို သုဒ္ဓဝါသဘုံမှ ဆုတ်နစ်ခြင်း သဘော မရှိ" ဟု မိန့်တော်မူ၏။

(ဥပရိဏ္ဏာသ ပါဠိတော် ၊ဝိဘင်္ဂဝဂ်၊ ဒေတုဝိဘင်္ဂသုတ်။ ၂၈၁၊ ဆဋ္ဌမှု။)

(၃၈)

လောက အဆုံးသို့ ခြေလျင် လျှောက်လေသူ

လောကဓောတ် သိပ္ပံပညာရပ်များ ထွန်းကားလာသော ယနေ့ခေတ်၌ အရာရာတွင် "လျင်မြန်နှုန်း" သည် အဖက် ဖက်၌ တရှိန်ရှိန် တိုးတက်လျက် ရှိနေသည် ဖြစ်၏။

လကမ္ဘာဆောက် ဒုံးပျံများ၏ လျင်မြန်နှုန်းသည် ယခုအချိန် အထိ အမြင့်ဆုံးဟု ဆိုသည်။ ယင်း ဒုံးပျံများ၏ အမြန်နှုန်းမှာ တစက္ကန့်လျင် မိုင်ပေါင်း သုံးလေးရာဟု တွက်ဆကြသည်။ ယနေ့ အထိ ဤစံချိန်သည် အမြင့်ဆုံး စံချိန်ဟု ဆိုရမည်ပင်။

သက်ရှိ လူသားတဦး တယောက်၏ အပြေးသန် လျင်မြန်နှုန်းသည် အဆိုပါ လကမ္ဘာသွား ဒုံးပျံကြီးများ၏ လျင်မြန်နှုန်းမျိုးကိုပင် စံချိန်ချိုးလိုက်သည်ဟု ပြောခဲ့သော် "ယုံတမ်းစကားလား" ဟု ဆိုကောင်း ဆိုပေမည်။ ဆိုလည်း ဆိုသင့်ပါ၏။

သို့သော် ဤကို အပြေးသန် လျင်မြန်လွန်းသော အပြေးချန်ပီယံ တယောက်၊ ထူးထူး ဆန်းဆန်း ပေါ်ပေါက်ခဲ့ဘူးကြောင်းကို အထောက်အထားနှင့် တကွ တိတိကျကျ ဖော်ပြထားသော မှတ်တမ်း တခုကို တွေ့ရှိရပေသည်။ ထိုသူကား လူဝတ်ခြောင် မဟုတ်။ ရဲသွေးဟု ဆိုသည်။

ဈေးသစ်မြို့ဈေး

ထိုဖြစ်ရပ်ကား ကာယကံရှင် ကိုယ်တိုင် မှတ်တမ်းတင်ချက် ဖြစ်သဖြင့် ကိုယ်တိုင်ရေး အာတ္ထုပ္ပတ္တိမျိုးဟု ဆိုနိုင်သည်။ ကိုယ့် ဘဝဖြစ်စဉ်ကို ကိုယ်တိုင် မှတ်တမ်းတင်ထားခဲ့သော စိတ်ဝင် စားဘွယ်ရာ ဇာတ်လမ်းကောင်းတပုဒ်ဟူ၍လည်း ဆိုသင့်ပါ၏။

ထိုဇာတ်လမ်း၏ နိဒါန်းကို ဇေတဝန်ကျောင်းတော်မှ အစ ပျိုးထား၏။ ဇာတ်လမ်းစတင် ဖြစ်ပေါ်လာချိန်ကိုလည်း ညွှန်း သန်းခေါင်ယံဟု ညွှန်းသွား၏။

တခုသော ညတည်၏ သန်းခေါင်ယံ၊ လူငြိမ် တိတ်ချိန်တွင် ဤဇာတ်အိမ်ကို ပန္နက်စွဲခဲ့လေသည်။ ဇာတ်လိုက် ကာယကံရှင် ကား နတ်သား။ သူ့အမည်ကား ရောဟိတဟု ဆိုလေသတတ်။

ရောဟိဘနတ်သားသည် မှောင်အတိ ကျနေသော သန်း ခေါင်ယံ အချိန်တွင် မိမိ၏ ကိုယ်ရောင် အလင်းကို မီးရှူးတိုင် သဖွယ်ပြု၍ ဘုရားသခင် သီတင်းသုံးတော်မူရာ ဇေတဝန် ကျောင်းတော်တွင်းသို့ ဝင်လာပြီး ဘုရားသခင့် ထံတော်သို့ ချဉ်းကပ်၊ ခြေကိုစုံရပ်ကာ ဘုရားသခင်အား အလေးပြုပြီး နောက် ဤသို့ မေးလျှောက်ခြင်း ပြုလေသတည်း။

"အရှင်ဘုရား၊ ပဋိသန္ဓေ မနေရသောနေရာ ရှိပါသလား။ မအိုသော နေရာ၊ မဆွေးမြေ့သောနေရာ၊ မသေသော နေရာ၊ တဖန်ပြန်၍မဖြစ်သောနေရာမျိုး ရှိပါသလား ဘုရား။ အကယ်၍ ရှိခဲ့ပါသော် ထိုနေရာသို့ ခြေဖြင့်သွား၍ ရောက်နိုင်ပါသလား။ လောက၏အဆုံး ထိုနေရာကို သိနိုင်၊ မြင်နိုင်စွမ်းကော ရှိပါ သလား ဘုရား"

ရောဟိတနတ်သားသည် ခြေကို စုံရပ်လျက်မှ လက်အုပ်ချီကို မဖြုတ်ဘဲ ဘုရားသခင်အား မေးလျှောက်ကြည့်လေသည်။ သူ့မှာ

ခံစားချက်ရှိလေသောကြောင့်လည်း ထူးဆန်းစွာသော ဤမေးခွန်းမျိုးကို အကာလ ညအခါတွင် တကူးတက လာရောက်၍ မေးလျှောက်ခြင်း ဖြစ်တန်ရာသည်။ ထိုအခါ ဘုရားမြတ်စွာက သူ့အမေးကို ဤသို့အဖြေမေးတော်မူခဲ့လေသည်။

"အချင်း ဒါယကာ နတ်သား၊ သင် မေးသော နေရာ၊ လောက၏အဆုံးသို့ ခြေဖြင့်သွား၍ ရောက်အပ်၏ဟူ၍ ငါမဆို။ သိအပ်စကောင်းသည် ဟူ၍လည်း ငါမပြော။ မြင်အပ်စကောင်းသည် ဟူ၍လည်း ငါ မမြွက်"

ဤသို့ ဖြေလိုက်ရာ ရောဟိတ နတ်သားသည် ထိုအဖြေကို များစွာ နှစ်ခြိုက်သွားလေသည်။

"အံ့ရှင်ဘုရား၊ အံ့ဘွယ်ကောင်းပါဘိစ့။ မြင်စဘူး၊ ထူးကဲစွာ ဖြစ်ပါပေစ့။ ရှင်တော်မြတ်ဘုရား၏ ဖြဆို်ချက်မှာ အလွန်လေးနံက် ထိရောက်လှပါသည် ဘုရား။ လောက၏ အဆုံးသို့ ခြေဖြင့်သွား၍ မရောက်နိုင်ကြောင်း၊သိလည်းမသိနိုင်၊ မြင်လည်း မမြင်နိုင်ကြောင်းကို ဆိုလိုရပ်ရှိကြောင်း တပည့်တော်ရိပ်စားမိရပါသည် ဘုရား။

"အရှင်ဘုရား၊ ဤကိစ္စနှင့်ပတ်သက်၍ တပည့်တော်၏ဖြစ်ရပ်တခုကို လျှောက်ထားခဲ့ပါရစေ၊ ခွင့်ပြုတော်မူပါ ဘုရား"ဟု ဘုရားသခင့်ထံ ခွင့်ပန်ပြီးနောက် အတိတ်တခေတ်ဆီက သူ၏ တကယ့်ဖြစ်ရပ် ဇာတ်လမ်းတိုကလေးတပုဒ်ကို ဖွင့်ထုတ်လျှောက်ထား သွားလေသည်။

"အရှင်ဘုရား၊ ဘုရားတပည့်တော်သည် ရှေးအခါက ဘဝတခုတွင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော မြေလျှိုး၊မိုးပျံ၊ ဈာန်ရ

ရသေ့ဘဦး ဖြစ်ခဲ့ဘူးပါသည်။ ရောဟိတရသေ့ဟု အမည်တွင်ခဲ့ပါသည် ဘုရား။။

“တပည့်တော်၏ လျင်မြန်ပုံမှာ ပြော၍ ယုံကြည်နိုင်စရာ မရှိအောင်ပင် လွန်စွာ ထူးဆန်းလှပါသည်။ တပည့်တော်၏ ခြေလှမ်းသည် အဘယ်မျှ လျင်မြန်သနည်း ဆိုပါသော် အလွန်ကျင်လည်လှစွာသော လေးသည်တော်တဦး၏ ဝိုးကန့် ပစ်လွှတ်လိုက်သော မြားသည် ထန်းပင်လုံး၏အရိပ်ကို ကန့်လန့် ဖြတ်ကျော်သွားသည့် ပမာဏရှိသော အခိုက်အတန့် ကာလအတွင်း၌ တဖက်သော စကြာဝဠာတခုသို့ အရောက်သွားနိုင်စွမ်း ရှိခဲ့ဘူးပါသည်။ အရှေ့စကြာဝဠာနှင့် အနောက် စကြာဝဠာ၊ စကြာဝဠာတခုနှင့်တခုကို မျက်စိဘမို့တ်၊ လျှပ်တပြက် ကာလကလေး အတွင်း၌ ကူးလူးဖြတ်သန်း သွားလာခြင်း ပြုနိုင်သော ‘ခြေမြန်တော် တဦး’ ဖြစ်ခဲ့ဘူးပါသည် ဘုရား။။

“အရှင်ဘုရား၊ သူတထူးတို့အနေဖြင့် စိတ်ကူးထဲမျှပင်ဆည့်၍ ကူးမိမည်မဟုတ်သော ထိုလျင်မြန်မှုကို ကိုယ်တိုင်လှုပ်ရှား သွားလာခြင်း ပြုနိုင်သော တပည့်တော်သည် ယင်း လျင်မြန်မှုကို အကြောင်းပြု၍ ဤသို့ စိတ်ကူးမိလာပါသည်။ ‘ငါ ခြေဖြင့် သွားလျှင် လောက၏အဆုံးသို့ ရောက်လိမ့်အံ့။ ငါ သွားမည်။ လောကအဆုံးသို့မရောက်လျှင် ရောက်အောင် ငါ ခြေလျင် လျှောက်သွားမည်’ ဤသို့ သန္နိဋ္ဌာန်ချ ဆုံးဖြတ် လိုက်ပြီးလျှင် တပည့်တော် သွားခဲ့ဘူးပါသည်။

“အရှင်ဘုရား၊ အဘယ်မျှ အပ်တ်တကုတ် ကြိုးစား အားထုတ်၍ ဇနဘဲကြီးစွာဖြင့် သွားခဲ့သနည်းဆိုသော် ထိုအချိန်တွင် တပည့်တော်၏ အသက်မှာ နှောင်လာမည့် နှစ်ပေါင်းတရာ တိုင်

တိုင် နေနိုင်သေးသည့်အရွယ် ဖြစ်ပါသည်။ တပည့်တော်သည် ထိုအနှစ်တရာတို့ကာလပတ်လုံး လောကအဆုံးသို့ ရောက်စေမည် ဟူသော ဇွဲဖြင့် ထိုမျှလျင်မြန်သော နှုန်းထားအတိုင်း စားချိန်၊ သောက်ချိန်မှ အပ၊ ကျင်ကြီး၊ ကျင်ငယ် စွန့်ချိန်မှ အပ၊ အိပ်မှု၊ တထောက်တနား အပန်းဖြေမှုမှအပ ကြိုးစားမင်းစား တမတ် စောက်စောက် ခြေလျင်လျှောက်၍ သွားခဲ့ပါသည် ဘုရား။

"အရှင်ဘုရား၊ သို့ရာတွင် မျက်စိတမှိတ်အတွင်း တမူဟုတ် ခြင်း စကြာဝဠာတခုသို့ရောက်နိုင်သော လျင်မြန်နှုန်းဖြင့်သွားမိ ပါသော်လည်း စကြာဝဠာများ အကြားတွင် တပည့်တော်၏ အသက်သာ ဆုံးပါး ကွယ်လွန်သွားသည်၊ လောက၏ အဆုံး သို့ကား မရောက်ရှိခဲ့ပါ။

"အရှင်ဘုရား၊ လောက၏အဆုံးသို့ ခြေဖြင့်သွား၍ ရောက် ဒေါ်၏ဟု ငါမဆိုဟု မြွက်ကြားတော်မူအပ်သော အရှင်ဘုရား၏ စကားဘော်သည် လွန်စွာ မှတ်သား ထိုက်သော စကားဖြစ်ပါ သည်။အံ့ဘွယ်လိလိဖြစ်ဘိစ့ဘုရား"ဟု လျှောက်၏။ ထိုနတ်သား ဏာ ဘုရားသခင် မြွက်ကြားလေသည်ကား—

"အချင်းနတ်သား၊ လောက၏ အဆုံးသို့ ခြေဖြင့် သွား၍ ရောက်အပ်သည်၊သိအပ်သည်၊မြင်အပ်သည် ဟူ၍ကား ငါမဆို။ ဒါယကာနတ်သား၊လောကဟူသည် နိဗ္ဗာန်ရောက်မှသာ ဆုံးချေ၏။ လောက၏အဆုံးဖြစ်သော ထိုနိဗ္ဗာန်သို့ မရောက်သေးဘဲ လျက် ဆင်းရဲဆုံးသို့ ရောက်ပြီဟူ၍လည်း ငါ မဆို။

"အချင်းနတ်သား၊ စင်စစ်အားဖြင့် ဆိုသော်ကား တလံမျှ ပမာဏရှိသော ဤခန္ဓာကိုယ်ကောင်၌ သညာလည်း ရှိ၏။

စိတ်လည်းရှိ၏။ ထိုသည်ဟု၊ စိတ်ရှိသော ခန္ဓာကိုယ်၌သာလျှင် လောကကိုဆင်း၊ လောက ဖြစ်ကြောင်းကိုဆင်း၊ လောက၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုဆင်း၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကိုဆင်း၊ ငါပညတ်ပေသည်"ဟု မိန့်တော်မူပြီးသည်၏အဆုံးတွင် ရောဟိတနတ်သားသည် ဘုရားသခင်၏ အပါးတော်မှ ဖဲခွာ၍ မိမိနေရာသို့ ပြန်သွားလေသတည်း။

၁။ လောက၏အဆုံးသို့ (နိဗ္ဗာန်သို့) ခြေလျင်လျှောက်သွားခြင်းဖြင့် တခေါက်တလေမျှပင် မရောက်နိုင်။ လောက၏ အဆုံးသို့ (နိဗ္ဗာန်သို့) မရောက်သေးလျှင် ဒုက္ခမှ လွတ်မြောက်ခြင်း မည်သည်လည်း မရှိစဘူး။ မရှိစကောင်းချေ။

၂။ ထို့ကြောင့် စင်စစ်လောကကို သိပြီးသူ၊ လောက၏ အဆုံးသို့ (နိဗ္ဗာန်သို့)ရောက်သူ၊ ကျင့်အပ်ပြီး အကျင့် မြတ်ရှိသူ ပညာရှိပုဂ္ဂိုလ်သည် လောက၏ အဆုံးကို သိလတ်သော် ဤလောကကိုဆင်း၊ တမလွန်လောကကိုဆင်း မဘောင့်တတော့ချေ။ ဝါ၊ တောင့်တတော့မည် မဟုတ်။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ စတုက္ကနိပါတ်၊ ရောဟိတဿဝဂ်၊ ရောဟိတဿသုတ်၊ ၃၅၆၊ ဆဋ္ဌမ။)

---

(၃၉)

ဝါဒစွဲပြင်းထန်သော်

သာဝတ္ထိမြို့သည် ဝါဒမျိုးစုံ စုပြုံရာ အဆောက်အအုံကြီးသဖွယ် ဖြစ်နေသည်။ မိမိ နှစ်သက်ရာဝါဒကို လက်ခံ၍ အယူအစဲ့ သန်သူများ နေရာမလပ် ရှိနေ၏။ အချင်းချင်း ဆုံမိလေသော အခါ ငြင်းကြ၊ ခုံကြသည်။ သူမှန်၊ ငါမှန် အကြောက်အကန် ပြောကြ ဆိုကြသည်။

ထိုအခါ သူတို့ ပြောပုံ၊ ဆိုပုံများမှာ စကားရည်လုပွဲမျိုး ဆန်လာသည်။ အရှုံး၊ အနိုင် ဝါဒချင်းပြိုင်သည့် အခြေမျိုး ဆိုက်လာတော့သည်။ မိမိဝါဒ တည်မြဲရေး၊ အခြေခိုင်ရေး အတွက် "တောင့်ထားနိုင်မှ" တန်ကာကျမည် ဖြစ်သော့ကြောင့် ဝါဒတခုကို ခံယူမိလျှင် မလွှတ်တော့ဘဲ၊ နွားကုပ်လက်ကိုင် ဆုပ်ကိုင်ထားချိန်လည်း ဖြစ်သဖြင့် ဝါဒရေးရာငြင်းပွဲ၊ ရှင်းပွဲ များမှာ နေရာအနှံအပြားမှာပင် ရှိနေချေ၏။

အငြင်းအခုံပွဲများ အဘယ်မျှ များပြားသနည်း ဆိုသော် ရဟန်းတော်များအနေဖြင့် ဆွမ်းခံရင်းမှာပင် မကြာခဏ အဆုံး ဖြစ်တော့သည်။ ဟိုနေရာတွေ့၊ သည်နေရာတွေ့၊ ဟိုအနေရာကြား၊ သည်နေရာကြား ငြင်းခုံသံများကို ကြား ကြားနေကြရကုန်၏။

ဝါဒ အဖုံဖုံ

ထိုခေတ်သည် ဝါဒဘခုမရှိလျှင် နေ၍မဖြစ်သော ခေတ်ဖြင့်ဟန် တူ၏။ လူ၊ ရှင်၊ ရဟန်း၊ ပုဏ္ဏား၊ တိတ္ထိ၊ တက္ကတွန်း၊ နိဂဏ္ဌ၊ ပရိဗ္ဗာဇက ဆိုသူတိုင်းလိုလိုပင် ဝါဒကိုယ်စီနှင့် ရှိနေကြသည်ကား များ၏။ ထိုခေတ်တွင် ရှေးတန်းရောက် တံခွန်ဆောက်ဝါဒများကို သန်းခေါင်စာရင်း ကောက်ပြသော်-

(၁) လောကသည် မြဲ၏။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အချည်းနှီး။

(၂) လောကသည် မြဲသော သဘောမရှိ။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အချည်းနှီး။

(၃) လောကသည် အဆုံးရှိ၏။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အချည်းနှီး။

(၄) လောကသည် အဆုံးမရှိ။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အလကား။

(၅) အသက်သည် ကိုယ်။ ကိုယ်သည် အသက်။[၁] ဤဝါဒသာ အမှန်။ အခြားဝါဒများ အလကား။

(၆) အသက်ဘခြား၊ ကိုယ်တခြား။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အလကား။

(၇) သတ္တဝါသည် သေလျှင် ပြန်၍ ဖြစ်၏။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အလကား။

၁။ ဇီဝဉ္စ သရီရဉ္စ အဒွယံ သမနုပဿတိ။ ဥဒါန်း အဋ္ဌကထာ၊ ၃၀၉၊ ဆဋ္ဌမှု။

(၈) သတ္တဝါသေလျှင် ပြန်၍မဖြစ်။ ဤဝါဒသာ အမှန်။ အခြားဝါဒများ အလကား။

(၉) သတ္တဝါသေလျှင် ပြန်၍ ဖြစ်တာ ဖြစ်၊ မဖြစ်တာ မဖြစ်။ ဤဝါဒသာ အမှန်။ အခြား ဝါဒများ အလကား။

(၁၀) သတ္တဝါသေလျှင် ပြန်၍ ဖြစ်သည်လည်း မဟုတ်။ မဖြစ်သည်လည်း မဟုတ်။ ဤဟာ အမှန်။ အခြားဟာ အလကား။

ဤသို့လျှင် မိမိတို့၏ဝါဒကို တင်ပြကြပြီး အခြား ဝါဒများကို ထိပါး ပုတ်ခတ်လျက် ပြောကြ၊ ဆိုကြ ကုန်လေ၏။ ငြင်းကြ၊ ခုံကြလေကုန်၏။ နှုတ်၊ ခံတွင်း၊ ပါးစပ်တည်းဟူသော လုံဖြင့် ထိုးနှက် တိုက်ခိုက်ကြကုန်လေ၏။

ထိုအချိန်တွင် တမြို့လုံး သက်နှံးရောင်တို့ဖြင့် ဝါထိန်နေ၏။ ရဟန်းသံဃာတော်များ ဆွမ်းခံတော်မူကြသတည်း။ ထိုနေ့အဖို့ ရဟန်းတော်များမှာ ဆွမ်းသာမက ဝါဒရေးရာ အငြင်းပွားစကားများကိုပါ ဆွမ်းခံရာမှ ရရှိခဲ့ကြကုန်၏။ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်ကြလေသော်အခါ ရဟန်းတို့သည် တိတ္ထိတို့၏ အငြင်းပွားပုံများကို ဘုရားသခင်အား လျှောက်ထားကြလေကုန်၏။

ထိုအခါ မြတ်ဘုရားသည် ရဟန်းတို့အား ဤသို့ မြွက်ကြားတော်မူလေသတည်း။

"ရဟန်းတို့၊ ထိုတိတ္ထိ၊ ပရိဗိုဇ်တို့ကား အကန်းတို့သာတည်း။ ပညာမျက်စိ မရှိကုန်။ အကျိုး ဟုတ်၏။ မဟုတ်၏ကို မသိကုန်။ သဘော သဘာဝ ယုတ္တိတန်၏။ မတန်၏ကိုလည်း မသိကုန်။

ယင်းသို့ မသိရှာလေသောကြောင့် အနိုင်၊ အရှုံး၊လုံးထွေးရစ်ပတ်ငြင်းခုံ၍ အတောမသတ်နိုင်ဘဲ ဖြစ်နေကြသည်။ နောင်တွင်လည်း ဤနည်းနှင်နှင်ပင်ငြင်းခုံ၍မဆုံးဖြစ်နေကုန်လိမ့်ဦးမည်သာတည်း။

"ရဟန်းတို့၊ သူကန်းနှင့် ပတ်သက်၍ ရှေးက ဖြစ်ရပ်တခုကို သင်တို့အား ငါပြောပြအံ့။ ရဟန်းတို့၊ ရှေးအခါက ဤသာဝတ္ထိပြိုင့် ဘုရင်တပါး စိုးစံခဲ့ဘူး၏။ ထိုဘုရင်သည် တနေ့သောအခါ ဆင်ကိုငင်း၊ သူကန်းတဦး လျှောက်သွားနေသည်ကိုငဲ့ငင်း အမှတ်မထင် မြင်လတ်သော် ဤသို့ အကြံဖြစ်လာ၏။ဤသူကန်းတို့ကား သူဖြစ် ရှုံးကုန်စ့။ အလှအပမျှားကို မမြင်ကြရရှာကုန်။ တမြို့လုံးရှိ သူကန်းတွေကို စု၍ တစုံတရာကို သူတို့လက်ဖြင့် အစမ်းခိုင်းပြီးလျှင် 'သည်ဟာ ဘာ'ဟု မှတ်သားရာသော် ကောင်းလေစ့" ဤသို့ အကြံဖြစ်လာသည့်အလျောက် မင်းချင်းတယောက်အား သူကန်းတော်တို့ကို စု၍ အခေါ်ခိုင်းလေ၏။ ထိုမင်းချင်းယောကျ်ားလည်း မင်းမိန့်အတိုင်း သူကန်းမျှားကို ဘုရံုင့်ရှေတော်သို့ ခေါ်ဆောင်လာ၏။

"ရဟန်းတို့၊ ထိုအခါ မင်းချင်းယောကျ်ားအား ဘုရင်က ဤသို့ စေခိုင်း၏။ 'အမောင်၊ ဆင်ကို အိပ်စေလျက် သူကန်းတို့အား ပြလော့'ဟု ဆို၏။ မင်းချင်းယောကျ်ားလည်း မင်းမိန့်အတိုင်း ဆောင်ရွက်လေ၏။ အချို့သူကန်းတို့အား ဆင်၏ဦးခေါင်းကို ပြ၍ 'သည်ဟာ ဆင်'ဟု ပြောထား၏။ ထိုအတူ အချို့သူကန်းတို့အား ဆင်၏ နားရွက်၊ အချို့တို့အား ဆင်စွယ်၊ အချို့တို့အား ဆင်ကိုယ်လုံး၊ အချို့တို့အား ဆင်ခြေထောက်၊ အချို့တို့အား အမြီးကိုပြကာ'သည်ဟာ အမြီး'ဟု ပြောထား၏။

“ရဟန်းတို့၊ ဤသို့ သူကန်းတို့အား သင်ကြားထားပြီးသော အခါ ‘အရှင်မင်းကြီး၊ သူကန်းတို့အား မေးလိုက မေးနိုင်ပြီ ဖြစ်ကြောင်း လျှောက်လျှင်’ မင်းကြီးသည် သူကန်းတို့ ရှိရာသို့ ထွက်တော်မူလာပြီးလျှင် သူကန်းတို့အား မေးမြန်းခြင်း ပြုလေသတည်း။

‘အချင်းတို့၊ သင်တို့ ဆင်ကို တွေ့ဘူးကြပြီလော’

‘တွေ့ဘူးကြောင်းပါ အရှင်မင်းကြီး’’

‘ကောင်းပြီ။ သို့ ဖြစ်ဘိသော် ဆင်သည် ဘာနှင့် တူလေသနည်း’

“ရဟန်းတို့၊ ထိုသို့ မေးလေသောအခါ ဦးခေါင်းကို စမ်းမိသူက ‘အိုးနှင့် တူသည်’ဟု လျှောက်လေ၏။ နားရွက်ကို စမ်းမိသူက ‘ဘန်းနှင့် တူပါသည်’ဟု လျှောက်လေ၏။ အစွယ်ကို စမ်းမိသူက ‘တံခါးတိုင်နှင့် တူသည်’ ဟု လျှောက်လေ၏။ နှာမောင်းကို စမ်းမိသူက ‘ထွန်သန်နှင့် တူသည်’ဟု လျှောက်လေ၏။ ဆင်၏ကိုယ်ကို စမ်းမိသူက ‘စပါးကျီနှင့် တူသည်’ ဟု လျှောက်၏။ ခြေကို စမ်းမိသူက‘ တိုင်နှင့် တူသည်’ဟု လျှောက်လေ၏။

“ရဟန်းတို့၊ ထိုသူကန်းတို့သည် ဆင်တကိုယ်လုံးတို့ ထိတွေ့၊ သုံးသပ်ရခြင်းမရှိဘဲ မိမိ ထိတွေ့ရသမျှ တစိတ်တဒေသကလေးကို ကွက်၍ ဆင်သည် အိုးနှင့် တူသည်ဟု ဆိုသူက ဆို၊ ဘန်းနှင့် တူသည်ဟု ငြင်းသူက ငြင်းနှင့် ငြင်းခုံမဆုံး ဖြစ်ကုန်လေ၏။

“ရဟန်းတို့၊ ဤဥပမာနှင့် အလားတူသာလျှင် တိတ္ထိပရိဗိုဇ်ဘို့သည်လည်း မိမိ မြင်သိသမျှ တစိတ်ဘဒေသကို ဆုပ်ကိုင်ထား

ပြီးလျှင် သူဟာ အမှန်၊ ငါ့ဟာ အမှန် သူကန်းတို့ကဲသို့ ငြောင်းဆန်အောင် ငြင်းမဆုံး ဖြစ်နေကြကုန်၏”ဟု မိန့်တော်မူ၏။

ထိုအချိန်တွင် ဗုဒ္ဓမြတ်ဘုရားသည် ဤသို့ ဥဒါန်းကျူးတော်မူလေသတည်း။

“အချို့သော ဗြာဟ္မဏတို့သည် မမြဲသော၊ ဒုက္ခစင်စစ် ဖြစ်သော၊ ဖောက်ပြန်တတ်သော သဘောရှိသော တရားတို့၌ နှစ်နှစ်ကာကာ စီရင်နေကြသည်တမ့်။ စက္ခုန္ဒစ်ကွင်း အလင်းမရသော သူကန်းတို့ကဲ့သို့ မိမိတို့ မြင်ရာမြင်ရာ ကွက်ကွက်ကလေးကို ဆုပ်ကိုင်လျက် မိမိအယူဝါဒကို ရွေတန်းတင်၊ အခြားသူတို့၏ ဝါဒကို ချိုးနှိမ်ကာ နှုတ်လုံထိုးနေကြကုန်သတည်း။ ငြင်းခုံမဆုံး ဖြစ်နေကုန်သထည်း”

(ဥဒါန်းပါဠိတော်၊ ပထမနာနဲ့ဘတိ္ထယသုတ်၊ ဇစ္စန္ဓဝဂ်၊ ၁၅၇၊ ဆဋ္ဌမ္မူ။)

စပယ်ဦးစာပေ

(၇၀)

မဟာကဿပ၏ မဟာကဿပ

ဓဝဋ္ဌဝန်ကျောင်းတိုက်သည် အုံဆိုင်း၊ ညိုမှိုင်းလျက် ရှိနေသော ဝါးရုံတောကြီး အတွင်း၌ တည်ရှိနေ၏။ ထိုဝါးရုံတော၀ယ် ရှဉ့်နက်တွေ့ အလွန်ပေါသည်ဟူ၍လည်း အရပ်ထက်ဝန်းကျင်၌ ထင်ရှား၏။ ရှဉ့်နက်သံတို့ဖြင့် ကြွက်စီညံနေသော ဝါးတောကြီး ဖြစ်လေသည်။

ကျောင်းပေါ်ကို ထိုးထွက်နေသော ဝါးရုံပင်များသည် လေဟာပြင် ဇာတ်ခုံပေါ်ဝယ် ယိမ်းကလေသည့်နှယ် လေအန့်တွင် တယိမ်းယိမ်းနှင့် ရှိနေကုန်၏။

ဝဋ္ဌဝန် ကျောင်းတိုက်ကြီးအတွင်းရှိ အရံကျောင်းဆောင် တခုမှ ငေါက်သံလိုလို၊ အသံကြီး တသံ ထွက်လာသည်။ ဆရာဘုန်းတော်ကြီးက တပည့် ကျောင်းသားကလေးအား ငေါက်ငမ်းနေရော့သလားဟု ဆင်ခြေ၏။

တော်တော် အမှန်းမသိတတ်တဲ့ ကောင်ကလေးဘဲ။[1] ဒေါင့်မကျိုးတဲ့ အကောင်တွေနဲ့ ဘောက်မဲ့ကြောင့် အတူသွားဘို

၁။ နဝဝါယံကုမာရကော မတ္တာ မညာသိ။ နိဒါန၀ဂ္ဂ သံယုတ်ပါဠိ။ ၄၁၀။

သနည်း။ နယ်လှည့်ပြီး သဒ္ဓါတရားကို ဖျက်ဆီးနေကြတာနဲ့ အတူတူဘဲ။ သင်နှင့်အတူ ပါသွားတဲ့အကောင်တွေ တကောင်မှ အသုံး မကျ။ အာဒီးလုံး ကပျက်ကချော်တွေ ချည်းဘဲ။ သင် လူခပါင်းမှားချပြီကော ကောင်းကလေး။

ဤသို့ ပေါက်ရောက်သော အသံဝါ ကြီးဖြင့် ငေါက်လေသူကား အရှင်မဟာကဿပဖြစ်လေ၏။ ဤငေါက်သံ၏အောက်ဝယ် ခွံကြောက်မူရာ အသင့်ဖြင့် ရှိနေသူကား ဆံပင် ဖွူတွေ အဖေးသားနှင့် ရဟန်းအိုကြီး တပါး။ ထိုရဟန်းအိုကြီးကား အသူနည်း။ အရှင်အာနန္ဒာ ကိုယ်တော်ကြီး ဖြစ်လေသတည်း။

အရှင်အာနန္ဒာသည် နောက်ပါ ရဟန်း အခြံအရံဖြင့် ဒက္ခိဏာရိအရပ်သို့ ခရီးထွက်ခဲ့ရာမှ ဝင်ဒုဝန်ကျောင်းတော်သို့ပြန်လည် ဆိုက်ရောက်သောနေ့က ဖြစ်၏။ခရီးဆောက်မဆိုက်ဆိုသလို ပင် အရှင်အာနန္ဒာသည် အရှင်မဟာကဿပ ကိုယ်တော်ကြီးထံ ဝင်ရောက် ဖူးမြော်လေသောအခါ အရှင်မဟာ ကဿပသည် မရောက်မီကပင် ရဟန်းတို့၏ သတင်းဆိုးကို ကြားသိထားပြီး ဖြစ်သောကြောင့် တာဝန်ရှိသူ အရှင်အာနန္ဒာ ရောက်လာသော အခါ အထက်ပါအတိုင်း အမှန်းမသိတတ်တဲ့ ကောင်ကလေး ဟူသော အသုံးအနှုန်း စကားလုံးဖြင့် ဆီး၍ ဆုံးမတော်မူ၏။

ကဿပ။ ။အာနန္ဒာ၊ သင့်ကို ငါ မေးပါရစေ။ အဘယ်သို့သော အကျိုးထူးကိုစဲ့၍၊ မြင်တော်မူလေ၍ တိကဘောဇဉ်ကို ဘုရားသခင် ပညတ်တော်မူပါသနည်း။ သင် သတိထားမိပါစ။ မေးတော်မူ၏။ မေးထိုက်သော အကြောင်းရှိ၍ မေးလိုက်ခြင်း ဖြစ်၏။ အရှင်အာနန္ဒာလည်း ရိုးသားစွာ ပြန်၍ ဖြေပေ၏။

အာနန္ဒာ။ ။တပည့်တော် သတိ ထားမိပါသည် အရှင် မဟာကဿပ။ တိကဘောဇဉ်ကို ဘုရားသခင် ပညတ်တော်မူခြင်း၏ ရည်ရွယ်ချက်မှာ (၁) သီလကြောင်၊ အကျင့်ပျက်၊ သိက္ခာပျက် ရဟန်းဆိုးတို့အား နှိပ်ကွပ်ခြင်းငှာငင်း၊ (၂)ဝိနည်း သိက္ခာပုဒ်နှင့်အညီ နေထိုင်ကြကုန်သော ရဟန်း ကောင်းတို့ ချမ်းချမ်းသာသာ နေကြရပါစေခြင်းအကျိုးငှာငင်း၊ (၃)အလိုဆိုးရှိသူရဟန်းယုတ်တို့သည်အသင်းအပင်းပက္ခကို ကျောထေးက် နောက်ခံပြု၍သံဃာကို မဖျက်ဆီးကြပါစေကုန်လင့်။ ဒါယကာတို့၏ သဒ္ဓါဘရားကို ချီးမြှောက်ခြင်းငှာ ငင်း ဤအကျိုးထူး သုံးမျိုးကိုအစဲပြု၍ ပညတ်တော် မူခြင်း ဖြစ်ပါသည် ဘုရားဟူ၍ လျှောက်လျှင် အရှင်မဟာကဿပသည်အရှင်အာနန္ဒာ၏မျက်နှာ ကို ဆတ်ကနဲမော့ကြည့်လိုက်သည်။

ကဿပ။ ။ကောင်းပြီ အာနန္ဒာ၊ယင်းသို့ ပညတ်ချက်ကြီး အထင်အရှား ရှိပါလျက်နှင့် သင်သည် ဘောက်မဲ့ကြောင့်ဤခန္ဓာ သိက္ခာမဲ့သော ရဟန်း၊ စားသောက် ရာ၌ အတိုင်းအဆ မရှိ၊ ဘရုတ်ကျလှသော ရဟန်း၊ တက်ကြွနိုးကြားခြင်းမရှိ၊ အကြံတုံး ဉာဏ်တုံး ရဟန်းများနှင့်အတူ ရပ်တကာ၊ နယ်တကာလှည့်လည် တုံဘိသနည်း။ လူတို့စိုက်ပျိုးထားသော စပါးခင်း၊ ကောက်ပဲ သီးနှံပင်များကို လှည့်လည် ဖျက်ဆီး နေယောင်ပါတကား။ ကြည်ညိုသဒ္ဓါရှိပြီးသူ လူဒါယကာတို့ကို လိုက်၍ ဖျက်ဆီးနေ ယောင်ပါတကား။ အာနန္ဒာ၊ သင် ဓေါဆောင်သွားသော သင့်ပရိသတ်ကား ဗရမ်းဗတာ ပရိသတ်၊ စည်းမဲ့ ကမ်းမဲ့ ပျက်စီး နေသော ပရိသတ်ဖြစ်ဘိ၏။အာနန္ဒာ၊ မဒလာက်လေး မလောက် စား သင်္ဘောင်းသစ်ကလေးတွေကား ရဟန်းပျက်ကလေးတွေသာ

တကား။ သည်ကောင်လေးနှယ် ဟယ် အမှန်း မသိချက်သား ကောင်းရန်ကော။

အရှင်မဟာကဿပသည် ရဟန်းမဆန်သူများ၊အကျင့်သိက္ခာ ပျက်စီးနေသူများကို ခေါ်သွားရမည်လား၊ဟု အရှင်အာနန္ဒာ အား ပြစ်တင်ဆိုပြောရာ၌ ကုမာရ (ကောင်ကလေး) ဟူသော အသုံးအနှုန်း ပါလာသည်။ထိုစကားမှာ အရှင်မဟာကဿပအဖို့ အဆန်းတော့ မဟုတ်ချေ။ ဆိုပြောနေကျဝေါဟာရ ဖြစ်ပေ၏။ ထိုကုမာရ(ကောင်ကလေး)ဟူသော စကားလုံးက ထိုရောမ အဓိပတိ ပုဂ္ဂိုလ်ကြီး နှစ်ဦးတို့၏ ရင်းနှီးမှုကိုဂုဏ်း၊ အရှင်မဟာ ကဿပက အရှင်အာနန္ဒာအပေါ်၌ ချစ်စရာကောင်းသောသူငယ် ကလေးတယောက်ဟု သဘောထားရှိပုံကိုဂုဏ်း ပေါ်လွင်စေ သည်။

ဤသို့ သူအား ကောင်ကလေး၊ ကောင်ကလေး ဟူသော အသံလုပ်စကားလုံးဖြင့် သုံးနှုံးဆိုပြောခြင်း ခံရသည်ကိုပင် အရှင် အာနန္ဒာကလည်းဂုဏ်ယူသာယာလျက် ရှိနေပေသည်။သို့ကြောင့် ပင် မဟုတ်ပါလော။

အာနန္ဒာ။ ။အရှင်မဟာကဿပ ဘုရား၊ ရှုတော်မူပါ။ တပည့်တော်တို့၏ ဦးခေါင်းမှာ ဆံပင်ဖြူများ ပေါက်လာကုန် ပါပြီ။ ယင်းသို့ ဆံပင်ဖြူများပင် ပေါက်လာကုန်လင့် ကစား တပည့်တော်မှာကား ယနေ့အထိကောင်ကလေး၊ကောင်ကလေး

၁။ အပိစမေ ဘန္တေကဿပ သိရသို့ံ ပလိတာနိ ဇာတာနိ၊ နိဒါနဝဂ္ဂသံယုတ်ပါဠိ၊ ကဿပသံယုတ်၊ ၄၁၈၊ဆမ္ဗဋ္ဌ။

ဟု ခေါ်ဝေါ်ဆိုပြောခြင်း ပိုင်နက်တွင်းမှ မလွတ်ကင်းနိုင်သေး ပါဘဲလား ဘုရား။

ကဿပ။ ။သြ အာနန္ဒာ၊ သင့်အလုပ်ကကော ဟုတ်ပါ၏လား။လျှော်ကန်ပါ၏လား။အနေမဘတ်၊အထိုင်မတတ်၊အပြောမတတ်၊ အဆိုမတာဘ်၊ အစားမတတ်၊ လူ တုံးပေ ကတ်သပ်တွေကို ရပ်တကာ၊ နယ်တကာ ခေါ်ပြီး ကိုယ့်အရှက်ကို ကိုယ် ခွဲရာ မကျပေဘူးလား။ သခင်မြက်ဘုရား၌ မျက်နှာတော်ကို အိုးမဲသုဘ်ရာ မကျပေဘူးလား။ သင်ကား တော်တော် အမှုန်း မသိတတ်တဲ့ အကောင်ကလေး။

အရှင်မဟာကဿပက ကောင်ကလေးဟူသော စကားလုံးကို သုံးကာ ထပ်၍ ကြွေးကြော်လိုက်ပြန်လေသည်။

ဤကောင်ကလေးဟူသော အသုံးအနှုံး စကားလုံးသည် ဤနေရာတွင် ပြီးပြီးပျောက်ပျောက် ရပ်မသွားလေဘဲ ဘိုကျွန်မလောကထဲသို့ ဗုံးကျသလို ကျရောက်သွားလေ၏။

ထိုကောင်ကလေး ဟူသော အသုံး အနှုံး ကြောင့် အရှင် မဟာကဿပ ကိုယ်တော်ကြီးအပေါ် နာလုံး ပေါက်သွားသူ ဘိုကျွန်မတဦး ထူးထူးခြုန်ခြုန်ပေါ်လာ၏။ သူ၏ အမည်ကား ထုလ္လနန္ဒာဟု တွင်သတည်း။

ထုလ္လနန္ဒာဘိုကျွန်မကား အရှင်အာနန္ဒာအား ပုဂ္ဂိုလ်စွဲအားဖြင့် အလွန်ကြည်ညို့သူဖြစ်ရာ အရှင်အာနန္ဒာအား "ကောင်ကလေး၊ ကောင်ကလေး" ဟူသော စကားလုံးဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းကို မနှစ်မြို့ချေ။ သို့ကြောင့် ယင်းစကားလုံးကြောင့် အရှင်မဟာကဿပ ကိုယ်တော်ကြီးအပေါ်တွင် အဓိတ်ကလေး မျက်မာန်

ရှုလာသည်။ "ဝေဒေဟာမုနိတဆူ" ဖြစ်တော်မူသောအရှင်အာနန္ဒာ ကဲ့သို့သောပုဂ္ဂိုလ်မြတ်အားအရှင်မဟာကဿပက ကောင်ကလေး ကောင်ကလေး သူဆိုစရာတဲ့လား။ စင်စစ် သမိုင်းကြောင်းကို ပြန်ကြည့်သော် အရှင်မဟာကဿပသည်မည်သို့သောပုဂ္ဂိုလ်နည်း တိတ္ထိဘောင်မှ ကူးပြောင်းလာသော တိတ္ထိလူထွက် ဖြစ်ချေ၏။ သို့ပါလျက် သူကမျှား အရှင်အာနန္ဒာကဲ့သို့ ဝေဒေဟာမုနိကိုယ်တော်ကြီးကို ကောင်ကလေး၊ ကောင်ကလေး ဟူသော အသုံးစကားဖြင့် ဘောက်မဲ့ကြောင့် ကြီမ်းလား မောင်းလား လုပ်တုံဘိသနည်း။

ဤဖြစ်ရပ်သည် ထုလ္လနန္ဒာ၏အဖို့ ရင်းတွင်းခံစားချက် မျှသာ မဟုတ်လေတော့ဘဲ နှုတ်အားဖြင့် ဖွင့်ဖော်၍ အရှင်မဟာကဿပ ကိုယ်တော်ကြီးအား အမနာပစကားမျှားမြွက်ကြားဆိုပြောခြင်း ပြုသည်အထိ ဖြစ်လာလေသည်။

ထိုသဘင်းကိုကြားလတ်သော် အရှင်မဟာကဿပသည် အရှင် အာနန္ဒာကိုခေါ်၍ ဤသို့ပြောပြလေသည်။

"ငါ့ရှင်အာနန္ဒာ၊သင်၏တပည့်မတဦးဖြစ်သူ ထုလ္လနန္ဒာဘိက္ခုနီ သည် စကားကိုမဆင်မခြင်၊အလျင်စလို ပြောဘိချေ၏။ နှုတ်လွယ် လွယ်နှင့်ဆိုတုံဘိ၏။ ငါ့အား တိတ္ထိဖြစ်ဘူးသူ၊ တိတ္ထိလူထွက် ဟူ သေးရင့်ရင့်သီးသီးစကားမျှားဖြင့် နှုတ်လှံချက်ဖြင့်ထိုးနှက်နေ၏။ ငါ့ရှင်အာနန္ဒာ၊ ငါ့အကြောင်း သင် ကောင်းကောင်းသိသူဖြစ် သည်။ ငါသည် ဆံမုတ်ဆိတ်၊ ကျင်စွယ်မျှားကိုငယ်ပြီး သင်္ကန်း ဆီးလျက် ငှူဘောင်၊ဝတ်ကြောင်ဘဝမှထွက်၍သာသနာတောင် ဝင်ကာရဟန်းပြုခဲ့၏။ ငါရဟန်းဖြစ်လာသည့်အချိန်ကစ၍ ဘုရား

သခင်မှတပါး ငါ့ဆရာဟူ၍ ညွှန်ပြရမည့်သူကို ငါမသိခဲ့။ ငါ့မှာ မရှိခဲ့။

"ငါ့ရှင် အာနန္ဒာ၊ ရှေး လူဘဝဝတ်ကြောင်နှင့် နေခဲ့စဉ် တုန်းက ငါ့မှာသည်လိုအကြံတမူ ဖြစ်ပေါ်လာဘူးသည် အာနန္ဒာ ထိုအကြံကား ဤသို့ ဖြစ်ခဲ့၏။ 'လူအဖြစ်၊ လူဘဝကား ကျဉ်းမြောင်းလှဘိစ့။ ဖုံထနေသော လမ်းနှင့် အလားတူ၏။ ရဟန်းအဖြစ်၊ရဟန်းဘဝကား လွင်တီးခေါင်နှင့် အလားတူ၏။ ကျယ်ကျယ်ပြန့်ပြန့်နှင့် ရှင်း၏။ အိမ်ကိုစိုးမိုးအုပ်ချုပ်နေရသူ၊ ဝါ၊ အိမ်သံယောဇဉ် အမျင်တန်းလန်းဖြင့် ရှိနေသူလူသားတယောက် ဖြစ်နေသဖြင့် ဤမြို့ဤမျှ မွန်မြတ်လှစွာသော ဗြဟ္မစရိယ အကျင့်ကို စင်စစ် ရာနှုန်းပြည့် ပြည့်စုံအောင်၊ စင်ကြယ်အောင်၊ ပွတ်သစ်စ ခရုသင်းအလား ဖွေးနေအောင်ကျင့်ဘို့ ဆိုသည်မှာ မလွယ်လုပါတကား။ ငါရဟန်းပြုရသော်ကောင်းလေစ့'ဟူ၍သို့ အကြံဖြစ်ခဲ့၏။

"အာနန္ဒာ၊ ဤသို့ အကြံဖြစ်ပြီးနောက် ထို့ငါသည် အခါတပါးတွင် ပုဆိုးကြမ်းစများကို ဒုကူဋ္ဌသက်နှင်းကြီး ချုပ်လုပ်ပြီး လျှင် ငါဘာလုပ်သည် ထင်သနည်း အာနန္ဒာ။ လောကဋ္ဌပွင့်ထုန်း လျက် ရှိနေကုန်သော ဘုရား၊ရဟန္တာ ပုဂ္ဂိုလ်များအား ရှယ်စူး ဦးထိပ်ထားလျက် ဆံ၊ မုတ်ဆိတ် များကို ပယ်ပြီး ငါ့ဟာငါ သက်နှင်းဆီးလိုက်သည်။ ငါ့ဟာငါ ရဟန်းပြုလိုက်သည်။

"အာနန္ဒာ၊ဤသို့ ငါ့ဟာငါရဟန်းပြုလိုက်ပြီးနောက် ရဟန်း ဖြစ်ခါစငါသည် တမတ်စောက်စောက်နှင့် ခရီးရှည်ကြီးလျှောက် သွားနေစဉ် ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား ရောက်သွားလေ

သောအခါ ဗဟုပုတ္တမည်ဖသားစေဘီအနီးဌ်ဌ ထိုင်နေတော်မူသော မြတ်ဘုရားကို မလမ်းမကမ်းမှ ငါမြင်ရ၏။ ထိုအခါ ငါ့အား ဤသို့ အကြံဖြစ်၏။ငါသည် ငါ့ကိုသွန်သင်ဆုံးမမည့်ဆရာသမား ကောင်းထံ ချဉ်းကပ်ဖူးခွင့်လိုသူ ဖြစ်ဘိလျှင်မူလည်း ဤမြတ်စွာ ဘုရားကိုသာဖူးမြင်ရာ၏။ ဖူးမြင်ထိုက်ပေသည်။ငါသည်ကောင်း သောစကားကို ဆိုတော်မူတတ်သူကို ဖူးမြင်လိုသူ ဖြစ်ဘိလျှင် မူလည်းဤသခင်ဘုရားကိုသာဖူးမြင်ရာသည်၊ဖူးမြင်ထိုက်ပေသည် ငါသည် သစ္စာလေးချက် အနက်ထင်ထင် ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူသော ဗုဒ္ဓကို ဖူးမြင်လိုသူ ဖြစ်ဘိလျှင် မူလည်း ဤသခင်ဘုရားကိုသာ ဖူးမြင်ရာသည်၊ ဖူးမြင်ထိုက်ပေ သည်ဟူ၍ အကြံဖြစ်ပေါ်လာပြီးနောက် ငါသည် ထိုဗဟုပုတ္တ စေတီဌ် ထိုင်နေတော်မူသော ဘုရားသခင်၏ ခြေဘဝ်စုံကို ငါ့ဦးခေါင်းဖြင့် ဦးတိုက်၍ဘုရားသခင်အား ငါ ဤသို့လျှောက် ထားမိပေသည် အာနန္ဒာ။

ကဿပ။ ။ရှေဘုန်းတော်သခင် အရှင်မြတ်ဘုရား၊ အရှင် ဘုရားသည် တပည့်တော်၏ဆရာပါဘုရား။ တပည့်တော်ကား အရှင်ဘုရား၏ တပည့်သာဝကပါဘုရား ဟူ၍ နှစ်ကြိမ်တိုင်တိုင် ငါ လျှောက်ခဲ့သည်။ ဤသို့လျှောက်သော် မြတ်ဘုရားကငါ့အား အသို့ မိန့်တော်မူလေသည် ထင်သနည်း။

ဗုဒ္ဓ။ ။ကဿပ၊ အကြင်သူသည် ဤသို့ အလုံးစုံသဘော ထား ပြည့်ဝလှသော သာဝကကို အမှန်အတိုင်းမသိပါဘဲလျက် 'ငါသိသည်'ဟူ၍ဂုဏ်း၊ အမှန်အတိုင်း မမြင်ပါဘဲလျက် 'ငါမြင် သည်' ဟူ၍ဂုဏ်း ပြောငြားမိအံ့၊ထိုသူ၏ ဦးခေါင်းသည် ဖုတ်ကန့်

ပြုတ်ကျသွားလေရာ၏။ ကဿပ၊ ငါသည်မူကား အမှန်ကိုအမှန် အတိုင်းသိ၍သာလျှင် 'ငါသိ၏' ဟူ၍ ငါဆို၏။ အမှန်ကို အမှန် အတိုင်း မြင်၍သာလျှင် 'ငါမြင်၏' ဟူ၍ ငါဆို၏။

ကဿပ၊ ထို့ကြောင့်ရကား သင်သည် ဤသို့ကျင့်ရာ၏။ ကျင့်ပါလေ။ "ငါ၏အရှက်နှင့်အကြောက်၊ ငါ့သန္ဓာန် ထင်ရှား ပေါ်လွင်နေဆဲ အရှက်နှင့်အကြောက်သည် အံ့ဘွယ်ကောင်း လောက်အောင် ထက်လှစွာ၏။ ထိုအရှက်နှင့် အကြောက်သည် မဟာထေရ်ကြီးတို့၌ငင်း၊ သီဘင်းငယ်တို့၌ငင်း၊ သီတင်းလတ်တို့၌ ငင်း(ရှေးရှုတည်သည် ဖြစ်လတံ့)ရှေးရှုတည်သည် ဖြစ်စေသော်ဟူ၍ ဤသို့ကျင့်လေ။

ကဿပ၊သင်သည် ဤသို့လည်း ကျင့်လေဘိဦး။ ကုသိုလ်နှင့် ပတ်သက်သောတရားကို ငါနာအံ့။ ကြားနာရသမျှ တရား အားလုံးကို အရိုအသေပြု၍၊ နှလုံးသွင်း၍၊ အလုံးစုံသော စိတ်ဖြင့် ကောင်းစွာဆောင်၍ အာရုံစူးစိုက်စွာ နားကို စွင့်ထား လျက် ငါ နာအံ့ဟူ၍ ဤသို့လည်း ကျင့်လေ။

ငါ့ရှင် အာနန္ဒာ၊ ထိုသို့ ဘုရားသခင်၏။ ခြေတော်ကိုဦးတိုက်၊ ခညောင်း တောင်းပန်လေသောအခါ၌ မြတ်ဘုရားသည် ငါ့ကို ဤသြဝါဒစကားဖြင့် ဆုံးမတော်မူပြီးလျှင် ထိုင်ရာမှ ထတော်မူ၍ ဖဲသွားပါလေတော့သည်။ ငါ့ရှင်အာနန္ဒာ၊ ရဟန်း ဖြစ်သည်မှ စ၍ (၇)ရက်သာလျှင် ကိလေသာ မကုန်ခန်းသေးသော ပုထုဇဉ် ရဟန်းအဖြစ်ဖြင့် ပြည်သူတို့ ဆွမ်းကို ငါစား၏။ ရှစ်ရက်မြောက် သောနေ့တွင် အရဟတ္တဖိုလ်သည် ငါ့အား ထင်ရှား ဖြစ်လာပြီ။

ငါ့ရှင် အာနန္ဒာ၊ ဗဟုပုတ္တဒစတီအပါးမှ မြတ်ဘုရား၏ခွာသွားတော်မူသောအခါ ငါသည် မမိုတ်မသုန် မြတ်ဘုရားကို ဖူးမြော်ရင်း ကျန်ခဲ့သည်။ ငါ့မျက်စိအောက်မှာပင် မြတ်ဘုရားသည် လမ်းဘေးဘက်သို့ ခြေစကြာ လှည့်လိုက်သည်ကို ငါ သတိထားလိုက်မိ၏။ ငါ နောက်က လိုက်သွားမိတော့သည်။ ငါ ရောက်သွားသောအခါ၌ မူကား မြတ်ဘုရားကို သစ်ဘပင် အောက်ဘုံ ထိုင်နေသည်ကို တွေ့ရ၏။ ထိုအခါ ငါသည် ငါ့ ဒုကုန်သက်နှံကြီးကို ထူထဲအောင် လေးခေါက် ခေါက်၍ ခင်းပေးပြီး ဤစကားကို မြတ်ဘုရားထံ ငါ ပန်ကြားခဲ့ပေသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏ ဤသက်နှံးအခင်း၌ ထိုင်တော်မူပါ ဘုရား။

ဤသို့ တောင်းပန်သော် မြတ်ဘုရားသည် ငါ့ကို ချီးမြှင့်သည့် အနေဖြင့် ငါ ခင်းပေးသည့် နေရာဆက်၌ ချမ်းမြေစွာ စံတော်မူလျက်မှ မြတ်ဗုဒ္ဓသည် ငါ့အား ဤသို့ မိန့်ပါသတည်း။

ဗုဒ္ဓ။ ။ကဿပ၊ သင်၏ အခင်းကား နူးညံ့ဘိစ့။

ကဿပ။ ။အရှင်ဘုရား၊ တပည့်တော်ကို သနား စောင့်ရှောက် ချီးမြှောက်သောအားဖြင့် ဤသက်နှံးကြီးကို အလှူခံတော် မူပါဘုရား။

ဗုဒ္ဓ။ ။ကဿပ၊ ဤ ငါ၏သက်နှံးကား ပိုက်ဆံလျှော်ဖြင့် ရက်လုပ်သားသော ပုံသုကူသက်နှံး ဖြစ်ပေသည်။ ထိုသက်နှံးကို သင် ဆောင်နိုင်ပါအံ့လော့။

ကဿပ။ ။ဆောင်နိုင်ကြောင်းပါ ဘုရား။

ငါ့ရှင်အာနန္ဒာ၊ ဤသို့အားဖြင့် ငါ၏ ပုဆိုးကြမ်း ဒုက္ခိသက်နှံးကို ဘုရားသခင်အား ငါ လှူလိုက်ပြီး ဘုရားသခင်ချီးမြှင့်တော်မူသော ပိုက်ဆံလျှော် ပုံသုကူသက်နှံးကို ငါဆောင်သည် အာနန္ဒာ။

ငါ့ရှင် အာနန္ဒာ၊ ဟစုံတယောက် အမှတ်မထင် အကြင်သူကို ကောင်းစွာ ပြောလိုသော် ဤသို့ ပြောရာသည်၊ ပြောနိုင်ပေသည်။ ပြောရမည့်စကားမှာ "ဘုရားမြတ်စွာ၏သား၊ ဘုရားမြတ်စွာ၏ ရင်၌ဖြစ်၍ ခံတွင်းတော်မှ ပွားမြင်လာသော သား၊ တရားမှ ဖြစ်ပေါ်လာသော သား၊ တရားက ဖန်ဆင်းထားသော သား၊ တရားတော်၏ အမွေစား အမွေခံ သား၊ ဘုရားသခင် ဝတ်ရုံသုံးစွဲတော်မူသော ပိုက်ဆံလျှော်ဖြင့် ရက်လုပ်သည့် ပုံသုကူသက်နှံးကိုသော်မှပင် ခံယူနိုင်စွမ်းရှိသောသူ" ဟူ၍ ပြောရာသည်၊ ပြောနိုင်ပေသည်။

ငါ့ရှင် အာနန္ဒာ၊ ငါကား အာသဝေါတရားတို့ ကုန်လေပြီဖြစ်သောကြောင့် အာသဝေါဟူ၍ မြူမျှပင် မရှိသော လွတ်မြောက်ပြီး အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ် ပညာကို ယခုမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်လျက် နေနိုင်၏။ ငါ့ရှင် အာနန္ဒာ၊ အကြင်သူသည် ငါ၏ အဘိညာဏ်ခြောက်ပါးကို ဖုံးလွှမ်းအပ်၏။ ဖုံးလွှမ်း၍ ရစကောင်းသည်ဟု ထင်မှတ်လေသည် ဖြစ်အံ့။ ထိုသူသည် ခုနှစ်တောင် ရှိသော ဆင်ခြေပြောင်ကြီးကိုသော်လည်းကောင်း၊ ခုနစ်တောင်ဝှာရှိသော ဆင်ခြေပြောင်ကြီးကိုသော်လည်းကောင်း လုံအောင် ထန်းလက်ဖြင့် ဖုံးဖိနေသည်နှင့် တူယောင်ပါတကား၊

ဟူ၍ ထုလ္လနန္ဒာဘိက္ခုနီမ၏ စုပ်စုံပြောဆိုချက် စကားနှင့် ပတ်သက်၍ အရှင်မဟာကဿပသည် အရှင်အာနန္ဒာအား ဤသို့ မိမိ၏ဘဝမှန်ကို ဇာတ်လှန်၍ ပြောပြလေ၏။

ဤသို့ အရှင်မဟာကဿပအား စုပ်စုံ ဆိုပြောမိလေသော ထုလ္လနန္ဒာဘိက္ခုနီမကား မြတ်သောအကျင့်မှ လျှောကျသွားရှာလေပြီကော။

(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ကဿပသံယုတ်၊ စီဝရသုတ်၊ ၄၁၈၊ ဆဋ္ဌမ)

(၄၁)

အတွေးသစ် အမြင်သစ်

လိုလျှင်ကြံဆ၊ နည်းလမ်းရဟု အဆိုရှိ၏။ အတွေးသစ်၊ အမြင်သစ်ကို အုတ်မြစ်ချပေးသော ဆောင်ပုဒ်စကား ဖြစ်လေသည်။

ဗုဒ္ဓမြတ်ဘုရားသည် ရောက်လေရာရာ နေရာ များစွာတို့၌ ရဟန်း၊ ရှင်၊ လူ၊ သူခပ်သိမ်းတို့ သိ၊ ထင်၊ မြင်သာစိမ့်သောဌာဏ်း၊ အမှတ်ပြု၍ ကျင့်ဝတ်တရား အဖြစ်ဖြင့် ကျင့်ကြံစိမ့်သောဌာဏ်း တရားဟောတော်မူလေ့ရှိ၏။ ဤတရားတော်ကို ဟောချိန်၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်သို့ ရောက်ရှိတော်မူနေ၏။ ဇေတဝန်ကျောင်း၌ နေတော်မူခိုက် ဤသည့်တရားကိုရဟန်းတို့အား ဟောကြားတော်မူခဲ့ပေသည်။

ဤတရားတော်၏ ဦးတည်ချက်မှာ တွေးခေါ်မှုကို ရှေးရှု စေလိုကြောင်း ပေါ်လွင်၏။ သူများပြောဟောတိုင်းကို ကြားနာရုံမျှဖြင့် ကျေနပ်၍ မနေသင့်။ (တရားနာဘက်ကချည်းမနေသင့်) တရား၏ သဘောအချက်ကို အဓိပ္ပာယ်သက်ရောက်သည်အထိ ဂရုပြုယ်ပိုင်ဉာဏ်ဖြင့် ချင့်တွေးသင့်ကြသေးသည်ဟု ရဟန်းတို့အား သတိပေးတော်မူခြင်းဟူ၍လည်း ဆိုနိုင်ပေသည်။

တွေးခေါ်ကြံဆမှုအရာ၌ ရဟန်းတို့ အားတက်ဂိမ့်သောငှာ ကိုယ်တော်ကို သာဓကံပြု၍ ဗုဒ္ဓ ဟောကြား သွားတော်မူ၏။ "ငါ့ကို ကြည့်ကြ။ နုစဉ်ဘဝကပင် သဘောအချက်ကို ပြက်ပြက် သိထင်အောင် ငါ တွေးခေါ်လာခဲ့ဘူးသည်" ဟု ရဟန်းတို့အား ပြယုဂ် ထုတ်ပြတော်မူ၏။

ရဟန်းတို့ သစ္စာလေးပါးကို မသိမီ၊ ရှေး နုစဉ်အခါကပင် ငါသည် ဤသို့ တွေးခေါ် ကြံဆခဲ့ဘူး၏။ ဤလောကကား ဆင်းရဲဘိစ့။ ပဋိသန္ဓေလည်း နေရ၏။ အိုလည်း အိုရ၏။ ရောင့်လည်း ရောင့်ရ၏။ သေလည်း သေရ၏။ သေပြီးသည့်နောက် တဖန် ပဋိသန္ဓေလည်း နေရပြန်သေး၏။ ထို့သို့ ဖြစ်ပါလျက်လည်း အိုခြင်း၊ သေခြင်း ဆင်းရဲမှု လုတ်မြောက်ရာကို မသိ။ ဘယ်သော အခါမျှားမှ အိုခြင်း သေခြင်းမှ လုတ်မြောက်ရာ လမ်းစ ပေါ်လေမည်နည်း" ဟု ဤသို့ တွေးခေါ် ကြံဆခဲ့ဘူး၏။

ရဟန်းတို့၊ ထို့နောက်တဖန် ထို ငါ့အား "အဘယ်အရာ ရှိခဲ့သော် အိုခြင်း၊ သေခြင်း ဖြစ်လေသည်။ အိုခြင်း၊ သေခြင်း ကား အဘယ် အကြောင်းခံကြောင့် ဖြစ်လေသနည်း" ဟု ဤသို့ ဘဆင့်တက်၍ တွေးခေါ်လာမိပြန်သည်။

ရဟန်းတို့၊ တွေးခေါ်ကြံဆသော ထို ငါ့အား အသင့် အားဖြင့် နှလုံးသွင်းခြင်းကြောင့် ပညာဖြင့် ထိုးထွင်း၍သိလာ၏။ "ဇာတိရှိခဲ့သော် အိုခြင်း။ သေခြင်းသည် ဖြစ်၏။ အိုရခြင်း၊ သေရခြင်းကား ဇာတိဟူသော-ပဋိသန္ဓေ နေခြင်းအကြောင်း ခံကြောင့် ဖြစ်လေသည်တကား" ဟူ၍ ဤအသိ ဉာဏ်ပေါ်လာသည်။

ရဟန်းတို့၊ ဤမျှသာလည်း မဟုတ်သေး။ ဘုရားလောင်း ဖြစ်သော ထိုငါ့အား ဤသို့သော အတွေးအခေါ်များ တသိကြီး ဖြစ်လာပြန်၏။

အဘယ်အရာ ရှိနေခဲသော် ပဋိသန္ဓေနေမှု(ဇာတိ)ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် အိုမှု (ဇရာ) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် သေမှု (မရဏ) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် ဘဝ ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် ပြင်းစွာ စွဲလမ်းမှု(ဥပါဒါန်) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် တပ်မက်မှု (တဏှာ) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် ခံစားမှု (ဝေဒနာ) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် ထိတွေ့မှု (ဖဿ) ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် တည်ရာ (အာယတန)ဖြစ်လေသနည်း။

အဘယ်အရာ ရှိနေခဲ့သော် နာမ်၊ ရုပ် ဖြစ်လေသနည်း။

ထို နာမ်၊ ရုပ်သည် အဘယ်အကြောင်းခံကြောင့် ဖြစ်လေသနည်း။

ရဟန်းတို့၊ ထိုသို့ ဇတ်းခေါ်ကြံဆသော ငါ့အား အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် ပညာဖြင့် ထိုးတွင်း၍

သိလား၏။ 'ဝိညာဏ် ရှိပေ၍သာ နာမ်၊ ရုပ် ဖြစ်တာပါကလား။ နာမ်၊ ရုပ်သည် ဝိညာဏ်ဟူသော အကြောင်းခံကြောင့် ဖြစ်တာပါကလား'' ဟူ၍ ဤအသိဉာဏ် ပေါ်လာသည်။

ရဟန်းတို့၊ ထို ငါ့အား ''အဘယ်အရာရှိနေခဲ့သော် ဝိညာဏ် ဖြစ်လေသနည်း။ ဝိညာဏ်သည် အဘယ်ကို အခြေခံ၍ ဖြစ်လေသနည်း'' ဟူ၍ အကြံ ဖြစ်လာပြန်သည်။ ရဟန်းတို့၊ မသိလျှင် မနေဟူသော ဇဲ့ဖြင့် ကြံတွေးခြင်းကြောင့် ထို ငါ့အား 'နာမ်၊ရုပ် ရှိပေ၍သာ ဝိညာဏ် ဖြစ်တာပါကလား။ ဝိညာဏ်သည် နာမ်၊ ရုပ်၊ အခြေခံကြောင့် ဖြစ်တာပါကလား ဟူ၍ အသိဉာဏ် ဖြစ် ပေါ်လာသည်။

ရဟန်းတို့၊ ထို ငါ့အား ဤသို့သော အတွေးအခေါ် ဖြစ်လာ ပြန်၏။ ဤဝိညာဏ်သည် တဖန် နစ်၏။ (နာမ်၊ ရုပ်တည်းဟူသော ပင်မနေရာသို့ ပြန်ပြန်လာ၏။) နာမ်၊ ရုပ်မှ တပါး အခြား တနေရာသို့ ဆောက်သွားခြင်း မရှိ။ ဤမျှဖြင့်ပင် ပဋိသန္ဓေလည်း နေရ၏။ အိုလည်း အိုရ၏။ သေလည်း သေရ၏။ တဖန် ပဋိသန္ဓေ နေမှုလည်း နေရ၏။ နာမ်၊ ရုပ်ကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်၊ ရုပ်ဖြစ်ရ၏။

နာမ်၊ ရုပ်ကြောင့် တည်ရာ (အာယတန) ဖြစ်ရ၏။

တည်ရာ (အာယတန)ကြောင့် ထိတွေ့မှု (ဖဿ) ဖြစ်ရ၏။

ထိတွေ့မှု (ဖဿ)ကြောင့် ခံစားမှု (ဝေဒနာ)ဖြစ်မှ၏။

ခံစားမှု (ဝေဒနာ)ကြောင့် တပ်မက်မှု (တဏှာ) ဖြစ်ရ၏။

တပ်မက်မှု (တဏှာ)ကြောင့် ပြင်းစွာ စွဲလမ်းမှု (ဥပါဒါန်) ဖြစ်ရ၏။

ပြင်းစွာ စဲလမ်းမှု(ဥပါဒါန်)ကြောင့် ဘဝ ဖြစ်ရ၏။
ဘဝအကြောင်းခံကြောင့် ပဋိသန္ဓေဖနမှု (ဇာတိ) ဖြစ်ရ၏။
ပဋိသန္ဓေနေမှု(ဇာတိ)ကြောင့်-

အိုမှု	(ဇရာ)	ဖြစ်ရ၏။
သေမှု	(မရဏ)	ဖြစ်ရ၏။
စိုးရိမ်မှု	(သောက)	ဖြစ်ရ၏။
ငိုကြွေးမှု	(ပရိဒေဝ)	ဖြစ်ရ၏။
ဆင်းရဲမှု	(ဒုက္ခ)	ဖြစ်ရ၏။
စိတ်ပင်ပန်းမှု	(ဒေါမနဿ)	ဖြစ်ရ၏။
ပြင်းစွာပူပန်မှု	(ဥပါယာသ)	ဖြစ်ရ၏။

ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ဖြစ်၏။ ရဟန်းတို့၊ ငါ့အား "သမုဒယ၊ သမုဒယ" ဟူ၍ ရှေးက မကြားဘူးသော တရားတို့၌ ပညာမျက်စိ ပွင့်လာ၏။ အသိဉာဏ် လင်းလာ၏။ ပညာ ထင်ရှားလာ၏။ ဝိဇ္ဇာ ထွန်းပလာ၏။ အလင်းရောင် လက်လာ၏။

ရဟန်းတို့၊ တဖန် ဆက်၍ တွေးခေါ်ကြံဆ ပြန်သောအခါ ငါ့အား ဤအသိဉာဏ် ဖြစ်ပေါ်လာပြန်သည်။

ပဋိသန္ဓေ နေခြင်း မရှိခဲ့သော် အိုခြင်း၊ သေခြင်း မဖြစ်။ ပဋိသန္ဓေနေခြင်း (ဇာတိ)ချုပ်သော် အိုခြင်း၊ သေခြင်း (ဇရာ၊ မရဏ)လည်း ချုပ်လေ၏။

ရဟန်းတို့၊ ငါ့အား ဤအကြံ ဖြစ်လာပြန်၏။
အဘယ်အရာ မရှိခဲ့သော် ဇာတိ မဖြစ်သနည်း။

အာဘယ်အရာ မရှိခဲ့သော် ဇရာ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် မရဏ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် ဘဝ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် ဥပါဒါန် မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် တဏှာ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် ဝေဒနာ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် ဖဿ မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် အာယတန မဖြစ်သနည်း။
အာဘယ်အရာ မရှိခဲ့သော် နာမ်၊ ရုပ် မဖြစ်သနည်း။
အာဘယ်အရာ ချုပ်သည်ရှိသော် နာမ်၊ ရုပ် ချုပ်လေသနည်း။

ဤသို့ တွေးခေါ်ကြံဆ လေသောအခါ "ဝိညာဏ်မရှိခဲ့သော် နာမ်၊ ရုပ် မဖြစ်။ဝိညာဏ်ချုပ်သော်လည်း နာမ်၊ရုပ်လည်း ချုပ်လေ၏။ နာမ်၊ ရုပ် မရှိသော် ဝိညာဏ် မဖြစ်။ နာမ်၊ ရုပ် ချုပ်သော် ဝိညာဏ်လည်း ချုပ်လေ၏" ဟူ၍ အသိဉာဏ် ဖြစ်လာသည်။

ရဟန်းတို့၊ဤမျှသာလည်း မဟုတ်တုံသေး။ဆက်၍တွေးခေါ်ပြန်သောအခါ "နာမ်၊ ရုပ် ချုပ်သော် ဝိညာဏ်ချုပ်၏။ဝိညာဏ် ချုပ်သော် နာမ်၊ ရုပ် ချုပ်၏။ နာမ်၊ ရုပ် ချုပ်သော် သဠာယတန (စက္ခု၊ သောတ စသော တည်ရာ ခြောက်မျိုး) ချုပ်၏။ သဠာယတန ချုပ်သော ဖဿ ချုပ်၏။ ဖဿ ချုပ်သော် ဝေဒနာ ချုပ်၏။ ဝေဒနာချုပ်သော် ဇာတ္ကာ ချုပ်၏။ တဏှာချုပ်သော်

ဥပါဒါန် ချုပ်၏။ ဥပါဒါန် ချုပ်သော် ဘဝချုပ်၏။ ဘဝ ချုပ်သော် ဇာတိ ချုပ်၏။ ဇာတိချုပ်သော်ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ချုပ်၏" ဤသို့လျှင် အလုံးစုံသော ဆင်းရဲဒုက္ခစု ချုပ်၏။

ရဟန်းတို့၊ "နိဗ္ဗာန၊ နိဗ္ဗာန" ဟူ၍ ရှေးက မကြားဘူး သေးသောတရားတို့၌ပညာမျက်စိ ပွင့်လာပြီ။ အသိဉာဏ်လင်းလာပြီ။ ပညာ ထင်ရှားလာပြီ။ ဝိဇ္ဇာ ထွန်းပလာပြီ။ အလင်းရောင် လက်လာပြီ။

ရဟန်းတို့၊ ဥပမာအားဖြင့် တောလမ်းခရီး၌ ဖြတ်သန်းသွား သော ခရီးသည် ယောကျ်ားသည် ဖုံနေသော လမ်းဟောင်းကို တွေ့ရာ၏။ ထိုယောကျ်ားသည် ထိုလမ်းအိုအတိုင်း သွားလေရာ၏။ ထိုသို့ သွားလေသည် ရှိသော် ရှေးဟောင်းမြို့တော် မင်းနေပြည်ကြီးကို မြင်ရာ၏။ ထိုအခါ ထိုယောကျ်ားသည် မင်းအားထင်း၊ အမတ်တို့အားထင်း၊ မိမိ တွေ့မြင် ခဲ့ရသော တောလမ်းခရီး အကြောင်းကို အသေးစိတ် ပြောပြပြီးလျှင် ထိုမြို့ဟောင်းကို မြို့သစ် ဖြစ်အောင် တည်ဆောက်တော် မူပါရန် တိုက်တွန်းပါ၏ ဆိုရာ၏။

ရဟန်းတို့၊ ထိုအခါ ထိုမင်းသည်ထင်း၊ အမတ်တို့သည်ထင်း၊ ထိုမြို့ဟောင်းကို မြို့သစ် ဖန်ဆင်းရာ၏။ ထိုမင်း၏ မြို့တော်သည် နောင်သောအခါ စည်ပင်ဝေပြာလာ၏။ အရပ် ထက်ဝန်းကျင်၌ အကျော်တစော ဖြစ်လာ၏။ လူနေ စည်းကားပြီး ကြီးကျယ် ပြန့်ပြောခြင်းသို့ ရောက်လာ၏။

ရဟန်းတို့၊ ဤအတူသာလျှင် ငါသည် ရှေးဘုရားဟောင်းတို့ ကြသွားတော်မူရာ လမ်းဟောင်းကို မြင်ပြီ။ တွေ့ရပြီ။

ရဟန်းတို့၊ ရှေးဘုရားတို့ သဒ္ဓားရာ လမ်းဟောင်း ကား အခြား မဟုတ်၊ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပေ၏။ ထိုမဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း လိုက်၍ သဒ္ဓား၏။ ငါသည် ဇရာမရဏာ=အိုခြင်း၊ သေခြင်းကို သိရပြီ။ အိုရခြင်း၊ သေရခြင်း၏ ဖြစ်ကြောင်း သမုဒယကို သိရပြီ။အိုရခြင်း၊ သေရခြင်း၏ ချုပ်ရာကို သိရပြီ။ အိုခြင်း၊ သေခြင်း ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကို သိရပြီ။ ထိုလမ်းစဉ်အတိုင်း ငါ လိုက်သဒ္ဓားသည်ရှိသော် ဇာတိ ငါ သိရပြီ။ ဇရာမရဏာ စသည်ကို ငါ သိရပြီ။

ရဟန်းတို့၊ ထိုမဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း လိုက်သဒ္ဓားသော ငါသည် သန်ဓါရတို့ကိုဌင်း၊ သန်ဓါရ အကြောင်းကိုဌင်း၊ သန်ဓါရ ချုပ်ရာကိုဌင်း၊ သန်ဓါရ ချုပ်ရာ နိဗ္ဗာန်သို့ သွားကြောင်း ကျင့်စဉ် ကိုဌင်း ငါ သိရပြီ။

ရဟန်းတို့၊အကြင်မျှလောက်သော ကာလပတ်လုံး ထိုအကျင့် မြတ်သည် စည်ပင်၏။ ကျယ်ဝန်း၏။သိရှိသူ များ၏။ပြန့်ပြော၏။ နတ်လူတို့အား ထင်စွာ ပြအပ်၏။ ထိုမျှလောက်သော ကာလ ပတ်ကုံး မဂ္ဂင်ရှစ်ပါး အကျင့်မြတ်ကို ကျင့်စီမံ့သောဌာ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသကိတို့အား ငါ ဟောခဲ့ပြီ ဟူ၍ တွေးခေါ်ခြင်းမှ ရလဒ်ကို ရဟန်းတို့အား ပြယုဂ် ထုတ်ပြတော်မူသတည်း။

(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ မဟာဝဂ်၊ နဂရသုတ်၊ ၃၂၇၊ ဆဋ္ဌမူ။)

---

(၄၂)

ပြဿနာပိုက်၍ ဆရာရှာလေသူ

ရာဇဂြိုဟ်မြို့မှအထွက် မြို့တံခါးနှင့် မလှမ်းမကမ်း အရပ်တွင် သပ်သပ်ယပ်ယပ် နေစချင့် စဘွယ် တည်ဆောက် ထားသော ကျောင်းကြီးကို အဝေးကပင် မြင်နိုင်၏။ ကျောင်းအဆောက် အဦ၏ ထယ်ဝါခန့်ညားပုံကို ထောက်ခြင်းအားဖြင့် ထိုကျောင်း နေပုဂ္ဂိုလ်၏ အရှိန်အဝါ၊ သြဇာအာဏာမှာ မသေးလှကြောင်း အကြမ်းဖျဉ်းအားဖြင့် ရိပ်စားမိနိုင်ပေသည်။

သို့သော် ထိုကျောင်းကား ရဟန်းများ နေထိုင်ရာကျောင်း မဟုတ်။ ပရိဗိုဇ်ကျောင်း ဖြစ်ချေ၏။ ဝါဒကို အဓိကဘာသာ ရပ်အဖြစ်ဖြင့် သင်ကြား ပို့ချနေသောကျောင်းဖြစ်၏။ ကျောင်းကို အုပ်ချုပ်သူ ကျောင်းအုပ် ဆရာကြီးကား 'သဘိယ' ပုရိဗိုဇ် ဖြစ်သတည်း။

သဘိယ ပရိဗိုဇ်သည် စာတတ်၊ ပေတတ်၊ ဗဟုသုတ နှံ့စပ် သူ ဖြစ်၏။ ဝါဒရေးရာနှင့် ပတ်သက်သော အတတ်ကို အဓိက သင်ကြား တတ်မြောက်လာသူ ဖြစ်သည့်အလျောက် မဟာဝါဒီ ဖြစ်လာသည်။ ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်လည်၍ ဝါဒဖြင့် ပစ်ခတ် တိုက်ခိုက်လာခဲ့သည်။ "ဝါဒခြင်း ပြိုင်လိုသူရှိက ထွက်ခဲ့" ဟု နယ်လှည့်၍ စိမ်ခေါ်သူ ဖြစ်လေသည်။

သို့သော် သူနှင့် မယှဉ်လိုကြ၍ ပေလော့။ သို့မဟုတ် သူကို မတုဝံ့ကြ၍ ပေလော့ မပြောတတ်။ သူနှင့် တော့တော့ဆိုင်ဆိုင် ပြိုင်လာသူ မရှိသလောက်ပင် ဖြစ်ချေ၏။ ထိုအခါ သူသည် မာန်ဝင့်သည်ထက်ဝင့်၊ ရင့်သည်ထက် ရင့်လာသည်။ "ဇမ္မူတလူ၊ ငါဆိုမှငါ" ဖြစ်လာသည်။ ငါဝါဒနှင့်တူသော ဝါဒမရှိ။ ငါဝါဒကို တုနိုင်သော ဝါဒမရှိဟူ၍ နယ်လှည့်ဝါဒ ပြိုင်ခြင်း အလုပ်ကိုဖြုတ်လိုက်ပြီး ရာဇဂြိုဟ်မြို့မှအထွက် မြို့တံခါး၏ အနီး အရပ်တွင် ဝါဒ သင်တန်း ကျောင်းဆောက်လျက် တပည့် မွေးလေ၏။ သူတပည့်များသည် အထက်တန်းလွှာမှ မျက်နှာကြီး တပည့်က များလေသည်။ မင်းညီးမင်းသား၊ သူဌေး၊သူကြွယ် သားများစွာတို့ သူထံတပည့်ခံ၍ ဝါဒသင်းတန်းတက်ကြသည်။

သဘိယပရိဗိုဇ်သည် ဇာတိ မည့်လှသော်လည်း သူနောက်ခံ သမိုင်းကား သန့်သည်ဟု မဆိုနိုင်။ ဗလုံးဗဒထွေးနှင့် ပြေးရ်း လွှားရင်း သူအမေက သူကို မွေးလာခဲ့ရသည်။

သူသမိုင်းက သည်လိုဟု ဆိုသည်။ သူမိခင်သည် မထင် မရှား သာသာ အညတရ မင်းတပါး၏ သမီးတော်ဖြစ်၏။ ထိုသမီး တော်ကို အယူဝါဒနှင့်ပတ်သက်၍ တီးမိခေါက်မိ ရှိပါစေတော့ ဟူ၍ သူမိဘနှစ်ပါးက ပရိဗိုဇ်ကျောင်းသို့ ပို့ထားကြ၏။ ထိုသမီး တော်သည် ပရိဗိုဇ်ဆရာကြီး၏တပည့်တယောက်နှင့် ဖောက်ပြား မှားယွင်းရာက ကိုယ်ဝန်ရှိလာသောအခါ ကျောင်းနှင့်မတန် ဟူ၍ ထိုအမျိုးသမီးအား ကျောင်းမှ နှင်ချလိုက်ကြကုန်၏။

၁။ သာကိရ အညတရဿ ဓီတိယဿဓီဘာ။ (သုတ္တနိပါတ် အဋ္ဌကထာ၊ ၁၄၆။)

ထိုအခါ သဘိယ၏ မိခင်မှာ ပိုက်တလုံးနှင့် လွှင့်ရရှာလေ၏။ သူအဖို့ ခြေသလုံးကို အိမ်တိုင် ပြုရသောဘဝ ရောက်နေရှာ၏။ သူကိုယ်ဝန်သည် တနေ့ထက်တနေ့ ရင်မာ လာသော်လည်း သူမှာ သားဖွားရန် မီးနေခန်းလည်းမရှိ။ဘယ်နေရာမှာ ဘယ်လို မွေးရမည်ကို သူကိုသူပင် မခန့်မှန်းနိုင်။ ခန့်မှန်းနိုင်ရန် အလားအလာလည်း သူမှာမရှိ ဖြစ်ဘိ၏။

တမက်စောက်စောက် ရှောက်နေရခြင်းသည်ပင် သူအဖို့ ဘဝ၏ အရသာဟု ထင်စရာဖြစ်နေ၏။ သို့ကြောင့် သူသည် ပိုက်တလုံးနှင့် ဟိုရောက်၊ သည်ရောက် ဦးတည်ရာ လျှောက်ရာက နက္ခတ်ပွဲတခုသို့ ရောက်သွားမလသည်။

စည်ကားလှစွာသော ပွဲထဲသို့ မဝံ့မရဲနှင့် သူ ဝင်သွားလေသည်။ ထိုအခါ ကမ္မဇလေက သူကို သတိပေးလှာ၏။ ပိုက်နှာလာသည်။ ပွဲခင်းထဲတွင် အသာကြိတ်၍ လက်ဖြင့် နှိပ်ထားလေး၏။ သို့သော် နှိပ်လေနာလေ၊ နာလေ နှိပ်လေ။ နောက်ဆုံးတွင် အောင့်၍ မရတော့သည့်အဆုံး၌ ပွဲထဲမှာပင် ပရိသတ်ဗလုံးဗထွေးကြားမှာ မွေးရလေ၏။

မိခင်ရော ကလေးပါ ချမ်းသာပါသည်။ ကလေးမှာ ယောကျ်ားကလေး ဖြစ်သည်။ သဘင်၌ မွေးဖွားသော သားဖြစ်သည်ကို အကြောင်းပြု၍ 'သဘိယ' ဟုသညာဒိန္နမင်္ဂလာပြုတာကင်းပွန်းတပ်ထား၏။

ထိုသားငယ် သဘိယ ဆိုသူကား ယခုအခါ မဟာဝါဒီဆရာကြီး သဘိယ ဖြစ်လာသတည်း။ ဝါဒရေးရာနှင့် ပတ်သက်၍ ထိုခေတ် ဇာအချိန်က သစ္စကပရိဗိုဇ်ကျော်ခဲ့သလို သဘိယပရိဗိုဇ်သည်လည်း သစ္စကနှင့် ရင်ဘောင်တန်း တတော တကြက်ဖ

တွန်ကျူးလျက် ရှိလေသည်။ ရာဇဂြိုဟ်မြို့ကို ခြေကုတ်ပြု၍ သူဌေးဒကို တွင်ကျယ်အောင် ထုတ်လုပ်နေသူ ဖြစ်သတည်း။

သဘိယသည် ဝါဒဌ် ယင်္ဂမူးနေသောကြောင့် သူထက် တတ်သူ ရှိသည်ဟုမထင်။ ဒဂါတမရှင်ဘုရားပင့်တော်ဘုရားပင့်တော်မူလာသည်ကိုပင် သူ မသိ။

သို့သော် သူအား နှိုးဆော်မည့်သူ သူငယ်ချင်းကောင်း တယောက် ပေါ်လာသည်။ ထိုသူငယ်ချင်းကား လူ မဟုတ်။ ရဟန်းမဟုတ်။ ပရိဗိုဇ်မဟုတ်။သုဒ္ဓါဝါသဗြဟ္မာ ဖြစ်၏။ ဂ၁သပဘုရားသခင် လက်ထက်တော်က အတူတကွ ဝံရား ကျင့်ဘက် သူငယ်ချင်းသုံးယောက် ရှိသည်တွင် တယောက်က ကျတ်တန်း ဝင်သွားပြီး တဦးက ဗြဟ္မာ၊ တဦးက လူ၊ ရဟန်း ဖြစ်နေ၏။

ထိုသူငယ်ချင်း ဗြဟ္မာက "ယခုအခါ ငါ့သူငယ်ချင်း အဘယ် ဘဝသို့ ရောက်ရှိနေသနည်း" ဟုကြည့်သောအခါ သဘိယ၏ လက်ရှိဘဝကို အထင်းသား မြင်ရလေသော် သူ သူငယ်ချင်း အတွက် စိတ်မခံကောင်းဖြစ်လာသည်။ "ငါ့သူငယ်ချင်း၊ ဘုရားနှင့် နီးစပ်အောင် ကြံအုံးမှဘဲ" ဟူ၍ ရှေးဦးစွာ ပြဿနာပေါင်း နှစ်ဆယ်ကို စိုင်လေ၏။

ပြီးလျှင် ည အခါ သဘိယ၏ကျောင်းသို့သွားပြီး ကျောင်း၏ အထက်မိုးကောင်းကင်၌ ရပ်လျက်မှ "သဘိယ၊သဘိယ" ဟူ၍ အသံပြုသည်။ ခေါ်သည်။ သုံးကြိမ်ခေါ်လျှင် သဘိယသည် အိပ်ရာမှ နိုးလာသည်။ သူ့ကျောင်း၏ ထက်ဝန်းကျင်၌ ပြိုးပြိုး ပြက်ပြက်အရောင်တွေ့ ယှက်သန်းနေသည်ကိုမြင်လျှင် တအံ့တသြ နှင့် ကောင်းကင်ပေါ် မော့ကြည့်လိုက်သောအခါ ဗြဟ္မာမင်းကို

မြင်လျှင် လက်အုပ် ချီလိုက်သည်။ ထိုအခါ ဗြဟ္မမင်းသည် သဘိယအား ဤသို့ ဆို၏။

"အချင်းသဘိယ၊ သင့်အတွက်၊ သင်ဖို့ ပြဿနာနှစ်ဆယ် ငါယူလာခဲ့သည်။ သည်ပြဿနာ နှစ်ဆယ်ကို သင်သည် တတ်မြောက်အောင် ငါထံမှ သင် ယူလော့။ ရဟန်းဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊မည်သူပင် ဖြစ်စေ သင်မေးလိုက်သော ဤပြဿနာများကို ဖြေဆိုနိုင်ခဲ့သော် ထိုသူ၏ထံတွင် တပည့်ခံလျက် မြတ်သော အကျင့်ကို သင် ကျင့်ပါလေ"

ဤသို့ ဆိုပြီးနောက် ဗြဟ္မာမင်းသည် သဘိယအား ပြဿနာ နှစ်ဆယ်တို့ကို ဌာန်ကရိုဏ်းကျကျ သင်ပေးလေ၏။သဘိယလည်း စိတ်ဝင်စားခြင်း ပြင်းစွာဖြင့် သင်ယူလေ၏။

တပည့်မွေးလာခဲ့သော ၊ဝါ၊တပည့်ရှာလာ ခဲ့သော သဘိယသည် ယခုအခါ ဆရာရှာဖို့အလှည့် ရောက်လာ၏။ ထိုအခါ သူသည် ဆရာကို ရှာကြည့်လေသည်။ "ငါ ဘယ်သူကို ဆရာ တင်ရမည်နည်း"

ဆရာအဖြစ်ဖြင့် သူကိုးကွယ်ဆည်းကပ်ရမည့်သူမှာ ဗြဟ္မာမင်း သင်ကြားပေးသည့် ပြဿနာနှစ်ဆယ်ပေါ်၌ တည်သဖြင့် အဘယ် ဆရာသည် သည်ပြဿနာများကို ဖြေနိုင်မည်နည်း

ဤသို့ တွေးကာတွေးကာနှင့်သဘိယသည်ထိုခေတ်ကိုသုံးသပ် ကြည့်လေ၏။ သည်ခေတ်တွင် အဘယ်သူတို့သည် ကျော်ကုန်သနည်း။ တော်ကုန်သနည်း။

ဆရာလိုက်ရှာနေသော သဘိယအား ဆရာရောင်ခြည် သန်းလေပြီလော့။ ထိုခေတ်တွင် တဟုန်းဟုန်း တောက်လောင်သော

မိုးပုံကြီးမျှားအလား အလွန် ထင်ရှားလှသည့် ခြောက်ဆူသော ဘုရားကြီးတို့ကို သူ တွေ့ရလေပြီကော။ ထိုဘုရားကြီးခြောက်ဆူတို့ကား-

(၁) ပူရဏကဿပ၊
(၂) မက္ခလိဂေါသာလ၊
(၃) အဇိတကေသကမ္ဗလ၊
(၄) ပကုဓကစ္စာယန၊
(၅) သဉ္စယပုတ္တသဉ္စယ၊
(၆) နိဂဏ္ဌနာဋပုတ္တ၊

ဤခြောက်ဆူတို့ ဖြစ်ကုန်၏။ သူတို့သည် "ငါတို့ ဘုရားဖြစ်ကုန်၏"ဟု မိမိကိုယ်မိမိ ဘုရားဟု ဝန်ခံ သမုတ်နေကြသူများဖြစ်လေသည်။

သဘိယသည် ထိုခြောက်ဆူသော ဘုရားတို့အား အတော် အထင်ကြီးသွားသည့် အားလျော်စွာ အလွန် အားကိုး လိုစိတ် များလည်း တဖွားဖွားဖြစ်ပေါ်လာသည်။

ထိုကြောင့် သူသည် ထိုဘုရားခြောက်ဆူတို့၏ကျောထောက် နောက်ခံ ခြေရုံ သင်းပင်းများကို အကဲခတ်ပြန်လေသောအခါ သာ၍သာ၍ပင် အထင်ကြီးစရာများ တွေ့လာသည်။ တဦးတဦး လျှင် တပည့်လက်သား အခြေအရံငါးရာစီ ရှိကြောင်းကို သိရ၍ မက ထိုဘုရားကြီးများသည် ဂဏအဖွဲ့အစည်း သီးခြားရှိသူများ

၁။ သဗ္ဗညုဓနာမယန္တိ ဓေဝံဒ္ဓိညာတာဓရော။ သုတ္တနိပါတ် အဋ္ဌကထာ၊ သဘိယသုတ္တဝဏ္ဏနာ၊ ၁၄၇၊ ဆဋ္ဌမ္ပေ။

ဖြစ်ကြသည်ဘုရားဟု ရဲဝံ့စွာ အမည်ခံနေသူများ ဖြစ်ကြသည်။ ဂိုဏ်းအုပ် ဂိုဏ်းချုပ်၊ ဥက္ကဋ္ဌကြီးများ ဖြစ်ကြသည်။ အခြေအရံကိုးကွယ်ဆည်းကပ်သူများ၌ လာဘ်လာဘရွှင်သူများ ဖြစ်ကြသည်။ နေလို လလိုလင်းသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြသည်။ အယူဝါဒနှင့် ပတ်သက်၍ ကူးမြောက်ရန် ကူးတို့ ဆိပ်ကြီးများသဖွယ် ဖြစ်ကြသည်။ သူခပ်သိမ်းတို့က "သူတော်ကောင်း" ဟု သမုတ်ခြင်းကို ခံရသူများဖြစ်ကြသည်။သူတို့သည် ငါ မေးအပ်သောပြဿနာများကို ဖြေဆိုနိုင်ကုန်လတံ့။ငါသူတို့ထံချဉ်းကပ်၍ မေးကြည့်လျှင် ကောင်းမည်။ ဖြေနိုင်လျှင် သူတို့ထံ ငါ တပည့်ခံမည်။

ဤသို့တွေးကာ သဘိယသည် အတော် ဝမ်းသာ သွားလေသည်။ ချက်ချင်းဆိုသလိုပင် သဘိယသည် ထိုခြောက်ဆူကုန်သော ဘုရားကြီးတို့ထံ ရှိသစ္စာ ချဉ်းကပ်လျက် သူပြဿနာများကို တင်ပြပြီး အဖြေတောင်းခံခြင်း ပြုလေသတည်း။

ထိုအခါ သဘိယအဖို့ နှမ်းထွက်နှင့် မှန်းချက်မကိုက်ဘဲ ဖြစ်နေသည်ကို ကွေ့ရသောအခါ စိတ်ပျက်လာသည်။ဘိက္ခု၊ သမဏ၊ ဗြဟ္မဏ၊ ပုဒ္ဓ စသည်တို့၏ ဃမိုင်းကြောင်းကို လှိုက်လဲစွာ တင်ပြ၊ ဆွေးနွေး၊ မေးမြန်းလေသောအခါ ထိုဘုရားအခေါ်ခံ ပူရဏကဿပ စသူတို့သည် သူမေးသော ပြဿနာကို အဖြေမပေးကုန်သည်သာမက သူ့ကိုပင် ပြန်၍ မေးလားမြန်းလား လုပ်ကြသောခြင့် သဘိယမှာ ပုထုဇဉ်သဘာဝ အလျောက် စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းများအထိ မဖြစ်တန်ဘဲလျက် ဖြစ်လာရ၏။ ဤအချက် ထိုအချက်များကြောင့် သဘိယသည် ထိုဘုရားကြီးများအပေါ် တွင် စိတ်အပျက်ကြီးပျက်လာလေတော့သည်။

ယိုကြောင့် သဘိယသည် မိမိ တင်ပြသော ပြဿနာများအဖြေ မရသည့်အတွက် စိတ်ဓာတ်အကြီးအကျယ် ကျဆင်းလာလေ၏။ လောကဌ် ဘုရားအဓေါခံနေသူများပင် ငါ မေးအံ့ဖီသော ပြဿနာများကို ပြေလည်အောင် ဖြေဆိုနိုင်သူ မပေါခဲ့။ ငါ ဘယ်သူကို ဆရာ တင်မည်နည်း။ ဘယ်သူထံ တပည့်ခံ၍ ငါ ကျင့်ကြံတော့မည်နည်း။ ငါ့ဘဝဆုံးပြီ။မြတ်သောအကျင့်ကို ကျင့်နိုင်ရန်အတွက် ငါ့အဖို့ တံခါးပိတ်ချေပြီ။ ဤအဝတ်ဖြင့် မနေထိုက်တော့ပြီ။ နှာ၍ ငါ့အဖို့ အဘယ်အကျိုးထူးတော့မည်နည်း။ကျင့်လိုသော အကျင့်မြတ်ကို ကျင့်ခွင့်မရသည့်အတူတူ လူဆွက်ပြီး ကာမစည်းစိမ်ကိုခံစားရသည်ကမူ အကျိုးရှိဦးမည်။ ပျော်ရွှင်စွာ နေရဦးမည်။ငါ လူထွက်တော့အံ့။

သဘိယသည် ပရိဗိုဇ်ဘဝကိုစွန့်၍ လူထွက်ရန် စိတ်ကူးသည်အထိ စိတ်ပျက်လာသည်။ ဤသို့လူထွက်ရ ကောင်းနိုးနိုး စိတ်လွှင့်နေစဉ်အတွင်း ဆူသည် ဂေါတမဘုရားကို တွေးမိလာလေသည်။

"ဩ ရဟန်း ဂေါဟမထိုတာ ရှိပါသေးကလား။ သူသည်လည်း ဘုရားဆိုဘဲ။ ဂဏအဖွဲ့အစည်းလည်း ရှိသတဲ့။ကိုဏ်းအုပ်၊ ကိုဏ်းချုပ် ဥက္ကဋ္ဌကြီး ဆိုဘဲ။နေလို လလို လင်းတဲ့ပုဂ္ဂိုလ်၊ အခြေအရံများတဲ့ ပုဂ္ဂိုလ်၊ အများက သူတော်ကောင်းဟုသမုတ်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ဆိုပါလား။ငါ့ပြဿနာများကို ရဟန်းဂေါတမထံ တင်ပြရလျှင် ကောင်းမည်။ သူ့ကို မေးရလျှင် ကောင်းမည်။ အို ရဟန်းဂေါတမထံချဉ်းကပ်၍ ငါမေးကို မေးကြည့်ဦးမည်"

ဤသို့ ဆုံးဖြတ်ပြီးကာမှ သဘိယအား အတွေးတမျိုးကပင်နှောက်လိုက်သဖြင့်ဦးစောက်ပြောင်းပြန်၊ လျှမ်းပြန်၍ ကျသွား

လေ၏။ "ရဟန်းဂေါတမကို မေးလို့ ဖြစ်မထင်ပါဘူး။ ဖြေနိုင်မယ် မထင်ပါဘူး။ အဘယ့်ကြောင့်ဆိုသော်သူအဖိုးအလောက် ရှိတဲ့ ဆောမဘုရားကြီးတွေတောင်မှ ငါ့ပြဿနာကို အဖြေမပေးနိုင်ကြပါဘဲလျက် မနေ့တနေ့ကမှ ရဟန်းဖြစ်လာတဲ့ ဂေါတမသည် ငယ်လှပါသေးသည်။ ဝါ၊ နုလှပါသေးသည်။ အလှဒန်ကြီးလေးလှသည့် ပြဿနာရပ်ကို သူကိုင်တွယ်နိုင်မှာ မဟုတ်။ ဟုတ်တိ ပတ်တိ သူဖြေနိုင်ရှာမည် မဟုတ်"

ဤအတွေးကြောင့် နှောင့်နှေး ဩဝါးပြန်လေ၏။ သို့သော် သူ့အသိဉာဏ်က သူ့အား အချိန်မီ ဖမ်းဆုပ်ထားလိုက်လေသည်။ "ရဟန်းဂေါတမသည် ဝါနဲ့သေးသည်ကား မှန်၏။ သို့သော် သူ့ကို အထင်မသေးအပ်။ သူ့ကို•လျှော့၍ မတွက်အပ်။ ရဟန်းဂေါတမကား အရွယ်နှင့်မမျှအောင်ပင် တန်ခိုးကြီးသူ၊ထင်ပေါ်ကျော်ကြားသူ၊ သူခပ်သိမ်းတို့၏ ယုံကြည်၊ ကိုးစားခြင်းကို ခံရသူ ဖြစ်လေသည်။ ငါမေးအပ်သော ပြဿနာ မျှားကို သူမဖြေသည့်တိုင်အောင် ငါ့အဖို့ အရှုံးမရှိနိုင်။ မေးမည်။ ငါ ရဟန်းဂေါတမကို မေးစမ်းကြည့်အုံးမည်" ဟူ၍ ယတိပြတ်ဆုံးဖြတ်လိုက်သတည်း။

ထိုအချိန်တွင် ဂေါတမ ရှင်တော်မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိလာပြီး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိနေ၏။ သဘိယသည် ဘုရားသခင်ရှိရာ ဝေဠုဝန်ကျောင်းတော်သို့ လိုက်သွားလေသည်။ဘုရားသခင်ထံတော်သို့ ဝင်ရောက်ဖူးမြော်မိလျှင်ဝမ်းမြောက်ဘွယ်စကား၊မှတ်လောက်သားလောက် စကားကို မြတ်စွာဘုရားနှင့်အတူတက္ခ ပြောဆိုသည်။

သဘိယသည် ဘုရားသခင်၏ သာယာလှစ္ဆာသော အသံတော်နှင့် ကြည်လင်သော မျက်နှာတော်ကို ကြားရ၊ ဖူးတွေ့ရလေသောအခါ သူ၏စိတ်အာရုံများသည် ဘေးသို့ ပုံလွှင့်ခြင်း အလျင်းမရှိလေတော့ဘဲ အလွန်ကြည်လင်သောအခြေ၌ ရပ်တည်လျက်ရှိနေ၏။ထိုအခါ သဘိယသည် ဂါထာတွဲတွဲရွတ်ကာ ဤသို့လျှောက်ခဲ့လေသတည်း။

သဘိယ။ ။အရှင် ဂေါတမ၊အကျွန်ုပ်.ပွင့်လင်းစွာလျှောက်ပါအံ့။ ငါမေးအံ့သောပြဿနာများကို ဖြေဆိုနိုင်သူ ပေါ်မူ ပေါ်ပါအုံးမလား၊ဟူ၍ အကျွန်ုပ်ယုံမှားစိတ် ဖြစ်ရှိနေခဲ့ပါသည်။ ဤပြဿနာများ၏ဆိုလိုချက်၊ အနက်အဓိပ္ပာယ်ကား မည်သို့ဖြစ်လေမည်နည်း၊ဟူ၍ စိတ်၌စနိုးစနောင့်နှင့် နေလာရပါသည်။ယင်းပြဿနာတို့ကို မေးလျှောက်ခြင်းငှာ အလွန်ထက်သန်လှသော မြော်လင့်ချက်ဖြင့် အကျွန်ုပ်ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ အရှင်ဂေါတမသည် ထိုပြဿနာတို့ကို ဆုံးခန်း တိုင်မြောက်အောင်ပြီးသို့ရောက်အောင် ပြုတော်မူပါ။ ပြဿနာများကို အရှင်ဂေါတမအား ကျွန်ုပ်တင်ပြပါအံ့။ အရှင်ဂေါတမသည်ကျွန်ုပ်၏ပြဿနာများကို ပြဿနာစဉ်အတိုင်း တရားနည်းလမ်းကျကျ အကျွန်ုပ်အား အဖြေပေးတော်မူပါလော့။ ကျွန်ုပ်၏ အားကိုးရာဖြစ်တော်မူပါလော့။

ဗုဒ္ဓ။ ။အချင်း သဘိယ၊ သင်သည် ပြဿနာတို့ကို ထွေးပိုက်လျက် ဝေးသောအရပ်မှ ငါ့ထံ ရောက်လာသူ ဖြစ်၏။ ငါသည် သင်၏ပြဿနာများကို ဖြေရှင်းပေးရန် တတ်နိုင်၏။ ပြဿနာများကို အစဉ်အတိုင်း အကန့်လိုက်အကန့်လိုက်၊တသန့်စီ

စနစ်တကျ ငါဖြေအံ့။သင်မေးလိုသော ပြဿနာကို ငါ့အား မေးလော့။ သင်၏ပြဿနာများ ပြီးဆုံးသည့်တိုင်အောင် ငါ ပို့ဆောင်ပေးပေအံ့။

ထိုသို့ ဗုဒ္ဓထံမှ ပဋိညာဉ်စကားကြားရသောအခါ သဘိယသည် သူဘကိုယ်လုံးကြွက်တက်သွားတော့မလောက်ဝမ်းမြောက်သွားလေသည်။ပညာရှိ သို့မဟုတ် ဘုရားဆိုသူတို့၏အကြောင်းကို ကောင်းကောင်းသဘောပေါက်လာသည်။

“အို အချင်းတို့၊အံ့ဘွယ်ကောင်းဘိခြင်း။မဖြစ်ဖူး ထူးဆန်းပါဘိခြင်း။ ငါသည် အခြားတပါးသောရဟန်း၊ ပုဏ္ဏားတို့ထံမှ ‘ဖြေအံ့’ဟူသော ပဋိညာဉ်စကားမျိုးကို အရိပ်အမြွက်မျှကိုပင် မကြားခဲ့ရဖူး၁ပ။ ထိုစကားမျိုးကို ရဟန်းဂေါတမထံ ကျခါမှ ငါကြားရတော့သည်။ ရဟန်းဂေါတမသည် ‘ငါဖြေအံ့’ဟူသော စကားကို ပြတ်သားစွာ မိန့်မြွက်၍ ငါ့အားဖြေမည်ဟု ကတိပေးလိုက်ပါပကော”

သဘိယသည်ကျိုသို့တွေးကာ ဝမ်းမြောက်သောစိတ်၊တက်ကြွသောစိတ်၊ နှစ်သက်ခြင်းပီတိဖြင့် ရွှင်ရွှင်အိသော စိတ်ရှိသည်ဖြစ်၍ သူ ထွေးပိုက် သယ်ဆောင်လာခဲ့သော ပြဿနာဝန်ထုပ်ကြီးကို ဖြေဖွဲ့၍ ဘုရားသခင်အား ဂါထာတပုဒ်လျှင် ပြဿနာလေးခုပြု၍၊ဂါထာငါးခုဖြင့် ပြဿနာနှစ်ဆယ်ကို မေးလျှောက်ခြင်း ပြုလေ၏။

သဘိယ။ ။အရှင်ဂေါတမ၊ (၁) ရဟန်း၊ ရဟန်းဟူ၍ ဆိုပါကုန်၏။ အဘယ်အရာမျိုးကို ရအပ်၊ ရောက်အပ်သူကို ရဟန်းဟု ဆိုပါကုန်သနည်း။ (၂) အဘယ်သို့သော သူကို

မွေ့လျော်သူဟု ဆိုပါကုန်သနည်း။ (၃) ဘယ်သူမျိုးကို ဆုံးမအပ်ပြီးသူဟု ဆိုပါကုန်သနည်း။ (၄) အဘယ်ပုဂ္ဂိုလ်မျိုးကို ဗုဒ္ဓဟု၍ ဆိုအပ်ပါသနည်း။

မြတ်စွာဘုရားသည် သဘိယမေးလျှောက်အပ်သော ပြဿနာများကို ပြဿနာတခုကို ဂါထာတခုပြုလျက် အရဟတ္တဖိုလ်တည်းဟူသော အထွတ်တပ်တော်မူ၍ ဂါထာ နှစ်ဆယ်တို့ဖြင့် ဖြေဆိုတော်မူလေ၏။

(၁) အချင်းသဘိယ၊ အဘယ်အရာမျိုးကို ရအပ်၊ ရောက်အပ်သူကို ရဟန်းဟုဆိုပါကုန်သနည်းဟူသော ပထမပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊ အကြင်သူသည် မိမိပဉ္စမများအပ်၊ ကျင့်သုံးဆောက်တည်အပ်၊ အားထုတ်အပ်သောမဂ်တရားဖြင့် ကိလေသာခပ်သိမ်းမှ ငြိမ်းခြင်းသို့ရောက်၏။ ယင်းသို့ငြိမ်းသည်အဖြစ်ကြောင့်လည်း ယုံမှားခြင်းကို လွန်မြောက်လေ၏။ ပျက်စီးခြင်းအဖုံဖုံ၊ ပြည့်စုံခြင်းအသွယ်သွယ်၊ ဆုတ်ယုတ်ခြင်းအခြားခြား၊ ကြီးပွားခြင်း အဝဝနှင့်တကွ ဥစ္ဆဒဝါဒ၊ သဿတဝါဒ၊ ကောင်းမှု၊ မကောင်းမှုအားဖြင့် ပြားသောဘဝစည်းစိမ်ကိုငဲ့၊ ဘဝကိုငဲ့ဖြတ်တောက်ခြင်းအကျိုးငှာ မဂ်ဖြင့် နေခြင်းကိုပြု၏။ ကျင့်သုံးအပ်ပြီးသော မဂ်ကိစ္စ၊ ဖိုလ်ကိစ္စသည်းရှိ၏။ ဘဝသစ်၌ တဖန်ဖြစ်ခြင်းလည်း မရှိတော့ပြီ။ ဤသို့ ဤသို့သော ဂုဏ်ပုဒ်တို့ဖြင့် ထုတ်ဖော် ချီးကျူးခြင်းကို ခံထိုက်၏။ ထိုသူကို ရဟန်းဟု ဆိုကုန်၏။

(၂) အချင်းသဘိယ၊ အဘယ်သို့သောသူကိုမွေ့လျော်သူဟု ဆိုပါကုန်သနည်းဟူသော ဒုတိယပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊အကြင်သူသည် ရူပါရုံအစရှိသောအာရုံတို့၌ "ရူပါရုံ၊ ရုပ်ဆင်းသဏ္ဌာန်တခုခုကို မျက်စိဖြင့် မြင်သည်ရှိသော် ဝမ်းသာခြင်းလည်းမဖြစ်။ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းလည်းမရှိ" ဤသို့ဖြစ်သော ဥပက္ခာစိတ်ဖြင့် လျစ်လျူရှု၏။ ပြန့်ပြာသည်၏ အဖြစ်သို့ရောက်သောသတိဖြင့် သတိရှိသူဖြစ်၏။ သတ္တဝါခပ်သိမ်းတို့အပေါ်၌ နိုင်လိုမင်းထက် နှိပ်စက်ခြင်းကို သူမပြု။ သြဃလေးပါးမှ လွတ်ထွက်ကူးမြောက်ပြီးဖြစ်၏။ မကောင်းမှုခပ်သိမ်းကို ငြိမ်းသတ်ပြီးဖြစ်၏။ နှလုံးမူးနောက်၊ ဥိးနှောက်ခြောက်ဘွယ်ဟူသမျှ ဖြတ်တောက်ပယ်ရှားပြီးဖြစ်၏။ ကြမ်းကုန်၊ နှကုန်သော ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ ကိလေသာဒုစရိုက်ဟူဆိုအပ်ကုန်သော တရားတို့သည် အကြင်သူအားမရှိကုန်။ ထိုသူသည် ဤဥပက္ခာမှု လျစ်လျူရှု၍ နေသည်၏ အဖြစ်ဖြင့်ရှင်း၊ ဤသတိ၏ ပြန့်ပြာသည်၏ အဖြစ်ဖြင့်ရှင်း၊ ဤညှဉ်းဆဲခြင်းကင်းသည်၏ အဖြစ်ဖြင့်ရှင်း၊ အကျင့်ပျက်ခြင်းမှ ကောင်းစွာပြတ်ကင်းသည်၏ အဖြစ် ဖြင့်ရှင်း၊ ဤသြဃ အစရှိသော အထူးထူးသော ကိလေသာတို့မှ ငြိမ်းအေးခြင်းဖြင့်ရှင်း မေ့လျော့၏။ အချင်းသဘိယ၊ ဤသို့သော ပဂိုဂ္ဂိုလ်မျိုးကို မေ့လျော့သူဟုဆိုကုန်၏။

(၃) အချင်းသဘိယ၊ အဘယ်သို့သော သူမျိုးကို ဆုံးမအပ်ပြီးသူဟု ဆိုပါကုန်သနည်းဟူသော စတုတိယပြဿနာ၌ အဖြေသော်ကား-

အချင်းသဘိယ၊ အကြင်သူ၏ အတွင်း အဇ္ဈတ္တသန္တာန်၌လည်းကောင်း၊ အပြင်ဗဟိဒ္ဓသန္တာန်၌သည်းကောင်း၊ အလုံးစုံ

သော ကိုယ်ကာယလောကဌ် စက္ခုစသော ဣန္ဒြေတို့ကို ဤကား အာနိစ္စ၊ ဤကား ဒုက္ခ၊ ဤကား အနတ္တဟု လက္ခဏာရေးသုံးပါးဌ် တင်၍ ပွားများအပ်ကုန်၏။ ဤမိမိ၏ သန္တတိခန္ဓာလောကကို လည်းကောင်း၊ သူတပါး၏ သန္တတိခန္ဓာလောကကိုလည်းကောင်း ထူးသော ဉာဏ်ဖြင့် ထွင်းဖောက်သိ၍ သေရမည့် ကာလကို မျှော်လင့်၏။ သေရမည်ကို သူမကြောက်။ ထိုသူသည် ပွားများအပ်သော ဣန္ဒြေရှိသည်ဖြစ်၍ ဆုံးမအပ်ပြီးသူဟု ဆိုကုန်၏။

(၄) အချင်း သဘိယ၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ဘုရားဟု ဆိုအပ်သနည်းဟူသော စတုတ္ထ ပြဿနာဌ် အဖြေသော်ကား-

အချင်းသဘိယ၊ အကြင်သူသည် အလုံးစုံသောကပ်၊ ကမ္မာတို့ကိုလည်း ဤမည်သောကပ်ဌ် ငါသည် ထိုအမည်ရှိသူ ဖြစ်ခဲ့ဘူးပြီ စသည်ဖြင့် သုံးသပ် ဝေဖန်နိုင်ရာ၏။ သံသရာကိုလည်း သုံးသပ်ဝေဖန်နိုင်ရာ၏။ သတ္တဝါတို့၏ စုတေ၊ ကွယ်လွန်ပုံနှင့် သတ္တဝါတခု ပြန်၍ ဖြစ်လာပုံ၊ ဤနှစ်ပါးစုံကိုလည်း သုံးသပ် ဝေဖန်နိုင်ရာ၏။ ရာဂအစရှိသော မြူလည်းမရှိ။ မရှိသောကြောင့် အထူးသဖြင့် စင်ကြယ်၏။ ဇာတိ၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်သို့ ရောက်၏။ ဤလောကုတ္တရာ ဝိပဿနာအား ဖြင့် ခုတူပပါတဉာဏ် အသိနှင့် ပြည့်စုံသောကြောင့်ဌင်း၊ ရာဂစသော မြူတို့မှကင်းသော အားဖြစ် ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးသည်၏ အဖြစ်ကြောင့်ဌင်း၊ ထိုအကျင့်တရားဖြင့် ဇာတိကုန်ဆုံးရာနိဗ္ဗာန်သို့ ရောက်သော ထိုသူကို ဗုဒ္ဓဟူ၍ ဆိုအပ်၏။

ဗုဒ္ဓသည် သဘိယ၏ ပြဿနာကို ဂါထာလေးပုဒ်တို့ဖြင့် တသန့်စီခဲ့၍ ဖြဆိုတော်မူလျှင် သဘိယသည် များစွာနှစ်ထောင်း

အားရ ရှိလှုလှုန်းသော အမူအရာဖြင့် ကျန်ပြဿနာများအတွက် ဆက်၍ အဖြေတောင်းခံပြန်ရလေ၏။

သဘိယ။ ။အရှင်ဂေါတမ၊ (၁) ပြာဟ္မဏ၊ ပြာဟ္မဏဟူ၍ ဆိုပါကုန်၏။အဘယ်သို့ရောက်အပ်၊ ရအပ်သူကို ပြာဟ္မဏဟု ဆိုပါကုန်သနည်း။ (၂) အဘယ်သို့သောပုဂ္ဂိုလ်မျိုးကို သမဏဟူ၍ ဆိုပါကုန်သနည်း။ (၃) အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ကိုလေသာတို့မှ စင်ကြယ်သည်ဟု ဆိုပါကုန်သနည်း။ (၄) အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ဆိုပါကုန်သနည်း။

(၁) အချင်းသဘိယ၊ အဘယ်သို့ ရောက်အပ်၊ ရအပ်သူကို ပြာဟ္မဏဟု ဆိုပါကုန်သနည်းဟူသော ပထမပြဿနာ၌ အဖြေသော်ကား-

အချင်းသဘိယ၊ အကြင်သူသည် ပါပညစ်ကျူ မကောင်းမှုဟူဟူသမျှတို့ကို စတုတ္ထမဂ်ဖြင့် ပယ်၍ တည်၏။ မကောင်းမှုမှ အပ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့် သန့်စင်၏။ ကင်းသော အညစ်အကြေး ရှိ၏။ သူတော်ကောင်းတရား၌ ဆောက်တည်လျက် တည်၏။ သံသရာငင်လယ်ရပ်ကို ကူးခပ် လွန်မြောက်ပြီးဖြစ်၏။ မဂ်ကိစ္စ၊ ဖိုလ်ကိစ္စအားလုံးကို အပြီးအစီးဆောင်ရွက်ပြီးဖြစ်၏။ တဏှာဒိဋ္ဌိစသော အမှိုအတွယ်မှ ကင်း၏။ မည်သည့် လောကဓံတရားမျိုးနှင့် ရင်ဆိုင်ရစေကား၊ အနည်းငယ်မျှပင် တုန်လှုပ်ချောက်ချားခြင်းမရှိ၊ ကျိသို့ကျိသို့သော ဂုဏ်ထူးဝိသေသတို့ဖြင့် ချီးကျူးထိုက်သော၊ ကိလေသာအညစ်အကြေး လူးလဲပေကျံခြင်း မရှိသဖြင့် မြတ်သည်၏ အဖြစ်သို့ရောက်သော၊ အမြတ်

စာရင်းတွင် အကျုံးဝင်သော ပုဂ္ဂိုလ်မျိုးကို 'ပြာဟ္မဏ'ဟူ၍ ခေါ်ဆိုကြကုန်၏။ ဤသို့ မှတ်လော့ သဘိယ။

(၂) အချင်း သဘိယ၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို သမဏဟု ဆိုပါကုန်သနည်းဟူသော ဒုတိယပြဿနာ၌ အဖြေသော်ကား-

အချင်းသဘိယ၊ အကြင် ပုဂ္ဂိုလ်သည် ကိလေသာတို့ကို ငြိမ်းစေလျက် တည်၏။ ကောင်းမှု မကောင်းမှု၊ ကုသိုလ် အကုသိုလ်ကို ပယ်ပြီး ဖြစ်၏။ ကင်းသော ကိလေသာမြူလည်း ရှိ၏။ ဤမိမိ သန္ဓတိ ခန္ဓာလောကကိုဌင်း၊ သူတပါး၏ သန္ဓတိ ခန္ဓာလောကကိုဌင်း၊ ထူးသောဉာဏ်ဖြင့် ထိုးထွင်းသိ၍ဇာတိ-ပဋိသန္ဓေနေခြင်း၊ မရဏ-သေခြင်းကို လွှန်မြောက်၏။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်မျိုးကို သမဏဟူ၍ ဆိုကုန်၏ ဟူ၍ ဤသို့ မှတ်လေလော့ သဘိယ။

(၃) အချင်း သဘိယ၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ကိုလေသံမှ စင်ကြယ်သူဟု ဆိုပါကုန်သနည်းဟူသော တတိယပြဿနာ၌ အဖြေသော်ကား-

အချင်းသဘိယ၊ အကြင်သူသည် အဇ္ဈတ္တ ဗဟိဒ္ဓ=အတွင်းအပြင်ဟု ဆိုအပ်သော အာယတနလောကအားလုံး၌ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံ၏ အစွမ်းအားဖြင့် ဖြစ်ထိုက်ကုန်သော မကောင်းမှု ဟူသမျှတို့ကို မဂ်ဉာဏ်တည်းဟူသော ရေစင်ဖြင့် စင်ကြယ်အောင် ဆေးကြောခြင်းပြု၏။ ထိုသို့ စင်ကြယ်စွာ ဆေးကြောအပ်ပြီး ဖြစ်သောကြောင့် နတ်လူတို့သည် တကျော်ဒိဋ္ဌ အမှုံးအခြယ် အစီအရင်တို့ဖြင့် မှုံးခြယ်၊ စီရင်ကြကုန်သော်လည်း

မှီးခြယ်ရာသို့ မဆောက်ဘဲ ရှိလေ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ကိလေသာမှ စင်ကြယ်သူဟု ဆိုကုန်၏ ဟူ၍ မှတ်လေလော့ သတိယ။

(၄) အခြင်း သတိယ၊ အာဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ဆိုပါကုန်သနည်းဟူသော စတုတ္ထပြဿနာ၌ အဖြေသော်ကား-

အခြင်းသတိယ၊ အကြင်သူသည် အနည်းငယ်မျှဖြစ်သော် မကောင်းမှုဟု ဆိုအပ်သော အပြစ်ကို မပြု။ ကာမသံယောဇဉ် စသော သံယောဇဉ်အားလုံးကိုလည်းကောင်း၊ သံယောဇဉ်ကြိုး ဆယ်မျိုးသော အနှောင်အဖွဲ့တို့ကိုလည်း ကောင်းစွာ စွန့်လျက် ခပ်သိမ်းသောခန္ဓာ စသည်တို့၌ တစုံတခုသော ငြိကပ်ခြင်းဖြင့် စီရင်ခြင်းကို သူ မပြု၊ သံယောဇဉ်နှင့် သံယောဇဉ နှစ်ပါးတို့မှ လွတ်၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ဆိုကုန်၏ ဟူ၍ မှတ်လေလော့ သတိယ။

ဤသို့လျှင် ဒုတိယဂါထာဖြင့် မေးလျှောက်သော သတိယ၏ ပြဿနာလေးချက်ကို ဂါထာလေးခုတို့ဖြင့် တခုစီ ကန့်၍ ကန့်၍ ဖြေဆိုတော် မူလိုက်သောအခါ သတိယသည် အလွန်အကျူး အထူးဝမ်းမြောက်ခြင်း ဖြစ်လာသည်။ နှစ်သိမ့် ကျေနပ်မှုအပြည့်ဖြင့် ကျန်ရှိနေသေးသော ပြဿနာများအတွက် ဗုဒ္ဓထံတော်၌ အဖြေများကို ဆက်၍ တောင်းခံပြန်လေ၏။

သတိယ။ ။အို အရှင်ဂေါတမ၊ (၁) အာဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ခေတ်ကို အောင်နိုင်သူဟု ဘုရားသခင်တို့ ဟော တော်မူပါကုန်သနည်း။ (၂) အာဘယ်ကို ကုသိုလ်ဟု ဆိုပါ

ကုန်သနည်း။ (၃) အဘယ်ကို ပဏ္ဍိတဟု ဆိုပါကုန်သနည်း။ (၄) အဘယ်ကို မုနိဟု ဆိုပါကုန်သနည်း။

(၁) အချင်း သဘိယ၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို ခေတ်ကို အောင်နိုင်သူဟု ဘုရားသခင်တို့ ဟောပါကုန်သနည်း ဟူသော ပထမပြဿနာ၌ အဖြေသော်ကား အကြင်သူသည် နတ်၌ဖြစ်သော တည်ရာ၊ ဘဝ၊ ကံ၊ လူ၌ဖြစ်သော တည်ရာ၊ ဘဝ၊ ကံ၊ ဗြဟ္မာ၌ဖြစ်သော တည်ရာ၊ ဘဝ၊ ကံ ဟု ဆိုအပ်သော အကြွင်းမဲ့ အလုံးစုံသော ကံဟု ဆိုအပ်သော ခေတ်တို့ကို လွှမ်းမိုး အောင်နိုင်၏။ နတ်ခေတ်၊ လူခေတ်၊ ဗြဟ္မာခေတ် (နတ်ကံ၊ လူကံ၊ ဗြဟ္မာကံ)ကို နှောင်ဖွဲ့တတ်သော နှောင်ကြိုးအမျိုးမျိုးမှ အောင်မြင်စွာ လွတ်မြောက်ပြီး ဖြစ်၏။ ထို့ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ခေတ်ကို အောင်နိုင်သူဟု ဘုရားသခင်တို့ ဟောတော်မူကုန်၏ ဟူ၍ မှတ်လေလော့ သဘိယ။

(၂) အချင်းသဘိယ၊ အဘယ်ကို ကုသိုလ်ဟူ ဆိုပါကုန်သနည်း ဟူသော ဒုတိယပြဿနာ၏ အဖြေသော်ကား-

အချင်းသဘိယ၊ ဘဏ္ဍာ ဟူ၍ ရှိ၏။ ဘဏ္ဍာတို့က် ဟူ၍ ရှိ၏။ ဘဏ္ဍာတို့က်သည် ဘဏ္ဍာများ ထားသိုရာ အဆောက်အဦ ဖြစ်၏။ ၎င်းဘဏ္ဍာတို့က်ကို ကောဿ၂ ဟူ၍ ခေါ်၏။

၁။ ခေတ္တာနီတိ အာယတနာနိ ဝုစ္စန္တိ။ ။ဒေဝူပဓံကမံ ဒိဗ္ဗံ။ (သုတ္တနိပါတ် အဋ္ဌကထာ၊ သဘိယ သုတ္တ ဝဏ္ဏနာ၊ ၁၅၃၊ ဆဋ္ဌမ။)

၂။ ကောသောဝုစ္စတိဘဏ္ဍာရံ၊ အင်္ဂုတ္တိရ် အဋ္ဌကထာ။

အချင်းသဘိုယ၊ လူ၊ နတ်၊ ဗြဟ္မာ ဟုဆိုအပ်သော သတ္တဝါသည် ဘဏ္ဍာနှင့် အလားတူ၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ဘဏ္ဍာတို့က်နှင့် အလားတူကုန်၏။ ဘဏ္ဍာသည် ဘဏ္ဍာတို့က်၌ တည်သကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာဟု ဆိုအပ်သော သတ္တဝါတို့သည် ကုသိုလ်ကံ၊ အကုသိုလ်ကံ၌ တည်ကုန်၏။

အချင်း သဘိယ၊ အကြင်သဘောတရားသည် လူ၊ နတ်၊ ဗြဟ္မာတို့၌ ဖြစ်ထိုက်သော ကုသိုလ်၊ အကုသိုလ် အားလုံးကို အမြစ်မှပြုတ်အောင် ဖြုတ်ပယ်တတ်၏။ အလုံးစုံသော ကောသ=ကုသိုလ်၊ အကုသိုလ် အနှောင်အဖွဲ့မှ လွတ်မြောက်၏။ထိုသဘောတရားကို ကုသိုလ်ဟု ဆိုကုန်၏ဟူ၍ မှတ်လေလော့။

(၃) အချင်းသဘိယ၊ အဘယ်ကို ပဏ္ဍိဘာဟု ဆိုကုန်ပါသနည်း ဟူသော တတိယပြဿနာ၌ အဖြေသော်ကား-

အချင်း သဘ္ဘိယ၊ အကြင်သူသည် ညစ်ကြေးမတင် စင်ကြယ်သော ပညာရှိသည် ဖြစ်၍ အဇ္ဈတ္တဗဟိဒ္ဓ၊ အတ္တင်း အပြင် နှစ်ပါးဌာနဖြစ်ကုန်သော အာယတနတို့ကို အနိစ္စ၊ ဒုက္ခ၊အနတ္တ၏ အစွမ်းအားဖြင့် ခဲ့ခဲ့ခြားခြား စိစစ်နိုင်စွမ်း ရှိ၏။ မကောင်းမှု=ကဏှ၊ ကောင်းမှု=သုက္ကကို လွန်၍ ဖြစ်၏။ ထိုသူကို ပဏ္ဍိတဟု ဆိုကုန်၏ ဟူ၍ မှတ်လေလော့။

(၄) အချင်းသဘိယ၊ အဘယ်ကို မုနိဟု ဆိုပါကုန်သနည်း ဟူသော စတုတ္ထပြဿနာ၌ အဖြေသော်ကား-

---

၁။ ကောသာနိတိကမ္မာနိဝုစ္စန္တိ၊ သုတ္တနိပါတ် အဋ္ဌကထာ ၁၅၃။

အချင်း သဘိယ၊အကြင်သူသည် အတွင်းဌာနဉာဏ်၊အပြင်ဌာနဉာဏ်၊ လောကအားလုံးဌာနဉာဏ်ဖြစ်သော မြဲသောသဘော၊ မမြဲသောသဘောကို သိ၏။ထို့သို့ သိလေသောကြောင့် နတ်လူတို့၏ ပူဇော်ခြင်းကို ခံထိုက်၏။ တက္ကာဒိဋ္ဌိ တည်းဟူသော ပိုက်ကွန်မှလွတ်မြောက်ပြီးဖြစ်၏ ထို့သူကို မုနိဟု ဆိုကုန်၏ ဟူ၍မူတ်လေလော့။

သဘိယပရိဗိုဇ်သည် ဤတတိယဂါထာဖြင့် ဘုရားသခင်အားပြဿနာလေးခုကို မေး၏။ သူမေးအပ်သော ပြဿနာအတွက် ဘုရားသခင်ထံတော်မှ အဖြေမျှားထွက်လာသော၊အခါ မျှားစွာနှစ်ထောင်းအားရဖြစ်လာသည့်အလျောက် ကျန်ပြဿနာမျှားကို ဆက်၍ မေးလျောက်ပြန်လေ၏။

သဘိယ။ ။အို အရှင်ဂေါတမ၊(၁) အဘယ်ပုဂ္ဂိုလ်မျိုးကို ဝေဒဂူဟု ဆိုပါကုန်သနည်း။ (၂) အဘယ် ပုဂ္ဂိုလ်မျိုးကို အနုဗုဒ္ဓ[၁] (သစ္စာလေးပါးကိုသိသော အရိယာ)ဟု ဆိုကုန်ပါသနည်း။ (၃) အဘယ်ပုဂ္ဂိုလ်မျိုးကို ဇဲ၊ လုံလ၊ ဝီရိယရှိသူ၊ အားထုတ်သူဟု ဆိုပါကုန်သနည်း။ (၄) အဘယ်ပုဂ္ဂိုလ်မျိုးကို အာဇာနည်ဟု ဆိုပါကုန်သနည်း။

(၁) အချင်းသဘိယ၊ အဘယ်ပုဂ္ဂိုလ်မျိုးကို ဝေတဒဂူဟု ဆိုပါကုန်သနည်းဟူသော ပဌမပြဿနာ၌ အဖြေသော်ကား-

အချင်းသဘိယ၊ ဤလောက၌ ကျမ်းဟု သတ်မှတ်ထားအပ်ကုန်သော ဝေဒကျမ်းတို့သည်ရှိကုန်၏။ အကြင်သူသည် ထိုဝေဒကျမ်းအားလုံးတို့ကို ချောက်ချားနိုင်စွမ်းရှိ၏၊ ကျမ်းကျင် လိမ္မာ

၁။ အနုဝိဒိတောဟိ အနုဗုဒ္ဓေါဝုစ္စတိ၊ သုတ္တန်ပါတ် အဋ္ဌကထာ ၁၅၅။

ခြင်းနှင့် ပြည့်စုံ၏။ ဝေဒနာခပ်သိမ်းတို့၌ ကင်းသော ဆုဂရှိ၏။ ဝေဒကျမ်းအားလုံးကို လွန်မြောက်ပြီးဖြစ်၏။ထိုသူကို ဝေဒဂူဟု ဆိုကုန်၏ဟူ၍ မှတ်မလေလော့။

(၂) အချင်းသဘိဟ၊ အဘယ်ပုဂ္ဂိုလ်မျိုးကို အနုဗုဒ္ဓ ဟု ဆိုပါကုန်သနည်း ဟူသော ပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊ အကြင်သူသည် သံသရာကို ခွဲထွင်တတ်သော ပပဉ္စတရား၏ အကြောင်းကိုဌင်း၊ ရုပ်၊နာမ် တို့၏ အကြောင်းကိုဌင်း၊ အဇ္ဈတ္တဗဟိဒ္ဓ အတွင်း အပြင်၌ ဖြစ်သော နာမ်ရောဂါ၏ရင်းမြစ်၊ ရုပ်ရောဂါ၏ ရင်းမြစ်ကိုဌင်း ထိုးထွင်း ဉာဏ်ဖြင့်သိ၏။ အလုံးစုံသော နာမ်ရောဂါ၊ ရုပ်ရောဂါတို့၏ ဖြစ်ပုံးရာ မူလဘူတ ပင်မအနှောင်အဖွဲ့တို့မှ လွတ်မြောက်ပြီးဖြစ်၏။ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို "အနုဗုဒ္ဓ" ဟုဆိုကုန်၏ ဟူ၍ မှတ်ဆု၏။

(၃) အချင်းသဘိယ၊ အဘယ်ပုဂ္ဂိုလ်မျိုးကို ဇွဲ၊လုံ့လ၊ဝီရိယရှိသူ၊ အားထုတ်သူဟု ဆိုပါကုန်သနည်း ဟူသော တတိယ ပြဿနာ၌ အဖြေသော်ကား—

အချင်း သဘိယ၊ အကြင်သူသည် ခပ်သိမ်းသော မကောင်းမှု ဟူဟူသမျှတို့မှ ရှောင်ကြဉ်၏။ ဤသို့ ရှောင်ကြဉ် သောကြောင့် နောက်ထပ်တဖန် ပဋိသန္ဓေ နေဘုယ်မရှိတော့သဖြင့် နိဝိယဒုက္ခဟု ဆိုအပ်သောဘဝရဲ၌ ကျခံရခြင်း ဆင်းရဲကို လွန်မြောက်၍ အရိယာတို့၏ နေခြင်းဖြင့် နေရ၏။ အာသဝေါ ကုန်ခန်း ရဟန္တာဟုခေါ်ထိုက်၏။ ကိလေသာ ရန်သူကိုနာလန်မထူးခြင်း မပြုနိုင်အောင် အကြင်းမဲ့ ဖျက်ဆီးနိုင်စွမ်း ရှိသောကြောင့် ဓိရ

ဂုဏ်နှင့်ပြည့်စုံ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ဇဲ့၊လှုံလ၊ဝီရိယ ရှိသူ၊ အားထုတ်သူဟု ဆိုကုန်၏။ဟူ၍ မှတ်ရာ၏။

(၄) အချင်းသဘိယ၊အဘယ်ပုဂ္ဂိုလ်မျိုးကို အာဇာနည်ဟု ဆိုပါကုန်သနည်းဟူသော စတုတ္ထပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊ အကြင်ပုဂ္ဂိုလ်အား သံယောဇဉ် အနှောင် အဖဲ့၊ ရာဂ စသော အနှောင်အဖဲ့တို့သည် ပြတ်ကုန်ပြီ ဖြစ်၏။ အဇ္ဈတ္တ ဗဟိဒ္ဓ အတွင်းအပြင်၌ နှောင်ကြိုး အားလုံးတို့ကို ပညာ တည်းဟူသော ဓားဖြင့် ဖြတ်အပ်ကုန်၏။အလုံးစုံသော အနှောင် အဖဲ့အမျိုးမျိုးတို့မှ လွတ်လွတ်ကျတ်ကျတ် လွတ်မြောက်ပြီး ဖြစ်၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို အဇာနည်ဟုဆိုကုန်၏ ဟူ၍ မှတ်ရာ၏။

ထိုအခါ သဘိယသည် ငါးခုမြောက်ဖြစ်သော ဂါထာဖြင့် ပြဿနာလေးပုဒ်ကို နောက်ဆုံး မေးလျှောက်လေ၏။

သဘိယ။ ။အို အရှင်ဂေါတမ၊ (၁) အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို နာကြားပြီ သူဟု ဆိုပါကုန်သနည်း။(၂)အဘယ် သို့သောပုဂ္ဂိုလ်မျိုးကို အရိယာဟုဆိုပါကုန်သနည်း။(၃)အဘယ် သို့သောပုဂ္ဂိုလ်မျိုးကို စရဏဟု ဆိုပါကုန်သနည်း။ (၄)အဘယ် သို့သော ပုဂ္ဂိုလ်မျိုးကို ပရိဗိုဇ်ဟု ဆိုပါ ကုန်သနည်း။

ဗုဒ္ဓ။ ။အချင်းသဘိယ၊ (၁) အဘယ်သို့သော ပုဂ္ဂိုလ် မျိုးကို နာကြားပြီးသူဟု ဆိုပါကုန်သနည်း ဟူသော ပထမ ပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊ကျွန်ုပ်လောက၌ အကြင်သူသည် သုတမယပညာ ကိစ္စ၏ အစွမ်းအားဖြင့်နာကြား၏။ဝိပဿနာ၏ အခြေခံဖြစ်သော

တရားအားလုံးကို အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် ထူးသော ဉာဏ်ဖြင့် သိ၏။ အလုံးစုံသော ခန္ဓာ၊ အာယတနစသော တရားတို့၌ ဘေးရန်မရှိ ဖြစ်၏။ ကိလေသာ အနှောင်အဖွဲ့ အားလုံးတို့မှ လွတ်မြောက်ပြီး ဖြစ်၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို နာကြားပြီးသူဟု ဆိုကုန်၏ဟူ၍ မှတ်ရာ၏။

(၂) အချင်းဆဘိယ၊ အဘယ်သို့သော ပုဂ္ဂိုလ်မျိုးကို အရိယာဟု ဆိုပါကုန်သနည်း ဟူသော ဒုတိယ ပြဿနာ၌ အဖြေသော်ကား—

အချင်းသဘိယ၊ လေးပါးသော အာသဝေါတရားတို့ကိုဝင်း၊ နှစ်ပါးသော ဘဝဇာဏ် ဝိဘဝဂဏ္ဌာတို့ကိုဝင်း ပညာတည်းဟူသော သန်လျက်ခြားဖြင့်ဖြတ်၍ အသိဉာဏ်ရှိသော ပုဂ္ဂိုလ်သည် တဖန်ဘဝသစ်၌ ဖြစ်ခြင်းအစွမ်းအားဖြင့် အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသို့ မကပ်ရောက်၊ ကာမဂုဏ်ဟု ဆိုအပ်သော ညှဉ်ဖွက်ထဲ၌ နှစ်မြှုပ်ခြင်း မရှိ၊ အာသဝေါ တရားတို့ကြောင့် တုန်လှုပ်ခြင်း အလျင်းမရှိ။ အကုသိုလ်တို့မှ ဝေး၏။ ထို ပုဂ္ဂိုလ်မျိုးကို အရိယာဟု ဆိုကုန်၏ ဟူ၍ မှတ်ရာ၏။

(၃) အဲ့ချင်းသဘိယ၊ အဘယ်ပုဂ္ဂိုလ်မျိုးကို စရဏဟု ဆိုပါကုန်ဘနည်းဟူသော တတိယ ပြဿနာ၌ အဖြေသော်ကား—

သချင်းသဘိယ၊ ဤဝါဒရား သာသနာတော်၌ အကြင်သူသည် သီလ စသည်တို့ကို ကျင့်သုံးခြင်းဟူသော အကျင့်ကြောင့် ရောက်အပ်သော အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုသို့ခမ္မကိစ္စတို့၌ လိမ္မာ၏။ သင့်မသင့်၊ ဒလျှာ် မဒလျှာ်ကို သိမြင် ချုပ်ငြိမ်းဘတ်၏။ ခန္ဓာစသော တရားအားလုံးတို့၌ တွယ်တာ ငြိကပ်ခြင်း

မရှိ။ သန့်စင်စွာ လွတ်မြောက်ပြီးသောစိတ် ရှိ၏။ ထိုသူအား အနိုးကပ် ပူးသတ်မည့် ဘေးရန် အန္တရာယ်တို့လည်း မရှိကုန်။ ထိုပုဂ္ဂိုလ်ကို စရဏဟု ဆိုပါကုန်၏။ ဟူ၍ မှတ်ရာ၏။

(၄) အချင်းသဘိယ၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟု ဆိုအပ်သော ကာလသုံးပါးစလုံး၌ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော အကြောင်အမှုသည်ရှိ၏။ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သော ထိုအမှုအားလုံးကို စွန့်၍၊ ပညာဖြင့် ဖြတ်တောက်၍ လှည့်လည်လေ ရှိ၏။ ဤသူသည် မာန်ထောင်လွှားခြင်း၊ လောဘ ရမက် တပ်ခြင်း၊ ဒေါသထွက်ခြင်းလည်း မရှိ။ နဲဝမ်ရုပ်၏အဆုံး နိဗ္ဗာန် ရောက်ကြောင်း အမှုကိုပြု၏။ ထိုပုဂ္ဂိုလ်ကို ပရိဗိုဇ်ဟုဆိုကုန်၏။ ဟူ၍ မှတ်ရာ၏။

သဘိယ ပရိဗိုဇ်သည် မိတ်ဆွေးဟောင်း သွေးသောက် ရောင်းရင်း ဗြဟ္မာမင်းက သင်ကြား ပို့ချပေးထားသော ပြဿနာ နှစ်ဆယ်ကို ပိုက်၍ ဖြေဆိုနိုင်မည့်သူကို လိုက်ရှာလာခဲ့ရာ ယင်း ပြဿနာများ ဖြေဆိုနိုင်သူ တဦးတယောက်မျှ မတွေ့လေသည့် အဆုံးတွင် ဂေါတမရှင်တော်ဘုရားထံ ချဉ်းကပ်၍ မေးလျှောက် လေသောအခါ အဖြေကို ဂုရှိလေသဖြင့် များစွာ နှစ်ထောင်း အားရ ပီတိဖြစ်သောမနဿ ဖြစ်လာသဖြင့် ထိုင်ရာမှထ၊ သင်္ကန်းကို လက်ကန်ဘောင်းလျက် ဘုရားသခင်အား လက်အုပ်ချီပြီးလျှင် ဤသို့သော ဂါထာတို့ဖြင့် ချီးကျူးစကား လျှောက်ထားခြင်း ပြုလေသတည်း။

"ဆင်းရဲ၏ ဆုံးရာ၊ခေမာနိဗ္ဗူ၊သောင်ကမ်းငူသို့ ရောက်တော် မူငဲလပြီးသူ အိုပါရဂူ၌ရှင်တော်မြတ်ကြီးဘုရား၊အရှင်သည်ကား

ဖြဟ္မာ၊နတ်၊လူ သုံးဘုံသူတို့၏ ကြည်ဖြူ ဦးခိုက်၊ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏၊ တရားအချက်ကို ပြက် ပြက် ထင် ထင် ကောင်းစွာ သိမြင်တော်မူပါပေ၏၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထွင်း ဖောက်၍ တိုရောက်စွာ သိတော်မူပါပေ၏၊ အာသဝေါကုန်ခန်း ပြီးသူဟု အရှင့်ကို ကျွန်ုပ်ထင်၏၊ အရှင်ကိုယ်တိုင်လည်း တလက် လက် တဝင်းဝင်း အလင်းရောင်ရှိသူဖြစ်ပါပေ၏။ သူခပ်သိမ်းတို့ အားလည်း အမှောင်ခွင်း၍ အလင်းသို့ ပို့ဆောင်တော်မူတတ် ပါပေ၏၊ သူဟပါးကိုမယုံကြည်၊ကိုယ်ပိုင်နှလုံးရည်ဖြင့် ပြည့်ဝသူ ဖြစ်ပါပေ၏၊ နှိုင်းတုမမျှ၊ အလွန်ကြီးမားလှသော ပညာလည်း ရှိထောပါပေ၏။ ဆင်းရဲခပ်သိမ်းကို ငြိမ်းသတ်တော်မူနိုင်သော အရှင်မြတ်ကြီး ဘုရား၊အရှင်သည် အကျွန်ုပ်ကို ကယ်တင်တော်မူ လေပြီ။

"ပုရိသာဇာည၊ သုံးလောကနယ်ခရိုင်တွင် ပြိုင်ဘက်မပြူတဆူ တည်းသော ယောကျ်ားမြတ် အာဇာနည်ဘုရား၊ အရှင့်အား အကျွန်ုပ် ရှိခိုးပါ၏။ပူရိသုတ္တမ ယောကျ်ားမြတ်တဆူ ဖြစ်တော် မူသော အို အရှင်သူမြတ်ကြီး ဘုရား၊ အရှင့်အား အကျွန်ုပ် အလေးပြုပါ၏။ နံတ်နှင့်တကွသော လောကဓာတ် တခွင်လုံး၌ အရှင့်အား တူပြိုင်နိုင်သူ မရှိပါ။ အရှင်နှင့် တူနိုင်းစရာ ပုဂ္ဂိုလ် မရှိပါ။ အရှင်သည်သာ ဘုရား။ အရှင်သည်သာ ဆရာ။ အရှင် သည်သာ မာရ်နတ်ကို နှိမ်နင်းနိုင်သူ။ အရှင်သည်သာ အနုသယ ကို ဖြတ်၍ ကျွန်ုပ်နှင့်တကွသော သတ္တဝါ အပေါင်းကို ဝဋ်ဆွမ လွတ်မြောက်အောင် ကယ်တင်တော်မူသူဖြစ်ပါသည်"

ဤသို့ ချီးကျူးစကားတို့ဖြင့် လျှောက်ထား ပြီးနောက် သဘိယပရိဗိုဇ်သည် ရှင်ရဟန်းအဖြစ်ကို ရလိုပါကြောင်းဖြင့်

မြတ်ဘုရားထံ တောင်းပန်သောအခါ မြတ်ဘုရားက မိန့်မြွက်တော်မူလေသည်ကား-

ဗုဒ္ဓ။ ။အချင်းသဘိယ၊ တိတ္ထိဖြစ်ဘူးသူ တယောက်သည် ငါ ဘုရားသာသနာသို့ဝင်၍ ရှင်ရဟန်း ပြုလိုမူကား လေးလတိုင်တိုင် ပရိဝတ်နေရ၏။ လေးလလွန်သောအခါကျမှ ရှင်ရဟန်း ပြုပေးလေ့ရှိကုန်သည် သဘိယ။

သဘိယ။ ။အရှင်ဘုရား၊ ထိုသို့ဖြစ်ခဲ့ပါသော် အကျွန်ုပ်သည် လေးလမျှသာမဟုတ်၊ လေးနှစ်တိုင်တိုင် ပရိဝတ်ဆောက်တည်ပါအံ့ဟူ၍ လျှောက်၏။

ဗုဒ္ဓ။ ။အချင်းသဘိယ၊ ထုံးတမ်းစဉ်လာ ရှိသည်ကိုသာ ငါဆိုခြင်းဖြစ်၏။ သင်ကား မဂ်ဖိုလ်ရထိုက်သော အကြောင်းနှင့် ပြည့်စုံသူဖြစ်ခြင်းကြောင့် ပရိဝတ်နေရန်မလို၊ သင့်ဆန္ဒအတိုင်း ရှင်ရဟန်းအဖြစ်ကို ရစေပလတံ့။

သဘိယ ပရိဗိုဇ်သည်ရဟန်းအဖြစ်ကို ရရှိပြီး ရဟန္တာတို့တွင် တပါး အပါအဝင်ဖြစ်သွားလေသတည်း။

(မှတ်ချက်။ ။ဤပြဿနာ နှစ်ဆယ်ကား သိမ်မွေ့နက်နဲလှ၏။ ဤသို့ပြန်ဆိုချက်မျှားသည် အဓိပ္ပာယ်တိမ်ကောင်း တိမ်နေမည်။ ထိုထက် အဓိပ္ပာယ်နက်နက်ကိုကြံတွေးယူကြပါကုန်ဦး။)

(သုတ္တနိပါတ် ပါဠိတော်၊ ၃ မဟာဝဂ်၊ သဘိယသုတ်၊ ၃၅၅၊ ၎င်းအဋ္ဌကထာ၊ ၁၄၄၊ဆဋ္ဌမူ။)

၁။ အာတ္ထတ္ထိကော၊ တံမဂ္ဂဖလပဋိလာဘာယ ဟေတုသမ္ပန္နော။
(သုတ္တနိပါတ် အဋ္ဌကထာ၊ ၁၅၉၊ဆဋ္ဌမူ။)

---

(၄၃)

ရတနာမွန်

မဟာဝုန်တောသည် လွန်စွာသာယာလှ၏။ မြိုင်းမြိုင်းညို.ညို.နှင့် ဝေသာလီမြို့တော်ဆီသို့ လှမ်းကြည့်နေသကဲ့သို့ ထင်ရ၏။ ဘုရား သခင် သီတင်းသုံးတော်မူရာ ကုဋာဂါရ ကျောင်းတော်သည် ထိုမဟာဝုန်တော၏ အဆင်တန်ဆာသဖွယ်ဖြစ်ပြီး စုလစ်မှန်းခွန် အထွဋ်တပ်ထားသော ပြဿဒ်များသည် မဟာဝုန်တောအုပ်ကြီး ပေါ် ကျော်၍ မိုးကိုမြောက်လျက် ရှိနေကြလေသည်။

သာရန္ဒဒ အမည်ရှိသော စေတီသည် ထိုမဟာဝုန်တောနှင့် ဝေသာလီမြို့တော်၏စပ်ကြားတွင် တည်ရှိသည်ဖြစ်ရာ မဟာဝုန် တောအုပ်အတွင်း၌ ကုဋာဂါရကျောင်းတိုက်မှ ဘုရား အမှူး ပြုသော ရဟန်းသံဃာတော်များ ဆွမ်းခံကြွတော်မူလေသော အခါ အဆိုပါ သာရန္ဒဒစေတီအပါးမှ ဖြတ်ဖြတ်သွားရလေ သည်။

ထိုသာရန္ဒဒစေတီကို ဘုရင့်ဥယျာဉ်တော်ဟူ၍လည်းခေါ်ဆို နိုင်၏။ ဝေသာလီပြည်၊ လိစ္ဆဝီမင်းသားများသည် ဤသာရန္ဒဒ စေတီသို့ထွက်၍ အပန်းဖြေခြင်း၊ စည်းဝေးတိုင်ပင်ခြင်း၊ဥယျာဉ် ကစားခြင်းအမှုများကို အခါအားလျော်စွာ ပြုလေ့ရှိကြသည်

ဖြစ်ရာ ထိုနေ့အဖို့ လိစ္ဆဝီမင်းသားများ (မင်းသားငါးရာ) ဤဒေသတွင် အဝင်အထွက် များသည်ကို ထောက်ခြင်းအားဖြင့် အစည်းအဝေးတခုရှိကြောင်း ထင်ရှားလေသည်။

အချိန်မှာ နံနက်ဆွမ်းခံချိန်ဖြစ်၏။ ထိုအချိန်တွင် ဘုရားသခင်သည် ဝေသာလီပြည်တွင်း၌ ဆွမ်းခံတော်မူနေဆဲဖြစ်၏။

ဥယျာဉ်တော်ပတ်လည်၌ အစောင့်တပ်များ ချထားချက်အရ လက်နက်စဲ့ စစ်သည်များမှာ ဟိုအနားစုစု၊ သည်အနားစုစုနှင့် ရှိနေကြကုန်၏။

အစည်းအဝေးပွဲတွင် ရတနာကို အကြောင်းပြု၍ လိစ္ဆဝီမင်းသားများ ဘဝင်မကျနိုင်ဘဲ ဖြစ်နေ၍သော်လည်းကောင်း၊ သို့မဟုတ် ယင်းရတနာကိုအကြောင်းပြု၍ ဝမ်းပန်းတသာ ဘုရားသခင်အား လျှောက်ထားလို၍ သော်လည်းကောင်း၊ ဘုရားသခင်နှင့် တွေ့ဆုံခွင့်ကို အထူးမြော်လင့်လျက်ရှိနေကြကုန်၏။

သို့ကြောင့်ပင် မင်းသားအချို့ ဥယျာဉ်ထဲမှ ထွက်လာကြပြီး တံခါးစောင့် စစ်သည်တော်တဦးအား ဤသို့ မှာထားကြလေသတည်း။

"ရဲဘော်၊ ဘုရားသခင်မြို့ထဲက ဆွမ်းခံ ပြန်ကြွလာတော်မူသည်ကို မြင်က ချက်ချင်း ငါ့တို့ထံ အကြောင်းကြားပါလှည့်"

ဤသို့မှာထားပြီးလျှင် ဥယျာဉ်တွင်းသို့ပြန်၍ ဝင်သွားကြလေကုန်၏။ စစ်သည်တော်လည်း 'ကောင်းပါပြီ'ဟူ၍ အာမဘန္တေခံလိုက်ပြီး သူသည် ရာရားသခင် ပြန်လာမည့်လမ်းကိုသာ အာရုံတမ်း မှန်း၍ စောင့်ကြည့်နေရှာလေ၏။

ခဏကြာသော် ဘုရားသခင် ကြွလာသည်ကို မြင်လေသော အခါ စစ်သည်တော်သည် လျင်မြန်စွာ သွား၍ လိစ္ဆဝီမင်းသား များထံ သွားရောက်၍ "ဘုရားသခင် ကြွတော် မူလာပြီ ဖြစ်ကြောင်း" သတင်းပေးပို့လေ၏။

ထိုအခါ လိစ္ဆဝီမင်းသားတို့သည် ဥယျာဉ်တွင်းမှ ထွက်လာ ကြ၍ ဘုရားသခင့် ရှေ့တော်မှောက်ရောက်လတ်သော ဒူးထောက် လျက် ရှိသေစွာ ကျိုးကြီး လျှောက်ထားကြလေကုန်သတည်း။

"ဘုန်းတော် အာနန္ဒာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တောင်းပန်ပါကုန်၏။ တပည့်တော်တို့အား ငဲ့ညှာတော်မူသော အားဖြင့် ကျိ သာရန္ဒဒစေတီတော်သို့ ကြွတော်မူပါရန် အနှီး အညွတ် ပင့်လျှောက်ပါကုန်သည် ဘုရား"

ကျိသို့ တောင်းပန်ကုန်လတ်သော်ဘုရားသခင်သည်ဆိတ်ဆိတ် နေတော်မူခြင်းအားဖြင့် ပင့်လျှောက်ချက်ကို လက်ခံတော်မူပြီး လျှင် သာရန္ဒဒစေတီသို့ ကြွတော်မူ၏။ ရောက်သော အခါ ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် လိစ္ဆဝီမင်းသား တို့အား ကျိသို့ မေးတော်မူ၏။

"အို မဟာနယ်ဘွား လိစ္ဆဝီမင်းသားတို့၊ ငါ ကြုံမလာမီ စပ်ကြားတွင် မည်သည့် စကားဖြင့် သင်တို့ ဆိုပြော ဆွေးနွေး နေကြကုန်သနည်း။ မပြီးမပြတ်၊ လက်စတန်းလန်းနှင့် ရပ်ထား လိုက်ရသော စကားများ ရှိခဲ့သးသလော"

ကျိသို့ မေးလတ်သော် လိစ္ဆဝီမင်းသား တို့သည် ကျိသို့ လျှောက်ကုန်၏။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား ယနေ့ စည်းဝေး ကျရာတွင် အစည်းအဝေးနှင့် မဆိုင်သော စကား တမျိုး

ထိုးဖောက် ဝင်ရောက် လာပါသည်။ ထိုစကားမှာ ဤသို့ပါ ဘုရား။

"ဤလောက၌ ရတနာ အမျိုးမျိုး ရှိလေသည့် အနက် (၁)ဆင်ရတနာ၊ (၂)မြင်း ရတနာ၊ (၃)ပတ္တမြား ရတနာ၊ (၄)မိန်းမ ရတနာ၊ (၅)သူဌေး၊ သူကြွယ် ရတနာ၊ ဤရတနာငါးမျိုးတို့သည် လွန်စွာ ရခဲကုန်၏။ ရရန် မလွယ်ကူသော ရတနာများ ဖြစ်ကုန်၏။

"အစည်းအဝေးနှင့်မဆိုင်သော ဤစကားများ ကြားဖောက် ဖြစ်ပေါ် လာပါသည်။ ဤစကားထူး စကားဆန်း များကို ဆိုပြောနေကြ ပါကုန်သည်။ ထိုအကြောင်းကို လျှောက်ထား လိုပါသောကြောင့် အရှင်ဘုရားဒါး ဤနေရာသို့ ပင့်ဆောင် ခဲ့ခြင်း ဖြစ်ပါသည့် ဘုရား။ တပည့်တော်များ၏ အယူအဆ၊ တွေးခေါ် ထင်မြင်ချက်များ သင့် မသင့်၊ လျော် မလျော်ကို မိန့်တော်မူစေချင်ပါသည် ဘုရား"

ယင်းသို့ မေးလျှောက်ချက်နှင့် ပတ်သက်၍ ဗုဒ္ဓသည် လိစ္ဆဝီ မင်းသားတို့အား ဤသို့ မြွက်ကြားတော်မူလေသတည်း။

"အို ဒါယကာ မင်းသားတို့၊ ကာမဂုဏ်ဓလေ့၌ နေမှလျော် နေကုန်သော ဝါ၊ ကာမဓာတ်ခံ ပြင်းထန်စွာ စွဲတည်လျက် ရှိနေကြကုန်သော သင်တို့အား ကာမဂုဏ်ကိုသာ ဦးတည်၍ ကြားဖြတ် စကားများ ထင်ရှားစွာ ဖြစ်ပေါ် လာသည်ကား ထူးဆန်းသည်ဟူ၍ မဆိုသာ။

"အို လိစ္ဆဝီ မင်းသားတို့၊ ကာမအစွန်းဘက်မှနေ၍ တွက် ချက်သော် သင်တို့ တွေ့ရှိရသော ရတနာများလည်း ဟုတ်တန် ရာပေသည်။

"သို့သော် ငါ ဆိုလိုသော ရတနာမျိုးကား အို လိစ္ဆဝီမင်းသားတို့၊ လောကဋ္ဌ—

(၁) သူခပ်သိမ်းတို့၏ ပူဇော်အထူးကိုလည်း ခံထိုက်၊ တရား စစ်၊ တရားမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့်ထိုးထွင်း၍လည်း၊ သိတော်မူသော ဘုရားဇာဆူ ပဋိလာမှကို လွန်စွာ ရခဲ၏။

(၂) ဗုဒ္ဓ၏ ဓမ္မဝိနယကို ဗုဒ္ဓ အာဇောဝ်ကျကျ ပြောဟော တတ်သူကို လွန်စွာ ရခဲ၏။

(၃) ဗုဒ္ဓ၏ ဓမ္မဝိနယကို ဗုဒ္ဓ၏ အာဇောဝ်ကျကျ သိတတ်သူကို လွန်စွာ ရခဲ၏။

(၄) ဗုဒ္ဓ၏ တရားစစ်၊ တရားမှန်ကို သိသည့်အတိုင်း ကျင့်တတ်သူကို လွန်စွာ ရခဲ၏။

(၅) လောကဋ္ဌ သူကျေးဇူးတရားကို သိတတ်သူ၊ သိသည့် အားလျော်စွာ ကိုယ်ထိလက်ရောက် ကျေးဇူးတုံ့ပြန်တတ်သူကို လွန်စွာ ရခဲ၏။

"အို လိစ္ဆဝီမင်းသားတို့၊ ငါဆိုလိုသော ရတနာငါးမျိုးကား ဤရတနာတို့ပေတည်း" ဟု မိန့်တော်မူသောအခါ လိစ္ဆဝီ မင်းသားတို့သည် ဗုဒ္ဓ၏ စကားတော်ကို နှစ်ထောင်းအားရ ဝမ်းပန်းတသာ ဖြစ်ကုန်လေသတည်း။

(ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရပါဠိတော်၊ ၅၀ တိကဏ္ဍဝဂ်၊ သာရန္ဒဒသုတ်၊ ၁၄၈၊ ဆဋ္ဌမ။)

စပယဘိုးစောခေမ

(၄၄)

(၂) သေသည်မှနောက်၌ ဖြစ်၊ မဖြစ် ပြဿနာ

သေသည်မှနောက်၌ သတ္တဝါပြန်၍ ဖြစ်၊မဖြစ် ဟူသော ပြဿနာမှာ မသေးရုံမက လွန်စွာကြီးထွားလှသည့် ပြဿနာကြီး တရပ်ဟူ၍ပင် ဆိုအပ်၏။

ယင်းပြဿနာနှင့်ပတ်သက်၍ ပုဂံရာဇဝင်ကို ဒုတ်ထမ်း ပြောရသည့်ပမာ ငြင်းကြ၊ ခုံကြ၊ ဆွေးနွေးလာခဲ့ကြသည်မှာ ကြာပြီဖြစ်သော်လည်း လက်စသတ်သည်ဟူ၍ မရှိခဲ့။ နောင်တွင်လည်း လက်စသတ်ဦးမည်မထင်။ လူ သက်တမ်း တလျှောက် 'မဆုံးပြဿနာ' အဖြစ်ဖြင့် ငြင်းမြဲ ငြင်းကြ၊ခုံမြဲ ခုံကြ၊ဆွေးနွေးနေကြဦးမည့် ပြဿနာသာ ဖြစ်ချေ၏။

ပုထုဇဉ်လူသားများအနေဖြင့် ယင်းပြဿနာကို စကားစပ်မိတိုင်း ကုံင်တွယ်နေခြင်းမှာ အဆန်းမဟုတ်။ ထိုပြဿနာကား ရဟန္တာလောကာ၌ပင် လှိုင်းရိုက်သလို ရိုက်ခတ်လာခဲ့သည်။ ဆောမရဟန္တာ ကိုယ်တော်ကြီးများသည်ပင် အချင်းချင်း မေးလား၊ ဖြေလားနှင့် ခေါင်းအေးအေးထားကာ ကိုင်တွယ်လာခဲ့ကြသည်။

ထိုစကားကို ဆိုသင့်၍ ဆိုလိုက်ပါသည်။ နေရာကား ဗာရာဏသီပြည်၊ မိဂဒါဝုန်တော။ အချိန်ကား အကာလ ညအခါ ဆွေးနွေးနေကြသူများကား ရဟန္တာ ကိုယ်တော်ကြီး နှစ်ပါး အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကဿပတို့ဖြစ်ကြ၏။

ထိုအရှင် နှစ်ပါးသည် သာသနာတွင်းဝယ် နေလို့ လလို့ လင်းခဲ့သည်သာမက အမြင့်မားဆုံးသော "တေဒင်္ဂဲ" ရ ဗုဒ္ဓသာသနာတော်ကြီးကို တည်ထောင်ခဲ့ကြသည့် သာသနာ့ခေါင်းဆောင် ရဟန္တာကြီးများဖြစ်ကြသည်။ ဤအရှင်ကြီးများသည်ပင် သေသည်မှနောက်၌ သတ္တဝါပြန်၍ ဖြစ်မဖြစ်ကို ပြဿနာ တရပ် အနေဖြင့် ကိုင်တွယ် ဆွေးနွေးခဲ့တာ်မူကြသည်ကို ထောက်လျှင် ထိုပြဿနာ၏ သြဇာမှာ အဘယ်မျှ ကြီးထွားကြောင်းကို ရိပ်စားမိနိုင်ပါ၏။

ထိုအချိန်က အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကဿပ ဤရဟန္တာ အရှင်မြတ်ကြီးနှစ်ပါးသည် မိဂဒါဝုန်တောသို့ ရောက်ရှိနေကြလေရာ တညတွင် အရှင်သာရိပုတ္တရာသည် ကမ္မဋ္ဌာန်းထိုင်ရာမှထ၍ အရှင်မဟာကဿပ သတင်းသုံးရာ ကျောင်းသခ်ၤကားသို့ သွားကာ စကားစမြည် ပြောကြရင်းမှ ထိုပြဿနာဆီသို့ ရောက်သွားလေ၏။ ယင်းပြဿနာကို အမေးအဖြေပြုကြလေ၏။ အရှင်သာရိပုတ္တရာက မေး၍ အရှင်မဟာကဿပက ဖြေလေသည်။

ပုဂ္ဂိုလ်အနေဖြင့် မမြင်ရသော်လည်း သူတို့၏ မေးဖြေသံ၊ ဆွေးနွေးသံများကား မိဂဒါဝုန် တောလုံးလျှံအောင် တုံ၍၍ လွှမ်းထွက်လာချိမ့်မည် ထင်ပါသည်။

မေး။ ။ငါ့ရှင်ကဿပ၊ သတ္တဝါသည် ဤဘဝ၊ ဤခန္ဓာချုပ်ဆုံး၍ သေသည်မှနောက်၌ သတ္တဝါတမျိုးမျိုး အနေဖြင့် ပြန်၍ ဖြစ်ပါသလော။

ဓမ္မဘဏ္ဍာဂါရိက-ဘရားဘဏ္ဍာစိုး ဖြစ်ဟော်မူသော အရှင်သာရိပုတ္တရာက အရှင်မဟာကဿပအား မေးလေသောအခါ

ဖြေ။ ။ငါ့ရှင်သာရိပုတ္တရာ၊ သတ္တဝါသည် သေသည်မှု နောက်၌ ဖြစ်သည်ဟူ၍ ရှင်တော်မြတ်ဘုရား၏ ဟောတော် မမူပါ။

မေး။ ။ငါ့ရှင်ကား၊ သည်လိုဆိုလျှင် သတ္တဝါသည် သေသည်မှု နောက်၌ သတ္တဝါတမျိုးမျိုးအနေဖြင့် မဖြစ်တော့ ဘူးလော။

ဖြေ။ ။ငါ့ရှင် သာရိပုတ္တရာ၊ သတ္တဝါသည် သေသည်မှု နောက်၌ မဖြစ်တော့ဟူ၍လည်း မြတ်ဘုရား က ဟောတော်မမူပါ။

မေး။ ။ငါ့ရှင်ကား၊ သည်လိုဆိုလျှင် သတ္တဝါသည် သေသည်မှု နောက်၌ ဖြစ်သည်လည်း ရှိ၊မဖြစ်သည်လည်း ရှိဟု မှတ်ရတော့မည်လော့။

ဖြေ။ ။ငါ့ရှင် သာရိပုတ္တရာ၊ သတ္တဝါသည် သေသည်မှု နောက်၌ ဖြစ်၏ဟူ၍ လည်းကောင်း၊ မဖြစ်ဟူ၍ လည်းကောင်း ဤသို့လည်း မြတ်စွာဘုရားတ ဟော ကြားတော်မမူပါ။

မေး။ ။ငါ့ရှင်ကား၊ သို့ဖြစ်ဘိသော် သတ္တဝါသည် သေသည်မှု နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု မှတ်ရမည်လော့။

ဖြေ။ ။ငါ့ရှင် သာရိပုတ္တရာ၊ သတ္တဝါသည် သေသည်မှု နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း

မဟုတ်၊ ဤသို့လည်း မြတ်စွာဘုရားက ဟောတော်မမူပါ။

ထိုအခါ ရှင်သာရိပုတ္တရာသည် ခေတ္တမျှတွေ့၍ စဉ်းစားဟန်ပြုနေပြီးမှ ဆက်၍ မေးပြန်လေသည်။

မေး။ ။ငါ့ရှင်ကဿပ၊ မြတ်စွာဘုရားသည် အဘယ့်ကြောင့် ထိုအကြောင်းကို ဟောတော်မမူပါသနည်း။

ဖြေ။ ။ငါ့ရှင်သာရိပုတ္တရာ၊ ဤဖြစ်ရပ်သည် အကျိုးစီးပွါးနှင့် စပ်သော စကားလည်းမဟုတ်၊ မဂ်ဖိုလ် ရရာရကြောင်း အတောက်အကူ ဖြစ်စေသော အကျင့်လည်း မဟုတ်၊ငြီးငွေ့ဘွယ်လည်းမဖြစ်၊ တပ်မက်ခြင်းကင်းဘွယ်လည်း မဖြစ် ရာဂ ချုပ်ငြိမ်းဘွယ်လည်း မဖြစ်၊ငြိမ်းအေးဘွယ်လည်းမဖြစ် ထူးသောဉာဏ်ဖြင့် သိဘွယ်လည်း မဖြစ်၊ ထိုးထွင်း၍ သိဘွယ်လည်း မဖြစ်။ နိဗ္ဗာန်အကျိုးငှာလည်း မဖြစ်၊ ထို့ကြောင့် ထိုစကားကို မြတ်စွာဘုရား ဟောကြားတော်မမူခြင်း ဖြစ်ပါသည် ငါ့ရှင်။

မေး။ ။ငါ့ရှင်ကဿပ၊ ဤသို့ ဖြစ်ဘိသော် မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူလေသနည်း။

ဖြေ။ ။ငါ့ရှင်သာရိပုတ္တရာ၊ ဤသည်ကား ဆင်းရဲ (ဒုက္ခ) ဟူ၍ဎင်း၊ ဤသည်ကားဆင်းရဲ၏ ဖြစ်ပေါ်ကြောင်း (သမုဒယ)ဟူ၍ဎင်း၊ ဤသည်ကား ဆင်းရဲ၏ ချုပ်ငြိမ်းရာ(နိရောဓ)ဟူ၍ဎင်း၊ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း (မဂ္ဂ) ဟူ၍ဎင်း မြတ်ဘုရား ဟောကြားတော်မူပါသည်။

မေး။ ။ငါ့ရှင်ကဿပ၊ ဤစကားကိုကား အဘယ်ကြောင့် ဟောတော်မူလေသနည်း။

ဖြေ။ ။ငါ့ရှင် သာရိပုတ္တရာ၊ ဤစကားသည်ကား အကျိုး စီးပွါးနှင့်လည်း စပ်၏။မဂ်၏အစ မြတ်သော အကျင့် လည်း ဖြစ်၏။ ငြီးငွေ့ဘွယ်ရာ၊ ရာဂကင်းဘွယ်၊ ငြိမ်း အေးဘွယ်၊ ထူးသောဉာဏ်ဖြင့် သိဘွယ်၊ ထိုးထွင်း၍ သိဘွယ်၊ နိဗ္ဗာန်သို့ ရောက်ဘွယ်လည်း ဖြစ်၏။ ထိုကြောင့် ထိုတရားကို မြတ်စွာဘုရား ဟောတော် မူပါသည် ငါ့ရှင်။

သတ္တဝါသည် သေသည်၏ နောက်၌ ပြန်၍ ဖြစ်၊ မဖြစ် ဟူသော ပြဿနာနှင့်ပတ်သက်၍ ရဟန္တာ အရှင်မြတ်ကြီးနှစ်ပါး တို့၏ ဆွေးနွေးချက်၊ အမေး အဖြေကား ဤမျှဖြင့် လက်စ ပြတ်သွား၏။

သို့သော် ယင်းပြဿနာ၏အဖြေမှာ မတင်မကျ အခြေ အနေ မျိုးတွင် ရပ်တည်နေသဖြင့် ဆက်ရန် ရှိသေးသည်ဟူ၍သာ ဆိုရ မည် ထင်ပါသည်။

(သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ကဿပဝဂ်၊ ပရိမရဏသုတ်၊ ၄၁၂၂၊ ဆဋ္ဌမှု။)

ရာ၊ ဒေါ၊ မော သင်တန်း

ခြေလှမ်းမှားက စားလိမ့်မည်။

သမိုင်းကြောင်းကိုသုံးသပ်ကြည့်လျှင် ကိုခေတ် (လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ခန့်) ထိုအချိန်တွင် ဘာသာရေးဆိုင်ရာ ဝါဒတို့က်ပွဲများ၏ အခြေအနေမှာ အတော်ကလေး ပြင်းထန်ခဲ့ပုံရသည်။ ပုဂ္ဂိုလ်အရ တဦးနှင့်တဦးမှသည် တဖဲ့နှင့် တဖဲ့၊ တဂိုဏ်းနှင့်တဂိုဏ်းအထိ ခြေလှမ်းအမှားကို စောင့်နေခြိန်ဟု ခန့်မှန်းနိုင်ပေသည်။

အကြောင်းကိုဆိုသော် ထိုအချိန်တွင် မဇ္ဈိမဒေသ (အိန္ဒိယ ပြည်)၌ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဝေသာလီ၊ ပရာဏ စသော မြို့ကြီးများကို ဗဟိုပြု၍ ဘုရားအဆူဆူ ပွင့်တော်မူလျက် ရှိနေ၏။

၁၊ ပူရဏကဿပ။ ၂၊ မက္ခလိဂေါသာလ။ ၃၊ အဇိတကေသကမ္ဗလ။ ၄၊ ပကုဒကစ္စာယန။ ၅၊ နိဂဏ္ဌနာဋပုတ္တ။ ၆၊ သဉ္စယဗေလဋ္ဌပုတ္တ ဤပုဂ္ဂိုလ်ကြီး ခြောက်ဦးတို့သည် ဗုဒ္ဓအမည်ကို ခံယူလျက် ခေတ်ပြိုင်ပွင့်နေသော ဘုရားကြီးများ ဖြစ်ကုန်၏။ တပည့်ပေါင်းထောင်နှင့်ချီ၍ အသီးသီးရှိကြကုန်၏။ မိမိစိတ်ကြိုက် ဝါဒတမျိုးစီ တီထွင်ပြီးလျှင် မိမိဝါဒပြန့်ပွားမှုနှင့်

မိမိသာသနာ စည်ပင်ထွန်းကားမှုကို ရှေးရှုကာ အနယ်နယ်သို့ လှည့်၍ တရားဟောခြင်း၊ စည်းရုံးခြင်းများကို အားသွန်ခွန်စိုက် လုံးပမ်းလျက် ရှိနေကြကုန်ပြီ။

ဂေါတမရှင်တော်မြတ်ဘုရားသည် ထိုဘုရားကြီးခြောက်ဆူတို့ အကြားတွင် နောက်မှ ပွင့်လာပြီး ဝါဒအားဖြင့် "အနတ္တဝါဒ" ဟု ကျေညာလျက် သီးခြား ဘာသာရေး ဂိုဏ်းကြီးတဂိုဏ်း ဖြစ်ပေါ်လာလည်း။

ထိုအခါ လက်ရှိပွင့်နှင့်ပြီး ဘုရားကြီးတို့အနေဖြင့် ဂေါတမ ဗုဒ္ဓနှင့် ၎င်း၏ အနတ္တဝါဒ လှုပ်ရှားမှုကို နားရွက် တစောက် စောက်နှင့် မျက်လုံးကို ဒုတ်ထောက်၍ ကြည့်နေချိန် ဖြစ်လေသည်။

ဗုဒ္ဓ၏ အနတ္တဝါဒမှာ စစ်မှန်သောဝါဒ ဖြစ်သောကြောင့် ဟောပြော စည်းရုံးရာတွင် ခက်ခက်ခဲခဲ မရှိလှဘဲ အလွယ်တကူနှင့် အံ့သြလောက်အောင် အောင်မြင်လေသည့် အလျောက် ဗုဒ္ဓ ဂေါတမ သြဇာခံ အနတ္တဝါဒီများ တရှိန်ရှိန် ထွန်းကား လာလေ၏။

ထိုအချိန်၌ ဂေါတမဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော် မူလာသည်မှာ ကြာသေးဟန်မတူ။ နှစ်ပရိစ္ဆေဒအားဖြင့် တွက်သော် ဘုရားသက် နှုန့်ကလေးသာ ရှိပေဦးမည်။ ရဟန်း တပည့် တပန်းအနေဖြင့် ရှိနေပြီဖြစ်သော်လည်း အသစ်များဖြစ်နေသော ကြောင့် ဟောပြောမှုအတတ်၌ ကျွမ်းကျင်သေးဟန်မတူ။ ကျွမ်း ကျင်သော ဓမ္မကထိက ပုဂ္ဂိုလ်များ ရှိသော်လည်း အရေအတွက် အားဖြင့် များများစားစား ရှိသေးပုံမရ။

သို့ကြောင့်သာ မြတ်ဗုဒ္ဓသည် တပည့်တပန်းရဟန်းများအား တရားကို စနစ်တကျ ဟောတတ်ပြောတတ်စေခြင်းငှာ ကိုယ်တော်ဘိုင် ကြပ်မတ်၍ သင်တန်းပေးတော်မူခြင်းဖြစ်တန်ရာသည်။

ထိုစကား၊ မှန်လောက်စရာ ရှိပေသည်။ အောက်ဖော်ပြပါ အချက်အလက် ဖြစ်ရပ်များသည် ဗုဒ္ဓ၏ သင်တန်းနှင့်ပတ်သက်၍ ထုတ်ပြအပ်သော ပြယုဂ်ဟု ဆိုနိုင်ပါသည်။

ဗုဒ္ဓသည် ရဟန်းတို့အား ဘိက္ခဝေ ဟူသော အာလုပ်စကားဖြင့် ခေါ်တော်မူလိုက်ပြီးနောက် မိမိ၏ တပည့်များ၏ အရည်အသွေး၊ ပညာပမာဏ၊ ဟောပြောမှုအတိုင်းအတာကို သွေးတိုးစမ်းကြည့်လိုသည့် အနေဖြင့် ဤသို့ မေးမြန်း ကြည့်တော်မူခဲ့လသည်။

"အို ရဟန်းတို့၊ ငါတို့နှင့် ဝါဒချင်းမတူ၊ ဂိုဏ်းဂဏချင်းလည်းမတူ၊ ငါတို့မှသီးခြားဖြစ်သော ရဟန်းနွယ်ဝင် ပရိဗိုဇ်[1]များ တက္ကတွန်းများနှင့် တွေ့၍ သူတို့က သင်တို့အား ဤသို့ မေးခဲ့သော်—

"ငါ့ရှင်တို့၊ ရာဂ၊ ဒေါသ၊ မောဟဟူ၍ တရားသုံးပါး ရှိလေ၏။ ယင်းသုံးမျိုးကို ငါ့ရှင်တို့အနေဖြင့် မည်သို့သဘော ရကြသနည်း။ ယင်းတရားသုံးပါး၏ ထူးခြားမှု၊ ပယောဂ လွန်ကဲမှု၊ သီခြားပြုမှုကား အဘယ်ပါနည်း" ဟူ၍ အမေးအမြန်း ပြုခဲ့သော် သင်တို့ မည်သို့ ဖြေကုန်မည်နည်း။

၁။ ပရိဗိုဇ်=ဦးပြည်း ခေါင်းတုံးတုံး၍ ရဟန်းယောင် သက်န်းဝတ် ပုဂ္ဂိုလ်။

ထိုသို့ စမ်းသပ် မေးမြန်း ကြည့်လေသော်အခါ ကျေနပ်ဘွယ်ရာသော အဖြေကို ရရှိတော်မမူလေဘဲ ရဟန်းတို့က ဗုဒ္ဓကိုပင် ပြန်၍ လှဲလိုက်ကြကုန်သည်။

"အရှင်ဘုရား၊ သဘောတရား ရေးရာ ဟူဟူသမျှ တို့သည် ဘုရားသခင်သာလျှင် ပင်မဖြစ်ပါကုန်၏။ ဘုရားသခင်သာလျှင် ဦးဆောင်မှု ရှိပါကုန်၏။ ဘုရားသခင်သာလျှင် အားထားရာရှိပါကုန်၏။

"အရှင်ဘုရား၊ မြတ်ဘုရားကိုပင် တပည့်တော်တို့ တောင်းပန်ပါရစေ။ မြတ်ဘုရားအမိန့်တော်ရှိသည့် ရာဂ၊ ဒေါသ၊ မောဟ ဤတရားသုံးပါးတို့၏ သဘောအချက်အလက် အနက်အဓိပ္ပာယ်ကို မြတ်ဘုရားသည်မင် တပည့်တော်တို့အား သိထင်မြင်သာအောင် ပြတော်မူပါဘုရား။ မြတ်ဘုရား ဟောတော် မူပုံကို ကြားနာသိရှိကြရသော် တပည့်တော်မျှား မှတ်သား နိုင်ကြပါကုန်လိမ့်အံ့ ဘုရား" ဟူ၍ တောင်းပန်ခြင်းပြုကုန်လေ၏။

ယင်းသို့ ရဟန်းတို့ တောင်းပန်းခြင်းကား ဤသင်တန်း၏ အခြေခံ နိဒါန်း ဖြစ်လာ၏။

"အို ရဟန်းတို့၊ယင်းသို့ဖြစ်ဘိသော် သင်တို့ နာကြလေကုန်။ ကောင်းစွာနှလုံးသွင်းကြကုန်။ ဟောပုံ၊ ဟောနည်းကို သိထင်မြင်သာအောင် သင်တို့အား ငါပြပေအံ့။

"အို ရဟန်းတို့၊ အကယ်၍ သင်တို့အား တိတ္ထိ၊ တက္ကတွန်း၊ ပရိဗိုဇ်တို့က ငါ့ရှင်တို့၊ ရာဂ၊ ဒေါသ၊ မောဟ-ယင်း သုံးပါးတို့၏ ထူးခြားချက်၊ ပယောဂလွန်ကဲချက်၊ သီးခြားပြုမူချက်သည် အသို့ပါနည်း ငါ့ရှင်တို့ ဟူ၍ မေးလျှောခဲ့သော် ဤသို့ သင်တို့ ဖြေပြကြကုန်။ ဖြေပုံကား—

"ငါ့ရှင်တို့၊ ရာဂသည် အပြစ်နည်း၏။ ရာဂ ဖြစ်ပေါ် လာသော် ရုတ်တရက်ပြေပျောက်ခဲ၏။ တဖြည်းဖြည်းမှသာပြယ်၏။ ဒေါသသည် အပြစ်ကြီး၏။ ပျောက်လွယ် ပြယ်လွယ်၏။ မောဟသည် အပြစ်ကြီး၏။ တဖြည်းဖြည်းမှ ပြယ်၏ ဟူ၍ ဤသို့ဖြေကြလေကုန်။

"ရဟန်းတို့၊ သင်တို့အား အကယ်၍ ငါ့ရှင်တို့၊ ရာဂသည် အကြောင်းမဲ့ဖြစ်မည် မဟုတ်။ အကြောင်း ရှိရပေမည်။ ထို အကြောင်းကား အဘယ်ပါနည်းဟူ၍ငင်း၊ ရာဂဖြစ်ပေါ်ခဲ့သော် တရှိန်ရှိန် တိုးပွား၍ ကြီးထွားကာ အားကောင်း လာရာ၌လည်း အကြောင်းရှိရပေမည်။ အကြောင်းမဲ့ ဖြစ်လာမည်မဟုတ်။ ထို အကြောင်းကား အဘယ်ပါနည်း ဟူ၍ငင်း၊ မေးလျှာခဲ့သော် သုဘနိမိတ် ဟူ၍ ဖြေကြကုန်လော့။ တင့်တယ်သော အဆင်းရှုပါရုံ၊ သာယာစွာသော အသံ၊ မွှေးပျံသောရနံ့၊ နူးညံ့သော ထိတွေ့မှုအာရုံ၊ အဖုံဖုံတို့သည် ရာဂဖြစ်ခြင်း၏ အကြောင်းတို့ ပေတည်း။ ရာဂဖြစ်ပေါ်လာခြင်း၏ ရင်းမြစ်ကိုရှာသော် သုဘနိမိတ်ကိုသာတွေ့၏။ သုဘနိမိတ်မှတပါး ရာဂဖြစ်ပေါ်ရန် အကြောင်းမရှိဟု ဖြေကြားကုန်လော့။

"ထိုသုဘနိမိတ်၊ ဝါ၊ လှပတင့်တယ် ရှုမငြီးဘွယ်ရာသော ရှုပါရုံ စသည်တို့ကို မသင့်သောအားဖြင့် နှလုံး သွင်းသူအား (ချစ်စရာ၊ ကြိုက်စရာ၊ စုံမက်မြတ်နိုးစရာပါတကားဟု တပ်မက်သူအား) မဖြစ်သေးသော ရာဂလည်းဖြစ်ပေါ်လာ၏။ ဖြစ်ပြီး၊ ဖြစ်နေဆဲ ရာဂသည်လည်း တိုးပွားကာ အရှိန် အဟုန်နှင့်တက္ခ ကြီးထွားလာ၏။ ဤသည်တို့ကား ဒေါသ၊ မောဟတို့နှင့် မတူ

သော ရာဂ၏ ထူးခြားမှု၊ စွမ်းဆောင်မှု၊ တခြားတခြားပြုမှုမျှား ဖြစ်ကုန်၏။

"အို ရဟန်းတို့ အကယ်၍ သင်တို့အား ပရိဗိုဇ်တို့က 'ငါ့ရှင်တို့ ဒေါသသည် အကြောင်းမဲ့ ဖြစ်မည်မဟုတ်။ ဒေါသ ဖြစ်နိုင်လောက်သော အကြောင်းတခုခု ကောရှိလေအံ့။ ထိုအကြောင်းအရား အဘယ်ပါနည်း' ဤသို့မေးခဲ့သော်လည်းကောင်း၊ ဒေါသဖြစ်ပေါ်ခဲ့သော် တရှိန်ရှိန်တိုးပွား၍ အားကောင်းလာဆဲ၌လည်း အကြောင်းရှိလေအံ့။ ထိုအကြောင်းကား အဘယ်ပါနည်း။ ဤသို့မေးခဲ့သော်လည်းကောင်း ပဋိဃနိမိတ် (ဒေါသဖြစ်ကြောင်းအာရုံ) ဟု ဖြေကြကုန်။ (ဒေါသထက်လောက်အောင် ဖြစ်ပေါ်လာသော မျက်စိအာရုံ၊ နားအာရုံ၊ နှာခေါင်းအာရုံ စသည်ဟူသမျှကို ပဋိဃဲ ဟု ခေါ်ရ၏။)

"ထိုပဋိဃ နိမိတ်ကို မသင့်သောအားဖြင့် နှလုံးသွင်းလေသူအား (ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ ကြမ်းခက်တရော်သော အပြုအမူများကို ကြံတွေးနေသူအား) မထုတ်သေးသော ဒေါသလည်း ထောင်းကနဲထုတ်လာ၏။ ထုတ်ပြီထုတ်ဆဲဒေါသလည်း ဖြုံးကနဲ ချုတ်တရက် ကြီးထွားကာ အားကောင်းလာ၏။ ဤသည်တို့ကား ရာဂ၊ မောဟတို့နှင့်မတူသော ဒေါသ၏ ဝိသေသဂုဏ်ပုဒ်၊ ထူးခြားသော အချက်အလက်၊ ကွဲပြားခြားနားသော အပြုမူအတို့ ဖြစ်ကုန်၏ဟု ဖြေကုန်လော့။

"အို ရဟန်းတို့၊ သင်တို့အား အကယ်၍ ပရိဗိုဇ်တို့က 'ငါ့ရှင်တို့ မောဟဟူ၍ ရှိလေ၏။ ထိုမောဟသည် အကြောင်းမဲ့ ဖြစ်မည်မဟုတ်။ မောဟ ဖြစ်နိုင်လောက်စရာ အကြောင်း တခုခုကောန်

ရှိလေအံ့။ ထိုအကြောင်းကား အဘယ်ပါနည်း။ ဤသို့မေးခဲ့ကုန်သော်၎င်း၊ ဖြစ်လေပြီး၊ ဖြစ်နေဆဲမောဟသည် လေမုန်တိုင်းကြီးများပမာ တရှိန်ရှိန် အင်အားကြီးထွား၊ တိုးပွားလာရာ၌လည်း အကြောင်းရှိလေအံ့။ ထိုအကြောင်းကား အဘယ်ပါနည်း' ဤသို့မေးခဲ့ကုန်သော်လည်းကောင်း အယောနိသော မနသိကာရ မသင့်သော နှလုံးသွင်းခြင်းဟု ဖြေကုန်လော့။ ရူပါရုံ၊ သဒ္ဒါရုံစသော အာရုံဟူဟူသမျှကို မသင့်သောအာရုံဖြင့် နှလုံးသွင်းလေသူအား (အာရုံထဲ၌ စိတ်နှလုံးကို ဆဲနှစ်ထားသူအား) မောဟ မဖြစ်သေးလျှင်လည်း ဖြစ်လာ၏။ ဖြစ်ပြီး ဖြစ်လျှင်လည်း တိုးပွားကြီးထွားလာ၏။ ဤသည်တို့ကား ဆုဂ၊ ဒေါသနှင့်လုံးဝ မတူ၊ တမူထူးခြားကွဲလွဲသော မောဟ၏ ဝိသေသဂုဏ်ပုဒ်၊ မောဟ၏ အရည် အသွေး၊ မောဟ၏ သီးခြားလုပ်ဆောင်ချက်တို့ ဖြစ်ကုန်၏ ဟု ဖြေကုန်လော့။

"အို ရဟန်းတို့၊ အကယ်၍ သင်တို့အား တိတ္ထိ၊ တက္ကဇုန်း၊ ဗရိဗိုဇ်များက ဤသို့ မေးခဲ့သော်'ငါ့ရှင်တို့၊ မဖြစ်သေးသော ဆုဂ ဖြစ်မလာမူ၌ အကြောင်းရှိရပါမည်။ အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်ပါ။ ဖြစ်ပြီးသော ဆုဂ ပျက်ပြယ်မူ၌လည်း အကြောင်းရှိရမည်ပင် ဖြစ်ပါသည်။ အကြောင်းနှင့် မကင်းနိုင်ပါ။ သို့ပါ၍ ထိုအကြောင်းကား အဘယ်ပါနည်း' ဟူ၍ အမေးအမြန်းရှိလျှင် ခဲ့သော် အသုဘနိမိတ်(မတင့်တယ်သောအာရုံ)ဟု ဖြကုန်လော့။

"အသုဘနိမိတ်ကို သင့်သောအားဖြင့် နှလုံးသွင်းသူအား (စက်ဆုပ်ဘွယ်ပါကလားဟူ၍ ထိထိရောက်ရောက် သဘောပေါက်လေသူအား) မဖြစ်သေးသော ဆုဂလည်းဖြစ်၍မလာ။

ဖြစ်ပြီးသားရာဂလည်း ပျက်ပြယ်သွားရလေ၏။ ဤသည်ကား ရာဂ မဖြစ်မှုနှင့် ဖြစ်ပြီးသားရာဂ ပျက်ပြယ်မှု၏ အကြောင်းပေတည်းဟူ၍ ဤသို့ ဖြေကုန်လော့။

"အိုရဟန်းတို့၊ အကယ်၍ သင်တို့အား ဤသို့ မေးလျှာခဲ့သော် 'ငါ့ရှင်တို့၊ မဖြစ်သေးသော ဒေါသ မဖြစ်ပေါ်မှုဌ် အကြောင်းရှိရပါ၏လော်။ ဖြစ်ပြီးသောဒေါသ ချုပ်ပျောက် ပျက်ပြယ်မှုဌ်လည်း အကြောင်းရှိရမည်ပင်ဖြစ်ပါသည်။ထိုအကြောင်းကား အဘယ်ပါနည်း'ဟူ၍ ဤသို့ အမေးအမြန် ရှိလျှာခဲ့သော် စိတ်၏ ဗျာပါဒမှ လွတ်မြောက်ကြောင်း မေတ္တာဟု ဖြေရာ၏။ မေတ္တာကို သင့်သောအားဖြင့် နှလုံးသွင်းသူအား (ကြီးပွား ချမ်းသာ စေလိုသောစိတ်မျိုး ထားရှိသူအား) မဖြစ်သေးသော ဒေါသလည်း ဖြစ်မလာ။ ဖြစ်ပြီးဒေါသလည်း ချုပ်ပျောက် ပျက်ပြယ်သွားရလေ၏။ ဤကား ဒေါသဖြစ်မလာမှုနှင့် ဖြစ်ပြီး ဒေါသ ပျက်ပြယ်သွားရမှု၏ အကြောင်းပေတည်းဟု ဖြေကြကုန်လော့။

"အိုရဟန်းတို့၊အကယ်၍ သင်တို့အား ဤသို့မေးလျှာခဲ့သော် 'ငါ့ရှင်တို့ မဖြစ်သေးသောမောဟ ဖြစ်ပေါ်မလာမှုဌ်အကြောင်း ရှိရပါမည်။ ဖြစ်ပြီးမောဟ ချုပ်ပျောက် ပျက်ပြယ် မှုဌ်လည်း အကြောင်းရှိရမည်ပင်ဖြစ်ပါသည်။ ထိုအကြောင်းကား အဘယ်နည်း' ဟူ၍ ဤသို့ အမေးအမြန်းရှိလျှာခဲ့သော် အသင့်အားဖြင့် နှလုံးသွင်းခြင်းဟု ဖြေရာ၏။ အာရုံဟူသမျှကို အသင့်အားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော မောဟလည်းဖြစ်မလာ။

ဖြစ်ပြီး မောဟလည်း ချုပ်ပျောက် ပျက်ဖြယ်သွားရလေ၏။ ဤကား မောဟဖြစ်မလာမှုနှင့် ဖြစ်ပြီးမောဟ ချုပ်ပျောက် ပျက်ပြယ်သွားမှု၏ အကြောင်းပေတည်းဟု ဖြေကုန်လော့"

သင်တို့အား ဆုဂ၊ ဒေါသ၊ မောဟတို့အကြောင်း၊ ယင်းတို့၏ခြားနားချက်၊ ကွဲလွဲချက်၊ ထူးခြားချက်များကို တစုံတယောက်က အမေးအမြန်းရှိလာခဲ့သော် သင်တို့မည်သို့ဖြေကုန်မည်နည်းဟူ၍ ဖြေတတ်၏၊ မဖြေတတ်၏ကို သိလို၍ သွေးတိုးစမ်းသည့် အနေဖြင့် တပည့် ရဟန်းတို့အား ဗုဒ္ဓက မေးမြန်းကြည့်ခဲ့၏။

ထိုအခါ ရဟန်းတို့ထံမှ အားရ၊ ကျေးနပ်ဘွယ်ရာသော အဖြေကို မရခဲ့။ ပတ်ဝန်းကျင်ကို ကြည့်သော် ပင်လယ် လှိုင်းလုံးကြီးများ ထလေသည့်အလား ဝါဒတိုက်ပွဲဆင်နေသူတို့ ဒုန့်ဒေးရှိနေကုန်သည်။ တရား အချက်အလက်တို့ကို အဓိပ္ပာယ် သက်ရောက် ထိမိအောင် အသိရှင်း၊အမြင်ရှင်းအောင် ဟောပြောခြင်း မပြုနိုင်ခဲ့သော် ကျဆုံးအံ့သည်ကိုမြင်၍ ထိုအန္တရာယ်ကို ကြိုတင် ကာကွယ်နိုင်ရန် အလို့ငှာ ဗုဒ္ဓသည် ကိုယ်တော်တိုင် ကြပ်မတ်၍ ရဟန်းတို့အား ဟောပြောမှု အတတ်ကို ဖို့ချပေးတော်မူခြင်း ဖြစ်၏။

တနေရာ၌ ဗုဒ္ဓသည် ဘုရားရတနာကိုရခဲ့ကြောင်း၊တရားတော် သိသူကို ရခဲ့ကြောင်း၊ သိသည့်အတိုင်း တရားတော်ကို သဘော ပေါက်အောင်၊ ရှင်းလင်းအောင် ဟောတတ်သူကို ရခဲ့ကြောင်း

ဖြင့် ဟောတော်မူဘူးသည်ဖြစ်ရာ တရားတော်ကို သဘော ပေါက်အောင် ဟောနိုင်စွမ်းသူ ပေါ်ထွက်ရေးအတွက် စနစ် တကျ ဟောပြောတတ်အောင် သင်ကြားပို့ချ၍ ပေးတော် မူခြင်းပင်တည်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ မဟာဝဂ်၊ အညတိတ္ထိယသုတ်၊ ၁၉၉၊ ၂၀၁၊ ဆဋ္ဌမု။)

(၄၆)

ပုပ္ပါရုံကျောင်းတော်က လှကားထစ် ဥပမာ

"မိဂါရမာတာ"ဟူသော ဝေါဟာရသည် ဝိသာခါ၏ဂုဏ်ပုဒ် တခုဖြစ်၏။ မွန်၏။ မိဂါရသူဌေးသည် သူ့အားဘာသာရေးနှင့် ပတ်သက်၍ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိဖြစ်လာအောင် ညွှန်ကြားပြသ သြဝါဒပေးဘူးသော ကျေးဇူးတရားကို ထောက်၍ ဝိသာခါကို မိခင်အမှတ်ဖြင့် ကိုးကွယ်ခြင်း ပြုထား၏။ ထိုကြောင့် မိဂါရ မာတာ မိဂါရသူဌေးသည် "အမိအရာ၌ ထားအပ်သော ဝိသာခါ" ဟူ၍ ဆိုစမှတ် ပြုကြကုန်သတည်း။

ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ပုပ္ပါရုံကျောင်းတော် ကြီးသည် သာဝတ္ထိမြို့တော်၏ အရှေ့ဘက်၌တည်ရှိ၏။ တည် ဆောက်ထားပုံမှာ သုတ်ပါဠိတော်ယျအဋ္ဌကထာ၊ ဝါသေဋ္ဌဘာရ ဒ္ဒါဇသုတ်အဖွင့်ဟုင် တောင်နှင့်မြောက် အလျားရှည်သည်ဟု ဆိုပေသည်။

ကျောင်းတော်၏အမြင့်၊ အစောက်ပမာဏကို ပြဆိုထားခြင်း မတွေ့ရသော်လည်း အတော်ကလေး မြင့်ပုံရသည်။ အဘယ် ကြောင့်ဆိုသော် ကျောင်းတော်၏ လှကားသည် စာဖဲ့ယူရသည် အထိ "ဂန္ဓကုဋိကျော်လှကား" ဖြစ်သော ကြောင့်တည်း။

ထိုမှတပါး ယနေ့ခေတ်၌ ရေပန်းစားနေသော လှုကား ထစ်သင်္ဘောများ၊ လှုကားထစ်သဖွယ် စိုက်ပျိုးနဲ့ များသော ဝါဟာရများမှာ ယခုမှ ပေါ်လာသော ရွှေကြာပင်ဝါဟာရများ မဟုတ်လော။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ခေတ် ကတည်းက ဗုဒ္ဓကြွမ်းအောင် သုံးစွဲ လာခဲ့ပြီး ဖြစ်ကြောင်း ကိုလည်း သမိုင်းအထောက် အထားနှင့်တကွ ကိုးကား၍ ပြစရာ လက်ဆောင်မွန်သဖွယ် ဖြစ်နိုင်ပေသည်။

လှုကားထစ် သမိုင်းကြောင်းကား ဤသို့ ဖြစ်ပါသတည်း။

ထိုအချိန်တွင် မြတ်စွာဘုရားသည် မိဂါရသူဌေး၏မယ်တော် ဝိသာခါ၏ ပုပ္ဖာရုံကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုသာဝတ္ထိမြို့၌ ဂဏန်းအတတ် ကျွမ်းကျင်သူ 'သင်္ချာပါရဂူ' ဆရာကြီး ဂဏကမောဂ္ဂလာနဟူ၍ ရှိလေသတတ်။ သူသည် ဗြာဟ္မဏ နွယ်ဘွား ပုဏ္ဏားမျိုးဖြစ်၍ ပညာရှိပဏ္ဍိတဆူ ဟူ၍လည်း ထင်ရှားကျော်စောသူဖြစ်၏။

တနေ့သောအခါ ထိုဆရာဗြာဟ္မဏမောဂ္ဂလာနသည် ပုပ္ဖာရုံ ကျောင်းသို့သွား၍ ဘုရားသခင်နှင့် ဝမ်းမြောက်ဘွယ်စကား မှတ်လောက် သားလောက်စကားများကို ပြောဆိုပြီးနောက် ကျောင်းတော် လှုကားထိပ်တွင် ဗုဒ္ဓဒါး ဤစကားကို လျှောက်ထားလေသည်။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ဤကျောင်းတော်၏လှုကား ထစ် ဥပမာဖြင့် တပည့်တော် မေးလျှောက်ပါရစေ။ ဤပုပ္ဖာရုံ ကျောင်းတော်၏ အောက်ဆုံးလှုကားထစ် တိုင်အောင်—

၁။ အစဉ်အတိုင်း သင်ကြားခြင်း၊[၁]
၂။ အစဉ်အတိုင်း ပြုလုပ်ခြင်း၊[၂]
၃။ အစဉ်အတိုင်း ကျင့်ခြင်း၊[၃]
ဤသုံးမျိုးကို တပည့်တော် တွေ့မြင်ရပါ၏။

အရှင်ဂေါတမ၊ ပုဏ္ဏားလူမျိုးတို့ ဝေဒကျမ်းများ သင်စဉ်၌လည်း အစဉ်အတိုင်း သင်ခြင်း၊ အစဉ်အတိုင်း ပြုလုပ်ခြင်း၊ အစဉ်အတိုင်း ကျင့်ခြင်း ဟူသော ဤသုံးမျိုးကို တွေ့ရပါသည်။

ထို့မှတပါး တုံလည်း အရှင်ဂေါတမ၊ လေးသည်တော်များ လောက၌လည်း လေးအတတ်ကို သင်ကြားရာတွင် အစဉ်အတိုင်း သင်ခြင်း၊ အစဉ်အတိုင်း ပြုလုပ်ခြင်း၊ အစဉ်အတိုင်း ကျင့်ခြင်း ဟု ဆိုအပ်သော ဤသုံးမျိုးကိုပင် တွေ့ရပါသည်။

အရှင်ဂေါတမ၊ ဂဏန်းအတတ်ကို တတ်ကုန်သော၊ ဂဏန်းအတတ်ဖြင့် အသက်မွေးကြကုန်သော အကျွန်ုပ်တို့ ရေတွက်ကြရာ၌လည်း အစဉ်အတိုင်း သင်ခြင်း၊ အစဉ်အတိုင်း ပြုလုပ်ခြင်း၊ အစဉ်အတိုင်း ကျင့်ခြင်းဟု ဆိုအပ်သော ဤသုံးမျိုးကိုပင် တွေ့ရပြန်ပါသည်။

အရှင်ဂေါတမ၊ ထင်ရှားအောင်လျှောက်ပါအံ့။ အကျွန်ုပ်တို့သည် ပညာသင်တပည့်များအား ရှေးဦးစွာ—

တစ် တလီ တစ်။
နှစ် နှစ်လီ လေး။

၁။ အနုပုဗ္ဗသိက္ခာ၊ ၂။ အနုပုဗ္ဗကိရိယာ၊ ၃။ အနုပုဗ္ဗပဋိပဒါ။ (ဥပရိပဏ္ဏာသပါဠိ၊ ၅၃။)

သုံး သုံးလီ ကိုး။
လေး လေးလီ တဆယ့်ခြောက်။
ငါး ငါးလီ နှစ်ဆယ့်ငါး။
ခြောက် ခြောက်လီ သုံးဆယ့်ခြောက်။
ခုနစ် ခုနစ်လီ လေးဆယ့်ကိုး။
ရှစ် ရှစ်လီ ခြောက်ဆယ့်လေး။
ကိုး ကိုးလီ ရှစ်ဆယ့်တစ်။
တဆယ် ဆယ်လီ တရာ။

ဟူ၍ ဤသို့ ရေတွက်စေကြပါကုန်သည်။ အရှင်ဂေါတမ။ စာဆုကိုငင်း၊ တရာထက် အလွန်ကိုသော်ငင်း ရေတွက်စေကြပါကုန်သည်။

အရှင်ဂေါတမ၊ ဓမ္မဝိနယ ဖြစ်သော အရှင်ဂေါတမ၏ သာဝကသံဃာလည်း ဤနည်းတူ အစဉ်အတိုင်း သင်ခြင်း၊ အစဉ်အတိုင်း ပြုလုပ်ခြင်း၊ အစဉ်အတိုင်း ကျင့်ခြင်းများကို ပညတ်ခြင်းငှာ စွမ်းနိုင်ပါသလား ဟူ၍ လျှောက်လေ၏။

မောဂ္ဂလာနပုဏ္ဏားသည် လှေကားထစ်နည်းကို အလွန် စိတ်ဝင်စား၍ မေးလျှောက်ခြင်း ဖြစ်ဟန်တူ၏။ စိတ်ဝင်စားမည် ဆိုကလည်း ဝင်စားထိုက်ပေသည်။ ဤနည်းသည် နောက်ပေါ်ရှေ့ကြောပင်နည်း မဟုတ် ကြောင်းကိုလည်း ထောက်ကွက် အမျိုးမျိုးပြကာ ပြကာနှင့် လျှောက်ထားချက်များအရ ထင်ရှားပေသည်။

ထိုအမေးကို ဗုဒ္ဓက မည်သို့ဖြေတော်မူသည် ထင်သနည်း။

ဗုဒ္ဓ။ ။အချင်း မောဂ္ဂလာန၊ တရားသဖြင့် ဆိုးမရာ ဖြစ်သော ဤငါဘုရား သာဝကသံဃာလည်း—

(၁) အစဉ်အတိုင်းသင်ခြင်း (အနုပုဗ္ဗသိက္ခာ)
(၂) အစဉ်အတိုင်းပြုခြင်း (အနုပုဗ္ဗကိရိယာ)
(၃) အစဉ်အတိုင်းကျင့်ခြင်း (အနုပုဗ္ဗပဋိပဒါ)
ဤသုံးမျိုးကို ပညတ်နိုင်စွမ်း ရှိပေ၏။

အချင်း မောဂ္ဂလာန၊ ဥပမာဖြင့် ငါပြအံ့။ မြင်းကိုဆုံးမခြင်း အတတ်၌ ကျမ်းကျင်လိမ္မာသော မြင်းဆရာသည် အာဇာနည် မြင်းကောင်းတကောင်ကို ရလေသည်ရှိသော် ရှေးဦးမဆုံ မြင်း ဆက်၌ ပြုဘွယ်ကိစ္စများကို ပြုစေ၏။ ထိုမှတပါး အဆင့်ဆင့် ပြုဘွယ် ကိစ္စများကို ပြုစေ၏။

ထို့အတူလျှင် ငါသည်တုံလည်း ဆုံးမထိုက်သူကို ရလတ် သော် ရှေးဦးစွာ ဤသို့ ဆုံးမပေ၏။ချစ်တပည့်ရဟန်း၊ ငါ့ထံ လာလော့။ သီလရှိသူဖြစ်လော့။ ပါတိမောက္ခ သံဝရသီလကို စောင့်ထိန်းသူဖြစ်လျက် အကျင့်၊ ဂေါစရဂါမ်နှင့် ပြည့်စုံသူ ဖြစ်လျက်နေလော့။ မပြောပဘွယ် အနည်းငယ်သော အပြစ်ပင် ဖြစ်စေဦးလော့ ဘေးဟု ရှုမြင်ကျင့်လော့။ ဝိနည်းသိက္ခာပုဒ်တို့၌ လုံခြုံအောင့် ဆောက်တည်၍ ကျင့်လော့ ဟူ၍ ဤသို့ ရှေးဦး မဆုံ ငါ ဆုံးမပေ၏။

အချင်း မောဂ္ဂလာန၊ အကြင်ရဟန်းသည် ငါးဆုံးမသည့် အတိုင်း ကျင့်ပေ၏။ ထိုရဟန်းကို ထိုထက်အလွန် ငါဆုံးမ ပြန်၏။ ချစ်တပည့်ရဟန်း၊ ငါ့ထံလာလော့။ ဤနေ့တို့၌ တံခါး မရှိ၊ ခေးမရှိ မဖြစ်စေလင့်။ တံခါးပေါက်များကို လုံအောင် စောင့်လော့။ ဆိုပိတ်ခြင်းပြုလော့။ မျက်စိဖြင့် ရူပါရုံကို မြင် လတ်သော် 'သည်ဟာ ယောကျ်ား၊ သည်ဟာ မိန်းမ' ဟူ၍

အမျှတ်မထားလေနှင့်။ ပြောပုံ ဆိုပုံ အမူအရာစသည်ကို မှတ်မှတ်သားသား စိတ်မဝင်စားလေနှင့်။ စကၠုန္ဒြေကို မစောင့်စည်းလေဘဲ နဖားကြီး ကျတ်လွှတ်၍ထားသော ထိုရဟန်းအား အဘိဇ္ဈာ၊ ဒေါမနဿဟု ဆိုအပ်သော အကုသိုလ်အယုတ်တရားတို့သည် စုပြုံအုံခဲ၍ လာတတ်ကုန်၏။ထိုစကၠုန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်လော့။ စကၠုန္ဒြေကို ကြပ်ကြပ် စောင့်စည်းလော့။ စကၠုန္ဒြေ၌စောင့်စည်းခြင်းသို့ရောက်လော့။

နားဖြင့် သဒ္ဒါရုံကို ကြားလတ်သော်၎င်း၊
နှာခေါင်းဖြင့် ဂန္ဓာရုံကို နံလတ်သော်၎င်း၊
လျှာဖြင့် အရသာကို လျက်လတ်သော်၎င်း၊
ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို ထိတွေ့လတ်သော်၎င်း၊
စိတ်ဖြင့် ဓမ္မာရုံကို သိလတ်သော်၎င်း၊

နိမိတ်ကို မယူလေနှင့်။ အသေးစိတ် မှတ်သား၍ စိတ်မဝင်စားလေနှင့်။မနိန္ဒြေကို စောင့်စည်းခြင်းမရှိသော ထိုရဟန်းအား ထိုသို့ မစောင့်စည်းမှုကို အကြောင်းပြု၍ အဘိဇ္ဈာ၊ ဒေါဓနဿ၊ ပါပညစ်ကျုး၊ အကုသိုလ်အထုတို့သည် စုပြုံအုံခဲ၍ လိုက်လာ တတ်ကုန်၏။ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှာ ကျင့်လော့။ မနိန္ဒြေကို စောင့်စည်းခြင်းသို့ ရောက်လော့ဟူ၍ ငါဆုံးမတော်မူ၏။

အချင်း မောဂ္ဂလာန၊ အကြင် ရဟန်းသည် ငါ့စကားကို နာယူ၍ ဣန္ဒြေတို့ကို စောင့်စည်း၏။ ဆိုပိတ်ခြင်းကိုပြု၏။ ထို ရဟန်းကို ထိုထက်အလွန် ငါဆုံးမပြန်ပေ၏။ ချစ်တပည့်ရဟန်း ငါ့ထံ လာလှည့်။ စား၊သောက်ရာ၌ အတိုင်းအတာ ပမာဏကို သိလော့။သင့်လျော်အောင် နှလုံးသွင်းဆင်ခြင်၍ အစား၊အစာကို၊

စားလေ့။ မြူးတူးလိုခြင်းငှာ ငါစားသည်မဟုတ်။ အားခွန်ဗလ တောင့်တင်း ဆူဖြိုးခြင်းငှာ ငါ စားသည်မဟုတ်။ အင်္ဂါကြီးငယ် လှပတင့်တယ်စေခြင်းငှာ ငါစားသည်မဟုတ်။အသားအရေ စိုပြေ၍ တသွေးတမွေးလှပစေခြင်းငှာ ငါစားသည်မဟုတ်။ ဤခန္ဓာကိုယ်ကာယ တည်ပါစေခြင်းအကျိုးငှာ၊ မျှတစေခြင်းငှာ၊ ပင်ပန်းခြင်းကို ဖြေဖျောက်ခြင်းငှာ၊ မြတ်သောအကျင့်ကို ချီးမြှောက်ခြင်းငှာ သုံးဆောင်ခြင်းဖြစ်သည်။ ဤသို့သုံးဆောင်ခြင်းအားဖြင့် အဟောင်းဖြစ်သော ဝေဒနာကို ပယ်ဖျောက် ဟန့်တားနိုင်လေအံ့။ ဝေဒနာအသစ်လည်း နောက်ထပ်ဖြစ်မလာနိုင် ဖြစ်လေအံ့။ ငါ့အား မျှတခြင်းသည်ၛင်း၊ အပြစ်မရှိခြင်းသည်ၛင်း၊ ချမ်းသာစွာနေရခြင်းသည်ၛင်း ဖြစ်လတံ့။ ဤသို့ အသင့်အားဖြင့် နှလုံးသွင်း၍ စားလေလော့ဟု ငါ ဆုံးမတော်မူ၏။

အချင်း မောဂ္ဂလာန၊ အကြင်ရဟန်းသည် ငါ၏ဩဝါဒအတိုင်း လိုက်နာ၍ အစားအသောက်နှင့် ပတ်သက်ရာ၌အတိုင်းအတာ ပမာဏကို သိ၏။ ထိုရဟန်းကို တဖန် ထိုထက်အလွန် ငါ ဆုံးမပြန်ပေ၏။ ချစ်တပည့်ရဟန်း၊ လာလော့။ တက်တက်ကြွကြွ၊ နိုးနိုးကြားကြား ရှိသည်ဖြစ်၍ နေလော့။ နေ့အခါ စက်ဆုပ်ခြင်းဖြင့်ၛင်း၊ ထိုင်နေခြင်းဖြင့်ၛင်း၊ ကုသိုလ်တရားတို့ကို ဆည်းပိတ်ဟန့်တားတတ်ကုန်သော တရားတို့မှ မိမိ၏စိတ်ကို ဖွံ့စင်အောင်ပြုလော့။ သုတ်သင်လော့။ ညဉ့်ဦးယံ ကာလပတ်လုံး၊ သန်းခေါင်းယံ ကာလပတ်လုံး၊ လက်ျာခြေ၌ လက်ဝဲခြေကို အနည်းငယ် လွှန်ထားလျက် သတိမလွတ်စေမူဘဲ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည်ဖြစ်၍ ထမည်ဟူသော သညာကို နှလုံး

သင်းလျက် လက်ျာနံတောင်းဖြင့် လျောင်း၍ ခြေသေ့မင်း၏ အိပ်ခြင်းနှင့်တူသော အိပ်ခြင်းဖြင့် အိပ်လော့။ မိုးသောက်ယံ၌ စောစောထပြီးလျှင် စကြံသွားခြင်းဖြင့်၎င်း၊ ထိုင်နေခြင်းဖြင့်၎င်း ကုသိုလ်ကို ဆိုပိတ်ဟန့်တားတတ်သော တရားတို့မှု စိတ်ကို ဖွံ့စင်အောင် ပြုလော့။ သုတ်သင်လော့ဟု ငါဆုံးမတော်မူ၏။

အချင်း မောဂ္ဂလာန၊ အကြင်ရဟန်းသည် ငါ၏ သြဝါဒကို ဦးလည်းမသုန်လိုက်နာလျက် တက်ကြွနိုးကြားသူ ရဟန်းကောင်း ဖြစ်လာ၏။ ထိုရဟန်းကို တဖန် ငါသည် ထိုထက်အလွန် ဆုံးမပြန်ပေ၏။ ချစ်သား ရဟန်း လာလော့။ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည် ဖြစ်လော့။ ရှေ့သို့ သွားရာ၌ဖြစ်စေ၊ နောက်သို့ ဆုတ်ရာ၌ ဖြစ်စေ၊ အသိညာဏ်နှင့်ယှဉ်၍ ပြုလေ့ရှိသည် ဖြစ်လော့။ ရှေ့ရှု တည့်တည့်ကြည့် ရာ၌၎င်း၊ စောင့်ဝဲ၍ကြည့်ရာ၌၎င်း၊ အသိ ညာဏ်နှင့်ယှဉ်၍ကြည့်လော့။ လက်ကို ကွေးရာဆန့်ရာ၌၎င်း၊ဒုကုဋ္ဌ၊ သပိတ်၊ သင်္ကန်းဆောင်ရာ၌၎င်း၊ အသိညာဏ်နှင့်ယှဉ်၍ ပြုလော့။ ကျွေးကြီး၊ကျင်ငယ် စွန့်ရာ၌၎င်း၊ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊အိပ်ရာ၊ နိုးရာ၊ စကားပြောရာ၊ ဆိတ်ဆိတ်နေရာတို့၌ အသိညာဏ်နှင့်ယှဉ်၍ ပြုလော့ ဟူ၍ ငါသည် ငါ့တပည့်များအား ပြောပုံ ဆိုပုံကအစ၊ သွားပုံ၊ လာပုံက အစ၊ ချေးယို သေးပေါက်ပုံကအစ မလစ်လပ်ရအောင် ငါဆုံးမတော်မူ၏။

အချင်း မောဂ္ဂလာန၊အကြင်ရဟန်းသည် ငါ့သြဝါဒ၌တည်၍ သတိသမ္ပဇဉ် ရှိသူဖြစ်လာ၏။ ထိုရဟန်းကို ငါသည် ထိုထက်အလွန် ဆုံးမပြန်ပေ၏။ ချစ်တပည့်ရဟန်း လာလော့။ လူသူတိတ်ဆိတ်သည့် သစ်ပင်ရိပ်သို့ ချဉ်းကပ်လော့။ တောသို့ဝင်း၊

သစ်ပင်အောက်သို့ဝင်း၊ တောင်သို့ဝင်း၊ မြောက်သို့ဝင်း၊ ဥမင်လိုဏ်ခေါင်း၊ သုသာန်၊ ဘောစိုးသစ်ပင်၊ လှည်တီးခေါင်း၊ ကောက်ရိုးပုံသို့ ချဉ်းကပ်လော့ဟု ငါညွှန်ကြား၏။

ထိုငါ့တပည့်ရဟန်းသည် ငါ့စကားကို နာယူကာ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လေသည်။ ဆွမ်းခံရာမှ ပြန်လာသော အခါသစ်တပင်ရင်း၊ ဝါးတပင်အောက်၌ တင်ပလ္လင်ခွေ ထိုင်လျက် ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ နေ၏။ ထိုရဟန်းသည် စိတ်ကို အစွမ်းကုန် ဖြူစင်အောင် သုတ်သင်၏။

အချင်း မောဂ္ဂလာန၊ သေက္ခပုဂ္ဂိုလ်တို့သည် မရောက်သေးသော အရဟတ္တဖိုလ် ရှိကုန်သည်ဖြစ်၍ အတုမရှိသော ယောဂလေးပါးတို့၏ ကုန်ရာ အရဟတ္တဖိုလ်ကို တောင့်တကြလျက် နေကုန်၏။ ထိုရဟန်းတို့၌ ဤသို့ သဘောရှိသော ငါ့ အဆုံးအမတော်သည် ဖြစ်တည်ခဲ့လေပြီ။ အကြင်ရဟန်းတို့သည်ရဟန္တာဖြစ်ကုန်၏။ ကုန်ပြီသော အာသဝေါရှိကုန်၏။ ကျင့်သုံး အပ်ပြီးသော ၁၆ ချက် မဂ်ကိစ္စရှိကုန်၏။ ခန္ဓာ၏ ကိလေသာဝန်ထုပ်ကြီးကို ချပြီး ဖြစ်ကုန်၏။ ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ဟူသော အကျိုးရှိကုန်၏။ ကုန်ပြီးသောဘဝသံယောဇဉ်ရှိကုန်၏။ ကောင်းစွာသိ၍ ကိလေသာတို့မှ ကျွတ်လွတ်ပြီး ဖြစ်ကုန်၏။ ဤရဟန်းတို့အတွက် ဤ ငါဟောအပ်သော တရား တို့သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးငှာငင်း၊ သတိသမ္ပဇဉ် အကျိုးငှာငင်း ဖြစ်ကုန်၏ ဟူ၍ မိန့်တော်မူ၏။

ဤသို့ လှေကားထစ်သဖွယ် အစဉ်အတိုင်း သင်ကြားပုံ၊ အစဉ်အတိုင်းပြုပုံ၊ အစဉ်အတိုင်းကျင့်ပုံများကို မြှက်ကြား လေသော

အခါ သခ်ၤာပါရဂူတဆူဖြစ်သော ဂဏကမေဂ္ဂလာနပုဏ္ဏားသည် ဘုရားသခင်အား ဤစကားကို မေးလျှောက်ဖြစ်လေသတည်း။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ အရှင်ဂေါတမ၏ တပည့်သာဝကတို့သည် ဤသို့လျှင် နှုတ်တော်တွတ်တွတ်ဖြင့် အရှင်ဂေါတမက ဟောကြားတော်မူအပ်ကုန်သည်ရှိသော် တပည့်သာဝကအားလုံးတို့သည် စင်စစ် ဆင်းရဲခပ်ထိမ်းတို့မှ လွတ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကိစ္စကို ပြီးစေနိုင်ပါကုန်သလော။ သို့မဟုတ် ဒုခ္ခို အဝက်သော ရဟန်းတို့သာ ပြီးစေနိုင်ပါကုန်သလော။

ဗုဒ္ဓ။ ။အချင်း မောဂ္ဂလာန၊ ငါ့တပည့် သာဝကများစွာတို့အနက် အချို့တို့သာ နိဗ္ဗာန်ကိစ္စကို ပြီးစေနိုင်ကုန်သည်။ အချို့တို့ကား မပြီးစေနိုင်ကြရာကုန်ယေး။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ နိဗ္ဗာန်သည်လည်း ထင်ရှား အရှိသား။ နိဗ္ဗာန်သို့ သွားရာလမ်းသည်လည်း ဖွံ့ဖြိုး ဖြောင့်ဖြောင့် အဖွေးသား။ နည်းပေးလမ်းညွှန် ပြုလုပ်သူ ဆရာသည်သည်း အရှင်ဂေါတမ အထင်အရှား အရှိသား ဖြစ်ပါလျက် အရှင်ဂေါတမ၏ တပည့်တို့သည် ဘောက်မဲ့ကြောင့် နိဗ္ဗာန်ကိစ္စကို မပြီးစေနိုင်ကြကုန်သနည်း။ ထိုအကြောင်းကား မည်သို့ ပါနည်းဟူ၍ မေးလျှောက်ခြင်းပြုလေ၏။

ဗုဒ္ဓ။ ။အချင်း မေဂ္ဂလာန၊ သို့ဖြစ်ဘိသော် ဤပြဿနာအရာ၌ သင့်ကိုပင် ငါပြန်၍ မေးရဦးမည်။ သင် ချမ်းသာသလို ဖြေပါလေ။ အချင်းဗြာဟ္မဏ၊ ငါဆိုမည့်စကားကို သင် မည်သို့ ထင်သနည်း။ သင်သည် ရာဇဂြိုဟ်သို့ သွားရာလမ်းကို သိသည် မဟုတ်ပါလော။

ဗြာဟ္မဏ။ ။သိပါကြောင်း အရှင်ဂေါတမ။

ဗုဒ္ဓ။ ။အချင်း ဗြာဟ္မဏ၊ ငါ့စကားကို မည်သို့ သင် ထင်သနည်း။ ရာဇဂြိုဟ်သို့ သွားလိုသူတယောက် သင့်ထံသို့ လာမေးသည် ဆိုပါတော့။ 'အရှင်၊ ကျွန်ုပ် ရာဇဂြိုဟ် သွားလို ပါ၏။ ရာဇဂြိုဟ် သွားရာလမ်းကို ညွှန်ကြားတော်မူပါ' ဟု လာမေးခဲ့သော ထိုသူအား သင် မည်သို့ ပြောမည်နည်း။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ ထိုသူအား 'အမောင် ယောကျ်ား၊ ဤလမ်းကား ရာဇဂြိုဟ်သွားရာလမ်းတည်း။ထိုလမ်း အတိုင်း ခေတ္တလျှောက်သွား။ ခေတ္တသွားမိသောအခါ ညို့ညို့ မှိုင်းမှိုင်းနှင့် နိဂုံးကြီးကို လှမ်းမြင်လိမ့်မည်။ ထိုနိဂုံးလမ်းအတိုင်း တမှုတ်လောက် သွား။ ခဏမျှသွားမိသော် စေတီပုထိုး၊ဘုရား တန်ဆောင်း၊ ကျောင်းကန်တို့ဖြင့်ဝင်း၊ ဥယျာဉ်ပန်းမာလ်တို့ဖြင့် ဝင်း၊ရှုမငြီးဘွယ်ရာအလှန်တင့်တယ်သောရာဇဂြိုဟ်မြို့တော်ကြီးကို လှမ်းမြင်ရလိမ့်အံ့' ဤသို့ ညွှန်ကြားမည် ဖြစ်ပါသည် အရှင် ဂေါတမ။

ဗုဒ္ဓ။ ။အချင်း ဗြာဟ္မဏ၊ ထိုခရီးသွား ယောကျ်ားသည် သင်က ဤသို့ ညွှန်ကြားလိုက်သော်လည်း ညွှန်သောအတိုင်း မသွားလေဘဲ လမ်းမှားကိုယူလျက် နောက်ပြန် သွားရာ၏။ ထိုနောက် ရာဇဂြိုဟ်သို့ သွားလိုသူ နောက်တယောက်ကလည်း ရှေးနည်းတူ လမ်းမေးလှာသောအခါ သင်ကလည်း ယခင်း နည်းအတိုင်း လမ်းမှန်းရာ၏။ထိုသူသည်ကားသင်ညွှန်ကြားချက် အတိုင်း သွားလေသော် ရာဇဂြိုဟ်သို့ ကောင်းမွန် ချောမောစွာ ရောက်သွားလေ၏။

အချင်း ဗြာဟ္မဏ၊ အကြောင်း အသို့ပါနည်း။ ရာဇဂြိုဟ် မြို့တော်သည်လည်း ထင်ရှား အရှိသား။ ရာဇဂြိုဟ်သွားရာ လမ်းလည်း ဖွဲးဖွဲး ဖြောင့်ဖြောင့် အဖွဲးသား။ လမ်းညွှန်သူ လည်း သင်ကိုယ်တိုင် ထင်ထင်ရှားရှား အထင်းသားရှိပါလျက်နှင့် သင် ညွှန်ကြား လှုတ်လိုက်သော ခရီးသွား နစ်ယောက်အနက် တယောက်သောသူမှာ မရောက်လေဘဲ တယောက်တည်းသာ ဘောက်မဲ့ကြောင့် ရောက်လေသနည်းဟု မေးတော်မူ၏။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ ဤသို့ လမ်းမှန်၊ လမ်းမှား သွားကြရာ၌ အကျွန်ုပ် မည်သို့ တတ်နိုင်မည်နည်း။အကျွန်ုပ်ကား ခရီးညွှန်သူမျှသာ အရှင်ဂေါတမ။

(၁) နိဗ္ဗာန်လည်း ရှိလျက်သား၊

(၂) နိဗ္ဗာန်သွားရာလမ်းလည်း ရှိလျက်သား၊

(၃) နိဗ္ဗာန်လမ်းညွှန်သူလည်း ရှိလျက်သားနှင့်

ဗုဒ္ဓ။ ။အချင်း ဗြာဟ္မဏ၊ ဤဥပမာအတိုင်းသာပင်-

ငါ့တပည့် သာဝကတို့သည် ဤသို့ ငါ တတ္တတ်တတ် ဆုံးမ အပ်ကုန်သော်လည်း အချို့တို့သာ နိဗ္ဗာန်ကိုစွပြီးစေကုန်သည်။ သချို့တို့ကား မပြီးစေကုန်၊ အချင်းဗြာဟ္မဏ၊ ဤနိဗ္ဗာန်ကိစ္စ ပြီး၊ မပြီး ပြဿနာ၌ ငါအသို့ တတ်နိုင်ပါချိမ့်နည်း။ ငါကား သင် ကဲ့သို့ပင် လမ်းညွှန်သူသာ ဖြစ်ချေသည်တမံ့ ဟူ၍ ဆိုတော်မူ၏။

ထိုသို့ မိန့်တော်မူလတ်သော် ဂဏကမောဂ္ဂလာနပုဏ္ဏားသည် ဗုဒ္ဓမြတ်ဘုရားအား ဤသို့ လျှောက်ထားလေသတည်း။

ဗြာဟ္မဏ။ ။အရှင်ဂေါတမ၊ အကြင်သူတို့သည် သဒ္ဓါတရား လုံးဝမရှိကုန်ဘဲလျက် အသက်မွေးမှု ချောင်လည်သော·

ကြောင့် ရဟန်းပြုကုန်၏။ သဒ္ဓါရှိကုန်သည်ဖြစ်၍ လူအဖြစ်ကို စွန့်ကာ ရဟန်းပြုကြမည် မဟုတ်ကြကုန်။ ကောက်ကျစ်ကုန်၏။ လှည့်ပတ်ခြင်းရှိကုန်၏။ ပုံလွှင့်ကုန်၏။ ထောင်လွှားသော မာန ရှိကုန်၏။ လျှပ်ပေါ်လောလီကုန်၏။ နှုတ်၊ အာ ကြမ်းကုန်၏။ စကား ဖွဲကုန်၏။ ကွန်ဒြေတို့၌ စောင့်စည်းအပ်သော တံခါး မရှိ။ ဟင်းလင်း ပွင့်ကုန်၏။ အစားအစာ၌ ပမာဏမသိကြကုန်။ နှိုးကြားမှု မရှိကုန်။ ရဟန်းကျင့်ဝတ်သိက္ခာပုဒ်များကို ငဲ့ကွက်ခြင်း မရှိကုန်း။ အကျင့်သိက္ခာ၌ ထက်မျက်စွာ ရှိသေလေးစားခြင်း မရှိကုန်။ လာဘ်လာဘများအောင် အား ထုတ် ကြ ကုန် ၏။ သာသနာ့အယူကို ပေါ့ပေါ့ ဆဆ ယူကုန်၏။ အပျင်းထူကုန်၏။ လုံလဝီရိယမှ ဆုတ်ယုတ်ကုန်၏။ သတိမေ့လျော့ ပေါ့ပေါ့တန်တန် နေကုန်၏။ ဆင်ခြင်တုံတရား ရှိသူများမဟုတ်ကုန်။ တည်ကြည်စိတ် မရှိကုန်။ ပညာမဲ့ကုန်၏။ တံတွေးယိုသော ခံတွင်းရှိကုနဲ့၏။ အရှင်ဂေါတမသည် ထိုသို့သော အကျင့်ပျက် သိက္ခာမဲ့ ရဟန်းတို့နှင့်အတူ မပေါင်းဖော်ခဲ့။ သဒ္ဓါပဗ္ဗဇိတရဟန်းတို့နှင့်အတူတက္ခ အရှင်ဂေါတမ ပေါင်းဖော်တော်မူ၏။

အရှင်ဂေါတမ၊ ဥပမာတခု ဆောင်ပြပါရစေ။ ခွင့်ပြုတော်မူပါ။

(၁) အမြစ်နှံသာတို့တွင် ကရမက်ကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။

(၂) အနှစ်နှံသာတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။

(၃) ပန်းတကာတို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။

(၄) ယခုလက်ရှိ တရားထူး တို့တွင် အရှင်ဂေါတမ၏ သြဝါဒကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်။

အရှင်ဂေါတမ၊ အလွန်နှစ်သက်ဘွယ် ကောင်းပါပေစွ။ အလွန်နှစ်သက်ဘွယ် ကောင်းပါပေစွ။ အရှင်ဂေါတမ၊ မျောက်ထားမသော အိုးကို လှန်၍ ပြဘိသကဲ့သို့၊ ဖုံးထားသော အရာဝတ္ထုကို ဖွင့်၍ ပြဘိသကဲ့သို့၊ မျက်စိလည် လမ်းမှား နေသူအား လမ်းမှန်ပြဘိသကဲ့သို့၊ အမှောင်ခန်းမကြီးအတွင်း မီးထွန်း၍ ပြဘိသကဲ့သို့၊ ထို့အတူ အရှင်ဂေါတမသည် ပရိယာယ် အသွယ်သွယ် တို့ဖြင့် ကျွန်ုပ်အား တရားပြအပ်ပါပြီ။ ထို့အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ဆည်းကပ်. တတ်သော ဒါယကာဟု ယနေ့မှစ၍ အသက်ထက်ဆုံး အကျွန်ုပ်ကို မှတ်တော်မူပါဟူ၍ လျှောက်လေပြီတည်း။

(ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒဟဝဂ်၊ ပဏကမောဂ္ဂလာနသုတ်၊ ၅၂၊ဆဋ္ဌမူ။)